http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် ဝိနည်းပိဋကတ်

# ပါရာဇိကဏ်ပါဠိတော်

## မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၁

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် ဝိနည်းပိဋကတ်

# ပါရာဇိကဏ်ပါဠိတော်

## မြန်မာပြန်

သာသနာ - ၂၅၄၄ ကောဇာ - ၁၃၆၂ ၂၀၀၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် ဝိနည်းပိဋကတ်

# ပါရာဇိကကဏ်ပါဠိတော်

## မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/ ၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င-၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င-၂ | (၇) -၃ | (၁၂) -၇ (လျော့) | |
| | | (သုတ္တန်) င-၃ | (၁၈) -၄ | (၁၁) -၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) -၇ | (၄၀) -၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

## က - ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁
၃၄ သုတ်

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

## ခ - မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]
၅. ခ. ၂/၃ - ၂ မဇ္ဈိမ ။ [အလယ်သုတ် ၅၀ ။ ]
၆. ခ. ၃/၃ - ၃ ဥပရိ ။ [နောက်ဆုံးသုတ် ၅၂ ။ ]
၁၅၂ သုတ်

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

## ဂ - သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု)
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)
၇၇၆၂ သုတ်

## ဃ - အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း
၁၁.ဃ.၂/၃ - ၂ ပဉ္စက ။ သတ္တက ။ (၃) ကျမ်း
၁၂.ဃ.၃/၃ - ၃ အဋ္ဌက ။ ဧကာဒသက ။ (၄) ကျမ်း
၉၅၅၇ သုတ်

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊ ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄-ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄-၁) ခုဒ္ဒကနိကာယ် ဝိနည်း ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၃.၄-၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကဏ်) |
| ၁၄.၄-၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄-၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄-၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄-၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄-၂) ခုဒ္ဒကနိကာယ် အဘိဓမ္မ ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၈.၄-၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄-၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| — | | ၃ ဓါတုကထာ | x |
| ၂၀.၄-၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄-၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄-၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| — | | ၆ ယမိုက် | x |
| — | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (၈-၃) ခုဒ္ဒကနိကာယ် **သုတ္တန္တ** ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | | |
|---|---|---|---|---|
| ၂၃. ၈-၃. | ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. ၈-၃. | ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. ၈-၃. | ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. ၈-၃. | ၄/၇ - | ၉ ပဋိသမ္ဘိဒါမဂ် | | ၁ |
| ၂၇. ၈-၃ | ၅/၇ - | ၁၀ မိလိန္ဒပဉှာ | | ၁ |
| ၂၈. ၈-၃. | ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | | ၁ |
| ၂၉. ၈-၃. | ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | | ၁ |
| | | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| (၁)ဝိမုတ္တိရသ | (၁) | (၄)ပိဋက | (၃) |
| (၂)ဓမ္မဝိနယ | (၂) | (၅)နိကာယ် | (၅) |
| (၃)ဝစန | (၃) | (၆)ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

# ပိဋကတ်တော် မြန်မာပြန်
# နိဒါန်း

ဘုန်းတော်ခြောက်ပါးသခင် အစိန္တေယျ အာနုဘာဝ (မကြံစည်နိုင်သောတန်ခိုးဂုဏ်) နှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ သာမုက္ကံသိက ကိုယ်တော်တိုင် ထုတ်ဆောင် ဟောကြားတော်မူသော ပါဠိတော်ဓမ္မသည်—

ဓမ္မဂမ္ဘီရ၊ အကြောင်း၏ နက်နဲခြင်း။

အတ္ထဂမ္ဘီရ၊ အကျိုး၏ နက်နဲခြင်း။

ဒေသနာဂမ္ဘီရ၊ ပညတ်တင်ထား ဟောကြားပုံ၏ နက်နဲခြင်း။

ပဋိဝေဓဂမ္ဘီရ၊ ထိုးထွင်းသိမြင်သော အသိဉာဏ်၏ နက်နဲခြင်း ဟု ဆိုအပ်သော ဂမ္ဘီရ လေးပါး—

သဒ္ဒဂမ္ဘီရ၊ သဒ္ဒါ၏ နက်နဲခြင်း။

အတ္ထဂမ္ဘီရ၊ အနက်၏ နက်နဲခြင်း။

သဒ္ဒတ္ထဂမ္ဘီရ၊ သဒ္ဒါအနက် ၂-ပါးစုံ၏ နက်နဲခြင်း။

အဓိပ္ပါယဂမ္ဘီရ၊ အဓိပ္ပါယ်၏နက်နဲခြင်း ဟု ဆိုအပ်သော ဂမ္ဘီရလေးပါး တည်းဟူသော အစိန္တေယျ (မကြံစည်နိုင်သော) ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊ ဤသို့လျှင် အစိန္တေယျ အာနုဘာဝ ဂုဏ်နှင့် ပြည့်စုံတော်မူသော ဒေသက (တရားဟော ပုဂ္ဂိုလ်) ဖြစ်သော ဘုရားရှင်၏ ဒေသေတဗ္ဗဓမ္မ (ဟောအပ်သောတရား) ဖြစ်သော—

နာနာနယဝိစိတြ ပါဠိတော်ဓမ္မကို ယထာဘူတ (ဟုတ်တိုင်းမှန်စွာ) ယထာသဘာဝ (သဘော အားလျော်စွာ) ဒေသကအာဘော်ကျအောင် လှလှပိုင်ပိုင် သိရှိနိုင်ရန်မှာ လွယ်ကူသော အရာ မဟုတ်ပါပေ။

ထိုသို့ မလွယ်ကူသည့်အားလျော်စွာ ထိုထိုပါဠိတော်များ၏ အဖွင့်ဖြစ်သော အဋ္ဌကထာ ဋီကာ ဝဏ္ဏနာ ဒီပနီ အလီလီအစုစု အနုမဓုတခန်း လက်သန်း ယောဇနာ အဖြာဖြာသော ဂန္ထိကျမ်းတို့ကို အပန်းတကြီးပင် ဆင့်ကာဆင့်ကာ နောင်လာနောက်သားတို့အတွက် ဖွင့်ဆို ရေးသားတော်မူခဲ့ ကြပေသည်။ ပါဠိတော်ဓမ္မနှင့် တကွ ဖွင့်ဆိုရေးသားတော်မူခဲ့ကြသော အဖွင့်သံဝဏ္ဏနာ အဖြာဖြာ သော ကျမ်းတို့မှာလည်း အနန္တကမ္ဘာတို့၌ သေဋ္ဌဘာသာ (အမြတ်ဆုံးသောဘာသာ)၊ မူလ ဘာသာ (အမြစ်အရင်းဖြစ်သော ဘာသာ) ဟု ခေါ်ဆိုအပ်သော ပါဠိမာဂဓဘာသာဖြင့်သာ အစဉ်မပြတ် တည်ရှိခဲ့ကြသဖြင့် မိမိတို့ဒေသအလိုက် ဘာသာအသီးအသီး ရှိနေကြသောသူတို့မှာ မိမိတို့ မျိုးရိုးဘာသာဖြင့် အားပါးတရ သဘာဝကျကျ သိရှိနိုင်ခွင့်ကို စင်စစ်မရရှိခဲ့ကြချေ။

ဘုရားရှင် ကရုဏာရှေ့ထားလျက် ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံ ပါဠိတော် ဓမ္မတို့မှာ "အရဟာတ္တေန ဒေသနာယ ကူဋံ ဂဏှိ" ဟူသော ဓမ္မပဒ အဋ္ဌကထာ မိန့်ဆိုချက်နှင့်အညီ

http://www.dhammadownload.com



ဝိမုတ္တိ ဝိမုတ္တိညာဏဒဿန အနုပါဒိသေသ နိဗ္ဗာန် မျက်မှောက်ပြုရေးကိုသာ ရည်ရွယ်ချက်ထားရင်း ရှိသည်ကား မှန်၏၊ သို့ရာတွင် ထိုဝိမုတ္တိ ဝိမုတ္တိညာဏဒဿန အနုပါဒိသေသ နိဗ္ဗာန် မျက်မှောက် ပြုရေး၌ များစွာ အထောက်အပံ့ ဖြစ်သော ကျန်းမာရေး ချမ်းသာရေး ကြီးပွါးရေး စီးပွါးရေး ပေါင်းသင်းဆက်ဆံရေး နေထိုင်စားသောက်ရေး အသိတရားလုံလောက်ရေး လိမ္မာရေးခြားရေး အစရှိသည့် မျက်မှောက်ဘဝ ကောင်းစားရေး ပေါင်းများစွာတို့သည်လည်း ထိုပိဋကတ်တော် တည်းဟူသော ပါဠိစမ္မွဲ၌ပင် အပြည့်အစုံ ပါဝင်ပြီးဖြစ်သဖြင့် မည်သူမဆို လောက၏ လုံလောက် သော အကျိုးတရားများကို ခံစားလိုပါက ဘုရားဟော ပိဋကတ်တော်ကိုလည်း မျက်နှာလွဲထား သင့်သည်မဟုတ်ပေ။

သို့သော်လည်း ယင်းဘုရားဟော ပိဋကတ်တော်များမှာ ပါဠိဘာသာဖြင့်သာ တည်ရှိနေ သောကြောင့် ပါဠိဘာသာကို မတတ်မြောက်သော ပြည်ထောင်စု မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် လူများစု အဖို့မှာကား ပိဋကတ်တော်က ညွှန်ပြထားသော လောကကောင်းစားရေးနှင့် လောကနှင့် မဆက်စပ်သော ဘဝလွတ်မြောက်ရေးများအတွက် ပါဠိတတ်ပုဂ္ဂိုလ်တို့၏ တဆင့်ဟောပြောချက် မျှဖြင့်သာ တင်းတိမ် ရောင့်ရဲလျက် သိသင့်သမျှကိုပင် စုံလင်စွာမသိရပဲ ရှိခဲ့လေသည်။

သို့ဖြစ်၍ ဘုရားဟော ပိဋကတ်တော် အရသာများကို လွယ်ကူစွာ သုံးဆောင် ခံစားနိုင် ကြစေရန်၎င်း၊ ပါဠိမာဂဓ ပိဋကတ်ကျမ်းဂန်များကို သင်ယူလေ့လာချပို့ရာတွင် လွယ်ကူစွာ သင်ယူ ချပို့ နားလည်နိုင်ကြစေရန်၎င်း၊ ရည်သန်၍ ရှေးရှေး ဆရာကြီးများသည် မြန်မာပြန်မှီရာ နိဿရည်း ခေါ် နိဿယကျမ်းများကို မိမိတို့ရိုးရာ ဒေသဘာသာဖြင့် ရေးသား ပြန်ဆိုတော်မူခဲ့ကြပေသည်၊ ရှေးရှေး ဆရာကြီးများ၏ ကျေးဇူးသည် အထူးကြီးမားလှပေစွ။

## ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုနည်း

ထိုထို နိဿယ ဘာသာပြန်တို့မှာ—

(၁) ပါဠိတချက် အနက်တချက်ဖြင့် ပြန်ဆိုနည်း။

(၂) ပါဠိမဖက် မြန်မာသက်သက်ဖြင့် ပြန်ဆိုနည်း။

ဟူ၍ နှစ်မျိုးရှိခဲ့ရာ ပဌမနည်းသည် ထိုထိုပါဠိ အဋ္ဌကထာ ဋီကာ နိဿယကျမ်းမျိုးပင် ဖြစ်၍ ဒုတိယနည်းမှာမူ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထု မိလိန္ဒပဉှာဝတ္ထုစသော ကျမ်း မျိုးပင် ဖြစ်သည်။ ထိုနှစ်နည်းတွင် ပါဠိတချက် အနက်တချက် ပြန်ဆိုသော ပဌမနည်းမှာ ဗာလလူမိုက် ပဏ္ဍိတပညာရှိဟု နှုတ်တွင်တက်၍ အဘိဓာန်ကျမ်းကြီး တစောင်ကို အာဂုံဆောင် ကျက်၍ ထားရသကဲ့သို့ ပါဠိမာဂဓ ဘာသာကို သင်ယူရာ၌ အလွန် ကျေးဇူးများခဲ့ရကား ရဟန်း သာမဏေများ ယနေ့ထက်တိုင် သင်ယူချပို့ လေ့လာနေကြဆဲပင် ဖြစ်သည်၊ ထိုသင်ယူချပို့နည်း ဖြင့်ပင်ပါဠိ ပိဋကတ်ကျမ်းဂန်များကို တတ်မြောက် လိမ္မာတော်မူခဲ့ကြလေသည်။

သီဟိုဠ် ယိုးဒယား ကမ္ဘောဒီးယားစသော ဗုဒ္ဓဘာသာဝင် နိုင်ငံများ၌လည်း မိမိတို့ရိုးရာ ဒေသဘာသာဖြင့်ပင် ပိဋကတ်ကျမ်းဂန်များကို သင်ယူချပို့ လေ့လာခြင်းဖြင့် တတ်မြောက် လိမ္မာ တော်မူခဲ့ကြလေသည်။

ဒုတိယနည်းမှာ သင်ယူချပို့ရာ၌ အသုံးနည်း၍ အများအားဖြင့် ပါဠိမာဂဓဘာသာကို မတတ်မြောက် မကျွမ်းကျင်ကြသော လူပုဂ္ဂိုလ်များ ကြည့်စာအဖြစ်ဖြင့် အသုံးပြုခဲ့ကြလေသည်။

http://www.dhammadownload.com



## ဘာသာပြန်နည်းတမျိုး

ဘာသာတပါးမှ ဘာသာတပါးသို့ ပြန်ဆိုရာ၌....

(၁) တိုက်ရိုက် ပြန်ဆိုနည်း။

(၂) ဆီလျော်အောင် ပြန်ဆိုနည်း။

ဟူ၍ နှစ်မျိုးရှိပြန်ရာ ပဌမနည်းမှာ နိဿယပြန်ဆိုနည်းပင် ဖြစ်၍ (ပါဠိကို ဖြုတ်ထားသော ဒါးရဲ့ငါးဆယ် ဇာတ်ဝတ္ထုပြန်နည်းမျိုးလည်း ပါဝင်သည်) ဒုတိယနည်းမှာကား သံဝေဂဝတ္ထု မာလာလင်္ကာရ ဝတ္ထု စသည်နှင့် ပါဠိ အဋ္ဌကထာ ဋီကာတို့မှ ဆီလျော်အောင် အဓိပ္ပါယ်ကို ယူ၍ ကိုးကား ရေးသားထားသော ထိုထို ဒီပနီ ပကာသနီ စသော စကားပြေ ကျမ်းမျိုးပင် ဖြစ်သည်။

## ဤဘာသာပြန်ဖြစ်ပေါ် လာရခြင်း၏အကြောင်း

ပြဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော မာဂဓ ပါဠိပိဋကတ်တော်တွင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း နည်းလမ်းကောင်းများအပြင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ဘဝတို့၌ အကျိုးများပြားစေနိုင်သည့် လောကရေး ဓမ္မရေး ရာဇရေးတို့တွင် အလေးဂရုပြု၍ လိုက်နာကျင့်သုံးရန်အတွက် အချက်အလက်တို့လည်း အကြောင်းသက်ဆိုင်ရာ အများအပြား ပါဝင်လျက်ရှိသော်လည်း ပါဠိဘာသာကို မတတ်ကျွမ်းမှု ပါဠိဘာသာ၌ မကျွမ်းကျင်မှုကြောင့် ရတနာထုပ် လက်ဝယ်ထား၍ မသုံးဆောင် မခံစားနိုင်သကဲ့သို့ ဖြစ်နေရသော ဗုဒ္ဓဘာသာဝင် သူတော်စင် အများတို့အား ရတနာ ပတ္တမြားလုံးကို မြေဖုံးနေရာမှ အများသုံးဘို့ ထုတ်ဖေါ် ပေးသည့်အလား ထို ပိဋကတ်သုံးပုံ ပါဠိတော်မြေများကို မိမိတို့ ရိုးရာဖြစ်သော မြန်မာဘာသာ သက်သက်ဖြင့် ပြန်ဆို ရေးသားစေရပါမူ ထိုပါဠိဘာသာ၌ မသက်ဝင်နိုင်သော ဗုဒ္ဓဘာသာဝင် သူတော်စင် အများတို့အတွက် အလွန် အကျိုးများလေရာ၏ ဟု သဒ္ဓါပသန္န သမ္မာဆန္ဒတရား ရှေ့ထားကာ ကောင်းစွာ စဉ်းစား ဆင်ခြင်မိသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည် ၁၃၁၂-ခု ဒုတိယဝါဆိုလတွင် မိမိနေအိမ်၌ သိရိမင်္ဂလာ ပရိတ်တော်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရန် တိုင်ပင် ဆွေးနွေးကြစဉ် အခါ ကပင် ပိဋကတ်ပါဠိတော်များကို အကုန်အစင် မြန်မာဘာသာ ပြန်ဆိုခြင်း ဗုဒ္ဓဝင်ကျမ်းကြီးကို ရေး သားခြင်း ပိဋကတ် သုံးပုံ ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး စီရင်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရန် အတွက် စီမံစေလိုကြောင်းနှင့် သာသနာရေးဝန်ကြီး ဦးဝင်းအား တိုက်တွန်းစကား ပြောကြားသည့် အတိုင်း သာသနာရေးဝန်ကြီး၏ အစီအမံဖြင့် နိုင်ငံတော်အစိုးရ၏ ဆုံးဖြတ်ချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီးက ပိဋကတ်တော် မြန်မာပြန် စီစဉ်ရေး ကော်မီတီ တရပ်ကို သတ်မှတ် ဖွဲ့စည်းလိုက်လေသည်။

ထို ကော်မီတီတွင်....

(၁) အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် (နာယက)။

(၂) အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်း (ပဌမဥက္ကဋ္ဌ)။

(၃) သာသနာ့ ညွန်ကြားရေးဝန် ပဌမကျော် ဦးကြီးဖေ (ဒုတိယဥက္ကဋ္ဌ)။

(၄) ပါဠိပါမောက္ခ စာပြင်မှူးချုပ် ဆရာဉာဏ်။

http://www.dhammadownload.com



(၅) သာသနာရေး အထူးအရာရှိ ဦးဘဆွေ (အကျိုးတော်ဆောင်)။
(၆) ပရိယတ္တိ သာသန ဟိတ ဓမ္မာစရိယ ကျမ်းပြုဆရာကြီး မေဓာဝီ ဆရာဆိုင်။
(၇) ပဌမကျော် ဦးသန့်စင်။
(၈) သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သာသနာရေး အရာရှိ ဦးခင်မောင်လင်း (တွဲဘက် အကျိုးဆောင်) တို့ ပါဝင်ကြသည်။

ထိုကော်မီတီသည် (၇) ကြိမ်တိုင်တိုင် စည်းဝေး ဆွေးနွေး တိုင်ပင်ကြပြီးမှ ပိဋကတ်တော်ကို မြန်မာဘာသာသို့ ပြန်ဆိုရန် ဗုဒ္ဓဝင်ကျမ်းကြီး ရေးသားပြုစုရန်နှင့် ပိဋကတ် သုံးပုံလာ ပါဠိ မြန်မာ အဘိဓာန် ကျမ်းကြီးကို စီရင်ရန် သင့်လျော်ကြောင်းတို့ကို တညီတညွတ်ထည်း ဆုံးဖြတ်ချက်ချကြ၍ မည်သို့ မည်ပုံ ပြန်ဆိုရေးသား ပြုစုရမည်ဟူသော စီမံကိန်း အသီးသီးနှင့်တကွ ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်ဝန်ကြီးချုပ်ထံ တင်ပြရာ၊ ဝန်ကြီးချုပ်ကလည်း ဘဝောတူညီသဖြင့် ထိုကိစ္စအရပ်ရပ်ကို ကောင်းစွာ ဆောင်ရွက်နိုင်မည့် စာပြုစာတည်း ဆရာများ ရရှိရေးအတွက် အောက်ပါ ပုဂ္ဂိုလ် ငါးဦး ပါဝင်သော ရွေးချယ်ရေး အဖွဲ့ငယ် တရပ်ကို သတ်မှတ် ဖွဲ့စည်းခဲ့လေသည်။

၁။ သာသနာရေး ဝန်ကြီး ဦးဝင်း။

၂။ နိုင်ငံတော် တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ ဦးသိမ်းမောင်။

၃။ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း။

၄။ သာသနာ့ ညွှန်ကြားရေးဝန် ပဌမကျော် ဦးကြီးဖေ၊ (အကျိုးဆောင်)။

၅။ သာသနာရေး အထူးအရာရှိ ဦးဘဆွေ။

ဤအဖွဲ့ငယ်က ရှေးဦးစွာ အယ်ဒီတာချုပ် ရာထူးအတွက် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်း အား ရွေးချယ် တင်မြှောက်၍ ကျန် စာပြု စာတည်း ဆရာများ ရွေးချယ်ခန့်ထားရေးကိစ္စကိုမူ နိုင်ငံတော်အစိုးရ ရာထူးဝန် အဖွဲ့သို့ လွှဲအပ်ခဲ့ရာ ရာထူးဝန်အဖွဲ့က အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်း ပဌမကျော် ဦးကြီးဖေ တို့နှင့် တိုင်ပင်၍ စာမေးပွဲ ပြုလုပ်စမ်းသပ်ကာ အဆိုပါ စာပြု စာတည်း ဆရာ များကို ရွေးချယ်ခဲ့လေသည်။ ထို့နောက် ၁၉၅၁-ခု၊ အောက်တိုဘာလ ၁-ရက်နေ့မှ စ၍ ပိဋကတ်တော် မြန်မာပြန်ဌာနကို တည်ထောင်ဖွင့်လှစ်ခဲ့လေသည်။

## မြန်မာဂတိသို့လိုက်၍ပြန်ဆိုသင့်ခြင်း

ဘာသာပြန်ဆိုသည်ကား ဘာသာတပါးမှ ဘာသာတပါးသို့ ၎င်း၊ ဝေါဟာရတပါးမှ ဝေါဟာရ တပါးသို့၎င်း၊ ပြောင်းလွှဲ ပြန်ဆို ရေးသားထားခြင်းမျိုးပင် ဖြစ်လေသည်။ ဘာသာတမျိုးမျိုး၌ ၎င်းတို့၏ လေ့ထုံးစံ အသုံးအနှုန်း ဝေါဟာရ တမျိုးစီ ရှိကြမြဲဖြစ်ရာ၊ ပါဠိမှာ ပါဠိဂတိ၊ မြန်မာမှာ မြန်မာအသွား အင်္ဂလိပ်မှာ အင်္ဂလိပ်အသုံး စသည်ဖြင့် ကိုယ့်ဂတိနှင့်ကိုယ်၊ သူ့အလိုလိုပင် ဝေါဟာရ သိဒ္ဓရှိပြီး ဖြစ်နေတော့၏။ ထို့ကြောင့် ပါဠိကို မြန်မာအသွားသော်၎င်း၊ မြန်မာကို ပါဠိအသွားသော် ၎င်း၊ ပြန်ဆိုရေးသားပါလျှင် အဆီအငေါ်မတည့် ဖြစ်ပေမည်။

ဥပမာဆိုသော် "စီဝရေန တံ အစ္ဆာဒေသာမိ" ဟူသော ပါဠိတော်ကို ပါဠိဂတိသို့ လိုက်၍ "ထိုရဟန်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့" ဟု ပြန်ဆိုလျှင် ဓာတ်ပစ္စည်း ဝိဘတ်နှင့် သဒ္ဒါ၏အနက်အရ

http://www.dhammadownload.com



ပါဠိအချိုးအစား ကျမည်ဖြစ်သော်လည်း မြန်မာ့နားတွင်ကား ထွေးလုံးရစ်ပတ်သာ ဖြစ်နေ၍ "ထို ရဟန်းအား သက်န်းလှူအံ့၊ သက်န်းလှူမည်" ဟု မြန်မာအသွားကျ ပြန်ဆိုမှသာ အလွယ်တကူ နားလည်ကြလိမ့်မည် ဖြစ်သကဲ့သို့တည်း။ ထို့ကြောင့် ဘာသာပြန်ဆိုရာ၌ မူရင်းဘာသာ အသုံးအနှုန်း သို့ မလိုက်ပဲ ပြောင်းလဲပြန်ဆိုရမည့် ဘာသာအသုံး အနှုန်းအတိုင်းသာ ဘာသာပြန်ဆိုဘို့ရန်မှာ အရေးအကြီးဆုံး ပင် ဖြစ်သည်ဟု ကြိုတင် သတိချပ်ထားသင့်ပါသည်။

## ဤဘာသာပြန်ကိုပြန်ဆိုရခြင်း

ရှေးရှေး ဆရာကြီးများသည် မြန်မာဘာသာပြန် အမျိုးမျိုးတို့ကို ပြန်ဆိုရေးသားကြပြီးဖြစ်၍ ဤဘာသာပြန်ကို ပြန်ဆိုရေးသားဘို့ လိုပါသေးသလော စောကြော မေးမြန်းဖွယ် ရှိလေသည်။ ပြန်ဆိုပြီး ရှိသည်မှာ မှန်ပေသည်၊ သို့ ရှိပြီးဖြစ်သော်လည်း ရှေးကျသော ပေါရာဏအသုံးအနှုန်းတို့ဖြင့် ပြန်ဆိုထားခြင်းကြောင့် ကျေနပ်ရောင့်ရဲခြင်း မရှိသေး၍ ဤဘာသာပြန်ကို ထပ်မံ၍ ပြန်ဆိုရခြင်း ဖြစ်သည်ဟု တိုတိုပင် ဖြေဆိုရပေမည်။ ထိုစကား မှန်ပေသည် ဝေါဟာရ စကား အသုံးအနှုန်းတို့ မည်သည်....

"ဝေါဟာရဝိသယော သဒ္ဒေါ၊ ဘူတာ ဘူတတ္ထဝါစကော။
လောကသင်္ကေတ သာဓျတ္တော၊ သဒ္ဒေါ နေကန္တ ဘူတိကော"။

ဟု သဒ္ဒတ္ထ ဘေဒစိန္တာ ဆရာ ဆိုသည့်အတိုင်း ပုံသေကားချ တနေရာတည်းဖြင့် တည်နေရိုး မရှိခဲ့ပေ၊ အစဉ်အမြဲ ပြောင်းလဲ ဖောက်ပြန် ရွေ့လျော လှုပ်ရှား၍သာ နေရိုးဓမ္မတာ ဖြစ်ပေသည်။ ရှေးခေတ်အခါက ခေါ်ဝေါ်သုံးစွဲခဲ့သော စကားအသုံးအနှုန်းများမှာ ရှေးခေတ် လူများအတွက် လွယ်ကူစွာ နားလည်သဘောပေါက်ခဲ့ကြသော်လည်း ယခုခေတ် လူများ အတွက်မှာမူကား စကားထူး စကားဆန်း ဖြစ်ပြီး၊ နားလည် သဘောပေါက်ဘို့ လွယ်ကူခြင်း မရှိခဲ့ချေ၊ ထို့ကြောင့်ပင် (ဥပ္ပဋိပါဋိယာ၊ ကျိတကျူ အားဖြင့်၊ ပါမင်္ဂါဦးညွတ်) ဟု ပြန်ဆိုထားသော ရှေးခေတ် ဘာသာပြန် နိဿယများကို ယခုခေတ် လူတို့အနေနှင့် နားလည်သဘောပေါက်ဘို့ရန် မလွယ်ကူကြောင်း အကဲခတ်နိုင်ကြပေသည်။ ထို့ကြောင့်လည်း ရှေးခေတ် နိဿယကြီးများကို ယခုခေတ် အသုံးအနှုန်းဖြင့် ပြန်လည် ရေးသားကြရန် အချိန်တန်ပြီ ဟု ဆရာ့ ဆရာကြီးများ အကြံဖြစ်ခဲ့ကြဘူးလေပြီ။ သို့ဖြစ်၍ ဋီကာကျော်ခေါ် အဘိ မ္မတ္ထဝိဘာဝနီ ကျမ်းပြုဆရာသည်—

ပေါရာဏေဟိ အနေကာပိ၊ ကတာ ယာ ပန ဝဏ္ဏနာ။
န တာဟိ သက္ကာ သဗ္ဗတ္ထ၊ အတ္ထော ဝိညာတဝေ ဣဓ။
တသ္မာ လီနပဒါနေတ္ထ၊ သာဓိပ္ပါယ မဟာပယံ။
ဝိဘာဝေန္တော သမာသေန၊ ရစယိဿာမိ ဝဏ္ဏနံ။

ရှေးဆရာကြီးတို့သည် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ အဖွင့်ဋီကာ ကျမ်းများစွာတို့ကို ရေးသား ခဲ့ကြသော်လည်း ထိုဋီကာကျမ်းတို့ဖြင့် ဤအဘိဓမ္မတ္ထ သင်္ဂဟကျမ်း၏ အနက်အဓိပ္ပါယ်တို့ကို လွယ်ကူ စွာ သိဘို့ရန် မစွမ်းနိုင်ခဲ့၊ ထို့ကြောင့်ပင် ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ကွယ်ဝှက်သော ပုဒ်တို့၏ အနက် အဓိပ္ပါယ်ကို ပေါ်လွင် ထင်ရှားစွာ ဖော်ပြ၍ အကျဉ်းချုပ်အားဖြင့် ဋီကာသစ် (ဋီကာကျော်) ကို ရေးသားမည်ဟု မိန့်ဆိုခဲ့ရသည် မဟုတ်ပါလော။

ဤသို့သော အကြောင်းတို့ကို ထောက်ထား၍ ခေတ်အားလျော်စွာ ပိဋကတ်အရသာများကို သုံးဆောင် ခံစားနိုင်ကြစေရန် ဤဘာသာပြန်ကို ပြန်ဆိုရေးသားရခြင်း ဖြစ်လေသည်။

http://www.dhammadownload.com



## ဌာနပြောင်းလွှဲခြင်း

ဖော်ပြခဲ့ပြီးသော ပိဋကတ်တော် မြန်မာပြန် စီစဉ်ရေး ကော်မီတီကို ဖွဲ့စည်း၍ ၎င်းကော်မီတီက ရေးဆွဲသော စီမံကိန်းများအရ ပိဋကတ်တော် မြန်မာပြန်ဌာနကို တည်ထောင်ဖွင့်လှစ်ပြီးမှ ဤဌာနကို

(၁) သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင် (ပဌမ ဥက္ကဋ္ဌ)။

(၂) သတိုးသီရိသုဓမ္မ နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးသိမ်းမောင် (ဒုတိယ ဥက္ကဋ္ဌ)။

(၃) သတိုးမဟာသရေစည်သူ တရားဝန်ကြီး ဦးချန်ထွန်း (အကျိုးတော်ဆောင်)။

(၄) သာသနာရေး အထူးအရာရှိ ဦးဘဆွေ (တွဲဘက်အကျိုးတော်ဆောင်) စသည်တို့ ပါဝင်သော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ လွှဲပြောင်းအပ်နှင်းခဲ့လေသည်။

ပိဋကတ်တော် မြန်မာပြန် ဌာနတွင်လည်း သတ်မှတ်ထားရင်း ဖြစ်သော ဆောင်ရွက်ရမည့် ကိစ္စကြီး သုံးဌာနရှိလေရာ ထိုသုံးဌာနလုံး၌ပင် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်းအား ကျနစွာ စီမံအုပ်ချုပ်စေရန် တာဝန်လွှဲအပ်ချက်အရ စာပြုစာတည်း အယ်ဒီတာ အစုံအလင်ဖြင့် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်းကိုယ်တိုင် တာဝန်ခံ၍ အစစ မလစ်ဟင်းစေရပဲ အားထုတ်ပြုစု တည်းဖြတ်လာခဲ့ကြလေသည်။

ဤနိဒါန်း စာမျက်နှာ (၃-၄) တွင် ဖော်ပြခဲ့ပြီးသော ဘာသာပြန်နည်း အမျိုးမျိုးတို့တွင် ပိဋကတ်တော် မြန်မာပြန်ဌာနက ပြန်ဆိုသော ဤဘာသာပြန်ကား တိုက်ရိုက်ပြန်ဆိုနည်း မြန်မာသက်သက် ပြန်ဆိုနည်းမျိုးပင် ဖြစ်သည်။ သို့ပြန်ဆိုရာ၌....

(၁) ပါဠိတော်၏ သဘော အဓိပ္ပါယ်ကို ထိရောက်စေခြင်း။

(၂) မြန်မာအသွားနှင့် နီးကပ်နိုင်သမျှ နီးကပ်စေခြင်း။

(၃) ဝေါဟာရကျဉ်း၍ အဓိပ္ပါယ် ပေါ်လွင်စေခြင်း။

(၄) စကား အသုံးအနှုန်း ထယ်ဝါ ခန့်ညားစေခြင်း။

ဟူသော အချက်များကို အဓိကထား၍ ပြန်ဆိုခဲ့လေသည်။ ဤနည်းဖြင့် ဘာသာ ပြန်ဆိုလာခဲ့ကြရာ ပြီးစီးသမျှသော ပိဋကတ်တော် မြန်မာပြန်များကို ထပ်မံ သုံးသပ် ပြင်ဆင်တော်မူနိုင်ကြစေရန် ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ မဟာနာယက ညောင်ရမ်းဆရာတော်ဘုရားကြီး ကြီးမှူးတော်မူသော (ပြည်ထောင်စု မြန်မာနိုင်ငံတော် အရပ်ရပ်ရှိ ပိဋကတ္တယဆောက ပိဋကတ္တယပါရဂူ ဓမ္မာစရိယ ဆရာတော်တို့ ပါဝင်သည့်) ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃာအဖွဲ့သို့ တင်သွင်းခဲ့လေသည်။

အဆိုပါ ဝန်ဆောင်သံဃာအဖွဲ့ဝင် ဆရာတော်ဘုရားတို့ကလည်း ဤပိဋကတ်တော် မြန်မာပြန်များကို အကြောင်းအားလျော်စွာ သံဂါယနာပင် တင်နိုင်ကြရန် ရည်သန်တော် မူကြပြီးလျှင် "စာကောင်းစေလိုလျှင် အကြိမ်ကြိမ် တည်းဖြတ် ပြင်ဆင်ရမည်" ဟူသော ထုံးအရ မြန်မာပြန်ပဋိဝိသောဓကအဖွဲ့အား အကူအညီပေးသော ဝေါဟာရ စီစဉ်ရေးအဖွဲ့နှင့် မြန်မာပြန် ပဋိဝိသောဓကအဖွဲ့ခေါ် (တဖန်ပြန်လည် ပြင်ဆင်သော) စာပြင်အဖွဲ့ကို အသီးသီး ဖွဲ့စည်းစေပြီး၍ တဖန် ပြင်ဆင်တော်မူခဲ့ကြသည်။ ထိုမြန်မာပြန် ပဋိဝိသောဓက အဖွဲ့ဝင် ဆရာတော်များ သုတ်သင် ပြင်ဆင်ပြီးမှုကိုပင် အဆုံးသတ် ပြင်ဆင်သော သဘောဖြင့် ပိဋကတ်တော် မြန်မာပြန် ဩဝါဒနုသာသနေယျ ပတ္တပါဌက

http://www.dhammadownload.com



အဖွဲ့ကိုလည်း ပါဠိမြန်မာ နှစ်ဘာသာ ကျွမ်းကျင်၍ ပြင်ဆင်ရေးဘက်က အားထားလောက်သော ဆရာတော်များကို ရွေးကောက် ဖွဲ့စည်းစေပြီးလျှင် အဆုံးသတ် ပြင်ဆင်တော် မူခဲ့ကြသည်။

ထိုသို့သြဝါဒသာနအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့က အဆုံးသတ် ပြင်ဆင်တော်မူကြရာ၌ ကာလ ရှည်ဝေး၍ ယခုခေတ်သိဘို့ရန် မလွယ်ကူသော ပေါရာဏစကား အသုံးအနှုန်းများကို နည်းနိုင်သမျှ နည်းပါးစေလျက်....

(၁) အသိလွယ်ကူခြင်း။

(၂) အများသုံးဖြစ်ခြင်း။

(၃) အသင့်လျော်ဆုံးဖြစ်ခြင်း။

တို့ကိုအရေးထား၍ စဉ်းစား လက်ခံခဲ့ကြလေသည်၊ ဝေါဟာရ အသုံးအနှုန်းမှာလည်း မယဉ်ကျေး ခြင်း နားမသာ (သုတိမသာ) ခြင်း၊ စကားသိမ်ဖျင်း သေးနုပ်ခြင်းတို့ကို အထူးသတိပြု၍ ရှောင်ရှား ခဲ့ကြသည်။ လိုအပ်သော မြန်မာဘာသာ သတ်ပုံသတ်ညွှန်းဘက်ကလည်း ပြည့်စုံလုံလောက်ခြင်း ရှိစေရန် စာမျက်နှာ ( ၁၁ ) တွင် ဖော်ပြထားသော ရဟန်းပုဂ္ဂိုလ် ၆ ပါး၊ လူပုဂ္ဂိုလ် ၉ ဦးတို့ ပါဝင် သည့် သတ်ပုံသတ်ညွှန်းကော်မီတီ၏ ကူညီမှုကို လက်ခံ သုံးသပ်တော် မူခဲ့ကြသည်။

ပိဋကတ်ပါဠိတော်များကို ဆဋ္ဌသံဂါယနာတင်ရန် အဖွဲ့အသီးသီးတို့က အထပ်ထပ် ပြင်ဆင်သည့် နည်းတူ ဤပိဋကတ်တော် မြန်မာပြန် စာမူကိုလည်း ထိုထိုအဖွဲ့အသီးသီးတို့က အထပ်ထပ် အလီလီ ပြင်ဆင်ပြီးမှသာလျှင် စက်တင် ပုံနှိပ်ခြင်း ပြုလုပ်ကြလေသည်။

ပန်းဝတ်ရည်ကို စားသုံးကြမည့် ပျားပိတုန်းတို့အလား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်သည့် တရားဒေသနာ တည်းဟူသော ပိဋကတ်တော် အရသာကို မြိန်ရှက်စွာစားသုံးလိုကြသည့် မာဂဓဘာသာ ပါဠိစကား၌ ကျွမ်းကျင်သက်ဝင်နိုင်စွမ်း မရှိကြသော နိုင်ငံတော်သူ နိုင်ငံတော်သား မုဒ္ဒဘာသာဝင် သူတော်စင်တို့သည် ကံအားလျော်စွာ အနှစ်တထောင်ကြာမှ တကြိမ်သာပွင့်သော အာသာဝတီ နတ်ပန်းကဲ့သို့၎င်း၊ ကမ္ဘာဦးအခါက ကမ္ဘာသူ ကမ္ဘာသားတို့၏ အာသာဆန္ဒအား လျော်စွာ ကမ္ဘာသူ ကမ္ဘာသားတို့၏ အာသာဆန္ဒကို ပြည့်စေသောအားဖြင့် ဖြစ်ထွန်းပေါ်ပေါက် လာသော နေ လ နက္ခတ်တာရာတို့ကဲ့သို့၎င်း နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကုသိုလ်ကံနှင့် အာသာဆန္ဒအားလျော်စွာ အကြိမ်ကြိမ်အဖန်ဖန် ကြံစည်ကြိုးကုတ်တည်ထွင် စီရင်ရေးသား ပြန်ဆို သဖြင့် အလွန်ခဲယဉ်းငြိုငြင်စွာ ဖြစ်ထွန်း ပေါ်ပေါက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်လာသော ဤပိဋကတ်တော် မြန်မာပြန်တို့ကို လိုလိုချင်ချင် အာသာထန်ပြင်း ကြည့်ရှုမှတ်သား လေ့လာ သွားခြင်းဖြင့် ပိဋကတ်တော် အရသာများကို လွယ်လွယ်ကူကူ မပင်မပန်း ချမ်းချမ်းသာသာ အားပါး တရ သုံးဆောင်ခံစားနိုင်ကြ၍ သဗ္ဗညုမြတ်စွာဘုရား ရည်ရွယ်တော်မူရင်း ဖြစ်သော အမတပြည် နိဗ္ဗာန်နန်းသို့ မကြာမတင် တက်လှမ်းနိုင်ကြပါစေကုန်သတည်း။

---

http://www.dhammadownload.com

# အဖွဲ့အသီးအသီး

## ပိဋကတ်တော်မြန်မာပြန်အဖွဲ့

| | |
|---|---|
| ဆရာကြီး ဒေါက်တာဦးလင်း | အယ်ဒီတာချုပ် အဂ္ဂမဟာပဏ္ဍိတ မဟာဝိဇ္ဇာ စာပေပါရဂူဘွဲ့ရ။ |
| ဆရာဥာဏ် | ဒုတိယ အယ်ဒီတာချုပ် (၁) ပရိယတ္တိ သာသနာ့နုဂ္ဂဟ်ပါဟက-ပဌမကျော် ပါဠိပါမောက္ခ ဂန္ထကာရက (ဟောင်း)။ |
| ဦးဘမို | ဒုတိယ အယ်ဒီတာချုပ် (၁) ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သစ်)။ |
| ဦးအောင်မိုး | ဒုတိယအယ်ဒီတာချုပ် (၂) ပရိယတ္တိသာသနဟိတဓမ္မာစရိယ နှင့် သာသနဓဇသိရီပဝရဓမ္မာစရိယ (ဟောင်း)။ |
| ဆရာအုပ် | ဒုတိယအယ်ဒီတာချုပ် (၂) ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သစ်)။ |
| ဦးအုန်းရွှေ | အယ်ဒီတာချုပ်များအဖွဲ့၏ အတွင်းရေးမှူး မူလဓမ္မာ စရိယ (ဂန္ထကာရက)။ |

## စာတည်းအယ်ဒီတာများ

| | |
|---|---|
| ဆရာဆိုင် | ပရိယတ္တိသာသနဟိတဓမ္မာစရိယ (ဂန္ထကာရက)။ |
| ဦးထွန်းအောင် | မူလဓမ္မာစရိယ (ဂန္ထကာရက)။ |
| ဦးစိန် | ပရိယတ္တိ သာသန ဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးကြင်မောင် | သာသနဓဇသိရီပဝရဓမ္မာစရိယ။ |
| ဦးကျော်ထွတ် | ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးအေးမောင် | ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးစံတင် | သာသနဓဇသိရီပဝရဓမ္မာစရိယ။ |

## စာပြုအယ်ဒီတာများ

| | |
|---|---|
| ဦးဖိုလ်မောင် | ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇသိရီပဝရဓမ္မာစရိယ။ |
| ဦးစိုးဝင်း | စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစကနှင့် သာသနဓဇ သိရီပဝရဓမ္မာစရိယ။ |

http://www.dhammadownload.com



| | |
|---|---|
| ဦးမောင်ကြီး | ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ။ |
| ဦးမြင့်သိန်း | စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက။ |
| ဦးမျိုးမြင့် | သာသနဓဇသိရီပဝရ ဓမ္မာစရိယ။ |
| ဦးတင်ဦး | မူလဓမ္မာစရိယ။ |
| ဦးဟန်ထွန်း | စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက နှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးအုန်းဖေ | ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးတင်မြင့် | စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယ ဂဏဝါစက နှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဆရာတင် | စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက။ |
| ဦးသန်းမောင် | ပရိယတ္တိ သာသနဟိတဓမ္မာစရိယနှင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယ။ |
| ဦးဖေမြင့် | ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ ဓမ္မာစရိယ။ |
| ဦးတင်ရွှေ | သာသနဓဇသိရီပဝရ ဓမ္မာစရိယ။ |
| ဦးစိန်မောင် | စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစကနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးညိုမြ | ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးဝင်း (၁) | မူလဓမ္မာစရိယ။ |
| ဦးထွန်းကြည် | သာသနဓဇသိရီပဝရ ဓမ္မာစရိယ။ |

---

## ပိဋကတ်တော်မြန်မာပြန် ဝေါဟာရစိစစ်ရေးအဖွဲ့

ပါဠိတော်များ၌ အဝတ္ထုများ၌ အထပ်ထပ်ပါသော ပါဠိဝါကျများကို ပိဋကတ် မြန်မာပြန်ဌာနမှ ထုတ်နှုတ်ပေါင်းစု၍ တင်ပြရာ၊ ထိုတင်ပြသည့် ဝါကျများမှာ တပုဒ်စီတအုပ်စီ၏ မြန်မာပြန်များကို စိစစ်ဆွေးနွေးသည့် ပါဠိမြန်မာ ဝေါဟာရအစည်းအဝေးကို ၅၉ ကြိမ် စည်းဝေး ဆွေးနွေးခဲ့ပါသည်။ ထိုပါဠိမြန်မာ ဝေါဟာရ အစည်းအဝေးသို့ ကြွရောက်ဆွေးနွေး အကြံဉာဏ်ပေးကြသော ပညာရှင်များမှာ....

၁။ ဆရာတော်ဦးဥာဏုတ္တရ၊ မူလဓမ္မာစရိယ၊ ပဲခူး။

၂။ ဦးချန်ထွန်း နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အကျိုးဆောင်စာချီ၊ တရားဝန်ကြီး။

http://www.dhammadownload.com



၃။ ဆရာဥာဏ် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ စာပုံနှိပ်တိုက် ပါဠိပါမောက္ခ စာပြင်မှူးချုပ်။
၄။ ဦးဘမှိ ပိဋကတ်တော်မြန်မာပြန်ဌာန ဒုတိယအယ်ဒီတာချုပ် (၁)။
၅။ ဆရာအုပ် ပိဋကတ်တော်မြန်မာပြန်ဌာန ဒုတိယအယ်ဒီတာချုပ် (၂)။
၆။ ဦးဘိုးလတ် (ဝိဇ္ဇာ) ယဉ်ကျေးမှုဌာနအတွင်းဝန်။
၇။ ဦးအေးမောင် (မဟာဝိဇ္ဇာ) တက္ကသိုလ် မြန်မာစာပါမောက္ခ။
၈။ ဦးဘလေး (မဟာဝိဇ္ဇာ) တက္ကသိုလ်ပါဠိပါမောက္ခ။
၉။ ဦးသာမြတ် (ဝိဇ္ဇာ) ယဉ်ကျေးမှုဌာနညွှန်ကြားရေးဝန်။
၁၀။ ဦးအုန်းရွှေ ပိဋကတ်တော် မြန်မာပြန်ဌာန အယ်ဒီတာချုပ်များ၏ အတွင်းရေးမှူး။
၁၁။ ဆရာဆိုင် ပိဋကတ်တော်မြန်မာပြန်ဌာနစာတည်း။
၁၂။ ဦးထွန်းအောင် ၎င်း
၁၃။ ဦးစိန် ၎င်း
၁၄။ ဦးကြင်မောင် ၎င်း
၁၅။ ဦးအေးမောင် ၎င်း
၁၆။ ဦးကျော်ထွတ် ၎င်း
၁၇။ ဦးစံတင် ၎င်း

---

## ဝိနည်းမြန်မာပြန် ပဋိဝိသောဓကဆရာတော်များ

| အမှတ် | ဘွဲ့တော် | ဂုဏ်ထူး | ကျောင်းတိုက် | မြို့နေရပ် |
|---|---|---|---|---|
| ၁။ | ဆရာတော် ဦးဥေးယျ | မူလဓမ္မာစရိယ | လယ်တီစံကျောင်း | ပျဉ်းမနားမြို့။ |
| ၂။ | ။ ဦးဥက္ကဋ္ဌ | ၎င်း | ဗုဒ္ဓတက္ကသိုလ် | တောင်တွင်းကြီးမြို့။ |
| ၃။ | ။ ဦးဥတ္တမဗုဒ္ဓိ | ၎င်း | မဟာဇေတဝန်ကျောင်း | မုံရွေး။ |
| ၄။ | ။ ဦးကေသရ | ၎င်း | ကျောက်ကာတိုက် | ရွှေဘိုမြို့။ |
| ၅။ | ။ ဦးကုဏ္ဍလ | ၎င်း | လောကုတ္တရာသိမ်ဦးတိုက် | တောင်ငူမြို့။ |
| ၆။ | ။ ဦးပါလိတ | ၎င်း | မင်းကျောင်း | မြစ်သားမြို့။ |
| ၇။ | ပဌာန်းဆရာတော်- ဦးဝိသုဒ္ဓ | သကျသီဟမူလဓမ္မာစရိယ | ပါဠိကျောင်း မစိုးရိမ်တိုက် | မန္တလေးမြို့။ |
| ၈။ | ဆရာတော် ဦးစန္ဒဇောတိ | အစိုးရဓမ္မာစရိယ | ကန်ကြီးကျောင်း | မလှိုင်မြို့။ |
| ၉။ | ။ ဦးရာဇိန္ဒ | မူလဓမ္မာစရိယ | စကဝါပင်ကျောင်း သပြက်တောတိုက် | ရန်ကုန်မြို့။ |
| ၁၀။ | ။ ဦးပညာကိတ္တိ | အစိုးရဓမ္မာစရိယ | မင်္ဂလာမဏ္ဍိုင်ကျောင်း | ဗဟန်း ရန်ကုန်မြို့။ |

http://www.dhammadownload.com



## ဝိနည်းမြန်မာပြန် ပဋိဝိသောဓကဆရာတော်များ

| အမှတ် | ဘွဲ့တော် | ဂုဏ်ထူး | ကျောင်းတိုက် | မြို့နေရပ် |
| --- | --- | --- | --- | --- |
| ၁၁။ ။ | ဦးသုဇာတာလင်္ကာရ ပဌမကျော် သကျသီဟနှင့် အစိုးရဓမ္မာစရိယ | | သီရိမင်္ဂလာကျောင်း ဥယျာဉ်တိုက် ကြည့်မြင်တိုင် | ရန်ကုန်မြို့။ |
| ၁၂။ ။ | ဦးဇောတိက | မူလဓမ္မာစရိယ | ဇမ္ဗူ့မိတ်ဆွေကျောင်း အရှေ့ပိန္နဲကုန်းတိုက် | ရန်ကုန်မြို့။ |
| ၁၃။ ။ | ဦးအရိယဝံသ | အစိုးရဓမ္မာစရိယ | အေးစေတီကျောင်း | ရန်ကုန်မြို့။ |
| ၁၄။ ။ | ဦးတိက္ခ | မူလဓမ္မာစရိယ | ပိုးစာတောတိုက် | ဟင်္သာတမြို့။ |

---

## မြန်မာပြန် ဩဿာနသောဓေယျပတ္တပါဠ္ဌကအဖွဲ့အား အကူအညီပေးသော သတ်ပုံသတ်ညွှန်း ကော်မီတီအဖွဲ့

၁။ မုံရွေးဆရာတော် ဦးဥတ္တမဗုဒ္ဓိ-မူလဓမ္မာစရိယ၊ ဝိနည်းမြန်မာပြန် ပဋိဝိသောဓကအဖွဲ့ဝင်၊ မုံရွေး။

၂။ ဦးဥာဏုတ္တရ-မူလဓမ္မာစရိယ ဒီဃနိကာယ် မြန်မာပြန် ပဋိဝိသောဓကအဖွဲ့ဝင်၊ ပဲခူးမြို့။

၃။ ဦးဝိသုဒ္ဓ ပဌမကျော် သကျသီဟဓမ္မာစရိယ၊ ဝိဇ္ဇာလင်္ကာရ ဆရာတော် ဝန်ဆောင် သံဃအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့။

၄။ ဦးဝိသုဒ္ဓ ပဋ္ဌာန်းဆရာတော်၊သကျသီဟ မူလဓမ္မာစရိယ၊ပါဠိကျောင်းဒ မစိုးရိမ်တိုက် မန္တလေးမြို့။

၅။ ဦးဓမ္မာနန္ဒ၊ မူလဓမ္မာစရိယ၊ ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော်၊ မြောင်းမြကျောင်း၊ ပုသိမ်မြို့။

၆။ ဦးသုဇာတာလင်္ကာရ၊ မြန်မာပြန် ဩဿာန သောဓေယျ အဖွဲ့တာဝန်ခံ၊ ပဌမကျော် သကျသီဟ ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ ဆရာတော်၊ ဥယျာဉ်တိုက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

၇။ ဦးချန်ထွန်း နိုင်ငံတော်တရားဝန်ကြီး (သတိုးမဟာသရေစည်သူ)။

၈။ ဦးလူဖေဝင်း (မဟာဝိဇ္ဇာ) ကမ္ဘည်းကျောက်စာဝန် (သီရိပျံချီ)။

၉။ ဦးအေးမောင်၊ (မဟာဝိဇ္ဇာ) (သီရိပျံချီ) မြန်မာစာ ပါမောက္ခ၊ တက္ကသိုလ်၊ ရန်ကုန်မြို့။

၁၀။ ဦးသာမြတ်၊ (ဝိဇ္ဇာ) (သီရိပျံချီ) ယဉ်ကျေးမှု ညွှန်ကြားရေးဝန်။

၁၁။ ဦးဝန်၊ (မဟာဝိဇ္ဇာ) (ဝဏ္ဏကျော်ထင်)စာတည်းမှူး၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ တက္ကသိုလ်၊ ရန်ကုန်မြို့။

၁၂။ ဦးသိန်းဟန် (မဟာဝိဇ္ဇာ) ပိဋကတ်တိုက်မှူး တက္ကသိုလ်၊ ရန်ကုန်မြို့။

၁၃။ ဦးဘိုးလတ် (ဝိဇ္ဇာ) ယဉ်ကျေးမှုအတွင်းဝန်ဟောင်း။

၁၄။ ဦးသာတင်၊ သာသနာ့ရောင်ခြည် အယ်ဒီတာ။

၁၅။ ဦးဘသန်း (အကျိုးဆောင်) ပရိယတ္တိ သာသနာနုဂ္ဂဟကာရီ အမျိုးသား ပဌမကျော် မူလဓမ္မာစရိယ အထက်တန်း မြန်မာဘာသာနှင့် ပါဠိဆရာဟောင်း ဒုတိယစာပြင်မှူးချုပ်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၊ပုံနှိပ်တိုက်ဌာန။

http://www.dhammadownload.com



# အဖွဲ့အသီးအသီး

## ပိဋကတ်တော်မြန်မာပြန် ဩဿာနသောဓေယျပတ္တပါဠိက အဖွဲ့ဝင်ဆရာတော်များ

၁။ ဦးဓမ္မာနန္ဒ၊ မူလဓမ္မာစရိယ၊ ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော် မြောင်းမြကျောင်းတိုက် ပုသိမ်မြို့။

၂။ ဦးဝိသုဒ္ဓ၊ ပဋ္ဌာန်းဆရာတော်၊ သကျသီဟ မူလဓမ္မာစရိယ၊ ပါဠိကျောင်း၊ မစိုးရိမ်တိုက်၊ မန္တလေးမြို့။

၃။ ဦးသုဇာတာ လင်္ကာရ ပဌမကျော် သကျသီဟ ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ၊ ဥယျာဉ်တိုက်၊ ကြည့်မြင်တိုင်။ ရန်ကုန်မြို့။

(ထိုအဖွဲ့တွင် ဦးသုဇာတလင်္ကာရ ဆရာတော်က အဖွဲ့၏ တာဝန်ခံ အဖြစ်ဖြင့် ဆောင်ရွက်၍ ဒုတိယ စာပြင်မှူးချုပ် ဆရာဦးဘသန်းက အကျိုးဆောင်အဖြစ်ဖြင့် ဆောင်ရွက်သည်)။

---

http://www.dhammadownload.com

## ပါရာဇိကဏ်ပါဠိတော် မြန်မာပြန်

# မာတိကာ

အကြောင်းအရာ မျက်နှာအမှတ်

### ဝေရဥ္ဇပုဏ္ဏားအကြောင်း ပြဆိုရာအခဏ်း


ဝေရဥ္ဇ ပုဏ္ဏားက မြတ်စွာဘုရားကို ရှုတ်ချပုံ .... .... .... .... ၂
ကြက်ဥ ဥပမာ .... .... .... .... ၅
ဝေရဥ္ဇာမြို့၌ ဒုဗ္ဘိက္ခ ဘေး ဆိုက်ရောက်ခြင်း .... .... .... .... ၉
သိက္ခာပုဒ် ပညတ်ရန် အချိန်တန်ပါပြီ ဟု အသျှင်သာရိပုတြာ လျှောက်ထားပုံ .... ၁၂


### ၁-ပါရာဇိကအခဏ်း

### ၁-ပဌမပါရာဇိက


သုဒိန်သူဌေးသား ရဟန်းဝတ္ထု .... .... .... .... ၁၆
ပဌမ ပါရာဇိက ပညတ် သိက္ခာပုဒ် .... .... .... .... ၂၉
မျောက်မ ဝတ္ထု .... .... .... .... ၃၀
ပဌမ ပါရာဇိက ပဌမ အနုပညတ် သိက္ခာပုဒ် .... .... .... .... ၃၂
အနိုးဝတ် အကြောင်းကို ပြဆိုရာအခဏ်း .... .... .... .... ၃၂
ပဌမပါရာဇိက ဒုတိယ အနုပညတ် သိက္ခာပုဒ် .... .... .... .... ၃၃
ပဌမပါရာဇိက သိက္ခာပုဒ် အဖွင့် .... .... .... .... ၃၃
ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ .... .... .... .... ၄၆
ဝိနီတဝတ္ထု ဖြတ်ထုံးများ .... .... .... .... ၄၇


### ၂-ဒုတိယပါရာဇိက


ဓနိယ ရဟန်းအကြောင်းကို ပြဆိုရာ အခဏ်း .... .... .... .... ၅၅
ပဌမ ပညတ် သိက္ခာပုဒ် .... .... .... .... ၆၀
ဒုတိယ ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ်အဖွင့် .... .... .... .... ၆၁
ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ .... .... .... .... ၇၃
ဝိနီတဝတ္ထု ဖြတ်ထုံးများ .... .... .... .... ၇၅


### ၃-တတိယပါရာဇိက


များစွာသော ရဟန်းတို့ ဝတ္ထု .... .... .... .... ၉၀
ပဌမ ပညတ် သိက္ခာပုဒ် .... .... .... .... ၉၄
အနုပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... ၉၆
ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ .... .... .... .... ၁၀၃

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၄-စတုတ္ထပါရာဇိက

ဝိနီတဝတ္ထု ဖြစ်ထုံများ .... .... .... .... ၁၀၄
ဝဂ္ဂုမုဒါ မြစ်ကမ်းနေ ရဟန်းများ ဝတ္ထု .... .... .... .... ၁၁၅
ပဌမ ပညတ် သိက္ခာပုဒ် .... .... .... .... ၁၁၉
အနုပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... ၁၂၀
ဝိနီတဝတ္ထု ခေါင်းစဉ်မာတိကာ .... .... .... .... ၁၄၁
ဝိနီတဝတ္ထု ဖြစ်ထုံများ .... .... .... .... ၁၄၂

## ၂-သံဃာဒိသိသ်အခဏ်း

## ၁-သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်

အသျှင်သေယျသက ဝတ္ထု .... .... .... .... ၁၅၅
ပဌမ ပညတ် သိက္ခာပုဒ် အနုပညတ် သိက္ခာပုဒ် .... .... .... .... ၁၅၇
သိက္ခာပုဒ် အဖွင့် .... .... .... .... ၁၅၈
ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ .... .... .... .... ၁၇၀
ဝိနီတဝတ္ထု ဖြစ်ထုံးများ .... .... .... .... ၁၇၀

## ၂-ကာယသံသဂ္ဂသိက္ခာပုဒ်

အသျှင် ဥဒါယီ ဝတ္ထု .... .... .... .... ၁၇၆
ပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... ... .... ၁၇၈
ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာနှင့် ဝိနီတဝတ္ထုဖြစ်ထုံးများ .... .... .... ၁၈၈

## ၃-ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်

အသျှင် ဥဒါယီ ဝတ္ထု .... .... .... .... ၁၉၀
ပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... ၁၉၁
ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာနှင့် ဝိနီတဝတ္ထု ဖြစ်ထုံးများ .... .... ၁၉၄

## ၄-အတ္တကာမပါရိစရိယသိက္ခာပုဒ်

အသျှင် ဥဒါယီ ဝတ္ထု .... .... .... .... ၁၉၆
ပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... ၁၉၈
ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာနှင့် ဝိနီတဝတ္ထုဖြစ်ထုံးများ .... .... ၂၀၀

## ၅-သဉ္စရိတ္တသိက္ခာပုဒ်

အသျှင် ဥဒါယီ ဝတ္ထု .... .... .... .... ၂၀၂
ပဌမ ပညတ် သိက္ခာပုဒ် .... .... .... .... ၂၀၆
အနုပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... ၂၀၈
ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာနှင့် ဝိနီတဝတ္ထု ဖြစ်ထုံးများ ... .... ၂၂၅

http://www.dhammadownload.com



## မာတိကာ


| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၆–ကုဋိကာရသိက္ခာပုဒ်** | |
| အာဠဝိတိုင်းသား ရဟန်းများ ဝတ္ထု .... .... .... .... | ၂၂၆ |
| မဏိကဏ္ဌ နဂါးမင်း ဝတ္ထု .... .... .... .... | ၂၂၇ |
| ပညတ် သိက္ခာပုဒ် .... .... .... .... | ၂၃၁ |
| သိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၃၂ |
| **၇–ဝိဟာရကာရသိက္ခာပုဒ်** | |
| အသျှင် ဆန္န ဝတ္ထု .... .... .... .... | ၂၄၉ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၅၀ |
| **၈–ဒုဋ္ဌဒေါသသိက္ခာပုဒ်** | |
| မလ္လမင်း၏သား အသျှင်ဒဗ္ဗဝတ္ထု .... .... .... .... | ၂၅၇ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၆၄ |
| **၉–ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်** | |
| မေတ္တိယ ဘုမ္မဇက ရဟန်းများ ဝတ္ထု .... .... .... .... | ၂၇၀ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၇၂ |
| **၁၀–သံဃဘေဒသိက္ခာပုဒ်** | |
| အသျှင် ဒေဝဒတ် ဝတ္ထု .... .... .... .... | ၂၇၈ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၈၀ |
| **၁၁–ဘေဒါနုဝတ္တကသိက္ခာပုဒ်** | |
| ဒေဝဒတ်နောက်လိုက် ရဟန်းများ ဝတ္ထု .... .... .... .... | ၂၈၃ |
| ပညတ် သိက္ခာပုဒ် .... .... .... .... | ၂၈၃ |
| သိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၈၄ |
| **၁၂–ဒုဗ္ဗစသိက္ခာပုဒ်** | |
| အသျှင် ဆန္န ဝတ္ထု .... .... .... .... | ၂၈၆ |
| ပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... | ၂၈၇ |
| **၁၃–ကုလဒူသကသိက္ခာပုဒ်** | |
| အဿဇိပုနဗ္ဗသုက ရဟန်းများ ဝတ္ထု .... .... .... .... | ၂၈၉ |
| ပညတ် သိက္ခာပုဒ် .... .... .... .... | ၂၉၆ |
| သိက္ခာပုဒ် အဖွင့် .... .... .... .... | ၂၉၇ |
| အကျဉ်းချုပ် ခေါင်းစဉ် .... .... .... .... | ၃၀၀ |

http://www.dhammadownload.com




| အကြောင်းအရာ | မျက်နှာအမှတ် |
| --- | --- |
| **၃-အနိယတအခဏ်း** | |
| **၁-ပဌမအနိယတသိက္ခာပုဒ်** | |
| အသျှင် ဥဒါယီ ဝတ္ထု .... .... .... .... | ၃၀၁ |
| ပုဒ်ဖြတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၀၂ |
| **၂-ဒုတိယအနိယတသိက္ခာပုဒ်** | |
| အသျှင် ဥဒါယီ ဝတ္ထု .... .... .... .... | ၃၀၅ |
| ပုဒ်ဖြတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၀၆ |
| အကျဉ်းချုပ် ခေါင်းစဉ် .... .... .... .... | ၃၀၉ |
| **၄-နိဿဂ္ဂိအခဏ်း** | |
| **၁-စီဝရဝဂ်** | |
| **၁-ပဌမ ကထိနသိက္ခာပုဒ်** | |
| ဆဗ္ဗဂ္ဂီရဟန်းများဝတ္ထု .... .... .... .... | ၃၁၀ |
| ပဌမပညတ် သိက္ခာပုဒ် .... .... .... .... | ၃၁၀ |
| အနုပညတ် သိက္ခာပုဒ် နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၁၁ |
| **၂-ဒုတိယဥဒေါသိတသိက္ခာပုဒ်** | |
| သာဝတ္ထိပြည် ရဟန်းများ ဝတ္ထု .... .... .... .... | ၃၁၃ |
| ပဌမ ပညတ် သိက္ခာပုဒ် .... .... .... .... | ၃၁၄ |
| အနုပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၁၅ |
| **၃-တတိယကထိနသိက္ခာပုဒ်** | |
| မထင်ရှားသောရဟန်း ဝတ္ထု .... .... .... .... | ၃၁၉ |
| ပုဒ်ဖြတ် သိက္ခာပုဒ် .... .... .... .... | ၃၂၀ |
| သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၂၁ |
| **၄-ပုရာဏစီဝရသိက္ခာပုဒ်** | |
| အသျှင် ဥဒါယီ ဝတ္ထု .... .... .... .... | ၃၂၂ |
| ပုဒ်ဖြတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၂၄ |
| **၅-စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်** | |
| ဥပ္ပလဝဏ် ဘိက္ခုနီ ဝတ္ထု .... .... .... .... | ၃၂၅ |
| ပဌမ ပညတ်သိက္ခာပုဒ်နှင့် အနုပညတ် သိက္ခာပုဒ် .... .... .... | ၃၂၇ |
| သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၂ |

http://www.dhammadownload.com



## မာတိကာ


| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၆–အညာတကာဝိညတ္တိ သိက္ခာပုဒ်** | |
| အသျှင်ဥပနန္ဒ ဝတ္ထု | ၃၂၉ |
| ပဌမပညတ် သိက္ခာပုဒ် | ၃၃၀ |
| အနုပညတ် သိက္ခာပုဒ် | ၃၃၁ |
| သိက္ခာပုဒ် အဖွင့် | ၃၃၂ |
| **၇–တတုတ္တရိသိက္ခာပုဒ်** | |
| ဆဗ္ဗဂ္ဂီရဟန်းများ ဝတ္ထု | ၃၃၃ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် | ၃၃၄ |
| **၈–ဥပက္ခဋသိက္ခာပုဒ်** | |
| အသျှင်ဥပနန္ဒ ဝတ္ထု | ၃၃၅ |
| ပညတ်သိက္ခာပုဒ် | ၃၃၆ |
| သိက္ခာပုဒ် အဖွင့် | ၃၃၇ |
| **၉–ဒုတိယဥပက္ခဋသိက္ခာပုဒ်** | |
| အသျှင်ဥပနန္ဒ ဝတ္ထု | ၃၃၈ |
| ပညတ်သိက္ခာပုဒ် | ၃၃၉ |
| သိက္ခာပုဒ် အဖွင့် | ၃၄၀ |
| **၁၀–ရာဇသိက္ခာပုဒ်** | |
| အသျှင်ဥပနန္ဒ ဝတ္ထု | ၃၄၂ |
| ပညတ်သိက္ခာပုဒ် | ၃၄၃ |
| သိက္ခာပုဒ် အဖွင့် | ၃၄၄ |
| အကျဉ်းချုပ် ခေါင်းစဉ် | ၃၄၆ |
| **၂–ကောသိယဝဂ်** | |
| **၁–ကောသိယသိက္ခာပုဒ်** | |
| ဆဗ္ဗဂ္ဂီရဟန်းများ ဝတ္ထု | ၃၄၆ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် | ၃၄၇ |
| **၂–သုဒ္ဓကာဠကသိက္ခာပုဒ်** | |
| ဆဗ္ဗဂ္ဂီရဟန်းများ ဝတ္ထု | ၃၄၈ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် | ၃၄၉ |

http://www.dhammadownload.com




| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၃–ဒွေဘာဂသိက္ခာပုဒ်** | |
| ဆဗ္ဗဂ္ဂီရဟန်းများ ဝတ္ထု .... .... .... .... | ၃၅၀ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၅၀ |
| **၄–ဆဗ္ဗဿသိက္ခာပုဒ်** | |
| သာဝတ္ထိရဟန်းများ ဝတ္ထု .... .... .... .... | ၃၅၁ |
| ပဌမပညတ် သိက္ခာပုဒ် .... .... .... .... | ၃၅၂ |
| ဒုတိယအနုပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... | ၃၅၄ |
| **၅–နိသီဒနသန္ထတသိက္ခာပုဒ်** | |
| အသျှင်ဥပသေန ဝတ္ထု .... .... .... .... | ၃၅၅ |
| ပညတ်သိက္ခာပုဒ် .... .... .... .... | ၃၅၇ |
| သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၅၈ |
| **၆–ဧဠကလောမသိက္ခာပုဒ်** | |
| မထင်ရှားသောရဟန်း ဝတ္ထု .... .... .... .... | ၃၅၉ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၆၀ |
| **၇–ဧဠကလောမဓောဝါပနသိက္ခာပုဒ်** | |
| ဆဗ္ဗဂ္ဂီရဟန်းများ ဝတ္ထု .... .... .... .... | ၃၆၁ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၆၂ |
| **၈–ရူပိယသိက္ခာပုဒ်** | |
| အသျှင်ဥပနန္ဒ ဝတ္ထု .... .... .... .... | ၃၆၄ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၆၅ |
| **၉–ရူပိယသံဝေါဟာရသိက္ခာပုဒ်** | |
| ဆဗ္ဗဂ္ဂီရဟန်းများ ဝတ္ထု .... .... .... .... | ၃၆၇ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၆၇ |
| **၁၀–ကယဝိက္ကယသိက္ခာပုဒ်** | |
| အသျှင်ဥပနန္ဒ ဝတ္ထု .... .... .... .... | ၃၆၉ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... | ၃၇၁ |
| အကျဉ်းချုပ် ခေါင်းစဉ် .... .... .... .... | ၃၇၂ |

http://www.dhammadownload.com




| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|
| **၃-ပတ္တဝဂ်** | |
| **၁-ပတ္တသိက္ခာပုဒ်** | |
| ဆဗ္ဗဂ္ဂီရဟန်းများ ဝတ္ထု | ၃၇၂ |
| ပဌမပညတ်သိက္ခာပုဒ် | ၃၇၃ |
| ဒုတိယ အနုပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ်အဖွင့် | ၃၇၃ |
| **၂-ဦနပဉ္စဗန္ဓန သိက္ခာပုဒ်** | |
| ကပိလဝတ်ရဟန်းများ ဝတ္ထု | ၃၇၅ |
| ပညတ်သိက္ခာပုဒ် | ၃၇၇ |
| သိက္ခာပုဒ် အဖွင့် | ၃၇၈ |
| **၃-ဘေသဇ္ဇ သိက္ခာပုဒ်** | |
| အသျှင်ပိလိန္ဒဝစ္ဆ ဝတ္ထု | ၃၈၁ |
| ပညတ် သိက္ခာပုဒ် | ၃၈၄ |
| ဘေသဇ္ဇ သိက္ခာပုဒ် အဖွင့် | ၃၈၅ |
| **၄-ဝဿိကသာဋိက သိက္ခာပုဒ်** | |
| ဆဗ္ဗဂ္ဂီ ရဟန်းများ ဝတ္ထု | ၃၈၆ |
| ပညတ် သိက္ခာပုဒ် | ၃၈၆ |
| သိက္ခာပုဒ် အဖွင့် | ၃၈၇ |
| **၅-စီဝရအစ္ဆိန္ဒန သိက္ခာပုဒ်** | |
| အသျှင် ဥပနန္ဒ ဝတ္ထု | ၃၈၈ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် | ၃၈၉ |
| **၆-သုတ္တဝိညတ္တိ သိက္ခာပုဒ်** | |
| ဆဗ္ဗဂ္ဂီရဟန်းများ ဝတ္ထု | ၃၉၀ |
| ပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် | ၃၉၁ |
| **၇-မဟာပေသကာရ သိက္ခာပုဒ်** | |
| အသျှင်ဥပနန္ဒ ဝတ္ထု | ၃၉၂ |
| ပညတ်သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် | ၃၉၄ |
| **၈-အစ္စေကစီဝရ သိက္ခာပုဒ်** | |
| သာဝတ္ထိပြည် ရဟန်းများ ဝတ္ထု | ၃၉၆ |
| ပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် | ၃၉၇ |

http://www.dhammadownload.com



| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|

## ၉-သာသက် သိက္ခာပုဒ်


သာဝတ္ထိပြည် ရဟန်းများ ဝတ္ထု .... .... .... .... ၃၉၇
ပညတ် သိက္ခာပုဒ် .... .... .... .... ၃၉၇
သိက္ခာပုဒ် အဖွင့် .... .... .... .... ၃၉၉


## ၁၀-ပရိဏတ သိက္ခာပုဒ်


ဆဗ္ဗဂ္ဂီ ရဟန်းများ ဝတ္ထု .... .... .... .... ၄၀၁
ပညတ် သိက္ခာပုဒ်နှင့် သိက္ခာပုဒ် အဖွင့် .... .... .... .... ၄၀၂
အကျဉ်းချုပ် ခေါင်းစဉ် .... .... .... .... ၄၀၃


ပါရာဇိကဏ်ပါဠိတော်မြန်မာပြန်
မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြိုတင်ခေါ်မှတ်ရန် သင်္ကေတ လက္ခဏာများ

"    " ဤကဲ့သို့ ကော်မာ ပြလျှင် ကော်မာ အတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ အာကာရ ဟု သိမှတ်ရန်။

'    ' ဤကဲ့သို့ ကော်မာ ပြလျှင် ရှေ့က ကပ်လျက်ရှိသော ပုဒ်နှင့် အဓိပ္ပါယ် သဘောတူ ဟု သိမှတ်ရန်။

"   '   '   " ဤကဲ့သို့ ကော်မာ နှစ်ထပ်ပြလျှင် ပုဂ္ဂိုလ် တဦးဦး၏ ဆိုလိုသော စကား အတွင်း၌ အခြားပြောဆိုမှု စကားတရပ် ရှိနေသည် ဟု သိမှတ်ရန်။

(    ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်း ပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သော ပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် သော မျဉ်းတိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[    ] ဤကဲ့သို့ ကွင်းချိပ်ကို ပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက် ပြုလုပ်ရန် မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

* ဤကဲ့သို့ ချယားပွင့်ကို ပြလျှင် ၎င်းချယားပွင့်ရှေ့၌ ကပ်လျက်ရှိသော ပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြားဖော်ပြထားသည် ဟု သိမှတ်ရန်။

အချို့နေရာ၌ ချယားပွင့်အစား ဂဏန်းဖြင့် ပြထားသည်၊ အဓိပ္ပါယ်တူပင် ဖြစ်၏။

ဤမြန်မာပြန်တွင် ပုဒ်မဂဏန်း သိက္ခာပုဒ် ဂဏန်း ဟူ၍ ၂-မျိုးရှိရာ သိက္ခာပုဒ် ဂဏန်းမှာ တခဏ်း မှ တခဏ်းသို့ ကူးပြောင်းသွားသော အခါ ပုဒ်မဂဏန်းရှေ့တွင် ဂဏန်းစဉ် ၂-ခု ဖြစ်ပေါ်လာ၏။ ထို ၂-ခုတွင် ရှေ့ဂဏန်းမှာ သိက္ခာပုဒ်များကို အစဉ်လိုက် ပေါင်းသွားသော ဂဏန်းဖြစ်၍ နောက်ဂဏန်းမှာ အခဏ်းစဉ် အရ သီးခြားသတ်သတ် ပေါင်းပြထားသော ဂဏန်းဖြစ်၏။ အချို့သိက္ခာပုဒ်တို့၌ မူလ ပညတ် အနုပညတ် ဟူ၍ ၂-မျိုးရှိရာ အနုပညတ်ပါသော သိက္ခာပုဒ်များ၌ မူလပညတ် အနုပညတ် များကို (က) (ခ) စသည်တပ်၍ နောက်ဆုံး အနုပညတ်ကျမှ သိက္ခာပုဒ် ဂဏန်းနှင့် တွဲ၍ ပြထား၏၊ (ခ) (ဂ) စသည်ဖြင့် နောက်ဂဏန်းနှင့် ကပ်လျက် ဖော်ပြထား၏။

## မြို့နှင့်ပြည် မှာထားချက်

သိက္ခာပုဒ် ပညတ်ရာ သာဝတ္ထိ ရာဇဂြိုဟ် စသော နေပြည်တော်ကြီးများကို မြို့ ဟူ၍ ပြန်ဆိုထား ရာ ပါရာဇိကဏ် ပါဠိတော် မြန်မာပြန်မှတပါး အခြားပါစိတ်စသော မြန်မာပြန်တို့၌ ပြည် ဟူ၍ ဖော်ပြ လိမ့်မည်။

http://www.dhammadownload.com

http://www.dhammadownload.com

### ဝိနည်းပိဋကတ်

# ပါရာဇိကဏ်ပါဠိတော်

## မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဝေရဉ္ဇ ပုဏ္ဏားအကြောင်း ပြဆိုရာ အခဏ်း

၁။ အခါတပါး၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေရဉ္ဇာမြို့ နေ့ဋ္ဌေရှမည်သော (ဘီလူးသည် သိမ်းဆည်းအပ်သော) တမာပင်အနီး၌ များမြတ်သော ရဟန်းသံဃာ ငါးရာနှင့်အတူ သီတင်းသုံးနေတော်မူ၏။ (ထိုသို့ နေတော်မူသောအခါ) ဝေရဉ္ဇပုဏ္ဏားသည် (ဤဆိုသတ္တံ့သောအတိုင်း) ကြားသိရလေပြီ။ "အချင်းတို့ သာကီဝင် မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ဝေရဉ္ဇာမြို့ နေ့ဋ္ဌေရှမည်သော (ဘီလူးသည်သိမ်းဆည်းအပ်သော) တမာပင် အနီး၌ များမြတ်သော ရဟန်းသံဃာ ငါးရာနှင့်အတူ သီတင်းသုံးနေတော်မူ၏၊ ထိုအသျှင်ဂေါတမ၏ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ထွက်၏။

ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း 'အရဟံ' မည်တော်မူ၏။

အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်ကန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူ၏။

အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်း ကြောင့်လည်း 'ဝိဇ္ဇာစရဏသမ္ပန္န' မည်တော်မူ၏။

ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်း ကြောင့်လည်း 'သုဂတ' မည်တော်မူ၏။

လောကကို သိတော်မူသော အကြောင်းကြောင့်လည်း 'လောကဝိဒူ' မည်တော်မူ၏။

ဆုံးမထိုက်သူကိုဆုံးမတတ်သည့် အတုမဲ့လွန်မြတ်သောပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်း ကြောင့်လည်း 'အနုတ္တရောပုရိသဒမ္မသာရထိ' မည်တော်မူ၏။

http://www.dhammadownload.com



နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်း ကြောင့်လည်း 'သတ္ထာဒေဝမနုဿာန' မည်တော်မူ၏။

သစ္စာလေးပါးတရားတို့ကို ကိုယ်တိုင်သိ၍ သူတပါးတို့ကို သိစေတော်မူသော အကြောင်း ကြောင့်လည်း 'ဗုဒ္ဓ' မည်တော်မူ၏။

ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်း ကြောင့်လည်း 'ဘဂဝါ' မည်တော်မူ၏ ဟု (ပြန့်နှံ့၍ထွက်၏)။

ထိုမြတ်စွာဘုရားသည် နတ်နှင့် တကွသော မာရ်နတ်နှင့် တကွသော ဗြဟ္မာနှင့် တကွသော ဤသြကာသ လောကကိုလည်းကောင်း သမဏဗြာဟ္မဏနှင့် တကွသော မင်းများ လူများနှင့် တကွသော ဤသတ္တလောကကိုလည်းကောင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။

ထိုမြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာ (ပုဂ္ဂိုလ်) တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း" ဟု (ကြားသိရလေ၏)။

၂။ ထိုအခါ ဝေရဉ္ဇ ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်ပြီးသော် ဝေရဉ္ဇ ပုဏ္ဏားသည် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမ ဤစကားကို အကျွန်ုပ် ကြားဘူးပါသည်၊ ရဟန်းဂေါတမသည် အိုကုန်သော ကြီးကုန်သော ရင့်ကုန်သော ရှေးမှီကုန်သော အဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်း မခိုး ခရီးဦးလည်းမကြို ထိုင်ရန်နေရာဖြင့် ဖိတ်လည်းမဖိတ် ဟု ကြားဘူးပါသည်။ အသျှင်ဂေါတမ ထို (အကျွန်ုပ်ကြားဘူးသော စကား) သည် ထို(ကြားဘူးသည့်)အတိုင်း မှန်သည်သာတည်း၊ အသျှင်ဂေါတမသည် အိုကုန်သော ကြီးကုန်သော ရင့်ကုန်သော ရှေးမှီကုန်သော အဆုံးအရွယ်သို့ ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်းမခိုး ခရီးဦးလည်းမကြို ထိုင်ရန် နေရာဖြင့် ဖိတ်လည်းမဖိတ်၊ အသျှင်ဂေါတမ ထို(ရှိခိုးခြင်း စသည်ကို မပြုခြင်း)သည် မသင့်လျော်သည်သာလျှင်တည်း" ဟု လျှောက်၏။

ပုဏ္ဏား နတ်နှင့် တကွသော မာရ်နတ်နှင့် တကွသော ဗြဟ္မာနှင့် တကွသော ဤသြကာသ လောက၌လည်းကောင်း သမဏဗြာဟ္မဏနှင့် တကွသော မင်းများ လူများနှင့် တကွသော ဤသတ္တလောက၌လည်းကောင်း ငါသည် ရှိခိုးလည်း ရှိခိုးထိုက် ခရီးဦးလည်း ကြိုထိုက် ထိုင်ရန်နေရာဖြင့် ဖိတ်လည်း ဖိတ်ထိုက်သောသူကို မြင်တော်မမူ၊ ပုဏ္ဏား အကြင်သူကို ငါသည် ရှိခိုးမူလည်း ရှိခိုးငြားအံ့ ခရီးဦးမူလည်းကြိုငြားအံ့ ထိုင်ရန်နေရာဖြင့် ဖိတ်မူလည်း ဖိတ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည်လည်း ပြတ်ကျရာ၏ ဟု (မိန့်တော်မူ၏)။

၃။ အသျှင်ဂေါတမသည် အရသာ ကင်းသော သဘောရှိ၏ ဟု (ပုဏ္ဏားကဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်း ဂေါတမသည် အရသာကင်းသော သဘောရှိ၏" ဟု ငါ့ကို ပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း။ ပုဏ္ဏား ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့၌ သာယာခြင်း အရသာတို့ကို

http://www.dhammadownload.com



မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊ (အဝိဇ္ဇာ တဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ ဖြစ်ခြင်းသဘော မရှိကုန်ပြီ။ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် အရသာ ကင်းသောသဘောရှိ၏"ဟု ငါ့ကို ပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း(ဟု မိန့်တော်မူ၏)။

၄။ "အသျှင်ဂေါတမသည် သုံးဆောင်ခြင်းမရှိ" ဟု (ပုဏ္ဏားကဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်း ဂေါတမသည် သုံးဆောင်ခြင်းမရှိ" ဟု ငါ့ကိုပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း။ ပုဏ္ဏား ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့၌ သုံးဆောင်ခြင်းတို့ကို မြတ်စွာဘုရားသည် ပယ်ပြီးပြီ၊ (အဝိဇ္ဇာ တဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ ဖြစ်ခြင်းသဘော မရှိကုန်ပြီ။ ပုဏ္ဏား ဤနည်း ပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် သုံးဆောင်ခြင်းမရှိ" ဟု ငါ့ကို ပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း (ဟု မိန့်တော်မူ၏)။

၅။ "အသျှင်ဂေါတမသည် မပြုထိုက်ဟူသော အယူ 'အကိရိယဝါဒ' ရှိ၏" ဟု (ပုဏ္ဏားကဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် မပြုထိုက်ဟူသော အယူ 'အကိရိယဝါဒ' ရှိ၏"ဟု ငါ့ကို ပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း၊ ပုဏ္ဏား ငါသည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်' ကိုရင်း နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်' ကိုရင်း စိတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်' ကိုရင်း မပြုထိုက်ဟု ဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ် တရားတို့ကို မပြုထိုက် ဟုဟော၏။ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် မပြုထိုက် ဟူသော အယူ 'အကိရိယဝါဒ' ရှိ၏" ဟု ငါ့ကိုပြောဆိုမူပြောဆိုနိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ် ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း(ဟု မိန့်တော်မူ၏)။

၆။ "အသျှင်ဂေါတမသည် ဖြတ်အပ်၏ဟူသော အယူ 'ဥစ္ဆေဒဝါဒ' ရှိ၏" ဟု (ပုဏ္ဏားကဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်း ဂေါတမသည် ဖြတ်အပ်၏ဟူသော အယူ 'ဥစ္ဆေဒဝါဒ' ရှိ၏" ဟု ငါ့ကိုပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း။ ပုဏ္ဏား ငါသည် ရာဂ ဒေါသ မောဟတို့ကို ဖြတ်အပ်သည်ကို ဟော၏။ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖြတ်အပ်သည်ကို ဟော၏။ ပုဏ္ဏား ဤနည်း ပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖြတ်အပ်၏ဟူသော အယူ 'ဥစ္ဆေဒဝါဒ' ရှိ၏" ဟု ငါ့ကို ပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ သင်(ပုဏ္ဏား) ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း (ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



၇။ "အသျှင်ဂေါတမသည် စက်ဆုပ်ခြင်း သဘောရှိ၏" ဟု (ပုဏ္ဏားကဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် စက်ဆုပ်ခြင်းသဘော ရှိ၏"ဟု ငါ့ကိုပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည်ရှိသည်သာလျှင်တည်း၊ ပုဏ္ဏား ငါသည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်' ကိုရင်း နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်' ကိုရင်း စိတ်ဖြင့်ပြုသောမကောင်းသော အကျင့် 'မနောဒုစရိုက်' ကိုရင်း များပြားသော ယုတ်ညံ့သော အကုသိုလ် တရားတို့သို့ ရောက်ခြင်းကိုရင်း စက်ဆုပ်တော်မူ၏၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် စက်ဆုပ်ခြင်းသဘောရှိ၏" ဟု ငါ့ကို ပြောဆိုမူပြောဆိုနိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါ့၌) မရှိသည်သာတည်း (ဟု မိန့်တော်မူ၏)။

၈။ "အသျှင်ဂေါတမသည် ဖျက်ဆီးတတ်၏" ဟု (ပုဏ္ဏားကဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏" ဟု ငါ့ကိုပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်တည်း။ ပုဏ္ဏား ငါသည် ရာဂကိုရင်း ဒေါသကိုရင်း မောဟကိုရင်း ဖျက်ဆီးခြင်းငှါ တရားကိုဟော၏၊ များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖျက်ဆီးခြင်းငှါ တရားကိုဟော၏။ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ဖျက်ဆီးတတ်၏"ဟု ငါ့ကိုပြောဆိုမူပြောဆို နိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ်ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း (ဟု မိန့်တော်မူ၏)။

၉။ "အသျှင်ဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏" ဟု (ပုဏ္ဏားကဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏" ဟု ငါ့ကိုပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည် သာလျှင်တည်း။ ပုဏ္ဏား ငါသည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်' ကိုရင်း နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်' ကိုရင်း စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်' ကိုရင်း များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကိုရင်း ပူပန်စေတတ်သော တရားတို့ဟူ၍ ဟော၏။ ပုဏ္ဏား ပူပန်စေတတ်၍ ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ပယ်ပြီး သော (အဝိဇ္ဇာ တဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးသော (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ပြုပြီး သော (အသစ်)မဖြစ်ခြင်းကို ပြုပြီးသော နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိသောသူကို ပူပန်စေတတ် သော အကျင့်ရှိသူ ဟု ငါဟော၏။ ပုဏ္ဏား မြတ်စွာဘုရားသည် ပူပန်စေတတ်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ပြီးပြီ၊ (အဝိဇ္ဇာ တဏှာ) အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ၌ ဖြစ်ခြင်းသဘောမရှိကုန်ပြီ။ ပုဏ္ဏား ဤနည်း ပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် ပူပန်စေတတ်သော သဘောရှိ၏" ဟု ငါ့ကို ပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ သင်(ပုဏ္ဏား) ရည်ရွယ် ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း (ဟု မိန့်တော်မူ၏)။

၁၀။ "အသျှင်ဂေါတမသည် နုတ်ပြည်ရောက်ခြင်းငှါ မထိုက်" ဟု (ပုဏ္ဏားကဆို၏)။

ပုဏ္ဏား အကြင်သို့သော နည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် နုတ်ပြည်ရောက်ခြင်းငှါ မထိုက်"ဟု ငါ့ကိုပြောဆိုမူ ပြောဆိုနိုင်ရာ၏၊ ထိုသို့သော နည်းပရိယာယ်မျိုးသည် ရှိသည်သာလျှင်

http://www.dhammadownload.com



တည်း။ ပုဏ္ဏား နောင်တဖန် ပဋိသန္ဓေနေခြင်း ဘဝသစ်၌ဖြစ်ခြင်းကို ပယ်ပြီးသော (အဝိဇ္ဇာတဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးသော (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးသော(အသစ်)မဖြစ်ခြင်းကို ပြုပြီးသော နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိသောသူကို ပဋိသန္ဓေနေခြင်းမှ ကင်း၏ ဟု ငါဟော၏၊ ပုဏ္ဏားမြတ်စွာဘုရားသည် နောင်တဖန် ပဋိသန္ဓေနေခြင်း ဘဝသစ်၌ဖြစ်ခြင်းကို ပယ်ပြီးပြီ။ (အဝိဇ္ဇာ တဏှာ) အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးပြီ၊ နောင်အခါ၌ ဖြစ်ခြင်းသဘော မရှိကုန်ပြီ၊ ပုဏ္ဏား ဤနည်းပရိယာယ်အားဖြင့် "ရဟန်းဂေါတမသည် နုတ်ပြည်ရောက်ခြင်းငှါ မထိုက်" ဟု ငါ့ကိုပြောဆိုမှု ပြောဆိုနိုင်ရာ၏၊ သင် (ပုဏ္ဏား) ရည်ရွယ် ပြောဆိုသော နည်းပရိယာယ်မျိုးကား (ငါတို့၌) မရှိသည်သာတည်း (ဟု မိန့်တော်မူ၏)။

၁၁။ ပုဏ္ဏား ဥပမာသော်ကား ကြက်မ၌ ရှစ်လုံးသော်၎င်း ဆယ်လုံးသော်၎င်း တဆယ့်နှစ်လုံး သော်၎င်း ဥတို့သည် ရှိကုန်ရာ၏၊ ထို(ဥ)တို့ကို ကြက်မသည် ကောင်းစွာ ဝပ်အပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ပေးအပ်ကုန်၏၊ ထက်ဝန်းကျင်မှ ကောင်းစွာ(ကြက်နံ့ကို)ထုံစေအပ်ကုန်၏၊ ကြက်ဥတို့ အတွင်း၌တည်သော) ထိုကြက်ငယ်အပေါင်းတို့တွင် ခြေသည်းဖျား နှုတ်သီးဖျားဖြင့် ဥခွံကို ရှေးဦးစွာ ဖောက်ခွဲ၍ ချမ်းချမ်းသာသာ ပေါက်ဖွားလာသော ကြက်ငယ်ကို အဘယ်သို့ ဆိုအပ်သနည်း၊ အကြီးဟူ၍ ဆိုအပ်သလော၊ သို့မဟုတ် အငယ် ဟူ၍ ဆိုအပ်သလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ အကြီး ဟူ၍ ဆိုအပ်ပါသည်၊ ထိုကြက်ငယ် အပေါင်းတို့တွင် (ဥခွံကို ဖောက်ခွဲ၍ ရှေးဦးစွာ ထွက်လာသော) ထို (ကြက်ငယ်) သည် အကြီးဖြစ်ပါ၏ ဟု (လျှောက်၏)။

ပုဏ္ဏား ဤအတူပင် အဝိဇ္ဇာ၌ ရောက်သော (အဝိဇ္ဇာ)ဟူသော ဥ၌ ဖြစ်သော (အဝိဇ္ဇာဟူသော ဥခွံဖြင့်) ထက်ဝန်းကျင် မြှေးယှက်အပ်သော သတ္တဝါအပေါင်းတွင် အဝိဇ္ဇာဟူသော ဥခွံကို ဖောက်ခွဲ၍ (ငါ) တဦးတည်းသာလျှင် လောက၌ အဘုမဲ့လွန်မြတ်သော ကိုယ်တိုင်မှန်စွာ သိမြင်သော သမ္မာသမ္ဗောဓိ ဉာဏ်ကို ထိုးထွင်း၍ သိပြီ၊ ပုဏ္ဏား ထိုငါသည် လောကသက်ကြီး၏၊ မြတ်၏။

ပုဏ္ဏား ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ (ငါ့အား) မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ (ငါ၏) ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေးပြီ၊ (ငါ၏)စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ပြီ၊ ပုဏ္ဏား ထိုငါသည် ကာမဂုဏ်တို့မှ ဆိတ်၍ သာလျှင် အကုသိုလ် တရားတို့မှ ဆိတ်၍ သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေခဲ့ပြီ။

ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ' ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေခဲ့ပြီ။

နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေခဲ့ပြီ၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့်

http://www.dhammadownload.com



ခံစားခဲ့ပြီ၊ အကြင်တတိယဈာန်ကြောင့် ထိုသူ့ကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ ဟု အရိယာ (ပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊ (ထိုငါသည်) ထိုတတိယဈာန်သို့ ရောက်၍ နေခဲ့ပြီ။

ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲ ချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေခဲ့ပြီ။

၁၂။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်'[၁] အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေခဲ့ပြီ။

ထိုငါသည် များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၏၊ ဤသည်တို့ကား အဘယ်နည်း—

တစ်ဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များပြားသော ပျက်ကပ်တို့ကိုရင်း များပြားသော ဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုရင်း ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏။ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏။ ထို(ငါ)သည် ထိုဘဝမှသေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏။ ထို (ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ဖြစ်ပြန်၏ဟု ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့် တကွ များပြားသော ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့ခဲ့ပြီ။

ပုဏ္ဏားငါသည် ညဉ့်ဦး 'ပဌမ' ယာမ်၌ ဤပဌမဖြစ်သော အသိဉာဏ် 'ဝိဇ္ဇာ' ကို ရခဲ့ပြီ၊ မမေ့ မလျော့ ပြင်းစွာအားထုတ်လျက် စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။

ပုဏ္ဏားဤသည်ကား ကြက်ငယ်သည် ဥခွံတွင်းမှဖောက်ခွဲထွက်ပေါ်လာသကဲ့သို့ (အဝိဇ္ဇာဥခွံမှ) ငါ၏ ပဌမ ဖောက်ခွဲ ထွက်ပေါ်လာခြင်းဖြစ်၏။

၁၃။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်

---

၁-ပုဗ္ဗေ = ရှေး၌ + နိဝါသ = နေဘူးသောဘဝ ဖြစ်ဘူးသောဘဝကို + အနုဿတိ = အောက်မေ့၍ + ဉာဏ = သိသောဉာဏ်

http://www.dhammadownload.com



သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတဉာဏ်'[၁] အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေခဲ့ပြီ။

ထိုငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် လွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကိုသိ၏၊ "အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းရာ မကောင်းသောလားရာ ဖရိုဖရဲကျရောက်ရာ ငရဲ၌ဖြစ်ပေါ်ကုန်၏၊ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယ-သုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲခြင်းမှ ကင်းကုန်၏၊ မှန်သောအယူရှိကုန်၏၊ မှန်သော အယူဖြင့်ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ လူ့ပြည် နတ်ပြည် 'သုဂတိ' ၌ ဖြစ်ပေါ်ကုန်၏" ဟု သိ၏။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကိုမြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

ပုဏ္ဏား ငါသည် သန်းခေါင် 'မဇ္ဈိမ' ယာမ်၌ ဤဒုတိယဖြစ်သော အသိဉာဏ် 'ဝိဇ္ဇာ' ကို ရခဲ့ပြီ၊ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင် ပျောက်၍ အလင်းရောင်ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) အမိုက်မှောင်ပျောက်၍ အလင်းရောင်ဖြစ်ပေါ်ခဲ့ပြီ။

ပုဏ္ဏား ဤသည်ကား ကြက်ငယ်သည် ဥခွံတွင်းမှ ဖောက်ခွဲထွက်ပေါ်လာသကဲ့သို့(အဝိဇ္ဇာဥခွံမှ) ငါ၏ ဒုတိယ ဖောက်ခွဲ ထွက်ပေါ်လာခြင်းဖြစ်၏။

၁၄။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါအသင့်ဖြစ်လတ်သော် တည်တံ့သတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို ငါသည် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေခဲ့ပြီ။

---

၁-စုတိ = သေခြင်း + ဥပပါတ = ဖြစ်ပေါ်ခြင်း ပဋိသန္ဓေ။

http://www.dhammadownload.com



ထိုငါသည် ဤကား ဆင်းရဲ 'ဒုက္ခ' ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်း 'ဒုက္ခသမုဒယ' ဟု ဟုတ်မှန်သောအတိုင်းသိခဲ့ပြီ၊ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်) 'ဒုက္ခနိရောဓ' ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ၊ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်းကျင့်စဉ် 'ဒုက္ခနိရောဓဂါမိနီပဋိပဒါ' ဟု ဟုတ်မှန်သော အတိုင်း သိခဲ့ပြီ၊ ဤသည်တို့ကား ယိုစီးခြင်း 'အာသဝ' တို့ ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ၊ ဤကား ယိုစီးခြင်း 'အာသဝ' တို့ ဖြစ်ပေါ်ခြင်း၏ အကြောင်း 'အာသဝသမုဒယ' ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ၊ ဤကား ယိုစီးခြင်း 'အာသဝ' တို့ ချုပ်ရာ (နိဗ္ဗာန်) 'အာသဝနိရောဓ' ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ၊ ဤကား ယိုစီးခြင်း 'အာသဝ' တို့ ချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်းကျင့်စဉ် 'အာသဝနိရောဓဂါမိနီပဋိပဒါ' ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ။ ဤသို့သိသော် ဤသို့မြင်သော် ထိုငါ(ဘုရား)၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ ဘဝါသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ လွတ်မြောက် ပြီးလတ်သော် လွတ်မြောက်ခဲ့လေပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ(မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ ဟု သိခဲ့ပြီ။

ပုဏ္ဏား ငါသည် မိုးသောက် 'ပစ္ဆိမ' ယာမ်၌ ဤတတိယ ဖြစ်သော အသိဉာဏ် 'ဝိဇ္ဇာ' ကိုရခဲ့ပြီ၊ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်သကဲ့သို့ ငါ့အား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) အမိုက်မှောင်ပျောက်၍ အလင်းရောင်ဖြစ်ပေါ်ခဲ့ပြီ။

ပုဏ္ဏား ဤသည်ကား ကြက်ငယ်သည် ဥခွံတွင်းမှ ဖောက်ခွဲထွက်ပေါ်လာသကဲ့သို့ (အဝိဇ္ဇာဥခွံမှ) ငါ၏ တတိယ ဖောက်ခွဲထွက်ပေါ်လာခြင်းဖြစ်၏။

၁၅။ ဤသို့ မိန့်တော်မူသော် ဝေရဥ္ဇ ပုဏ္ဏားသည် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမသည် အကြီး ဖြစ်ပါပေ၏၊ အသျှင်ဂေါတမသည် အမြတ်ဖြစ်ပါပေ၏၊ အသျှင်ဂေါတမ(တရားတော်သည်)အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ အရှင်ဂေါတမ(တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း မျက်စိ အမြင်ရှိသော သူတို့သည် အဆင်းတို့ကိုမြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဂေါတမ ထို အကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော် ကိုလည်း ကိုးကွယ်ရာဟူ၍ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ၊ အသျှင်ဂေါတမသည် ရဟန်းသံဃာနှင့် အတူ ဝေရဥ္ဇာမြို့၌ ဝါဆိုခြင်းကိုလည်း လက်ခံတော်မူပါ" ဟု လျှောက်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် (ဝါကပ်ရန်) လက်ခံတော်မူ၏၊ ထိုအခါ ဝေရဥ္ဇပုဏ္ဏားသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကိုသိ၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေ ပြုပြီးလျှင် ဖဲခွါသွားလေ၏။

http://www.dhammadownload.com



၁၆။ ထိုစဉ်အခါ ဝေရဉ္စာမြို့သည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသော အရိုးရှိ၏၊ * စာရေးတံ လက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှဘရန် မလွယ်ကူချေ။

ထိုအခါ ဥတ္တရာပထတိုင်းသား မြင်းကုန်သည်တို့သည် မြင်းငါးရာတို့နှင့်အတူ ဝေရဉ္စာမြို့၌ မိုးခို ကြကုန်၏၊ ထို(မြင်းကုန်သည်)တို့သည် မြင်းဝိုင်းတို့၌ ရဟန်းတို့အား တစလယ် တစလယ်စီသောရိက္ခာ မုယောဆန်ကို ဝတ်တည်ကြကုန်၏၊ ရဟန်းတို့သည် နံနက်အချိန်၌ (သင်္ကန်းကို) ပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူလျက် ဝေရဉ္စာမြို့သို့ ဆွမ်းခံဝင်ကြရာ ဆွမ်းမရကြကုန်သော် မြင်းဝိုင်းတို့၌ ဆွမ်းအတွက် လှည့်လည်၍ တစလယ် တစလယ်စီသော ရိက္ခာမုယောဆန်ကို အရံတွင်းသို့ ယူဆောင်ခဲ့ကြပြီးလျှင် ဆုံ၌ ထောင်း၍ ထောင်း၍ သုံးဆောင်ကြကုန်၏။

အသျှင်အာနန္ဒာသည်ကား တစလယ်သော ရိက္ခာမုယောဆန်ကို ကျောက်ပြင်ပေါ်မှာကြိတ် ပြီးလျှင် မြတ်စွာဘုရားအား ဆက်ကပ်၏၊ မြတ်စွာဘုရားသည် ထို(မုယောဆန်မှုန့်)ကို သုံးဆောင် တော်မူ၏။

မြတ်စွာဘုရားသည် ဆုံသံကို ကြားတော်မူ၏၊ မြတ်စွာဘုရားတို့သည် သိလျက်လည်း မေးတော် မူကုန်၏၊ သိလျက်လည်း မေးတော်မမူကုန်၊ အခါကိုသိ၍ မေးတော်မူကုန်၏၊ အခါကိုသိ၍ မေး တော်မမူကုန်၊ မြတ်စွာဘုရားတို့သည် အကျိုးနှင့်စပ်သည်ကို မေးတော်မူကုန်၏၊ အကျိုးနှင့်မစပ်သည် ကို မေးတော်မမူကုန်၊ မြတ်စွာဘုရားတို့သည် အကျိုးနှင့်မစပ်သည်တို့ကို မဂ်ဖြင့်ပယ်တော်မူပြီးဖြစ် ကုန်၏၊ "တရားကိုသော်လည်း ဟောကုန်အံ့၊ တပည့်တို့အား သိက္ခာပုဒ်ကိုသော်လည်း ပညတ်ကုန်အံ့" ဟူသော အကြောင်းနှစ်မျိုးတို့ဖြင့် ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ရဟန်းတို့ကို မေးတော်မူကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ထိုဆုံသံသည် အဘယ်ပြုသော အသံ နည်း" ဟု မေးတော်မူ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းအရာကို လျှောက်၏။

"အာနန္ဒာ ကောင်းစွ၊ ကောင်းစွ၊ သူတော်သူမြတ် ဖြစ်ကုန်သော သင်တို့သည် (အစာ ခေါင်းပါးခြင်း၊ လိုချင်ခြင်း၊ အလိုဆိုးသို့ လိုက်ခြင်းကို) အောင်နိုင်ကြကုန်၏၊ နောင်လာ နောက်သား များသည်ကား သလေးသားပြွမ်းဆွမ်းကိုပင် အထင်သေးကြလိမ့်ဦးမည်" ဟု (မိန့်တော်မူ၏)။

၁၇။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားထံသို့ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ယခုအခါ၌ ဝေရဉ္စာမြို့သည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသော အရိုးရှိ၏၊ စာရေးတံ လက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်း ခံခြင်းဖြင့် မျှတရန်မလွယ်ကူချေ၊ အသျှင်ဘုရား ဤမြေကြီး၏ အောက်အပြင်သည် ပျားကောင် ပျားဥ မရှိသောပျားရည်ကဲ့သို့ ချိုမြိန်ကောင်းမြတ်၍ သာယာဖွယ်ရှိပါသည်၊ အသျှင်ဘုရား

* သေထင္ဒိကာ ရှိသည့်အရ ပြန်သည်၊ သေတင္ဒိကာ ရှိလျှင် ကောက်ပင်များပိုးဖျက်ခံရ၏ ဟုပြန်။

http://www.dhammadownload.com



တောင်းပန်ပါ၏၊ အကျွန်ုပ်သည် မြေကြီးကိုလှန်လိုပါသည်၊ ရဟန်းများသည် အောက်အပြင်ရှိ မြေဆီမြေလွှာ မြေသြဇာကို သုံးဆောင်ကြရပါလိမ့်မည်" ဟု လျှောက်၏။

မောဂ္ဂလာန် မြေကြီးကိုမှီနေကုန်သောသတ္တဝါတို့ကို အဘယ်သို့ပြုမည်နည်းဟု(မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည် လက်တဖက်ကို မြေကြီးကဲ့သို့ဖန်ဆင်းပါမည်၊ မြေကြီးကို မှီနေကုန်သော သတ္တဝါတို့ကို ထို(မြေကြီးကဲ့သို့ ဖန်ဆင်းထားသော လက်ပေါ်)၌ ပြောင်းရွှေ့ထားပါမည်၊ လက်တဖက်ဖြင့် မြေကြီးကို မှောက်လှန်ပါမည် ဟု (လျှောက်၏)။

မောဂ္ဂလာန် မသင့်လျော်ပေ၊ မြေကြီးကိုလှန်ရန် သင် မနှစ်သက် (မလိုလား)လင့်၊ သတ္တဝါတို့သည် အထင်အမြင် ဖောက်ပြန်မှားယွင်းခြင်းသို့လည်း ရောက်ကုန်ရာသည် ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား တောင်းပန်ပါသည် အားလုံးသော ရဟန်းသံဃာကို မြောက်ကျွန်းသို့ဆွမ်းခံကြွပါစေ ဟု (လျှောက်၏)။

မောဂ္ဂလာန် မသင့်လျော်ပေ၊ အားလုံးသောရဟန်းသံဃာ၏ မြောက်ကျွန်းသို့ ဆွမ်းခံသွားခြင်းကို သင် မနှစ်သက် (မလိုလား)လင့် ဟု (မိန့်တော်မူ၏)။

၁၈။ ထိုအခါ ဆိတ်ငြိမ်ရာသို့ကပ်၍ တပါးတည်းနေစဉ် အသျှင်သာရိပုတြာအား—

"ဘုန်းတော်ကြီးကုန်သော အဘယ်မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်လေသနည်း၊ဘုန်းတော်ကြီးကုန်သော အဘယ်မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်လေသနည်း" ဟု စိတ်အကြံသည် ဖြစ်ပေါ်၏။

ထိုအခါ အသျှင်သာရိပုတြာသည် ညနေချမ်းအချိန်၌ တပါးတည်း နေရာမှထ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုး၍ တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ကပ်၍ တဦးတည်းနေစဉ် ဘုန်းတော်ကြီးကုန်သော အဘယ် မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်လေသနည်း၊ ဘုန်းတော်ကြီးကုန်သော အဘယ်မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်လေသနည်း ဟု အကျွန်ုပ်အား စိတ်အကြံ ဖြစ်ပေါ်ပါသည်၊ အရှင်ဘုရား ဘုန်းတော်ကြီးကုန်သော အဘယ် မြတ်စွာဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ မတည်ပါသနည်း၊ ဘုန်းတော်ကြီးကုန်သော အဘယ်မြတ်စွာ ဘုရားတို့၏ သာသနာတော်သည် ကြာမြင့်စွာ တည်ပါသနည်း" ဟု လျှောက်၏။

သာရိပုတြာ ဝိပဿီ မြတ်စွာဘုရား၏၎င်း သိခီ မြတ်စွာဘုရား၏၎င်း ဝေဿဘူ မြတ်စွာဘုရား၏၎င်း သာသနာတော်သည် ကြာမြင့်စွာ မတည်ခဲ့ချေ၊ သာရိပုတြာ ကကုသန် မြတ်စွာဘုရား၏၎င်း ကောဏာဂုံ မြတ်စွာဘုရား၏၎င်း ကဿပ မြတ်စွာဘုရား၏၎င်း သာသနာတော်သည် ကြာမြင့်စွာ တည်ခဲ့၏ ဟု (မိန့်တော်မူ၏)။

၁၉။ အသျှင်ဘုရား ဝိပဿီ မြတ်စွာဘုရား၏၎င်း သိခီ မြတ်စွာဘုရား၏၎င်း ဝေဿဘူ မြတ်စွာဘုရား၏၎င်း သာသနာတော်သည် ကြာမြင့်စွာ မတည်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



သာရိပုတြာ ဝိပဿီ မြတ်စွာဘုရားသည်၎င်း သိခီ မြတ်စွာဘုရားသည်၎င်း ဝေဿဘူ မြတ်စွာဘုရားသည်၎င်း တပည့်တို့အား တရားတော်ကို အကျယ် ဟောတော်မူရန် ကြောင့်ကြမစိုက်ကြကုန်။ ထိုမြတ်စွာဘုရားတို့၏ သုတ် ဂေယျ ဗျာကရဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လ တို့သည် အနည်းငယ်မျှသာဖြစ်ကုန်၏၊ တပည့်တို့အား သိက္ခာပုဒ်ကိုပညတ်တော်မမူခဲ့ချေ (အာဏာ) ပါတိမောက်ကို ပြတော်မမူခဲ့ချေ၊ ဘုန်းတော်ကြီးကုန်သော ထို မြတ်စွာဘုရားတို့(ပရိနိဗ္ဗာန်စံလွန်) ကွယ်ပျောက်သောအခါ၌၎င်း မြတ်စွာဘုရားတို့သို့ အတုလိုက်၍ သစ္စာလေးပါးကို သိကုန်သော တပည့်တို့ (ပရိနိဗ္ဗာန်စံလွန်) ကွယ်ပျောက်သော အခါ၌၎င်း အထူးထူးသော အမည် အနွယ် ဇာတ် ရှိကုန်သော အမျိုးတို့မှ ရဟန်းပြုကုန်သော နောင်လာနောက်သား တပည့်တို့သည် ထိုသာသနာ တော်ကို လျင်မြန်စွာ ကွယ်ပျောက်စေကုန်၏၊ သာရိပုတြာ ချည်မျှင်ဖြင့် မသီကုံးဘဲ ပျဉ်ပြားပေါ်၌ တင်ထားသော ပန်းအမျိုးမျိုးတို့ကို ချည်မျှင်ဖြင့် မသီကုံးခြင်းကြောင့် လေသည် ဖရိုဖရဲ ကြဲဖြန့် တိုက်ခတ် မှုတ်လွင့် ဖျက်ဆီးသကဲ့သို့ ဤဉပမာအတူသာလျှင် ဘုန်းတော်ကြီးကုန်သော ထိုမြတ်စွာ ဘုရားတို့ (ပရိနိဗ္ဗာန်စံလွန်) ကွယ်ပျောက်သောအခါ၌၎င်း မြတ်စွာဘုရားတို့သို့ အတုလိုက်၍ သစ္စာလေးပါးကို သိကုန်သောတပည့်တို့ (ပရိနိဗ္ဗာန်စံလွန်) ကွယ်ပျောက်သော အခါ၌၎င်း အထူးထူး သော အမည် အနွယ် ဇာတ်ရှိကုန်သော အမျိုးတို့မှ ရဟန်းပြုကုန်သော နောင်လာနောက်သား တပည့်တို့သည် ထိုသာသနာတော်ကို လျင်မြန်စွာသာလျှင် ကွယ်ပျောက်စေကုန်၏။

ဘုန်းတော်ကြီးကုန်သော ထို(သုံးဆူသော) မြတ်စွာဘုရားတို့သည် တပည့်တို့၏ စိတ်အကြံကို (မိမိ၏)စိတ်ဖြင့် သိတော်မူ၍ ဆုံးမဘို့ရန် ကြောင့်ကြစိုက်ကုန်၏။

သာရိပုတြာ ရှေး၌ ဖြစ်ဘူးသည်ကား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝေဿဘူ မြတ်စွာဘုရားသည် ကြောက်မက်ဖွယ် တောအုပ်တခု၌ (ရဟန်းတို့၏)စိတ်ကို (မိမိ)စိတ်ဖြင့်သိတော်မူ၍ "ဤသို့ ကြံကုန်လော့၊ ဤသို့ မကြံ ကုန်လင့်၊ ဤသို့ နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်းကုန်လင့်၊ ဤဘရားကို ပယ်ကုန်လော့၊ ဤ တရားသို့ရောက်၍ နေထိုင်ကုန်လော့" ဟု ရဟန်းတထောင်ကို သွန်သင်တော်မူ၏၊ ဆုံးမတော်မူ၏၊ သာရိပုတြာ ထိုအခါဘုန်းတော်ကြီးသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရား တို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဝေဿဘူ မြတ်စွာဘုရားသည် ဤသို့ သွန်သင်ဆုံးမလတ်သော် ထိုရဟန်းတထောင်၏ စိတ်တို့သည် (တဏှာဒိဋ္ဌိတို့ဖြင့်) တစုံတခုသော အာရုံကို မစွဲလမ်းမူ၍ အာ သဝေါ တရားတို့မှ လွတ်မြောက် ကုန်၏၊ သာရိပုတြာ ထို (ကြောက်မက်ဖွယ် တောအုပ် ဟူသော စကား)၌ရာဂမကင်းသူ တဦးတယောက်သည် ထိုတောအုပ်သို့ ဝင်သော် များသောအားဖြင့် ကြက်သီး မွေးညင်းတို့သည် ထကုန်၏၊ ဤ(ကြက်သီးမွေးညင်းထခြင်း)သည် ကြောက်မက်ဖွယ် ကောင်းသော ထိုတောအုပ်၏ ကြောက်မက်ဖွယ် ကောင်းသော အဖြစ်တည်း။

သာရိပုတြာ ဤသည်လျှင် ဝိပဿီ မြတ်စွာဘုရား၏၎င်း သိခီ မြတ်စွာဘုရား၏၎င်း ဝေဿဘူ မြတ်စွာဘုရား၏၎င်း သာသနာတော် ကြာမြင့်စွာ မတည်ခြင်း၏ အကြောင်းပေတည်း၊ ဤသည်လျှင် ကြာမြင့်စွာ မတည်ခြင်း၏ အထောက်အပံ့ပေတည်း ဟု (မိန့်တော်မူ၏)။

၂၀။ အသျှင်ဘုရား ကကုသန် မြတ်စွာဘုရား၏၎င်း ကောဏာဂုံ မြတ်စွာဘုရား၏၎င်း ကဿပ မြတ်စွာဘုရား၏၎င်း သာသနာတော် ကြာမြင့်စွာ တည်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



သာရိပုတြာ ကကုသန် မြတ်စွာဘုရားသည်၎င်း ကောဏာဂုံ မြတ်စွာဘုရားသည်၎င်း ကဿပ မြတ်စွာဘုရားသည်၎င်း တပည့်တို့အား တရားတော်ကို အကျယ်ဟောတော်မူရန် ကြောင့်ကြစိုက်တော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့၏ သုတ် ဂေယျ ဗျာကရဏ်း ဂါထာ ဥဒါန်း ဣတိဝုတ် ဇာတ် အဗ္ဘုတဓမ္မ ဝေဒလ္လတို့သည် များပြားကုန်၏၊တပည့်တို့အား သိက္ခာပုဒ်ကိုပညတ်တော်မူ၏၊(အာဏာ) ပါတိမောက်ကို ပြတော်မူ၏၊ ဘုန်းတော်ကြီးကုန်သော ထိုမြတ်စွာဘုရားတို့ (ပရိနိဗ္ဗာန်စံလွန်)ကွယ်ပျောက်သောအခါ၌၎င်း မြတ်စွာဘုရားတို့သို့ အတုလိုက်၍ သစ္စာလေးပါးကို သိကုန်သောတပည့်တို့ (ပရိနိဗ္ဗာန်စံလွန်) ကွယ်ပျောက်သောအခါ၌၎င်း အထူးထူးသော အမည် အနွယ် ဇာတ် ရှိကုန်သော အမျိုးတို့မှ ရဟန်းပြုကုန်သော နောင်လာနောက်သား တပည့်တို့သည် ထိုသာသနာတော်ကို ကြာမြင့်စွာသော ကာလပတ်လုံး တည်စေကုန်၏။ သာရိပုတြာ ချည်မျှင်ဖြင့် သီကုံး၍ ပျဉ်ပြားပေါ်၌ တင်ထားသော ပန်းအမျိုးမျိုးတို့ကို ချည်မျှင်ဖြင့် သီကုံး၍ ထားခြင်းကြောင့် လေသည် ဖရိုဖရဲ မကြဲဖြန့် မတိုက်ခတ် မမှုတ်လွှင့် မဖျက်ဆီးနိုင် သကဲ့သို့ ဤဥပမာ အတူသာလျှင် ဘုန်းတော်ကြီးကုန်သော ထိုမြတ်စွာဘုရားတို့ (ပရိနိဗ္ဗာန်စံလွန်) ကွယ်ပျောက်သော အခါ၌၎င်း မြတ်စွာဘုရားတို့သို့ အတုလိုက်၍ သစ္စာလေးပါးကို သိကုန်သော တပည့်တို့ (ပရိနိဗ္ဗာန်စံလွန်) ကွယ်ပျောက်သော အခါ၌၎င်း အထူးထူးသော အမည် အနွယ် ဇာတ် ရှိကုန်သော အမျိုးတို့မှ ရဟန်းပြုကုန်သော နောင်လာနောက်သား တပည့်တို့သည် ထိုသာသနာတော်ကို ကြာမြင့်စွာသော ကာလပတ်လုံး တည်စေကုန်၏။ သာရိပုတြာ ဤသည်ကား ကကုသန် မြတ်စွာဘုရား၏၎င်း ကောဏာဂုံ မြတ်စွာဘုရား၏၎င်း ကဿပ မြတ်စွာဘုရား၏၎င်း သာသနာတော် ကြာမြင့်စွာတည်ခြင်း၏ အကြောင်းပေတည်း၊ ဤသည်လျှင် ကြာမြင့်စွာ တည်ခြင်း၏ အထောက်အပံ့ပေတည်း ဟု (မိန့်တော်မူ၏)။

၂၁။ ထိုအခါ အသျှင်သာရိပုတြာသည် နေရာမှထ၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်လျက် မြတ်စွာဘုရား ရှိတော်မူရာသို့ လက်အုပ်ချီရှိခိုး၍ မြတ်စွာဘုရားအား—

"ဤသာသနာတော် ကြာမြင့်စွာတည်ရန် မြတ်စွာဘုရားသည် တပည့်တို့အား အကြင်သိက္ခာပုဒ်ကို ပညတ်တော်မူရာ၏၊ အကြင် ပါတိမောက်ကို ပြတော်မူရာ၏၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသိက္ခာပုဒ်ကို ပညတ်တော်မူရန် အချိန်တန်ပါပြီ၊ ကောင်းသော စကားကိုဆိုတော်မူသော မြတ်စွာဘုရား ထိုပါတိမောက်ကို ပြတော်မူရန် အချိန်တန်ပါပြီ" ဟု လျှောက်၏။

သာရိပုတြာ သင် ဆိုင်းငံ့ဦးလော့၊ သာရိပုတြာ သင် ဆိုင်းငံ့ဦးလော့၊ မြတ်စွာဘုရားသည် သာလျှင် ထို (သိက္ခာပုဒ် ပညတ်ခြင်း ပါတိမောက် ပြခြင်း) ၌ အချိန်ကို သိတော်မူလိမ့်မည်၊ သာရိပုတြာ ဤ (သာသနာတော်) ၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော (လွန်ကျူးမှု)တရားတို့သည် သံဃာ၌ ထင်ရှားမဖြစ်ပေါ် သေးသမျှကာလပတ်လုံး မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မမူချေ၊ (အာဏာ) ပါတိမောက်ကို ပြတော်မမူချေ။

သာရိပုတြာ ဤ(သာသနာတော်) ၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော (လွန်ကျူးမှု)တရားတို့သည် သံဃာ၌ ထင်ရှားဖြစ်ပေါ် လာသောအခါ အာသဝေါတရားလျှင် တည်ရာရှိကုန်သော ထို(လွန်ကျူးမှု) တရားတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ (အာဏာ)ပါတိမောက်ကို ပြတော်မူ၏။

http://www.dhammadownload.com



သာရိပုတြာ သံဃာသည် ညဥ့်အမျှားကို သိသော (ဝါရင့်သည့်) ရဟန်း များပြားသည်၏ အဖြစ်သို့ မရောက်သေးသမျှ ကာလပတ်လုံး ဤ(သာသနာတော်)၌ အာသဝေါတရားလျှင် တည်ရာ ရှိကုန်သော အချို့သော (လွန်ကျူးမှု) တရား တို့သည် သံဃာ၌ ထင် ရှား မဖြစ်ပေါ် ကုန်သေး၊ သာရိပုတြာ သံဃာသည် ညဥ့်အမျှားကို သိသော(ဝါရင့်သည့်)ရဟန်း များပြားသည်၏ အဖြစ်သို့ ရောက်သောအခါ၌မူကား ဤ(သာသနာတော်)၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော (လွန်ကျူးမှု)တရားတို့သည် သံဃာ၌ ထင်ရှားဖြစ်ပေါ် လာကုန်၏၊ ထိုအခါ အာသဝေါတရား လျှင် တည်ရာရှိကုန်သော ထို(လွန်ကျူးမှု)တရားတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် မြတ်စွာ ဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ (အာဏာ)ပါတိမောက်ကို ပြတော်မူ၏။

သာရိပုတြာ သံဃာသည် ပြန့်ပြောများပြားသည်၏ အဖြစ်သို့ မရောက်သေးသမျှ ကာလပတ် လုံး ဤ(သာသနာတော်၌) အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော (လွန်ကျူးမှု) တရားတို့သည် သံဃာ၌ ထင်ရှား မဖြစ်ပေါ် ကုန်သေး၊ သာရိပုတြာ သံဃာသည် ပြန့်ပြောများပြား သည်၏ အဖြစ်သို့ရောက်သော အခါ၌မူကား ဤ(သာသနာတော်)၌ အာသဝေါတရားလျှင်တည်ရာ ရှိကုန်သော အချို့သော (လွန်ကျူးမှု)တရားတို့သည် သံဃာ၌ ထင်ရှား ဖြစ်ပေါ် လာကုန်၏၊ထိုအခါ အာသဝေါတရားလျှင် တည်ရာရှိကုန်သော ထို(လွန်ကျူးမှု)တရားတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှါ သာလျှင် မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ (အာဏာ)ပါတိမောက် ကို ပြတော်မူ၏။

သာရိပုတြာ သံဃာသည် လာဘ်များသည်၏ အဖြစ်သို့ မရောက်သေးသမျှ ကာလပတ်လုံး ဤ(သာသနာတော်)၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော (လွန်ကျူးမှု)တရား တို့သည် သံဃာ၌ ထင်ရှားမဖြစ်ပေါ် ကုန်သေး၊ သာရိပုတြာ သံဃာသည် လာဘ်များသည်၏ အဖြစ်သို့ ရောက်သောအခါ၌ မူကား ဤ(သာသနာတော်)၌ အာသဝေါတရားလျှင် တည်ရာ ရှိကုန်သော အချို့သော(လွန်ကျူးမှု)တရားတို့သည် သံဃာ၌ ထင်ရှားဖြစ်ပေါ် လာကုန်၏၊ ထိုအခါ အာသဝေါ တရားလျှင် တည်ရာရှိကုန်သော ထို (လွန်ကျူးမှု) တရားတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ (အာဏာ) ပါတိမောက်ကို ပြတော်မူ၏။

သာရိပုတြာ သံဃာသည် အကြားအမြင်(ဗဟုဿုတ)များပြားသည်၏ အဖြစ်သို့ မရောက်သေး သမျှ ကာလပတ်လုံး ဤ(သာသနာတော်)၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော (လွန်ကျူးမှု) တရားတို့သည် သံဃာ၌ ထင်ရှားမဖြစ်ပေါ် ကုန်သေး၊ သာရိပုတြာ သံဃာသည် အကြားအမြင် (ဗဟုဿုတ) များပြားသည်၏အဖြစ်သို့ ရောက်သော အခါ၌မူကား ဤ (သာသနာ တော်)၌ အာသဝေါတရားလျှင် တည်ရာရှိကုန်သော အချို့သော (လွန်ကျူးမှု) တရားတို့သည် သံဃာ၌ ထင်ရှားဖြစ်ပေါ် လာကုန်၏၊ ထိုအခါ အာသဝေါတရားလျှင် တည်ရာရှိကုန်သော ထို(လွန် ကျူးမှု) တရားတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှါသာလျှင် မြတ်စွာဘုရားသည် တပည့်တို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ (အာဏာ)ပါတိမောက်ကို ပြတော်မူ၏။

သာရိပုတြာ (ယခုအခါ) ရဟန်းသံဃာသည် (ဒုဿီလဟူသော) အမြှုပ်မှကင်း၏၊ အပြစ်မှ ကင်း၏၊ အမည်းအညစ်မှကင်း၏၊ စင်ကြယ်၏(သီလစသော)အနှစ်၌တည်၏၊ သာရိပုတြာ ဤရဟန်း ငါးရာတို့တွင် အညံ့ဆုံးရဟန်းသည် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



၂၂။ ထို့နောက် မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို ခေါ်၍—

"အာနန္ဒာ (ဘုရားသျှင်တို့သည်) ပင့်ဖိတ်သူများရှိ၍ ဝါကပ်တော်မူရာဝယ် ထိုပင့်ဖိတ်သူတို့ကို မပန်ကြားပဲ ဇနပုဒ် (တိုင်းနိုင်ငံ)၌ လှည့်လည်၍ ဒေသစာရီ မကြွချီခြင်းသည် ဘုရားသျှင်တို့၏ အလေ့အကျက်ဖြစ်၏၊ အာနန္ဒာ လာ သွားကြကုန်အံ့ ဝေရဥ္ဇ ပုဏ္ဏားကို ပန်ကြားကုန်အံ့" ဟု မိန့်တော်မူ၏။

ကောင်းပါပြီအသျှင်ဘုရား ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံ၏၊ ထို့နောက် မြတ်စွာဘုရားသည် (သင်္ကန်းကို) ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် နောက်ပါရဟန်း ဖြစ်သော အသျှင်အာနန္ဒာနှင့်အတူ ဝေရဥ္ဇပုဏ္ဏား၏အိမ်သို့ ချဉ်းကပ်ပြီးလျှင် ပြင်ထားသော နေရာ၌ ထိုင်တော်မူ၏။

ထိုအခါ ဝေရဥ္ဇ ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်၏၊ တခုသောနေရာ၌ ထိုင်ပြီးသော ဝေရဥ္ဇပုဏ္ဏားအား မြတ်စွာဘုရားသည်—

"ပုဏ္ဏား သင် ပင့်ဖိတ်အပ်သည်ဖြစ်၍ ငါတို့သည် ဝါကပ်ခဲ့ကုန်ပြီ၊ သင့်ကို ပန်ကြားကုန်၏၊ ငါတို့သည် ဒေသစာရီ ကြွချီလိုကုန်၏" ဟု မိန့်တော်မူ၏။

အသျှင်ဂေါတမ မှန်ပါသည်၊ အကျွန်ုပ် ပင့်ဖိတ်အပ်သည် ဖြစ်၍ ဝါကပ်တော် မူခဲ့ပါသည်၊ သို့ရာတွင် လှူဖွယ်ဝတ္ထုကို မလှူရသေးပါ၊ ထို(လှူဖွယ်ဝတ္ထု) သည် မရှိသည်လည်း မဟုတ်ပါ၊ မပေးလှူလိုသည်လည်း မဟုတ်ပါ၊ လူ့ဘောင်၌ နေကုန်သော သူတို့သည် ပြုဖွယ်ကိစ္စ များပြားလှပါကုန်၏၊ ထိုပေးလှူခွင့်ကို အဘယ်မှာရနိုင်ပါမည်နည်း၊ အသျှင်ဂေါတမသည် နက်ဖြန်အတွက် အကျွန်ုပ်၏ဆွမ်းကို ရဟန်းသံဃာနှင့်အတူ လက်ခံတော်မူပါ ဟု (လျှောက်၏)။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏၊ ထို့နောက် မြတ်စွာဘုရားသည် ဝေရဥ္ဇပုဏ္ဏားအား တရားနှင့်လျော်သော စကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေ၍ ရွှင်လန်း စေပြီးလျှင် နေရာမှထကာ ဖဲခွါ ကြွသွားတော်မူ၏။

ထိုအခါ ဝေရဥ္ဇပုဏ္ဏားသည် ထိုညဉ့် လွန်မြောက်ပြီးနောက် မိမိနေအိမ်၌ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို စီမံစေပြီးလျှင် "အသျှင်ဂေါတမ အချိန်တန်ပါပြီ၊ ဆွမ်း(ပြင်)ပြီးပါပြီ" ဟု မြတ်စွာဘုရား အား အချိန်(တန်ကြောင်း)ကို လျှောက်စေ၏။

၂၃။ ထို့နောက် မြတ်စွာဘုရားသည် နံနက်အချိန် (သင်္ကန်းကို) ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်း ကို ယူလျက် ဝေရဥ္ဇပုဏ္ဏားအိမ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ပြင်ထားသောနေရာ၌ ရဟန်းသံဃာနှင့် အတူ ထိုင်နေတော်မူ၏၊ ထိုအခါ ဝေရဥ္ဇပုဏ္ဏားသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီး၍ သပိတ်မှ လက်ကိုဖယ်ပြီးသောအခါ (ဝေရဥ္ဇပုဏ္ဏား သည်) မြတ်စွာဘုရားအား သင်္ကန်းတစုံကို ကပ်လှူ၏၊ ရဟန်း တပါးတပါးစီအားလည်း သင်္ကန်းလျာ တစုံ တစုံစီကို ကပ်လှူ၏။

http://www.dhammadownload.com



ထို့နောက် မြတ်စွာဘုရားသည် ဝေရဉ္စပုဏ္ဏားအား တရားနှင့်လျော်သော စကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေ၍ ရွှင်လန်းစေပြီးလျှင် နေရာမှထကာ ဖဲခွါ ကြွသွားတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် ဝေရဉ္စာမြို့၌ မွေ့လျော်တော်မူသရွေ့ (သီတင်းသုံး) နေတော်မူပြီးလျှင် သောရေယျ သင်္ကဿ ကဏ္ဏကုဇ္ဇ(မြို့များ)သို့ မဝင်မူ၍ ပယာဂ ဆိပ်ကမ်းသို့ချဉ်းကပ်ပြီးလျှင် ပယာဂ ဆိပ်ကမ်းမှ ဂင်္ဂါမြစ်ကို ကူးတော်မူ၍ ဗာရာဏသီမြို့သို့ ရောက်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဗာရာဏသီမြို့၌ မွေ့လျော်သမျှ သီတင်းသုံးတော်မူပြီးလျှင် ဝေသာလီမြို့သို့ ဒေသစာရီ ကြွချီတော်မူ၏၊ အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူသော် ဝေသာလီမြို့သို့ရောက်၍ ထိုဝေသာလီမြို့အနီး မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ (သီတင်းသုံး) နေတော်မူလေသတည်း။

ဝေရဉ္စ ပုဏ္ဏားအကြောင်း ပြဆိုရာ အခဏ်း
မြန်မာပြန်ပြီး၏။

http://www.dhammadownload.com

# ၁–ပဌမ ပါရာဇိက

## သုဒိန် ရဟန်းအကြောင်း ပြဆိုရာ အခန်း

၂၄။ ထိုစဉ်အခါ ဝေသာလီမြို့၏ အနီး၌ ကလန္ဒမည်သော ရွာသည်ရှိ၏၊ ထို(ကလန္ဒရွာ)၌ သုဒိန် မည်သော ကလန္ဒသူဌေးသားသည် ရှိ၏၊ ထိုအခါ ကလန္ဒသူဌေးသား သုဒိန်သည် များစွာသော သူငယ်ချင်းတို့နှင့်အတူ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် ဝေသာလီမြို့သို့ သွား၏၊ ထိုအခါ မြတ်စွာဘုရား သည် ပရိသတ်များစွာခြံရံ၍ တရားဟောလျက် ထိုင်နေတော်မူ၏၊ ကလန္ဒသူဌေးသား သုဒိန်သည် ပရိသတ် များစွာခြံရံ၍ တရားဟောလျက် ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်ပြီးနောက် "ငါလည်း တရားနာရမူ ကောင်းလေစွ" ဟု သုဒိန်အား အကြံဖြစ်၏၊ ထိုအကြံဖြစ်ပြီးနောက် ကလန္ဒ သူဌေးသား သုဒိန်သည် ပရိသတ်ရှိရာသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ထိုင်ပြီးသော် ကလန္ဒသူဌေး သား သုဒိန်အား—

"ငါသည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို ထိုက်သည်အားလျော်စွာ သိရ၏၊ (ထိုသို့သိရသည့်အတိုင်း) လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံစင်ကြယ်၍ ခရုသင်း ပွတ်သစ်နှင့် တူသော ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူချေ၊ ငါသည် ဆံ-မုတ်ဆိတ် ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရပါမူ ကောင်းလေစွ" ဟု အကြံ ဖြစ်ပြန်၏။

ထိုအခါ မြတ်စွာဘုရားသည် တရား နှင့်လျော်သော စကားဖြင့် (အကျိုးစီးပွါးကို) သိမြင် စေလျက် (တရားကို) ဆောက်တည်စေကာ (တရား ကျင့်သုံးရန်) ထက်သန်စေ၍ ရွှင်လန်းစေပြီး သော် ထိုပရိသတ်သည် နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွား၏။

၂၅။ ထို့နောက် ကလန္ဒသူဌေးသား သုဒိန်သည် ပရိသတ် ထသွား၍ မကြာမီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ပြီးသော် ကလန္ဒသူဌေးသား သုဒိန်သည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို ထိုက် သည်အားလျော်စွာ သိရပါ၏၊ (ထိုသို့ သိရသည့်အတိုင်း) လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံ စင်ကြယ်၍ ခရုသင်း ပွတ်သစ်နှင့် တူသော ဤမြတ်သော အကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူပါ၊ အသျှင်ဘုရား အကျွန်ုပ်သည် ဆံ-မုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ရဟန်းပြု ပေးတော်မူပါ" ဟု လျှောက်ထား၏။

သုဒိန် သင့်ကို အမိအဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ခွင့်ပြုပြီး ဖြစ်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်ကို အမိအဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန်အလို့ငှါ ခွင့်မပြုသေးပါ ဟု (လျှောက်၏)။

သုဒိန် မြတ်စွာဘုရားတို့သည် အမိအဖတို့က ခွင့်မပြုသော သားကို ရဟန်းမပြုပေးတော်မမူကုန် ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန်အလို့ငှါ မိဖတို့က ခွင့်ပေးအောင် ပြုပါမည် ဟု (လျှောက်၏)။

၂၆။ ထို့နောက် ကလန္ဒသူဌေးသား သုဒိန်သည် ဝေသာလီမြို့၌ ထိုပြုဖွယ်ကိစ္စကို ပြီးဆုံးစေပြီးလျှင် ကလန္ဒရွာ မိဖတို့ထံသို့ ချဉ်းကပ်ပြီးသော် မိဖတို့အား—

"မိခင် ဖခင်တို့ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို ထိုက်သည့်အားလျော်စွာ သိရပါ၏၊ (ထိုသို့သိရသည့်အတိုင်း) လူ့ဘောင်၌ နေသူသည် စင်စစ်ပြည့်စုံ စင်ကြယ်၍ ခရုသင်း ပွတ်သစ်နှင့်တူသော ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူပါ၊ အကျွန်ုပ်သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်၊ အကျွန်ုပ်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ခွင့်ပြုပါကုန်" ဟု ပြော၏။

ဤသို့ပြောသော် ကလန္ဒသူဌေးသား သုဒိန်၏ မိဖ တို့သည် ကလန္ဒသူဌေးသား သုဒိန်အား—

"ချစ်သားသုဒိန် သင်သည် ငါတို့၏ တဦးတည်းသောသားဖြစ်၍ ချစ်ခင်အပ်၏ နှစ်သက်အပ်၏ ချမ်းသာစွာ ကြီးပွါးစေအပ်၏ ချမ်းသာစွာ မွေးမြူလာရသူဖြစ်၏၊ ချစ်သား သုဒိန် သင်သည် မည်သည့်ဆင်းရဲကိုမျှ မသိ၊ သင် သေသဖြင့်လည်း ငါတို့သည် အလိုမရှိကုန်ပဲလျက် သင်နှင့် ခွဲခွါကြရကုန်အံ့၊ အသက်ရှင်နေသော သင့်ကိုကား ငါတို့သည် ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ အဘယ်မှာလျှင် ခွင့်ပြုနိုင်ပါကုန်အံ့နည်း" ဟု ပြောကြကုန်၏၊

နှစ်ကြိမ်မြောက်လည်း ကလန္ဒသူဌေးသား သုဒိန်သည် မိဖတို့အား—

"မိခင် ဖခင်တို့ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို ထိုက်သည့်အားလျော်စွာ သိရပါ၏၊ (ထိုသို့ သိရသည့်အတိုင်း) လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံ စင်ကြယ်၍ ခရုသင်း ပွတ်သစ်နှင့် တူသော ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူပါ၊ အကျွန်ုပ်သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်၊ အကျွန်ုပ်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ခွင့်ပြုပါကုန်" ဟု ပြော၏။

နှစ်ကြိမ်မြောက်လည်း ကလန္ဒ သူဌေးသား သုဒိန်၏ မိဖတို့သည် ကလန္ဒ သူဌေးသား သုဒိန်အား—

"ချစ်သားသုဒိန် သင်သည် ငါတို့၏တဦးတည်းသောသားဖြစ်၍ ချစ်ခင်အပ်၏ နှစ်သက်အပ်၏ ချမ်းသာစွာ ကြီးပွါးစေအပ်၏ ချမ်းသာစွာ မွေးမြူလာရသူဖြစ်၏၊ ချစ်သား သုဒိန် သင်သည် မည်သည့် ဆင်းရဲကိုမျှ မသိ၊ သင် သေသဖြင့်လည်း ငါတို့သည် အလိုမရှိကုန်ပဲလျက် သင်နှင့် ခွဲခွါကြရကုန်အံ့၊ အသက်ရှင်နေသော သင့်ကိုကား ငါတို့သည် ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ အဘယ်မှာလျှင် ခွင့်ပြုနိုင်ပါကုန်အံ့နည်း" ဟု ပြောကြကုန်၏။

သုံးကြိမ်မြောက်လည်း ကလန္ဒသူဌေးသား သုဒိန်သည် မိဖတို့အား—

"မိခင်ဖခင်တို့ အကျွန်ုပ်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို ထိုက်သည့်အားလျော်စွာ သိရပါ၏၊ (ထိုသို့ သိရသည့်အတိုင်း) လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံ

http://www.dhammadownload.com



စင်ကြယ်၍ ခရုသင်း ပွတ်သစ်နှင့် တူသော ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှါ မလွယ်ကူပါ၊ အကျွန်ုပ်သည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လိုပါသည်၊ အကျွန်ုပ်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန်အလို့ငှါ ခွင့်ပြုပါကုန်" ဟု ပြော၏။

သုံးကြိမ်မြောက်လည်း ကလန္ဒသူဌေးသား သုဒိန်၏ မိဖတို့သည် ကလန္ဒသူဌေးသား သုဒိန်အား—

"ချစ်သား သုဒိန် သင်သည် ငါတို့၏ တဦးတည်းသော သားဖြစ်၍ ချစ်ခင်အပ်၏ နှစ်သက်အပ်၏ ချမ်းသာစွာ ကြီးပွါးစေအပ်၏ ချမ်းသာစွာ မွေးမြူလာရသူဖြစ်၏၊ ချစ်သား သုဒိန် သင်သည် မည်သည့်ဆင်းရဲကိုမျှမသိ၊ သင် သေသဖြင့်လည်း ငါတို့သည် အလိုမရှိကုန်ပဲလျက် သင်နှင့်ခွဲခွါကြရကုန်အံ့၊ အသက်ရှင်နေသော သင့်ကိုကား ငါတို့သည် ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ အဘယ်မှာလျှင် ခွင့်ပြုနိုင်ပါကုန်အံ့နည်း" ဟု ပြောကြကုန်၏။

၂၇။ ထို့နောက် ကလန္ဒသူဌေးသား သုဒိန်သည် ငါ့ကို မိဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ခွင့်မပြုကြကုန် ဟု (သိ၍) အခင်းမရှိသောမြေပေါ်၌ "ဤနေရာ၌သာလျှင် ငါ့အား သေခြင်းသော်ရင်း ရဟန်းအဖြစ်သော်ရင်း ဖြစ်လိမ့်မည်ဟု" (ဆို၍) ယိုအရပ်၌ပင်အိပ်၏။

ထို့နောက် ကလန္ဒသူဌေးသား သုဒိန်သည် ထမင်းတနပ်ကိုလည်း မစား၊ ထမင်း နှစ်နပ်တို့ကိုလည်း မစား၊ ထမင်း သုံးနပ်တို့ကိုလည်း မစား၊ ထမင်း လေးနပ်တို့ကိုလည်း မစား၊ ထမင်း ငါးနပ်တို့ကိုလည်း မစား၊ ထမင်း ခြောက်နပ်တို့ကိုလည်း မစား၊ ထမင်း ခုနစ်နပ်တို့ကိုလည်း မစား။

၂၈။ ထိုအခါ ကလန္ဒသူဌေးသား သုဒိန်၏ မိဖတို့သည် ကလန္ဒသူဌေးသား သုဒိန်အား—

"ချစ်သားသုဒိန် သင်သည် ငါတို့၏ တဦးတည်းသောသားဖြစ်၍ ချစ်ခင်အပ်၏ နှစ်သက်အပ်၏ ချမ်းသာစွာ ကြီးပွါးစေအပ်၏ ချမ်းသာစွာ မွေးမြူလာရသူဖြစ်၏၊ ချစ်သားသုဒိန် သင်သည် မည်သည့်ဆင်းရဲကိုမျှမသိ၊ သင် သေသဖြင့်လည်း ငါတို့သည် အလိုမရှိကုန်ပဲလျက် သင်နှင့် ခွဲခွါကြရကုန်အံ့၊ အသက်ရှင်နေသော သင့်ကိုကား ငါတို့သည် ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ အဘယ်မှာ ခွင့်ပြုနိုင်ပါကုန်အံ့နည်း၊ ချစ်သားသုဒိန် ထလော့၊ စားလည်း စားလော့၊ သောက်လည်း သောက်လော့၊ ပျော်လည်း ပျော်ပါးလော့၊ စားသောက် ပျော်ပါးကာ ကာမဂုဏ်များကို ခံစား၍ ကောင်းမှုများကို ပြုလျက် မွေ့လျော်လော့၊ သင့်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါကား ငါတို့ ခွင့်မပြုနိုင်ကုန်" ဟု ပြောကြကုန်၏။

ဤသို့ ပြောကြကုန်သော် ကလန္ဒသူဌေးသား သုဒိန်သည် ဆိတ်ဆိတ်နေ၏။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း ကလန္ဒသူဌေးသား သုဒိန်၏ မိဖတို့သည် ကလန္ဒသူဌေးသား သုဒိန်အား—

"ချစ်သားသုဒိန် သင်သည် ငါတို့၏ တဦးတည်းသောသားဖြစ်၍ ချစ်ခင်အပ်၏ နှစ်သက်အပ်၏ ချမ်းသာစွာ ကြီးပွါးစေအပ်၏ ချမ်းသာစွာ မွေးမြူလာရသူဖြစ်၏၊ ချစ်သား သုဒိန်

http://www.dhammadownload.com



သင်သည် မည်သည့်ဆင်းရဲကိုမျှ မသိ၊ သင် သေသဖြင့်လည်း ငါတို့သည် အလိုမရှိကုန်ပဲလျက် သင်နှင့် ခွဲခွါကြရကုန်အံ့၊ အသက်ရှင်နေသော သင့်ကိုကား ငါတို့သည် ဤလူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလိုငှါ အဘယ်မှာလျှင် ခွင့်ပြုနိုင်ပါကုန်အံ့နည်း၊ ချစ်သားသုဒိန် ထလော့၊ စားလည်း စားလော့၊ သောက်လည်း သောက်လော့၊ ပျော်လည်း ပျော်ပါးလော့၊ စားသောက် ပျော်ပါးကာ ကာမဂုဏ်များကို ခံစား၍ ကောင်းမှုများကို ပြုလျက် မွေ့လျော်လော့၊ သင့်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါကား ငါတို့ ခွင့်မပြုနိုင်ကုန်" ဟု ပြောကြကုန်၏။

သုံးကြိမ်မြောက်လည်း ကလန္ဒသူဌေးသား သုဒိန်သည် ဆိတ်ဆိတ်နေ၏။ ထို့နောက် ကလန္ဒသူဌေးသား သုဒိန်၏ သူငယ်ချင်းတို့သည် ကလန္ဒသူဌေးသား သုဒိန်ထံ ချဉ်းကပ်ပြီးသော် ကလန္ဒသူဌေးသား သုဒိန်အား—

"အဆွေသုဒိန် သင်သည် မိဖတို့၏ တဦးတည်းသောသားဖြစ်၍ ချစ်ခင်အပ်၏ နှစ်သက်အပ်၏ ချမ်းသာစွာ ကြီးပွါးစေအပ်၏ ချမ်းသာစွာ မွေးမြူလာရသူဖြစ်၏၊ အဆွေသုဒိန် သင်သည် မည်သည့် ဆင်းရဲကိုမျှ မသိ၊ သင်၏ မိဖတို့သည် သင် သေသဖြင့်လည်း (မိဖတို့)အလို မရှိကုန်ပဲလျက် သင်နှင့် ခွဲခွါကြရပေမည်၊ အသက်ရှင်နေသော သင့်ကိုကား လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ အဘယ်မှာလျှင် ခွင့်ပြုနိုင်ပါကုန်အံ့နည်း၊ အဆွေသုဒိန် ထလော့၊ စားလည်း စားလော့၊ သောက်လည်း သောက်လော့၊ ပျော်လည်း ပျော်ပါးလော့၊ စားသောက် ပျော်ပါးကာ ကာမဂုဏ်များကို ခံစား၍ ကောင်းမှုများကို ပြုလျက် မွေ့လျော်လော့၊ သင့်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါကား မိဖတို့ ခွင့်ပြုနိုင်လိမ့်မည် မဟုတ်ကုန်" ဟု ပြောကြကုန်၏။

ဤသို့ ပြောကုန်သော် ကလန္ဒသူဌေးသား သုဒိန်သည် ဆိတ်ဆိတ်နေ၏။

နှစ်ကြိမ်မြောက်လည်း ။ပ။ သုံးကြိမ်မြောက်လည်း ကလန္ဒသူဌေးသား သုဒိန်၏ သူငယ်ချင်းတို့သည် ကလန္ဒသူဌေးသား သုဒိန်အား ဤစကားကို ပြောကြကုန်၏။ အဆွေသုဒိန် ။ပ။ သုံးကြိမ်မြောက်လည်း ကလန္ဒသူဌေးသား သုဒိန်သည် ဆိတ်ဆိတ်နေ၏။

၂၉။ ထိုအခါ ကလန္ဒသူဌေးသားသုဒိန်၏ သူငယ်ချင်းတို့သည် ကလန္ဒသူဌေးသား သုဒိန်၏ မိဖတို့ထံသို့ ချဉ်းကပ်ကြပြီးသော် ကလန္ဒသူဌေးသား သုဒိန်၏ မိဖတို့အား—

"မိခင် ဖခင်တို့ ဤသုဒိန်သည် အခင်းမရှိသော မြေပေါ်၌ "ဤနေရာ၌သာလျှင် ငါ့အား သေခြင်းသော်၎င်း ရဟန်းအဖြစ်သော်၎င်း ဖြစ်လိမ့်မည်" ဟု အိပ်၏၊ သင်တို့သည် သုဒိန်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ခွင့်မပြုကြပါမူ ထိုနေရာ၌ပင် သေခြင်းသို့ ရောက်လတ္တံ့၊ အကယ်၍ သင်တို့သည် ရဟန်းပြုရန် ခွင့်ပြုကြပါမူ ရဟန်းအဖြစ်နှင့် နေသော သုဒိန်ကို မြင်ကြရဦးမည်၊ သုဒိန်သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ ရဟန်းပြုပြီးမှ အကယ်၍ မပျော်ပိုက်ခဲ့ပါမူ သူ့အား မိဖတို့ အိမ်မှတပါး သွားစရာ အဘယ်မှာ ရှိအံ့နည်း၊ ဤ(အိမ်)သို့ သာလျှင် တဖန် ပြန်လာပါလိမ့်မည်၊ သုဒိန်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ခွင့်ပြုကြပါကုန်" ဟု ပြောကြကုန်၏။

http://www.dhammadownload.com



(ထိုအခါ သုဒိန်၏ မိဖတို့သည်) အမောင်တို့ သုဒိန်ကို လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ငါတို့ ခွင့်ပြုပါကုန်၏ ဟု (ပြောကြကုန်၏)။

ထိုအခါ ကလန္ဒသူဌေးသား သုဒိန်၏ သူငယ်ချင်းတို့သည် ကလန္ဒသူဌေးသား သုဒိန်ထံ ချဉ်းကပ်ပြီးသော် အဆွေသုဒိန် ထလော့၊ သင့်ကို မိဖတို့သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ခွင့်ပြုကြပြီ ဟု ပြောကုန်၏။

၃၀။ ထိုအခါ ကလန္ဒသူဌေးသား သုဒိန်သည် "မိဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ခွင့်ပေးပြီ" ဟု ရွှင်လန်း တက်ကြွသော စိတ်ရှိသည်ဖြစ်၍ ကိုယ်ကို လက်ဖြင့် ပွတ်သပ်လျက် ထ၏။

ထို့နောက် ကလန္ဒသူဌေးသားသုဒိန်သည် တစ်ရက် နှစ်ရက် အားယူ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်ပြီးသော် ကလန္ဒသူဌေးသား သုဒိန်သည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကျွန်ုပ်ကို မိဖတို့က လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရန် အလို့ငှါ ခွင့်ပေးကြပါပြီ၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ရဟန်းပြုပေးတော်မူပါ" ဟု လျှောက်၏။

ကလန္ဒသူဌေးသား သုဒိန်သည် မြတ်စွာဘုရား၏ အထံ၌ ရှင်အဖြစ်ကို ရ၏၊ ရဟန်းအဖြစ်ကိုလည်း ရ၏။

ရဟန်းဖြစ်၍ မကြာမီ အသျှင်သုဒိန်သည် ဤသို့ သဘောရှိသော ကိလေသာကိုခါထုတ်ကြောင်း 'ဓုတင်' ဂုဏ်တို့ကို ဆောက်တည်၍ ကျင့်၏၊ တောကျောင်းနေခြင်း 'အာရညိက' ဓုတင်ကိုဆောက်၏၊ ဆွမ်းခံစားခြင်း 'ပိဏ္ဍပါတိက' ဓုတင်ကို ဆောက်၏၊ ပံသုကူသင်္ကန်းကို ဝတ်ခြင်း 'ပံသုကူလိက' ဓုတင်ကိုဆောက်၏၊ အိမ်စဉ်အတိုင်း ဆွမ်းရပ်ခြင်း 'သ ပဒါနစာရိက' ဓုတင်ကို ဆောက်၏၊ ဝဇ္ဇီတိုင်း ရွာတရွာကို အမှီပြု၍ နေ၏။

ထိုအခါ ဝဇ္ဇီတိုင်းသည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသောအရိုးရှိ၏၊ စာရေးတံလက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ၊ ထိုအခါ အသျှင်သုဒိန်အား—

"ယခုအခါ ဝဇ္ဇီတိုင်းသည် အစာခေါင်းပါး၏၊ အသက်မွေးရန်ခဲယဉ်း၏၊ ဖွေးဖွေးဖြူသောအရိုးရှိ၏၊ စာရေးတံလက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန်မလွယ်ကူချေ၊ ဝေသာလီမြို့၌ (စီးပွါးဥစ္စာ) ကြွယ်ဝသော (မြှုပ်နှံထားသည့်) ဥစ္စာ ပေါများသော (နေ့စဉ်သုံးစွဲရန်) များသောစည်းစိမ် ဘဏ္ဍာရှိသော များသော ရွှေငွေရှိသော နှစ်သက်ဖွယ်ရာ များသော အသုံးအဆောင်ရတနာရှိသော (ကုန်းသန်းရောင်းဝယ် ဖလှယ်သည့်) များသောဥစ္စာ စပါးရှိသော ငါ၏ ဆွေမျိုးတို့သည် ပေါများကုန်၏၊ ငါသည် ဆွေမျိုးတို့ကို အမှီပြု နေရမူ ကောင်းလေစွ၊ ဆွေမျိုးတို့သည် ငါ့ကိုအမှီပြု၍ လှူဖွယ်တို့ကို ပေးလှူကြလိမ့်မည်၊ ကောင်းမှုတို့ကို ပြုကြလိမ့်မည်၊ ရဟန်းတို့သည်လည်း လာဘ်ကို ရရှိကြလိမ့်မည်၊ ငါသည် ဆွမ်းဖြင့် မပင်ပန်းပဲ ရှိလိမ့်မည်" ဟု အကြံဖြစ်ပေါ်၏။

http://www.dhammadownload.com



ထို့နောက် အသျှင်သုဒိန်သည် အိပ်ရာနေရာကို သိမ်းပြီးလျှင် သပိတ်သင်္ကန်းကို ယူ၍ ဝေသာလီမြို့သို့ ဖဲခွါခဲ့ရာ အစဉ်အတိုင်း ဝေသာလီမြို့သို့ ရောက်၏၊ ထိုဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌နေ၏။

အသျှင်သုဒိန်၏ ဆွေမျိုးတို့သည် "ကလန္ဒသူဌေးသား သုဒိန်သည် ဝေသာလီမြို့သို့ ရောက်လာပြီ"ဟု ကြားကုန်၏၊ ထိုသူတို့သည် အသျှင်သုဒိန်အား ဆွမ်းအိုး * ခြောက်ဆယ်တို့ကို ပို့ကြကုန်၏။

ထိုအခါ အသျှင်သုဒိန်သည် ထိုဆွမ်းအိုး ခြောက်ဆယ်တို့ကို ရဟန်းတို့အား စွန့်လှူ၍ (မိမိမူကား) နံနက်အချိန် (သင်္ကန်းကို) ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူလျက် ကလန္ဒရွာသို့ ဆွမ်းခံဝင်၏၊ ကလန္ဒရွာ၌ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်သော် မိမိ၏ အဖအိမ်သို့ ချဉ်းကပ်မိ၏။

၃၁။ ထိုအခါ အသျှင်သုဒိန်၏ ဆွေမျိုးတို့၏ ကျွန်မသည် တညဉ့်လွန် 'သိုးလေ' ပြီးသော မုယောမုံ့ကို စွန့်ပစ်လို၏၊ ထိုအခါ အသျှင်သုဒိန်သည် ထိုဆွေမျိုးတို့၏ ကျွန်မကို "နှမ ထို(မုံ့) ကို အကယ်၍ စွန့်ပစ်ရမည်ဖြစ်အံ့၊ ငါ၏ ဤသပိတ်၌ လောင်းလော့"ဟု ပြော၏။

ထိုအခါ အသျှင်သုဒိန်၏ ဆွေမျိုးတို့၏ ကျွန်မသည် တညဉ့်လွန် 'သိုးလေ' ပြီးသော ထိုမုယောမုံ့ကို အသျှင်သုဒိန်၏ သပိတ်၌ လောင်းစဉ် လက်ခြေ အသံတို့၏ အမှတ်အသားကို မှတ်ယူပြီးနောက် အသျှင်သုဒိန်၏ မိခင်ထံသို့ ချဉ်းကပ်၍ "အိုအရှင်မ သိပါလော့၊ အရှင့်သားသုဒိန်သည် ရောက်လာပြီ" ဟု အသျှင်သုဒိန်၏ အမိကို ပြော၏၊ အိုကျွန်မ အကယ်၍ သင် အမှန်ပြောမူ သင့်ကို ကျွန်အဖြစ်မှ လွှတ်မည် ဟု ဆို၏။

၃၂။ ထိုအခါ အသျှင်သုဒိန်သည် နံရံခြေတခုကို မှီ၍ တညဉ့်လွန် 'သိုးလေ' ပြီးသော ထိုမုယောမုံ့ကို သုံးဆောင်နေ၏၊ အသျှင်သုဒိန်၏ အဖလည်း အလုပ် လုပ်ရာမှ ပြန်လာသော် နံရံခြေတခုကို မှီ၍ တညဉ့်လွန် 'သိုးလေ' ပြီးသော မုယောမုံ့ကို သုံးဆောင်နေသော အသျှင်သုဒိန်ကို မြင်သောကြောင့် အသျှင်သုဒိန်ထံသို့ ချဉ်းကပ်၍ အသျှင်သုဒိန်အား "ချစ်သားသုဒိန် တညဉ့်လွန် 'သိုးလေ' ပြီးသော မုယောမုံ့ကို စားမှ စားပလေ၊ အကယ်စင်စစ် မိမိအိမ်သို့ သွားသင့်သည် မဟုတ်ပါလော" ဟု ပြော၏။

ဒါယကာ သင့်အိမ်သို့ ရောက်ခဲ့ပြီ၊ ဤတညဉ့်လွန် 'သိုးလေ' ပြီးသော မုယောမုံ့သည် ထို(သင့်အိမ်)မှ ဖြစ်၏ဟု (ပြန်ပြော၏)။

ထိုအခါ အသျှင်သုဒိန်၏ အဖသည် အသျှင်သုဒိန်၏ လက်မောင်းကို ကိုင်၍ "ချစ်သား သုဒိန် လာလော့၊ အိမ်သို့သွားကုန်အံ့"ဟု အသျှင်သုဒိန်အား ပြော၏၊ ထို့နောက် အသျှင်သုဒိန်သည် မိမိ၏ အဖအိမ်သို့ ချဉ်းကပ်ပြီးလျှင် ပြင်ထားသော နေရာ၌ ထိုင်၏၊ ထိုအခါ အသျှင်သုဒိန်၏ အဖသည် အသျှင်သုဒိန်အား—

"ချစ်သားသုဒိန် စားပါလော့ ဟု ပြော၏။ ဒါယကာ တော်ပြီ၊ ယနေ့ အကျွန်ုပ်အား ဆွမ်းကိစ္စပြီးပြီ ဟု (ပြန်ပြော၏)၊ ချစ်သားသုဒိန် နက်ဖြန်အတွက် ဆွမ်းကို လက်ခံပါလော့ ဟု (ပြောပြန်သောအခါ)—

အသျှင်သုဒိန်သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံပြီးနောက် နေရာမှ ထကာ ဖဲခွါသွားလေ၏။

---

*ဆွမ်းတအိုးလျှင် ဆယ်ပါးစာ ရှိသည် ဟူ၏ (အဋ္ဌကထာ)

http://www.dhammadownload.com



၃၃။ ထိုနောက် အသျှင်သုဒိန်၏ မိခင်သည် ထိုညဉ့်လွန်သော အခါ၌ မြေကြီးကို နွားချေးစိုဖြင့် လိမ်းကျံစေပြီးလျှင် ရွှေတပုံ ငွေတပုံအားဖြင့် အပုံနှစ်ပုံကို ပြုစေ၏၊ အပုံတို့သည် အလွန်ကြီးကုန်၏၊ ဤမှာဘက်၌ ရပ်သောယောကျ်ားသည် ထိုမှာဘက်၌ ရပ်သော ယောကျ်ားကို မမြင်နိုင်၊ ထိုမှာဘက်၌ ရပ်သော ယောကျ်ားသည်လည်း ဤမှာဘက်၌ ရပ်သော ယောကျ်ားကို မမြင်နိုင်၊ ထိုအပုံတို့ကို ဖျာတို့ဖြင့် ဖုံးလွှမ်းစေပြီးလျှင် အလယ်၌ နေရာခင်းစေ၍ ကန့်လန့်ကာကို ကာရံပြီးလျှင် အသျှင်သုဒိန်၏ မယားဟောင်းကို "(ချစ်သမီး) ချွေးမ ငါ တိုက်တွန်း၏ ငါ့သား သုဒိန်အား ကြိုက်နှစ်သက်စေတတ်သည့် အဝတ်တန်ဆာကို ဝတ်ဆင်လော့" ဟု ခေါ်၍ ပြော၏။

အရှင်မ ကောင်းပါပြီ ဟု အသျှင်သုဒိန်၏ မယားဟောင်းသည် အသျှင်သုဒိန်၏ အမိအား ဝန်ခံ၏။

၃၄။ ထိုအခါ အသျှင်သုဒိန်သည် နံနက်အချိန် (သင်္ကန်းကို)ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် မိမိ၏ အဖအိမ်သို့ ချဉ်းကပ်ပြီးလျှင် ပြင်ထားသော နေရာ၌ ထိုင်၏။

အသျှင်သုဒိန်၏ အဖသည် အသျှင်သုဒိန်ထံသို့ ချဉ်းကပ်ပြီးလျှင် ထို (ရွှေ ငွေ) အပုံတို့ကို ဖွင့်လှစ်စေ၍ အသျှင်သုဒိန်အား—

"ချစ်သားသုဒိန် ဤ(ရွှေ ငွေ)သည် သင့်အမိ၏ အမိဘက်မှ ပါလာသော ဥစ္စာတည်း၊မိန်းမသား၏(အသုံးအဆောင်အလို့ငှါ ရအပ်သော)မိန်းမသုံး ဥစ္စာတည်း [၁]၊ အဖဘက်မှ ပါလာသော ဥစ္စာသည် တခြားရှိသေး၏၊ အဘိုးအဘေးဘက်မှ(ဆင်းသက်)လာသော ဥစ္စာလည်း တခြားရှိသေး၏၊ ချစ်သားသုဒိန် လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားရန် ကောင်းမှုတို့ကိုလည်း ပြုလုပ်ရန် ရနိုင်၏၊ ချစ်သားသုဒိန် လာလော့၊ လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားလော့၊ ကောင်းမှုတို့ကိုလည်း ပြုလော့" ဟု ပြော၏။

ဖခင် လူမထွက်နိုင်ပါ လူမထွက်ရဲပါ၊ အကျွန်ုပ်သည် အလွန်ပျော်ရွှင်စွာ မြတ်သောအကျင့်ကို ကျင့်နေပါသည် ဟု (ပြန်၍ပြော၏)။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်သုဒိန်၏ အဖသည် အသျှင်သုဒိန်အား—

"ချစ်သားသုဒိန် ဤ(ရွှေ ငွေ)သည် သင့်အမိ၏ အမိဘက်မှ ပါလာသော ဥစ္စာတည်း၊ မိန်းမသား၏ (အသုံးအဆောင်အလို့ငှါ ရအပ်သော) မိန်းမသုံးဥစ္စာတည်း၊ အဖဘက်မှ ပါလာသော ဥစ္စာသည် တခြားရှိသေး၏၊ အဘိုး အဘေးဘက်မှ (ဆင်းသက်) လာသော ဥစ္စာလည်း တခြားရှိသေး၏၊ ချစ်သားသုဒိန် လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားရန် ကောင်းမှုတို့ကိုလည်း ပြုလုပ်ရန် ရနိုင်၏၊ ချစ်သားသုဒိန် လာလော့၊ လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားလော့၊ ကောင်းမှုတို့ကိုလည်း ပြုလော့" ဟု ပြော၏။

ဒါယကာ အကယ်၍ သင်အမျက်မထွက်လျှင် သင့်ကို ပြောလို၏(ဟု ပြောသောအခါ)ချစ်သားသုဒိန် ပြောလော့ ဟု (ပြန်၍ ပြော၏)။

"ဒါယကာ သို့ဖြစ်လျှင် သင်သည် ပိုက်ဆံလျှော် အိတ် ကြီးကြီးတို့ကို ချုပ်စေပြီးလျှင် ရွှေငွေ အပြည့်ထည့်၍ လှည်းတို့ဖြင့် ထုတ်ဆောင်ကာ ဂင်္ဂါမြစ်လယ် ရေအယဉ်၌ ပစ်ချလိုက်လော့၊ထိုသို့

---

၁—သနပ်ခါးပန်းဘိုးမျှရှိသေး၏ ဆိုလိုသည်။

http://www.dhammadownload.com



အဘယ့်ကြောင့် ပြုလုပ်စေရသနည်းဆိုသော် ဒါယကာ ထို(ဥစ္စာရှိနေခြင်းဟူသော)အကြောင်းကြောင့် သင့်အား ကြောက်ခြင်းသည်ရှင်း တုန်လှုပ်ခြင်းသည်ရှင်း ကြက်သီးမွေးညင်းထခြင်းသည်ရှင်း စောင့်ရှောက်ရခြင်းသည်ရှင်း ဖြစ်ရလိမ့်မည်၊ (မရှိခဲ့မူ) သင့်အား ထို(ကြောက်ခြင်းစသော) အန္တရာယ်သည် မဖြစ်နိုင်တော့ပြီ၊ ထို့ကြောင့်ပင် ဖြစ်သည်" ဟု (ပြော၏)။

ဤသို့ပြောသော် အသျှင်သုဒိန်၏ အဖသည် "သားသုဒိန်သည် အဘယ့်ကြောင့်လျှင် ဤသို့ပြောလေဘိသနည်း" ဟု နှလုံးမသာ ဖြစ်လေ၏။

၃၅။ ထို့နောက် အသျှင်သုဒိန်၏ အဖသည် အသျှင်သုဒိန်၏ မယားဟောင်းကို "(ချစ်သမီး) ချွေးမ ငါတိုက်တွန်းပါ၏ သားသုဒိန်သည် သင့်ကို ချစ်လည်းချစ်၏၊ နှစ်သက်လည်း နှစ်သက်၏၊ သားသုဒိန်သည် သင့်စကားကို လိုက်နာကောင်း လိုက်နာပေမည်"ဟု ခေါ်၍ပြော၏။

ထိုအခါ အသျှင်သုဒိန်၏ မယားဟောင်းသည် အသျှင်သုဒိန်၏ ခြေတို့ကို ကိုင်၍ အသျှင်သုဒိန်အား—

"အရှင့်သား အကြင် (နတ်သမီး) တို့ကို (ရလိုမှုဟူသော) အကြောင်းကြောင့် အရှင့်သားသည် မြတ်သော အကျင့်ကို ကျင့်၏၊ ထိုနတ်သမီးတို့ကား အဘယ်သို့သဘော ရှိပါကုန်သနည်း" ဟု မေး၏။

"နှမ ငါသည် နတ်သမီးဟူသော အကြောင်းကြောင့် မြတ်သော အကျင့်ကို ကျင့်သည် မဟုတ်ပါ" ဟု (ပြန်၍ပြော၏)။

ထိုအခါ အသျှင်သုဒိန်၏ မယားဟောင်းသည် "ယနေ့မှစ၍ ငါ့ကို အရှင့်သားသုဒိန်သည် နှမဟူသော ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ခေါ်ဝေါ်ပြောဆိုနေသည်တကား" ဟု (ဝမ်းနည်း ပူဆွေးလျက်) ထိုနေရာ၌ပင်လျှင် မိန်းမော တွေဝေ၍လည်းလေ၏။

ထိုအခါ အသျှင်သုဒိန်သည် အဖဖြစ်သူအား—

"ဒါယကာ ဆွမ်းဘောဇဉ်တို့ကို ပေးလှူမည်ဖြစ်လျှင် ပေးလှူလော့၊ အကျွန်ုပ်တို့ကို(ဥစ္စာ မိန်းမ အထွေထွေကို ပြလျက်) မညှဉ်းဆဲပါလင့်"ဟု ပြော၏။ချစ်သားသုဒိန် သုံးဆောင်လော့ ဟု (ပြန်၍ပြော၏)။

ထို့နောက် အသျှင်သုဒိန်၏ အမိအဖတို့သည် အသျှင်သုဒိန်အား မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိတို့ကိုယ်တိုင် လုပ်ကျွေးကုန်၏။

ထိုအခါ အသျှင်သုဒိန်၏ မိခင်သည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကိုဖယ်ပြီးသော အသျှင်သုဒိန်အား—

"ချစ်သားသုဒိန် ဤ (ငါတို့)အမျိုးသည် (စီးပွါးဥစ္စာ) ကြွယ်ဝ၏၊ (မြှုပ်နှံထားသည့်) ဥစ္စာပေါများ၏၊ (နေ့စဉ် သုံးစွဲရန်) များသော စည်းစိမ်ဘဏ္ဍာရှိ၏၊ များသော ရွှေငွေရှိ၏၊ နှစ်သက်ဖွယ်ရာ များသော အသုံးအဆောင်ရတနာ ရှိ၏၊ (ကုန်သန်းရောင်းဝယ် ဖလှယ်သည့်) များသော ဥစ္စာစပါးရှိ၏၊ ချစ်သားသုဒိန် လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားရန် ကောင်းမှုတို့ကိုလည်း ပြုလုပ်ရန် ရနိုင်၏၊ ချစ်သားသုဒိန် လာလော့၊ လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားလော့၊ ကောင်းမှုတို့ကိုလည်း ပြုလော့"ဟု ပြော၏။

http://www.dhammadownload.com



မိခင် လူမထွက်နိုင်ပါ၊ လူမထွက်ရဲပါ၊ အကျွန်ုပ်သည် အလွန်ပျော်ရွှင်စွာ မြတ်သောအကျင့်ကို ကျင့်နေပါသည် ဟု (ပြန်၍ပြော၏)။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်သုဒိန်၏ အမိသည် အသျှင်သုဒိန်အား—

"ချစ်သားသုဒိန် ဤ(ငါတို့) အမျိုးသည် (စီးပွါးဥစ္စာ) ကြွယ်ဝ၏၊ (မြှုပ်နှံထားသည့်)ဥစ္စာ ပေါများ၏၊ (နေ့စဉ်သုံးစွဲရန်)များသော စည်းစိမ် ဘဏ္ဍာ ရှိ၏၊ များသော ရွှေငွေရှိ၏၊ နှစ်သက်ဖွယ်ရာ များသော အသုံးအဆောင် ရတနာ ရှိ၏၊ (ကုသန်းရောင်းဝယ်ဖလှယ်သည့်)များသော ဥစ္စာစပါးရှိ၏၊ ချစ်သားသုဒိန် သို့ဖြစ်လျှင် (သား)မျိုးကိုသော်လည်း ပေးပါလော့၊ အမွေခံသားမရှိသောငါတို့၏ ပစ္စည်းဥစ္စာကို လိစ္ဆဝီ(မင်း)တို့သည် (မင်းဘဏ္ဍာတော် အဖြစ်ဖြင့်) မယူဆောင်ကြပါစေလင့်"ဟု (ပြောသောအခါ)—

မိခင် ဤ(သားမျိုးပေးခြင်းကိစ္စ)ကိုမူကား ပြုလုပ်နိုင်ပါသည် ဟု (ပြန်ပြော၏)။

ချစ်သားသုဒိန် ယခုအခါ (သင်)အဘယ်မှာ နေပါသနည်း ဟု (မေးသောအခါ)—

မိခင် မဟာဝုန်တောမှာ (နေပါသည်ဟု ပြော၏)။

ထို့နောက် အသျှင်သုဒိန်သည် နေရာမှ ထကာ ဖဲခွါသွားလေ၏။

၃၆။ ထိုအခါ အသျှင်သုဒိန်၏ မိခင်သည် အသျှင်သုဒိန်၏ မယားဟောင်းကို "(ချစ်သမီး)ချွေးမ (သားရဘို့ အကြောင်း တောင်းပန်ပါရစေ၊) ဥတုလာ၍ (မိန်းမတို့ဓမ္မတာ) ပန်းပွင့်သောအခါ၌ ငါ့အားပြောပါလော့"ဟု ခေါ်၍ပြော၏၊ အရှင်မ ကောင်းပါပြီဟု အသျှင်သုဒိန်၏ မယားဟောင်းသည် အသျှင်သုဒိန်၏ မိခင်အား ပြန်ကြား၏။

ထို့နောက် မကြာမီပင် အသျှင်သုဒိန်၏ မယားဟောင်းအား ဥတုလာ၍ (မိန်းမတို့ ဓမ္မတာ) ပန်းပွင့်ခဲ့၏၊ ထိုအခါ အသျှင်သုဒိန်၏ မယားဟောင်းသည် အသျှင်သုဒိန်၏ မိခင်အား "အရှင်မ အကျွန်ုပ်အား ဥတုလာ၍ (မိန်းမတို့ဓမ္မတာ) ပန်းပွင့်ပါပြီ"ဟု ပြော၏။ (ချစ်သမီး)ချွေးမ သို့ဖြစ်လျှင် ငါ့သားသုဒိန်အား ကြိုက်နှစ်သက်စေတတ်သည့် အဝတ်တန်ဆာကို ဝတ်ဆင်လော့ ဟု (ပြော၏)။ အရှင်မ ကောင်းပါပြီ ဟု အသျှင်သုဒိန်၏ မယားဟောင်းသည် အသျှင်သုဒိန်၏ မိခင်အား ပြန်ကြား၏။

ထို့နောက် အသျှင်သုဒိန်၏ မိခင်သည် အသျှင်သုဒိန်၏ မယားဟောင်းကို ခေါ်ယူ၍ မဟာဝုန်တော အသျှင်သုဒိန်ထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သုဒိန်အား—

"ချစ်သားသုဒိန် ဤ(ငါတို့) အမျိုးသည် (စီးပွါးဥစ္စာ) ကြွယ်ဝ၏၊ (မြှုပ်နှံထားသည့်)ဥစ္စာ ပေါများ၏၊ (နေ့စဉ်သုံးစွဲရန်) များသော စည်းစိမ် ဘဏ္ဍာရှိ၏၊ များသော ရွှေငွေရှိ၏၊ နှစ်သက်ဖွယ်ရာ များသော အသုံးအဆောင် ရတနာ ရှိ၏၊ (ကုသန်းရောင်းဝယ်ဖလှယ်သည့်)များသော ဥစ္စာစပါးရှိ၏၊ ချစ်သားသုဒိန် လာလော့၊ လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားရန် ကောင်းမှုတို့ကိုလည်း ပြုလုပ်ရန် ရနိုင်၏၊ ချစ်သားသုဒိန် လာလော့၊ လူထွက်၍ စည်းစိမ်တို့ကိုလည်း ခံစားလော့၊ ကောင်းမှုတို့ကိုလည်း ပြုလော့"ဟု ပြောဆိုပြန်၏။

မိခင်၊ လူမထွက်နိုင်ပါ၊ လူမထွက်ရဲပါ၊ အကျွန်ုပ်သည် အလွန်ပျော်ရွှင်စွာ မြတ်သောအကျင့်ကို ကျင့်နေပါသည် ဟု (ပြန်၍ပြော၏)။ နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း အသျှင်သုဒိန်၏ အမိသည် အသျှင်သုဒိန်အား—

http://www.dhammadownload.com



"ချစ်သားသုဒိန် ဤ(ငါတို့)အမျိုးသည် (စီးပွါးဥစ္စာ) ကြွယ်ဝ၏၊(မြှုပ်နှံထားသည့်)ဥစ္စာ ပေါများ၏၊ (နေ့စဉ် သုံးစွဲရန်) များသော စည်းစိမ် ဘဏ္ဍာရှိ၏၊ များသော ရွှေငွေရှိ၏၊နှစ်သက် ဖွယ်ရာ များသော အသုံးအဆောင်ရတနာရှိ၏၊ (ကုန်သန်းရောင်းဝယ် ဖလှယ်သည့်) များသော ဥစ္စာစပါးရှိ၏၊ ချစ်သားသုဒိန် သို့ဖြစ်လျှင် (သား)မျိုးကိုသော်လည်း ပေးပါလော့၊ အမွေခံ သားမရှိသော ငါတို့၏ ပစ္စည်းဥစ္စာကို လိစ္ဆဝီ (မင်း) တို့သည် (မင်းဘဏ္ဍာတော်အဖြစ်ဖြင့်) မယူဆောင်ကြပါစေလင့်" ဟု ပြောဆိုပြန်၏။

မိခင် ဤ(သားမျိုးပေးခြင်းကိစ္စ) ကိုမူကား ငါသည် ပြုလုပ်နိုင်ပါသည် ဟု ပြောပြီးလျှင် မယားဟောင်း၏ လက်မောင်းကို ဆွဲကိုင်၍ မဟာဝုန်တောသည်းသို့ ဝင်ပြီးလျှင် (ပဌမပါရာဇိက) သိက္ခာပုဒ်တော်ကို မပညတ်ရသေးမီ (မေထုန်မှီဝဲခြင်း၌) အပြစ် မမြင်သည်ဖြစ်၍ မယားဟောင်း၌ မေထုန်အကျင့်ကို သုံးကြိမ်တိုင်အောင် ပြုကျင့်မိလေ၏၊ ထို (မယားဟောင်း) သည် ထို(မေထုန် အကျင့်ကို ပြုကျင့်ခြင်း) မှဖြင့် ကိုယ်ဝန်ရယူလေ၏၊ ဘုမ္မစိုးနတ်တို့သည်—

"အချင်းတို့ ရဟန်းသံဃာသည် (ဒုဿီလ ဟူသော) အမြှုပ်မှ ကင်းပေစွတကား၊အပြစ်မှ ကင်းပေစွတကား၊ ကလန္ဒသူဌေးသား သုဒိန်သည် (ဒုဿီလဟူသော) အမြှုပ်ကို ဖြစ်စေခဲ့ လေပြီ၊ အပြစ်ကို ဖြစ်စေခဲ့လေပြီ" ဟု အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ဘုမ္မစိုး နတ်တို့၏ အသံကိုကြား၍ စာတုမဟာရာဇ် နတ်တို့သည်။ပ။ တာဝတိံသာ နတ်တို့ သည်။ပ။ ယာမာ နတ်ကိုသည်။ပ။ တုသိတာနတ်တို့သည်။ပ။ နိမ္မာနရတိ နတ်တို့သည်။ပ။ ပရနိမ္မိတ ဝသဝတ္တီ နတ်တို့သည်။ပ။ ဗြဟ္မာအပေါင်းတို့သည်—

"အချင်းတို့ ရဟန်းသံဃာသည် (ဒုဿီလဟူသော) အမြှုပ်မှ ကင်းပေစွတကား၊ အပြစ်မှ ကင်းပေစွတကား၊ ကလန္ဒသူဌေးသား သုဒိန်သည် (ဒုဿီလ ဟူသော) အမြှုပ်ကို ဖြစ်စေခဲ့ လေပြီ၊ အပြစ်ကို ဖြစ်စေခဲ့လေပြီ" ဟု အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ဤသို့လျှင် ထိုတခဏချင်းဖြင့် ထိုတမုဟုတ်ချင်းဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် ကြွေးကြော်သံသည် လွှမ်း၍တက်၏။

ထို့နောက် အသျှင်သုဒိန်၏ မယားဟောင်းသည် ထိုကိုယ်ဝန်(ပဋိသန္ဓေ)၏ ကြီးရင့်ခြင်းကို အစွဲပြု၍ သား(ယောကျ်ား)ကို ဖွားမြင်၏၊ ထိုအခါ အသျှင်သုဒိန်၏ သူငယ်ချင်းတို့သည် ထိုသူငယ် အား ဗီဇက ဟု အမည်မှည့်ကုန်၏၊ အသျှင်သုဒိန်၏ မယားဟောင်းအား ဗီဇကမာတာ ဟု အမည် မှည့်ကုန်၏၊ အသျှင်သုဒိန်အား ဗီဇကပိတာ ဟု အမည်မှည့်ကုန်၏၊ ထို(သားအမိ)နှစ်ယောက်တို့သည် (ခုနစ်နှစ် ရှစ်နှစ်မျှကြာသော) နောက်အခါ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လျက် ရဟန်းပြုကြ၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကုန်၏။

၃၇။ ထိုအခါ အသျှင်သုဒိန်အား "ငါ့အား(ရျာန်စသော ကျေးဇူးတရားကို) မရလေစွတကား၊ ငါ့အား(ရှင်ရဟန်းအဖြစ်ကို) အရ မတော်လေစွတကား၊ ငါသည် (သာသနာတော်ကို)မကောင်း သဖြင့် ရအပ်ပေစွတကား၊ ငါသည် (သာသနာတော်ကို) ကောင်းစွာ ရခြင်း မဟုတ်လေစွတကား၊ အကြင်ငါသည် ဤသို့ကောင်းစွာ ဟောတော်မူအပ်သော သာသနာတော်'ဓမ္မဝိနယ'၌ ရဟန်းပြုပြီး၍ မြတ်သော အကျင့်ကို အသက်ထက်ဆုံး ပြည့်စုံ စင်ကြယ်စွာ ကျင့်ရန် မတတ်နိုင်ခဲ့ပေစွတကား" ဟု နောင်တ တဖန် ပူပန်ခြင်း နှလုံးမသာခြင်း ဖြစ်၏၊ ထို(အသျှင်သုဒိန်)သည် ထိုနောင်တ တဖန် ပူပန် ခြင်း နှလုံးမသာခြင်းကြောင့် ပိန်ကြုံခဲ့လေပြီ၊ အသွေးအသား ခေါင်းပါးခဲ့လေပြီ၊ ရုပ်အဆင်းပျက်ခဲ့

http://www.dhammadownload.com



လေပြီ၊ ဖက်ရွက်လျော်ကဲ့သို့ ဖြော့တော့သော အဆင်းရှိခဲ့လေပြီ၊ (ကွန်ယက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ် ရှိခဲ့လေပြီ၊ အတွင်း(ဆွေး ဆွေးသော)စိတ် ရှိသည်ဖြစ်၍ တွန့်ဆုတ်သော စိတ် ရှိသည်ဖြစ်၍ ဆင်းရဲခြင်းရှိသည်ဖြစ်၍ စိတ်မကောင်းသည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ မှိုင်တွေနေလေ၏။

၃၈။ ထိုအခါ အသျှင်သုဒိန်၏ သူငယ်ချင်းရဟန်းတို့သည် အသျှင်သုဒိန်အား—

"ငါ့သျှင်သုဒိန် သင်သည် ရှေးအခါ၌ အဆင်းလှ၏၊ ဣန္ဒြေပြည့်ဖြိုး၏၊ မျက်နှာအဆင်း ကြည်လင်၏၊ ကိုယ်ရေအဆင်း အထူးကြည်လင်၏၊ သင်သည် ယခုအခါ၌ ပိန်ကြုံ၏၊ အသွေးအသား ခေါင်းပါး၏၊ ရုပ်အဆင်းပျက်၏၊ ဖက်ရွက်လျော်ကဲ့သို့ ဖြော့တော့သော အဆင်းရှိ၏၊(ကွန်ယက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိ၏၊ အတွင်း(ဆွေး ဆွေးသော)စိတ် ရှိသည်ဖြစ်၍ တွန့်ဆုတ်သော စိတ်ရှိသည်ဖြစ်၍ ဆင်းရဲခြင်း ရှိသည်ဖြစ်၍ စိတ်မကောင်းသည် ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ မှိုင်တွေနေ၏၊ ငါ့သျှင်သုဒိန် အသို့နည်း၊ သင်သည် မြတ်သော အကျင့်ကို မမွေ့လျော်ပဲ ကျင့်နေသလော" ဟု ပြောဆိုကြကုန်၏။

ငါ့သျှင်တို့ ကျွန်ုပ်သည် မြတ်သောအကျင့်ကို မမွေ့လျော်ပဲ ကျင့်နေသည်မဟုတ်ပါ၊ အကျွန်ုပ်ပြုလုပ်မိသော မကောင်းမှုရှိပါသည်၊ မယားဟောင်း၌ မေထုန်အကျင့်ကို ပြုကျင့်မိပါသည်၊ ငါ့သျှင်တို့ အကျွန်ုပ်အား "ငါ့အား (စျာန်စသော ကျေးဇူးတရားကို) မရလေစွတကား၊ ငါ့အား (ရှင်ရဟန်းအဖြစ်ကို) အရ မတော်လေစွတကား၊ ငါသည် (သာသနာတော်ကို) မကောင်းသဖြင့် ရအပ်ပေစွတကား၊ ငါသည် (သာသနာတော်ကို) ကောင်းစွာ ရခြင်းမဟုတ်လေစွတကား၊ အကြင်ငါသည် ဤသို့ ကောင်းစွာ ဟောတော်မူအပ်သော သာသနာတော် 'ဓမ္မဝိနယ' ၌ ရဟန်းပြုပြီး၍ မြတ်သောအကျင့်ကို အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ ကျင့်ရန် မတတ်နိုင်ခဲ့ပေစွတကား" ဟု နောင်တ တဖန် ပူပန်ခြင်း နှလုံးမသာခြင်း ဖြစ်နေပါသည်ဟု(ပြန်ပြော၏)။

ငါ့သျှင်သုဒိန် သင်အား နောင်တ တဖန် ပူပန်ခြင်း နှလုံးမသာခြင်း ဖြစ်ထိုက်ပါပေ၏၊ အကြင် သင်သည် ဤသို့ ကောင်းစွာ ဟောတော်မူအပ်သော သာသနာတော် 'ဓမ္မဝိနယ' ၌ ရဟန်းပြုပြီး၍ မြတ်သောအကျင့်ကို အသက်ထက်ဆုံး ပြည့်စုံ စင်ကြယ်စွာ ကျင့်နိုင်ရန် မတတ်နိုင်ဖြစ်တုံဘိ၏၊ ငါ့သျှင် မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် ရာဂနှင့်တကွဖြစ်ခြင်းငှါ တရားတော်ကိုဟောတော်မမူပဲ ရာဂကင်းရန် ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ်နှင့် စပ်ယှဉ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ ကာမဂုဏ်နှင့် မစပ်ယှဉ်ရန် ဟောတော်မူသည် မဟုတ်ပါလော၊ (တဏှာဒိဋ္ဌိဖြင့်) စွဲလမ်းခြင်းနှင့် တကွဖြစ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ (တဏှာဒိဋ္ဌိဖြင့်) မစွဲလမ်းရန် ဟောတော်မူသည် မဟုတ်ပါလော။

ငါ့သျှင် မြတ်စွာဘုရားသည် ထိုသို့ ရာဂကင်းရန် တရားတော်ကို ဟောတော်မူအပ်ပါလျက် သင်သည် ရာဂနှင့် တကွ ဖြစ်ခြင်းငှါ အားထုတ်ဘိ၏၊ ကာမဂုဏ်နှင့် မစပ်ယှဉ်ရန် တရားတော်ကို ဟောတော်မူအပ်ပါလျက် ကာမဂုဏ်နှင့် စပ်ယှဉ်ခြင်းငှါ အားထုတ်ဘိ၏၊ (တဏှာဒိဋ္ဌိဖြင့်) မစွဲလမ်းရန် တရားတော်ကို ဟောတော်မူအပ်ပါလျက် (တဏှာဒိဋ္ဌိဖြင့်) စွဲလမ်းခြင်းနှင့်တကွ ဖြစ်ခြင်းငှါ အားထုတ်ဘိ၏။

ငါ့သျှင် မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် ရာဂကင်းခြင်းငှါ တရားတော်ကို ဟောတော်မူသည်မဟုတ်ပါလော၊ မာန်မယစ်ခြင်းငှါ (ကိလေသာ ဟူသော) ဆာလောင်မွတ်သိပ်ခြင်း

http://www.dhammadownload.com



ကို ပယ်ဖျောက်ခြင်းငှါ အတာအတွယ်ကို ပယ်ဖြတ်ခြင်းငှါ ဝဋ္ဋ (မြစ်)ကို ဖြတ်ခြင်းငှါ တဏှာကုန်ခြင်းငှါ မတပ်မက်ခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ငြိမ်းအေးခြင်းငှါ တရားတော်ကို ဟောတော်မူသည် မဟုတ်ပါလော။

ငါ့သျှင် မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် ကာမဂုဏ် ပယ်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် သညာ(စိတ်)တို့ကို ပိုင်းခြား၍ သိမှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် မွတ်သိပ်ခြင်း ပယ်ဖျောက်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ်၌ ကြံစည်ခြင်း 'ကာမဝိတက်' ပယ်သတ်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် အပူအအိုက်တို့၏ ငြိမ်းအေးမှုကို ဟောတော်မူသည် မဟုတ်ပါလော။

ငါ့သျှင် ဤ(သင်ပြုမိသော ယုတ်မာမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါလည်း ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါလည်း မဖြစ်နိုင်ပေ။

ငါ့သျှင် အမှန်စင်စစ် ဤ(သင်ပြုမိသော ယုတ်မာမှု)သည် မကြည်ညိုသေးသော သူတို့အား မကြည်ညိုစေခြင်းငှါလည်း ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညိုပျက်စေခြင်းငှါလည်း ဖြစ်ပေ၏ဟု (ပြောဆိုကြကုန်၏)။

၃၉။ ထိုနောက် ရဟန်းတို့သည် အသျှင်သုဒိန်ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤ (အသျှင်သုဒိန်၏ မေထုန်လွန်ကျူးမှု ဟူသော) အကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် အသျှင်သုဒိန်ကို "သုဒိန် သင်သည် မယားဟောင်း၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ "(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား (သင်၏အမှုသည်) ရဟန်းတို့အား မလျော်ကပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ်၊ မအပ်မပြုသင့်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် ဤသို့ ကောင်းစွာ ဟောတော်မူအပ်သော သာသနာတော် 'ဓမ္မဝိနယ'၌ ရဟန်းပြုပြီး၍ မြတ်သောအကျင့်ကို အသက်ထက်ဆုံး ပြည့်စုံ စင်ကြယ်စွာ ကျင့်ရန် မတတ်နိုင်ဘိသနည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ရာဂနှင့် တကွ ဖြစ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ ရာဂကင်းရန် ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ်နှင့် စပ်ယှဉ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ ကာမဂုဏ်နှင့် မစပ်ယှဉ်ရန် ဟောတော်မူသည် မဟုတ်ပါလော၊ (တဏှာဒိဋ္ဌိဖြင့်) စွဲလမ်းခြင်းနှင့် တကွ ဖြစ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ (တဏှာဒိဋ္ဌိဖြင့်)မစွဲလမ်းရန် ဟောတော်မူသည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် ထိုသို့ရာဂကင်းရန် တရားတော်ကို ဟောအပ်ပါလျက် သင်သည် အဘယ့်ကြောင့် ရာဂနှင့်တကွ ဖြစ်ခြင်းငှါ အားထုတ်ဘိသနည်း၊ ကာမဂုဏ်နှင့် မစပ်ယှဉ်ရန် တရားတော်ကို ဟောအပ်ပါလျက် ကာမဂုဏ်နှင့် စပ်ယှဉ်ခြင်းငှါ အားထုတ်ဘိသနည်း၊ (တဏှာဒိဋ္ဌိဖြင့်) မစွဲလမ်းရန် တရားတော်ကို ဟောအပ်ပါလျက် (တဏှာဒိဋ္ဌိဖြင့်) စွဲလမ်းခြင်းနှင့် တကွဖြစ်ခြင်းငှါ အားထုတ်ဘိသနည်း။

http://www.dhammadownload.com



(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ရာဂ ကင်းခြင်းငှါ တရားတော်ကို ဟောတော်မူသည် မဟုတ်ပါလော၊ မာန်မယစ်ခြင်းငှါ (ကိလေသာ ဟူသော) ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ခြင်းငှါ အတာအတွယ်ကို ပယ်ဖြတ်ခြင်းငှါ ဝဋ္ဋ(မြစ်)ကို ဖြတ်ခြင်းငှါ တဏှာကုန်ခြင်းငှါ မတပ်မက်ခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ငြိမ်းအေးခြင်းငှါ တရားတော်ကို ဟောတော်မူသည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ကာမဂုဏ် ပယ်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် သညာ(စိတ်)တို့ကို ပိုင်းခြား၍ သိမှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် မွတ်သိပ်ခြင်း ပယ်ဖျောက်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ်၌ ကြံစည်ခြင်း 'ကာမဝိတက်' ပယ်သတ်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် အပူအအိုက်တို့၏ ငြိမ်းအေးမှုကို ဟောတော်မူသည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား လျင်သောအဆိပ် ကြမ်းသောအဆိပ်ရှိသော မြွေ၏ ခံတွင်း၌ သင်၏ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည် မြတ်သေး၏၊ မိန်းမ၏ အင်္ဂါဇာတ်၌ (သင်၏) အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည်ကား မမြတ်သည်သာတည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား မြွေဟောက်၏ ခံတွင်း၌ သင်၏ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည် မြတ်သေး၏၊ မိန်းမ၏ အင်္ဂါဇာတ်၌ (သင်၏) အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်း သည်ကား မမြတ်သည်သာတည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ရဲရဲညီ၍ ထက်ဝန်းကျင် မီးတောက် မီးလျှံ မီး ရောင်နှင့်တကွဖြစ်သော မီးကျီးခဲ အစုအပုံ၌ သင်၏ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည် မြတ်သေး ၏၊ မိန်းမ၏ အင်္ဂါဇာတ်၌(သင်၏)အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည်ကား မမြတ်သည်သာတည်း။

ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဆိုသော် (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ထို (မြွေ၏ ခံတွင်းမီးကျီးခဲ အစုအပုံ၌ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းဟူသော) အကြောင်းကြောင့် သေခြင်းသို့သော်၎င်း သေလောက်နီးပါး ဆင်းရဲဒုက္ခသို့သော်၎င်း ရောက်ရာ၏၊ ထို (မြွေ၏ခံတွင်း မီးကျီးခဲ အစုအပုံ၌ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းဟူသော)အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာ ကင်းသော မကောင်းသော သူတို့လားရာ ဖရိုဖရဲ ကျရောက်ရာဖြစ် သော ငရဲသို့ကား မရောက်နိုင်သည်သာတည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(မိန်းမ၏ အင်္ဂါဇာတ်၌ အင်္ဂါဇာတ်ကိုထည့် သွင်းရခြင်း ဟူသော)အကြောင်းကြောင့်ကား ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာ ကင်းသော မကောင်းသောသူတို့လားရာ ဖရိုဖရဲ ကျရောက်ရာ ဖြစ်သော ငရဲသို့ ရောက်လေရာ၏။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ဖြစ်ပါလျက် သင်သည် သူတော်ကောင်း အကျင့်မဟုတ်၊ ရပ်ရွာနေသူ လူယုတ်တို့၏ အကျင့်ဖြစ်သော ရုန့်ရင်းကြမ်းတမ်းသော ရေဆေးခြင်း လျှင် အဆုံးရှိသော (လူမြင်လျှင် မတင့်တယ်၍) ဆိတ်ကွယ်ရာ၌သာ ပြုကျင့်ရသော ယောကျ်ား မိန်းမ အစုံအစုံတွဲ၍ ပြုကျင့်ရသော မေထုန်အကျင့်ကို ပြုကျင့်တုံဘိ၏။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် များစွာသော အကုသိုလ်တရားတို့ကို (သူခပ်သိမ်းတို့၏) ရှေးဦးစွာ ပြုကျင့်သူဖြစ်၍ ရှေ့သွား (ခေါင်းဆောင်)ဖြစ်ပေ၏။

http://www.dhammadownload.com



(မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင့်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါလည်း ကြည်ညိုပြီးသောသူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါလည်း မဖြစ်နိုင်ပေ၊ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အမှန်စင်စစ် ဤ(သင့်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား မကြည်ညိုစေခြင်းငှါလည်း ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညို ပျက်စေခြင်းငှါလည်း ဖြစ်ပေ၏”ဟု (ကဲ့ရဲ့တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် အသျှင်သုဒိန်ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင်ပြုစု မွေးမြူရန်ခက်ခဲခြင်း သူတပါးတို့က ပြုစုမွေးမြူရန် ခက်ခဲခြင်း အလိုကြီးခြင်း မရောင့်ရဲနိုင်ခြင်း အပေါင်းအဖော်၌ မက်မောခြင်း ပျင်းရိခြင်းတို့၏ ကျေးဇူးမဲ့ (စကား)ကို မိန့်တော်မူပြီး၍ များစွာသော အကြောင်းဖြင့် ကိုယ်တိုင်ပြုစု မွေးမြူလွယ်ခြင်း သူတပါးတို့က ပြုစုမွေးမြူလွယ်ခြင်း အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ကိလေသာကို ခေါင်းပါးစေခြင်း ကိလေသာကိုခါထုတ်ခြင်း ကြည်ညိုဖွယ်ရှိခြင်း ကိလေသာကိုမဆည်းပူးခြင်း ဝီရိယဖြင့် အားထုတ်ခြင်းတို့၏ ဂုဏ်ကျေးဇူးကို မိန့်တော်မူပြီးလျှင် ရဟန်းတို့အား ထိုအဖြစ်အပျက်နှင့် လျော်ကပ်လျော်ညီသော တရားစကားကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့ကို—

## ဝိနည်း ပညတ်ကြောင်း ၁၀-ပါး

“ရဟန်းတို့ သို့ဖြစ်လျှင် (၁)သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်(၂)သံဃာတော်များ ချမ်းသာစေရန် (၃) အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိမ်နင်းရန် (၄) အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာ နေနိုင်ရန် (၅) မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန် (၆) နောင်ဖြစ်လတ္တံ့ ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန် (၇) မကြည်ညိုသေးသောသူတို့ကို ကြည်ညိုစေရန် (၈) ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန် (၉)သူတော်ကောင်း တရား ‘သာသနာသုံးရပ်’တည်တံ့ရန် (၁၀) ဝိနည်း‘စည်းမျဉ်း ဥပဒေ’ကို ချီးမြှောက်ရန် ဟူသော အကျိုးထူးဆယ်ပါးတို့ကို အစွဲပြု၍ ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူမည်”ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) “အကြင်ရဟန်းသည် မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲငြားအံ့၊ ထိုရဟန်းသည် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူဘက္ခ ပေါင်းသင်းရခြင်း မရှိ”** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

သုဒိန် ရဟန်းအကြောင်း ပြဆိုရာအခဏ်း
မြန်မာပြန်ပြီး၏။

http://www.dhammadownload.com



## မျောက်မ ဝတ္ထု

၄၀။ တရံရောအခါ ရဟန်းတပါးသည် ဝေသာလီမြို့ မဟာဝုန်တော၌ မျောက်မကို အစာဖြင့်ဖြား ယောင်း၍ ထိုမျောက်မ၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏၊ ထို့နောက် ထိုရဟန်းသည် နံနက်အချိန် (သင်္ကန်း)ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ဝေသာလီမြို့သို့ ဆွမ်းခံဝင်၏၊ ထိုအခါ ရဟန်း များစွာတို့သည် ကျောင်းစဉ် လှည့်လည်ကုန်သော် ထိုရဟန်း၏ ကျောင်းသို့ ချဉ်းကပ်ကြကုန်၏၊ ထို မျောက်မသည် အဝေးမှ လာကုန်သော ထို (အာဂန္တု) ရဟန်းတို့ကို မြင်ပြီးနောက် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့၏ ရှေ့၌ ခါးကိုလည်း လှုပ်ပြ၏၊ အမြီးကိုလည်း လှုပ်ပြ၏၊ ခါးကိုလည်း ကွပြ၏၊ (မေထုန်အကျင့်ကို ပြုကျင့်ရန်) အရိပ်နိမိတ်ကိုလည်း ပြု၏၊ ထိုအခါ ယုံမှားဖွယ်မရှိ 'မချွတ် ကေန်' ထိုရဟန်းသည် ဤမျောက်မ၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏ ဟု ထို(အာဂန္တု) ရဟန်း တို့အား အကြံဖြစ်၏၊ (အကြံဖြစ်ပြီးလျှင်) တခုသောနေရာ၌ ပုန်းအောင်း(ကာ ချောင်း၍ နေကြ) ကုန်၏၊ ထိုအခါ ထို(ကျောင်းနေ) ရဟန်းသည် ဝေသာလီမြို့မှ ဆွမ်းခံလှည့်လည်ပြီးနောက် ဆွမ်းကို ယူ၍ ပြန်လာ၏။

၄၁။ ထိုအခါ ထိုမျောက်မသည် (ကျောင်းနေ) ရဟန်းထံသို့ ချဉ်းကပ်လာ၏၊ ထိုအခါ ထိုရဟန်း သည် ဆွမ်းအချို့ကိုစား၍ အချို့ကို မျောက်မအား ပေး၏၊ ထို့နောက် ထိုမျောက်မသည် ဆွမ်းကို စားပြီး၍ ထိုရဟန်းအား ခါးကို ကွပေး၏၊ ထိုအခါ ထိုရဟန်းသည် ထိုမျောက်မ၌ မေထုန် အကျင့်ကို (ပြုကျင့်) မှီဝဲ၏။

ထိုအခါ ထို(အာဂန္တု) ရဟန်းတို့သည် ထို (ကျောင်းနေ) ရဟန်းကို "ငါ့သျှင် မြတ်စွာဘုရား သည် သိက္ခာပုဒ်တော်ကို ပညတ်တော်မူအပ်ပြီး မဟုတ်ပါလော၊ ငါ့သျှင် သင်သည် အဘယ့်ကြောင့် မျောက်မ၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲဘိသနည်း" ဟု ပြောဆိုကြကုန်၏။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို ပညတ်တော်မူအပ်သည်ကား မှန်ပါ၏၊ သို့ရာ တွင် ထိုသိက္ခာပုဒ်ကို လူမိန်းမ၌သာ ပညတ်တော်မူအပ်ပါသည်၊ တိရစ္ဆာန်မ၌ ပညတ်တော်မူအပ်သည် မဟုတ်ပါဟု (ပြန်၍လျှောက်၏)။

ငါ့သျှင် ထို (တိရစ္ဆာန်မ၌ မေထုန်အကျင့်ကို ပြုကျင့်မှီဝဲခြင်း)သည် လူမိန်းမ၌ (ပြုကျင့်)မှီဝဲ ခြင်းနှင့် အတူတူပင် မဟုတ်ပါလော၊ ငါ့သျှင် (သင်၏အမှုသည်) ရဟန်းတို့အား မလျော်ကပတ်၊ မလျော်ကန်၊မသင့်တင့်၊ ရဟန်းတို့အပြုအမူမဟုတ်၊ မအပ်၊မပြုသင့်၊ ငါ့သျှင်အဘယ့်ကြောင့် သင်သည် ဤသို့ ကောင်းစွာဟောတော်မူအပ်သော သာသနာတော် 'ဓမ္မဝိနယ'၌ ရဟန်းပြုပြီး၍ မြတ်သော အကျင့်ကို အသက်ထက်ဆုံး ပြည့်စုံ စင်ကြယ်စွာကျင့်ရန် မတတ်နိုင်ဘိသနည်း၊ ငါ့သျှင်မြတ်စွာဘုရား သည် များစွာသော အကြောင်းဖြင့် ရာဂနှင့်တကွ ဖြစ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ ရာဂ ကင်းရန် ဟောတော်မူသည်မဟုတ်ပါလော။ပ။ ကာမဂုဏ်အပူအအိုက်တို့၏ငြိမ်းအေးမှုကို ဟောတော် မူသည်မဟုတ်ပါလော၊ ငါ့သျှင် ဤ(သင်ပြုမိသောယုတ်မာမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသောသူတို့အား တိုး၍ကြည်ညိုစေခြင်းငှါရင်း မဖြစ်နိုင်ပေ၊ ငါ့သျှင် အမှန်စင်စစ် ဤ (သင်ပြုမိသော ယုတ်မာမှုသည်) မကြည်ညိုသေးသောသူတို့အား မကြည်ညို စေခြင်းငှါရင်း ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညို ပျက်စေခြင်းငှါရင်း ဖြစ်ပေ၏ ဟု (ပြောဆိုကြကုန်၏)။

http://www.dhammadownload.com



ထိုနောက် ထိုရဟန်းတို့သည် ထို (မျောက်မ၌ မေထုန်အကျင့်ကို ပြုကျင့်သော) ရဟန်းကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။

၄၂။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် ထိုရဟန်းကို "ရဟန်း သင်သည် မျောက်မ၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား (သင်၏ အမှုသည်) ရဟန်းတို့အား မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ်၊ မအပ်၊ မပြုသင့် (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် ဤသို့ ကောင်းစွာ ဟောတော်မူအပ်သော သာသနာတော် 'ဓမ္မဝိနယ'၌ ရဟန်းပြုပြီး၍ မြတ်သောအကျင့်ကို အသက်ထက်ဆုံး ပြည့်စုံ စင်ကြယ်စွာ ကျင့်ရန် မတတ်နိုင်ဘိသနည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ရာဂနှင့် တကွ ဖြစ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ ရာဂကင်းရန် ဟောတော်မူသည် မဟုတ်ပါလော။ပ။ ကာမဂုဏ် အပူအအိုက်တို့၏ ငြိမ်းအေးခြင်းငှါ တရားတော်ကို ဟောတော်မူသည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား လျင်သော အဆိပ် ကြမ်းသော အဆိပ်ရှိသော မြွေ၏ခံတွင်း၌ သင်၏အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည် မြတ်သေး၏၊ မျောက်မ၏ အင်္ဂါဇာတ်၌ (သင်၏) အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည်ကား မမြတ်သည်သာတည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား မြွေဟောက်၏ ခံတွင်း၌ သင်၏ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည် မြတ်သေး၏၊ မျောက်မ၏ အင်္ဂါဇာတ်၌ (သင်၏) အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည်ကား မမြတ်သည်သာတည်း။

(မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ရဲရဲညီ၍ ထက်ဝန်းကျင် မီးတောက် မီးလျှံ မီးရောင်နှင့် တကွဖြစ်သော မီးကျီးခဲ အစုအပုံ၌ (သင်၏) အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းသည် မြတ်သေး၏၊ မျောက်မ၏ အင်္ဂါဇာတ်၌ (သင်၏) အင်္ဂါဇာတ် ကို ထည့်သွင်းရခြင်းသည်ကား မမြတ်သည်သာတည်း။

ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဆိုသော် (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ထို (မြွေ၏ခံတွင်း မီးကျီးခဲအစုအပုံ၌ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်း ဟူသော) အကြောင်းကြောင့် သေခြင်းသို့သော်၎င်း သေလောက်နီးပါး ဆင်းရဲဒုက္ခသို့သော်၎င်း ရောက်ရာ၏၊ ထို (မြွေ၏ခံတွင်း မီးကျီးခဲ အစုအပုံ၌ အင်္ဂါဇာတ်ကို ထည့်သွင်းရခြင်းဟူသော) အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောသူတို့ လားရာ ဖရိုဖရဲ ကျရောက်ရာဖြစ်သော ငရဲသို့ကား မရောက်နိုင်သည်သာတည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(မျောက်မ၏ အင်္ဂါဇာတ်၌ အင်္ဂါဇာတ်ကို ထည့်သွင်းခြင်းဟူသော) အကြောင်းကြောင့်ကား ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသောမကောင်းသောသူတို့လားရာ ဖရိုဖရဲကျရောက်ရာဖြစ်သောငရဲသို့ရောက်လေရာ၏။

http://www.dhammadownload.com



(မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ဖြစ်ပါလျက် သင်သည် သူတော်ကောင်း အကျင့်မဟုတ် ရပ်ရွာနေသူ လူယုတ်တို့၏ အကျင့်ဖြစ်သော ရုန့်ရင်းကြမ်းတမ်းသော ရေဆေးခြင်း လျှင် အဆုံးရှိသော (လူမြင်လျှင် မတင့်တယ်၍) ဆိတ်ကွယ်ရာ၌သာ ပြုကျင့်ရသော ယောကျ်ား မိန်းမ အစုံအစုံတွဲ၍ ပြုကျင့်ရသော မေထုန်အကျင့်ကို ပြုကျင့်တုံဘိ၏၊ (မင်္ဂိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော ယုတ်မာမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(ခ) "အကြင်ရဟန်းသည် မေထုန်အကျင့်ကို အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်မဥ္စသော်လည်း (ပြုကျင့်) မှီဝဲငြားအံ့၊ ထိုရဟန်းသည် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်၏၊ ရဟန်းကောင်း တို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ"** ဤသို့ (ပြကြကုန်လော့ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

မျောက်မဝတ္ထု ပြီး၏။

---

## အနှီးဝတ်အကြောင်း ပြဆိုရာ အခဏ်း

၄၃။ တရံရောအခါ ဝေသာလီမြို့နေ ဝဇ္ဇီတိုင်းသား ရဟန်းများစွာတို့သည် အလိုရှိတိုင်းစား၍ အလို ရှိတိုင်းအိပ်လျက် အလိုရှိတိုင်း ရေချိုးကြပြီးလျှင် မသင့်မတင့် နှလုံးသွင်းကြကုန်ပြီးသော် သိက္ခာမချ အားနည်းမှုကို ထင်စွာ မပြုကြမူ၍ မေထုန်အကျင့်ကို(ပြုကျင့်) မှီဝဲကုန်၏။ ထိုရဟန်းတို့သည် နောက် အခါ၌ ဆွေမျိုးတို့၏ပျက်စီးခြင်း စည်းစိမ်တို့၏ ပျက်စီးခြင်း ရောဂါဟူသောပျက်စီးခြင်းတို့နှင့် တွေ့ကြုံ ကုန်သည်ဖြစ်၍ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကြပြီးလျှင်—

"အသျှင်ဘုရား အာနန္ဒာ တပည့်တော်တို့သည် မြတ်စွာဘုရားကို မကဲ့ရဲ့ကြပါကုန်၊ တရား တော်ကိုမကဲ့ရဲ့ကြပါကုန်၊ သံဃာတော်ကို မကဲ့ရဲ့ကြပါကုန်၊ အသျှင်ဘုရားအာနန္ဒာ တပည့်တော် တို့သည် မိမိတို့ ကိုယ်ကိုသာ ကဲ့ရဲ့ပါကုန်၏၊ သူတပါးကို မကဲ့ရဲ့ပါကုန်၊ ဤသို့ ကောင်းစွာ ဟောတော် မူအပ်သော သာသနာတော် 'ဓမ္မဝိနယ' ၌ ရဟန်းပြုကုန်ပြီး၍ အသက်ထက်ဆုံး ပြည့်စုံစင်ကြယ်စွာ ကျင့်ဘို့ရာ မတတ်နိုင်ခဲ့ကြသော တပည့်တော်တို့သာလျှင် ကျက်သရေ မဲ့သူများ ဘုန်းကံနည်းပါးသူများ ဖြစ်ပါကုန်၏။

အသျှင်ဘုရား အာနန္ဒာ ယခုအခါ၌ တပည့်တော်တို့သည် မြတ်စွာဘုရား အထံတော်၌ ရှင်အဖြစ်ကို ရကြပါကုန်မူ ရဟန်းအဖြစ်ကို ရကြပါကုန်မူ ယခုအခါ၌ပင် ကုသိုလ်တရားတို့ကို အထူးသဖြင့် ရှုကုန်ပြီးလျှင် ညဉ့်ဦး 'ပဌမ'ယာမ် မိုးသောက်'ပစ္ဆိမ'ယာမ် ပတ်သုံး မဂ်ဉာဏ်၏ အပင်းအသင်း ဖြစ်ကုန်သော 'ဗောဓိပက္ခိယ' တရားတို့ကို အဖန်ဖန် ပွါးများအားထုတ်မှုကို အစဉ်ကြိုးစားလျက် နေကြပါမည်။

အသျှင်ဘုရားအာနန္ဒာ တောင်းပန်ပါကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကိုလျှောက် ထားပါလော့"ဟု လျှောက်ကြကုန်၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ကောင်းပါပြီဟု အသျှင်အာနန္ဒာသည် ဝေသာလီမြို့နေ ဝဇ္ဇီတိုင်းသား‘ရဟန်း’တို့အား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

အာနန္ဒာ ဝဇ္ဇီတိုင်းသူ ဝဇ္ဇီတိုင်းသားတို့၏ အကြောင်းကြောင့် မြတ်စွာဘုရားသည် တပည့် ‘သာဝက’ တို့အား ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကို နုတ်ပယ်ရာ၏၊ ဤသို့ နုတ်ပယ်ခြင်းသည် အကြောင်းမဟုတ် အခွင့်မဟုတ် ဟု မိန့်တော်မူ၏၊ ထို့နောက် မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

ရဟန်းတို့ အကြင်ရဟန်းသည် သိက္ခာမချ အားနည်းမှုကို ထင်စွာ မပြုမူ၍ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏၊ ထိုသူ လာသော် ရဟန်းပဉ္စင်းပြုမပေးရ၊ အကြင်ရဟန်းမူကား သိက္ခာချ၍အားနည်းမှုကို ပြုပြီး မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏၊ ထိုသူ လာသော် ရဟန်းပဉ္စင်း ပြုပေးရမည်၊ ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(၁) (ဂ)၄၄။ “အကြင်ရဟန်းသည် (အဝိသီလ ဟူသော) ရဟန်းတို့၏သိက္ခာ(သိက္ခာပုဒ်တော်ဟူသော) သာဇီဝသို့ ရောက်လျက် သိက္ခာမချ အားနည်းမှုကို ထင်စွာမပြုမူ၍ အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်မဥ္စသော်လည်း မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲငြားအံ့၊ ထိုရဟန်းသည် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ” ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၁-ပဌမပါရာဇိက သိက္ခာပုဒ် အဖွင့်

၄၅။ **အကြင်** ဟူသည် အကြင်သို့သော အသွင် ပုံသဏ္ဌာန် သဘော အမူကိစ္စ အမျိုး ဇာတ် အမည် အနွယ် အလေ့ အကျင့် အနေအထိုင် ကျက်စားရာ ရှိသော မထေရ်ကြီး ဖြစ်စေ ရဟန်းငယ် ဖြစ်စေ မထေရ်လတ်ဖြစ်စေ ဤပုဂ္ဂိုလ်မျိုးကို အကြင် ဟုဆို၏။

## ရဟန်း ခေါ်နိုင်ခြင်း ၁၂-ပါး

**ရဟန်း** ဟူသည်(၁) (အရိယာ သူတော်ကောင်းတို့၏ တောင်းခြင်းဖြင့်)တောင်းတတ်သောကြောင့် ရဟန်း (၂) ဆွမ်းခံခြင်းအကျင့်သို့ ကပ်ရောက်တတ်သောကြောင့် ရဟန်း (၃)ဆုတ်ဖြတ်ပြီးသော အဝတ်ကို ဝတ်ရုံတတ်သောကြောင့် ရဟန်း (၄) ရဟန်းဟု သမုတ်ခြင်းကြောင့် ရဟန်း (၅) ရဟန်းဟု ဝန်ခံခြင်းကြောင့် ရဟန်း (၆) ရဟန်းလာလော့ ‘ဧဟိ ဘိက္ခု’ဟူသော ဘုရားစကားတော်ဖြင့် ဖြစ်သောကြောင့် ရဟန်း (၇) သရဏဂုံ သုံးပါး တို့ဖြင့် ပဉ္စင်း ဖြစ်သောကြောင့်ရဟန်း (၈) ကောင်းသော (သီလ စသည်နှင့်ပြည့်စုံသော)ကြောင့် ရဟန်း (၉) (သီလ စသော) အနှစ်သာရ ရှိသောကြောင့် ရဟန်း (၁၀) (သိက္ခာကို) ကျင့်ဆဲ ဖြစ်သောကြောင့် ရဟန်း(၁၁) (သိက္ခာကို) ကျင့်ပြီးဖြစ်သောကြောင့် ရဟန်း (၁၂) ညီညွတ်သော သံဃာသည် သိစေခြင်း ‘ဉတ်’ လျှင် လေးကြိမ် မြောက်သော ကံဖြင့် မပျက်မကွက် မြတ်စွာဘုရား အဆုံးအမအား ထိုက်တန်စွာ ပဉ္စင်းဖြစ်စေအပ်သောကြောင့် ရဟန်းမည်၏။

ထိုတဆယ့်နှစ်မျိုးသော ရဟန်းတို့တွင် အကြင်ရဟန်းသည် ညီညွတ်သော သံဃာသည် သိစေခြင်း ‘ဉတ်’ လျှင် လေးကြိမ်မြောက်သော ကံဖြင့် မပျက်မကွက် မြတ်စွာဘုရား အဆုံးအမအား ထိုက်တန်စွာ ပဉ္စင်းဖြစ်စေအပ်၏၊ ဤရဟန်းကို ဤ(ပါရာဇိက) အရာ၌ ရဟန်းဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



**သိက္ခာ** ဟူသည် အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ ဟူ၍ သိက္ခာ သုံးမျိုး ရှိ၏၊ ထိုသုံးမျိုးတို့တွင် ဤအရာ၌ အဓိသီလသိက္ခာကို အလိုရှိအပ်၏။

**သာဇီဝ** မည်သည် အကြင်သိက္ခာပုဒ်ကို မြတ်စွာဘုရားသည် ပညတ်တော်မူအပ်၏၊ ထိုသိက္ခာပုဒ်တော်သည် သာဇီဝ မည်၏။ ထိုသိက္ခာပုဒ်တော်ဟူသော သာဇီဝ၌ ကျင့်တတ်၏၊ထို့ကြောင့်သာဇီဝ 'သိက္ခာပုဒ်တော်'သို့ ရောက်လျက် ဟူ၍ ဆိုအပ်၏။

**သိက္ခာမချ အားနည်းမှုကို ထင်စွာ မပြုမူ၍** ဟူရာ၌ ရဟန်းတို့ အားနည်းမှုကို ထင်ရှားစွာပြုခြင်း သာဖြစ်၍ သိက္ခာမကျသည်လည်း ရှိ၏၊ အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းလည်းဖြစ်၍ သိက္ခာ ကျသည်လည်း ရှိ၏၊ ရဟန်းတို့ အဘယ်သို့လျှင် အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းသာဖြစ်၍ သိက္ခာ မကျသနည်း။ ဤသာသနာတော်၌ ရဟန်းသည် (ရဟန်းအဖြစ်၌) ဆန့်ကျင်ပျင်းရိလျက် မပျော်ပိုက်သည်ဖြစ်၍ ရဟန်းအဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရှက်နိုးသည် ဖြစ်၍ စက်ဆုပ်သည် ဖြစ်၍ လူ့အဖြစ်ကို တောင့်တလျက် ဥပါသကာအဖြစ် အရံစောင့်အဖြစ် သာမဏေအဖြစ် တိတ္ထိအဖြစ် တိတ္ထိ၏ တပည့်အဖြစ် ရဟန်းမဟုတ်သည်၏အဖြစ် သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏ အဖြစ်ကို တောင့်တလျက် ငါသည် မြတ်စွာဘုရားကို စွန့်ပယ်ရမူ ကောင်းလိမ့်မည် ဟု ပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ ပြောဆို သိစေသော်လည်း အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းသာဖြစ်၍ သိက္ခာကား မကျသေး။

တနည်းသော်ကား (ရဟန်းအဖြစ်၌ )ဆန့်ကျင် ပျင်းရိလျက် မပျော်ပိုက်သည် ဖြစ်၍ ရဟန်း အဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်သည် ဖြစ်၍ လူ့အဖြစ်ကို တောင့်တလျက်။ပ။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏ အဖြစ်ကို တောင့်တလျက် ငါသည် တရားတော်ကို စွန့်ပစ်ရမူ ကောင်းလိမ့်မည်ဟု ပြော၏၊ သိစေ၏။ပ။ ငါသည် သံဃာတော်ကို၊ သိက္ခာကို၊ ဝိနည်းကို၊ ပါတိမောက်ကို၊ ပါတိမောက်ရွတ်ခြင်း ကို၊ ဥပဇ္ဈာယ်ဆရာကို၊ ဆရာငါးပါး*ကို၊ အတူနေတပည့်ကို၊ အနီးနေတပည့်ကို၊ ဥပဇ္ဈာယ်ဆရာတူ ဖြစ်သူကို၊ နိဿရည်းဆရာတူဖြစ်သူကို၊ သီတင်းသုံးဖော်ကို စွန့်ပစ်ရမူ ကောင်းလိမ့်မည်ဟု ပြော၏၊ သိစေ၏။ ငါသည် လူဖြစ်ရမူ၊ ဥပါသကာဖြစ်ရမူ၊ အရံစောင့်ဖြစ်ရမူ၊ သာမဏေဖြစ်ရမူ၊ တိတ္ထိဖြစ်ရမူ၊ တိတ္ထိ၏ တပည့်ဖြစ်ရမူ၊ ရဟန်းမဟုတ်သောသူဖြစ်ရမူ၊ ငါသည် သာကီဝင် မင်းသား ဘုရားအနွယ် တော် မဟုတ်သူဖြစ်ရမူ ကောင်းလိမ့်မည် ဟုပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ ပြောဆို သိစေ သော်လည်း အားနည်းမှုကို ထင်ရှားစွာပြုခြင်းသာဖြစ်၍ သိက္ခာကား မကျသေး။

၄၆။ တနည်းသော်ကား (ရဟန်းအဖြစ်၌) ဆန့်ကျင် ပျင်းရိလျက် မပျော်ပိုက်သည်ဖြစ်၍ ရဟန်း အဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်သည် ဖြစ်၍ လူ့အဖြစ်ကို တောင့်တလျက်။ပ။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏ အဖြစ်ကို တောင့်တလျက်။ပ။ ငါသည် အကယ်၍ မြတ်စွာဘုရားကို စွန့်ပစ်ရမူ ကောင်းလိမ့်မည်ဟု ပြော၏၊ သိစေ၏။ပ။ အကယ်၍ သာကီဝင်မင်းသား ဘုရားအနွယ်တော်မဟုတ်သူ ဖြစ်ရမူ ကောင်း လိမ့်မည် ဟု ပြော၏၊ သိစေ၏။ပ။ ငါသည် စင်စစ် မြတ်စွာဘုရားကို စွန့်ပစ်ရမူ ကောင်းလိမ့်မည်ဟု ပြော၏၊ သိစေ၏။ပ။ ငါသည် စင်စစ် သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သူ ဖြစ်ရမူ

* ဆရာငါးပါး ၁-ရှင်ပြုပေးသောဆရာ၊ ၂-ပဉ္စင်းခံပေးသောဆရာ၊ ၃-မိုရာနိဿရည်း ဆရာ၊ ၄-စာပေပို့ချပေးသောဆရာ၊ ၅-အဆုံးအမ ဩဝါဒပေးသောဆရာ။

http://www.dhammadownload.com



ကောင်းလိမ့်မည်ဟု ပြော၏၊ သိစေ၏။ပ။ ငါသည် ယခုမြတ်စွာဘုရားကို စွန့်ပစ်ရမှု ကောင်းလိမ့်မည် ဟု ပြော၏၊ သိစေ၏။ပ။ ငါသည် ယခု သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သူ ဖြစ်ရမှု ကောင်းလိမ့်မည် ဟု ပြော၏၊ သိစေ၏။ပ။ ငါသည် မြတ်စွာဘုရားကို စွန့်ပစ်ရမှု ကောင်းလိမ့်မည်ဟု ပြော၏၊ သိစေ၏။ပ။ ငါသည် သာကီဝင်မင်းသား ဘုရားအနွယ်တော်မဟုတ်သူ ဖြစ်ရမှု ကောင်းလိမ့် မည်ဟု ပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ ပြောဆိုသိစေသော်လည်း အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းသာ ဖြစ်၍ သိက္ခာကား မကျသေး။

၄၇။ တနည်းသော်ကား (ရဟန်းအဖြစ်၌) ဆန့်ကျင် ပျင်းရိလျက် မပျော်ပိုက်သည်ဖြစ်၍ ရဟန်း အဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်သည် ဖြစ်၍ လူ့ အဖြစ်ကို တောင့်တလျက်။ပ။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏ အဖြစ်ကိုတောင့်တလျက် အမိကို အောက်မေ့၏ ဟုပြော၏၊ သိစေ၏။ အဖကို၊ ညီ-အစ်ကိုကို၊ နှမ- အစ်မကို၊ သားကို၊ သမီးကို၊ ဇနီးကို၊ ဆွေမျိုးတို့ကို၊ မိတ်ဆွေတို့ကို၊ ရွာကို၊ နိဂုံးကို၊ လယ်ကို၊ ယာကို၊ ငွေကို၊ ရွှေကို၊ အတတ်ပညာကို၊ ရှေးက ပြုံးရွှင် ပြောဆို မြူးထူး ကစားခဲ့ဘူးသည်ကို အောက်မေ့၏ဟု ပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ပြောဆိုသိစေသော်လည်း အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းသာ ဖြစ်၍ သိက္ခာကား မကျသေး။

၄၈။ တနည်းသော်ကား (ရဟန်းအဖြစ်၌) ဆန့်ကျင် ပျင်းရိလျက် မပျော်ပိုက်သည်ဖြစ်၍ ရဟန်း အဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်သည် ဖြစ်၍ လူ့ အဖြစ်ကို တောင့်တလျက်။ပ။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏ အဖြစ်ကို တောင့်တလျက် ငါ့အား အမိရှိသည်၊ ထိုအမိကို ငါလုပ်ကျွေး မွေးမြူထိုက်သည်။ ငါ့အား အဖရှိသည်၊ ထိုအဖကို ငါ လုပ်ကျွေး မွေးမြူ ထိုက်သည်။ ငါ့အား ညီအစ်ကိုရှိသည်၊ ထိုညီအစ်ကိုကို ငါလုပ်ကျွေး မွေးမြူထိုက်သည်။ ငါ့အား နှမ အစ်မရှိသည်၊ ထိုနှမ အစ်မကို ငါလုပ်ကျွေး မွေးမြူထိုက် သည်။ ငါ့အား သားရှိသည်၊ ထိုသားကို ငါလုပ်ကျွေး မွေးမြူထိုက်သည်။ ငါ့အား သမီးရှိသည်၊ ထိုသမီးကို ငါလုပ်ကျွေး မွေးမြူထိုက်သည်။ ငါ့အား ဇနီးရှိသည်၊ ထိုဇနီးကို ငါ လုပ်ကျွေး မွေးမြူ ထိုက်သည်။ ငါ့အား ဆွေမျိုးများ ရှိကြသည်၊ ထိုဆွေမျိုးများကို ငါ လုပ်ကျွေး မွေးမြူထိုက်သည်။ ငါ့အား မိတ်ဆွေများ ရှိကြသည်၊ ထိုမိတ်ဆွေများကို ငါ လုပ်ကျွေး မွေးမြူထိုက်သည် ဟု ပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ ပြောဆို သိစေသော်လည်း အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းသာဖြစ်၍ သိက္ခာကား မကျသေး။

၄၉။ တနည်းသော်ကား (ရဟန်းအဖြစ်၌) ဆန့်ကျင် ပျင်းရိလျက် မပျော်ပိုက်သည် ဖြစ်၍ ရဟန်း အဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်သည် ဖြစ်၍ လူ့အဖြစ်ကို တောင့်တလျက်။ပ။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏ အဖြစ်ကို တောင့်တလျက် ငါ့အား အမိရှိသည်၊ ထိုအမိသည် ငါ့ကို လုပ်ကျွေးမွေးမြူလိမ့်မည်။ ငါ့အား အဖရှိသည်၊ ထိုအဖသည် ငါ့ကို လုပ်ကျွေးမွေးမြူလိမ့်မည်။ ငါ့အား ညီအစ်ကိုရှိသည်၊ ထိုညီအစ်ကို သည် ငါ့ကို လုပ်ကျွေး မွေးမြူလိမ့်မည်။ ငါ့အား နှမ အစ်မ ရှိသည်၊ ထိုနှမ အစ်မသည် ငါ့ကို လုပ်ကျွေး မွေးမြူလိမ့်မည်။ ငါ့အား သားရှိသည်၊ ထိုသားသည် ငါ့ကို လုပ်ကျွေး မွေးမြူလိမ့်မည်။ ငါ့အား သမီး ရှိသည်၊ ထိုသမီးသည် ငါ့ကို လုပ်ကျွေး မွေးမြူလိမ့်မည်၊ ငါ့အား ဇနီးရှိသည်၊ ထိုဇနီးသည် ငါ့ကို လုပ်ကျွေး မွေးမြူလိမ့်မည်။ ငါ့အား ဆွေမျိုးများရှိကြသည်၊ ထိုဆွေမျိုးများသည် ငါ့ကို လုပ်ကျွေး

http://www.dhammadownload.com



မွေးမြူကြလိမ့်မည်။ ငါ့အား မိတ်ဆွေများ ရှိကြသည်၊ ထိုမိတ်ဆွေများသည် ငါ့ကို လုပ်ကျွေး မွေးမြူကြလိမ့်မည်ဟု ပြော၏၊ သိစေ၏။ ငါ့အား ရွာရှိသည် ထိုရွာဖြင့် ငါ အသက်မွေးမည်။ ငါ့အား နိဂုံးရှိသည်၊ ထိုနိဂုံးဖြင့် ငါ အသက်မွေးမည်။ ငါ့အား လယ်ရှိသည်၊ ထိုလယ်ဖြင့် ငါ အသက်မွေးမည်။ ငါ့အား ယာရှိသည်၊ ထိုယာဖြင့် ငါ အသက်မွေးမည်။ ငါ့အား ငွေရှိသည်၊ ထိုငွေဖြင့် ငါ အသက်မွေးမည်။ ငါ့အား ရွှေရှိသည်၊ ထိုရွှေဖြင့် ငါ အသက်မွေးမည်။ ငါ့အား အတတ်ရှိသည်၊ ထိုအတတ်ဖြင့် ငါ အသက်မွေးမည် ဟု ပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ ပြောဆို သိစေသော်လည်း အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းသာဖြစ်၍ သိက္ခာကား မကျသေး။

၅၀။ တနည်းသော်ကား (ရဟန်းအဖြစ်၌) ဆန့်ကျင် ပျင်းရိလျက် မပျော်ပိုက်သည်ဖြစ်၍ ရဟန်းအဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်သည်ဖြစ်၍ လူ့အဖြစ်ကို တောင့်တလျက်။ပ။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏ အဖြစ်ကို တောင့်တလျက် (မြတ်သောအကျင့်သည်) ခဲယဉ်း၏ ဟုပြော၏၊ သိစေ၏။ မလွယ်ကူ ဟု ပြော၏၊ သိစေ၏။ ကျင့်နိုင်ခဲ၏ ဟုပြော၏၊ သိစေ၏။ ကျင့်ဘို့ရာ မလွယ်ကူဟု ပြော၏၊ သိစေ၏။ မစွမ်းဆောင်နိုင် ဟုပြော၏၊ သိစေ၏။ မရဲဝံ့ ဟုပြော၏၊ သိစေ၏။ မမွေ့လျော် ဟုပြော၏၊ သိစေ၏။ အလွန်မမွေ့လျော် ဟုပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ ပြောဆို သိစေသော်လည်း အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းသာဖြစ်၍ သိက္ခာကား မကျသေး။

၅၁။ ရဟန်းတို့ အဘယ်သို့လျှင် အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းလည်းဖြစ်၍ သိက္ခာလည်းကျသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ရဟန်းအဖြစ်၌) ဆန့်ကျင် ပျင်းရိလျက် မပျော်ပိုက်သည်ဖြစ်၍ ရဟန်းအဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်သည်ဖြစ်၍ လူ့အဖြစ်ကို တောင့်တလျက်။ပ။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏အဖြစ်ကို တောင့်တလျက် မြတ်စွာဘုရားကို စွန့်ပစ်၏ ဟု ပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ ပြောဆို သိစေလျှင်ကား အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းလည်းဖြစ်၍ သိက္ခာလည်း ကျ၏။

တနည်းသော်ကား (ရဟန်းအဖြစ်၌) ဆန့်ကျင် ပျင်းရိလျက် မပျော်ပိုက်သည်ဖြစ်၍ ရဟန်းအဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရဟန်းအဖြစ်ကို ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်သည်ဖြစ်၍ လူ့အဖြစ်ကို တောင့်တလျက်။ပ။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏အဖြစ်ကို တောင့်တလျက် တရားတော်ကို စွန့်ပစ်၏ ဟု ပြော၏၊ သိစေ၏။ သံဃာတော်ကို စွန့်ပစ်၏ ဟုပြော၏၊ သိစေ၏။ သိက္ခာကို စွန့်ပစ်၏ ဟုပြော၏၊ သိစေ၏။ ဝိနည်းကို စွန့်ပစ်၏ ဟု ပြော၏၊ သိစေ၏။ ပါတိမောက်ကို စွန့်ပစ်၏ ဟု ပြော၏၊ သိစေ၏။ ပါတိမောက်ရွတ်ခြင်းကို စွန့်ပစ်၏ ဟုပြော၏၊ သိစေ၏။ ဥပဇ္ဈာယ်ဆရာကို စွန့်ပစ်၏ ဟုပြော၏ သိစေ၏။ ဆရာငါးပါးကို စွန့်ပစ်၏ ဟုပြော၏၊ သိစေ၏။ အတူနေတပည့်ကို စွန့်ပစ်၏ ဟုပြော၏၊ သိစေ၏။ အနီးနေတပည့်ကို စွန့်ပစ်၏ ဟုပြော၏။ သိစေ၏။ ဥပဇ္ဈာယ်ဆရာတူ ဖြစ်သူကို စွန့်ပစ်၏ ဟုပြော၏၊ သိစေ၏။ နိဿယရည်း ဆရာတူ ဖြစ်သူကို စွန့်ပစ်၏ ဟုပြော၏၊ သိစေ၏။ သီတင်းသုံးဖော်ကို စွန့်ပစ်၏ ဟုပြော၏၊ သိစေ၏။ ငါ့ကို လူ ဟူ၍မှတ်ပါ ဟုပြော၏၊ သိစေ၏။ ငါ့ကို ဥပါသကာ ဟူ၍ မှတ်ပါ ဟုပြော၏၊ သိစေ၏။ ငါ့ကို အရံစောင့် ဟူ၍မှတ်ပါ ဟုပြော၏၊ သိစေ၏။ ငါ့ကို သာမဏေဟူ၍ မှတ်ပါ ဟုပြော၏၊ သိစေ၏။ ငါ့ကို တိတ္ထိ ဟူ၍မှတ်ပါ ဟုပြော၏၊ သိစေ၏။ ငါ့ကို တိတ္ထိ၏ တပည့်

http://www.dhammadownload.com



ဟူ၍မှတ်ပါ ဟုပြော၏၊ သိစေ၏။ ငါ့ကို ရဟန်းမဟုတ်သူ ဟူ၍မှတ်ပါ ဟုပြော၏၊ သိစေ၏။ ငါ့ကို သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သူ ဟူ၍မှတ်ပါ ဟုပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ ပြောဆို သိစေလျှင်ကား အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းလည်းဖြစ်၍ သိက္ခာလည်းကျ၏။

၅၂။ တနည်းသော်ကား (ရဟန်းအဖြစ်၌) ဆန့်ကျင် ပျင်းရိလျက် မပျော်ပိုက်သည်ဖြစ်၍ ရဟန်း အဖြစ်မှ ရွေ့လျောလိုရကား ရဟန်းအဖြစ်ကို ငြီးငွေ့သည်ဖြစ်၍ ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်သည် ဖြစ်၍ လူ့အဖြစ်ကို တောင့်တလျက်။ပ။ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သည်၏ အဖြစ်ကို တောင့်တလျက် ငါ့အား မြတ်စွာဘုရားဖြင့် အကျိုးမရှိ ဟုပြော၏၊ သိစေ၏။ပ။ ငါ့အား သီတင်းသုံးဖော်တို့ဖြင့် အကျိုးမရှိ ဟုပြော၏၊ သိစေ၏။ပ။ ဤသို့ပြောဆိုသိစေလျှင်။ပ။ တနည်း သော်ကား။ပ။ ငါ့အား မြတ်စွာဘုရားဖြင့် အဘယ်အကျိုးရှိအံ့နည်း ဟုပြော၏၊ သိစေ၏။ပ။ငါ့အား သီတင်းသုံးဖော်တို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း ဟုပြော၏၊ သိစေ၏။ ငါ့အား မြတ်စွာဘုရားဖြင့် အကျိုးမဖြစ် ဟုပြော၏၊ သိစေ၏။ပ။ ငါ့အား သီတင်းသုံးဖော်တို့ဖြင့် အကျိုးမဖြစ် ဟုပြော၏၊ သိစေ၏။ ငါသည် မြတ်စွာဘုရားမှ ကောင်းစွာ လွတ်မြောက်ရပေပြီ ဟုပြော၏၊ သိစေ၏။ပ။ ငါသည် သီတင်းသုံးဖော်တို့မှ ကောင်းစွာ လွတ်မြောက်ရပေပြီ ဟုပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ပြောဆို သိစေလျှင်ကား အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းလည်းဖြစ်၍ သိက္ခာလည်းကျ၏။

၅၃။ ပြဆိုခဲ့ပြီးမှ တပါး အခြားဖြစ်ကုန်သော အကြင် မြတ်စွာဘုရား 'ဗုဒ္ဓ' ၏ ဝေဝုစ်'စကားလုယ်' တရားတော် 'ဓမ္မ'၏ ဝေဝုစ် သံဃာတော် 'သံဃ'၏ ဝေဝုစ် သိက္ခာ၏ ဝေဝုစ် ဝိနည်း၏ ဝေဝုစ်၊ ပါတိ မောက်၏ ဝေဝုစ်၊ ပါတိမောက္ခုဒ္ဒေသ၏ ဝေဝုစ်၊ ဥပဇ္ဈာယ်ဆရာ၏ ဝေဝုစ်၊ ဆရာငါးပါး၏ ဝေဝုစ်၊ အတူနေတပည့်၏ ဝေဝုစ်၊ အနီးနေ တပည့်၏ ဝေဝုစ်၊ ဥပဇ္ဈာယ်ဆရာတူ၏ ဝေဝုစ်၊ နိဿရည်းဆရာ၏ ဝေဝုစ်၊ သီတင်းသုံးဖော်၏ ဝေဝုစ်၊ လူ၏ ဝေဝုစ်၊ ဥပါသကာ၏ ဝေဝုစ်၊ အရံစောင့်၏ ဝေဝုစ်၊ သာမဏေ ၏ ဝေဝုစ်၊ တိတ္ထိ၏ ဝေဝုစ်၊ တိတ္ထိတပည့်၏ ဝေဝုစ်၊ ရဟန်းမဟုတ်သူ၏ ဝေဝုစ်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်သူ၏ ဝေဝုစ် 'စကားလုယ်' တို့သည် ရှိကုန်၏၊ ထိုအခြင်းအရာ ထိုအသွင် သဏ္ဍာန် ထိုအကြောင်း ထိုနိမိတ်တို့ဖြင့် ပြော၏၊ သိစေ၏။ ရဟန်းတို့ ဤသို့ပြောဆို သိစေလျှင်ကား အားနည်းမှုကို ထင်ရှားစွာ ပြုခြင်းလည်း ဖြစ်၍ သိက္ခာလည်းကျ၏။

၅၄။ ရဟန်းတို့ အဘယ်သို့လျှင် သိက္ခာမကျသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ အကြင် အခြင်းအရာ အကြင်အသွင်သဏ္ဍာန် အကြင်အကြောင်း နိမိတ်တို့ဖြင့် သိက္ခာချ၏၊ ထိုအခြင်းအရာ ထိုအသွင်သဏ္ဍာန် ထိုအကြောင်းနိမိတ်တို့ဖြင့် အရူးသည် သိက္ခာချ၏၊ သိက္ခာမကျ။ အရူး၏ အထံ၌ သိက္ခာချ၏၊ သိက္ခာမကျ။ စိတ်ပျံ့လွင့်သူသည် သိက္ခာချ၏၊ သိက္ခာမကျ။ စိတ်ပျံ့လွင့်သူ၏ အထံ၌ သိက္ခာချ၏၊ သိက္ခာမကျ။ ဝေဒနာဖိစီးသူသည် သိက္ခာချ၏၊ သိက္ခာမကျ။ ဝေဒနာဖိစီးသူ၏ အထံ၌ သိက္ခာချ၏၊ သိက္ခာမကျ။ နတ်၏ အထံ၌ သိက္ခာချ၏၊ သိက္ခာမကျ။ တိရစ္ဆာန်၏ အထံ၌ သိက္ခာချ၏၊ သိက္ခာမကျ။ အရိယာတို့၏ဝေါဟာရ 'မာဂဓဘာသာ'ဖြင့် လူရိုင်းအထံ၌ သိက္ခာချ၏၊ ထိုသူသည် နားမလည် သိက္ခာမကျ။ လူရိုင်းဘာသာဖြင့် အရိယာ၏အထံ၌ သိက္ခာချ၏၊ ထိုအရိယာသည် နားမ လည် သိက္ခာမကျ။ အရိယာဘာသာဖြင့် အရိယာ၏အထံ၌ သိက္ခာချ၏၊ ထိုအရိယာသည် နားမလည်၊ သိက္ခာမကျ။ လူရိုင်းဘာသာဖြင့် လူရိုင်း၏အထံ၌ သိက္ခာချ၏၊ ထိုလူရိုင်းသည် နားမလည်၊ သိက္ခာ မကျ။ အဆောတလျင် 'အလျင်'ဆိုမိသဖြင့် သိက္ခာချ၏၊ သိက္ခာမကျ။ ချွတ်ယွင်း ဖောက်ပြန် 'မမှန် မကန်' ဆိုမိသဖြင့် သိက္ခာချ၏၊ သိက္ခာမကျ။ မကြားစေလိုပဲ ပြောကြား၏၊ 'မကြားအောင်ပြော၏' သိက္ခာမကျ။ ကြားစေလိုလျက် မပြောကြား၊ 'ကြားအောင်မပြော' သိက္ခာမကျ။ နားမလည်

သူအား ပြောကြား၏၊ သိက္ခာမကျ။ နားလည်သူအား မပြောကြား၊ သိက္ခာမကျ။ လုံးလုံး သော်လည်း မပြောကြား သိက္ခာမကျ။ ရဟန်းတို့ ဤသို့ ပြောဆို သိစေသော်လည်း သိက္ခာသည် မကျပေ။

၅၅။ **မေထုန်အကျင့်** မည်သည် အကြင်အကျင့်သည် မသူတော်တို့၏ အကျင့်ဖြစ်၏၊ ရပ်ရွာနေသူ လူတို့၏အကျင့်ဖြစ်၏၊ သူယုတ်တို့၏ အကျင့်ဖြစ်၏၊ ရုန့်ရင်းကြမ်းတမ်း၏၊ ရေဆေးခြင်းကိစ္စလျှင်အဆုံး ရှိ၏၊ (လူမြင်လျှင် မတင့်တယ်၍) မမြင်ကွယ်ရာ၌ ပြုအပ်၏၊ အစုံအစုံတွဲ၍ ပြုကျင့်ရ၏၊ ဤအကျင့် သည် မေထုန် အကျင့်မည်၏။

**(ပြုကျင့်)မှီဝဲ၏** မည်သည် အကြင်ရဟန်းသည် မိမိ၏နိမိတ်ဖြင့် **မိန်းမ၏နိမိတ်သို့ မိမိ၏အင်္ဂါ ဇာတ်ဖြင့်** မိန်းမ၏ အင်္ဂါဇာတ်သို့ အယုတ်ဆုံးအားဖြင့် နှမ်းတလုံးမျှဝင်စေ၏ 'သွင်း၏'၊ဤရဟန်း သည် (ပြုကျင့်) မှီဝဲ၏ မည်၏။

**အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်မ၌သော်လည်း** ဟူရာ၌ တိရစ္ဆာန်မ၌ဖြစ်စေကာမူ (နှစ်ဦးစုံပျော် မွေ့သော အကျင့်ဟု ဆိုအပ်သော) မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲသောကြောင့် ရဟန်းမဟုတ် တော့ပေ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပေ၊ လူမိန်းမ၌ ဆိုဘွယ်ရာမရှိပြီ၊ထို့ ကြောင့် "အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်မ၌သော်လည်း" ဟုဆိုရ၏။

**သာသနာတော်မှဆုံးရှုံးခြင်းသို့ရောက်၏** ဟူရာ၌ ဥပမာသော်ကား ဦးခေါင်းပြတ်ပြီးသူသည် ထိုဦးခေါင်းနှင့်ခန္ဓာကိုယ်ကို ပြန်၍ ဆက်စပ်သော်လည်း အသက်ရှင်ဘို့ရာ မဖြစ်နိုင်သကဲ့သို့ ဤအတူ ရဟန်းသည် မေထုန်အကျင့်ကို(ပြုကျင့်)မှီဝဲခြင်းကြောင့် ရဟန်းမဟုတ်တော့ပေ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပေ၊ ထို့ကြောင့် "သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏" ဟု ဆိုရ၏။

**ရဟန်းကောင်းတို့နှင့်အတူတကွပေါင်းသင်းရခြင်းမရှိ** ဟူရာ၌ ပေါင်းသင်းခြင်းမည်သည် အတူ တကွ ဝိနည်းကံပြုမှု အတူတကွ ပါတိမောက်ရွတ်(ပြ)မှု တူမျှသော ကျင့်ကြံနေထိုင်မှုတည်း၊ ဤအလုံး စုံသည် ပေါင်းသင်းခြင်းမည်၏၊ ထိုပေါင်းသင်းခြင်းသည် ထို (ပါရာဇိကကျသော) ရဟန်းနှင့် အတူတကွ မရှိတော့ပေ၊ ထို့ကြောင့် "ရဟန်းကောင်းတို့နှင့်အတူတကွ ပေါင်းသင်းရခြင်းမရှိ"ဟု ဆိုရ၏။

၅၆။ လူမိန်းမ နတ်မိန်းမ တိရစ္ဆာန်မိန်းမ အားဖြင့် မိန်းမသုံးမျိုး၊ လူ ဥဘတောဗျည်း 'လိင် ၂ မျိုး ရှိသူ' နတ် ဥဘတောဗျည်း တိရစ္ဆာန် ဥဘတောဗျည်း အားဖြင့် ဥဘတောဗျည်းသုံးမျိုး၊ လူပဏ္ဍုက် 'လိင်ချို့ငဲ့သူ' နတ်ပဏ္ဍုက် တိရစ္ဆာန် ပဏ္ဍုက် အားဖြင့် ပဏ္ဍုက်သုံးမျိုး၊ လူယောကျ်ား နတ် ယောကျ်ား တိရစ္ဆာန် ယောကျ်ား အားဖြင့် ယောကျ်ားသုံးမျိုး။

လူမိန်းမ၏ ဝစ္စမဂ်[၁] ပဿာဝမဂ်[၂] မုခမဂ်[၃] ဟူသော လမ်းကြောင်းသုံးမျိုး၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲသောရဟန်းအား ပါရာဇိက အာပတ်သင့်၏။

နတ်မိန်းမ တိရစ္ဆာန်မိန်းမ၏ ဝစ္စမဂ် ပဿာဝမဂ် မုခမဂ်ဟူသော လမ်းကြောင်းသုံးမျိုး၌မေထုန် အကျင့်ကို (ပြုကျင့်) မှီဝဲသော ရဟန်းအား ပါရာဇိက အာပတ်သင့်၏။

---

၁-ဝစ္စမဂ်+ကျင်ကြီးစွန့်ရာအပေါက်။ ၂-ပဿာဝမဂ်+ကျင်ငယ်စွန့်ရာအပေါက်။ ၃-မုခမဂ်+ပါးစပ်ပေါက်။

http://www.dhammadownload.com



လူဥဘတောဗျည်း နတ်ဥဘတောဗျည်း တိရစ္ဆာန် ဥဘတောဗျည်း၏ ဝစ္စမဂ် ပဿာဝမဂ် မုခမဂ် ဟူသော လမ်းကြောင်းသုံးမျိုး၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲသော ရဟန်းအား ပါရာဇိက အာပတ်သင့်၏။

လူပဏ္ဍုက်၏ ဝစ္စမဂ် မုခမဂ် ဟူသော လမ်းကြောင်းနှစ်မျိုး၌ မေထုန်အကျင့်ကို (ပြုကျင့်)မှီဝဲသော ရဟန်းအား ပါရာဇိက အာပတ်သင့်၏။

နတ်ပဏ္ဍုက် တိရစ္ဆာန်ပဏ္ဍုက် လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ား၏ ဝစ္စမဂ် မုခမဂ်ဟူသော လမ်းကြောင်း နှစ်မျိုး၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲသော ရဟန်းအား ပါရာဇိက အာပတ်သင့်၏။

၅၇။ ရဟန်း၏ (မေထုန်ပြုကျင့်) မှီဝဲလိုစိတ် ဖြစ်ပေါ်လတ်သော် 'ဖြစ်ပေါ်သောအခါ' လူမိန်းမ၏ ဝစ္စမဂ်သို့ မိမိ၏အင်္ဂါဇာတ်ကို သွင်းသော ရဟန်းအား ပါရာဇိက အာပတ်သင့်၏။

ရဟန်း၏ (မေထုန်ပြုကျင့်) မှီဝဲလိုစိတ် ဖြစ်ပေါ်လတ်သော် 'ဖြစ်ပေါ်သောအခါ'လူမိန်းမ၏ ပဿာဝမဂ် မုခမဂ်သို့ မိမိ၏ အင်္ဂါဇာတ်ကို သွင်းသောရဟန်းအား ပါရာဇိကအာပတ်သင့်၏။

ရဟန်း၏ (မေထုန်ပြုကျင့်) မှီဝဲလိုစိတ် ဖြစ်ပေါ်လတ်သော် 'ဖြစ်ပေါ်သောအခါ' နတ်မိန်းမ၏ တိရစ္ဆာန် မိန်းမ၏ လူ ဥဘတောဗျည်း၏ နတ် ဥဘတောဗျည်း၏ တိရစ္ဆာန် ဥဘတောဗျည်း၏ ဝစ္စမဂ် ပဿာဝမဂ် မုခမဂ်သို့ မိမိ၏ အင်္ဂါဇာတ်ကို သွင်းသောရဟန်းအား ပါရာဇိကအာပတ်သင့်၏။

ရဟန်း၏ (မေထုန်ပြုကျင့်) မှီဝဲလိုစိတ် ဖြစ်ပေါ်လတ်သော် 'ဖြစ်ပေါ်သောအခါ'လူပဏ္ဍုက်၏ ဝစ္စမဂ် မုခမဂ်သို့ မိမိ၏အင်္ဂါဇာတ်ကို သွင်းသောရဟန်းအား ပါရာဇိကအာပတ်သင့်၏။

ရဟန်း၏ (မေထုန်ပြုကျင့်) မှီဝဲလိုစိတ် ဖြစ်ပေါ်လတ်သော် 'ဖြစ်ပေါ်သောအခါ'နတ်ပဏ္ဍုက်၏ တိရစ္ဆာန် ပဏ္ဍုက်၏ လူယောကျ်ား၏ နတ်ယောကျ်ား၏ တိရစ္ဆာန်ယောကျ်ား၏ ဝစ္စမဂ် မုခမဂ်သို့ မိမိ၏ အင်္ဂါဇာတ်ကို သွင်းသော ရဟန်းအား ပါရာဇိက အာပတ်သင့်၏။

၅၈။ ရန်သူ ရဟန်းတို့သည် လူမိန်းမကို ရဟန်း၏ အထံသို့ ခေါ်ဆောင်၍ ဝစ္စမဂ်ဖြင့် (ရဟန်း၏) အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။

ရန်သူ ရဟန်းတို့သည် လူမိန်းမကို ရဟန်း၏ အထံသို့ ခေါ်ဆောင်၍ ဝစ္စမဂ်ဖြင့် (ရဟန်း၏) အင်္ဂါဇာတ်ကိုစပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ မသာယာမူ၍ ဝင်ဆဲခဏ၌သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။

ရန်သူ ရဟန်းတို့သည် လူမိန်းမကို ရဟန်း၏ အထံသို့ ခေါ်ဆောင်၍ ဝစ္စမဂ် ဖြင့်(ရဟန်း၏) အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌မသာယာမူ၍ ဝင်ဆဲခဏ၌ မသာယာမူ၍ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။

ရန်သူ ရဟန်းတို့သည် လူမိန်းမကို ရဟန်း၏ အထံသို့ ခေါ်ဆောင်၍ ဝစ္စမဂ်ဖြင့် (ရဟန်း၏) အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ မသာယာမူ၍ ဝင်ဆဲခဏ၌ မသာယာမူ၍ တည်ဆဲခဏ၌ မသာယာမူ၍ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။

http://www.dhammadownload.com



ရန်သူ ရဟန်းတို့သည် လူမိန်းမကို ရဟန်း၏အထံသို့ ခေါ်ဆောင်၍ ဝစ္စမဂ်ဖြင့် (ရဟန်း၏) အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ မသာယာအံ့၊ ဝင်ဆဲခဏ၌ မသာယာအံ့၊ တည်ဆဲခဏ၌မသာယာအံ့၊ နုတ်ဆဲခဏ၌ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် လူမိန်းမကို ရဟန်း၏ အထံသို့ ခေါ်ဆောင်၍ ပဿာဝမဂ်ဖြင့် မုခမဂ်ဖြင့် (ရဟန်း၏) အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။ပ။မသာယာအံ့၊ အာပတ်မသင့်။

၅၉။ ရန်သူ ရဟန်းတို့သည် နိုးသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သောလူမိန်းမကို သေ၍ ခွေးမစားသေးသော သေ၍များသောအားဖြင့် ခွေးမစားသေးသော 'နည်းနည်းစားပြီးသော' (အသေကောင်) လူမိန်းမကို။ပ။ ပါရာဇိကအာပတ်သင့်၏။ သေ၍ များသောအားဖြင့်ခွေးစားပြီးသော (အသေကောင်) လူမိန်းမကို ရဟန်း၏ အထံသို့ ယူဆောင်၍ ဝစ္စမဂ်ဖြင့် ပဿာဝမဂ်ဖြင့် မုခမဂ်ဖြင့် (ရဟန်း၏) အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌သာယာအံ့၊ ဝင်ဆဲခဏ၌သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် နတ်မိန်းမကို တိရစ္ဆာန်မိန်းမကို လူ ဥဘတောဗျည်းကို နတ် ဥဘတောဗျည်းကို တိရစ္ဆာန် ဥဘတောဗျည်းကို ရဟန်း၏ အထံသို့ ခေါ်ဆောင်၍ ဝစ္စမဂ်ဖြင့် ပဿာဝမဂ်ဖြင့် မုခမဂ်ဖြင့်(ရဟန်း၏)အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် နိုးကြားသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သော တိရစ္ဆာန်ဥဘတောဗျည်းကို သေ၍ ခွေးမစားသေးသော သေ၍ များသောအားဖြင့် ခွေးမစားသေးသော (အသေကောင်) တိရစ္ဆာန်ဥဘတောဗျည်းကို။ပ။ ပါရာဇိကအာပတ်သင့်၏။ သေ၍ များသောအားဖြင့် ခွေးစားပြီးသော (အသေကောင်) တိရစ္ဆာန် ဥဘတောဗျည်းကို ရဟန်း၏ အထံသို့ ယူဆောင်၍ ဝစ္စမဂ် ဖြင့် ပဿာဝမဂ် ဖြင့် မုခမဂ်ဖြင့် (ရဟန်း၏) အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ထို ရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌သာယာအံ့၊ တည်ဆဲခဏ၌သာယာအံ့၊နုတ်ဆဲခဏ၌ သာယာအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် လူပဏ္ဍုက်ကို နတ်ပဏ္ဍုက်ကို တိရစ္ဆာန် ပဏ္ဍုက်ကို ရဟန်း၏ အထံသို့ခေါ်ဆောင်၍ ဝစ္စမဂ်ဖြင့် မုခမဂ်ဖြင့် (ရဟန်း၏) အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိက အာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် နိုးကြားသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သော တိရစ္ဆာန်ပဏ္ဍုက်ကို သေ၍ ခွေးမစားသေးသော သေ၍ များသောအားဖြင့် ခွေးမစားသေးသော (အသေကောင်) တိရစ္ဆာန် ပဏ္ဍုက်ကို။ပ။ ပါရာဇိကအာပတ်သင့်၏။ သေ၍ များသောအားဖြင့် ခွေးစားပြီးသော (အသေကောင်) တိရစ္ဆာန်ပဏ္ဍုက်ကို ရဟန်း၏အထံသို့ ယူဆောင်၍ ဝစ္စမဂ်ဖြင့်

http://www.dhammadownload.com



မုခမဂ်ဖြင့် အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ထုလ္လစ္စဥ်းအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

၆၀။ ရန်သူ ရဟန်းတို့သည် လူယောကျ်ားကို နတ်ယောကျ်ားကို တိရစ္ဆာန်ယောကျ်ားကိုရဟန်း၏ အထံသို့ ခေါ်ဆောင်၍ ဝစ္စမဂ်ဖြင့် မုခမဂ်ဖြင့် (ရဟန်း၏) အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထို ရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် နိုးကြားသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သော တိရစ္ဆာန် ယောကျ်ားကို သေ၍ ခွေးမစားသေးသော သေ၍ များသောအားဖြင့် ခွေးမစားသေးသော (အသေကောင်) တိရစ္ဆာန်ယောကျ်ားကို။ပ။ ပါရာဇိကအာပတ်သင့်၏။ သေ၍ များသောအားဖြင့် ခွေးစားပြီးသော (အသေကောင်) တိရစ္ဆာန် ယောကျ်ားကို ရဟန်း၏ အထံသို့ ယူဆောင်၍ ဝစ္စမဂ်ဖြင့် မုခမဂ်ဖြင့် (ရဟန်း၏)အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ထုလ္လစ္စဥ်းအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

၆၁။ ရန်သူ ရဟန်းတို့သည် လူမိန်းမကို ရဟန်း၏ အထံသို့ ခေါ်ဆောင်၍ အနှီးဝတ်ခံသောမိန်းမ၏ ဝစ္စမဂ်ဖြင့် ပဿာဝမဂ်ဖြင့် မုခမဂ်ဖြင့် အနှီးဝတ်မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏။

အနှီးဝတ် မခံသော မိန်းမ၏..............................ဖြင့်
အနှီးဝတ် ပတ်သော ရဟန်း၏..........................ကို
အနှီးဝတ် ခံသော မိန်းမ၏..............................ဖြင့်
အနှီးဝတ် ပတ်သော ရဟန်း၏..........................ကို
အနှီးဝတ် မခံသော မိန်းမ၏..............................ဖြင့်

အနှီးဝတ် မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် နိုးကြားသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သော လူမိန်းမကို သေ၍ ခွေးမစားသေးသော သေ၍ များသောအားဖြင့် ခွေးမစားသေးသော(အသေကောင်) လူမိန်းမကို။ပ။ ပါရာဇိက အာပတ်သင့်၏။ သေ၍ များသောအားဖြင့် ခွေးစားပြီးသော (အသေကောင်) လူမိန်းမကို ရဟန်း၏ အထံသို့ ယူဆောင်၍ အနှီးဝတ်ခံသော မိန်းမ၏ ဝစ္စမဂ်ဖြင့် ပဿာဝမဂ်ဖြင့် မုခမဂ်ဖြင့် အနှီးဝတ်မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏။

အနှီးဝတ် မခံသော မိန်းမ၏..............................ဖြင့်
အနှီးဝတ် ပတ်သော ရဟန်း၏..........................ကို
အနှီးဝတ် ခံသော မိန်းမ၏..............................ဖြင့်

http://www.dhammadownload.com



အနိုးဝတ် ပတ်သော ရဟန်း၏..........................ကို

အနိုးဝတ် မခံသော မိန်းမ၏..............................ဖြင့်

အနိုးဝတ် မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ထုလ္လစ္စဉ်း အာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် နတ်မိန်းမကို တိရစ္ဆာန်မိန်းမကို လူ ဥဘတောဗျည်းကို နတ် ဥဘတောဗျည်းကို တိရစ္ဆာန် ဥဘတောဗျည်းကို ရဟန်း၏ အထံသို့ ခေါ်ဆောင်၍ အနိုးဝတ်ခံသော တိရစ္ဆာန် ဥဘတောဗျည်း၏ ဝစ္စမဂ်ဖြင့် ပဿာဝမဂ်ဖြင့် မုခမဂ်ဖြင့် အနိုးဝတ်မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏။

အနိုးဝတ် မခံသော တိရစ္ဆာန် ဥဘတောဗျည်း၏..............................ဖြင့်

အနိုးဝတ် ပတ်သော ရဟန်း၏...........................................................ကို

အနိုးဝတ် ခံသော တိရစ္ဆာန် ဥဘတောဗျည်း၏..............................ဖြင့်

အနိုးဝတ် ပတ်သော ရဟန်း၏...........................................................ကို

အနိုးဝတ် မခံသော တိရစ္ဆာန် ဥဘတောဗျည်း၏..............................ဖြင့်

အနိုးဝတ် မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် နိုးကြားသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သော တိရစ္ဆာန် ဥဘတောဗျည်းကို သေ၍ ခွေးမစားသေးသော သေ၍ များသောအားဖြင့် ခွေးမစားသေးသော (အသေကောင်) တိရစ္ဆာန် ဥဘတောဗျည်းကို။ပ။ ပါရာဇိကအာပတ်သင့်၏။ သေ၍များသောအားဖြင့် ခွေးစားပြီးသော (အသေကောင်) တိရစ္ဆာန် ဥဘတောဗျည်းကို ရဟန်း၏အထံသို့ ယူဆောင်၍ အနိုးဝတ်ခံသော တိရစ္ဆာန် ဥဘတောဗျည်း၏ ဝစ္စမဂ်ဖြင့် ပဿာဝမဂ်ဖြင့် မုခမဂ်ဖြင့် အနိုးဝတ်မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏။

အနိုးဝတ်မခံသော တိရစ္ဆာန် ဥဘတောဗျည်း၏..............................ဖြင့်

အနိုးဝတ်ပတ်သော ရဟန်း၏...........................................................ကို

အနိုးဝတ်ခံသော တိရစ္ဆာန် ဥဘတောဗျည်း၏..............................ဖြင့်

အနိုးဝတ်ပတ်သော ရဟန်း၏...........................................................ကို

အနိုးဝတ်မခံသော တိရစ္ဆာန် ဥဘတောဗျည်း၏..............................ဖြင့်

အနိုးဝတ်မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက် စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲ ခဏ၌ သာယာအံ့၊ ဝင်ဆဲ ခဏ၌ သာယာအံ့၊ တည်ဆဲ ခဏ၌ သာယာအံ့၊ နုတ်ဆဲ ခဏ၌ သာယာအံ့၊ ထုလ္လစ္စဉ်း အာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

http://www.dhammadownload.com



၆၂။ ရန်သူ ရဟန်းတို့သည် လူပဏ္ဍုက်ကို နတ်ပဏ္ဍုက်ကို တိရစ္ဆာန် ပဏ္ဍုက်ကို လူယောကျ်ားကို နတ်ယောကျ်ားကို တိရစ္ဆာန် ယောကျ်ားကို ရဟန်း၏ အထံသို့ ခေါ်ဆောင်၍ အနိုးဝတ်ခံသော တိရစ္ဆာန် ယောကျ်ား၏ ဝစ္စမဂ်ဖြင့် မုခမဂ်ဖြင့် အနိုးဝတ်မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏။

အနိုးဝတ်မခံသော တိရစ္ဆာန် ယောကျ်ား၏..............................ဖြင့်
အနိုးဝတ်ပတ်သော ရဟန်း၏.......................................................ကို
အနိုးဝတ်ခံသော တိရစ္ဆာန် ယောကျ်ား၏......................................ဖြင့်
အနိုးဝတ်ပတ်သော ရဟန်း၏.......................................................ကို
အနိုးဝတ်မခံသော တိရစ္ဆာန် ယောကျ်ား၏..............................ဖြင့်

အနိုးဝတ်မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲ ခဏ၌ သာယာအံ့၊ ဝင်ဆဲ ခဏ၌ သာယာအံ့၊ တည်ဆဲ ခဏ၌ သာယာအံ့၊ နုတ်ဆဲ ခဏ၌ သာယာအံ့၊ ပါရာဇိက အာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် နိုးကြားသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သော တိရစ္ဆာန်ယောကျ်ားကို သေ၍ခွေးမစားသေးသော သေ၍ များသောအားဖြင့် ခွေးမစားသေးသော (အသေကောင်)တိရစ္ဆာန်ယောကျ်ားကို။ပ။ ပါရာဇိကအာပတ်သင့်၏။ သေ၍ များသောအားဖြင့် ခွေးစားပြီးသော (အသေကောင်) တိရစ္ဆာန် ယောကျ်ားကို ရဟန်း၏အထံသို့ ယူဆောင်၍အနိုးဝတ်ခံသော တိရစ္ဆာန် ယောကျ်ား၏ ဝစ္စမဂ်ဖြင့် မုခမဂ်ဖြင့် အနိုးဝတ်မပတ်သော ရဟန်း၏အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏။

အနိုးဝတ်မခံသော တိရစ္ဆာန် ယောကျ်ား၏..............................ဖြင့်
အနိုးဝတ်ပတ်သော ရဟန်း၏.......................................................ကို
အနိုးဝတ်ခံသော တိရစ္ဆာန် ယောကျ်ား၏......................................ဖြင့်
အနိုးဝတ်ပတ်သော ရဟန်း၏.......................................................ကို
အနိုးဝတ်မခံသော တိရစ္ဆာန် ယောကျ်ား၏..............................ဖြင့်

အနိုးဝတ်မပတ်သော ရဟန်း၏ အင်္ဂါဇာတ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲ ခဏ၌ သာယာအံ့၊ ဝင်ဆဲ ခဏ၌ သာယာအံ့၊ တည်ဆဲ ခဏ၌ သာယာအံ့၊ နုတ်ဆဲ ခဏ၌ သာယာအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

၆၃။ ရန်သူ ရဟန်းတို့သည် ရဟန်းကို လူမိန်းမ၏ အထံသို့ ခေါ်ဆောင်၍ (ရဟန်း၏) အင်္ဂါဇာတ်ဖြင့် ဝစ္စမဂ်ကို ပဿာဝမဂ်ကို မုခမဂ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲ ခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိက အာပတ်သင့်၏။ပ။မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် ရဟန်းကို နိုးကြားသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သော လူမိန်းမ၏ အထံသို့ သေ၍ခွေးမစားသေးသော သေ၍ များသောအားဖြင့်ခွေးမစားသေးသော (အသေကောင်) လူမိန်းမ၏အထံသို့။ပ။ ပါရာဇိက အာပတ်သင့်၏။ သေ၍ များသောအားဖြင့် ခွေးစားပြီးသော (အသေကောင်) လူမိန်းမ၏ အထံသို့ ခေါ်ဆောင်၍ (ရဟန်း၏) အင်္ဂါ

http://www.dhammadownload.com



ဇာတ်ဖြင့် ဝစ္စမဂ်ကို ပဿာဝမဂ်ကို မုခမဂ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ထုလ္လစ္စဉ်း အာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် ရဟန်းကို နတ်မိန်းမ၏ တိရစ္ဆာန်မိန်းမ၏ လူ ဥဘတောဗျည်း၏ နတ် ဥဘတောဗျည်း၏ တိရစ္ဆာန် ဥဘတောဗျည်း၏ လူ ပဏ္ဍုက်၏ နတ် ပဏ္ဍုက်၏ တိရစ္ဆာန် ပဏ္ဍုက်၏ လူ ယောကျ်ား၏ နတ် ယောကျ်ား၏ တိရစ္ဆာန် ယောကျ်ား၏ အထံသို့ ခေါ် ဆောင်၍ (ရဟန်း၏) အင်္ဂါဇာတ်ဖြင့် ဝစ္စမဂ်ကို မုခမဂ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိက အာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် ရဟန်းကို နိုးကြားသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သော တိရစ္ဆာန် ယောကျ်ား၏ အထံသို့ သေ၍ ခွေးမစားသေးသော သေ၍ များသော အားဖြင့် ခွေးမစားသေးသော (အသေကောင်) တိရစ္ဆာန် ယောကျ်ား၏ အထံသို့။ပ။ ပါရာဇိက အာပတ်သင့်၏။ သေ၍ များသောအားဖြင့် ခွေးစားပြီးသော(အသေကောင်)တိရစ္ဆာန် ယောကျ်ား၏ အထံသို့ ခေါ် ဆောင်၍ (ရဟန်း၏) အင်္ဂါဇာတ်ဖြင့် ဝစ္စမဂ်ကို မုခမဂ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

၆၄။ ရန်သူ ရဟန်းတို့သည် ရဟန်းကို လူမိန်းမ၏ အထံသို့ ခေါ် ဆောင်၍ အနှီးဝတ်ပတ်သောရဟန်း၏ အင်္ဂါဇာတ်ဖြင့် အနှီးဝတ်မခံသော မိန်းမ၏ ဝစ္စမဂ်ကို ပဿာဝမဂ်ကို မုခမဂ်ကို စပ်ယှက်စေကုန်၏။

အနှီးဝတ် မပတ်သော ရဟန်း၏...............................ဖြင့်
အနှီးဝတ် ခံသော မိန်းမ၏.......................................ကို
အနှီးဝတ် ပတ်သော ရဟန်း၏...............................ဖြင့်
အနှီးဝတ် ခံသော မိန်းမ၏.......................................ကို
အနှီးဝတ် မပတ်သော ရဟန်း၏...............................ဖြင့်

အနှီးဝတ်မခံသော မိန်းမ၏ ဝစ္စမဂ်ကို ပဿာဝမဂ်ကို မုခမဂ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် ရဟန်းကို နိုးကြားသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သော လူမိန်းမ၏ အထံသို့ သေ၍ ခွေးမစားသေးသော သေ၍ များသောအားဖြင့် ခွေးမစားသေးသော (အသေကောင်) လူမိန်းမ၏ အထံသို့။ပ။ ပါရာဇိကအာပတ်သင့်၏။ သေ၍ များသောအားဖြင့် ခွေးစားပြီးသော (အသေကောင်) လူမိန်းမ၏ အထံသို့ ခေါ် ဆောင်၍ အနှီးဝတ်ပတ်သောရဟန်း၏ အင်္ဂါဇာတ်ဖြင့် အနှီးဝတ်မခံသော မိန်းမ၏ ဝစ္စမဂ်ကို ပဿာဝမဂ်ကို မုခမဂ်ကို စပ်ယှက် စေကုန်၏။

အနှီးဝတ် မပတ်သော ရဟန်း၏...............................ဖြင့်
အနှီးဝတ် ခံသော မိန်းမ၏.......................................ကို
အနှီးဝတ် ပတ်သော ရဟန်း၏...............................ဖြင့်

http://www.dhammadownload.com



အနီးဝတ် ခံသော မိန်းမ၏......................................ကို

အနီးဝတ် မပတ်သော ရဟန်း၏..............................ဖြင့်

အနီးဝတ် မခံသော မိန်းမ၏ ဝစ္စမဂ်ကို ပဿာဝမဂ်ကို မုခမဂ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌သာယာအံ့၊ ထုလ္လစ္စဥ်းအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

ရန်သူ ရဟန်းတို့သည် ရဟန်းကို နတ်မိန်းမ၏ တိရစ္ဆာန် မိန်းမ၏ လူ ဥဘတောဗျည်း၏ နတ် ဥဘတောဗျည်း၏ တိရစ္ဆာန် ဥဘတောဗျည်း၏ လူပဏ္ဍုက်၏ နတ်ပဏ္ဍုက်၏ တိရစ္ဆာန်ပဏ္ဍုက်၏ လူယောကျ်ား၏ နတ်ယောကျ်ား၏ တိရစ္ဆာန် ယောကျ်ား၏ အထံသို့ ခေါ်ဆောင်၍ အနီးဝတ် ပတ်သော ရဟန်း၏ အင်္ဂါဇာတ်ဖြင့် အနီးဝတ်မခံသော တိရစ္ဆာန်ယောကျ်ား၏ ဝစ္စမဂ်ကို မုခမဂ်ကို စပ်ယှက် စေကုန်၏။

အနီးဝတ်မပတ်သော ရဟန်း၏..............................ဖြင့်

အနီးဝတ်ခံသော တိရစ္ဆာန် ယောကျ်ား၏...............ကို

အနီးဝတ်ပတ်သော ရဟန်း၏..................................ဖြင့်

အနီးဝတ်ခံသော တိရစ္ဆာန် ယောကျ်ား၏...............ကို

အနီးဝတ်မပတ်သော ရဟန်း၏..............................ဖြင့်

အနီးဝတ်မခံသော တိရစ္ဆာန် ယောကျ်ား၏ ဝစ္စမဂ်ကို မုခမဂ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့၊ နုတ်ဆဲခဏ၌ သာယာအံ့၊ ပါရာဇိကအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

၆၅။ ရန်သူ ရဟန်းတို့သည် ရဟန်းကို နိုးကြားသော အိပ်ပျော်သော မူးယစ်သော ရူးသော မေ့လျော့သော တိရစ္ဆာန်ယောကျ်ား၏ အထံသို့ သေ၍ ခွေးမစားသေးသော သေ၍ များသောအားဖြင့် ခွေးမစားသေးသော(အသေကောင်)တိရစ္ဆာန်ယောကျ်ား၏ အထံသို့။ပ။ ပါရာဇိကအာပတ်သင့်၏။ သေ၍ များသောအားဖြင့် ခွေးစားပြီးသော (အသေကောင်) တိရစ္ဆာန် ယောကျ်ား၏ အထံသို့ ခေါ်ဆောင်၍ အနီးဝတ်ပတ်သော ရဟန်း၏ အင်္ဂါဇာတ်ဖြင့် အနီးဝတ်မခံသော တိရစ္ဆာန်ယောကျ်ား ၏ ဝစ္စမဂ်ကို မုခမဂ်ကို စပ်ယှက်စေကုန်၏။

အနီးဝတ်မပတ်သော ရဟန်း၏...........................ဖြင့်

အနီးဝတ်ခံသော တိရစ္ဆာန် ယောကျ်ား၏............ကို

အနီးဝတ်ပတ်သော ရဟန်း၏...........................ဖြင့်

အနီးဝတ်ခံသော တိရစ္ဆာန် ယောကျ်ား၏............ကို

အနီးဝတ်မပတ်သော ရဟန်း၏...........................ဖြင့်

အနီးဝတ်မခံသော တိရစ္ဆာန်ယောကျ်ား၏ ဝစ္စမဂ်ကို မုခမဂ်ကို စပ်ယှက်စေကုန်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာအံ့၊ ဝင်ဆဲခဏ၌ သာယာအံ့၊ တည်ဆဲခဏ၌ သာယာအံ့ နုတ်ဆဲခဏ၌ သာယာအံ့၊ ထုလ္လစ္စဥ်းအာပတ်သင့်၏။ပ။ မသာယာအံ့၊ အာပတ်မသင့်။

http://www.dhammadownload.com



**ရန်သူ** ရဟန်းတို့ကို အကျယ်ချဲ့၍ ဆိုအပ်ကုန်သကဲ့သို့ ဤအတူ ရန်သူမင်း ရန်သူခိုးသူ **ရန်သူ** အပျော်ကြူးသမား ရန်သူ ဒမြ လူဆိုးတို့ကိုလည်း အကျယ်ချဲ့၍ ဆိုအပ်ကုန်၏၊ (ဤဩကား)အကျဉ်း ချုပ်၍ မြွပ်လိုက်ပြီ။

၆၆။ လမ်းကြောင်း 'မဂ်' တခုဖြင့် လမ်းကြောင်း 'မဂ်' တခုသို့ သွင်းအံ့၊ ပါရာဇိကအာပတ်သင့်၏၊ လမ်းကြောင်း 'မဂ်' ဖြင့် လမ်းကြောင်းမဟုတ်ရာ (အမာ၀ စသည်) သို့သွင်းအံ့၊ ပါရာဇိက အာပတ် သင့်၏။ လမ်းကြောင်း မဟုတ်ရာ (အမာ၀ စသည်) ဖြင့် လမ်းကြောင်း 'မဂ်' သို့သွင်းအံ့၊ ပါရာဇိက အာပတ်သင့်၏၊ လမ်းကြောင်း မဟုတ်ရာ(အမာ၀ စသည်)ဖြင့် လမ်းကြောင်း မဟုတ်ရာ (အမာ၀ စသည်)သို့ သွင်းအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏။

ရဟန်းသည် အိပ်ပျော်သော ရဟန်း၌ ဖောက်လွဲဖောက်ပြန် ပြုကျင့်၏၊ နိုးသော ရဟန်းသည် သာယာ၏၊ နှစ်ဦးလုံးကို ဖျက်ဆီးအပ်ကုန်၏၊ နိုးသော ရဟန်းသည် မသာယာ၊ ပြစ်မှားသောရဟန်းကို ဖျက်ဆီးအပ်၏၊ ရဟန်းသည် အိပ်ပျော်သော သာမဏေ၌ ဖောက်လွဲဖောက်ပြန် ပြုကျင့်၏၊ နိုးသော သာမဏေသည် သာယာ၏၊ နှစ်ဦးလုံးကို ဖျက်ဆီးအပ်ကုန်၏၊ နိုးသော သာမဏေသည် မသာယာ၊ ပြစ်မှားသော ရဟန်းကို ဖျက်ဆီးအပ်၏၊ သာမဏေသည် အိပ်ပျော်သော ရဟန်း၌ ဖောက်လွဲဖောက် ပြန် ပြုကျင့်၏၊ နိုးသော ရဟန်းသည် သာယာ၏၊ နှစ်ဦးလုံးကို ဖျက်ဆီးအပ်ကုန်၏၊ နိုးသော ရဟန်း သည် မသာယာ၊ ပြစ်မှားသော သာမဏေကို ဖျက်ဆီးအပ်၏၊ သာမဏေသည် အိပ်ပျော်သော သာ မဏေ၌ ဖောက်လွဲဖောက်ပြန် ပြုကျင့်၏၊ နိုးသော သာမဏေသည် သာယာ၏၊ နှစ်ဦးလုံးကို ဖျက်ဆီး အပ်ကုန်၏၊ နိုးသော သာမဏေသည် မသာယာ၊ ပြစ်မှားသော သာမဏေကို ဖျက်ဆီးအပ်၏။

မသိသော ရဟန်း မသာယာသော ရဟန်း (သည်းခြေပျက်၍) ရူးသောရဟန်း (ဘီလူးဖမ်း၍) စိတ်ပျံ့လွင့်သော ရဟန်း ဝေဒနာဖိစီးသော ရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းအား အာပတ် မသင့်။

အနိုးဝတ်အကြောင်း ပြဆိုရာ အခဏ်းပြီး၏။

---

## ဝိနီတဝတ္ထု*ခေါင်းစဉ် မာတိကာ

မျောက်မဝတ္ထု ဝဇ္ဇီတိုင်းသား ရဟန်းများဝတ္ထု လူ့အသွင်ဖြင့် ကျူးလွန်သော ရဟန်းဝတ္ထု အဝတ်မဝတ်ပဲ ကျူးလွန်သော ရဟန်းဝတ္ထု တိတ္ထိအသွင်ဖြင့် ကျူးလွန်သော ရဟန်းများဝတ္ထု သူငယ်မဝတ္ထု ဥပ္ပလဝဏ်ထေရီဝတ္ထု လိင်ပြန်သူနှစ်ပါးဝတ္ထု။

အမိ သမီး နှမ မယားဝတ္ထုများ ကျောက်ကုန်းပြော့သော ရဟန်းဝတ္ထု လိင်ရှည်သော ရဟန်း ဝတ္ထု အိုင်းအမာကို မှီဝဲသော ရဟန်းဝတ္ထုနှစ်ခု ပန်းချီရုပ်ဝတ္ထု သစ်သားရုပ်ဝတ္ထု။

သုန္ဒရဝတ္ထု ရဟန်းလေးဦးဝတ္ထု သင်းချိုင်း၌ငါးဝတ္ထု အရိုးစုဝတ္ထု နဂါးမဝတ္ထု ဘီလူးမဝတ္ထု ပြိတ္တာမဝတ္ထု ပဏ္ဍုက်ဝတ္ထု ကာယပသာဒပျက်သူဝတ္ထု တို့ထိသောရဟန်းဝတ္ထု။

---

* မြတ်စွာဘုရားကိုယ်တော်တိုင် မေးမြန်းစိစစ်၍ ဆုံးဖြတ်အပ်သောဝတ္ထု။

http://www.dhammadownload.com



ဘဒ္ဒိယမြို့၌ အိပ်ပျော်သော ရဟန္တာဝတ္ထု သာဝတ္ထိမြို့၌ ရဟန်းလေးပါးဝတ္ထု ဝေသာလီမြို့၌ ရဟန်းသုံးပါးဝတ္ထု ပန်းပူဇော်သူဝတ္ထု အိပ်မက်မက်သော ဘာရုကစ္ဆက ရဟန်းဝတ္ထု။

သုပဗ္ဗာဝတ္ထု သဒ္ဓါဝတ္ထု ရဟန်းမိန်းမဝတ္ထု သိက္ခမာန်ဝတ္ထု သာမဏေမဝတ္ထု ပြည့်တန်ဆာမ ဝတ္ထု ပဏ္ဍုက်ဝတ္ထု လူမိန်းမဝတ္ထု အချင်းချင်းမှီဝဲသော ရဟန်းဝတ္ထု ရဟန်းကြီးဝတ္ထု သမင်မငယ် ဝတ္ထု၊ ဤကား မာတိကာခေါင်းစဉ်တည်း။

## ဝိနီတ ဝတ္ထု ဖြတ်ထုံးများ

၆၇။ တရံရောအခါ ရဟန်းတပါးသည် မျောက်မ၌ မေထုန် အကျင့်ကို (ပြုကျင့်) မှီဝဲ၏၊ မြတ်စွာ ဘုရားသည် သိက္ခာပုဒ်တော်ကို ပညတ်တော်မူပြီးဖြစ်၏၊ ငါသည် ပါရာဇိက ကျလေသလော ဟု ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက် ၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၁)

တရံရောအခါ ဝေသာလီမြို့နေ ဝဇ္ဇီတိုင်းသား ရဟန်းများစွာတို့သည် သိက္ခာမချ၊ အားနည်းမှုကို ထင်ရှားစွာ မပြုကုန်မူ၍ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲကုန်၏၊ မြတ်စွာဘုရားသည် သိက္ခာပုဒ် တော်ကို ပညတ်တော်မူပြီးဖြစ်၏၊ ငါတို့သည် ပါရာဇိက ကျကုန်လေသလော ဟု ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်၏။ပ။ ရဟန်းတို့ သင်တို့သည် ပါရာဇိက ကျကုန်ပြီ ဟု (မိန့်တော်မူ၏)။ (၂)

တရံရောအခါ ရဟန်း တပါးသည် ဤသို့ပြုလျှင် ငါ့အား အာပတ်သင့်မည် မဟုတ် ဟု (ကြံစည်၍) လူ့အသွင်ဖြင့် မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏၊ မြတ်စွာဘုရားသည် သိက္ခာပုဒ် တော်ကို ပညတ်တော်မူပြီးဖြစ်၏၊ ငါသည် ပါရာဇိက ကျလေသလောဟု ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၃)

တရံရောအခါ ရဟန်းတပါးသည် ဤသို့ပြုလျှင် ငါ့အား အာပတ်သင့်မည်မဟုတ်ဟု အဝတ်မဆီး အချည်းနှီး'ကိုယ်တုံးလုံး'ပြု၍ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၄)

တရံရောအခါ ရဟန်းတပါးသည် ဤသို့ပြုလျှင် ငါ့အား အာပတ်သင့်မည်မဟုတ်ဟု သမန်းမြက် သင်္ကန်းကို ဝတ်ရုံ၍။ လျှော်တေ သင်္ကန်းကိုဝတ်ရုံ၍။ ပျဉ်ချပ်သင်္ကန်းကိုဝတ်ရုံ၍။ ဆံပင်ဖြင့်ရက်သော ကမ္ဗလာကိုဝတ်ရုံ၍။ သားမြီးဖြင့်ရက်သော ကမ္ဗလာကိုဝတ်ရုံ၍။ ခင်ပုပ်ငှက်တောင်ဖြင့် ရက်သော အဝတ်ကိုဝတ်ရုံ၍။ သစ်နက်ရေကိုဝတ်ရုံ၍။ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော် မူ၏)။ (၅-၁၁)

တရံရောအခါ ဆွမ်းခံ ရဟန်းတပါးသည် အင်းပျဉ် 'ခုံရှည်'၌ အိပ်နေသော သူငယ်မကိုမြင်မျှ တပ်နှစ်သက်သော စိတ်ဖြစ်ပေါ်လာရကား ခြေမကို အင်္ဂါဇာတ်ထဲသို့ သွင်းလေရာ ထိုသူငယ်မသည်

http://www.dhammadownload.com



သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်လေ၏။ပ။ ရဟန်း ပါရာဇိက အာပတ်မသင့်၊ သံဃာဒိသိသ် အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၂)

၆၈။ တရံရောအခါ လုလင်ပျိုတယောက်သည် ဥပ္ပလဝဏ် ထေရီမ၌ တပ်စွဲသောစိတ်ဖြစ်နေ၏၊ ထို လုလင်ပျိုသည် ဥပ္ပလဝဏ် ထေရီမ ဆွမ်းခံကြွစဉ် ကျောင်းငယ်သို့ ဝင်၍ ပုန်းအောင်းနေ၏၊ ဥပ္ပလဝဏ် ထေရီမသည် ဆွမ်းစားပြီးနောက် ဆွမ်းစားစရပ်မှ ထွက်ခဲ့၍ ခြေဆေးပြီးလျှင် ကျောင်းငယ်သို့ဝင်၍ ခရှင်'ညောင်စောင်း'ငယ်၌ ထိုင်လေ၏။ ထိုအခါ ထိုလုလင်ပျိုသည် ဥပ္ပလဝဏ် ထေရီမကို ဖမ်းကိုင်၍ ဖျက်ဆီးလေ၏၊ ဥပ္ပလဝဏ်ထေရီမသည် ရဟန်းမိန်းမတို့အား ဤအကြောင်းကို လျှောက်လေ၏၊ ရဟန်းမိန်းမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို လျှောက်ကုန်၏၊ ရဟန်းယောကျ်ား တို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကုန်၏၊ ရဟန်းတို့ မသာယာသော ရဟန်းမိန်းမအား အာပတ်မသင့် ဟု (မိန့်တော်မူ၏)။ (၁၃)

၆၉။ တရံရောအခါ ရဟန်းတပါးအား ဣတ္ထိလိင် 'မိန်းမအသွင်သဏ္ဌာန်' ထင်ရှား ဖြစ်ပေါ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ ရဟန်းတို့ ရဟန်းမိန်းမတို့နှင့် ပေါင်း သင်းနေထိုင်ရန် ထို(ယောကျ်ားလက်ထက် ယူသော) ဥပဇ္ဈာယ် ထို(ယောကျ်ားလက်ထက် ခံအပ် သော) ပဉ္စင်းအဖြစ် ထို(ယောကျ်ားလက်ထက် ရေတွက်အပ်သော)နှစ် 'ဝါ' တို့ကိုသာလျှင် ခွင့်ပြု တော်မူ၏၊ ရဟန်းယောကျ်ားတို့၏ အကြင် အာပတ်တို့သည် ရဟန်းမိန်းမတို့နှင့် သက်ဆိုင်ကုန်၏၊ ထို အာပတ်တို့ကို ရဟန်းမိန်းမတို့၏ အထံ၌ ကုစားခြင်းငှါ ခွင့်ပြုတော်မူ၏၊ ရဟန်းယောကျ်ားတို့၏ အကြင် အာပတ်တို့သည် ရဟန်းမိန်းမတို့နှင့် မသက်ဆိုင်ကုန်၊ ထို အာပတ်တို့ဖြင့် အာပတ်မသင့်ပေ ဟု (မိန့်တော်မူ၏)။ (၁၄)

တရံရောအခါ ရဟန်းမိန်းမ တယောက်အား ပုလ္လိင် 'ယောကျ်ား အသွင်သဏ္ဌာန်' ထင်ရှား ဖြစ်ပေါ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ ရဟန်းတို့ ရဟန်း ယောကျ်ားတို့နှင့် ပေါင်းသင်းနေထိုင်ရန် ထို (မိန်းမလက်ထက် ယူသော) ဥပဇ္ဈာယ် ထို (မိန်းမ လက်ထက် ခံအပ်သော) ပဉ္စင်း အဖြစ် ထို(မိန်းမလက်ထက် ရေတွက်အပ်သော) နှစ် 'ဝါ' တို့ကို သာလျှင် ခွင့်ပြုတော်မူ၏၊ ရဟန်းမိန်းမတို့၏ အကြင် အာပတ်တို့သည် ရဟန်းယောကျ်ားတို့နှင့် သက်ဆိုင်ကုန်၏၊ ထို အာပတ်တို့ကို ရဟန်းယောကျ်ားတို့ အထံ၌ ကုစားခြင်းငှါ ခွင့်ပြုတော်မူ၏၊ ရဟန်းမိန်းမတို့၏ အကြင် အာပတ်တို့သည် ရဟန်းယောကျ်ားတို့နှင့် မသက်ဆိုင်ကုန်၊ ထို အာပတ် တို့ဖြင့် အာပတ်မသင့်ပေ ဟု (မိန့်တော်မူ၏)။ (၁၅)

၇၀။ တရံရောအခါ ရဟန်းတပါးသည် ဤသို့ပြုလျှင် ငါ့အား အာပတ်သင့်မည်·မဟုတ် ဟု (ကြံစည် ၍) အမိ၌ မေထုန် အကျင့်ကို (ပြုကျင့်)မှီဝဲ၏။ပ။ သမီး၌ မေထုန် အကျင့်ကို (ပြုကျင့်)မှီဝဲ၏။ပ။ အစ်မ နှမ၌ မေထုန် အကျင့်ကို (ပြုကျင့်)မှီဝဲ၏၊ ငါသည် ပါရာဇိက ကျလေသလောဟု ထို ရဟန်းအား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၆-၁၈)

တရံရောအခါ ရဟန်းတပါးသည် မယားဟောင်း၌ မေထုန် အကျင့်ကို (ပြုကျင့်) မှီဝဲ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့် တော်မူ၏)။ (၁၉)

http://www.dhammadownload.com



၇၁။ တရံရောအခါ ရဟန်းတပါးသည် နူးညံ့သော ကျောက်ကုန်းရှိ၏ ကျောပြော့၏၊ ထို ရဟန်းသည် မပျော်ပိုက်ခြင်း နှိပ်စက်ရကား ပျင်းရိသဖြင့် မိမိ၏ အင်္ဂါဇာတ်ကို ပါးစပ်ဖြင့် စုပ်လေ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၂၀)

တရံရောအခါ ရဟန်းတပါးသည် ရှည်သော အင်္ဂါဇာတ် ရှိ၏၊ ထို ရဟန်းသည် မပျော်ပိုက်ခြင်း နှိပ်စက်ရကား မိမိ၏ အင်္ဂါဇာတ်ကို မိမိ၏ ဝစ္စမဂ်သို့ သွင်းလေ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၂၁)

တရံရောအခါ ရဟန်းတပါးသည် သူသေကောင်ကို မြင်လေ၏၊ ထို သူသေကောင်၌ အင်္ဂါဇာတ် အနီးတွင် အိုင်းအမာ အနာ ရှိ၏၊ ထို ရဟန်းသည် ဤသို့ ပြုလျှင် ငါ့အား အာပတ် သင့်မည်မဟုတ် ဟု (သူသေ၏) အင်္ဂါဇာတ်၌(မိမိ၏) အင်္ဂါဇာတ်ကို သွင်းပြီးလျှင် အိုင်းအမာ အနာ မှ ထုတ်၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည်ပါရာဇိက ကျပြီ ဟု(မိန့်တော် မူ၏)။ (၂၂)

တရံရောအခါ ရဟန်းတပါးသည် သူသေကောင်ကို မြင်လေ၏၊ ထို သူသေကောင်၌ အင်္ဂါဇာတ် အနီးတွင် အိုင်းအမာ အနာ ရှိ၏၊ ထို ရဟန်းသည် ဤသို့ ပြုလျှင် ငါ့အား အာပတ်သင့်မည် မဟုတ် ဟု အိုင်းအမာ အနာ၌ (မိမိ၏) အင်္ဂါဇာတ်ကို သွင်းပြီးလျှင် အင်္ဂါဇာတ်မှ ထုတ်၏၊ ထို ရဟန်းအား တွေး တောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၂၃)

တရံရောအခါ ရဟန်းတပါးသည် တပ်နှစ်သက်သော စိတ်ဖြစ်ပေါ်လာရကား ပန်းချီ ဆေးရေး ရုပ်၏ နိမိတ် အင်္ဂါဇာတ် ကို (မိမိ)အင်္ဂါဇာတ်ဖြင့် တို့လေ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော် မူ၏)။ (၂၄)

တရံရောအခါ ရဟန်းတပါးသည် တပ်နှစ်သက်သော စိတ်ဖြစ်ပေါ်လာရကား သစ်သား ယဉ် မင်းရုပ်၏ နိမိတ် အင်္ဂါဇာတ်ကို (မိမိ) အင်္ဂါဇာတ်ဖြင့် တို့လေ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော် မူ၏။ (၂၅)

၇၂။ တရံရောအခါ ရာဇဂြိုဟ်မြို့မှ ရဟန်းပြုသော သုန္ဒရ မည်သော ရဟန်းသည် ရထားလမ်း ခရီးဖြင့် သွား၏၊ မိန်းမ တယောက်သည် အသျှင်ဘုရား ခဏ္ဍ ဆိုင်းငံ့တော်မူပါ၊ ရှိခိုးပါရစေ ဟု လျှောက်ထားပြီးလျှင် ထို မိန်းမသည် ရှိခိုးလျက် သင်းပိုင်ကို မ၍ ပါးစပ်ဖြင့် အင်္ဂါဇာတ်ကို စုပ်လေ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သာယာသလော ဟု (မေးတော်မူရာ) မြတ်စွာဘုရား တပည့်တော် မသာယာပါ ဟု (လျှောက်ထား၏)၊ ရဟန်း မသာယာ သူအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၆)

တရံရောအခါ မိန်းမတယောက်သည် ရဟန်းကိုမြင်၍ အသျှင်ဘုရား ကြွလာတော်မူပါ မေထုန် အကျင့်ကို(ပြုကျင့်)မှီဝဲတော်မူပါဟု(လျှောက်ထား၏)။ နှမ မသင့်တော်၊ ဤကိစ္စသည် မအပ်စပ် ဟု (ပြောဆို၏)၊ အသျှင်ဘုရား ကြွလာတော်မူပါ၊ တပည့်တော်မ အားထုတ်ပါမည်၊ အသျှင်ဘုရား အား မထုတ်ပါလင့်၊ ဤသို့ပြုလျှင် အသျှင်ဘုရားအား အာပတ် သင့်မည် မဟုတ်ပါ ဟု (လျှောက်ထား၏)။

http://www.dhammadownload.com



ထိုရဟန်းသည် ထိုမိန်းမဆိုတိုင်းပြု၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၂၇)

တရံရောအခါ မိန်းမတယောက်သည် ရဟန်းကိုမြင်၍ အသျှင်ဘုရား ကြွလာတော်မူပါ မေထုန် အကျင့်ကို(ပြုကျင့်)မှီဝဲတော်မူပါဟု (လျှောက်ထား၏)။နှမ မသင့်တော်၊ ဤကိစ္စသည် မအပ်စပ် ဟု (ပြောဆို၏)၊ အသျှင်ဘုရား ကြွလာတော်မူပါ၊ အသျှင်ဘုရား အားထုတ်တော်မူပါ၊ တပည့်တော်မ အားမထုတ်ပဲ နေပါမည်၊ ဤသို့ပြုလျှင် အသျှင်ဘုရားအား အာပတ် သင့်မည်မဟုတ်ပါ ဟု (လျှောက် ထား၏)။ ထိုရဟန်းသည် ထိုမိန်းမဆိုတိုင်း ပြု၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၂၈)

တရံရောအခါ မိန်းမတယောက်သည် ရဟန်းကိုမြင်၍ အသျှင်ဘုရား ကြွလာတော်မူပါ၊ မေထုန် အကျင့်ကို(ပြုကျင့်)မှီဝဲတော်မူပါ ဟု (လျှောက်ထား၏)။ နှမ မသင့်တော်၊ ဤကိစ္စသည် မအပ်စပ် ဟု (ပြောဆို၏)၊ အသျှင်ဘုရား ကြွလာတော်မူပါ၊ အတွင်း၌ စေ့ဆော်အားထုတ်၍ အပြင်၌သုက်ကို လွှတ်ပါ။ပ။ အပြင်၌ စေ့ဆော်အားထုတ်၍ အတွင်း၌ သုက်ကိုလွှတ်ပါ၊ ဤသို့ပြုလျှင် အသျှင်ဘုရား အား အာပတ် သင့်မည် မဟုတ်ပါ ဟု (လျှောက်ထား၏)။ ထိုရဟန်းသည် ထိုမိန်းမဆိုတိုင်းပြု၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၂၉-၃၀)

၇၃။ တရံရောအခါ ရဟန်းတပါးသည် သင်းချိုင်းသို့သွားရာ ခွေးမစားသေးသော သူသေကောင်ကို မြင်၍ ထိုသူသေကောင်၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲလေ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၃၁)

တရံရောအခါ ရဟန်းတပါးသည် သင်းချိုင်းသို့သွားရာ များသောအားဖြင့် ခွေးမစားသေးသော သူသေကောင်ကိုမြင်၍ ထိုသူသေကောင်၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲလေ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော် မူ၏)။ (၃၂)

တရံရောအခါ ရဟန်းတပါးသည် သင်းချိုင်းသို့သွားရာ များသောအားဖြင့် ခွေးစားပြီးသော သူသေကောင်ကိုမြင်၍ ထိုသူသေကောင်၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲလေ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ ထုလ္လစ္စဥ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃၃)

တရံရောအခါ ရဟန်းတပါးသည် သင်းချိုင်းသို့သွားရာ ဦးခေါင်းပြတ်ကိုမြင်၍ ဟင်းလင်းပွင့် သော ပါးစပ်၌ (နံပါးအစောက်ကို) ထိစေလျက် အင်္ဂါဇာတ်ကို သွင်း၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၃၄)

တရံရောအခါ ရဟန်းတပါးသည် သင်းချိုင်းသို့သွားရာ ဦးခေါင်းပြတ်ကို မြင်၍ ဟင်းလင်းပွင့် သောပါးစပ်၌ (နံပါးအစောက်ကို) မထိစေမူ၍ အင်္ဂါဇာတ်ကိုသွင်း၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော် မူ၏)။ (၃၅)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် မိန်းမတယောက်၌ တပ်နှစ်သက်သော စိတ်ဖြစ်နေ၏၊ ထိုမိန်းမ သေ၍ သင်းချိုင်း၌ စွန့်ပစ်ထားရာ အရိုးတို့သည် ပြန့်ကြဲ၍နေကုန်၏၊ ထိုရဟန်းသည် သင်းချိုင်းသို့ သွား၍ အရိုးတို့ကို စုရုံးပြီးလျှင် နိမိတ်နေရာ၌ အင်္ဂါဇာတ်ကို ကျစေ၏ 'သွင်း၏' ထိုရဟန်းအား တွေး တောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။　(၃၉)

တရံရောအခါ ရဟန်းတပါးသည် နဂါးမ၌ မေထုန် အကျင့်ကို (ပြုကျင့်) မှီဝဲ၏။ပ။ နတ်မိန်းမ၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏။ပ။ ပြိတ္တာမ၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏။ပ။ ပဏ္ဍုက် အား (ဝစ္စမဂ် မုခမဂ်၌) မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၏။ပ။ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။　(၃၇-၄၀)

တရံရောအခါ ရဟန်းတပါးသည် ကာယပသာဒ ပျက်နေ၏၊ ထိုရဟန်းသည် "ငါသည်ကောင်း မကောင်းကို မခံစားနိုင်၊ ငါ့အား အာပတ်သင့်မည်မဟုတ်"ဟု မေထုန် အကျင့်ကို (ပြုကျင့်)မှီဝဲလေ၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏၊ ရဟန်းတို့ ထို(မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားသည် ခံစားနိုင်သည် ဖြစ်စေ မခံစားနိုင်သည် ဖြစ်စေ ပါရာဇိက အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။　(၄၁)

တရံရောအခါ ရဟန်းတပါးသည် မိန်းမ၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲအံ့ ဟု တို့ကာမျှ၌ နှလုံးမသာဖြစ်၏။ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ သံဃာဒိသိသ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။　(၄၂)

၇၄။ တရံရောအခါ ရဟန်းတပါးသည် ဘဒ္ဒိယမြို့ မုလေး'မြတ်လေး' တော၌ နေ့သန့်စင်ရာသို့ကပ် လျက် လျောင်းစက်နေ၏၊ ထိုရဟန်း၏ အင်္ဂါကြီးငယ်တို့သည် လေကြောင့် တောင့်တင်းခိုင်မာကုန်၏၊ မိန်းမတယောက်သည် မြင်၍ အင်္ဂါဇာတ်ကို စပ်ယှက်ပြီးလျှင် အလိုရှိတိုင်း 'သဘောကျ' ပြု၍ ထွက်ခွါသွားလေ၏၊ ရဟန်းတို့သည် သုက်အလိမ်းလိမ်း ကပ်သည်ကို မြင်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကုန်၏၊ ရဟန်းတို့ ရာဂကြောင့်၎င်း ကျင်ကြီးကြောင့်၎င်း ကျင်ငယ် ကြောင့်၎င်း လေကြောင့်၎င်း သုက်ပိုး 'ဥစ္စာလိင်ပါဏ' ထိုးခြင်းကြောင့်၎င်း ဤအကြောင်းငါးမျိုး တို့ကြောင့် အင်္ဂါဇာတ်သည် ပြုခြင်းငှါအသင့်ဖြစ်၏ 'တောင့်တင်းခိုင်မာ၏'၊ ရဟန်းတို့ ထို(မုလေး တော၌ အိပ်ပျော်သော) ရဟန်းအား ရာဂကြောင့် အင်္ဂါဇာတ်သည် ပြုခြင်းငှါ အသင့်ဖြစ်ဘို့ရန် 'တောင့်တင်းခိုင်မာရန်' အကြောင်းမရှိနိုင်ပေ၊ ရဟန်းတို့ ထိုရဟန်းသည် ရဟန္တာပေတည်း၊ ထို ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။　(၄၃)

တရံရောအခါ ရဟန်းတပါးသည် သာဝတ္ထိမြို့ အန္ဓဝန်တော၌ နေ့သန့်စင်ရာသို့ ကပ်လျက်လျောင်း စက်နေ၏၊ နွားကျောင်းသူမ တယောက်သည် မြင်၍ အင်္ဂါဇာတ်ကို စပ်ယှက်၏၊ ထိုရဟန်းသည် သွင်း ဆဲခဏ၌ သာယာ၏၊ ဝင်ဆဲခဏ၌ သာယာ၏၊ တည်ဆဲခဏ၌ သာယာ၏၊ ထုတ်ဆဲခဏ၌ သာယာ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။　(၄၄)

တရံရောအခါ ရဟန်းတပါးသည် သာဝတ္ထိမြို့ အန္ဓဝန် တော၌ နေ့သန့်စင်ရာသို့ကပ်လျက်လျောင်း စက်နေ၏၊ ဆိတ်ကျောင်းသူမ တယောက်သည် မြင်၍။ပ။ ထင်းခွေသူမ တယောက်သ ည် မြင်၍။ပ။

http://www.dhammadownload.com



န္တွားချေးကောက်သူမတယောက်သည် မြင်၍။ပ။ အင်္ဂါဇာတ်ကို စပ်ယှက်၏၊ ထိုရဟန်းသည် သွင်းဆဲခဏ၌ သာယာ၏၊ ဝင်ဆဲခဏ၌ သာယာ၏၊ တည်ဆဲခဏ၌ သာယာ၏၊ နုတ်ဆဲခဏ၌သာယာ၏၊ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၄၅-၄၇)

၇၅။ တရံရောအခါ ရဟန်းတပါးသည် ဝေသာလီမြို့ မဟာဝုန်တော၌ နေ့သန့်စင်ရာသို့ ကပ်လျက် လျှောင်းစက်နေ၏၊ မိန်းမတယောက်သည် မြင်၍ အင်္ဂါဇာတ်ကို စပ်ယှက်ပြီးလျှင် အလိုရှိတိုင်း 'သဘောကျ' ပြုံ၍ အနီး၌ ရယ်မောလျက် ရပ်နေ၏၊ ထိုရဟန်းသည် နိုး၍ ထိုမိန်းမအား—

ဤအမှုသည် သင့်အမှုလော ဟု (မေးသောအခါ)

မှန်ပါသည် တပည့်တော်မ အမှုပါ ဟု (လျှောက်၏)။

ထိုရဟန်းအား တွေးတောမှု'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း သင်သည် သာယာသလော ဟု (မေးတော်မူရာ)—

မြတ်စွာဘုရား တပည့်တော် မသိရပါ ဟု (လျှောက်ထား၏)။

ရဟန်း မသိသူအား အာပတ်မသင့် ဟု (မိန့်တော်မူ၏)။ (၄၈)

၇၆။ တရံရောအခါ ရဟန်းတပါးသည် ဝေသာလီမြို့ မဟာဝုန်တော၌ နေ့သန့်စင်ရာသို့ ကပ်လျက် သစ်ပင်ကို မှီ၍ ကျိန်းစက်နေ၏၊ မိန်းမ တယောက်သည် မြင်၍ အင်္ဂါဇာတ်ကို စပ်ယှက်၏၊ထိုရဟန်း သည် အလျင်အမြန် ထလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ 'ဖြစ်၏။ပ။ ရဟန်း သင်သည် သာယာ သလော ဟု (မေးတော်မူရာ)—

မြတ်စွာဘုရား တပည့်တော် မသာယာပါ ဟု (လျှောက်ထား၏)။

ရဟန်း မသာယာသူအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၄၉)

တရံရောအခါ ရဟန်းတပါးသည် ဝေသာလီမြို့ မဟာဝုန်တော၌ နေ့သန့်စင်ရာသို့ ကပ်လျက် သစ်ပင်ကို မှီ၍ ကျိန်းစက်နေ၏၊ မိန်းမ တယောက်သည် မြင်၍ အင်္ဂါဇာတ်ကို စပ်ယှက်၏၊ ထိုရဟန်း သည် ခြေနှင့် ကန်၍ လည်းစေ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်လေ၏။ပ။ ရဟန်း သင်သည် သာယာသလော ဟု (မေးတော်မူရာ)—

မြတ်စွာဘုရား တပည့်တော် မသာယာပါ ဟု (လျှောက်ထား၏)။

ရဟန်း မသာယာသူအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၀)

၇၇။ တရံရောအခါ ရဟန်းတပါးသည် ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ နေ့သန့်စင်ရာသို့ ကပ်လျက် တံခါးကို ဖွင့်၍ လျှောင်းစက်နေ၏၊ ထို ရဟန်း၏ အင်္ဂါ ကြီးငယ်တို့သည် လေကြောင့် တောင့်တင်း ခိုင်မာကုန်၏၊ ထိုအခါ ကျောင်းကြည့်လာသော မိန်းမ တို့သည် ပန်းနံ့သာကို ယူဆောင်လျက် အရံတွင်းသို့ ဝင်လာကုန်၏၊ ထိုအခါ ထိုမိန်းမတို့သည် ထိုရဟန်း ကို မြင်၍ အင်္ဂါဇာတ်ကို စပ်ယှက်ပြီးလျှင် အလိုရှိတိုင်း 'သဘောကျ' ပြုကြပြီး၍ "ဤရဟန်းကား ယောကျ်ားမြတ် အာဇာနည်ပေတကား" ဟု ပြောကြပြီးနောက် ပန်းနံ့သာကိုတင်၍ ထွက်သွားကုန်၏၊ ရဟန်းတို့သည် သုက်အလိမ်းလိမ်းကပ်သည်ကိုမြင်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက် ကုန်၏၊ ရဟန်းတို့ ရာဂကြောင့်၎င်း ကျင်ကြီးကြောင့်၎င်း ကျင်ငယ်ကြောင့်၎င်း လေကြောင့်၎င်း သုက်ပိုး 'ဥစ္စာလိင်္ဂပါဏ' ထိုးခြင်းကြောင့်၎င်း၊ ဤအကြောင်း ငါးမျိုးတို့ကြောင့် အင်္ဂါဇာတ်သည်

http://www.dhammadownload.com



ပြုခြင်းငှါအသင့်ဖြစ်၏ 'တောင့်တင်း ခိုင်မာ၏'၊ ရဟန်းတို့ ထို(တံခါးဖွင့်၍ ကျိန်းသော) ရဟန်းအား ရာဂကြောင့် အင်္ဂါဇာတ်သည် ပြုခြင်းငှါ အသင့်ဖြစ်ဘို့ရန် 'တောင့်တင်းခိုင်မာရန်' အကြောင်းမရှိနိုင်ပေ၊ ရဟန်းတို့ ထိုရဟန်းသည် ရဟန္တာပေတည်း၊ ထိုရဟန်းအား အာပတ် မသင့်၊ ရဟန်းတို့ နေ့အခါ ကျိန်းစက်သော ရဟန်းသည် တံခါးကို ပိတ်၍ ကျိန်းစက်ခြင်းငှါ ခွင့်ပြုတော်မူ၏ ဟု (မိန့်တော်မူ၏)။ (၅၁)

၇၈။ တရံရောအခါ ဘာရုကစ္ဆက သဘော်ဆိပ်နေ ရဟန်းတပါးသည် အိပ်မက်ထည်း၌ မယားဟောင်းအား မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲ၍ ငါသည် ရဟန်းမဟုတ်တော့ပြီ၊ လူထွက်တော့အံ့ဟု ဘာရုကစ္ဆက သဘော်ဆိပ်သို့ သွားလတ်သော် လမ်းခရီး အကြား၌ အသျှင်ဥပါလိနှင့် တွေ့၍ ဤအကြောင်းကို လျှောက်ထား၏၊ အသျှင်ဥပါလိက ငါ့သျှင် အိပ်မက်ဖြင့် အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၂)

တရံရောအခါ ရာဇဂြိုဟ်မြို့၌ သုပဗ္ဗာခေါ် ဥပါသိကာမ'သီတင်းသည်မ'သည် အကျိုးမရှိရာ၌ ကြည်ညိုတတ်၏၊ ထိုဥပါသိကာမသည် "မေထုန်အကျင့်ကို လှူသော မိန်းမသည် မြတ်သောအလှူကို ပေးလှူသည်မည်၏"ဟု အယူရှိလေ၏၊ ထိုဥပါသိကာမ 'သီတင်းသည်မ'သည် ရဟန်းကို မြင်၍—

"အသျှင်ဘုရား ကြွလာတော်မူပါ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲတော်မူပါ"ဟု (လျှောက်ထား၏)။ နှမ မသင့်တော်၊ ဤကိစ္စသည် မအပ်စပ် ဟု (ပြောဆို၏)။

အသျှင်ဘုရား ကြွလာတော်မူပါ၊ ပေါင်ကြား၌ စေ့ဆော် အားထုတ်တော်မူပါ၊ ဤသို့ပြုလျှင် အသျှင်ဘုရားအား အာပတ် သင့်မည် မဟုတ်ပါ။ပ။ ချက်၌။ပ။ ဝမ်းပျဉ်း၌။ပ။ လက်ကတီးကြား 'ချိုင်းကြား'၌။ပ။ လည်၌။ပ။ နားပေါက်၌။ပ။ ဆံထုံးခွေ၌။ပ။ လက်ချောင်းကြား၌ စေ့ဆော် အားထုတ်တော်မူပါ၊ အသျှင်ဘုရား ကြွလာတော်မူပါ၊ လက်ဖြင့်လုံ့လ ပြု၍ သုက်လွှတ်စေပါမည် ဤသို့ပြုလျှင် အသျှင်ဘုရားအား အာပတ် သင့်မည် မဟုတ်ပါ ဟု လျှောက်၏၊ ထိုရဟန်းသည် ထို ဥပါသိကာမ ဆိုတိုင်းပြု၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ သံဃာဒိသိသ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅၃-၆၁)

၇၉။ တရံရောအခါ သာဝတ္ထိမြို့၌ သဒ္ဓါခေါ် ဥပါသိကာမ 'သီတင်းသည်မ'သည် အကျိုးမရှိရာ၌ ကြည်ညိုတတ်၏၊ ထိုဥပါသိကာမသည် "မေထုန်အကျင့်ကို လှူသော မိန်းမသည် မြတ်သောအလှူကို ပေးလှူသည် မည်၏"ဟု အယူရှိလေ၏၊ ထိုဥပါသိကာမ 'သီတင်းသည်မ'သည် ရဟန်းကို မြင်၍—

"အသျှင်ဘုရား ကြွလာတော်မူပါ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲတော်မူပါ"ဟု (လျှောက်ထား၏)။ နှမ မသင့်တော်၊ ဤကိစ္စသည် မအပ်စပ် ဟု (ပြောဆို၏)။

အသျှင်ဘုရား ကြွလာတော်မူပါ၊ ပေါင်ကြား၌ စေ့ဆော် အားထုတ်တော်မူပါ။ပ။ အသျှင်ဘုရား ကြွလာတော်မူပါ၊ လက်ဖြင့်လုံ့လပြု၍ သုက်လွှတ်စေပါမည်၊ ဤသို့ပြုလျှင် အသျှင်ဘုရားအား အာပတ် သင့်မည်မဟုတ်ပါ ဟု လျှောက်၏၊ ထိုရဟန်းသည် ထိုဥပါသိကာမဆိုတိုင်း ပြု၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ်မသင့်၊ သံဃာဒိသိသ် အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။ (၆၂-၇၀)

၈၀။ တရံရောအခါ ဝေသာလီမြို့၌ လိစ္ဆဝီမင်းသားငယ်တို့သည် ရဟန်းကို ဖမ်း၍ ရဟန်းမိန်းမ၌ ဖောက်လွဲ ဖောက်ပြန် 'မတော်မလျော်' ပြုကျင့်စေကုန်၏၊ သိက္ခမာန်မ၌ ဖောက်လွဲ ဖောက်ပြန်ပြုကျင့်

http://www.dhammadownload.com



စေကုန်၏၊ သာမဏေမ၌ ဖောက်လွဲ ဖောက်ပြန် ပြုကျင့်စေကုန်၏၊ နှစ်ဦးလုံး သာယာကုန်အံ့၊ နှစ်ဦးလုံးတို့ကို ဖျက်ဆီးအပ်ကုန်၏၊ နှစ်ဦးလုံး မသာယာကုန်အံ့၊ နှစ်ဦးလုံး အာပတ် မသင့်ကုန်။ (၇၃-၇၆)

၈၁။ တရံရောအခါ ဝေသာလီမြို့၌ လိစ္ဆဝီ မင်းသားငယ်တို့သည် ရဟန်းကိုဖမ်း၍ ပြည့်တန်ဆာမ၌ ဖောက်လွဲ ဖောက်ပြန် 'မတော်မလျော်' ပြုကျင့်စေကုန်၏၊ ပဏ္ဍုက်၌ ဖောက်လွဲ ဖောက်ပြန် ပြုကျင့်စေကုန်၏၊ လူမိန်းမ၌ ဖောက်လွဲ ဖောက်ပြန် ပြုကျင့်စေကုန်၏၊ ရဟန်းသည် သာယာအံ့၊ ရဟန်းကို ဖျက်ဆီးအပ်၏၊ ရဟန်းသည် မသာယာအံ့၊ ရဟန်းအား အာပတ် မသင့်။ (၇၇-၈၂)

တရံရောအခါ ဝေသာလီမြို့၌ လိစ္ဆဝီ မင်းသားငယ်တို့သည် ရဟန်းကိုဖမ်း၍ အချင်းချင်း ဖောက်လွဲ ဖောက်ပြန် ပြုကျင့်စေကုန်၏၊ နှစ်ဦးလုံး သာယာကုန်အံ့၊ နှစ်ဦးလုံးတို့ကို ဖျက်ဆီးအပ်ကုန်၏၊ နှစ်ဦးလုံး မသာယာကုန်အံ့၊ နှစ်ဦးလုံး အာပတ် မသင့်ကုန်။ (၈၃-၈၄)

၈၂။ တရံရောအခါ ရဟန်းကြီး 'ကြီးမှ ရဟန်းပြုသူ 'တပါးသည် မယားဟောင်းကို ကြည့်ရှုရန်သွားလေ၏၊ ထိုမိန်းမသည် "အသျှင်ဘုရား ကြွလာတော်မူပါ၊ လူထွက်တော်မူပါ"ဟု ပြော၍ ဖမ်းထားလေ၏၊ ထိုရဟန်းသည် နောက်ပြန်ဆုတ်ရာ ပက်လက်လန်၍ လည်းကျလေ၏၊ ထိုမိန်းမသည် အဝတ်ကို ပင့်၍ အင်္ဂါဇာတ်ကို စပ်ယှက်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်လေ၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားလေ၏၊ ရဟန်း သင်သည် သာယာသလော ဟု (မေးတော်မူရာ) မြတ်စွာဘုရား တပည့်တော် မသာယာပါ ဟု (လျှောက်ထား၏)၊ ရဟန်း မသာယာသူအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၈၅)

၈၃။ တရံရောအခါ ရဟန်းတပါးသည် တော၌နေ၏၊ သမင်ငယ် တကောင်သည် ထိုရဟန်း ကျင်ငယ်စွန့်ရာ အရပ်သို့လာ၍ ကျင်ငယ်ကိုသောက်လျက် ပါးစပ်ဖြင့် အင်္ဂါဇာတ်ကို ဖမ်းယူစုပ်လေရာ ထိုရဟန်းသည် သာယာလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားလေ၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၈၆)

ဝိနီတဝတ္ထု ဖြတ်ထုံးများ ပြီး၏

**ပဌမ ပါရာဇိက ပြီး၏။**

http://www.dhammadownload.com

# ၂-ဒုတိယ ပါရာဇိက

## ဓနိယ ရဟန်းအကြောင်း ပြဆိုရာအခဏ်း

၈၄။ တရံရောအခါ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ဂိဇ္ဈကုဋ်တောင်၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြင်ဘူးခါမျှ မိတ်ဆွေ အတူသုံးဆောင်ဘက် မိတ်ဆွေ ဖြစ်ကုန်သောများစွာသော ရဟန်းတို့သည် ဣသိဂိလိ တောင်နံပါး၌ မြက်(မိုး)ကျောင်းငယ်တို့ကို ပြု၍ ဝါကပ်ကုန်၏၊ အိုးထိန်းသည်၏သား အသျှင်ဓနိယသည်လည်း မြက်(မိုး) ကျောင်းငယ်ကိုပြု၍ ဝါကပ်၏၊ထိုအခါ ရဟန်းတို့သည် သုံးလလွန်၍ ဝါကျွတ်ပြီးသော် မြက်(မိုး) ကျောင်းငယ်တို့ကိုဖျက်၍ မြက်နှင့်သစ်သားတို့ကို သိမ်းပြီးလျှင် သွားလိုရာ ဇနပုဒ်သို့ ဖဲသွားကုန်၏၊ အိုးထိန်းသည်၏သား အသျှင်ဓနိယကား ထိုအရပ်၌သာလျှင် မိုးလပတ်လုံး နေပြီးလျှင် ဆောင်းရော နွေပါ(ဆက်လက်)နေ၏။

ထိုအခါ အိုးထိန်းသည်၏သား အသျှင်ဓနိယသည် ရွာသို့ ဆွမ်းခံကြွစဉ် မြက်ရိပ်သူ ထင်းခွေသူတို့သည် မြက်(မိုး)ကျောင်းငယ်ကို ဖျက်ပြီးလျှင် မြက်နှင့် သစ်သားတို့ကိုယူ၍ သွားကုန်၏၊နှစ်ကြိမ်တိုင်အောင်လည်း အိုးထိန်းသည်၏သား အသျှင်ဓနိယသည် မြက်နှင့် သစ်သားတို့ကို စုဆောင်း၍ မြက်(မိုး)ကျောင်းငယ်ကို ပြုလုပ်၏၊ နှစ်ကြိမ်တိုင်အောင်လည်း အိုးထိန်းသည်၏သား အသျှင်ဓနိယသည် ရွာသို့ ဆွမ်းခံကြွစဉ် မြက်ရိပ်သူ ထင်းခွေသူတို့သည် မြက်(မိုး)ကျောင်းငယ်ကို ဖျက်ပြီးလျှင် မြက်နှင့်သစ်သားတို့ကိုယူ၍ သွားကုန်၏၊ သုံးကြိမ်တိုင်အောင်လည်း အိုးထိန်းသည်၏သား အသျှင်ဓနိယသည် မြက်နှင့်သစ်သားတို့ကို စုဆောင်း၍ မြက်(မိုး)ကျောင်းငယ်ကို ပြုလုပ်၏၊ သုံးကြိမ်တိုင်အောင်လည်း အိုးထိန်းသည်၏သား အသျှင်ဓနိယသည် ရွာသို့ ဆွမ်းခံကြွစဉ် မြက်ရိပ်သူ ထင်းခွေသူတို့သည် မြက်(မိုး) ကျောင်းငယ်ကို ဖျက်ပြီးလျှင် မြက်နှင့် သစ်သားတို့ကိုယူ၍ သွားကုန်၏။

ထိုအခါ အိုးထိန်းသည်၏သား အသျှင်ဓနိယအား—

"ငါသည် ရွာသို့ ဝင်၍ ဆွမ်းခံသွားစဉ် သုံးကြိမ်တိုင်အောင်ပင် မြက်ရိပ်သူ ထင်းခွေသူတို့သည် မြက်(မိုး)ကျောင်းငယ်ကို ဖျက်ပြီးလျှင် မြက်နှင့် သစ်သားတို့ကို ယူ၍ သွားကုန်၏၊ ငါသည်ကား မိမိ ဆရာ့အတတ်ဖြစ်သော အိုးထိန်းသည်အလုပ်၌ ကောင်းစွာ သင်ကြားထားသူ မယုတ်လျော့သူ (အပြည့်အစုံတတ်သူ) စင်ကြယ်စွာ တတ်သူဖြစ်၏၊ ငါသည် ကိုယ်တိုင် ရွှံ့ကိုနယ်၍ အလုံးစုံ မြေညက်ဖြင့် ပြီးသော ကျောင်းငယ်ကို ပြုရမူ ကောင်းလိမ့်မည်"ဟု အကြံဖြစ်၏။

ထို့နောက် အိုးထိန်းသည်၏သား အသျှင် ဓနိယသည် ကိုယ်တိုင် ရွှံ့ကိုနယ်၍ အလုံးစုံ မြေညက်ဖြင့် ပြီးသော ကျောင်းငယ်ကို ပြုပြီးလျှင် မြက် ထင်း နွားချေးတို့ကို စုဆောင်း၍ ထိုကျောင်းငယ်ကို (မီး)ဖုတ်၏၊ ထိုကျောင်းငယ်သည် အလွန် လှပ၏၊ ရှုဖွယ်ကောင်း၏၊ ကြည်နူးဖွယ်ကောင်း၏၊ နီရဲသော အဆင်းရှိ၏၊ သိကြားကွမ်းသွေးကောင်*နှင့် တူ၏၊ ထိုကျောင်းငယ်၏ အသံသည် ခြူဆည်းလည်းသံနှင့် တူ၏။

---

* ဣန္ဒဂေါပက၊ မိုးတွင်းအခါ၌ မြေမှထွက်တတ်သော ကတ္တီပါနီကဲ့သို့ အဆင်းရှိသော ပိုးကောင်အထူးတည်း။ နတ်သမီးကွမ်းသွေးကောင်လည်းဟူ၏။

http://www.dhammadownload.com



၇၅။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းများစွာတို့နှင့် အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်တော်မူလာရာ အလွန် လှပသော ကြည့်ရှုဖွယ် ကောင်းသော ကြည်နူးဖွယ်ကောင်းသော နီရဲသောအဆင်းရှိသော ထိုကျောင်းငယ်ကို မြင်တော်မူသောကြောင့် "ရဟန်းတို့ အလွန်လှပသော ကြည့်ရှုဖွယ်ကောင်းသော ကြည်နူးဖွယ်ကောင်းသော နီရဲသော အဆင်းရှိသော သိကြားကွမ်းသွေးကောင်နှင့်တူသော ထိုအရာဝတ္ထုသည် အဘယ်နည်း"ဟု ရဟန်းတို့ကို မေးတော်မူ၏၊ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

"ရဟန်းတို့ ထို(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားအား မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ် မအပ်၊ မပြုသင့်။

ရဟန်းတို့ ထို(မဂ်ဖိုလ်မှ )အချည်းနှီးဖြစ်သော ယောကျ်ားသည် အဘယ့်ကြောင့် အလုံးစုံမြေညက်ဖြင့်ပြီးသော ကျောင်းငယ်ကို ပြုလေဘိသနည်း။

ရဟန်းတို့ ထို (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားအား သတ္တဝါတို့၌ အစဉ် စောင့်ရှောက်ခြင်း အစဉ် သနားခြင်း မညှဉ်းဆဲလိုခြင်းသည် အဘယ့်ကြောင့် မဖြစ်လေဘိသနည်း။

ရဟန်းတို့ သွားကြကုန်လော့ ထိုကျောင်းငယ်ကို ဖျက်ဆီးကြကုန်လော့၊ နောင်လာ နောက်သားများသည် သတ္တဝါများ အပေါ်၌ ညှဉ်းဆဲနှိပ်စက်ခြင်းသို့ မရောက်စေလင့်။

ရဟန်းတို့ အလုံးစုံ မြေညက်ဖြင့် ပြီးသော ကျောင်းငယ်ကို မပြုလုပ်အပ်၊ ပြုလုပ်ကုန်သော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု "(မိန့်တော်မူ၏)။

ထို ရဟန်းတို့သည် ကောင်းပါပြီ အသျှင်ဘုရားဟု မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ထိုကျောင်းငယ်သို့ ချဉ်းကပ်၍ ဖျက်ဆီးကုန်၏။

ထိုအခါ အိုးထိန်းသည်၏သား အသျှင်ဓနိယသည် ထိုရဟန်းတို့အား—

"ငါ့သျှင်တို့ သင်တို့သည် ငါ၏ ကျောင်းငယ်ကို အဘယ့်ကြောင့် ဖျက်ဆီးကြသနည်း"ဟု (မေးလျှောက်၏)။

ငါ့သျှင် မြတ်စွာဘုရားသည် ဖျက်စေပါသည် ဟု (ဆိုကြကုန်၏)။

ငါ့သျှင်တို့ တရားရှင် (ဘုရား) သည် အကယ်၍ ဖျက်စေပါလျှင် ဖျက်ကြပါလော့ ဟု (လျှောက်၏)။

၇၆။ ထိုအခါ အိုးထိန်းသည်၏သား အသျှင်ဓနိယအား "ငါသည် ရွာတွင်းသို့ဝင်၍ ဆွမ်းခံသွားစဉ် သုံးကြိမ်တိုင်အောင်ပင် မြက်ရိပ်သူ ထင်းခွေသူတို့သည် မြက်(မိုး) ကျောင်းငယ်ကို ဖျက်ပြီးလျှင် မြက်နှင့် ထင်းတို့ကို ယူ၍ သွားကုန်ပြီ၊ ငါဆောက်၍ထားသော အလုံးစုံ မြေညက်ဖြင့် ပြီးသော ကျောင်းငယ်ကိုလည်း မြတ်စွာဘုရားက ဖျက်စေအပ်ပြီ၊ ငါ့အား သစ်တောရုံး၌ မြင်ဘူးခါမျှဖြစ်သောမိတ်ဆွေ သစ်ထိန်းအရာရှိသည် ရှိပေ၏၊ ငါသည် သစ်တောရုံးရှိ သစ်ထိန်း အရာရှိထံ သစ်သားတို့ကို တောင်းယူ၍ သစ်သား ကျောင်းငယ် ဆောက်ရမူ ကောင်းလိမ့်မည်"ဟု အကြံဖြစ်၏။

ထို့နောက် ဒိုးထိန်းသည်၏သား အသျှင်ဓနိယသည် သစ်တောရုံးရှိ သစ်ထိန်းအရာရှိထံ ချဉ်းကပ်၍—

"ငါ့သျှင် (ဒါယကာ) ငါသည် ရွာတွင်းသို့ ဝင်၍ ဆွမ်းခံသွားစဉ် သုံးကြိမ်တိုင်အောင်ပင် မြက်ရိပ်သူ ထင်းခွေသူတို့သည် မြက် (မိုး) ကျောင်းငယ်ကို ဖျက်ပြီးလျှင် မြက်နှင့် ထင်းတို့ကို ယူ၍သွား

http://www.dhammadownload.com



ကြပါသည်၊ ငါကိုယ်တိုင် ဆောက်လုပ်သော အလုံးစုံ မြေညက်ဖြင့် ပြီးသော ကျောင်းငယ် ကိုလည်း မြတ်စွာဘုရားက ဖျက်စေအပ်ပြီ၊ ငါ့သျှင် (ဒါယကာ) သစ်သားများကို ပေးလှူပါ၊ သစ်သား ကျောင်းငယ်ကို ဆောက်လိုပါသည်" ဟု ပြော၏။

အသျှင်ဘုရား အသျှင်ဘုရားအား ပေးလှူဘို့ရန် သစ်သားများ မရှိပါ၊ မြို့ရွာ ပြုပြင်ရေးနှင့်(မီး လောင်ခြင်းစသော) ဘေးရန်အလို့ငှါ ထားသော မင်း၏ သစ်တော်တို့သည် ရှိပါကုန်၏၊ ထိုသစ်တို့ကို ဘုရင်မင်းမြတ်က ပေးလှူစေပါလျှင် အသျှင်ဘုရား သယ်ယူခိုင်းတော်မူပါ ဟု (လျှောက်၏)။

ငါ့သျှင် (ဒါယကာ) ဘုရင်သည် ပေးလှူပြီးပါပြီ ဟု (ပြော၏)။
ထိုအခါ သစ်တောရုံးရှိ သစ်ထိန်းအရာရှိအား—

"ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်ကုန်သော ရဟန်းတော်များသည် တရားကို ကျင့်ကုန်၏၊ ညီညွတ် ငြိမ်သက်သော အကျင့်ကို ကျင့်ကုန်၏၊ မြတ်သည်ကို ကျင့်ကုန်၏၊ အမှန် ကိုဆိုလေ့ရှိကုန်၏၊ သီလရှိကုန်၏၊ ကောင်းသော သဘောရှိကုန်၏၊ ဘုရင်မင်းမြတ် သည်လည်း ဤရဟန်းတို့အား အလွန် ကြည်ညိုတော်မူ၏၊ မလှူသေးပဲလျက် လှူပြီး ဟု ပြောကြမည် မဟုတ်ပေ"ဟု အကြံဖြစ်၏။

ထို့နောက် သစ်တောရုံးရှိ သစ်ထိန်း အရာရှိသည် အိုးထိန်းသည်၏သား အသျှင်ဓနိယအား "အသျှင်ဘုရား သယ်ယူ ခိုင်းတော်မူပါ"ဟု လျှောက်၏။

ထိုအခါ အိုးထိန်းသည်၏သား အသျှင်ဓနိယသည် ထိုသစ်တို့ကို အပိုင်းအပိုင်း ဖြတ်ခွဲစေပြီးလျှင် လှည်းဖြင့် ထုတ်ယူ သယ်ဆောင်စေပြီးနောက် သစ်သား ကျောင်းငယ်ကို ဆောက်၏။

၈၇။ ထိုအခါ မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားသည် ရာဇဂြိုဟ်မြို့၌ အမှုကြီး ငယ်တို့ကို ကြည့်ရှုစစ်ဆေးရာ သစ်တောရုံးရှိ သစ်ထိန်းအရာရှိထံ ချဉ်းကပ်၍—

"အမောင် မြို့ရွာပြုပြင်ရေးနှင့် (မီးလောင်ခြင်းစသော) ဘေးရန် အလို့ငှါ ထားသော မင်း၏ သစ်တော်တို့သည် အဘယ်မှာနည်း"ဟု (မေး၏)။

အရှင် ထိုသစ်တို့ကို ဘုရင်မင်းမြတ်သည် အိုးထိန်းသည်၏သား ဖြစ်သော အသျှင်ဓနိယအား ပေးလှူလိုက်ပါသည် ဟု (ပြော၏)။

ထိုအခါ မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားအား "ဘုရင်မင်းမြတ်သည်မြို့ရွာ ပြုပြင်ရေးနှင့် (မီးလောင်ခြင်းစသော) ဘေးရန်အလို့ငှါ ထားသောမင်း၏ သစ်တော်တို့ကို အဘယ့် ကြောင့် အိုးထိန်းသည်၏သား အသျှင်ဓနိယအား ပေးလှူလိုက်ဘိသနည်း"ဟု နှလုံးမသာခြင်းဖြစ်၏။

ထို့နောက် မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားသည် မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရ မင်းထံ ချဉ်းကပ်၍—

"မြို့ရွာ ပြုပြင်ရေးနှင့် (မီးလောင်ခြင်းစသော) ဘေးရန်အလို့ငှါ ထားသော မင်း၏ သစ်တော် တို့ကို အိုးထိန်းသည်၏သား အသျှင်ဓနိယအား ဘုရင်မင်းမြတ် ပေးလှူလိုက်ပြီ ဟု ဆိုသည်မှာ မှန်ပါ သလော" ဟု (လျှောက်တင်၏)။

ဤသို့ (သင့်အား) မည်သူက ပြောသနည်း ဟု (မေး၏)။

http://www.dhammadownload.com



အရှင်မင်းမြတ် သစ်တောရုံး သစ်ထိန်း အရာရှိက ပြောပါသည် ဟု (လျှောက်တင်၏)။

ပုဏ္ဏား သို့ဖြစ်လျှင် သစ်တောရုံးမှ သစ်ထိန်းအရာရှိကို ခေါ်စေရမည် ဟု (မိန့်၏)။

ထို့နောက် မဂဓတိုင်း အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားသည် သစ်တောရုံး သစ်ထိန်း အရာရှိကို ဖမ်းဆီးချုပ်နှောင်၍ ခေါ်ဆောင် လာစေ၏။

အိုးထိန်းသည်၏သား အသျှင်ဓနိယသည် သစ်တောရုံးမှ သစ်ထိန်း အရာရှိကို ဖမ်းဆီးချုပ်နှောင်လျက် ထုတ်ဆောင် လာသည်ကို မြင်ရကား သစ်တောရုံး သစ်ထိန်း အရာရှိအား—

"ငါ့သျှင် (ဒါယကာ) အဘယ့်ကြောင့် သင် ဖမ်းဆီးချုပ်နှောင် ထုတ်ဆောင် ခံရသနည်း" ဟု (မေး၏)။

အသျှင်ဘုရား ထိုသစ်များကိစ္စကြောင့် ဖြစ်ပါသည် ဟု (လျှောက်၏)။

ငါ့သျှင် (ဒါယကာ) သွားနှင့်ပါ၊ ငါလည်း လိုက်ခဲ့ပါမည် ဟု (ပြောသောအခါ)—

အသျှင်ဘုရား တပည့်တော် အသတ် မခံရမီ ကြွတော်မူခဲ့ပါ ဟု (ပြန်၍ လျှောက်၏)။

၈၈။ ထို့နောက်အိုးထိန်းသည်၏သား အသျှင်ဓနိယသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရ မင်း၏ နန်းတော်သို့ ချဉ်းကပ်လျက် ပြင်ထားသော နေရာ၌ ထိုင်လေ၏။ ထိုအခါ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရ မင်းသည် အိုးထိန်းသည်၏သား အသျှင်ဓနိယထံ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော်—

"အသျှင်ဘုရား တပည့်တော်သည် မြို့ရွာ ပြုပြင်ရေးနှင့် (မီးလောင်ခြင်း စသော) ဘေးရန် အလို့ငှါ ထားသော မင်း၏ သစ်တော်တို့ကို အသျှင်ဘုရားအား လှူလိုက်ပြီ ဟု ဆိုသည်မှာမှန် ပါသလော" ဟု (လျှောက်၏)။

မှန်ပေသည် မင်းမြတ် ဟု (ဆိုလတ်သော်)—

အသျှင်ဘုရား တပည့်တော်များ ဘုရင်တို့မည်သည် များသော ကိစ္စရှိကြပါသည်၊ များသော ပြုဖွယ် ရှိကြပါသည်၊ လှူပြီးသော်လည်း အမှတ်မရကြပါ၊ တောင်းပန်ပါသည်၊ အသျှင်ဘုရား သတိ ရအောင် မိန့်တော်မူပါ ဟု (လျှောက်၏)။

မင်းကြီး ပဌမဦးစွာ အဘိသိက် ခံယူစဉ်က "မြက်ထင်းရေတို့ကို သုံးဆောင်တော် မူကြကုန် ဟု ရဟန်း ပုဏ္ဏားတို့အား ပေးလှူပြီး သာလျှင် ဖြစ်၏"၊ ဤသို့ သင်မင်းမြတ် ပြောဆိုခဲ့ဘူးသောစကားကို အမှတ် ရပါလော့ ဟု (ပြောသောအခါ)—

အသျှင်ဘုရား အမှတ်ရပါပြီ၊ မကောင်းမှုကို ရှက်တတ်ကုန်သော တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိတတ်ကုန်သော သိက္ခာ (သုံးပါး) ကို အလိုရှိကုန်သော ရဟန်းပုဏ္ဏားတို့ ရှိကြပါသည်၊ ထိုရဟန်း ပုဏ္ဏားတို့အား အနည်းငယ်မျှ (အပြစ်) ၌ပင် ယုံမှား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်တတ်ကြပါ သည်၊ ထိုရဟန်း ပုဏ္ဏားတို့ကို ရည်ရွယ်၍ တပည့်တော် ပြောခြင်းဖြစ်ပါသည်၊ ထိုသို့ ပြောဆိုခြင်းသည် လည်း တောအတွင်းဝယ် မသိမ်းပိုက်အပ်သော မြက်ထင်းရေကိုသာ ပြောဆိုခြင်းဖြစ်ပါသည်၊ အသျှင် ဘုရားသည် ထို(စကား) အမြွက်ဖြင့် သစ်တော်တို့ကို မပေးလှူပါပဲလျက် ဆောင်ယူရမည် ဟု ထင်မှတ်ဘိ၏၊ တပည့်တော် ကဲ့သို့သော ဘုရင်သည် နိုင်ငံတော်၌ နေသော သမဏ ဗြာဟ္မဏတို့ကို အဘယ့်ကြောင့် နှောင်ဖွဲ့သတ်ပုတ် နှင်ထုတ်ရာအံ့နည်း (နှင်ထုတ်မည် မဟုတ်ပါ) အသျှင်ဘုရား

http://www.dhammadownload.com



ကြွပါလော့၊ အသျှင်ဘုရားသည် (ရဟန်းတို့၏) အသွင်အပြင် အမွေး 'အရောင်' ကြောင့် (အပြစ်မှ) လွတ်မြောက်ရပေသည်၊ နောင် ဤကဲ့သို့သော အမှုကို မပြုပါလင့် ဟု (လျှောက်ထား၏)။

လူတို့သည်—

"ဤသာကီဝင်မင်းသား ဘုရား အနွယ်တော် ဖြစ်ကုန်သော ရဟန်းတို့သည် အရှက်မရှိကုန်၊ သီလမရှိကုန်၊ မမှန်သည်ကို ဆိုလေ့ ရှိကုန်၏၊ သို့စင်လျက် ဤရဟန်းတို့က တရားကို ကျင့်လေ့ ရှိကုန်၏၊ ညီညွတ်မျှတသော အကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မြတ်သည်ကို ကျင့်လေ့ရှိကုန်၏၊ အမှန်ကို ဆိုလေ့ရှိကုန်၏၊ သီလရှိကုန်၏၊ ကောင်းသော သဘောရှိကုန်၏ ဟု ဝန်ခံကြတကုန်ဘိ၏၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော်သူမြတ် အဖြစ်သည် မရှိတော့ပြီ၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော် သူမြတ် အဖြစ်သည် ပျောက်ပျက်ခဲ့လေပြီ၊ ဤရဟန်းတို့အား အဘယ်မှာ ရဟန်းအဖြစ် သူတော် သူမြတ်အဖြစ်သည် ရှိမည်နည်း၊ ဤရဟန်းတို့သည် ရဟန်းအဖြစ် သူတော်သူမြတ် အဖြစ်မှ ကင်းကွာကုန်ပြီ၊ ဤရဟန်းတို့သည် ဘုရင်ကိုသော်လည်း လှည့်ဖျားကြသေး၏၊ အခြားလူများကိုကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြု ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကုန်၏။ အကြင်ရဟန်းတို့သည် အလိုနည်းကုန်၏၊ ရောင့်ရဲလွယ်ကုန်၏၊ မကောင်းမှုကို ရှက်တတ်ကုန်၏၊ တွေးတောမှု 'သံသယကုက္ကုစ္စ' ရှိကုန်၏၊ သိက္ခာ (သုံးပါး) ကို လိုလားကုန်၏၊ ထိုရဟန်းတို့ကလည်း "အဘယ့်ကြောင့် အိုးထိန်းသည်၏သား အသျှင်ဓနိယသည် မင်း၏ သစ်တော်တို့ကို မပေးလှူပဲ ခိုးယူလေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် ။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် အိုးထိန်းသည်၏သား အသျှင်ဓနိယကို—

"ဓနိယ သင်သည် မင်း၏ သစ်တော်တို့ကို မပေးပဲ ယူ၏ ဆိုသည်မှာ မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ရဟန်းတို့အား မလျှောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ် မအပ်၊ မပြုသင့်။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် မင်း၏သစ်တော်တို့ကို မပေးလှူပဲ ယူဘိသနည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါရင်း မဖြစ်နိုင်ပေ၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အမှန်စင်စစ် ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား မကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညိုပျက်စေခြင်းငှါရင်း ဖြစ်ပေ၏ ဟု (ကဲ့ရဲ့တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ တရားသူကြီးဟောင်းဖြစ်သော အမတ်ကြီးတယောက်သည် ရဟန်းတို့ထံ ပဇ္ဇင်းခံပြီး၍ မြတ်စွာဘုရား အနီးဝယ် ထိုင်နေလျက်ရှိ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား—

"ရဟန်း အဘယ်မျှလောက်သော ဥစ္စာကိုယူခြင်းဖြင့် မဂဓတိုင်းရှင် သေနိယမည်သောဗိမ္ဗိသာရ မင်းသည် ခိုးသူကိုဖမ်း၍ နှောင်ဖွဲ့သတ်ပုတ် နှင်ထုတ်သနည်း" ဟု မေးတော်မူ၏။

မြတ်စွာဘုရား တမတ် တမတ်ထိုက်တန်သော ဥစ္စာ(ကိုယူခြင်း)ဖြင့် နှောင်ဖွဲ့ သတ်ပုတ်နှင်ထုတ် ပါသည်ဘုရား ဟု (လျှောက်၏)။

ထိုအခါ ရာဇဂြိုဟ်မြို့၌ ငါးပဲသည် တမတ်မည်၏၊ ထို့နောက် မြတ်စွာဘုရားသည် အိုးထိန်းသည်၏ သား အသျှင်ဓနိယကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် ကိုယ်တိုင်ပြုစု မွေးမြူရန် ခက်ခဲခြင်း။ပ။ ရဟန်းတို့ ဤသို့လျှင် သိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) ၈၉။ "အကြင်ရဟန်းသည် ခိုးလိုသောစိတ်အစုဖြင့် မပေးအပ်သောဥစ္စာကို ယူငြားအံ့ အကြင်သို့ သဘောရှိသော မပေးအပ်သောဥစ္စာကို ယူခြင်းကြောင့် မင်းတို့သည် ခိုးသူကိုဖမ်း၍ သင်သည် ခိုးသူဖြစ်၏ မိုက်သူဖြစ်၏ တွေဝေသူဖြစ်၏ ဝှက်တတ်သူဖြစ်၏ ဟု သတ်ပုတ်မူလည်း သတ်ပုတ်ကုန်ရာ၏၊ နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့ကုန်ရာ၏၊ နှင်ထုတ်မူလည်း နှင်ထုတ်ကုန်ရာ၏၊ ထိုသို့ သဘောရှိသော မပေးအပ်သော ဥစ္စာကို ယူသော ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံး ခြင်းသို့ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမငှါ"** ဤသို့(ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၉၀ ။ တရံရောအခါ ဆဗ္ဗဂ္ဂီ * ရဟန်းတို့သည် ခဝါဆိပ်သို့ သွား၍ ခဝါထုပ်ကို ခိုးယူကြပြီးလျှင်အရံ အတွင်းသို့ ဆောင်ခဲ့၍ ခွဲဝေကုန်၏၊ ရဟန်းတို့သည်—

"ငါ့သျှင်တို့ သင်တို့သည် ဘုန်းကြီးကြပါပေသည်၊ သင်တို့အား သင်္ကန်းပေါများ ကြပါပေသည်" ဟု ပြောဆိုကုန်၏။

ငါ့သျှင်တို့ ငါတို့အား အဘယ်မှာ ဘုန်းကြီးအံ့နည်း၊ ယခု ငါတို့သည် ခဝါဆိပ်သို့ သွား၍ခဝါထုပ် ကို ခိုးခဲ့ကြပါသည် ဟု (ပြန်၍ပြောကြကုန်၏)။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို ပညတ်တော်မူပြီး မဟုတ်ပါလော၊ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် ခဝါထုပ်ကို ခိုးယူခဲ့ကြကုန်သနည်း ဟု (ပြောဆိုကြကုန်၏)။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို ပညတ်တော်မူပြီး ဖြစ်သည်ကား မှန်ပါသည်၊ သို့ရာတွင် ထိုပညတ်ချက်သည် ရွာ၌သာဖြစ်၍ တော၌ မဟုတ်ပါ ဟု (ပြန်၍ပြောကြကုန်၏)။

ငါ့သျှင်တို့ ထို(တော၌ခိုးခြင်း)သည်လည်း ရွာ၌ ခိုးခြင်းနှင့် အတူတူပင် မဟုတ်ပါလော၊ငါ့သျှင် တို့ (သင်တို့၏ အမှုသည်) ရဟန်းတို့အား မလျှောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့အပြု အမူမဟုတ် မအပ်၊ မပြုသင့်၊ ငါ့သျှင်တို့ အဘယ့်ကြောင့် သင်တို့သည် ခဝါထုပ်ကို ခိုးယူကုန်ဘိ သနည်း၊ ငါ့သျှင်တို့ ဤ(သင်တို့အမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါလည်းကောင်း ကြည်ညိုပြီးသောသူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါလည်းကောင်း မဖြစ်နိုင်ပေ၊ ငါ့သျှင်တို့ အမှန်စင်စစ် ဤ

* မေတ္တိ ဘုမ္မ ပဏ္ဍ လော၊ အဿ ပု နေ့ ဆိုသောရဟန်းခြောက်။ မေတ္တိယ ဘုမ္မဇက ပဏ္ဍုက လောဟိတက အဿဇိ ပုနဗ္ဗသုက ဟူသောရဟန်းဆိုးခြောက်ပါးဂိုဏ်းကို ခြောက်ပါးစု ဆဗ္ဗဂ္ဂီဟုခေါ်သည်၊ အထက်၌ထင်ရှားလတ္တံ့ ။

http://www.dhammadownload.com



(သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား မကြည်ညိုစေခြင်းငှါရင်း ကြည်ညို ပြီးသော အချို့သူတို့အား အကြည်ညို ပျက်စေခြင်းငှါရင်း ဖြစ်ပေ၏ ဟု (ပြောဆိုကြကုန်၏)။

ထိုနောက် ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်း အရာကြောင့် ရဟန်း သံဃာကို စည်းဝေးစေပြီးလျှင် ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို—

"ရဟန်းတို့ သင်တို့သည် ခဝါဆိပ်သို့သွား၍ ခဝါထုပ်ကို ခိုးယူကြသည် ဟူသည်မှာ မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

"(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ (သင်တို့၏အမှုသည်) ရဟန်းတို့အား မလျော်ကန်၊ မလျောက်ပတ်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ် မအပ်၊ မပြုသင့်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် ခဝါထုပ်ကို ခိုးယူကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေး သော သူတို့အား ကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါရင်း မဖြစ်နိုင်ပေ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အမှန်စင်စစ် ဤ (သင်တို့ပြုမိသော အမှု)သည် မကြည်ညိုသေးသော သူတို့အား မကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသော အချို့ သူတို့အား အကြည်ညို ပျက်စေခြင်းငှါရင်း ဖြစ်ပေ၏" ဟု (ကဲ့ရဲ့တော်မူ၏)။

ထိုနောက် မြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင် တော်မူပြီးလျှင် ကိုယ်တိုင်ပြုစု မွေးမြူရန် ခက်ခဲခြင်း။ပ။ ဝီရိယဖြင့် အားထုတ်ခြင်းတို့၏ ဂုဏ်ကျေးဇူး ကို မိန့်တော်မူပြီးလျှင် ရဟန်းတို့အား ထိုအဖြစ်အပျက်နှင့် လျောက်ပတ် လျော်ညီသော တရားစကား ကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့ကို။ပ။ရဟန်းတို့အား သိက္ခာပုဒ်တော်ကို ပညတ်တော် မူမည် ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂။ (ခ) ၉၁။ "အကြင်ရဟန်းသည် ရွာမှရင်း တောမှရင်း ခိုးလိုသောစိတ်အစုဖြင့် မပေးအပ် သော ဥစ္စာကိုယူငြားအံ့၊ အကြင်သို့ သဘောရှိသော မပေးအပ်သော ဥစ္စာကို ယူခြင်းကြောင့် မင်းတို့သည် ခိုးသူကိုဖမ်း၍ သင်သည်ခိုးသူဖြစ်၏၊ မိုက်သူဖြစ်၏၊ တွေဝေသူဖြစ်၏၊ ဝှက်တတ်သူဖြစ်၏ ဟု သတ်ပုတ်မှုလည်း သတ်ပုတ်ကုန်ရာ၏၊ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ကုန်ရာ၏၊ နှင်ထုတ်မှုလည်း နှင်ထုတ်ကုန်ရာ၏၊ ထိုသို့သဘောရှိသော မပေးအပ်သော ဥစ္စာကို ယူသော ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယ ပါရာဇိက သိက္ခာပုဒ်အဖွင့်

၉၂။ **အကြင်** ဟူသည် အကြင်သို့သောသဘောရှိသော။ပ။

**ရဟန်း** ဟူသည် ။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို ရဟန်း ဟု အလိုရှိအပ်၏။

http://www.dhammadownload.com



**ရွာ** မည်သည် အိမ်တလုံးရှိလည်း ရွာ၊ အိမ်နှစ်လုံးရှိလည်း ရွာ၊ အိမ်သုံးလုံး ရှိလည်း ရွာ၊အိမ်လေးလုံးရှိလည်း ရွာ၊ လူရှိလည်း ရွာ၊ လူမရှိလည်း ရွာ၊ အကာအရံရှိလည်း ရွာ၊ အကာအရံမရှိလည်း ရွာ၊ နွားတို့၏ နေရာကဲ့သို့ တည်နေရာလည်း * ရွာ၊ ကုန်သည်စု လေးလထက် အလွန် တည်နေရာကိုလည်း ရွာဟု ဆိုအပ်၏။

**ရွာ၏ဥပစာ** + မည်သည်အကာအရံ ရှိသော ရွာ၏ တံခါးခုံ၌ တည်သော အား အလယ်အလတ်ရှိသော ယောကျ်ား၏ ခဲတကျ 'ခဲတပစ်' တည်း၊ အကာအရံမရှိသော ရွာ၏ အိမ်ဥပစာ၌ တည်သော အားအလယ်အလတ်ရှိသော ယောကျ်ား၏ ခဲတကျ 'ခဲတပစ်'တည်း။

**တော** မည်သည် ရွာ ရွာ၏ဥပစာကို ချန်လှပ်၍ ကြွင်းကျန်သော အရပ်တည်း။

**မပေးအပ်သောဥစ္စာ** မည်သည် မပေးအပ် မလှူအပ် မစွန့်အပ် စောင့်ရှောက်အပ် လုံခြုံစေအပ် ငါ့ဟာ ဟု မြတ်နိုးအပ် သူတပါး သိမ်းဆည်းအပ်သော ဥစ္စာတည်း။

**ခိုးလိုသောစိတ်အစု** ဟူသည် ခိုးလိုသော စိတ်ရှိသည်ဖြစ်၍၊ ဖျက်လိုသော စိတ်ရှိသည်ဖြစ်၍။

**ယူငြားအံ့** ဟူသည် ယူငြားအံ့၊ ဆောင်ယူငြားအံ့၊ ဖျက်ငြားအံ့၊ ဣရိယာပုထ်ကို ပျက်စေငြားအံ့၊ နေရာမှ ရွေ့စေငြားအံ့၊ အချိန်းအချက်ကိုလွန်စေငြားအံ့။

**အကြင်သို့ သဘောရှိသော** မည်သည် တမတ်ကိုသော်၎င်း တမတ်တန် (ဥစ္စာ) ကိုသော်၎င်း တမတ်ထက် အပိုအလွန် (ဥစ္စာ) ကိုသော်၎င်း။

**မင်းတို့** မည်သည် ကေရာဇ်မင်း ပဒေသရာဇ်မင်း နယ်စား (မြို့စား) ရွာစား တရားသူကြီးအမတ်ချုပ်တို့တည်း၊ သို့မဟုတ် ဖြတ်ခြင်း ခွဲခြင်းကိုပြု၍ ဆုံးမအုပ်ချုပ်သူ ဟူသမျှကို မင်း ဟုဆိုရ၏။

**ခိုးသူ** မည်သည် ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော ဥစ္စာကို (ဥစ္စာရှင်သည် ကိုယ်နှုတ်ဖြင့်) မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် ယူသူတည်း။

**သတ်ပုတ်မှုလည်း သတ်ပုတ်ကုန်ရာ၏** ဟူသည် လက်ခြေနှင်တံ (တံဖျာ) ကြိမ်လုံး တုတ်တို့ဖြင့်သော်၎င်း ဖြတ်ခြင်းဖြင့်သော်၎င်း သတ်ကုန်ရာ၏။

**နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ကုန်ရာ၏** ဟူသည် ကြိုးဖြင့်တုပ်ခြင်း ထိတ်ခတ်ခြင်း သံခြေကျင်းခတ်ခြင်း နှောင်အိမ်သွင်းခြင်း မြို့ချုပ် ချုပ်နှောင်ခြင်း ရွာချုပ် ချုပ်နှောင်ခြင်း နိဂုံးချုပ် ချုပ်နှောင်ခြင်း (တခုခု)တို့ဖြင့် ချုပ်နှောင် ဖွဲ့ထားကုန်ရာ၏၊ လူအစောင့်ကိုသော်လည်း ထားကုန်ရာ၏။

**နှင်ထုတ်မှုလည်း နှင်ထုတ်ကုန်ရာ၏** ဟူသည် ရွာမှသော်၎င်း နိဂုံးမှသော်၎င်း မြို့မှသော်၎င်း နိုင်ငံတော်မှသော်၎င်း နိုင်ငံတော် တစိတ်တဒေသ (ခရိုင်) မှသော်၎င်း နှင်ထုတ်ကုန်ရာ၏။

---

* နွားတို့၏နေရာကဲ့သို့တည်နေရာဟူသည် လမ်းအစီအစဉ်မရှိပဲ နွားနှစ်ကောင် သုံးကောင်အစုလိုက် နေကြသကဲ့သို့ နှစ်အိမ် သုံးအိမ် စု၍ နေသောရွာတည်း။

+ တောကို ပိုင်းခြားရန်အလို့ငှါ ရွာဥပစာကို သိက္ခာပုဒ်၌မပါပဲ ဖွင့်ပြအပ်သည်။

http://www.dhammadownload.com



**သင်သည် ခိုးသူဖြစ်၏ မိုက်သူဖြစ်၏ တွေဝေသူဖြစ်၏ ဓားပြ ဖြစ်၏** ဟူသည် ဆဲရေးရေရွတ်သော စကားတည်း။

**ထိုသို့သဘောရှိသော** မည်သည် တမတ်ကိုသော်၎င်း တမတ်တန် (ဥစ္စာ) ကိုသော်၎င်း တမတ်ထက် အပိုအလွန် (ဥစ္စာ) ကိုသော်၎င်း။

**ယူသော** ဟူသည် ယူသော ဆောင်ယူသော ဖျက်သော ဣရိယာပုထ်ကို ပျက်စေသော နေရာမှ ရွေ့စေသော အချိန်းအချက်ကို လွန်စေသော။

**ဤရဟန်းသည်လည်း** ဟူသည်ကို ရှေး (မေထုန် ပါရာဇိကရဟန်း) ကိုထောက်၍ ဆိုအပ်၏။

**သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်၏** ဟူသည် အညှာမှ ကြွေကျသော သစ်ရွက်သည် မစိမ်းစို နိုင်တော့သကဲ့သို့ ဤအတူရဟန်းသည် တမတ်ကိုသော်၎င်း တမတ်တန်(ဥစ္စာ)ကိုသော်၎င်း တမတ်ထက် အပိုအလွန် (ဥစ္စာ) ကိုသော်၎င်း (ဥစ္စာရှင်သည် ကိုယ်နှုတ်ဖြင့်) မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် ယူမိသောကြောင့် ရဟန်းမဟုတ်တော့ပေ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်မဟုတ်တော့ပေ၊ ထို့ကြောင့် "သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏" ဟု ဆိုအပ်၏။

**ရဟန်းကောင်းတို့နှင့် ပေါင်းသင်းရခြင်းမရှိ** ဟူရာ၌ ပေါင်းသင်းခြင်းမည်သည် အတူတကွဝိနည်းကံ ပြုမှု အတူတကွ ပါတိမောက်ရွတ်(ပြ)မှု တူမျှသော ကျင့်ကြံနေထိုင်မှု ဟူသော ဤအလုံးစုံသည် ပေါင်းသင်းခြင်းမည်၏၊ ထိုပေါင်းသင်းခြင်းသည် ထိုရဟန်းနှင့် အဘူတကွ မရှိတော့ပေ၊ ထို့ကြောင့် "ပေါင်းသင်းရခြင်း မရှိ" ဟု ဆိုအပ်၏။

## ခေါင်းစဉ် မာတိကာ

၉၃။ မြေ၌တည်သောဥစ္စာ၊ ကြည်း 'ကုန်း' ၌တည်သောဥစ္စာ၊ ကောင်းကင်၌ တည်သောဥစ္စာ၊ ဟင်းလင်းပြင်၌ တည်သောဥစ္စာ၊ ရေ၌တည်သောဥစ္စာ၊ လှေ၌တည်သောဥစ္စာ၊ ယာဉ်၌တည်သော ဥစ္စာ၊ ဝန်အားဖြင့် တည်သောဥစ္စာ၊ အရံ၌တည်သောဥစ္စာ၊ ကျောင်း၌ တည်သောဥစ္စာ၊ လယ်၌တည်သောဥစ္စာ၊ ယာ၌တည်သောဥစ္စာ၊ ရွာ၌တည်သောဥစ္စာ၊ တော၌တည်သောဥစ္စာ၊ ရေဒန်ပူ၊ တောစိုးသစ်ပင်၊ ဆောင်ယူသောဥစ္စာ၊ အပ်နှံသောဥစ္စာ၊ ကင်းထားရာအရပ် အခကောက်ဌာန၊ သတ္တဝါ၊ အခြေမရှိသောသတ္တဝါ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါ၊ အခြေလေးချောင်း ရှိသော သတ္တဝါ၊ အခြေများသော သတ္တဝါ၊ လက်ထောက်ချသူ၊ ဆောင်ယူလာသော ဥစ္စာကိုစောင့်သူ၊ တိုင်ပင်၍ခိုးခြင်း၊ အချိန်းအချက်ပြုခြင်း၊ အမှတ်အသားပြုခြင်း၊ ဤကား မာတိကာတည်း။

## မာတိကာ အဖွင့်

၉၄။ **မြေ၌တည်သောဥစ္စာ** မည်သည် မြေ၌ချထား မြှုပ်ထား ဖုံးထားအပ်သော ဥစ္စာတည်း။

"မြေ၌တည်သော ဥစ္စာကို ခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်၎င်းပေါက်တူးကိုသော်၎င်း ခြင်းတောင်းကိုသော်၎င်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထို မြေ၌ ဖြစ်သော ထင်းကိုသော်၎င်း နွယ်ကိုသော်၎င်းဖြတ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုမြေ၌ မြေမှုန့်ကို တူးမူလည်းတူးအံ့၊ ယက်မူလည်းယက်အံ့၊ ထုတ်မူလည်းထုတ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ (ဥစ္စာ) အိုးကို

http://www.dhammadownload.com



သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ လှုပ်စေအံ့ ထုလ္လစ္စဉ်း အာပတ်သင့်၏၊ နေရာမှရွေ့စေအံ့၊ပါရာဇိက အာပတ်သင့်၏၊ မိမိ၏ခွက်ကိုသွင်း၍ ငါးပဲ-ငါးပဲထက်အလွန်ထိုက်တန်သော ဥစ္စာကိုခိုးလိုသောစိတ် ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏။

မိမိခွက်သို့ ရောက်အောင်သော်လည်းပြုအံ့၊ လက်ဆုပ်ကိုသော်လည်း ဖြတ်အံ့၊ 'လက်ဆုပ်နှင့် သော်လည်းကုတ်ယူအံ့' ပါရာဇိက အာပတ်သင့်၏။

ချည်၌ တင်အပ်သော 'ချည်ဖြင့်သီကုံးအပ်သော' ဘဏ္ဍာကိုသော်ငင်း ရွှေဆောက်လုံးကြိုး 'ရွှေဆွဲကြိုး' ကိုသော်ငင်း လည်ဆွဲကြိုးကိုသော်ငင်း ခါးစည်းကြိုးကိုသော်ငင်း အဝတ်ပုဆိုးကိုသော် ငင်း ခေါင်းပေါင်းကိုသော်ငင်း ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ လှုပ် စေအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏၊ အစွန်း၌ကိုင်လျက် ကြွစေအံ့၊ 'မြှောက်အံ့' ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ပွတ်တိုက်လျက် ထုတ်ဆောင်အံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏၊ အယုတ်ဆုံးအားဖြင့် တဆံခြည် ဖျားမျှ အိုးမျက်နှာဝမှ လွတ်စေအံ့၊ ပါရာဇိက အာပတ်သင့်၏။

ငါးပဲ-ငါးပဲထက်အလွန်ထိုက်တန်သော ထောပတ်ကိုသော်ငင်း ဆီကိုသော်ငင်း ပျားရည်ကို သော်ငင်း တင်လဲကိုသော်ငင်း ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ တကြိမ်တည်း သောက်အံ့၊ ပါရာဇိက အာပတ်သင့်၏။ ထိုအရပ်၌ပင်လျှင် ခွဲမူလည်း ခွဲအံ့၊ စွန့်ပစ်မူလည်း စွန့်ပစ်အံ့၊ မီးမူလည်း တိုက်အံ့၊ သုံးဆောင်မဖြစ် 'ပျက်စီး' အောင်မူလည်း ပြုအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

၉၅။ **ကြည်း 'ကုန်း' ၌ တည်သော ဥစ္စာ**မည်သည် ကြည်း၌ချထားအပ်သော ဥစ္စာတည်း။ "ကြည်း၌ တည်သော ဥစ္စာကိုခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူ လည်း သွားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ်သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိက အာပတ်သင့်၏။

၉၆။ **ကောင်းကင်၌ တည်သောဥစ္စာ** မည်သည် ကောင်းကင်သို့ ရောက်သော ဥစ္စာတည်း။ ဥဒေါင်း သည်ငင်း တိုက်ငှက်'ယစ်ဥချိုး'သည်ငင်း ခါသည်ငင်း ငုံးသည်ငင်း အဝတ်ပုဆိုးသည်ငင်း ခေါင်းပေါင်း သည်ငင်း ငွေသည်ငင်း ရွှေသည်ငင်း ပြတ်၍ကျဆဲဖြစ်၏၊ "ကောင်းကင်၌ တည်သော (ယင်း)ဥစ္စာကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ် အာပတ်သင့်၏၊ သွားခြင်းကိုဖြတ် 'ရပ်'အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ်သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ်သင့်၏။

၉၇။ **ဟင်းလင်းပြင်၌ တည်သောဥစ္စာ** မည်သည် ဟင်းလင်းပြင်၌ထားသော ဥစ္စာတည်း။ ညောင် စောင်း 'ခင္ဂင်' ၌သော်ငင်း အင်းပျဉ် 'ခုံရှည်' ၌သော်ငင်း သက်န်းတန်း၌သော်ငင်း သက်န်းကြိုး၌သော် ငင်း နံရံချိတ်၌သော်ငင်း ဆင်စွယ်ကောက်၌သော်ငင်း သစ်ပင်၌သော်ငင်း ဆွဲချိတ်ထားအပ်၏။ အယုတ်သဖြင့် သပိတ်ခြေ၌သော်လည်း ဆွဲချိတ်ထားအပ်၏၊ "ဟင်းလင်းပြင်၌ တည်သော ဥစ္စာကို ခိုးအံ့"ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်းသွားအံ့၊ ဒုက္ကဋ် အာပတ်သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏၊ နေရာမှရွေ့ စေအံ့၊ ပါရာဇိကအာပတ်သင့်၏။

http://www.dhammadownload.com



၉၇။ **ရေ၌တည်သောဥစ္စာ** မည်သည် ရေ၌ချထားအပ်သော ဥစ္စာတည်း။ "ရေ၌တည်သောဥစ္စာကို ခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်းရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ငုပ်မူလည်းငုပ်အံ့၊ ပေါ်မူလည်းပေါ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

ထိုရေ၌ ပေါက်ရောက်ဖြစ်ပေါ်သော ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော ဥပ္ပလကြာ*ကို သော်ငြင်း ပဒုမ္မာကြာကိုသော်ငြင်း ပုဏ္ဍရိက်ကြာကိုသော်ငြင်း ကြာစွယ်ကိုသော်ငြင်း ငါးကိုသော်ငြင်း လိပ်ကိုသော်ငြင်း ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

၉၈။ (တဘက်ကမ်းသို့) ကူးကြောင်းဖြစ်သော ဝတ္ထုသည် လှေမည်၏။

**လှေ၌တည်သောဥစ္စာ** မည်သည် လှေ၌ထားအပ်သော ဥစ္စာတည်း။ "လှေ၌တည်သောဥစ္စာကို ခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်းရှာအံ့၊ သွားမူလည်းသွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

"လှေကိုခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်းရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ လှေဖွဲ့ကြိုးကိုဖြေအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ လှေဖွဲ့ကြိုးကို ဖြေ၍ သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ အထက် 'အညာ' သို့သော်ငြင်း အောက် 'အကြေ' သို့ သော်ငြင်း ဖီလာသို့သော်ငြင်း အယုတ်သဖြင့် ဆံခြည်ဘျှားမျှ ပြောင်းရွှေ့အံ့၊ ပါရာဇိက အာပတ် သင့်၏။

၁၀၀။ ပေါင်းချုပ်ရာသား လှည်း သံသျှင်းသည် ယာဉ်မည်၏။

**ယာဉ်၌တည်သောဥစ္စာ** မည်သည် ယာဉ်၌ထားအပ်သော ဥစ္စာတည်း။ "ယာဉ်၌တည်သော ဥစ္စာကို ခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်းရှာအံ့၊ သွားမူလည်းသွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

"ယာဉ်ကို ခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်းရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

၁၀၁။ ဦးခေါင်းဝန် ပခုံးဝန် ခါးဝန် လက်ဆွဲဝန်သည် ဝန်မည်၏။

ဦးခေါင်း၌တည်သော ဝန်ကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ပခုံးသို့ချအံ့၊ ပါရာဇိကအာပတ် သင့်၏။

ပခုံး၌တည်သော ဝန်ကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ခါးသို့ချအံ့၊ ပါရာဇိကအာပတ် သင့်၏၊ ခါး၌တည်သောဝန်ကို ခိုးလို

---

* ဥပ္ပလ=ကြာညို ကြာနီ ကြာညို။

http://www.dhammadownload.com



သော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊လက်ဖြင့်ယူအံ့၊ ပါရာဇိကအာပတ် သင့်၏၊

လက်ဆွဲဝန်ကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ မြေ၌ချအံ့၊ ပါရာဇိကအာပတ် သင့်၏၊ ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ မြေမှကောက်ယူအံ့၊ ပါရာဇိကအာပတ် သင့်၏။

၁၀၂။ ပန်းအရံ သစ်သီးအရံသည် အရံမည်၏။

**အရံ၌တည်သောဥစ္စာ** မည်သည် အရံ၌ လေးဌာနတို့ဖြင့်ထားအပ်သော ဥစ္စာတည်း။ (၎င်းတို့သည်) မြေ ကြည်း'ကုန်း' ကောင်းကင် ဟင်းလင်းပြင်၌ တည်သောဥစ္စာတို့တည်း။ "အရံ၌တည်သော ဥစ္စာကိုခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်းသွားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ်သင့်၏၊နေရာမှ ရွေ့စေအံ့၊ ပါရာဇိက အာပတ် သင့်၏၊ ထိုအရံ၌ ပေါက်ရောက်ဖြစ်ပေါ်သော ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော အမြစ်ကိုသော်၎င်း အခေါက်အခွံကိုသော်၎င်း အရွက်ကိုသော်၎င်း အပွင့်ကိုသော်၎င်း အသီးကိုသော်၎င်း ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

အရံကို (ရလိုမှုဖြင့်) တရားစွဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ဥစ္စာရှင်အား ယုံမှားစေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ဥစ္စာရှင်သည် "ငါမရတော့ပြီ" ဟု ဝန်ချအံ့၊ ပါရာဇိကအာပတ် သင့်၏၊ တရားဖြစ်၍ ဥစ္စာရှင်ကို ရှုံးစေအံ့၊ ပါရာဇိကအာပတ် သင့်၏၊ တရားဖြစ်၍ မိမိရှုံးအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

၁၀၃။ **ကျောင်း၌တည်သောဥစ္စာ** မည်သည် ကျောင်း၌ လေးဌာနတို့ဖြင့် ထားအပ်သော ဥစ္စာတည်း။ (၎င်းတို့သည်) မြေ ကြည်း 'ကုန်း' ကောင်းကင် ဟင်းလင်းပြင်၌ တည်သော ဥစ္စာတို့တည်း။ "ကျောင်း၌ တည်သော ဥစ္စာကိုခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမူလည်းသွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

ကျောင်းကို (ရလိုမှုဖြင့်) တရားစွဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ဥစ္စာရှင်အား ယုံမှားစေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ဥစ္စာရှင်သည် "ငါမရတော့ပြီ" ဟု ဝန်ချအံ့၊ ပါရာဇိကအာပတ် သင့်၏။ တရားဖြစ်၍ ဥစ္စာရှင်ကို ရှုံးစေအံ့၊ ပါရာဇိကအာပတ် သင့်၏၊ တရားဖြစ်၍ မိမိရှုံးအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏။

၁၀၄။ ကောက်ပဲသီးနှံ ပေါက်ရောက်ဖြစ်ပေါ်ရာ အရပ်သည် လယ်မည်၏။

**လယ်၌တည်သောဥစ္စာ** မည်သည် လယ်၌ လေးဌာနတို့ဖြင့် ထားအပ်သောဥစ္စာတည်း။(၎င်းတို့သည်) မြေ ကြည်း'ကုန်း' ကောင်းကင် ဟင်းလင်းပြင်၌ တည်သောဥစ္စာတို့တည်း။ "လယ်၌တည်သော ဥစ္စာကို ခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်းရှာအံ့၊ သွားမူလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

ထိုလယ်၌ ပေါက်ရောက်ဖြစ်ပေါ်သော ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော ကောက်ပဲသီးနှံကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

http://www.dhammadownload.com



ထိုလယ်၌ ပေါက်ရောက်ဖြစ်ပေါ်သော ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော ကောက်ပဲသီးနှံကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္កဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စည်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

လယ်ကို(ရလိုမှုဖြင့်)တရားစွဲအံ့၊ ဒုက္កဋ်အာပတ် သင့်၏၊ ဥစ္စာရှင်အား ယုံမှားစေအံ့၊ ထုလ္လစ္စည်းအာပတ် သင့်၏၊ "ငါမရတော့ပြီ" ဟု ဝန်ချအံ့၊ ပါရာဇိကအာပတ် သင့်၏၊ တရားဖြစ်၍ ဥစ္စာရှင်ကို ရှုံးစေအံ့၊ ပါရာဇိကအာပတ် သင့်၏၊ တရားဖြစ်၍ မိမိရှုံးအံ့၊ ထုလ္လစ္စည်းအာပတ် သင့်၏၊ ငုတ်တိုင် ကြိုး စောင်ရန်း'စည်းရိုး' အပိုင်းအခြား 'လယ်ကန်သင်း'(တခုခုကို)ပြောင်းရွှေ့အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ (အဆုံးသတ်) အားထုတ်မှုတခု မရောက်လာမီ 'မပြီးဆုံးမီ' ထုလ္လစ္စည်းအာပတ် သင့်၏၊ ထိုအားထုတ်မှု ရောက်လာသော် 'ပြီးဆုံးသော်' ပါရာဇိကအာပတ် သင့်၏။

၁၀၅။ အရံရှာ ကျောင်းရာသည် (မြေ) ရာမည်၏။

(မြေ)ရာ၌ တည်သော ဥစ္စာမည်သည်(မြေ)ရာ၌ လေးဌာနတို့ဖြင့် ထားအပ်သော ဥစ္စာတည်း။ (၎င်းတို့သည်) မြေ ကြည်း'ကုန်း' ကောင်းကင် ဟင်းလင်းပြင်၌ တည်သော ဥစ္စာတို့တည်း။ "(မြေ)ရာ၌တည်သော ဥစ္စာကို ခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမှုလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စည်း အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

(မြေ) ရာကို (ရလိုမှုဖြင့်) တရားစွဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ဥစ္စာရှင်အား ယုံမှားစေအံ့၊ ထုလ္လစ္စည်းအာပတ် သင့်၏၊ ဥစ္စာရှင်သည် "ငါမရတော့ပြီ" ဟု ဝန်ချအံ့၊ ပါရာဇိကအာပတ် သင့်၏၊ တရားဖြစ်၍ ဥစ္စာရှင်ကို ရှုံးစေအံ့၊ ပါရာဇိကအာပတ် သင့်၏၊ တရားဖြစ်၍ မိမိရှုံးအံ့၊ ထုလ္လစ္စည်းအာပတ် သင့်၏၊ ငုတ်တိုင် ကြိုး စောင်ရန်း 'စည်းရိုး' တံတိုင်း 'အကာ' (တခုခု)ကို ရွှေ့အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ (အဆုံးသတ်)အားထုတ်မှုတခု မရောက်လာမီ 'မပြီးဆုံးမီ' ထုလ္လစ္စည်းအာပတ် သင့်၏၊ ထိုအားထုတ်မှု ရောက်လာသော် 'ပြီးဆုံးသော်' ပါရာဇိကအာပတ် သင့်၏။

၁၀၆။ ရွာ၌တည်သောဥစ္စာမည်သည် ရွာ၌ လေးဌာနတို့ဖြင့် ထားအပ်သော ဥစ္စာတည်း။ (၎င်းတို့သည်) မြေ ကြည်း 'ကုန်း' ကောင်းကင် ဟင်းလင်းပြင်၌ တည်သော ဥစ္စာတို့တည်း။ "ရွာ၌တည်သော ဥစ္စာကိုခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်း ရှာအံ့၊ သွားမှုလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စည်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

၁၀၇။ လူအများ သိမ်းဆည်းအပ်သော တောသည် တောမည်၏။

တော၌တည်သောဥစ္စာ မည်သည် တော၌ လေးဌာနတို့ဖြင့် ထားအပ်သော ဥစ္စာတည်း။ (၎င်းတို့သည်) မြေ ကြည်း 'ကုန်း' ကောင်းကင် ဟင်းလင်းပြင်၌တည်သော ဥစ္စာတို့တည်း။ "တော၌တည်သော ဥစ္စာကိုခိုးအံ့" ဟု ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ အဖော်ကိုသော်လည်းရှာအံ့၊ သွားမှုလည်း သွားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စည်း အာပတ် သင့်၏၊ နေရာမှရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏၊ ထိုတော၌ ပေါက်ရောက်ဖြစ်ပေါ်သော ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော ထင်းကိုသော်၎င်း နွယ်ကိုသော်၎င်း မြက်ကိုသော်၎င်း ခိုးလိုသော

http://www.dhammadownload.com



စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

၁၀၈။ **ရေ** မည်သည် အိုးခွက် လေးထောင့်ကန် တဖက်ဆည်ကန်တို့၌ ရှိသော ရေတည်း။ ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

မိမိ၏ အိုးခွက်ကိုသွင်း၍ ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော ရေကိုခိုးလိုသော စိတ်ရှိသည် ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ မိမိ၏ အိုးခွက်သို့ ရောက်အောင်ပြုအံ့၊ ပါရာဇိက အာပတ် သင့်၏။

ကန်ပေါင်ရိုးကို ဖျက်ချိုးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ကန်ပေါင်ရိုးကို ဖျက်ချိုး၍ ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော ရေကိုထွက်စေအံ့၊ 'လွတ်အံ့' ပါရာဇိကအာပတ် သင့်၏။

တပဲအထက်သော်၎င်း ငါးပဲအောက်သော်၎င်း ထိုက်တန်သော ရေကို ထွက်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ တပဲသော်၎င်း တပဲအောက်သော်၎င်း ထိုက်တန်သော ရေကိုထွက်စေအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၁၀၉။ **ဒန်ပူ**မည်သည် ဖြတ်ပြီးသောဒန်ပူ မဖြတ်ရသေးသောဒန်ပူတည်း။ ငါးပဲ-ငါးပဲထက် အလွန် ထိုက်တန်သော ဒန်ပူကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

၁၁၀။ **တောစိုးသစ်ပင်** မည်သည် လူအများ သိမ်းပိုက်သုံးဆောင်အပ်သော သစ်ပင်တည်း။ ခိုးလို သော စိတ်ရှိသည်ဖြစ်၍ ဖြတ်အံ့၊ ဖြတ်တိုင်းဖြတ်တိုင်း ဒုက္ကဋ်အာပတ် သင့်၏၊ (အဆုံးသတ်) ဖြတ်ချက် 'ခုတ်ချက်' တခုမရောက်လာမီ 'မပြီးဆုံးမီ' ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ထိုဖြတ်ချက် 'ခုတ်ချက်' ရောက်လာသော် 'ပြီးဆုံးသော်' ပါရာဇိကအာပတ် သင့်၏။

၁၁၁။ **ဆောင်ယူအပ်သောဥစ္စာ** မည်သည် သူတပါး ဆောင်ယူသွားသော ဥစ္စာတည်း။ ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ်သင့်၏။

"ဥစ္စာနှင့်တကွ ဆောင်ယူသူကို ခေါ်ဆောင်အံ့" ဟု ခြေတလှမ်းကို ရွေ့စေအံ့၊ 'လှမ်းအံ့' ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နှစ်ခုမြောက် ခြေလှမ်းကို ရွေ့စေအံ့၊ 'လှမ်းအံ့' ပါရာဇိကအာပတ် သင့်၏။

"ကျသောဥစ္စာကိုယူအံ့" ဟု ကျစေအံ့ 'ကျအောင် လုပ်အံ့ ချအံ့' ဒုက္ကဋ်အာပတ် သင့်၏၊ ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော ကျသောဥစ္စာကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

၁၁၂။ **အပ်နှံသောဥစ္စာ** မည်သည် အနီး၌ ထားအပ်သော'အပ်နှံ၍ ထားအပ်သော' ဥစ္စာတည်း။ "ငါ၏ဥစ္စာကိုပေးပါ" ဟု ဆိုလာသော် ငါမယူ ဟု ငြင်းဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ဥစ္စာရှင်အား ယုံမှားစေအံ့၊ ထုလ္လစ္စည်းအာပတ် သင့်၏၊ ဥစ္စာရှင်သည် (ငါ့အား ပေးတော့မည်မဟုတ် ဟု) ဝန်ချအံ့၊ ပါရာဇိကအာပတ် သင့်၏၊ တရားဖြစ်၍ ဥစ္စာရှင်ကို ရှုံးစေအံ့၊ ပါရာဇိကအာပတ် သင့်၏၊ တရားဖြစ်၍ မိမိရှုံးအံ့၊ ထုလ္လစ္စည်း အာပတ် သင့်၏။

http://www.dhammadownload.com



၁၁၃။ **ကင်းထားရာအရပ်'အကောက်ဌာန'** မည်သည် တောင်ခါးပြတ်၌သော်ငင်း မြစ်ဆိပ်၌သော်ငင်း ရွာတံခါး၌သော်ငင်း "ဤအရပ်ဌာနသို့ဝင်လာသူအား အခွန်ကောက်ယူရမည်"ဟု အစိုးရ'မင်း'က သတ်မှတ်ထားသော အရပ်တည်း။ ထိုကင်း 'အကောက်ဌာန'သို့ ဝင်၍ ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော အစိုးရ 'မင်း'အား အခွန်တော်ပေးဆက်ရမည့် ဥစ္စာကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ခြေတလှမ်းကို ကင်းကို ကျော်လွန်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ဒုတိယ ခြေတလှမ်းကို ကျော်လွန်စေအံ့၊ ပါရာဇိကအာပတ် သင့်၏၊ ကင်းအတွင်း၌ရပ်၍ ကင်းအပြင်၌ ကျစေအံ့၊ ပါရာဇိကအာပတ် သင့်၏၊ အကောက်ခွန်ကို ရှောင်လွှဲအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၁၄။ **သတ္တဝါ** မည်သည် လူသတ္တဝါကိုဆို၏။ခိုးလိုသောစိတ်ရှိသည်ဖြစ်၍သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

"ခြေလျင်ခေါ်ဆောင်အံ့" ဟု ခြေတလှမ်းကို ရွေ့စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ဒုတိယခြေတလှမ်းကို ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

**ခြေမရှိသောသတ္တဝါ** မည်သည် မြွေနှင့်ငါးတို့တည်း။ ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော မြွေနှင့်ငါးကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

၁၁၅။ **ခြေနှစ်ချောင်းရှိသောသတ္တဝါ** မည်သည် လူနှင့်ငှက်မျိုးတို့တည်း။ ခိုးလိုသောစိတ်ရှိသည် ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

"ခြေလျင်ခေါ်ဆောင်အံ့" ဟု ခြေတလှမ်းကို ရွေ့စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ဒုတိယ ခြေတလှမ်းကို ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

၁၁၆။ **ခြေလေးချောင်းရှိသောသတ္တဝါ** မည်သည် ဆင် မြင်း ကုလားအုပ် နွား မြည်းနှင့်(ဆိုအပ်ပြီးမှ ကြွင်းသော) ခြေလေးချောင်းရှိသော သားသတ္တဝါအားလုံးတည်း။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

"ခြေလျင်ခေါ်ဆောင်အံ့"ဟု ပဌမခြေတလှမ်းကို ရွေ့စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ ဒုတိယ ခြေတလှမ်းကို ရွေ့စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ တတိယခြေတလှမ်းကို ရွေ့စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ စတုတ္ထခြေတလှမ်းကို ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

၁၁၇။ **များသော ခြေရှိသော သတ္တဝါ** မည်သည် ကင်းမြီးကောက် ကင်းခြေများ ဥစ္စာလိဂ်ပိုး* တို့တည်း။ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော ကင်းမြီးကောက် စသည်ကို ခိုးလိုသောစိတ်ရှိသည် ဖြစ်၍သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

---

* ဥစ္စာလိဂ် ပိုးဟူသည် ခူ တီ သန်ကောင်တို့ဟူ၍ မြန်မာအဂ်လိပ်အဘိဓာန်ဗျိ၌လာ၏။

http://www.dhammadownload.com



"ခြေလျင်ခေါ်ဆောင်အံ့" ဟု ရွေ့စေအံ့၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ထုလ္လစ္စဥ်း အာပတ် သင့်၏၊ နောက်ဆုံးခြေလှမ်းကို ရွေ့စေအံ့၊ ပါရာဇိကအာပတ် သင့်၏။

၁၁၇။ **လက်ထောက်ချသူ 'အတွင်းသို့ဝင်၍ စုံစမ်းသူ အတွင်းသူလျှို'** မည်သည် ဥစ္စာကို မှတ်သား၍ ပြောကြားသူတည်း။ "ဤမည်သော ဥစ္စာကို ခိုးလော့" ဟု ပြောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထို အပြော ခံရသူသည် ထိုပြောသော ဥစ္စာကို ခိုးအံ့၊ နှစ်ဦးလုံး ပါရာဇိကအာပတ် သင့်၏။

**ဆောင်ယူလာသော ဥစ္စာကို စောင့်ရှောက်သူ** မည်သည် ဆောင်ယူလာသော ဥစ္စာကို စောင့် ထိန်းသူတည်း။ ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော ဥစ္စာကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ သုံးသပ် အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဥ်းအာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိက အာပတ် သင့်၏။

**တိုင်ပင်၍ ခိုးခြင်း** မည်သည် (အချင်းချင်းညှိနှိုင်း၍ ခိုးခြင်းတည်း)၊ အများတိုင်ပင်၍ တဦးက ခိုးအံ့၊ အားလုံး ပါရာဇိကအာပတ် သင့်၏။

၁၁၉။ **အချိန်းအချက်ပြုခြင်း** မည်သည် အချိန်းအချက်ပြု၍ သိစေမှုတည်း။ "နံနက်၌သော်၎င်း ညနေ၌သော်၎င်း ည၌သော်၎င်း နေ့၌သော်၎င်း ထိုနံနက်စသော ကာလအချိန်းအချက်ဖြင့် ထိုဥစ္စာကို ခိုးလော့" ဟု အချိန်းအချက်ပြုအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုအချိန်းအချက်ဖြင့် ထိုဥစ္စာကို ခိုးအံ့၊ နှစ်ဦးလုံး ပါရာဇိကအာပတ် သင့်၏၊ ထိုအချိန်းအချက်၏ ရှေ့၌သော်၎င်း နောက်၌သော်၎င်း ခိုးအံ့၊ မူလစေခိုင်းရင်း ရဟန်းအား အာပတ် မသင့်၊ ခိုးသောရဟန်းအားသာ ပါရာဇိကအာပတ် သင့်၏။

၁၂၀။ **အမှတ်အသားပြုခြင်း** မည်သည် အမှတ်သညာ ဖြစ်စေခြင်းငှါ အမှတ်အသား တစုံတခုကို ပြုလုပ်မှုတည်း။ "မျက်စိကိုသော်လည်း မှိတ်ပြမည်၊ မျက်ခုန်းကိုသော်လည်း ပင့်ပြမည်၊ ဦးခေါင်းကို သော်လည်း ထောင်ပြမည်၊ ထိုအမှတ်အသားဖြင့် ထိုဥစ္စာကို ခိုးလော့" ဟု အမှတ်အသားကိုပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုအမှတ်အသားဖြင့် ထိုဥစ္စာကိုခိုးအံ့၊ နှစ်ဦးလုံး ပါရာဇိကအာပတ် သင့်၏၊ ထိုအမှတ်အသား၏ ရှေ့၌သော်၎င်း နောက်၌သော်၎င်း ထိုဥစ္စာကိုခိုးအံ့၊ မူလစေခိုင်းရင်း ရဟန်းအား အာပတ် မသင့်၊ ခိုးသောရဟန်းအားသာ ပါရာဇိကအာပတ် သင့်၏။

၁၂၁။ ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ဥစ္စာကို ခိုးလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုရဟန်းသည် ထိုဥစ္စာဟုထင်မှတ်၍ ထိုဥစ္စာကိုပင် ခိုးအံ့၊နှစ်ဦးလုံး ပါရာဇိကအာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ဥစ္စာကိုခိုးလော့"ဟု စေခိုင်းအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုရဟန်းသည် ထိုဥစ္စာဟု ထင်မှတ်၍ အခြားဥစ္စာကိုခိုးအံ့၊ မူလစေခိုင်းရင်း ရဟန်းအား အာပတ် မသင့်၊ ခိုးသော ရဟန်းအားသာ ပါရာဇိကအာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ဥစ္စာကို ခိုးလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ် အာပတ်သင့်၏၊ ထိုရဟန်းသည် အခြားဥစ္စာဟု ထင်မှတ်၍ ထိုဥစ္စာကိုပင် ခိုးအံ့၊ နှစ်ဦးလုံးပါရာဇိက အာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ဥစ္စာကို ခိုးလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုရဟန်းသည် အခြားဥစ္စာဟု ထင်မှတ်၍ အခြားဥစ္စာကိုပင်ခိုးအံ့၊ မူလစေခိုင်းရင်း ရဟန်းအား အာပတ် မသင့်၊ ခိုးသော ရဟန်းအားသာ ပါရာဇိကအာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သောရဟန်းအား ပြောပါလော၊ ဤမည်သောရဟန်းကလည်း ဤမည်သော ရဟန်းအား ဤမည်သော ရဟန်းသည် ဤမည်သော ဥစ္စာကို ခိုးပါစေ ဟု ပြောပါစေ"။ ဤသို့စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် ရဟန်းတပါးအားပြောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ခိုးသောရဟန်းသည် ဝန်ခံအံ့၊ မူလစေခိုင်းရင်း ရဟန်းအား ထုလ္လစ္စဉ်း အာပတ် သင့်၏၊ ထိုရဟန်း 'ခိုးသူ' သည် ထိုဥစ္စာကိုခိုးအံ့၊ အားလုံး 'လေးဦးလုံး' ပါရာဇိကအာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ရဟန်းအား ပြောပါလော၊ ဤမည်သောရဟန်းကလည်း ဤမည်သော ရဟန်းအား ဤမည်သော ရဟန်းသည် ဤမည်သော ဥစ္စာကို ခိုးပါစေ ဟု ပြောပါစေ"။ ဤသို့စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် အခြား 'တဆင့် ခိုင်းအပ်သော ရဟန်းမှတပါး' ရဟန်းကို(တိုက်ရိုက်)စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ခိုးသော ရဟန်းသည်ဝန်ခံအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် ထိုဥစ္စာကို ခိုးအံ့၊ မူလစေခိုင်းရင်း ရဟန်းအား အာပတ် မသင့်၊ (တိုက်ရိုက်) စေခိုင်းသော ရဟန်းအားလည်း ခိုးသောရဟန်းအားလည်း ပါရာဇိက အာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ဥစ္စာကို ခိုးလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် သွား၍ ငါသည် ဥစ္စာကို မခိုးနိုင်တော့ ဟု တဖန်ပြန်၍လာ၏၊ ထိုရဟန်းသည် "တတ်နိုင်သောအခါ ထိုဥစ္စာကို ခိုးလော့" ဟု (တဖန်ထပ်၍) စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် ထိုဥစ္စာကို ခိုးအံ့၊ နှစ်ဦးလုံး ပါရာဇိကအာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ဥစ္စာကိုခိုးလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုရဟန်းသည် စေခိုင်းပြီးနောက် နှလုံးမသာ 'စိတ်မကောင်း' သော်လည်း "မခိုးနှင့်တော့" ဟု မပြောမိ၊ 'မကြားစေ'၊ ထိုရဟန်းသည် ထိုဥစ္စာကို ခိုးအံ့၊ နှစ်ဦးလုံး ပါရာဇိက အာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ဥစ္စာကို ခိုးလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုရဟန်းသည် စေခိုင်းပြီးနောက် နှလုံးမသာ 'စိတ်မကောင်း' သဖြင့် "မခိုးနှင့်တော့" ဟု ပြော၏၊ 'ကြားစေ၏'၊ ထိုရဟန်းသည် "သင်သည် ငါ့ကို စေခိုင်းပြီးဖြစ်သည်" ဟု (ဆို၍)ထိုဥစ္စာကို ခိုးအံ့၊ မူလစေခိုင်းရင်း ရဟန်းအား အာပတ် မသင့်၊ ခိုးသော ရဟန်းအားသာ ပါရာဇိက အာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ဥစ္စာကို ခိုးလော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုရဟန်းသည် စေခိုင်းပြီးနောက် နှလုံးမသာ 'စိတ်မကောင်း' သဖြင့် "မခိုးနှင့်တော့" ဟု ပြော၏၊ 'ကြားစေ၏'၊ ထိုရဟန်းသည် "ကောင်းပါပြီ" ဟု ရှောင်ကြဉ်အံ့၊ နှစ်ဦးလုံး အာပတ် မသင့်။

၁၂၂။ ငါးပါးသော အကြောင်းအင်္ဂါတို့ဖြင့် မပေးသော ဥစ္စာကို ခိုးယူသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏၊ သူတပါး သိမ်းဆည်းထားသော ဥစ္စာဖြစ်ခြင်း သူတပါးသိမ်းဆည်းထားသည်ဟု အမှတ်ရှိခြင်း ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော လေးသော အသုံးအဆောင်ဖြစ်ခြင်း ခိုးလိုသော စိတ်ဖြစ်ပေါ်ခြင်းတို့တည်း၊ * သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိက အာပတ် သင့်၏။

* ဌာနာစာဝန နေရာရွေ့စေခြင်းနှင့်ပေါင်း၍ ငါးမျိုးဖြစ်သည်၊ ခြောက်မျိုးဟူရာ၌လည်းနည်းတူ။

http://www.dhammadownload.com



၁၂၃။ ငါးပါးသော အကြောင်းအင်္ဂါတို့ဖြင့် မပေးသော ဥစ္စာကို ခိုးယူသော ရဟန်းအား ထုလ္လစ္စည်း အာပတ်သင့်၏၊ သူတပါး သိမ်းဆည်းထားသော ဥစ္စာဖြစ်ခြင်း သူတပါး သိမ်းဆည်းထားသည် ဟု အမှတ်ရှိခြင်း တပဲထက်အလွန် ငါးပဲအောက် နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း ခိုးလိုသောစိတ် ဖြစ်ပေါ်ခြင်းတို့တည်း၊ သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ လှုပ်စေအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ထုလ္လစ္စည်း အာပတ် သင့်၏။

၁၂၄။ ငါးပါးသော အကြောင်းအင်္ဂါတို့ဖြင့် မပေးသော ဥစ္စာကို ခိုးယူသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏၊ သူတပါးသိမ်းဆည်းထားသော ဥစ္စာဖြစ်ခြင်း သူတပါးသိမ်းဆည်း ထားသည်ဟု အမှတ်ရှိခြင်း တပဲ-တပဲအောက် နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း ခိုးလိုသောစိတ်ဖြစ်ပေါ်ခြင်းတို့တည်း၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၁၂၅။ ခြောက်ပါးသော အကြောင်း အင်္ဂါတို့ဖြင့် မပေးသော ဥစ္စာကို ခိုးယူသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏၊ မိမိဥစ္စာဟု အမှတ်မရှိခြင်း အကျွမ်းဝင်၍ ယူသည်မဟုတ်ခြင်း အခိုက်အတန့် မဟုတ်ခြင်း ငါးပဲ-ငါးပဲထက် အလွန်ထိုက်တန်သော လေးသော အသုံးအဆောင်ဖြစ်ခြင်း ခိုးလိုသော စိတ်ဖြစ်ပေါ်ခြင်းတို့တည်း၊ သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ လှုပ်စေအံ့၊ ထုလ္လစ္စည်း အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ပါရာဇိက အာပတ် သင့်၏။

၁၂၆။ ခြောက်ပါးသော အကြောင်းအင်္ဂါတို့ဖြင့် မပေးသော ဥစ္စာကိုခိုးယူသော ရဟန်းအား ထုလ္လစ္စည်း အာပတ် သင့်၏၊ မိမိဥစ္စာဟု အမှတ်မရှိခြင်း အကျွမ်းဝင်၍ ယူသည်မဟုတ်ခြင်း အခိုက်အတန့် မဟုတ်ခြင်း တပဲထက်အလွန် ငါးပဲအောက် နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း ခိုးလိုသောစိတ်ဖြစ်ပေါ်ခြင်းတို့တည်း၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ နေရာမှရွေ့စေအံ့၊ ထုလ္လစ္စည်းအာပတ် သင့်၏။

၁၂၇။ ခြောက်ပါးသော အကြောင်းအင်္ဂါတို့ဖြင့် မပေးသော ဥစ္စာကို ခိုးယူသော ရဟန်းအားဒုက္ကဋ် အာပတ်သင့်၏၊ မိမိဥစ္စာဟု အမှတ်မရှိခြင်း အကျွမ်းဝင်၍ ယူသည် မဟုတ်ခြင်း အခိုက်အတန့်မဟုတ်ခြင်း တပဲ-တပဲအောက် နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း ခိုးလိုသော စိတ်ဖြစ်ပေါ်ခြင်းတို့တည်း၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၂၈။ ငါးပါးသော အကြောင်းအင်္ဂါတို့ဖြင့် မပေးသောဥစ္စာကို ခိုးယူသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏၊ သူတပါး သိမ်းဆည်းထားသော ဥစ္စာမဟုတ်ခြင်း သူတပါး သိမ်းဆည်းထားသော ဥစ္စာဟု အမှတ်ရှိခြင်း ငါးပဲ-ငါးပဲထက် အလွန် ထိုက်တန်သော လေးသော အသုံးအဆောင်ဖြစ်ခြင်း ခိုးလိုသောစိတ် ဖြစ်ပေါ်ခြင်းတို့တည်း၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၂၉။ ငါးပါးသော အကြောင်းအင်္ဂါတို့ဖြင့် မပေးသော ဥစ္စာကို ခိုးယူသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏၊ သူတပါး သိမ်းဆည်းထားသော ဥစ္စာမဟုတ်ခြင်း သူတပါး သိမ်းဆည်းထားသော ဥစ္စာ ဟု အမှတ်ရှိခြင်း တပဲထက်အလွန် ငါးပဲအောက်နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း

http://www.dhammadownload.com



ခိုးလိုသော စိတ်ဖြစ်ပေါ်ခြင်းတို့တည်း၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၃၀။ ငါးပါးသော အကြောင်းအင်္ဂါတို့ဖြင့် မပေးသောဥစ္စာကို ခိုးယူသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏၊ သူတပါး သိမ်းဆည်းထားသော ဥစ္စာမဟုတ်ခြင်း၊ သူတပါး သိမ်းဆည်းထားသော ဥစ္စာဟု အမှတ်ရှိခြင်း တပဲ-တပဲအောက်နည်းသော ပေါ့သော အသုံးအဆောင်ဖြစ်ခြင်း ခိုးလိုသော စိတ် ဖြစ်ပေါ်ခြင်းတို့တည်း၊ သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လှုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ နေရာမှ ရွေ့စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၁၃၁။ မိမိဥစ္စာဟု ထင်မှတ်သော ရဟန်းအား အာပတ်မသင့်၊ အကျွမ်းဝင်၍ ယူခြင်း အခိုက်အတန့် ယူခြင်း၌ အာပတ် မသင့်၊ ပြိတ္တာသိမ်းဆည်းထားသော ဥစ္စာ တိရစ္ဆာန်သိမ်းဆည်းထားသောဥစ္စာ၌ အာပတ် မသင့်၊ ပံသုကူဟု ထင်မှတ်သော ရဟန်း ရူးသော ရဟန်း စိတ်ပျံ့လွင့်သောရဟန်း ဝေဒနာ ဖိစီးသော ရဟန်း အစ 'လက်ဦး' လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

အဒိန္နာဒါန်အကြောင်း ပြဆိုရာအခဏ်း ပြီး၏။

---

## ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ

ခဝါဆိပ်နှင့် သက်ဆိုင်သော ငါးဝတ္ထု။
အခင်းနှင့် သက်ဆိုင်သော လေးဝတ္ထု။
အမှောင်နှင့် သက်ဆိုင်သော ငါးဝတ္ထု။
ဆောင်ယူသည့် ဥစ္စာနှင့် သက်ဆိုင်သော ငါးဝတ္ထု။
ဝေါဟာရ စကားသုံးနှင့် သက်ဆိုင်သော ငါးဝတ္ထု။
လေဗွေတို့နှင့် သက်ဆိုင်သော အခြား နှစ်ဝတ္ထု။
မပျက်သေးသော သူသေကောင်၌ ပံသုကူကောက်သော ဝတ္ထု။
စာရေးတံမဲ လက်မှတ်ပြောင်းသောဝတ္ထု။
ရေချိုးခန်း 'ဇရုံးအိမ်'နှင့် သက်ဆိုင်သော ဆယ်ဝတ္ထု။
စားကြွင်းတို့နှင့် သက်ဆိုင်သော ငါးဝတ္ထု။
အရှင်း လက်သည်မရှိသော ငါးဝတ္ထု။
ငတ်မွတ်သော အခါ၌ ထမင်းအသား။
မုံ့-မုံ့ကြွေသည်း ကတ္တတ်မုံ့ကိုခိုးသော ဝတ္ထု။
ပရိက္ခာရနှင့်အိတ်ကို ခိုးသော ဝတ္ထု။
ဘုံလျှို'ဖုံ' ကို ခိုးသောဝတ္ထု။
သက်န်းတန်းမှ သင်္ကန်းကိုခိုးသောဝတ္ထု။
သက်န်းကိုခိုး၍ ကျောင်းမှ မထွက်ပဲနေသောဝတ္ထု။
အကျွမ်းဝင်၍ စားသောဝတ္ထု။

http://www.dhammadownload.com



မိမိဥစ္စာ ဟု ထင်မှတ်၍ ယူသော အခြားနှစ်ဝတ္ထု။
ငါတို့မခိုး ဟု ဆိုသော ခုနစ်ဝတ္ထု။
ငါတို့ခိုးသည် ဟု ဆိုသော ခုနစ်ဝတ္ထု။
သံဃာ၏ သရက်သီးစသည်ကို ခိုးသောခုနစ်ဝတ္ထု။
ပန်း(ခိုးခြင်း)တို့နှင့် သက်ဆိုင်သော နှစ်ဝတ္ထု။
မှာတိုင်းပြောသော ရဟန်းနှင့်ဆိုင်သော သုံးဝတ္ထု။
အကောက်လွဲ ကင်းလွန် ပတ္တမြားနှင့် သက်ဆိုင်သော သုံးဝတ္ထု။
ဝက် သမင် ငါးနှင့် သက်ဆိုင်သော ဝတ္ထု။
ယာဉ်ကို လိမ့်၍ ခိုးသောဝတ္ထု။
သားတစ်နှင့် သက်ဆိုင်သော နှစ်ဝတ္ထု။
သစ်သားနှင့် သက်ဆိုင်သော နှစ်ဝတ္ထု။
ပံသုကူနှင့် သက်ဆိုင်သော နှစ်ဝတ္ထု။
ရေနှင့် သက်ဆိုင်သော နှစ်ဝတ္ထု။
ထေဝပတ်ကို သုံးဆောင်သော ဝတ္ထု။
တိုင်ပင်၍ ခိုးသော ဝတ္ထု။
ငါးပဲ မပြည့်သည်ကို ခိုးသော ဝတ္ထု။
သာဝတ္ထိမြို့၌ ဆန်တလက်ဆုပ်စသည်ကို ခိုးသော လေးဝတ္ထု။
စားကြွင်းစား နှစ်ဝတ္ထု။
မြက် နှစ်ဝတ္ထု။
သံဃာ့ပစ္စည်းကို ဝေဘန်ခြင်းစသော ခုနစ်ဝတ္ထု။
ပိုင်ရှင် မရှိသော ခုနစ်ဝတ္ထု။
သစ်သား ရေ မြေ မြက်တို့နှင့် သက်ဆိုင်သော နှစ်ဝတ္ထု။
သံဃာ့ပစ္စည်းနှင့် သက်ဆိုင်သော ခုနစ်ဝတ္ထု။
အရှင်ရှိသော အိပ်ရာနေရာကို တပါးသို့ မဆောင်ယူရသော ဝတ္ထု။
အရှင်ရှိသော အိပ်ရာနေရာကို အခိုက်အတန့် ဆောင်ယူရသောဝတ္ထု။
စမ္ပာနှင့် ရာဇဂြိုဟ်၌ ထုလ္လနန္ဒာဝတ္ထု။
ဝေသာလီ၌ အဇ္ဇုကဝတ္ထု။
ဗာရာဏသီ၌ ပိလိန္ဒဝစ္ဆဝတ္ထု။
ကောသမ္ဗီ၌ ပဏ္ဍုကနှင့် ကပိလ ဝတ္ထု။
သာဂလမြို့၌ ဒလှိက ဝတ္ထု။

http://www.dhammadownload.com



## ဝိနီတဝတ္ထု ဖြတ်ထုံးများ

၁၃၂။ တရံရောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ခဝါဆိပ်သို့သွား၍ ခဝါထုပ်ကိုခိုးကုန်၏၊ထိုရဟန်းတို့အား "မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို ပညတ်ပြီးဖြစ်၏၊ ငါတို့သည် ပါရာဇိက ကျကုန်ပြီလော" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းအရာကို လျှောက်ထားကုန်၏။ပ။ ရဟန်းတို့ သင်တို့သည် ပါရာဇိကကျကုန်ပြီ ဟု (မိန့်တော်မူ၏)။ (၁)

တရံရောအခါ ရဟန်းတပါးသည် ခဝါဆိပ်သို့သွား၍ အဖိုးများစွာထိုက်တန်သော အဝတ်ကို မြင်လတ်သော် ခိုးလိုသောစိတ်ဖြစ်ပေါ်၏၊ ထိုရဟန်းအား "ငါသည် ပါရာဇိကကျပြီလော" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းအရာကို လျှောက်ထား၏။ပ။ ရဟန်း စိတ်ဖြစ်ကာမျှဖြင့် အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂)

တရံရောအခါ ရဟန်းတပါးသည် ခဝါဆိပ်သို့သွား၍ အဖိုးများစွာ ထိုက်တန်သော အဝတ်ကို မြင်လတ်သော် ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ သုံးသပ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃)

တရံရောအခါ ရဟန်းတပါးသည် ခဝါဆိပ်သို့သွား၍ အဖိုးများစွာ ထိုက်တန်သော အဝတ်ကို မြင်လတ်သော် ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ လှုပ်စေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ ထုလ္လစ္စည်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄)

တရံရောအခါ ရဟန်းတပါးသည် ခဝါဆိပ်သို့သွား၍ အဖိုးများစွာ ထိုက်တန်သော အဝတ်ကို မြင်လတ်သော် ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ နေရာမှ ရွေ့စေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၅)

၁၃၃။ တရံရောအခါ ဆွမ်းခံရဟန်းတပါးသည် အဖိုးများစွာ ထိုက်တန်သော အပေါ်လွှမ်းအခင်းကို မြင်လတ်သော် ခိုးလိုသောစိတ် ဖြစ်ပေါ်လာ၏။ပ။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ သုံးသပ်၏။ပ။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ လှုပ်စေ၏။ပ။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ နေရာမှရွေ့စေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၆-၉)

၁၃၄။ တရံရောအခါ ရဟန်းတပါးသည် နေ့အခါ ပစ္စည်းကိုမြင်၍ "ညဉ့်မှခိုးမည်" ဟု အမှတ်အသား ပြုထား၏၊ ထိုရဟန်းသည် ထိုပစ္စည်း ဟု ထင်မှတ်၍ ထိုပစ္စည်းကိုပင် ခိုး၏။ပ။ ထိုပစ္စည်း ဟု ထင်မှတ်၍ အခြားပစ္စည်းကိုခိုး၏။ပ။ အခြားပစ္စည်း ဟု ထင်မှတ်၍ ထိုပစ္စည်းကို ခိုး၏။ပ။ အခြားပစ္စည်း ဟု ထင်မှတ်၍ အခြားပစ္စည်းကိုပင် ခိုး၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၁၀-၁၃)

တရံရောအခါ ရဟန်း တပါးသည် နေ့အခါ ပစ္စည်းကိုမြင်၍ "ညဉ့်မှခိုးမည်" ဟု အမှတ်အသား ပြုထား၏၊ ထိုရဟန်းသည် ထိုပစ္စည်း ဟု ထင်မှတ်၍ မိမိပစ္စည်းကို ခိုး၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၄)

တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါး၏ ပစ္စည်းကို ဆောင်ယူစဉ် ဦးခေါင်းပေါ်ရှိဝန်ကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ သုံးသပ်၏။ပ။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ လှုပ်စေ၏။ပ။ ခိုးလိုသော

http://www.dhammadownload.com



စိတ်ရှိသည်ဖြစ်၍ ပခုံးသို့ချ၏။ပ။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ပခုံးရှိဝန်ကို သုံးသပ်၏။ပ။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ လှုပ်စေ၏။ပ။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခါးသို့ချ၏။ပ။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခါးရှိဝန်ကို သုံးသပ်၏။ပ။ ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ လှုပ်စေ၏။ပ။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ လက်ဖြင့်ယူ၏။ပ။ ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ လက်ရှိဝန်ကို မြေ၌ချ၏။ပ။ ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ မြေမှယူလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၁၅-၂၅)

၁၃၅။ တရံရောအခါ ရဟန်းတပါးသည် လွင်ပြင်၌သင်္ကန်းကိုဖြန့်၍ ကျောင်းသို့ဝင်၏၊ရဟန်းတပါးက "ဤသင်္ကန်း မပျက်စီးပါစေလင့်" ဟု သိမ်းဆည်းထား၏၊ ထို(သင်္ကန်းရှင်)ရဟန်းထွက်လာ၍ ထိုရဟန်းကို "ငါ့သျှင် ငါ၏သင်္ကန်းကို မည်သူခိုးသနည်း" ဟု မေး၏၊ ထို (သင်္ကန်းသိမ်းဆည်းထားသော)ရဟန်းက "ငါခိုးသည်" ဟု ပြော၏၊ ထို(သင်္ကန်းရှင်)ရဟန်းသည် ထို(သင်္ကန်းသိမ်းဆည်းသူ)ရဟန်းကို "သင် ရဟန်း မဟုတ်တော့ပြီ" ဟု စွပ်စွဲ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် စကားအလျဉ်းသင့်သည့်အတိုင်း ပြောခြင်းမျှ (မေးသည့်အတိုင်း ဖြေခြင်းမျှ)ဖြစ်ပါသည် ဟု (လျှောက်ထား၏)။

ရဟန်း စကားအလျဉ်းသင့်၍ပြောခြင်း၌ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၆)

တရံရောအခါ ရဟန်းတပါးသည် အင်းပျဉ်'ခုံရှည်'၌ သင်္ကန်းကိုချထား၍။ပ။အင်းပျဉ်'ခုံရှည်'၌ နိသီဒိုင် 'နေရာထိုင်အခင်း' ကို ချထား၍။ပ။"အင်းပျဉ်'ခုံရှည်'အောက်၌ သပိတ်ကိုချထား၍ ကျောင်းတွင်းသို့ဝင်၏၊ ရဟန်းတပါးသည် "ဤသပိတ် မပျက်စီးပါစေလင့်" ဟု သိမ်းဆည်းထား၏၊ ထို (သပိတ်ရှင်) ရဟန်းသည် ထွက်လာ၍ ထိုရဟန်းကို "ငါ့သျှင် ငါ၏သပိတ်ကို မည်သူခိုးသနည်း" ဟု မေး၏၊ ထို(သိမ်းဆည်းသူ)ရဟန်းက "ငါ ခိုးသည်" ဟု ပြန်ပြော၏၊ ထို(သပိတ်ရှင်)ရဟန်းသည် ထို (သပိတ်သိမ်းဆည်းသူ) ရဟန်းကို "သင် ရဟန်းမဟုတ်တော့ပြီ" ဟု စွပ်စွဲ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း စကားအလျဉ်းသင့်၍ ပြောခြင်း၌ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၇-၂၉)

တရံရောအခါ ရဟန်းမိန်းမတယောက်သည် စောင်ရန်း'စည်းရိုး'၌ သင်္ကန်းကိုဖြန့်၍ ကျောင်းတွင်းသို့ဝင်၏၊ ရဟန်းမိန်းမ တယောက်သည် "ဤသင်္ကန်း မပျက်စီးပါစေလင့်" ဟု သိမ်းဆည်းထား၏၊ ထို(သင်္ကန်းရှင်)ရဟန်းမိန်းမသည် ထွက်လာ၍ ထိုရဟန်းမိန်းမကို "သျှင်မ ငါ၏သင်္ကန်းကို မည်သူခိုးသနည်း" ဟု မေး၏၊ ထို (သင်္ကန်းသိမ်းဆည်းသူ) ရဟန်းမိန်းမက "ငါခိုးသည်" ဟု ပြော၏၊ ထို(သင်္ကန်းရှင်)ရဟန်းမိန်းမသည် ထို(သင်္ကန်းသိမ်းဆည်းသူ)ရဟန်းမိန်းမကို "သျှင်မသည် ရဟန်းမိန်းမ မဟုတ်တော့ပြီ" ဟု စွပ်စွဲ၏၊ ထိုရဟန်းမိန်းမအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ ထိုအခါ ထိုရဟန်းမိန်းမသည် (အခြား) ရဟန်းမိန်းမတို့အား ဤအကြောင်းကို ပြောကြား၏၊ (အခြား)ရဟန်းမိန်းမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို ပြောကြားကြကုန်၏၊ ရဟန်း ယောကျ်ားတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်၏။ပ။ ရဟန်းတို့ စကား အလျဉ်းသင့်၍ ပြောခြင်း၌ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၀)

http://www.dhammadownload.com



၁၃၆။ တရံရောအခါ ရဟန်းတပါးသည် လေဗွေတိုက်လွင့်လာသော အဝတ်ကိုမြင်၍ "ဥစ္စာရှင်တို့အား ပြန်ပေးမည်" ဟု ဖမ်းယူ၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းကို "အသျှင်ဘုရားသည် ရဟန်းမဟုတ်တော့ပြီ" ဟု စွပ်စွဲကုန်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော် ခိုးလိုသောစိတ် မရှိပါ ဟု (လျှောက်ထား၏)။

ရဟန်း ခိုးလိုသောစိတ် မရှိသအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၁)

တရံရောအခါ ရဟန်းတပါးသည် လေဗွေတိုက်လွင့်လာသော ခေါင်းပေါင်းကို "ဥစ္စာရှင်များ မမြင်မီ(ယူအံ့)" ဟု ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ဖမ်းယူ၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းကို "အသျှင်ဘုရားသည် ရဟန်းမဟုတ်တော့ပြီ" ဟု စွပ်စွဲကုန်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၃၂)

၁၃၇။ တရံရောအခါ ရဟန်းတပါးသည် သင်းချိုင်းသို့သွား၍ ကိုယ်မပျက်သေးသော သူသေကောင်၌ ပံသုကူကောက်ယူ၏၊ ထိုသူသေကောင်၌လည်း ပြိတ္တာ 'ဘုတ်တစ္ဆေ' ပူးဝင်နေ၏၊ ထိုအခါ ထိုပြိတ္တာ 'ဘုတ်တစ္ဆေ'သည် ထိုရဟန်းအား "အသျှင်ဘုရား တပည့်တော်၏ အဝတ်ကို မယူပါလင့်" ဟု ပြော၏။

ထိုရဟန်းသည် (ပြိတ္တာ၏စကားကို)မနာယူမူ၍ သွား၏၊ ထိုအခါ ထိုသူသေကောင်သည် ထိုရဟန်း၏ နောက်သို့ အစဉ်တစိုက် ထ၍လိုက်၏၊ ထိုအခါ ထိုရဟန်းသည် ကျောင်းသို့ဝင်၍ တံခါးကို ပိတ်၏၊ ထိုအခါ ထိုသူသေကောင်သည် ထိုနေရာ၌သာလျှင် လည်းကျ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ သို့သော်လည်း ရဟန်းတို့ ကိုယ်မပျက်သေးသော သူသေကောင်၌ ပံသုကူ မကောက်ယူအပ်၊ ကောက်ယူသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ ဟု မိန့်တော်မူ၏။ (၃၃)

၁၃၈။ တရံရောအခါ ရဟန်းတပါးသည် သံဃာ့သင်္ကန်းကို ဝေဘန်ရာတွင် ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ မဲလက်မှတ် 'ကမ္ဘည်း' ပြောင်း၍ သင်္ကန်းကို ယူ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၃၄)

၁၃၉။ တရံရောအခါ အသျှင်အာနန္ဒာသည် ရေချိုးခန်း 'ဇန္တာဃရ'၌ ရဟန်းတပါး၏သင်းပိုင်ကို မိမိသင်းပိုင် ထင်မှတ်၍ ဝတ်၏၊ ထိုအခါ ထိုရဟန်းသည် အသျှင်အာနန္ဒာအား—

"ငါ့သျှင် အာနန္ဒာ သင်သည် အဘယ့်ကြောင့် ငါ၏သင်းပိုင်ကို ဝတ်သနည်း" ဟု (ပြောဆိုသော အခါ)

ငါ့သျှင် ငါသည် မိမိဥစ္စာ 'သင်းပိုင်'ထင်မှတ်၍ ဝတ်ပါသည် ဟု (ပြန်ပြော၏)။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကုန်၏။

ရဟန်းတို့ မိမိဥစ္စာဟု ထင်မှတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၅)

၁၄၀။ တရံရောအခါ များစွာသောရဟန်းတို့သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်ကြသော် ခြင်္သေ့စားကြွင်းကို မြင်ကြ၍ ချက်စေပြီးလျှင် သုံးဆောင်ကြကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု

http://www.dhammadownload.com



'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏။ပ။ ရဟန်းတို့ ခြင်္သေ့၏ စားကြွင်း၌ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၆)

တရံရောအခါ များစွာသော ရဟန်းတို့သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်ကြသော် ကျား စားကြွင်းကို မြင်ကြ၍။ပ။ သစ်စားကြွင်းကို မြင်ကြ၍။ပ။ အောင်းစားကြွင်းကို မြင်ကြ၍။ပ။ တောခွေး စားကြွင်းကို မြင်ကြ၍ ချက်စေပြီးလျှင် သုံးဆောင်ကြကုန်၏။ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏။ပ။ ရဟန်းတို့ တိရစ္ဆာန် သိမ်းဆည်းထားသော ဥစ္စာ၌ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၇-၄၀)

၁၄၁။ တရံရောအခါ ရဟန်းတပါးသည် သံဃာ့ဆွမ်းကို ဝေဘန်ရာတွင် "အခြား ရဟန်းအတွက် ပေးပါ" ဟု အခြေအမြစ်မရှိပဲ လိမ်လည်၍ တောင်းယူ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယ ကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ သိလျက် မဟုတ်မမှန် ပြောဆိုမှုကြောင့် ပါစိတ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၁)

တရံရောအခါ ရဟန်းတပါးသည် သံဃာ့ခဲဖွယ်ကို ဝေဘန်ရာတွင်။ပ။ သံဃာ့မုံ့ကို ဝေဘန်ရာ တွင်။ပ။ သံဃာ့ကြံကို ဝေဘန်ရာတွင်။ပ။ သံဃာ့တည်သီးကို ဝေဘန်ရာတွင် "အခြားရဟန်းအတွက် ပေးပါ" ဟု အခြေအမြစ်မရှိပဲ 'လိမ်လည်၍' တောင်းယူ၏။ ထိုရဟန်းအား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ သိလျက် မဟုတ်မမှန် ပြောဆိုမှုကြောင့် ပါစိတ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၂-၄၅)

၁၄၂။ တရံရောအခါ ရဟန်းတပါးသည် အစားအစာ ရှားပါးသောအခါ၌ ထမင်းချက်အိမ်သို့ဝင်ပြီး လျှင် သပိတ်နှင့်အပြည့် ထမင်းကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ ခိုးယူ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၄၆)

တရံရောအခါ ရဟန်းတပါးသည် အစားအစာ ရှားပါးသောအခါ၌ အမဲချက်သောအိမ်သို့ဝင် ပြီးလျှင် သပိတ်နှင့်အပြည့် အမဲသားကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုးလေ၏၊ ထိုရဟန်းအား တွေး တောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၄၇)

တရံရောအခါ ရဟန်းတပါးသည် အစားအစာ ရှားပါးသော အခါ၌ မုံ့ဖိုသို့ဝင်ပြီးလျှင် သပိတ်နှင့် အပြည့် မုံ့ကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ ခိုးယူ၏။ပ။ သပိတ်နှင့်အပြည့် မုံ့ကျွဲသည်းတို့ကို ခိုးလို သော စိတ်ရှိသည်ဖြစ်၍ ခိုးယူ၏။ပ။ သပိတ်နှင့်အပြည့် ကတွတ်မုံ့တို့ကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုးယူ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၄၈-၅၀)

၁၄၃။ တရံရောအခါ ရဟန်း တပါးသည် နေ့၌ ပရိက္ခာရ 'အသုံးအဆောင်'ကို မြင်၍ "ညဉ့်၌ ခိုးမည်"ဟု အမှတ်အသားပြုထား၏၊ ထိုရဟန်းသည် ထိုပရိက္ခာရ ဟု ထင်မှတ်၍ ထိုပရိက္ခာရကိုပင် ခိုးယူ၏။ပ။ ထိုပရိက္ခာရ ဟု ထင်မှတ်၍ အခြားပရိက္ခာရကို ခိုးယူ၏။ပ။ အခြားပရိက္ခာရ ဟု ထင်မှတ်၍ ထိုပရိက္ခာရကို ခိုးယူ၏။ပ။ အခြားပရိက္ခာရ ဟု ထင်မှတ်၍ အခြားပရိက္ခာရကိုပင် ခိုးယူ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၅၁-၅၄)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် နေ့၌ ပရိက္ခရာကိုမြင်၍ "ညဉ့်၌ခိုးမည်" ဟု အမှတ်အသား ပြုထား၏၊ ထိုရဟန်းသည် ထိုပရိက္ခရာ ဟု ထင်မှတ်၍ မိမိပရိက္ခရာကို ခိုးလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ ဒုက္កဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅၅)

၁၄၄။ တရံရောအခါ ရဟန်းတပါးသည် အင်းပျဉ်'ခုံရှည်'၌ ရှိသော အိတ်ကိုမြင်၍ "ဤအင်းပျဉ် 'ခုံရှည်'မှ ယူသော် ပါရာဇိကကျလိမ့်မည်" ဟု အင်းပျဉ်'ခုံရှည်'နှင့်တကွ ပြောင်းရွှေ့၍ယူ၏၊ ထိုရဟန်း အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (မိန့်တော်မူ၏)။ (၅၆)

တရံရောအခါ ရဟန်းတပါးသည် သံဃာ့ဘုံလျှို 'ဖုံ' ကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုးယူ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိကကျပြီ ဟု (**မိန့် တော်မူ၏**)။ (၅၇)

၁၄၅။ တရံရောအခါ ရဟန်းတပါးသည် သက်န်းတန်း၌ရှိသော သက်န်းကို ခိုးလိုသောစိတ်ရှိသည် ဖြစ်၍ ခိုးယူ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၅၈)

တရံရောအခါ ရဟန်းတပါးသည် ကျောင်း၌ရှိသော သက်န်းကိုခိုး၍ "ဤ(ကျောင်း)မှ **ထွက်** သွားပါက ပါရာဇိကကျလိမ့်မည်" ဟု (အောက်မေ့၍) ကျောင်းမှ မထွက်ပဲနေ၏။ပ။ မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ထားကြကုန်၏၊ ရဟန်းတို့ ထို(မင်ဖိုလ်မှ)အချည်းနှီးဖြစ်သော ယောကျ်ားသည် ထွက်သွားသည်ဖြစ်စေ၊ မထွက်ပဲနေသည်ဖြစ်စေ ပါရာဇိကအာပတ် သင့်၏ ဟု (**မိန့်** တော်မူ၏)။ (၅၉)

၁၄၆။ တရံရောအခါ ရဟန်းနှစ်ပါးတို့သည် သူငယ်ချင်း ဖြစ်ကြကုန်၏၊ ရဟန်းတပါး ဆွမ်းခံဝင်**ခိုက်** **အဖော်**ရဟန်းသည် သံဃာ့ခဲဖွယ်ကို ဝေဘန်ရာတွင် သူငယ်ချင်းရဟန်း၏အစု 'ဝေပုံကျ' ကို **ယူ၍** ထို(သူငယ်ချင်း)ရဟန်းနှင့် အကျွမ်းဝင်၍ သုံးဆောင်၏၊ ထို(ဆွမ်းခံ)ရဟန်းသည် သိ၍ ထို (သုံး ဆောင်သော)ရဟန်းကို "သင် ရဟန်း မဟုတ်တော့ပြီ" ဟု စွပ်စွဲ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည်(ခိုးလိုသောစိတ် မရှိပါ)အကျွမ်းဝင်၍ ယူခြင်းဖြစ်ပါသည် ဟု (လျှောက်ထား၏)။

ရဟန်း အကျွမ်းဝင်၍ ယူခြင်း၌ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၆၀)

၁၄၇။ တရံရောအခါ များစွာသော ရဟန်းတို့သည် သက်န်း ချုပ်မှုကိုပြုကုန်၏၊သံဃာအား ခဲဖွယ်ကို ဝေဘန်သည်ရှိသော် ရဟန်းအားလုံးအတွက် ဝေစုကို ယူဆောင်၍ ထားကုန်၏၊ ရဟန်းတပါးသည် ရဟန်းတပါးအတွက် ဝေစုကို မိမိအတွက်ထင်မှတ်၍ သုံးဆောင်၏၊ ထိုရဟန်းသည်သိ၍ ထို(သုံးဆောင်

http://www.dhammadownload.com



သော) ရဟန်းကို "သင် ရဟန်းမဟုတ်တော့ပြီ" ဟု စွပ်စွဲ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် (ခိုးလိုသောစိတ်မရှိပါ)၊ မိမိဥစ္စာ ဟု ထင်မှတ်ပါသည် ဟု (လျှောက်ထား၏)။

ရဟန်း မိမိဥစ္စာ ဟု ထင်မှတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၆၁)

တရံရောအခါ များစွာသောရဟန်းတို့သည် သင်္ကန်းချုပ်မှုကို ပြုလုပ်ကုန်၏၊ သံဃာအား ခဲဖွယ်ကို ဝေဘန်သည်ရှိသော် ရဟန်းတပါး၏သပိတ်ဖြင့် ရဟန်းတပါးအဘွက်ဝေစုကို ယူဆောင်၍ ထား၏၊ သပိတ်ရှင်ရဟန်းသည် မိမိဥစ္စာဟု ထင်မှတ်၍ သုံးဆောင်၏၊ ထို(ပစ္စည်းရှင်)ရဟန်းသည် သိ၍ ထို (သပိတ်ရှင်)ရဟန်းကို "သင် ရဟန်းမဟုတ်တော့ပြီ" ဟု စွပ်စွဲ၏၊ ထိုရဟန်းအားတွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း မိမိဥစ္စာ ဟု ထင်မှတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၆၂)

၁၄၇။ တရံရောအခါ သရက်သီးသူခိုးတို့သည် သရက်သီးကိုချွေချပြီး သရက်သီးထုပ်ကို ယူဆောင်၍ သွားကုန်၏၊ ဥစ္စာရှင်တို့သည် ထိုသူခိုးတို့ကို လိုက်ကြရာ သူခိုးတို့သည် ဥစ္စာရှင်ကိုမြင်၍ အထုပ်ကိုချ၍ ပြေးကုန်၏၊ ရဟန်းတို့သည် ပံ့သုကူ ဟု ထင်မှတ်၍ အကပ်ခံပြီး သုံးဆောင်ကုန်၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းတို့ကို "သင်(အသျှင်ဘုရား)တို့သည် ရဟန်းမဟုတ်ကြတော့ပြီ" ဟု စွပ်စွဲကုန်၏၊ ထိုရဟန်း တို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက် ထားကြကုန်၏။

ရဟန်းတို့ သင်တို့သည် အဘယ်စိတ်ရှိကုန်သနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်တို့သည်(ခိုးလိုသောစိတ်မရှိကြပါ)၊ ပံ့သုကူ ဟု ထင်မှတ်ကြပါသည် ဟု (လျှောက်ထားကုန်၏)။

ရဟန်းတို့ ပံ့သုကူ ဟု ထင်မှတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၆၃)

တရံရောအခါ သပြေသီး သူခိုးတို့သည်။ပ။တောင်ပိန္နဲသီး သူခိုးတို့သည်။ပ။ပိန္နဲသီး သူခိုးတို့ သည်။ပ။ထန်းသီးသူခိုးတို့သည်။ပ။ကြံသူခိုးတို့သည်။ပ။တည်သီးသူခိုးတို့သည် တည်သီးကိုဆွတ်ခူး၍ တည်သီးထုပ်ကို ယူလျက် သွားကုန်၏၊ ဥစ္စာရှင်တို့သည် ထိုသူခိုးတို့ကို လိုက်ကြရာ သူခိုးတို့သည် ဥစ္စာရှင်တို့ကိုမြင်၍ အထုပ်ကိုချ၍ ပြေးကုန်၏၊ ရဟန်းတို့သည် ပံ့သုကူ ဟု ထင်မှတ်ကြ၍ အကပ်ခံပြီး သုံးဆောင်ကြကုန်၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းတို့ကို "သင်(အသျှင်ဘုရား)တို့သည် ရဟန်းမဟုတ် ကြတော့ပြီ" ဟု စွပ်စွဲကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကုန်၏။ပ။ ရဟန်းတို့ ပံ့သုကူ ဟု ထင်မှတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၆၄-၆၉)

တရံရောအခါ သရက်သီးသူခိုးတို့သည် သရက်သီးကိုချွေချပြီး သရက်သီးထုပ်ကိုယူ၍ သွားကုန် ၏၊ ဥစ္စာရှင်တို့သည် ထိုသူခိုးတို့ကို လိုက်ကြရာ သူခိုးတို့သည် ဥစ္စာရှင်တို့ကိုမြင်၍ အထုပ်ကိုပစ်ချ၍ ပြေးကုန်၏၊ ရဟန်းတို့သည် "ဥစ္စာရှင်များမမြင်မီ(သုံးဆောင်အံ့)" ဟု ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ သုံးဆောင်ကြကုန်၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းတို့ကို "သင်(အသျှင်ဘုရားတို့သည်)ရဟန်းမဟုတ်

http://www.dhammadownload.com



ကြတော့ပြီ” ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု ‘သံသယကုက္ကုစ္စ’ ဖြစ်၏။ပ။ ရဟန်းတို့ သင်တို့သည် ပါရာဇိက ကျကုန်ပြီ ဟု (မိန့်တော်မူ၏)။ (၇၀)

တရံရောအခါ သပြေသီး သူခိုးတို့သည်။ပ။ တောင်ပိန္နဲသီး သူခိုးတို့သည်။ပ။ ပိန္နဲသီး သူခိုးတို့သည်။ပ။ ထန်းသီးမှည့်သူခိုးတို့သည်။ပ။ ကြံသူခိုးတို့သည်။ပ။ တည်သီးသူခိုးတို့သည် တည်သီးတို့ကို ဆွတ်ခူး၍ တည်သီးထုပ်ကိုယူ၍ ပြေးကုန်၏၊ ဥစ္စာရှင်တို့သည် ထိုသူခိုးတို့ကိုလိုက်ကြရာ သူခိုးတို့သည် ဥစ္စာရှင်တို့ကိုမြင်၍ အထုပ်ကိုပစ်ချ၍ ပြေးကုန်၏၊ ရဟန်းတို့သည် “ဥစ္စာရှင်များ မမြင်မီ (သုံးဆောင်အံ့)” ဟု ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ သုံးဆောင်ကြကုန်၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းတို့ကို “သင် (အသျှင်ဘုရား) တို့သည် ရဟန်းမဟုတ်ကြတော့ပြီ” ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု ‘သံသယကုက္ကုစ္စ’ ဖြစ်၏။ပ။ ရဟန်းတို့ သင်တို့သည် ပါရာဇိက ကျကုန်ပြီ ဟု (မိန့်တော်မူ၏)။ (၇၁-၇၆)

တရံရောအခါ ရဟန်းတပါးသည် သံဃာ့သရက်သီးကို ခိုးလိုသောစိတ် ရှိသည်ဖြစ်၍ ခိုး၏။ပ။ သံဃာ့သပြေသီးကို။ပ။ သံဃာ့တောင်ပိန္နဲသီးကို။ပ။ သံဃာ့ပိန္နဲသီးကို။ ပ။ သံဃာ့ထန်းသီးမှည့်ကို။ပ။ သံဃာ့ကြံကို။ပ။ သံဃာ့တည်သီးကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ ခိုး၏၊ ထိုရဟန်းအား တွေးတောမှု ‘သံသယကုက္ကုစ္စ’ ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၇၇-၈၃)

၁၄၉။ တရံရောအခါ ရဟန်းတပါးသည် ပန်းဥယျာဉ်သို့ သွား၍ ဆွတ်ခူးပြီးသော ငါးပဲတန်ပန်းကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုး၏၊ ထိုရဟန်းအား တွေးတောမှု ‘သံသယကုက္ကုစ္စ’ ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၈၄)

တရံရောအခါ ရဟန်းတပါးသည် ပန်းဥယျာဉ်သို့သွား၍ ဆွတ်ခူးပြီးသော ငါးပဲတန်ပန်းကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုး၏၊ ထိုရဟန်းအား တွေးတောမှု ‘သံသယကုက္ကုစ္စ’ ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၈၅)

၁၅၀။ တရံရောအခါ ရဟန်းတပါးသည် ရွာငယ်တခုသို့သွားရာ အခြားရဟန်းတပါးကို “ငါ့သျှင် သင်၏အလုပ်အကျွေးအမျိုး ‘ဒါယကာ’ကို (သင်)မှာတိုင်း ငါပြောမည်” ဟု ဆို၏၊ ထိုရဟန်းသည် သွား၍ အဝတ်တထည်ကို ဆောင်ယူစေပြီးလျှင် မိမိသည် သုံးဆောင်၏၊ ထို(မှာသော)ရဟန်းသည် သိ၍ ထို(အဝတ်သုံးစွဲသော)ရဟန်းကို “သင် ရဟန်းမဟုတ်တော့ပြီ” ဟု စွပ်စွဲ၏၊ ထိုရဟန်းအား တွေးတောမှု ‘သံသယကုက္ကုစ္စ’ ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ်မသင့်၊ သို့သော်လည်း ရဟန်းတို့ “(သင်) မှာတိုင်းပြောမည်” ဟု မဆိုရ၊ ဆိုသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၈၆)

တရံရောအခါ ရဟန်းတပါးသည် ရွာငယ်တခုသို့သွားရာ ရဟန်းတပါးသည် ထို(သွားသော) ရဟန်းကို “ငါ့သျှင် ငါ၏အလုပ်အကျွေးအမျိုး ‘ဒါယကာ’ ကို ငါမှာတိုင်း ပြောလိုက်ပါ” ဟု ဆို၏၊ ထိုရဟန်းသည် သွား၍ အဝတ်တစုံကို ယူဆောင်စေပြီးလျှင် တထည်ကို မိမိသုံးဆောင်၏၊ တထည်ကို ထို (မှာလိုက်သော) ရဟန်းအားပေး၏၊ ထို (မှာသော) ရဟန်းသည် သိ၍ ထို (သုံးဆောင်သော) ရဟန်းကို “သင် ရဟန်းမဟုတ်တော့ပြီ” ဟု စွပ်စွဲ၏၊ ထိုရဟန်းအား တွေးတောမှု ‘သံသယကုက္ကုစ္စ’ ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ သို့သော်လည်း ရဟန်းတို့ “(ငါ)မှာတိုင်း ပြောလိုက်ပါ” ဟု မဆိုရ၊ ဆိုသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၈၇)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် ရွာငယ်တခုသို့သွားရာ ရဟန်းတပါးကို "ငါ့သျှင် သင်၏ အလုပ်အကျွေး အမျိုး 'ဒါယကာ' ကို(သင်)မှာတိုင်းပြောမည်" ဟု ဆို၏၊ ထိုရဟန်းကလည်း "(ငါ)မှာတိုင်း ပြောလိုက်ပါ" ဟု ဆို၏၊ ထိုရဟန်းသည် သွား၍ ထောပတ်တကွမ်းစား တင်လဲတချိန် ဆန်တစိတ်ကို ဆောင်ယူစေ၍ မိမိကိုယ်တိုင် သုံးဆောင်၏၊ ထို(မှာသော) ရဟန်းသည် သိ၍ ထိုရဟန်းကို "သင် ရဟန်းမဟုတ်တော့ပြီ" ဟု စွပ်စွဲ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ်မသင့်၊ သို့သော်လည်း ရဟန်းတို့ "(သင်)မှာတိုင်း ပြောမည်" ဟု မဆိုရ၊ "(ငါ) မှာတိုင်း ပြောလိုက်ပါ" ဟုလည်း မဆိုရ၊ ဆိုသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၈၈)

၁၅၁။ တရံရောအခါ ယောကျ်ားတယောက်သည် အဖိုးများစွာထိုက်တန်သော ပတ္တမြားကိုယူ၍ ရဟန်းတပါးနှင့်အတူ ရှည်သောခရီးကိုသွား၏၊ ထိုယောကျ်ားသည် ကင်းထားရာအရပ်'အကောက်ဌာန'ကို မြင်လတ်သော် ထိုရဟန်းမသိခိုက် လွယ်အိတ်၌ ပတ္တမြားကိုထည့်၍ ကင်းထားရာအရပ် 'အကောက်ဌာန'ကို ကျော်လွန်သောအခါ ပြန်ယူ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော် မသိပါ ဟု (လျှောက်ထား၏)။

ရဟန်း မသိသောရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၈၉)

တရံရောအခါ ယောကျ်ားတယောက်သည် အဖိုးများစွာထိုက်တန်သော ပတ္တမြားကိုယူ၍ရဟန်းတပါးနှင့်အတူ ရှည်သောခရီးကိုသွား၏၊ ထိုယောကျ်ားသည် ကင်းထားရာအရပ် 'အကောက်ဌာန' ကို မြင်လတ်သော် လူမမာယောင်ဆောင်ပြီး၍ မိမိ၏အထုပ်ကို ထိုရဟန်းအားပေး၏၊ ထို့နောက် ထိုယောကျ်ားသည် ကင်းထားရာအရပ် 'အကောက်ဌာန' ကို ကျော်လွန်သောအခါ ထိုရဟန်းအား—

အသျှင်ဘုရား တပည့်တော်၏အထုပ်ကို ယူခဲ့ပါ 'ပြန်ပေးပါ'၊ တပည့်တော် မကျန်းမာသူမဟုတ်ပါ ဟု ပြောဆို၏။

ဒါယကာ အဘယ့်ကြောင့် သင်သည် ဤကဲ့သို့ ပြုဘိသနည်း ဟု (မေး၏)

ထိုအခါ ထိုယောကျ်ားသည် ထိုရဟန်းအား ဤအကြောင်းကို ပြန်ပြော၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော် မသိပါ ဟု (လျှောက်ထား၏)။

ရဟန်း မသိသောရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၉၀)

၁၅၂။ တရံရောအခါ ရဟန်းတပါးသည် ကုန်သည်နှင့်အတူ ရှည်သောခရီးကိုသွား၏၊ ယောကျ်ားတယောက်သည် ထိုရဟန်းကို ပစ္စည်း 'အာမိသ' ဖြင့် ဖြားယောင်းသွေးဆောင်ပြီးလျှင် ကင်းထားရာအရပ် 'အကောက်ဌာန' ကို မြင်လတ်သော် အဖိုးများစွာထိုက်တန်သော ပတ္တမြားကို "အသျှင်ဘုရား ဤပတ္တမြားကို ကင်းထားရာအရပ် 'အကောက်ဌာန' ကို လွန်မြောက်ပါစေ" ဟု ဆို၍ ထိုရဟန်းအား ပေး၏၊ ထိုရဟန်းသည် ထိုပတ္တမြားကို ကင်းထားရာအရပ် 'အကောက်ဌာန' ကို လွန်မြောက်စေ၏၊

http://www.dhammadownload.com



ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း၊ သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၉၁)

၁၅၃။ တရံရောအခါ ရဟန်းတပါးသည် ကျောင်းကွင်း၌ မိနေသောဝက်ကို သနားသဖြင့် လွှတ်လိုက်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် သနားခြင်းကို အလိုရှိပါသည် ဟု (လျှောက်ထား၏)။

ရဟန်း သနားခြင်းကို အလိုရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၉၂)

တရံရောအခါ ရဟန်းတပါးသည် ကျောင်းကွင်း၌ မိနေသော ဝက်ကို "ဥစ္စာရှင်များ မမြင်မီ (လွှတ်အံ့)" ဟု ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ လွှတ်လိုက်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၉၃)

တရံရောအခါ ရဟန်းတပါးသည် ကျောင်းကွင်း၌ မိနေသော သမင်ကို သနားသဖြင့် လွှတ်လိုက်၏။ပ။

ကျောင်းကွင်း၌ မိနေသော သမင်ကို "ဥစ္စာရှင်များ မမြင်မီ(လွှတ်အံ့)" ဟု ခိုးလိုသောစိတ်ရှိသည် ဖြစ်၍ လွှတ်လိုက်၏။

မြှုံး၌ မိနေကြသော ငါးတို့ကို သနားသဖြင့် လွှတ်လိုက်၏။ပ။

မြှုံး၌ မိနေကြသော ငါးတို့ကို "ဥစ္စာရှင်များမမြင်မီ(လွှတ်အံ့)" ဟု ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ လွှတ်လိုက်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၉၄-၉၇)

တရံရောအခါ ရဟန်းတပါးသည် ယာဉ်ပေါ်၌ ဥစ္စာကိုမြင်၍ "ဤယာဉ်မှယူသော် ပါရာဇိက ကျလိမ့်မည်" ဟု ကျော်လွန်၍ လိုမ့်ပြီးယူ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၉၈)

တရံရောအခါ ရဟန်းတပါးသည် စွန်ရဲချီ၍ ပစ်ချသော သားတစ်ကို "ဥစ္စာရှင်များအား (ပြန်) ပေးမည်" ဟု ကောက်ယူ၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းကို သင် "(အသျှင်ဘုရား) သည် ရဟန်း မဟုတ်တော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ခိုးလိုသောစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၉၉)

တရံရောအခါ ရဟန်းတပါးသည် စွန်ရဲချီ၍ ပစ်ချသော သားတစ်ကို "ဥစ္စာရှင်များ မမြင်မီ (ကောက်ယူအံ့)" ဟု ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ကောက်ယူ၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းကို "သင် (အသျှင်ဘုရား)သည် ရဟန်း မဟုတ်တော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၀၀)

၁၅၄။ တရံရောအခါ လူတို့သည် ဖောင်ဖွဲ့၍ အစိရဝတီမြစ်၌ မျောကုန်၏၊ ဖောင်ဖွဲ့ကြိုးပြတ်၍ သစ်များဖရိုဖရဲ မျောကုန်ရာ ရဟန်းတို့သည် ပံသုကူ ဟု ထင်မှတ်ကြ၍ ဆယ်ယူထားကုန်၏၊ ဥစ္စာရှင် တို့သည် ထိုရဟန်းတို့ကို "သင်(အသျှင်ဘုရား)တို့သည် ရဟန်းမဟုတ်ကြတော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏။ပ။ရဟန်းတို့ ပံသုကူ ဟု ထင်မှတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၀၁)

http://www.dhammadownload.com



တရံရောအခါ လူတို့သည် ဖောင်ဖွဲ့၍ အစိရဝတီမြစ်၌ မျောကုန်၏၊ ဖောင်ဖွဲ့ကြိုးပြတ်၍ သစ်များ ဖရိုဖရဲ မျောကုန်ရာ ရဟန်းတို့သည် "ဥစ္စာရှင်များ မမြင်မီ(ဆယ်ယူကုန်အံ့)" ဟု ခိုးလိုသောစိတ် ရှိကြ၍ ဆယ်ယူထားကြကုန်၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းတို့ကို "သင်(အသျှင်ဘုရား)တို့သည် ရဟန်း မဟုတ်ကြတော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြ ကုန်၏။ပ။ရဟန်းတို့ သင်တို့သည် ပါရာဇိက ကျကုန်ပြီ ဟု (မိန့်တော်မူ၏)။ (၁၀၂)

တရံရောအခါ နွားကျောင်းသားတယောက်သည် သစ်ပင်၌အဝတ်ကို ဆွဲချိတ်၍ ကျင်ကြီးစွန့်ရန် သွား၏၊ ရဟန်းတပါးသည် ပံသုကူ ဟု ထင်မှတ်၍ ကောက်ယူလေရာ ထိုနွားကျောင်းသားသည် ထိုရဟန်းကို "သင်(အသျှင်ဘုရား)သည် ရဟန်းမဟုတ်တော့ပြီ" ဟု စွပ်စွဲ၏၊ ထိုရဟန်းအား တွေး တောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပံသုကူ ဟု ထင်မှတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၀၃)

တရံရောအခါ ရဟန်းတပါးသည် မြစ်ကို ဖြတ်ကူးစဉ် ခဝါသည်တို့၏လက်မှလွတ်လာသော အဝတ်သည် ခြေ၌ ကပ်ငြိ၏၊ ထိုရဟန်းသည် "ဥစ္စာရှင်တို့အား (ပြန်)ပေးမည်" ဟု ယူ၏၊ ဥစ္စာရှင် တို့သည် ထိုရဟန်းကို "သင်(အသျှင်ဘုရား)သည် ရဟန်းမဟုတ်တော့ပြီ"ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်း အား တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း ခိုးလိုသောစိတ်မရှိသောရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၀၄)

တရံရောအခါ ရဟန်းတပါးသည် မြစ်ကိုဖြတ်ကူးစဉ် ခဝါသည်တို့၏လက်မှ လွတ်လာသော အဝတ်သည် ခြေ၌ကပ်ငြိ၏၊ ထိုရဟန်းသည် "ဥစ္စာရှင်တို့ မမြင်မီ(ယူအံ့)" ဟု ခိုးလိုသောစိတ်ရှိသည် ဖြစ်၍ ယူ၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းကို "သင် (အသျှင်ဘုရား) သည် ရဟန်းမဟုတ်တော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းအား တွေးတောမှု'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၀၅)

၁၅၅။ တရံရောအခါ ရဟန်းတပါးသည် ထောပတ်အိုးကိုတွေ့မြင်၍ အနည်းငယ် အနည်းငယ် သုံးဆောင်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စဖြစ်၏'။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၀၆)

တရံရောအခါ များစွာသောရဟန်းတို့သည် "ဥစ္စာကို ခိုးကြအံ့"ဟု တိုင်ပင်၍ သွားကြပြီးနောက် ရဟန်းတပါးသည် ဥစ္စာကို ခိုး၏၊ ထိုရဟန်းတို့သည် "ငါတို့ 'အားလုံး' ပါရာဇိက မကျကုန်၊ ခိုးသော ရဟန်းသာ ပါရာဇိက ကျ၏" ဟု ပြောဆိုကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက် ထားကြကုန်၏။ပ။ရဟန်းတို့ သင်တို့'အားလုံး'သည် ပါရာဇိက ကျကုန်ပြီ ဟု(မိန့်တော်မူ၏)။(၁၀၇)

တရံရောအခါ များစွာသော ရဟန်းတို့သည် တိုင်ပင်၍ ဥစ္စာကို ခိုးကြပြီးနောက် ဝေစုခွဲကြရာ တပါး တပါးအတွက် ဝေစုသည် ငါးပဲ မပြည့်ချေ၊ ထိုရဟန်းတို့သည် "ငါတို့ ပါရာဇိက မကျကုန်" ဟု ပြောဆိုကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ပ။ ရဟန်းတို့ သင်တို့သည် ပါရာဇိက ကျကုန်ပြီ ဟု (မိန့်တော်မူ၏)။ (၁၀၈)

တရံရောအခါ ရဟန်းတပါးသည် သာဝတ္ထိပြည်၌ အစားအစာ ရှားပါးသောအခါ အိမ်ဈေးသည် 'အိမ်ဆိုင်မှင်'၏ ဆန်တဆုပ်ကို ခိုးလိုသောစိတ် ရှိသည်ဖြစ်၍ ခိုး၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၀၉)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် သာဝတ္ထိပြည်၌ အစားအစာ ရှားပါးသောအခါ အိမ်ဈေးသည်၏ ပဲနောက်တဆုပ်ကို။ပ။ ပဲကြီးတဆုပ်ကို။ပ။ နှမ်းတဆုပ်ကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုး၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၁၀-၁၁၂)

တရံရောအခါ သာဝတ္ထိပြည် အန္ဓဝန်တော၌ သူခိုးတို့သည် နွားကိုသတ်၍ အမဲသားကို စားကြပြီးလျှင် အကြွင်းကို သိုမှီးသိမ်းဆည်း၍ သွားကုန်၏၊ ရဟန်းတို့သည် ပံသုကူ ဟု ထင်မှတ်ကြသဖြင့် အကပ်ခံစေပြီးလျှင် သုံးဆောင်ကြကုန်၏၊ သူခိုးတို့သည် ထိုရဟန်းတို့ကို "သင်(အသျှင်ဘုရား) တို့သည် ရဟန်း မဟုတ်ကြတော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏။ပ။ ရဟန်းတို့ ပံသုကူ ဟု ထင်မှတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၁၃)

တရံရောအခါ သာဝတ္ထိပြည် အန္ဓဝန်တော၌ သူခိုးတို့သည် ဝက်ကိုသတ်၍ ဝက်သားကို စားကြပြီးလျှင် အကြွင်းကို သိုမှီးသိမ်းဆည်း၍ သွားကုန်၏၊ ရဟန်းတို့သည် ပံသုကူ ဟု ထင်မှတ်သဖြင့် အကပ်ခံစေပြီးလျှင် သုံးဆောင်ကြကုန်၏၊ သူခိုးတို့သည် ထိုရဟန်းတို့ကို "သင် (အသျှင်ဘုရား)တို့သည် ရဟန်းမဟုတ်ကြတော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏။ပ။ ရဟန်းတို့ ပံသုကူ ဟု ထင်မှတ်သော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၁၄)

တရံရောအခါ ရဟန်းတပါးသည် မြက်ခင်းသို့သွား၍ ရိတ်ပြီးဖြစ်သော ငါးပဲတန်မြက်ကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုး၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၁၅)

တရံရောအခါ ရဟန်းတပါးသည် မြက်ခင်းသို့သွား၍ ငါးပဲတန်မြက်ကို ရိတ်ပြီးလျှင် ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုး၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၁၆)

၁၅၆။ တရံရောအခါ အာဂန္တုရဟန်းတို့သည် သံဃာ၏သရက်သီးကို ဝေခြမ်းစေ၍ သုံးဆောင်ကြကုန်၏၊ ကျောင်းနေရဟန်းတို့က ထိုရဟန်းတို့ကို "သင်(အသျှင်ဘုရား)တို့သည် ရဟန်းမဟုတ်ကြတော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကုန်၏။

ရဟန်းတို့ သင်တို့သည် အဘယ်စိတ်ရှိကုန်သနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်တို့သည် သုံးဆောင်လိုသော စိတ်ရှိကြပါသည် ဟု (လျှောက်ထားကုန်၏)။

ရဟန်းတို့ သုံးဆောင်ရန်အလို့ငှါဖြစ်လျှင် အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၁၇)

တရံရောအခါ အာဂန္တုရဟန်းတို့သည် သံဃာ၏သပြေသီးကို။ပ။ သံဃာ၏ တောင်ပိန္နဲသီးကို။ပ။ သံဃာ၏ပိန္နဲသီးကို။ပ။ သံဃာ၏ ထန်းသီးမှည့်ကို။ပ။ သံဃာ၏ ကြံကို။ပ။ သံဃာ၏ တည်သီးကို ဝေခြမ်းစေ၍ သုံးဆောင်ကြကုန်၏၊ ကျောင်းနေ ရဟန်းတို့က ထို(အာဂန္တု)ရဟန်းတို့ကို "သင်(အသျှင်ဘုရား)တို့သည် ရဟန်းမဟုတ်ကြတော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းတို့အား တွေး

http://www.dhammadownload.com



တောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏။ပ။ ရဟန်းတို့ သုံးဆောင်ရန်အလို့ငှါဖြစ်လျှင် အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၁၈-၁၂၃)

တရံရောအခါ သရက်ပင်စောင့်တို့သည် ရဟန်းတို့အား သရက်သီးကို လှူကုန်၏၊ ရဟန်းတို့သည် "ဤသူတို့ကား စောင့်ရှောက်ခွင့်သာရှိကုန်၏၊ ပေးလှူခွင့်မရှိကုန်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြရကား အလှူမခံကြကုန်၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏၊ ရဟန်းတို့ စောင့်ရှောက်သူ လှူရာ၌ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၂၄)

တရံရောအခါ သပြေပင်စောင့်တို့သည်။ပ။ တောင်ပိန္နဲပင် စောင့်တို့သည်။ပ။ ပိန္နဲပင်စောင့်တို့သည်။ပ။ ထန်းသီးမှည့်စောင့်တို့သည်။ပ။ ကြံခင်းစောင့်တို့သည်။ပ။ တည်ပင်စောင့်တို့သည် တည်သီးကို လှူကြကုန်၏၊ ရဟန်းတို့သည် ဤသူတို့ကား စောင့်ရှောက်ခွင့်သာရှိကုန်၏၊ ပေးလှူခွင့် မရှိကုန်" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ရကား အလှူမခံကြကုန်၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏၊ ရဟန်းတို့ စောင့်ရှောက်သူလှူရာ၌ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၂၅-၁၃၀)

တရံရောအခါ ရဟန်းတပါးသည် သံဃာ၏သစ်ကို အခိုက်အတန့်ဆောင်ယူ၍ မိမိကျောင်းနံရံကို ထောက်ခံ 'ကျားကန်' ၏၊ ရဟန်းတို့သည် ထိုရဟန်းကို "သင်သည်ရဟန်းမဟုတ်တော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းအရာကို လျှောက်ထား၏။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူ၏)

မြတ်စွာဘုရား တပည့်တော်သည် အခိုက်အတန့် ယူခြင်းဖြစ်ပါသည် ဟု (လျှောက်ထား၏)။

ရဟန်း အခိုက်အတန့်ယူခြင်း၌ အာပတ် မသင့် ဟု(မိန့်တော်မူ၏)။ (၁၃၁)

တရံရောအခါ ရဟန်းတပါးသည် သံဃာ၏ရေကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုး၏။ပ။ သံဃာ၏ မြေကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍။ပ။ သံဃာ၏မြက်ပုံကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုး၏၊ ထိုရဟန်းအား တွေးတောမှု'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၃၂-၁၃၄)

တရံရောအခါ ရဟန်းတပါးသည် သံဃာ၏မြက်ပုံကို ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ မီးတိုက်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၃၅)

တရံရောအခါရဟန်းတပါးသည် သံဃာ၏ညောင်စောင်း 'ခုတင်' ကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုး၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၃၆)

တရံရောအခါ ရဟန်းတပါးသည် သံဃာ၏အင်းပျဉ် 'ခုံရှည်'ကို။ပ။ သံဃာ၏ဘုံလျို 'ဖုံ'ကို။ပ။ သံဃာ၏ခေါင်းအုံးကို။ပ။ သံဃာ၏တံခါးရွက်ကို။ပ။ သံဃာ၏လေသောက်တံခါးကို။ပ။ သံဃာ၏ အခြင်ရနယ်ကို ခိုးလိုသောစိတ်ရှိသည်ဖြစ်၍ ခိုး၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၃၇-၁၄၂)

http://www.dhammadownload.com



၁၅၇။ တရံရောအခါ ရဟန်းတို့သည် ဒါယကာတယောက်၏ ကျောင်းသုံး 'ပရိဘောဂ' အိပ်ရာ နေရာကို အခြားကျောင်း၌ အသုံးပြုကုန်၏၊ ထိုအခါ ထိုဒါယကာသည် "အဘယ့်ကြောင့် အသျှင်မြတ်တို့သည် အခြားကျောင်း၏ အသုံးအဆောင် 'ပရိဘောဂ' ကို အခြား (ကျောင်း) ၌ အသုံးပြုကုန်ဘိ သနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြပြောဆို၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက် ထားကြကုန်၏။

ရဟန်းတို့ အခြား(ကျောင်း)၏ အသုံးအဆောင် 'ပရိဘောဂ' ကို အခြား(ကျောင်း)၌ မသုံးစွဲ အပ်၊ သုံးစွဲသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၄၃)

တရံရောအခါ ရဟန်းတို့သည် ဥပုသ်အိမ်(သိမ်)သို့ရင်း စည်းဝေး 'ညီမူရာ' အရပ်သို့ရင်း ဆောင် ယူရန် တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြ၍ မြေပေါ်၌ထိုင်ကြရာ ကိုယ်နှင့်သင်္ကန်းတို့သည် မြေမှုန့် အလိမ်းလိမ်း ဖြစ်ကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။

ရဟန်းတို့ အခိုက်အတန့်ဆောင်ယူရန်အလို့ငှါ ခွင့်ပြုတော်မူ၏ ဟု (မိန့်တော်မူ၏)။ (၁၄၄)

တရံရောအခါ စမ္ပာမြို့၌ ထုလ္လနန္ဒာ ရဟန်းမိန်းမ၏ အနီးနေ တပည့်ရဟန်း မိန်းမသည် ထုလ္လ နန္ဒာ၏ အလုပ်အကျွေးအမျိုး 'ဒါယကာ' ထံသို့ သွား၍ "အသျှင်မ (ထုလ္လနန္ဒာ) သည် သုံးမျိုးစပ် * ဆန်ပြုတ် 'ယာဂု'ကို သောက်လိုပါသတတ်" ဟု အကျိုးခိုင်း၍ ဆောင်ယူခဲ့ပြီးလျှင် မိမိကိုယ်တိုင် သုံးဆောင်၏၊ ထို(ထုလ္လနန္ဒာ)ရဟန်းမိန်းမသည် သိ၍ ထိုရဟန်းမိန်းမကို "သင်သည် ရဟန်းမိန်းမ မဟုတ်တော့ပြီ" ဟု စွပ်စွဲ၏၊ ထိုရဟန်းမိန်းမအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ ထို့နောက် ထိုရဟန်းမိန်းမသည် ရဟန်းမိန်းမတို့အား ဤအကြောင်းကို ပြန်ကြားပြောဆို၏၊ ရဟန်းမိန်းမတို့ သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို ပြန်ကြားပြောဆိုကုန်၏၊ ရဟန်းယောကျ်ား တို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။

ရဟန်းတို့ ပါရာဇိက အာပတ်မသင့်၊ သိလျက် မဟုတ်မမှန် ပြောဆိုမှုကြောင့် ပါစိတ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၄၅)

တရံရောအခါ ရာဇဂြိုဟ်မြို့၌ ထုလ္လနန္ဒာ ရဟန်းမိန်းမ၏ အနီးနေ တပည့်ရဟန်းမိန်းမသည် ထုလ္လနန္ဒာ၏အလုပ်အကျွေး အမျိုး 'ဒါယကာ' ထံသို့ သွား၍ အသျှင်မ(ထုလ္လနန္ဒာ)သည် မုံ့ ချိုလုံးကို စားလိုပါသတတ်" ဟု အချက်ခိုင်း၍ ဆောင်ယူခဲ့ပြီးလျှင် မိမိကိုယ်တိုင် သုံးဆောင်၏၊ ထို(ထုလ္လနန္ဒာ) ရဟန်းမိန်းမသည် သိ၍ ထိုရဟန်းမိန်းမကို "သင် ရဟန်းမိန်းမ မဟုတ်တော့ပြီ" ဟု စွပ်စွဲ၏၊ ထိုရဟန်း မိန်းမအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်းတို့ ပါရာဇိက အာပတ်မသင့်၊ သိလျက် မဟုတ်မမှန် ပြောဆိုမှုကြောင့် ပါစိတ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၄၆)

၁၅၈။ တရံရောအခါ ဝေသာလီမြို့၌ အသျှင်အဇ္ဇုက၏ အလုပ်အကျွေး ဒါယကာအား သားနှင့်တူ အားဖြင့် သူငယ်နှစ်ယောက် ရှိကြရာ ထိုဒါယကာသည် အသျှင်အဇ္ဇုကကို "အသျှင်ဘုရား ဤသူငယ် နှစ်ယောက်တို့တွင် သဒ္ဓါတရားရှိ၍ ရတနာသုံးပါးကို ကြည်ညိုသော သူငယ်အား ဤ(ဥစ္စာစု)၏ အခွင့်အရေးကို ပြောကြားတော်မူပါ" ဟု လျှောက်ထား၏၊ ထိုအခါ ထိုဒါယကာ၏ တူသည် သဒ္ဓါ တရားရှိ၍ ရတနာသုံးပါးကို ကြည်ညိုသူ ဖြစ်ရကား အသျှင်အဇ္ဇုကသည် ထို(ဥစ္စာစု)၏ အခွင့်အရေး

* နှမ်းဆန်နှစ်ပါး၌ ပဲမျိုးတပါးပါးစွက်လျက် သုံးခုစပ်၍ ချက်သော ယာဂု (အဋ္ဌကထာ)

http://www.dhammadownload.com



ကို ထိုသူငယ်(တူဖြစ်သူ)အား ပြောကြား၏၊ ထိုသူငယ်သည် ထိုဥစ္စာစုဖြင့် ရောင်းဝယ်ဖောက်ကားမှု (ဥစ္စာစု)ကိုလည်း တည်တံ့စေ၏၊ အလှူအတန်းကိုလည်း ဖြစ်စေ၏၊ ထိုအခါ ထိုဒါယကာ၏သားသည် အသျှင်အာနန္ဒာအား—

"အသျှင်ဘုရား အာနန္ဒာ အဘယ်သူသည် ဖခင်၏ အမွေခံပါနည်း၊ သားလော သို့မဟုတ် တူလော" ဟု (လျှောက်ထား၏)။

ငါ့သျှင် ဒါယကာ သားသည် ဖခင်၏အမွေခံပင်တည်း ဟု (ပြောကြား၏)။

အသျှင်ဘုရား ဤ အသျှင်အဇ္ဇုကသည် တပည့်တော် တို့၏ ဥစ္စာနှစ်ကို တပည့်တော် တို့၏ ယောက်ဖ 'အဖေ့တူ'အား ညွှန်ကြားလေပြီ ဟု (လျှောက်၏)။

ငါ့သျှင် ဒါယကာ အသျှင်အဇ္ဇုကသည် ရဟန်းမဟုတ်တော့ပြီ ဟု (ပြောကြား၏)။

ထိုအခါ အသျှင်အဇ္ဇုကသည် အသျှင်အာနန္ဒာကို "ငါ့သျှင်အာနန္ဒာ ငါ့အား အဆုံးအဖြတ်ပေးပါ" ဟု ပြောဆို၏၊ ထိုအခါ၌ အသျှင်ဥပါလိသည် အသျှင်အဇ္ဇုက၏ဘက်သို့ လိုက်တော်မူ၏၊ အသျှင်ဥပါလိသည် အသျှင်အာနန္ဒာအား—

"ငါ့သျှင်အာနန္ဒာ ဥစ္စာရှင်က ဤ(ဥစ္စာစု)၏ အခွင့်အရေးကို ဤမည်သောသူအား ပြောပါ ဟု မှာထားသဖြင့် ထိုသူငယ်အား ပြောရာ ထိုပြောသော ရဟန်းသည် အဘယ်အပြစ် 'အာပတ်' သင့်သနည်း" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အဘယ်အာပတ်မှ မသင့်ပါ၊ အယုတ် သဖြင့် ဒုက္ကဋ်မျှပင် မသင့်ပါ ဟု (လျှောက်၏)။

ငါ့သျှင်အာနန္ဒာ ဤအသျှင်အဇ္ဇုကသည် ဤ(ဥစ္စာစု)၏ အခွင့်အရေးကို ဤမည်သောသူအား ညွှန်ကြားတော်မူပါ ဟု ဥစ္စာရှင်က မှာထားသဖြင့် ထိုသူငယ်အား ညွှန်ကြား၏၊ ငါ့သျှင် အာနန္ဒာ အသျှင်အဇ္ဇုကအား အာပတ်မသင့် 'အပြစ်မရှိ' ဟု (မိန့်ဆို၏)။ (၁၄၇)

၁၅၉။ တရံရောအခါ ဗာရာဏသီမြို့၌ အသျှင်ပိလိန္ဒဝစ္ဆ၏ အလုပ်အကျွေး အမျိုး 'ဒါယကာ' သည် သူခိုးနှိပ်စက်ခံရ၏၊ ကလေးနှစ်ယောက်ကိုလည်း ခေါ်ဆောင်သွားကုန်၏၊ ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် ထိုကလေးသူငယ်တို့ကို တန်ခိုးဖြင့် ခေါ်ဆောင်ခဲ့၍ ပြာသာဒ်ထက်၌ထား၏၊ လူတို့သည် ထိုကလေးသူငယ်တို့ကို မြင်လျှင် "ဤအရာသည် အသျှင်ပိလိန္ဒဝစ္ဆ၏ တန်ခိုးအစွမ်းပေတကား" ဟု အသျှင်ပိလိန္ဒဝစ္ဆ၌ အလွန်ကြည်ညိုကြကုန်၏၊ ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ပိလိန္ဒဝစ္ဆသည် သူခိုးတို့ ဆောင်ယူသွားသော ကလေးသူငယ်တို့ကို ပြန်ဆောင်ယူ၍ လာဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြပြောဆိုကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။

ရဟန်းတို့ တန်ခိုးရှင်၏ တန်ခိုးအရာ၌ အာပတ်မသင့် ဟု (မိန့်တော်မူ၏)။ (၁၄၈)

၁၆၀။ တရံရောအခါ ပဏ္ဍုကနှင့် ကပိလ ဟူသော ရဟန်းနှစ်ပါးတို့သည် အဘူနေ မိတ်ဆွေဖြစ်ကုန်၏၊ တပါးက တောရွာငယ်၌နေ၍ တပါးက ကောသမ္ဗီမြို့၌ နေ၏။

ထိုအခါ ထိုရဟန်းသည် တောရွာငယ်မှ ကောသမ္ဗီမြို့သို့ သွားရာလမ်းခရီးအကြား၌ မြစ်ကို ဖြတ်ကူးစဉ် ဝက်ထိုးသမား 'ဝက်သတ်သမား'တို့လက်မှ လွတ်ကျသော အဆီခွေသည် ခြေ၌ကပ်ငြိ၏၊ ထိုရဟန်းသည် "ဥစ္စာရှင်တို့အား ပြန်ပေးမည်" ဟု ယူ၏၊ ဥစ္စာရှင်တို့သည် ထိုရဟန်းကို "သင်

http://www.dhammadownload.com



(အသျှင်ဘုရား) သည် ရဟန်းမဟုတ်တော့ပြီ" ဟု စွပ်စွဲကြကုန်၏၊ မြစ်မှ ကူးတက်လာပြီးသော ထိုရဟန်းကို နွားကျောင်းသူမသည် "အသျှင်ဘုရား ကြွလာတော်မူပါ၊ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲတော်မူပါ" ဟု ပြောရာ ထိုရဟန်းသည် "ငါသည် နကိုယ်ကပင် ရဟန်းမဟုတ်တော့ပြီ" ဟု ထိုနွားကျောင်းမ၌ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲပြီးနောက် ကောသမ္ဗီမြို့သို့သွား၍ ရဟန်းတို့အား ဤအကြောင်းအရာကို ပြန်ကြားပြောဆို၏၊ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။

ရဟန်းတို့ (အရှင်သည် ကိုယ်နှုတ်ဖြင့်) မပေးသော ဥစ္စာကို ယူခြင်းကြောင့် ပါရာဇိကအာပတ် မသင့်၊ မေထုန်အကျင့်ကို (ပြုကျင့်) မှီဝဲခြင်းကြောင့် ပါရာဇိက အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၄၉)

၁၆၁။ တရံရောအခါ သာဂလမြို့၌ အသျှင်ဒဠှိက၏အဘူနေ တပည့်ရဟန်းသည် မမွေ့လျော်ခြင်း 'ပျင်းရိခြင်း' နှိပ်စက်ရကား အိမ်ဈေးသည် 'အိမ်ဆိုင်ရှင်' ၏ ခေါင်းပေါင်း 'ဦးရစ်'ကို ခိုး၍ အသျှင်ဒဠှိကအား—

"အသျှင်ဘုရား တပည့်တော် ရဟန်း မဟုတ်တော့ပါ၊ လူထွက်ပါတော့မည်" ဟု လျှောက်၏။

ငါ့သျှင် သင်သည် အဘယ်ကို ပြုမိသနည်း ဟု မေးရာ ထိုရဟန်းက ထိုဖြစ်ရင်းအကြောင်းကို လျှောက်ထားသဖြင့် ဆောင်ယူစေပြီးလျှင် တန်ဘိုးကို ဖြတ်စေသော် ထိုခေါင်းပေါင်းသည် ငါးပဲ မတန်ရကား၊ "ငါ့သျှင် ပါရာဇိက အာပတ်မသင့်" ဟု (ဆုံးဖြတ်ပြီးနောက်) ဓမ္မကထာကို ဟောကြား၏၊ ထိုရဟန်းသည် အလွန်ပျော်မွေ့လေသတည်း။ (၁၅၁)

ဝိနီတဝတ္ထု ဖြတ်ထုံးများ ပြီး၏

**ဒုတိယ ပါရာဇိက ပြီး၏။**

http://www.dhammadownload.com

# ၃-တတိယပါရာဇိက

## ပဌမပညတ်အကြောင်း

၁၆၂။ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းတို့အား များစွာသော အကြောင်းဖြင့် အသုဘ တရားကို ဟောကြားတော်မူ၏၊ အသုဘ ကမ္မဋ္ဌာန်း၏ဂုဏ်ကို ဟောတော်မူ၏၊ အသုဘ ကမ္မဋ္ဌာန်းပွါးများခြင်း၏ ဂုဏ်ကို ဟောတော်မူ၏၊ ရည်ညွှန်း၍ ရည်ညွှန်း၍ အသုဘ သမာပတ်၏ ဂုဏ်ကို ဟောတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ ငါဘုရားသည် လဝက်ပတ်လုံး 'တလထက်ဝက် တဆယ့်ငါးရက်တိုင်တိုင်' တပါးထည်း ကိန်းအောင်းနေလိုသည်၊ ဆွမ်းပို့သောရဟန်းမှတပါး ငါ၏ထံသို့ မည်သူမျှ မချဉ်းကပ်ရ" ဟု ရဟန်းတို့အား မိန့်တော်မူ၏၊ ထိုရဟန်းတို့သည် ကောင်းပါပြီ အရှင်ဘုရား ဟု မြတ်စွာဘုရားအား ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ဆွမ်းပို့သော ရဟန်းမှတပါး မည်သူမျှ မချဉ်းကပ်ကြကုန်။

"မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် အသုဘ တရားကို ဟောကြားတော်မူ၏၊ အသုဘ ကမ္မဋ္ဌာန်း၏ဂုဏ်ကို ဟောတော်မူ၏၊ အသုဘ ကမ္မဋ္ဌာန်းပွါးများခြင်း၏ ဂုဏ်ကို ဟောတော်မူ၏၊ ရည်ညွှန်း၍ ရည်ညွှန်း၍ အသုဘ သမာပတ်၏ဂုဏ်ကို ဟောတော်မူ၏" ဟု ထိုရဟန်းတို့သည် များစွာသော အခြင်းအရာတို့ဖြင့် ပြွမ်းသော အသုဘ ဘာဝနာ၌ အားထုတ်ခြင်းကို အစဉ်ကြိုးစား အားထုတ်လျက် နေကြကုန်၏။

ထိုရဟန်းတို့သည် မိမိတို့ခန္ဓာကိုယ်၌ ငြီးငွေ့ကုန်၏၊ ရှက်နိုးကုန်၏၊ စက်ဆုပ်ကုန်၏၊ ဥပမာသော်ကား ငယ်ရွယ်နုပျိုသော အလှအပ ပြုပြင်လေ့ရှိသော ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော မိန်းမပျိုသည်ငှင်း ယောကျ်ားပျိုသည်ငှင်း မြွေကောင်ပုပ်ကိုသော်ငှင်း ခွေးကောင်ပုပ်ကိုသော်ငှင်း လူကောင်ပုပ်ကိုသော်ငှင်း လည်ပင်း၌ဆွဲလာမူ ငြီးငွေ့ ရှက်နိုး စက်ဆုပ်ရာသကဲ့သို့ ဤအတူပင် ထိုရဟန်းတို့သည် မိမိတို့ ခန္ဓာကိုယ်၌ ငြီးငွေ့ ရှက်နိုး စက်ဆုပ်ကုန်ရကား မိမိတို့ ကိုယ်တိုင်လည်း မိမိတို့ကိုယ်ကို အသက် 'ဇီဝိတိန္ဒြေ' မှ ချကုန်၏၊ အချင်းချင်းလည်း အသက် 'ဇီဝိတိန္ဒြေ' မှ ချကုန်၏၊ မိဂလဏ္ဍိက ရဟန်းယောင်သို့လည်း ချဉ်းကပ်၍ "ငါ့သျှင် တောင်းပန်ပါသည်၊ ငါတို့ကို အသက် 'ဇီဝိတိန္ဒြေ' မှ ချပါလော့၊ ဤသပိတ်သင်္ကန်းသည် သင်၏သပိတ်သင်္ကန်း ဖြစ်ပါလိမ့်မည်" ဟု ပြောဆိုကုန်၏၊ ထိုအခါ မိဂလဏ္ဍိက ရဟန်းယောင်သည် သပိတ် သင်္ကန်းတို့ကို သတ်ခ အဖြစ်ဖြင့် ရသည်ဖြစ်၍ များစွာသော ရဟန်းတို့ကို အသက် 'ဇီဝိတိန္ဒြေ' မှ ချ၍ သွေးအလိမ်းလိမ်း ကပ်လျက်ရှိသော သန်လျက်ကို ယူဆောင်ကာ ဝဂ္ဂုမုဒါမြစ်သို့ ချဉ်းကပ်လေ၏။

၁၆၃။ ထို့နောက် သွေးအလိမ်းလိမ်းကပ်သော ထိုသန်လျက်ကို ဆေးကြောသုတ်သင်နေသော မိဂလဏ္ဍိက ရဟန်းယောင်အား—

"ငါ့အား (အကျိုးစီးပွါးကို) မရလေစွတကား၊ (အကျိုးစီးပွါးကို) အရ မတော်လေစွတကား၊ ငါသည်(လူ့ အဖြစ်ကို)မကောင်းသဖြင့် ရအပ်လေစွတကား၊ (လူ့အဖြစ်ကို) ကောင်းသော ရခြင်း

http://www.dhammadownload.com



မဟုတ်လေစွတကား၊ ငါသည် များစွာသော မကောင်းမှုကို ဆည်းပူးမိလေပြီတကား၊ အကြင်ငါသည် အကျင့်သီလ ကောင်းမွန်သော တရားဓမ္မရှိကုန်သော ရဟန်းတို့ကို အသက် 'ဇီဝိတိန္ဒြေ' မှ ချမိပေပြီ" ဟု နောင်တ တဖန်ပူပန်ခြင်း နှလုံးမသာခြင်း ဖြစ်ပေါ်သည်သာလျှင်တည်း။

ထိုအခါ မာရ်နတ်၏ ဂိုဏ်းဝင် နတ်သားတယောက်သည် မကွဲအက်သော ရေပြင်ပေါ်၌ လျှောက်လာ၍ မိဂလဏ္ဍိက ရဟန်းယောင်ကို "အို သူတော်ကောင်း ကောင်းပေစွ၊ ကောင်းပေစွ၊ အို သူတော်ကောင်း သင့်အား (အကျိုးစီးပွါးကို) အရတော်လေစွ၊ အို သူတော်ကောင်း သင်သည် (လူ့အဖြစ်ကို) ကောင်းစွာရလေစွ၊ အို သူတော်ကောင်း သင်သည် များစွာသော ကောင်းမှုကို ဆည်းပူး မိလေပြီ၊ အကြင်သင်သည် (သံသရာမှ) မကူးမြောက်နိုင်ကြသေးသော ရဟန်းတို့ကို ကူးမြောက်စေရလေပြီ" ဟု ပြောဆိုလေ၏။

ထိုအခါ မိဂလဏ္ဍိက ရဟန်းယောင်သည် "ငါ့အား (အကျိုးစီးပွါးကို) အရတော်သတတ်၊ ငါသည်(လူ့အဖြစ်ကို)ကောင်းစွာ ရအပ်သတတ်၊ငါသည် များစွာသောကောင်းမှုကို ဆည်းပူးမိသတတ် ငါသည် (သံသရာမှ)မကူးမြောက်နိုင်ကြသေးသော ရဟန်းတို့ကို ကူးမြောက် စေရသတတ်" ဟု ထက်လှစွာသော သန်လျက်ကို ယူ၍ တကျောင်းမှ တကျောင်းသို့ ပရိဝုဏ်တခုမှ ပရိဝုဏ်တခုသို့ ချဉ်းကပ်၍ "မည်သူသည် သံသရာမှ မကူးမြောက်သေးသနည်း၊ မည်သူကို ကူးမြောက်စေရမည်နည်း" ဟု မေးမြန်းလေ၏။

ထိုရဟန်းတို့တွင် တဏှာ ရာဂ မကင်းကြသေးသော ရဟန်းတို့အား ထိုသို့ မေးသော အခါ၌ ကြောက်လန့်ခြင်း ကိုယ်ခက်တရော်ဖြစ်ခြင်း ကြက်သီးမွေးညင်းထခြင်းတို့သည် ဖြစ်ကြကုန်၏၊ တဏှာ ရာဂ ကင်းပြီးသော ရဟန်းတို့အားကား ထိုသို့ မေးသော အခါ၌ ကြောက်လန့်ခြင်း ကိုယ်ခက်တရော် ဖြစ်ခြင်း ကြက်သီးမွေးညင်းထခြင်းတို့သည် မဖြစ်ကြကုန်။

ထိုအခါ မိဂလဏ္ဍိက ရဟန်းယောင်သည် ရဟန်းတပါးကိုလည်း တနေ့တည်းဖြင့် အသက် 'ဇီဝိတိန္ဒြေ' မှ ချ၏၊ ရဟန်းနှစ်ပါးတို့ကိုလည်း တနေ့တည်းဖြင့် အသက် 'ဇီဝိတိန္ဒြေ' မှ ချ၏၊ ရဟန်း သုံးပါးတို့ကိုလည်း တနေ့တည်းဖြင့် အသက် 'ဇီဝိတိန္ဒြေ' မှ ချ၏၊ ရဟန်းလေးပါးတို့ကိုလည်း တနေ့တည်းဖြင့် အသက် 'ဇီဝိတိန္ဒြေ' မှ ချ၏၊ ရဟန်း ငါးပါးတို့ကိုလည်း တနေ့တည်းဖြင့် အသက် 'ဇီဝိတိန္ဒြေ' မှ ချ၏၊ ရဟန်း ဆယ်ပါးတို့ကိုလည်း တနေ့တည်းဖြင့် အသက် 'ဇီဝိတိန္ဒြေ' မှ ချ၏၊ ရဟန်း နှစ်ဆယ်တို့ကိုလည်း တနေ့တည်းဖြင့် အသက် 'ဇီဝိတိန္ဒြေ' မှ ချ၏၊ ရဟန်း သုံးဆယ်တို့ကိုလည်း တနေ့တည်းဖြင့် အသက် 'ဇီဝိတိန္ဒြေ' မှ ချ၏၊ ရဟန်းလေးဆယ်တို့ကိုလည်းတနေ့တည်းဖြင့် အသက် 'ဇီဝိတိန္ဒြေ' မှ ချ၏၊ ရဟန်း ငါးဆယ်တို့ကိုလည်း တနေ့တည်းဖြင့် အသက် 'ဇီဝိတိန္ဒြေ' မှ ချ၏၊ ရဟန်း ခြောက်ဆယ်တို့ကိုလည်း တနေ့တည်းဖြင့် အသက်'ဇီဝိတိန္ဒြေ'မှ ချ၏။

၁၆၄။ ထို့နောက် မြတ်စွာဘုရားသည် ထိုလဝက်ကို လွန်မြောက်၍ (တပါးတည်း)ကိန်းအောင်းနေရာမှ ထတော်မူလတ်သော် အသျှင် အာနန္ဒာကို "အာနန္ဒာ အဘယ်သို့နည်း၊ ရဟန်းအပေါင်းသည် နည်းပါးလေယောင်တကား" ဟု (မိန့်တော်မူ၏)။

ဖြစ်သမျှ အလုံးစုံကို အကုန် ပြန်ဆို လျှောက်ထားပါမည်၊ အသျှင်ဘုရား မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် ရဟန်းတို့အား အသုဘ တရားစကားကို ဟောကြားတော်မူပါသည်၊ အသုဘ ကမ္မဋ္ဌာန်း၏ဂုဏ်ကို ဟောတော်မူပါသည်၊ အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းပွါးများခြင်း၏ ဂုဏ်ကို ဟောတော်မူပါသည်၊ ရည်ညွှန်း၍ ရည်ညွှန်း၍ အသုဘ သမာပတ်၏ဂုဏ်ကို ဟောတော်မူပါသည်။

http://www.dhammadownload.com



အသျှင်ဘုရား၊ ထိုရဟန်းတို့သည် “မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် အသုဘ တရားစကားကို ဟောတော်မူ၏၊ အသုဘ ကမ္မဋ္ဌာန်း၏ ဂုဏ်ကို ဟောတော်မူ၏၊ အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းပွါးများခြင်း၏ဂုဏ်ကို ဟောတော်မူ၏၊ ရည်ညွှန်း၍ ရည်ညွှန်း၍ အသုဘ သမာပတ်၏ဂုဏ်ကို ဟောတော်မူ၏” ဟု များစွာသော အခြင်းအရာတို့ဖြင့်ပြွမ်းသော အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းပွါးများ ခြင်း၌ အစဉ် ကြိုးစား အားထုတ်လျက် နေကြပါကုန်သည်၊ ထိုရဟန်းတို့သည် မိမိတို့ ခန္ဓာကိုယ်၌ငြီးငွေ့ ရှက်နိုး စက်ဆုပ်ကြပါကုန်သည်၊ ဥပမာသော်ကား ငယ်ရွယ်နုပျိုသော အလှအပ ပြုပြင်လေ့ရှိသော ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော မိန်းမပျိုသည်ဖြစ်စေ ယောကျ်ားပျိုသည်ဖြစ်စေ မြွေကောင်ပုပ်ကိုသော် ဖြစ်စေ ခွေးကောင်ပုပ်ကိုသော်ဖြစ်စေ လူကောင်ပုပ်ကိုသော်ဖြစ်စေ လည်ပင်း၌ ဆွဲလာမူ ငြီးငွေ့ ရှက်နိုးစက်ဆုပ် ရာသကဲ့သို့ ထို့အတူပင် ထိုရဟန်းတို့သည် မိမိတို့ ခန္ဓာကိုယ်၌ ငြီးငွေ့ ရှက်နိုး စက်ဆုပ်ကုန်ရကား မိမိတို့ ကိုယ်တိုင်လည်း မိမိတို့ကိုယ်ကို အသက် ‘ဇီဝိတိန္ဒြေ’မှ ချကြပါသည်၊ အချင်းချင်းလည်း အသက် ‘ဇီဝိ တိန္ဒြေ’မှ ချကြပါသည်၊ မိဂလဏ္ဍိက ရဟန်းယောင်သို့လည်း ချဉ်းကပ်၍ “ငါ့သျှင် တောင်းပန်ပါသည်၊ ငါတို့ကို အသက် ‘ဇီဝိတိန္ဒြေ’မှ ချပါလော့၊ ဤသပိတ် သင်္ကန်းသည် သင်၏ သပိတ် သင်္ကန်း ဖြစ်ပါလိမ့် မည်” ဟု ပြောဆိုကြပါသည်။

အသျှင်ဘုရား ထိုအခါ မိဂလဏ္ဍိက ရဟန်းယောင်သည် သပိတ် သင်္ကန်း တို့ကို သတ်ခ အဖြစ်ဖြင့် ရသည် ဖြစ်၍ ရဟန်းတပါးကိုလည်း တရက်သည်းဖြင့် သတ်ပါသည်။ပ။ ရဟန်း ခြောက်ဆယ်တို့ကို လည်း တရက်တည်းဖြင့် သတ်ပါသည်။

အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အသုဘမှတပါး အကြင် အခြင်းအရာဖြင့် ရဟန်းအပေါင်းသည် အရဟတ္တဖိုလ်၌ တည်ရာပါသည်၊ ထို အခြင်းအရာအားဖြင့် အခြား အကြောင်း အရာ ‘ကမ္မဋ္ဌာန်း’ကို ဟောတော်မူပါ ဟု လျှောက်၏၊ “အာနန္ဒာ သို့ဖြစ်လျှင် ဝေသာလီမြို့ကို အမှီ ပြု၍ နေကြသော ရဟန်းရှိသမျှ အားလုံးကို စည်းဝေးရာ စရပ်၌ အညီအညွတ် စုဝေးစေလော့” ဟု မိန့်တော်မူရာ အသျှင်အာနန္ဒာသည် ကောင်းပါပြီ အသျှင်ဘုရား ဟု မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ဝေသာလီမြို့ကို အမှီပြု၍ နေကြသော ရဟန်းအားလုံးကို စည်းဝေးရာ စရပ်၌ အညီအညွတ် စုဝေး စေပြီးလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရားအား—

“အသျှင်ဘုရား ရဟန်းအပေါင်းသည် အညီအညွတ် စုဝေးနေကြပါပြီ၊ အသျှင်ဘုရား ယခု အခါ၌ ကြွရန် အချိန်ကို အသျှင်ဘုရား သိတော်မူပါ၏၊ ကြွရန်မှာ မြတ်စွာဘုရား၏ အလိုအတိုင်းပင် ဖြစ်ပါသည်” ဟု လျှောက်ထား၏။

၁၆၅။ ထိုအခါ မြတ်စွာဘုရားသည် စည်းဝေးရာ စရပ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင် နေတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

“ရဟန်းတို့ ဤအာနာပါနဿတိ သမာဓိသည် ပွါးများ လေ့လာအပ်သည်ရှိသော် ငြိမ်လည်း ငြိမ်သက်၏၊ မွန်လည်း မွန်မြတ်၏၊ သွန်းလောင်းစရာလည်းမလို၊ ချမ်းသာသော နေရာလည်း ဖြစ်၏၊ ဖြစ်တိုင်း ဖြစ်တိုင်း ကုန်သော အကုသိုလ် အယုတ်တရားတို့ကို တခဏခြင်း ကွယ်ပျောက် ငြိမ်းအေးစေ နိုင်၏။

ရဟန်းတို့ ဥပမာသော်ကား နွေလတို့၏ နောက်ဆုံးလ၌ အထက်သို့ လွင့်တက်သော မြူမှုန့်ကို အခါမဲ့ (သည်းထန်စွာ ရွာသွန်းသော) မိုးကြီးသည် တခဏခြင်း ကွယ်ပျောက် ငြိမ်းအေးစေနိုင်သကဲ့ သို့ ဤအတူပင် ရဟန်းတို့ အာနာပါနဿတိ သမာဓိသည် ပွါးများ လေ့လာအပ်သည်ရှိသော် ငြိမ်လည်း

http://www.dhammadownload.com



ငြိမ်သက်၏၊ မွန်လည်း မွန်မြတ်၏၊ သွန်းလောင်းစရာလည်းမလို၊ ချမ်းသာသော နေရာလည်း ဖြစ်၏၊ ဖြစ်တိုင်း ဖြစ်တိုင်း ကုန်သော အကုသိုလ် အယုတ်တရားတို့ကို တခဏခြင်း ကွယ်ပျောက် ငြိမ်းအေး စေနိုင်၏။

ရဟန်းတို့ အာနာပါနဿတိ သမာဓိသည် အဘယ်သို့ ပွါးများ လေ့လာအပ်သည် ရှိသော် ငြိမ်လည်း ငြိမ်သက် မွန်လည်း မွန်မြတ် သွန်းလောင်းစရာလည်း မလို ချမ်းသာသော နေရာလည်းဖြစ်၍ ဖြစ်တိုင်း ဖြစ်တိုင်း ကုန်သော အကုသိုလ် အယုတ်တရားတို့ကို တခဏခြင်း ကွယ်ပျောက် ငြိမ်းအေးစေ နိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ဖြစ်စေ သစ်ပင်ရင်းသို့ဖြစ်စေ ဆိတ်ငြိမ်ရာသို့ဖြစ်စေ ကပ်ရောက်၍ကိုယ်ကိုဖြောင့်မတ်စွာထားပြီးလျှင် (ကမ္မဋ္ဌာန်းသို့) ရှေးရှုသတိကို ဖြစ်စေလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၏၊ ထိုရဟန်းသည် သတိရှိ၍သာလျှင် ထွက်လေကို ထုတ်၏၊ သတိရှိ၍ သာလျှင် ဝင်လေကိုရှူ၏ ရှည်စွာ (ထွက်လေကို) ထုတ်မူ ရှည်စွာ(ထွက်လေကို)ထုတ်၏ ဟု သိ၏၊ ရှည်စွာ(ဝင်လေကို)ရှူမူ ရှည်စွာ (ဝင်လေကို)ရှူ၏ ဟု သိ၏၊ တိုစွာ(ထွက်လေကို)ထုတ်မူ တိုစွာ (ထွက်လေကို)ထုတ်၏ ဟု သိ၏၊ တိုစွာ(ဝင်လေကို)ရှူမူ တိုစွာ(ဝင်လေကို)ရှူ၏ ဟု သိ၏။

ထွက်လေ အလုံးစုံကို ထင်စေလျက် (ထွက်လေကို)ထုတ်အံ့ ဟု အားထုတ်၍ ကျင့်၏၊ ဝင်လေ အလုံးစုံကို ထင်စေလျက်(ဝင်လေကို)ရှူအံ့ ဟု အားထုတ်၍ ကျင့်၏၊ (ထွက်လေ ဟု ဆိုအပ်သော) ကာယ သင်္ခါရကို ငြိမ်းချုပ်စေလျက် (ထွက်လေကို)ထုတ်အံ့ ဟု အားထုတ်၍ ကျင့်၏၊ (ဝင်လေ ဟု ဆိုအပ်သော) ကာယသင်္ခါရကို ငြိမ်းချုပ်စေလျက် (ဝင်လေကို) ရှူအံ့ ဟု အားထုတ်၍ ကျင့်၏။

နှစ်သိမ့်ခြင်း 'ပီတိ'ကို ထင်စေလျက် (ထွက်လေကို) ထုတ်အံ့ ဟု အားထုတ်၍ ကျင့်၏၊ နှစ်သိမ့်ခြင်း 'ပီတိ'ကို ထင်စေလျက် (ဝင်လေကို)ရှူအံ့ ဟု အားထုတ်၍ ကျင့်၏။

ချမ်းသာခြင်း 'သုခ'ကို ထင်စေလျက် (ထွက်လေကို) ထုတ်အံ့ ဟု အားထုတ်၍ ကျင့်၏၊ ချမ်းသာခြင်း 'သုခ'ကို ထင်စေလျက် (ဝင်လေကို) ရှူအံ့ ဟု အားထုတ်၍ ကျင့်၏။

စိတ္တသင်္ခါရကို ထင်စေလျက် (ထွက်လေကို)ထုတ်အံ့ ဟု အားထုတ်၍ ကျင့်၏၊ စိတ္တသင်္ခါရ ကို ထင်စေလျက် (ဝင်လေကို)ရှူအံ့ ဟု အားထုတ်၍ ကျင့်၏။

စိတ္တသင်္ခါရကို ငြိမ်းချုပ်စေလျက် (ထွက်လေကို)ထုတ်အံ့ ဟု အားထုတ်၍ ကျင့်၏၊ စိတ္တသင်္ခါရ ကို ငြိမ်းချုပ်စေလျက် (ဝင်လေကို)ရှူအံ့ ဟု အားထုတ်၍ ကျင့်၏။

စိတ်ကို ထင်စေလျက် (ထွက်လေကို) ထုတ်အံ့ ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို ထင်စေလျက် (ဝင်လေကို) ရှူအံ့ ဟု အားထုတ်၍ ကျင့်၏။

စိတ်ကို လွန်စွာ ဝမ်းမြောက်စေလျက် (ထွက်လေကို)ထုတ်အံ့ ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို လွန်စွာ ဝမ်းမြောက်စေလျက် (ဝင်လေကို)ရှူအံ့ ဟု အားထုတ်၍ ကျင့်၏။

စိတ်ကို ကောင်းစွာ ထားလျက်။ပ။ စိတ်ကို လွတ်စေလျက်။ပ။ အနိစ္စ ဟု အဖန်တလဲလဲ ရှုလျက်။ပ။ ရာဂကင်းခြင်းကို အဖန်တလဲလဲ ရှုလျက်။ပ။ ငြိမ်းချုပ်ခြင်းကို အဖန်တလဲလဲ ရှုလျက်။ပ။ စွန့်လွှတ်ခြင်းကို အဖန်တလဲလဲ ရှုလျက်(ထွက်လေကို)ထုတ်အံ့ ဟု အားထုတ်၍ ကျင့်၏၊ စွန့်လွှတ်ခြင်းကို အဖန်တလဲလဲ ရှုလျက် (ဝင်လေကို) ရှူအံ့ ဟု အားထုတ်၍ ကျင့်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ ပွါးများ လေ့လာ အပ်သော အာနာပါနဿတိသမာဓိသည် ငြိမ်လည်း ငြိမ်သက်၏၊ မွန်လည်း မွန်မြတ်၏၊ သွန်းလောင်းစရာလည်း မလို၊ ချမ်းသာသော နေရာလည်း ဖြစ်၏၊ ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော အကုသိုလ် အယုတ်တရားတို့ကို တခဏခြင်း ကွယ်ပျောက် ငြိမ်းအေးစေနိုင်၏" ဟု ဟောတော်မူ၏။

၁၆၆။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ ရဟန်းတို့သည် မိမိတို့ ကိုယ်တိုင်လည်း မိမိတို့ ကိုယ်ကို အသက် 'ဇီဝိတိန္ဒြေ' မှ ချကုန်၏၊ အချင်းချင်းလည်း အသက် 'ဇီဝိတိန္ဒြေ' မှ ချကုန်၏၊ မိဂလဏ္ဍိက ရဟန်းယောင်ကိုလည်း ငါ့သျှင် တောင်းပန်ပါသည်၊ ငါတို့ကို အသက် 'ဇီဝိတိန္ဒြေ' မှ ချပါလော့၊ ဤသပိတ်သင်္ကန်းသည် သင်၏ သပိတ်သင်္ကန်း ဖြစ်ပါလိမ့်မည်" ဟု ချဉ်းကပ်၍ ပြောကြသည် ဟု ကြားသိရသည်မှာ မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ ရဟန်းတို့ ထိုရဟန်းတို့အား မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ်၊ မအပ် မပြုသင့်၊ ရဟန်းတို့ အဘယ့်ကြောင့် ထိုရဟန်းတို့သည် မိမိတို့ ကိုယ်တိုင်လည်း မိမိတို့ကိုယ်ကို အသက်'ဇီဝိတိန္ဒြေ'မှ ချကြကုန်ဘိသနည်း၊ အချင်းချင်းလည်း အသက် 'ဇီဝိတိန္ဒြေ' မှ ချကြကုန်ဘိသနည်း၊ မိဂလဏ္ဍိက ရဟန်းယောင်ကိုလည်း 'ငါ့သျှင် တောင်းပန်ပါသည်၊ ငါတို့အား အသက် 'ဇီဝိတိန္ဒြေ' မှ ချပါလော့၊ ဤသပိတ် သင်္ကန်းသည် သင်၏ သပိတ် သင်္ကန်း ဖြစ်ပါလိမ့်မည်' ဟု ချဉ်းကပ်၍ ပြောကြကုန်ဘိသနည်း။

ရဟန်းတို့ ဤအမူသည် မကြည်ညို သေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ငင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) ၁၆၇။ **"အကြင်ရဟန်းသည်(သတ်လိုသော စိတ်စေတနာဖြင့်) စေ့ဆော်၍ လူဇာတ်ဖြစ်သောသူ၏ကိုယ်ကို အသက် 'ဇီဝိတိန္ဒြေ' မှ ချငြားအံ့၊ ထိုသူ၏အသက် 'ဇီဝိတိန္ဒြေ' ကို ဆောင်တတ်သော ဓားလက်နက်ကိုမူလည်း ရှာ၍ (အနီး၌) ထားငြားအံ့၊ ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၆၈။ ထိုအခါ ဥပါသကာ တယောက်သည် မကျန်းမမာ ဖြစ်နေ၏၊ ထိုဥပါသကာ၏မယားသည် အလွန် အဆင်းလှ၏၊ ကြည့်ရှုဖွယ် ကောင်း၏၊ စိတ်ကို ကြည်လင် စေနိုင်၏၊ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ထိုမိန်းမ၌ တပ်စွဲသော စိတ်ရှိကုန်၏၊ ထိုအခါ ထိုဆဗ္ဗဂ္ဂီရဟန်းတို့အား "ငါ့သျှင်တို့ အကယ်၍ ထို ဥပါသကာ အသက်ရှင်နေပါမူ ငါတို့သည် ထိုမိန်းမကို ရနိုင်ကြမည် မဟုတ်ချေ၊ ငါ့သျှင်တို့ ယခု ငါတို့သည် ထိုဥပါသကာအား သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုကြကုန်အံ့" ဟု အကြံ ဖြစ်ကြပြီးလျှင် ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ထို ဥပါသကာထံသို့ ချဉ်းကပ်၍ ထိုဥပါသကာအား—

"ဥပါသကာ သင်သည် ပြုအပ်ပြီးသော ကောင်းမှုရှိသူ ဖြစ်၏၊ ပြုအပ်ပြီးသော ကုသိုလ်ရှိသူ ဖြစ်၏၊ ကြောက်စရာကို တားမြစ်ပြီးသူ ဖြစ်၏၊ သင့်မှာ ပြုအပ်ပြီးသော ယုတ်မာမှု မရှိ၊ ပြုအပ်ပြီး

http://www.dhammadownload.com



သော ကြမ်းကြုတ်မှု မရှိ၊ ပြုအပ်ပြီးသော ခက်ထန် ရက်စက်မှု မရှိ၊ သင်သည် ကောင်းမှုကို ပြုအပ်ပြီ၊ သင်သည် မကောင်းမှုကို ရှောင်ကြဉ်အပ်ပြီ၊ သင့်အား ဤယုတ်ညံ့ ဆိုးရွားစွာ အသက်ရှင်နေရခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ သင့်အား အသက်ရှင်နေရခြင်းထက် သေရခြင်းက မြတ်သေး၏၊ သင်သည် ဤဘဝမှ ကွယ်လွန်ပြီး ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရပေလိမ့်မည်၊ ထိုနတ်ပြည်၌ နတ်တို့၏ ကာမဂုဏ်ငါးပါးတို့ဖြင့် ရောင့်ရဲပြည့်စုံသည်ဖြစ်၍ ခံစံပျော်ပါးရပေလိမ့်မည်" ဟု ပြောဆိုကြကုန်၏။

၁၆၉။ ယင်းအခါ ထိုဥပါသကာသည် "အသျှင်မြတ်တို့သည် မှန်သောစကားကို ပြောကြပေကုန်၏၊ မှန်ပေသည်၊ ငါသည် ပြုအပ်ပြီးသော ကောင်းမှု ရှိသူ ဖြစ်၏၊ ပြုအပ်ပြီးသော ကုသိုလ်ရှိသူ ဖြစ်၏၊ ကြောက်စရာကို တားမြစ်ပြီးသူ ဖြစ်၏၊ ငါ့မှာ ပြုအပ်ပြီးသော ယုတ်မာမှု မရှိ၊ ပြုအပ်ပြီးသော ကြမ်းကြုတ်မှု မရှိ၊ ပြုအပ်ပြီးသော ခက်ထန်ရက်စက်မှု မရှိ၊ ငါသည် ကောင်းမှုကိုပြုအပ်ပြီ၊ ငါသည်မကောင်းမှုကို ရှောင်ကြဉ် အပ်ပြီ၊ ငါ့အား ယုတ်ညံ့ ဆိုးရွားစွာ အသက်ရှင်နေရခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ ငါ့အား အသက်ရှင်နေရခြင်းထက် သေရခြင်းက မြတ်သေး၏၊ ငါသည် ဤဘဝမှ ကွယ်လွန်ပြီး ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ရပေလိမ့်မည်၊ ထိုနတ်ပြည်၌ နတ်တို့၏ ကာမဂုဏ်ငါးပါးတို့ဖြင့် ရောင့်ရဲ ပြည့်စုံသည် ဖြစ်၍ ခံစံပျော်ပါးရပေလိမ့်မည်" ဟု ထိုဥပါသကာသည် မသင့်တော်သော အစားအစာတို့ကိုလည်း စား၏၊ မသင့်တော်သော မုံ့ ခဲဖွယ်တို့ကိုလည်း ခဲ၏၊ မသင့်တော်သော လျက်ဖွယ်တို့ကိုလည်း လျက်၏၊ မသင့်တော်သော သောက်ဖွယ်တို့ကိုလည်း သောက်၏။ မသင့်တော်သော အစားအစာတို့ကိုလည်းစား မသင့်တော်သော မုံ့ ခဲဖွယ်တို့ကိုလည်း ခဲ မသင့်တော်သော လျက်ဖွယ်တို့ကိုလည်း လျက် မသင့်တော်သော သောက်ဖွယ်တို့ကိုလည်း သောက်သဖြင့် ထိုဥပါသကာအား ကြမ်းတမ်းသော အနာ ရောဂါ ဖြစ်လေရာ ထိုဥပါသကာသည် ထိုအနာရောဂါဖြင့် သာလျှင် ကွယ်လွန်လေ၏။

ထိုဥပါသကာ၏ဇနီးသည် "ဤသာကီဝင်မင်းသား ရဟန်းများသည် အရှက် မရှိကုန်၊ သီလမရှိကုန်၊ မမှန်သည်ကို ဆိုလေ့ရှိကုန်၏၊ သို့စင်လျက် ဤရဟန်းတို့သည် တရားကိုကျင့်လေ့ရှိကုန်၏ ညီညွတ်မျှတသော အကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မြတ်သည်ကို ကျင့်လေ့ရှိကုန်၏ အမှန်ကို ဆိုလေ့ ရှိကုန်၏ သီလရှိကုန်၏ ကောင်းသော သဘောရှိကုန်၏ ဟု ဝန်ခံကြတုံဘိ၏၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော် သူမြတ် အဖြစ်သည် မရှိတော့ပြီ၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော် သူမြတ်အဖြစ်သည် ပျောက်ပျက်ခဲ့လေပြီ၊ ဤရဟန်းတို့အား အဘယ်မှာ ရဟန်း အဖြစ် သူတော် သူမြတ်အဖြစ်သည် ရှိမည်နည်း၊ ဤရဟန်းတို့သည် ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်မှ ကင်းကွာကုန်ပြီ၊ ဤရဟန်းတို့သည် ငါ့လင်အား သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုကြကုန်၏၊ ဤရဟန်းတို့သည် ငါ့လင်ကို သတ်ဖြတ် ကြလေပြီ" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

အခြားသော လူတို့သည်လည်း "ဤသာကီဝင်မင်းသား ရဟန်းများသည် အရှက်မရှိကုန်၊သီလ မရှိကုန်၊ မမှန်သည်ကို ဆိုလေ့ ရှိကုန်၏၊ သို့စင်လျက် ဤရဟန်းတို့သည် တရားကိုကျင့်လေ့ရှိကုန်၏၊ ညီညွတ်မျှတသော အကျင့်ကို ကျင့်လေ့ရှိကုန်၏ အမြတ်ကို ကျင့်လေ့ရှိကုန်၏ အမှန်ကို ဆိုလေ့ရှိကုန်၏ သီလရှိကုန်၏ ကောင်းသော သဘော ရှိကုန်၏ ဟု ဝန်ခံကြတုံဘိ၏၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် မရှိတော့ပြီ၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် ပျောက်ပျက်ခဲ့လေပြီ၊ ဤရဟန်းတို့အား အဘယ်မှာ ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် ရှိမည်နည်း၊ ဤရဟန်းတို့သည် ရဟန်းအဖြစ် သူတော် သူမြတ်အဖြစ်မှ ကင်းကွာကုန်ပြီ၊ ဤရဟန်း

http://www.dhammadownload.com



တို့သည် ဥပါသကာအား သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုကြကုန်၏၊ ဤရဟန်းတို့သည် ဥပါသကာကို သတ်ဖြတ်ကြလေပြီ" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုကြသော ထိုသူတို့၏ စကားကို ကြားကုန်၏။

အလိုနည်းကုန်သော ရဟန်းတို့သည် "အဘယ်ကြောင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဥပါသကာအား သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

၁၇၀။ ထို့နောက် ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ပ။

ရဟန်းတို့ သင်တို့သည် ဥပါသကာအား သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုကုန်၏ ဟူသည် မှန်သလော ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

"(မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့ (ဤအပြုအမူသည်) ရဟန်း တို့အား မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့၏ အပြုအမူ မဟုတ်၊ မအပ် မပြုသင့်။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့၊သင်တို့သည် အဘယ့်ကြောင့် ဥပါသကာအား သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုကြကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော) အမှုသည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်း ငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၃။ (ခ) ၁၇၁။ "အကြင် ရဟန်းသည် (သတ်လိုသော စိတ်စေတနာဖြင့်) စေ့ဆော်၍ လူဇာတ်ဖြစ်သော သူ၏ကိုယ်ကို အသက် 'ဇီဝိတိန္ဒြေ' မှ ချငြားအံ့၊ ထိုသူ၏ အသက် 'ဇီဝိတိန္ဒြေ' ကို ဆောင်တတ်သော ဓားလက်နက်ကိုမူလည်း ရှာ၍ (အနီး၌) ထားငြားအံ့၊ သေခြင်း၏ ဂုဏ်ကျေးဇူးကိုသော်လည်း ချီးကျူး ပြောဆိုငြားအံ့၊ သေစိမ့်သောငှါသော်လည်း ဆောက်တည်စေငြားအံ့၊ 'အိုယောကျ်ား သင့်အား ယုတ်ညံ့ ဆိုးရွားစွာ အသက်ရှင်နေရခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင်အား အသက်ရှင်နေရခြင်းထက် သေရခြင်းက မြတ်သေး၏' ဟု ဤသို့ (သေစေလိုသော) စိတ်နှလုံးရှိသည်ဖြစ်၍ ဤသို့ (သေစေလိုသော) စိတ်အကြံရှိသည် ဖြစ်၍ များစွာသော အကြောင်းဖြင့် သေခြင်း၏ ဂုဏ်ကျေးဇူးကိုသော်လည်း ချီးကျူး ပြောဆိုငြားအံ့၊ သေစိမ့်သောငှါသော်လည်း ဆောက်တည်စေငြားအံ့၊ ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၃-တတိယပါရာဇိက သိက္ခာပုဒ်အဖွင့်

၁၇၂။ အကြင် ဟူသည် အကြင်သို့သော။ပ။

ရဟန်းဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်း အဖြစ်သို့ ရောက်သူကို ရဟန်းဟူ၍ အလိုရှိအပ်၏။

http://www.dhammadownload.com



**(သတ်လိုသော စိတ်စေတနာဖြင့်) စေ့ဆော်၍** ဟူသည် သိလျက် အသေအချာ သိလျက် စေ့ဆော်လျက် 'အားထုတ်လျက်' နှိမ်နင်း၍ လွန်ကျူးခြင်းတည်း။

**လူဇာတ်ဖြစ်သော သူ၏ကိုယ်** ဟူသည် အမိဝမ်းတွင်း၌ ရှေးဦးစွာ (ပဋိသန္ဓေ) စိတ် ဝိညာဉ် ဖြစ်ပေါ်သည်မှ စ၍ သေသည့် ကာလတိုင်အောင်သော အတွင်း၌ (ဖြစ်သော) ဤသတ္တဝါသည် လူဇာတ်ဖြစ်သော သူ၏ ကိုယ်မည်၏။

**အသက် 'ဇီဝိတိန္ဒြေ'မှ ချဖြေားအံ့** ဟူသည် အသက် 'ဇီဝိတိန္ဒြေ' ကိုဖြတ်၏၊ ချုပ်စေ၏၊ ခန္ဓာအစဉ်ကိုပျက်စေ၏။

**ထိုသူ၏အသက် 'ဇီဝိတိန္ဒြေ' ကို ဆောင်တတ်သော ဓားလက်နက်ကိုမူလည်း ရှာ၍ (အနီး၌) ထားဖြေားအံ့** ဟူသည် သန်လျက်ကိုသော်၎င်း လှံကိုသော်၎င်း ခက်ရင်းကိုသော်၎င်း ဆောက်ပုတ်ကိုသော်၎င်း ကျောက်ခဲကိုသော်၎င်း (ကြွင်းသော) လက်နက်ကိုသော်၎င်း အဆိပ်ကိုသော်၎င်း ကြိုးကိုသော်၎င်း (ရှာ၍အနီး၌ ထားဖြေားအံ့)။

**သေခြင်း၏ ဂုဏ်ကျေးဇူးကို သော်လည်း ချီးကျူး ပြောဆိုဖြေားအံ့** ဟူသည် အသက်ရှင်နေခြင်း၌ အပြစ်ကိုပြ၏၊ သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆို၏။

**သေစိမ့်သော ငှါသော်လည်း ဆောက်တည်စေဖြေားအံ့** ဟူသည် လက်နက်ကိုသော်လည်း ဆောင်ယူပါ၊ အဆိပ်ကိုသော်လည်း စားပါ၊ ကြိုးဆွဲချ၍သော်လည်း သေပါ၊ ဤသို့ (ခိုင်းခြင်းတည်း)။

**အို ယောကျ်ား** ဟူသည် ရှေးရှု ခေါ်ဝေါ်အပ်သော ယောကျ်ား၏ အမည် ဖြစ်သည်။

**သင့်အား ယုတ်ညံ့ဆိုးရွားစွာ အသက်ရှင်နေရခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း** ဟူရာ၌ ယုတ်ညံ့စွာ အသက်ရှင်ခြင်းမည်သည် ကြွယ်ဝသူ၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ ဆင်းရဲသူတို့၏ အသက်ရှင်ခြင်းသည် ယုတ်ညံ့အောက်ကျ၏၊ ပစ္စည်းရှင်တို့၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ ပစ္စည်းမဲ့တို့၏ အသက်ရှင်ခြင်းသည် ယုတ်ညံ့အောက်ကျ၏၊ နတ်တို့၏ အသက်ရှင်ခြင်းကို ထောက်ဆ၍ လူတို့၏ အသက်ရှင်ခြင်းသည် ယုတ်ညံ့ အောက်ကျ၏။

**ဆိုးရွားစွာ အသက်ရှင်ခြင်း** မည်သည် လက်ပြတ်သူ၏ ခြေပြတ်သူ၏ လက်ခြေပြတ်သူ၏ နားပြတ်သူ၏ နှာခေါင်းပြတ်သူ၏ နား နှာခေါင်းပြတ်သူ၏ ဤ ယုတ်ညံ့ အောက်ကျ ဆိုးရွားစွာ အသက်ရှင်နေရခြင်းဖြင့် (အဘယ် အကျိုးရှိအံ့နည်း)၊ သင့်အား အသက်ရှင်နေရခြင်းထက် သေရခြင်းက မြတ်သေး၏။ (ဤသို့ ချီးမွမ်းဖြေားအံ့)။

**ဤသို့ (သေစေလိုသော) စိတ်နှလုံး ရှိသည်ဖြစ်၍** ဟူသည် စိတ်သည် နှလုံး မည်၏၊ နှလုံးသည် စိတ်မည်၏။

**ဤသို့ (သေစေလိုသော) စိတ်အကြံ ရှိသည်ဖြစ်၍** ဟူသည် သေခြင်း၌ အမှတ်ရှိ၍ သေခြင်း၌ စေတနာရှိ၍ သေခြင်း၌ အလိုရှိသည် ဖြစ်၍။

**များစွာသောအကြောင်းဖြင့်** ဟူသည် ယုတ်မြတ် ကြီးငယ် အကြောင်းခြင်းရာ အသွယ်သွယ်တို့ဖြင့်။

**သေခြင်း၏ ဂုဏ်ကျေးဇူးကိုသော်လည်း ချီးကျူး ပြောဆိုဖြေားအံ့** ဟူသည် "သင်သည် ဤဘဝမှ ကွယ်လွန်ပြီး ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ရပေလိမ့်မည်၊ ထိုနတ်ပြည်၌ နတ်တို့၏ ကာမဂုဏ် ငါးပါးတို့ဖြင့် ရောင့်ရဲ ပြည့်စုံသည်ဖြစ်၍ ခံစံ

http://www.dhammadownload.com



ပျော်ပါးရပေလိမ့်မည်”ဟု အသက်ရှင်ခြင်း၌ အပြစ်ကိုပြ၍ သေရခြင်း၌ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆို၏။

**သေစိမ့်သောငှါသော်လည်း ဆောက်တည်စေ‌ြောအံ့** ဟူသည် လက်နက်ကိုသော်လည်း ဆောင် ယူပါ၊ အဆိပ်ကိုသော်လည်း စားပါ၊ ကြိုးဆွဲချ၍သော်လည်း သေပါ၊ ထုံးအိုင်(ကျင်း)၌သော်၎င်း ချောက်၌သော်၎င်း ကမ်းပါးပြတ်၌သော်၎င်း ခုန်ချပါ (စသည်ဖြင့် ခိုင်းငြားအံ့)။

**ဤရဟန်းသည်လည်း** ဟူသည် ရှေးရဟန်းတို့ကို ထောက်၍ ဆိုအပ်၏။

**သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်၏** ဟူသည် ဥပမာအားဖြင့် နှစ်ခြမ်းကွဲပြီးသော ကျောက် ဖျာကြီးသည် တဖန် ဆက်စပ်၍ မရနိုင်တော့သကဲ့သို့ ဤအတူပင် ရဟန်းသည် သတ်လိုသော စိတ် စေတနာဖြင့် စေ့ဆော် အားထုတ်၍ လူဇာတ် ဖြစ်သော သူ၏ ကိုယ်ကို အသက် ‘ဇီဝိတိန္ဒြေ’ မှ ချမိရ၍ ရဟန်း မဟုတ်တော့ပေ၊ သာကီဝင်မင်းသား ဘုရား အနွယ်တော် မဟုတ်တော့ပေ၊ ထို့ကြောင့် “သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏” ဟု ဆိုအပ်၏။

**ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ** ဟူရာ၌ ပေါင်းသင်းခြင်းမည်သည် အတူ တကွ ဝိနည်းကံ ပြုမှု အတူတကွ ပါတိမောက် ရွတ်ဆို(ပြ)မှု တူမျှသော ကျင့်ကြံနေထိုင်မှု ဟူသော ဤအလုံးစုံသည် ပေါင်းသင်းခြင်း မည်၏၊ ထို ပေါင်းသင်းခြင်းသည် ထိုရဟန်းနှင့် အတူတကွ မရှိတော့ပေ၊ ထို့ကြောင့် “ပေါင်းသင်းရခြင်း မရှိ” ဟု ဆိုအပ်၏။

၃-တတိယပါရာဇိက သိက္ခာပုဒ်အဖွင့်ပြီး၏။

---

## ခေါင်းစဉ် မာတိကာ

၁၇၃။ ကိုယ်တိုင် ဆောက်တည်(စီရင်)၍ တမန် စေလွှတ်ခြင်း၊ တမန် အဆင့်ဆင့် စေလွှတ်ခြင်း၊ ချွတ်ယွင်းသော တမန်၊ သွားပြီးမှ ပြန်လာသော တမန်၊ ဆိတ်ကွယ်ရာ မရှိပဲ ဆိတ်ကွယ်ရာ ဟု ထင်မှတ် ခြင်း၊ ဆိတ်ကွယ်ရာကို ဆိတ်ကွယ်ရာ မဟုတ် ဟု ထင်မှတ်ခြင်း၊ ဆိတ်ကွယ်ရာ မဟုတ်သည်ကို ဆိတ်ကွယ် ရာ မဟုတ် ဟု ထင်မှတ်ခြင်း၊ ဆိတ်ကွယ်ရာကို ဆိတ်ကွယ်ရာ ဟု ထင်မှတ်ခြင်း၊ ကိုယ်ဖြင့် ချီးကျူးခြင်း၊ နှုတ်ဖြင့် ချီးကျူးခြင်း၊ ကိုယ်နှုတ်ဖြင့် ချီးကျူးခြင်း၊ တမန်ဖြင့် ချီးကျူးခြင်း၊ စာရေး၍ ချီးကျူးခြင်း၊ တွင်းတူးခြင်း၊ မှီရာ တံကပျဉ် ထားခြင်း၊ လက်နက်ကို အနီး၌ ချထားခြင်း၊ ဆေး၊ ရူပါရုံကို အနီးသို့ ဆောင်ခြင်း၊ သဒ္ဒါရုံကို အနီးသို့ ဆောင်ခြင်း၊ ဂန္ဓာရုံကို အနီးသို့ဆောင်ခြင်း၊ ရသာရုံကိုအနီးသို့ ဆောင် ခြင်း၊ ဖောဋ္ဌဗ္ဗာရုံကို အနီးသို့ ဆောင်ခြင်း၊ ဓမ္မာရုံကို အနီးသို့ ဆောင်ခြင်း၊ ပြောကြားခြင်း၊ ဆုံးမ ခြင်း၊အချိန်းအချက် ပြုခြင်း၊ အမှတ်အသား နိမိတ်ပြုခြင်း။

## မာတိကာ အဖွင့်

၁၇၄။ **ကိုယ်တိုင်** ဟူသည် ကိုယ်ဖြင့်သော်၎င်း ကိုယ်နှင့်စပ်သော အရာဝတ္ထုဖြင့်သော်၎င်း လွှတ် လိုက်သော မြား စသည်ဖြင့် သော်၎င်း ကိုယ်တိုင် သတ်၏။

**ဆောက်တည်(စီရင်)၍** ဟူသည် “ဤကဲ့သို့ ထိုး ဤကဲ့သို့ ပုတ်ခတ် ဤကဲ့သို့ သတ်” ဟု ဆောက် တည် စီရင်၍ စေခိုင်းခြင်းတည်း။

ရဟန်းတပါးသည် ရဟန်းတပါးကို“ဤမည်သောသူကိုသတ်လေ”ဟု စေခိုင်းအံ့၊ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် ထိုသူဟု ထင်မှတ်၍ ထိုသူကိုပင် သတ်အံ့၊ **နှစ်ဦးလုံး ပါရာဇိက အာပတ် သင့်၏။**

http://www.dhammadownload.com



ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော သူကို သတ်လော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် ထိုသူထင်မှတ်၍ အခြားသူကို သတ်အံ့၊ မူလ စေခိုင်းရင်း ရဟန်းအား အာပတ် မသင့်၊ သတ်သော ရဟန်းအားသာ ပါရာဇိက အာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော သူကို သတ်လော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် အခြားသူ ထင်မှတ်၍ ထိုသူကို သတ်အံ့၊ နှစ်ဦးလုံး ပါရာဇိက အာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သောသူကို သတ်လော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် အခြားသူ ထင်မှတ်၍ အခြားသူကိုပင် သတ်အံ့၊ မူလ စေခိုင်းရင်း ရဟန်းအား အာပတ် မသင့်၊ သတ်သော ရဟန်းအားသာ ပါရာဇိက အာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ရဟန်းအား ပြောပါလော၊ ဤမည်သော ရဟန်းကလည်း ဤမည်သော ရဟန်းအား ဤမည်သော ရဟန်းသည် ဤမည်သော သူကို သတ်ပါစေ" ဟု ပြောပါစေ- ဤသို့ စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် တပါးသော ရဟန်းအား ပြောအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ သတ်သူ ရဟန်းသည် ဝန်ခံအံ့၊ မူလ စေခိုင်းရင်း ရဟန်းအား ထုလ္လစ္စဉ်း အာပတ် သင့်၏၊ ထိုရဟန်းသည် ထိုသူကို သတ်အံ့၊ အားလုံး 'လေးဦးလုံး' ပါရာဇိကအာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော ရဟန်းအား ပြောပါလော၊ ဤမည်သော ရဟန်းကလည်း ဤမည်သော ရဟန်းအား ဤမည်သော ရဟန်းသည် ဤမည်သော သူကို သတ်ပါစေ" ဟု ပြောပါစေ-ဤသို့ စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုရဟန်းသည် အခြား 'တဆင့်ခိုင်းအပ်သော ရဟန်းမှ တပါး' ရဟန်းကို (တိုက်ရိုက်) စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ သတ်သော ရဟန်းသည် ဝန်ခံအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုရဟန်းသည် ထိုသူကို သတ်အံ့၊ မူလ စေခိုင်းရင်း ရဟန်းအား အာပတ် မသင့်၊ (တိုက်ရိုက်)စေခိုင်းသော ရဟန်းအားငှင်း သတ်သော ရဟန်းအားငှင်း ပါရာဇိက အာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော သူကို သတ်လော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထို ရဟန်းသည် သွားပြီးမှ "ငါသည် ထိုသူကို မသတ်နိုင်" ဟု တဖန် ပြန်လာ၏၊ ထို ရဟန်းသည် "သတ်နိုင်သော အခါ သတ်လော့" ဟု တဖန် ထပ်၍ စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုရဟန်းသည် ထိုသူကို သတ်အံ့၊ နှစ်ဦးလုံး ပါရာဇိက အာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော သူကို သတ်လော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် စေခိုင်းပြီးမှ နှလုံးမသာ 'စိတ်မကောင်း' သော်လည်း "မသတ်နှင့်တော့" ဟု မပြောကြားမိ၊ ထိုရဟန်းသည် ထိုသူကို သတ်အံ့၊ နှစ်ဦးလုံး ပါရာဇိက အာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သောသူကို သတ်လော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ထိုရဟန်းသည် စေခိုင်းပြီးမှ နှလုံးမသာ 'စိတ်မကောင်း' သဖြင့် "မသတ်နှင့်တော့" ဟု ပြော၏၊ ထိုရဟန်းသည် "သင်သည် ငါ့ကို စေခိုင်းအပ်ပြီး ဖြစ်သည်" ဟု ဆို၍ ထိုသူကို သတ်အံ့၊ မူလ စေခိုင်းရင်း ရဟန်းအား အာပတ် မသင့်၊ သတ်သော ရဟန်းအားသာ ပါရာဇိကအာပတ် သင့်၏။

ရဟန်းတပါးသည် ရဟန်းတပါးကို "ဤမည်သော သူကို သတ်လော့" ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရဟန်းသည် စေခိုင်းပြီးမှ နှလုံးမသာ 'စိတ်မကောင်း'သဖြင့် "မသတ်နှင့်တော့" ဟု ပြော၏၊ ထိုရဟန်းသည် "ကောင်းပါပြီ" ဟု ရှောင်ကြဉ်အံ့၊ နှစ်ဦးလုံး အာပတ် မသင့်။

http://www.dhammadownload.com



၁၇၅။ ဆိတ်ကွယ်ရာ မဟုတ်သည်ကို ဆိတ်ကွယ်ရာ ဟု ထင်မှတ်၍ "ဤမည်သော သူကို သတ်ရမူ ကောင်းပေလိမ့်မည်" ဟု ပြောအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ဆိတ်ကွယ်ရာကို ဆိတ်ကွယ်ရာ မဟုတ် ဟု ထင်မှတ်၍ "ဤမည်သော သူကို သတ်ရမူ ကောင်းပေလိမ့်မည်" ဟု ပြောအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ဆိတ်ကွယ်ရာ မဟုတ်သည်ကို ဆိတ်ကွယ်ရာ မဟုတ် ဟု ထင်မှတ်၍ "ဤမည်သော သူကို သတ်ရမူ ကောင်းပေလိမ့်မည်" ဟု ပြောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဆိတ်ကွယ်ရာကို ဆိတ်ကွယ်ရာ ဟု ထင်မှတ်၍ "ဤမည်သော သူကို သတ်ရမူ ကောင်းပေလိမ့်မည်" ဟု ပြောအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

**ကိုယ်ဖြင့် ချီးကျူးပြောဆိုခြင်း** မည်သည် "ဤကဲ့သို့ သေရသော သူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကိုသော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏" ဟု ကိုယ်အမူအရာကို ပြုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုချီးကျူးပြောဆိုမှုကြောင့် သေတော့အံ့ ဟု ဒုက္ခဝေဒနာကို ဖြစ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

**နှုတ်ဖြင့် ချီးကျူးပြောဆိုခြင်း** မည်သည် "ဤကဲ့သို့ သေရသော သူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကိုသော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏" ဟု နှုတ်ဖြင့် ပြောဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုချီးကျူး ပြောဆိုမှုကြောင့် သေတော့အံ့ ဟု ဒုက္ခဝေဒနာကို ဖြစ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

**ကိုယ် နှုတ် နှစ်ပါးဖြင့် ချီးကျူးပြောဆိုခြင်း** မည်သည် "ဤကဲ့သို့ သေရသော သူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကို သော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏" ဟု ကိုယ် အမူအရာကိုလည်း ပြုအံ့၊ နှုတ်ဖြင့်လည်း ပြောဆိုအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထို ချီးကျူးပြောဆိုမှုကြောင့် သေတော့အံ့ ဟု ဒုက္ခဝေဒနာကို ဖြစ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

**တမန်လွှတ်၍ ချီးကျူးပြောဆိုခြင်း** မည်သည် "ဤကဲ့သို့ သေရသော သူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကိုသော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏" ဟု တမန်အား သတင်းပေးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ တမန်၏ သတင်းစကားကို ကြား၍ သေတော့အံ့ ဟု ဒုက္ခဝေဒနာကို ဖြစ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

၁၇၆။ **စာရေး၍ ချီးကျူး ပြောဆိုခြင်း** မည်သည် "ဤကဲ့သို့ သေရသောသူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကိုသော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏" ဟု စာရေးအံ့၊ စာလုံးတိုင်း စာလုံးတိုင်း ဒုက္ကဋ်အာပတ် သင့်၏၊ စာကိုကြည့်၍ သေတော့အံ့ ဟု ဒုက္ခဝေဒနာကို ဖြစ်စေအံ့၊ထုလ္လစ္စဉ်း အာပတ် သင့်၏၊သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

**တွင်းတူးခြင်း** မည်သည် လူကို ရည်ညွှန်းလျက် "ကျ၍ သေလိမ့်မည် " ဟု တွင်းကို တူးအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ကျပြီးနောက် ဒုက္ခဝေဒနာ ဖြစ်အံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

http://www.dhammadownload.com



မည်သူ ဟု မရည်ရွယ်ပဲ "တဦးတယောက် ကျ၍ သေလိမ့်မည်" ဟု တွင်းကို တူးအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုတွင်း၌ လူကျအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ကျပြီးနောက် ဒုက္ခဝေဒနာ ဖြစ်အံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

ဘီလူးသည်၎င်း၊ ပြိတ္တာသည်၎င်း၊ လူယောင်ဆောင်သော တိရစ္ဆာန်သည်၎င်း ထိုတွင်း၌ ကျအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ကျပြီးနောက် ဒုက္ခဝေဒနာ ဖြစ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ သေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

တိရစ္ဆာန်သည် ထိုတွင်း၌ ကျအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ကျပြီးနောက် ဒုက္ခဝေဒနာ ဖြစ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ သေအံ့၊ ပါစိတ် အာပတ် သင့်၏။

၁၇၇။ **တံကဲပျဉ်* ထားခြင်း**မည်သည် "ကျ၍သေလိမ့်မည်" ဟု တံကဲပျဉ်၌ ဓားလက်နက်ကိုသော်လည်း ထားအံ့၊ အဆိပ်ဖြင့်ဖြစ်သော်လည်း လိမ်းသုတ်အံ့၊ အားနည်းအောင်သော်လည်း ပြုအံ့၊ ထုံးအိုင် (ကျင်း)၌ သော်၎င်း ချောက်၌သော်၎င်း ကမ်းပါးပြတ်၌သော်၎င်း ထားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ လက်နက်ဖြင့်သော်၎င်း အဆိပ်ဖြင့်သော်၎င်း ကျ၍ သော်၎င်း ဒုက္ခဝေဒနာ ဖြစ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

**လက်နက်ကို အနီး၌ ချထားခြင်း** မည်သည် သန်လျက်ကိုသော်၎င်း လှံကိုသော်၎င်း ခက်ရင်းကိုသော်၎င်း ဆောက်ပုတ်ကိုသော်၎င်း ကျောက်တုံးကိုသော်၎င်း လက်နက်ကိုသော်၎င်း အဆိပ်ကိုသော်၎င်း ကြိုးကိုသော်၎င်း "ဤအရာဝတ္ထုဖြင့် သေလိမ့်မည်" ဟု အနီး၌ ချထားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုအရာဝတ္ထုဖြင့် သေအံ့ ဟု ဒုက္ခဝေဒနာကို ဖြစ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

**ဆေး** မည်သည် ထောပတ်ကိုသော်၎င်း ဆီကိုသော်၎င်း ပျားရည်ကိုသော်၎င်း တင်လဲကိုသော်၎င်း "ဤဆေးကို လျက်၍ သေလိမ့်မည်" ဟု ပေးအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုဆေးကို လျက်၍ ဒုက္ခဝေဒနာ ဖြစ်အံ့၊ ထုလ္လစ္စဉ်း အာပတ်သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

၁၇၈။ **ရူပါရုံကို အနီးသို့ ဆောင်ခြင်း** မည်သည် နှစ်လိုဖွယ်မရှိသော ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော ကြောက်စရာကောင်းသော ရူပါရုံကို "ဤရူပါရုံကို မြင်သော် လန့်၍ သေလိမ့်မည်" ဟု အနီးသို့ ဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုရူပါရုံကိုမြင်၍လန့်အံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

နှစ်သက်ဖွယ် ရူပါရုံကို "ဤရူပါရုံကို မြင်သော် မရသဖြင့် ခြောက်တပ်၍ သေလိမ့်မည်" ဟု အနီးသို့ ဆောင်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုရူပါရုံကို မြင်၍ မရနိုင်သဖြင့် ခြောက်တပ် နေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

**သဒ္ဒါရုံကို အနီးသို့ ဆောင်ခြင်း** မည်သည် နှစ်လိုဖွယ် မရှိသော ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော ကြောက်စရာကောင်းသော အသံကို "ဤအသံကို ကြားသော် လန့်၍ သေလိမ့်မည်" ဟု အနီးသို့ ဆောင်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုအသံကို ကြား၍ လန့်အံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

* တံကဲပျဉ်ဟူသည် ဤနေရာ၌နောက်မှီမှန်သမျှကိုခေါ်၏၊ အားနည်းအောင်ပြု ဟူသည် ခရင် ကုလားထိုင် စသည်ကို အောက်ပိုင်း ဖြတ်ထား၍ဖြစ်စေ ကြိုးခရင်၌ ကြိုးကိုဖြတ်၍ဖြစ်စေ အနည်းငယ်မျှ ချန်ထားပြီးလျှင် အောက်မှ လက်နက် စသည် ထားခြင်းတည်း။

http://www.dhammadownload.com



နှစ်လိုဖွယ်-ချစ်ခင်ဖွယ်-မြတ်နိုးဖွယ်- ရှိသော အသံကို "ဤအသံကို ကြားသော် မရနိုင်သဖြင့် ခြောက်တပ်၍ သေလိမ့်မည်" ဟု အနီးသို့ ဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုအသံကိုကြားပြီး မရနိုင်သဖြင့် ခြောက်တပ်နေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

**ဂန္ဓာရုံကို အနီးသို့ ဆောင်ခြင်း** မည်သည် မနှစ်မြို့ဖွယ် စက်ဆုပ်ဖွယ် ရွံရှာဖွယ်ရှိသော ဂန္ဓာရုံကို "ဤအနံ့ကို နမ်းသော် စက်ဆုပ်ရွံရှာ၍ သေလိမ့်မည်"ဟု အနီးသို့ ဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုအနံ့ကို နမ်းပြီး စက်ဆုပ်ရွံရှာ၍ ဒုက္ခဝေဒနာ ဖြစ်အံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

နှစ်မြို့ဖွယ်ရှိသော ဂန္ဓာရုံကို "ဤအနံ့ကိုနမ်းပြီးသော် မရနိုင်သဖြင့် ခြောက်တပ်၍ သေလိမ့်မည်" ဟု အနီးသို့ ဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုအနံ့ကို နမ်းပြီးသော် မရနိုင်သဖြင့် ခြောက်တပ်၍ နေအံ့၊ ထုလ္လစ္စဉ်း အာပတ်သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ်သင့်၏။

**ရသာရုံကို အနီးသို့ ဆောင်ခြင်း** မည်သည် မနှစ်မြို့ဖွယ် စက်ဆုပ် ရွံရှာဖွယ်ရှိသော အရသာ 'ရသာရုံ' ကို "ဤအရသာကို လျက်ပြီးသော် စက်ဆုပ် ရွံရှာ၍ သေလိမ့်မည်" ဟု အနီးသို့ ဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုအရသာကို လျက်ပြီးသော် စက်ဆုပ် ရွံရှာ၍ ဒုက္ခ ဝေဒနာ ဖြစ်အံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

နှစ်မြို့ဖွယ် ရှိသော အရသာ 'ရသာရုံ' ကို "ဤအရသာကို လျက်ပြီးသော် မရနိုင်သဖြင့် ခြောက်တပ်၍ သေလိမ့်မည်" ဟု အနီးသို့ ဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုအရသာကို လျက်ပြီးသော် မရနိုင်သဖြင့် ခြောက်တပ်နေအံ့၊ ထုလ္လစ္စဉ်း အာပတ်သင့်၏၊ သေအံ့၊ ပါရာဇိကအာပတ် သင့်၏။

**ဖောဋ္ဌဗ္ဗာရုံကို အနီးသို့ ဆောင်ခြင်း** မည်သည် မနှစ်မြို့ဖွယ် အတွေ့ဆိုးသော ဖောဋ္ဌဗ္ဗာရုံကို "ဤအတွေ့အထိဖြင့် တွေ့ထိခံရသော် သေလိမ့်မည်" ဟု အနီးသို့ ဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုအတွေ့အထိဖြင့် တွေ့ထိ ခံရသူအား ဒုက္ခဝေဒနာဖြစ်အံ့၊ ထုလ္လစ္စဉ်းအာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

နှစ်မြို့ဖွယ် အတွေ့ကောင်း အတွေ့နု ဖောဋ္ဌဗ္ဗာရုံကို "ဤအတွေ့အထိဖြင့် တွေ့ထိခံရသော် မရသဖြင့် ခြောက်တပ်၍ သေလိမ့်မည်" ဟု အနီးသို့ဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုအတွေ့အထိဖြင့် အတွေ့အထိ ခံရပြီး မရနိုင်သဖြင့် ခြောက်တပ်နေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

**ဓမ္မာရုံကို အနီးသို့ ဆောင်ခြင်း** မည်သည် "ဤစကားကို ကြားသော် လန့်၍ သေလိမ့်မည်" ဟု ငရဲ၌ ဖြစ်ထိုက်သူအား ငရဲနှင့်စပ်သော စကားကို ပြောအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုစကားကို ကြား၍ လန့်အံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ် သင့်၏။

"ဤတရားစကားကို ကြားသော် နတ်ပြည်၌ နှလုံးသွင်း၍ သေလိမ့်မည်" ဟု ကောင်းမှုရှင်အား နတ်ရွာနှင့်စပ်သော စကားကို ပြောအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုစကားကို ကြား၍ နတ်ပြည်၌ နှလုံးသွင်းလျက် သေတော့အံ့ ဟု ဒုက္ခဝေဒနာကို ဖြစ်စေအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိက အာပတ်သင့်၏။

၁၇၉။ **ပြောကြားခြင်း** မည်သည် "ဤသို့သေပါ၊ ဤသို့သေရသောသူသည် ပစ္စည်းဥစ္စာကို သော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကိုသော်လည်း ရတတ်၏၊ နတ်ပြည်သို့ သော်လည်း

http://www.dhammadownload.com



ရောက်တတ်၏” ဟု မေးသဖြင့် ပြောအံ့၊ဒုက္ကဋ်အာပတ် သင့်၏၊ ထိုပြောကြားခြင်းဖြင့် သေတော့အံ့ ဟု ဒုက္ခ ဝေဒနာကို ဖြစ်စေအံ့၊ ထုလ္လစ္စည်းအာပတ် သင့်၏၊ သေအံ့၊ ပါရာဇိကအာပတ် သင့်၏။

**ဆုံးမခြင်း** မည်သည် “ဤသို့သေပါ၊ဤသို့သေရသောသူသည် ပစ္စည်းဥစ္စာကိုသော်လည်း ရတတ်၏၊ အခြံအရံ အကျော်အစောကိုသော်လည်း ရတတ်၏၊ နတ်ပြည်သို့သော်လည်း ရောက်တတ်၏” ဟု မမေးပဲ ပြောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုအဆုံးအမ စကားဖြင့် သေတော့အံ့ ဟု ဒုက္ခဝေဒနာကို ဖြစ်စေအံ့၊ ထုလ္လစ္စည်း အာပတ် သင့်၏၊ သေအံ့၊ ပါရာဇိကအာပတ် သင့်၏။

**အချိန်းအချက်ပြုခြင်း** မည်သည် နံနက်သော်၎င်း ညနေချမ်းသော်၎င်း ညဥ့်သော်၎င်း နေ့သော်၎င်း “ထိုကာလစသော အချိန်းအချက်ဖြင့် ထိုသူကို သတ်လော့” ဟု အချိန်းအချက်ကို ပြုအံ့၊ ဒုက္ကဋ် အာပတ် သင့်၏၊ ထိုအချိန်းအချက်ဖြင့် ထိုသူကို သတ်အံ့၊ နှစ်ဦးလုံး ပါရာဇိက အာပတ် သင့်၏၊ ထို အချိန်းအချက်၏ ရှေ့၌ဖြစ်စေ နောက်၌ ဖြစ်စေ ထိုသူကို သတ်အံ့၊ မူလချိန်းချက်ရင်း ရဟန်း**အား** အာပတ် မသင့်၊ သတ်သောရဟန်းအားသာ ပါရာဇိကအာပတ် သင့်၏။

**အမှတ်အသားပြုခြင်း** မည်သည် “ မျက်စိကိုသော်လည်း မှိတ်ပြမည်၊ မျက်ခုန်းကိုသော်လည်း ပင့်ပြမည်၊ ဦးခေါင်းကိုသော်လည်း ညိတ်ပြမည်၊ ထိုအမှတ်အသားဖြင့် ထိုသူကို သတ်လော့” ဟု ပြောအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ထိုအမှတ်အသားဖြင့်ထိုသူကို သတ်အံ့၊ နှစ်ဦးလုံး ပါရာဇိက အာပတ် သင့်၏၊ ထိုအမှတ်အသား၏ ရှေ့၌ဖြစ်စေ နောက်၌ဖြစ်စေ ထိုသူကိုသတ်အံ့၊ မူလပြောသော ရဟန်း အား အာပတ် မသင့်၊ သတ်သောရဟန်းအားသာ ပါရာဇိကအာပတ် သင့်၏။

သတ်လိုသော စိတ်မရှိသောရဟန်း မသိသောရဟန်း မသေစေလိုသော ရဟန်း (သည်းခြေ ပျက်၍) ရူးသောရဟန်း အစ လက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

မနုဿဝိဂ္ဂဟ ပါရာဇိကအကြောင်း ပြဆိုရာအခန်း ပြီး၏။

---

## ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ

ချီးကျူးခြင်း၊ ဖိ၍ထိုင်မိခြင်း၊ ကျည်ပွေ့ထောင်ခြင်း၊ ဆိုလုပ်ရန် သစ်လုံးကို နင်းမိခြင်း၊ တော ထွက်ရဟန်းကြီး သားအဖ၊ အမဲနင်သောရဟန်းများ၊ စားဦးလှူခြင်း၊ အဆိပ်ကို စမ်းသပ်ခြင်း၊ ကျောင်းရာစီရင်ခြင်းသုံးဝတ္ထု၊ အုတ်ပိခြင်းသုံးဝတ္ထု၊ ပဲခွပ်ကျခြင်း၊ အခြင်ရနယ်ပိခြင်း၊ ငြမ်းဖွဲ့ခြင်း၊ ဆင်းသက်ခြင်း၊ ကျောင်းမိုးပြီး၍ဆင်းခြင်း၊ ကျခြင်း၊ ဂိဇ္ဈကုဋ်တောင်ပေါ် မှ ခုန်ချခြင်း၊ ကျောက်လိမ့် ခြင်း၊ ချွေးထုတ်ခြင်း၊ နှာနှတ်ခြင်း၊ ဆုပ်နယ်ခြင်း၊ ရေချိုးခြင်း၊ ဆီလိမ်းခြင်း၊ ထစေခြင်း၊ လဲစေခြင်း၊ ထမင်းပေးခြင်း၊ အစာကျွေးခြင်း၊ အဖျော်တိုက်ခြင်း၊ လင်ငယ်နေသော မိန်းမ၏ ကိုယ်ဝန်၊ လင်တူ မယား၊ အမိ မသေခြင်း၊ သား မသေခြင်း၊သားအမိ နှစ်ယောက်လုံးသေခြင်း၊သားအမိ နှစ်ယောက်လုံး မသေခြင်း ဝမ်းပိုက်ကိုနှိပ်ခြင်း ‘နှိပ်၍ သားဖျက်ခြင်း’၊ ဝမ်းပိုက်ကို အပူတိုက်ခြင်း၊ အမြုံမ၊ သားဖွား သူမ၊ ချိုင်းထိုးကစားခြင်း၊ နှိပ်၍ကံပြုခြင်း ‘ဝိုင်းဖိ၍ကံပြုခြင်း’၊ ဘီလူးကိုသတ်ခြင်း၊ ကြမ်းသော ဘီလူး ထံသို့စေလွှတ်ခြင်း၊ ထိုသူ ထင်မှတ်၍ သတ်ခြင်း စသည်၊ ရိုက်ခြင်း ‘နတ်ပူး၍ရိုက်ခြင်း’၊ နတ်ပြည် နှင့် စပ်သောတရား၊ ငရဲနှင့် စပ်သောတရား၊ အာဠဝီမြို့၌ သစ်ပင်လှည်းခြင်း သုံးဝတ္ထု၊ တောမီး တိုက်ခြင်းသုံးဝတ္ထု၊ မပင်ပန်းစေလင့်၊ သင့်စကားကို နားမထောင်နိုင်၊ ရက်တက်ရည်တိုက်ခြင်း၊ သော ဝီရက ဆေးတိုက်ခြင်း၊ ဤကား ခေါင်းစဉ်မာတိကာတည်း။

http://www.dhammadownload.com



## ဝိနီတဝတ္ထု ဖြတ်ထုံးများ

၁၈၀။ တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေ၏၊ ရဟန်းတို့သည် ထိုရဟန်းအား သနားသဖြင့် သေရခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုကြကုန်၏၊ ထိုရဟန်းသည် သေလေ၏၊ ထို (ချီးကျူးသော) ရဟန်းတို့အား "ငါတို့သည် ပါရာဇိက ကျလေကုန်သလော" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြရာ ရဟန်းတို့ သင်တို့သည် ပါရာဇိက ကျကုန်ပြီဟု (မိန့်တော်မူ၏)။ (၁)

တရံရောအခါ ဆွမ်းခံရဟန်းတပါးသည် အင်းပျဉ် 'ခုံရှည်' ၌ အဝတ်ပိုင်း ဖုံးနေသော ကလေးသူငယ်ကို ထိုင်လိုက်ရာတွင် ဖိမိ၍ သေစေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ သို့သော်လည်း ရဟန်းတို့ မဆင်ခြင် မစူးစမ်းပဲ နေရာ၌ မထိုင်ရ၊ ထိုင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂)

တရံရောအခါ ရဟန်းတပါးသည် ရွာတွင်းရှိ ဆွမ်းစား စရပ်၌ နေရာခင်းသည်ရှိသော် ထောင်ပြီးထားသော ကျည်ပွေ့တို့တွင် ကျည်ပွေ့တခုကိုယူရာ ဒုတိယ ကျည်ပွေ့သည် လည်း၍ ကလေးတယောက်၏ ဦးထိပ်၌ တည့်တည့်ကျသဖြင့် ထိုကလေးသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ် ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်မှာ သေစေလိုစိတ် မရှိပါ ဟု (လျှောက်ထား၏)။

ရဟန်း မသေစေလိုသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃)

တရံရောအခါ ရဟန်းတပါးသည် ရွာတွင်းရှိ ဆွမ်းစား စရပ်၌ နေရာခင်းရာ ဆိုလုပ်ရန် သစ်လုံးကို နင်းမိ၍ လိမ့်လေရာ ကလေးတယောက်ကို ဖိမိ၍ သေစေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၄)

တရံရောအခါ သားအဖ နှစ်ယောက်တို့သည် ရဟန်းများ အထံ၌ ရဟန်းပြုကြကုန်၏၊ အချိန်အခါကို လျှောက်ထားရာ သားက အဖကို "အသျှင်ဘုရား ကြွပါ၊ သံဃာတော်သည် အသျှင်ဘုရားကို မြှော်လင့်နေပါသည်" ဟု လျှောက်ထား၍ ကျောက်ကုန်း၌ကိုင်၍ တွန်းလေရာ ထိုရဟန်းသည် လည်းကျ၍ သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ် ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် သေစေလိုစိတ် မရှိပါ ဟု (လျှောက်ထား၏)။

ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅)

တရံရောအခါ သားအဖ နှစ်ယောက်တို့သည် ရဟန်းများအထံ၌ ရဟန်းပြုကြကုန်၏၊ အချိန်အခါကို လျှောက်ထားရာ သားက အဖကို "အသျှင်ဘုရား ကြွပါ၊ သံဃာတော်သည် အသျှင်ဘုရားကို မြှော်လင့်နေပါသည်" ဟု လျှောက်ထား၍ သေစေလိုသဖြင့် ကျောက်ကုန်း၌ ကိုင်၍တွန်းလေရာ ထိုရဟန်းသည် လည်းကျ၍ သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းသင်သည် ပါရာဇိက ကျပြီဟု (မိန့်တော်မူ၏)။ (၆)

http://www.dhammadownload.com



တရံရောအခါ သားအဖ နှစ်ယောက်တို့သည် ရဟန်းများ အထံ၌ ရဟန်း ပြုကြကုန်၏၊ အချိန်အခါကို လျှောက်ထားရာ သားက အဖကို "အသျှင်ဘုရား ကြွပါ၊ သံဃာတော်သည် အသျှင်ဘုရားကို မြှော်လင့်နေပါသည်" ဟု လျှောက်ထား၍ သေစေလိုသဖြင့် ကျောက်ကုန်း၌ ကိုင်၍တွန်းလေရာ၊ ထို ရဟန်းသည် လည်းကျသော်လည်း မသေချေ၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။　(၇)

၁၇၁။ တရံရောအခါ ရဟန်းတပါးအားဆွမ်းစားစဉ် အမဲသားတုံးသည် လည်ချောင်း၌ နင် 'ဆို' နေ၏၊ ရဟန်းတပါးသည် ထိုရဟန်း၏ လည်ပင်းကို ရိုက်လေရာ သွေးနှင့်တကွ အမဲသားတုံး ကျလာပြီး ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။　(၈)

တရံရောအခါ ရဟန်းတပါးအား ဆွမ်းစားစဉ် အမဲသားတုံးသည် လည်ချောင်း၌ နင် 'ဆို' နေ၏၊ ရဟန်းတပါးသည် သေစေလို၍ ထိုရဟန်း၏ လည်ပင်းကို ရိုက်လေရာ သွေးနှင့်တကွ အမဲသားတုံး ကျလာပြီးလျှင် ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီဟု (မိန့်တော်မူ၏)။　(၉)

တရံရောအခါ ရဟန်းတပါးအား ဆွမ်းစားစဉ် အမဲသားတုံးသည် လည်ချောင်း၌ နင် 'ဆို' နေ၏၊ ရဟန်းတပါးသည် သေစေလို၍ ထိုရဟန်း၏ လည်ပင်းကို ရိုက်လေရာ သွေးနှင့်တကွ အမဲသားတုံး ကျလာသော်လည်း ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။　(၁၀)

တရံရောအခါ ဆွမ်းခံ ရဟန်းတပါးသည် အဆိပ်ပါသော ဆွမ်းကို ရလာခဲ့၍ ဆွမ်းစားစရပ်သို့ ယူခဲ့ပြီးနောက် ရဟန်းတို့အား စားဦးကို လှူလေ၏၊ ထိုရဟန်းတို့သည် သေကြကုန်၏၊ ထို(စားဦးလှူသော) ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ် ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော် မသိပါဟု (လျှောက်ထား၏)။

ရဟန်း မသိသောရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။　(၁၁)

တရံရောအခါ ရဟန်းတပါးသည် စမ်းသပ်လို၍ ရဟန်းတပါးအား အဆိပ်ကိုပေးရာ ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ် ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော် စမ်းသပ်လိုစိတ် ရှိပါသည် ဟု (လျှောက်ထား၏)။

ရဟန်း ပါရာဇိကအာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။　(၁၂)

၁၇၂။ တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် ကျောင်းမြေရာကို စီရင် ပြုလုပ်ကြရာ ရဟန်းတပါးသည် အောက်မှနေ၍ ကျောက်ကို ပင့်မြှောက်၍ပေး၏၊ အထက်က ရဟန်းသည်မကောင်းသဖြင့် ကိုင်ယူသည်ဖြစ်၍ ကျောက်သည် အောက်က ရဟန်း၏ ဦးထိပ်၌ တည့်တည့်ကျ၍ ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။　(၁၃)

http://www.dhammadownload.com



တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် ကျောင်းမြေရာကို စီရင်ပြုလုပ်ကြရာ ရဟန်းတပါးသည်အောက်ကနေ၍ ကျောက်ကို ပင့်မြှောက်၍ပေး၏၊ အထက်က ရဟန်းသည် သေစေလို၍ အောက်က ရဟန်း၏ဦးထိပ်၌ ကျောက်ကို လွှတ်ချလေရာ၊ ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဥ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၄-၁၅)

တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် ကျောင်းနံရံ ဆောက်လုပ်ကြရာ ရဟန်းတပါးသည် အောက်မှနေ၍ အုတ်ကို ပင့်မြှောက်၍ပေး၏၊ အထက်က ရဟန်းသည် မကောင်းသဖြင့် ကိုင်ယူသည်ဖြစ်၍ အုတ်သည် အောက်က ရဟန်း၏ ဦးထိပ်၌ တည့်တည့်ကျ၍ ထိုရဟန်းသည် သေလေ၏၊ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သေစေလိုစိတ် မရှိသောရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၆)

တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် ကျောင်းနံရံ ဆောက်လုပ်ကြရာ ရဟန်းတပါးသည် အောက်မှနေ၍ အုတ်ကိုပင့်မြှောက်၍ပေး၏၊ အထက်က ရဟန်းသည် သေစေလို၍ အောက်ကရဟန်း၏ ဦးထိပ်၌ အုတ်ကိုလွှတ်ချလေရာ ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဥ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၇-၁၈)

၁၇၃။ တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် အမှုသစ် 'ကျောင်းဝေယျာဝစ္စ' ကို ပြုလုပ်ကြရာ ရဟန်းတပါးသည် အောက်မှနေ၍ ပဲခွပ်ကို ပင့်မြှောက်၍ပေး၏၊ အထက်က ရဟန်းသည် မကောင်းသဖြင့် ကိုင်ယူသည်ဖြစ်၍ ပဲခွပ်သည် အောက်ကရဟန်း၏ ဦးထိပ်၌ တည့်တည့်ကျ၍ ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၉)

တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် အမှုသစ်ကို ပြုလုပ်ကြရာ ရဟန်းတပါးသည် အောက်မှနေ၍ပဲခွပ်ကို ပင့်မြှောက်၍ပေး၏၊အထက်က ရဟန်းသည် သေစေလို၍ အောက်က ရဟန်း၏ ဦးထိပ်၌ ပဲခွပ်ကို လွှတ်ချလေရာ ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ ထုလ္လစ္စဥ်းအာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။ (၂၀-၂၁)

တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် အမှုသစ်ကို ပြုလုပ်ကြရာ ရဟန်းတပါးသည် အောက်မှနေ၍ အခြင်ရနယ်ကို ပင့်မြှောက်၍ပေး၏၊ အထက်က ရဟန်းသည် မကောင်းသဖြင့်ကိုင်ယူသည်ဖြစ်၍ အခြင်ရနယ်သည် အောက်က ရဟန်း၏ ဦးထိပ်၌ တည့်တည့်ကျလေရာ ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၂)

တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် အမှုသစ်ကို ပြုလုပ်ကြရာ ရဟန်းတပါးသည် အောက်မှနေ၍ အခြင်ရနယ်ကို ပင့်မြှောက်၍ပေး၏၊ အထက်က ရဟန်းသည် သေစေလို၍ အောက်က ရဟန်း၏ ဦးထိပ်၌ အခြင်ရနယ်ကို လွှတ်ချလေရာ ထိုရဟန်းသည် သေလေ၏။ပ။

http://www.dhammadownload.com



ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ ထုလ္လစ္စည်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂၃-၂၄)

တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် အမှုသစ်ကို ပြုလုပ်ကြရာ၌ ကျောက်တုံးကို ဖွဲ့ချည်ကြကုန်၏၊ ရဟန်းတပါးသည် ရဟန်းတပါးကို "ငါ့သျှင် ဤဘက်၌ ရပ်၍ဖွဲ့ချည်လော့" ဟု ဆိုရာ ထိုရဟန်းသည် ထို ခိုင်းသောဘက်၌ ရပ်၍ ဖွဲ့ချည်စဉ် လိမ့်ကျ၍ သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ် ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် သေစေလိုစိတ် မရှိပါ ဟု (လျှောက်ထား၏)။

ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၅)

တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် အမှုသစ်ကို ပြုလုပ်ကြရာ၌ ကျောက်တုံးကို ဖွဲ့ချည်ကြကုန်၏၊ ရဟန်းတပါးသည် သေစေလို၍ ရဟန်းတပါးကို "ငါ့သျှင် ဤဘက်၌ ရပ်၍ဖွဲ့ချည်လော့" ဟု ဆိုရာ ထို ရဟန်းသည် ထိုခိုင်းသောဘက်၌ ရပ်၍ ဖွဲ့ချည်စဉ် လိမ့်ကျ၍သေလေ၏။ပ။

လိမ့်ကျ၍ မသေချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂၆-၂၇)

တရံရောအခါ ရဟန်းတပါးသည် ကျောင်းကို မိုးပြီး၍ဆင်းလာ၏၊ ရဟန်းတပါးက ထိုရဟန်းကို "ငါ့သျှင် ဤဘက်မှ ဆင်းသက်ခဲ့လော့" ဟု ဆိုသဖြင့် ထိုရဟန်းသည်ထိုဘက်မှ ဆင်းသက်ရာ လိမ့်ကျ၍ သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၈)

တရံရောအခါ ရဟန်းတပါးသည် ကျောင်းကို မိုးပြီး၍ ဆင်းလာ၏၊ ရဟန်းတပါးက သေစေလို သဖြင့် ထိုရဟန်းကို "ငါ့သျှင် ဤဘက်မှ ဆင်းသက်ခဲ့လော့" ဟု ဆိုသဖြင့် ထိုရဟန်းသည် ထိုခိုင်းသော ဘက်မှ ဆင်းသက်ရာ လိမ့်ကျ၍ သေလေ၏။ပ။

လိမ့်ကျ၍ မသေချေ၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂၉-၃၀)

တရံရောအခါ ရဟန်းတပါးသည် မပျော်ပိုက်ခြင်း နှိပ်စက်အပ်ရကား ဂိဇ္ဈကုဋ်တောင်သို့ တက်၍ ကမ်းပါးပြတ်၌ ခုန်ချလိုက်ရာ နီးသမားတယောက်ကို ဖိမိ၍ သေစေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း ပါရာဇိကအာပတ် မသင့်၊ သို့သော် ရဟန်းတို့ မိမိကိုယ်ကို ပစ်မချ အပ်၊ ခုန်ချပစ်ချသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃၁)

တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဂိဇ္ဈကုဋ်တောင်သို့ တက်၍ ပျော်မြူးလိုသဖြင့် ကျောက်တုံး ကို လှိမ့်ချကြရာ နွားကျောင်းသား တယောက်ကို ဖိမိ၍ သေစေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်းတို့ ပါရာဇိက အာပတ် မသင့်၊ သို့သော် ရဟန်းတို့ ပျော်မြူးလိုသဖြင့် ကျောက်တုံးကို မလှိမ့်ချအပ်၊ လှိမ့်ချသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော် မူ၏)။ (၃၂)

၁၈၄။ တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် ထိုရဟန်းကို ချွေးထုတ်ကြသဖြင့် ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ'

http://www.dhammadownload.com



ဖြစ်၏။ပ။ ရဟန်းတို့ သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၃)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာဖြစ်နေရာ ရဟန်းတို့သည် ထိုရဟန်းကို သေစေလို၍ ချေးထုတ်ကြသဖြင့် ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းတို့အားတွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်းတို့ ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဥ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃၄-၃၅)

တရံရောအခါ ရဟန်းတပါးအား ဦးခေါင်းပူ (ခေါင်းကိုက်) သဖြင့် ရဟန်းတို့သည် နှာနှတ်ကြရာ ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်းတို့ သေစေလိုစိတ် မရှိသောရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၆)

တရံရောအခါ ရဟန်းတပါးသည် ခေါင်းကိုက်နေရာ ရဟန်းတို့သည် ထိုရဟန်းအား သေစေလို၍ နှာနှတ်ကြသဖြင့် ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်းတို့ ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဥ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃၇-၃၈)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် ထိုရဟန်းကို ဆုပ်နယ်ကြသဖြင့် ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၉)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာဖြစ်နေရာ ရဟန်းတို့သည် သေစေလို၍ ထိုရဟန်းအား ဆုပ်နယ်ကြသဖြင့် ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းတို့အားတွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်းတို့ ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဥ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၀-၄၁)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် ထိုရဟန်းကို ရေချိုးပေးကြသဖြင့် ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ သေစေလိုစိတ် မရှိသောရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၄၂)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာဖြစ်နေရာ ရဟန်းတို့သည် သေစေလို၍ ထိုရဟန်းကို ရေချိုးပေးကြသဖြင့် ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်းတို့ ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဥ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၃-၄၄)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် ထိုရဟန်းကို ဆီလိမ်းပေးကြသဖြင့် ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၄၅)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် သေစေလို၍ ထိုရဟန်းကို ဆီလိမ်းပေးကြသဖြင့် ထိုရဟန်းသည် သေလေ၏။ပ။

http://www.dhammadownload.com



ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းတို့အားတွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၆-၄၇)

၁၇၅။ တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် ထိုရဟန်းကို ထူပေးကြသဖြင့် ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ မသေစေလိုသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၄၈)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာဖြစ်နေရာ ရဟန်းတို့သည် သေစေလို၍ ထိုရဟန်းကို ထူပေးကြသဖြင့် ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၉-၅၀)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် ထိုရဟန်းကို လှည်းပေးကြသဖြင့် ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၁)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် သေစေလို၍ ထိုရဟန်းကို လှည်းပေးကြသဖြင့် ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅၂-၅၃)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် ထိုရဟန်းအား အစာကျွေးကြသဖြင့် ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၄)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာဖြစ်နေရာ ရဟန်းတို့သည် သေစေလို၍ ထိုရဟန်းကို အစာကျွေးကြသဖြင့် ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅၅-၅၆)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် ထိုရဟန်းအား အဖျော်တိုက်ကြသဖြင့် ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၇)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေရာ ရဟန်းတို့သည် သေစေလို၍ ထိုရဟန်းအား အဖျော်ကို တိုက်ကြသဖြင့် ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅၈-၅၉)

http://www.dhammadownload.com



၁၈၆။ တရံရောအခါ မိန်းမတယောက်သည် လင်ယောကျ်ား အရပ်တပါးသို့ သွားနေခိုက် 'လင်မရှိခိုက်' သယောက်လင် 'လင်ငယ်' နှင့် ကိုယ်ဝန်ရနေ၏၊ ထိုမိန်းမသည် အိမ်သို့ကပ်သော ဆရာရဟန်းကို "အသျှင်ဘုရား တောင်းပန်ပါရစေ၊ ကိုယ်ဝန်ကျဆေး 'သားလျှောဆေး' ကို သိတော်မူပါလော့" ဟု လျှောက်ရာ "ကောင်းပြီနှမ" ဟု ဝန်ခံ၍ ထိုမိန်းမအား ကိုယ်ဝန်ကျဆေးကို ပေးရာ (ဝမ်းတွင်းရှိ) ကလေးသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၆၀)

တရံရောအခါ ယောကျ်ားတယောက်အား မယား နှစ်ယောက်ရှိလေရာ တယောက်က မြုံ၍ တယောက်က သားဖွားသူ ဖြစ်၏၊ အမြုံမသည် အိမ်သို့ ကပ်သော ဆရာရဟန်းကို "အသျှင်ဘုရား ဤမိန်းမ သားဖွားလျှင် ဥစ္စာအားလုံးကို စိုးပိုင်သွားပါလိမ့်မည်၊ အသျှင်ဘုရား တောင်းပန် ပါရစေ၊ ထိုမိန်းမ၏ ကိုယ်ဝန်ကျဆေးကို သိတော်မူပါလော့" ဟု လျှောက်ရာ "ကောင်းပြီနှမ" ဟု ဝန်ခံ၍ ထိုမိန်းမအား ကိုယ်ဝန်ကျဆေးကိုပေးရာ ကလေးသေလေ၏၊ အမိကားမသေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၆၁)

တရံရောအခါ ယောကျ်ား တယောက်အား မယားနှစ်ယောက် ရှိလေရာ တယောက်က မြုံ၍ တယောက်က သားဖွားသူ ဖြစ်၏၊ အမြုံမသည် အိမ်သို့ ကပ်သော ဆရာရဟန်းကို "အသျှင်ဘုရား ဤမိန်းမ သားဖွားလျှင် ဥစ္စာအားလုံးကို စိုးပိုင်သွားပါလိမ့်မည်၊ အသျှင်ဘုရား တောင်းပန်ပါရစေ၊ ထိုမိန်းမ၏ ကိုယ်ဝန်ကျဆေးကို သိတော်မူပါလော့" ဟု လျှောက်ရာ "ကောင်းပြီ နှမ" ဟု ဝန်ခံ၍ ထိုမိန်းမအား ကိုယ်ဝန်ကျဆေးကို ပေးရာ မိခင် သေဆုံးပြီး ကလေးမသေပဲ ရှိ၏၊ ထို ရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း ပါရာဇိကအာပတ် မသင့်၊ ထုလ္လစ္စဉ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆၂)

တရံရောအခါ ယောကျ်ားတယောက်အား မယား နှစ်ယောက် ရှိလေရာ တယောက်ကမြုံ၍ တယောက်က သားဖွားသူဖြစ်၏၊ အမြုံမသည် အိမ်သို့ကပ်သော ဆရာရဟန်းကို "အသျှင်ဘုရား ဤမိန်းမ သားဖွားလျှင် ဥစ္စာအားလုံးကို စိုးပိုင်သွားပါလိမ့်မည်၊ အသျှင်ဘုရား တောင်းပန်ပါရစေ၊ ထိုမိန်းမ၏ ကိုယ်ဝန်ကျဆေးကို သိတော်မူပါလော့" ဟု လျှောက်ရာ "ကောင်းပြီနှမ" ဟု ဝန်ခံ၍ ထို မိန်းမအား ကိုယ်ဝန်ကျဆေးကို ပေးရာ သားအမိနှစ်ယောက်လုံး သေဆုံး၏။ပ။

သားအမိနှစ်ယောက်လုံး မသေကြချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆၃-၆၄)

၁၈၇။ တရံရောအခါ ကိုယ်ဝန်ဆောင် မိန်းမတယောက်သည် အိမ်သို့ ကပ်သော ဆရာရဟန်းကို "ကိုယ်ဝန်ကျဆေးကိုသိတော်မူပါလော့" ဟု လျှောက်ရာ သို့ဖြစ်လျှင် နှမ အနှိပ်ခံပေးလေ ဟုပြောဆို၏၊ ထိုမိန်းမသည် အနှိပ်ခိုင်း၍ ကိုယ်ဝန်ကို ပျက်စေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၆၅)

တရံရောအခါ ကိုယ်ဝန်ဆောင် မိန်းမတယောက်သည် အိမ်သို့ကပ်သော ဆရာရဟန်းကို "ကိုယ်ဝန်ကျဆေးကို သိတော်မူပါလော့" ဟု လျှောက်ရာ သို့ဖြစ်လျှင် နှမ အပူတိုက်ပေးလေ ဟု ပြောဆို၏၊ ထိုမိန်းမသည် အပူတိုက်၍ ကိုယ်ဝန်ကို ပျက်စေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီဟု (မိန့်တော်မူ၏)။ (၆၆)

http://www.dhammadownload.com



တရံရောအခါ အမြုံမ*တယောက်သည် အိမ်သို့ ကပ်သော ဆရာ ရဟန်းကို "တောင်းပန်ပါသည် အသျှင်ဘုရား၊ တပည့်တော်မ သားဖွားနိုင်မည့် ဆေးကို သိတော်မူပါလော့" ဟု လျှောက်ရာ "ကောင်းပြီနှမ" ဟု ဝန်ခံ၍ ထိုမိန်းမအား ဆေးပေးရာ ထိုမိန်းမသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆၇)

တရံရောအခါ သားဖွားတတ်သော မိန်းမ တယောက်သည် အိမ်သို့ ကပ်သော ဆရာရဟန်းကို "တောင်းပန်ပါသည် အသျှင်ဘုရား၊ တပည့်တော်မအား သားမဖွားနိုင်မည့်ဆေး 'ပဋိသန္ဓေ တားဆီးနိုင်သည့်ဆေး' ကို သိတော်မူပါလော့" ဟု လျှောက်တောင်းရာ "ကောင်းပြီ နှမ" ဟု ထိုမိန်းမအား ဆေးပေးလေရာ ထိုမိန်းမသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆၈)

တရံရောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းကို ချိုင်းထိုး ကစား ပျော်ပါးကြရာ ထိုရဟန်းသည် ပင်ပန်း၍ အသက် မရှူနိုင်သဖြင့် သေလေ၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ ပါရာဇိက အာပတ် မသင့် ဟု မိန့်တော်မူ၏။ (၆၉)

တရံရောအခါ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် ဆဗ္ဗဂ္ဂီ ရဟန်းကို ကံပြုကြမည် ဟု ဖိ၍ သေစေကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ ပါရာဇိက အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၇၀)

တရံရောအခါ ဘုတ်သွင်းဆေးသမား 'ပယောဂဆရာ' ဖြစ်ဘူးသော ရဟန်းသည် ဘီလူးကို သတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဥ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၇၁)

တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါးကို ကြမ်းသော ဘီလူးရှိသော ကျောင်းသို့ စေလွှတ်ရာ ထိုရဟန်းကို ဘီလူးတို့သည် သတ်ကုန်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း,သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၇၂)

တရံရောအခါ ရဟန်းတပါးသည် သေစေလိုသည် ဖြစ်၍ ရဟန်းတပါးကို ကြမ်းသော ဘီလူးရှိရာ ကျောင်းသို့ စေလွှတ်ရာ ထိုရဟန်းကို ဘီလူးတို့သည် သတ်ကုန်၏။ပ။

ထိုရဟန်းကို ဘီလူးတို့သည် မသတ်ကုန်၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း ပါရာဇိကအာပတ် မသင့်၊ထုလ္လစ္စဥ်းအာပတ် သင့်၏ ဟု(မိန့်တော်မူ၏)။ (၇၃-၇၄)

တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါးကို သားရဲရှိသော ခရီးကြမ်းသို့ စေလွှတ်ရာ သားရဲတို့သည် ထိုရဟန်းကို သတ်ကုန်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၇၅)

---

* ကိုယ်ဝန်ယူနိုင် 'လက်ခံနိုင်' သော်လည်း မတည်နိုင်သူကို ရည်ရွယ်၍ အမြုံမဟုဆိုရသည်၊ ဥတုလာသော မိန်းမတိုင်း ကိုယ်ဝန်ယူနိုင်လေသည်၊ အကုသိုလ်ကံအားကြီးသူသည် ထိုမိန်းမဝမ်း၌ လေ ပိုးတို့ကြောင့် ပျက်စီးရလေသည်၊ ယင်းတို့ကိုနိုင်အောင် ဆေးပေးရမည်ဖြစ်လျက် ထိုရဟန်းကား ဆေးပေးမှား၍ ထိုမိန်းမ သေဆုံးရသည်၊ ၎င်းဆေးပေးမှုကို ရည်ရွယ်၍ ဒုက္ကဋ် အာပတ် သင့်၏ ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် သေစေလိုသည်ဖြစ်၍ ရဟန်းတပါးကို သားရဲရှိသော ခရီးကြမ်းသို့ စေလွှတ်ရာ ထိုရဟန်းကို သားရဲတို့သည် သတ်ကုန်၏။ပ။

ထိုရဟန်းကို သားရဲတို့သည် မသတ်ကုန်၊ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်းအာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။ (၇၆-၇၇)

တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါးကို ခိုးသူရှိသော ခရီးကြမ်းသို့စေလွှတ်ရာ ထိုရဟန်းကို ခိုးသူတို့သည် သတ်ကုန်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၇၈)

တရံရောအခါ ရဟန်းတပါးသည် သေစေလိုသည် ဖြစ်၍ ရဟန်းတပါးကို ခိုးသူရှိသော ခရီးကြမ်းသို့ စေလွှတ်ရာ ထိုရဟန်းကို ခိုးသူတို့သည် သတ်ကုန်၏။ပ။

ထိုရဟန်းကို ခိုးသူတို့သည် မသတ်ကုန်၊ထိုရဟန်းအားတွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၇၉-၈၀)

၁၈၈။ တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါးကို ထိုရဟန်းဟု ထင်မှတ်၍ ထိုရဟန်းကိုပင် သတ်၏။ပ။ ထိုရဟန်း ဟု ထင်မှတ်၍ အခြား ရဟန်းကို သတ်၏။ပ။ အခြား ရဟန်း ဟု ထင်မှတ်၍ ထိုရဟန်းကို သတ်၏။ပ။ အခြား ရဟန်းဟု ထင်မှတ်၍ အခြား ရဟန်းကိုပင် သတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၈၁-၈၄)

တရံရောအခါ ရဟန်းတပါးကို ဘီလူးပူးဝင်သဖြင့် ရဟန်းတပါးက ထို(ဘီလူးပူးဝင်သော)ရဟန်းအား ရိုက်လေရာ ထိုရဟန်းသည် သေလေ၏၊ ထိုရဟန်းအားတွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၈၅)

တရံရော အခါ ရဟန်းတပါးကို ဘီလူး ပူးဝင်သဖြင့် ရဟန်းတပါးက သေစေလိုသည်ဖြစ်၍ ထို (ဘီလူးပူးဝင်သော)ရဟန်းအား ရိုက်လေရာ ထိုရဟန်းသည် သေလေ၏။ပ။

ထိုရဟန်းသည် မသေချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၈၆-၈၇)

တရံရောအခါ ရဟန်းတပါးသည် ကောင်းမှုရှင်အား နတ်ပြည်နှင့် စပ်သော တရားကို ဟောလေရာ ထိုကောင်းမှုရှင်သည် (နတ်ပြည်ကို) နှလုံးသွင်းလျက် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု သံသယကုက္ကုစ္စ'ဖြစ်၏။ပ။ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၈၈)

တရံရောအခါ ရဟန်းတပါးသည် ကောင်းမှုရှင်အား သေစေလိုသည် ဖြစ်၍ နတ်ပြည်နှင့်စပ်သော တရားကို ဟောလေရာ ထိုကောင်းမှုရှင်သည် (နတ်ပြည်ကို) နှလုံးသွင်းလျက် သေလေ၏။ပ။

ထို ကောင်းမှုရှင်သည် (နတ်ပြည်ကို) နှလုံးသွင်းလျက် မသေချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၈၉-၉၀)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် ငရဲလားမည့်သူအား ငရဲနှင့်စပ်သော တရားကို ဟောလေရာ ထိုသူသည် လန့်၍ သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၉၁)

တရံရောအခါ ရဟန်းတပါးသည် ငရဲလားမည့်သူအား သေစေလိုသည် ဖြစ်၍ ငရဲနှင့် စပ်သော တရားကို ဟောလေရာ ထိုသူသည် လန့်၍ သေလေ၏။ပ။

ထိုသူသည် လန့်၍ မသေချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၉၂-၉၃)

၁၈၉။ တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် အမှုသစ် 'နဝကမ္မ' ကို ပြုလုပ်ကြရာ သစ်ပင်ကို ဖြတ်လှည်းကြကုန်၏၊ရဟန်းတပါးသည် ရဟန်းတပါးကို "ငါ့သျှင် ဤဘက်မှ နေ၍ဖြတ်ပါ" ဟုပြောရာ ထို ပြောသောဘက်မှနေ၍ ဖြတ်လှည်းသော ထိုရဟန်းကို သစ်ပင်ပိ၍ သေစေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၉၄)

တရံရောအခါ အာဠဝီမြို့သား ရဟန်းတို့သည် အမှုသစ် 'နဝကမ္မ' ကို ပြုလုပ်ကြရာ သစ်ပင်ကို ဖြတ်လှည်းကြကုန်၏၊ ရဟန်းတပါးသည် သေစေလိုသည်ဖြစ်၍ ရဟန်းတပါးကို "ငါ့သျှင် ဤဘက်မှ နေ၍ ဖြတ်ပါ" ဟု ပြောရာ ထို ပြောသော ဘက်မှနေ၍ ဖြတ်လှည်းသော ထိုရဟန်းကို သစ်ပင်ပိ၍ သေစေ၏။ပ။

သစ်ပင်သည်ပိ၍ မသေချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၉၅-၉၆)

၁၉၀။ တရံရောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် တောမီးရှို့ကြရာ လူတို့သည် မီးလောင်၍ သေကုန်၏၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ သေစေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၉၇)

တရံရောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သေစေလိုသည်ဖြစ်၍ တောမီးရှို့ကြရာ လူတို့သည် မီးလောင်၍ သေကုန်၏။ပ။

လူတို့သည် မီးလောင်၍ မသေကုန်၊ ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းတို့ ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၉၈-၉၉)

၁၉၁။ တရံရောအခါ ရဟန်းတပါးသည် လူသတ်ရာ(သင်းချိုင်း)သို့ သွား၍ ခိုးသူ သတ်သော ယောကျ်ားကို "ဒါယကာ ဤသူကို မပင်ပန်းပါစေလင့်၊ တချက်ထည်း ခုတ်သတ်လိုက်ပါ" ဟု ပြောရာ "ကောင်းပါပြီ အသျှင်ဘုရား" ဟု လျှောက်ပြီး တချက်ထည်းခုတ်သတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၀၀)

တရံရောအခါ ရဟန်း တပါးသည် လူသတ်ရာ (သင်းချိုင်း)သို့ သွား၍ ခိုးသူ သတ်သော ယောကျ်ားကို "ဒါယကာ ဤသူကို မပင်ပန်းပါစေလင့်၊ တချက်ထည်း ခုတ်သတ်လိုက်ပါ" ဟု ပြောရာ ထိုဒါယကာသည် "အသျှင်ဘုရား၏ စကားကိုနားမထောင်နိုင်" ဟု ပြန်လျှောက်ပြီး ထိုသူကို သတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၀၁)

http://www.dhammadownload.com



၁၉၂။ တရံရောအခါ ယောကျ်ားတယောက်သည် ဆွေမျိုးအိမ်၌ လက်ပြတ် ခြေပြတ်ဖြစ်၍ ဆွေမျိုးတို့သည် ဝိုင်းရံ၍ နေကုန်၏၊ ရဟန်းတပါးသည် ထိုလူတို့ကို "ဒါယကာတို့ ဤသူ့ကို သေစေလိုကြသလော" ဟု မေးရာ "အသျှင်ဘုရား သေစေလိုကြပါသည်" ဟု လျှောက်ကုန်၏၊ သို့ဖြစ်လျှင် ရက်တက်ရည်ကို တိုက်ကြကုန် ဟု ပြောသဖြင့် ထိုလူတို့သည် ထိုသူ့ကို ရက်တက်ရည် တိုက်ကြရာ ထိုသူသည် သေလေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၀၂)

တရံရောအခါ ယောကျ်ားတယောက်သည် ဆွေမျိုးအိမ်၌ လက်ပြတ် ခြေပြတ်ဖြစ်၍ ဆွေမျိုးတို့သည်ဝိုင်းရံ၍နေကုန်၏၊ ရဟန်းမိန်းမ 'ဘိက္ခုနီမ' တယောက်သည် ထိုလူတို့ကို "ဒါယကာတို့ ဤသူကို သေစေလိုကြသလော" ဟု မေးရာ "အသျှင်မ သေစေလိုကြပါသည်" ဟု လျှောက်ကုန်၏၊ သို့ဖြစ်လျှင် လောဏသောဝီရက ဆေးကို တိုက်ကျွေးကြလော့ဟု ပြောသဖြင့် ထိုလူတို့သည် ထိုသူ့ကို လောဏသောဝီရက ဆေးကို တိုက်ကြရာ ထိုသူသည် သေလေ၏၊ ထိုရဟန်းမိန်းမအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်လေ၏၊ ထိုအခါ ထိုရဟန်းမိန်းမသည် အခြား ရဟန်းမိန်းမတို့အား ဤအကြောင်းကို လျှောက်လေ၏၊ ရဟန်းမိန်းမတို့သည် ရဟန်းယောကျ်ားတို့အား ဤအကြောင်းကို (တဆင့်) လျှောက်ကုန်၏၊ ရဟန်း ယောကျ်ားတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကုန်၏၊ ရဟန်းတို့ ထိုရဟန်းမိန်းမသည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၀၃)

ဝိနီတဝတ္ထု ဖြတ်ထုံးများ ပြီး၏

**တတိယပါရာဇိက ပြီး၏။**

http://www.dhammadownload.com

# ၄-စတုတ္ထပါရာဇိက

## ဝဂ္ဂုမုဒါ မြစ်ကမ်းနေရဟန်းများ ဝတ္ထု

၁၉၃။ အခါတပါး၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေသာလီမြို့ မဟာဝုန်တောပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူသော အခါ မြင်ဘူးကာမျှ မိတ်ဆွေ အတူနေ အတူစား မိတ်ဆွေ ဖြစ်ကုန်သော များစွာသော ရဟန်းတို့သည် ဝဂ္ဂုမုဒါ မြစ်ကမ်း၌ ဝါကပ် နေထိုင်ကြကုန်၏။

ထိုအခါ ဝဇ္ဇီတိုင်းသည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသော အရိုးရှိ၏၊ စာရေးတံ လက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ်လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ၊ ထိုအခါ ရဟန်းတို့အား—

"ယခုအခါ ဝဇ္ဇီတိုင်းသည် အစာခေါင်းပါး၏၊ အသက်မွေးရန် ခဲယဉ်း၏၊ ဖွေးဖွေးဖြူသော အရိုးရှိ၏၊ စာရေးတံ လက်မှတ်ဖြင့် အသက်မွေးရ၏၊ သပိတ် လက်စွဲ၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူချေ၊ ငါတို့သည် အဘယ်နည်းဖြင့် အညီအညွတ် ဝမ်းမြောက် ဝမ်းသာ မငြင်းခုံကြပဲ ချမ်းသာစွာ ဝါကပ်ကြရပါအံ့နည်း၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိပါကုန်အံ့နည်း" ဟု အကြံဖြစ်၏။ အချို့သော ရဟန်းတို့က—

"ငါ့သျှင်တို့ ယခု ငါတို့သည် လူတို့၏ အမှုကြီးငယ်ကို စီရင်ကုန်အံ့၊ ဤသို့ စီရင်လျှင် ထိုလူတို့သည် ငါတို့အား ပေးလှူကြဘို့ရာ အမှတ်ရကြပေလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ ချမ်းသာစွာ ဝါကပ်ကြရပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြရပေလိမ့်မည်" ဟု ပြောဆိုကြကုန်၏။ အချို့သော ရဟန်းတို့က—

"ငါ့သျှင်တို့ လူတို့၏ အမှုကြီးငယ်ကို စီရင်ကြခြင်းဖြင့် အကျိုးမရှိကြပါ၊ ငါ့သျှင်တို့ ယခု ငါတို့သည် လူတို့၏ တမန်မှုကို ဆောင်ကုန်အံ့၊ ဤသို့ ဆောင်လျှင် ထိုလူတို့သည် ငါတို့အား ပေးလှူကြဘို့ရာ အမှတ်ရကြပေလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ ချမ်းသာစွာ ဝါကပ်ကြရပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြရပေလိမ့်မည်" ဟု ပြောဆိုကြကုန်၏။ အချို့သော ရဟန်းတို့က—

"ငါ့သျှင်တို့ မသင့်လျော်ပါ၊ လူတို့၏ အမှုကြီးငယ်ကို စီရင်ကြခြင်းဖြင့် အဘယ်အကျိုး ရှိကြပါမည်နည်း၊ လူတို့၏ တမန်မှုကို ဆောင်ခြင်းဖြင့် အဘယ် အကျိုးရှိကြပါမည်နည်း၊ ငါ့သျှင်တို့ ယခု ငါတို့သည် လူတို့အား အချင်းချင်း၏ လူတို့ကုသိုလ် ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော မျာန်မဂ်ဖိုလ် တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကုန်အံ့၊ 'ဤအမည်ရှိသော ရဟန်းသည် ပဌမဈာန်ကို ရ၏၊ ဤအမည်ရှိသော ရဟန်းသည် ဒုတိယဈာန်ကို ရ၏၊ ဤအမည်ရှိသော ရဟန်းသည် တတိယဈာန်ကို ရ၏၊ ဤအမည်ရှိသော ရဟန်းသည် စတုတ္ထဈာန်ကိုရ၏၊ ဤအမည်ရှိသော ရဟန်းသည် သောတာပန်တည်း၊ ဤအမည်ရှိသော ရဟန်းသည် သကဒါဂါမ်တည်း၊ ဤအမည်ရှိသော ရဟန်းသည် အနာဂါမ်တည်း၊ ဤအမည်ရှိသော ရဟန်းသည် ရဟန္တာတည်း၊ ဤအမည်ရှိသော ရဟန်းသည် ဝိဇ္ဇာသုံးပါးကိုရ၏၊ ဤအမည်ရှိသော ရဟန်းသည် အဘိညာဏ်ခြောက်ပါးကို ရ၏' ဟု ပြောဆိုကုန်အံ့၊ ဤသို့ပြောဆိုကြလျှင်

http://www.dhammadownload.com



ထိုလူတို့သည် ငါတို့အား ပေးလှူသင့်သည်ဟု မှတ်ထင်ကြပေလိမ့်မည်၊ ဤသို့ လှူဒါန်းကြလျှင် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ ချမ်းသာစွာ ဝါကပ်ကြရပေလိမ့်မည်၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြရပေလိမ့်မည်" ဟု ပြောဆိုကြကုန်၏။

ငါ့သျှင်တို့ လူတို့အား အချင်းချင်း၏ လူတို့ ကုသိုလ် ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောခြင်းသည်သာလျှင် မြတ်၏ ဟု သဘောတူညီကြလေ၏။

၁၉၄။ ထို့နောက် ထိုရဟန်းတို့သည် လူတို့အား အချင်းချင်း၏ လူတို့ ကုသိုလ် ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကြကုန်၏၊ "ဤအမည်ရှိသော ရဟန်းသည် ပထမဈာန်ကိုရ၏။ပ။ ဤအမည်ရှိသော ရဟန်းသည် အဘိညာဏ် ခြောက်ပါးကို ရ၏" ဟု ပြောဆိုကြကုန်၏။

ထိုအခါ ထိုလူတို့သည် "ငါတို့အား အရ တော်ကြလေစွတကား၊ ငါတို့သည် ကောင်းစွာ ရကြပေစွတကား၊ အကြင်ငါတို့၏အထံ၌ ဤကဲ့သို့သော ရဟန်းတော်များသည် ဝါကပ်တော်မူကြ ပေသည်တကား၊ အကျင့်သီလနှင့် ကောင်းသော တရားမမှရှိကုန်သော ဤရဟန်းတို့ကဲ့သို့သော ရဟန်းတို့သည် ဤအခါမှ ရှေးက ငါတို့၏အထံ၌ ဝါကပ်တော်မမူကြဘူးပေတကား" ဟု အကြင် ဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်မျိုးတို့ကို မိမိတို့ မသုံးဆောင်ကြ မခဲကြ မလျက်ကြ မသောက်ကြကုန်၊ မိဖ သားမယား ကျွန်အမှုလုပ် မိတ်ဆွေခင်ပွန်း ဆွေမျိုး သားချင်းတို့အား မပေးကြကုန်၊ ထိုဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ်တို့ကို ရဟန်းတို့အားသာ ပေးလှူကြကုန်၏။

ထိုအခါ ထိုရဟန်းတို့အား အဆင်းလှခြင်း ဣန္ဒြေပြည့်ဖြိုးခြင်း မျက်နှာအဆင်း ကြည်လင်ခြင်း ကိုယ်ရေအဆင်း အထူး ကြည်လင်ခြင်း ရှိကြကုန်၏။

ဝါမှ ထကုန်သော ရဟန်းတို့၏ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့ရန် ချဉ်းကပ်ကြခြင်းသည် အလေ့အထပင်ဖြစ်၏။

ထိုအခါ သုံးလ လွန်မြောက်၍ ဝါမှ ထကုန်သော ထိုရဟန်းတို့သည် ကျောင်းအိပ်ရာ နေရာကို သိမ်းပြီးလျှင် သပိတ်သင်္ကန်းကိုယူ၍ ဝေသာလီမြို့သို့ ချဉ်းကပ်ကုန်၏၊ အစဉ်သဖြင့် ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားကိုရှိခိုး၍ တခုသောနေရာ၌ နေကြကုန်၏။

ထိုအခါ အရပ်လေးမျက်နှာတို့၌ ဝါမှ ထကုန်သော ရဟန်းတို့သည် ပိန်ကြုံကြကုန်၏၊ အသွေးအသား ခေါင်းပါးကြကုန်၏၊ မလှသော ရုပ်အဆင်း ရှိကြကုန်၏၊ (ဖက်ချက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိကြကုန်၏၊ (ကွန်ရက်ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိကြကုန်၏၊ ဝဂ္ဂုမုဒါ မြစ်ကမ်းနေ ရဟန်းတို့သည်ကား လှပသော အဆင်းရှိကြကုန်၏၊ ပြည့်ဖြိုးသော ဣန္ဒြေရှိကြကုန်၏၊ ကြည်လင်သော မျက်နှာအဆင်း ရှိကြကုန်၏၊ အထူးကြည်လင်သော ကိုယ်ရေအဆင်းရှိကြကုန်၏။

အာဂန္တု ရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့ အထပင် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့အား—

http://www.dhammadownload.com



"ရဟန်းတို့ ကျန်းမာကြကုန်၏လော၊ မျှတကြကုန်၏လော၊ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းမခုံပဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရကုန်၏လော၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြကုန်၏လော" ဟု မေးတော်မူရာ—

ကျန်းမာကြပါသည် မြတ်စွာဘုရား၊ မျှတကြပါသည်မြတ်စွာဘုရား၊ တပည့်တော်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းမခုံပဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြရပါသည် မြတ်စွာဘုရား၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲရှိကြပါကုန်သည် မြတ်စွာဘုရား ဟု (လျှောက်ထားကုန်၏)။

ဘုရားသျှင်တို့သည် သိလျက်လည်း မေးတော်မူကုန်၏၊ သိလျက်လည်း မေးတော် မမူကုန်။ပ။ "တရားကိုသော်လည်း ဟောကုန်အံ့၊ တပည့်သာဝကတို့အား သိက္ခာပုဒ်ကိုသော်လည်း ပညတ်ကုန်အံ့" ဟူသော အကြောင်း နှစ်မျိုးတို့ဖြင့် ဘုန်းတော်ကြီးကုန်သော မြတ်စွာဘုရားတို့သည် ရဟန်းတို့ကို မေးတော်မူကုန်၏။

ထို့နောက် မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါ မြစ်ကမ်းနေ ရဟန်းတို့ကို "ရဟန်းတို့၊ သင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းမခုံပဲ ချမ်းသာစွာ ဝါကပ်ခဲ့ကြကုန်သနည်း၊ ဆွမ်းအတွက်လည်း မပင်ပန်းပဲ ရှိကြကုန်သနည်း" ဟု မေးတော်မူသော အခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို ပြန်လျှောက်ထားကြကုန်၏။

ရဟန်းတို့ အသို့နည်း သင်တို့အား (ဈာန်မဂ်ဖိုလ်တရား) ထင်ရှား ရှိကြပါ၏လော ဟု (မေးတော်မူရာ)—

ထင်ရှားမရှိပါ မြတ်စွာဘုရားဟု (လျှောက်ထားကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

"(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့(ဤအပြုအမူသည်)ရဟန်းတို့အားမလျော်ကပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ်၊ မအပ်၊ မပြုသင့်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ်ကြောင့် ဝမ်းရေးအတွက် လူတို့အား အချင်းချင်း၏ လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုကြကုန်ဘိသနည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် ထက်လှစွာသော နွားသတ်ဓားဖြင့် မိမိ၏ဝမ်းပိုက်ကို ဖောက်ခွဲ လှီးဖြတ်ရခြင်းက မြတ်သေး၏၊ ဝမ်းရေးအတွက် လူတို့အား အချင်းချင်း၏ လူတို့ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းသည်ကား မမြတ်သည်သာတည်း။

ထိုသို့ ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ထိုဓားဖြင့် သတ်ခြင်းဟူသော အကြောင်းကြောင့် သေခြင်းသို့ သော်၎င်း သေလောက်နီးပါး ဒုက္ခသို့ သော်၎င်း ရောက်ရာ၏၊ ထိုဓားဖြင့် မိမိဝမ်းပိုက်ကို ဖောက်ခွဲ လှီးဖြတ်ခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲသို့ကား မရောက်နိုင် သည်သာတည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤလူတို့ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းဟူသော အကြောင်းကြောင့်

http://www.dhammadownload.com



ကား ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲသို့ ရောက်ရပေတော့အံ့။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ပြုမိသော) အမှုသည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။ ကဲ့ရဲ့ပြီး၍ တရားစကားကို ဟောကြားတော်မူပြီးနောက် ရဟန်းတို့ကို မိန့်တော်မူ၏။

## ခိုးသူကြီး ငါးယောက်

၁၉၅။ ရဟန်းတို့ လောက၌ ဤခိုးသူကြီး ငါးယောက်တို့သည် ထင်ရှားရှိကုန်၏၊ ငါးယောက်တို့ကား အဘယ်နည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ခိုးသူကြီးအား "ငါသည် ဘယ်အခါ၌ (တပည့်) အရာ အရာထောင်ခြံရံ၍ ဘတ်လျက် သတ်စေလျက် ဖြတ်လျက် ဖြတ်စေလျက် ချက်ပြုတ်လျက် ချက်ပြုတ်စေလျက် ရွာနိဂုံး မင်းနေပြည်တို့၌ လှည့်လည် ကျက်စားရပါအံ့နည်း" ဟု အကြံအစည်ဖြစ်၏၊ အခါတပါး၌ ထိုခိုးသူကြီးသည် (တပည့်) အရာအထောင်ခြံရံ၍ သတ်လျက် သတ်စေလျက် ဖြတ်လျက် ဖြတ်စေလျက် ချက်ပြုတ်လျက် ချက်ပြုတ်စေလျက် ရွာ နိဂုံးမင်းနေပြည်တို့၌ လှည့်လည်ကျက်စားရ၏။

ရဟန်းတို့ ဤအတူပင် ဤသာသနာတော်၌ အချို့သော ရဟန်းယုတ်အား—

"ငါသည် အဘယ်အခါ၌ (တပည့်) အရာအထောင် ခြံရံ၍ လူရှင်ရဟန်းတို့၏ ကောင်းသော အပြုအစုခံလျက် အလေးပြုခံလျက် အမြတ်နိုးခံလျက် အပူဇော်ခံလျက် အရိုအသေခံလျက် သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို ရသည်ဖြစ်၍ ရွာ နိဂုံး မင်းနေပြည်တို့၌ ဒေသစာရီ လှည့်လည်ရပါအံ့နည်း" ဟု အကြံဖြစ်၏။

အခါတပါး၌ ထိုရဟန်းယုတ်သည် (တပည့်) အရာအထောင် ခြံရံ၍ လူရှင်ရဟန်းတို့၏ ကောင်းသော အပြုအစုခံလျက် အလေးပြုခံလျက် အမြတ်နိုးခံလျက် အပူဇော်ခံလျက် အရိုအသေခံလျက် သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို ရသည်ဖြစ်၍ ရွာ နိဂုံး မင်းနေပြည်တို့၌ ဒေသစာရီ လှည့်လည်ရ၏။

ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော ပဌမ ခိုးသူကြီး ပေတည်း၊

ရဟန်းတို့ ထို့ပြင်လည်း ဤသာသနာတော်၌ အချို့သော ရဟန်းယုတ်သည် မြတ်စွာဘုရား ဟောတော်မူသော သုတ် အဘိဓမ္မာ ဝိနည်း ဒေသနာတော်ကို သင်ယူ၍ ကိုယ်ပိုင် ပြုထား၏ (ဆရာ စား မထား)။

ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော ဒုတိယ ခိုးသူကြီးပေတည်း။

ရဟန်းတို့ ထို့ပြင်လည်း ဤသာသနာတော်၌ အချို့သော ရဟန်းယုတ်သည် စင်ကြယ်သော အကျင့်ရှိသော ထက်ဝန်းကျင် စင်ကြယ်သော အကျင့်ကို ကျင့်သော ဿီတင်းသုံးဖော်ကို အခြေ အမြစ်မရှိသော မမြတ်သောအကျင့် (မေထုန်အကျင့်) ဖြင့် စွပ်စွဲ၏။

ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော တတိယ ခိုးသူကြီးပေတည်း။

ရဟန်းတို့ ထို့ပြင်လည်း ဤသာသနာတော်၌ အချို့သော ရဟန်းယုတ်သည် သံဃာ၏ ဂရုဘဏ် ဂရုပရိက္ခရာ ဖြစ်ကုန်သော အရံ အရံမြေရာ ကျောင်း ကျောင်းမြေရာ ညောင်စောင်း 'ခဋ္ဋင်' အင်းပျဉ် 'ခုံရှည်' ဟုလျှို 'ဖုံ' ခေါင်းအုံး ကြေးအိုး သံအိုး ကြေးသံအိုးစရည်းကြီး ကြေးသံအင်တွဲ 'အင်တုံဇလုံ'

http://www.dhammadownload.com



ကြေးသံဖျဉ်းအိုး ပဲခွပ် ပုဆိန် ခေါးမ ပေါက်တူး ဆောက် နွယ် ဝါး ဖြူဆံမြက် ပြိတ်မြက် (ကြွင်းသော) မြက် မြေညက် သစ်ဘဏ္ဍာ မြေဘဏ္ဍာ (ဤနှစ်ဆယ့်ငါးမျိုး) တို့ဖြင့် လူကိုချီးမြှောက်၏ ဖြား ယောင်း၏။

ရဟန်းတို့ ဤသည်ကား လောက၌ ထင်ရှားရှိသော စတုတ္ထ ခိုးသူကြီးပေတည်း။

ရဟန်းတို့ အကြင်ရဟန်းသည် (မိမိသန္တာန်၌) ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားကို ဝါကြွား ပြောဆို၏၊ ဤရဟန်းသည် နတ်နှင့်တကွသော မာရ်နတ်နှင့် တကွသော ဗြဟ္မာနှင့်တကွသော ဤသြကာသ လောကဝ်၌ငင်း ရဟန်းပုဏ္ဏားနှင့်တကွသော မင်းများ လူများနှင့် တကွသော ဤသတ္တဝါအပေါင်း၌ငင်း ... ဆုံး အကြီးဆုံး ခိုးသူကြီးပေတည်း၊ ထိုသို့ဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်း ဆိုလျှင် ရဟန်း တို့ တိုင်းသူပြည်သားတို့၏ ဆွမ်းကို ခိုး၍ စားသောကြောင့်ပေတည်း။

"မိမိသန္တာန်မှာ မြင့်မြတ်သော တရားမရှိပဲလျက် မြင့်မြတ်သော တရားရှိဟန် ပြောဆိုသော ရဟန်းသည် စဉ်းလဲသော ကစားသမား (ငှက်မုဆိုး) ကဲ့သို့ ပြည်သူတို့၏ ဆွမ်းကို ခိုးစားသည် မည်၏။

သင်္ကန်းကို လည်တွင်သိုင်း၍ ညစ်ညမ်းသော သဘောရှိကုန်သော စောင့်စည်းမှု ကင်းကွာ၍ ယုတ်မာကုန်သော များစွာသော ရဟန်းတို့သည် မကောင်းမှု အကုသိုလ်ကြောင့် ငရဲသို့ ကပ်ရောက်ကြရကုန်၏။

အကျင့်သီလ မရှိပဲ စောင့်ထိန်းမှု သံဝရ မရှိပဲ တိုင်းသူပြည်သားတို့ လှူဒါန်းသော ဆွမ်းကို စားခြင်းထက် ရဲရဲညီး ဖုတ်ထားသော သံတွေခဲကို စားရခြင်းက မြတ်သေး၏"။

ထိုနောက် မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါမြစ်ကမ်းနေ ထိုရဟန်းတို့ကို များစွာသော အကြောင်း ဖြင့် ကဲ့ရဲ့တော်မူပြီးလျှင် ကိုယ်တိုင် ပြုစု မွေးမြူရန် ခက်ခဲခြင်း သူတပါးတို့က ပြုစုမွေးမြူရန် ခက်ခဲ ခြင်း၏။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) ၁၉၆။ "အကြင်ရဟန်းသည် မသိပဲ ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ် သော ဉာဏ်အမြင် ဟု ဆိုအပ်သော လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို မိမိသို့ ဆောင်ကပ်၍ 'ဤသို့ငါသိ၏၊ ဤသို့ငါမြင်၏' ဟု ပြောကြား ငြားအံ့၊ ထိုသို့ပြောကြားပြီးမှ နောက်အခါ၌ (သူတပါးတို့) မေးစစ်အပ်၍ သော်ငင်း မမေး စစ်အပ်ပဲသော်ငင်း အာပတ်သင့် ရောက်ပြီး၍ စင်ကြယ်ခြင်းကို အလိုရှိရကား 'ငါ့သျှင်တို့ ဤသို့ မသိပဲ သိ၏ ဟု ဆိုမိပြီ မမြင်ပဲမြင်၏ ဟု ဆိုမိပြီ၊အချည်းအနှီးမှားယွင်းသော စကားကို ပြောမိပြီ' ဟု ပြောဆိုငြားအံ့၊ ဤရဟန်း သည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏၊ ရဟန်း ကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၁၉၇။ ထိုအခါ များစွာသော ရဟန်းတို့သည် မမြင်အပ်သေးသည်၌ မြင်အပ်ပြီ ဟု အမှတ်ရှိကြ ၍ မရောက်အပ်သေးသည်၌ ရောက်အပ်ပြီ ဟု အမှတ်ရှိကြ၍ မရအပ်သေးသည်၌ ရအပ်ပြီ ဟု အမှတ်

http://www.dhammadownload.com



ရှိကြ၍ မျက်မှောက် မပြုအပ်သေးသည်၌ မျက်မှောက်ပြုအပ်ပြီ ဟု အမှတ်ရှိကြ၍ အထင်ကြီးမှုဖြင့် အရဟတ္တဖိုလ်ကို ပြောကြားကြကုန်၏၊ ထိုရဟန်းတို့အား အခါတပါး၌ ရာဂဖြစ်ဖို့လည်း စိတ်ညွတ်၏၊ ဒေါသဖြစ်ဖို့လည်း စိတ်ညွတ်၏၊ မောဟ ဖြစ်ဖို့လည်း စိတ်ညွတ်၏၊ "မြတ်စွာဘုရားသည် သိက္ခာပုဒ်ကို ပညတ်တော်မူပြီးပြီ၊ ငါတို့ သည်လည်း မမြင်အပ်သေးသည်၌ မြင်အပ်ပြီ ဟု အမှတ်ရှိကြ၍ မရောက်အပ်သေးသည်၌ ရောက်အပ်ပြီ ဟု အမှတ်ရှိကြ၍ မရအပ်သေးသည်၌ ရအပ်ပြီ ဟု အမှတ်ရှိကြ၍ မျက်မှောက် မပြုအပ်သေးသည်၌ မျက်မှောက်ပြုအပ်ပြီ ဟု အမှတ်ရှိကြ၍ အထင်ကြီးမှုဖြင့် အရဟတ္တဖိုလ်ကို ပြောကြားမိကုန်ပြီ၊ အဘယ်သို့နည်း ငါတို့သည် ပါရာဇိက ကျလေကုန်သလော" ဟု ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏။

အသျှင်အာနန္ဒာအား ဤအကြောင်းကို လျှောက်ထားကြရာ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

အာနန္ဒာ အကြင်ရဟန်းတို့သည် မမြင်အပ်သေးသည်၌ မြင်အပ်ပြီ ဟု အမှတ်ရှိကြ၍ မရောက်အပ်သေးသည်၌ ရောက်အပ်ပြီ ဟု အမှတ်ရှိကြ၍ မရအပ်သေးသည်၌ ရအပ်ပြီ ဟု အမှတ်ရှိကြ၍ မျက်မှောက်မပြုအပ်သေးသည်၌ မျက်မှောက် ပြုအပ်ပြီ ဟု အမှတ်ရှိကြ၍ အရဟတ္တဖိုလ်ကို ပြောကြားမိတတ်ကုန်၏၊ ထိုအထင်ကြီးသဖြင့် အရဟတ္တဖိုလ်ကို ပြောကြားခြင်းကိုကား အာပတ်သင့်ခြင်း၏ အကြောင်း ဟု မခေါ်ဝေါ်လောက်" ဤသို့ (မိန့်တော်မူ၏)။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၄။ (ခ) "အကြင်ရဟန်းသည် မသိပဲ ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော မြတ်သော ဉာဏ်အမြင် ဟု ဆိုအပ်သော လူတို့ ကုသိုလ်ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော ဈာန် မဂ်ဖိုလ်တရားကို မိမိသို့ ဆောင်ကပ်၍ 'ဤသို့ငါသိ၏၊ ဤသို့ငါမြင်၏' ဟု ပြောကြားငြားအံ့၊ ထိုသို့ပြောကြားပြီးမှ နောက်အခါ၌ (သူတပါးတို့) မေးစစ်အပ်၍သော်၎င်း မမေးစစ်အပ်ပဲ သော်၎င်း အာပတ်သင့်ရောက်ပြီး၍ စင်ကြယ်ခြင်းကို အလိုရှိရကား 'ငါ့သျှင်တို့ ဤသို့ငါမသိပဲ သိ၏ ဟု ဆိုမိပြီ မမြင်ပဲ မြင်၏ဟု ဆိုမိပြီ၊ အချည်းအနှီး မှားယွင်းသော စကားကို ပြောမိပြီ' ဟု ပြောဆိုငြားအံ့၊ အထင်ကြီးမှုကို ကြဉ်၍ ဤရဟန်းသည်လည်း သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်း ရခြင်းမရှိ" ဤသို့(ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၄-စတုတ္ထ ပါရာဇိက သိက္ခာပုဒ်အဖွင့်

၁၉၇။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်း အဖြစ်သို့ ရောက်သောသူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**မသိပဲ** ဟူသည် မိမိ၌ မရှိသော မဟုတ်မမှန်သော ထင်ရှားမရှိသော ကုသိုလ်တရားကို "ငါ့အား ကုသိုလ်တရားရှိ၏" ဟု မသိပဲ မမြင်ပဲ။

**လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရား** မည်သည် ဈာန် ဝိမောက္ခ သမာဓိ သမာပတ် ဉာဏ်အမြင် မဂ်ကို ပွါးများခြင်း ဖိုလ်ကို မျက်မှောက်ပြုခြင်း ကိလေသာကို ပယ်ခြင်း နီဝရဏမှ ကင်းခြင်း ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ မွေ့လျော်ခြင်းတည်း။

http://www.dhammadownload.com



**မိမိသို့ ဆောင်ကပ်၍** ဟူသည် ထိုကုသိုလ်တရားတို့ကိုသော်လည်း မိမိသို့ ဆောင်ကပ်၏၊ မိမိကို သော်လည်း ထိုကုသိုလ်တရားတို့သို့ ဆောင်ကပ်၏။

**ဉာဏ်** ဟူသည် ဝိဇ္ဇာ သုံးပါးတည်း။

**အမြင်** ဟူသည် ဉာဏ်သည် အမြင် မည်၏၊ အမြင်သည် ဉာဏ် မည်၏။

**ပြောကြားငြားအံ့** ဟူသည် မိန်းမအားသော်ငြား ယောကျ်ားအားသော်ငြား လူအားသော်ငြား ရဟန်းအားသော်ငြား ပြောကြားငြားအံ့။

**ဤသို့သိ၏ ဤသို့မြင်၏** ဟူသည် "ထိုတရားတို့ကို ငါသိ၏၊ ထိုတရားတို့ကို ငါမြင်၏၊ ထိုတရားတို့ သည်လည်း ငါ၌ရှိ၏၊ ငါသည်လည်း ထိုတရားတို့၌ ထင်၏" ဟု (ပြောကြားခြင်းတည်း)။

**ထိုသို့ ပြောကြားပြီးမှ နောက်အခါ၌** ဟူသည် အကြင်ခဏ၌ ပြောကြား၏၊ ထိုခဏ ထိုလယ ထိုမုဟုတ်ကို လွန်သည်ရှိသော်။

**သူတပါးတို့ မေးစစ်အပ်၍သော်ငြား** ဟူသည် အကြင် ဝတ္ထုကို ဝန်ခံ၏၊ ထိုဝတ္ထုကို "သင်သည် အဘယ်တရားကို ရသနည်း သင်သည် အဘယ်သို့ရသနည်း၊ သင်သည် အဘယ်အခါ၌ ရသနည်း၊ သင် သည် အဘယ် အရပ်၌ ရသနည်း၊ သင်သည် အဘယ်မည်သော ကိလေသာတို့ကို ပယ်သနည်း၊ သင် သည် အဘယ်မည်သော တရားတို့ကို ရသနည်း" ဟု မေးစစ်သည် ရှိသော်။

**မမေးစစ်အပ်ပဲသော်ငြား** ဟူသည် တဦးတယောက်ကမျှ မမေး မစစ်ပဲ။

**အာပတ်သင့်ရောက်ပြီး၍** ဟူသည် ယုတ်ညံ့သော အလိုဆိုး ရှိသည်ဖြစ်၍ အလိုဆိုး နှိပ်စက်အပ် သည် ဖြစ်၍ ထင်ရှား မရှိသော မဟုတ်မမှန်သော လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန် မြတ်သော ဈာန်မဂ်ဖိုလ် တရားကို ဝါကြွား ပြောဆိုမိ၍ ပါရာဇိက အာပတ်သို့ ရောက်ပြီးသည်ဖြစ်၏။

**စင်ကြယ်ခြင်းကို အလိုရှိရကား** ဟူသည် လူသော်ငြား ဖြစ်လို၍ ဥပါသကာသော်ငြား ဖြစ်လို၍ အရံစောင့်သော်ငြား ဖြစ်လို၍ သာမဏေသော်ငြား ဖြစ်လို၍။

**ငါ့သျှင်တို့ ဤသို့ ငါမသိပဲ သိ၏ ဟု ဆိုမိပြီ မမြင်ပဲ မြင်၏ ဟု ဆိုမိပြီ** ဟူသည် "ငါသည် ထိုတရား တို့ကို မသိပါ ငါသည် ထိုတရားတို့ကို မမြင်ပါ ထိုတရားတို့သည်လည်း ငါ၌ မရှိကြပါ၊ ငါသည်လည်း ထိုတရားတို့၌ မထင်ပါ" ဟု (ပြောဆိုခြင်းတည်း)။

**အချည်းအနှီး မှားယွင်းသောစကားကို ပြောဆိုမိပြီ** ဟူသည် ငါသည် အချည်းနှီးသော စကားကို ပြောဆိုမိပြီ၊ ငါသည် မှားယွင်းသော စကားကို ပြောဆိုမိပြီ၊ မဟုတ်မမှန်သော စကားကို ပြောဆိုမိပြီ၊ ငါသည် မသိပဲ ပြောဆိုမိပြီ။

**အထင်ကြီးခြင်းကို ကြဉ်၍** ဟူသည် အထင်ကြီးခြင်းကို ထား၍။

**ဤရဟန်းသည်လည်း** ဟူသည်ကို ရှေးရဟန်းတို့ကို ထောက်၍ ဆိုအပ်၏။

**သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏** ဟူသည် ဥပမာသော်ကား လည်ဆစ်ပြတ်ကျိုးလေ ပြီးသော ထန်းပင်သည် နောက်ထပ် စည်ပင်ပေါက်ရောက်ခြင်းငှါ မဖြစ်နိုင်သကဲ့သို့ ဤအတူပင် ရဟန်း သည် ယုတ်ညံ့သော အလိုဆိုး ရှိသည် ဖြစ်၍ အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍ ထင်ရှားမရှိသော မဟုတ်မမှန်သော လူတို့ ကုသိုလ်ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော(ဈာန်မဂ်ဖိုလ်)တရား ကို ဝါကြွား ပြောဆိုမိ၍ ရဟန်း မဟုတ်တော့ပေ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ ပေ၊ ထို့ကြောင့် "သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏" ဟု ဆိုရ၏။

http://www.dhammadownload.com



**ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်းမရှိ** ဟူရာ၌ ပေါင်းသင်းခြင်းမည်သည် အတူတကွ ပိနည်းကံ ပြုမှု အတူတကွ ပါတိမောက် ရွတ်(ပြ)မှု တူမျှသော ကျင့်ကြံနေထိုင်မှုတည်း၊ ဤအလုံးစုံသည် ပေါင်းသင်းခြင်း မည်၏၊ ထိုပေါင်းသင်းခြင်းသည် ထို(ပါရာဇိကကျသော) ရဟန်းနှင့် အတူတကွ မရှိတော့ပေ၊ ထို့ကြောင့် "ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိ" ဟု ဆိုရ၏။

၁၉၉။ **လူတို့ ကုသိုလ် ကမ္မပထ တရား ဆယ်ပါးထက် လွန်မြတ်သော စျာန်မဂ်ဖိုလ် တရား** မည်သည် စျာန် ဝိမောက္ခ သမာဓိ သမာပတ် ဉာဏ်အမြင် မဂ်ကို ပွါးများခြင်း ဖိုလ်ကို မျက်မှောက်ပြုခြင်း ကိလေသာကို ပယ်ခြင်း နီဝရဏမှ ကင်းခြင်း ဆိတ်ငြိမ်ရာ ကျောင်းသင်္ခမ်း၌ မွေ့လျော်ခြင်းတည်း။

**စျာန်** ဟူသည် ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တည်း။

**ဝိမောက္ခ** ဟူသည် ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကိလေသာ အကြောင်း နိမိတ်မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' တည်း။

**သမာဓိ** ဟူသည် ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကိလေသာ အကြောင်း နိမိတ်မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ' ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' တည်း။

**သမာပတ်** ဟူသည် ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်' ကိလေသာ အကြောင်းနိမိတ် မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' တည်း။

**ဉာဏ် အမြင်** ဟူသည် ဝိဇ္ဇာသုံးပါးတည်း။

**မဂ်ကို ပွါးများခြင်း** ဟူသည် သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန် လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မြတ်သော မဂ္ဂင် ရှစ်ပါးတည်း။

**ဖိုလ်ကို မျက်မှောက်ပြုခြင်း** ဟူသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်း အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းတည်း။

**ကိလေသာကို ပယ်ခြင်း** ဟူသည် ရာဂကို ပယ်ခြင်း ဒေါသကိုပယ်ခြင်း မောဟကိုပယ်ခြင်းတည်း။

**နီဝရဏမှ ကင်းခြင်း** ဟူသည် ရာဂမှ စိတ်၏ အပိတ်အပင် 'နီဝရဏ' ကင်းခြင်း ဒေါသမှ စိတ်၏ အပိတ်အပင် 'နီဝရဏ' ကင်းခြင်း မောဟမှ စိတ်၏ အပိတ်အပင် 'နီဝရဏ' ကင်းခြင်းတည်း။

**ဆိတ်ငြိမ်ရာ ကျောင်းသင်္ခမ်း၌ မွေ့လျော်ခြင်း** ဟူသည် ပဌမစျာန်ဖြင့် ဆိတ်ငြိမ်ရာ ကျောင်းသင်္ခမ်း၌ မွေ့လျော်ခြင်း၊ ဒုတိယစျာန်ဖြင့် ဆိတ်ငြိမ်ရာ ကျောင်းသင်္ခမ်း၌ မွေ့လျော်ခြင်း၊ တတိယစျာန်ဖြင့် ဆိတ်ငြိမ်ရာ ကျောင်းသင်္ခမ်း၌ မွေ့လျော်ခြင်း၊ စတုတ္ထစျာန်ဖြင့် ဆိတ်ငြိမ်ရာ ကျောင်းသင်္ခမ်း၌ မွေ့လျော်ခြင်းတည်း။

၄-စတုတ္ထပါရာဇိက သိက္ခာပုဒ်အဖွင့် ပြီး၏။

http://www.dhammadownload.com



## ၄-စတုတ္ထပါရာဇိက သုဒ္ဓိကဝါရ

၂၀၀။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါမဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ (ဤ) အကြောင်း သုံးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားခဲ့ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ (ငါ့အား ပဌမစျာန် မရှိ ဟူသော မိမိ၏)အယူအဆကို ဖုံးထားလျက် အကြောင်း လေးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားခဲ့ပြီ ဟုသိလျက် မဟုတ်မမှန် ပြောဆိုသောရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ (ငါ့အား ပဌမစျာန် မရှိ ဟူသော မိမိ၏) အယူအဆကို ဖုံးထားလျက် (ငါ့အား ပဌမစျာန်မရှိ ဟူသော မိမိ၏) နှစ်သိမ့်သဘောဟူညီမှုကို ဖုံးထားလျက် အကြောင်း ငါးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားခဲ့ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ (ငါ့အား ပဌမစျာန် မရှိ ဟူသော မိမိ၏ )အယူအဆကို ဖုံးထားလျက် (ငါ့အား ပဌမစျာန် မရှိဟူသော မိမိ၏)နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် (ငါ့အား ပဌမစျာန် မရှိ ဟူသော မိမိ၏) နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် အကြောင်း ခြောက်မျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားခဲ့ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ (ငါ့အား ပဌမစျာန် မရှိ ဟူသော မိမိ၏)အယူအဆကို ဖုံးထားလျက် (ငါ့အား ပဌမစျာန် မရှိဟူသော မိမိ၏) နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက်(ငါ့အား ပဌမစျာန် မရှိ ဟူသော မိမိ၏)နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက်(ငါ့အား ပဌမစျာန် မရှိ ဟူသော မိမိ၏)ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားခဲ့ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

၂၀၁။ မပြောမီရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏ (ဤ) အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားသည် ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိကအာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူ

http://www.dhammadownload.com



အဆကို ဖုံးထားလျက် အကြောင်းလေးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားသည် ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် အကြောင်းငါးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားသည် ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် အကြောင်း ခြောက်မျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားသည် ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားသည် ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

၂၀၂။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ (ဤ)အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားနေ၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်"ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် အကြောင်း လေးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားနေ၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် အကြောင်းငါးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားနေ၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် အကြောင်း ခြောက်မျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားနေ၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

http://www.dhammadownload.com



မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ပဋ္ဌမစျာန်ကို ဝင်စားနေ၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

၂၀၃။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ (ဤ)အကြောင်း သုံးမျိုးတို့ဖြင့် ပဋ္ဌမစျာန်ကို ရသည် ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် အကြောင်းလေးမျိုးတို့ဖြင့် ပဋ္ဌမစျာန်ကို ရသည် ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟုသိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် " ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် အကြောင်းငါးမျိုးတို့ဖြင့် ပဋ္ဌမစျာန်ကို ရသည် ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီကိုမှု ဖုံးထားလျက် နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် အကြောင်း ခြောက်မျိုးတို့ဖြင့် ပဋ္ဌမစျာန်ကို ရသည် ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ပဋ္ဌမစျာန်ကို ရသည် ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

၂၀၄။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊(ဤ)အကြောင်း သုံးမျိုးတို့ဖြင့် ပဋ္ဌမစျာန်ကို လေ့လာခြင်း ရှိ၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟုသိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူ

http://www.dhammadownload.com



အဆကို ဖုံးထားလျက် အကြောင်းလေးမျိုးတို့ဖြင့် ပဌမဈာန်ကို လေ့လာခြင်းရှိ၏ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် အကြောင်းငါးမျိုးတို့ဖြင့် ပဌမဈာန်ကို လေ့လာခြင်းရှိ၏ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟုသိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် အကြောင်း ခြောက်မျိုးတို့ဖြင့် ပဌမဈာန်ကို လေ့လာခြင်း ရှိ၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကိုဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက်၊ နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ပဌမဈာန်ကို လေ့လာခြင်း ရှိ၏ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါရာဇိကအာပတ် သင့်၏။

၂၀၅။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုက်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ (ဤ) အကြောင်းသုံးမျိုးတို့ဖြင့် ငါသည် ပဌမဈာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိကအာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် အကြောင်းလေးမျိုးတို့ဖြင့် ငါသည် ပဌမဈာန်ကို မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိကအာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် အကြောင်း ငါးမျိုးတို့ဖြင့် ငါသည် ပဌမဈာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် အကြောင်းခြောက်မျိုးတို့ဖြင့် ငါသည် ပဌမဈာန်ကို မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိကအာပတ် သင့်၏။

http://www.dhammadownload.com



မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်းခုနစ်မျိုးတို့ဖြင့် ငါသည် ပဌမစျာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

[ဤပဌမစျာန်ကို အကျယ်ချဲ့သကဲ့သို့ ဤအတူ အလုံးစုံကိုလည်း အကျယ်ချဲ့အပ်၏]။

၂၀၆။ မပြောမီ ရှေးမဆွကပင်။ပ။ အကြောင်းသုံးမျိုးတို့ဖြင့် ဒုတိယစျာန်ကို။ပ။ တတိယစျာန်ကို။ပ။ စတုတ္ထစျာန်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ စတုတ္ထစျာန်ကို ရသည်၊ စတုတ္ထစျာန်ကို လေ့လာခြင်းရှိ၏၊ ငါသည် စတုတ္ထစျာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏။

အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်းခုနစ်မျိုးတို့ဖြင့် စတုတ္ထစျာန်ကို မျက်မှောက်ပြုအပ်ပြီဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

၂၀၇။ အကြောင်းသုံးမျိုးတို့ဖြင့် ကိလေသာဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကိလေသာ အကြောင်းနိမိတ်မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကို ရသည်၊ လေ့လာခြင်းရှိ၏၊ ငါသည် ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကို မျက်မှောက်ပြုအပ်ပြီဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။ပ။

အကြောင်းသုံးမျိုးတို့ဖြင့် ကိလေသာဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကိလေသာ အကြောင်းနိမိတ် မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ' ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကို ရသည်၊ လေ့လာခြင်းရှိ၏၊ ငါသည် ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်' ကိလေသာ အကြောင်း နိမိတ် မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကို ရသည်၊ လေ့လာခြင်း ရှိ၏၊ ငါသည် ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆို သော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

http://www.dhammadownload.com



အကြောင်း သုံးမျိုးတို့ဖြင့် ဝိဇ္ဇာသုံးပါးတို့ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ဝိဇ္ဇာသုံးပါးတို့ကို ရသည်၊ လေ့လာခြင်း ရှိ၏၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် သတိပဋ္ဌာန် လေးပါးတို့ကို သမ္မပ္ပဓာန် လေးပါးတို့ကို ဣဒ္ဓိပါဒ်လေးပါးတို့ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ဣဒ္ဓိပါဒ် လေးပါးတို့ကို ရသည်၊ လေ့လာခြင်း ရှိ၏၊ ငါသည် ဣဒ္ဓိပါဒ် လေးပါးတို့ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို ဗိုလ်ငါးပါးတို့ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ ဗိုလ်ငါးပါးတို့ကို ရသည် လေ့လာခြင်းရှိ၏၊ ငါသည် ဗိုလ်ငါးပါးတို့ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ဗောဇ္ဈင် ခုနစ်ပါးတို့ကို ဝင်စားခဲ့ပြီ၊ဝင်စားသည်၊ဝင်စားနေ၏၊ဗောဇ္ဈင် ခုနစ်ပါးတို့ကို ရသည်၊ လေ့လာ ခြင်းရှိ၏၊ ငါသည် ဗောဇ္ဈင် ခုနစ်ပါးတို့ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် မြတ်သော မဂ္ဂင် ရှစ်ပါးကို ဝင်စားခဲ့ပြီ ဝင်စားသည်၊ ဝင်စားနေ၏၊ မြတ်သော မဂ္ဂင် ရှစ်ပါးကို ရသည်၊ လေ့လာခြင်း ရှိ၏၊ငါသည် မြတ်သော မဂ္ဂင်ရှစ်ပါးကို မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် သောတာပတ္တိဖိုလ်ကို သကဒါဂါမိဖိုလ်ကို အနာဂါမိဖိုလ်ကို အရဟတ္တဖိုလ်ကို ဝင်စားခဲ့ပြီ၊ ဝင်စားသည်၊ ဝင်စားနေ၏၊ အရဟတ္တဖိုလ်ကို ရသည်၊ လေ့လာခြင်း ရှိ၏၊ ငါသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် ငါသည် ရာဂကို စွန့်ပြီ ထွေးအန်ပြီ လွှတ်ပြီ ပယ်ပြီ စွန့်ပစ်ပြီ ထိတ်လန့်စေပြီ ကောင်းစွာ ထိတ်လန့်စေပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ငါသည် ဒေါသကို စွန့်ပြီ ထွေးအန်ပြီ လွှတ်ပြီ ပယ်ပြီ စွန့်ပစ်ပြီ ထိတ်လန့်စေပြီ ကောင်းစွာ ထိတ်လန့်စေပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် ငါသည် မောဟကို စွန့်ပြီ ထွေးအန်ပြီ လွှတ်ပြီ ပယ်ပြီ စွန့်ပစ်ပြီ ထိတ်လန့်စေပြီ ကောင်းစွာ ထိတ်လန့်စေပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် ရာဂမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ဒေါသမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

http://www.dhammadownload.com



အကြောင်းသုံးမျိုးတို့ဖြင့်။ပ။ အကြောင်း ခုနစ်မျိုးတို့ဖြင့် မောဟမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏။

အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် မောဟမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

သုဒ္ဓိကဝါရ ပြီး၏။

---

## စက်ပြတ် 'ခဏ္ဍစက်'

၂၀၀။ အကြောင်း သုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုရင်း ဒုတိယစျာန်ကိုရင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုရင်း ဒုတိယစျာန်ကိုရင်း ရ၏။ လေ့လာခြင်း ရှိ၏။ ငါသည် ပဌမစျာန်ကိုရင်း ဒုတိယ စျာန်ကိုရင်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။ပ။

အကြောင်း သုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုရင်း တတိယစျာန်ကိုရင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုရင်း တတိယစျာန်ကိုရင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန်ကိုရင်း တတိယစျာန်ကိုရင်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုရင်း စတုတ္ထစျာန်ကိုရင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုရင်း စတုတ္ထစျာန်ကိုရင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန်ကိုရင်း စတုတ္ထစျာန်ကိုရင်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသောရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုရင်း ကိလေသာဆိတ်သည်း၍ လွတ်မြောက်ခြင်း'သုညတဝိမောက္ခ' ကိုရင်း။ ပဌမစျာန်ကိုရင်း ကိလေသာ အကြောင်းနိမိတ်မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကိုရင်း။ ပဌမစျာန်ကိုရင်း၊ ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကိုရင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုရင်း ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကိုရင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန်ကိုရင်း ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကိုရင်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုရင်း ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကိုရင်း။ ပဌမစျာန်ကိုရင်း ကိလေသာ အကြောင်း နိမိတ်မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ' ကိုရင်း။ ပဌမစျာန်ကိုရင်း ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကိုရင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုရင်း ကိလေသာ တောင့်တမှု

http://www.dhammadownload.com



မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကိုင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန် ကိုင်း ကိလေသာ တောင့်တမှုမရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကိုင်း မျက်မှောက်ပြု အပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုင်း ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတ သမာပတ်' ကိုင်း။ ပဌမစျာန်ကိုင်း ကိလေသာ အကြောင်း နိမိတ်မရှိ၍ ဝင်စားခြင်း 'အနိမိတ္တ သမာပတ်' ကိုင်း။ ပဌမစျာန်ကိုင်း ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာ ပတ်' ကိုင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုင်း ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကိုင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန်ကို င်း ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကိုင်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုင်း ဝိဇ္ဇာသုံးပါးတို့ကိုင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုင်း ဝိဇ္ဇာသုံးပါးတို့ကိုင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန် ကိုင်း ဝိဇ္ဇာသုံးပါးတို့ကိုင်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်း အား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုင်း သတိပဋ္ဌာန်လေးပါး တို့ကိုင်း။ ပဌမစျာန်ကိုင်း သမ္မပ္ပဓာန်လေးပါးတို့ကိုင်း။ပဌမစျာန်ကိုင်း ဣဒ္ဓိပါဒ်လေးပါးတို့ကိုင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုင်း ဣဒ္ဓိပါဒ်လေးပါးတို့ကိုင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမ စျာန်ကိုင်း ဣဒ္ဓိပါဒ်လေးပါးတို့ကိုင်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန်ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ ဖြင့်ပဌမစျာန်ကိုင်း ဣန္ဒြေငါးပါးတို့ကိုင်း။ ပဌမစျာန်ကိုင်း ဗိုလ်ငါး ပါးတိကိုင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျန်ကိုင်း ဗိုလ်ငါးပါးတို့ကိုင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန်ကိုင်း ဗိုလ်ငါးပါးတို့ကိုင်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

၂၀၉။ အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုင်း ဗောဇ္ဈင်ခုနစ်ပါးတို့ကိုင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုင်း ဗောဇ္ဈင်ခုနစ်ပါးတို့ကိုင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန်ကိုင်း ဗောဇ္ဈင်ခုနစ်ပါးတို့ကိုင်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုင်း မြတ်သော မဂ္ဂင်ရှစ်ပါးကိုင်း ဝင်စားခဲ့ပြီ။ ဝင်စား သည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုင်း မြတ်သော မဂ္ဂင်ရှစ်ပါးကိုင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန်ကိုင်း မြတ်သော မဂ္ဂင်ရှစ်ပါးကိုင်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ် မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုင်း သောတာပတ္တိဖိုလ်ကိုင်း။ ပဌမစျာန်ကိုင်း သက ဒါဂါမိဖိုလ်ကိုင်း ပဌမစျာန်ကိုင်း အနာဂါမိဖိုလ်ကိုင်း ပဌမစျာန်ကိုင်း အရဟတ္တဖိုလ်ကိုင်း ဝင် စားခဲ့ပြီ။ ဝင်စားသည်။ဝင်စားနေ၏။ ပဌမစျာန်ကိုင်း အရဟတ္တဖိုလ်ကိုင်းရ၏။လေ့လာခြင်းရှိ၏။

http://www.dhammadownload.com



ငါသည် ပဌမစျာန်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုလည်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန်ကိုလည်း မျက်မှောက် ပြုအပ်ပြီ၊ ငါသည် ရာဂကိုလည်း စွန့်ပြီ။ ဒေါသကိုလည်းစွန့်ပြီ။ မောဟကိုလည်း စွန့်ပြီ၊ ထွေးအန်ပြီ၊ လွှတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင်။ပ။ ဤအကြောင်း သုံးမျိုးတို့ဖြင့်။ပ။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏။ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ပဌမစျာန်ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ပဌမစျာန်ကိုလည်းရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ပဌမစျာန်ကိုလည်း မျက်မှောက် ပြုအပ်ပြီ၊ ရာဂမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်း၏။ ဒေါသမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်း၏။ မောဟမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်း၏ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

---

## စက်ဝိုင်း 'ဗဒ္ဓစက်'

၂၁၀။ အကြောင်းသုံးမျိုးတို့ဖြင့် ဒုတိယ စျာန်ကိုရင်း တတိယ စျာန်ကိုရင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ဒုတိယစျာန်ကိုရင်း တတိယ စျာန်ကိုရင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ဒုတိယစျာန်ကိုရင်း တတိယစျာန်ကိုရင်း မျက်မှောက် ပြုအပ်ပြီဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ဒုတိယ စျာန်ကိုရင်း စတုတ္ထ စျာန်ကိုရင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ဒုတိယစျာန်ကိုရင်း စတုတ္ထစျာန်ကိုရင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ဒုတိယစျာန်ကိုရင်း စတုတ္ထစျာန်ကိုရင်း မျက်မှောက် ပြုအပ်ပြီဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ဒုတိယ စျာန်ကိုရင်း ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကိုရင်း။ ကိလေသာအကြောင်းနိမိတ်မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကိုရင်း။ ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကိုရင်း။ ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကိုရင်း။ ကိလေသာ အကြောင်းနိမိတ် မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ' ကိုရင်း။ ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကိုရင်း။ ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်' ကိုရင်း။ ကိလေသာ အကြောင်းနိမိတ် မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကိုရင်း။ ကိလေသာ တောင့်တမှု မရှိ၍

http://www.dhammadownload.com



ဝင်စားခြင်း 'အပ္ပဏိဟိတ သမာပတ်' ကိုရင်း။ ဝိဇ္ဇာသုံးပါးတို့ကိုရင်း။ သတိပဋ္ဌာန် လေးပါးတို့ကိုရင်း။ သမ္မပ္ပဓာန် လေးပါးတို့ကိုရင်း။ ဣဒ္ဓိပါဒ်လေးပါးတို့ကိုရင်း။ ဣန္ဒြေငါးပါးတို့ကိုရင်း။ ဗိုလ်ငါးပါးတို့ကိုရင်း။ ဗောဇ္ဈင် ခုနစ်ပါးတို့ကိုရင်း။ မြတ်သောမဂ္ဂင်ရှစ်ပါးကိုရင်း။ သောတာပတ္တိဖိုလ်ကိုရင်း။ သကဒါဂါမိဖိုလ်ကိုရင်း။ အနာဂါမိဖိုလ်ကိုရင်း။ အရဟတ္တဖိုလ်ကိုရင်း။ ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ဒုတိယဈာန်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ဒုတိယဈာန်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ဒုတိယ ဈာန်ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ဒုတိယဈာန်ကိုလည်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် ဒုတိယ ဈာန်ကိုလည်း မျက်မှောက်ပြုအပ်ပြီ၊ ငါသည် ရာဂကိုလည်း စွန့်ပြီ။ ဒေါသကိုလည်း စွန့်ပြီ။ မောဟကိုလည်း စွန့်ပြီ၊ ထွေးအန်ပြီ၊ လွှတ်ပြီ၊ ပယ်ပြီ၊စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ၊ ရာဂမှလည်း ငါ၏စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဒေါသမှလည်း ငါ၏စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ မောဟမှလည်း ငါ၏စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင်။ပ။ ဤအကြောင်း သုံးမျိုးတို့ဖြင့်။ပ။ မပြောမီ ရှေးမဆွကပင်။ပ။ ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ဒုတိယ ဈာန်ကိုရင်း ပဌမ ဈာန်ကိုရင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ဒုတိယ ဈာန်ကိုရင်း ပဌမဈာန်ကိုရင်း ရ၏။ လေ့လာခြင်း ရှိ၏။ ငါသည် ဒုတိယ ဈာန်ကိုရင်း ပဌမဈာန်ကိုရင်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

[ဤအတူ တခုခုကိုမူတည်ပြု၍ စက်ကိုလည်အောင် လှည့်အပ်၏]။

---

## ဤ (ဆိုလတ္တံ့) သည်ကား အကျဉ်းတည်း။

၂၁၁။ အကြောင်း သုံးမျိုးတို့ဖြင့် တတိယဈာန်ကိုရင်း စတုတ္ထဈာန်ကိုရင်း ။ပ။ တတိယဈာန်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ တတိယဈာန်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း ရ၏။ လေ့လာခြင်း ရှိ၏။ ငါသည် တတိယဈာန်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် တတိယဈာန်ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ တတိယဈာန်ကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ ငါသည် တတိယဈာန်ကိုလည်း မျက်မှောက်ပြုအပ်ပြီ၊ ငါသည် ရာဂကိုလည်း စွန့်ပြီ။ ဒေါသကိုလည်း စွန့်ပြီ။ မောဟကိုလည်း စွန့်ပြီ၊ ထွေးအန်ပြီ၊ လွှတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ၊ ရာဂမှလည်း ငါ၏စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဒေါသမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ မောဟမှလည်း ငါ၏စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

http://www.dhammadownload.com



အကြောင်း သုံးမျိုးတို့ဖြင့် တတိယစျာန်ကိုရင်း ပဌမစျာန်ကိုရင်း။ တတိယစျာန်ကိုရင်း ဒုတိယစျာန်ကိုရင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ တတိယစျာန်ကိုရင်း ဒုတိယစျာန်ကိုရင်း ရ၏။ လေ့လာခြင်းရှိ၏။ ငါသည် တတိယစျာန်ကိုရင်း ဒုတိယစျာန်ကိုရင်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ပဌမစျာန်ကိုလည်း။ပ။ ဒုတိယစျာန်ကိုလည်း။ပ။ တတိယစျာန်ကိုလည်း။ပ။ စတုတ္ထစျာန်ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ စတုတ္ထစျာန်ကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ငါသည် စတုတ္ထစျာန်ကိုလည်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

၂၁၂။ အကြောင်းသုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကိုလည်း။ ကိလေသာ အကြောင်း နိမိတ်မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကိုလည်း။ ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ မောဟမှုလည်း ငါ၏ စိတ်သည် ၂
အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ငါသည် ကိလေသာ တောင့်တမှုမရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကိုလည်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကိုလည်း။ ကိလေသာ အကြောင်းနိမိတ်မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ' ကိုလည်း။ ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ငါသည် ကိလေသာ တောင့်တမှုမရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကိုလည်း မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်' ကိုလည်း။ ကိလေသာ အကြောင်း နိမိတ်မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကိုလည်း။ ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ကိလေသာ တောင့်တမှု မရှိ၍ ဝင် စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ မောဟမှုလည်း ငါ၏ စိတ်သည် 'နီဝရဏ' ကင်းပြီ၊ ငါသည် ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကိုလည်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

http://www.dhammadownload.com



အကြောင်းသုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဝိဇ္ဇာသုံးပါးတို့ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဝိဇ္ဇာသုံးပါးတို့ကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ငါသည် ဝိဇ္ဇာသုံးပါးတို့ကိုလည်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ သတိပဋ္ဌာန် လေးပါးတို့ကိုလည်း။ သမ္မပ္ပဓာန် လေးပါးတို့ကိုလည်း။ ဣဒ္ဓိပါဒ် လေးပါးတို့ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဣဒ္ဓိပါဒ် လေးပါးတို့ကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ငါသည် ဣဒ္ဓိပါဒ် လေးပါးတို့ကိုလည်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

၂၁၃။ အကြောင်းသုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏စိတ်သည်အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဣန္ဒြေငါးပါးတို့ကိုလည်း။ ဗိုလ်ငါးပါးတို့ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဗိုလ်ငါးပါးတို့ကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ငါသည် ဗိုလ်ငါးပါးတို့ကိုလည်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဗောဇ္ဈင် ခုနစ်ပါးတို့ကိုလည်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဗောဇ္ဈင် ခုနစ်ပါးတို့ကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ မောဟမှုလည်းငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ငါသည် ဗောဇ္ဈင် ခုနစ်ပါးတို့ကိုလည်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ မြတ်သော မဂ္ဂင် ရှစ်ပါးကိုလည်း ဝင်စားခဲ့ပြီ၊ ဝင်စားသည်။ ဝင်စားနေ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ မြတ်သော မဂ္ဂင် ရှစ်ပါးကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ငါသည် မြတ်သော မဂ္ဂင် ရှစ်ပါးကိုလည်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ သောတာပတ္တိဖိုလ်ကိုလည်း။ သကဒါဂါမိဖိုလ်ကိုလည်း။ အနာဂါမိဖိုလ်ကိုလည်း။ အရဟတ္တဖိုလ်ကိုလည်းဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ အရဟတ္တဖိုလ်ကိုလည်း ရ၏။ လေ့လာခြင်း ရှိ၏။ မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ငါသည် အရဟတ္တဖိုလ်ကိုလည်း မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ငါသည် ရာဂကိုလည်း စွန့်ပြီ။ ငါသည် ဒေါသကိုလည်း စွန့်ပြီ။ ငါသည် မောဟကိုလည်း စွန့်ပြီ။ ထွေးအန်ပြီ၊ လွှတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

http://www.dhammadownload.com



မပြောမီ ရှေးမဆွကပင် ။ပ။ ဤအကြောင်း သုံးမျိုးတို့ဖြင့်။ပ။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏။ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်းခုနစ်မျိုးတို့ဖြင့် မောဟမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ရာဂမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဒေါသမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

ကေမှု ပြီး၏။

[ကေမှုကို ချဲ့ပြသကဲ့သို့ ဒုမှု စသည်ကိုလည်း ဤအတူပင် အားလုံး ချဲ့ပြအပ်၏]။

---

ဤ(ဆိုလတ္တံ့) သည်ကား သဗ္ဗမှုတည်း။

၂၁၄။ မပြောမီ ရှေးမဆွကပင်။ပ။ ဤအကြောင်း သုံးမျိုးတို့ဖြင့်။ပ။မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊

အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ပဌမစျာန်ကိုငင်း ဒုတိယ စျာန်ကိုငင်း တတိယ စျာန်ကိုငင်း စတုတ္ထစျာန်ကိုငင်း ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကိုငင်း ကိလေသာ အကြောင်းနိမိတ် မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကိုငင်း ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကိုငင်း ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကိုငင်း ကိလေသာ အကြောင်းနိမိတ် မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ' ကိုငင်း ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတ သမာဓိ' ကိုငင်း ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်' ကိုငင်း ကိလေသာ အကြောင်း နိမိတ် မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကိုငင်း ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကိုငင်း ဝိဇ္ဇာ သုံးပါးတို့ကိုငင်း သတိပဋ္ဌာန် လေးပါးတို့ကိုငင်း သမ္မပ္ပဓာန် လေးပါးတို့ကိုငင်း ဣဒ္ဓိပါဒ် လေးပါးတို့ကိုငင်း ဣန္ဒြေ ငါးပါးတို့ကိုငင်း ဗိုလ် ငါးပါးတို့ကိုငင်း ဗောဇ္ဈင် ခုနစ်ပါးတို့ကိုငင်း မြတ်သော မဂ္ဂင် ရှစ်ပါးကိုငင်း သောတာပတ္တိဖိုလ်ကိုငင်း သကဒါဂါမိ ဖိုလ်ကိုငင်း အနာဂါမိဖိုလ်ကိုငင်း အရဟတ္တဖိုလ်ကိုငင်း ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ပ။ ငါသည် ရာဂကိုလည်း စွန့်ပြီ။ ငါသည် ဒေါသကိုလည်း စွန့်ပြီ။ ငါသည် မောဟကိုလည်း စွန့်ပြီ၊ ထွေးအန်ပြီ၊ လွတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ၊ ရာဂမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဒေါသမှုလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ မောဟမှုလည်း ငါ၏စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ် မမှန် ပြောဆိုသော ရဟန်းအား ပါရာဇိက အာပတ် သင့်၏။

သဗ္ဗမှု ပြီး၏။

သုဒ္ဓိကဝါရ စကားရပ် ပြီး၏။

http://www.dhammadownload.com



၂၁၅။ အကြောင်းသုံးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားပြီ ဟု ဆိုလိုလျက် ဒုတိယစျာန်ကို ဝင်စားပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ်သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားပြီ ဟု ဆိုလိုလျက် တတိယစျာန်ကို ဝင်စားပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ်သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားပြီ ဟု ဆိုလိုလျက် စတုတ္ထစျာန်ကို ဝင်စားပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ်သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင်။ပ။ ဤအကြောင်း သုံးမျိုးတို့ဖြင့်။ပ။ မပြောမီ ရှေးမဆွကပင် ထို ရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါ မဟုတ်မမှန် ပြောမိပြီ" ဟု သိ၏။ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ပဌမစျာန်ကို ဝင်စားပြီ ဟု ဆိုလိုလျက် ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကို။ ကိလေသာ အကြောင်း နိမိတ် မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကို။ ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကို။ ကိလေသာ ဆိတ်သုန်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကို။ ကိလေသာ အကြောင်း နိမိတ် မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ' ကို။ ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကို။ ကိလေသာ ဆိတ်သုဉ်း၍ ဝင်းစားခြင်း 'သုညတသမာပတ်' ကို။ ကိလေသာ အကြောင်းနိမိတ် မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကို။ ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကို။ ဝိဇ္ဇာ သုံးပါးတို့ကို။ သတိပဋ္ဌာန် လေးပါးတို့ကို။ သမ္မပ္ပဓာန် လေးပါးတို့ကို။ ဣဒ္ဓိပါဒ်လေးပါးတို့ကို။ ဣန္ဒြေ ငါးပါးတို့ကို။ ဗိုလ် ငါးပါးတို့ကို။ ဗောဇ္ဈင် ခုနစ်ပါးတို့ကို။ မြတ်သော မဂ္ဂင် ရှစ်ပါးကို။ သောတာပတ္တိဖိုလ်ကို။ သကဒါဂါမိဖိုလ်ကို။ အနာဂါမိဖိုလ်ကို။ အရဟတ္တဖိုလ်ကို။ ဝင်စားခဲ့ပြီ။ ငါသည် ရာဂကို စွန့်ပြီ။ ငါသည် ဒေါသကို စွန့်ပြီ။ ငါသည် မောဟကို စွန့်ပြီ၊ ထွေးအန်ပြီ၊ လွတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ။ ရာဂမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ။ ဒေါသမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ။ မောဟမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ် သင့်၏၊ (နားထောင်သူ)မသိ နားမလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏။

အပြောလွှဲမှားသောသူ၏ ကေမူ စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

---

၂၁၆။ အကြောင်း သုံးမျိုးတို့ဖြင့် ဒုတိယစျာန်ကို ဝင်စားပြီ ဟု ဆိုလိုလျက် တတိယစျာန်ကို ဝင်စားပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ်သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏။

http://www.dhammadownload.com



အကြောင်း သုံးမျိုးတို့ဖြင့် ဒုတိယဈာန်ကို ဝင်စားပြီ ဟု ဆိုလိုလျက် စတုတ္ထဈာန်ကို ဝင်စားပြီ ဟု။ပ။မောဟမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသောရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ် သင့်၏၊ (နားထောင်သူ) မသိနားမလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင်။ပ။ ဤအကြောင်း သုံးမျိုးတို့ဖြင့်။ပ။ မပြောမီ ရှေးမဆွကပင်။ပ။ ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ဒုတိယဈာန်ကို ဝင်စားပြီ ဟု ဆိုလိုလျက် ပဌမဈာန်ကို ဝင်စားပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသောရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏။

အပြောလွဲမှားသောသူ၏ ကေမှု စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

မှုကို အကျဉ်းချုပ်၍ မြှုပ်အပ်ပြီ။

---

၂၁၇။ အကြောင်း သုံးမျိုးတို့ဖြင့် မောဟမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု ဆိုလိုလျက် ပဌမဈာန်ကို ဝင်စားပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ် သင့်၏၊(နားထောင်သူ)မသိ နားမလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် အကြောင်း သုံးမျိုးတို့ဖြင့် မောဟမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု ဆိုလိုလျက် ဒေါသမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ထုလ္လစ္စည်း အာပတ်သင့်၏။ပ။

အပြောလွဲမှားသော သူ၏ ကေမှု ပြီး၏။

[ကေမှုကို ချဲ့ပြသကဲ့သို့ ဒုမှု စသည်ကိုလည်း အားလုံးချဲ့ပြအပ်၏]။

---

ဤ(ဆိုလတ္တံ့)သည်ကား သုဒ္ဓမှုတည်း။

၂၁၈။ အကြောင်းသုံးမျိုးတို့ဖြင့်။ပ။အကြောင်းခုနစ်မျိုးတို့ဖြင့် ပဌမဈာန်ကိုရင်း ဒုတိယဈာန်ကိုရင်း တတိယဈာန်ကိုရင်း စတုတ္ထဈာန်ကိုရင်း ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကိုရင်း ကိလေသာ အကြောင်း နိမိတ် မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကိုရင်း ကိလေသာ တောင့်တမှုမရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကိုရင်း ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကိုရင်း ကိလေသာ အကြောင်း နိမိတ် မရှိ၍ တည်ကြည်ခြင်း အနိမိတ္တသမာဓိ' ကိုရင်း ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကိုရင်း 'ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်' ကိုရင်း ကိလေသာ အကြောင်း နိမိတ် မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကိုရင်း ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတ

http://www.dhammadownload.com



သမာပတ်' ကိုငင်း ဝိဇ္ဇာ သုံးပါးတို့ကိုငင်း သတိပဋ္ဌာန် လေးပါးတို့ကိုငင်း သမ္မပ္ပဓာန် လေးပါးတို့ကိုငင်း ဣဒ္ဓိပါဒ် လေးပါးတို့ကိုငင်း ဣန္ဒြေ ငါးပါးတို့ကိုငင်း ဗိုလ်ငါးပါးတို့ကိုငင်း ဗောဇ္ဈင် ခုနစ်ပါးတို့ကိုငင်း မြတ်သော မဂ္ဂင် ရှစ်ပါးကိုငင်း သောတာပတ္တိဖိုလ်ကိုငင်း သကဒါဂါမိဖိုလ်ကိုငင်း အနာဂါမိဖိုလ်ကိုငင်း အရဟတ္တဖိုလ်ကိုငင်း ဝင်စားပြီ။ပ။ ငါသည် ရာဂကိုလည်း စွန့်ပြီ။ ငါသည် ဒေါသကိုလည်း စွန့်ပြီ။ ငါသည် မောဟကိုလည်း စွန့်ပြီ၊ ထွေးအန်ပြီ၊ လွတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ၊ ရာဂမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဒေါသမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု ဆိုလိုလျက် မောဟမှ ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ထုလ္လစ္စဉ်း အာပတ် သင့်၏။

၂၁၉။ အကြောင်း သုံးမျိုးတို့ဖြင့် ဒုတိယဈာန်ကိုငင်း တတိယဈာန်ကိုငင်း စတုတ္ထဈာန်ကိုငင်း ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကိုငင်း ကိလေသာ အကြောင်း နိမိတ် မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကိုငင်း ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကိုငင်း ကိလေသာ ဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကိုငင်း ကိလေသာ အကြောင်းနိမိတ် မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ' ကိုငင်း ကိလေသာ တောင့်တမှု မရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကိုငင်း ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်' ကိုငင်း ကိလေသာ အကြောင်း နိမိတ် မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကိုငင်း ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကိုငင်း ဝိဇ္ဇာသုံးပါးတို့ကိုငင်း သတိပဋ္ဌာန် လေးပါးတို့ကိုငင်း သမ္မပ္ပဓာန်လေးပါးတို့ကိုငင်း ဣဒ္ဓိပါဒ် လေးပါးတို့ကိုငင်း ဣန္ဒြေ ငါးပါးတို့ကိုငင်း ဗိုလ်ငါးပါးတို့ကိုငင်း ဗောဇ္ဈင်ခုနစ်ပါးတို့ကိုငင်း မြတ်သော မဂ္ဂင်ရှစ်ပါးကိုငင်း သောတာပတ္တိဖိုလ်ကိုငင်း သကဒါဂါမိဖိုလ်ကိုငင်း အနာဂါမိ ဖိုလ်ကိုငင်း အရဟတ္တဖိုလ်ကိုငင်း ဝင်စားပြီ။ ငါသည် ရာဂကိုလည်း စွန့်ပြီ။ ငါသည်ဒေါသကိုလည်း စွန့်ပြီ။ ငါသည် မောဟကိုလည်း စွန့်ပြီ၊ ထွေးအန်ပြီ၊ လွတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ၊ ရာဂမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ ဒေါသမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ မောဟမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု ဆိုလိုလျက် ပဌမဈာန်ကို ဝင်စားပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ် သင့်၏၊ (နားထောင်သူ)မသိ နားမလည်သော် ထုလ္လစ္စဉ်း အာပတ် သင့်၏။

အကြောင်း သုံးမျိုးတို့ဖြင့် တတိယဈာန်ကိုငင်း စတုတ္ထဈာန်ကိုငင်း။ပ။ မောဟမှလည်း ငါ၏ စိတ်သည် အပိတ်အပင်'နီဝရဏ'ကင်းပြီ၊ ပဌမဈာန်ကိုလည်း ဝင်စားပြီ ဟု ဆိုလိုလျက် ဒုတိယဈာန်ကို ဝင်စားပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ထုလ္လစ္စဉ်း အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင်။ပ။ ဤအကြောင်း သုံးမျိုးတို့ဖြင့် မောဟမှလည်း ငါ၏ စိတ်သည် အပိတ်အပင်'နီဝရဏ' ကင်းပြီ၊ ပဌမဈာန်ကိုငင်း ဒုတိယဈာန်ကိုငင်း တတိယဈာန်ကိုငင်း စတုတ္ထဈာန်ကိုငင်း ။ပ။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါမဟုတ်မမှန် ပြောမိပြီ" ဟု သိ၏။ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက်ကျေနပ်မှုကို

http://www.dhammadownload.com



ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ရာဂမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု ဆိုလိုလျက် ဒေါသမှလည်း ငါ၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ပါရာဇိက အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏။

အပြောလွဲမှားသော သူ၏ သဗ္ဗမူပြီး၏။

အပြောလွဲမှားသောသူ၏ စက်မြှုပ် 'စက္ကပေယျာလ' * ပြီး၏။

ဝတ္ထုကာမဝါရ စကားရပ် ပြီး၏။

---

၂၂၀။ မပြောမီ ရှေးမဆွကပင်။ပ။ ဤအကြောင်းသုံးမျိုးတို့ဖြင့် အကြင်ရဟန်းသည် သင်၏ ကျောင်း၌နေ၏၊ ထိုရဟန်းသည် ပဌမဈာန်ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ထိုရဟန်းသည် ပဌမဈာန်ကို ရ၏။ လေ့လာခြင်းရှိ၏။ ထိုရဟန်းသည် ပဌမဈာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ဒုက္ကဋ် အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါမဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့် သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက်ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်းလေးမျိုး ငါးမျိုး ခြောက်မျိုး ခုနစ်မျိုးတို့ဖြင့် အကြင် ရဟန်းသည် သင်၏ကျောင်း၌နေ၏၊ ထိုရဟန်းသည် ပဌမဈာန်ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ထိုရဟန်းသည် ပဌမဈာန်ကို ရ၏။ လေ့လာခြင်းရှိ၏။ ထိုရဟန်းသည် ပဌမဈာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ဒုက္ကဋ် အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် အကြင်ရဟန်းသည် သင်၏ ကျောင်း၌နေ၏၊ ထိုရဟန်းသည် ဒုတိယဈာန်ကို။ တတိယဈာန်ကို။ စတုတ္ထဈာန်ကို။ ကိလေသာ ဆိတ်သုဉ်း၍ လွတ်မြောက်ခြင်း 'သုညတဝိမောက္ခ' ကို။ ကိလေသာ အကြောင်းနိမိတ်မရှိ၍ လွတ်မြောက်ခြင်း 'အနိမိတ္တဝိမောက္ခ' ကို။ ကိလေသာ တောင့်တမှု မရှိ၍ လွတ်မြောက်ခြင်း 'အပ္ပဏိဟိတဝိမောက္ခ' ကို။ ကိလေသာဆိတ်သုဉ်း၍ တည်ကြည်ခြင်း 'သုညတသမာဓိ' ကို။ ကိလေသာ အကြောင်းနိမိတ် မရှိ၍ တည်ကြည်ခြင်း 'အနိမိတ္တသမာဓိ' ကို။ ကိလေသာ တောင့်တမှုမရှိ၍ တည်ကြည်ခြင်း 'အပ္ပဏိဟိတသမာဓိ' ကို။ ကိလေသာ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်' ကို။ ကိလေသာ အကြောင်းနိမိတ် မရှိ၍ ဝင်စားခြင်း 'အနိမိတ္တသမာပတ်' ကို။ ကိလေသာ တောင့်တမှု မရှိ၍ ဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်' ကို။ ဝိဇ္ဇာသုံးပါးတို့ကို။ သတိပဋ္ဌာန် လေးပါးတို့ကို။ သမ္မပ္ပဓာန် လေးပါးတို့ကို။ ဣဒ္ဓိပါဒ် လေးပါးတို့ကို။ ဣန္ဒြေငါးပါးတို့ကို။ ဗိုလ်ငါးပါးတို့ကို ဗောဇ္ဈင်ခုနစ်ပါးတို့ကို။ မြတ်သော မဂ္ဂင်ရှစ်ပါးကို။ သောတာပတ္တိဖိုလ်ကို။ သကဒါဂါမိဖိုလ်ကို။ အနာဂါမိဖိုလ်ကို။ အရဟတ္တဖိုလ်ကို။ ဝင်စားခဲ့ပြီ။ ဝင်စားသည်။

---

* ပေယျာလ—စာပိုဒ်၌မြှုပ်ထားခြင်း။

http://www.dhammadownload.com



ဝင်စားနေ၏။ ထိုရဟန်းသည် အရဟတ္တဖိုလ်ကို ရ၏။ လေ့လာခြင်းရှိ၏။ ထိုရဟန်းသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ထုလ္လစ္စဉ်း အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့် ထိုရဟန်းသည် ရာဂကို စွန့်ပြီ။ ဒေါသကို စွန့်ပြီ။ မောဟကို စွန့်ပြီ၊ ထွေးအန်ပြီ၊ လွတ်ပြီ၊ ပယ်ပြီ၊ စွန့်ပစ်ပြီ၊ ထိတ်လန့်စေပြီ၊ ကောင်းစွာ ထိတ်လန့်စေပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား(နားထောင်သူ) သိ နားလည်သော် ထုလ္လစ္စဉ်းအာပတ် သင့်၏၊ (နားထောင်သူ ) မသိ နားမလည်သော် ဒုက္ကဋ် အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင်။ပ။ ဤအကြောင်း သုံးမျိုးတို့ဖြင့်။ပ။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲ ရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီး ရဟန်းသည် "ငါမဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် ရာဂမှ ထိုရဟန်း၏ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ။ ဒေါသမှ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ၊ မောဟမှ စိတ်သည် အပိတ်အပင် 'နီဝရဏ' ကင်းပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ထုလ္လစ္စဉ်း အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ဒုက္ကဋ် အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင်။ပ။ ဤအကြောင်း သုံးမျိုးတို့ဖြင့်။ပ။ မပြောမီရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန် ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါမဟုတ်မမှန် ပြောမိပြီ" ဟု သိ၏။ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် အကြင်ရဟန်းသည် သင်၏ ကျောင်း၌နေ၏၊ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကို ရ၏။ လေ့လာခြင်းရှိ၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကို မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား(နားထောင်သူ) သိ နားလည်သော် ထုလ္လစ္စဉ်းအာပတ်သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။

[ပေယျာလ တဆယ့်ငါးမျိုးသွားပုံတို့ကို ဤအတူပင် ချဲ့ပြအပ်ကုန်၏]။

၂၂၁။ အကြောင်း သုံးမျိုးတို့ဖြင့်။ပ။ အကြောင်း ခုနစ်မျိုးတို့ဖြင့် အကြင်ရဟန်းသည် သင်၏ သင်္ကန်းကို သုံးဆောင်၏။ အကြင်ရဟန်းသည် သင်၏ ဆွမ်းကို သုံးဆောင်၏။ အကြင်ရဟန်းသည် သင်၏ကျောင်းအိပ်ရာ နေရာကို သုံးဆောင်၏။ အကြင်ရဟန်းသည် သင်၏ သူနာ၏ အထောက်အပံ့ဖြစ်သော ဆေး အသုံးအဆောင်ကို သုံးဆောင်၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကို ရ၏။ လေ့လာခြင်းရှိ၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကို မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နား

http://www.dhammadownload.com



ထောင်သူ) သိ နားလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ဒုက္ကဋ် အာပတ် သင့်၏။

အကြောင်းသုံးမျိုးတို့ဖြင့်။ပ။ အကြောင်း ခုနစ်မျိုးတို့ဖြင့် အကြင်ရဟန်းသည် သင်၏ ကျောင်းကို သုံးဆောင်ပြီ။ အကြင်ရဟန်းသည် သင်၏ သင်္ကန်းကို သုံးဆောင်ပြီ။ အကြင်ရဟန်းသည် သင်၏ ဆွမ်းကို သုံးဆောင်ပြီ။ အကြင်ရဟန်းသည် သင်၏ ကျောင်း အိပ်ရာနေရာကို သုံးဆောင်ပြီ။ အကြင်ရဟန်းသည် သင်၏ သူနာ၏အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်ကိုသုံးဆောင်ပြီ။ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကို ရ၏။ လေ့လာခြင်းရှိ၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကို မျက်မှောက် ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသောရဟန်းအား(နားထောင်သူ)သိ နားလည်သော် ထုလ္လစ္စည်းအာပတ်သင့်၏၊(နားထောင်သူ) မသိ နားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။

မပြောမီ ရှေးမဆွကပင်။ပ။ ဤအကြောင်းသုံးမျိုးတို့ဖြင့်။ပ။ မပြောမီ ရှေးမဆွကပင် ထိုရဟန်းသည် "မဟုတ်မမှန် ပြောမည်" ဟု သိ၏၊ ပြောဆဲရဟန်းသည် "မဟုတ်မမှန်ပြောသည်" ဟု သိ၏၊ ပြောပြီးရဟန်းသည် "ငါမဟုတ်မမှန် ပြောမိပြီ" ဟု သိ၏၊ အယူအဆကို ဖုံးထားလျက် နှစ်သိမ့်သဘောတူညီမှုကို ဖုံးထားလျက် နှစ်သက် ကျေနပ်မှုကို ဖုံးထားလျက် ရည်မှန်းချက်ကို ဖုံးထားလျက် အကြောင်း ခုနစ်မျိုးတို့ဖြင့် သင်သည် အကြင် (ရဟန်း)ကို အစွဲပြု၍ ကျောင်းကိုလှူ၏။ သင်္ကန်းကိုလှူ၏။ ဆွမ်းကိုလှူ၏။ ကျောင်း အိပ်ရာ နေရာကိုလှူ၏။ သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်ကိုလှူ၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကို ဝင်စားခဲ့ပြီ။ ဝင်စားသည်။ ဝင်စားနေ၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကိုရ၏။ လေ့လာခြင်းရှိ၏။ ထိုရဟန်းသည် ဆိတ်ငြိမ်ရာ ကျောင်းသခ်မ်း၌ စတုတ္ထဈာန်ကို မျက်မှောက်ပြုအပ်ပြီ ဟု သိလျက် မဟုတ်မမှန် ပြောဆိုသော ရဟန်းအား (နားထောင်သူ) သိ နားလည်သော် ထုလ္လစ္စည်း အာပတ် သင့်၏၊ (နားထောင်သူ) မသိ နားမလည်သော် ဒုက္ကဋ်အာပတ် သင့်၏။

ပေယျာလ တဆဲ့ငါးမျိုး ပြီး၏။

ပစ္စည်းနှင့်စပ်သောစကားရပ် ပြီး၏။

ဥတ္တရိမနုဿဓမ္မ စက်မြှုပ် 'စက္ကပေယျာလ' ပြီး၏။

---

၂၂၂။ အထင်ကြီးခြင်း 'ရနိုးခြင်း' ဖြင့် မဝါကြွားလိုသောရဟန်း (သည်းခြေပျက်၍) ရူးသော ရဟန်း(ဘီလူးဖမ်း၍)စိတ်ပျံ့လွင့်သောရဟန်း ဝေဒနာ ဖိစီးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

## ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ

အထင်ကြီးခြင်း 'ရနိုးခြင်း' တော၌ ဆွမ်းခံခြင်း ဥပဇ္ဈာယ်ဆရာ ဣရိယာပုထ် သံယောဇဉ် ဆိတ်ကွယ်ရာ၌ တရားထူးများ ကျောင်း လုပ်ကျွေးခြင်း။

http://www.dhammadownload.com



မခဲယဉ်း လွှဲလဝိရိယ ထိုပြင် ငါ့သျှင်တို့ သေမင်းမှ မကြောက် စိတ်နှလုံး မသာယာသူသည် ကြောက်သည်၊ ကောင်းစွာ အားထုတ်ခြင်း အားထုတ်မှုဖြင့် နှစ်သိမ့်ခြင်း ထိုပြင် ဝေဒနာကို သည်းခံခြင်း နှစ်မျိုး။

ပုဏ္ဏားဝတ္ထုငါးပုဒ် အရဟတ္တဖိုလ်ကို ဖြေဆိုသောရဟန်းသုံးပါး အိမ်ရာတည်ထောင် လူတို့ ဘောင် ကာမဂုဏ်တို့ကို ပိတ်ဆို့အပ်ပြီ၊ မွေ့လျော်ခြင်း ထိုပြင် ဖဲသွားပြီ။

အရိုးစု သားတစ် နွားသတ်ယောကျာ်း နှစ်ယောက် အသားတုံး ငှက်မှုဆိုး အရေမရှိ ဆိတ်သတ် သမား၊ သန်လျက် ဝက်ထိုးသမား လှံ သားမှုဆိုး မြှား ညှဉ်းဆဲသူ (ပါးကွပ်) အပ် ရထားထိန်း။

အကြွင် အပ်ဖြင့် ချုပ်အပ်၏၊ ထိုအပ်သည် ကုန်းတိုက်သူ မည်၏၊ ရပ်ရွာကို ကောက်ကျစ် စဉ်းလဲသူ 'တရားသူကြီး' သည် ဝှေးစေ့ဝန်ရှိသူ 'ဝှေးစေ့ကြီးသူ' ဖြစ်ရလေပြီ။ သူ့ သား မယား ကို သွားလာသော ထိုသူသည် မစင်တွင်း၌ နစ်မြုပ်ရလေပြီ၊ ပုဏ္ဏားပျက်သည် မစင်ကို စားရလေပြီ။

လင်ကို ကျူးလွန်၍ ကျင့်သော မိန်းမသည် အရေမရှိသော ပြိတ္တာမ ဖြစ်ရလေပြီ၊ နတ်ဝင်မ 'နတ်ကတော်' သည် အရုပ်ဆိုးမ ဖြစ်ရလေပြီ၊ လင်တူမယားကို မီးအိုးကင်းဖြင့် လောင်းသော မိန်းမသည် မီးကျီး ပြိတ္တာမ ဖြစ်ရလေပြီ။

ခိုးသတ်ယောကျာ်းသည် ဦးခေါင်းပြတ် ပြိတ္တာဖြစ်ရပြီ၊ ကဿပ မြတ်စွာဘုရား သာသနာ တော်၌ ရှင်ရဟန်း ဖြစ်ကြသော ရဟန်း ရဟန်းမိန်းမ သိက္ခမာန် သာမဏေ သာမဏေမ တို့သည် ထိုအခါ၌ မကောင်းမှုကို ပြုကုန်ပြီ၊ ထိုသူတို့သည် ကောင်းကင်ပျံ မီးလောင်ပြိတ္တာများ ဖြစ်ကြရပြီ။

တပေါဒါမြစ် ရာဇဂြိုဟ်စစ်ပွဲ ဆင်ပြောင်တို့ ဆင်းသက်ခြင်း အသျှင်သောဘိတရဟန္တာ ရဟန်းသည် မဟာကပ် ငါးရာကို အောက်မေ့နိုင်၏။ ဤကား ခေါင်းစဉ် မာတိကာတည်း။

## ဝိနီတဝတ္ထု ဖြတ်ထုံးများ

၂၃၃။ တရံရောအခါ ရဟန်းတပါးသည် အထင်ကြီးခြင်း 'ရနိုးခြင်း' ဖြင့် အရဟတ္တဖိုလ်ကို ပြောဆိုမိ၏၊ "မြတ်စွာဘုရားသည် သိက္ခာပုဒ်တော်ကို ပညတ်တော်မူအပ်ပြီ၊ ငါသည် ပါရာဇိက ကျလေသလော" ဟု ထိုရဟန်းအား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏၊ ထိုအခါ ထိုရဟန်းသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။ ရဟန်း အထင်ကြီးခြင်း 'ရနိုးခြင်း' ဖြင့် ပြောဆိုသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁)

တရံရောအခါ ရဟန်းတပါးသည် "ဤသို့ နေလျှင် ငါ့ကို လူအများသည် ချီးမွမ်းလိမ့်မည်" ဟု မြော်လင့်တောင့်တ၍ တော၌ နေ၏၊ ထိုရဟန်းကို လူအများသည် မြောက်စားချီးမွမ်း၏၊ ထိုရဟန်း အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား ၏။ ရဟန်း ပါရာဇိက အာပတ်မသင့်၊ သို့သော်လည်း ရဟန်းတို့ မြော်လင့်တောင့်တ၍ တော၌ မနေအပ်၊ နေသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂)

http://www.dhammadownload.com



တရံရောအခါ ရဟန်း တပါးသည် "ဤသို့ ဆွမ်းခံလျှင် ငါ့ကို လူအများသည် ချီးမွမ်းလိမ့်မည်" ဟု မြော်လင့်တောင့်တ၍ ဆွမ်းခံ လှည့်လည်၏၊ ထိုရဟန်းကို လူအများသည် မြှောက်စားချီးမွမ်း၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။ ရဟန်း ပါရာဇိကအာပတ် မသင့်၊ သို့သော်လည်း ရဟန်းတို့ မြော်လင့်တောင်းတ၍ ဆွမ်းခံ မလှည့်လည်အပ်၊ လှည့်လည်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃)

တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါးကို "ငါ့ချင် ငါတို့၏ ဥပဇ္ဈာယ်ဆရာ၏ အတူနေ တပည့်တို့သည် အားလုံး ရဟန္တာချည်း ဖြစ်ကြသည်" ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

ရဟန်း သင်သည် အဘယ်စိတ် ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် ဝါကြွားလိုသော စိတ်ရှိပါသည် ဟု (လျှောက်ထား၏)။

ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄)

တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါးကို "ငါ့ချင်ငါတို့၏ ဥပဇ္ဈာယ်ဆရာ၏ အတွင်းနေ တပည့်တို့သည် အားလုံး တန်ခိုးအာနုဘော် ကြီးသူချည်း ဖြစ်ကြသည်" ဟု ပြောဆို၏၊ ထိုရဟန်း အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် ဝါကြွားလိုစိတ် ရှိပါသည် ဟု (လျှောက်ထား၏)။

ရဟန်း ပါရာဇိကအာပတ် မသင့်၊ ထုလ္လစ္စဉ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅)

တရံရောအခါ ရဟန်းတပါးသည် ဤသို့ စင်္ကြံသွားလျှင် ရပ်တည်လျှင် ထိုင်လျှင် အိပ်ခြင်းကို ပြုလျှင် "ငါ့ကို လူအများသည် ချီးမွမ်း မြှောက်စားလိမ့်မည်" ဟု မြော်လင့်တောင့်တ၍ စင်္ကြံသွား၏၊ ရပ်တည်၏။ ထိုင်၏။ အိပ်ခြင်းကိုပြု၏။ ထိုရဟန်းကို လူအများသည် ချီးမွမ်းမြှောက်စား၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ သို့သော်လည်း ရဟန်းတို့ မြော်လင့်တောင့်တ၍ အိပ်ခြင်းကိုမပြုရ၊ ပြုသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆-၉)

တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါးအား လူတို့၏ ကုသိုလ်ကမ္မပထ တရားဆယ်ပါး ထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ဝါကြွားပြောဆို၏၊ ထိုရဟန်းကလည်း "ငါ့ချင် ငါလည်း သံယောဇဉ်တို့ကို ပယ်ပြီးပြီ" ဟု ပြန်ပြော၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၁၀)

၂၂၄။ တရံရောအခါ ရဟန်းတပါးသည် ဆိတ်ကွယ်ရာသို့ကပ်၍ လူတို့၏ ကုသိုလ်ကမ္မပထ တရား ဆယ်ပါးထက်လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားကို ဝါကြွားပြောဆို၏၊ သူတပါးစိတ်ကို သိသော ရဟန်းသည် ထိုရဟန်းကို "ငါ့ချင် ဤသို့သဘောရှိသော စကားကို မပြောဆိုလင့်၊ သင့်အား ထိုတရား မျိုးမရှိ" ဟု မောင်းမဲ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ မြတ်စွာဘုရား အား ဤအကြောင်းကို လျှောက်ထား၏၊ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၁)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် ဆိတ်ကွယ်ရာသို့ကပ်၍ လူတို့၏ကုသိုလ်ကမ္မပထ တရားဆယ်ပါး ထက်လွန်မြတ်သော စျာန်မဂ်ဖိုလ် တရားကို ဝါကြွားပြောဆို၏၊ နတ်သားသည် ထိုရဟန်းကို "အသျှင် ဘုရား ဤသို့သဘောရှိသော စကားကို မပြောဆိုပါလင့်၊ အသျှင်ဘုရားအား ထိုတရားမျိုးမရှိပါ" ဟု မောင်းမဲ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ပါရာဇိက အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၂)

တရံရောအခါ ရဟန်းတပါးသည် ဥပါသကာ တယောက်ကို "ငါ့သျှင် ဥပါသကာ အကြင်ရဟန်း သည် သင်၏ကျောင်း၌နေ၏၊ ထိုရဟန်းသည် ရဟန္တာပေတည်း" ဟု ပြောဆို၏၊ ထိုရဟန်းသည်လည်း ထိုဥပါသကာ၏ ကျောင်း၌နေ၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် ဝါကြွားလိုစိတ် ရှိပါသည် ဟု (လျှောက်ထား၏)။

ရဟန်း ပါရာဇိကအာပတ် မသင့်၊ ထုလ္လစ္စဉ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၃)

တရံရောအခါ ရဟန်းတပါးသည် ဥပါသကာ တယောက်ကို "ငါ့သျှင် ဥပါသကာ သင်သည် အကြင်ရဟန်းကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ဖြစ်သော ဆေးအသုံး အဆောင်ဖြင့် လုပ်ကျွေး၏၊ ထိုရဟန်းသည် ရဟန္တာ ပေတည်း" ဟု ပြောဆို၏၊ ထိုဥပါသကာသည် လည်း ထိုရဟန်းကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏အထောက်အပံ့ဖြစ်သော ဆေး အသုံးအဆောင်ဖြင့် လုပ်ကျွေး၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် ဝါကြွားလိုစိတ် ရှိပါသည် ဟု (လျှောက်ထား၏)။

ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်းအာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၄)

၂၂၅။ တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေ၏၊ ထိုရဟန်းကို ရဟန်းတို့သည် "အသျှင်ဘုရား၌ လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော စျာန်မဂ်ဖိုလ် တရား ရှိပါသလော" ဟု မေးကြကုန်၏။

ငါ့သျှင်တို့ အရဟတ္တဖိုလ်ကို ဖြေဆိုဘို့ရာ မခဲယဉ်းပါ ဟု ပြောဆို၏၊ "မြတ်စွာဘုရား၏ တပည့် သာဝကတို့သည်သာ ဤသို့ပြောဆို နိုင်ကုန်ရာ၏၊ *ငါတမူကား မြတ်စွာဘုရား၏ တပည့်သာဝက မဟုတ်ချေ၊ ငါသည် ပါရာဇိက ကျလေသလော" ဟု ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် ဝါကြွားလိုစိတ် မရှိပါ ဟု (လျှောက်ထား၏)။

ရဟန်း ဝါကြွားလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၅)

---

* ထိုမကျန်းမာသောရဟန်းကား အရိယာပုဂ္ဂိုလ်သာလျှင် ဘုရားတပည့်ဖြစ်သည်ဟု အယူရှိသည်။

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာဖြစ်နေ၏၊ ထိုရဟန်းကို ရဟန်းတို့သည် "အသျှင်ဘုရားအား လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားရှိပါသလော" ဟု မေးကြကုန်၏။

ငါ့သျှင်တို့ လုံ့လဝီရိယ ရှိသော ရဟန်းသည် ပြီးစေအပ်သော တရားရှိသည်သာတည်း ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ဝါကြွားလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၆)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေ၏၊ ထိုရဟန်းကို ရဟန်းတို့သည်—

"ငါ့သျှင် မကြောက်ပါလင့်" ဟု ပြောကြကုန်၏။

"ငါ့သျှင်တို့ ငါသည် သေခြင်းမှ မကြောက်ပါ" ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ဝါကြွားလိုစိတ် မရှိသော ရဟန်းအား အာပတ်မသင့် ဟု (မိန့်တော်မူ၏)။ (၁၇)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာဖြစ်နေ၏၊ ထိုရဟန်းကို ရဟန်းတို့သည်—

"ငါ့သျှင် မကြောက်ပါလင့်" ဟု ပြောကြကုန်၏။

"ငါ့သျှင်တို့ စိတ်နှလုံးမသာယာသူသာလျှင် ကြောက်ရသည် မဟုတ်ပါလော" ဟု ပြောဆို၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ဝါကြွားလိုစိတ် မရှိသော ရဟန်းအား အာပတ်မသင့် ဟု (မိန့်တော်မူ၏)။ (၁၈)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေ၏၊ ထိုရဟန်းကို ရဟန်းတို့သည်—

"အသျှင်ဘုရားအား လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား ရှိပါသလော" ဟု မေးကြကုန်၏။

ငါ့သျှင်တို့ ကောင်းစွာ အားထုတ်သူသည် ပြီးစေအပ်သော တရားရှိသည်သာတည်း ဟု ပြောဆို၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ဝါကြွားလိုစိတ် မရှိသောရဟန်းအား အာပတ်မသင့်ဟု (မိန့်တော်မူ၏)။ (၁၉)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေ၏၊ ထိုရဟန်းကို ရဟန်းတို့သည်—

"အသျှင်ဘုရားအား လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား ရှိပါသလော" ဟု မေးကြကုန်၏။

ငါ့သျှင်တို့ လုံ့လ ဝီရိယ ရှိသော ရဟန်းသည် ပြီးစေအပ်သော တရားရှိသည်သာတည်း ဟု ပြောဆို၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ဝါကြွားလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၀)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေ၏၊ ထိုရဟန်းကို ရဟန်းတို့သည်—

"အသျှင်ဘုရားအား လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား ရှိပါသလော" ဟု မေးကြကုန်၏။

ငါ့သျှင်တို့ အလွန်အားထုတ်သော ရဟန်းသည် ပြီးစေအပ်သော တရားရှိသည်သာတည်း ဟု ပြောဆို၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ဝါကြွားလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၁)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေ၏၊ ထိုရဟန်းကို ရဟန်းတို့သည်—

"ငါ့သျှင် ခံ့ကျန်းပါ၏လော မျှတပါ၏လော" ဟု မေးကြကုန်၏။

ငါ့သျှင်တို့ ဟူးဟူးငြားငြားသော 'တော်စွာ လျော်စွာသော' သူသည် သည်းခံနိုင်လိမ့်မည် မဟုတ်ပေ ဟု ပြောဆို၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ဝါကြွားလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၂)

တရံရောအခါ ရဟန်းတပါးသည် မကျန်းမမာ ဖြစ်နေ၏၊ ထိုရဟန်းကို ရဟန်းတို့သည်—

"ငါ့သျှင် ခံ့ကျန်းပါ၏လော မျှတပါ၏လော" ဟု မေးကြကုန်၏။

ငါ့သျှင်တို့ ပုထုဇဉ် ပုဂ္ဂိုလ်သည် သည်းခံနိုင်မည် မဟုတ်ပေ ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် ဝါကြွားလိုစိတ် ရှိပါသည် ဟု (လျှောက်ထား၏)။

ရဟန်း ပါရာဇိက အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂၃)

၂၂၆။ တရံရောအခါ ပုဏ္ဏားတယောက်သည် ရဟန်းတို့ကို ပင့်ဖိတ်၍ "ရဟန္တာ အသျှင်မြတ်တို့သည် ကြွလာတော်မူကြပါကုန်လော့" ဟု လျှောက်ထား၏၊ "ငါတို့လည်း ရဟန္တာ မဟုတ်ကြကုန်၊ ဤပုဏ္ဏားကလည်း ငါတို့ကို ရဟန္တာ အသုံးအနှုန်းဖြင့် ပြောဆို သုံးနှုန်းနေ၏၊ ငါတို့သည် အဘယ်သို့ ပြုကျင့်ရပါကုန်အံ့နည်း" ဟု ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ ရဟန်းတို့ ကြည်ညို၍ ဆိုရာ၌ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၄)

တရံရောအခါ ပုဏ္ဏားတယောက်သည် ရဟန်းတို့ကို ပင့်ဖိတ်၍ "ရဟန္တာ အသျှင်မြတ်တို့သည် ထိုင်တော်မူပါကုန်လော့။ ရဟန္တာ အသျှင်မြတ်တို့သည် ဘုဉ်းပေးတော်မူပါကုန်လော့။ ရဟန္တာ အသျှင်မြတ်တို့သည် ရောင့်ရဲ နှစ်သိမ့်တော်မူပါကုန်လော့။ ရဟန္တာ အသျှင်မြတ်တို့သည် ကြွတော်မူပါကုန်လော့" ဟု လျှောက်ထား၏၊ "ငါတို့လည်း ရဟန္တာ မဟုတ်ကြကုန်၊ ဤပုဏ္ဏားကလည်း ငါတို့ကို ရဟန္တာ အသုံးအနှုန်းဖြင့် ပြောဆို သုံးနှုန်းနေ၏၊ ငါတို့သည် အဘယ်သို့ ပြုကျင့်ရပါကုန်အံ့နည်း" ဟု ထိုရဟန်းတို့အား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ ရဟန်းတို့ ကြည်ညို၍ ဆိုရာ၌ အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၅-၂၈)

တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါးအား လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ဝါကြွား ပြောဆို၏၊ ထိုရဟန်းကလည်း "ငါ့သျှင် ငါသည်လည်း အာသဝေါတရားတို့ကို ပယ်ပြီးပြီ" ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၂၉)

တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါးအား လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားကို ဝါကြွားပြောဆို၏၊ ထိုရဟန်းကလည်း "ငါ့သျှင်

http://www.dhammadownload.com



ငါ့အားလည်း ထိုတရားများ ရှိကြကုန်၏" ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၃၀)

တရံရောအခါ ရဟန်းတပါးသည် ရဟန်းတပါးအား လူတို့၏ ကုသိုလ် ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားကို ဝါကြွား ပြောဆို၏၊ ထိုရဟန်းကလည်း "ငါ့သျှင် ငါသည်လည်း ထိုတရားတို့ကို တွေ့မြင်၏" ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၃၁)

တရံရောအခါ ရဟန်းတပါးကို ဆွေမျိုးတို့သည်—

"အသျှင်ဘုရား ကြွခဲ့ပါ အိမ်ရာတည်ထောင် လူတို့ဘောင်၌ အုပ်ချုပ်၍ နေလှည့်ပါ" ဟု ပြောဆိုကြကုန်၏။

ဒါယကာတို့ ငါကဲ့သို့သော သူသည် အိမ်ရာတည်ထောင် လူတို့ဘောင်၌ အုပ်ချုပ်၍ မနေထိုက်ပြီ ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ဝါကြွားလိုစိတ်မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၂)

၂၂၇။ တရံရောအခါ ရဟန်းတပါးကို ဆွေမျိုးတို့သည်—

"အသျှင်ဘုရား ကြွခဲ့ပါ ကာမဂုဏ်တို့ကို သုံးဆောင် ခံစားလှည့်ပါ" ဟု ပြောဆိုကြကုန်၏။

ဒါယကာတို့ ငါသည် ကာမဂုဏ်တို့ကို ပိတ်ဆို့အပ်ကုန်ပြီ ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ဝါကြွားလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၃)

တရံရောအခါ ရဟန်းတပါးကို ဆွေမျိုးတို့သည်—

"အသျှင်ဘုရား ပျော်မွေ့ပါ၏လော" ဟု မေးမြန်းကြကုန်၏။

ဒါယကာတို့ ငါသည် လွန်ကဲသော ပျော်မွေ့ခြင်းဖြင့် ပျော်မွေ့ပါသည် ဟု ပြောဆို၏၊ "မြတ်စွာဘုရား၏ တပည့်သာဝက တို့သည်သာ ဤသို့ ပြောဆိုနိုင်ကုန်ရာ၏၊ ငါတမူကား မြတ်စွာဘုရား၏ တပည့်သာဝက မဟုတ်ချေ၊ ငါသည် ပါရာဇိက ကျလေသလော" ဟု ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

ရဟန်း သင်သည် အဘယ်စိတ် ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် ဝါကြွားလိုစိတ် မရှိပါ ဟု (လျှောက်ထား၏)။

ရဟန်း ဝါကြွားလိုစိတ် မရှိသောရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၄)

တရံရောအခါ များစွာသော ရဟန်းတို့သည် "အကြင်ရဟန်းသည် ဤကျောင်းမှ ရှေးဦးစွာ ပြောင်းသွားလျှင် ထိုရဟန်းကို ငါတို့သည် ရဟန္တာ ဟု သိကုန်အံ့" ဟု ကတိကဝတ်ကို ပြု၍ ကျောင်း တကျောင်း၌ ဝါကပ် နေထိုင်ကုန်၏၊ ရဟန်းတပါးသည် "ငါ့ကို ရဟန္တာမှတ်ကြပါစေ" ဟု ထိုကျောင်းမှ ရှေးဦးစွာပြောင်းသွား၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် ပါရာဇိက ကျပြီ ဟု (မိန့်တော်မူ၏)။ (၃၅)

http://www.dhammadownload.com



၂၂၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်အခါ အသျှင် လက္ခဏနှင့် အသျှင် မဟာမောဂ္ဂလာန်တို့သည် ဂိဇ္ဈကုဋ်တောင်၌ နေထိုင်ကုန်၏၊ ထိုအခါ အသျှင် မောဂ္ဂလာန်သည် နံနက် အချိန် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် အသျှင် လက္ခဏထံသို့ ချဉ်းကပ်၍ အသျှင် လက္ခဏကို "ငါ့သျှင် လက္ခဏ လာ-သွားကြစို့၊ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်ကုန်အံ့" ဟု ပြောဆို ၏၊ "ကောင်းပြီငါ့သျှင်" ဟု အသျှင် လက္ခဏသည် အသျှင် မောဂ္ဂလာန်အား ပြန်လျှောက်၏၊ ထိုအခါ အသျှင် မဟာမောဂ္ဂလာန်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် နေရာတခု၌ ပြုံးတော်မူ၏၊ ထိုအခါ အသျှင် လက္ခဏသည် အသျှင် မောဂ္ဂလာန်အား—

"ငါ့သျှင် မောဂ္ဂလာန် ပြုံးရယ်ခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း" ဟု မေးလျှောက်၏။

ငါ့သျှင် လက္ခဏ ဤပြဿနာကို (ဖြေခြင်းငှါ) အခါမဟုတ်သေး၊ မြတ်စွာဘုရား၏ အထံတော် ရောက်မှ ငါ့အား ဤပြဿနာကို မေးပါဟု (ပြောဆို၏။)

ထို့နောက် အသျှင် လက္ခဏနှင့် အသျှင် မဟာမောဂ္ဂလာန်တို့သည် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံလှည့် လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းစားစရပ်မှ ဖဲခွါလာကြပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြ၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြပြီးလျှင် တခုသောနေရာ၌ ထိုင်နေကြပြီးနောက် အသျှင် လက္ခဏသည် အသျှင် မဟာမောဂ္ဂလာန်အား—

"အသျှင် မဟာမောဂ္ဂလာန်သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် နေရာတခု၌ပြုံးတော် မူ၏၊ ငါ့သျှင် မောဂ္ဂလာန် ပြုံးခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း" ဟု မေး လျှောက်၏။

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားနေသော အရိုးစု ပြိတ္တာကိုမြင်ရ၏၊ ထိုအရိုးစုပြိတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍လိုက်၍ နံရိုးကြားတို့၌ ထိုးဆိတ်ကြကုန်၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကိုပြု၏၊ ငါ့သျှင် ထိုငါ့အား—

"အချင်းတို့ အံ့ဘွယ်ရှိစွတကား အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ဤကဲ့သို့သော သတ္တဝါ ဟု ရှိရတုံဘိ၏၊ ဤကဲ့သို့သော ပြိတ္တာ ဟု ရှိရတုံဘိ၏၊ ဤကဲ့သို့သော အတ္တဘောကို ရသူ ဟု ရှိရတုံဘိ၏" ဟု အကြံဖြစ်ခဲ့ပါသည် ဟု (ပြောဆို၏)။

ရဟန်းတို့သည် "အသျှင် မဟာမောဂ္ဂလာန်သည် လူတို့၏ ကုသိုလ် ကမ္မဂထတရား ဆယ်ပါး ထက်လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားကို ဝါကြွားပြောဆို၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ တပည့် သာဝကတို့သည် မျက်စိ အမြင် ရှိကုန်သည်ဖြစ်၍ နေကြပေသည်တကား၊ ရဟန်းတို့ တပည့် သာဝကတို့သည် ဉာဏ်အမြင်ရှိကုန်သည် ဖြစ်၍ နေကြပေသည်တကား၊ အကြင်သို့သော တပည့်သာဝက စင်လျက် ဤသို့သော သတ္တဝါကို သိလည်း သိနိုင်တုံဘိ၏၊ မြင်လည်းမြင်နိုင်တုံဘိ၏၊ သက်သေကိုသော်ငြား ပြုနိုင်တုံဘိ၏၊ ရဟန်းတို့ ရှေးကပင် ထိုသတ္တဝါကို ငါဘုရားမြင်ခဲ့ဘူးပြီ၊ သို့သော်လည်း ငါသည် မပြောဆိုခဲ့ပေ၊ ငါသည် ထို အကြောင်းကို ပြောဆိုခဲ့ပါမူ သူတပါးတို့သည် ငါ့အား မယုံကြည်နိုင်ကြပေရာ၊ ငါ့ကို မယုံကြည်သူ တို့အား ထိုမယုံကြည်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ

http://www.dhammadownload.com



ဖြစ်လေရာ၏၊ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် နွားသတ်ယောကျ်ား ဖြစ်ခဲ့ဘူးလေပြီ၊ ထိုသတ္တဝါသည် ထိုကံ၏ အကျိုးဖြင့် များစွာသော နှစ်တို့ပတ်လုံး များစွာသော နှစ်အရာတို့ပတ်လုံး များစွာသော နှစ်အထောင်တို့ပတ်လုံး များစွာသော နှစ်အသိန်းတို့ပတ်လုံး ငရဲ၌ကျက်ခဲ့၍ ထိုကံ၏ အကျိုးကြွင်းဖြင့်ပင် ဤသို့သော အတ္တဘောကို ရရှိခံစားနေရ၏၊ ရဟန်းတို့ မောဂ္ဂလာန်သည် အမှန်ကို ပြောဆိုပေသည်၊ ရဟန်းတို့ မောဂ္ဂလာန်အား အာပတ် မသင့်" ဟု (မိန့်တော်မူ၏)။ (၃၆)

၂၂၃။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အသားတစ်ပြိုတ္တာကို မြင်ရ၏၊ ထိုပြိုတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍လိုက်၍ ထိုးဆိတ်ကုန်၏၊ ဆိတ်ဆွဲ ဖောက်ခွဲကုန်၏၊ ထိုပြိုတ္တာသည် နာကျင်သော အသံကိုပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် နွားသတ်ယောကျ်ား ဖြစ်ခဲ့ဘူးလေပြီ။ (၃၇)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အသားတုံးပြိုတ္တာကိုမြင်ရ၏၊ ထိုပြိုတ္တာကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍လိုက်၍ ထိုးဆိတ်ကုန်၏၊ ဆိတ်ဆွဲ ဖောက်ခွဲကုန်၏၊ ထိုပြိုတ္တာသည် နာကျင်သော အသံကိုပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် ငှက်မုဆိုး ဖြစ်ခဲ့ဘူးလေပြီ။ (၃၈)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အရေမရှိသော ယောကျ်ားကို မြင်ရ၏၊ ထိုယောကျ်ားကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍လိုက်၍ ထိုးဆိတ်ကုန်၏၊ ဆိတ်ဆွဲဖောက်ခွဲကုန်၏၊ ထိုယောကျ်ားသည် နာကျင်သော အသံကိုပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် ဆိတ်သတ်သမား ဖြစ်ခဲ့ဘူးလေပြီ။ (၃၉)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော သန်လျက်အမွေးပေါက်သော ယောကျ်ားကို မြင်ရ၏၊ ထိုယောကျ်ား၏ ထိုသန်လျက်တို့သည် ပျံတက်၍ ပျံတက်၍ ထိုယောကျ်ား၏ ကိုယ်၌သာလျှင် ကျကုန်၏၊ ထိုယောကျ်ားသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် ဝက်သတ်သမား ဖြစ်ခဲ့ဘူးလေပြီ။ (၄၀)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော လှံအမွေးပေါက်သော ယောကျ်ားကို မြင်ရ၏၊ ထိုယောကျ်ား၏ ထိုလှံတို့သည် ပျံတက်၍ ပျံတက်၍ ထိုယောကျ်ား၏ ကိုယ်၌သာလျှင် ကျရောက်ကုန်၏၊ ထိုယောကျ်ားသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် သားသတ်သမား ဖြစ်ခဲ့ဘူးလေပြီ။ (၄၁)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော မြားအမွေးပေါက်သော ယောကျ်ားကို မြင်ရ၏၊ ထိုယောကျ်ား၏ ထိုမြားတို့သည် ပျံတက်၍ ပျံတက်၍ ထိုယောကျ်ား၏ ကိုယ်၌သာလျှင် ကျရောက်ကုန်၏၊ ထိုယောကျ်ားသည် နာကျင်သောအသံကိုပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် လက်မရှုံအာဏာသား ဖြစ်ခဲ့ဘူးလေပြီ။ (၄၂)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အပ်အမွေးပေါက်သော ယောကျ်ားကို မြင်ရ၏၊ ထိုယောကျ်ား၏ ထိုအပ်တို့သည် ပျံတက်၍ ပျံတက်၍ ထိုယောကျ်ား၏ ကိုယ်၌သာလျှင် ကျရောက်ကုန်၏၊ထိုယောကျ်ားသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ ပင် ရထားထိန်း ဖြစ်ခဲ့ဘူးလေပြီ။ (၄၃)

http://www.dhammadownload.com



ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အပ်အမွေး ပေါက်သော ယောကျ်ားကို မြင်ရ၏၊ ထိုယောကျ်ား၏ ထိုအပ်တို့သည် ဦးခေါင်းသို့ဝင်၍ ခံတွင်းမှ ထွက်ကုန်၏၊ ခံတွင်းသို့ဝင်၍ ရင်မှထွက်ကုန်၏၊ ရင်သို့ဝင်၍ ဝမ်းမှ ထွက်ကုန်၏၊ ဝမ်းသို့ဝင်၍ ပေါင်တို့မှ ထွက်ကုန်၏၊ ပေါင်တို့သို့ဝင်၍ ခြေသလုံးတို့မှ ထွက်ကုန်၏၊ ခြေသလုံးတို့သို့ဝင်၍ ခြေထောက်တို့မှ ထွက်ကုန်၏၊ ထိုယောကျ်ားသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် ကုန်းတိုက်သူ ဖြစ်ခဲ့ဘူးလေပြီ။ (၄၄)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌သွားသော အိုးပမာဏ ဝှေးစေ့ရှိသော ယောကျ်ားကို မြင်ရ၏၊ထိုယောကျ်ားသည် သွားသော်လည်း ထိုဝှေးစေ့တို့ကိုသာလျှင် ပခုံး၌ တင်၍ သွားရ၏၊ ထိုင်သော်လည်း ထိုဝှေးစေ့တို့၌သာလျှင် ထိုင်ရ၏၊ ထိုယောကျ်ားကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ဆိတ်ဆွဲ ဖောက်ခွဲကုန်၏၊ ထိုယောကျ်ားသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် ကောက်ကျစ်စဉ်းလဲ သော ကျေးရွာလူကြီး ဖြစ်ခဲ့ဘူးလေပြီ။ (၄၅)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ် နေသော ယောကျ်ားကို မြင်ရ၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် သူ့ သားမယား ကို သွားလာသူ ဖြစ်ခဲ့ဘူးလေပြီ။ (၄၆)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ် လျက် လက်နှစ်ဖက်တို့ဖြင့် မစင်ကို စားနေသော ယောကျ်ားကို မြင်ရ၏။ပ။ ရဟန်းတို့ ထိုသတ္တဝါ သည် ဤရာဇဂြိုဟ်မြို့၌ပင် ပုဏ္ဏားပျက် ဖြစ်ခဲ့ဘူးလေပြီ၊ ထိုပုဏ္ဏားပျက်သည် ကဿပ မြတ်စွာဘုရား သာသနာတော်၌ ရဟန်းသံဃာကို ဆွမ်းဖိတ်၍ ကျင်းကိုကို မစင်ဖြင့် ပြည့်စေလျက် အချိန်အခါကို ကြားလျှောက်စေပြီးလျှင် "အသျှင်တို့သည် ဤစားကျင်းမှ အလိုရှိတိုင်း ဘုဉ်းပေးလည်း ဘုဉ်းပေး တော်မူကုန်၊ ဆောင်ယူလည်း ဆောင်ယူတော်မူကုန်" ဟု ဆိုခဲ့ဘူးလေပြီ။ (၄၇)

၂၃၀။ ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အရေမရှိသော မိန်းမကို မြင်ရ၏၊ ထိုမိန်းမကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ် ကုန်၏၊ ဆိတ်ဆွဲ ဖောက်ခွဲကုန်၏၊ ထိုမိန်းမသည် နာကျင်သော အသံကို ပြု၏။ပ။ ရဟန်းတို့ ထိုမိန်းမ သည် ဤရာဇဂြိုဟ်မြို့၌ပင် လင်ကို လွန်ကျူး၍ ကျင့်သော မိန်းမ ဖြစ်ခဲ့ဘူးလေပြီ။ (၄၈)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ် တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော အနံ့ မကောင်းသော အရုပ်ဆိုးသော မိန်းမကို မြင်ရ၏၊ ထိုမိန်းမကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍ လိုက်၍ ထိုးဆိတ်ကုန်၏၊ ဆိတ်ဆွဲဖောက်ခွဲကုန်၏၊ ထိုမိန်းမသည် နာကျင်သော အသံကိုပြု၏။ပ။ ရဟန်းတို့ ထိုမိန်းမသည် ဤရာဇဂြိုဟ်မြို့၌ပင် နတ်ကတော် ဖြစ်ခဲ့ဘူးလေပြီ။ (၄၉)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော ထက်ဝန်း ကျင် မီးခဲတဖွားဖွားကျ၍ မီးကျီးပုံ၌ လူးလိမ့်ခံနေရသော မီးလောင်ဖုတ်တို့မှ အရေတစက်စက် ယိုထွက် နေသော မိန်းမပြိတ္တာကို မြင်ရ၏၊ ထိုမိန်းမသည် နာကျင်သော အသံကိုပြု၏။ပ။ ရဟန်းတို့ ထိုမိန်းမ သည် ကာလိင်္ဂမင်း၏ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ဘူးလေပြီ၊ ထိုမိဖုရားခေါင်ကြီးသည် မနာလိုမှုသည် နှိပ်စက်အပ်ရကား လင်တူမိန်းမကို မီးကျီးအိုးကင်းဖြင့် လောင်းခဲ့ဘူးလေပြီ။ (၅၀)

http://www.dhammadownload.com



ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော ဦးခေါင်းမပါသော ကိုယ်ကိုမြင်ရ၏၊ ထိုဦးခေါင်းပြတ် ကိုယ်၏ ရင်၌ မျက်လုံးနှင့် ပါးစပ်တို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုဦးခေါင်းပြတ်ကိုယ်ကို လင်းတ ကျီးငှက် စွန်ရဲတို့သည် လိုက်၍လိုက်၍ ထိုးဆိတ်ကုန်၏၊ ဆိတ်ဆွဲဖောက်ခွဲကုန်၏၊ ထိုဦးခေါင်းပြတ် ကိုယ်သည် နာကျင်သော အသံကိုပြု၏။ပ။ ရဟန်းတို့ ထိုသတ္တဝါသည် ဤရာဇဂြိုဟ်မြို့၌ပင် ဟာရိကခေါ် ခိုးသူသတ်ယောကျ်ား ဖြစ်ခဲ့ဘူးလေပြီ။ (၅၁)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော ရဟန်းကိုမြင်ရ၏၊ ထိုရဟန်း၏ ဒုကုဋ် 'နှစ်ထပ်သင်္ကန်း' သည်လည်း ပြောင်ပြောင် တောက်လောင်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွဖြစ်၏၊ အရောင်အလင်းနှင့်တကွဖြစ်၏၊သပိတ်သည်လည်း ပြောင်ပြောင်တောက်လောင်၏၊ ထက်ဝန်းကျင် အလျှံနှင့် တကွဖြစ်၏၊ အရောင်အလင်းနှင့်တကွဖြစ်၏၊ ခါးပန်းကြိုးသည်လည်း ပြောင်ပြောင် တောက်လောင်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွဖြစ်၏၊ အရောင်အလင်းနှင့်တကွဖြစ်၏၊ ခန္ဓာကိုယ်သည်လည်း ပြောင်ပြောင် တောက်လောင်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွဖြစ်၏၊ အရောင်အလင်းနှင့်တကွ ဖြစ်၏၊ ထိုရဟန်းသည် နာကျင်သော အသံကိုပြု၏။ပ။ ရဟန်းတို့ ထိုရဟန်းသည် ကဿပမြတ်စွာဘုရားသာသနာတော်၌ ရဟန်းယုတ် ဖြစ်ခဲ့ဘူးလေပြီ။ (၅၂)

ငါ့သျှင် ငါသည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လတ်သော် ကောင်းကင်၌ သွားသော ရဟန်းမိန်းမကိုမြင်ရ၏၊ သိက္ခမာန်ကိုမြင်ရ၏၊ သာမဏေကိုမြင်ရ၏၊ သာမဏေမကိုမြင်ရ၏၊ ထိုသာမဏေမ၏ ဒုကုဋ်သည်လည်း ပြောင်ပြောင် တောက်လောင်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွဖြစ်၏၊ အရောင်အလင်းနှင့်တကွဖြစ်၏၊ သပိတ်သည်လည်း ပြောင်ပြောင်တောက်လောင်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွဖြစ်၏၊ အရောင်အလင်းနှင့်တကွ ဖြစ်၏၊ ခါးပန်းကြိုးသည်လည်း ပြောင်ပြောင်တောက်လောင်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွဖြစ်၏၊ အရောင်အလင်းနှင့်တကွ ဖြစ်၏၊ ခန္ဓာကိုယ်သည်လည်း ပြောင်ပြောင် တောက်လောင်၏၊ ထက်ဝန်းကျင် အလျှံနှင့်တကွ ဖြစ်၏၊ အရောင်အလင်းနှင့်တကွ ဖြစ်၏၊ ထိုသာမဏေမသည် နာကျင်သော အသံကိုပြု၏၊ ငါ့သျှင် ထိုငါ့အား—

"အချင်းတို့ အံ့ဘွယ်ရှိစွတကား အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ဤကဲ့သို့သော သတ္တဝါဟု ရှိရတုံဘိ၏၊ ဤကဲ့သို့သော ပြိတ္တာဟု ရှိရတုံဘိ၏၊ ဤကဲ့သို့သော အတ္တဘောကို ရသူဟု ရှိရတုံဘိ၏" ဟု အကြံဖြစ်ခဲ့ပါသည် ဟု (ပြောဆို၏)။

ရဟန်းတို့သည် "အသျှင် မဟာမောဂ္ဂလာန်သည် လူတို့၏ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ဝါကြွား ပြောဆိုနေသည်" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ တပည့်သာဝကတို့သည် မျက်စိ အမြင်ရှိကုန်သည် ဖြစ်၍ နေကြပေသည်တကား၊ ရဟန်းတို့ တပည့်သာဝကတို့သည် ဉာဏ်အမြင်ရှိကုန်သည် ဖြစ်၍ နေကြပေသည်တကား၊ အကြင်သို့သော တပည့်သာဝကစင်လျက် ဤသို့သော သတ္တဝါကို သိလည်း သိနိုင်တုံဘိ၏၊ မြင်လည်း မြင်နိုင်တုံဘိ၏၊ သက်သေကိုသော်လည်း ပြုနိုင်တုံဘိ၏၊ ရဟန်းတို့ ရှေးကပင် ထိုသာမဏေမကို ငါမြင်ခဲ့ဘူးပြီ၊ သို့သော်လည်း ငါသည် မပြောဆိုခဲ့ပေ၊ ငါသည် ထိုအကြောင်းကို ပြောဆိုခဲ့ပါမူ သူတပါးတို့သည် ငါ့အား မယုံကြည်နိုင်ကြပေရာ၊ ငါ့ကို မယုံကြည်သူတို့အား ထိုမယုံကြည်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်လေရာ၏၊ ရဟန်းတို့ ထိုသာမဏေမသည် ကဿပမြတ်စွာဘုရား သာသနာတော်၌ ယုတ်မာသော

http://www.dhammadownload.com



သာမဏေမ ဖြစ်ဘူးခဲ့လေပြီ၊ ထိုသာမဏေမသည် ထိုကံ၏ အကျိုးဖြင့် များစွာသော နှစ်တို့ပတ်လုံး များစွာသော နှစ်အရာတို့ပတ်လုံး များစွာသော နှစ်အထောင်တို့ပတ်လုံး များစွာသော နှစ်အသိန်းတို့ ပတ်လုံး ငရဲ၌ ကျက်ခဲ့ရ၍ ထိုကံ၏ အကျိုးကြွင်းဖြင့်ပင် ဤကဲ့သို့သော အတ္တဘောကို ရရှိခံစားနေရ၏၊ ရဟန်းတို့ မောဂ္ဂလာန်သည် အမှန်ကို ပြောဆိုပေသည်၊ ရဟန်းတို့ မောဂ္ဂလာန်အား အာပတ် မသင့်" ဟု (မိန့်တော်မူ၏)။ (၅၃-၅၆)

၂၃၁။ ထိုအခါ အသျှင် မဟာမောဂ္ဂလာန်သည် ရဟန်းတို့ကို "ငါ့သျှင်တို့ ဤတပေါဒါမြစ်၏ စီးဆင်းခဲ့ရာ အိုင်သည် ကြည်လင်သော ရေရှိ၏၊ အေးမြသော ရေရှိ၏၊ ချိုမြိန်သော ရေရှိ၏၊ ဖြူစင် သော ရေရှိ၏၊ ကောင်းသော ဆိပ်ကမ်းရှိ၏၊ နှစ်လိုဖွယ်ရှိ၏၊ များသော ငါး လိပ် ရှိ၏၊ လှည်းဘီးစက် ပမာဏ ရှိကုန်သော ပဒုမာ ကြာတို့သည်လည်း ပွင့်ကုန်၏" ဟု ပြောဆို၏။

"အသျှင် မဟာမောဂ္ဂလာန်သည် 'ငါ့သျှင်တို့ တပေါဒါမြစ် စီးဆင်းခဲ့ရာ အိုင်သည် ကြည်လင် သောရေရှိ၏၊ အေးမြသော ရေရှိ၏၊ ချိုမြိန်သော ရေရှိ၏၊ ဖြူစင်သော ရေရှိ၏၊ ကောင်းသော ဆိပ် ကမ်းရှိ၏၊ နှစ်လိုဖွယ်ရှိ၏၊ များသော ငါး လိပ် ရှိ၏၊ လှည်းဘီးစက် ပမာဏရှိကုန်သော ပဒုမာကြာတို့ သည်လည်း ပွင့်ကုန်၏' ဟု အဘယ့်ကြောင့် ဤသို့ ပြောဆိုဘိသနည်း၊ အမှန်စင်စစ်အားဖြင့် ဤ တပေါဒါမြစ်သည် ကျိုက်ကျိုက်ဆူပွက်လျက် စီးဆင်းနေ၏၊ အသျှင် မဟာမောဂ္ဂလာန်သည် လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားကို ဝါကြွားပြောဆိုနေ၏" ဟု ရဟန်းတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။

ရဟန်းတို့ ဤတပေါဒါမြစ် စီးဆင်းခဲ့ရာ အိုင်သည် ကြည်လင်သောရေရှိ၏၊ အေးမြသော ရေရှိ၏၊ ချိုမြိန်သော ရေရှိ၏၊ ဖြူစင်သော ရေရှိ၏၊ ကောင်းသော ဆိပ်ကမ်းရှိ၏၊ နှစ်လိုဖွယ် ရှိ၏၊ များသော ငါး လိပ် ရှိ၏၊ လှည်းဘီးစက် ပမာဏ ရှိကုန်သော ပဒုမာ ကြာတို့သည်လည်း ပွင့်ကုန်၏၊ ရဟန်းတို့ သို့သော်လည်း ဤတပေါဒါမြစ်သည် ငရဲကြီး နှစ်ခုတို့၏ အကြားမှ လာ၏၊ ထို့ကြောင့် ဤတပေါဒါမြစ် သည် ကျိုက်ကျိုက်ဆူပွက်လျက် စီးဆင်းနေ၏၊ ရဟန်းတို့ မောဂ္ဂလာန်သည် အမှန်ကို ပြောဆို ပေသည်၊ မောဂ္ဂလာန်အား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၇)

တရံရောအခါ မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းသည် လိစ္ဆဝီမင်းတို့နှင့် စစ်တိုက် ရာတွင် တပ်ပျက်လေ၏၊ ထို့နောက် မင်းကြီးသည် စစ်တပ်ကို စုရုံး၍ လိစ္ဆဝီမင်းတို့ကို အနိုင်ရလေ၏၊ စစ်မြေပြင်၌လည်း "မင်းကြီးသည် လိစ္ဆဝီမင်းတို့ကို ဖျက်ဆီးအပ်ပြီ" ဟု အောင်စည်ကို တီးခတ်လှည့် လည်၏၊ထိုအခါ အသျှင် မဟာမောဂ္ဂလာန်သည် ရဟန်းတို့ကို "ငါ့သျှင်တို့ မင်းကြီးကို လိစ္ဆဝီမင်းတို့က ဖျက်ဆီးအပ်ပြီ" ဟု ပြောဆို၏။

"အသျှင် မဟာမောဂ္ဂလာန်သည် 'ငါ့သျှင်တို့ မင်းကြီးကို လိစ္ဆဝီမင်းတို့က ဖျက်ဆီးအပ်ပြီ' ဟု အဘယ့်ကြောင့် ဤသို့ ပြောဆိုလေဘိသနည်း၊ စစ်မြေပြင်၌လည်း 'မင်းကြီးသည် လိစ္ဆဝီမင်းတို့ကို ဖျက်ဆီးအပ်ပြီ' ဟု အောင်စည်ကို တီးခတ်လှည့်လည်နေသည် မဟုတ်ပါလော၊ အသျှင် မဟာမောဂ္ဂ လာန်သည် လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ် တရားကို ဝါကြွားပြောဆိုနေ၏" ဟု ရဟန်းတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ရှေးဦးစွာ မင်းကြီးကို လိစ္ဆဝီမင်းတို့က ဖျက်ဆီးအပ်လေပြီ။ ထိုနောက်မှ မင်းကြီးသည် စစ်တပ်ကို စုရုံး၍ လိစ္ဆဝီမင်းတို့ကို အနိုင်ရလေသည်၊ ရဟန်းတို့ မောဂ္ဂလာန်သည် အမှန်ကို ပြောဆိုပေသည်၊ ရဟန်းတို့ မောဂ္ဂလာန်အား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၈)

၂၃၂။ ထိုအခါ အသျှင် မဟာမောဂ္ဂလာန်သည် ရဟန်းတို့ကို "ငါ့သျှင်တို့ ငါသည် သပ္ပိနီမြစ်ကမ်း၌ တုန်လှုပ်ခြင်းမရှိသော (စတုတ္ထစျာန်) သမာဓိကို ဝင်စားနေစဉ် ရေအိုင်သို့ သက်ဆင်း၍ကူးတက်ကုန်သော ကြိုးကြာသံကဲ့သို့ မြည်ကုန်သော ဆင်ပြောင်တို့၏ အသံကို ကြားရ၏" ဟု ပြောဆို၏၊ "အသျှင် မဟာမောဂ္ဂလာန်သည် တုန်လှုပ်ခြင်းမရှိသော (စတုတ္ထစျာန်) သမာဓိကို ဝင်စားနေစဉ် အဘယ့်ကြောင့် အသံကို ကြားရဘိသနည်း အသျှင် မဟာမောဂ္ဂလာန်သည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော စျာန်မဂ်ဖိုလ် တရားကို ဝါကြွားပြောဆိုနေသည်" ဟု ရဟန်းတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကိုလျှောက်ထား ကြကုန်၏။

ရဟန်းတို့ ထိုသမာဓိမျိုး ရှိနိုင်သည်၊ သို့သော်လည်း ထိုသမာဓိသည် စင်ကြယ်သည် မဟုတ်ပေ၊ ရဟန်းတို့ မောဂ္ဂလာန်သည် အမှန်ကို ပြောဆိုပေသည်၊ ရဟန်းတို့ မောဂ္ဂလာန်အား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၉)

ထိုအခါ အသျှင် သောဘိတသည် ရဟန်းတို့ကို "ငါ့သျှင်တို့ ငါသည် မဟာကပ် ငါးရာတို့ကို အောက်မေ့နိုင်သည်" ဟု ပြောဆို၏၊ "အသျှင် သောဘိတသည် 'ငါ့သျှင်တို့ ငါသည် မဟာကပ် ငါးရာတို့ကိုအောက်မေ့နိုင်သည်' ဟု အဘယ့်ကြောင့် ဤသို့ပြောဆိုဘိသနည်း၊ အသျှင် သောဘိတသည် လူတို့၏ ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော စျာန်မဂ်ဖိုလ်တရားကို ဝါကြွား ပြောဆိုနေ၏" ဟု ရဟန်းတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။

ရဟန်းတို့ သောဘိတအား ဤ (မဟာကပ် ငါးရာအောက်မေ့နိုင်သော) ဘဝသည် ရှိ၏၊ ထိုဘဝသည်လည်း တဘဝတည်းသာတည်း၊ ရဟန်းတို့ သောဘိတသည် အမှန်ကို ပြောဆိုပေသည်၊ ရဟန်းတို့ သောဘိတအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၆၀)

**စတုတ္ထ ပါရာဇိက ပြီး၏။**

---

၂၃၃။ အသျှင်တို့ ပါရာဇိက အာပတ်လေးပါးတို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ အကြင်ရဟန်းသည် ယင်းပါရာဇိက လေးပါးတို့တွင် တပါးပါးသို့ ရောက်သော် ရှေး (လူသာမဏေဖြစ်စဉ်) အခါ၌ ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်း ဆက်ဆံမှုကို မရသကဲ့သို့၊ ထိုအတူ ထိုရဟန်းသည် (ပါရာဇိကကျပြီးသော) နောက်အခါ၌လည်း ရဟန်းတို့နှင့် အတူတကွ ပေါင်းသင်းဆက်ဆံမှုကို မရ၊ သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၏၊ ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းသင်းရခြင်း မရှိတော့ပေ၊ ထိုပါရာဇိက လေးပါးတို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်

http://www.dhammadownload.com



လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်တို့သည် အာပတ်မှ စင်ကြယ်ကြသောကြောင့်ပင် ဆိတ်ဆိတ်နေတော်မူကြ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့် အဖြစ်ကို သိမှတ်ရပါသည်။

ပါရာဇိက ပြီး၏။

## ပါရာဇိက အကျဉ်းချုပ်

မေထုန် အဒိန္နဒါန် လူသတ်မှု မြတ်သောဉာဏ်တို့၏တရား (ကိုပြောဆိုခြင်း) ဤပါရာဇိက လေးပါးတို့သည်(သံသယနှင်ခံတော်နှင့်) အဆက်ပြတ်ကြောင်း ဖြစ်ကုန်၏၊ ယုံမှားမရှိအပ်ချေ။

ပါရာဇိက အခဏ်း ပြီးပြီ။

http://www.dhammadownload.com

# ၂-သံဃာဒိသိသ် အခဏ်း

## ၁-သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်

အသျှင်တို့ ဤတဆယ့်သုံးပါးသော သံဃာဒိသိသ်အာပတ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

၂၃၄။ တခုံရောအခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏၊ ထိုစဉ်အခါ၌ အသျှင်သေယျသကသည် မမွေ့လျော်ပဲ မြတ်သော အကျင့်ကို ကျင့်သုံးနေရ၏၊ ထိုအသျှင် သေယျသကသည် ထိုသို့ ကျင့်သုံးနေခြင်းကြောင့် ပိန်ကြုံ၏၊ အသွေးအသား ခေါင်းပါး၏၊ ရုပ်အဆင်းပျက်၏၊ (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိ၏၊ (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိ၏။

အသျှင်ဥဒါယီသည် ပိန်ကြုံသော အသွေးအသား ခေါင်းပါးသော ရုပ်အဆင်းပျက်သော(ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိသော (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိသည့် အသျှင် သေယျသကကို မြင်သောကြောင့်—

"ငါ့သျှင် သေယျသက အဘယ့်ကြောင့် သင်သည် ပိန်ကြုံသနည်း၊ အသွေးအသား ခေါင်းပါးသနည်း၊ ရုပ်အဆင်းပျက်သနည်း(ဖက်ရွက်လျော်ကဲ့သို့)ဖြော့တော့သော အဆင်းရှိသနည်း၊ (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသနည်း၊ ငါ့သျှင် သေယျသက သင်သည် မမွေ့လျော်ပဲ မြတ်သော အကျင့်ကို ကျင့်သုံးနေရသလော" ဟု မေး၏။

မှန်ပေသည် ငါ့သျှင် ဟု (ပြန်လျှောက်၏)။

"ငါ့သျှင် သေယျသက သို့ဖြစ်လျှင် သင်သည် အလိုရှိတိုင်း စားလော့၊ အလိုရှိတိုင်း အိပ်လော့၊ အလိုရှိတိုင်း ရေချိုးလော့၊ အလိုရှိတိုင်းစား အလိုရှိတိုင်းအိပ် အလိုရှိတိုင်း ရေချိုးပြီးလျှင် သင့်အား ပျင်းရိမှု ဖြစ်ပေါ်လာ၍ ရာဂသည် စိတ်ကို နှိပ်စက်သောအခါ လက်ဖြင့် လှုံ့လပြု၍ သုက်ကို လွှတ်စေလော့" ဟု (ပြော၏)။

ငါ့သျှင် ဤကဲ့သို့ ပြုခြင်းငှါ အပ်ပါမည်လော ဟု (မေးသောအခါ)

အပ်ပါသည် ငါ့သျှင်၊ ငါလည်း ဤသို့ ပြုလုပ်ပါသည် ဟု (ပြန်ပြော၏)။

ထိုအခါ အသျှင် သေယျသကသည် အလိုရှိတိုင်း စားလေပြီ၊ အလိုရှိတိုင်း အိပ်လေပြီ၊ အလိုရှိတိုင်း ရေချိုးလေပြီ၊ အလိုရှိတိုင်းစား အလိုရှိတိုင်းအိပ် အလိုရှိတိုင်း ရေချိုးပြီးလျှင် ပျင်းရိမှု ဖြစ်ပေါ်လာ၍ ရာဂသည် စိတ်ကို နှိပ်စက်သော အခါ လက်ဖြင့် လှုံ့ လပြု၍ သုက်ကို လွှတ်စေ၏၊ ထိုနောက် အသျှင် သေယျသကသည် အခါတပါး၌ အဆင်းလှလေပြီ၊ ဣန္ဒြေ ပြည့်ဖြိုးလေပြီ၊ မျက်နှာအဆင်း ကြည်လင်လေပြီ၊ ကိုယ်ရေအဆင်း ကြည်လင်လေပြီ၊ ထိုအခါ အသျှင် သေယျသက၏ သူငယ်ချင်း ရဟန်းတို့သည် အသျှင် သေယျသကအား—

"ငါ့သျှင် သေယျသက သင်သည် ရှေးအခါ၌ ပိန်ကြုံခဲ့၏၊ အသွေးအသား ခေါင်းပါးခဲ့၏၊ ရုပ်အဆင်း ပျက်ခဲ့၏၊ (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိ၏၊ (ကွန်ရက်ကို

http://www.dhammadownload.com



ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိ၏၊ ထိုသင်သည် ယခုအခါ၌ အဆင်း လှ၏၊ ဣန္ဒြေ ပြည့်ဖြိုး၏၊ မျက်နှာ အဆင်း ကြည်လင်၏၊ ကိုယ်ရေအဆင်း ကြည်လင်၏၊ ငါ့သျှင် သေယျသက သင်သည် အဘယ်ဆေးကို အသုံးပြုသနည်း " ဟု မေးမြန်းကြကုန်၏။

ငါ့သျှင်တို့ ငါသည် ဆေးကို အသုံးမပြုပါ၊ အမှန်စင်စစ်အားဖြင့် ငါသည် အလိုရှိတိုင်း စားပါသည်၊ အလိုရှိတိုင်း အိပ်ပါသည်၊ အလိုရှိတိုင်း ရေချိုးပါသည်၊ အလိုရှိတိုင်းစား အလိုရှိတိုင်းအိပ် အလိုရှိတိုင်း ရေချိုးပြီးလျှင် ငါ့အား ပျင်းရိမှုသည် ဖြစ်ပေါ်လာ၍ ရာဂသည် စိတ်ကို နှိပ်စက်သောအခါ ငါသည် လက်ဖြင့် လှုံ့လပြု၍ သုက်ကို လွှတ်စေပါသည် ဟု (ပြန်ပြော၏)။

ငါ့သျှင် သေယျသက သင်သည် သဒ္ဓါ၍ လှူအပ်သော ပစ္စည်းကို သုံးဆောင်သော လက်ဖြင့်ပင် လှုံ့လပြု၍ သုက်ကို လွှတ်စေသလော ဟု (မေးသောအခါ)

မှန်ပေသည် ငါ့သျှင်တို့ ဟု (ပြန်လျှောက်၏)။

"အဘယ့်ကြောင့် အသျှင်သေယျသကသည် လက်ဖြင့် လှုံ့လပြု၍ သုက်ကို လွှတ်စေဘိသနည်း" ဟု အလိုနည်းသော ရဟန်းတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် အသျှင်သေယျသကကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ကုန်ပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် အသျှင်သေယျသက ကို—

"သေယျသက သင်သည် လက်ဖြင့် လှုံ့ လပြု၍ သုက်ကို လွှတ်စေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။

"(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား (ဤအပြုအမူသည်) ရဟန်းတို့အား မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူ မဟုတ်၊ မအပ်၊ မပြုသင့်၊ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား သင်သည် လက်ဖြင့် လှုံ့လပြု၍ သုက်ကို အဘယ့်ကြောင့် လွှတ်စေဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ရာဂနှင့်တကွ ဖြစ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ ရာဂကင်းရန် ဟောတော်မူသည် မဟုတ်ပါလော၊ ကာမ ဂုဏ်နှင့် စပ်ယှဉ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ ကာမဂုဏ်နှင့် မစပ်ယှဉ်ရန် ဟောတော်မူသည် မဟုတ်ပါလော၊ (တဏှာဒိဋ္ဌိဖြင့်) စွဲလမ်းခြင်းနှင့်တကွ ဖြစ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ (တဏှာဒိဋ္ဌိဖြင့်) မစွဲလမ်းရန် ဟောတော်မူသည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် ထိုသို့ ရာဂကင်းရန် တရားတော်ကို ဟောအပ်ပါလျက် သင်သည် အဘယ့်ကြောင့် ရာဂ ဖြစ်ခြင်းငှါ အားထုတ်ဘိသနည်း၊ ကာမဂုဏ်နှင့် မစပ်ယှဉ်ရန် တရားတော်ကို ဟောအပ်ပါလျက် ကာမဂုဏ်နှင့် စပ်ယှဉ်ခြင်းငှါ အားထုတ်ဘိသနည်း၊ (တဏှာဒိဋ္ဌိဖြင့်) မစွဲလမ်းရန် တရားတော်ကို ဟောအပ်ပါလျက် (တဏှာဒိဋ္ဌိဖြင့်) စွဲလမ်းခြင်းနှင့်တကွ ဖြစ်ခြင်းငှါ အားထုတ်ဘိသနည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ရာဂ ကင်းခြင်းငှါ တရားတော်ကို ဟောတော်မူသည် မဟုတ်ပါလော၊ မာန်မယစ်ခြင်းငှါ (ကိလေသာ

http://www.dhammadownload.com



ဟူသော) ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ခြင်းငှါ အတာအတွယ်ကို ပယ်ဖြတ်ခြင်းငှါ ဝဋ္ဋ (မြစ်)ကို ဖြတ်ခြင်းငှါ တဏှာကုန်ခြင်းငှါ မတပ်မက်ခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ငြိမ်းအေးခြင်းငှါ တရားတော်ကိုဟောတော်မူသည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ကာမဂုဏ် ပယ်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ်သညာ (စိတ်)တို့ကို ပိုင်းခြား၍ သိမှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် မွတ်သိပ်ခြင်း ပယ်ဖျောက်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ်၌ ကြံစည်ခြင်း 'ကာမဝိတက်' ပယ်သတ်မှုကို ဟောတော်မူသည် မဟုတ်ပါလော၊ ကာမဂုဏ် အပူ အအိုက်တို့၏ ငြိမ်းအေးမှုကို ဟောတော်မူသည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း၊ ကြည်ညိုပြီးသော သူတို့အား တိုး၍ ကြည်ညိုစေခြင်းငှါရင်း မဖြစ်နိုင်ပေ။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အမှန်စင်စစ် ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား မကြည်ညိုစေခြင်းငှါရင်း ကြည်ညိုပြီးသော အချို့သူတို့အား အကြည်ညို ပျက်စေခြင်းငှါရင်း ဖြစ်ပေ၏" ဟု (ကဲ့ရဲ့တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် အသျှင် သေယျသကကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်တော်မူပြီးလျှင် ကိုယ်တိုင် ပြုစုမွေးမြူနိုင်ရန် ခက်ခဲခြင်း။ပ။ ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) "စေတနာနှင့်တကွဖြစ်သော သုက်လွှတ်ခြင်းသည် သံဃာဒိသိသ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၂၃၅။ တရံရောအခါ ရဟန်းတို့သည် မွန်မြတ်သော ဘောဇဉ်တို့ကို စားကြ၍ သတိလွတ်ကင်း အဆင်ခြင်ကင်းကုန်လျက် အိပ်ပျော်ခြင်းသို့ရောက်ကုန်၏။သတိလွတ်ကင်း အဆင်ခြင်ကင်းကုန်လျက် အိပ်ပျော်ခြင်းသို့ ရောက်ကုန်သော ထိုရဟန်းတို့အား အိပ်မက် မြင်မက်သဖြင့် သုက်လွှတ်၏၊ ထိုရဟန်းတို့အား 'စေတနာနှင့်တကွဖြစ်သော သုက်လွှတ်ခြင်းသည် သံဃာဒိသိသ် အာပတ် သင့်၏' ဟု မြတ်စွာဘုရားသည် သိက္ခာပုဒ်ကို ပညတ်တော်မူအပ်လေပြီ၊ ငါတို့သည်လည်း အိပ်မက် မြင်မက်သဖြင့် သုက်လွှတ်ကုန်၏၊ ဤအိပ်မက် မြင်မက်ရာ၌ စေတနာကို ရထိုက်သည်သာတည်း၊ ငါတို့သည် သံဃာဒိသိသ် အာပတ် သင့်ကုန်သလော" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကုန်၏။

ရဟန်းတို့ ထိုစေတနာသည် ရှိပေသည်၊ သို့သော်လည်း ထိုစေတနာသည် မပြောပလောက်ပေ၊ ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၅။ ၁-(ခ) ၂၃၆။ "အိပ်မက်၌ သုက်လွှတ်ခြင်းမှတပါး စေတနာနှင့်တကွ ဖြစ်သော သုက်လွှတ်ခြင်းသည် သံဃာဒိသိသ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၁-သုက္ကဝိဿဋ္ဌိသိက္ခာပုဒ် အဖွင့်

၂၃၇။ **စေတနာနှင့်တကွ ဖြစ်သော** ဟူသည် သိလျက် အသေအချာသိလျက် စေ့ဆော်၍ လွန်ကျူး၍ ကျော်နင်းခြင်းတည်း။

**သုက်** ဟူသည် ဆယ်မျိုးရှိ၏၊ အညိုရောင် အဝါရောင် အနီရောင် အဖြူရောင် ရက်တက်ရည်ရောင် ရေရောင် ဆီရောင် နွားနို့ရောင် နို့ဓမ်း (ဒိန်ခဲ)ရောင် ထောပတ်ရောင် ရှိသော သုက်တို့တည်း။

**လွတ်ခြင်း** ဟူသည် နေရာမှ ရွေ့စေခြင်းကို ဆို၏။

**အိပ်မက်၌ သုက်လွတ်ခြင်းမှတပါး** ဟူသည် အိပ်မက်၌ သုက်လွတ်ခြင်းကို ထား၍။

**သံဃာဒိသိသ်** ဟူသည် ထိုအာပတ်အတွက် သံဃာသာလျှင် ပရိဝါသ် ပေးရ၏၊ အရင်းသို့ ငင်ရ၏၊ မာနတ်ပေးရ၏၊ အဗ္ဘာန်သွင်းရ၏၊ နှစ်ပါးသုံးပါးသည်၎င်း၊ ပုဂ္ဂိုလ်တဦးတယောက်သည်၎င်း၊ ပရိဝါသ် မပေးရ အရင်းသို့မငင်ရ မာနတ်မပေးရ အဗ္ဘာန်မသွင်းရ၊ ထို့ကြောင့် "သံဃာဒိသိသ်" ဟု ဆိုအပ်၏။ (သံဃာဒိသိသ်ဟူသော အမည်သည်) ထိုအာပတ်အပေါင်း၏ အမည်သာလျှင်တည်း၊ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၁-သုက္ကဝိဿဋ္ဌိသိက္ခာပုဒ် အဖွင့် ပြီး၏။

---

## ခေါင်းစဉ် မာတိကာ

အတွင်းရုပ်၌ လွှတ်စေ၏၊ အပြင်ရုပ်၌ လွှတ်စေ၏၊ အတွင်း အပြင် ရုပ်နှစ်ပါး၌ လွှတ်စေ၏၊ ကောင်းကင်၌ ခါးကို လှုပ်စေ၍ လွှတ်စေ၏၊

ရာဂကြောင့် အင်္ဂါဇာတ် တောင့်တင်း ခိုင်မာသော အခါ၌ လွှတ်စေ၏၊ ကျင်ကြီးကြောင့် အင်္ဂါဇာတ် တောင့်တင်းခိုင်မာသော အခါ၌ လွှတ်စေ၏၊ ကျင်ငယ်ကြောင့် အင်္ဂါဇာတ်တောင့်တင်း ခိုင်မာသောအခါ၌ လွှတ်စေ၏၊ လေကြောင့် အင်္ဂါဇာတ် တောင့်တင်း ခိုင်မာသောအခါ၌ လွှတ်စေ၏၊ ဥစ္စာလိင်္ဂပိုးထိုးခြင်းကြောင့် အင်္ဂါဇာတ် တောင့်တင်းခိုင်မာသော အခါ၌ လွှတ်စေ၏။

အနာရောဂါကင်းခြင်းငှါ လွှတ်စေ၏၊ ချမ်းသာခြင်းအလို့ငှါ လွှတ်စေ၏၊ ဆေးအလို့ငှါ လွှတ်စေ၏၊ အလှူအလို့ငှါ လွှတ်စေ၏၊ ကောင်းမှု အလို့ငှါ လွှတ်စေ၏၊ ယဇ်ပူဇော်ရန် အလို့ငှါ လွှတ်စေ၏၊ နတ်ပြည်အလို့ငှါ လွှတ်စေ၏၊ မျိုးစေ့အလို့ငှါ လွှတ်စေ၏၊ စုံစမ်းရန်အလို့ငှါ လွှတ်စေ၏၊ ပျော်ပါးရန် အလို့ငှါ လွှတ်စေ၏။

အညိုအဆင်းရှိသောသုက်ကို လွှတ်စေ၏၊ အဝါအဆင်းရှိသော သုက်ကို လွှတ်စေ၏၊ အနီအဆင်း ရှိသော သုက်ကို လွှတ်စေ၏၊ အဖြူအဆင်းရှိသော သုက်ကို လွှတ်စေ၏၊ ရက်တက်ရည် အဆင်းရှိသော သုက်ကို လွှတ်စေ၏၊ ရေအဆင်းရှိသော သုက်ကို လွှတ်စေ၏၊ ဆီအဆင်းရှိသော သုက်ကို လွှတ်စေ၏၊ နွားနို့ အဆင်းရှိသော သုက်ကို လွှတ်စေ၏၊ နို့ဓမ်း အဆင်းရှိသော သုက်ကို လွှတ်စေ၏၊ ထောပတ် အဆင်းရှိသောသုက်ကို လွှတ်စေ၏။

ဤကား ခေါင်းစဉ် မာတိကာတည်း။

http://www.dhammadownload.com



## မာတိကာအဖွင့်

၂၃၇။ **အတွင်းရုပ်၌** ဟူသည် စွဲလမ်းအပ်သော အတွင်းရုပ်၌။

**အပြင်ရုပ်၌** ဟူသည် စွဲလမ်းအပ်သောအပြင်ရုပ်၌ဖြစ်စေ မစွဲလမ်းအပ်သော အပြင်ရုပ်၌ဖြစ်စေ။
**အတွင်း အပြင် ရုပ်၌** ဟူသည် ထိုနှစ်ပါး အပေါင်း၌။

**ကောင်းကင်၌ ခါးကို လှုပ်စေ၍** ဟူသည် ကောင်းကင်၌ လှုံ့လပြုသူအား အင်္ဂါဇာတ်သည် ပြုခြင်းငှါ အသင့် ဖြစ်၏။

**ရာဂကြောင့် အင်္ဂါဇာတ် တောင့်တင်း ခိုင်မာသော အခါ၌** ဟူသည် ရာဂနှိပ်စက်သူအား အင်္ဂါဇာတ်သည် ပြုခြင်းငှါ အသင့် ဖြစ်၏။

**ကျင်ကြီးကြောင့် အင်္ဂါဇာတ် တောင့်တင်း ခိုင်မာသော အခါ၌** ဟူသည် ကျင်ကြီး နှိပ်စက်သူအား အင်္ဂါဇာတ်သည် ပြုခြင်းငှါ အသင့် ဖြစ်၏။

**ကျင်ငယ်ကြောင့်အင်္ဂါဇာတ်တောင့်တင်းခိုင်မာသော အခါ၌** ဟူသည် ကျင်ငယ်နှိပ်စက်သူအား အင်္ဂါဇာတ်သည် ပြုခြင်းငှါ အသင့် ဖြစ်၏။

**လေကြောင့် အင်္ဂါဇာတ် တောင့်တင်း ခိုင်မာသော အခါ၌** ဟူသည် လေနှိပ်စက်သူအား အင်္ဂါဇာတ်သည် ပြုခြင်းငှါ အသင့် ဖြစ်၏။

**ဥစ္စာလိဂ် ပိုးထိုးခြင်းကြောင့် အင်္ဂါဇာတ် တောင့်တင်း ခိုင်မာသော အခါ၌** ဟူသည် ဥစ္စာလိဂ် ပိုးထိုးခြင်းကြောင့် အင်္ဂါဇာတ်သည် ပြုခြင်းငှါ အသင့် ဖြစ်၏။

၂၃၈။ **အနာ ရောဂါ ကင်းခြင်းငှါ** ဟူသည် အနာရောဂါ မရှိသည် ဖြစ်ရအံ့။

**ချမ်းသာခြင်း အလို့ငှါ** ဟူသည် ချမ်းသာခြင်း သုခ ဝေဒနာကို ဖြစ်စေအံ့။

**ဆေးအလို့ငှါ** ဟူသည် ဆေးဖြစ်လတ္တံ့ ။

**အလှူအလို့ငှါ** ဟူသည် အလှူကို ပေးလှူအံ့။

**ကောင်းမှုအလို့ငှါ** ဟူသည် ကောင်းမှု ဖြစ်လတ္တံ့။

**ယဇ်ပူဇော်ရန် အလို့ငှါ** ဟူသည် ယဇ်ကို ပူဇော်အံ့။

**နတ်ပြည်အလို့ငှါ** ဟူသည် နတ်ပြည်သို့ ရောက်အံ့။

**မျိုးစေ့အလို့ငှါ** ဟူသည် မျိုးစေ့ ဖြစ်လတ္တံ့။

**စုံစမ်းရန် အလို့ငှါ** ဟူသည် အညိုဖြစ်လတ္တံ့ ၊ အဝါ ဖြစ်လတ္တံ့ ၊ အနီ ဖြစ်လတ္တံ့ ၊ အဖြူဖြစ်လတ္တံ့ ၊ ရက်တက်ရည် အဆင်း ဖြစ်လတ္တံ့ ၊ ရေအဆင်း ဖြစ်လတ္တံ့ ၊ ဆီအဆင်း ဖြစ်လတ္တံ့ ၊ နွားနို့ အဆင်း ဖြစ်လတ္တံ့ ၊ နို့ဓမ်းအဆင်း ဖြစ်လတ္တံ့ ၊ ထောပတ်အဆင်း ဖြစ်လတ္တံ့ ။

**ပျော်ပါးရန် အလို့ငှါ** ဟူသည် ရွှင်မြူးလို၍။

မာတိကာအဖွင့် ပြီး၏။

http://www.dhammadownload.com



## ၁-သုက္ကဝိဿဋ္ဌိ သံဃာဒိသိသ် သုဒ္ဓိကဝါရ

၂၄၀။ အတွင်းရုပ်၌ စေ့ဆော်၏၊ လှုံ့လ ပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အပြင်ရုပ်၌ စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အတွင်းအပြင်ရုပ်၌ စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကောင်းကင်၌ ခါးကို လှုပ်စေလျက် စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရာဂကြောင့် အင်္ဂါဇာတ် တောင့်တင်းခိုင်မာသော အခါ၌ စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။

ကျင်ကြီးကြောင့် အင်္ဂါဇာတ် တောင့်တင်းခိုင်မာသော အခါ၌ စေ့ဆော်၏၊လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျင်ငယ်ကြောင့် အင်္ဂါဇာတ် တောင့်တင်း ခိုင်မာသော အခါ၌ စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

လေကြောင့် အင်္ဂါဇာတ် တောင့်တင်းခိုင်မာသော အခါ၌ စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဥစ္စာလိင်္ဂပိုးထိုးခြင်းကြောင့် အင်္ဂါဇာတ် တောင့်တင်း ခိုင်မာသော အခါ၌ စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အနာရောဂါ ကင်းခြင်းငှါ စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။

ချမ်းသာခြင်း အလို့ငှါ ။ပ။ ဆေးအလို့ငှါ၊ အလှူအလို့ငှါ ။ ကောင်းမှုအလို့ငှါ။ ယဇ်ပူဇော်ရန် အလို့ငှါ။ နတ်ပြည်အလို့ငှါ။ မျိုးစေ့အလို့ငှါ။ စုံစမ်းရန် အလို့ငှါ၊ ပျော်ပါးရန် အလို့ငှါ။ စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အညိုအဆင်းရှိသော သုက်ကို စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အဝါအဆင်းရှိသော သုက်ကို။ အနီအဆင်းရှိသော သုက်ကို။ အဖြူအဆင်းရှိသော သုက်ကို။ ရက်တက်ရည်အဆင်းရှိသော သုက်ကို။ ရေအဆင်းရှိသော သုက်ကို။ ဆီအဆင်းရှိသော သုက်ကို။ နို့ရည်အဆင်းရှိသော သုက်ကို။ နို့ခမ်းအဆင်းရှိသော သုက်ကို။ ထောပတ်အဆင်းရှိသော သုက်ကို။ စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

သုဒ္ဓိကဝါရ ပြီး၏။

---

## ကေမူ စက်ပြတ် 'ခဏ္ဍစက်'

အနာရောဂါ ကင်းခြင်းငှါရင်း ချမ်းသာခြင်းငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အနာရောဂါကင်းခြင်းငှါရင်း ဆေးအလို့ငှါရင်း။ပ။ အနာရောဂါကင်းခြင်းငှါရင်း အလှူအလို့ငှါရင်း။ အနာရောဂါကင်းခြင်းငှါရင်း ကောင်းမှုအလို့ငှါရင်း။ အနာရောဂါကင်းခြင်းငှါရင်း ယဇ်ပူဇော်

http://www.dhammadownload.com



ရန် အလို့ငှါရင်း။ အနာရောဂါကင်းခြင်းငှါရင်း နတ်ပြည်အလို့ငှါရင်း။ အနာရောဂါကင်းခြင်းငှါရင်း မျိုးစေ့အလို့ငှါရင်း။ အနာရောဂါကင်းခြင်းငှါရင်း စုံစမ်းရန် အလို့ငှါရင်း။ အနာရောဂါကင်းခြင်းငှါရင်း ပျော်ပါးရန် အလို့ငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ၏ စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

---

## ကေမူ၏ စက်ဝိုင်း 'ဗဒ္ဓစက်'

၂၄၁။ ချမ်းသာခြင်းငှါရင်း ဆေးအလို့ငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ချမ်းသာခြင်းငှါရင်း အလှူအလို့ငှါရင်း။ပ။ ချမ်းသာခြင်းငှါရင်း ကောင်းမှုအလို့ငှါရင်း။ ချမ်းသာခြင်းငှါရင်း ယဇ်ပူဇော်ရန် အလို့ငှါရင်း။ ချမ်းသာခြင်းငှါရင်း နတ်ပြည်အလို့ငှါရင်း။ ချမ်းသာခြင်းငှါရင်း မျိုးစေ့အလို့ငှါရင်း။ ချမ်းသာခြင်းငှါရင်း စုံစမ်းရန် အလို့ငှါရင်း။ ချမ်းသာခြင်းငှါရင်း ပျော်ပါးရန်အလို့ငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ ချမ်းသာခြင်းငှါရင်း အနာရောဂါ ကင်းခြင်းငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

၂၄၂။ ဆေးအလို့ငှါရင်း အလှူအလို့ငှါရင်း။ပ။ ဆေးအလို့ငှါရင်း ကောင်းမှု အလို့ငှါရင်း။ ဆေးအလို့ငှါရင်း ယဇ်ပူဇော်ရန်အလို့ငှါရင်း။ ဆေးအလို့ငှါရင်း နတ်ပြည်အလို့ငှါရင်း။ ဆေးအလို့ငှါရင်း မျိုးစေ့အလို့ငှါရင်း။ ဆေးအလို့ငှါရင်း စုံစမ်းရန် အလို့ငှါရင်း။ ဆေးအလို့ငှါရင်း ပျော်ပါးရန် အလို့ငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဆေးအလို့ငှါရင်း အနာရောဂါကင်းခြင်းငှါရင်း။ပ။ ဆေးအလို့ငှါရင်း ချမ်းသာခြင်းငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အလှူအလို့ငှါရင်း ကောင်းမှုအလို့ငှါရင်း။ပ။ အလှူအလို့ငှါရင်း ယဇ်ပူဇော်ရန် အလို့ငှါရင်း။ အလှူအလို့ငှါရင်း နတ်ပြည်အလို့ငှါရင်း။ အလှူအလို့ငှါရင်း မျိုးစေ့အလို့ငှါရင်း။ အလှူအလို့ငှါရင်း စုံစမ်းရန်အလို့ငှါရင်း။ အလှူအလို့ငှါရင်း ပျော်ပါးရန် အလို့ငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အလှူအလို့ငှါရင်း အနာရောဂါ ကင်းခြင်းငှါရင်း။ပ။ အလှူအလို့ငှါရင်း ချမ်းသာခြင်းငှါရင်း။ အလှူအလို့ငှါရင်း ဆေးအလို့ငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကောင်းမှုအလို့ငှါရင်း ယဇ်ပူဇော်ရန် အလို့ငှါရင်း။ပ။ ကောင်းမှု အလို့ငှါရင်း နတ်ပြည်အလို့ငှါရင်း။ ကောင်းမှုအလို့ငှါရင်း မျိုးစေ့အလို့ငှါရင်း။ ကောင်းမှုအလို့ငှါရင်း စုံစမ်းရန်အလို့ငှါရင်း။ ကောင်းမှုအလို့ငှါရင်း ပျော်ပါးရန်အလို့ငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကောင်းမှုအလို့ငှါရင်း အနာရောဂါ ကင်းခြင်းငှါရင်း။ပ။ ကောင်းမှုအလို့ငှါရင်း ချမ်းသာခြင်းငှါရင်း။ ကောင်းမှု အလို့ငှါရင်း ဆေးအလို့ငှါရင်း။ ကောင်းမှုအလို့ငှါရင်း အလှူအလို့ငှါရင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



ယဇ်ပူဇော်ရန် အလို့ငှါရှင်း နတ်ပြည်အလို့ငှါရှင်း။ပ။ ယဇ်ပူဇော်ရန် အလို့ငှါရှင်း မျိုးစေ့ အလို့ငှါရှင်း။ ယဇ်ပူဇော်ရန်အလို့ငှါရှင်း စုံစမ်းရန်အလို့ငှါရှင်း။ ယဇ်ပူဇော်ရန်အလို့ငှါရှင်း ပျော်ပါးရန် အလို့ငှါရှင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယဇ်ပူဇော်ရန်အလို့ငှါရှင်း အနာရောဂါ ကင်းခြင်းငှါရှင်း။ပ။ ယဇ်ပူဇော်ရန် အလို့ငှါရှင်း ချမ်းသာခြင်းငှါရှင်း။ ယဇ်ပူဇော်ရန် အလို့ငှါရှင်း ဆေးအလို့ငှါရှင်း။ ယဇ်ပူဇော်ရန် အလို့ငှါရှင်း အလှူအလို့ငှါရှင်း။ ယဇ်ပူဇော်ရန် အလို့ငှါရှင်း ကောင်းမှု အလို့ငှါရှင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

နတ်ပြည်အလို့ငှါရှင်း မျိုးစေ့အလို့ငှါရှင်း။ပ။ နတ်ပြည်အလို့ငှါရှင်း စုံစမ်းရန် အလို့ငှါရှင်း။ နတ်ပြည်အလို့ငှါရှင်း ပျော်ပါးရန်အလို့ငှါရှင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

နတ်ပြည်အလို့ငှါရှင်း အနာရောဂါ ကင်းခြင်းငှါရှင်း။ပ။ နတ်ပြည်အလို့ငှါရှင်း ချမ်းသာခြင်းငှါရှင်း။ နတ်ပြည်အလို့ငှါရှင်း ဆေးအလို့ငှါရှင်း။ နတ်ပြည်အလို့ငှါရှင်း အလှူအလို့ငှါရှင်း။ နတ်ပြည် အလို့ငှါရှင်း ကောင်းမှု အလို့ငှါရှင်း။ နတ်ပြည်အလို့ငှါရှင်း ယဇ်ပူဇော်ရန် အလို့ငှါရှင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မျိုးစေ့ အလို့ငှါရှင်း စုံစမ်းရန် အလို့ငှါရှင်း။ပ။ မျိုးစေ့ အလို့ငှါရှင်း ပျော်ပါးရန် အလို့ငှါရှင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မျိုးစေ့အလို့ငှါရှင်း အနာရောဂါကင်းခြင်းငှါရှင်း။ပ။ မျိုးစေ့အလို့ငှါရှင်း ချမ်းသာခြင်းငှါရှင်း။ မျိုးစေ့အလို့ငှါရှင်း ဆေးအလို့ငှါရှင်း။ မျိုးစေ့အလို့ငှါရှင်း အလှူအလို့ငှါရှင်း။ မျိုးစေ့ အလို့ငှါရှင်း ကောင်းမှုအလို့ငှါရှင်း။ မျိုးစေ့အလို့ငှါရှင်း ယဇ်ပူဇော်ရန်အလို့ငှါရှင်း။ မျိုးစေ့အလို့ငှါရှင်း နတ်ပြည် အလို့ငှါရှင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စုံစမ်းရန်အလို့ငှါရှင်း ပျော်ပါးရန်အလို့ငှါရှင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စုံစမ်းရန်အလို့ငှါရှင်း အနာရောဂါကင်းခြင်းငှါရှင်း။ပ။ စုံစမ်းရန်အလို့ငှါရှင်း ချမ်းသာခြင်း ငှါရှင်း။ စုံစမ်းရန်အလို့ငှါရှင်း ဆေးအလို့ငှါရှင်း။ စုံစမ်းရန်အလို့ငှါရှင်း အလှူအလို့ငှါရှင်း။ စုံစမ်းရန် အလို့ငှါရှင်း ကောင်းမှု အလို့ငှါရှင်း။ စုံစမ်းရန် အလို့ငှါရှင်း ယဇ်ပူဇော်ရန် အလို့ငှါရှင်း။ စုံစမ်းရန် အလို့ငှါရှင်း နတ်ပြည် အလို့ငှါရှင်း။ စုံစမ်းရန် အလို့ငှါရှင်း မျိုးစေ့အလို့ငှါရှင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ပျော်ပါးရန် အလို့ငှါရှင်း အနာရောဂါ ကင်းခြင်းငှါရှင်း။ပ။ ပျော်ပါးရန် အလို့ငှါရှင်း ချမ်းသာ ခြင်းငှါရှင်း။ ပျော်ပါးရန်အလို့ငှါရှင်း ဆေးအလို့ငှါရှင်း။ ပျော်ပါးရန်အလို့ငှါရှင်း အလှူအလို့ငှါရှင်း။ ပျော်ပါးရန်အလို့ငှါရှင်း ကောင်းမှုအလို့ငှါရှင်း။ ပျော်ပါးရန်အလို့ငှါရှင်း ယဇ်ပူဇော်ရန်အလို့ငှါရှင်း။ ပျော်ပါးရန်အလို့ငှါရှင်း နတ်ပြည်အလို့ငှါရှင်း။ ပျော်ပါးရန် အလို့ငှါရှင်း မျိုးစေ့အလို့ငှါရှင်း။ ပျော် ပါးရန်အလို့ငှါရှင်း စုံစမ်းရန် အလို့ငှါရှင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ၏ စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

http://www.dhammadownload.com



[ဒုမူ ခဏ္ဍစက် ဒုမူ ဗဒ္ဓစက်တို့ကို အကျဉ်းချုံးအပ်၏။ တမ်ူ။ပ။ နဝမူတို့ကိုလည်း ထိုအတူ အကျယ်ချဲ့အပ်၏]။

၂၄၃။ အနာရောဂါ ကင်းခြင်းငှါရင်း ချမ်းသာခြင်းငှါရင်း။ ဆေးအလို့ငှါရင်း အလှူအလို့ငှါရင်း။ ကောင်းမှု အလို့ငှါရင်း ယဇ်ပူဇော်ရန် အလို့ငှါရင်း။ နတ်ပြည်အလို့ငှါရင်း မျိုးစေ့အလို့ငှါရင်း။ စုံစမ်းရန် အလို့ငှါရင်း ပျော်ပါးရန် အလို့ငှါရင်း ဖေ့ဆော်၏၊ လွှဲလပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

သမ္ဗမူ ပြီး၏။

---

၂၄၄။ အညိုအဆင်းရှိသော သုက်ကိုရင်း အဝါအဆင်းရှိသော သုက်ကိုရင်း စေ့ဆော်၏၊ လွှဲလပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အညိုအဆင်းရှိသော သုက်ကိုရင်း အနီအဆင်းရှိသော သုက်ကိုရင်း။ပ။ အညိုအဆင်းရှိသော သုက်ကိုရင်း အဖြူအဆင်းရှိသော သုက်ကိုရင်း။ အညိုအဆင်းရှိသော သုက်ကိုရင်း ရက်တက်ရည် အဆင်းရှိသော သုက်ကိုရင်း။ အညိုအဆင်းရှိသော သုက်ကိုရင်း ရေအဆင်းရှိသော သုက်ကိုရင်း။ အညိုအဆင်းရှိသော သုက်ကိုရင်း ဆီအဆင်းရှိသော သုက်ကိုရင်း။ အညိုအဆင်းရှိသော သုက်ကိုရင်း နို့ရည်အဆင်းရှိသော သုက်ကိုရင်း။ အညိုအဆင်းရှိသော သုက်ကိုရင်း နို့ဓမ်းအဆင်းရှိသော သုက်ကိုရင်း။ အညိုအဆင်းရှိသော သုက်ကိုရင်း ထောပတ် အဆင်းရှိသော သုက်ကိုရင်း စေ့ဆော်၏၊ လွှဲလပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ၏စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

---

၂၄၅။ အဝါအဆင်းရှိသောသုက်ကိုရင်း အနီအဆင်းရှိသော သုက်ကိုရင်း စေ့ဆော်၏၊ လွှဲလပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

အဝါအဆင်းရှိသော သုက်ကိုရင်း အဖြူအဆင်းရှိသော သုက်ကိုရင်း။ပ။ အဝါအဆင်းရှိသော သုက်ကိုရင်း ရက်တက်ရည်အဆင်းရှိသောသုက်ကိုရင်း။ အဝါအဆင်းရှိသောသုက်ကိုရင်း ရေအဆင်းရှိသော သုက်ကိုရင်း။ အဝါအဆင်းရှိသော သုက်ကိုရင်း ဆီအဆင်းရှိသောသုက်ကိုရင်း။ အဝါအဆင်းရှိသော သုက်ကိုရင်း နို့ရည်အဆင်းရှိသော သုက်ကိုရင်း။ အဝါအဆင်းရှိသော သုက်ကိုရင်း နို့ဓမ်းအဆင်းရှိသောသုက်ကိုရင်း။ အဝါအဆင်းရှိသောသုက်ကိုရင်း ထောပတ်အဆင်းရှိသော သုက်ကိုရင်း စေ့ဆော်၏၊ လွှဲလပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

အဝါအဆင်းရှိသော သုက်ကိုရင်း အညိုအဆင်းရှိသော သုက်ကိုရင်း စေ့ဆော်၏၊ လွှဲလပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ၏စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

http://www.dhammadownload.com



၂၄၆။ အနီအဆင်းရှိသောသုက်ကိုငင်း အဖြူအဆင်းရှိသောသုက်ကိုငင်း စေ့ဆော်၍၊ လှုံ့လပြု၍၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အနီအဆင်းရှိသော သုက်ကိုငင်း ရက်တက်ရည်အဆင်းရှိသော သုက်ကိုငင်း။ပ။ အနီအဆင်းရှိသောသုက်ကိုငင်း ရေအဆင်းရှိသော သုက်ကိုငင်း။ အနီအဆင်းရှိသော သုက်ကိုငင်း ဆီအဆင်းရှိသောသုက်ကိုငင်း။ အနီအဆင်းရှိသော သုက်ကိုငင်း နို့ရည်အဆင်းရှိသောသုက်ကိုငင်း။ အနီအဆင်းရှိသော သုက်ကိုငင်း နို့ဓမ်းအဆင်းရှိသော သုက်ကိုငင်း။ အနီအဆင်းရှိသော သုက်ကိုငင်း ထောပတ်အဆင်းရှိသော သုက်ကိုငင်း စေ့ဆော်၍၊ လှုံ့လပြု၍၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အနီအဆင်းရှိသော သုက်ကိုငင်း အညိုအဆင်းရှိသော သုက်ကိုငင်း။ပ။ အနီအဆင်းရှိသော သုက်ကိုငင်း အဝါအဆင်းရှိသော သုက်ကိုငင်း စေ့ဆော်၍၊ လှုံ့လပြု၍၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အဖြူအဆင်းရှိသော သုက်ကိုငင်း ရက်တက်ရည် အဆင်းရှိသော သုက်ကိုငင်း။ပ။ အဖြူအဆင်းရှိသော သုက်ကိုငင်း ရေအဆင်းရှိသော သုက်ကိုငင်း။ အဖြူအဆင်းရှိသော သုက်ကိုငင်း ဆီအဆင်းရှိသောသုက်ကိုငင်း အဖြူအဆင်းရှိသော သုက်ကိုငင်း နို့ရည်အဆင်းရှိသော သုက်ကိုငင်း။ အဖြူအဆင်းရှိသောသုက်ကိုငင်း နို့ဓမ်းအဆင်းရှိသော သုက်ကိုငင်း။ အဖြူအဆင်း ရှိသော သုက်ကိုငင်း ထောပတ်အဆင်းရှိသော သုက်ကိုငင်း စေ့ဆော်၍၊ လှုံ့လပြု၍၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အဖြူအဆင်းရှိသော သုက်ကိုငင်း အညိုအဆင်းရှိသော သုက်ကိုငင်း။ပ။ အဖြူအဆင်းရှိသော သုက်ကိုငင်း အဝါအဆင်းရှိသော သုက်ကိုငင်း။ အဖြူအဆင်းရှိသော သုက်ကိုငင်း အနီအဆင်းရှိသော သုက်ကိုငင်း စေ့ဆော်၍၊ လှုံ့လပြု၍၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရက်တက်ရည် အဆင်းရှိသော သုက်ကိုငင်း ရေအဆင်းရှိသော သုက်ကိုငင်း။ပ။ ရက်တက်ရည်အဆင်းရှိသော သုက်ကိုငင်း ဆီအဆင်းရှိသော သုက်ကိုငင်း။ ရက်တက်ရည်အဆင်းရှိသော သုက်ကိုငင်း နို့ရည်အဆင်းရှိသော သုက်ကိုငင်း။ ရက်တက်ရည်အဆင်းရှိသော သုက်ကိုငင်း နို့ဓမ်း အဆင်းရှိသော သုက်ကိုငင်း ။ရက်တက်ရည် အဆင်းရှိသော သုက်ကိုငင်း ထောပတ် အဆင်းရှိသော သုက်ကိုငင်း စေ့ဆော်၍၊ လှုံ့လပြု၍၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရက်တက်ရည် အဆင်းရှိသော သုက်ကိုငင်း အညို အဆင်းရှိသော သုက်ကိုငင်း။ပ။ ရက်တက်ရည် အဆင်းရှိသော သုက်ကိုငင်း အဝါ အဆင်းရှိသော သုက်ကိုငင်း။ ရက်တက်ရည် အဆင်းရှိသော သုက်ကိုငင်း အနီအဆင်းရှိသော သုက်ကိုငင်း။ ရက်တက်ရည် အဆင်းရှိသော သုက်ကိုငင်း အဖြူအဆင်းရှိသော သုက်ကိုငင်း စေ့ဆော်၍၊ လှုံ့လပြု၍၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရေအဆင်းရှိသော သုက်ကိုငင်း ဆီအဆင်းရှိသော သုက်ကိုငင်း။ပ။ ရေအဆင်းရှိသော သုက်ကိုငင်း နို့ရည် အဆင်းရှိသော သုက်ကိုငင်း။ ရေအဆင်းရှိသော သုက်ကိုငင်း နို့ဓမ်း အဆင်းရှိသော သုက်ကိုငင်း။ ရေအဆင်းရှိသော သုက်ကိုငင်း ထောပတ်အဆင်းရှိသော သုက်ကိုငင်း စေ့ဆော်၍၊ လှုံ့လပြု၍၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရေအဆင်းရှိသော သုက်ကိုငင်း အညိုအဆင်း ရှိသော သုက်ကိုငင်း။ပ။ ရေအဆင်းရှိသော သုက်ကိုငင်း အဝါအဆင်း ရှိသော သုက်ကိုငင်း။ ရေအဆင်းရှိသော သုက်ကိုငင်း အနီအဆင်းရှိသော သုက်ကိုငင်း။ ရေအဆင်းရှိသော သုက်ကိုငင်း အဖြူအဆင်းရှိသော သုက်ကိုငင်း။ ရေအဆင်းရှိသော

http://www.dhammadownload.com



သုက်ကိုင်း ရက်တက်ရည်အဆင်းရှိသောသုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဆီအဆင်းရှိသော သုက်ကိုင်း နို့ရည် အဆင်းရှိသော သုက်ကိုင်း။ပ။ ဆီအဆင်းရှိသော သုက်ကိုင်း နို့ဓမ်းအဆင်းရှိသော သုက်ကိုင်း။ ဆီအဆင်းရှိသော သုက်ကိုင်း ထောပတ် အဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဆီအဆင်းရှိသော သုက်ကိုင်း အညိုအဆင်းရှိသော သုက်ကိုင်း။ပ။ ဆီအဆင်းရှိသော သုက်ကိုင်း အဝါအဆင်းရှိသော သုက်ကိုင်း။ ဆီအဆင်းရှိသော သုက်ကိုင်း အနီအဆင်းရှိသော သုက်ကိုင်း။ ဆီအဆင်းရှိသော သုက်ကိုင်း အဖြူအဆင်းရှိသော သုက်ကိုင်း။ ဆီအဆင်းရှိသော သုက်ကိုင်း ရက်တက်ရည် အဆင်းရှိသော သုက်ကိုင်း။ ဆီအဆင်းရှိသော သုက်ကိုင်း ရေအဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

နို့ရည် အဆင်းရှိသော သုက်ကိုင်း နို့ဓမ်း အဆင်းရှိသော သုက်ကိုင်း။ပ။ နို့ရည် အဆင်းရှိသော သုက်ကိုင်း ထောပတ်အဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

နို့ရည် အဆင်းရှိသော သုက်ကိုင်း အညိုအဆင်းရှိသော သုက်ကိုင်း။ပ။ နို့ရည် အဆင်းရှိသောသုက်ကိုင်း အဝါအဆင်းရှိသော သုက်ကိုင်း။ နို့ရည် အဆင်းရှိသော သုက်ကိုင်း အနီအဆင်းရှိသော သုက်ကိုင်း။ နို့ရည်အဆင်းရှိသော သုက်ကိုင်း အဖြူအဆင်းရှိသော သုက်ကိုင်း။ နို့ရည် အဆင်းရှိသော သုက်ကိုင်း ရက်တက်ရည် အဆင်းရှိသော သုက်ကိုင်း။ နို့ရည်အဆင်း ရှိသော သုက်ကိုင်း ရေအဆင်းရှိသော သုက်ကိုင်း။ နို့ရည်အဆင်းရှိသော သုက်ကိုင်း ဆီအဆင်း ရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

နို့ဓမ်းအဆင်းရှိသော သုက်ကိုင်း ထောပတ်အဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

နို့ဓမ်း အဆင်းရှိသော သုက်ကိုင်း အညိုအဆင်းရှိသော သုက်ကိုင်း။ပ။ နို့ဓမ်း အဆင်း ရှိသော သုက်ကိုင်း အဝါအဆင်းရှိသော သုက်ကိုင်း။ နို့ဓမ်းအဆင်းရှိသော သုက်ကိုင်း အနီ အဆင်းရှိသော သုက်ကိုင်း။ နို့ဓမ်းအဆင်းရှိသော သုက်ကိုင်း အဖြူအဆင်းရှိသော သုက်ကိုင်း။ နို့ဓမ်းအဆင်းရှိသော သုက်ကိုင်း ရက်တက်ရည်အဆင်းရှိသော သုက်ကိုင်း။ နို့ဓမ်းအဆင်း ရှိသော သုက်ကိုင်း ရေအဆင်းရှိသော သုက်ကိုင်း။ နို့ဓမ်းအဆင်းရှိသော သုက်ကိုင်း ဆီအဆင်း ရှိသော သုက်ကိုင်း။ နို့ဓမ်းအဆင်းရှိသော သုက်ကိုင်း နို့ရည်အဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ထောပတ် အဆင်းရှိသော သုက်ကိုင်း အညိုအဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လ ပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ထောပတ်အဆင်းရှိသော သုက်ကိုင်း အဝါအဆင်းရှိသော သုက်ကိုင်း။ပ။ ထောပတ်အဆင်း ရှိသော သုက်ကိုင်း အနီအဆင်းရှိသော သုက်ကိုင်း။ ထောပတ်အဆင်းရှိသော သုက်ကိုင်း အဖြူ အဆင်းရှိသော သုက်ကိုင်း။ ထောပတ်အဆင်းရှိသော သုက်ကိုင်း ရက်တက်ရည်အဆင်းရှိသော သုက်ကိုင်း။ ထောပတ်အဆင်းရှိသော သုက်ကိုင်း ရေအဆင်းရှိသော သုက်ကိုင်း။ ထောပတ်

http://www.dhammadownload.com



အဆင်းရှိသော သုက်ကိုင်း ဆီအဆင်းရှိသော သုက်ကိုင်း။ ထောပတ်အဆင်းရှိသော သုက်ကိုင်း နို့ရည်အဆင်းရှိသော သုက်ကိုင်း။ ထောပတ်အဆင်းရှိသော သုက်ကိုင်း နို့ဓမ်းအဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ၏စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

---

[ဒုမူခဏ္ဍစက် ဒုမူဗဒ္ဓစက် တို့ကို အကျဉ်းချုံးအပ်၏။ တိမူ။ပ။ နဝမူတို့ကိုလည်း ထို့အတူ အကျယ်ချဲ့အပ်၏]။

၂၄၇။ အညိုအဆင်းရှိသော သုက်ကိုင်း အဝါအဆင်းရှိသော သုက်ကိုင်း အနီအဆင်းရှိသော သုက်ကိုင်း အဖြူအဆင်းရှိသော သုက်ကိုင်း ရက်တက်ရည်အဆင်းရှိသော သုက်ကိုင်း ရေအဆင်းရှိသော သုက်ကိုင်း ဆီအဆင်းရှိသော သုက်ကိုင်း နို့ရည်အဆင်းရှိသော သုက်ကိုင်း နို့ဓမ်းအဆင်းရှိသော သုက်ကိုင်း ထောပတ်အဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

သဗ္ဗမူ ပြီး၏။

---

၂၄၈။ အနာရောဂါ ကင်းခြင်းငှါရင်း အညိုအဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အနာရောဂါကင်းခြင်းငှါရင်း ချမ်းသာခြင်းငှါရင်း အညိုအဆင်းရှိသော သုက်ကိုင်း အဝါအဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အနာရောဂါ ကင်းခြင်းငှါရင်း ချမ်းသာခြင်းငှါရင်း ဆေးအလို့ငှါရင်း အညိုအဆင်းရှိသော သုက်ကိုင်း အဝါအဆင်းရှိသော သုက်ကိုင်း အနီအဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

[စက်ပေါင်း နှစ်ခုပွါးကို ဤနည်းတူပင် (တိုး၍တိုး၍) ပွါးရမည်]။

အနာရောဂါ ကင်းခြင်းငှါရင်း ချမ်းသာခြင်းငှါရင်း ဆေးအလို့ငှါရင်း အလှူအလို့ငှါရင်း ကောင်းမှုအလို့ငှါရင်း ယဇ်ပူဇော်ရန် အလို့ငှါရင်း နတ်ပြည် အလို့ငှါရင်း မျိုးစေ့အလို့ငှါရင်း စုံစမ်းရန် အလို့ငှါရင်း ပျော်ပါးရန် အလို့ငှါရင်း အညိုအဆင်းရှိသော သုက်ကိုင်း အဝါအဆင်းရှိသော သုက်ကိုင်း အနီအဆင်းရှိသော သုက်ကိုင်း အဖြူအဆင်းရှိသော သုက်ကိုင်း ရက်တက်ရည် အဆင်းရှိသော သုက်ကိုင်း ရေအဆင်းရှိသော သုက်ကိုင်း ဆီအဆင်းရှိသော သုက်ကိုင်း နို့ရည်အဆင်းရှိသော သုက်ကိုင်း နို့ဓမ်းအဆင်းရှိသော သုက်ကိုင်း ထောပတ်အဆင်းရှိသော သုက်ကိုင်း စေ့ဆော်၏၊ လှုံ့လပြု၏၊ လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ပေါင်း 'မိဿကစက်' ပြီး၏။

http://www.dhammadownload.com



၂၄၉။ အညိုအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၍၊ လှုံ့လပြု၍၊ အဝါအဆင်း ရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အညိုအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၍၊ လှုံ့လပြု၍၊ အနီ။ပ။ အဖြူ။ ရက်တက်ရည်အဆင်း။ ရေအဆင်း။ ဆီအဆင်း။ နို့ရည်အဆင်း။ နို့ဓမ်းအဆင်း။ထောပတ်အဆင်း ရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

---

၂၅၀။ အဝါအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၍၊ လှုံ့လပြု၍၊ အနီအဆင်း ရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အဝါအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၍၊ လှုံ့လပြု၍၊ အဖြူ။ပ။ ရက်တက်ရည် အဆင်း။ ရေအဆင်း။ ဆီအဆင်း။ နို့ရည်အဆင်း။ နို့ဓမ်းအဆင်း။ ထောပတ်အဆင်း။ အညို အဆင်းရှိသောသုက် လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ဝိုင်း 'ဗဒ္ဓစက်' မူကို အကျဉ်းချုပ်အပ်ပြီ။

---

၂၅၁။ ထောပတ်အဆင်း ရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၍၊ လှုံ့လပြု၍၊ အညိုအဆင်း ရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ထောပတ်အဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၍၊ လှုံ့လပြု၍၊ အဝါ။ပ။ အနီ။ အဖြူ။ ရက်တက်ရည်အဆင်း။ ဆီအဆင်း။ နို့ရည်အဆင်း။ နို့ဓမ်းအဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

ဝမ်းစက် 'ကုစ္ဆိစက်' ပြီး၏။

---

၂၅၂။ အဝါအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၍၊ လှုံ့လပြု၍၊ အညိုအဆင်း ရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အနီအဆင်းရှိသော သုက်ကို။ပ။ အဖြူအဆင်းရှိသော သုက်ကို။ ရက်တက်ရည် အဆင်းရှိသော သုက်ကို။ ရေအဆင်းရှိသော သုက်ကို။ ဆီအဆင်းရှိသော သုက်ကို။ နို့ရည်အဆင်းရှိသော သုက်ကို။ နို့ဓမ်းအဆင်းရှိသော သုက်ကို။ ထောပတ်အဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၍၊ လှုံ့လပြု၍၊အညိုအဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျောစက် 'ပိဋ္ဌိစက်' ပဌမလှည့်ပုံ ပြီး၏။

---

၂၅၃။ အနီအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၍၊ လှုံ့လပြု၍၊ အဝါအဆင်းရှိ သော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



အဖြူအဆင်းရှိသော သုက်ကို။ပ။ ရက်တက်ရည်အဆင်းရှိသော သုက်ကို။ ရေအဆင်းရှိသော သုက်ကို။ ဆီအဆင်းရှိသော သုက်ကို။ နို့ရည်အဆင်းရှိသော သုက်ကို။ နို့ဓမ်းအဆင်းရှိသော သုက်ကို။ ထောပတ်အဆင်းရှိသော သုက်ကို။ အညိုအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လုံ့လပြု၏၊ အဝါအဆင်း ရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျောစက် 'ပိဋ္ဌိစက်' ဒုတိယလှည့်ပုံ ပြီး၏။

---

၂၅၄။ အဖြူအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လုံ့လပြု၏၊ အနီအဆင်း ရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရက်တက်ရည်အဆင်းရှိသော သုက်ကို။ပ။ ရေအဆင်းရှိသော သုက်ကို။ ဆီအဆင်းရှိသော သုက်ကို။ နို့ရည်အဆင်းရှိသော သုက်ကို။ နို့ဓမ်းအဆင်းရှိသော သုက်ကို။ ထောပတ်အဆင်းရှိသော သုက်ကို။ အညိုအဆင်းရှိသော သုက်ကို။ အဝါအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လုံ့လပြု၏၊ အနီအဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျောစက် 'ပိဋ္ဌိစက်' တတိယလှည့်ပုံ ပြီး၏။

---

၂၅၅။ ရက်တက်ရည် အဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လုံ့လပြု၏၊ အဖြူ အဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရေအဆင်းရှိသော သုက်ကို။ပ။ ဆီအဆင်းရှိသော သုက်ကို။ နို့ရည်အဆင်းရှိသော သုက်ကို။ နို့ဓမ်းအဆင်းရှိသော သုက်ကို။ ထောပတ်အဆင်းရှိသော သုက်ကို။ အညိုအဆင်းရှိသော သုက်ကို။ အဝါအဆင်းရှိသော သုက်ကို။ အနီအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လုံ့လပြု၏၊ အဖြူအဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျောစက် 'ပိဋ္ဌိစက်' စတုတ္ထလှည့်ပုံ ပြီး၏။

---

၂၅၆။ ရေအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လုံ့လပြု၏၊ ရက်တက်ရည် အဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဆီအဆင်းရှိသော သုက်ကို။ပ။ နို့ရည်အဆင်းရှိသော သုက်ကို။ နို့ဓမ်းအဆင်းရှိသော သုက်ကို။ ထောပတ်အဆင်းရှိသော သုက်ကို။ အညိုအဆင်းရှိသော သုက်ကို။ အဝါအဆင်းရှိသော သုက်ကို။ အနီအဆင်းရှိသော သုက်ကို။ အဖြူအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လုံ့လပြု၏၊ ရက်တက်ရည်အဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျောစက် 'ပိဋ္ဌိစက်' ပဉ္စမလှည့်ပုံ ပြီး၏။

---

၂၅၇။ ဆီအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လုံ့လပြု၏၊ ရေအဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



နို့ရည် အဆင်းရှိသော သုက်ကို။ပ။ နို့ဓမ်းအဆင်းရှိသော သုက်ကို။ ထောပတ် အဆင်းရှိသော သုက်ကို။ အညိုအဆင်းရှိသော သုက်ကို။ အဝါအဆင်းရှိသော သုက်ကို။ အနီအဆင်းရှိသော သုက်ကို။ အဖြူအဆင်းရှိသော သုက်ကို။ ရက်တက်ရည် အဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လှုံ့လပြု၏၊ ရေအဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျောစက် 'ပိဋ္ဌိစက်' ဆဋ္ဌလှည့်ပုံ ပြီး၏။

---

၂၅၈။ နို့ရည် အဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လှုံ့လပြု၏၊ ဆီအဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

နို့ဓမ်း အဆင်းရှိသော သုက်ကို။ပ။ ထောပတ်အဆင်းရှိသော သုက်ကို။ အညိုအဆင်းရှိသော သုက်ကို။ အဝါအဆင်းရှိသော သုက်ကို။ အနီအဆင်းရှိသော သုက်ကို။ အဖြူအဆင်းရှိသော သုက်ကို။ ရက်တက်ရည် အဆင်းရှိသော သုက်ကို။ ရေအဆင်း ရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လှုံ့လပြု၏၊ ဆီအဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျောစက် 'ပိဋ္ဌိစက်' သတ္တမလှည့်ပုံ ပြီး၏။

---

၂၅၉။ နို့ဓမ်းအဆင်း ရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လှုံ့လပြု၏၊ နို့ရည်အဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ထောပတ် အဆင်းရှိသော သုက်ကို။ပ။ အညိုအဆင်းရှိသော သုက်ကို။ အဝါအဆင်းရှိသော သုက်ကို။ အနီအဆင်းရှိသော သုက်ကို။ အဖြူအဆင်းရှိသော သုက်ကို။ ရက်တက်ရည် အဆင်းရှိသော သုက်ကို။ ရေအဆင်းရှိသော သုက်ကို။ ဆီအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လှုံ့လပြု၏၊ နို့ရည်အဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျောစက် 'ပိဋ္ဌိစက်' အဋ္ဌမလှည့်ပုံ ပြီး၏။

---

၂၆၀။ ထောပတ်အဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လှုံ့လပြု၏၊ နို့ဓမ်း အဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အညိုအဆင်းရှိသော သုက်ကို။ပ။ အဝါအဆင်းရှိသော သုက်ကို။ အနီအဆင်းရှိသော သုက်ကို။ အဖြူအဆင်းရှိသော သုက်ကို။ ရက်တက်ရည် အဆင်းရှိသော သုက်ကို။ ရေအဆင်းရှိသော သုက်ကို။ ဆီအဆင်းရှိသော သုက်ကို။ နို့ရည်အဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လှုံ့လပြု၏၊ နို့ဓမ်းအဆင်းရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျောစက် 'ပိဋ္ဌိစက်' နဝမလှည့်ပုံ ပြီး၏။

---

၂၆၁။ အညိုအဆင်းရှိသော သုက်ကို လွှတ်စေအံ့ ဟု စေ့ဆော်၏၊ လှုံ့လပြု၏၊ ထောပတ်အဆင်း ရှိသော သုက်လွှတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



အဝါအဆင်းရှိသော သုက်ကို။ပ။ အနီအဆင်းရှိသော သုက်ကို။ အဖြူအဆင်းရှိသော သုက်ကို။ ရက်ဓာက်ရည် အဆင်းရှိသော သုက်ကို။ ရေအဆင်းရှိသော သုက်ကို။ ဆီအဆင်းရှိသော သုက်ကို။ နို့ရည် အဆင်းရှိသော သုက်ကို။ နို့ဓမ်းအဆင်းရှိသော သုက်ကို လွတ်စေအံ့ ဟု စေ့ဆော်၏၊ လှုံ့လပြု၏၊ ထောပတ်အဆင်းရှိသော သုက်လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကျောစက် 'ပိဋ္ဋိစက်' ဒသမလှည့်ပုံ ပြီး၏။

ကျောစက် 'ပိဋ္ဌိစက်' ပြီး၏။

---

၂၆၂။ စေ့ဆော်၏၊ လှုံ့လပြု၏၊ လွတ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ စေ့ဆော်၏၊ လှုံ့လပြု၏၊ မလွတ်အံ့၊ ထုလ္လစ္စည်း အာပတ် သင့်၏။ စေ့ဆော်၏၊ လှုံ့လမပြု၊ လွတ်အံ့၊ အာပတ် မသင့်။ စေ့ဆော်၏၊ လှုံ့လမပြု၊ မလွတ်အံ့၊ အာပတ် မသင့်။ မစေ့ဆော်၊ လှုံ့လပြု၏၊ လွတ်အံ့၊ အာပတ် မသင့်။ မစေ့ဆော်၊ လှုံ့လပြု၏၊ မလွတ်အံ့၊ အာပတ် မသင့်။ မစေ့ဆော်၊ လှုံ့လမပြု၊ လွတ်အံ့၊ အာပတ် မသင့်။ မစေ့ဆော်၊ လှုံ့လမပြု၊ မလွတ်အံ့၊ အာပတ် မသင့်။

အိပ်မက် မြင်မက်သဖြင့် သုက်လွတ်သော ရဟန်း မလွတ်စေလိုသော ရဟန်း(သည်းခြေပျက်၍) ရူးသော ရဟန်း (ဘီလူးဖမ်း၍) စိတ်ပျံ့လွင့်သောရဟန်း ဝေဒနာ ဖိစီးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

စက်လှည့်ပုံ ပြဆိုရာအခဏ်း ပြီး၏။

---

## ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ

အိပ်မက် ကျင်ကြီး ကျင်ငယ် ကြံစည် တွေးတောခြင်း ရေနွေးချိုးခြင်း ဆေး ယားနာ လမ်း ခရီး သိုအိမ် မီးဇရုံးအိမ် * လှုံ့လပြုခြင်း။

သာမဏေ အိပ်ပျော်သူ ပေါင် လက်ဆုပ်ဖြင့် ညှပ်ခြင်း ကောင်းကင်၌ ဆန့်ခြင်း ကြည့်ခြင်း သော့ပေါက် သစ်သားဖြင့် ပွတ်တိုက်သူ။

ရေအယဉ် ရေညွန် ပြေးခြင်း ပန်းကုံး ကြာတော သဲညွန် ရေလောင်းခြင်း အိပ်ရာ လက်မ၊ ဤကားခေါင်းစဉ် မာတိကာတည်း။

## ဝိနီတဝတ္ထု ဖြတ်ထုံးများ

၂၆၃။ တရံရောအခါ ရဟန်းတပါးအား အိပ်မက် မြင်မက်သဖြင့် သုက်လွတ်၏၊ ထိုရဟန်းအား "ငါသည် သံဃာဒိသိသ် အာပတ်သင့်လေသလော" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ ထိုအခါ ထိုရဟန်းသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။ ရဟန်း အိပ်မက်မြင်မက်၍ သုက်လွတ်ခြင်းဖြင့် အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁)

---

* မီးဇရုံးအိမ်ဟူသည်-ဆီးနှင်းများသောအရပ်တို့၌ ဆီးနှင်းကြောင့်ဖြစ်သောရောဂါစသည်ကို တားမြစ်ရန်အလို့ငှါ ကိုယ်မချွေးထုတ်ရာဌာနတည်း။

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် ကျင်ကြီး စွန့်စဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် လွှတ်စေလိုစိတ် မရှိပါ ဟု (လျှောက်ထား၏)။

ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။　(၂)

တရံရောအခါ ရဟန်းတပါးသည် ကျင်ငယ်စွန့်စဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ်မသင့် ဟု (မိန့်တော်မူ၏)။　(၃)

တရံရောအခါ ရဟန်းတပါးသည် ကာမဂုဏ် အကြံအစည်ကို ကြံစည်တွေးတောစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း ကြံစည်တွေးတောသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။　(၄)

တရံရောအခါ ရဟန်းတပါးသည် ရေနွေးဖြင့် ရေချိုးစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် အဘယ်စိတ်ရှိသနည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော်သည် လွှတ်စေလိုစိတ် မရှိပါ ဟု (လျှောက်ထား၏)။

ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။　(၅)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ်ရှိသည်ဖြစ်၍ ရေနွေးဖြင့် ရေချိုးစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ်အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။　(၆)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ရေနွေးဖြင့် ရေချိုးစဉ် သုက် မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ်အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။　(၇)

တရံရောအခါ ရဟန်းတပါးအား အင်္ဂါဇာတ်၌ အနာပေါက်သဖြင့် ဆေးလိမ်းစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။　(၈)

တရံရောအခါ ရဟန်းတပါးအား အင်္ဂါဇာတ်၌ အနာပေါက်သဖြင့် သုက်လွှတ်စေလိုသည်ဖြစ်၍ ဆေးလိမ်းစဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ်မသင့်၊ ထုလ္လစ္စည်း အာပတ်သင့်၏ ဟု (မိန့်တော်မူ၏)။　(၉-၁၀)

တရံရောအခါ ရဟန်းတပါးသည် ဝှေးစေ့ကို အယားဖျောက်စဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။　(၁၁)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလို၍ ဝေးစေ့ကို အယားဖျောက်စဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၂-၁၃)

၂၆၄။ တရံရောအခါ ရဟန်းတပါးသည် ခရီးသွားစဉ်သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၄)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ခရီးသွားစဉ် သုက်လွှတ်၏။ပ ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၅-၁၆)

တရံရောအခါ ရဟန်းတပါးသည် သိုအိမ်ကိုကိုင်၍ ကျင်ငယ်စွန့်စဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၇)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ သိုအိမ်ကို ကိုင်၍ ကျင်ငယ်စွန့်စဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ်အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၈-၁၉)

တရံရောအခါ ရဟန်းတပါးသည် မီးဇရုံးအိမ်၌ ဝမ်းပျဉ်းကို မီးကင်စဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၀)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ မီးဇရုံးအိမ်၌ ဝမ်းပျဉ်းကို မီးကင်စဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂၁-၂၂)

တရံရောအခါ ရဟန်းတပါးသည် မီးဇရုံးအိမ်၌ ဥပဇ္ဈာယ်ဆရာအား ကျောဝ၌ ချေးတွန်းခြင်းကို ပြုစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၃)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ မီးဇရုံးအိမ်၌ ဥပဇ္ဈာယ်ဆရာအား ချေးတွန်းခြင်းကို ပြုစဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂၄-၂၅)

၂၆၅။ တရံရောအခါ ရဟန်းတပါးသည် ပေါင်ကို ထိခိုက်မိစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၂၆)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ပေါင်ကို ထိခိုက်စေစဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂၇-၂၈)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ သာမဏေတပါးကို "ငါ့ချင် သာမဏေ လာလော့၊ ငါ၏ အင်္ဂါဇာတ်ကို ကိုင်လော့" ဟု ပြောဆို၏၊ ထိုသာမဏေသည် ထိုရဟန်း၏ အင်္ဂါဇာတ်ကို ကိုင်၏၊ ထိုရဟန်းအားသာလျှင် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၂၉)

တရံရောအခါ ရဟန်းတပါးသည် အိပ်ပျော်သော သာမဏေ၏ အင်္ဂါဇာတ်ကို ကိုင်၏၊ ထိုရဟန်းအားသာလျှင် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃၀)

၂၆၆။ တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ပေါင်တို့ဖြင့် အင်္ဂါဇာတ်ကို ညှပ်စဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃၁-၃၂)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ လက်ဆုပ်ဖြင့် အင်္ဂါဇာတ်ကို ညှစ်စဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃၃-၃၄)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ကောင်းကင်၌ ခါးကို လှုပ်စဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃၅-၃၆)

တရံရောအခါ ရဟန်းတပါးသည် ကိုယ်ကို ဆန့်စဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၃၇)

တရံရောအခါရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ကိုယ်ကိုဆန့်စဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃၈-၃၉)

တရံရောအခါ ရဟန်းတပါးသည် လွန်စွာ တပ်မက်သောစိတ် ရှိသည်ဖြစ်၍ မိန်းမ၏အင်္ဂါဇာတ်ကို ကြည့်ရှု၏၊ ထိုရဟန်းအား သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

http://www.dhammadownload.com



ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ သို့သော်လည်း ရဟန်းတို့ လွန်စွာ တပ်မက်သောစိတ်ဖြင့် မိန်းမ၏ အင်္ဂါဇာတ်ကို မကြည့်ရှုအပ်၊ ကြည့်ရှုသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၀)

၂၆၇။ တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ သံကောက်ပေါက် 'သော့ပေါက်' သို့ အင်္ဂါဇာတ်ကို သွင်းစဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၁-၄၂)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ သစ်သားဖြင့် အင်္ဂါဇာတ်ကို ရိုက်ပုတ်စဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာ ဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၃-၄၄)

တရံရောအခါ ရဟန်းတပါးသည် ရေစီးကိုဆန်၍ ရေချိုးစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေး တောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၄၅)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ရေစီးကိုဆန်၍ ရေချိုးစဉ် သုက် လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာ ဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၆-၄၇)

တရံရောအခါ ရဟန်းတပါးသည် ရေညွန်၌ ကစားစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၄၈)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ရေညွန်၌ ကစားစဉ် သုက် လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာ ဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄၉-၅၀)

တရံရောအခါ ရဟန်းတပါးသည် ရေ၌ ပြေးသွားစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၁)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ရေ၌ ပြေးသွားစဉ် သုက် လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအားတွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်းသံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅၂-၅၃)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် ပန်းကုံးကစားစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၄)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ပန်းကုံးကစားစဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅၅-၅၆)

၂၆၇။ တရံရောအခါ ရဟန်းတပါးသည် ကြာတောသို့ ပြေးသွားစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၅၇)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ကြာတောသို့ ပြေးသွားစဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅၈-၅၉)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ သဲသို့အင်္ဂါဇာတ်ကိုသွင်းစဉ် သုက်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်း အားတွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆၀-၆၁)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ညွှန်သို့ အင်္ဂါဇာတ်ကိုသွင်းစဉ် သုက်လွှတ်၏။ပ။

သုတ်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆၂-၆၃)

တရံရောအခါ ရဟန်းတပါးသည် ရေဖြင့် အင်္ဂါဇာတ်ကို လောင်းစဉ် သုက်လွှတ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း လွှတ်စေလိုစိတ် မရှိသော ရဟန်းအား အာပတ် မသင့် ဟု(မိန့်တော်မူ၏)။ (၆၄)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ ရေဖြင့် အင်္ဂါဇာတ်ကိုလောင်းစဉ် သုက်လွှတ်၏။ပ။

သုတ်မလွှတ်ချေ၊ ထိုရဟန်းအားတွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆၅-၆၆)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ အိပ်ရာ၌ အင်္ဂါဇာတ်ကိုပွတ်တိုက်စဉ် သုက်လွှတ်၏။ပ။

http://www.dhammadownload.com



သုက်မလွှတ်ချေ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဥ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆၇-၆၈)

တရံရောအခါ ရဟန်းတပါးသည် လွှတ်စေလိုစိတ် ရှိသည်ဖြစ်၍ လက်မဖြင့် အင်္ဂါဇာတ်ကို ပွတ်တိုက်စဉ် သုတ်လွှတ်၏။ပ။

သုက်မလွှတ်ချေ၊ ထိုရဟန်းအား "ငါသည် သံဃာဒိသိသ် အာပတ် သင့်လေသလောဟု" တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။ ရဟန်း 'သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဥ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏ )။ (၆၉-၇၀)

ပဌမ သုက္ကဝိဿဋ္ဌိသိက္ခာပုဒ် ပြီး၏။

---

## ၂-ကာယသံသဂ္ဂသိက္ခာပုဒ်

၂၆၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အသျှင်ဥဒါယီသည် တော၌နေ၏၊ ထိုအသျှင်၏ ကျောင်းသည် အလွန်လှ၏၊ ရှုချင်ဖွယ်ကောင်း၏၊ စိတ်ကိုကြည်လင်စေတတ်၏၊ အလယ်၌ အခန်းရှိ၏၊ ထက်ဝန်းကျင်မှ စမြင်ဆောင်လှည့်ထား၏၊ ညောင်စောင်း 'ခင်ှငင်' 'အင်းပျဉ်' 'ခုံရှည်' ဘုံလျှို 'ဖုံ' ခေါင်းအုံးကို ကောင်းစွာ ခင်းကျင်းထား၏၊ သောက်ရေ သုံးရေကို ကောင်းစွာတည်ထား၏၊ ပရိဝုဏ်ကို ကောင်းစွာ တံမြက်လှည်းထား၏၊ များစွာသောလူတို့သည် အသျှင်ဥဒါယီ၏ ကျောင်းကို ကြည့်လို၍ လာကြကုန်၏၊ ပုဏ္ဏားတယောက်သည်လည်း ဇနီးနှင့်တကွ အသျှင်ဥဒါယီထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ဥဒါယီအား—

"အကျွန်ုပ်တို့သည် အသျှင်ဥဒါယီ၏ ကျောင်းကို ကြည့်လိုပါကုန်၏" ဟု (ပြောသောအခါ)

ပုဏ္ဏား သို့ဖြစ်လျှင် ကြည့်ပါ ဟု သံကောက် 'သော့' ကို ယူ၍ မင်းတုပ်ကို နုတ်ပြီးလျှင် တံခါးကိုတွန်း၍ ကျောင်းသို့ဝင်လေ၏၊ ထိုပုဏ္ဏားသည်လည်း အသျှင်ဥဒါယီ၏ နောက်မှ ဝင်လေ၏၊ ထို ပုဏ္ဏေးမသည်လည်း ထိုပုဏ္ဏားနောက်မှ ဝင်လေ၏။

ထိုအခါ အသျှင်ဥဒါယီသည် လေသောက်တံခါး 'ပြူတင်း' အချို့ကိုဖွင့်လျက် လေသောက်တံခါး 'ပြူတင်း' အချို့ကိုပိတ်လျက် အခန်းကို အစဉ်လှည့်သွားပြီးလျှင် နောက်မှလာ၍ ထိုပုဏ္ဏေးမ၏အင်္ဂါကြီးငယ်တို့ကို သုံးသပ်ကိုင်တွယ်၏။

ထိုအခါ ထိုပုဏ္ဏားသည် အသျှင်ဥဒါယီနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို၍ ပြန်သွား၏။

ထို့နောက် ထိုပုဏ္ဏားသည် ဝမ်းမြောက်ရကား "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော် ရဟန်းတို့သည် မြင့်မြတ်တော်မူကြပါပေသည်၊ ယင်း ရဟန်းတော်တို့သည် ဤကဲ့သို့ တော၌ နေတော်မူကြပေသည်၊ အသျှင် ဥဒါယီသည်လည်း မြင့်မြတ်ပါပေသည်၊ ယင်း ဥဒါယီသည်လည်း တော၌ နေတော်မူပေသည်" ဟု ဝမ်းမြောက်သော စကားကို မြွက်ဆို၏။

ဤသို့ ဆိုလတ်သော် ထိုပုဏ္ဏေးမသည် ထိုပုဏ္ဏားအား "ထိုအသျှင်ဥဒါယီ၏ မြင့်မြတ်သော သဘောသည် အဘယ်မှာ ရှိအံ့နည်း၊ သင်သည် ငါ၏ အင်္ဂါကြီးငယ်တို့ကို သုံးသပ်ကိုင်တွယ်သကဲ့သို့ ဤ အတူပင် ရဟန်းဥဒါယီသည်လည်း ငါ၏အင်္ဂါကြီးငယ်တို့ကို သုံးသပ်ကိုင်တွယ်လေပြီ" ဟု ပြောဆို

http://www.dhammadownload.com



ထိုအခါ ထိုပုဏ္ဏားသည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်ကုန်သော ရဟန်းတို့သည် အရှက်မရှိကုန်၊ သီလမရှိကုန်၊ မမှန်သည်ကို ဆိုလေ့ရှိကုန်၏၊ သို့စင်လျက် ဤရဟန်းတို့က တရားကို ကျင့်လေ့ရှိကုန်၏၊ ညီညွတ်မျှတသော အကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မြတ်သည်ကို ကျင့်လေ့ရှိကုန်၏၊ အမှန်ကို ဆိုလေ့ရှိကုန်၏၊ သီလရှိကုန်၏၊ ကောင်းသောသဘော ရှိကုန်၏ ဟု ဝန်ခံကြတုံဘိ၏၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် မရှိတော့ပြီ၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် ပျောက်ပျက်ခဲ့လေပြီ၊ ဤရဟန်းတို့အား အဘယ်မှာ ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် ရှိမည်နည်း၊ ဤရဟန်းတို့သည် ရဟန်း အဖြစ် သူတော်သူမြတ်အဖြစ်မှ ကင်းကွာကုန်ပြီ၊ အဘယ့်ကြောင့် ဥဒါယီရဟန်းသည် ငါ့မယား၏ အင်္ဂါကြီးငယ်တို့ကို သုံးသပ် ကိုင်တွယ်လေဘိသနည်း။

အမျိုးမိန်းမ 'အိမ်ထောင်ရှင်မ' အမျိုးသမီးကြီး 'အပျိုကြီး' အမျိုးသမီးငယ် 'အပျို' အမျိုးချွေးမ အမျိုးအစေခံမတို့သည် အရံတွင်းသို့ရှင်း ကျောင်းသို့ရှင်း သွားရန် မသင့်လျော်တော့ပေ၊ အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးအစေခံမတို့သည် အရံတွင်းသို့ရှင်း ကျောင်းသို့ရှင်း သွားကြပါကုန်မူ ထိုအမျိုးသမီးတို့ကိုလည်း သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ဖျက်ဆီးကုန်ရာ၏" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုပုဏ္ဏား၏ စကားကို ကြားကုန်ရကား အကြင်ရဟန်းတို့သည် အလိုနည်းပါးကုန်၏၊ ထိုရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ဥဒါယီသည် မိန်းမနှင့်အတူတကွ ကိုယ်လက် နှီးနှောခြင်းသို့ ရောက်လေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် အသျှင်ဥဒါယီကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် အသျှင်ဥဒါယီကို—

"ဥဒါယီ သင်သည် မိန်းမနှင့် အတူတကွ ကိုယ်လက် နှီးနှောခြင်းသို့ ရောက်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ "(မင်ဖိုလ်မှ)အချည်းနှီး ဖြစ်သော ယောကျ်ား (ဤအပြုအမူသည်) ရဟန်းတို့အား မလျောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူမဟုတ်၊ မအပ်၊ မပြုသင့်၊ (မင်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် မိန်းမနှင့်အတူတကွ ကိုယ်လက် နှီးနှောခြင်းသို့ ရောက်လေဘိသနည်း။

(မင်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ရာဂနှင့် တကွ ဖြစ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ ရာဂကင်းရန် ဟောတော်မူသည် မဟုတ်ပါလော။ပ။ ကာမဂုဏ် အပူအအိုက်တို့၏ ငြိမ်းအေးမှုကို ဟောတော်မူသည် မဟုတ်ပါလော။

(မင်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

http://www.dhammadownload.com



**၆။ ၂-၂၇၀။ "အကြင်ရဟန်းသည် ရာဂဘီလူး ပူးဝင်အပ်သည်ဖြစ်၍ ဖောက်ပြန်သောစိတ်ဖြင့် မာတုဂါမနှင့် အတူတကွ ကိုယ်လက် နီးနှောခြင်းသို့ ရောက်ငြားအံ့၊ လက်ကို ကိုင်ခြင်းသို့ရင်း ဆံထုံးကို ကိုင်ခြင်းသို့ရင်း တပါးပါးသော အင်္ဂါကြီးငယ်ကို သုံးသပ် ကိုင်တွယ်ခြင်းသို့ရင်း ရောက်ငြားအံ့၊ ထိုရဟန်းအား သံဃာဒိသိသ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ကာယသံသဂ္ဂသိက္ခာပုဒ် အဖွင့်

၂၇၁။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ရာဂဘီလူး ပူးဝင်အပ်သည် ဖြစ်၍** မည်သည် အလွန်တပ်မက်သည်ဖြစ်၍ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ ဖွဲနှောင် ရစ်ပတ်အပ်သော စိတ်ရှိသည်ဖြစ်၍။

**ဖောက်ပြန်** ဟူသည် တပ်မက်သောစိတ်သည်လည်း ဖောက်ပြန်သည်မည်၏၊ အမျက်ထွက်သော စိတ်သည်လည်း ဖောက်ပြန်သည်မည်၏၊ တွေဝေသော စိတ်သည်လည်း ဖောက်ပြန်သည်မည်၏၊ သို့ရာတွင် တပ်မက်သော စိတ်ကို ဤအရာ၌ "ဖောက်ပြန်" ဟု လိုအပ်၏။

**မာတုဂါမ** မည်သည် လူမိန်းမတည်း၊ ဘီလူး (နတ်)မ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ အယုတ်ဆုံးအားဖြင့် ယနေ့ မွေးဖွားသော သူငယ်မတည်း၊ အရွယ်ကြီးသောမိန်းမ၌ ဆိုဖွယ်ရာ မရှိသည်သာတည်း။

**အတူ** ဟူသည် အတူတကွတည်း။

**ကိုယ်လက် နီးနှောခြင်းသို့ ရောက်ငြားအံ့** ဟူသည် လွန်ကျူးမှုကို ဆို၏။

**လက်** မည်သည် တတောင်ဆစ်ကို အစပြု၍ လက်သည်းဖျားတိုင်အောင် (လက်မည်၏)။

**ဆံထုံး** မည်သည် ဆံပင်သက်သက်တို့သည်ရင်း ချည်နှင့်ရောသော ဆံပင်တို့သည်ရင်း ပန်းနှင့်ရောသော ဆံပင်တို့သည်ရင်း ငွေနှင့်ရောသော ဆံပင်တို့သည်ရင်း ရွှေနှင့်ရောသော ဆံပင်တို့သည်ရင်း ပုလဲသွယ်နှင့်ရောသော ဆံပင်တို့သည်ရင်း ပတ္တမြားကုံးနှင့် ရောသော ဆံပင်တို့သည်ရင်း (ဆံထုံး မည်၏)။

**အင်္ဂါကြီးငယ်** မည်သည် လက်ကိုရင်း ဆံထုံးကိုရင်း ထား၍ အကြွင်းသည် အင်္ဂါကြီးငယ် မည်၏။

ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့် ပြီး၏။

---

## ခေါင်းစဉ် မာတိကာ

၂၇၂။ ရှေးရှုသုံးသပ်ခြင်း၊ ထိုမှ ဤမှ သုံးသပ်ခြင်း၊ အောက်သို့သက်၍ သုံးသပ်ခြင်း၊ အထက်သို့တက်၍ သုံးသပ်ခြင်း၊ အောက်သို့ ခုန်ကျော်၍ သုံးသပ်ခြင်း၊ အထက်သို့ ခုန်ကျော်၍ သုံးသပ်ခြင်း၊ ရှေးရှုဆွဲခြင်း၊ တွန်း၍ ဆွဲခြင်း၊ နှိပ်ခြင်း၊ ညှပ်ခြင်း၊ ကိုင်ခြင်း၊ တို့ထိခြင်း။

http://www.dhammadownload.com



## မာတိကာအဖွင့်

**ရှေးရှုသုံးသပ်ခြင်း** မည်သည် ရှေးရှု သုံးသပ်ကာမျှတည်း။
**ထိုမှ ဤမှ သုံးသပ်ခြင်း** မည်သည် ထိုမှ ဤမှလည်း လှုပ်ရှားစေခြင်းတည်း။
**အောက်သို့ သက်၍ သုံးသပ်ခြင်း** မည်သည် အောက်သို့ ချခြင်းတည်း။
**အထက်သို့တက်၍ သုံးသပ်ခြင်း** မည်သည် အထက်သို့ မ-ခြင်းတည်း။
**အောက်သို့ ခုန်ကျော်၍ သုံးသပ်ခြင်း** မည်သည် အောက်သို့ ညွတ်စေခြင်းတည်း။
**အထက်သို့ခုန်ကျော်၍ သုံးသပ်ခြင်း** မည်သည် အထက်သို့ မ-ခြင်းတည်း။
**ရှေးရှုဆွဲခြင်း** မည်သည် ဆွဲငင်ခြင်းတည်း။
**တွန်း၍ဆွဲခြင်း** မည်သည် တွန်းခြင်းတည်း။
**နှိပ်ခြင်း** မည်သည် အင်္ဂါကြီးငယ်ကို ကိုင်၍ ညှပ်ခြင်းတည်း။
**ညှပ်ခြင်း** မည်သည် တစုံတခုနှင့် နှိပ်ခြင်းတည်း။
**ကိုင်ခြင်း** မည်သည် ကိုင်ကာမျှတည်း။
**တို့ထိခြင်း** မည်သည် တို့ထိကာမျှတည်း။
**သံဃာဒိသိသ်** ဟူသည် ။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

## ၂-ကာယသံသဂ္ဂသိက္ခာပုဒ် စကားလုည့်ပုံ

၂၇၃။ မိန်းမလည်းဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့၊ အောက်သို့ သက်၍ သုံးသပ်အံ့၊ အထက်သို့တက်၍ သုံးသပ်အံ့၊ အောက်သို့ ခုန်ကျော်၍ သုံးသပ်အံ့၊ အထက်သို့ ခုန်ကျော်၍ သုံးသပ်အံ့၊ ရှေးမှု ဆွဲအံ့၊ တွန်း၍ ဆွဲအံ့၊ နှိပ်အံ့၊ ညှပ်အံ့၊ ကိုင်အံ့၊ တို့ထိအံ့ ၊ သံဃာဒိသိသ် အာပတ် သင့်၏။

မိန်းမလည်းဟုတ်၏၊ ယုံမှား၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှုသုံးသပ်အံ့၊ ထိုမှဤမှသုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

မိန်းမလည်းဟုတ်၏၊ ပဏ္ဍုက်ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

မိန်းမလည်းဟုတ်၏၊ ယောကျ်ားဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

မိန်းမလည်းဟုတ်၏၊ တိရစ္ဆာန်ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

http://www.dhammadownload.com



ပဏ္ဍုက်လည်းဟုတ်၏၊ ပဏ္ဍုက်ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း ပဏ္ဍုက်၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

ပဏ္ဍုက်လည်းဟုတ်၏၊ ယုံမှား၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း ပဏ္ဍုက်၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ပဏ္ဍုက်လည်းဟုတ်၏၊ ယောကျ်ားဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း ပဏ္ဍုက်၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ပဏ္ဍုက်လည်းဟုတ်၏၊ တိရစ္ဆာန်ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း ပဏ္ဍုက်၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ပဏ္ဍုက်လည်းဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း ပဏ္ဍုက်၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ယောကျ်ားလည်းဟုတ်၏၊ ယောကျ်ားဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း ယောကျ်ား၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှုသုံးသပ်အံ့၊ ထိုမှဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ယောကျ်ားလည်းဟုတ်၏၊ ယုံမှားရှိ၍။ပ။ ယောကျ်ားလည်း ဟုတ်၏၊ တိရစ္ဆာန်ဟု ထင်မှတ်၍။ ယောကျ်ားလည်း ဟုတ်၏၊ မိန်းမဟု ထင်မှတ်၍။ ယောကျ်ားလည်း ဟုတ်၏၊ ပဏ္ဍုက်ဟု ထင်မှတ်၍။ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း ယောကျ်ား၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှုသုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

တိရစ္ဆာန်လည်းဟုတ်၏၊ တိရစ္ဆာန် ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း တိရစ္ဆာန်၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

တိရစ္ဆာန်လည်း ဟုတ်၏၊ ယုံမှားရှိ၍။ပ။ တိရစ္ဆာန်လည်း ဟုတ်၏၊ မိန်းမဟု ထင်မှတ်၍။ တိရစ္ဆာန်လည်း ဟုတ်၏၊ ပဏ္ဍုက်ဟု ထင်မှတ်၍၊ တိရစ္ဆာန်လည်း ဟုတ်၏၊ ယောကျ်ားဟု ထင်မှတ်၍။ တပ်မက်သော စိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း တိရစ္ဆာန်၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ကေမူ ပြီး၏။

---

၂၇၄။ မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမ နှစ်ယောက်တို့၌ မိန်းမ ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမနှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊သံဃာဒိသိသ် အာပတ် နှစ်ချက်သင့်၏။

http://www.dhammadownload.com



မိန်းမ နှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမ နှစ်ယောက်တို့၌ ယုံမှားရှိ၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ နှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှသုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း အာပတ် နှစ်ချက်သင့်၏။

မိန်းမ နှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမ နှစ်ယောက်တို့၌ ပဏ္ဍုက်ဟု ထင်မှတ်၍။ပ။ ယောက်ျား ဟု ထင်မှတ်၍။ တိရစ္ဆာန် ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမနှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှသုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း အာပတ် နှစ်ချက်သင့်၏။

ပဏ္ဍုက်နှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ ပဏ္ဍုက်နှစ်ယောက်တို့၌ ပဏ္ဍုက် ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း ပဏ္ဍုက်နှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း အာပတ် နှစ်ချက်သင့်၏။

ပဏ္ဍုက် နှစ်ယောက်တို့လည်းဟုတ်ကုန်၏၊ ပဏ္ဍုက်နှစ်ယောက်တို့၌ ယုံမှားရှိ၍။ပ။ယောက်ျားဟု ထင်မှတ်၍။ တိရစ္ဆာန် ဟု ထင်မှတ်၍။ မိန်းမ ဟု ထင်မှတ်၍ တပ်မက်သောစိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း ပဏ္ဍုက်နှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

ယောက်ျား နှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ ယောက်ျားနှစ်ယောက်တို့၌ ယောက်ျားဟု ထင်မှတ်၍ တပ်မက်သောစိတ်လည်းရှိ၏၊ ရဟန်းသည်လည်း ယောက်ျား နှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

ယောက်ျားနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ ယောက်ျားနှစ်ယောက်တို့၌ ယုံမှားရှိ၍။ပ။ တိရစ္ဆာန် ဟု ထင်မှတ်၍။ မိန်းမ ဟု ထင်မှတ်၍။ ပဏ္ဍုက် ဟု ထင်မှတ်၍ တပ်မက်သောစိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း ယောက်ျားနှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

တိရစ္ဆာန် နှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ တိရစ္ဆာန်နှစ်ယောက်တို့၌ တိရစ္ဆာန်ဟုထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း တိရစ္ဆာန်နှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

တိရစ္ဆာန်နှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ တိရစ္ဆာန်နှစ်ယောက်တို့၌ ယုံမှားရှိ၍။ပ။ မိန်းမ ဟု ထင်မှတ်၍။ ပဏ္ဍုက်ဟုထင်မှတ်၍။ ယောက်ျား ဟု ထင်မှတ်၍ တပ်မက်သောစိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း တိရစ္ဆာန်နှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

၂၇၅။ မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံး၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့ ။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ သံဃာဒိသိသ် နှင့် ဒုက္ကဋ် အာပတ် သင့်၏။

http://www.dhammadownload.com



မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ယုံမှားရှိ၍ တပ်မက်သောစိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း နှင့် ဒုက္ကဋ် အာပတ် သင့်၏။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ပဏ္ဍုက် ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း အာပတ် နှစ်ချက်သင့်၏။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ယောကျ်ားဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း နှင့် ဒုက္ကဋ် အာပတ် သင့်၏။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ တိရစ္ဆာန်ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း နှင့် ဒုက္ကဋ် အာပတ် သင့်၏။

မိန်းမငင်း ယောကျ်ားငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

မိန်းမငင်း ယောကျ်ားငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ယုံမှားရှိ၍။ပ။ ပဏ္ဍုက် ဟု ထင်မှတ်၍။ ယောကျ်ားဟု ထင်မှတ်၍။ တိရစ္ဆာန်ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်းနှင့် ဒုက္ကဋ် အာပတ် သင့်၏။

မိန်းမငင်း တိရစ္ဆာန်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မကသော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

မိန်းမငင်း တိရစ္ဆာန်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ယုံမှားရှိ၍။ပ။ ပဏ္ဍုက်ဟု ထင်မှတ်၍။ ယောကျ်ားဟု ထင်မှတ်၍။ တိရစ္ဆာန်ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊တို့ထိအံ့၊ ထုလ္လစ္စဉ်းနှင့် ဒုက္ကဋ် အာပတ် သင့်၏။

ပဏ္ဍုက်ငင်း ယောကျ်ားငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ပဏ္ဍုက်ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်းနှင့် ဒုက္ကဋ် အာပတ် သင့်၏။

ပဏ္ဍုက်ငင်း ယောကျ်ားငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ယုံမှားရှိ၍။ပ။ ယောကျ်ားဟု ထင်မှတ်၍။ တိရစ္ဆာန်ဟု ထင်မှတ်၍။ မိန်းမဟု ထင်မှတ်၍ တပ်မက်သောစိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

http://www.dhammadownload.com



ပဏ္ဍုက်ငင်း တိရစ္ဆာန်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ပဏ္ဍုက်ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဥ်း နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ပဏ္ဍုက်ငင်း တိရစ္ဆာန်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ယုံမှားရှိ၍။ပ။ ယောကျ်ားဟု ထင်မှတ်၍။ တိရစ္ဆာန် ဟု ထင်မှတ်၍။ မိန်းမ ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်း သည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံး သပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏၊

ယောကျ်ားငင်း တိရစ္ဆာန်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ယောကျ်ားဟု ထင်မှတ်၍ တပ်မက် သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ် အံ့၊ ထိုမှ ဤမှသုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

ယောကျ်ားငင်း တိရစ္ဆာန်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ ယုံမှားရှိ၍။ပ။ တိရစ္ဆာန် ဟု ထင်မှတ်၍။ မိန်းမ ဟု ထင်မှတ်၍။ ပဏ္ဍုက် ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ ရဟန်း သည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

ဒုမူ ပြီး၏။

---

၂၇၆။ မိန်းမလည်း ဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ ရဟန်း သည်လည်း မိန်းမ၏ ထိုကိုယ်နှင့် စပ်သော အရာဝတ္ထုကို မိမိကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဥ်း အာပတ် သင့်၏။ပ။

မိန်းမ နှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမ နှစ်ယောက်တို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက် သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ နှစ်ယောက်တို့၏ ထိုကိုယ်နှင့် စပ်သော အရာဝတ္ထုကို မိမိကိုယ်ဖြင့် ရှေးရှုသုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့၊ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဥ်းအာပတ် နှစ်ချက် သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်နှင့်စပ်သော အရာဝတ္ထုကို မိမိ ကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့ ထုလ္လစ္စဥ်းနှင့် ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမလည်းဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုကိုယ်ကို မိမိကိုယ်နှင့် စပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ် အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဥ်း အာပတ် သင့်၏။ပ။

မိန်းမ နှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမ နှစ်ယောက်တို့၌ မိန်းမ ဟု ထင်မှတ်၍ တပ် မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ နှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိကိုယ်နှင့် စပ်သော

http://www.dhammadownload.com



အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်း အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိကိုယ်နှင့် စပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ထုလ္လစ္စဉ်းနှင့် ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမလည်းဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုကိုယ်နှင့် စပ်သော အရာဝတ္ထုကို မိမိကိုယ်နှင့် စပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမနှစ်ယောက်တို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမနှစ်ယောက်တို့၏ ထိုကိုယ်နှင့် စပ်သော အရာဝတ္ထုကို မိမိကိုယ်နှင့် စပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်နှင့် စပ်သော အရာဝတ္ထုကို မိမိကိုယ်နှင့် စပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမလည်းဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုကိုယ်ကို မိမိစွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမ နှစ်ယောက်တို့၌ မိန်းမ ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမနှစ်ယောက်တို့၏ ထိုကိုယ်ကို မိမိစွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်ကို မိမိစွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမလည်းဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုကိုယ်နှင့် စပ်သော အရာဝတ္ထုကို မိမိစွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမနှစ်ယောက်တို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမနှစ်ယောက်တို့၏ ထိုကိုယ်နှင့် စပ်သော အရာဝတ္ထုကို မိမိ စွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်နှင့်စပ်သော အရာဝတ္ထုကို မိမိစွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

http://www.dhammadownload.com



မိန်းမလည်းဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုစွန့်လွှတ်အပ်သော အရာဝတ္ထုကို မိမိစွန့်လွှတ်အပ်အော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမ နှစ်ယောက်တို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမနှစ်ယောက်တို့၏ ထိုစွန့်လွှတ်အပ်သော အရာဝတ္ထုကို မိမိ စွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုစွန့်လွှတ်အပ်သော အရာဝတ္ထုကို မိမိ စွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက် သင့်၏။

ရဟန်းဘက်မှစက်မြှုပ် 'ဘိက္ခုပေယျာလ' ပြီး၏။

---

၂၇၇။ မိန်းမလည်း ဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ မိန်းမ သည်လည်း ရဟန်း၏ ထိုကိုယ်ကို မိမိ 'မိန်းမ' ၏ကိုယ်ဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့၊ အောက်သို့ သက်၍ သုံးသပ်အံ့၊ အထက်သို့ တက်၍ သုံးသပ်အံ့၊ အောက်သို့ ခုန်ကျော်၍ သုံးသပ်အံ့၊ အထက်သို့ ခုန်ကျော်၍ သုံးသပ်အံ့၊ ရှေ့မှ ဆွဲအံ့၊ တွန်း၍ ဆွဲအံ့၊ နှိပ်အံ့၊ ညှစ်အံ့၊ ကိုင်အံ့၊ တို့ထိအံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့* 'သာယာအံ့'၊ သံဃာဒိသိသ် အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ မိန်းမတို့သည်လည်း ရဟန်း၏ ထိုကိုယ်ကို မိမိတို့ကိုယ်ဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ ထိုမှ ဤမှ သုံးသပ်ကုန်အံ့၊ အောက်သို့သက်၍ သုံးသပ်ကုန်အံ့၊ အထက်သို့တက်၍ သုံးသပ်ကုန်အံ့၊ အောက်သို့ ခုန်ကျော်၍ သုံးသပ်ကုန်အံ့၊ အထက်သို့ခုန်ကျော်၍ သုံးသပ်ကုန်အံ့၊ ရှေ့မှ ဆွဲကုန်အံ့၊ နောက်မှ ဆွဲကုန်အံ့၊ မြဲစွာဆွဲကိုင်ကုန်အံ့၊ ညှစ်ကုန်အံ့၊ ကိုင်ကုန်အံ့၊ တို့ထိကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ သံဃာဒိသိသ်အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ နှစ်ယောက်လုံးတို့သည်လည်း ရဟန်း၏ ထိုကိုယ်ကို မိမိတို့ကိုယ်ဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ ထိုမှ ဤမှ သုံးသပ်ကုန်အံ့။ပ။ ကိုင်ကုန်အံ့၊ တို့ထိကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် သင့်၏။ပ။

မိန်းမလည်း ဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သောစိတ်လည်း ရှိ၏၊ မိန်းမသည်လည်း ရဟန်း၏ ထိုကိုယ်နှင့်စပ်သော အရာဝတ္ထုကို မိမိကိုယ်ဖြင့် ရှေးရှုသုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမနှစ်ယောက်တို့၌ မိန်းမဟုထင်မှတ်၍ တပ်မက် သောစိတ်လည်းရှိ၏၊ မိန်းမတို့သည်လည်း ရဟန်း၏ထိုကိုယ်နှင့် စပ်သောအရာဝတ္ထုကို မိမိတို့ကိုယ်ဖြင့်

---

* ဝန်ခံ ဟူသည် သာယာမှု—ခံစားမှုကိုယူ။

http://www.dhammadownload.com



ရှေးရှု သုံးသပ်ကုန်အံ့၊ ထိုမှ ဤမှ သုံးသပ်ကုန်အံ့။ပ။ ကိုင်ကုန်အံ့၊ တို့ထိကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုဝန်ခံအံ့ 'သာယာအံ့'၊ ထုလ္လစ္စဉ်း အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟုထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ နှစ်ယောက်လုံးတို့ကလည်း ရဟန်း၏ ထိုကိုယ်နှင့်စပ်သော အရာဝတ္ထုကို မိမိတို့ ကိုယ်ဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ ထိုမှ ဤမှ သုံးသပ်ကုန်အံ့။ပ။ ကိုင်ကုန်အံ့၊ တို့ထိကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုဝန်ခံအံ့ 'သာယာအံ့'၊ ထုလ္လစ္စဉ်းနှင့် ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမလည်းဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ မိန်းမသည်လည်း ရဟန်း၏ ထိုကိုယ်ကို မိမိကိုယ်နှင့် စပ်သောအရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ မိန်းမတို့သည်လည်း ရဟန်း၏ ထိုကိုယ်ကို မိမိတို့ကိုယ်နှင့် စပ်သောအရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ ထိုမှ ဤမှ သုံးသပ်ကုန်အံ့။ပ။ ကိုင်ကုန်အံ့၊ တို့ထိကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုဝန်ခံအံ့ 'သာယာအံ့'၊ ထုလ္လစ္စဉ်း အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟုထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ နှစ်ယောက်လုံးတို့ကလည်း ရဟန်း၏ ထိုကိုယ်ကို မိမိတို့ကိုယ်နှင့် စပ်သောအရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ ထိုမှ ဤမှ သုံးသပ်ကုန်အံ့။ပ။ ကိုင်ကုန်အံ့၊ တို့ထိကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုဝန်ခံအံ့ 'သာယာအံ့'၊ ထုလ္လစ္စဉ်းနှင့် ဒုက္ကဋ် အာပတ် သင့်၏။ပ။

၂၇၈။ မိန်းမလည်း ဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သောစိတ်လည်း ရှိ၏၊ မိန်းမသည်လည်း ရဟန်း၏ ထိုကိုယ်နှင့် စပ်သောအရာဝတ္ထုကို မိမိကိုယ်နှင့် စပ်သောအရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ ထိုမှ ဤမှ သုံးသပ်အံ့ ။ပ။ ကိုင်အံ့၊ တို့ထိအံ့၊ မှီဝဲလို၍ ကိုယ်ဖြင့်လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်းဟုတ်ကုန်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ မိန်းမတို့သည်လည်း ရဟန်း၏ ထိုကိုယ်နှင့်စပ်သော အရာဝတ္ထုကို မိမိတို့ကိုယ်နှင့်စပ်သောအရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ ထိုမှ ဤမှ သုံးသပ်ကုန်အံ့။ပ။ ကိုင်ကုန်အံ့၊ တို့ထိကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့်လှုံ့လပြုအံ့၊ အတွေ့ကိုဝန်ခံအံ့ 'သာယာအံ့'၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်းဟုတ်၏၊နှစ်ယောက်လုံးတို့၌ မိန်းမဟုထင်မှတ်၍ တပ်မက်သောစိတ်လည်း ရှိ၏၊ နှစ်ယောက်လုံးတို့ကလည်း ရဟန်း၏ ထိုကိုယ်နှင့်စပ်သော အရာဝတ္ထုကို မိမိတို့ကိုယ်နှင့် စပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ ထိုမှ ဤမှ သုံးသပ်ကုန်အံ့။ပ။ ကိုင်ကုန်အံ့၊ တို့ထိကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုဝန်ခံအံ့ 'သာယာအံ့'၊ ဒုက္ကဋ် အာပတ် နှစ်ချက် သင့်၏။ပ။

မိန်းမလည်းဟုတ်၏၊ မိန်းမဟုထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ မိန်းမသည်လည်း ရဟန်း၏ ထိုကိုယ်ကို မိမိစွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုဝန်ခံအံ့ 'သာယာအံ့'၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

http://www.dhammadownload.com



မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမနှစ်ယောက်တို့၌ မိန်းမဟုထင်မှတ်၍ တပ်မက်သောစိတ်လည်းရှိ၏၊ မိန်းမတို့ကလည်း ရဟန်း၏ ထိုကိုယ်ကို မိမိတို့ စွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့်လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ ဒုက္កဋ် အာပတ်နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟုထင်မှတ်၍ တပ်မက်သောစိတ်လည်းရှိ၏၊ နှစ်ယောက်လုံးတို့ကလည်း ရဟန်း၏ ထိုကိုယ်ကို မိမိတို့ စွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ ဒုက္ကဋ် အာပတ်နှစ်ချက်သင့်၏။ပ။

မိန်းမလည်း ဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သောစိတ်လည်း ရှိ၏၊ မိန်းမသည်လည်း ရဟန်း၏ ထိုကိုယ်ကို မိမိစွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမနှစ်ယောက်တို့၌ မိန်းမဟုထင်မှတ်၍ တပ်မက်သောစိတ်လည်းရှိ၏၊ မိန်းမတို့ကလည်း ရဟန်း၏ ထိုကိုယ်နှင့်စပ်သော အရာဝတ္ထုကို မိမိတို့ စွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သောစိတ်လည်း ရှိ၏၊ နှစ်ယောက်လုံးတို့ကလည်း ရဟန်း၏ ထိုကိုယ်ကို မိမိတို့ စွန့်လွှတ် အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမလည်းဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ မိန်းမသည်လည်း ရဟန်း၏ ထိုစွန့်လွှတ်အပ်သော အရာဝတ္ထုကို မိမိစွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုကား ဝန်မခံအံ့ 'မသာယာအံ့'၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမ နှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ မိန်းမတို့ကလည်း ရဟန်း၏ ထိုစွန့်လွှတ်အပ်သော အရာဝတ္ထုကို မိမိတို့ စွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုကား ဝန်မခံအံ့ 'မသာယာအံ့'၊ ဒုက္ကဋ် အာပတ် နှစ်ချက် သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ နှစ်ယောက်လုံးတို့ကလည်း ရဟန်း၏ ထိုစွန့်လွှတ်အပ်သော အရာဝတ္ထုကို မိမိတို့ စွန့်လွှတ်အပ်သော အရာဝတ္ထုဖြင့် ရှေးရှု သုံးသပ်ကုန်အံ့၊ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုကားဝန်မခံအံ့ 'မသာယာအံ့'၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

၂၇၉။ မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုဝန်ခံအံ့ 'သာယာအံ့'၊ သံဃာဒိသိသ် အာပတ် သင့်၏။

မှီဝဲလို၍ ကိုယ်ဖြင့် လှုံ့လပြုအံ့၊ အတွေ့ကိုကား ဝန်မခံအံ့ 'မသာယာအံ့'၊ ဒုက္ကဋ် အာပတ် သင့်၏။

http://www.dhammadownload.com



မှိုဝဲလို၍ ကိုယ်ဖြင့်ကား လှုံလမပြု၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ အာပတ် မသင့်။

မှိုဝဲလို၍ ကိုယ်ဖြင့်လည်း လှုံလမပြု၊ အတွေ့ကိုလည်း ဝန်မခံအံ့ 'မသာယာအံ့'၊ အာပတ် မသင့်။

လွတ်မြောက်လို၍ ကိုယ်ဖြင့် လှုံလပြုအံ့၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ အာပတ် မသင့်။

လွတ်မြောက်လို၍ ကိုယ်ဖြင့်လှုံလပြုအံ့၊ အတွေ့ကိုကားဝန်မခံအံ့ 'မသာယာအံ့'၊ အာပတ် မသင့်။

လွတ်မြောက်လို၍ ကိုယ်ဖြင့်ကား လှုံလမပြု၊ အတွေ့ကို ဝန်ခံအံ့ 'သာယာအံ့'၊ အာပတ်မသင့်။

လွတ်မြောက်လို၍ ကိုယ်ဖြင့်လည်း လှုံလမပြု၊ အတွေ့ကိုလည်း ဝန်မခံအံ့ 'မသာယာအံ့'၊ အာပတ် မသင့်။

၂၈၀။ စေတနာ ထင်ရှားမရှိသော ရဟန်း သတိမေ့လျော့သော ရဟန်း မသိသော ရဟန်း မသာယာသော ရဟန်း ရူးသောရဟန်း စိတ်ပျံ့လွင့်သော ရဟန်း ဝေဒနာဖိစီးသောရဟန်း အစ လက်ဦး လွန်ကျူးသော ရဟန်းအား အာပတ်မသင့်။

စက်လှည့်ပုံ ပြီး၏။

---

## ဝိနီတဝတ္ထု ခေါင်းစဉ်မာတိကာ

အမိ၊ သမီး၊ အစ်မ 'နှမ'၊ မယား၊ ဘီလူး (နတ်)မ၊ ပဏ္ဍုက်၊ အိပ်ပျော်သောမိန်းမ၊ သူသေကောင်မ၊ တိရစ္ဆာန်မ၊ သစ်သားယဉ်မင်းရုပ်။

ညှပ်ခြင်း၊ တံတား၊ လမ်းခရီး၊ သစ်ပင်၊ လှေ၊ ကြိုး၊ တုတ်၊ သပိတ်ဖြင့် တွန်းခြင်း၊ ရှိခိုးခြင်း၊ လှုံလပြု၍ မတို့ထိခြင်း။ ဤကား ခေါင်းစဉ်မာတိကာတည်း။

## ဝိနီတဝတ္ထု ဖြတ်ထုံးများ

၂၈၁။ တရံရောအခါ ရဟန်းတပါးသည် အမိအား အမိဟူသော ချစ်ခြင်းဖြင့် သုံးသပ်ကိုင်တွယ်၏။ ထိုရဟန်းအား "ငါသည် သံဃာဒိသိသ် အာပတ် သင့်လေသလော" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁)

တရံရောအခါ ရဟန်းတပါးသည် သမီးအား သမီးဟူသော ချစ်ခြင်းဖြင့် သုံးသပ်ကိုင်တွယ်၏။ပ။ အစ်မ 'နှမ' အား အစ်မ 'နှမ' ဟူသော ချစ်ခြင်းဖြင့် သုံးသပ်ကိုင်တွယ်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏၊ပ။ ရဟန်း သံဃာဒိသိသ် အာပတ်မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂-၃)

တရံရောအခါ ရဟန်းတပါးသည် မယားဟောင်းအား ကိုယ်လက်နှိုးနှောခြင်းသို့ ရောက်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၄)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် ဘီလူးမ (နတ်သမီး) အား ကိုယ်လက်နှီးနှောခြင်းသို့ ရောက်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅)

တရံရောအခါ ရဟန်းတပါးသည် ပဏ္ဍုက်အား ကိုယ်လက်နှီးနှောခြင်းသို့ ရောက်၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆)

တရံရောအခါ ရဟန်းတပါးသည် အိပ်ပျော်သော မိန်းမအား ကိုယ်လက်နှီးနှောခြင်းသို့ ရောက်၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၇)

တရံရောအခါ ရဟန်းတပါးသည် သူသေကောင်မအား ကိုယ်လက်နှီးနှောခြင်းသို့ ရောက်၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၈)

တရံရောအခါ ရဟန်းတပါးသည် တိရစ္ဆာန်မအား ကိုယ်လက် နှီးနှောခြင်းသို့ ရောက်၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၉)

တရံရောအခါ ရဟန်းတပါးသည် သစ်သားယဉ်မင်းရုပ်အား ကိုယ်လက် နှီးနှောခြင်းသို့ ရောက်၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၀)

၂၈၂။ တရံရောအခါ များစွာသောမိန်းမတို့သည် ရဟန်းတပါးကို ပိညှပ်၍ လက်မောင်း အဆက်ဆက်ဖြင့် ဆောင်ယူကြကုန်၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း သင်သည် သာယာသလော ဟု (မေးတော်မူရာ)

မြတ်စွာဘုရား တပည့်တော် မသာယာပါ ဟု (လျှောက်ထား၏)။

ရဟန်း မသာယာသော ရဟန်းအား အာပတ် မသင့် ဟု (မိန့်တော်မူ၏)။ (၁၁)

တရံရောအခါ ရဟန်းတပါးသည် မိန်းမလျှောက်ကူးနေသော ပါကားကို တပ်မက်သောစိတ်ရှိ၍ လှုပ်၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၂)

တရံရောအခါ ရဟန်းတပါးသည် ခရီးရင်ဆိုင်၌ မိန်းမကိုမြင်သဖြင့် တပ်မက်သောစိတ်ရှိ၍ ပခုံးစွန်းဖြင့် တိုက်လေ၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၁၃)

တရံရောအခါ ရဟန်းတပါးသည် မိန်းမတက်နေသော သစ်ပင်ကို တပ်မက်သောစိတ်ရှိ၍ လှုပ်၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၄)

http://www.dhammadownload.com



တရံရောအခါ ရဟန်းတပါးသည် မိန်းမစီးနေသော လှေကို တပ်မက်သောစိတ်ရှိ၍ လှုပ်၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၅)

တရံရောအခါ ရဟန်းတပါးသည် မိန်းမကိုင်နေသော ကြိုးကို တပ်မက်သောစိတ်ရှိ၍ ဆွဲ၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၆)

တရံရောအခါ ရဟန်းတပါးသည် မိန်းမကိုင်သော တုတ်ကို တပ်မက်သောစိတ် ရှိ၍ ဆွဲ၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၇)

တရံရောအခါ ရဟန်းတပါးသည် တပ်မက်သောစိတ်ရှိ၍ မိန်းမကိုသပိတ်ဖြင့် တွန်း၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၈)

တရံရောအခါ ရဟန်းတပါးသည် မိန်းမက ရှိခိုးလတ်သော် တပ်မက်သောစိတ်ရှိ၍ ခြေကိုကြွ၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၁၉)

တရံရောအခါ ရဟန်းတပါးသည် မိန်းမကို ကိုင်အံ့ ဟု လှုံ့လပြုသော်လည်း မတို့သိမိပဲ ရှိ၏။ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂၀)

ဒုတိယ ကာယသံသဂ္ဂသိက္ခာပုဒ် ပြီး၏။

---

## ၃-ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်

၂၇၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အသျှင်ဥဒါယီသည် တောသွင်နေ၏၊ ထိုအသျှင်၏ကျောင်းသည် အလွန်လှ၏ ၊ ရှုချင်ဘွယ်ကောင်း၏၊ စိတ်ကိုကြည်လင်စေတတ်၏၊ထိုအခါ ကျောင်းကြည့်လိုကုန်သော များစွာသော မိန်းမတို့သည် အရံတွင်းသို့ လာကြကုန်၏၊ ထို့နောက် ထိုမိန်းမတို့သည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်ကြ၍ အသျှင်ဥဒါယီအား "အသျှင်ဘုရား တပည့်တော်တို့သည် အသျှင်၏ကျောင်းကို ကြည့်ရှုလိုကြပါကုန်သည်" ဟု လျှောက်ထားကြကုန်၏၊ ထိုအခါ အသျှင်ဥဒါယီသည် ထိုမိန်းမတို့အားကျောင်းကို ကြည့်ရှုစေပြီးလျှင် ထိုမိန်းမတို့၏ ဝစ္စမဂ် ပဿာဝမဂ်ကိုရည်ရွယ်၍ ကျေးဇူးကိုလည်းပြောဆို၏၊ ကျေးဇူးမဲ့ကိုလည်း ပြောဆို၏၊ တောင်းလည်း တောင်း၏၊ ထပ်ကာထပ်ကာလည်း တောင်း၏၊ မေးလည်း မေး၏၊ ပြန်၍လည်း မေး၏၊ ပြောလည်း ပြော၏၊ ဆုံးမလည်း ဆုံးမ၏၊ ဆဲရေးလည်း ဆဲရေး၏၊ အကြင်မိန်းမတို့သည် ကြောက်လန့်ခြင်း 'ဩတ္တပ္ပ' မှ ကင်းကုန်၏၊ စဉ်းလဲသော သဘောရှိကုန်၏၊ အရှက်မှ ကင်းကုန်၏၊ ထိုမိန်းမတို့သည် အသျှင်ဥဒါယီနှင့် အတူ ပြုံးလည်းပြုံးကုန်၏၊ မြှောက်ပင့်၍လည်း ပြောဆိုကုန်၏၊ ပြင်းစွာလည်း ရယ်မောကုန်၏၊ ပြောင်လှောင်လည်း ပြောင်လှောင်ကုန်၏။

http://www.dhammadownload.com



အကြင်မိန်းမတို့သည်ကား ရှက်ကြောက်တတ်သော စိတ်ရှိကုန်၏၊ ထိုမိန်းမတို့သည် ထွက်သွားကုန်၍ "အသျှင်ဘုရားတို့ ဤ (ဥဒါယီ၏)ပြောဆိုသောစကားသည်၊ မလျောက်ပတ်ပါ၊ မသင့်တင့်ပါ၊ တပည့်တော်မတို့သည် အရှင်သခင် လင်ယောကျ်ားက ဤသို့ပြောဆိုအပ်သော်မှ အလိုမရှိကြပါကုန်၊ အသျှင်ဥဒါယီက ပြောဆိုအပ်ပါမူကား အဘယ်မှာ အလိုရှိကြပါကုန်မည်နည်း" ဟု ရဟန်းတို့ကိုကဲ့ရဲ့စေကုန်၏ 'တိုင်ကြားကုန်၏'။

အလိုနည်းပါးသော ရဟန်းတို့သည် "အသျှင်ဥဒါယီသည် မိန်းမကို ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် အဘယ့်ကြောင့် ပြက်ရယ်ပြောဆိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြောဆိုကြကုန်၏၊ ထို့နောက် ထိုရဟန်းတို့သည် အသျှင်ဥဒါယီကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည်ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် အသျှင်ဥဒါယီကို—

"ဥဒါယီ သင်သည် မိန်းမကို ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ပြက်ရယ်**ပြောဆို၏** ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ "(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား (ဤအပြုအမူသည်) ရဟန်းတို့အား မလျောက်ပတ် မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့ အပြုအမူ မဟုတ်၊ မအပ်၊ မပြုသင့်။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် မိန်းမကို ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ပြက်ရယ်ပြောဆိုဘိသနည်း။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ရာဂနှင့်တကွ ဖြစ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ ရာဂကင်းရန် ဟောတော်မူသည် မဟုတ်ပါလော။ပ။ ကာမဂုဏ်အပူအအိုက်တို့၏ ငြိမ်းအေးမှုကို ဟောတော်မူသည် မဟုတ်ပါလော၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၇။ ၃-၂၈၄။ "အကြင်ရဟန်းသည် ရာဂဘီလူး ပူးဝင်အပ်သည် ဖြစ်၍ ဖောက်ပြန်သော စိတ်ဖြင့် မိန်းမကို ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် လုလင်ပျိုသည် မိန်းမပျိုကို မေထုန်နှင့် စပ်သောစကားတို့ဖြင့် ပြက်ရယ်ပြောဆိုသကဲ့သို့ ပြက်ရယ်ပြောဆိုငြားအံ့၊ ထိုရဟန်းအား သံဃာဒိသိသ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ဟု မိန့်တော်မူ၏)။

## ၃-ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် အဖွင့်

၂၈၅။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ရာဂဘီလူးပူးဝင်အပ်သည်ဖြစ်၍** မည်သည် အလွန်တပ်မက်သည်ဖြစ်၍ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍ ဖွဲ့နှောင် ရစ်ပတ်အပ်သော စိတ်ရှိသည်ဖြစ်၍။

http://www.dhammadownload.com



**ဖောက်ပြန်** ဟူသည် တပ်မက်သောစိတ်သည်လည်း ဖောက်ပြန်သည်မည်၏။ အမျက်ထွက်သော စိတ်သည်လည်း ဖောက်ပြန်သည် မည်၏၊ တွေဝေသော စိတ်သည်လည်း ဖောက်ပြန်သည် မည်၏၊ သို့ရာတွင် တပ်မက်သောစိတ်ကို ဤအရာ၌ "ဖောက်ပြန်" ဟု အလိုရှိအပ်၏။

**မိန်းမ** မည်သည် လူမိန်းမတည်း၊ ဘီလူး (နတ်)မ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ ကောင်း မကောင်း ရှုန့်ရင်း မရှုန့်ရင်းသော စကားကို သိ နားလည်နိုင်စွမ်းသော မိန်းမတည်း။

**ရှုန့်ရင်း ကြမ်းတမ်းသော စကား** မည်သည် ဝစ္စမဂ် ပဿာဝမဂ် မေထုန်နှင့် စပ်သော စကားတည်း။

**ပြက်ရယ်ပြောဆိုခြင်းအားဖြင့်** ဟူသည် လွန်ကြူးမှုကို ဆို၏။

**လုလင်ပျိုသည် မိန်းမပျိုကိုကဲ့သို့** ဟူသည် သူငယ်သည် သူငယ်မကို လူပျိုသည် အပျိုကို **ကာမဂုဏ် ခံစားသူ**သည် ကာမဂုဏ် ခံစားသော မိန်းမကို။

**မေထုန်နှင့်စပ်သော စကားတို့ဖြင့်** ဟူသည် မေထုန်နှင့် ယှဉ်သော စကားတို့ဖြင့်။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

## ခေါင်းစဉ် မာတိကာ

ဝစ္စမဂ် ပဿာဝမဂ် နှစ်ခုတို့ကို ရည်ရွယ်၍ ကျေးဇူးကိုလည်း ပြောဆို၏၊ ကျေးဇူးမဲ့ကိုလည်း ပြောဆို၏၊ တောင်းလည်း တောင်း၏၊ ထပ်ကာထပ်ကာလည်း တောင်း၏၊ မေးလည်း မေး၏၊ ပြန်၍လည်း မေး၏၊ ပြောလည်း ပြော၏၊ ဆုံးမလည်း ဆုံးမ၏၊ ဆဲရေးလည်း ဆဲရေး၏။

## မာတိကာ အဖွင့်

**ဂုဏ်ကျေးဇူးကိုပြောဆို၏** မည်သည် ဝစ္စမဂ် ပဿာဝမဂ် နှစ်ခုတို့ကို မြှောက်ပင့်၏၊ ကျေးဇူးကို ဆို၏၊ **ချီးမွမ်း၏**။

**ကျေးဇူးမဲ့ကိုပြောဆို၏** မည်သည် ဝစ္စမဂ် ပဿာဝမဂ် နှစ်ခုတို့ကို ဆဲရေး၏၊ ရှုတ်ချ၏၊ ကဲ့ရဲ့၏။

**တောင်း၏** မည်သည် ငါ့အားပေးလော့၊ ငါ့အား ပေးထိုက်၏ ဟု (ဆို၏)။

**ထပ်ကာ ထပ်ကာ တောင်း၏** မည်သည် အဘယ်အခါ၌ သင်၏မိခင်သည် ကြည်ဖြူလိမ့်မည်နည်း၊ အဘယ်အခါ၌ သင်၏ ဘခင်သည် ကြည်ဖြူ လိမ့်မည်နည်း၊ အဘယ်အခါ၌ သင်၏ နတ်တို့သည် ကြည်ဖြူလိမ့်မည်နည်း၊ အဘယ်အခါ၌ အချိန်ကောင်း အခါကောင်း အခွင့်ကောင်း ဖြစ်လိမ့်မည်နည်း၊ အဘယ်အခါ၌ သင်၏ မေထုန်အကျင့်ကို ရအံ့နည်း ဟု (ဆို၏)။

**မေး၏** မည်သည် သင်သည် လင်ကြီးအား အဘယ်သို့ ပေးသနည်း၊ သင်သည် လင်ငယ်အား အဘယ်သို့ ပေးသနည်း ဟု (ဆို၏)။

**ပြန်၍မေး၏** မည်သည် သင်သည် လင်ကြီးအား ဤသို့ ပေးသလော သင်သည် လင်ငယ်အား ဤသို့ ပေးသလော ဟု (ဆို၏)။

**ပြော၏** မည်သည် မေးအပ်သည် ဖြစ်၍ ဤသို့ ပေးလော့၊ "ဤသို့ ပေးသောမိန်းမကို လင်ယောကျ်ားသည် ချစ်ခင်မြတ်နိုးလိမ့်မည်" ဟု (ပြောဆို၏)။

**ဆုံးမ၏** မည်သည် မမေးပဲ "ဤသို့ ပေးလော့ ဤသို့ ပေးသော မိန်းမကို လင်ယောကျ်ားသည် ချစ်ခင်မြတ်နိုးလိမ့်မည်" ဟု (ပြောဆို၏)။

http://www.dhammadownload.com



**ဆဲရေး၏** မည်သည် သင့်မှာ မိန်းမနိမိတ် မရှိ၊ မိန်းမနိမိတ်ဆာမျှ ရှိ၏၊ သွေးမယို 'ရာသီမလာ' သွေးအမြဲယို၏၊ အမြဲပိတ်ဆို့အပ်သော အဝတ်ရှိ၏၊ ယိုစီးနေ၏၊ အသားစွန်းရှည်၏၊ မိန်းမပဏ္ဍုက်ဖြစ်၏၊ ယောကျ်ားလျာဖြစ်၏၊ မဂ်နှစ်ရပ် ဆက်စပ်နေ၏၊ ဥဘတောဗျည်း 'လိင်နှစ်ခုရှိသူ' ဖြစ်၏ ဟုဆို၏။

၂၈၆။ မိန်းမလည်း ဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုဝစ္စမဂ် ပဿာဝမဂ်ကို ရည်ရွယ်၍ ကျေးဇူးကိုလည်း ပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့၊ တောင်းလည်း တောင်းအံ့၊ ထပ်ကာ ထပ်ကာလည်း တောင်းအံ့၊ မေးလည်း မေးအံ့၊ ပြန်၍လည်း မေးအံ့၊ ပြောလည်း ပြောအံ့၊ ဆုံးမလည်း ဆုံးမအံ့၊ ဆဲရေးလည်း ဆဲရေးအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမနှစ်ယောက်တို့၌ မိန်းမ ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမနှစ်ယောက်တို့၏ ထိုဝစ္စမဂ် ပဿာဝမဂ်တို့ကို ရည်ရွယ်၍ ကျေးဇူးကိုလည်း ပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ ဆဲရေးလည်း ဆဲရေးအံ့၊ သံဃာဒိသိသ် အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမ ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထို ဝစ္စမဂ် ပဿာဝမဂ်ကို ရည်ရွယ်၍ ကျေးဇူးကိုလည်း ပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ ဆဲရေးလည်း ဆဲရေးအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမလည်းဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုဝစ္စမဂ် ပဿာဝမဂ်ကို ချန်ထား၍ ညှပ်ရိုးနှစ်ဘက်အောက် ပုဆစ်ဒူးဝန်း အထက်ကိုရည်ရွယ်လျက် ကျေးဇူးကိုလည်း ပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ ဆဲရေးလည်း ဆဲရေးအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမ နှစ်ယောက်တို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမနှစ်ယောက်တို့၏ ထိုဝစ္စမဂ် ပဿာဝမဂ်ကို ချန်ထား၍ ညှပ်ရိုးနှစ်ဖက်အောက် ပုဆစ်ဒူးဝန်းအထက်ကို ရည်ရွယ်လျက် ကျေးဇူးကိုလည်း ပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ ဆဲရေးလည်း ဆဲရေးအံ့၊ ထုလ္လစ္စဉ်း အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုဝစ္စမဂ် ပဿာဝမဂ်ကို ချန်ထား၍ ညှပ်ရိုးနှစ်ဖက်အောက် ပုဆစ်ဒူးဝန်းအထက်ကို ရည်ရွယ်လျက် ကျေးဇူးကိုလည်း ပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ ဆဲရေးလည်း ဆဲရေးအံ့၊ ထုလ္လစ္စဉ်းနှင့် ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမလည်း ဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုညှပ်ရိုးနှစ်ဘက်အထက် ပုဆစ်ဒူးဝန်းအောက်ကို ရည်ရွယ်၍ကျေးဇူးကိုလည်း ပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ ဆဲရေးလည်း ဆဲရေးအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမနှစ်ယောက်တို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမနှစ်ယောက်တို့၏ ထိုညှပ်ရိုး နှစ်ဘက်အထက် ပုဆစ်ဒူးဝန်းအောက်ကို ရည်ရွယ်၍ ကျေးဇူးကိုလည်းပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ဆဲရေးလည်း ဆဲရေးအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

**ဝိ-မြန် ၁-၁၃**

http://www.dhammadownload.com



မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုညှပ်ရိုး နှစ်ဖက်အထက် ပုဆစ်ဒူးဝန်းအောက်ကို ရည်ရွယ်၍ ကျေးဇူးကိုလည်း ပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ ဆဲရေးလည်း ဆဲရေးအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမလည်း ဟုတ်၏၊ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ ထိုကိုယ်နှင့်စပ်သော အရာဝတ္ထုကို ရည်ရွယ်၍ ကျေးဇူးကိုလည်း ပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ ဆဲရေးလည်း ဆဲရေးအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမနှစ်ယောက်တို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း မိန်းမနှစ်ယောက်တို့၏ ထိုကိုယ်နှင့် စပ်သော အရာဝတ္ထုကို ရည်ရွယ်၍ ကျေးဇူးကိုလည်းပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ ဆဲရေးလည်း ဆဲရေးအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သောစိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏ ထိုကိုယ်နှင့် စပ်သော အရာဝတ္ထုကို ရည်ရွယ်၍ ကျေးဇူးကိုလည်း ပြောဆိုအံ့၊ ကျေးဇူးမဲ့ကိုလည်း ပြောဆိုအံ့။ပ။ ဆဲရေးလည်း ဆဲရေးအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

၂၈၇။ အနက်ကို ရှေးသွားပြုသောရဟန်း ပါဠိကိုရှေးသွားပြုသောရဟန်း ဆုံးမမှုကို ရှေးသွားပြုသောရဟန်း ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းအား အာပတ် မသင့်။

၃-ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် အဖွင့် ပြီး၏။

---

## ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ

နီသည်၊ ထူထဲသည်၊ ရှပ်ထွေးသည်၊ ကြမ်းတမ်းသည်၊ ရှည်သည်၊ စိုက်အပ်ပြီလော၊ ခရီးတို၏ လော၊ သဒ္ဓါတရားရှိ၏၊ ပေးလှူခြင်း၊ အမှုကိစ္စ။ ဤကား ခေါင်းစဉ်မာတိကာတည်း။

## ဝိနီတဝတ္ထု ဖြတ်ထုံးများ

၂၈၈။ တရံရောအခါ မိန်းမ တယောက်သည် ဆိုးသစ်စ ကမ္ဗလာကိုခြုံနေ၏၊ ရဟန်းတပါးသည် တပ်မက်သော စိတ်ရှိ၍ ထိုမိန်းမကို "နှမ သင့် ဥစ္စာသည် နီ၏" ဟု ပြောဆို၏၊ ထိုမိန်းမသည် (ဆိုလိုရင်းကို) မသိ၍ မှန်ပါသည် အသျှင်ဘုရား ကမ္ဗလာသည် ဆိုးပြီးစ ဖြစ်ပါသည် ဟု (လျှောက်၏)။

ထိုရဟန်းအား "ငါသည် သံဃာဒိသိသ် အာပတ်သင့်လေသလော" ဟု တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထား၏။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁)

တရံရောအခါ မိန်းမတယောက်သည် ကြမ်းတမ်းသော ကမ္ဗလာကို ခြုံနေ၏၊ ရဟန်းတပါးသည် တပ်မက်သော စိတ်ရှိ၍ ထိုမိန်းမကို "နှမ သင့်ဥစ္စာသည် အမွေးထူ၏" ဟု ပြောဆို၏၊ ထိုမိန်းမသည်

http://www.dhammadownload.com



(ဆိုလိုရင်းကို) မသိ၍ မှန်ပါသည် အသျှင်ဘုရား ကြမ်းတမ်းသော ကမ္ဗလာ ဖြစ်ပါသည် ဟု (လျှောက်၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂)

တရံရောအခါ မိန်းမတယောက်သည် ရက်ပြီးစ ကမ္ဗလာကို ခြုံနေ၏၊ ရဟန်းတပါးသည် တပ်မက်သော စိတ်ရှိ၍ ထိုမိန်းမကို "နှမ သင့်ဥစ္စာသည် အမွေးရှုပ်၏" ဟု ပြောဆို၏၊ ထိုမိန်းမသည် (ဆိုလိုရင်းကို) မသိ၍ မှန်ပါသည်အသျှင်ဘုရား ရက်ပြီးစ ကမ္ဗလာဖြစ်ပါသည် ဟု (လျှောက်၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ်အာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၃)

တရံရောအခါ မိန်းမတယောက်သည် ကြမ်းတမ်းသော ကမ္ဗလာကို ခြုံနေ၏၊ ရဟန်းတပါးသည် တပ်မက်သောစိတ်ရှိ၍ ထိုမိန်းမကို "နှမ သင့်ဥစ္စာသည် အမွေးကြမ်း၏" ဟု ပြောဆို၏၊ ထိုမိန်းမသည် (ဆိုလိုရင်းကို) မသိ၍ မှန်ပါသည် အသျှင်ဘုရား ကြမ်းတမ်းသော ကမ္ဗလာဖြစ်ပါသည် ဟု (လျှောက်၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ် အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၄)

တရံရောအခါ မိန်းမ တယောက်သည် ပုဝါကို ခြုံနေ၏၊ ရဟန်းတပါးသည် တပ်မက်သော စိတ်ရှိ၍ ထိုမိန်းမကို "နှစ်မ သင့်ဥစ္စာသည် အမွေးရှည်၏" ဟု ပြောဆို၏၊ ထိုမိန်းမသည် (ဆိုလိုရင်းကို) မသိ၍ မှန်ပါသည် အသျှင်ဘုရား ပုဝါ ဖြစ်ပါသည် ဟု (လျှောက်၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၅)

၂၈၉။ တရံရောအခါ မိန်းမတယောက်သည် လယ်ကို စိုက်ပျိုးစေပြီး၍ ပြန်လာ၏၊ ရဟန်းတပါးသည် တပ်မက်သော စိတ်ရှိ၍ ထိုမိန်းမကို "နှမ သင့်ဥစ္စာကို စိုက်အပ်ပြီလော" ဟု ပြောဆို၏၊ ထိုမိန်းမသည် (ဆိုလိုရင်းကို) မသိ၍ မှန်ပါသည် အသျှင်ဘုရား စိုက်ပျိုးမပြီးသေးပါ ဟု (လျှောက်၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၆)

တရံရောအခါ ရဟန်းတပါးသည် ခရီးရင်ဆိုင်၌ ပရိဗိုဇ်မကိုမြင်၍ တပ်မက်သော စိတ်ရှိသဖြင့် ထိုပရိဗိုဇ်မကို "နှမ လမ်းတိုး၏လော" ဟု ပြောဆို၏၊ ပရိဗိုဇ်မသည် (ဆိုလိုရင်းကို) မသိ၍ မှန်ပါသည် ရဟန်း သွားရလိမ့်မည် ဟု (လျှောက်၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ်အာပတ် မသင့်၊ ထုလ္လစ္စည်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၇)

တရံရောအခါ ရဟန်းတပါးသည် တပ်မက်သော စိတ်ရှိ၍ မိန်းမတယောက်ကို "နှမ သင်သည် သဒ္ဓါတရားရှိ၏၊ သို့ရာတွင် သင်သည် လင်ယောကျ်ားအား ပေးသော အဆာဝတ္ထုကို ငါတို့အား မပေးလှူ" ဟု ပြောဆို၏။

အဘယ် အဆာဝတ္ထုပါနည်း အသျှင်ဘုရား ဟု (လျှောက်၏)။

http://www.dhammadownload.com



မေထုန်အကျင့်တည်း ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ်အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၈)

တရံရောအခါ ရဟန်းတပါးသည် တပ်မက်သော စိတ်ရှိ၍ မိန်းမတယောက်ကို "နှမ သင်သည် သဒ္ဓါတရားရှိ၏၊ သို့ရာတွင် အမြတ်ဆုံး အလှုကို ငါတို့အား မပေးလှူ" ဟု ပြောဆို၏။

အသျှင်ဘုရား အမြတ်ဆုံး အလှူ ဟူသည် အဘယ်အရာပါနည်း ဟု (လျှောက်၏)။

မေထုန်အကျင့်တည်း ဟု ပြောဆို၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ်အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၉)

တရံရောအခါ မိန်းမတယောက်သည် အလုပ်ကိစ္စကို လုပ်နေ၏၊ရဟန်းတပါးသည် တပ်မက်သော စိတ်ရှိ၍ ထိုမိန်းမကို "နှမ ရပ်ဦး ငါလုပ်မည်။ပ။ နှမ ထိုင်ဦး ငါလုပ်မည်။ပ။နှမ အိပ်ဦး ငါလုပ်မည်"ဟု ပြောဆို၏။

ထိုမိန်းမသည် (ဆိုလိုရင်းကို) မသိ၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁၀-၁၂)

တတိယ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် ပြီး၏။

---

## ၄-အတ္တကာမပါရိစရိယသိက္ခာပုဒ်

၂၉၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသျှင်ဥဒါယီသည် သာဝတ္ထိမြို့၌ အိမ်သို့ ကပ်တတ်သော ရဟန်းဖြစ်၏၊ များစွာသော အိမ်တို့သို့ ချဉ်းကပ်၏၊ ထိုစဉ်အခါ၌ လင်သေဆုံး ပြီးသော မိန်းမတယောက်သည် အလှန်လှ၏၊ ရှုချင်ဖွယ်ကောင်း၏၊ စိတ်ကို ကြည်လင်စေတတ်၏၊ ထိုအခါ အသျှင်ဥဒါယီသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ ထိုမိန်းမအိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေ၏၊ ထိုအခါ ထိုမိန်းမသည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အသျှင်ဥဒါယီကို ရှိသေစွာ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော ထိုမိန်းမကို အသျှင်ဥဒါယီက တရားနှင့် လျော်သော စကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် စေ၍ ရွှင်လန်းစေပြီး ဖြစ်ရကား ထိုမိန်းမသည် အသျှင်ဥဒါယီအား—

"အသျှင်ဘုရား အလိုရှိရာကို အမိန့်ရှိတော်မူပါ၊ တပည့်တော်တို့သည် အသျှင်မြတ်အား သင်္ကန်း ဆွမ်း ကျောင်း သူနာအထောက်အပံ့ ဆေး အသုံးအဆောင်တို့ကို ပေးလှူ နိုင်ပါကုန်၏" ဟု (လျှောက်၏)။

နှမ ထိုသင်္ကန်း ဆွမ်း ကျောင်း သူနာအထောက်အပံ့ ဆေး အသုံးအဆောင်တို့သည် ငါတို့အား မခဲယဉ်းပေ၊ စွမ်းနိုင်ပါမူ ငါတို့အား ခဲယဉ်းသော အရာပစ္စည်းကို လှူပါ ဟု (ဆို၏)။

အဘယ်အရာဝတ္ထုပါနည်းဘုရား ဟု (လျှောက်၏)။

မေထုန်အမှုတည်း ဟု (ဆို၏)။

အလိုရှိပါသလားဘုရား ဟု (လျှောက်၏)။

အလိုရှိပါသည် နှမ ဟု (ပြောဆို၏)။

http://www.dhammadownload.com



အသျှင်ဘုရား ကြွပါ ဟု ဆို၍ တိုက်ခန်းသို့ ဝင်ပြီးလျှင် ထဘီကို ချွတ်၍ ညောင်စောင်း 'ခုဋင်' ပေါ်၌ ပက်လက် အိပ်လေ၏၊ ထိုအခါ အသျှင်ဥဒါယီသည် ထိုမိန်းမထံသို့ ချဉ်းကပ်၍ "အဘယ်သူသည် ယုတ်မာဆိုးရွား မကောင်းသော အနံ့ရှိသော ဤအရာဝတ္ထုကို သုံးသပ်လိမ့်မည်နည်း" ဟု တံထွေးထွေး၍ ဖဲခွါသွားလေ၏။

ထိုအခါ ထိုမိန်းမသည် "ဤသာကီဝင် မင်းသား ဘုရားအနွယ်တော် ဖြစ်ကုန်သော ရဟန်းတို့သည် အရှက်မရှိကုန်၊ သီလ မရှိကုန်၊ မမှန်သည်ကို ဆိုလေ့ရှိကုန်၏၊ သို့စင်လျက် ဤရဟန်းတို့က တရားကို ကျင့်လေ့ရှိကုန်၏၊ ညီညွတ်မျှတသော အကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မြတ်သည်ကို ကျင့်လေ့ရှိကုန်၏၊ အမှန်ကို ဆိုလေ့ရှိကုန်၏၊ သီလရှိကုန်၏၊ ကောင်းသော သဘော ရှိကုန်၏ ဟု ဝန်ခံကြတုံဘိ၏၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် မရှိတော့ပြီ၊ ဤရဟန်းတို့အား ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် ပျောက်ပျက်ခဲ့လေပြီ၊ ဤရဟန်းတို့အား အဘယ်မှာ ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်သည် ရှိတော့မည်နည်း၊ ဤရဟန်းတို့သည် ရဟန်းအဖြစ် သူတော်သူမြတ်အဖြစ်မှ ကင်းကွာကုန်ပြီ၊ အဘယ့်ကြောင့် ရဟန်း ဥဒါယီသည် ငါ့ကို ကိုယ်တိုင် မေထုန်အမှုကို တောင်းပြီး၍ 'အဘယ်သူသည် ယုတ်မာဆိုးရွား မကောင်းသော အနံ့ရှိသော ဤအရာဝတ္ထုကို သုံးသပ်လိမ့်မည်နည်း' ဟု တံထွေးထွေး၍ ဖဲခွါသွားလေဘိသနည်း၊ ငါ၏ ယုတ်မာမှုသည် အဘယ်မှာနည်း၊ ငါ၏ အနံ့မကောင်းမှုသည် အဘယ်မှာနည်း၊ ငါသည် အဘယ်မိန်းမအောက်အဘယ်အရာဖြင့် ယုတ်နိမ့်သနည်း" ဟု ကဲ့ရဲ့၏ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

အခြားမိန်းမ တို့သည်လည်း "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်ကုန်သော ရဟန်းတို့သည် အရှက်မရှိကုန်၊ သီလမရှိကုန်၊ မမှန်သည်ကို ဆိုလေ့ရှိကုန်၏။ပ ဘယ့်ကြောင့် ရဟန်း ဥဒါယီသည် ဤမိန်းမအား ကိုယ်တိုင်မေထုန်အမှုကို တောင်းပြီး၍ 'အဘယ်သူသည် ယုတ်မာဆိုးရွား မကောင်းသော အနံ့ရှိသော ဤအရာဝတ္ထုကို သုံးသပ်လိမ့်မည်နည်း' ဟု တံထွေးထွေး၍ ဖဲခွါသွားလေဘိသနည်း၊ ဤမိန်းမ၏ ယုတ်မာမှုသည် အဘယ်မှာနည်း၊ ဤမိန်းမ၏ အနံ့မကောင်းမှုသည် အဘယ်နည်း၊ ဤမိန်းမသည် အဘယ်မိန်းမအောက် အဘယ်အရာဖြင့် ယုတ်နိမ့်သနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုကြသော ထိုမိန်းမတို့၏ စကားကို ကြားကြကုန်ရာ အလိုနည်းပါးသော ထိုရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ဥဒါယီသည် မိန်းမ၏ အထံ၌ မိမိ အလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် အသျှင်ဥဒါယီကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် အသျှင်ဥဒါယီကို—

"ဥဒါယီ သင်သည် မိန်းမ၏အထံ၌ မိမိ အလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆို၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ "(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (အပြုအမူသည်) ရဟန်းတို့အား မလျှောက်ပတ်၊ မလျော်ကန်၊ မသင့်တင့်၊ ရဟန်းတို့

http://www.dhammadownload.com



အပြုအမူမဟုတ်၊ မအပ်၊ မပြုသင့်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် မိန်းမ၏အထံ၌ မိမိအလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုဘိသနည်း။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် ရာဂနှင့် တကွဖြစ်ခြင်းငှါ တရားတော်ကို ဟောတော်မမူပဲ ရာဂကင်းရန် ဟောတော်မူသည် မဟုတ်ပါလော။ပ။ ကာမဂုဏ် အပူအအိုက်တို့၏ ငြိမ်းအေးမှုကို ဟောတော်မူသည် မဟုတ်ပါလော။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း ။ပ။ ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၈။ ၄-၂၉၁။ "အကြင် ရဟန်းသည် ရာဂဘီလူး ပူးဝင်အပ်သည်ဖြစ်၍ ဖောက်ပြန်သောစိတ်ဖြင့် မိန်းမ၏ အထံ၌ မိမိအလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ကျေးဇူးကို ပြောဆိုငြားအံ့၊ 'နှမ အကြင် မိန်းမသည် အကျင့်သီလရှိသော ကောင်းသော တရားရှိသော မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော ငါကဲ့သို့သော သူကို ထိုမေထုန်အမှုဖြင့် လုပ်ကျွေးရာ၏၊ ဤလုပ်ကျွေးခြင်းသည် လုပ်ကျွေးခြင်း တကာတို့တွင် အမြတ်ဆုံးပေတည်း' ဟု မေထုန်နှင့် စပ်သောစကားဖြင့် ပြောဆိုငြားအံ့၊ ထိုရဟန်းအား သံဃာဒိသိသ် အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၄-အတ္တကာမပါရိစရိယသိက္ခာပုဒ် အဖွင့်

**၂၉၂။** အကြင်ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည် ။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ရာဂဘီလူး ပူးဝင်အပ်သည်ဖြစ်၍** မည်သည် အလွန်တပ်မက်သည်ဖြစ်၍ ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍ ဖွဲ့နှောင် ရစ်ပတ်အပ်သော စိတ်ရှိသည်ဖြစ်၍။

**ဖောက်ပြန်** ဟူသည် တပ်မက်သော စိတ်သည်လည်း ဖောက်ပြန်သည် မည်၏၊ အမျက်ထွက်သော စိတ်သည်လည်း ဖောက်ပြန်သည် မည်၏၊ တွေဝေသော စိတ်သည်လည်း ဖောက်ပြန်သည် မည်၏။ သို့ရာတွင် တပ်မက်သော စိတ်ကို ဤနေရာ၌ "ဖောက်ပြန်" ဟု အလိုရှိအပ်၏။

**မိန်းမ** ဟူသည် လူမိန်းမတည်း၊ ဘီလူးမ (နတ်သမီး) မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ ကောင်းမကောင်း ရှုန့်ရင်းမရှုန့်ရင်းသော စကားကို နားလည်နိုင်စွမ်းသော မိန်းမတည်း။

**မိန်းမ၏အထံ၌** ဟူသည် မိန်းမ၏အနီး၌၊ မိန်းမနှင့် မဝေးသော အရပ်၌။

**မိမိအလိုရှိအပ်သောကာမ** ဟူသည် မိမိ၏အကြိုက်ကို၊ မိမိ၏အကြောင်းကို၊ မိမိ၏အလိုကို၊ မိမိအား လုပ်ကျွေးခြင်းကို။

**ဤလုပ်ကျွေးခြင်းသည် အမြတ်ဆုံးပေတည်း** ဟူသည် ဤလုပ်ကျွေးခြင်းသည် သာလွန်၏၊ ဤလုပ်ကျွေးခြင်းသည် မြတ်၏၊ ဤလုပ်ကျွေးခြင်းသည် အကြီးအမှူးဖြစ်၏၊ ဤလုပ်ကျွေးခြင်းသည် ကဲလွန်၏၊ ဤလုပ်ကျွေးခြင်းသည် **တောင့်တအပ် မြတ်၏**။

http://www.dhammadownload.com



**အကြင် မိန်းမ** ဟူသည် မင်းသမီးသည်ငှင်း ပုဏ္ဏေးမသည်ငှင်း ကုန်သည်မသည်ငှင်း သူဆင်းရဲမသည်ငှင်း။

**ငါကဲ့သို့သောသူကို** ဟူသည် မင်းကိုငှင်း ပုဏ္ဏားကိုငှင်း ကုန်သည်ကိုငှင်း သူဆင်းရဲကိုငှင်း။

**အကျင့်သီလရှိသော** ဟူသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော မပေးသော ဥစ္စာကိုယူခြင်းမှ ရှောင်ကြဉ်သော အမှား ပြောခြင်းမှ ရှောင်ကြဉ်သော။

**မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော** ဟူသည် မေထုန်အကျင့်မှ ရှောင်ကြဉ်သော။

**ကောင်းသော တရားရှိသော** မည်သည် ထိုအကျင့်သီလအားဖြင့်ငှင်း ထိုမြတ်သော အကျင့်အားဖြင့်ငှင်း ကောင်းသောတရားရှိ၏။

**ထိုအမှုဖြင့်** ဟူသည် မေထုန်အမှုဖြင့်။

**လုပ်ကျွေးရာ၏** ဟူသည် မွေ့လျော်စေရာ၏။

**မေထုန်နှင့် စပ်သော** ဟူသည် မေထုန် အမှုနှင့်ယှဉ်သော။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၂၉၃။ မိန်းမလည်း ဟုတ်၏၊ မိန်းမ ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏အထံ၌ ထိုမိမိအလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မိန်းမလည်း ဟုတ်၏၊ ယုံမှားရှိ၍။ပ။ ပဏ္ဍုက် ဟု ထင်မှတ်၍။ ယောကျ်ားဟု ထင်မှတ်၍။ တိရစ္ဆာန်ဟု ထင်မှတ်၍။ တပ်မက်သော စိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း မိန်းမ၏ အထံ၌ ထိုမိမိအလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုအံ့၊ ထုလ္လစ္စည်း အာပတ် သင့်၏။

ပဏ္ဍုက်လည်း ဟုတ်၏၊ ပဏ္ဍုက်ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း ပဏ္ဍုက်၏အထံ၌ ထိုမိမိအလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုအံ့၊ ထုလ္လစ္စည်း အာပတ် သင့်၏။

ပဏ္ဍုက်လည်း ဟုတ်၏၊ ယုံမှားရှိ၍။ပ။ ယောကျ်ားဟု ထင်မှတ်၍။ တိရစ္ဆာန် ဟု ထင်မှတ်၍။ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း ပဏ္ဍုက်၏အထံ၌ ထိုမိမိအလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ယောကျ်ားလည်း ဟုတ်၏။ပ။ တိရစ္ဆာန်လည်း ဟုတ်၏၊ တိရစ္ဆာန်ဟု ထင်မှတ်၍။ပ။ ယုံမှားရှိ၍။ မိန်းမဟု ထင်မှတ်၍။ ပဏ္ဍုက်ဟု ထင်မှတ်၍။ ယောကျ်ားဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း တိရစ္ဆာန်၏အထံ၌ ထိုမိမိအလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

မိန်းမနှစ်ယောက်တို့လည်း ဟုတ်ကုန်၏၊ မိန်းမနှစ်ယောက်တို့၌ မိန်းမဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်း ရှိ၏၊ ရဟန်းသည်လည်း မိန်းမ နှစ်ယောက်တို့၏အထံ၌ ထိုမိမိအလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုအံ့၊ သံဃာဒိသိသ် အာပတ် နှစ်ချက် သင့်၏။ပ။

http://www.dhammadownload.com



မိန်းမငင်း ပဏ္ဍုက်ငင်း ဟုတ်၏၊ နှစ်ယောက်လုံးတို့၌ မိန်းမ ဟု ထင်မှတ်၍ တပ်မက်သော စိတ်လည်းရှိ၏၊ ရဟန်းသည်လည်း နှစ်ယောက်လုံးတို့၏အထံ၌ ထိုမိမိအလိုရှိအပ်သော ကာမဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုအံ့၊ သံဃာဒိသိသ် အာပတ်နှင့် ဒုက္ကဋ်အာပတ် သင့်၏။ပ။

၂၉၄။ "သက်န်း ဆွမ်း ကျောင်း သူနာအထောက်အပံ့ ဆေး အသုံးအဆောင်ဖြင့် လုပ်ကျွေး လော့" ဟု ဆိုအံ့၊ အာပတ်မသင့်၊ ရူးသောရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

အတ္တကာမပါရိစရိယသိက္ခာပုဒ် အဖွင့် ပြီး၏။

---

## ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ

အဘယ်သို့လျှင် အမြုံမသည် သားသမီးရပါမည်နည်း၊ ချစ်ခင်အပ်သူသည်ငင်း တင့်တယ် သော သူသည်ငင်း ဖြစ်ရပါမည်နည်း၊ အဘယ်ကို လှူရမည်နည်း၊ အဘယ်ဖြင့် လုပ်ကျွေးရမည် နည်း၊ အဘယ်သို့လျှင် ကောင်းရာသုဂတိသို့ရောက်ရပါမည်နည်း။ ဤကား ခေါင်းစဉ် မာတိကာ တည်း။

## ဝိနီတဝတ္ထု ဖြတ်ထုံးများ

၂၉၅။ တရံရောအခါ အမြုံမတယောက်သည် အိမ်သို့ ကပ်တတ်သောရဟန်းအား "အသျှင်ဘုရား အဘယ်သို့လျှ. တပည့်တော်မသည် သားဖွားမြင်ရပါအံ့နည်း" ဟု လျှောက်၏။

နှမ သို့ဖြစ်လျှင် မြတ်သော အလှူကို လှူလော့ ဟု (ဆို၏)။

အသျှင်ဘုရား မြတ်သော အလှူကား အဘယ်ပါနည်း ဟု (မေး၏)။

မေထုန်အမှုတည်း ဟု (ပြော၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၁)

တရံရောအခါ သားဖွားလေ့ရှိသော မိန်းမတယောက်သည် အိမ်သို့ ကပ်တတ်သော ရဟန်းအား "အသျှင်ဘုရား အဘယ်သို့လျှင် တပည့်တော်မသည် သားကို ရပါအံ့နည်း" ဟု လျှောက်၏။

နှမ သို့ဖြစ်လျှင် မြတ်သောအလှူကို လှူလော့ ဟု (ဆို၏)။

အသျှင်ဘုရား မြတ်သောအလှူကား အဘယ်ပါနည်း ဟု (မေး၏)။

မေထုန်အမှုတည်း ဟု (ပြော၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့် ပြီ ဟု (မိန့်တော်မူ၏)။ (၂)

တရံရောအခါ မိန်းမတယောက်သည် အိမ်သို့ကပ်တတ်သောရဟန်းအား "အသျှင်ဘုရား အဘယ် သို့လျှင် တပည့်တော်မသည် လင်ယောကျ်ား၏ ချစ်ခင်အပ်သူ ဖြစ်ရပါအံ့နည်း" ဟု လျှောက်၏။

http://www.dhammadownload.com



နှမ သို့ဖြစ်လျှင် မြတ်သောအလှူကို လှူလော့ ဟု (ဆို၏)။

အသျှင်ဘုရား မြတ်သောအလှူကား အဘယ်ပါနည်း ဟု (မေး၏)။

မေထုန်အမှုတည်း ဟု (ပြော၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၃)

တရံရောအခါ မိန်းမတယောက်သည် အိမ်သို့ ကပ်တတ်သော ရဟန်းအား "အသျှင်ဘုရား အဘယ်သို့လျှင် တပည့်တော်မသည် တင့်တယ်သော အဆင်းအင်္ဂါရှိသူ ဖြစ်ရပါမည်နည်း" ဟု လျှောက်၏။

နှမ သို့ဖြစ်လျှင် မြတ်သောအလှူကို လှူလော့ ဟု (ဆို၏)။

အသျှင်ဘုရား မြတ်သော အလှူကား အဘယ်ပါနည်း ဟု (မေး၏)။

မေထုန်အမှုတည်း ဟု (ပြော၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၄)

တရံရောအခါ မိန်းမတယောက်သည် အိမ်သို့ ကပ်တတ်သော ရဟန်းအား "အသျှင်ဘုရား တပည့်တော်မသည် အသျှင်ဘုရားအား အဘယ်ကို လှူရပါမည်နည်း" ဟု လျှောက်၏။

နှမ မြတ်သောအလှူကို လှူလော့ ဟု (ဆို၏)။

အသျှင်ဘုရား မြတ်သောအလှူကား အဘယ်ပါနည်း ဟု (မေး၏)။

မေထုန်အမှုတည်း ဟု (ပြော၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၅)

တရံရောအခါ မိန်းမတယောက်သည် အိမ်သို့ကပ်တတ်သောရဟန်းအား "အသျှင်ဘုရား တပည့်တော်မသည် အသျှင်ဘုရားကို အဘယ်ဖြင့် လုပ်ကျွေးရပါမည်နည်း ဟု လျှောက်၏။

နှမ မြတ်သော အလှူဖြင့် လုပ်ကျွေးလော့ ဟု (ဆို၏)။

အသျှင်ဘုရား မြတ်သောအလှူကား အဘယ်ပါနည်း ဟု (မေး၏)။

မေထုန်အမှုတည်းဟု (ပြော၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၆)

တရံရောအခါ မိန်းမတယောက်သည် အိမ်သို့ ကပ်တပ်သော ရဟန်းအား "အသျှင်ဘုရား တပည့်တော်မသည် အဘယ်သို့လျှင် ကောင်းရာသုဂတိသို့ ရောက်ရပါမည်နည်း" ဟု လျှောက်၏။

http://www.dhammadownload.com



နှမ သို့ဖြစ်လျှင် မြတ်သောအလှူကို လှူလော့ ဟု (ဆို၏)။

အသျှင်ဘုရား မြတ်သောအလှူကား အဘယ်ပါနည်း ဟု (မေး၏)။

မေထုန်အမှုတည်း ဟု (ပြော၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သင်သည် သံဃာဒိသိသ် အာပတ် သင့်ပြီ ဟု (မိန့်တော်မူ၏)။ (၇)

စတုတ္ထ အတ္တကာမပါရိစရိယသိက္ခာပုဒ် ပြီး၏။

---

## ၅-သဉ္စရိတ္တသိက္ခာပုဒ်

၂၉၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အသျှင် ဥဒါယီသည် သာဝတ္ထိပြည်၌ အိမ်သို့ ကပ်တတ်သော ရဟန်းဖြစ်၏၊ များစွာသော အိမ်တို့သို့ ချဉ်းကပ်၏၊ အကြင်အမျိုး၌ မယားမရှိသော သတို့သားကိုရင်း လင်မရှိသော သတို့သမီးကိုရင်း တွေ့မြင်အံ့၊ သတို့သား၏ မိဖထံ၌ သတို့သမီး၏ ဂုဏ်ကျေးဇူးကို—

"ဤမည်သောအမျိုး၏ သတို့သမီးသည် အလွန်အဆင်းလှ၏၊ ကြည့်ရှုဖွယ် ကောင်း၏၊ စိတ်ကိုကြည်လင်စေတတ်၏၊ ပညာရှိ၏၊ ထက်မြက်၏၊ ထိုးထွင်းဉာဏ်ရှိ၏၊ လိမ္မာ၏၊ ပျင်းရိခြင်းမှ ကင်း၏၊ ထိုသတို့သမီးသည် ဤသတို့သားနှင့် ထိုက်တန်သင့်လျော်၏" ဟု ပြောဆို၏။ ထိုသားရှင် မိဖတို့သည်—

"အသျှင်ဘုရား တပည့်တော်တို့သည် ထိုသူတို့ကို 'ဤသူတို့သည် အဘယ်သူများဟုရင်း အဘယ်သူ၏ သားသမီးများဟုရင်း' မသိကြပါ၊ အသျှင်ဘုရား အကယ်၍ အသျှင်ဘုရားသည် (သတို့သမီး၏ မိဖတို့ကို) ပေးစေပါမူ တပည့်တော်တို့သည် ထိုသတို့သမီးကို ဤသတို့သား အတွက် ခေါ်ငင် ဆောင်ယူ ကြပါမည်" ဟု ပြောဆိုကြကုန်၏။

သတို့သမီး၏ မိဖတို့ထံ၌ သတို့သား၏ ဂုဏ်ကျေးဇူးကို—

"ဤမည်သော အမျိုး၏ သတို့သားသည် အလွန်အဆင်းလှ၏၊ ကြည့်ရှုဖွယ် ကောင်း၏၊ စိတ်ကိုကြည်လင်စေတတ်၏၊ ပညာရှိ၏၊ ထက်မြက်၏၊ ထိုးထွင်းဉာဏ်ရှိ၏၊ လိမ္မာ၏၊ ပျင်းရိခြင်းမှ ကင်း၏၊ ဤသတို့သမီးသည် ထိုသတို့သားနှင့် ထိုက်တန်သင့်လျော်၏" ဟု ပြောဆို၏။ ထိုသတို့သမီးရှင် မိဖတို့သည်—

"အသျှင်ဘုရား တပည့်တော်တို့သည် ထိုသူတို့ကို 'ဤသူတို့သည် အဘယ်သူများဟုရင်း အဘယ်သူ၏ သားသမီးများဟုရင်း' မသိကြပါ၊ သတို့သမီးအတွက် ပြောဆိုခြင်းငှါ အသရေမဲ့ ရှက်ဖွယ်ကဲ့သို့ ဖြစ်ပါသည်၊ အသျှင်ဘုရား အကယ်၍ အသျှင်ဘုရားသည် (သတို့သား၏ မိဖတို့ကို) အတောင်းခိုင်းပါမူ တပည့်တော်တို့သည် ဤသတို့သမီးကို ထိုသတို့သားအား ပေးပါကုန်မည်" ဟု ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ဤနည်းဖြင့်ပင် သမီး ဆောင်ယူခြင်းတို့ကိုလည်း ပြုစေ၏၊ သမီးပေးခြင်းတို့ကိုလည်း ပြုစေ၏၊ ထိမ်းမြားခြင်းတို့ကိုလည်း ပြုစေ၏။

၂၉၇။ တရံရောအခါ ဟူးရားကတော်ဟောင်း တယောက်၏ သမီးသည် အလွန်အဆင်းလှ၏၊ ကြည့်ရှုဖွယ်ကောင်း၏၊ စိတ်ကိုကြည်လင်စေတတ်၏၊ တရွာသားအာဇီဝက 'တက္ကတွန်း' ၏တပည့်တို့သည် လာကြ၍ ထိုဟူးရားကတော်ကို "သျှင်မ ဤသတို့သမီးကို အကျွန်ုပ်တို့၏ သတို့သားအား ပေးပါ" ဟု ပြောဆိုကြကုန်၏၊ ထိုဟူးရားကတော်ဟောင်းသည် "အမောင်တို့ ငါသည်ကား သင်တို့ကို 'ဤသူတို့ကား အဘယ်သူများဟုရင်း အဘယ်သူ၏ သားသမီးများဟုရင်း' မသိပါ၊ ဤမိန်းကလေးသည် ငါ၏တယောက်ထည်းသော သမီးဖြစ်သည့်ပြင် တရွာသို့လည်း သွားရမည် ဖြစ်၍ ငါသည်မပေးနိုင်ပါ" ဟု ပြော၏၊ လူတို့သည် ထိုအာဇီဝက 'တက္ကတွန်း' ၏ တပည့်တို့အား "အမောင်တို့ သင်တို့သည် အဘယ်အတွက်ကြောင့် လာကြကုန်သနည်း" ဟု မေးကြကုန်၏။

အမောင်တို့ ဤသာဝတ္ထိမြို့၌ ငါတို့သည် ဤမည်သော ဟူးရားကတော်၏ သမီးကို ငါတို့၏သတို့သား အတွက် တောင်းကြပါသည်၊ ထို (ဟူးရားကတော်) သည် "အမောင်တို့ ငါသည်ကား သင်တို့ကို 'ဤသူတို့ကား အဘယ်သူများဟုရင်း အဘယ်သူ၏ သားသမီးများဟုရင်း' မသိပါ၊ ဤမိန်းကလေးသည် ငါ၏တယောက်ထည်းသော သမီးဖြစ်သည့်ပြင် တရွာသို့လည်း သွားရမည်ဖြစ်၍ ငါသည် မပေးနိုင်ပါ" ဟု (ပြောပါသည် ဟု ဆိုကြကုန်၏)။

အမောင်တို့ သင်တို့သည် အဘယ့်ကြောင့် ထိုဟူးရားကတော်ကို သမီးတောင်းကြကုန်သနည်း၊ အသျှင်ဥဒါယီကို ပြောသင့်သည် မဟုတ်ပါလော၊ အသျှင်ဥဒါယီသည် အပေးခိုင်းပါလိမ့်မည် ဟု (ပြောကြကုန်၏)။

ထိုအခါ ထိုအာဇီဝက တပည့်တို့သည် အသျှင်ဥဒါယီအထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် အသျှင်ဥဒါယီကို "အသျှင်ဘုရား ဤသာဝတ္ထိမြို့၌ တပည့်တော်တို့သည် ဤမည်သော ဟူးရားကတော်ကို အကျွန်ုပ်တို့ သတို့သားအတွက် သမီးတောင်းကြပါသည်၊ ထိုဟူးရားကတော်သည် "အမောင်တို့ ငါသည်ကား သင်တို့ကို 'ဤသူတို့ကား အဘယ်သူများဟုရင်း အဘယ်သူ၏ သားသမီးများဟုရင်း' မသိပါ၊ ဤမိန်းကလေးသည် ငါ၏ တယောက်ထည်းသော သမီးဖြစ်သည့်ပြင် တရွာသို့လည်း သွားရမည် ဖြစ်၍ မပေးနိုင်ပါ" ဟု ပြောပါသည်၊ အသျှင်ဘုရား တောင်းပန်ပါသည်၊ အသျှင်ဘုရားသည် ထိုဟူးရားကတော်ကို အကျွန်ုပ်တို့ သတို့သားအတွက် သမီးကို အပေးခိုင်းတော်မူပါ" ဟု (ပြောဆိုကြကုန်၏)။

ထိုအခါ အသျှင်ဥဒါယီသည် ထိုဟူးရားကတော်ထံသို့ ချဉ်းကပ်၍ ထိုဟူးရားကတော်အား "အဘယ့်ကြောင့် ဤသူတို့အား သမီးကို မပေးသနည်း" ဟု မေး၏။

အသျှင်ဘုရား ဤသူတို့ကို 'ဤသူတို့ကား အဘယ်သူများဟုရင်း အဘယ်သူ၏ သားသမီးများဟုရင်း' မသိပါ၊ ဤမိန်းကလေးသည် အကျွန်ုပ်၏ တယောက်ထည်းသော သမီးဖြစ်သည့်ပြင် တရွာသို့လည်း လိုက်သွားရမည် ဖြစ်၍ အကျွန်ုပ်သည် မပေးနိုင်ပါ ဟု (လျှောက်၏)။

ဤသူတို့အားပေးလိုက်ပါ၊ ဤသူတို့ကို ငါသိပါသည် ဟု (ပြော၏)။

အသျှင်ဘုရား အကယ်၍ အသျှင်ဘုရား သိလျှင် ပေးလိုက်ပါမည် ဟု (လျှောက်၏)။

http://www.dhammadownload.com



ထို့နောက် ထိုဟူးရားကတော်သည် ထိုအာဇီဝက၏ တပည့်တို့အား သမီးကို ပေးလိုက်၏၊ထိုအခါ ထိုအာဇီဝကတပည့်တို့သည် ထိုသတို့သမီးကို ယူဆောင်၍ တလမျှသာလျှင် ချွေးမအဖြစ်ဖြင့် အသုံးပြု ကုန်၏၊ ထိုတလမှ လွန်သော အခါ၌ ကျွန်မအဖြစ်ဖြင့် အသုံးပြုကုန်၏၊ ထိုအခါ ထိုသတို့သမီးသည် မိခင်ထံသို့—

"အကျွန်ုပ်သည် မကောင်းသော အမျိုးသို့ ရောက်နေရပါသည်၊ ဆင်းရဲနေရပါသည်၊ ကိုယ် စိတ် ချမ်းသာမှုကို မရပါ၊ တလမျှသာလျှင် အကျွန်ုပ်ကို ချွေးမအဖြစ်ဖြင့် အသုံးပြုကြပါသည်၊ ထိုတလမှ လွန်သော အခါ၌ ကျွန်မအဖြစ်ဖြင့် အသုံးပြုကြပါသည်၊ အိုအကျွန်ုပ်၏မိခင် လာပါ လော့၊ အကျွန်ုပ်ကို ခေါ်ဆောင်ပါလော့" ဟု တမန်စေလွှတ်၏။

ထိုအခါ ထိုဟူးရားကတော်သည် အာဇီဝက၏ တပည့်များထံသို့ ချဉ်းကပ်၍ ထိုအာဇီဝက၏ တပည့်များကို "အမောင်တို့ ဤသတို့သမီးကို ကျွန်မအဖြစ်ဖြင့် အသုံးမပြုကြပါလင့်၊ ဤသတို့သမီးကို ချွေးမအဖြစ်ဖြင့် အသုံးပြုကြပါလော့" ဟု ပြောဆို၏။

ထိုအာဇီဝက၏ တပည့်တို့သည် "ငါတို့အား သင်နှင့်အတူ အပေးအယူမရှိ၊ ငါတို့အား ရဟန်းနှင့် အတူသာအပေးအယူရှိ၏၊ သင်သွားလော့၊ ငါတို့သည် သင့်ကို မသိကုန်" ဟု ပြောဆိုကြကုန်၏၊ ထိုအခါ ထိုဟူးရားကတော်သည် ထိုအာဇီဝက၏ တပည့်တို့က မောင်းမဲ နှင်ထုတ် အပ်ရကား တဖန် သာဝတ္ထိမြို့သို့သာလျှင် ပြန်လာ၏။

နှစ်ကြိမ်မြောက်လည်း ထိုသတို့သမီးသည် မိခင်ထံသို့—

"အကျွန်ုပ်သည် မကောင်းသော အမျိုးသို့ ရောက်နေရပါသည်၊ ဆင်းရဲနေရပါသည်၊ ကိုယ် စိတ်ချမ်းသာမှုကို မရပါ၊ တလမျှသာလျှင် အကျွန်ုပ်ကို ချွေးမအဖြစ်ဖြင့် အသုံးပြုကြပါသည်၊ ထိုတလမှ လွန်သောအခါ၌ ကျွန်မအဖြစ်ဖြင့် အသုံးပြုကြပါသည်၊ အို အကျွန်ုပ်၏မိခင် လာပါ လော့၊ အကျွန်ုပ်ကို ခေါ်ဆောင်ပါလော့" ဟု တမန်စေလွှတ်၏။

ထိုအခါ ဟူးရားကတော်သည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အသျှင်ဥဒါယီအား—

"အသျှင်ဘုရား ထိုသတို့သမီးသည် မကောင်းသော အမျိုးသို့ ရောက်နေရသတတ်၊ ဆင်းရဲ နေရသတတ်၊ ကိုယ် စိတ် ချမ်းသာမှုကို မရသတတ်၊ တလမျှသာလျှင် ထိုသတို့သမီးကို ချွေးမ အဖြစ်ဖြင့် အသုံးပြုကြသတတ်၊ ထိုတလမှ လွန်သော အခါ၌ ကျွန်မအဖြစ်ဖြင့် အသုံးပြုကြ သတတ်၊ အမောင်တို့ ဤသတို့သမီးကို ကျွန်မအဖြစ်ဖြင့် အသုံးမပြုကြပါလင့်၊ ချွေးမအဖြစ်ဖြင့် အသုံးပြုကြပါလော့" ဟု ပြောတော်မူပါ အသျှင်ဘုရား ဟု လျှောက်၏။

ထိုအခါ အသျှင်ဥဒါယီသည် ထိုအာဇီဝက၏တပည့်များထံသို့ ချဉ်းကပ်၍ ထိုအာဇီဝက၏ တပည့်တို့ကို—

"အမောင်တို့ ဤသတို့သမီးကို ကျွန်မအဖြစ်ဖြင့် အသုံးမပြုကြပါလင့်၊ ချွေးမအဖြစ်ဖြင့် အသုံးပြုကြပါလော့" ဟု ပြောဆို၏၊ ထိုအာဇီဝက၏တပည့်တို့သည် "ငါတို့အား သင်နှင့်အတူ အပေးအယူမရှိပါ၊ ငါတို့အား ဟူးရားကတော်နှင့်အတူသာ အပေးအယူရှိ၏၊ ရဟန်းဟူသည် ကြောင့်ကြမစိုက်သင့်၊ ရဟန်းကောင်းသာ ဖြစ်သင့်၏၊ သင်သွားလော့၊ သင့်ကို ငါတို့ မသိကြ ကုန်" ဟု ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ထိုအခါ အသျှင်ဥဒါယီသည် ထိုအာဇီဝက၏ တပည့်တို့က မောင်းမဲ နှင်ထုတ်အပ်ရကား တဖန် သာဝတ္ထိမြို့သို့သာ ပြန်လာ၏။

သုံးကြိမ်မြောက်လည်း ထိုသတို့သမီးသည် မိခင်ထံသို့—

"အကျွန်ုပ်သည် မကောင်းသော အမျိုးသို့ ရောက်နေရပါသည်၊ ဆင်းရဲနေရပါသည်၊ ကိုယ်စိတ် ချမ်းသာမှုကို မရပါ၊ အကျွန်ုပ်ကို တလမျှသာလျှင် ချွေးမအဖြစ်ဖြင့် အသုံးပြုကြပါသည်၊ ထိုတလမှ လွန်သောအခါ၌ ကျွန်မအဖြစ်ဖြင့် အသုံးပြုကြပါသည်၊ အို အကျွန်ုပ်၏ မိခင် လာပါလော့ အကျွန်ုပ်ကို ခေါ် ဆောင်ပါလော့" ဟု တမန်စေလွှတ်၏။

နှစ်ကြိမ်မြောက်လည်း ထိုဟူးရားကတော်သည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အသျှင် ဥဒါယီကို—

"အသျှင်ဘုရား ထိုသတို့သမီးသည် မကောင်းသော အမျိုးသို့ ရောက်နေရသတတ်၊ ဆင်းရဲ နေရသတတ်၊ ကိုယ် စိတ် ချမ်းသာမှုကို မရသတတ်၊ တလမျှသာလျှင် ထိုသတို့သမီးကို ချွေးမအဖြစ်ဖြင့် အသုံးပြုကြသတတ်၊ ထိုတလမှ လွန်သောအခါ၌ ကျွန်မအဖြစ်ဖြင့် အသုံး ပြုကြသတတ်၊ အမောင်တို့ ဤသတို့သမီးကို ကျွန်မအဖြစ်ဖြင့် အသုံးမပြုကြပါလင့်၊ ချွေးမ အဖြစ်ဖြင့် အသုံးပြုကြပါလော့" ဟု ပြောတော်မူပါ အသျှင်ဘုရား ဟု လျှောက်၏။

ပဌမကလည်း ငါ့ကို ထိုအာဇီဝက၏ တပည့်တို့သည် မောင်းမဲနှင်ထုတ်လေပြီ၊ သင်သွားလော့၊ ငါမသွားအံ့ ဟု (ဥဒါယီက ပြန်ပြော၏)။

၂၉၈။ ထိုအခါ ထိုဟူးရားကတော်သည် "ငါ၏သမီးသည် ယုတ်မာသော ယောက္ခမ မိန်းမသူ ကြောင့် ယုတ်မာသော ယောက္ခမ ယောကျ်ားသူကြောင့် ယုတ်မာသောလင်ကြောင့် မကောင်းသော အမျိုးသို့ရောက်ရသကဲ့သို့ ဆင်းရဲနေရသကဲ့သို့ ကိုယ်စိတ်ချမ်းသာမှုကို မရသကဲ့သို့ ဤအတူ အသျှင် ဥဒါယီသည် မကောင်းရာသို့ ရောက်ပါစေသတည်း၊ ဤအတူ အသျှင်ဥဒါယီသည် ဆင်းရဲပါစေသတည်း၊ ဤအတူ အသျှင်ဥဒါယီသည် ကိုယ်စိတ် ချမ်းသာမှုကို မရပါစေသတည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ထိုသတို့သမီးသည်လည်း "ငါသည်ယုတ်မာသော ယောက္ခမ မိန်းမသူကြောင့် ယုတ်မာသော ယောက္ခမ ယောကျ်ားသူကြောင့် ယုတ်မာသော လင်ကြောင့် မကောင်းသောအမျိုးသို့ ရောက်ရသကဲ့ သို့ ဆင်းရဲနေရ သကဲ့သို့ ကိုယ်စိတ်ချမ်းသာမှုကို မရသကဲ့သို့ ဤအတူ အသျှင်ဥဒါယီသည် မကောင်း ရာသို့ ရောက်ပါစေသတည်း၊ ဤအတူ အသျှင်ဥဒါယီသည် ဆင်းရဲပါစေသတည်း၊ ဤအတူ အသျှင် ဥဒါယီသည် ကိုယ်စိတ်ချမ်းသာမှုကို မရပါစေသတည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ယောက္ခမ မိန်းမသူတို့ဖြင့်၎င်း ယောက္ခမ ယောကျ်ားသူတို့ဖြင့်၎င်း လင်တို့ဖြင့်၎င်း ရောင့်ရဲမှု မရှိကြကုန်သော အခြားသော မိန်းမတို့သည်လည်း "ငါတို့သည် ယုတ်မာသော ယောက္ခမ မိန်းမသူ တို့ကြောင့် ယုတ်မာသော ယောက္ခမ ယောကျ်ားသူတို့ကြောင့် ယုတ်မာသော လင်တို့ကြောင့် မကောင်းသောအမျိုးသို့ ရောက်ရကုန်သကဲ့သို့ ဆင်းရဲနေရကုန်သကဲ့သို့ ကိုယ်စိတ်ချမ်းသာမှုကို မရ ကုန်သကဲ့သို့ ဤအတူ အသျှင်ဥဒါယီသည် မကောင်းရာသို့ ရောက်ပါစေသတည်း၊ ဤအတူ အသျှင် ဥဒါယီသည် ဆင်းရဲပါစေသတည်း၊ ဤအတူ အသျှင်ဥဒါယီသည် ကိုယ်စိတ်ချမ်းသာမှုကို မရပါစေ သတည်း" ဟု ကျိန်ဆဲကြကုန်၏။

http://www.dhammadownload.com



ယောက္ခမ မိန်းမသူတို့ဖြင့်ရင်း ယောက္ခမ ယောကျ်ားသူတို့ဖြင့်ရင်း လင်တို့ဖြင့်ရင်း ရောင့်ရဲမှု ရှိကြကုန်သော အကြင် မိန်းမတို့သည်ကား "ငါတို့သည် ကောင်းသော ယောက္ခမမိန်းမသူတို့ကြောင့် ကောင်းသော ယောက္ခမ ယောကျ်ားသူတို့ကြောင့် ကောင်းသော လင်တို့ကြောင့် ချမ်းသာရကုန်သကဲ့သို့ အသုံးအဆောင်ပြည့်စုံကုန်သကဲ့သို့ ချမ်းသာပွါးကုန်သကဲ့သို့ ဤအတူ အသျှင်ဥဒါယီသည် ချမ်းသာရပါစေသတည်း၊ ဤအတူ အသျှင် ဥဒါယီသည် အသုံးအဆောင် ပြည့်စုံပါစေသတည်း၊ ဤအတူ အသျှင်ဥဒါယီသည် ချမ်းသာပွါးပါစေသတည်း" ဟု ဆုတောင်းကြကုန်၏။

ရဟန်းတို့သည် အချို့မိန်းမတို့၏ကျိန်ဆဲကြပုံနှင့် အချို့မိန်းမတို့၏ဆုတောင်းကြပုံကို ကြားကြကုန်ရကား အလိုနည်းပါးသော ရဟန်းတို့သည် "အဘယ့်ကြောင့် အသျှင်ဥဒါယီသည် အောင်သွယ်မှုကို ပြုလေဘိသနည်း" ဟု ကဲ့ရဲ့ကြကုန်၏၊ ရှုတ်ချကြကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် အသျှင်ဥဒါယီကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် အသျှင်ဥဒါယီကို—

"ဥဒါယီ သင်သည် အောင်သွယ်မှုကို ပြု၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။

"(မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား အဘယ့်ကြောင့် သင်သည်အောင်သွယ်မှုကို ပြုဘိသနည်း။

(မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့—

(က) ၂၉၉။ **"အကြင် ရဟန်းသည် မိန်းမအားမူလည်း ယောကျ်ား၏အလိုကို မယားဖြစ်စေလိုသောကြောင့်သော်ရင်း ယောကျ်ားအားမူလည်း မိန်းမ၏အလိုကို လင်ဖြစ်စေလိုသောကြောင့်သော်ရင်း အောင်သွယ်မှုကို ပြုငြားအံ့၊ ထိုရဟန်းအား သံဃာဒိသိသ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်တော်ကို ပညတ်တော်မူ၏။

၃၀၀။ တရံရောအခါ များစွာသော အပျော်ကြူးသူတို့သည် ဥယျာဉ်၌ မြူးထူး ပျော်ပါးကစားလိုကြသည် ဖြစ်၍ "ဥယျာဉ်သို့ လာခဲ့လော့ မြူးထူးပျော်ပါး ကစားကြကုန်အံ့" ဟု ပြည့်တန်ဆာမ တယောက်ထံသို့ တမန် စေလွှတ်ကြကုန်၏။

ထိုပြည့်တန်ဆာမသည် "အမောင်တို့ ငါသည် သင်တို့ကို 'ဤသူတို့သည် အဘယ်သူများဟူရင်း အဘယ်သူ၏သားသမီးများဟူရင်း' မသိပါ၊ ငါ့မှာလည်း ပစ္စည်းဥစ္စာများပြား၏၊ အသုံးအဆောင်များပြား၏၊ မြို့ပြင်သို့လည်း လိုက်ရမည်ဖြစ်၍ ငါမလိုက်နိုင်ပါ" ဟု ပြော၏။

ထိုအခါ ထိုတမန်သည် ထိုအပျော်ကြူးသူတို့အား ဤအကြောင်းကို ပြော၏၊ ဤသို့ပြောလတ်သော် ယောကျ်ား တယောက်သည် ထိုအပျော်ကြူးသူတို့ကို "အမောင်တို့ သင်တို့သည် အဘယ့်

http://www.dhammadownload.com



ကြောင့် ထိုပြည့်တန်ဆာမကို တောင်းကြကုန်သနည်း၊ အသျှင်ဥဒါယီကို ပြောသင့်သည် မဟုတ်ပါလော၊ အသျှင် ဥဒါယီသည် တိုက်တွန်းပါလိမ့်မည်” ဟု ပြောဆို၏။

ဤသို့ ပြောလတ်သော် ဥပါသကာတယောက်သည် ထိုယောကျ်ားကို “အမောင်တို့ ဤသို့ မပြောပါလင့်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ဤသို့ သဘောရှိသော အမှုကို ပြုလုပ်ရန် မအပ်စပ်ပါ၊ အသျှင်ဥဒါယီသည် ဤသို့ ပြုလုပ်လိမ့်မည် မဟုတ်ပါ” ဟု ပြောဆို၏။

ဤသို့ ပြောလတ်သော် “ပြုလုပ်လိမ့်မည် ပြုလုပ်လိမ့်မည် မဟုတ်” ဟု အလောင်းအစားပြုကြကုန်၏၊ ထို့နောက် ထိုအပျော်ကြူးသူတို့သည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အသျှင်ဥဒါယီကို “အသျှင်ဘုရား တပည့်တော်တို့သည် ဤ ဥယျာဉ်၌ မြူးထူးပျော်ပါး ကစားလိုကြသည်ဖြစ်၍ ‘ဥယျာဉ်သို့ လာခဲ့လော့၊ မြူးထူးပျော်ပါး ကစားကြကုန်အံ့’ ဟု ဤမည်သော ပြည့်တန်ဆာမထံသို့ တမန်စေလွှတ်ကြပါသည်၊ ထိုပြည့်တန်ဆာမသည် ‘အမောင်တို့ ငါသည် သင်တို့ကို ဤသူတို့ကား အဘယ်သူများဟုရင်း အဘယ်သူ၏ သားသမီးဟုရင်း မသိပါ၊ ငါ့မှာလည်း ပစ္စည်းဘဏ္ဍာများပြား၏၊ အသုံးအဆောင် များပြား၏၊ မြို့ပြင်သို့လည်း လိုက်ရမည်ဖြစ်၍ ငါမလိုက်နိုင်ပါ’ ဟု ပြောပါသည်၊ အသျှင်ဘုရား တောင်းပန်ပါသည်၊ အသျှင်ဘုရားသည် ထိုပြည့်တန်ဆာမကို တိုက်တွန်းတော်မူပါ” ဟု လျှောက်ထားကြကုန်၏။

ထိုအခါ အသျှင်ဥဒါယီသည် ထိုပြည့်တန်ဆာမထံသို့ ချဉ်းကပ်၍ ထိုပြည့်တန်ဆာမအား—

“အဘယ့်ကြောင့် ဤသူတို့၏အထံသို့ မလိုက်သနည်း ဟု မေး၏။

“အသျှင် အကျွန်ုပ်သည် ဤသူဘို့ကို ‘ဤသူတို့ကား အဘယ်သူများဟုရင်း အဘယ်သူ၏ သားသမီးများဟုရင်း’ မသိပါ၊ တပည့်တော်မှာလည်း ပစ္စည်းဘဏ္ဍာများပြား၏၊ အသုံးအဆောင်များပြား၏၊ မြို့ပြင်သို့လည်း လိုက်ရမည်ဖြစ်၍ တပည့်တော် မလိုက်နိုင်ပါ” ဟု (လျှောက်၏)။

ဤသူတို့၏ အထံသို့ လိုက်သွားလော့၊ ဤသူတို့ကို ငါသိပါသည် ဟု (ပြော၏)။

အသျှင်ဘုရား အကယ်၍ အသျှင်ဘုရားသိလျှင် တပည့်တော်မ လိုက်သွားပါမည် ဟု (လျှောက်၏)။

ထိုအခါ ထိုအပျော်ကြူးသူတို့သည် ထိုပြည့်တန်ဆာမကိုခေါ်၍ ဥယျာဉ်သို့ သွားကြကုန်၏၊ ထိုအခါ ထိုဥပါသကာသည် “အဘယ့်ကြောင့် အသျှင်ဥဒါယီသည် ထိုခဏမျှ ပေါင်းဖော်အပ်သော ‘အခိုက်အတန့်’ မယား၌ အောင်သွယ်မှုကို ပြုလေဘိသနည်း” ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုသော ထိုဥပါသကာ၏ စကားကို ကြားကြကုန် ရကား အလိုနည်းပါးသော ရဟန်းတို့သည် “အဘယ့်ကြောင့် အသျှင်ဥဒါယီသည် ထိုခဏမျှ ပေါင်း ဖော်အပ်သော ‘အခိုက်အတန့်’ မယား၌ အောင်သွယ်မှုကို ပြုလေဘိသနည်း” ဟု ကဲ့ရဲ့ကြကုန်၏၊ ရှုတ်ချကြကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထို့နောက် ထိုရဟန်းတို့သည် အသျှင်ဥဒါယီကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ပ။

“ဥဒါယီ သင်သည် ထိုခဏမျှ ပေါင်းဖော်အပ်သော ‘အခိုက်အတန့်’ မယား၌ အောင်သွယ်မှုကို ပြု၏ ဟူသည် မှန်သလော” ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ထိုခဏမျှ ပေါင်းဖော်အပ်သော 'အခိုက်အတန့်' မယားအ္ဖို့ အောင်သွယ်မှုကို ပြုလေဘိသနည်း၊ (မင်္ဂိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၉။ ၅-(ခ) ၃၀၁။ **"အကြင် ရဟန်းသည် မိန်းမအားမူလည်း ယောကျ်ား၏အလိုကို မယား ဖြစ်စေလိုသောကြောင့်သော်၎င်း ယောကျ်ားအားမူလည်း မိန်းမ၏အလိုကို လင်ဖြစ်စေလိုသော ကြောင့်သော်၎င်း အောင်သွယ်မှုကို ပြုငြားအံ့၊ အယုတ်ဆုံးအားဖြင့် ထိုခဏမျှ ပေါင်းဖော် အပ်သော 'အခိုက်အတန့်' မယားအားလည်း အောင်သွယ်မှုကိုပြုငြားအံ့၊ထိုရဟန်းအား သံဃာ ဒိသိသ် အာပတ် သင့်၏"** ဤသို့ (ပြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-သဉ္စရိတ္တသိက္ခာပုဒ် အဖွင့်

၃၀၂။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော ။ ပ။

**ရဟန်း** ဟူသည် ။ ပ။ ဤအရာ၌ ဤဉတ္တိ စတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**အောင်သွယ်မှုကို ပြုငြားအံ့** ဟူသည် မိန်းမက စေခိုင်းအပ်သည် ဖြစ်၍မူလည်း ယောကျ်ား၏ အထံသို့သွား၏၊ ယောကျ်ားက စေခိုင်းအပ်သည် ဖြစ်၍ မူလည်း မိန်းမ၏အထံသို့သွား၏။

**မိန်းမအားမူလည်း ယောကျ်ား၏ အလိုကို** ဟူသည် ယောကျ်ား၏ အလိုကို မိန်းမအား ပြောကြား၏။

**ယောကျ်ားအားမူလည်း မိန်းမ၏အလိုကို** ဟူသည် မိန်းမ၏အလိုကို ယောကျ်ားအား ပြောကြား၏။

**မယားဖြစ်စေလိုသောကြောင့်သော်၎င်း** ဟူသည် သင် မယား ဖြစ်ရလတ္တံ့။

**လင်ဖြစ်စေလိုသောကြောင့်သော်၎င်း** ဟူသည် သင် လင် ဖြစ်ရလတ္တံ့။

**အယုတ်ဆုံးအားဖြင့် ထိုခဏမျှလည်းဖြစ်သော** ဟူသည် သင် ခဏမယား ဖြစ်ရလတ္တံ့။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၅-သဉ္စရိတ္တသိက္ခာပုဒ်အဖွင့် ပြီး၏။

---

၃၀၃။ အမိစောင့်သောမိန်းမ၊ အဖစောင့်သောမိန်းမ၊ အမိအဖစောင့်သောမိန်းမ၊ မောင် စောင့်သောမိန်းမ၊ အစ်မ ညီမ စောင့်သောမိန်းမ၊ ဆွေမျိုးစောင့်သော မိန်းမ၊ အနွယ်စောင့်သော မိန်းမ၊ တရားကျင့်ဖော်တို့စောင့်သောမိန်းမ၊ အစောင့်အရှောက် ချထားသောမိန်းမ၊ ဒဏ်ထားသော မိန်းမ အားဖြင့် မိန်းမ ဆယ်မျိုး။

http://www.dhammadownload.com



ငွေဖြင့် ဝယ်ယူအပ်သော မယား၊ အလိုတူ၍ နေသော မယား၊ စည်းစိမ်ကြောင့်နေသောမယား၊ အဝတ်အထည်ကြောင့် နေသော မယား၊ ရေခွက်၌ လက်စုံချ၍ လက်ထပ်သော မယား၊ ခေါင်းခုကို ချစေ၍ နေသော မယား၊ ကျွန်မလည်းဖြစ် မယားလည်း ဖြစ်သောမယား၊ အလုပ်သမားမ 'အစေခံမ' လည်း ဖြစ် မယားလည်းဖြစ်သော မယား၊ စစ်နိုင်၍ ဆောင်အပ်သော မယား၊ တခဏမျှ ထားသော 'အခိုက်အတန့်' မယား အားဖြင့် မယားဆယ်မျိုး။

၃၀၄။ **အမိ စောင့်သော မိန်းမ** မည်သည် အမိသည် စောင့်ရှောက်၏၊ လုံခြုံစေ၏၊ အစိုးရခြင်းကို ပြု၏၊ မိမိ၏ အလိုသို့ လိုက်စေ၏။

**အဖ စောင့်သောမိန်းမ** မည်သည် အဖသည် စောင့်ရှောက်၏၊ လုံခြုံစေ၏၊ အစိုးရခြင်းကိုပြု၏၊ မိမိ၏ အလိုသို့ လိုက်စေ၏။

**အမိ အဖ စောင့်သော မိန်းမ** မည်သည် မိဖတို့သည် စောင့်ရှောက်ကုန်၏၊ လုံခြုံစေကုန်၏၊ အစိုးရခြင်းကို ပြုကုန်၏၊ မိမိတို့၏ အလိုသို့ လိုက်စေကုန်၏။

**မောင် စောင့်သော မိန်းမ** မည်သည် မောင်သည် စောင့်ရှောက်၏၊လုံခြုံစေ၏၊ အစိုးရခြင်းကို ပြု၏။ မိမိ၏ အလိုသို့ လိုက်စေ၏။

**အစ်မ ညီမ စောင့်သော မိန်းမ** မည်သည် အစ်မ ညီမသည် စောင့်ရှောက်၏၊ လုံခြုံစေ၏၊ အစိုးရခြင်းကို ပြု၏၊ မိမိ၏ အလိုသို့ လိုက်စေ၏။

**ဆွေမျိုး စောင့်သော မိန်းမ** မည်သည် ဆွေမျိုးတို့သည် စောင့်ရှောက်ကုန်၏၊ လုံခြုံစေကုန်၏၊ အစိုးရခြင်းကို ပြုကုန်၏၊ မိမိတို့၏ အလိုသို့ လိုက်စေကုန်၏။

**အနွယ်စောင့်သော မိန်းမ** မည်သည် အနွယ်ဘူတို့သည် စောင့်ရှောက်ကုန်၏၊ လုံခြုံစေကုန်၏၊ အစိုးရခြင်းကို ပြုကုန်၏၊ မိမိတို့၏ အလိုသို့ လိုက်စေကုန်၏။

**တရားကျင့်ဖော်တို့ စောင့်သော မိန်းမ** မည်သည် သီတင်းသုံးဖော်တို့သည် စောင့်ရှောက်ကုန်၏၊ လုံခြုံစေကုန်၏၊ အစိုးရခြင်းကို ပြုကုန်၏၊ မိမိတို့၏ အလိုသို့ လိုက်စေကုန်၏။

**အစောင့်အရှောက် ချထားသော မိန်းမ** မည်သည် အမိဝမ်းတွင်း၌ပင် "ဤမိန်းမသည် ငါ၏ မယားတည်း" ဟု အယုတ်သဖြင့် ပန်းတံးတိုင်စိုက်၍ သတ်မှတ်အပ်သော မိန်းမသည်လည်း အစောင့် ချထားသော မိန်းမ မည်၏။

**ဒဏ်ထားသော မိန်းမ** မည်သည် "အကြင်သူသည် ဤမည်သော မိန်းမကို သွားလာ၏၊ ထိုသူအား ဤမျှလောက် ဒဏ်တပ်စေ" ဟု အချို့ပုဂ္ဂိုလ်တို့က ဒဏ်ထားအပ်သော မိန်းမတည်း။

**ငွေဖြင့် ဝယ်ယူအပ်သော မယား** မည်သည် ငွေဖြင့် ဝယ်ယူ၍ နေစေ၏။

**အလိုတူ၍နေသော မယား** မည်သည် ချစ်သော ယောကျ်ားသည် ချစ်သော မိန်းမကို နေစေ၏။

**စည်းစိမ်ကြောင့်နေသော မယား** မည်သည် စည်းစိမ်ကိုပေး၍ နေစေ၏။

**အဝတ်အထည်ကြောင့် နေသော မယား** မည်သည် အဝတ်အထည်ကို ပေး၍ နေစေ၏။

**ရေခွက်၌ လက်စုံချ၍ လက်ဆပ်သော မယား** မည်သည် ရေခွက်ကို သုံးသပ်ကိုင်တွယ်၍ နေစေ၏။

**ခေါင်းခုကို ချစေ၍နေသော မယား** မည်သည် ခေါင်းခုကို ချစေ၍ နေစေ၏။

**ကျွန်မ** မည်သည် ကျွန်မလည်း ဟုတ်၏၊ မယားလည်း ဟုတ်၏။

http://www.dhammadownload.com



**အလုပ်သမားမ 'အစေခံမ'** မည်သည် အလုပ်သမားမ 'အစေခံမ' လည်း ဟုတ်၏၊ မယားလည်း ဟုတ်၏။

**စစ်နိုင်၍ ဆောင်အပ်သော မယား** မည်သည် သုံ့ပန်း မယားကို ဆို၏။

**တခဏမျှ ထားသော မယား** မည်သည် ထိုခဏ 'အခိုက်အတန့်' မယားကို ဆို၏။

၃၀၅။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ဤမည်သော သူ၏ ငွေဖြင့် ဝယ်အပ်သော မယားဖြစ်ပါဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အဖစောင့်သောမိန်းမကို ပြောပါလော့" ဟု စေလွှတ်၏။ပ။ အမိအဖစောင့်သော မိန်းမကို ပြောပါလော့။ မောင်စောင့်သော မိန်းမကို ပြောပါလော့။ အစ်မ ညီမ စောင့်သော မိန်းမကို ပြောပါလော့။ ဆွေမျိုးစောင့်သော မိန်းမကို ပြောပါလော့။ အနွယ်စောင့်သောမိန်းမကို ပြောပါလော့။ တရားကျင့်ဖော်စောင့်သော မိန်းမကို ပြောပါလော့၊ အစောင့်အရှောက် ချထားသော မိန်းမကို ပြောပါလော့။ ဒဏ်ထားသော မိန်းမကို ဤမည်သော သူ၏ ငွေဖြင့်ဝယ်အပ်သော မယားဖြစ်ပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

နိက္ခေပပုဒ်တို့တည်း။

---

## စက်ပြတ် 'ခဏ္ဍစက်'

၃၀၆။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကိုဒင်း အဖစောင့်သောမိန်းမကိုဒင်း ဤမည်သော သူ၏ ငွေဖြင့် ဝယ်အပ်သော မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကိုဒင်း အမိ အဖ စောင့်သော မိန်းမကိုဒင်း ။ပ။ အမိစောင့်သော မိန်းမကိုဒင်း မောင်စောင့်သော မိန်းမကိုဒင်း။ အမိစောင့်သော မိန်းမကိုဒင်း အစ်မ ညီမ စောင့်သော မိန်းမကိုဒင်း။ အမိစောင့်သော မိန်းမကိုဒင်း ဆွေမျိုးစောင့်သော မိန်းမကိုဒင်း။ အမိ စောင့်သော မိန်းမကိုဒင်း အနွယ်စောင့်သော မိန်းမကိုဒင်း။ အမိစောင့်သော မိန်းမကိုဒင်း တရားကျင့်ဖော် စောင့်သော မိန်းမကိုဒင်း။ အမိစောင့် သော မိန်းမကိုဒင်း အစောင့်အရှောက်ချထားသော မိန်းမကိုဒင်း။ အမိစောင့်သော မိန်းမကိုဒင်း ဒဏ်ထားသော မိန်းမကိုဒင်း ဤမည်သော သူ၏ ငွေဖြင့် ဝယ်အပ်သော မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

http://www.dhammadownload.com



### စက်ဝိုင်း 'ဗဒ္ဓစက်'

၁၀၇။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အဖစောင့်သော မိန်းမကိုရင်း အမိအဖ စောင့်သော မိန်းမကိုရင်း ဤမည်သော သူ၏ငွေဖြင့် ဝယ်အပ်သော မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အဖစောင့်သော မိန်းမကိုရင်း မောင်စောင့်သော မိန်းမကိုရင်း ။ပ။ အဖစောင့်သော မိန်းမကိုရင်း အစ်မ ညီမ စောင့်သော မိန်းမကိုရင်း။ အဖစောင့်သော မိန်းမကိုရင်း ဆွေမျိုး စောင့်သော မိန်းမကိုရင်း။ အဖ စောင့်သော မိန်းမကိုရင်း အနွယ်စောင့်သော မိန်းမကိုရင်း။ အဖစောင့်သော မိန်းမကိုရင်း တရားကျင့်ဖော် စောင့်သော မိန်းမကိုရင်း။ အဖစောင့်သော မိန်းမကိုရင်း အစောင့်အရှောက် ချထားသော မိန်းမကိုရင်း။ အဖစောင့်သော မိန်းမကိုရင်း ဒဏ်ထားသော မိန်းမကိုရင်း ဤမည်သော သူ၏ ငွေဖြင့် ဝယ်အပ်သော မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အဖစောင့်သော မိန်းမကိုရင်း အမိစောင့်သော မိန်းမကိုရင်း ဤမည်သော သူ၏ငွေဖြင့် ဝယ်အပ်သော မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

မူကို အကျဉ်းချုပ်အပ်၏။

---

၁၀၈။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော ဒဏ်ထားသော မိန်းမကိုရင်း အမိစောင့်သော မိန်းမကိုရင်း ဤမည်သော သူ၏ ငွေဖြင့် ဝယ်အပ်သော မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော ဒဏ်ထားသော မိန်းမကိုရင်း အဖစောင့်သော မိန်းမကိုရင်း။ပ။ ဒဏ်ထားသော မိန်းမကိုရင်း အမိ အဖ စောင့်သော မိန်းမကိုရင်း။ ဒဏ်ထားသော မိန်းမကိုရင်း မောင်စောင့်သော မိန်းမကိုရင်း။ ဒဏ်ထားသော မိန်းမကိုရင်း အစ်မ ညီမ စောင့်သောမိန်းမကိုရင်း။ ဒဏ်ထားသော မိန်းမကိုရင်း ဆွေမျိုးစောင့်သော မိန်းမကိုရင်း။ ဒဏ်ထားသော မိန်းမကိုရင်း အနွယ်စောင့်သော မိန်းမကိုရင်း။ ဒဏ်ထားသော မိန်းမကိုရင်း တရားကျင့်ဖော် စောင့်သော မိန်းမကိုရင်း။ ဒဏ်ထားသော မိန်းမကိုရင်း အစောင့်အရှောက် ချထားသောမိန်းမကိုရင်း ဤမည်သော သူ၏ ငွေဖြင့် ဝယ်အပ်သော မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ ပြီး၏။

[ဒုမူကိုရင်း တိမူကိုရင်း နဝမူတိုင်အောင် ဤနည်းတူ ပြုလုပ်အပ်၏]။

http://www.dhammadownload.com



ဤဆိုလတ္တံ့ကား ဒသမူတည်း။

၁၀၉။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကိုငင်း အဖစောင့်သော မိန်းမကိုငင်း အမိ အဖ စောင့်သော မိန်းမကိုငင်း မောင်စောင့်သော မိန်းမကိုငင်း အစ်မ ညီမ စောင့်သော မိန်းမကိုငင်း ဆွေမျိုးစောင့်သော မိန်းမကိုငင်း အနွယ်စောင့် သော မိန်းမကိုငင်း တရားကျင့်ဖော် စောင့်သော မိန်းမကိုငင်း အစောင့်အရှောက် ချထားသော မိန်းမကိုငင်း ဒဏ်ထားသော မိန်းမကိုငင်း ဤမည်သော သူ၏ ငွေဖြင့် ဝယ်အပ်သော မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာ ဒိသိသ် အာပတ် သင့်၏။

ဥစ္စာဖြင့် ဝယ်အပ်သော မယားဘက်မှစက် ပြီး၏။

---

၁၁၀။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ဤမည်သော သူ၏ အလိုတူ၍ နေသော မယားဖြစ်ပါ ဟု ပြောပါလော့" ဟု စေလွှတ်၏။ပ။ စည်းစိမ်ကြောင့် နေသောမယား။ အဝတ်အထည်ကြောင့် နေသော မယား။ ရေခွက်၌ လက်စုံချ၍ လက်ထပ်သော မယား။ ခေါင်းခုကို ချစေ၍ နေသောမယား။ ကျွန်မယား။ အလုပ်သမားမ 'အစေခံ' မယား။ သုံ့ပန်းမယား။ အခိုက်အတန့် မယားလုပ်ပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အဖစောင့်သော မိန်းမကို ပြောပါလော့။ပ။ အမိ အဖ စောင့်သော မိန်းမကို ပြောပါလော့။ မောင်စောင့်သော မိန်းမကို ပြော ပါလော့။ အစ်မ ညီမ စောင့်သော မိန်းမကို ပြောပါလော့။ ဆွေမျိုးစောင့်သော မိန်းမကို ပြောပါ လော့။ အနွယ်စောင့်သော မိန်းမကို ပြောပါလော့။ တရားကျင့်ဖော်စောင့်သော မိန်းမကို ပြောပါ လော့။ အစောင့်အရှောက် ချထားသော မိန်းမကို ပြောပါလော့။ ဒဏ်ထားသော မိန်းမကို ဤမည် သော သူ၏ အခိုက်အတန့် မယား ဖြစ်ပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မူလပုဒ်ရင်း 'နိက္ခေပပုဒ်' တို့တည်း။

၁၁၁။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကိုငင်း အဖစောင့်သောမိန်းမကိုငင်း ဤမည်သော သူ၏ အခိုက်အတန့်မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ငင်း အမိ အဖ စောင့်သော မိန်းမကိုငင်း။ပ။ အမိစောင့်သော မိန်းမကိုငင်း ဒဏ်ထားသော မိန်းမကို ငင်း ဤမည်သော သူ၏ အခိုက်အတန့် မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

http://www.dhammadownload.com



၃၁၂။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အဖစောင့်သော မိန်းမကိုရင်း အမိ အဖ စောင့်သော မိန်းမကိုရင်း ဤမည်သော သူ၏ အခိုက်အတန့် မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အဖစောင့်သော မိန်းမကိုရင်း မောင်စောင့်သော မိန်းမကိုရင်း ။ပ။ အဖစောင့်သော မိန်းမကိုရင်း ဒဏ်ထားသော မိန်းမကိုရင်း ဤမည်သောသူ၏ အခိုက်အတန့် မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အဖစောင့်သော မိန်းမကိုရင်း အမိစောင့်သော မိန်းမကိုရင်း ဤမည်သော သူ၏ အခိုက်အတန့် မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

မူကို အကျဉ်းချုပ်အပ်ပြီ။

---

၃၁၃။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော ဒဏ်ထားသော မိန်းမကိုရင်း အမိစောင့်သော မိန်းမကိုရင်း ဤမည်သော သူ၏ အခိုက်အတန့်မယားများ ဖြစ်ကြပါဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော ဒဏ်ထားသောမိန်းမကိုရင်း အဖစောင့်သော မိန်းမကိုရင်း။ပ။ ဒဏ်ထားသော မိန်းမကိုရင်း အစောင့်အရှောက် ချထားသော မိန်းမကိုရင်း ဤမည်သောသူ၏ အခိုက်အတန့် မယားများဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ ပြီး၏။

[ ဒုမူ စသည်တို့ကိုလည်း ဤအတူပင် ပြုလုပ်အပ်ကုန်၏ ]။

---

ဤဆိုလတ္တံ့ကား ဒသမူတည်း။

၃၁၄။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကိုရင်း အဖစောင့်သော မိန်းမကိုရင်း အမိအဖစောင့်သော မိန်းမကိုရင်း မောင်စောင့်သော မိန်းမကိုရင်း အစ်မ ညီမ စောင့်သော မိန်းမကိုရင်း ဆွေမျိုးစောင့်သော မိန်းမကိုရင်း အနွယ်စောင့်သော မိန်းမကိုရင်း တရားကျင့်ဖော်စောင့်သော မိန်းမကိုရင်း အစောင့်အရှောက် ချထားသော မိန်းမကိုရင်း ဒဏ်ထားသော မိန်းမကိုရင်း ဤမည်သောသူ၏ အခိုက်အတန့် မယားများ ဖြစ်ကြပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံ အံ့စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အခိုက်အတန့်မယားဘက်မှစက် ပြီး၏။

http://www.dhammadownload.com



၃၁၅။ ယောကျ်ားသည် ရဟန်းကို “အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့် ဝယ်အပ်သော မယားဖြစ်ပါ ဟု ပြောပါလော့” ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို “အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ဤမည်သောသူ၏ အလိုတူ၍ နေသောမယား။ပ။ စည်းစိမ်ကြောင့် နေသောမယား။ အဝတ်အထည် ကြောင့် နေသောမယား။ ရေခွက်၌ လက်စုံချ၍ လက်ထပ်သောမယား။ ခေါင်းခုကို ချစေ၍ နေသော မယား။ ကျွန်မယား။ အလုပ်သမား ‘အစေခံ’ မယား။ သုံ့ပန်းမယား။ အခိုက်အတန့် မယား ဖြစ်ပါ ဟု ပြောပါလော့” ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မူလပုဒ်ရင်း ‘နိက္ခေပပုဒ်’ တို့တည်း။

၃၁၆။ ယောကျ်ားသည် ရဟန်းကို “အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ဤမည်သော သူ၏ ငွေဖြင့် ဝယ်အပ်သော မယားရင်း အလိုတူ၍ နေသော မယားရင်း ဖြစ်ပါ ဟု ပြောပါလော့” ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို “အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့်ဝယ်အပ်သော မယားရင်း စည်းစိမ်ကြောင့်နေသောမယားရင်း။ပ။ ငွေဖြင့် ဝယ်အပ်သော မယားရင်း အဝတ်အထည်ကြောင့် နေသောမယားရင်း။ ငွေဖြင့်ဝယ်အပ်သောမယား ရင်း ရေခွက်၌ လက်စုံချ၍ လက်ထပ်သောမယားရင်း။ ငွေဖြင့်ဝယ်အပ်သောမယားရင်း ခေါင်းခုကို ချစေ၍ နေသော မယားရင်း။ ငွေဖြင့် ဝယ်အပ်သောမယားရင်း ကျွန်မယားရင်း။ ငွေဖြင့် ဝယ်အပ် သော မယားရင်း အလုပ်သမား ‘အစေခံ’ မယားရင်း။ ငွေဖြင့် ဝယ်အပ်သော မယားရင်း သုံ့ပန်း မယားရင်း။ ငွေဖြင့် ဝယ်အပ်သောမယားရင်း အခိုက်အတန့်မယားရင်း ဖြစ်ပါ ဟု ပြောပါလော့” ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ပြတ် ‘ခဏ္ဍစက်’ ပြီး၏။

---

၃၁၇။ ယောကျ်ားသည် ရဟန်းကို “အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ဤမည်သောသူ၏ အလိုတူ၍ နေသောမယားရင်း စည်းစိမ်ကြောင့် နေသောမယားရင်း။ပ။ အလိုတူ၍ နေသော မယားရင်း အခိုက်အတန့်မယားရင်း။ အလိုတူ၍ နေသော မယားရင်း ငွေဖြင့် ဝယ်အပ်သော မယားရင်း ဖြစ်ပါ ဟု ပြောပါလော့” ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင် လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ဝိုင်း ‘ဗဒ္ဓစက်’ ပြီး၏။

မူကို အကျဉ်းချုပ်အပ်ပြီ။

http://www.dhammadownload.com



၃၁၈။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ဤမည်သော သူ၏ အခိုက်အတန့် မယားရင်း ငွေဖြင့် ဝယ်အပ်သော မယားရင်း။ပ။ အခိုက်အတန့် မယားရင်း အလိုတူ၍ နေသော မယားရင်း၊ အခိုက်အတန့် မယားရင်း သုံ့ပန်းမယားရင်း ဖြစ်ပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမှူ ပြီး၏။

[ဒုမူ စသည်တို့ကိုလည်း ဤအတူပင်ပြုလုပ်အပ်ကုန်၏]။

---

ဤဆိုလတ္တံ့ကား ဒသမူတည်း။

၃၁၉။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့် ဝယ်အပ်သော မယားရင်း အလိုတူ၍ နေသော မယားရင်း စည်းစိမ်ကြောင့် နေသောမယားရင်း အဝတ်အထည်ကြောင့် နေသောမယားရင်း ရေခွက်၌ လက်စုံ ချ၍ လက်ထပ်သော မယားရင်း ခေါင်းခုကို ချစေ၍ နေသော မယားရင်း ကျွန်မယားရင်း အလုပ် သမား 'အစေခံ' မယားရင်း သုံ့ပန်း မယားရင်း အခိုက်အတန့် မယားရင်း ဖြစ်ပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အမိစောင့်သောမိန်းမဘက်မှစက် ပြီး၏။

---

ယောကျ်ားသည် "ရဟန်းကို အသျှင်ဘုရား ကြွပါလော့ ဤမည်သော အဖစောင့်သော မိန်းမကို။ပ။ အမိအဖ စောင့်သော မိန်းမကို။ မောင်စောင့်သော မိန်းမကို။ အစ်မ ညီမစောင့်သော မိန်းမကို။ ဆွေမျိုးစောင့်သော မိန်းမကို။ အနွယ်စောင့်သော မိန်းမကို။ တရားကျင့်ဖော်စောင့်သော မိန်းမကို။ အစောင့်အရှောက်ချထားသော မိန်းမကို။ ဒဏ်ထားသော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့် ဝယ်အပ်သော မယားဖြစ်ပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော ဒဏ်ထားသော မိန်းမကို ဤမည်သောသူ၏ အလိုတူ၍ နေသောမယား။ပ။ စည်းစိမ်ကြောင့်နေသောမယား၊ အဝတ်အထည် ကြောင့် နေသော မယား၊ ရေခွက်၌ လက်စုံချ၍ လက်ထပ်သောမယား၊ ခေါင်းခုကို ချစေ၍ နေသော မယား၊ ကျွန်မယား၊ အလုပ်သမား 'အစေခံ' မယား၊ သုံ့ပန်းမယား၊ အခိုက်အတန့်မယားဖြစ်ပါ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မူလပုဒ်ရင်း 'နိက္ခေပပုဒ်' တို့တည်း။

၃၂၀။ ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော ဒဏ်ထားသော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့်ဝယ်အပ်သော မယားရင်း အလိုတူ၍ နေသောမယားရင်း ဖြစ်ပါ ဟု

http://www.dhammadownload.com



ပြောပါလော့ ” ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့ ၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို “အသျှင်ဘုရား ကြွပါလော့ ဤမည်သော ဒဏ်ထားသော မိန်းမကို ဤမည်သော သူ၏ ငွေဖြင့် ဝယ်အပ်သောမယားရင်း စည်းစိမ်ကြောင့် နေသောမယားရင်း။ပ။ ငွေဖြင့် ဝယ်အပ်သော မယားရင်း အခိုက်အတန့် မယားရင်း ဖြစ်ပါ ဟု ပြောပါလော့” ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ပြတ် ‘ခဏ္ဍစက်’ ပြီး၏။

---

ယောကျ်ားသည် ရဟန်းကို “အသျှင်ဘုရား ကြွပါလော့ ဤမည်သော ဒဏ်ထားသော မိန်းမကို ဤမည်သော သူ၏ အလိုတူ၍နေသော မယားရင်း စည်းစိမ်ကြောင့် နေသော မယားရင်း။ပ။ အလိုတူ၍နေသော မယားရင်း အခိုက်အတန့် မယားရင်း၊ အလိုတူ၍နေသော မယားရင်း ငွေဖြင့်ဝယ်အပ်သော မယားရင်း ဖြစ်ပါဟု ပြောပါလော့” ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ဝိုင်း ‘ဗဒ္ဓစက်’ ပြီး၏။

မူကို အကျဉ်းချုပ်အပ်ပြီ။

---

ယောကျ်ားသည် ရဟန်းကို “အသျှင်ဘုရား ကြွပါလော့ ဤမည်သော ဒဏ်ထားသောမိန်းမကို ဤမည်သောသူ၏ အခိုက်အတန့်မယားရင်း ငွေဖြင့်ဝယ်အပ်သော မယားရင်း။ပ။ အခိုက်အတန့် မယားရင်း အလိုတူ၍နေသော မယားရင်း၊ အခိုက်အတန့်မယားရင်း သုံ့ပန်းမယားရင်း ဖြစ်ပါဟု ပြောပါလော့” ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ ပြီး၏။

[ဒုမူကိုရင်း တိမူကိုရင်း နဝမူတိုင်အောင် ဤအတူပင် ပြုလုပ်အပ်၏]။

---

ဤဆိုလတ္တံ့ ကား ဒသမူတည်း။

၃၂၁။ ယောကျ်ားသည် ရဟန်းကို “အသျှင်ဘုရား ကြွပါလော့ ဤမည်သော ဒဏ်ထားသော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့် ဝယ်အပ်သော မယားရင်း အလိုတူ၍နေသော မယားရင်း စည်းစိမ်ကြောင့် နေသော မယားရင်း အဝတ်အထည်ကြောင့် နေသော မယားရင်း ရေခွက်၌ လက်စုံချ၍ လက်ထပ်သောမယားရင်း ခေါင်းခုကို ချစေ၍ နေသောမယားရင်း ကျွန်မယားရင်း အလုပ်သမား ‘အစေခံ’ မယားရင်း သုံ့ပန်းမယားရင်း အခိုက်အတန့် မယားရင်း ဖြစ်ပါဟု ပြောပါလော့” ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဒဏ်ထားသောမိန်းမဘက်မှစက် ပြီး၏။

http://www.dhammadownload.com



ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့်ဝယ်အပ်သော မယား ဖြစ်ပါဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို၎င်း အဖ စောင့်သော မိန်းမကို၎င်း ဤမည်သောသူ၏ ငွေဖြင့်ဝယ်အပ်သော မယား၎င်း အလိုတူ၍ နေသော မယား၎င်း ဖြစ်ကြပါဟုပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို၎င်း အဖစောင့်သော မိန်းမကို၎င်း အမိအဖစောင့်သော မိန်းမကို၎င်း ဤမည်သောသူ၏ ငွေဖြင့်ဝယ်အပ်သော မယား၎င်း အလိုတူ၍နေသော မယား၎င်း စည်းစိမ်ကြောင့် နေသော မယား၎င်း ဖြစ်ကြပါဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဤအတူ နှစ်ဖက်ပွါးကို ပြုလုပ်အပ်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော အမိစောင့်သော မိန်းမကို၎င်း အဖစောင့်သော မိန်းမကို၎င်း အမိအဖစောင့်သော မိန်းမကို၎င်း မောင်စောင့်သော မိန်းမကို၎င်း အစ်မညီမစောင့်သော မိန်းမကို၎င်း ဆွေမျိုးစောင့်သော မိန်းမကို၎င်း အနွယ်စောင့်သော မိန်းမကို၎င်း တရားကျင့်ဖော်စောင့်သော မိန်းမကို၎င်း အစောင့်အရှောက် ချထားသော မိန်းမကို၎င်း ဒဏ်ထားသော မိန်းမကို၎င်း ဤမည်သောသူ၏ ငွေဖြင့် ဝယ်အပ်သော မယား၎င်း အလိုတူ၍နေသော မယား၎င်း စည်းစိမ်ကြောင့် နေသော မယား၎င်း အဝတ်အထည်ကြောင့် နေသော မယား၎င်း ရေခွက်၌ လက်စုံချ၍ လက်ထပ်သော မယား၎င်း ခေါင်းခုကိုချစေ၍ နေသော မယား၎င်း ကျွန်မယား၎င်း အလုပ်သမား 'အစေခံ' မယား၎င်း သုံ့ပန်းမယား၎င်း အခိုက်အတန့် မယား၎င်း ဖြစ်ကြပါဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

နှစ်ဖက်ပွါး ပြီး၏။

---

ယောကျ်ား၏ အမိသည် ရဟန်းကို စေလွှတ်၏။ပ။ ယောကျ်ား၏ အဖသည် ရဟန်းကို စေလွှတ်၏။ပ။ ယောကျ်ား၏ အမိအဖတို့သည် ရဟန်းကို စေလွှတ်၏။ပ။ ယောကျ်ား၏ အစ်ကိုသည် ရဟန်းကိုစေလွှတ်၏။ပ။ ယောကျ်ား၏ အစ်မညီမသည် ရဟန်းကို စေလွှတ်၏။ပ။ ယောကျ်ား၏ ဆွေမျိုးတို့သည် ရဟန်းကို စေလွှတ်ကုန်၏။ပ။ ယောကျ်ား၏ အနွယ်တို့သည် ရဟန်းကို စေလွှတ်ကုန်၏။ပ။ ယောကျ်ား၏ တရားကျင့်ဖော်တို့သည် ရဟန်းကို စေလွှတ်ကုန်၏။ပ။

ယောကျ်ားဘက်မှစက်မြှုပ် 'ပုရိသပေယျာလ' ကို အကျယ်ချဲ့အပ်၏။

[ရှေးနည်းကဲ့သို့ နှစ်ဖက်ပွါးကို အကျယ်ချဲ့အပ်၏]။

http://www.dhammadownload.com



၃၂၂။ အမိစောင့်သော မိန်းမ၏ အမိသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သောသူ၏ငွေဖြင့် ဝယ်အပ်သော မယား ဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အမိစောင့်သော မိန်းမ၏ အမိသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သော သူ၏ အလိုတူ၍နေသော မယား။ပ။ စည်းစိမ်ကြောင့် နေသောမယား၊ အဝတ်အထည်ကြောင့် နေသော မယား၊ ရေခွက်၌ လက်စုံချ၍ လက်ထပ်သောမယား၊ ခေါင်းခုကိုချစေ၍ နေသော မယား၊ ကျွန်မယား၊ အလုပ်သမား 'အစေခံ' မယား၊ သုံ့ပန်းမယား၊ အခိုက်အတန့်မယား ဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မူလပုဒ်ရင်း 'နိက္ခေပပုဒ်' တို့တည်း။

၃၂၃။ အမိစောင့်သော မိန်းမ၏ အမိသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သော သူ၏ငွေဖြင့် ဝယ်အပ်သော မယားရင်း အလိုတူ၍နေသော မယားရင်း။ပ။ ငွေဖြင့် ဝယ်အပ်သော မယားရင်း စည်းစိမ်ကြောင့် နေသော မယားရင်း၊ ငွေဖြင့်ဝယ်အပ်သောမယားရင်း အခိုက်အတန့်မယားရင်း ဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

---

၃၂၄။ အမိစောင့်သော မိန်းမ၏ အမိသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သောသူ၏ အလိုတူ၍ နေသောမယားရင်း စည်းစိမ်ကြောင့် နေသော မယားရင်း။ပ။ အလိုတူ၍နေသော မယားရင်း အခိုက်အတန့်မယားရင်း၊ အလိုတူ၍ နေသော မယားရင်း ငွေဖြင့်ဝယ်အပ်သော မယားရင်း ဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

မူကို အကျဉ်းချုပ်အပ်ပြီ။

---

၃၂၅။ အမိစောင့်သော မိန်းမ၏ အမိသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သော သူ၏ အခိုက်အတန့် မယားရင်း ငွေဖြင့်ဝယ်အပ်သော မယားရင်း။ပ။ အခိုက်အတန့်မယားရင်း အလိုတူ၍နေသော မယားရင်း၊ အခိုက်အတန့် မယားရင်း သုံ့ပန်းမယားရင်း ဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ ပြီး၏။

[ဒုမူကိုရင်း တိမူကိုရင်း နဝမူတိုင်အောင် ဤအတူပင် ပြုလုပ်အပ်၏]။

http://www.dhammadownload.com



ဤဆိုလတ္တံ့ ကား ဒသမူတည်း။

၃၂၆။ အမိစောင့်သော မိန်းမ၏ အမိသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့် ဝယ်အပ်သော မယားရင်း အလိုတူ၍ နေသောမယားရင်း စည်းစိမ်ကြောင့်နေသော မယားရင်း အဝတ်အထည်ကြောင့် နေသော မယားရင်း ရေခွက်၌ လက်စုံချ၍ လက်ထပ်သော မယားရင်း ခေါင်းခုကို ချစေ၍နေသော မယားရင်း ကျွန်မယားရင်း အလုပ်သမား 'အစေခံ' မယားရင်း သုံ့ပန်းမယားရင်း အခိုက်အတန့်မယားရင်း ဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အမိဘက်မှစက် ပြီး၏။

---

အဖစောင့်သော မိန်းမ၏ အဖသည် ရဟန်းကို စေလွှတ်၏။ပ။ အမိအဖစောင့်သော မိန်းမ၏ အမိအဖတို့သည် ရဟန်းကို စေလွှတ်ကုန်၏။ မောင်စောင့်သော မိန်းမ၏ မောင်သည် ရဟန်းကို စေလွှတ်၏။ အစ်မညီမစောင့်သောမိန်းမ၏ အစ်မညီမသည် ရဟန်းကို စေလွှတ်၏။ ဆွေမျိုးစောင့်သော မိန်းမ၏ ဆွေမျိုးတို့သည် ရဟန်းကို စေလွှတ်ကုန်၏။ အနွယ်စောင့်သော မိန်းမ၏ အနွယ်တို့သည် ရဟန်းကို စေလွှတ်ကုန်၏။ တရားကျင့်ဖော်စောင့်သော မိန်းမ၏ တရားကျင့်ဖော်တို့သည် ရဟန်းကို စေလွှတ်ကုန်၏။ အစောင့် အရှောက်ချထားသော မိန်းမ၏ သိမ်းပိုက်သူသည် ရဟန်းကို စေလွှတ်၏။ ဒဏ်ထားသော မိန်းမ၏ ဒဏ်ထားသူသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့်ဝယ်အပ်သော မယားဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဒဏ်ထားသော မိန်းမ၏ ဒဏ်ထားသူသည် ရဟန်းကို "အသျှင်ဘုရားကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သောသူ၏ အလိုတူ၍ နေသောမယား။ပ။ စည်းစိမ်ကြောင့် နေသော မယား။ အဝတ်အထည်ကြောင့်နေသော မယား။ ရေခွက်၌ လက်စုံချ၍ လက်ထပ်သော မယား။ ခေါင်းခုကို ချစေ၍နေသောမယား။ ကျွန်မယား။ အလုပ်သမား 'အစေခံ' မယား။ သုံ့ပန်းမယား။ အခိုက်အတန့် မယား ဖြစ်ပါစေ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မူလပုဒ်ရင်း 'နိက္ခေပပုဒ်' တို့တည်း။

၃၂၇။ ဒဏ်ထားသော မိန်းမ၏ ဒဏ်ထားသူသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့် ဝယ်အပ်သောမယားရင်း အလိုတူ၍ နေသော မယားရင်း။ပ။ ငွေဖြင့် ဝယ်အပ်သောမယားရင်း စည်းစိမ်ကြောင့်နေသော မယားရင်း။ ငွေဖြင့်ဝယ်အပ်သော မယားရင်း အခိုက်အတန့်မယားရင်း ဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

http://www.dhammadownload.com



၃၂၇။ ဒဏ်ထားသော မိန်းမ၏ ဒဏ်ထားသူသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို အလိုတူ၍ နေသော မယားရင်း စည်းစိမ်ကြောင့် နေသော မယားရင်း။ပ။ အလိုတူ၍နေသော မယားရင်း အခိုက်အတန့်မယားရင်း။ အလိုတူ၍နေသော မယားရင်း ငွေဖြင့် ဝယ်အပ်သော မယားရင်း ဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

မူကို အကျဉ်းချုပ်အပ်ပြီ။

---

၃၂၉။ ဒဏ်ထားသော မိန်းမ၏ ဒဏ်ထားသူသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သောသူ၏ အခိုက်အတန့်မယားရင်း ငွေဖြင့် ဝယ်အပ်သော မယားရင်း။ပ။ အခိုက်အတန့်မယားရင်း အလိုတူ၍နေသော မယားရင်း။ အခိုက်အတန့် မယားရင်း သုံ့ပန်းမယားရင်း ဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ ပြီး၏။

[ဒုမူကိုရင်း တိမူကိုရင်း နဝမူတိုင်အောင် ဤအတူပင် ပြုလုပ်အပ်၏]။

---

ဤဆိုလတ္တံ့ ကား ဒသမမူတည်း။

၃၃၀။ ဒဏ်ထားသော မိန်းမ၏ ဒဏ်ထားသူသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို ဤမည်သောသူ၏ ငွေဖြင့်ဝယ်အပ်သော မယားရင်း အလိုတူ၍နေသော မယားရင်း စည်းစိမ်ကြောင်နေသော မယားရင်း အဝတ်အထည်ကြောင့် နေသော မယားရင်း ရေခွက်၌ လက်စုံချ၍လက်ထပ်သော မယားရင်း ခေါင်းခုကို ချစေ၍ နေသော မယားရင်း ကျွန်မယားရင်း အလုပ်သမား 'အစေခံ' မယားရင်း သုံ့ပန်းမယားရင်း အခိုက်အတန့်မယားရင်း ဖြစ်ပါစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဒဏ်ထားသောမိန်းမဘက်မှစက် ပြီး၏။

---

အမိစောင့်သော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော သူကို (အကျွန်ုပ်သည်) ဤမည်သောသူ၏ ငွေဖြင့်ဝယ်အပ်သော မယား ဖြစ်ပါရစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အမိစောင့်သော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော သူကို (အကျွန်ုပ်သည်) ဤမည်သော သူ၏ အလိုတူ၍နေသော မယား။ပ။ စည်းစိမ်ကြောင့်နေသော မယား။ အဝတ်အထည်ကြောင့် နေသောမယား။ ရေခွက်၌ လက်စုံချ၍ လက်ထပ်သော မယား။

http://www.dhammadownload.com



ခေါင်းခုကို ချစေ၍ နေသောမယား။ ကျွန်မယား။ အလုပ်သမား 'အစေခံ' မယား။ သုံ့ပန်းမယား။ အခိုက်အတန့်မယား ဖြစ်ပါရစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မူလပုဒ်ရင်း 'နိက္ခေပပုဒ်' တို့တည်း။

၃၃၁။ အမိစောင့်သော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သောသူကို (အကျွန်ုပ်သည်) ဤမည်သောသူ၏ ငွေဖြင့် ဝယ်အပ်သော မယားရင်း အလိုတူ၍ နေသော မယားရင်း ဖြစ်ပါရစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အမိစောင့်သော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော သူကို (အကျွန်ုပ်သည်) ဤမည်သောသူ၏ ငွေဖြင့် ဝယ်အပ်သော မယားရင်း စည်းစိမ်ကြောင့် နေသော မယားရင်း။ပ။ ငွေဖြင့် ဝယ်အပ်သော မယားရင်း အဝတ်အထည်ကြောင့် နေသော မယားရင်း။ ငွေဖြင့် ဝယ်အပ်သော မယားရင်း အခိုက်အတန့် မယားရင်း ဖြစ်ပါရစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

---

၃၃၂။ အမိစောင့်သော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သောသူကို (အကျွန်ုပ်သည်) ဤမည်သောသူ၏ အလိုတူ၍နေသောမယားရင်း စည်းစိမ်ကြောင့် နေသောမယားရင်း။ပ။ အလိုတူ၍နေသော မယားရင်း အခိုက်အတန့် မယားရင်း။ အလိုတူ၍ နေသောမယားရင်း ငွေဖြင့်ဝယ်အပ်သော မယားရင်း ဖြစ်ပါရစေ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

မူကို အကျဉ်းချုပ်အပ်ပြီ။

---

အမိစောင့်သော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော သူကို (အကျွန်ုပ်သည်)ဤမည်သောသူ၏ အခိုက်အတန့် မယားရင်း ငွေဖြင့်ဝယ်အပ်သော မယားရင်း။ပ။ အခိုက်အတန့်မယားရင်း အလိုတူ၍နေသော မယားရင်း၊ အခိုက်အတန့် မယားရင်း သုံ့ပန်းမယားရင်း ဖြစ်ပါရစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ ပြီး၏။

[ဒုမူ စသည်တို့ကိုလည်း ဤအတူပင် ပြုလုပ်အပ်ကုန်၏]။

http://www.dhammadownload.com



ဤဆိုလတ္တံ့ကား ဒသမူတည်း။

၃၃၃။ အမိစောင့်သော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သောသူကို (အကျွန်ုပ်သည်) ဤမည်သော သူ၏ ငွေဖြင့်ဝယ်အပ်သော မယားရှင်း အလိုတူ၍ နေသောမယား ရှင်း စည်းစိမ်ကြောင့်နေသော မယားရှင်း အဝတ်အထည်ကြောင့်နေသော မယားရှင်း ရေခွက်၌ လက်စုံချ၍ လက်ထပ်သော မယားရှင်း ခေါင်းခုကို ချစေ၍ နေသောမယားရှင်း ကျွန်မယားရှင်း အလုပ်သမား 'အစေခံ' မယားရှင်း သုံ့ပန်းမယားရှင်း အခိုက်အတန့်မယားရှင်း ဖြစ်ပါရစေဟု ပြောပါလော့" ဟုစေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

အမိစောင့်သောမိန်းမဘက်မှ စက်တမျိုး ပြီး၏။

---

အဖစောင့်သော မိန်းမသည် ရဟန်းကို စေလွှတ်၏။ပ။ အမိအဖစောင့်သော မိန်းမသည် ရဟန်းကို စေလွှတ်၏။ မောင်စောင့်သော မိန်းမသည် ရဟန်းကို စေလွှတ်၏။ အစ်မညီမစောင့်သော မိန်းမသည် ရဟန်းကို စေလွှတ်၏။ ဆွေမျိုးစောင့်သော မိန်းမသည် ရဟန်းကို စေလွှတ်၏။ အနွယ်စောင့်သော မိန်းမသည် ရဟန်းကို စေလွှတ်၏။ တရားကျင့်ဖော် စောင့်သော မိန်းမသည် ရဟန်းကို စေလွှတ်၏။ အစောင့် အရှောက် ချထားသော မိန်းမသည် ရဟန်းကို စေလွှတ်၏။ ဒဏ်ထားသော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သောသူကို (အကျွန်ုပ်သည်) ဤမည်သောသူ၏ ငွေဖြင့် ဝယ်အပ်သော မယားဖြစ်ပါရစေ ဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဒဏ်ထားသောမိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သောသူကို(အကျွန်ုပ်သည်) ဤမည်သော သူ၏ အလိုတူ၍နေသော မယား။ပ။ စည်းစိမ်ကြောင့် နေသော မယား။ အဝတ်အထည်ကြောင့် နေသောမယား။ ရေခွက်၌ လက်စုံချ၍ လက်ထပ်သောမယား။ ခေါင်းခုကို ချစေ၍ နေသောမယား။ ကျွန်မယား။ အလုပ်သမား 'အစေခံ' မယား။ သုံ့ပန်းမယား။ အခိုက်အတန့်မယား ဖြစ်ပါရစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မူလပုဒ်ရင်း 'နိက္ခေပပုဒ်' တို့တည်း။

၃၃၄။ ဒဏ်ထားသော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော သူကို (အကျွန်ုပ်သည်) ဤမည်သော သူ၏ငွေဖြင့် ဝယ်အပ်သော မယားရှင်း အလိုတူ၍နေသော မယားရှင်း။ပ။ ငွေဖြင့် ဝယ်အပ်သော မယားရှင်း အခိုက်အတန့် မယားရှင်း ဖြစ်ပါရစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ပြတ် 'ခဏ္ဍစက်' ပြီး၏။

---

၃၃၅။ ဒဏ်ထားသော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သောသူကို (အကျွန်ုပ်သည်) ဤမည်သောသူ၏ အလိုတူ၍ နေသော မယားရှင်း စည်းစိမ်ကြောင့် နေသော

http://www.dhammadownload.com



မယားရင်း။ပ။ အလိုတူ၍ နေသော မယားရင်း အခိုက်အတန့် မယားရင်း။ အလိုတူ၍ နေသော မယားရင်း ငွေဖြင့် ဝယ်အပ်သော မယားရင်း ဖြစ်ပါရစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

စက်ဝိုင်း 'ဗဒ္ဓစက်' ပြီး၏။

မူကို အကျဉ်းချုပ်အပ်ပြီ။

---

၃၃၆။ ဒဏ်ထားသော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သောသူကို (အကျွန်ုပ်သည်) ဤမည်သောသူ၏ အခိုက်အတန့်မယားရင်း ငွေဖြင့် ဝယ်အပ်သော မယားရင်း။ပ။ အခိုက်အတန့်မယားရင်း အလိုတူ၍ နေသော မယားရင်း။ အခိုက်အတန့် မယားရင်း သုံ့ပန်းမယားရင်း ဖြစ်ပါရစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ကေမူ ပြီး၏။

[ဒုမူ စသည်တို့ကိုလည်း ဤအတူပင် ပြုလုပ်အပ်ကုန်၏]။

---

ဤဆိုလတ္တံ့ကား ဒသမူတည်း။

၃၃၇။ ဒဏ်ထားသော မိန်းမသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သောသူကို (အကျွန်ုပ်သည်) ဤမည်သော သူ၏ ငွေဖြင့် ဝယ်အပ်သော မယားရင်း အလိုတူ၍နေသော မယားရင်း စည်းစိမ်ကြောင့် နေသော မယားရင်း အဝတ်အထည်ကြောင့်နေသော မယားရင်း ရေခွက်၌ လက်စုံချ၍ လက်ထပ်သောမယားရင်း ခေါင်းခုကိုချစေ၍ နေသောမယားရင်း ကျွန်မယားရင်း အလုပ်သမား 'အစေခံ' မယားရင်း သုံ့ပန်းမယားရင်း အခိုက်အတန့်မယားရင်း ဖြစ်ပါရစေဟု ပြောပါလော့" ဟု စေလွှတ်၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ဒဏ်ထားသောမိန်းမဘက်မှ စက်တမျိုး ပြီး၏။

စက်မြုပ်အားလုံး 'သဗ္ဗစက္ကပေယျာလ' ပြီး၏။

---

၃၃၈။ လက်ခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

လက်ခံအံ့ စုံစမ်းအံ့ တဖန်မဆောင်လာအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

လက်ခံအံ့ မစုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

လက်ခံအံ့ မစုံစမ်းအံ့ တဖန်မဆောင်လာအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

လက်မခံအံ့ စုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ ထုလ္လစ္စဉ်း အာပတ် သင့်၏။

လက်မခံအံ့ စုံစမ်းအံ့ တဖန်မဆောင်လာအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

လက်မခံအံ့ မစုံစမ်းအံ့ တဖန်ဆောင်လာအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

လက်မခံအံ့ မစုံစမ်းအံ့ တဖန်မဆောင်လာအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



ယောကျ်ားသည် ရဟန်းများစွာတို့ကို "အသျှင်ဘုရားတို့ ကြွကြပါကုန်လော့ ဤမည်သော မိန်းမကို စုံစမ်းကြပါကုန်လော့" ဟု စေခိုင်း၏၊ အားလုံးလက်ခံကုန်အံ့ အားလုံးစုံစမ်းကုန်အံ့ အားလုံး တဖန် ဆောင်လာကုန်အံ့၊ အားလုံး သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းများစွာတို့ကို "အသျှင်ဘုရားတို့ ကြွကြပါကုန်လော့၊ ဤမည်သော မိန်းမကို စုံစမ်းကြပါကုန်လော့" ဟု စေခိုင်း၏၊ အားလုံး လက်ခံကုန်အံ့ အားလုံးစုံစမ်းကုန်အံ့ ရဟန်း တပါးကို တဖန် ဆောင်လာစေကုန်အံ့၊ အားလုံး သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းများစွာတို့ကို "အသျှင်ဘုရားတို့ ကြွကြပါကုန်လော့ ဤမည်သော မိန်းမကို စုံစမ်းကြပါကုန်လော့" ဟု စေခိုင်း၏၊ အားလုံး လက်ခံကုန်အံ့ (ရဟန်း) တပါးကို စုံစမ်းစေ၍ အားလုံး တဖန် ဆောင်လာကုန်အံ့၊ အားလုံး သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းများစွာတို့ကို "အသျှင်ဘုရားတို့ ကြွကြပါကုန်လော့ ဤမည်သော မိန်းမကို စုံစမ်းကြပါကုန်လော့" ဟု စေခိုင်း၏၊ အားလုံး လက်ခံကုန်အံ့ ရဟန်းတပါးကို စုံစမ်းစေ၍ ရဟန်းတပါးကို တဖန် ဆောင်လာစေကုန်အံ့၊ အားလုံး သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို စုံစမ်းပါလော့" ဟု စေခိုင်း၏၊ လက်ခံအံ့ စုံစမ်းအံ့ တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို စုံစမ်းပါလော့" ဟု မစေခိုင်း၏၊ လက်ခံအံ့ စုံစမ်းအံ့ အနီးနေ တပည့်ကို တဖန် ဆောင်လာစေအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို စုံစမ်းပါလော့" ဟု စေခိုင်း၏၊ လက်ခံအံ့ အနီးနေ တပည့်ကို စုံစမ်းစေ၍ မိမိက တဖန် ဆောင်လာအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ယောကျ်ားသည် ရဟန်းကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို စုံစမ်းပါလော့" ဟု စေခိုင်း၏၊ လက်ခံအံ့ အနီးနေ တပည့်ကို စုံစမ်းစေအံ့ အနီးနေ တပည့်သည် စုံစမ်းပြီး၍ အပြင်ပ (ထိုယောကျ်ား) သို့ တဖန် ဆောင်လာအံ့၊ နှစ်ပါးလုံး ထုလ္လစ္စဉ်း အာပတ် သင့်၏။

၃၃၉။ သွားသော် ပြည့်စုံစေ၏ 'လက်လည်းခံ၏၊ စုံလည်းစုံစမ်း၏'၊ ပြန်လာသော် ချို့ယွင်းစေ၏ 'တဖန် မဆောင်လာ'၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သွားသော် ချို့ယွင်းစေ၏ 'လက်မခံ'၊ ပြန်လာသော် ပြည့်စုံစေ၏ 'စုံလည်းစုံစမ်း၏၊ တဖန်လည်း ဆောင်လာ၏'၊ ထုလ္လစ္စဉ်း အာပတ် သင့်၏၊ သွားသော် ပြည့်စုံစေ၏၊ ပြန်လာသော် ပြည့်စုံစေ၏၊ သံဃာဒိသိသ် အာပတ် သင့်၏၊ သွားသော် ချို့ယွင်းစေ၏၊ ပြန်လာသော် ချို့ယွင်းစေ၏၊ အာပတ် မသင့်။

၃၄၀။ သံဃာ၏ရင်း စေတီ၏ရင်း မကျန်းမာသူ၏ရင်း ပြုဖွယ်ကိစ္စဖြင့် သွားအံ့ (အာပတ် မသင့်) ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

၅-သဉ္စရိတ္တသိက္ခာပုဒ် စက်လှည့်ပုံ ပြီး၏။

http://www.dhammadownload.com



## ဝိနီတဝတ္ထု ခေါင်းစဉ် မာတိကာ

အိပ်ပျော်သောမိန်းမ၊ သေသောမိန်းမ၊ ထွက်သွားသောမိန်းမ၊ မိန်းမ မဟုတ်၊ မိန်းမပဏ္ဍုက် ငြင်းခုံခြင်းကို ပြု၍ ဝမ်းမြောက်စေပြီး၊ ပဏ္ဍုက်၌ အောင်သွယ်မှုကို ပြုခြင်း၊ ဤကား ခေါင်းစဉ် မာတိကာတည်း။

## ဝိနီတဝတ္ထု ဖြတ်ထုံးများ

၃၄၁။ တရံရောအခါ ယောကျ်ား တယောက်သည် ရဟန်းတပါးကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို စုံစမ်းပါလော့" ဟု စေခိုင်း၏၊ ထိုရဟန်းသည် သွား၍ လူဘို့ကို—

"ဤမည်သော မိန်းမသည် အဘယ်မှာနည်း" ဟု မေး၏။

အိပ်ပျော်နေပါသည်ဘုရား ဟု (လျှောက်ကြ၏)။

"ငါသည် သံဃာဒိသိသ် အာပတ်သင့်လေသလော" ဟု ထိုရဟန်းအား တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ ရဟန်း သံဃာဒိသိသ်အာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၁)

တရံရောအခါ ယောကျ်ားတယောက်သည် ရဟန်းတပါးကို "အသျှင်ဘုရား ကြွပါလော့ ဤမည်သော မိန်းမကို စုံစမ်းပါလော့" ဟု စေခိုင်း၏၊ ထိုရဟန်းသည် သွား၍ လူဘို့ကို—

"ဤမည်သော မိန်းမသည် အဘယ်မှာနည်း" ဟု မေး၏။

သေပါပြီဘုရား။ပ။ ထွက်သွားပါသည်ဘုရား။ မိန်းမ မဟုတ်ပါဘုရား။ မိန်းမပဏ္ဍုက်ပါဘုရား ဟု (လျှောက်ကြ၏)။

ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၂-၅)

တရံရောအခါ မိန်းမတယောက်သည် လင်ယောကျ်ားနှင့် ငြင်းခုံ၍ အမိအိမ်သို့ သွား၏၊ အိမ်သို့ ကပ်တတ်သော ရဟန်းသည် ဝမ်းမြောက်ဖွယ် စကားကိုပြု၍ 'အိမ်ကို ပြန်စေ၏'၊ ထိုရဟန်းအား တွေး တောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။

ရဟန်း အောင်သွယ်စကား ပြောကြားထိုက်သော မိန်းမလော ဟု (မေးတော်မူရာ)

အောင်သွယ်စကား ပြောကြားထိုက်သော မိန်းမ မဟုတ်ပါ မြတ်စွာဘုရား ဟု (လျှောက်၏)။

ရဟန်း အောင်သွယ်စကား မပြောကြားထိုက်သော မိန်းမ၌ အာပတ် မသင့် ဟု (မိန့်တော် မူ၏)။ (၆)

တရံရောအခါ ရဟန်းတပါးသည် ပဏ္ဍုက်၌ အောင်သွယ်မှုကို ပြု၏၊ ထိုရဟန်းအား တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်၏။ပ။ ရဟန်း သံဃာဒိသိသ် အာပတ် မသင့်၊ ထုလ္လစ္စဉ်း အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။ (၇)

ပဉ္စမ သဉ္စရိတ္တသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၆-ကုဋိကာရသိက္ခာပုဒ်

၃၄၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာပေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အာဠဝီတိုင်းသား ရဟန်းတို့သည် ကိုယ်တိုင် တောင်းအပ်သော အရာဝတ္ထု ရှိကုန်သော (ဆောက်လုပ်သူဒါယကာ) အရှင်မရှိကုန်သော မိမိအတွက် ရည်ညွှန်းချက်ရှိကုန်သော အတိုင်းအထွာ ပမာဏ မရှိကုန်သော ကျောင်း*တို့ကို ဆောက်လုပ်စေကုန်၏၊ ထိုကျောင်းတို့သည် ပြီးဆုံးခြင်းသို့ မရောက်ကုန်၊ ထိုရဟန်းတို့သည် "ယောကျ်ားကို ပေးကြကုန်လော့ ယောကျ်ား၏ လက်မှုကိစ္စကို ပေးကြကုန်လော့ နွားကို ပေးကြကုန်လော့ လှည်းကို ပေးကြကုန်လော့ ပဲခွပ်ကို ပေးကြကုန်လော့ ပုဆိန်ကို ပေးကြကုန်လော့ ဓားမကို ပေးကြကုန်လော့ ပေါက်တူးကို ပေးကြကုန်လော့ စူးဆောက်ကို ပေးကြကုန်လော့ နွယ်ကိုပေးကြကုန်လော့ ဝါးကို ပေးကြကုန်လော့ ဖြူဆံမြက်ကိုပေးကြကုန်လော့ ပြိတ်မြက်ကို ပေးကြကုန်လော့ (ကြွင်းသော) မြက်ကို ပေးကြကုန်လော့ မြေညက်ကိုပေးကြကုန်လော့ဟု အတောင်းများကြကုန်၍ အရိပ်နိမိတ် ပြခြင်းများကြကုန်၍ နေကြကုန်၏။

လူတို့သည် တောင်းခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ အရိပ်နိမိတ် ပြခြင်းဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ရဟန်းတို့ကို မြင်လျှင် ထိတ်လည်းထိတ်ကြကုန်၏၊ လန့်လည်း လန့်ကြကုန်၏၊ ပြေးလည်းပြေးကြကုန်၏၊ ရှောင်ဖယ်၍လည်း သွား ကြကုန်၏၊ မျက်နှာလွှဲ၍လည်း နေကြကုန်၏၊ တံခါးကိုလည်း ပိတ်ကြကုန်၏၊ နွားတို့ကိုသော်လည်း မြင်လျှင် ရဟန်းဟု ထင်မှတ်၍ ပြေးကြကုန်၏။

ထိုအခါ အသျှင်မဟာကဿပသည် ရာဇဂြိုဟ်မြို့၌ မိုးလပတ်လုံး နေပြီးသော် အာဠဝီမြို့သို့ ကြွသွား၏၊ အစဉ်အတိုင်း အာဠဝီမြို့သို့ ရောက်သော် အသျှင်မဟာကဿပသည် ထိုအာဠဝီမြို့ အဂ္ဂါဠဝစေတီ၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ အသျှင်မဟာကဿပသည် နံနက်အချိန် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ အာဠဝီမြို့သို့ ဆွမ်းခံဝင်လေ၏၊ လူတို့သည် အသျှင်မဟာကဿပကို မြင်ကြသော် ထိတ်လည်း ထိတ်ကြကုန်၏၊ လန့်လည်း လန့်ကြကုန်၏၊ ပြေးလည်း ပြေးကြကုန်၏၊ ရှောင်ဖယ်၍လည်း သွားကြကုန်၏၊ မျက်နှာလွှဲ၍လည်း နေကြကုန်၏၊ တံခါးကိုလည်း ပိတ်ကြကုန်၏။

ထိုအခါ အသျှင်မဟာကဿပသည် အာဠဝီမြို့၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းစားပြီးနောက် ဆွမ်းစားစရပ်မှ ဖဲသွားပြီးသည်ရှိသော် ရဟန်းတို့ကို—

"ငါ့သျှင်တို့ ရှေးကဤအာဠဝီမြို့သည် ဝပြော၏၊ ရလွယ်သော ဆွမ်းရှိ၏၊ သပိတ်ပိုက်၍ဆွမ်းခံခြင်းဖြင့် မျှတရန်လွယ်ကူ၏၊ ယခုအခါ၌ကား ဤအာဠဝီမြို့သည် တော်မွတ်ခေါင်းပါး၏၊ ရခဲသော ဆွမ်းရှိ၏၊ သပိတ်ပိုက်၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူ၊ ငါ့သျှင်တို့ ဤအာဠဝီမြို့သည် အဘယ်အကြောင်း အထောက်အပံ့ကြောင့် တော်မွတ် ခေါင်းပါးသနည်း၊ ရခဲသော ဆွမ်းရှိသနည်း၊ သပိတ်ပိုက်၍ ဆွမ်းခံခြင်းဖြင့် မျှတရန် မလွယ်ကူပါသနည်း" ဟု မေးတော်မူ၏။

ထိုအခါ ထိုရဟန်းတို့သည် အသျှင်မဟာကဿပအား ဤအကြောင်းကို လျှောက်ကြကုန်၏။

၃၄၃။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ မွေ့လျော်သလောက် သီတင်းသုံးနေတော်မူပြီးလျှင် အာဠဝီမြို့သို့ ဒေသစာရီ ကြွချီတော်မူလေ၏၊ အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူလတ်သော်

---

* ကျောင်း—ကျောင်းကလေး 'ကုဋိ'

http://www.dhammadownload.com



အာဠဝီမြို့သို့ ရောက်တော်မူလေ၏၊ မြတ်စွာဘုရားသည် အာဠဝီမြို့ အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ အသျှင်မဟာကဿပသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား ရှိသေစွာရှိခိုး၍ တခုသောနေရာ၌ ထိုင်နေပြီးနောက် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် အာဠဝီမြို့သား ရဟန်းတို့ကို—

"ရဟန်းတို့ သင်တို့သည် ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုရှိကုန်သော (ဆောက်လုပ်သူ ဒါယကာ) အရှင်မရှိကုန်သော မိမိအတွက် ရည်ညွှန်းချက် ရှိကုန်သော အတိုင်းအထွာ ပမာဏ မရှိကုန်သော ကျောင်းတို့ကို ဆောက်လုပ်စေကြကုန်၏၊ ထိုကျောင်းတို့သည် ပြီးဆုံးခြင်းသို့ မရောက်ကြကုန်၊ ထိုသင်တို့သည် 'ယောကျ်ားကို ပေးကြကုန်လော့ ယောကျ်ား၏ လက်မှုကိစ္စကို ပေးကြကုန်လော့။ပ။ မြက်ကို ပေးကြကုန်လော့ မြေညက်ကို ပေးကြကုန်လော့' ဟု အတောင်းများကြကုန်၍ အရိပ်နိမိတ် ပြခြင်းများ ကြကုန်၍ နေကြကုန်၏၊ လူတို့သည် တောင်းခြင်းဖြင့် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ အရိပ်နိမိတ်ပြခြင်းဖြင့် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ ရဟန်းတို့ကို မြင်လျှင် ထိတ်လည်း ထိတ်ကြကုန်၏၊ လန့်လည်း လန့်ကြကုန်၏၊ ပြေးလည်း ပြေးကြကုန်၏၊ ရှောင်ဖယ်၍လည်း သွားကြကုန်၏၊ မျက်နှာလွှဲ၍လည်း နေကြကုန်၏၊ တံခါးကိုလည်း ပိတ်ကြကုန်၏၊ နွားတို့ကိုသော်လည်းမြင်လျှင် ရဟန်း ဟု ထင်မှတ်၍ ပြေးကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဘယ့်ကြောင့် ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုရှိကုန်သော (ဆောက်လုပ်သူ ဒါယကာ) အရှင်မရှိကုန်သော မိမိအတွက် ရည်ညွှန်းချက် ရှိကုန်သော အတိုင်းအထွာ ပမာဏ မရှိကုန်သော ကျောင်းတို့ကို ဆောက်လုပ်စေကြကုန်ဘိသနည်း၊ ထိုကျောင်းတို့သည် ပြီးဆုံးခြင်းသို့ မရောက်ကြကုန်၊ ထိုသင်တို့သည် ယောကျ်ားကို ပေးကြကုန်လော့၊ ယောကျ်ား၏ လက်မှုကိစ္စကို ပေးကြကုန်လော့။ပ။ မြက်ကို ပေးကြကုန်လော့၊ မြေညက်ကို ပေးကြကုန်လော့ ဟု အတောင်းများကြကုန်၍ အရိပ်နိမိတ် ပြခြင်းများကြကုန်၍ နေကြကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသောသူ တို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။ ကဲ့ရဲ့တော်မူပြီး၍ တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းတို့ကို မိန့်တော်မူ၏။

၃၄၄။ ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား ရသေ့ညီနောင် နှစ်ယောက်တို့သည် ဂင်္ဂါမြစ်ကို အမှီပြု၍ နေကြကုန်၏၊ ရဟန်းတို့ ထိုအခါ မဏိကဏ္ဌ မည်သော နဂါးမင်းသည် ဂင်္ဂါမြစ်ကိုကူး၍ ညီငယ် ရသေ့ထံသို့ ချဉ်းကပ်ပြီးလျှင် ညီငယ်ရသေ့ကို အခွေတို့ဖြင့် ခုနစ်ကြိမ် ရစ်ပတ်၍ ဦးထိပ်ထက်၌ ကြီးစွာသော ပါးပျဉ်းကို မိုး၍ တည်လေ၏၊ ရဟန်းတို့ ထိုအခါ ညီငယ်ရသေ့သည် ထိုနဂါးကို ကြောက်ရကား ပိန်ကြုံ၏၊ အသွေးအသား ခေါင်းပါး၏၊ ရုပ်အဆင်း ပျက်၏၊ (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိ၏၊ (ကြွန်ရက်ကို ဖြန့်ခင်းသကဲ့သို့ ) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိ၏။

ရဟန်းတို့ နောင်တော် ရသေ့သည် ပိန်ကြုံသော အသွေးအသား ခေါင်းပါးသော ရုပ်အဆင်း ပျက်သော (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိသော (ကြွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသော ညီငယ်ရသေ့ကို မြင်ပြီး၍ ညီငယ် ရသေ့အား—

http://www.dhammadownload.com



"ညီငယ် သင်သည် အဘယ့်ကြောင့် ပိန်ကြုံသနည်း အသွေးအသားခေါင်းပါးသနည်း၊ ရုပ်အဆင်း ပျက်သနည်း (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိသနည်း (ကြွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိသနည်း" ဟု မေး၏။

နောင်တော် ဤအရပ်၌ မဏိကဏ္ဍ နဂါးမင်းသည် ဂင်္ဂါမြစ်ကိုကူး၍ အကျွန်ုပ်ထံသို့ ချဉ်းကပ်၍ အကျွန်ုပ်ကို အခွေတို့ဖြင့် ခုနစ်ကြိမ်ရစ်ပတ်၍ ဦးထိပ်ထက်၌ ကြီးစွာသော ပါးပျဉ်းကို မိုး၍ တည်ပါသည်၊ နောင်တော် အကျွန်ုပ်သည် ထိုနဂါးကို ကြောက်သောကြောင့် ပိန်ကြုံပါသည်၊ အသွေးအသား ခေါင်းပါးပါသည်၊ ရုပ်အဆင်း ပျက်ပါသည်၊ (ဖက်ရွက်လျှော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိပါသည်၊ (ကြွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိပါသည် ဟု (ပြော၏)။

ညီငယ် သင်သည် ထိုနဂါး၏ မလာခြင်းကို အလိုရှိပါသလော ဟု (မေး၏)။

နောင်တော် အကျွန်ုပ်သည် ထိုနဂါး၏ မလာခြင်းကို အလိုရှိပါသည် ဟု (ပြော၏)။

ညီငယ် သင်သည် ထိုနဂါး၏ ပစ္စည်းတစုံတခုကို မြင်ပါသလော ဟု (မေး၏)။

နောင်တော် အကျွန်ုပ်သည် ထိုနဂါး၏ လည်ပင်း၌ ဝတ်ဆင်ထားသော ပတ္တမြားကို မြင်ပါသည် ဟု (ပြော၏)။

ညီငယ် သို့ဖြစ်လျှင် သင်သည် ထိုနဂါးကို "နဂါးမင်း အကျွန်ုပ်အား ပတ္တမြားကို ပေးပါလော့ အကျွန်ုပ်သည် ပတ္တမြားကို အလိုရှိပါသည်" ဟု ပတ္တမြားကို တောင်းလော့" ဟု (ပြော၏)။

ရဟန်းတို့ ထိုအခါ မဏိကဏ္ဍနဂါးမင်းသည် ဂင်္ဂါမြစ်ကိုကူး၍ ညီငယ်ရသေ့ထံသို့ ချဉ်းကပ်ပြီးလျှင် တခုသော နေရာ၌ တည်လေ၏၊ ရဟန်းတို့ တခုသောနေရာ၌ တည်ပြီးသော မဏိကဏ္ဍနဂါးမင်းကို ညီငယ်ရသေ့သည် "နဂါးမင်း အကျွန်ုပ်အား ပတ္တမြားကို ပေးပါလော့ အကျွန်ုပ်သည် ပတ္တမြားကို အလိုရှိပါသည်" ဟု ပြောဆို၏၊ ရဟန်းတို့ ထိုအခါ မဏိကဏ္ဍ နဂါးမင်းသည် "ရဟန်းသည် ပတ္တမြားကို တောင်း၏၊ ရဟန်းသည် ပတ္တမြားကို အလိုရှိ၏" ဟု လျှင်မြန်စွာပင် (ထွက်) သွားလေ၏။

ရဟန်းတို့ နှစ်ကြိမ်မြောက်လည်း မဏိကဏ္ဍနဂါးမင်းသည် ဂင်္ဂါမြစ်ကိုကူး၍ ညီငယ်ရသေ့ထံသို့ ချဉ်းကပ်၏။

ရဟန်းတို့ ညီငယ်ရသေ့သည် မဏိကဏ္ဍနဂါးမင်းကို အဝေးမှလျှင် လာသည်ကို မြင်လတ်သော် မဏိကဏ္ဍနဂါးမင်းကို "နဂါးမင်း အကျွန်ုပ်အား ပတ္တမြားကို ပေးပါလော့ အကျွန်ုပ်သည် ပတ္တမြားကို အလိုရှိပါသည်" ဟု ပြောဆို၏။

ရဟန်းတို့ ထိုအခါ မဏိကဏ္ဍနဂါးမင်းသည် "ရဟန်းသည် ပတ္တမြားကို တောင်း၏၊ ရဟန်းသည် ပတ္တမြားကို အလိုရှိ၏" ဟု ထိုအရပ်မှပင် ပြန်လေ၏။

ရဟန်းတို့ သုံးကြိမ်မြောက်လည်း မဏိကဏ္ဍနဂါးမင်းသည် ဂင်္ဂါမြစ်ကို ကူး၏၊ ရဟန်းတို့ ညီငယ်ရသေ့သည် မဏိကဏ္ဍနဂါးမင်းအား ဂင်္ဂါမြစ်ကို ကူးလာသည်ကို မြင်လတ်သော် မဏိကဏ္ဍနဂါးမင်းကို "နဂါးမင်း အကျွန်ုပ်အား ပတ္တမြားကို ပေးပါလော့ အကျွန်ုပ်သည် ပတ္တမြားကို အလိုရှိပါသည်" ဟု ပြောဆို၏။

ရဟန်းတို့ ထိုအခါ မဏိကဏ္ဍ နဂါးမင်းသည် ညီငယ်ရသေ့ကို ဂါထာတို့ဖြင့်—

http://www.dhammadownload.com



"ငါ့အား ပြန့်ပြောမွန်မြတ်သော ထမင်းအဖျော်သည် (ဤ) ပတ္တမြားၜ၏ အကြောင်းကြောင့် ဖြစ်ပေါ်၏၊ ထို (ပတ္တမြား) ကို သင့်အား ပေးလိမ့်မည် မဟုတ်၊ သင်သည် အလွန်တောင်းတတ်သူ ဖြစ်၏၊ သင်၏ ကျောင်းသခ်မ်းသို့လည်း လာတော့မည် မဟုတ်။

ကျောက်၌ သွေးအပ်သော သန်လျက်လက်စွဲသူ လုလင်ပျိုသည် ငါ့ကို ခြိမ်းချောက်သကဲ့သို့ ပတ္တမြားကို တောင်း၍ ခြိမ်းချောက်လေပြီ၊ ထိုပတ္တမြားကို သင့်အား ပေးလိမ့်မည် မဟုတ်၊ သင်သည် အလွန်တောင်းတတ်သူ ဖြစ်၏၊ သင်၏ ကျောင်းသခ်မ်းသို့လည်း လာတော့မည်မဟုတ် ဟု ဆိုပြီ။

ရဟန်းတို့ ထို့နောက် မဏိကဏ္ဍနဂါးမင်းသည် "ရဟန်းသည် ပတ္တမြားကို တောင်း၏၊ ရဟန်းသည် ပတ္တမြားကို အလိုရှိ၏" ဟု ဖဲသွား၏၊ ထိုသို့ ဖဲသွားတိုင်းသာ ဖဲသွား၏၊ တဖန် ပြန်မလာတော့ပေ။

ရဟန်းတို့ ထိုအခါ ညီငယ်ရသေ့သည် မြင်နေကျ ထိုနဂါးကို မမြင်ရသဖြင့် ရှေးကထက်တိုး၍ ပိန်ကြုံ၏၊ အသွေးအသား ခေါင်းပါး၏၊ ရုပ်အဆင်းပျက်၏၊ (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိ၏၊ (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိ၏၊ ရဟန်းတို့ နောင်တော်ရသေ့သည် ရှေးကထက်တိုး၍ ပိန်ကြုံသော အသွေးအသား ခေါင်းပါးသော ရုပ်အဆင်းပျက်သော (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိသော (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသော ညီငယ်ရသေ့ကို မြင်ပြီးနောက် ညီငယ်ရသေ့အား—

"ညီငယ် သင်သည် အဘယ့်ကြောင့် ရှေးကထက်တိုး၍ ပိန်ကြုံသနည်း၊ အသွေးအသား ခေါင်းပါးသနည်း၊ ရုပ်အဆင်းပျက်သနည်း၊ (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိသနည်း၊ (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသနည်း" ဟု ပြောဆို၏။

နောင်တော် အကျွန်ုပ်သည် ထိုမြင်နေကျ နဂါးကို မမြင်ရသဖြင့် ရှေးကထက်တိုး၍ ပိန်ကြုံပါသည်၊ အသွေးအသား ခေါင်းပါးပါသည်၊ ရုပ်အဆင်းပျက်ပါသည်၊ (ဖက်ရွက်လျော်ကဲ့သို့) ဖြော့တော့သော အဆင်းရှိပါသည်၊ (ကွန်ရက်ကို ဖြန့်ခင်းသကဲ့သို့) အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိပါသည် ဟု ပြောဆို၏။

ရဟန်းတို့ ထိုအခါ နောင်တော်ရသေ့သည် ညီငယ်ရသေ့ကို ဂါထာဖြင့်—

"အကြင်သူအား ချစ်အပ်သော အကြင်ဝတ္ထုသည် ရှိ၏၊ ထိုသူ၏ ထိုဝတ္ထုကို နှစ်သက်မြတ်နိုးသော်လည်း မတောင်းရာ၊ အလွန် တောင်းခြင်းကြောင့် မုန်းခြင်းသည် ဖြစ်၏၊ သူမြတ်သည် နဂါးအား ပတ္တမြားကို တောင်း၏၊ ထိုနဂါးကို မမြင်ရခြင်းသို့သာလျှင် ရောက်လေ၏" ဟု ဆိုပြီ။

ရဟန်းတို့ တိရစ္ဆာန်ဖြစ်ကြသော ထိုသတ္တဝါတို့သည်ပင် တောင်းခြင်းကို မနှစ်သက်ကြကုန်၊ အရိပ်နိမိတ် ပြခြင်းကို မနှစ်သက်ကြကုန်၊ လူဖြစ်သူတို့အား အဘယ်ဆိုဘွယ်ရာ ရှိမည်နည်း။

၃၄၅။ ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား ရဟန်းတပါးသည် ဟိမဝန္တာ တောင်နံပါး တောအုပ်တခု၌ နေ၏၊ ရဟန်းတို့ ထိုတောအုပ်၏အနီး၌ ကြီးစွာသော နိမ့်ရှိုင်းသော ညွန်အိုင် (ရှိ၏)၊ ရဟန်းတို့ ထိုအခါ များစွာသော ငှက်အုပ်ကြီးသည် ထိုညွန်အိုင်၌ တနေ့ပတ်လုံး ကျက်စားလှည့်လည်၍ ညချမ်း၌ ထိုတောအုပ်သို့ နေခြင်းငှါ ချဉ်းကပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ ထိုရဟန်းသည် ထိုငှက်အုပ်ကြီး၏ အသံသည် ပြင်းစွာ နှိပ်စက်သည် ဖြစ်၍ ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့ကို ရှိသေစွာ ရှိခိုး၍ တခုသော နေရာ၌ ထိုင်၏၊ရဟန်းတို့ တခုသောနေရာ၌ ထိုင်ပြီးသော ထိုရဟန်းအား ငါသည်-

"ရဟန်း ခံ့ကျန်းပါ၏လော မျှတပါ၏လော မပင်ပန်းပဲ အခွန့်ရှည် (ခရီး) သို့ လာခဲ့ရပါ၏လော၊ ရဟန်း သင်သည် အဘယ်မှလည်း လာခဲ့ပါသနည်း" ဟု မေး၏။

ခံ့ကျန်းပါသည် မြတ်စွာဘုရား၊ မျှတပါသည် မြတ်စွာဘုရား၊ အသျှင်ဘုရား အကျွန်ုပ်သည် မပင်ပန်းပဲ အခွန့်ရှည် (ခရီး)သို့လာခဲ့ရပါသည်၊ အသျှင်ဘုရား ဟိမဝန္တာ တောင်နံပါး၌ တော အုပ်ကြီးရှိပါသည်၊ အသျှင်ဘုရား ထိုတောအုပ်၏အနီး၌ ကြီးသော နိမ့်ရှိုင်းသော ညွှန်အိုင်ရှိပါသည်၊ အသျှင်ဘုရား ထိုအခါ များစွာသော ငှက်အုပ်ကြီးသည် ထိုညွှန်အိုင်၌ တနေ့ပတ်လုံး ကျက်စား လှည့်လည်၍ ညချမ်း၌ ထိုတောအုပ်သို့ နေခြင်းငှါ ချဉ်းကပ်ပါသည်၊ မြတ်စွာဘုရား အကျွန်ုပ်သည် ထိုအရပ်မှ ထိုငှက်အုပ်ကြီး၏ အသံသည် နှိပ်စက်သည်ဖြစ်၍ လာခဲ့ပါသည် ဟု (လျှောက်၏)။

ရဟန်း သင်သည် ထိုငှက်အုပ်ကြီး၏ မလာခြင်းကို အလိုရှိသလော ဟု (မေးတော်မူရာ)

မြတ်စွာဘုရား အကျွန်ုပ်သည် ထိုငှက်အုပ်ကြီး၏ မလာခြင်းကို အလိုရှိပါသည် ဟု (လျှောက်၏)။

ရဟန်း သို့ဖြစ်လျှင် သင်သည် ထိုအရပ်သို့သွားလျက် ထိုတောအုပ်သို့ဝင်၍ ညဉ့်ဦးယာမ်၌ သုံးကြိမ်တိုင်တိုင် အသံကို ကြွေးကြော်လော့။

"ငှက်အပေါင်းတို့ အကျွန်ုပ်၏ (စကားကို) နားထောင်ကြကုန်လော့၊ အကြင်မျှလောက် ကုန်သော ငှက်တို့သည် ဤတောအုပ်၌ နေခြင်းသို့ ကပ်ရောက်ကုန်၏၊ ငါသည် အတောင်ကို အလိုရှိ၏၊ ငှက်အပေါင်းတို့ ငါ့အားတတောင်စီ တတောင်စီ ပေးကြကုန်လော့ ဟု ကြွေးကြော်လော့။ သန်းခေါင်ယာမ်၌ မိုးသောက်ယာမ်၌ သုံးကြိမ်တိုင်တိုင် အသံကို ကြွေးကြော်လော့။ ငှက်အပေါင်းတို့ အကျွန်ုပ်၏ (စကားကို) နားထောင်ကြကုန်လော့၊ အကြင်မျှလောက်ကုန်သော ငှက်တို့သည် ဤ တောအုပ်၌ နေခြင်းသို့ ကပ်ရောက်ကုန်၏၊ ငါသည် အတောင်ကို အလိုရှိ၏၊ ငှက်အပေါင်းတို့ ငါ့အား တတောင်စီ တတောင်စီ ပေးကြကုန်လော့" ဟု (အသံကိုကြွေးကြော်လော့ ဟု မိန့်တော်မူ၏)။

ရဟန်းတို့ ထိုအခါ၌ ထိုရဟန်းသည် ထိုအရပ်သို့သွားလျက် ထိုတောအုပ်သို့ ဝင်၍ ညဉ့်ဦးယာမ်၌ သုံးကြိမ်တိုင်တိုင် အသံကို ကြွေးကြော်၏၊ "ငှက်အပေါင်းတို့ အကျွန်ုပ်၏ (စကားကို) နားထောင်ကြကုန်လော့၊ အကြင်မျှလောက်သော ငှက်တို့သည် ဤတောအုပ်၌ နေခြင်းသို့ ကပ်ရောက်ကုန်၏၊ ငါသည် အတောင်ကိုအလိုရှိပါ၏၊ ငှက်အပေါင်းတို့ ငါ့အား တတောင်စီ တတောင်စီ ပေးကြကုန်လော့" ဟု အသံကို ကြွေးကြော်၏၊ သန်းခေါင်ယာမ်၌ မိုးသောက်ယာမ်၌ သုံးကြိမ်တိုင်တိုင် အသံကို ကြွေးကြော်၏၊ "ငှက်အပေါင်းတို့ အကျွန်ုပ်၏ (စကားကို) နားထောင်ကြကုန်လော့၊ အကြင်မျှလောက်ကုန်သော ငှက်တို့သည် ဤ တောအုပ်၌ နေခြင်းသို့ ကပ်ရောက်ကုန်၏၊ ငါသည် အတောင်ကို အလိုရှိ၏၊ ငါ့အားတတောင်စီ တတောင်စီ ပေးကြကုန်လော့" ဟု အသံကို ကြွေးကြော်လေ၏။

ရဟန်းတို့ ထိုအခါ ထို ငှက်အုပ်ကြီးသည် "ရဟန်းသည် အတောင်ကို တောင်း၏၊ ရဟန်းသည် အတောင်ကို အလိုရှိ၏" ဟု ထို တောအုပ်မှ ဖဲသွားလေပြီ၊ ထိုသို့ ဖဲသွားတိုင်းသာ ဖဲသွား၏၊ တဖန်ပြန် မလာတော့ပေ။

http://www.dhammadownload.com



ရဟန်းတို့ တိရစ္ဆာန်ဖြစ်သော ထိုသတ္တဝါတို့သည်ပင် တောင်းခြင်းကို မနှစ်သက်ကြကုန်၊ အရိပ်နိမိတ်ပြခြင်းကို မနှစ်သက်ကြကုန်၊ လူဖြစ်သူတို့အားကား အဘယ်ဆိုဖွယ်ရာ ရှိမည်နည်း။

၃၄၆။ ရဟန်းတို့ ရှေးဥ္ဆ ဖြစ်ဘူးသည်ကား ရဋ္ဌပါလ အမျိုးကောင်းသား၏ အဖသည် ရဋ္ဌပါလ အမျိုးသားကို ဂါထာဖြင့်—

"(ချစ်သား)ရဋ္ဌပါလ စင်စစ် ထိုလူအများတို့ကို ငါသည် မသိပါ၊ ထိုလူအများတို့သည် ငါ့ (ထံ) သို့ စုရုံးလာကြ၍ တောင်းကြကုန်၏၊ အဘယ့်ကြောင့် သင်သည် ငါ့ကို မတောင်းသနည်း" ဟု ဆို၏။

"ဖခင် တောင်းတတ်သူသည် မုန်းဖွယ်ရာဖြစ်၏၊ တောင်းသည်ကို မပေးသောသူသည်လည်း မုန်းဖွယ်ရာပင်ဖြစ်၏၊ အကျွန်ုပ်အား မုန်းခြင်း မဖြစ်စေလိုသောကြောင့် အကျွန်ုပ်သည် သင့်ကို မတောင်းပါ" ဟု (ပြန်ပြော၏)။

ရဟန်းတို့ ထိုရဋ္ဌပါလ အမျိုးကောင်းသားသည် မိမိအဖကို စင်လျက် ဤသို့ ဆိုတုံသေး၏၊ လူ (သူစိမ်း)သည် လူ (သူစိမ်း) ကိုကား အဘယ်ဆိုဖွယ်ရှိမည်နည်း။

၃၄၇။ ရဟန်းတို့ လူတို့သည် စည်းစိမ် 'ဥစ္စာ' တို့ကို ခဲယဉ်းစွာစုဆောင်းအပ်ကုန်၏၊ စုဆောင်းအပ်ပြီးသော စည်းစိမ်ဥစ္စာတို့ကိုလည်း ခဲယဉ်းစွာ စောင့်ရှောက်အပ်ကုန်၏၊ (မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ားတို့ သင်တို့သည် ဤသို့ ခဲယဉ်းစွာ စုဆောင်းအပ်ကုန်သော စုဆောင်းအပ်ပြီးသော်လည်း ခဲယဉ်းစွာစောင့်ရှောက်အပ်ကုန်သော ထိုစည်းစိမ်တို့၌ "ယောကျ်ားကို ပေးကြကုန်လော့ ယောကျ်ား၏ လက်မှုကိစ္စကို ပေးကြကုန်လော့ နွားကိုပေးကြကုန်လော့ လှည်းကိုပေးကြကုန်လော့ ပဲခွပ်ကိုပေးကြကုန်လော့ ပုဆိန်ကိုပေးကြကုန်လော့ ဓားမကိုပေးကြကုန်လော့ ပေါက်တူးကိုပေးကြကုန်လော့ စူးဆောက်ကို ပေးကြကုန်လော့ နွယ်ကို ပေးကြကုန်လော့ ဝါးကို ပေးကြကုန်လော့ ဖြူဆံမြက်ကို ပေးကြကုန်လော့ ပြိတ်မြက်ကို ပေးကြကုန်လော့ (ကြွင်းသော) မြက်ကို ပေးကြကုန်လော့ မြေညက်ကို ပေးကြကုန်လော့" ဟု အတောင်းများကြကုန်၍ အရိပ်နိမိတ်ပြခြင်း များကြကုန်၍ နေကြတုံဘိ၏။

(မင်္ဂိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။ ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၀။ ၆-၃၄၈။ "ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုဖြင့် (ဆောက်လုပ်သူဒါယကာ) အရှင်မရှိသော မိမိ ဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကျောင်းကို ဆောက်လုပ်စေလိုသော ရဟန်းသည်ကား အတိုင်းအရှည်ပမာဏရှိသောကျောင်းကို ဆောက်လုပ်စေအပ်၏။**

**ဤ (ဆိုလတ္တံ့) ကား ထိုကျောင်း၏အတိုင်းအရှည် ပမာဏတည်း၊ မြတ်စွာဘုရား အထွာတော်ဖြင့် အလျား ဆဲ့နှစ်ထွာ အနံ ခုနစ်ထွာတို့တည်း၊ ရဟန်းတို့ကို ကျောင်းရာကြားစေရန် ပင့်ဆောင်အပ်ကုန်၏၊ ထိုရဟန်းတို့သည် (ပိုးရွခြပုန်းစသော) ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းရာကိုကြားအပ်ကုန်၏၊ရဟန်းသည် (ပိုးရွခြပုန်းစသော) ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းရာ၌ ကိုယ်**

http://www.dhammadownload.com



**တိုင်တောင်းအပ်သော အရာဝတ္ထုဖြင့် ကျောင်းကိုဆောက်လုပ်စေခြင်းအံ့၊ ရဟန်းတို့ကိုလည်း ကျောင်းရာကြားခြင်းငှါ မပင့်ဆောင်ခြင်းအံ့၊ အတိုင်းအထွာပမာဏကိုလည်း လွန်စေခြင်းအံ့၊ သံဃာဒိသိသ် အာပတ်သင့်၏”** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ကုဋိကာရသိက္ခာပုဒ် အဖွင့်

၃၄၉။ **ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထု** မည်သည် ယောကျ်ားကိုင်း ယောကျ်ား၏ လက်မှုကိစ္စကိုင်း နွားကိုင်း လှည်းကိုင်း ပဲခွပ်ကိုင်း ပုဆိန်ကိုင်း ဓားမကိုင်း ပေါက်တူးကိုင်း စူးဆောက်ကိုင်း နွယ်ကိုင်း ဝါးကိုင်း ဖြူဆံမြက်ကိုင်း ပြိတ်မြက်ကိုင်း (ကြွင်းသော) မြက်ကိုင်း မြေညက်ကိုင်း ကိုယ်တိုင်တောင်း၍။

**ကျောင်း** မည်သည် အတွင်း၌လိမ်းကျံအပ်သော ကျောင်းသော်ငင်း အပ၌လိမ်းကျံအပ်သော ကျောင်းသော်ငင်း အတွင်းအပ၌ လိမ်းကျံအပ်သော ကျောင်းသော်ငင်းတည်း။

**ဆောက်လုပ်စေလိုသော** ဟူသည် ဆောက်လုပ်သော ရဟန်းသည်ငင်း ဆောက်စေသော ရဟန်း သည်ငင်း။

**(ဆောက်လုပ်သူ ဒါယကာ) အရှင်မရှိသော** ဟူသည် မိန်းမ ယောကျ်ား လူ ရဟန်း ဟူသော အခြားတဦးတယောက် အရှင်သည် မရှိ။

**မိမိ ဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ် ရှိသော** ဟူသည် မိမိ၏ အလို့ငှါ။

**အတိုင်းအရှည် ပမာဏရှိသော ကျောင်းကို ဆောက်လုပ်စေအပ်၏၊ ဤ (ဆိုလတ္တံ့) ကား ထိုကျောင်း၏ အတိုင်းအရှည် ပမာဏတည်း၊ မြတ်စွာဘုရား အထွာတော်ဖြင့် အလျား ဆဲ့နှစ်ထွာ** ဟူသည် အပ၌ ဖြစ်သော အတိုင်းအရှည်ဖြင့်။

**အနံ ခုနစ်ထွာတို့** ဟူသည် အတွင်းကျသော အတိုင်းအရှည်ဖြင့်။

**ကျောင်းရာကို ကြားခြင်းငှါ ရဟန်းတို့ကို ပင့်ဆောင်အပ်ကုန်၏** ဟူသည် ထိုကျောင်းဆောက် လုပ်သော ရဟန်းသည် ကျောင်းရာကို သုတ်သင်၍ သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံ 'ကေသီ' ကို စံပယ် တင်၍ ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင် လျက် လက်အုပ်ကို မြှောက်ချီပြီးလျှင်–

> “အသျှင်ဘုရားတို့ အကျွန်ုပ်သည် ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုဖြင့် (ဆောက်လုပ် သူ ဒါယကာ) အရှင်မရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကျောင်းကို ဆောက်လုပ်လိုပါသည်၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို ကျောင်းရာကြည့်ရန် တောင်းပန်ပါသည်” ဟု လျှောက်ရာ၏။

နှစ်ကြိမ်မြောက်လည်း တောင်းပန်ရမည်၊ သုံးကြိမ်မြောက်လည်း တောင်းပန်ရမည်။

အကယ်၍ သံဃာအားလုံးသည် ကျောင်းရာကို ကြည့်ခြင်းငှါ တတ်နိုင်အံ့၊ သံဃာအားလုံးသည် ကြည့်ရမည်၊ အကယ်၍ သံဃာ အားလုံးသည် ကျောင်းရာကို ကြည့်ခြင်းငှါ မတတ်နိုင်အံ့၊ ထိုရဟန်းတို့ တွင် အကြင်ရဟန်းတို့သည် ဘေးရန် ရှိမရှိ လှည်းလှည့်လည်လောက်သော ဥပစာ ရှိမရှိကို သိခြင်းငှါ လိမ္မာကုန်၏၊ စွမ်းနိုင်ကုန်၏၊ ထိုရဟန်းတို့ကို တောင်းပန်၍ သမုတ်ရမည်။

ရဟန်းတို့ ဤသို့လျှင် သမုတ်ရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

http://www.dhammadownload.com



၃၅၀။ "အသျှင်ဘုရားတို့ သံဃာတော်သည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုဖြင့် (ဆောက်လုပ်သူဒါယကာ) အရှင်မရှိသော မိမိ ဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကျောင်းကို ဆောက်လုပ်လို၏၊ ထိုရဟန်းသည် သံဃာကို ကျောင်းရာကြည့်ရန် တောင်းပန်၏၊ သံဃာအား အကယ်၍ လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်အံ့၊ သံဃာသည် ဤမည် ဤမည်သော ရဟန်းတို့ကို ဤမည်သော (ရဟန်း) ၏ ကျောင်းရာကို ကြည့်ခြင်းငှါ သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုဖြင့် (ဆောက်လုပ်သူ ဒါယကာ) အရှင်မရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကျောင်းကို ဆောက်လုပ်လို၏၊ ထိုရဟန်းသည် သံဃာကို ကျောင်းရာကြည့်ရန် တောင်းပန်၏၊ သံဃာသည် ဤမည် ဤမည်သော ရဟန်းတို့ကို ဤမည်သော ရဟန်း၏ ကျောင်းရာကို ကြည့်ခြင်းငှါ သမုတ်၏၊ အကြင်အသျှင်အား ဤမည်ဤမည်သော ရဟန်းတို့ကို ဤမည်သော ရဟန်း၏ ကျောင်းရာကို ကြည့်ရန် သမုတ်ခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် (အသျှင်) အား နှစ်သက် ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည် ဤမည်သော ရဟန်းတို့ကို ဤမည်သော ရဟန်း၏ ကျောင်းရာကို ကြည့်ရန် သမုတ်အပ်ပြီ၊ သံဃာတော်အား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့(ဆိတ်ဆိတ်နေသဖြင့်)ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၃၅၁။ ထိုသမ္မုတိရပြီးသော ရဟန်းတို့သည် ထို (အရပ်) သို့ သွား၍ ကျောင်းရာကို ကြည့်ရမည်၊ ဘေးရန် ရှိမရှိ လှည်းလှည့်လည်လောက်သော ဥပစာ ရှိမရှိ သိရှိရမည်၊ အကယ်၍ ဘေးရန်ရှိသည် လှည်းလှည့်လည်လောက်သော ဥပစာမရှိသည်ဖြစ်အံ့၊ "ဤအရပ်၌ မဆောက်လင့်" ဟု ပြောရမည်၊ အကယ်၍ ဘေးရန်မရှိ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်ဖြစ်အံ့၊ သံဃာအား "ဘေးရန်မရှိ လှည်းလှည့်လည်လောက်သော ဥပစာ ရှိ၏" ဟု လျှောက်ကြားရမည်၊ ထိုကျောင်းဆောက်လုပ်သော ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံ (ကောသီ) ကို စံပယ်တင်၍ ကြီးကုန်သော ရဟန်းတို့၏ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်မြှောက်ချီပြီးလျှင်—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုဖြင့် (ဆောက်လုပ်သူ ဒါယကာ) အရှင်မရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကျောင်းကို ဆောက်လုပ်လိုပါသည်၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို ကျောင်းရာကြားခြင်းကို တောင်းပန်ပါသည်" ဟု လျှောက်ရာ၏။

နှစ်ကြိမ်မြောက်လည်း တောင်းပန်ရမည်၊ သုံးကြိမ်မြောက်လည်း တောင်းပန်ရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၃၅၂။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုဖြင့် (ဆောက်လုပ်သူ ဒါယကာ) အရှင်မရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကျောင်းကို ဆောက်လုပ်လို၏၊ ထို

http://www.dhammadownload.com



(ရဟန်း) သည် သံဃာကို ကျောင်းရာကြားခြင်းကို တောင်းပန်၏၊ သံဃာအား အကယ်၍ လျောက်ပတ်သော အခါရှိသော ကံသည် ဖြစ်အံ့၊ သံဃာသည် ဤမည်သော ရဟန်း၏ ကျောင်းရာကို ကြားရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထုဖြင့် (ဆောက်လုပ်သူ ဒါယကာ) အရှင်မရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပဋိလ်ရှိသော ကျောင်းကို ဆောက်လုပ်လို၏၊ ထို (ရဟန်း) သည် သံဃာကို ကျောင်းရာကြားခြင်းကို တောင်းပန်၏၊ သံဃာသည် ဤမည်သော ရဟန်း၏ ကျောင်းရာကို ကြား၏၊ အကြင် အသျှင်အား ဤမည်သော ရဟန်း၏ ကျောင်းရာ ကြားခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် (အသျှင်) အား နှစ်သက်ခြင်းမရှိ၊ ထို (အသျှင်) သည် ပြောဆိုရာ၏။

သံဃာတော်သည် ဤမည်သောရဟန်း၏ ကျောင်းရာကို ကြားအပ်ပြီ၊ သံဃာတော်အား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၃၅၁။ **ဘေးရန်ရှိသည်** မည်သည် ပရွက်ဆိတ်တို့၏သော်လည်း နေရာဖြစ်၏၊ ခြတို့၏သော်လည်း နေရာဖြစ်၏၊ ကြွက်တို့၏သော်လည်း နေရာဖြစ်၏၊ မြွေတို့၏သော်လည်း နေရာဖြစ်၏၊ ကင်းမြီးကောက် (ကင်းပုဇွန်) တို့၏သော်လည်း နေရာဖြစ်၏၊ ကင်းခြေများတို့၏ သော်လည်း နေရာဖြစ်၏၊ ဆင်တို့၏ သော်လည်း နေရာဖြစ်၏၊ မြင်းတို့၏သော်လည်း နေရာဖြစ်၏၊ ခြင်္သေ့တို့၏သော်လည်း နေရာဖြစ်၏၊ ကျားတို့၏သော်လည်း နေရာဖြစ်၏၊ သစ်တို့၏သော်လည်း နေရာဖြစ်၏၊ ဝံတို့၏သော်လည်း နေရာဖြစ်၏၊ အောင်းတို့၏သော်လည်း နေရာဖြစ်၏၊ အမှတ်မရှိသော တိရစ္ဆာန် ဖြစ်သော သတ္တဝါတို့၏ နေရာဖြစ်၏၊ ကောက်စပါးခင်းကိုမူလည်း မှီ၏၊ ပဲခင်းကိုမူလည်း မှီ၏၊ ခိုးသူသတ်ရာ ထောင်ကိုမူလည်း မှီ၏၊ လူသတ်ရာ သူသတ်ကုန်းကိုမူလည်း မှီ၏၊ သူကောင်မြှုပ်ရာ သင်းချိုင်းကိုမူလည်း မှီ၏၊ ဥယျာဉ်ကိုမူလည်း မှီ၏၊ မင်းနေရာကိုမူလည်း မှီ၏၊ ဆင်တင်းကုပ်ကိုမူလည်း မှီ၏၊ မြင်းတင်းကုပ်ကိုမူလည်း မှီ၏၊ နှောင်အိမ်ကိုမူလည်း မှီ၏၊ သေတင်းကုပ်ကိုမူလည်း မှီ၏၊ အမဲသတ် (တင်းကုပ်) ကိုမူလည်း မှီ၏၊ ခရီးလမ်းကိုမူလည်း မှီ၏၊ ခရီးဆုံကိုမူလည်း မှီ၏၊ သဘင်ကိုမူလည်း မှီ၏၊ ထုတ်ချင်းထွင်းသော ခရီးကိုမူလည်း မှီ၏၊ ဤသည်ကား ဘေးရန်ရှိသည် မည်၏။

**လှည်းလှည့်လည်လောက်သော ဥပစာမရှိ** မည်သည် က-မြဲတိုင်းသော လှည်းဖြင့် လှည့်ပတ်၍ သွားခြင်းငှါသော်၎င်း ထက်ဝန်းကျင်မှ လှေကားဖြင့် လှည့်ပတ်ခြင်းငှါသော်၎င်း မတတ်နိုင်၊ ဤသည်ကား လှည်းလှည့်လည်လောက်သော ဥပစာမရှိသည် မည်၏။

**ဘေးရန်မရှိ** မည်သည် ပရွက်ဆိတ်တို့၏သော်လည်း နေရာမဟုတ်၊ ခြတို့၏သော်လည်း နေရာမဟုတ်၊ ကြွက်တို့၏သော်လည်း နေရာမဟုတ်၊ မြွေတို့၏သော်လည်း နေရာမဟုတ်၊ ကင်းမြီးကောက်တို့၏ သော်လည်း နေရာမဟုတ်၊ ကင်းခြေများတို့၏ သော်လည်း နေရာမဟုတ်။ပ။ ထုတ်ချင်းထွင်းသော ခရီးလမ်းကိုမူ လည်း မမှီ၊ ဤသည်ကား ဘေးရန်မရှိသည်မည်၏။

**လှည်းလှည့်လည်လောက်သော ဥပစာရှိ** မည်သည် က-မြဲတိုင်းသော လှည်းဖြင့် လှည့်ပတ်၍ သွားခြင်းငှါသော်၎င်း ထက်ဝန်းကျင်မှ လှေကားဖြင့် လှည့်ပတ်ခြင်းငှါသော်၎င်း တတ်နိုင်၏၊ ဤသည်ကား လှည်းလှည့်လည်လောက်သော ဥပစာရှိသည်မည်၏။

http://www.dhammadownload.com



**ကိုယ်တိုင်တောင်းအပ်သော အရာဝတ္ထု** မည်သည် ယောကျ်ားကိုဥင်း ယောကျ်ား၏ လက်မှုကိစ္စကိုဥင်း။ပ။ စူးဆောက်ကိုဥင်း ကိုယ်တိုင်တောင်း၍။

**ကျောင်း** မည်သည် အတွင်း၌ လိမ်းကျံအပ်သော ကျောင်းသော်ဥင်း အပ၌လိမ်းကျံအပ်သော ကျောင်းသော်ဥင်း အတွင်းအပ၌ လိမ်းကျံအပ်သော ကျောင်းသော်ဥင်းတည်း။

**ဆောက်လုပ်စေငြားအံ့** ဟူသည် (ကိုယ်တိုင်)ဆောက်လုပ်သည်ဖြစ်စေ (သူတပါးကို) ဆောက်လုပ်စေသည်ဖြစ်စေ။

**ကျောင်းရာကိုကြားခြင်းငှါ ရဟန်းတို့ကိုသော်လည်း မပင့်ဆောင်ငြားအံ့ အတိုင်းအရှည် ပမာဏကိုသော်လည်း လွန်စေငြားအံ့** ဟူသည် ဉတ္တိဒုတိယကံဖြင့် ကျောင်းရာကို မကြားစေမူ၍ အလျားမှုသော်ဥင်း အနံမှုသော်ဥင်း အယုတ်သဖြင့် ဆံခြည်ဖျားမျှကိုလည်း လွန်စေ၍ (ကိုယ်တိုင်) ဆောက်လုပ်သည်ဖြစ်စေ (သူတပါးကို) ဆောက်လုပ်စေသည်ဖြစ်စေ လုံ့လပြုတိုင်း ဒုက္ကဋ်အာပတ်သင့်၏၊ တခုသော မြေစိုင်သို့ မရောက်မီ ထုလ္လစ္စဉ်း အာပတ်သင့်၏၊ ထိုနောက်ဆုံး မြေစိုင် ရောက်လတ်သော် သံဃာဒိသိသ် အာပတ်သင့်၏။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၃၅၄။ ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

၃၅၅။ ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်အံ့၊ အာပတ် မသင့်။

**ရဟန်းသည် အတိုင်းအရှည် ပမာဏကိုလွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ်နှစ်ချက်သင့်၏။**

http://www.dhammadownload.com



ရဟန်းသည် အတိုင်းအရှည်ပမာဏကို လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းသည် အတိုင်းအရှည် ပမာဏထက်လွန်သော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းသည် အတိုင်းအရှည် ပမာဏထက်လွန်သော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရဟန်းသည် အတိုင်းအရှည် ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

ရဟန်းသည် အတိုင်းအရှည် ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းသည် အတိုင်းအရှည် ပမာဏရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းသည် အတိုင်းအရှည် ပမာဏရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်အံ့၊ အာပတ် မသင့်။

ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည် ပမာဏထက်လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ် နှစ်ချက်နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည် ပမာဏထက် လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ် နှစ်ချက်နှင့် ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏထက်လွန်သော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ် နှစ်ချက်နှင့် ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏထက်လွန်သော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ် အာပတ်နှစ်ချက် သင့်၏။

ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ်အာပတ်နှစ်ချက် သင့်၏။

ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကိုဆောက်လုပ်အံ့၊ အာပတ် မသင့်။

၃၅၆။ ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၏၊ မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် နှစ်ချက် သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၏၊ ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သောဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကိုဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင် ညွှန်း၏၊ အတိုင်းအရှည် ပမာဏထက် လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကိုဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍၊ အတိုင်းအရှည် ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍၊ မကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏထက်လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် နှစ်ချက်နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှစ်ချက်နှင့် ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှစ်ချက်နှင့် ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်အာပတ် နှစ်ချက်သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍၊ ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

၃၅၇။ ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်ဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာ ရှိသည်လည်းဖြစ်စေ" ဟု ကား ကိုယ်တိုင်မညွှန်း၊ မကြားအပ်သော

http://www.dhammadownload.com



ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

"ရဟန်းသည် အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု ကား ကိုယ်တိုင်မညွှန်း၊ ကြားအပ်သောကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ဖဲသွား၏၊ "အတိုင်းအရှည် ပမာဏရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟု ကား ကိုယ်တိုင် မညွှန်း၊ အတိုင်းအရှည်ပမာဏထက် လွန်သော ဘေးရန် ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် နှင့် ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ်သင့်၏။ ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်၏၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ်သင့်၏။ ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ကျောင်း ကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "အတိုင်းအရှည် ပမာဏရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်

http://www.dhammadownload.com



သော ဥပစာရှိသည်ဖြစ်စေ" ဟု ကား ကိုယ်တိုင် မညွှန်း၊ အတိုင်းအရှည် ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည် လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာ ရှိသည်လည်းဖြစ်စေ အတိုင်းအရှည် ပမာဏ ရှိသည်လည်း ဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု ကား ကိုယ်တိုင်မညွှန်း၊ မကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏထက်လွန်သောဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် နှစ်ချက်နှင့် ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။ပ။

ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် နှစ်ချက်နှင့် ဒုက္ကဋ် အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် နှစ်ချက်နှင့် ဒုက္ကဋ် အာပတ် သင့်၏။ ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်အာပတ် နှစ်ချက် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ အတိုင်းအရှည် ပမာဏရှိသည်လည်း ဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု ကား ကိုယ်တိုင်မညွှန်း၊ ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကိုဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။

ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



၃၅၈။ ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ငါ၏ ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ ဘေးရန် မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည် တမန်ကိုသော်လည်း စေရမည်၊ အကယ်၍ ကိုယ်တိုင်သော်လည်း မသွားငြားအံ့၊ တမန်ကိုသော်လည်း မစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ ဘေးရန်မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည် လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာ ရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာ ရှိသော ငါ၏ ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်း ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်းစေရမည်၊ အကယ်၍ ကိုယ်တိုင်သော်လည်း မသွားငြားအံ့၊ တမန်ကိုသော်လည်း မစေငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည် လောက်သော ဥပစာ ရှိသည်လည်းဖြစ်စေ" ဟုလည်း ကိုယ်တိုင်ညွှန်း၏၊ မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ငါ၏ ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာ ရှိသည်လည်း ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်၊ အကယ်၍ ကိုယ်တိုင်သော်လည်း မသွားငြားအံ့၊ တမန်ကိုသော်လည်း မစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကိုဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ ဘေးရန် မရှိသည်လည် ဖြစ်စေ လှည်းလှည့်လည် လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ မကြားအပ်သော ကျောင်း ရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ထိုရဟန်း၏ ကျောင်း ကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိ သော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ငါ၏ ကျောင်းကို ဆောက်လုပ်သတတ်" ဟု

http://www.dhammadownload.com



ကြား၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသည်ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်၊ အကယ်၍ ကိုယ်တိုင်သော်လည်း မသွားငြားအံ့၊ တမန်ကိုသော်လည်း မစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာ ရှိသည်လည်းဖြစ်စေ" ဟုလည်း ကိုယ်တိုင်ညွှန်း၏၊ ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ငါ၏ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "ဘေးရန် မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်၊ အကယ်၍ ကိုယ်တိုင်သော်လည်း မသွားငြားအံ့၊ တမန်ကိုသော်လည်း မစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟုလည်း ကိုယ်တိုင်ညွှန်း၏၊ ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ငါ၏ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "ဘေးရန်မရှိသည်လည်း ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်၊ အကယ်၍ ကိုယ်တိုင်သော်လည်း မသွားငြားအံ့၊ တမန်ကိုသော်လည်း မစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ ဘေးရန် မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟုလည်း ကိုယ်တိုင်ညွှန်း၏၊ ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ငါ၏ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "လှည်းလှည့်လည်လောက်သော ဥပစာရှိသည်ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်၊ အကယ်၍ ကိုယ်တိုင်သော်လည်း မသွားငြားအံ့၊ တမန်ကိုသော်လည်း မစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ ဘေးရန် မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟုလည်း ကိုယ်တိုင်ညွှန်း၏၊ ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



၃၅၉။ ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "အတိုင်းအရှည် ပမာဏရှိသည်လည်း ဖြစ်စေ ဘေးရန် မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟု ကိုယ်တိုင်ညွှန်း၏၊ အတိုင်းအရှည် ပမာဏထက်လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "အတိုင်းအရှည် ပမာဏထက်လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ငါ၏ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာ ရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကို သော်လည်း စေရမည်။ပ။ "အတိုင်းအရှည်ပမာဏ ရှိသည်လည်း ဖြစ်စေ ဘေးရန် မရှိသည်လည်း ဖြစ်စေဟု ။ပ။ "အတိုင်းအရှည်ပမာဏ ရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာ ရှိသည်လည်း ဖြစ်စေ" ဟု ။ပ။ "အတိုင်းအရှည်ပမာဏ ရှိသည်ဖြစ်စေ" ဟု (ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်)၊ အကယ်၍ ကိုယ်တိုင်သော်လည်း မသွားငြားအံ့၊ တမန်ကိုသော်လည်း မစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "အတိုင်းအရှည်ပမာဏရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ " ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ အတိုင်းအရှည်ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောထိုရဟန်း၏ ကျောင်းကိုဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "အတိုင်းအရှည်ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ငါ၏ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်းသွားရမည်၊ တမန်ကိုသော်လည်းစေရမည်။ပ။ "ဘေးရန်မရှိသည်ဖြစ်စေ" ဟု ။ပ။ "လှည်းလှည့်လည်လောက်သော ဥပစာရှိသည်ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကို သော်လည်း စေရမည် (ထိုသို့ကိုယ်တိုင်သွားအံ့ စေအံ့) အာပတ် မသင့်။

၃၆၀။ ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ အတိုင်းအရှည် ပမာဏရှိသည်လည်း ဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ မကြားအပ်သော ကျောင်းရာရှိသော ပမာဏထက်လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "မကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏထက်လွန်သော ဘေးရန် ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောငါ၏ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏။ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ၊ အတိုင်းအရှည် ပမာဏ ရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည် လည်းဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်းသွားရမည်၊ တမန်ကိုသော်လည်း စေရမည်၊ပ။ "ကြားအပ် သော ကျောင်းရာ ရှိသည်လည်းဖြစ်စေ အတိုင်းအရှည် ပမာဏရှိသည်လည်းဖြစ်စေ ဘေးရန်မရှိ သည်လည်းဖြစ်စေ" ဟု ။ပ။ "ကြားအပ်သော ကျောင်းရာ ရှိသည်လည်းဖြစ်စေ အတိုင်းအရှည် ပမာဏရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု ။ပ။

http://www.dhammadownload.com



"ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ အတိုင်းအရှည် ပမာဏရှိသည်လည်း ဖြစ်စေ" ဟု (ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်)၊ အကယ်၍ ကိုယ်တိုင်သော်လည်း မသွားငြားအံ့၊ တမန်ကိုသော်လည်းမစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ အတိုင်းအရှည်ပမာဏရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ"ဟုလည်း ကိုယ်တိုင် ညွှန်း၏၊ ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည် ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ငါ၏ ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "ဘေးရန် မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု ။ပ။ "ဘေးရန်မရှိသည်ဖြစ်စေ" ဟု ။ပ။ "လှည်းလှည့်လည်လောက်သော ဥပစာရှိသည်ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည် (ထိုသို့ ကိုယ်တိုင်သွားအံ့ စေအံ့) အာပတ် မသင့်။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကိုဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သုံးချက်သင့်၏။

။ပ။ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ ( ရဟန်း) တို့အား ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ ( ရဟန်း) တို့အား ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "အတိုင်းအရှည် ပမာဏရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ အတိုင်းအရှည် ပမာဏ ထက်လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သုံးချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း)တို့အား ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "အတိုင်းအရှည် ပမာဏ ရှိသည်လည်းဖြစ်စေ ဘေးရန် မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ အတိုင်းအရှည် ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

"ရဟန်းသည် အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ အတိုင်းအရှည်ပမာဏရှိသည်လည်းဖြစ်စေ ဘေးရန် မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏။ မကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည် ပမာဏထက်လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် လေးချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သုံးချက်သင့်၏။

http://www.dhammadownload.com



။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ် အာပတ် သုံးချက်သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ အတိုင်းအရှည် ပမာဏရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟုလည်း ကိုယ်တိုင်ညွှန်း၏။ ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည်ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ကျောင်းဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

၃၆၁။ ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်၏၊ အကယ်၍ ထိုရဟန်းသည် ဆောက်လုပ်၍ မပြီးမီ လာအံ့၊ ထိုရဟန်းသည် ထိုကျောင်းကို အခြားသူအားလည်း ပေးရမည်၊ ဖျက်၍သော်လည်း တဖန် ဆောက်ရမည်၊ အကယ်၍ အခြားသူအားသော်လည်း မပေးငြားအံ့၊ ဖျက်၍ သော်လည်း တဖန်မဆောက်ငြားအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ အကယ်၍ ထိုရဟန်းသည် ဆောက်လုပ်၍ မပြီးမီ လာအံ့၊ ထိုရဟန်းသည် ထိုကျောင်းကို အခြားသူအားသော်လည်း ပေးရမည်၊ ဖျက်၍သော်လည်း တဖန်ဆောက်ရမည်၊ အကယ်၍ အခြားသူအားသော်လည်း မပေးငြားအံ့၊ ဖျက်၍သော်လည်း တဖန်မဆောက်ငြားအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ အကယ်၍ ထိုရဟန်းသည် ဆောက်လုပ်၍မပြီးမီ လာအံ့၊ ထိုရဟန်းသည် ထိုကျောင်းကို အခြားသူအားသော်လည်း ပေးရမည်၊ ဖျက်၍သော်လည်း တဖန် ဆောက်ရမည်၊ အကယ်၍ အခြားသူအားသော်လည်း မပေးငြားအံ့၊ ဖျက်၍သော်လည်း တဖန် မဆောက်ငြားအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ် ကုန်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက် လုပ်ကုန်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက် လုပ်ကုန်အံ့၊ အာပတ် မသင့်။

၃၆၂။ ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ အတိုင်းအရှည် ပမာဏထက်လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ အကယ်၍ ထိုရဟန်းသည် ဆောက်လုပ် ၍မပြီးမီ လာအံ့၊ ထိုရဟန်းသည် ထိုကျောင်းကို အခြားသူအားသော်လည်း ပေးရမည်၊ ဖျက်၍သော် လည်း တဖန်ဆောက်ရမည်၊ အကယ်၍ အခြားသူအား သော်လည်း မပေးငြားအံ့၊ ဖျက်၍သော်လည်း တဖန်မဆောက်ငြားအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ် ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက် လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက် လုပ်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ အတိုင်းအရှည်ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထို ရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ အကယ်၍ ထိုရဟန်းသည် ဆောက်လုပ်၍ မပြီးမီ လာအံ့၊ ထိုရဟန်းသည် ထိုကျောင်းကို အခြားသူအားသော်လည်း ပေးရမည်၊ ဖျက်၍ သော်လည်း တဖန် ဆောက်ရမည်၊ အကယ်၍ အခြားသူအားသော်လည်း မပေးငြားအံ့၊ ဖျက်၍ သော်လည်း တဖန် မဆောက်ငြားအံ့၊ ဒုက္ကဋ် အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ် ကုန်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

http://www.dhammadownload.com



။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကိုဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ မကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည် ပမာဏထက်လွန်သော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ အကယ်၍ ထိုရဟန်းသည် ဆောက်လုပ်၍ မပြီးမီ လာအံ့၊ ထိုရဟန်းသည် ထိုကျောင်းကို အခြားသူအားသော်လည်း ပေးရမည်၊ ဖျက်၍သော်လည်း တဖန်ဆောက်ရမည်၊ အကယ်၍ အခြားသူအားသော်လည်း မပေးငြားအံ့၊ ဖျက်၍သော်လည်း တဖန်မဆောက်ငြားအံ့၊ သံဃာဒိသိသ် နှစ်ချက်နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် နှစ်ချက်နှင့် ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် နှစ်ချက်နှင့် ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် နှစ်ချက်သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည် ပမာဏရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကိုဆောက်လုပ်ကုန်၏၊ အကယ်၍ ထိုရဟန်းသည် ဆောက်လုပ်၍ မပြီးမီ လာအံ့၊ ထိုရဟန်းသည် ထိုကျောင်းကို အခြားသူအား သော်လည်း ပေးရမည်၊ ဖျက်၍သော်လည်း တဖန်ဆောက်ရမည်၊ အကယ်၍ အခြားသူအားသော်လည်း မပေးငြားအံ့၊ ဖျက်၍သော်လည်း တဖန် မဆောက်ငြားအံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ ကြားအပ်သော ကျောင်းရာရှိသော အတိုင်းအရှည် ပမာဏရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

၃၆၃။ မိမိသည် ဆောက်လုပ်၍ မပြီးသေးသော ကျောင်းကို မိမိသည် ပြီးဆုံးစေအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



မိမိသည် ဆောက်လုပ်၍ မပြီးသေးသော ကျောင်းကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

သူတပါးတို့သည် ဆောက်လုပ်၍ မပြီးသေးသော ကျောင်းကို မိမိသည် ပြီးဆုံးစေအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

သူတပါးတို့သည် ဆောက်လုပ်၍ မပြီးသေးသော ကျောင်းကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

၃၆၄။ လိုဏ်၌ ဂူ၌ မြက်မိုးကျောင်း၌ အခြားသူ၏အလို့ငှါ ဆောက်လုပ်အပ်သော နေအိမ်ကို ထား၍ အားလုံးတို့၌ အာပတ် မသင့်။ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဆဋ္ဌ ကုဋိကာရသိက္ခာပုဒ် ပြီး၏။

---

## ၇-ဝိဟာရကာရသိက္ခာပုဒ်

၃၆၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကောသမ္ဗီမြို့ ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အသျှင်ဆန္န၏ အလုပ်အကျွေးဖြစ်သော သူကြွယ်သည် အသျှင်ဆန္နကို "အသျှင်ဘုရား ကျောင်းရာကို သိတော်မူလော့၊ အသျှင်ဘုရား အလို့ငှါ ကျောင်းကို ဆောက်လုပ်စေပါမည်" ဟု လျှောက်၏။

ထိုအခါ အသျှင်ဆန္နသည် ကျောင်းရာကို သုတ်သင်လတ်သော် ရွာသည် ပူဇော်အပ်သော နိဂုံးသည် ပူဇော်အပ်သော မြို့သည် ပူဇော်အပ်သော ဇနပုဒ်သည် ပူဇော်အပ်သော နိုင်ငံသည် ပူဇော်အပ်သော အမှတ်မရှိသော နတ်ကွန်းသစ်ပင်ကို ဖြတ်စေ၏။

"သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွာသည်ပူဇော်အပ်သော နိဂုံးသည် ပူဇော်အပ်သော မြို့သည် ပူဇော်အပ်သော ဇနပုဒ်သည် ပူဇော်အပ်သော နိုင်ငံသည် ပူဇော်အပ်သော နတ်ကွန်း သစ်ပင်ကို အဘယ့်ကြောင့် ဖြတ်စေကုန်ဘိသနည်း၊ သာကီဝင်မင်းသားဘုရား အနွယ်တော်ဖြစ်သော ရဟန်းတို့သည် တခုသော ဣန္ဒြေရှိသော အသက်ကို ညှဉ်းဆဲကုန်၏" ဟု လူတို့သည် ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုကြသော ထိုလူတို့၏ (စကားကို) ကြားကြကုန်၏၊ အလိုနည်းသောရဟန်းတို့သည် "အသျှင်ဆန္နသည် ရွာသည်ပူဇော်အပ်သော။ပ။ နိုင်ငံသည်ပူဇော်အပ်သော နတ်ကွန်းသစ်ပင်ကို အဘယ့်ကြောင့်ဖြတ်စေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် အသျှင်ဆန္နကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ပ။

"ဆန္န သင်သည် ရွာသည်ပူဇော်အပ်သော။ပ။ နိုင်ငံသည် ပူဇော်အပ်သော နတ်ကွန်းသစ်ပင်ကို ဖြတ်စေ၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်တော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် ရှည်သည့်ပူဇော်အပ်သော နိဂုံးသည့်ပူဇော်အပ်သော မြို့သည့်ပူဇော်အပ်သော ဇနပုဒ်သည့်ပူဇော်အပ်သော နိုင်ငံသည့်ပူဇော်အပ်သော နတ်ကွန်းသစ်ပင်ကို အဘယ့်ကြောင့်ဖြတ်စေဘိသနည်း၊ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား လူတို့သည် သစ်ပင်၌ အသက်ရှိသည်ဟု မှတ်ထင်ခြင်းရှိကြကုန်၏၊ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား၊ ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ၊ပ။ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကိုပြကြကုန်လော့။

၁၁။ ၇-၃၆၆။ **"(ဆောက်လုပ်သူဒါယကာ) အရှင်ရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကြီးသောကျောင်းကို ဆောက်လုပ် စေလိုသော ရဟန်းသည်ကား ရဟန်းတို့ကို ကျောင်းရာကို ကြားခြင်းငှါ ပင့်ဆောင်အပ်ကုန်၏၊ ထိုရဟန်းတို့သည် ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းရာကို ကြားအပ်၏။ ရဟန်းသည် ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းရာ၌ ကြီးသော ကျောင်းကို ဆောက်လုပ်စေငြားအံ့၊ ရဟန်းတို့ကိုသော်လည်း ကျောင်းရာကို ကြားခြင်းငှါ မပင့်ဆောင်ငြားအံ့၊ (ထိုရဟန်းအား) သံဃာဒိသိသ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏။)

## ၇-ဝိဟာရကာရသိက္ခာပုဒ် အဖွင့်

၃၆၇။ **ကြီးသောကျောင်း** မည်သည် (ဆောက်လုပ်သူ ဒါယကာ) အရှင်ရှိသော ကျောင်းကို ဆို၏။

**ကျောင်း*** မည်သည် အတွင်း၌ လိမ်းကျံအပ်သော ကျောင်းသော်၎င်း အပ၌ လိမ်းကျံအပ်သောကျောင်းသော်၎င်း အတွင်း အပ၌ လိမ်းကျံအပ်သော ကျောင်းသော်၎င်းတည်း။

**ဆောက်လုပ်စေလိုသော** ဟူသည် ဆောက်လုပ်သူ (ရဟန်း) သည်၎င်း ဆောက်လုပ်စေသူ (ရဟန်း) သည်၎င်းတည်း။

**(ဆောက်လုပ်သူ ဒါယကာ) အရှင်ရှိသော** ဟူသည် မိန်းမသော်၎င်း ယောကျ်ားသော်၎င်း လူသော်၎င်း ရဟန်းသော်၎င်း အခြားသော တစုံတယောက် (ဆောက်လုပ်သူ ဒါယကာ) အရှင်ရှိ၏။

**မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော** ဟူသည် မိမိ၏ အလို့ငှါ။

**ရဟန်းတို့ကို ကျောင်းရာကိုကြားခြင်းငှါ ပင့်ဆောင်အပ်ကုန်၏** ဟူသည် ကျောင်းဆောက်လုပ်သော ထိုရဟန်းသည် ကျောင်းရာကို သုတ်သင်၍ သံဃာတော်သို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ အပေါ်ရုံ 'ကေသီ' ကို စံပယ် တင်၍ ကြီးကုန်သော ရဟန်းတို့၏ခြေတို့ကို ရှိခိုးလျက် ဆောင့်ကြောင့်ထိုင်ပြီးလျှင် လက်အုပ်ကို မြှောက်ချီ၍—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် (ဆောက်လုပ်သူ ဒါယကာ) အရှင်ရှိသော မိမိ ဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကြီးသောကျောင်းကို ဆောက်လုပ်လိုပါသည်၊အသျှင်ဘုရား

* ကျောင်း-ကျောင်းကြီး 'ဝိဟာရ'

http://www.dhammadownload.com



တို့ ထိုအကျွန်ုပ်သည် သံဃာကို ကျောင်းရာကြည့်ရန် တောင်းပန်ပါသည်” ဟု လျှောက်ရာ၏။ နှစ်ကြိမ်မြောက်လည်း တောင်းပန်ရမည်၊ သုံးကြိမ်မြောက်လည်း တောင်းပန်ရမည်။

အကယ်၍ သံဃာအားလုံးသည် ကျောင်းရာကို ကြည့်ခြင်းငှါ တတ်နိုင်အံ့၊ သံဃာအားလုံးသည် ကြည့်ရမည်။ အကယ်၍ သံဃာအားလုံးသည် ကျောင်းရာကို ကြည့်ခြင်းငှါ မတတ်နိုင်အံ့၊ ထိုရဟန်းတို့တွင် အကြင်ရဟန်းတို့သည် ဘေးရန် ရှိမရှိ လှည်းလှည့်လည်လောက်သော ဥပစာရှိမရှိကို သိခြင်းငှါ လိမ္မာကုန်၏၊ စွမ်းနိုင်ကုန်၏၊ ထိုရဟန်းတို့ကို တောင်းပန်၍ သမုတ်ရမည်။

ရဟန်းတို့ ဤသို့လျှင် သမုတ်ရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၃၆၈။ “အသျှင်ဘုရားတို့ သံဃာတော်သည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် (ဆောက်လုပ်သူ ဒါယကာ) အရှင်ရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကြီးသောကျောင်းကို ဆောက်လုပ်လို၏၊ ထိုရဟန်းသည် သံဃာကို ကျောင်းရာကြည့်ရန် တောင်းပန်၏၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသောကာလသည် ဖြစ်အံ့၊ သံဃာသည် ဤမည် ဤမည်သော ရဟန်းတို့ကို ဤမည်သော ရဟန်း၏ ကျောင်းရာကို ကြည့်ခြင်းငှါ သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် (ဆောက်လုပ်သူ ဒါယကာ) အရှင်ရှိသော မိမိ ဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကြီးသောကျောင်းကို ဆောက်လုပ်လို၏၊ ထိုရဟန်းသည် သံဃာကို ကျောင်းရာ ကြည့်ရန်တောင်းပန်၏၊ သံဃာသည် ဤမည် ဤမည်သော ရဟန်းတို့ကို ဤမည်သော ရဟန်း၏ ကျောင်းရာကိုကြည့်ရန် သမုတ်၏၊ အကြင် အသျှင်အား ဤမည် ဤမည်သော ရဟန်းတို့ကို ဤမည်သော ရဟန်း၏ ကျောင်းရာကို ကြည့်ရန် သမုတ်ခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည် ဤမည်သော ရဟန်းတို့ကို ဤမည်သော ရဟန်း၏ ကျောင်းရာကို ကြည့်ရန် သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤ နှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်” ဟု (သိစေရမည်)။

၃၆၉။ သမ္မုတိ ရကုန်သော ထိုရဟန်းတို့သည် ထိုအရပ်သို့သွား၍ ကျောင်းရာကို ကြည့်ရမည်။ ဘေးရန် ရှိမရှိ လှည်းလှည့်လည်လောက်သော ဥပစာရှိမရှိကို သိရမည်။ အကယ်၍ ဘေးရန်ရှိအံ့၊ လှည်းလှည့်လည်လောက်သော ဥပစာမရှိအံ့၊ “ဤအရပ်၌ မဆောက်လုပ်လင့်” ဟု ပြောရမည်၊ အကယ်၍ ဘေးရန်မရှိအံ့၊ လှည်းလှည့်လည်လောက်သော ဥပစာရှိအံ့၊ သံဃာအား “ဘေးရန်မရှိပါ၊ လှည်းလှည့်လည်လောက်သော ဥပစာရှိပါသည်” ဟု လျှောက်ကြားရမည်။

ထိုကျောင်းဆောက်လုပ်သော ရဟန်းသည် သံဃာသို့ချဉ်းကပ်၍ လက်ဝဲတဖက်ပခုံးထက်၌ အပေါ်ရုံ ‘ကောသီ’ ကို စံပယ်တင်၍ ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကိုရှိခိုး၍ ဆောင့်ကြောင့် ထိုင်လျက် လက်အုပ်ကိုမြှောက်ချီပြီးလျှင်—

“အသျှင်ဘုရားတို့ အကျွန်ုပ်သည် (ဆောက်လုပ်သူဒါယကာ) အရှင်ရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကြီးသော ကျောင်းကို ဆောက်လုပ်လိုပါသည်၊ အသျှင်

http://www.dhammadownload.com



သုရားတို့ ထိုအကျွန်ုပ်သည် သံဃာကို ကျောင်းရာကြားခြင်းကို တောင်းပန်ပါ၏" ဟု လျှောက်ရာ၏။

နှစ်ကြိမ်မြောက်လည်း တောင်းပန်ရမည်၊ သုံးကြိမ်မြောက်လည်းတောင်းပန်ရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၃၇၀။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် (ဆောက်လုပ်သူ ဒါယကာ) အရှင်ရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကြီးသောကျောင်းကို ဆောက်လုပ်လို၏၊ ထိုရဟန်းသည် သံဃာကို ကျောင်းရာကြားခြင်းကို တောင်းပန်၏၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော ကံသည်ဖြစ်အံ့၊ သံဃာသည် ဤမည်သော ရဟန်း၏ ကျောင်းရာကို ညွှန်ကြားရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် (ဆောက်လုပ်သူ ဒါယကာ)အရှင်ရှိသော မိမိဟူသော ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော ကြီးသောကျောင်းကို ဆောက်လုပ်လို၏၊ ထိုရဟန်းသည် သံဃာကို ကျောင်းရာကြားခြင်းကို တောင်းပန်၏၊ သံဃာသည် ဤမည်သော ရဟန်း၏ ကျောင်းရာကို ညွှန်ကြား၏၊ အကြင်အသျှင်အား ဤမည်သော ရဟန်း၏ ကျောင်းရာကို ညွှန်ကြားခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်း၏ ကျောင်းရာကို ညွှန်ကြားအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၃၇၁။ **ဘေးရန်ရှိ** မည်သည် ပရွက်ဆိပ်တို့၏သော်လည်း နေရာဖြစ်၏၊ ခြတို့၏သော်လည်း နေရာဖြစ်၏၊ ကြွက်တို့၏သော်လည်း။ပ။ မြွေတို့၏သော်လည်း။ ကင်းမြီးကောက် (ကင်းပုဇွန်) တို့၏သော်လည်း။ ကင်းခြေများတို့၏သော်လည်း။ ဆင်တို့၏သော်လည်း။ မြင်းတို့၏သော်လည်း။ ခြင်္သေ့တို့၏သော်လည်း။ ကျားတို့၏သော်လည်း။ သစ်တို့၏သော်လည်း။ ဝံတို့၏သော်လည်း။ အောင်းတို့၏သော်လည်း နေရာဖြစ်၏၊ အမှတ်မရှိ တိရစ္ဆာန် ဖြစ်ကုန်သော သတ္တဝါတို့၏နေရာဖြစ်၏၊ ကောက် 'စပါးခင်း' ကိုမူလည်း မှီ၏၊ ပဲခင်းကိုမူလည်း မှီ၏၊ ခိုးသူသတ်ရာ ထောင်ကိုမူလည်း မှီ၏၊ လူသတ်ရာ သူသတ်ကုန်းကိုမူလည်း မှီ၏၊ သူကောင်ပုပ်မြှုပ်ရာ သင်းချိုင်းကိုမူလည်း မှီ၏၊ ဥယျာဉ်ကိုမူလည်း မှီ၏၊ မင်းနေရာကိုမူလည်း မှီ၏၊ ဆင်တင်းကုပ်ကိုမူလည်း မှီ၏၊ မြင်းတင်းကုပ်ကိုမူလည်း မှီ၏၊ နှောင်အိမ်ကိုမူလည်း မှီ၏၊ သေတင်းကုပ်ကိုမူလည်း မှီ၏၊ သားသတ်ရုံကိုမူလည်း မှီ၏၊ ခရီးလမ်းကိုမူလည်း မှီ၏၊ လမ်းဆုံကိုမူလည်း မှီ၏၊ သဘင်ကိုမူလည်း မှီ၏၊ ထုတ်ချင်းထွင်းသော ခရီးကိုမူလည်းမှီ၏၊ ဤသည်ကား ဘေးရန်ရှိသည် မည်၏။

**လှည်းလှည့်လည်လောက်သော ဥပစာမရှိ** မည်သည် က-မြဲတိုင်းသော လှည်းဖြင့် လှည့်ပတ်၍ သွားခြင်းငှါ သော်ရင်း ထက်ဝန်းကျင်မှ လှေခါးဖြင့် လှည့်ပတ်ခြင်းငှါသော်ရင်း မတတ်နိုင်၊ ဤသည်ကား **လှည်းလှည့်လည်လောက်သော ဥပစာမရှိသည်မည်၏**။

http://www.dhammadownload.com



**ဘေးရန်မရှိ** မည်သည် ပရွက်ဆိပ်တို့၏သော်လည်း နေရာမဟုတ်။ပ။ ထုတ်ချင်းထွင်းသော ခရီးလမ်းကိုမူလည်း မမို၊ ဤသည်ကား ဘေးရန်မရှိသည်မည်၏။

**လှည်းလှည့်လည်လောက်သော ဥပစာရှိ** မည်သည် က-မြဲတိုင်းသော လှည်းဖြင့် လှည့်ပတ်သွားခြင်းငှါသော်ရင်း ထက်ဝန်းကျင်မှ လှေခါးဖြင့် လှည့်ပတ်ခြင်းငှါသော်ရင်း တတ်နိုင်၏၊ ဤသည်ကား လှည်းလှည့်လည်လောက်သော ဥပစာရှိသည်မည်၏။

**ကြီးသောကျောင်း** မည်သည် (ဆောက်လုပ်သူ ဒါယကာ) အရှင်ရှိသော ကျောင်းကိုဆို၏။

**ကျောင်း** မည်သည် အတွင်း၌ လိမ်းကျံအပ်သော ကျောင်း သော်ရင်း အပ၌ လိမ်းကျံအပ်သော ကျောင်းသော်ရင်း အတွင်းအပ၌ လိမ်းကျံအပ်သော ကျောင်းသော်ရင်းတည်း။

**ဆောက် လုပ်စေငြားအံ့** ဟူသည် (ကိုယ်တိုင်) သော်လည်း ဆောက်လုပ်၏၊ (သူတပါးကို သော်လည်း) ဆောက်လုပ်စေ၏။

**ရဟန်းတို့ကိုသော်လည်း ကျောင်းရာကို ကြားခြင်းငှါ မပင့်ဆောင်ငြားအံ့** ဟူသည် ဥတ်လျှင် နှစ်ကြိမ်မြောက်ရှိသောကဲဖြင့် ကျောင်းရာကို မကြားစေပဲ ကိုယ်တိုင်သော်လည်း ဆောက်လုပ်ငြားအံ့၊ သူတပါးကိုသော်လည်း ဆောက်လုပ် စေငြားအံ့၊ လုံ့လဘိုင်းလုံ့လတိုင်း ဒုက္ကဋ် အာပတ် သင့်၏။ မြေစိုင်(ခဲ)တခုသို့ မရောက်မီ ထုလ္လစ္စဥ်း အာပတ် သင့်၏။ ထို နောက်ဆုံး မြေစိုင် (ခဲ) ရောက်လတ်သော် သံဃာဒိသိသ် အာပတ် သင့်၏။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၃၇၂။ ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် နှစ်ချက် သင့်၏။

ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းသည် ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်အံ့၊ အာပတ် မသင့်။

၃၇၃။ ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၏။ မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာ မရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် နှစ်ချက် သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် နှင့် ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၏၊ ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏

။ပ။ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

၃၇၄။ ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ ဘေးရန် မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု ကား ကိုယ်တိုင်မညွှန်း၊ မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသောကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ်သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ ဘေးရန်မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည် လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ "ဟု ကား ကိုယ်တိုင်မညွှန်း၊ ကြားအပ်သော ကျောင်းရာ ရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိသော လှည်းလှည့်လည်လောက်သော ဥပစာ ရှိသော ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ အာပတ် မသင့်။

၃၇၅။ ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာ ရှိသည်လည်းဖြစ်စေ ဘေးရန် မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟုလည်း ကိုယ်တိုင်ညွှန်း၏၊ မကြားအပ်သော ကျောင်းရာ ရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ငါ၏ ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်။ပ။ "ကြားအပ်သော ကျောင်းရာ ရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ" ဟု။ပ။ "ကြားအပ်သော ကျောင်းရာ ရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည် လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု။ပ။ "ကြားအပ်သော ကျောင်းရာ ရှိသည်လည်း ဖြစ်စေ" ဟု (ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်) အကယ်၍ ကိုယ်တိုင်သော်လည်း မသွားငြားအံ့၊ တမန်ကိုသော်လည်း မစေငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာ ရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်းဖြစ်စေ လှည်းလှည့်လည် လောက်သော ဥပစာရှိသည်လည်းဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ ကြားအပ်သော ကျောင်းရာ ရှိသော ဘေးရန် ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ ထိုရဟန်းသည် "ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ငါ၏ကျောင်းကို ဆောက်လုပ်သတတ်" ဟု ကြား၏၊ ထိုရဟန်းသည် "ဘေးရန် မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်။ပ။ "ဘေးရန်မရှိသည် ဖြစ်စေ" ဟု "လှည်းလှည့်လည်လောက်သော ဥပစာ ရှိသည်ဖြစ်စေ" ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည် (ထိုသို့ကိုယ်တိုင်သွားအံ့ စေအံ့) အာပတ် မသင့်။

http://www.dhammadownload.com



၃၇၆။ ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာ ရှိသည်လည်းဖြစ်စေ ဘေးရန်မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟု လည်း ကိုယ်တိုင်ညွှန်း၏၊ မကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သုံးချက်သင့်၏။

။ပ။ ဘေးရန်ရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာရှိအံ့၊ ဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္កဋ် အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်မရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာမရှိအံ့၊ ဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်မရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာရှိအံ့၊ ဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ "ကြားအပ်သော ကျောင်းရာရှိသည်လည်း ဖြစ်စေ ဘေးရန်မရှိသည်လည်း ဖြစ်စေ လှည်းလှည့်လည်လောက်သော ဥပစာရှိသည်လည်း ဖြစ်စေ" ဟု လည်း ကိုယ်တိုင် ညွှန်း၏၊ ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်အံ့၊ ဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာရှိအံ့၊ ဆောက်လုပ်သူ ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာမရှိအံ့၊ ဆောက်လုပ်သူ (ရဟန်း) တို့အား ဒုက္ကဋ်အာပတ် သင့်၏။

။ပ။ ဘေးရန် မရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာရှိအံ့၊ အာပတ် မသင့်။

၃၇၇။ ရဟန်းသည် "အကျွန်ုပ်၏ ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ မကြားအပ်သော ကျောင်းရာ ရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ ကျောင်းကို ဆောက်လုပ်ကုန်၏၊ အကယ်၍ ထိုရဟန်းသည် ထိုကျောင်းကို ဆောက်လုပ်၍ မပြီးငြိ လာအံ့၊ ထိုရဟန်းသည် ထိုကျောင်းကို အခြားသူအား သော်လည်း ပေးရမည်၊ ဖျက်၍သော်လည်း တဖန် ဆောက်လုပ်ရမည်၊ အကယ်၍ တခြားသူအား သော်လည်း မပေးငြားအံ့၊ ဖျက်၍သော်လည်း တဖန် မဆောက်လုပ်ငြားအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

။ပ။ ဘေးရန်ရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာရှိအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

။ပ။ ဘေးရန်မရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာမရှိအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

http://www.dhammadownload.com



။ပ။ ဘေးရန်မရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာရှိအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ရဟန်းသည် "အကျွန်ုပ်၏ကျောင်းကို ဆောက်လုပ်ကုန်လော့" ဟု ကိုယ်တိုင်ညွှန်း၍ ဖဲသွား၏၊ ကြားအပ်သော ကျောင်းရာရှိသော ဘေးရန်ရှိသော လှည်းလှည့်လည်လောက်သော ဥပစာမရှိသော ထိုရဟန်း၏ကျောင်းကို ဆောက်လုပ်ကုန်၏၊ အကယ်၍ ထိုရဟန်းသည် ထိုကျောင်းကို ဆောက်လုပ်၍ မပြီးမီ လာအံ့၊ ထိုရဟန်းသည် ထိုကျောင်းကို အခြားသူအားသော်လည်း ပေးရမည်၊ ဖျက်၍သော် လည်း တဖန်ဆောက်ရမည်၊ အကယ်၍ အခြားသူအားသော်လည်း မပေးငြားအံ့ ဖျက်၍သော်လည်း တဖန် မဆောက်လုပ်ငြားအံ့၊ ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။ပ။ ဘေးရန်ရှိအံ့ လှည်းလှည့်လည် လောက်သော ဥပစာရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။ ဘေးရန်မရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာမရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ပ။ ဘေးရန်မရှိအံ့ လှည်းလှည့်လည်လောက်သော ဥပစာရှိအံ့၊ အာပတ် မသင့်။

၃၇၈။ မိမိသည် ဆောက်လုပ်၍ မပြီးသေးသည်ကို မိမိသည် ပြီးဆုံးစေအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

မိမိသည် ဆောက်လုပ်၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

သူတပါးတို့သည် ဆောက်လုပ်၍ မပြီးသေးသည်ကို မိမိသည် ပြီးဆုံးစေအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

သူတပါးတို့သည် ဆောက်လုပ်၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

၃၇၉။ လိုဏ်၌ ဂူ၌ မြက်မိုးကျောင်း၌ သူတပါး၏အလို့ငှါ (ဆောက်လုပ်အပ်သော) နေအိမ်ကို ထား၍ အားလုံးတို့၌ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

သတ္တမ ဝိဟာရကာရသိက္ခာပုဒ် ပြီး၏။

---

## ဂ-ဒုဋ္ဌဒေါသသိက္ခာပုဒ်

၃၈၀။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ မလ္လမင်း၏ သားဖြစ်သော ဖွားမြင် သည်မှ ခုနစ်နှစ်မျှသာရှိသေးသော အသျှင်ဒဗ္ဗသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီ၊ ထိုအသျှင် ဒဗ္ဗသည် တပည့်သာဝကတို့ ရောက်သင့်ရောက်ထိုက်သော အလုံးစုံသောတရားသို့ အစဉ်ရောက်ခဲ့ပြီ၊ ထိုအသျှင်ဒဗ္ဗအား တစုံတခုသော ရဟန်းကိစ္စ နောက်ထပ်ပြုဖွယ်မရှိတော့ပြီ၊ ပြုအပ်ပြီး (သောတရား) ကိုလည်းထပ်၍ ပွါးများဖွယ်မရှိတော့ပြီ။

http://www.dhammadownload.com



ထိုအခါ ဆိတ်ငြိမ်ရာသို့ကပ်၍ (တပါးတည်း) ကိန်းအောင်းနေစဉ် မလ္လမင်း၏သား အသျှင်ဒဗ္ဗအား "ဖွားမြင်သည်မှ ခုနစ်နှစ်မျှသာရှိသေးသော ငါသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီ၊ (ငါသည်) တပည့်သာဝကတို့ ရောက်သင့်ရောက်ထိုက်သော အလုံးစုံသောတရားသို့ အစဉ်ရောက်ခဲ့ပြီ၊ ငါ့အားတစုံတခုသော ရဟန်းကိစ္စ နောက်ထပ်ပြုဖွယ်မရှိတော့ပြီ၊ ပြုအပ်ပြီး (သောတရား) ကိုလည်း ထပ်၍ ပွါးများဖွယ်မရှိတော့ပြီ၊ ငါသည် သံဃာတော်၏ အဘယ်မည်သော အမှုကြီးငယ်ကို ပြုရပါအံ့နည်း" ဟု စိတ်အကြံအစည်ဖြစ်ပေါ် ၏။

ထိုအခါ မလ္လမင်း၏သား အသျှင်ဒဗ္ဗအား "ငါသည် သံဃာတော်၏ အိပ်ရာနေရာကိုလည်း ခင်းရမူ ဆွမ်းတို့ကိုလည်းညွှန်းရမူ ကောင်းလေစွ" ဟု အကြံအစည်ဖြစ်၏။ထိုအခါ မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် ညချမ်းအခါ၌ (တပါးတည်း) ကိန်းအောင်းရာမှထ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်ပြီးသော် မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ကပ်၍ (တပါးတည်း) ကိန်းအောင်းနေစဉ် အကျွန်ုပ်အား ဖွားမြင်သည်မှ ခုနစ်နှစ်မျှသာရှိသေးသော ငါသည်ကား အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီ၊ ငါသည် တပည့်သာဝကတို့ရောက်သင့်ရောက်ထိုက်သော အလုံးစုံသောတရားသို့ အစဉ်ရောက်ခဲ့ပြီ၊ ငါ့အား တစုံတခုသော ရဟန်းကိစ္စ နောက်ထပ်ပြုဖွယ် မရှိတော့ပြီ၊ ပြုအပ်ပြီး (သောတရား) ကိုလည်း ထပ်၍ ပွါးများဖွယ်မရှိတော့ပြီ၊ ငါသည် သံဃာတော်၏ အဘယ်မည်သော အမှုကြီးငယ်ကို ပြုရပါအံ့နည်း" ဟု စိတ်အကြံအစည်ဖြစ်ပေါ် ပါသည်။

"အသျှင်ဘုရား ထိုအကျွန်ုပ်အား 'ငါသည် သံဃာတော်၏ အိပ်ရာနေရာကိုလည်း ခင်းရမူ ဆွမ်းတို့ကိုလည်းညွှန်းရမူ ကောင်းလေစွ' ဟု အကြံအစည်ဖြစ်ပါသည်။ အသျှင်ဘုရား အကျွန်ုပ်သည် သံဃာတော်၏ အိပ်ရာ နေရာကိုလည်း ခင်းခြင်းငှါ ဆွမ်းတို့ကိုလည်း ညွှန်းခြင်းငှါ အလိုရှိပါသည်" ဟု (လျှောက်ထား၏)။

ဒဗ္ဗ ကောင်းစွ ကောင်းစွ၊ ဒဗ္ဗ သို့ဖြစ်လျှင် သင်သည် သံဃာတော်၏ အိပ်ရာနေရာကိုလည်း ခင်းလော့၊ ဆွမ်းတို့ကိုလည်းညွှန်းလော့ ဟု (ခွင့်ပြုတော်မူ၏)။

"ကောင်းပါပြီ အသျှင်ဘုရား " ဟု မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် တရားစကားကို ဟောကြားပြီး၍ ရဟန်းတို့ကို—

"ရဟန်းတို့ သို့ဖြစ်လျှင် သံဃာတော်သည် မလ္လမင်း၏သား ဒဗ္ဗကို အိပ်ရာ နေရာ ခင်းသူဟု ၎င်း ဆွမ်းညွှန်းသူ ဟု ၎င်း သမုတ်လော့"။

ရဟန်းတို့ ဤသို့လျှင်သမုတ်ရမည်၊ ရှေးဦးစွာမလ္လမင်း၏သား ဒဗ္ဗကိုတောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာတော်ကို သိစေရမည်။

၃၈၁။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ အကယ်၍ သံဃာအား လျောက်ပတ်သောအခါရှိသော် ကံသည်ဖြစ်အံ့၊ သံဃာသည် မလ္လမင်း၏သား

http://www.dhammadownload.com



အသျှင်ဒဗ္ဗကို အိပ်ရာနေရာခင်းသူဟုငင်း ဆွမ်းညွှန်းသူဟုငင်း သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် မလ္လမင်း၏သား ဒဗ္ဗကို အိပ်ရာနေရာခင်းသူဟုငင်း ဆွမ်းညွှန်းသူဟုငင်း သမုတ်၏၊ အကြင် အသျှင်အား မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အိပ်ရာ နေရာခင်းသူဟုငင်း ဆွမ်းညွှန်းသူဟုငင်း သမုတ်ခြင်းကို နှစ်သက်ခြင်းရှိ၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင် အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အိပ်ရာ နေရာခင်းသူဟုငင်း ဆွမ်းညွှန်းသူဟုငင်း သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်ဟု မိန့်တော်မူ၏)။

၃၈၂။ သမ္မုတိရပြီးသော မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် သဘောတူ ရဟန်းတို့အား တပေါင်းတည်း အိပ်ရာနေရာကိုခင်းပေး၏၊ အကြင်ရဟန်းတို့သည် သုတ္တန်ကိုဆောင်ကုန်၏၊ "ထိုရဟန်းတို့သည် အချင်းချင်း သုတ္တန်ကို အညီအညွတ် ရွတ်ကြလိမ့်မည်" ဟု ထိုရဟန်းတို့အား တပေါင်းတည်း အိပ်ရာ နေရာကို ခင်းပေး၏။

အကြင်ရဟန်းတို့သည် ဝိနည်းကိုဆောင်ကုန်၏၊ "ထိုရဟန်းတို့သည် အချင်းချင်းဝိနည်းကို ဆုံးဖြတ်ကြလိမ့်မည်"ဟု ထိုရဟန်းတို့အား တပေါင်းတည်း အိပ်ရာ နေရာကို ခင်းပေး၏။

အကြင်ရဟန်းတို့သည် တရားဟောဓမ္မကထိက (ဖြစ်ကြကုန်၏)၊ "ထိုရဟန်းတို့သည် အချင်းချင်း တရားကို ဆွေးနွေးကြလိမ့်မည်" ဟု ထိုရဟန်းတို့အား တပေါင်းတည်း အိပ်ရာ နေရာကို ခင်းပေး၏။

အကြင်ရဟန်းတို့သည် ဈာန်ဝင်စားလေ့ရှိကုန်၏၊ "ထိုရဟန်းတို့သည် အချင်းချင်း နှောင့်ယှက်ခြင်းမှ ကင်းလတ္တံ့" ဟု ထိုရဟန်းတို့အား တပေါင်းတည်း အိပ်ရာ နေရာကို ခင်းပေး၏။

အကြင်ရဟန်းတို့သည် (မဂ်ဖိုလ်မှ) ဖီလာဖြစ်သော စကားကိုပြောလေ့ရှိကုန်၏၊ ကိုယ်(ခန္ဓာ)၏ ခိုင်မြဲမှု အလေ့အကျင့်များကုန်သည်ဖြစ်၍ နေကုန်၏၊ "ဤအသျှင်တို့သည် ဤမွေ့လျော်ခြင်းဖြင့်လည်း နေကုန်လတ္တံ့" ဟု ထိုရဟန်းတို့အား တပေါင်းတည်း အိပ်ရာ နေရာကို ခင်းပေး၏။

အကြင် ရဟန်းတို့သည် အခါမဲ့၌ လာကြကုန်၏၊ ထိုရဟန်းတို့အားလည်း တေဇော ကသိုဏ်းလျှင် အာရုံရှိသော ဈာန်ကိုဝင်စား၍ ထိုအရောင် (အလင်း) ဖြင့်ပင် အိပ်ရာ နေရာကို ခင်းပေး၏။

စင်စစ်အားဖြင့် ရဟန်းတို့သည် "မလ္လမင်း၏သား အသျှင်ဒဗ္ဗ၏တန်ခိုးပြာဋိဟာကို ငါတို့ ကြည့်ကုန်အံ့" ဟု တမင်သက်သက် အခါမဲ့၌ လာကုန်၏၊ ထိုရဟန်းတို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗသို့ ချဉ်းကပ်၍ "ငါ့သျှင်ဒဗ္ဗ ငါတို့အား အိပ်ရာ နေရာကို ခင်းပေးလော့" ဟု ဆိုကုန်၏။

ထိုရဟန်းတို့ကို မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် "အသျှင်တို့သည် အဘယ်အရပ်၌ အလိုရှိကုန်သနည်း အဘယ်အရပ်၌ ခင်းပေးရမည်နည်း" ဟု ဆို၏၊ ထိုရဟန်းတို့သည် တမင်သက်သက် အဝေး၌ ညွှန်းကုန်၏၊ "ငါ့သျှင်ဒဗ္ဗ ငါတို့အား ဂိဇ္ဈကုဋ်တောင်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား စောရပပါတ ချောက်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ဣသိဂိလိ

http://www.dhammadownload.com



တောင်နံပါးကျောက်နက် (ဂူ) ၌ အိပ်ရာနေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ဝေဘာရ တောင်နံပါး စရည်းပင် (ဂူ) ၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ယင်းတိုက်တော သပ္ပသောဏ္ဍိကချိုင့်ဝှမ်း၌ အိပ်ရာနေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ဂေါတမက ချောက်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား တည်ပင်ပေါက်သော ချောက်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား တပေါဒါချောက်၌ အိပ်ရာနေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား တပေါဒါအရံ၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား ဇီဝက၏ သရက်ဥယျာဉ်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊ ငါ့သျှင် ငါတို့အား မဒ္ဒကုစ္ဆိတော၌ အိပ်ရာ နေရာကို ခင်းပေးလော့" ဟု (အဝေး၌ညွှန်းကုန်၏)။

ထို ရဟန်းတို့အား အသျှင်ဒဗ္ဗသည် တေဇောကသိုဏ်းလျှင် အာရုံရှိသော ရှာန်ကိုဝင်စား၍ တောက်ပသော လက်ညှိုးဖြင့် ရှေ့မှ ရှေ့မှ သွား၏။

ထိုရဟန်းတို့သည်လည်း ထိုအရောင်အလင်းဖြင့်သာလျှင် မလ္လမင်း၏သား အသျှင်ဒဗ္ဗ၏နောက်မှ နောက်မှ လိုက်ကုန်၏၊ ထို ရဟန်းတို့အား မလ္လမင်း၏ သား အသျှင်ဒဗ္ဗသည် "ဤကား ညောင်စောင်း 'ခဋင်'တည်း၊ ဤကား အင်းပျဉ် 'ခုံရှည်' တည်း၊ ဤကား ဘုံလျို 'ဖုံ' တည်း၊ ဤကား ခေါင်းအုံးတည်း၊ ဤကား ကျင်ကြီး (စွန့်ရာ) ဌာနတည်း၊ ဤကား ကျင်ငယ် (စွန့်ရာ) ဌာနတည်း၊ ဤကား သောက်ရေတည်း၊ ဤကား သုံးဆောင်ရေတည်း၊ ဤကား တောင်ဝှေးတည်း၊ ဤကား ဤအချိန်၌ ဝင်ရမည့် ဤ အချိန်၌ ထွက်ရမည် (စသည်ဖြင့်) ထားအပ်သော သံဃာ၏ ကတိကဝတ်တည်း"ဟု ပြောဆို၍ အိပ်ရာ နေရာကို ခင်းပေး၏။

မလ္လမင်း၏ သား အသျှင်ဒဗ္ဗသည် ထို (ရဟန်း) တို့အား အိပ်ရာ နေရာကို ခင်းပေးပြီးသော် ဝေဠုဝန်ကျောင်းတော်သို့ သာလျှင် တဖန်ပြန်ကြွ၏။

၃၇၃။ ထိုအခါ မေတ္တိယဘုမ္မဇက ရဟန်းတို့သည် အငယ်လည်း ဖြစ်ကုန်၏၊ ဘုန်းကံလည်း နည်းပါးကုန်၏၊ သံဃာ၏ ယုတ်ညံ့သော အိပ်ရာ နေရာတို့သည်ငှင်း ယုတ်ညံ့သော ဆွမ်းတို့သည်ငှင်း ထိုရဟန်းတို့အား ရောက်ကုန်၏။

ထိုအခါ ရာဇဂြိုဟ်မြို့၌ လူတို့သည် မထေရ်ဖြစ်ကုန်သော ရဟန်းတို့အား အထူးပြုပြင် စီရင်အပ်သော ဆွမ်းကိုငှင်း ထောပတ်ကိုငှင်း ဆီကိုငှင်း လက်သုပ်ဟင်းလျာကိုငှင်း (လှူခြင်းငှါ အလိုရှိကုန်၏)။ မေတ္တိယ ဘုမ္မဇက ရဟန်းတို့အားကား ပကတိ အတိုင်း ဖြစ်သော ချက်ထားတိုင်းသော ပအုံးရည် ပုံးရည် လျှင် နှစ်ခုမြောက်ရှိသော ဆန်ကွဲ ထမင်းကို လှူကုန်၏။

ထို (မေတ္တိယဘုမ္မဇက) ရဟန်းတို့သည် ဆွမ်းစားပြီးနောက် ဆွမ်းစားစရပ်မှ ဖဲသွားကုန်ပြီး လတ်သော် မထေရ်ဖြစ်ကုန်သော ရဟန်းတို့ကို "ငါ့သျှင်တို့ သင်တို့အား ဆွမ်းစား စရပ်၌ အဘယ် အရာသည် ဖြစ်သနည်း၊ ငါ့သျှင်တို့ သင်တို့အား ဆွမ်းစား စရပ်၌ အဘယ်အရာသည် ဖြစ်သနည်း"ဟု မေးကုန်၏။ အချို့ မထေရ်တို့သည် "ငါ့သျှင်တို့ ငါတို့အား ထောပတ်သည်ဖြစ်၏၊ ဆီသည်ဖြစ်၏၊ လက်သုပ် ဟင်းလျာသည် ဖြစ်၏" ဟု ပြောကုန်၏၊ မေတ္တိယဘုမ္မဇက ရဟန်း တို့သည်ကား "ငါ့သျှင်တို့ ငါတို့အား တစုံတခု (အထူး) မဖြစ်ပြီ၊ ပကတိ အတိုင်းဖြစ်သော ချက်ထားတိုင်းသော ပအုံးရည်လျှင် နှစ်ခုမြောက်ရှိသော ဆန်ကွဲထမင်းသည် ဖြစ်၏" ဟု ပြောကုန်၏။

http://www.dhammadownload.com



ထိုအခါ ကလျာဏဘတ္တိက ဒါယကာသည် သံဃာအား စတုက္ကဘတ်ကို နိစ္စဘတ်လှူ၏၊ ထို ဒါယကာသည် ဆွမ်းစားစရပ်၌ သားမယားနှင့်တကွ အနီး၌ ရပ်တည်၍ လုပ်ကျွေး၏၊ အချို့ရဟန်း တို့ကို ဆွမ်းဖြင့် မေးကုန်၏၊ အချို့ရဟန်းတို့ကို ဟင်းလျာဖြင့် မေးကုန်၏၊ အချို့ရဟန်းတို့ကို ဆီဖြင့် မေးကုန်၏၊ အချို့ရဟန်းတို့ကို လက်သုပ်ဟင်းလျာဖြင့် မေးကုန်၏။

ထိုအခါ ကလျာဏဘတ္တိက ဒါယကာ၏ဆွမ်းကို နက်ဖြန် (သုံးဆောင်ရန်) အလို့ငှါ မေတ္တိယ ဘုမ္မဇက ရဟန်းတို့အား ညွှန်းအပ်၏။ ထိုအခါ ကလျာဏဘတ္တိက သူကြွယ်သည် တစုံတခု ပြုဖွယ်ဖြင့် အရံသို့ သွား၏။ ထိုဒါယကာသည် မလ္လမင်း၏သား အသျှင်ဒဗ္ဗထံသို့ ချဉ်းကပ်၍ မလ္လမင်း၏သား အသျှင်ဒဗ္ဗကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ထိုင်၏၊ တခုသော နေရာ၌ ထိုင်ပြီးသော ကလျာဏ ဘတ္တိက ဒါယကာကို မလ္လမင်း၏သား အသျှင်ဒဗ္ဗက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေ လျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေ၍ ရွှင်လန်းစေပြီးဖြစ်ရ ကား (ကလျာဏ ဘတ္တိက သူကြွယ်သည်) မလ္လမင်း၏သား အသျှင်ဒဗ္ဗအား—

"အသျှင်ဘုရား အကျွန်ုပ်တို့၏အိမ်၌ နက်ဖြန် (သုံးဆောင်ရန်) အလို့ငှါ အဘယ် (ရဟန်း) အား ဆွမ်းကို ညွှန်းအပ်ပါသနည်း" ဟု လျှောက်၏။

ဒါယကာ သင်တို့၏အိမ်၌ နက်ဖြန် (သုံးဆောင်ရန်) အလို့ငှါ မေတ္တိယဘုမ္မဇက ရဟန်း တို့အား ဆွမ်းကို ညွှန်းအပ်ပြီ ဟု (ပြော၏)။

ထိုအခါ ကလျာဏဘတ္တိက ဒါယကာသည် နှလုံးမသာ ဖြစ်၏၊ "အဘယ့်ကြောင့် ရဟန်းယုတ် တို့သည် ငါတို့၏အိမ်၌ သုံးဆောင်ကုန်လတ္တံ့နည်း" ဟု အိမ်သို့ သွား၍ "ဟယ်ကျွန်မ နက်ဖြန် ဆွမ်း အလို့ငှါ အကြင် ရဟန်းတို့သည် ကြွလာကုန်အံ့၊ ထိုဆွမ်းစားလာသော ရဟန်းတို့ကို တံခါးမုခ်၌ နေရာကိုခင်း၍ ပအုံးရည်လျှင် နှစ်ခုမြောက်သော ဆန်ကွဲထမင်းဖြင့် လုပ်ကျွေးလော့" ဟု စေခိုင်း၏။ ကောင်းပါပြီအရှင် ဟု ထိုကျွန်မသည် ကလျာဏဘတ္တိက ဒါယကာအား ပြန်ကြားပြောဆို၏။

ထိုအခါ မေတ္တိယဘုမ္မဇက ရဟန်းတို့သည် "ငါ့သျှင်တို့ ယမန်နေ့က ငါတို့အား ကလျာဏဘတ္တိက ဒါယကာ၏ ဆွမ်းကို ညွှန်းအပ်ပြီ၊ နက်ဖြန် ငါတို့ကို ကလျာဏဘတ္တိက ဒါယကာသည် သားမယားနှင့် တကွ အနီး၌ ကပ်၍ လုပ်ကျွေးလတ္တံ့၊ အချို့ရဟန်းတို့ကို ဆွမ်းဖြင့်မေးကုန်လတ္တံ့၊ အချို့ရဟန်းတို့ကို ဟင်းလျာဖြင့် မေးကုန်လတ္တံ့၊ အချို့ရဟန်းတို့ကို ဆီဖြင့်မေးကုန်လတ္တံ့၊ အချို့ရဟန်းတို့ကို လက်သုပ် ဟင်းလျာဖြင့် မေးကုန်လတ္တံ့" ဟု ထိုမေတ္တိယဘုမ္မဇက ရဟန်းတို့သည် ထိုဝမ်းမြောက်ခြင်းဖြင့် သာလျှင် ညဉ့်၌ စိတ်အလိုရှိတိုင်း မအိပ်(နိုင်ကြ)ကုန်၊ ထိုနောက် မေတ္တိယဘုမ္မဇက ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ ကလျာဏဘတ္တိက ဒါယကာ၏ အိမ်သို့ ချဉ်းကပ်ကုန်၏။

ထိုကျွန်မသည် အဝေးမှ လာကုန်သော မေတ္တိယဘုမ္မဇက ရဟန်းတို့ကို မြင်၏၊ မြင်ပြီးနောက် တံခါးမုခ်၌ နေရာကို ခင်းပေး၍ မေတ္တိယဘုမ္မဇက ရဟန်းတို့ကို "အသျှင်ဘုရားတို့ ထိုင်ကုန်လော့" ဟု လျှောက်၏။

ထိုအခါ မေတ္တိယဘုမ္မဇက ရဟန်းတို့အား "မုချ ကေန် ဆွမ်းသည် မပြီးသေးသည်ဖြစ်၍ ငါတို့ သည် တံခါးမုခ်၌ နေထိုင်ရကုန်၏" ဟု အောက်မေ့ခြင်းဖြစ်၏။

http://www.dhammadownload.com



ထိုအခါ ထိုကျွန်မသည် ပအိုးရည်လျှင် နှစ်ခုမြောက်သော ဆန်ကွဲထမင်းဖြင့် "အသျှင်ဘုရားတို့ ဘုဉ်းပေး (သုံးဆောင်) ကုန်လော့" ဟု (ကပ်၏)။

နှမ ငါတို့ကား နိစ္စဘတ်ရှိသူများတည်း ဟု (ပြော၏)။

အသျှင်ဘုရားတို့ သိပါသည်၊ နိစ္စဘတ်ရှိသူများဖြစ်ကြပါသည်၊ သို့ရာတွင် ယမန်နေ့ကပင် "ဟယ် ကျွန်မ နက်ဖြန် ဆွမ်းအလို့ငှါ အကြင် ရဟန်းတို့သည် လာကုန်အံ့၊ ထိုရဟန်းတို့ကို တံခါးမုခ်၌ နေရာကို ခင်းပေး၍ ပအိုးရည်လျှင် နှစ်ခုမြောက်သော ဆန်ကွဲထမင်းဖြင့် လုပ်ကျွေးလော့" ဟု အကျွန်ုပ်ကို စေခိုင်းထားပါသည်၊ အသျှင်ဘုရားတို့ ဘုဉ်းပေး (သုံးဆောင်) ကုန်လော့ ဟု (လျှောက်၏)။

ထိုအခါ မေတ္တိယဘုမ္မဇက ရဟန်းတို့သည် "ငါ့သျှင်တို့ ယမန်နေ့က ကလျာဏဘတ္တိက ဒါယကာသည် အရံသို့ မလ္လမင်း၏သား ဒဗ္ဗထံလာ၏၊ ငါတို့ကို မလ္လမင်း၏သားဒဗ္ဗသည် ဒါယကာ၏ အထံ၌ မုချကေန် ဖျက်ဆီးအပ်ကုန်ပြီ" ဟု ထို မေတ္တိယဘုမ္မဇက ရဟန်းတို့သည် ထိုနှလုံးမသာခြင်းဖြင့် သာလျှင် စိတ်အလိုရှိတိုင်း မသုံးဆောင်ကြကုန်၊ ထိုအခါ မေတ္တိယဘုမ္မဇက ရဟန်းတို့သည် ဆွမ်း စားပြီးနောက် ဆွမ်းစားစရပ်မှ ဖဲကုန်လတ်သော် အရံသို့သွား၍ သပိတ်သင်္ကန်းကို သိမ်းဆည်း ပြီးလျှင် အရံအပ တံခါးမုခ်၌ ဒုကုဋ်အာယောဂပတ်ဖွဲ့လျက် ဆိတ်ဆိတ်နေကုန်၍ မျက်နှာမလှကုန် သည်ဖြစ်၍ ချဉောပခုံးရှိကုန်သည်ဖြစ်၍ အောက်သို့ မျက်နှာချကုန်သည်ဖြစ်၍ ကြံမှိုင်ကုန်သည် ဖြစ်၍ စကားမဆိုကုန်သည်ဖြစ်၍ နေထိုင်ကုန်၏။

ထိုအခါ မေတ္တိယာ ဘိက္ခုနီမသည် မေတ္တိယဘုမ္မဇက ရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးနောက် မေတ္တိယဘုမ္မဇက ရဟန်းတို့ကို "အသျှင်တို့ ရှိခိုးပါ၏" ဟု ဆို၏၊ ဤသို့ ဆိုလတ်သော် မေတ္တိယ ဘုမ္မဇက ရဟန်းတို့သည် စကားမပြောကြကုန်။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း မေတ္တိယာ ဘိက္ခုနီမသည် မေတ္တိယဘုမ္မဇက ရဟန်းတို့ကို "အသျှင်တို့ ရှိခိုးပါ၏" ဟု ဆို၏၊ သုံးကြိမ်မြောက်လည်း မေတ္တိယဘုမ္မဇက ရဟန်း တို့သည် စကားမပြောကြကုန်။

အကျွန်ုပ်သည် အသျှင်တို့အား အဘယ်သို့ပြစ်မှားမိပါသနည်း၊ အဘယ့်ကြောင့် အကျွန်ုပ်ကို အသျှင်တို့သည် စကားမပြောကြကုန်သနည်း ဟု (မေး၏)။

နှမ ငါတို့ဖြစ်တိုင်းဆိုအံ့၊ ငါတို့ကို မလ္လမင်း၏သား ဒဗ္ဗသည်ညှဉ်းဆဲအပ်သည်ဖြစ်လျက် သင်သည် လျစ်လျူရှုဘိ၏ ဟု (ဆိုကြကုန်၏)။

အသျှင်တို့ အကျွန်ုပ်သည် အဘယ်ကိုပြုရပါမည်နည်း ဟု (မေး၏)။

နှမ သင်သည် အကယ်၍ အလိုရှိပါမူ ယနေ့ပင် မြတ်စွာဘုရားသည် မလ္လမင်း၏သား ဒဗ္ဗကို ဖျက်ဆီးစေရာ၏ ဟု (ဆိုကြကုန်၏)။

အသျှင်တို့ အကျွန်ုပ်သည် အဘယ်ကို ပြုရပါမည်နည်း၊ အကျွန်ုပ်သည် အဘယ်ကို ပြုခြင်းငှါ တတ်နိုင်ပါသနည်း ဟု (မေး၏)။

နှမ လာလော့ သင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို "အသျှင် ဘုရား ဤအမှုသည် မလျောက်ပတ်ပါ၊ မသင့်တင့်ပါ၊ အသျှင်ဘုရား အကြင် အရပ်မျက်နှာသည် ဘေးမရှိခဲ့ပါ၊ ရန်မရှိခဲ့ပါ၊ နှိပ်စက်မှုမရှိခဲ့ပါ၊ ထိုအရပ်မျက်နှာသည် (ယခု) ဘေးရှိပါသည်၊ ရန်ရှိ

http://www.dhammadownload.com



ပါသည်၊ နှိပ်စက်မှုရှိပါသည်၊ အကြင်အရပ်မှ လေ (တိုက်ခတ်ခြင်း) မရှိခဲ့ပါ (ယခု) ထိုအရပ်မှ လေ (တိုက်ခတ်ခြင်း) ရှိခဲ့ပါသည်၊ ရေသည် အလျှံပြောင်ပြောင် တောက်လောင်၍ နေယောင်တကား။ မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် အကျွန်ုပ်ကို ဖျက်ဆီးအပ်ပါ၏" ဟု လျှောက်လေဉ့ ဟု (ဆိုကြကုန်၏)။

အသျှင်ဘုရားတို့ ကောင်းပါပြီ ဟု မေတ္တိယာ ဘိက္ခုနီမသည် မေတ္တိယဘုမ္မဇက ရဟန်းတို့အား ဝန်ခံခဲ့၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ရပ်တည်၏၊ တခုသောနေရာ၌ ရပ်တည်ပြီးသော ထို မေတ္တိယာ ဘိက္ခုနီမသည် မြတ်စွာဘုရားကို "အသျှင်ဘုရား ဤအမှုသည် မလျောက်ပတ်ပါ၊ မသင့်တင့်ပါ၊ အသျှင်ဘုရား အကြင်အရပ်မျက်နှာသည် ဘေးမရှိခဲ့ပါ၊ ရန်မရှိခဲ့ပါ၊ နှိပ်စက်မှု မရှိခဲ့ပါ၊ ထိုအရပ်မျက်နှာသည် (ယခု) ဘေးရှိပါသည်၊ ရန်ရှိပါသည်၊ နှိပ်စက်မှုရှိပါသည်၊ အကြင်အရပ်မှ လေ (တိုက်ခတ်ခြင်း) မရှိခဲ့ပါ၊ (ယခု) ထိုအရပ်မှလေ (တိုက်ခတ်ခြင်း) ရှိခဲ့ပါသည်၊ ရေသည် အလျှံပြောင်မပြောင် တောက်လောင်၍ နေယောင်တကား။ မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် အကျွန်ုပ်ကို ဖျက်ဆီးအပ်ပါ၏" ဟု လျှောက်၏။

၃၇၄။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်း သံဃာကို စည်းဝေးစေပြီးလျှင် မလ္လမင်း၏ သား အသျှင်ဒဗ္ဗကို—

"ဒဗ္ဗ သင်သည် ဤဘိက္ခုနီမ ပြောသကဲ့သို့ ဤသို့သဘောရှိသော ဖျက်ဆီးမှုကို ပြုသည်ဟူ၍ အမှတ်ရ၏လော" ဟု စိစစ် မေးမြန်းတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်ကို မြတ်စွာဘုရား သိတော်မူသည့်အတိုင်းပင် ဖြစ်ပါသည်ဘုရား ဟု (လျှောက်၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း မလ္လမင်း၏သား အသျှင်ဒဗ္ဗကို "ဒဗ္ဗ သင်သည် ဤဘိက္ခုနီမ ပြောသကဲ့သို့ ဤသို့သဘောရှိသော ဖျက်ဆီးမှုကို ပြုသည်ဟူ၍ အမှတ်ရ၏လော" ဟု မိန့်တော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်ကို မြတ်စွာဘုရား သိတော်မူသည့်အတိုင်းပင် ဖြစ်ပါသည် ဟု (လျှောက်၏)။

ဒဗ္ဗ ပညာရှိတို့သည် ဤသို့မဖြေရှင်းကြကုန်၊ အကယ်၍ သင်သည် ပြုအပ်သည်ဖြစ်အံ့၊ ပြုအပ်ပါ၏ဟု လျှောက်ဆိုလော့၊ အကယ်၍ သင်သည် မပြုအပ်သည်ဖြစ်အံ့၊ မပြုအပ်ပါဟု လျှောက်ဆိုလော့ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည် မွေးသည့်အခါမှစ၍ အိပ်မက်မျှဖြင့်လည်း မေထုန်အကျင့်ကို ပြုကျင့် မှီဝဲမိသည်ဟု မသိပါ၊ နိုးသော တပည့်တော်သည် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ သို့ဖြစ်လျှင် မေတ္တိယာ ဘိက္ခုနီမအား (အသျှင်ကို) ဖျက်ဆီးကြကုန်လော့၊ ဤ(ခိုင်းသော) ရဟန်းတို့ကိုလည်း စိစစ်မေးမြန်းကြကုန်လော့" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီးလျှင် နေရာမှထ၍ ကျောင်းသို့ဝင်တော်မူ၏။ ထိုအခါ ထိုရဟန်းတို့သည် မေတ္တိယာ ဘိက္ခုနီမအား (အသွင်ကို) ဖျက်ဆီးကြကုန်၏၊ ထိုအခါ မေတ္တိယဘုမ္မဇက ရဟန်းတို့သည် ထိုရဟန်းတို့အား—

"ငါ့သျှင်တို့ မေတ္တိယာ ဘိက္ခုနီမကို မဖျက်ဆီးကြပါကုန်လင့်၊ ထိုဘိက္ခုနီမသည် တစုံတခု ပြစ်မှားသည် မဟုတ်ပါ၊ အမျက်ထွက်ကုန်သော နှလုံးမသာကုန်သော (သာသနာတော်မှ) ရွေ့လျောစေလိုကုန်သော ငါတို့သည်သာ ထိုဘိက္ခုနီမကို တိုက်တွန်းအပ်ကုန်၏" ဟု ပြောဆိုကြကုန်၏။

ငါ့သျှင်တို့ သင်တို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အခြေအမြစ်မရှိသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲဖျက်ဆီးကြကုန်သလော ဟု (မေးကြကုန်၏)။

ငါ့သျှင်တို့ မှန်ပေသည် ဟု (ပြန်ပြောကြကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် "မေတ္တိယဘုမ္မဇက ရဟန်းတို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အခြေအမြစ်မရှိသော ပါရာဇိကအာပတ်ဖြင့် အဘယ့်ကြောင့် စွပ်စွဲ ဖျက်ဆီးကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် မေတ္တိယဘုမ္မဇက ရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ပ။

ရဟန်းတို့ သင်တို့သည် မလ္လမင်း၏သား ဒဗ္ဗကို အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲ ဖျက်ဆီးကြကုန်၏ ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် မလ္လမင်း၏သား ဒဗ္ဗကို အခြေ အမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် အဘယ့်ကြောင့် စွပ်စွဲဖျက်ဆီး ကြကုန်သနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ ပြုသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၂။ ဂ-၃၈၅။ "အကြင် ရဟန်းသည် ရဟန်းကို ဒေါသဖိစီး ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ မနှစ်လိုသည်ဖြစ်၍ အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် 'ထိုရဟန်းကို ဤမြတ်သော အကျင့်မှ ရွေ့လျောစေနိုင်ရာ၏' ဟု ကြံ၍ စွပ်စွဲဖျက်ဆီးငြားအံ့၊ ထိုမှ နောက်အခါ၌ (သူတပါးတို့) မေးစိစစ်အပ်၍သော်ငင်း မမေးမစိစစ်အပ်ပဲသော်ငင်း ထိုအဓိကရဏ်းသည်လည်း အခြေအမြစ် မရှိသည်ဖြစ်အံ့၊ (စွပ်စွဲသော) ရဟန်းသည်လည်း အပြစ်ဒေါသကို ဝန်ခံအံ့၊ (ထိုရဟန်းအား) သံဃာဒိသိသ် အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ဟု မိန့်တော်မူ၏)။**

## ၈-ဒုဋ္ဌဒေါသသိက္ခာပုဒ် အဖွင့်

၃၈၆။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။ **ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိ စတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သောသူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ရဟန်းကို** ဟူသည် အခြားရဟန်းကို။

http://www.dhammadownload.com



**ဒေါသပိစီး ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍** ဟူသည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာသည်ဖြစ်၍ မမွေ့လျော်သော စိတ်ရှိသည်ဖြစ်၍ ထိခိုက်သော စိတ်ရှိသည်ဖြစ်၍ ငြောင့်ကဲ့သို့ဖြစ်သော စိတ်ရှိသည်ဖြစ်၍။

**မနှစ်လိုသည်ဖြစ်၍** ဟူသည် ထိုအမျက်ထွက်ခြင်းဖြင့်၎င်း ထိုဖျက်ဆီးခြင်းဖြင့်၎င်း ထိုနှလုံးမသာခြင်းဖြင့်၎င်း ထိုမမွေ့လျော်ခြင်းဖြင့်၎င်း မနှစ်လိုသည်ဖြစ်၏။

**အခြေအမြစ် မရှိ** မည်သည် မမြင်အပ် မကြားအပ် မရှိရှာအပ်။

**ပါရာဇိက အာပတ်ဖြင့်** ဟူသည် လေးပါးသော ပါရာဇိကတို့တွင် တပါးပါးဖြင့်။

**စွပ်စွဲဖျက်ဆီးငြားအံ့** ဟူသည် (ကိုယ်တိုင် သော်လည်း) စွပ်စွဲ၏၊ (သူတပါးတို့ကို သော်လည်း) စွပ်စွဲစေ၏။

**ထိုရဟန်းကို ဤသာသနာတော်မှ ရွေ့လျော စေနိုင်ရာ၏** ဟူသည် ရဟန်းအဖြစ်မှ ရွေ့လျောစေနိုင်ရာ၏၊ ရဟန်းတရားမှ ရွေ့လျောစေနိုင်ရာ၏၊ သီလအစုမှ ရွေ့လျောစေနိုင်ရာ၏၊ အကျင့်ဂုဏ်မှ ရွေ့လျောစေနိုင်ရာ၏။

**ထိုမှ နောက်အခါ၌** ဟူသည် အကြင်ခဏ၌ စွပ်စွဲ ဖျက်ဆီးအပ်၏၊ ထိုအချိန် ထိုအခါ ထိုကာလကို လွန်သည်ရှိသော်။

**(သူတပါးတို့) မေးစိစစ်အပ်၍သော်၎င်း** ဟူသည် အကြင်ဝတ္ထုဖြင့် စွပ်စွဲ (ဖျက်ဆီး) အပ်၏၊ ထိုဝတ္ထုကို မေးစစ်အပ်သော်။

**မမေးမစိစစ်အပ်ပဲသော်၎င်း** ဟူသည် တဦးတယောက်သည် မမေးအပ်ပဲ။

**အဓိကရုဏ်း** မည်သည် အဓိကရုဏ်းတို့သည် ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်း ကိစ္စာဓိကရုဏ်း အားဖြင့် လေးမျိုးတို့တည်း။

**(စွပ်စွဲသော) ရဟန်းသည်လည်း အပြစ်ဒေါသကိုဝန်ခံအံ့** ဟူသည် ငါသည် အချည်းနှီးသော စကားကို ပြောမိပြီ၊ ငါသည် မှားယွင်းသော စကားကို ပြောမိပြီ၊ ငါသည် မဟုတ် မမှန်သော စကားကို ပြောမိပြီ၊ ငါသည် မသိပဲ ပြောမိပြီ။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၃၈၇။ ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ ရောက်လျက် 'လွန်ကျူးလျက်' နေသော ရဟန်းကို မမြင်ပဲ၊ "ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်သည်ကို မြင်အပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ" ဟု အကယ်၍ စွပ်စွဲအံ့၊ စကား ခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် "ပါရာဇိက အာပတ်သို့ ရောက်ပြီးသော ရဟန်း" ဟု မကြားအပ်ပဲ၊ "ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ကြားအပ်ပြီ၊ (သင်) ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း

http://www.dhammadownload.com



ပဝါရဏာသည်ငင်း သံဃာ့အမှုကိစ္စသည်ငင်း မရှိတော့ပြီ” ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် “ပါရာဇိက အာပတ်သို့ ရောက်ပြီးသော ရဟန်း” ဟု ရှံရှာခြင်း ‘ယုံမှားခြင်း’ မရှိပဲ၊ “ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ရှံရှာအပ်ပြီ ‘ယုံမှားပြီ’၊ (သင်) ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသားဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်ငင်း ပဝါရဏာသည်ငင်း သံဃာ့အမှုကိစ္စသည်ငင်း မရှိတော့ပြီ” ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ရောက်လျက် ‘လွန်ကျူးလျက်’ နေသော ရဟန်းကို မမြင်ပဲ၊ “ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီးသည်ကို မြင်အပ်ပြီ၊ ကြားလည်း ကြားအပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ ရောက်လျက် ‘လွန်ကျူးလျက်’ နေသော ရဟန်းကို မမြင်ပဲ၊ “ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီးသည်ကို မြင်အပ်ပြီ၊ ရှံရှာလည်း ရှံရှာအပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ ရောက်လျက် ‘လွန်ကျူးလျက်’ နေသော ရဟန်းကို မမြင်ပဲ၊ “ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီးသည်ကို မြင်အပ်ပြီ၊ ကြားလည်း ကြားအပ်ပြီ၊ ရှံရှာလည်း ရှံရှာအပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် “ပါရာဇိက အာပတ်သို့ ရောက်ပြီးသော ရဟန်း” ဟု မကြားပဲ၊ “ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ကြားအပ်ပြီ၊ ရှံရှာလည်း ရှံရှာအပ်ပြီ ။ပ။ ငါသည် ကြားအပ်ပြီ၊ မြင်လည်း မြင်အပ်ပြီ။ပ။ ငါသည် ကြားအပ်ပြီ၊ ရှံရှာလည်း ရှံရှာအပ်ပြီ၊ မြင်လည်း မြင်အပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ပ‌ု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် “ပါရာဇိက အာပတ်သို့ ရောက်ပြီးသော ရဟန်း” ဟု မရှံရှာပဲ၊ အကယ်၍ ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ရှံရှာအပ်ပြီ၊ မြင်လည်းမြင်အပ်ပြီ။ပ။ ငါသည် ရှံရှာအပ်ပြီ၊ ကြားလည်း ကြားအပ်ပြီ။ပ။ ငါသည် ရှံရှာအပ်ပြီ၊ မြင်လည်း မြင်အပ်ပြီ၊ ကြားလည်း ကြားအပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ ရောက်နေ ‘လွန်ကျူးနေ’ သော ရဟန်းကို မြင်အပ်၏၊ “ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ကြားအပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ ရောက်နေ 'လွန်ကျူးနေ' သော ရဟန်းကို မြင်အပ်၏၊ "ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ရှုံရှာအပ်ပြီ ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ "ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ကြားအပ်ပြီ၊ ရှုံရှာလည်း ရှုံရှာအပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို(စောဒက ရဟန်း)သည် "ပါရာဇိက အာပတ်သို့ ရောက်ပြီးသော ရဟန်း" ဟု ကြားအပ်၏၊ "ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ရှုံရှာအပ်ပြီ ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ ငါသည် ပါရာဇိက အာပတ်သို့ ရောက်သည်ကို မြင်အပ်ပြီ။ပ။ ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ရှုံရှာအပ်ပြီ၊ မြင်လည်း မြင်အပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို(စောဒက ရဟန်း)သည် "ပါရာဇိက အာပတ်သို့ ရောက်ပြီးသော ရဟန်း" ဟု ရှုံရှာအပ်၏၊ "ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီးသည်ကို မြင်အပ်ပြီ ။ပ။ ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ကြားအပ်ပြီ ။ပ။ ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီးသည်ကို မြင်အပ်ပြီ၊ ကြားလည်း ကြားအပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ ရောက်ဆဲဖြစ်သော ရဟန်းကို မြင်အပ်၏၊ မြင်အပ်သည်၌ ယုံမှားရှိ၏၊ မြင်အပ်သည်ကို မယုံကြည်၊ မြင်အပ်သည်ကို သတိမရ၊ မြင်အပ်သည်ကို မေ့လျော့၏။ပ။ ကြားအပ်သည်၌ ယုံမှားရှိ၏၊ ကြားအပ်သည်ကို မယုံကြည်၊ ကြားအပ်သည်ကို သတိမရ၊ ကြားအပ်သည်ကို မေ့လျော့၏။ပ။ ရှုံရှာအပ်သည်၌ ယုံမှားရှိ၏၊ ရှုံရှာအပ်သည်ကို မယုံကြည်၊ ရှုံရှာအပ်သည်ကို သတိမရ၊ ရှုံရှာအပ်သည်ကို မေ့လျော့၏၊ အကယ်၍ ထိုရဟန်းကို ငါသည် ပါရာဇိက အာပတ်သို့ရောက်ပြီဟု ရှုံရှာအပ်ပြီ၊ မြင်လည်း မြင်အပ်ပြီ။ပ။ ငါသည် ရှုံရှာအပ်ပြီ၊ ကြားလည်းကြား အပ်ပြီ။ပ။ ငါသည် ရှုံရှာအပ်ပြီ၊ မြင်လည်း မြင်အပ်ပြီ၊ ကြားလည်း ကြားအပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ" ဟု အကယ်၍ စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၃၈၈။ ထို (စောဒက ရဟန်း) သည် ပါရာဇိကအာပတ်သို့ ရောက်ဆဲဖြစ်သော ရဟန်းကို မမြင်အပ်၊ "ထိုရဟန်းကို ပါရာဇိက အာပတ်သို့ ရောက်ပြီးသည်ကို မြင်အပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ" ဟု အကယ်၍ စွပ်စွဲစေငြားအံ့၊ စကား ခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ ရောက်ပြီးသော ရဟန်းဟု မကြားအပ်။ပ။ ထိုရဟန်းသည် "ပါရာဇိက အာပတ်သို့ ရောက်ပြီ" ဟု မရှုံရှာအပ်၊ ထို (မရှုံရှာအပ်သော) ရဟန်းကို ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ရှုံရှာအပ်ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲစေငြားအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ ရောက်ဆဲဖြစ်သော ရဟန်းကို မမြင်အပ်၊ "ထိုရဟန်းကို ပါရာဇိက အာပတ်သို့ ရောက်ပြီးသည်ကို မြင်အပ်ပြီ၊ ကြားအပ်ပြီ။ပ။ မြင်အပ်ပြီ၊ ရှုံရှာအပ်ပြီ။ပ။ မြင်အပ်ပြီ၊ ကြားအပ်ပြီ၊ ရှုံရှာအပ်ပြီ။ပ။

ထို (စောဒကရဟန်း) သည် "ပါရာဇိက အာပတ်သို့ ရောက်ပြီ" ဟု မကြားအပ်။ပ။ ထို (စောဒက ရဟန်း)သည် "ပါရာဇိက အာပတ်သို့ ရောက်ပြီ" ဟု မရှုံရှာအပ်၊ အကယ်၍ ထိုရဟန်းကို ပါရာဇိက အာပတ်သို့ ရောက်ပြီဟု ရှုံရှာအပ်ပြီ၊ မြင်အပ်ပြီ။ပ။ ရှုံရှာအပ်ပြီ၊ ကြားအပ်ပြီ။ပ။ ရှုံရှာအပ်ပြီ၊ မြင်အပ်ပြီ၊ ကြားအပ်ပြီ၊ (သင်) ရဟန်းမဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲစေငြားအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ ရောက်ဆဲဖြစ်သော ရဟန်းကို မြင်အပ်၏၊ ထိုရဟန်းကို ပါရာဇိက အာပတ်သို့ ရောက်ပြီဟု ကြားအပ်၏ဟု အကယ်၍ စွပ်စွဲစေငြားအံ့။ပ။ ထိုရဟန်းကို ရှုံရှာအပ်၏ ဟု အကယ်၍ စွပ်စွဲစေအံ့။ပ။ထိုရဟန်းကို ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ကြားအပ်၏၊ ရှုံရှာအပ်၏၊ (သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲစေငြားအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် "ပါရာဇိက အာပတ်သို့ ရောက်ပြီ" ဟု ကြားအပ်၏။ပ။ ထို (စောဒက ရဟန်း) သည် "ပါရာဇိက အာပတ်သို့ ရောက်ပြီ" ဟု ရှုံရှာအပ်၏၊ ထိုရဟန်းကို ပါရာဇိက အာပတ်သို့ ရောက်ပြီးသည်ကို မြင်အပ်၏ ဟု အကယ်၍ စွပ်စွဲစေငြားအံ့။ပ။ ထိုရဟန်းကို ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ကြားအပ်၏ ဟု အကယ်၍ စွပ်စွဲစေငြားအံ့။ပ။ ထိုရဟန်းကို ပါရာဇိက အာပတ်သို့ ရောက်ပြီးသည်ကို မြင်အပ်၏၊ ကြားအပ်၏၊ (သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲစေငြားအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထို (စောဒက ရဟန်း) သည် ပါရာဇိက အာပတ်သို့ ရောက်ဆဲဖြစ်သည်ကို မြင်အပ်၏၊ မြင်အပ်သည်၌ ယုံမှားရှိ၏၊ မြင်အပ်သည်ကို မယုံကြည်၊ မြင်အပ်သည်ကို သတိမရ၊ မြင်အပ်သည်ကို မေ့လျော့၏။ပ။ ကြားအပ်သည်၌ ယုံမှားရှိ၏၊ ကြားအပ်သည်ကို မယုံကြည်၊ ကြားအပ်သည်ကို သတိမရ၊ ကြားအပ်သည်ကို မေ့လျော့၏။ပ။ ရှုံရှာအပ်သည်၌ ယုံမှားရှိ၏၊ ရှုံရှာအပ်သည်ကို မယုံကြည်၊ ရှုံရှာအပ်သည်ကို သတိမရ၊ ရှုံရှာအပ်သည်ကို မေ့လျော့၏၊ ထိုရဟန်းကို "ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ရှုံရှာအပ်၏၊ မြင်အပ်၏ ဟု အကယ်၍ စွပ်စွဲစေငြားအံ့။ပ။ ရှုံရှာအပ်သည်ကို မေ့လျော့၏၊ ထိုရဟန်းကို ပါရာဇိကအာပတ်သို့ ရောက်ပြီ ဟု ရှုံရှာအပ်၏၊ ကြားအပ်၏ ဟု အကယ်၍ စွပ်စွဲစေငြားအံ့။ပ။ ရှုံရှာအပ်သည်ကို မေ့လျော့၏၊ ထိုရဟန်းကို ပါရာဇိက အာပတ်သို့ ရောက်ပြီ ဟု ရှုံရှာအပ်၏၊ မြင်အပ်၏၊ ကြားအပ်၏၊ (သင်) ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့ အမှုကိစ္စသည်၎င်း မရှိတော့ပြီ" ဟု အကယ်၍ စွပ်စွဲစေငြားအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၃၇၉။ မစင်ကြယ်သူ၌ စင်ကြယ်၏ဟူသောအယူ။ စင်ကြယ်သူ၌ မစင်ကြယ်ဟူသောအယူ။ မစင်ကြယ်သူ၌ မစင်ကြယ်ဟူသောအယူ။ စင်ကြယ်သူ၌ စင်ကြယ်၏ဟူသောအယူ။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိကအာပတ်သို့ ရောက်သည်ဖြစ်၍ မစင်ကြယ်၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို စင်ကြယ်၏ဟူသော အယူရှိသည် ဖြစ်လျက် အခွင့်ကိုမပြုစေမူ၍ ရွေလျောစေလိုသဖြင့်ဆိုအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

http://www.dhammadownload.com



ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိကအာပတ်သို့ ရောက်သည်ဖြစ်၍ မစင်ကြယ်၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို စင်ကြယ်၏ဟူသော အယူရှိသည် ဖြစ်လျက် အခွင့်ကို ပြုစေ၍ ရွှေလျောစေလိုသဖြင့် ဆိုအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိကအာပတ်သို့ ရောက်သည်ဖြစ်၍ မစင်ကြယ်၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို စင်ကြယ်၏ဟူသော အယူရှိသည် ဖြစ်လျက် အခွင့်ကို မပြုစေမူ၍ ဆဲရေးလိုသဖြင့် ဆိုအံ့၊ ဩမသဝါဒ (ပါစိတ်) အာပတ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိကအာပတ်သို့ရောက်သည်ဖြစ်၍ မစင်ကြယ်၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို စင်ကြယ်၏ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို ပြုစေ၍ ဆဲရေးလိုသဖြင့် ဆိုအံ့၊ ဩမသဝါဒ (ပါစိတ်) အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိက အာပတ်သို့ မရောက်သည်ဖြစ်၍ စင်ကြယ်၏၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို မစင်ကြယ်ဟူသော အယူရှိသည် ဖြစ်လျက် အခွင့်ကို မပြုစေမူ၍ ရွှေလျောစေလိုသဖြင့် ဆိုအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိကအာပတ်သို့ မရောက်သည်ဖြစ်၍ စင်ကြယ်၏၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို မစင်ကြယ်ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို ပြုစေ၍ ရွှေလျောစေလိုသဖြင့် ဆိုအံ့၊ အာပတ် မသင့်။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိက အာပတ်သို့ မရောက်သည်ဖြစ်၍ စင်ကြယ်၏၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို မစင်ကြယ်ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို မပြုစေမူ၍ ဆဲရေးလိုသဖြင့် ဆိုအံ့၊ ဩမသဝါဒ (ပါစိတ်) အာပတ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိကအာပတ်သို့ မရောက်သည်ဖြစ်၍ စင်ကြယ်၏၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို မစင်ကြယ်ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို ပြုစေ၍ ဆဲရေးလိုသဖြင့် ဆိုအံ့၊ ဩမသဝါဒ (ပါစိတ်) အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိကအာပတ်သို့ ရောက်သည်ဖြစ်၍ မစင်ကြယ်၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို မစင်ကြယ် ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို မပြုစေမူ၍ ရွှေလျောစေလိုသဖြင့် ဆိုအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိက အာပတ်သို့ ရောက်သည်ဖြစ်၍ မစင်ကြယ်၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို မစင်ကြယ်ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို ပြုစေ၍ ရွှေလျောစေလိုသဖြင့် ဆိုအံ့၊ အာပတ် မသင့်။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိက အာပတ်သို့ ရောက်သည်ဖြစ်၍ မစင်ကြယ်၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို မစင်ကြယ် ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို မပြုစေမူ၍ ဆဲရေးလိုသဖြင့် ဆိုအံ့၊ ဩမသဝါဒ (ပါစိတ်) အာပတ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိက အာပတ်သို့ ရောက်သည်ဖြစ်၍ မစင်ကြယ်၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို မစင်ကြယ် ဟူသော အယူရှိသည် ဖြစ်လျက် အခွင့်ကို ပြုစေ၍ ဆဲရေးလိုသဖြင့် ဆိုအံ့၊ ဩမသဝါဒ (ပါစိတ်) အာပတ် သင့်၏။

http://www.dhammadownload.com



ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိက အာပတ်သို့ မရောက်သည်ဖြစ်၍ စင်ကြယ်၏၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို စင်ကြယ်၏ ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို မပြုစေမူ၍ ရွှေလျောစေလိုသဖြင့် ဆိုအံ့၊ သံဃာဒိသိသ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိက အာပတ်သို့ မရောက်သည်ဖြစ်၍ စင်ကြယ်၏၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို စင်ကြယ်၏ ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို ပြုစေ၍ ရွှေလျောစေလိုသဖြင့် ဆိုအံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိက အာပတ်သို့ မရောက်သည်ဖြစ်၍ စင်ကြယ်၏၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို စင်ကြယ်၏ ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို မပြုစေမူ၍ ဆဲရေးလိုသဖြင့် ဆိုအံ့၊ ဩမသဝါဒ (ပါစိတ်) အာပတ်နှင့် ဒုက္ကဋ် အာပတ် သင့်၏။

ပုဂ္ဂိုလ်သည် တပါးပါးသော ပါရာဇိက အာပတ်သို့ မရေ ာက်သည် ဖြစ်၍ စင်ကြယ်၏၊ အကယ်၍ ထိုပုဂ္ဂိုလ်ကို စင်ကြယ်၏ ဟူသော အယူရှိသည်ဖြစ်လျက် အခွင့်ကို ပြုစေ၍ ဆဲရေးလိုသဖြင့် ဆိုအံ့၊ ဩမသဝါဒ (ပါစိတ်) အာပတ် သင့်၏။

၃၉၀။ စင်ကြယ်သူ၌ မစင်ကြယ် ဟူသော အယူရှိသောရဟန်း မစင်ကြယ်သူ၌ မစင်ကြယ် ဟူသော အယူရှိသောရဟန်း ရူးသောရဟန်း အစလက်ဦးလွန်ကျူးသောရဟန်းအား အာပတ် မသင့်။

အဋ္ဌမ ဒုဋ္ဌဒေါသသိက္ခာပုဒ် ပြီး၏။

---

## ၉-ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ်

၃၉၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ မေတ္တိယဘုမ္မဇက ရဟန်းတို့သည် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်ကုန်သည်ရှိသော် ဆိတ်ဖိုသည် ဆိတ်မ၌ ဖောက်ပြန်စွာပြုကျင့်သည်ကို မြင်ကြကုန်၏၊ မြင်ပြီးနောက် "ငါ့သျှင်တို့ ယခု ဤဆိတ်ဖိုကို မလ္လမင်း၏သား ဒဗ္ဗပြုလုပ်ကြကုန်အံ့၊ ဤဆိတ်မကို မေတ္တိယာ ဘိက္ခုနီမ ပြုလုပ်ကြကုန်အံ့၊ ငါတို့သည် ဤသို့ပင် ခေါ်ဝေါ်ကြကုန်အံ့၊ ငါ့သျှင်တို့ ငါတို့သည် ရှေးအခါ၌ မလ္လမင်း၏သား ဒဗ္ဗကို ပြောသံကြားဖြင့် စွဲဆိုခဲ့ကြကုန်၏၊ ယ… အခါ၌မူကား ငါတို့သည် မေတ္တိယာ ဘိက္ခုနီမ၌ ဖောက်ပြန်စွာ ပြုကျင့်… ကိုယ်တိုင်မြင်ကြကုန်၏" ဟု ပြောဆိုကြကုန်၏၊ ထို (မေတ္တိယဘုမ္မဇက) ရဟန်းတို့သည် ထိုဆိတ်ဖိုကို မလ္လမင်း၏သား ဒဗ္ဗဟု မှည့်ကုန်၏၊ ထိုဆိတ်မကို မေတ္တိယာ ဘိက္ခုနီမ ဟု မှည့်ကုန်၏၊ ထို (မေတ္တိယဘုမ္မဇက) ရဟန်းတို့သည် ရဟန်းတို့အား "ငါ့သျှင်တို့ ငါတို့သည် ရှေးအခါ၌ မလ္လမင်း၏သား ဒဗ္ဗကို ပြောသံကြားဖြ… ဲဆိုခဲ့ကြကုန်၏၊ ယခုအခါ၌မူကား ငါတို့သည် မေတ္တိယာ ဘိက္ခုနီမ၌ ဖောက်ပြန်စွာ ပြုကျင့်သည… ကိုယ်တိုင်မြင်ကြကုန်၏" ဟု ပြောကြားကုန်၏။

ရဟန်းတို့သည် "ငါ့သျှင်တို့ ဤသို့ မပြောဆိုကြကုန်လင့် မလ္လမင်း၏သား အသျှင်ဒဗ္ဗသည် ဤသို့ ပြုလုပ်မည်မဟုတ်ပါ" ဟု ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို—

"ဒဗ္ဗ သင်သည် ဤရဟန်းတို့ ပြောဆိုသကဲ့သို့ ဤသို့ သဘောရှိသောအမှုကို ပြုသည်ဟူ၍ အမှတ်ရ၏လော" ဟု စိစစ် မေးမြန်းတော်မူ၏။

မြတ်စွာဘုရား အကျွန်ုပ်ကို မြတ်စွာဘုရား သိတော်မူသည့်အတိုင်းပင် ဖြစ်ပါသည်ဘုရား ဟု (လျှောက်၏)။

နှစ်ကြိမ်မြောက်လည်း။ပ။ သုံးကြိမ်မြောက်လည်း မလ္လမင်း၏သား အသျှင်ဒဗ္ဗအား—

"ဒဗ္ဗ သင်သည် ဤရဟန်းတို့ ပြောဆိုသကဲ့သို့ ဤသို့ သဘောရှိသော အမှုကို ပြုသည် ဟူ၍ အမှတ်ရ၏လော" ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား အကျွန်ုပ်ကို မြတ်စွာဘုရား သိတော်မူသည့်အတိုင်းပင် ဖြစ်ပါသည်ဘုရား ဟု (လျှောက်၏)။

ဒဗ္ဗ ပညာရှိတို့သည် ဤသို့ မဖြေရှင်းကြကုန်၊ အကယ်၍ သင်သည် ပြုအပ်သည်ဖြစ်အံ့၊ ပြုအပ်ပါသည် ဟု လျှောက်ဆိုလော့၊ အကယ်၍ သင်သည် မပြုအပ်သည် ဖြစ်အံ့၊ မပြုအပ်ပါ ဟု လျှောက်ဆိုလော့ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အကျွန်ုပ်သည် မွေး သည့်အခါမှ စ၍ အိပ်မက်မျှဖြင့်လည်း မေထုန်အကျင့်ကို ပြုကျင့်မှီဝဲမိသည် ဟု မသိပါ၊ နိုးသော တပည့်တော်သည် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း ဟု (လျှောက်ဆို၏)။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ "သို့ဖြစ်လျှင် ဤရဟန်းတို့ကို မေးစိစစ်ကြကုန်လော့"ဟု ရဟန်းတို့အား မိန့်ဆိုတော်မူပြီး နေရာမှ ထ၍ ကျောင်းသို့ဝင်တော်မူ၏။

ထိုအခါ ထိုရဟန်းတို့သည် မေတ္တိယဘုမ္မဇက ရဟန်းတို့ကို မေးစိစစ်ကြကုန်၏။

ရဟန်းတို့သည် စိစစ် မေးမြန်းအပ်ကုန်သော် ထိုမေတ္တိယဘုမ္မဇက ရဟန်းတို့သည် ရဟန်းတို့အား ဤအကြောင်းကို ပြန်ကြားလျှောက်ထားကြကုန်၏။

ငါ့သျှင်တို့ သင်တို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အခြားဝတ္ထုတခုနှင့် သက်ဆိုင်၍သိက္ခာပုဒ်နှင့် ငြိစွန်းလောက်သော အချက်တခုကို ဆင်တူယိုးမှား ကောက်ယူပြီးလျှင် ပါရာဇိက အာပတ်ဖြင့် စွပ်စွဲဖျက်ဆီးကြကုန်သလော ဟု (မေးမြန်းကြကုန်၏)။

မှန်ပေသည် ငါ့သျှင်တို့ ဟု (ပြောဆိုကြကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် "မေတ္တိယဘုမ္မဇက ရဟန်းတို့သည် မလ္လမင်း၏သား အသျှင်ဒဗ္ဗကို အခြားဝတ္ထုတခုနှင့် သက်ဆိုင်၍ သိက္ခာပုဒ်နှင့် ငြိစွန်းလောက်သော အချက်တခုကို ဆင်တူယိုးမှား ကောက်ယူပြီးလျှင် ပါရာဇိက အာပတ်ဖြင့် အဘယ့်ကြောင့် စွပ်စွဲဖျက်ဆီးကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့သည် မေတ္တိယဘုမ္မဇက ရဟန်းတို့ကို များစွာသော အကြောင်းဖြင့်ကဲ့ရဲ့ ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။ ရဟန်းတို့ သင်တို့သည် မလ္လမင်း၏သား ဒဗ္ဗကို အခြားဝတ္ထုတခုနှင့် သက်ဆိုင်၍ သိက္ခာပုဒ်နှင့် ငြိစွန်းလောက်သော အချက်တခုကို ဆင်တူယိုးမှား ကောက်ယူပြီးလျှင် ပါရာဇိက အာပတ်ဖြင့် စွပ်စွဲဖျက်ဆီးကြကုန်၏ ဟူသည် မှန်သလော ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် မလ္လမင်း၏သား ဒဗ္ဗကို အခြားဝတ္ထုတခုနှင့် သက်ဆိုင်၍ သိက္ခာပုဒ်နှင့် ငြိစွန်းလောက်သော အချက်တခုကို ဆင်တူယိုးမှား ကောက်ယူပြီးလျှင် ပါရာဇိက အာပတ်ဖြင့် အဘယ့်ကြောင့် စွပ်စွဲဖျက်ဆီးကြကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သောယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၃။ ၉-၃၉၂။ "အကြင် ရဟန်းသည် ရဟန်းကို ဒေါသဖိစီး ဖျက်ဆီးလိုသော စိတ်ရှိသည် ဖြစ်၍ မနှစ်လိုသည်ဖြစ်၍ အခြားဝတ္ထုတခုနှင့် သက်ဆိုင်၍ သိက္ခာပုဒ်နှင့် ငြိစွန်းလောက်သော အချက်တခုကို ဆင်တူယိုးမှား ကောက်ယူပြီးလျှင် 'ထိုရဟန်းကို ဤမြတ်သော အကျင့်မှ ရွေ့လျောစေနိုင်ရာ၏' ဟု ကြံ၍ ပါရာဇိက အာပတ်ဖြင့် စွပ်စွဲဖျက်ဆီးငြားအံ့၊ ထိုမှနောက် အခါ၌ (သူတပါးတို့) မေးစိစစ်အပ်၍သော်၎င်း မမေးမစိစစ်အပ်ပဲသော်၎င်း ထိုအဓိကရုဏ်း သည် အခြားဝတ္ထုတခုနှင့် သက်ဆိုင်သည်လည်းဖြစ်အံ့၊ သိက္ခာပုဒ်နှင့် ငြိစွန်းလောက်သော အချက်တခုခုကို ဆင်တူယိုးမှား ကောက်ယူအပ်သည်လည်းဖြစ်အံ့၊ (စွပ်စွဲသော) ရဟန်း သည်လည်း အပြစ်ဒေါသကို ဝန်ခံအံ့၊ (ထိုရဟန်းအား) သံဃာဒိသိသ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-ဒုတိယ ဒုဋ္ဌဒေါသသိက္ခာပုဒ် အဖွင့်

၃၉၃။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သောသူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ရဟန်းကို** ဟူသည် ဖ..ြ..းသောရဟန်းကို။

**ဒေါသဖိစီး ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍** ဟူသည် အမျက်ထွက်သည်ဖြစ်၍ နှလုံးမသာ သည်ဖြစ်၍ မမွေ့လျော်သည်ဖြစ်၍ ထိခိုက်သော စိတ်ရှိသည်ဖြစ်၍ ငြောင့်ကဲ့သို့ ဖြစ်သော စိတ်ရှိသည် ဖြစ်၍။

**မ..် ..လိုသည်ဖြစ်၍** ဟူသည် ထိုအမျက်ထွက်ခြင်းဖြင့်၎င်း ထိုဖျက်ဆီးခြင်းဖြင့်၎င်း ထိုနှလုံးမသာ ခြင်းဖြင့်၎င်း ထိုမမွေ့လျော်ခြင်းဖြင့်၎င်း မနှစ်လိုသည်ဖြစ်၏။

**အခြားဝတ္ထုတခုနှင့်သက်ဆိုင်၍** ဟူသည် အာပတ်ဟူသော အခြားဝတ္ထုတခုနှင့် သက်ဆိုင်သည် သည်းဖြစ်၏ အဓိကရုဏ်းဟူသော အခြားဝတ္ထုတခုနှင့် သက်ဆိုင်သည်လည်းဖြစ်၏။

http://www.dhammadownload.com



အဘယ်သို့လျှင် အဓိကရုဏ်းသည် အဓိကရုဏ်း၏ အခြားဝတ္ထုတခုဖြစ်သနည်း၊ ဝိဝါဒါဓိကရုဏ်းသည် အနုဝါဒါဓိကရုဏ်း၏ အာပတ္တာဓိကရုဏ်း၏ ကိစ္စာဓိကရုဏ်း၏ အခြားဝတ္ထုတခုဖြစ်၏။

အနုဝါဒါဓိကရုဏ်းသည် အာပတ္တာဓိကရုဏ်း၏ ကိစ္စာဓိကရုဏ်း၏ ဝိဝါဒါဓိကရုဏ်း၏ အခြားဝတ္ထုတခုဖြစ်၏။

အာပတ္တာဓိကရုဏ်းသည် ကိစ္စာဓိကရုဏ်း၏ ဝိဝါဒါဓိကရုဏ်း၏ အနုဝါဒါဓိကရုဏ်း၏ အခြားဝတ္ထုတခုဖြစ်၏။

ကိစ္စာဓိကရုဏ်းသည် ဝိဝါဒါဓိကရုဏ်း၏ အနုဝါဒါဓိကရုဏ်း၏ အာပတ္တာဓိကရုဏ်း၏ အခြားဝတ္ထုတခုဖြစ်၏၊ ဤသို့အဓိကရုဏ်းသည် အဓိကရုဏ်း၏ အခြားဝတ္ထုတခုဖြစ်၏။

အဘယ်သို့လျှင် အဓိကရုဏ်းသည် အဓိကရုဏ်း၏ ထိုဝတ္ထုဖြစ်သနည်း။

ဝိဝါဒါဓိကရုဏ်းသည် ဝိဝါဒါဓိကရုဏ်း၏ ထိုဝတ္ထုဖြစ်၏၊ အနုဝါဒါဓိကရုဏ်းသည် အနုဝါဒါဓိကရုဏ်း၏ ထိုဝတ္ထုဖြစ်၏။

အာပတ္တာဓိကရုဏ်းသည် အာပတ္တာဓိကရုဏ်း၏ ရံခါ ထိုဝတ္ထုဖြစ်၏၊ ရံခါတပါးသောဝတ္ထုဖြစ်၏။

အဘယ်သို့လျှင် အာပတ္တာဓိကရုဏ်းသည် အာပတ္တာဓိကရုဏ်း၏ အခြားဝတ္ထုဖြစ်သနည်း။

မေထုနဓမ္မ ပါရာဇိကအာပတ်သည် အဒိန္နာဒါန် ပါရာဇိက အာပတ်၏ မနုဿဝိဂ္ဂဟ ပါရာဇိက အာပတ်၏ ဥတ္တရိမနုဿဓမ္မ ပါရာဇိကအာပတ်၏ အခြားဝတ္ထုဖြစ်၏။

အဒိန္နာဒါန် ပါရာဇိကအာပတ်သည် မနုဿဝိဂ္ဂဟ ပါရာဇိက အာပတ်၏ ဥတ္တရိမနုဿဓမ္မ ပါရာဇိက အာပတ်၏ မေထုနဓမ္မ ပါရာဇိကအာပတ်၏ အခြားဝတ္ထုဖြစ်၏။

မနုဿဝိဂ္ဂဟ ပါရာဇိက အာပတ်သည် ဥတ္တရိမနုဿဓမ္မ ပါရာဇိက အာပတ်၏ မေထုနဓမ္မ ပါရာဇိက အာပတ်၏ အဒိန္နာဒါန် ပါရာဇိက အာပတ်၏ အခြားဝတ္ထုဖြစ်၏။

ဥတ္တရိမနုဿဓမ္မ ပါရာဇိက အာပတ်သည် မေထုနဓမ္မ ပါရာဇိက အာပတ်၏ အဒိန္နာဒါန် ပါရာဇိက အာပတ်၏ မနုဿဝိဂ္ဂဟ ပါရာဇိကအာပတ်၏ အခြားဝတ္ထုဖြစ်၏၊ ဤသို့လျှင် အာပတ္တာဓိကရုဏ်းသည် အာပတ္တာဓိကရုဏ်း၏ အခြားဝတ္ထုဖြစ်၏။

အဘယ်သို့လျှင် အာပတ္တာဓိကရုဏ်းသည် အာပတ္တာဓိကရုဏ်း၏ ထိုဝတ္ထုဖြစ်သနည်း။

မေထုနဓမ္မ ပါရာဇိက အာပတ်သည် မေထုနဓမ္မ ပါရာဇိက အာပတ်၏ ထိုဝတ္ထုဖြစ်၏။

အဒိန္နာဒါန် ပါရာဇိက အာပတ်သည် အဒိန္နာဒါန် ပါရာဇိကအာပတ်၏ ထိုဝတ္ထုဖြစ်၏။

မနုဿဝိဂ္ဂဟ ပါရာဇိက အာပတ်သည် မနုဿဝိဂ္ဂဟ ပါရာဇိက အာပတ်၏ ထိုဝတ္ထုဖြစ်၏။

ဥတ္တရိမနုဿဓမ္မ ပါရာဇိက အာပတ်သည် ဥတ္တရိ မနုဿဓမ္မ ပါရာဇိက အာပတ်၏ ထိုဝတ္ထုဖြစ်၏၊ ဤသို့လျှင် အာပတ္တာဓိကရုဏ်းသည် အာပတ္တာဓိကရုဏ်း၏ ထိုဝတ္ထုဖြစ်၏။

ကိစ္စာဓိကရုဏ်းသည် ကိစ္စာဓိကရုဏ်း၏ ထိုဝတ္ထုဖြစ်၏။

ဤသို့လျှင် အဓိကရုဏ်းသည် အဓိကရုဏ်း၏ ထိုဝတ္ထုဖြစ်၏။

http://www.dhammadownload.com



၃၉၄။ **သိက္ခာပုဒ်နှင့် ငြိစွန်းလောက်သော အချက်တခုကို ဆင်တူယိုးမှား ကောက်ယူပြီးလျှင်** ဟူရာ၌ ဆင်တူယိုးမှား မည်သည်ကား—

ဆင်တူယိုးမှားတို့သည် ဇာတ် အမည် အနွယ် အသွင်သဏ္ဌာန် အာပတ် သပိတ် သင်္ကန်း ဥပဇ္ဈာယ် ဆရာ အိပ်ရာနေရာအားဖြင့် ဆယ်မျိုးတို့တည်း။

၃၉၅။ **ဇာတ်ဆင်တူယိုးမှား** မည်သည် ပါရာဇိက အာပတ်သို့ ရောက်သော မင်း (မျိုး) ကို မြင်၏၊ အခြားသော မင်းကိုမြင်၍ "ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီးသောမင်း (မျိုး) ရဟန်းကို မြင်အပ်ပြီ၊ (သင်) ပါရာဇိက အာပတ်သို့ ရောက်ပြီ၊ ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်ငှင်း ပဝါရဏာသည်ငှင်း သံဃာ့အမှုကိစ္စသည်ငှင်း မရှိတော့ပြီ" ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ်သင့်၏။

ပုဏ္ဏား (မျိုး) ကိုမြင်၏။ပ။ ကုန်သည် (မျိုး) ကိုမြင်၏။ပ။ ပါရာဇိက အာပတ်သို့ ရောက်သော ဆင်းရဲသား (မျိုး) ကိုမြင်၏၊ အခြားသော ဆင်းရဲသား (မျိုး) ကိုမြင်၍ "ငါသည်ပါရာဇိက အာပတ်သို့ ရောက်ပြီးသော ဆင်းရဲသား (မျိုး) ရဟန်းကို မြင်အပ်ပြီ၊ (သင်) ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ။ပ။ ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၃၉၆။ **အမည် ဆင်တူယိုးမှား** မည်သည် ဗုဒ္ဓရက္ခိတကို မြင်၏။ပ။ ဓမ္မရက္ခိတကို မြင်၏။ပ။ ပါရာဇိက အာပတ်သို့ရောက်သော သံဃရက္ခိတကို မြင်၏၊အခြားသော သံဃရက္ခိတကို မြင်၍ "ငါသည် ပါရာဇိက အာပတ်သို ရောက်ပြီးသော သံဃရက္ခိတကို မြင်အပ်ပြီ၊ (သင်) ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရား အနွယ်တော်မဟုတ်တော့ပြီ။ပ။ ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၃၉၇။ **အနွယ်ဆင်တူယိုးမှား** မည်သည် ဂေါတမ (အနွယ်ရဟန်း)ကိုမြင်၏။ပ။ မောဂ္ဂလာန် (အနွယ်ရဟန်း) ကို မြင်၏။ပ။ ကစ္စာယန (အနွယ်ရဟန်း)ကို မြင်၏။ပ။ ပါရာဇိက အာပတ်သို့ ရောက်သော ဝါသိဋ္ဌ (အနွယ်ရဟန်း) ကို မြင်၏၊ အခြားသော ဝါသိဋ္ဌ (အနွယ်ရဟန်း) ကို မြင်၍ "ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီးသော ဝါသိဋ္ဌ (အနွယ်ရဟန်း) ကို မြင်အပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ။ပ။ ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ်သင့်၏။

၃၉၈။ **အသွင်သဏ္ဌာန်ဆင်တူယိုးမှား** မည်သည် ရှည်သောရဟန်းကို မြင်၏။ပ။ တိုသော ရဟန်းကို မြင်၏။ပ။ မည်းနက်သောရဟန်းကိုမြင်၏။ပ။ ပါရာဇိက အာပတ်သို့ရောက်သော ဖြူသော ရဟန်းကိုမြင်၏ အခြားသောဖြူသောရပဟန်းကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ ရောက်ပြီးသော ဖြူသောရဟန်းကို မြင်အပ်ပြီ၊ (သင်) ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ။ပ။ ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏ ။

၃၉၉။ **အာပတ်ဆင်တူယိုးမှား** မည်သည် လဟုက အာပတ်သို့ရောက်သော ရဟန်းကို မြင်၏၊ အကယ်၍ ထိုလဟုက အာပတ်သို့ ရောက်သော ရဟန်းကို ပါရာဇိက အာပတ်ဖြင့် (သင်) ရဟန်း

http://www.dhammadownload.com



မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ။ပ။ ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၄၀၀။ **သပိတ်ဆင်တူယိုးမှား** မည်သည် သံသပိတ်ကိုဆောင်သော ရဟန်းကို မြင်၏။ပ။ (သပိတ်နှင့်တူသော သဏ္ဍာန်ကောင်းသော ပိတုန်းရောင်ရှိသော) သားရိုး မြေသပိတ်ကိုဆောင်သော ရဟန်းကိုမြင်၏။ပ။ ပါရာဇိက အာပတ်သို့ရောက်သော (ပကတိ) မြေသပိတ်ကိုဆောင်သော ရဟန်းကို မြင်၏၊ အခြားသော (ပကတိ) မြေသပိတ်ကိုဆောင်သော ရဟန်းကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ရောက်ပြီးသော (ပကတိ) မြေသပိတ်ကိုဆောင်သော ရဟန်းကို မြင်အပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ။ပ။ ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၄၀၁။ **သင်္ကန်းဆင်တူယိုးမှား** မည်သည် ပံသုကူသင်္ကန်းကိုဆောင်သော ရဟန်းကိုမြင်၏။ပ။ ပါရာဇိက အာပတ်သို့ရောက်သော လူ့ဒါယကာတို့လှူသော သင်္ကန်းကို ဆောင်သော ရဟန်းကိုမြင်၏၊ အခြားသော လူ့ဒါယကာတို့လှူသော သင်္ကန်းကို ဆောင်သော ရဟန်းကိုမြင်၍ "ငါသည် ပါရာဇိက အာပတ်သို့ ရောက်ပြီးသော လူ့ဒါယကာတို့လှူသော သင်္ကန်းကိုဆောင်သော ရဟန်းကို မြင်အပ်ပြီ၊ (သင်) ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ။ပ။ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၄၀၂။ **ဥပဇ္ဈာယ်ဆင်တူယိုးမှား** မည်သည် ပါရာဇိက အာပတ်သို့ရောက်သော ဤမည်သော ရဟန်း၏ အတူနေတပည့်ကိုမြင်၏၊ အခြားသော ဤမည်သောရဟန်း၏ အတူနေတပည့်ကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ ရောက်ပြီးသော ဤမည်သော ရဟန်း၏ အတူနေတပည့်ကို မြင်အပ်ပြီ၊ (သင်) ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်မဟုတ်တော့ပြီ။ပ။ ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၄၀၃။ **ဆရာဆင်တူယိုးမှား** မည်သည် ပါရာဇိက အာပတ်သို့ရောက်သော ဤမည်သော ရဟန်း၏ အနီးနေတပည့်ကိုမြင်၏၊ အခြားသော ဤမည်သော ရဟန်း၏ အနီးနေတပည့်ကိုမြင်၍ "ငါသည် ပါရာဇိက အာပတ်သို့ရောက်ပြီးသော ဤမည်သော ရဟန်း၏ အနီးနေတပည့်ကို မြင်အပ်ပြီ၊ (သင်) ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ။ပ။ ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၄၀၄။ **အိပ်ရာနေရာ ကျောင်း ဆင်တူယိုးမှား** မည်သည် ပါရာဇိကအာပတ်သို့ရောက်သော ဤမည်သော အိပ်ရာနေရာကျောင်းနေ ရဟန်းကိုမြင်၏၊အခြားသော ဤမည်သောအိပ်ရာနေရာ ကျောင်းနေ ရဟန်းကိုမြင်၍ "ငါသည် ပါရာဇိကအာပတ်သို့ရောက်ပြီးသော ဤမည်သော အိပ်ရာနေရာကျောင်းနေ ရဟန်းကိုမြင်အပ်ပြီ၊ (သင်) ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ" ဟု စွပ်စွဲအံ့၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၄၀၅။ **ပါရာဇိက အာပတ်ဖြင့်** ဟူသည် လေးပါးသော ပါရာဇိကတို့တွင် တပါးပါးဖြင့်။

**စွပ်စွဲ ဖျက်ဆီးဌြားအံ့** ဟူသည် (ကိုယ်တိုင်သော်လည်း) စွပ်စွဲ၏၊ (သူတပါးတို့ကိုသော်လည်း) စွပ်စွဲစေ၏။

http://www.dhammadownload.com



**ထိုရဟန်းကို ဤမြတ်သော အကျင့်မှ ရွေလျောစေနိုင်ရာ၏** ဟူသည် ရဟန်းအဖြစ်မှ ရွေလျော စေနိုင်ရာ၏၊ ရဟန်းတရားမှ ရွေ့လျောစေနိုင်ရာ၏၊ သီလအစုမှ ရွေ့လျောစေနိုင်ရာ၏၊ အကျင့်ဂုဏ်မှ ရွေလျောစေနိုင်ရာ၏။

**ထိုမှ နောက်အခါ၌** ဟူသည် အကြြင်ခဏ၌ စွပ်စွဲဖျက်ဆီးအပ်၏၊ ထိုအခါ ထိုအချိန် ထိုကာလကို လွန်သည်ရှိသော်။

**(သူတပါးတို့) မေးစိစစ်အပ်၍သော်၎င်း** ဟူသည် အကြြင်ဝတ္ထုဖြင့် စွပ်စွဲဖျက်ဆီးအပ်၏၊ ထိုဝတ္ထုကို မေးစစ်အပ်သော်။

**မမေးမစိစစ်အပ်ပဲသော်၎င်း** ဟူသည် တဦးတယောက်သည်မမေးအပ်ပဲ။

**အဓိကရဏ်း** မည်သည် အဓိကရဏ်းတို့သည်—

၁-ဝိဝါဒါဓိကရဏ်း၊ ၂-အနုဝါဒါဓိကရဏ်း၊ ၃-အာပတ္တာဓိကရဏ်း၊ ၄-ကိစ္စာဓိကရဏ်းအားဖြင့် လေးမျိုးတို့တည်း။

**သိက္ခာပုဒ်နှင့် ငြိစွန်းလောက်သော အချက်တခုကို ဆင်တူယိုးမှား ကောက်ယူပြီးလျှင်** ဟူသည် ထိုဆင်တူယိုးမှား ဆယ်မျိုးတို့တွင် တမျိုးမျိုးသော ဆင်တူယိုးမှားကို ကောက်ယူအပ်၏။

**စွပ်စွဲသော ရဟန်းသည် အပြစ်ဒေါသကို ဝန်ခံအံ့** ဟူသည် ငါသည် အချည်းနှီးသော စကားကို ပြောမိပြီ၊ ငါသည် မှားယွင်းသောစကားကိုပြောမိပြီ၊ ငါသည် မဟုတ်မမှန်သောစကားကို ပြောမိပြီ၊ ငါသည် မသိပဲ ပြောမိပြီ။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၄၀၆။ သံဃာဒိသိသ် အာပတ်သို့ရောက်သော ရဟန်းကိုမြင်၏၊ သံဃာဒိသိသ်၌ သံဃာဒိသိသ် ဟု အယူရှိ၏၊ ထိုရဟန်းကို ပါရာဇိကအာပတ်ဖြင့် "(သင်)ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှု ကိစ္စသည်၎င်း မရှိတော့ပြီ" ဟု အကယ်၍ စွပ်စွဲအံ့၊ ဤသို့စွပ်စွဲသော်လည်း အာပတ်ဟူသော အခြား ဝတ္ထုလည်းဖြစ်၏၊ ဆင်တူယိုးမှားလည်း ကောက်ယူ၏၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

သံဃာဒိသိသ် အာပတ်သို့ရောက်သော ရဟန်းကိုမြင်၏၊ သံဃာဒိသိသ်၌ ထုလ္လစ္စည်းဟု အယူ ရှိ၏။ပ။ ပါစိတ်ဟု အယူရှိ၏၊ ပါဋိဒေသနီဟု အယူရှိ၏၊ ဒုက္ကဋ်ဟု အယူရှိ၏၊ ဒုဗ္ဘာသီဟု အယူရှိ၏၊ ထိုရဟန်းကို ပါရာဇိကအာပတ်ဖြင့် "(သင်) ရဟန်းမဟုတ်တော့ပြီ။ပ။ဟု အကယ်၍ စွပ်စွဲအံ့၊ ဤသို့ စွပ်စွဲသော်လည်း အာပတ် ဟူသော အခြားဝတ္ထုလည်း ဖြစ်၏၊ ဆင်တူယိုးမှားလည်း ကောက်ယူ၏၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထုလ္လစ္စည်းအာပတ်သို့ ရောက်သော ရဟန်းကို မြင်၏၊ ထုလ္လစ္စည်း၌ ထုလ္လစ္စည်းဟု အယူရှိ၏။ပ။ ထုလ္လစ္စည်း၌ ပါစိတ်ဟု အယူရှိ၏။ ပါဋိဒေသနီဟု အယူရှိ၏။ ဒုက္ကဋ် ဟု အယူရှိ၏။ ဒုဗ္ဘာသီဟု အယူ ရှိ၏။ သံဃာဒိသိသ်ဟု အယူရှိ၏။ ထိုရဟန်းကို ပါရာဇိက အာပတ်ဖြင့် "(သင်) ရဟန်းမဟုတ် တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲအံ့၊ ဤသို့စွပ်စွဲသော်လည်း အာပတ်ဟူသော အခြားဝတ္ထုလည်း ဖြစ်၏၊ ဆင်တူယိုးမှားလည်း ကောက်ယူ၏။ စကား ခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

http://www.dhammadownload.com



ပါစိတ်အာပတ်သို့ ရောက်သောရဟန်းကို။ပ။ ပါဋိဒေသနီသို့။ ဒုက္ကဋ်ဒုဗ္ဘာသိအာပတ်သို့ရောက်သော ရဟန်းကိုမြင်၏။ ဒုဗ္ဘာသိ၌ ဒုဗ္ဘာသိဟု အယူရှိ၏။ပ။ ဒုဗ္ဘာသိ၌ သံဃာဒိသိသ်ဟု အယူရှိ၏။ ထုလ္လစ္စဉ်းဟု အယူရှိ၏။ ပါစိတ်ဟုအယူရှိ၏။ ပါဋိဒေသနီဟု အယူရှိ၏။ ဒုက္ကဋ်ဟု အယူရှိ၏။ ထိုရဟန်းကို ပါရာဇိက အာပတ်ဖြင့် "(သင်) ရဟန်း မဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ" ဟု အကယ်၍ စွပ်စွဲအံ့၊ ဤသို့စွပ်စွဲသော်လည်း အာပတ်ဟူသော အခြားဝတ္ထုလည်း ဖြစ်၏၊ဆင်တူယိုးမှားလည်း ကောက်ယူ၏၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

[တခုခုသောအာပတ်ကို မှုပြု၍ စက်ကို ဖွဲ့အပ်၏]

၄၀၇။ သံဃာဒိသိသ်သို့ ရောက်သောရဟန်းကို မြင်၏။ သံဃာဒိသိသ်၌ သံဃာဒိသိသ် ဟု အယူရှိ၏၊ ထိုရဟန်းကို ပါရာဇိက အာပတ်ဖြင့် "(သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲစေငြားအံ့၊ ဤသို့ စွပ်စွဲစေငြားသော်လည်း အာပတ်ဟူသော အခြားဝတ္ထုလည်း ဖြစ်၏၊ ဆင်တူယိုးမှားလည်း ကောက်ယူ၏၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

သံဃာဒိသိသ်သို့ ရောက်သော ရဟန်းကို မြင်၏၊ သံဃာဒိသိသ်၌ ထုလ္လစ္စဉ်း ဟု အယူရှိ၏။ပ။ ပါစိတ် ဟု အယူရှိ၏။ ပါဋိဒေသနီ ဟု အယူရှိ၏။ ဒုက္ကဋ် ဟု အယူရှိ၏။ ဒုဗ္ဘာသိ ဟု အယူရှိ၏။ ထိုရဟန်းကို ပါရာဇိက အာပတ်ဖြင့် "(သင်) ရဟန်းမဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲစေငြားအံ့၊ ဤသို့ စွပ်စွဲစေငြားသော်လည်း အာပတ် ဟူသော အခြားဝတ္ထုလည်း ဖြစ်၏၊ ဆင်တူယိုးမှားလည်း ကောက်ယူ၏၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

ထုလ္လစ္စဉ်းသို့ ရောက်သော ရဟန်းကို မြင်၏၊ ထုလ္လစ္စဉ်း၌ ထုလ္လစ္စဉ်း ဟု အယူရှိ၏။ပ။ ထုလ္လစ္စဉ်း၌ ပါစိတ် ဟု အယူရှိ၏။ ပါဋိဒေသနီဟု အယူရှိ၏။ ဒုက္ကဋ်ဟု အယူရှိ၏။ ဒုဗ္ဘာသိဟု အယူရှိ၏။ သံဃာဒိသိသ် ဟု အယူရှိ၏။ ထိုရဟန်းကို ပါရာဇိက အာပတ်ဖြင့် "(သင်) ရဟန်း မဟုတ်တော့ပြီ။ပ။ ဟု အကယ်၍ စွပ်စွဲစေငြားအံ့၊ ဤသို့ စွပ်စွဲစေငြားသော်လည်း အာပတ် ဟူသော အခြားဝတ္ထုလည်း ဖြစ်၏၊ ဆင်တူယိုးမှားလည်း ကောက်ယူ၏၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ်အာပတ် သင့်၏။

ပါစိတ်သို့။ပ။ ပါဋိဒေသနီသို့ ဒုက္ကဋ်သို့ ဒုဗ္ဘာသိသို့ ရောက်သော ရဟန်းကို မြင်၏၊ ဒုဗ္ဘာသိ၌ ဒုဗ္ဘာသိ ဟု အယူရှိ၏။ပ။ ဒုဗ္ဘာသိ၌ သံဃာဒိသိသ်ဟု အယူရှိ၏။ ထုလ္လစ္စဉ်းဟု အယူရှိ၏။ ပါစိတ်ဟု အယူရှိ၏။ ပါဋိဒေသနီဟု အယူရှိ၏။ ဒုက္ကဋ်ဟု အယူရှိ၏။ ထိုရဟန်းကို ပါရာဇိက အာပတ်ဖြင့် "(သင်) ရဟန်းမဟုတ်တော့ပြီ၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် မဟုတ်တော့ပြီ၊ သင်နှင့်အတူ ဥပုသ်သည်၎င်း ပဝါရဏာသည်၎င်း သံဃာ့အမှုကိစ္စသည်၎င်း မရှိတော့ပြီ" ဟု အကယ်၍ စွပ်စွဲစေငြားအံ့၊ ဤသို့ စွပ်စွဲစေငြားသော်လည်း အာပတ် ဟူသော အခြားဝတ္ထုလည်း ဖြစ်၏၊ ဆင်တူယိုးမှားလည်း ကောက်ယူ၏၊ စကားခွန်းတိုင်း ခွန်းတိုင်း သံဃာဒိသိသ် အာပတ် သင့်၏။

၄၀၈။ ထိုအတိုင်း ထင်မှတ်ခြင်း သညာရှိ၍ စွပ်စွဲမှုလည်း စွပ်စွဲအံ့၊ စွပ်စွဲစေမှုလည်း စွပ်စွဲစေငြားအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

နဝမ ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁၀-သံဃဘေဒသိက္ခာပုဒ်

၄၀၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဒေဝဒတ်သည် ကောကာလိက ခဏ္ဍဒေ ဝိယပုတ္တ ကဋမောဒကတိဿက သမုဒ္ဒဒတ္တတို့အထံသို့ ချဉ်းကပ်ပြီးနောက် ကောကာလိကကိုင်း ခဏ္ဍဒေဝိယပုတ္တ ကဋမောဒကတိဿကကိုင်း သမုဒ္ဒဒတ္တကိုင်း "ငါ့သျှင်တို့ လာကြကုန်လော့ ငါတို့သည် ရဟန်းဂေါတမ၏ သံဃာကွဲပြားခြင်းကို အာဏာစက်ပျက်ခြင်းကို ပြုကုန်အံ့" ဟု ပြော ဆို၏၊ ဤသို့ ဆိုလတ်သော် ကောကာလိကသည် ဒေဝဒတ်ကို "ငါ့သျှင် ရဟန်းဂေါတမသည်ကား တန်ခိုးအာနုဘော်ကြီး၏၊ ငါတို့သည် ရဟန်းဂေါတမ၏သံဃာကွဲပြားခြင်းကို အာဏာစက်ပျက်ခြင်းကို အဘယ်သို့ ပြုကုန်အံ့နည်း" ဟု ဆို၏။

ငါ့သျှင်တို့ လာကြလော့ ငါတို့သည် ရဟန်းဂေါတမသို့ ချဉ်းကပ်၍ "အသျှင်ဘုရား မြတ်စွာဘုရား သည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်း၏ ရောင့်ရဲလွယ်ခြင်း၏ ခေါင်းပါးခြင်း၏ ကိလေ သာကို ခါထုတ်ခြင်း၏ ကြည်ညိုဖွယ်ကို ဆောင်ခြင်း၏ ကိလေသာကို မပွါးစီးစေခြင်း၏ လုံ့လ ကြိုးကုတ် အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိပါသည်၊ အသျှင်ဘုရား ဤဝတ္ထုငါးမျိုး တို့သည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်းငှါ ရောင့်ရဲလွယ်ခြင်းငှါ ခေါင်းပါးခြင်းငှါ ကိလေသာကို ခါထုတ်ခြင်းငှါ ကြည်ညိုဖွယ်ကို ဆောင်ခြင်းငှါ ကိလေသာကို မပွါးစီးစေခြင်းငှါ လုံ့လကြိုးကုတ် အားထုတ်ခြင်းငှါ ဖြစ်ပါကုန်၏၊ တောင်းပန်ပါသည် အသျှင်ဘုရား ရဟန်းတို့သည် အသက်ထက်ဆုံး တောကျောင်းနေ ဖြစ်ပါစေကုန်၊ အကြင် ရဟန်းသည် ရွာကျောင်းသို့ သက်ရောက် ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။

အသက်ထက်ဆုံး ပိဏ္ဍပါတ် ဓုတင်ဆောင် ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် နိမန္တနဘတ် (ပင့်ဖိတ်၍ ကျွေးသောဆွမ်းကို စားခြင်း) ကို လက်ခံငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။

အသက်ထက်ဆုံး ပံသုကူ ဓုတင်ဆောင် ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် လူဒါယကာတို့ လှူ သော သင်္ကန်းကိုလက်ခံငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။

အသက်ထက်ဆုံး ရုက္ခမူ ဓုတင်ဆောင်ဖြစ်ပါစေကုန်၊ အကြင် ရဟန်းသည် အမိုးရှိသောကျောင်း သို့ ချဉ်းကပ်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။

အသက်ထက်ဆုံး ငါးအမဲကို မစားပါစေကုန်လင့်၊ အကြင်ရဟန်းသည် ငါးအမဲကိုစားငြားအံ့၊ ထို ရဟန်းအား အပြစ်ရောက်ပါစေ" ဟု ဝတ္ထုငါးမျိုးတို့ကို တောင်းကုန်အံ့၊ ဤဝတ္ထုငါးမျိုးတို့ကို ရဟန်း ဂေါတမသည် ခွင့်မပြုလတ္တံ့၊ ထိုငါတို့သည် ဤဝတ္ထုငါးမျိုးတို့ဖြင့် လူအပေါင်းကိုသိစေကုန်အံ့၊ ငါ့သျှင် တို့ ဤဝတ္ထုငါးမျိုးတို့ဖြင့် ရဟန်း ဂေါတမ၏ သံဃာကွဲပြားခြင်းကို အာဏာစက်ပျက်ခြင်းကို ပြုခြင်းငှါ တတ်နိုင်သည်သာတည်း၊ ငါ့သျှင်တို့ လူတို့သည် ခေါင်းပါးမှုကို ကြည်ညိုကြစမြဲ ဖြစ်ကုန်၏ ဟု (ဆို၏)။

ထိုအခါ ဒေဝဒတ်သည် ပရိသတ်နှင့်တကွ မြတ်စွာဘုရားထံသို့ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရား ကို ရှိခိုး၍ တခုသောနေရာ၌ထိုင်ကာ မြတ်စွာဘုရားအား—

အသျှင်ဘုရား မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် အလိုနည်းခြင်း၏။ပ။ လုံ့လ ကြိုးကုတ်အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးကိုပြောဆိုလေ့ရှိပါသည်၊ အသျှင်ဘုရား ဤဝတ္ထုငါးမျိုးတို့

http://www.dhammadownload.com



သည် များစွာသောအကြောင်းဖြင့် အလိုနည်းခြင်း၄။ပ။ လုံ့လကြိုးကုတ်အားထုတ်ခြင်း၄၊ ဖြစ်ကုန်၏၊ တောင်းပန်ပါသည် အသျှင်ဘုရား ရဟန်းတို့သည် အသက်ထက်ဆုံး တောကျောင်းနေဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် ရွာကျောင်းသို့ သက်ရောက်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ။ပ။ အသက်ထက်ဆုံး ငါးအမဲကိုမစားပါစေကုန်လင့်၊ အကြင်ရဟန်းသည် ငါးအမဲကိုစားငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ ဟု လျှောက်၏။

ဒေဝဒတ် မသင့်လျော်ပေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) တောကျောင်းနေဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊(ထိုရဟန်းသည်)ရွာကျောင်းနေဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) ပိဏ္ဍပါတ်ဓုတင်ဆောင်ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) နိမန္တနဘတ်ကိုလက်ခံစေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ (ထိုရဟန်းသည်) ပံသုကူဓုတင်ဆောင်ဖြစ်စေ၊ အကြင်ရဟန်းသည် အလိုရှိအံ့၊ ထိုရဟန်းသည် လူဒါယကာတို့ လှူသောသင်္ကန်းကို လက်ခံစေ၊ ဒေဝဒတ် ငါသည် ရှစ်လတို့ပတ်လုံး သစ်ပင်ရင်း အိပ်ရာနေရာကိုခွင့်ပြုအပ်ပြီ၊ မမြင်အပ် မကြားအပ် မရှိ ရှာ 'မယုံမှား' အပ်သော အစွန်းသုံးပါးမှ စင်ကြယ်သော ငါးအမဲကို ခွင့်ပြုအပ်ပြီ ဟု (မိန့်တော်မူ၏)။

ထိုအခါ ဒေဝဒတ်သည် "မြတ်စွာဘုရားသည် ဤဝတ္ထုငါးမျိုးတို့ကို ခွင့်မပြု" ဟု ရွှင်လန်းတက်ကြွသည်ဖြစ်၍ ပရိသတ်နှင့်တကွ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုလျက် ဖဲသွားလေ၏။

၄၁၀။ ထိုအခါ ဒေဝဒတ်သည် ရာဇဂြိုဟ်မြို့သို့ဝင်၍ ဝတ္ထုငါးမျိုးတို့ဖြင့် "ငါ့သျှင်တို့ ငါတို့သည် ရဟန်းဂေါတမသို့ ချဉ်းကပ်၍ 'အသျှင်ဘုရား မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်း၏ ရောင့်ရဲလွယ်ခြင်း၏ ခေါင်းပါးခြင်း၏ ကိလေသာကို ခါထုတ်ခြင်း၏ ကြည်ညိုဖွယ်ကို ဆောင်ခြင်း၏ ကိလေသာကို မပွါးစီးစေခြင်း၏ လုံ့လကြိုးကုတ် အားထုတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိပါသည်၊ အသျှင်ဘုရား-ဤဝတ္ထုငါးမျိုးတို့သည် များစွာသော အကြောင်းဖြင့် အလိုနည်းခြင်း၄၊ ရောင့်ရဲလွယ်ခြင်း၄၊ ခေါင်းပါးခြင်း၄၊ ကိလေသာကို ခါထုတ်ခြင်း၄၊ ကြည်ညိုဖွယ်ကို ဆောင်ခြင်း၄၊ ကိလေသာကို မပွါးစီးစေခြင်း၄၊ လုံ့လကြိုးကုတ် အားထုတ်ခြင်း၄၊ ဖြစ်ပါကုန်၏၊ တောင်းပန်ပါသည် အသျှင်ဘုရား-ရဟန်းတို့သည် အသက်ထက်ဆုံး တောကျောင်းနေဖြစ်ပါစေကုန်၊ အကြင် ရဟန်းသည် ရွာကျောင်းသို့ သက်ရောက်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ၊ အသက်ထက်ဆုံး ပိဏ္ဍပါတ် ဓုတင်ဆောင်ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် နိမန္တနဘတ်ကို လက်ခံငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ၊ အသက်ထက်ဆုံး ပံသုကူ ဓုတင်ဆောင် ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် လူဒါယကာတို့လှူသော သင်္ကန်းကို လက်ခံငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ၊ အသက်ထက်ဆုံး ရုက္ခမူဓုတင်ဆောင် ဖြစ်ပါစေကုန်၊ အကြင်ရဟန်းသည် အမိုးရှိသောကျောင်းသို့ ချဉ်းကပ်ငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ၊ အသက်ထက်ဆုံး ငါးအမဲကိုမစားပါစေကုန်လင့်၊ အကြင်ရဟန်းသည် ငါးအမဲကို စားငြားအံ့၊ ထိုရဟန်းအား အပြစ်ရောက်ပါစေ' ဟု ဝတ္ထုငါးမျိုးတို့ကို တောင်းခဲ့ကုန်ပြီ၊ ဤဝတ္ထုငါးမျိုးတို့ကို ရဟန်းဂေါတမသည် ခွင့်မပြု၊ ထို ငါတို့သည် ဤ ဝတ္ထုငါးမျိုးတို့ဖြင့် ဆောက်တည် ကျင့်ကြကုန်၏" ဟု လူအပေါင်းကို သိစေ၏။

ထို လူအပေါင်းတို့တွင် အကြင်လူတို့သည် (ရတနာသုံးပါးကို) မယုံကြည်ကုန်၊ မကြည်ညိုကုန်၊ အသိဉာဏ်မရှိကြကုန်၊ ထိုလူတို့သည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့

http://www.dhammadownload.com



သည် ကိလေသာကို ခါထုတ်ကုန်၏၊ ခေါင်းပါးသော အသက်မွေးမှု ရှိကုန်၏၊ လာဘ်များသောရဟန်းဂေါတမသည်ကား လာဘ်များခြင်းအကျိုးငှါ အားထုတ်ကြိုးစား၏" ဟု ပြောဆိုကြကုန်၏။

အကြင် လူတို့သည်ကား (ရတနာသုံးပါးကို) ယုံကြည်ကုန်၏၊ ကြည်ညိုကုန်၏၊ ပညာရှိကုန်၏၊ လိမ္မာကုန်၏၊ အသိဉာဏ်ရှိကုန်၏၊ ထိုလူတို့သည် "ဒေဝဒတ်သည် မြတ်စွာဘုရား၏ သံဃာကွဲပြားခြင်းငှါ အာဏာစက်ပျက်ခြင်းငှါ အဘယ့်ကြောင့် လုံ့လပြုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြုပြောဆိုကြသော ထိုလူတို့၏ (စကားကို) ကြားကုန်သည်သာတည်း၊ အလိုနည်းသော ရဟန်းတို့သည် "ဒေဝဒတ်သည် သံဃာကွဲပြားခြင်းငှါ အာဏာစက်ပျက်ခြင်းငှါ အဘယ့်ကြောင့် လုံ့လပြုဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ဒေဝဒတ်ကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ပ။ ဒေဝဒတ် သင်သည် သံဃာကွဲပြားခြင်းငှါ အာဏာစက်ပျက်ခြင်းငှါ လုံ့လပြု၏ ဟူသည် မှန်သလော ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် သံဃာကွဲပြားခြင်းငှါ အာဏာစက် ပျက်ခြင်းငှါ အဘယ့်ကြောင့် လုံ့လပြုဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၄။ ၁၀-၄၁၁။ "အကြင် ရဟန်းသည် ညီညွတ်သော သံဃာ၏ ကွဲပြားခြင်းငှါ လုံ့လပြုငြားအံ့၊ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းကိုသော်လည်း ခိုင်မြဲစွာ စွဲယူပြုမူ၍ တည်ငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် 'အသျှင်သည် ညီညွတ်သောသံဃာ၏ ကွဲပြားခြင်းငှါ လုံ့လမပြုပါလင့်၊ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းကိုသော်လည်း ခိုင်မြဲစွာ စွဲယူပြုမူ၍ မတည်ပါလင့်၊ အသျှင်သည် သံဃာနှင့် ညီညွတ်ပါလော့၊ ညီညွတ်သည်သာလျှင်ဖြစ်သော သံဃာသည် ကောင်းစွာဝမ်းမြောက်သည်ဖြစ်၍ မငြင်းခုံသည်ဖြစ်၍ တူသောပါတိမောက် ပြခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာနေရ၏' ဟု ပြောဆိုရာ၏၊ ရဟန်းတို့သည် ဤသို့ ဆိုအပ်လျက် ထိုရဟန်းသည် ရှေးနည်းအတူပင် ပြုမူငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် သုံးကြိမ်တိုင်အောင် ထိုအယူကို စွန့်စိမ့်သောငှါ ကောင်းစွာ ဆိုဆုံးမအပ်၏၊ အကယ်၍ သုံးကြိမ်တိုင်အောင် ကောင်းစွာ ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည်ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့ (ထိုရဟန်းအား) သံဃာဒိသိသ် အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ဟု မိန့်တော်မူ၏)။**

## ၁၀-သံဃဘေဒသိက္ခာပုဒ် အဖွင့်

၄၁၂။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

http://www.dhammadownload.com



**ညီညွတ်သောသံဃာ** မည်သည် တူသောပေါင်းသင်းခြင်းရှိသော တူသောသိမ်၌တည်သော (သံဃာတည်း)။

**ကွဲပြားခြင်းငှါလုံ့လပြုပြီးအံ့** ဟူသည် အဘယ်သို့လျှင် ဤရဟန်းတို့သည် အစိတ်စိတ်အမြွာမြွာ ဖြစ်ပါကုန်မည်နည်း၊ အစေးမကပ်ဖြစ်ပါကုန်မည်နည်း၊ အစုအစုဖြစ်ပါကုန်မည်နည်း ဟု အသင်းအပင်းကို ရှာ၏၊ ဂိုဏ်းဂဏကိုဖွဲ့၏။

**ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းကိုသော်လည်း** ဟူသည် ကွဲပြားခြင်းကို ပြုတတ်သော တဆယ့်ရှစ်ပါးသော ဝတ္ထုတို့တည်း။

**ခိုင်မြဲစွာစွဲယူ၍** ဟူသည် ယူ၍။

**ပြုမူ၍** ဟူသည် ပြငြားအံ့။

**တည်ငြားအံ့** ဟူသည် မစွန့်ငြားအံ့။

**ထိုရဟန်းကို** ဟူသည် သံဃာကိုကွဲပြားစေတတ်သော ရဟန်းတည်း။

**ရဟန်းတို့သည်** ဟူသည် အခြားသော ရဟန်းတို့သည်။

အကြင်ရဟန်းတို့သည် မြင်ကုန်၏၊ အကြင် ရဟန်းတို့သည် ကြားကုန်၏၊ ထိုရဟန်းတို့သည် "အသျှင်သည် ညီညွတ်သော သံဃာ၏ကွဲပြားခြင်းငှါ လုံ့လမပြုပါလင့်၊ ကွဲပြားခြင်းကိုဖြစ်စေတတ်သော အကြောင်းကိုသော်လည်း ခိုင်မြဲစွာ စွဲယူပြုမူ၍ မတည်ပါလင့်၊ အသျှင်သည် သံဃာနှင့် ညီညွတ်ပါလော့၊ ညီညွတ်သည်သာလျှင်ဖြစ်သော သံဃာသည် ကောင်းစွာ ဝမ်းမြောက်သည်ဖြစ်၍ မငြင်းခုံသည်ဖြစ်၍ တူသောပါတိမောက် ပြခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာနေရ၏" ဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်။ အကယ်၍စွန့်အံ့၊ ထိုသို့စွန့်ခြင်းသည်ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ကြား၍မပြောဆိုကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုရဟန်းကို သံဃာ့အလည်သို့လည်း ခေါ် ဆောင်၍ "အသျှင်သည်ညီညွတ်သော သံဃာ၏ကွဲပြားခြင်းငှါ လုံ့လမပြုပါလင့်၊ ကွဲပြားခြင်းကိုဖြစ်စေတတ်သော အကြောင်းကိုသော်လည်း ခိုင်မြဲစွာစွဲယူပြုမူ၍ မတည်ပါလင့်၊ အသျှင်သည် သံဃာနှင့်ညီညွတ်ပါလော့၊ ညီညွတ်သည်သာလျှင်ဖြစ်သော သံဃာသည် ကောင်းစွာဝမ်းမြောက်သည်ဖြစ်၍ မငြင်းခုံသည်ဖြစ်၍ တူသောပါတိမောက်ပြခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာနေရ၏" ဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်။ အကယ်၍ စွန့်အံ့၊ ထိုသို့စွန့်ခြင်းသည်ကောင်း၏။ အကယ်၍ မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်းကို ကောင်းစွာဆိုဆုံးမရမည်၊ ရဟန်းတို့ ဤသို့လျှင် ကောင်းစွာဆိုဆုံးမရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသောရဟန်းသည် သံဃာကိုသိစေရမည်။

၄၁၃။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ညီညွတ်သော သံဃာ၏ ကွဲပြားခြင်းငှါ လုံ့လပြု၏၊ ထိုရဟန်းသည် ထိုအယူကို မစွန့်၊ အကယ်၍ သံဃာအား လျောက်ပတ်သောအခါရှိသော ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမရာ၏၊ ဤကား သိစေခြင်းတည်း။

http://www.dhammadownload.com



အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ညီညွတ်သောသံဃာ၏ ကွဲပြားခြင်းငှါ လုံ့လပြု၏၊ ထိုရဟန်းသည် ထိုအယူကိုမစွန့်၊ သံဃာသည် ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမ၏၊ အကြင် အသျှင်အား ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ ထို အသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။

**အသျှင်ဘုရားတို့ သံဃာသည်** အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ညီညွတ်သော သံဃာ၏ ကွဲပြားခြင်းငှါ လုံ့လပြု၏၊ ထိုရဟန်းသည် ထိုအယူကို မစွန့်၊ သံဃာသည် ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမ၏၊ အကြင်အသျှင်အား ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ဆိုဆုံးမခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို ထိုအယူကို စွန့်ခြင်းငှါ ကောင်းစွာ ဆိုဆုံးမအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤ နှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၄၁၄။ ဉတ်၏ အဆုံး၌ ဒုက္ကဋ် အာပတ် သင့်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်း အာပတ်သင့်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သင့်၏၊ သံဃာဒိသိသ်သို့ရောက်သော ရဟန်းအား ဉတ်၏ အဆုံး၌ ဒုက္ကဋ် ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းတို့သည် ငြိမ်းကုန်၏။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၄၁၅။ (တရားသဖြင့် ပြုအပ်သော) ဓမ္မကံ၌ ဓမ္မကံ ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်အံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။ ဓမ္မကံ၌ ယုံမှားရှိ၍ မစွန့်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု ထင်မှတ်ခြင်း ရှိ၍ မစွန့်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ အဓမ္မကံ၌ ဓမ္မကံ ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိ၍ မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၁၆။ (ဉတ်ကမ္မဝါစာဖြင့်) ကောင်းစွာ မဆိုဆုံးမအပ်သော ရဟန်း (အယူကို) စွန့်သော ရဟန်း ရူးသော ရဟန်း စိတ်ပျံ့လွင့်သော ရဟန်း ဝေဒနာ ဖိစီးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဒသမ သံဃဘေဒသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁၁–ဘေဒါနုဝတ္တကသိက္ခာပုဒ်

၄၁၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဒေဝဒတ်သည် သံဃာကွဲပြားခြင်းငှါ အာဏာစက်ပျက်ခြင်းငှါ အားထုတ်၏။

ရဟန်းတို့သည် "ဒေဝဒတ်သည် မတရားသည်ကို ပြောဆိုလေ့ရှိ၏၊ ဒေဝဒတ်သည် ဝိနည်းနှင့် မညီသည်ကို ပြောဆိုလေ့ရှိ၏၊ ဒေဝဒတ်သည် သံဃာကွဲပြားခြင်းငှါ အာဏာစက်ပျက်ခြင်းငှါ အဘယ့်ကြောင့် အားထုတ်ဘိသနည်း" ဟု ပြောဆိုကြကုန်၏။

ဤသို့ ဆိုလတ်သော် ကောကာလိက ခဏ္ဍာမိဖုရား၏သား ကဋမောဒကတိဿက သမုဒ္ဒဒတ္တတို့သည် ထိုရဟန်းတို့ကို—

"အသျှင်တို့ ဤသို့ မဆိုကြပါကုန်လင့်၊ ဒေဝဒတ်သည် တရားသည်ကို ဆိုလေ့ရှိပါသည်၊ ဒေဝဒတ်သည် ဝိနည်းနှင့်အညီ ဆိုလေ့ရှိပါသည်၊ ဒေဝဒတ်သည် အကျွန်ုပ်တို့၏အလိုကိုရင်း ထောက်ခံချက်ကိုရင်း ယူ၍ သုံးနှုန်းပါသည်၊ အကျွန်ုပ်တို့၏ (အလို-ထောက်ခံချက်ကို) သိလည်း သိပါသည်၊ အကျွန်ုပ်တို့၏ အယူအဆနှင့်အတူ ပြောဆိုပါသည်၊ ဤအမှုကို အကျွန်ုပ်တို့လည်း နှစ်သက်ပါသည်၊" ဟု ပြောဆိုကြကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် သံဃာကွဲပြားခြင်းငှါ အားထုတ်သော ဒေဝဒတ်၏နောက်သို့လိုက်၍ အသင်းကွဲပြားရေး စကားကို ပြောဆိုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ရဟန်းတို့သည် ထိုနောက်သို့ လိုက်သော ရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

ရဟန်းတို့ ရဟန်းတို့သည် သံဃာကွဲပြားခြင်းငှါ အားထုတ်သော ဒေဝဒတ်၏ နောက်သို့ လိုက်၍ အသင်းကွဲပြားရေး စကားကို ဆိုကုန်၏ ဟူသည် မှန်သလော ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ ထို(မဂ်ဖိုလ်မှ)အချည်းနှီး ဖြစ်သော ယောကျ်ားတို့သည် အဘယ့်ကြောင့် သံဃာကွဲပြားခြင်းငှါ အားထုတ်သော ဒေဝဒတ်၏ နောက်သို့လိုက်၍ အသင်းကွဲပြားရေး စကားကို ပြောဆိုကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (သင်တို့ ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါလည်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၅။ ၁၁-၄၁၈။ "ထိုရဟန်း၏သာလျှင် နောက်သို့ လိုက်၍ အသင်းကွဲပြားရေးစကားကို ဆိုတတ်သော တပါးသော်ရင်း နှစ်ပါးတို့သော်ရင်း သုံးပါးတို့သော်ရင်း ရဟန်းတို့သည် ရှိကြကုန်၏၊ ထိုရဟန်းတို့သည် 'အသျှင်တို့သည် ထိုရဟန်းကို တစုံတခုမျှ မပြောဆိုကြပါကုန်လင့်၊ ထိုရဟန်းသည် တရားသည်ကိုလည်း ဆိုလေ့ရှိပါသည်၊ ထိုရဟန်းသည် ဝိနည်းနှင့်အညီလည်း ဆိုလေ့ရှိပါသည်၊ ထိုရဟန်းသည် အကျွန်ုပ်တို့၏ အလိုကိုရင်း ထောက်ခံချက်ကိုရင်းယူ၍ သုံးနှုန်းပါသည်၊ အကျွန်ုပ်တို့၏(အလို-ထောက်ခံချက်ကို) သိလည်း သိပါသည်၊ အကျွန်ုပ်တို့၏ အယူအဆ**

http://www.dhammadownload.com



**နှင့်အတူ ပြောဆိုပါသည်၊ ထိုအမှုကိုအကျွန်ုပ်တို့လည်း နှစ်သက်ပါသည်’ ဟု ပြောဆိုကုန်ငြားအံ့၊ ထိုရဟန်းတို့ကို ရဟန်းတို့သည် ‘အသျှင်ဘုရားတို့သည် ဤသို့ မပြောဆိုကြပါကုန်လင့်၊ ထိုရဟန်းသည် တရားသည်ကို ဆိုလေ့ရှိသည်လည်း မဟုတ်ပါ၊ ထိုရဟန်းသည် ဝိနည်းနှင့်အညီ ဆိုလေ့ရှိသည်လည်း မဟုတ်ပါ၊ အသျှင်ဘုရားတို့သည်လည်း သံဃာကွဲပြားခြင်းကို မနှစ်သက်အပ်ပါ၊ အသျှင်ဘုရားတို့သည် သံဃာနှင့်ညီညွတ်ပါလေ၊ ညီညွတ်သည်သာလျှင်ဖြစ်သော သံဃာသည် ကောင်းစွာ ဝမ်းမြောက်သည်ဖြစ်၍ တူသော ပါတိမောက် ပြခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာ နေရ၏ ’ ဟု ပြောဆိုကုန်ရာ၏၊ ထိုရဟန်းတို့ကို ရဟန်းတို့သည် ဤသို့ ဆိုအပ်ကုန်လျက် ထို (ရှေးနည်း) အတိုင်းပင် ပြုမူကုန်ငြားအံ့၊ ထိုရဟန်းတို့ကို ရဟန်းတို့သည် သုံးကြိမ်တိုင်အောင် ထိုအယူကို စွန့်စိမ့်သောငှါ ကောင်းစွာ ဆိုဆုံးမ အပ်ကုန်၏၊ အကယ်၍ သုံးကြိမ်တိုင်အောင် ဆိုဆုံးမကုန်သည်ရှိသော် ထိုအယူကို စွန့်ကုန်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ကုန်ငြားအံ့၊ (ထိုရဟန်းတို့အား) သံဃာဒိသိသ် အာပတ် သင့်၏” ဤသို့ (ပြကြကုန်လေ့ဟု မိန့်တော်မူ၏)။**

## ၁၁-ဘေဒါနုဝတ္တကသိက္ခာပုဒ် အဖွင့်

၄၁၉။ **ထိုရဟန်း၏သာလျှင်** ဟူသည် သံဃာကို ကွဲပြားစေတတ်သော ထိုရဟန်း၏။

**ရဟန်းတို့သည် ရှိကြကုန်၏** ဟူသည် အခြားသော ရဟန်းတို့သည် ရှိကြကုန်၏။

**နောက်သို့လိုက်ကုန်သော** ဟူသည် ထိုသံဃဘေဒက ရဟန်းသည် အကြင်အယူအဆရှိ၏၊ အကြင်နှစ်သက်သဘောတူညီမှုရှိ၏၊ အကြင်နှစ်သက်ကျေနပ်မှုရှိ၏၊ ထို(ဘေဒါနုဝတ္တက)ရဟန်းတို့သည်လည်း ထိုအယူအဆရှိကုန်၏၊ ထိုနှစ်သက်သဘောတူညီမှုရှိကုန်၏၊ ထိုနှစ်သက်ကျေနပ်မှု ရှိကုန်၏။

**အသင်းကွဲပြားရေး စကားကို ဆိုတတ်ကုန်သော** ဟူသည် ထို(သံဃဘေဒက)ရဟန်း၏ ကျေးဇူးအလို့ငှါ အပင်းအသင်းအလို့ငှါ တည်ကြကုန်သော။

**တပါးသော်၎င်း နှစ်ပါးတို့သော်၎င်း သုံးပါးတို့သော်၎င်း** ဟူသည် တပါးသော်၎င်း နှစ်ပါးတို့သော်၎င်း သုံးပါးတို့သော်၎င်း ရှိကြကုန်၏၊ ထိုရဟန်းတို့သည် “အသျှင်ဘုရားတို့သည် ထိုရဟန်းကို တစုံတခု မဆိုပါကုန်လင့်၊ ထိုရဟန်းသည် တရားသည်ကိုလည်း ဆိုလေ့ရှိပါသည်၊ ထိုရဟန်းသည် ဝိနည်းနှင့် အညီလည်း ဆိုလေ့ရှိပါသည်၊ ထိုရဟန်းသည် အကျွန်ုပ်တို့၏ အလိုကို၎င်း ထောက်ခံချက်ကို၎င်း ယူ၍ ပြောဆိုပါသည်၊ အကျွန်ုပ်တို့၏ (အလို-ထောက်ခံချက်ကို) သိလည်းသိပါသည်၊ အကျွန်ုပ်တို့၏ အယူအဆနှင့်အတူ ပြောဆိုပါသည်၊ ထိုအမှုကို အကျွန်ုပ်တို့လည်း နှစ်သက်ပါသည်” ဟု ပြောဆိုကုန်ငြားအံ့။

**ထိုရဟန်းတို့ကို** ဟူသည် နောက်လိုက်ဖြစ်ကုန်သော ထိုရဟန်းတို့ကို။

**ရဟန်းတို့သည်** ဟူသည် အခြားကုန်သော ရဟန်းတို့သည်။

အကြင်ရဟန်းတို့သည် မြင်ကုန်၏၊ အကြင်ရဟန်းတို့သည် ကြားကုန်၏၊ ထိုရဟန်းတို့သည် “အသျှင်တို့သည် ဤသို့မဆိုပါကုန်လင့်၊ ဤရဟန်းသည် တရားသည်ကို ဆိုလေ့ရှိသည် မဟုတ်ပါ၊ ဤရဟန်းသည် ဝိနည်းနှင့်အညီ ဆိုလေ့ရှိသည် မဟုတ်ပါ၊ အသျှင်တို့သည်လည်း သံဃာကွဲပြားခြင်းကို မနှစ်သက်ပါကုန်လင့်၊ အသျှင်ဘုရားတို့သည် သံဃာနှင့် ညီညွတ်ပါလေ၊ ညီညွတ်သည်သာလျှင်ဖြစ်

http://www.dhammadownload.com



သော သံဃာသည် ကောင်းစွာဝမ်းမြောက်သည်ဖြစ်၍ မငြင်းခုန်သည်ဖြစ်၍ တူသောပါတိမောက်ပြခြင်းရှိသည်ဖြစ်၍ ချမ်းသာစွာနေရ၏" ဟု ပြောဆိုအပ်ကုန်၏။

နှစ်ကြိမ်မြောက်လည်း ပြောဆိုအပ်ကုန်၏။ သုံးကြိမ်မြောက်လည်း ပြောဆိုအပ်ကုန်၏။ အကယ်၍ စွန့်ကုန်အံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ကုန်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ကြား၍ မပြောဆိုကုန်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ထိုရဟန်းတို့ကို သံဃာ့အလယ်သို့လည်း ခေါ်ဆောင်၍ "အသျှင်ဘုရားတို့သည် ဤသို့မဆိုပါကုန်လင့်၊ ဤရဟန်းသည် တရားသည်ကို ဆိုလေ့ရှိသည်လည်း မဟုတ်ပါ၊ ဝိနည်းနှင့်အညီ ဆိုလေ့ရှိသည်လည်း မဟုတ်ပါ၊ အသျှင်ဘုရားတို့သည်လည်း သံဃာကွဲပြားခြင်းကို မနှစ်သက်ပါကုန်လင့်၊ အသျှင်ဘုရားတို့သည် သံဃာနှင့် ညီညွတ်ပါလော့၊ ညီညွတ်သည်သာလျှင်ဖြစ်သော သံဃာသည် ကောင်းစွာဝမ်းမြောက်သည်ဖြစ်၍ မငြင်းခုံသည်ဖြစ်၍ တူသော ပါတိမောက်ပြခြင်း ရှိသည်ဖြစ်၍ ချမ်းသာစွာနေရ၏" ဟု ပြောဆိုအပ်ကုန်၏။

နှစ်ကြိမ်မြောက်လည်း ပြောဆိုအပ်ကုန်၏။ သုံးကြိမ်မြောက်လည်း ပြောဆိုအပ်ကုန်၏။ အကယ်၍ စွန့်ကုန်အံ့ ဤသို့စွန့်ခြင်းသည် ကောင်း၏။ အကယ်၍ မစွန့်ကုန်အံ့၊ ဒုက္ကဋ် အာပတ်သင့်၏။ ထိုရဟန်းတို့ကို ကောင်းစွာဆိုဆုံးမ အပ်ကုန်၏၊ ရဟန်းတို့ ဤသို့လျှင် ကောင်းစွာ ဆိုဆုံးမအပ်ကုန်၏။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကိုသိစေရမည်။

၄၂၀။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည် ဤမည်သော ရဟန်းတို့သည် သံဃာကွဲပြားခြင်းငှါ အားထုတ်သော ဤမည်သောရဟန်း၏ နောက်သို့လိုက်၍ အသင်းကွဲပြားရေး စကားကို ဆိုတတ်ကုန်၏၊ ထိုရဟန်းတို့သည် ထိုအယူကို မစွန့်ကုန်၊ အကယ်၍ သံဃာအားလျောက်ပတ်သောအခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည် ဤမည်သော ရဟန်းတို့ကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို )နာတော်မူလော့၊ ဤမည်ဤမည်သော ရဟန်းတို့သည် သံဃာကွဲပြားခြင်းငှါ အားထုတ်သော ဤမည်သော ရဟန်း၏နောက်သို့လိုက်၍ အသင်းကွဲပြားရေးစကားကို ဆိုတတ်ကုန်၏၊ ထိုရဟန်းတို့သည် ထိုအယူကို မစွန့်ကုန်၊ သံဃာသည် ဤမည် ဤမည်သော ရဟန်းတို့ကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာဆိုဆုံးမ၏၊ အကြင်အသျှင်အား ဤမည် ဤမည်သော ရဟန်းတို့ကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာဆိုဆုံးမခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်ဤမည်သော ရဟန်းတို့သည် သံဃာကွဲပြားခြင်းငှါ အားထုတ်သော ဤမည်သော ရဟန်း၏ နောက်သို့လိုက်၍ အသင်းကွဲပြားရေး စကားကို ဆိုတတ်ကုန်၏၊ ထိုရဟန်းတို့သည် ထိုအယူကို မစွန့်ကုန်၊ သံဃာသည် ဤမည် ဤမည်သော ရဟန်းတို့ကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာဆိုဆုံးမ၏၊ အကြင်အသျှင်အား ဤမည် ဤမည်သော ရဟန်းတို့ကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ

http://www.dhammadownload.com



ဆိုဆုံးမခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်ဤမည်သော ရဟန်းတို့ကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၄၂၁။ ဉတ်၏အဆုံး၌ ဒုက္ကဋ် အာပတ် သင့်၏၊ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ်သင့်၏၊ ကမ္မဝါစာ၏ အဆုံး၌ သံဃာဒိသိသ် အာပတ်သင့်၏၊ သံဃာဒိသိသ်သို့ ရောက်ကုန်သော ရဟန်းတို့အား ဉတ်၏အဆုံး၌ ဒုက္ကဋ် ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းတို့သည် ငြိမ်းကုန်၏။

နှစ်ပါး သုံးပါးတို့ကို တပေါင်းတည်း ဆိုဆုံးမအပ်ကုန်၏၊ ထို (နှစ်ပါး သုံးပါး) ထက် အလွန်မဆိုဆုံးမအပ်ကုန်။

**သံဃာဒိသိသ် ဟူသည်** ။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၄၂၂။ **ဓမ္မကံ၌ ဓမ္မကံ ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။** ဓမ္မကံ၌ ယုံမှားရှိ၍ မစွန့်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံ ဟု ထင်မှတ်ခြင်းရှိ၍ မစွန့်ကုန်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ အဓမ္မကံ၌ ဓမ္မကံ ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ အဓမ္မကံ ဟု ထင်မှတ်ခြင်း ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၂၃။ ကောင်းစွာ မဆိုဆုံးမအပ်သော ရဟန်း (အယူကို) စွန့်သော ရဟန်း ရူးသောရဟန်း စိတ်ပျံ့လွင့်သော ရဟန်း ဝေဒနာဖိစီးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းတို့အား အာပတ် မသင့်။

ကောဒသမ ဘေဒါနုဝတ္တကသိက္ခာပုဒ် ပြီး၏။

---

## ၁၂-ဒုဗ္ဗစသိက္ခာပုဒ်

၄၂၄။ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ကောသမ္ဗီမြို့ ဃောသိတာရုံကျောင်း၌သီတင်းသုံးနေတော်မူသောအခါ အသျှင်ဆန္နသည် မလျော်သော အကျင့်ကိုကျင့်၏၊ ရဟန်းတို့သည် "ငါ့သျှင်ဆန္န ဤသို့သဘောရှိသော အမူကို မပြုလင့်၊ ဤအမှုသည်မအပ်" ဟု ပြောဆိုကြကုန်၏။

ထိုအသျှင်ဆန္နသည် "ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငါ့ကို ပြောဆိုသင့်သည်ဟု မှတ်ထင်ကုန်သနည်း၊ ငါကသာလျှင် သင်တို့ကို ပြောဆိုရာ၏၊ ငါတို့၏ဘုရားတည်း၊ ငါတို့၏တရားတည်း၊ ငါတို့၏ အရှင့်သားသည် တရားကိုထိုးထွင်း၍ သိတော်မူအပ်ပြီ၊ ဥပမာသော်ကား ပြင်းထန်သော လေမုန်တိုင်း တိုက်ခတ်လာသည်ရှိသော် မြက်သစ်ခက် သစ်ရွက်ခြောက်တို့သည် တကွနက် စုပုံပြီးဖြစ်သကဲ့သို့၎င်း တောင်မှ စီးဆင်းလာသော မြစ်ရေသည် မှော်ကြီးမှော်သေး မှော်ညှင်းတို့ကို တကွနက် စုပုံရာသကဲ့သို့၎င်း ဤအတူပင် အထူးထူးသော အမည်ရှိကုန်သော အထူးထူးသော အနွယ်ရှိကုန်သော အထူးထူးသော ဇာတ်ရှိကုန်သော အထူးထူးသောအမျိုးမှ ရဟန်းပြုကုန်သော သင်တို့ကို တကွနက်

http://www.dhammadownload.com



စုပုံကုန်အပ်၏၊ ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် ငါ့ကိုပြောဆိုသင့်သည် ဟု မှတ်ထင်ကုန် သနည်း၊ ငါကသာလျှင် သင်တို့ကို ပြောဆိုရာ၏၊ ငါတို့၏ဘုရားတည်း၊ ငါတို့၏တရားတည်း၊ ငါတို့၏ အရှင့်သားသည် တရားကို ထိုးထွင်း၍ သိတော်မူအပ်ပြီ” ဟု ပြောဆို၏။

အလိုနည်းကုန်သော ရဟန်းတို့သည် “အသျှင်ဆန္နသည် ရဟန်းတို့က သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ် သည်ရှိသော် မိမိကိုယ်ကို မပြောဆိုသင့်သည်ကိုအဘယ့်ကြောင့် ပြုဘိသနည်း” ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချ ကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် အသျှင်ဆန္နကို များစွာသော အ ကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်၏။ပ။

ဆန္န သင်သည် ရဟန်းတို့က သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မိမိကိုယ်ကို မပြောဆိုသင့် သည်ကို ပြု၏ဟူသည် မှန်သလော ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် ရဟန်းတို့က သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် မိမိကိုယ်ကို မပြောဆိုသင့် သည်ကို အဘယ့်ကြောင့် ပြုဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိ သောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၆။ ၁၂-၄၂၅။ “ရဟန်းသည် ပါတိမောက်လာ သိက္ခာပုဒ်တို့ဖြင့် ဆိုဆုံးမခက်သော သ ဘော ရှိသည်သာလျှင် ဖြစ်၏၊ ရဟန်းတို့သည် သိက္ခာပုဒ်ဖြင့် ဆိုဆုံးမအပ်သည်ရှိသော် ‘အသျှင် တို့သည် အကျွန်ုပ်ကို တစုံတခု ကောင်းသည်ကိုရင်း မကောင်းသည်ကိုရင်း မဆိုပါကုန်လင့်၊ အကျွန်ုပ်ကလည်း အသျှင်တို့ကို တစုံတခု ကောင်းသည်ကိုရင်း မကောင်းသည်ကိုရင်း မဆိုပါအံ့၊ အသျှင်တို့သည် အကျွန်ုပ်ကို ဆိုခြင်းမှ ရှောင်ကြဉ်ကြပါကုန်လော့’ ဟု မိမိကိုယ်ကို မပြောဆို သင့်သည်ကို ပြု၏၊ ထိုရဟန်းကို ရဟန်းတို့သည် ‘အသျှင်သည် မိမိကိုယ်ကို မပြောဆိုသင့်သည် ကို မပြုပါလင့်၊ အသျှင်သည် မိမိကိုယ်ကို ဆိုသင့်သည်ကိုသာ ပြုပါလော့၊ အသျှင်ကလည်း ရဟန်းတို့ကို တရားနှင့်အညီ ဆိုပါလော့၊ ရဟန်းတို့ကလည်း အသျှင့်ကို တရားနှင့်အညီ ဆိုကြ ပါလိမ့်မည်၊ ဤသို့ အချင်းချင်းဆိုဆုံးမခြင်း အချင်းချင်း အာပတ်မှ ထစေခြင်းဖြင့်သာလျှင် ထိုမြတ်စွာဘုရား၏ ပရိသတ်သည် ကြီးပွါးခြင်းသို့ ရောက်နိုင်၏’ ဟု ဆိုရာ၏၊ ဤသို့လျှင် ထိုရဟန်းသည် ရဟန်းတို့က ဆိုအပ်သည်ဖြစ်လျက် ရှေးအတူပင် ပြုမူငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် ထိုအယူကို စွန့်စေခြင်းငှါ သုံးကြိမ်တိုင်အောင် ဆိုဆုံးမအပ်၏၊ အကယ်၍ သုံးကြိမ်တိုင်အောင် ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ (ထိုရဟန်းအား) သံဃာဒိသိသ် အာပတ် သင့်၏” ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၁၂-ဒုဗ္ဗစသိက္ခာပုဒ် အဖွင့်

၄၂၆။ ရဟန်းသည် ဆိုဆုံးမခက်သော သဘောရှိသည်သာလျှင်ဖြစ်၏ ဟူသည် ဆိုဆုံးမခက် ခြင်းကို ပြုတတ်ကုန်သော တရားတို့နှင့် ပြည့်စုံသည်ဖြစ်၍ ဆိုဆုံးမခက်၏၊ သည်းမခံ၊ အဆုံးအမကို ရိုသေစွာ မနာယူ။

http://www.dhammadownload.com



**ပါတိမောက်လာ သိက္ခာပုဒ်တို့ဖြင့်** ဟူသည် ပါတိမောက်၌ အကျုံးဝင်ကုန်သော သိက္ခာပုဒ်တို့ဖြင့်။

**ရဟန်းတို့သည်** ဟူသည် အခြားသော ရဟန်းတို့သည်။

**တရားနှင့်အညီ** မည်သည် မြတ်စွာဘုရားသည် အကြင်သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ထိုသိက္ခာပုဒ်သည် တရားနှင့်အညီမည်၏၊ ထိုသို့တရားနှင့်အညီ ဆိုအပ်သည်ရှိသော် မိမိကိုယ်ကို "အသျှင်တို့သည် အကျွန်ုပ်ကို တစုံတခုကောင်းသည်ကိုဖြစ်စေ မကောင်းသည်ကိုဖြစ်စေ မဆိုပါကုန်လင့်၊ အကျွန်ုပ်ကလည်း အသျှင်တို့ကို တစုံတခုကောင်းသည်ကိုဖြစ်စေ မကောင်းသည်ကိုဖြစ်စေ မဆိုပါအံ့၊ အသျှင်တို့သည် အကျွန်ုပ်ကို ဆိုခြင်းမှ ရှောင်ကြဉ်ပါကုန်လော့" ဟု မပြောဆိုသင့်သည်ကိုပြု၏။

**ထိုရဟန်းကို** ဟူသည် အကြင်ရဟန်းသည် ဆိုဆုံးမခက်၏ ထိုရဟန်းကို။

**ရဟန်းတို့သည်** ဟူသည် အခြားကုန်သော ရဟန်းတို့သည် ။

အကြင်ရဟန်းတို့သည် မြင်ကုန်၏၊ အကြင်ရဟန်းတို့သည် ကြားကုန်၏၊ ထို (မြင်ကုန်ကြားကုန်သော) ရဟန်းတို့သည် "အသျှင်သည် မိမိကိုယ်ကို မပြောဆိုသင့်သည်ကို မပြုပါလင့်၊ အသျှင်သည် မိမိကိုယ်ကို ဆိုသင့်သည်ကိုသာ ပြုပါလော့၊ အသျှင်ကလည်း ရဟန်းတို့ကို တရားနှင့်အညီ ဆိုပါလော့ ရဟန်းတို့ကလည်း အသျှင်ကို တရားနှင့်အညီ ဆိုကြပါလိမ့်မည်၊ ဤသို့ အချင်းချင်း ဆိုဆုံးမခြင်း အချင်းချင်း အာပတ်မှ ထစေခြင်းဖြင့်သာလျှင် ထိုမြတ်စွာဘုရား၏ ပရိသတ်သည် ကြီးပွါးခြင်းသို့ ရောက်နိုင်သည်သာလျှင်တည်း" ဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ပ။ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်၊ အကယ်၍ စွန့်ငြားအံ့၊ ဤသို့စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍မစွန့်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ကြား၍ မဆိုကုန်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထိုရဟန်းကို သံဃာ့အလယ်သို့လည်း ခေါ်ဆောင်၍ "အသျှင်သည် မိမိကိုယ်ကိုမဆိုသင့်သည်ကို မပြုပါလင့်။ပ။ အချင်းချင်း အာပတ်မှ ထစေခြင်းဖြင့် ထိုမြတ်စွာဘုရား၏ ပရိသတ်သည် ကြီးပွါးခြင်းသို့ ရောက်နိုင်သည်သာလျှင်တည်း" ဟု( ပြောဆိုရမည်)။

နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်။ပ။ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်။ အကယ်၍ စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည်ကောင်း၏။ အကယ်၍ မစွန့်ငြားအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ထို ရဟန်းကို (ဉတ်ကမ္မဝါစာဖြင့်) ကောင်းစွာ ဆိုဆုံးမရမည်၊ ရဟန်းတို့ ဤသို့လျှင် ကောင်းစွာ ဆိုဆုံးမရမည်၊ ကျမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၄၂၇။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ရဟန်းတို့က တရားနှင့်အညီ ဆိုဆုံးမအပ်သည်ရှိသော် မိမိကိုယ်ကို မပြောဆိုသင့်သည်ကိုပြု၏၊ ထိုရဟန်းသည် ထိုအယူကိုမစွန့်၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည်ဖြစ်အံ့၊ သံဃာသည် ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏(စကားကို)နာတော်မူလော့၊ ဤမည်သောရဟန်းသည် ရဟန်းတို့က တရားနှင့်အညီ ဆိုဆုံးမအပ်သည်ရှိသော် မိမိကိုယ်ကို မပြောဆိုသင့်သည်ကို ပြု၏၊ ထိုရဟန်းသည် ထိုအယူကိုမစွန့်၊ သံဃာသည် ဤမည်သောရဟန်းကို ထိုအယူကိုစွန့်စေ

http://www.dhammadownload.com



ခြင်းငှါ ကောင်းစွာဆိုဆုံးမ၏၊ အကြင်အသျှင်အားဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာဆိုဆုံးမခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် ရဟန်းတို့က တရားနှင့်အညီ ဆိုဆုံးမအပ်သည်ရှိသော် မိမိကိုယ်ကို မဆိုသင့်သည်ကို ပြု၏၊ ထိုရဟန်းသည် ထိုအယူကိုမစွန့်၊ သံဃာသည် ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာဆိုဆုံးမ၏၊ အကြင်အသျှင်အား ဤမည်သောရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာဆိုဆုံးမခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာတော်သည် ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာဆိုဆုံးမအပ်ပြီ၊ သံဃာအားနှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၄၂၈။ ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏၊ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်းအာပတ် သင့်၏၊ ကမ္မဝါစာ၏အဆုံး၌ သံဃာဒိသိသ်အာပတ် သင့်၏၊ သံဃာဒိသိသ်သို့ရောက်သောရဟန်းအား ဉတ်၏အဆုံး၌ ဒုက္ကဋ် ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စည်းတို့သည် ငြိမ်းကုန်၏။

**သံဃာဒိသိသ်** ဟူသည်။ပ။ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၄၂၉။ ဓမ္မကံ၌ ဓမ္မကံဟု ထင်မှတ်ခြင်းရှိ၍ မစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။ ဓမ္မကံ၌ ယုံမှားရှိ၍ မစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံဟုထင်မှတ်ခြင်းရှိ၍ မစွန့်အံ့၊ သံဃာဒိသိသ်အာပတ် သင့်၏။

အဓမ္မကံ၌ ဓမ္မကံဟုထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အဓမ္မကံ၌ ယုံမှားခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ အဓမ္မကံ၌ အဓမ္မကံဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၄၃၀။ (ဉတ်ကမ္မဝါစာဖြင့်) ကောင်းစွာ မဆိုဆုံးမအပ်သောရဟန်း (အယူကို) စွန့်သော ရဟန်း ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဒွါဒသမ ဒုဗ္ဗစသိက္ခာပုဒ် ပြီး၏။

---

## ၁၃-ကုလဒူသကသိက္ခာပုဒ်

၄၃၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အဿဇိပုနဗ္ဗသုက မည်သော အရှက်မရှိကြသောရဟန်းယုတ်တို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ပုဂ္ဂိုလ်တို့ ဖြစ်ကြကုန်၏။

http://www.dhammadownload.com



ထိုရဟန်းတို့သည် ဤသို့သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြကုန်၏၊ ပန်းဆင်ငယ်ကို စိုက်ကုန်၏ စိုက်စေကုန်၏၊ ရေသွန်းလောင်းကုန်၏ ရေသွန်းလောင်းစေကုန်၏၊ ဆွတ်ခူးကုန်၏ ဆွတ်ခူးစေကုန်၏၊ သီကုံးကုန်၏ သီကုံးစေကုန်၏၊ ပွင့်ညှာတဘက်ဆိုင် ပန်းကုံးကိုပြုကုန်၏ ပြုစေကုန်၏၊ ပွင့်ညှာနှစ်ဘက်ဆိုင် ပန်းကုံးကိုပြုကုန်၏ ပြုစေကုန်၏၊ ပန်းတံကို ပြုကုန်၏ ပြုစေကုန်၏၊ ပန်းလက်ကောက်ကိုပြုကုန်၏ ပြုစေကုန်၏၊ ဦးဆောက်ပန်းကို ပြုကုန်၏ ပြုစေကုန်၏၊ နားသွယ်ပန်းကို ပြုကုန်၏ ပြုစေကုန်၏၊ ရင်လွှမ်းပန်းကို ပြုကုန်၏ ပြုစေကုန်၏။

ထိုရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့၏အကျိုးငှါ ပွင့်ညှာတဘက်ဆိုင် ပန်းကုံးကို ဆောင်ကုန်၏ ဆောင်စေကုန်၏၊ ပွင့်ညှာနှစ်ဘက်ဆိုင် ပန်းကုံးကို ဆောင်ကုန်၏ ဆောင်စေကုန်၏၊ ပန်းတံကို ဆောင်ကုန်၏ ဆောင်စေကုန်၏၊ ပန်းလက်ကောက်ကို ဆောင်ကုန်၏ ဆောင်စေကုန်၏၊ ဦးဆောက်ပန်းကို ဆောင်ကုန်၏ ဆောင်စေကုန်၏၊ နားသွယ်ပန်းကိုဆောင်ကုန်၏ ဆောင်စေကုန်၏၊ ရင်လွှမ်းပန်းကို ဆောင်ကုန်၏ ဆောင်စေကုန်၏။

ထိုရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့နှင့်အတူ တခုထည်းသောခွက်၌လည်း စားကုန်၏၊ သောက်ရေခွက်တခုထည်း၌လည်း သောက်ကုန်၏၊ တနေရာထည်း၌လည်း ထိုင်ကုန်၏၊ တညောင်စောင်းထည်း၌လည်း အိပ်ကုန်၏၊ တခင်းထည်းလည်း အိပ်ကုန်၏၊ တခြုံထည်းလည်း အိပ်ကုန်၏၊ တခင်း တခြုံထည်းလည်း အိပ်ကုန်၏၊ အခါမဲ့၌လည်း စားကုန်၏၊ သေကိုလည်းသောက်ကုန်၏၊ ပန်းနံ့သာ နံ့သာပျောင်းကိုလည်း ဆောင်ကုန်၏၊ ကလည်း ကကုန်၏ သီဆိုလည်း သီဆိုကုန်၏၊ တီးမှုတ်လည်း တီးမှုတ်ကုန်၏၊ မြူးထူးစမွယ်လည်း*မြူးထူးစမွယ်ကုန်၏၊ ကချေသည်မ၏အလိုက်လည်း ကကုန်၏၊ ကချေသည်မ၏အလိုက်လည်း သီဆိုကုန်၏၊ ကချေသည်မ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ ကချေသည်မ၏ အလိုက်လည်း စမွယ်ကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း ကကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း သီဆိုကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ အဆိုသည်မ၏ အလိုက်လည်း စမွယ်ကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း ကကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း သီဆိုကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ ဆိုင်းသမ၏ အလိုက်လည်း စမွယ်ကုန်၏၊ စမွယ်သောမိန်းမ၏အလိုက်လည်း ကကုန်၏၊ စမွယ်သောမိန်းမ၏ အလိုက်လည်း သီဆိုကုန်၏၊ စမွယ်သောမိန်းမ၏ အလိုက်လည်း တီးမှုတ်ကုန်၏၊ စမွယ်သောမိန်းမ၏ အလိုက်လည်း စမွယ်ကုန်၏။

ရှစ်ကွက်ကြားကိုလည်း ကစားကုန်၏၊ ဆယ်ကွက်ကြားကိုလည်း ကစားကုန်၏၊ ကောင်းကင်ကြားကိုလည်း ကစားကုန်၏၊ ဖိုးလမင်းကြားကိုလည်း ကစားကုန်၏၊ ဇယ်တောက်ခြင်းဖြင့်လည်း ကစားကုန်၏၊ အန်စာဖြင့်လည်း ကစားကုန်၏၊ ကျည်းသား ရိုက်ခြင်းဖြင့်လည်း ကစားကုန်၏၊ စုတ်ခတ်ရေးခြင်းဖြင့်လည်း ကစားကုန်၏၊ ဂေါ်လီ ကစားခြင်းဖြင့်လည်း ကစားကုန်၏၊ ပိပိမှုတ်သဖြင့်လည်း ကစားကုန်၏၊ ထွန်ငယ်ဖြင့်လည်း ကစားကုန်၏၊ ဂျမ်းထိုးခြင်းဖြင့်လည်း ကစားကုန်၏၊ စကြာဖြင့်လည်း ကစားကုန်၏၊ ခြင်ခွက်ငယ်ဖြင့်လည်း ကစားကုန်၏၊ ရထားငယ်ဖြင့်လည်း ကစားကုန်၏၊ ဓလေးငယ်ဖြင့်လည်း ကစားကုန်၏၊ အက္ခရာဝှက်ခြင်းဖြင့်လည်း ကစားကုန်၏၊ စိတ်အကြံဖော်ခြင်းဖြင့်လည်း ကစားကုန်၏၊ ကျိုးယောင် ကန်းယောင် ပြု၍လည်း ကစားကုန်၏၊ ဆင်ကြန်

---

* စမွယ်ခြင်း—မိန်းမတို့၏ [illegible] ရာဂကြောင့်ဖြစ်ပေါ်လာသော အမူအရာ ကြိယာအထူးတည်း။

http://www.dhammadownload.com



အတတ်ကိုလည်း သင်ကုန်၏၊ မြင်းကြန်အတတ်ကိုလည်း သင်ကုန်၏၊ ရထား အတတ်ကိုလည်း သင်ကုန်၏၊ လေးအတတ်ကိုလည်း သင်ကုန်၏၊ သန်လျက် အတတ်ကိုလည်း သင်ကုန်၏၊ ဆင်၏ ရှေ့မှလည်း ပြေးကုန်၏၊ မြင်း၏ရှေ့မှလည်း ပြေးကုန်၏၊ ရထား၏ရှေ့မှလည်း ပြေးလွှား လမ်းသလား ကုန်၏၊ လေလည်းချွန်ကုန်၏၊ လက်ပမ်းပေါက်လည်း ခတ်ကုန်၏၊ လက်ပမ်းလည်း လုံးကုန်၏၊ လက်ဝှေ့လည်း သတ်ကုန်၏။

ကပွဲ၏အလယ်၌လည်း ဒုကုဋ်ကို ဖြန့်ခင်း၍ ကချေသည်မကို "နှမ ဤနေရာ၌ ကလော့" ဟု ဆိုကုန်၏၊ ကောင်းစွ ကောင်းစွ ငါ့နှမ ဟု ကောင်းချီးလည်းပေးကုန်၏ 'နဖူးတင်ထား လက်ချောင်း များကိုလည်း ပေးကုန်၏'၊ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကုန်၏။

၄၃၂။ ထိုအခါ ရဟန်းတပါးသည် ကာသိတိုင်း ဇနပုဒ်၌ ဝါမှထပြီး၍ မြတ်စွာဘုရားကို ဖူးမြော် ရန် အလို့ငှါ သာဝတ္ထိမြို့သို့ သွားသည်ရှိသော် ကီဋာဂိရိသို့ ရောက်၏၊ ထိုအခါ နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ကြည်ညိုဖွယ်ဆောင်သော ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်းဖြင့် ချအပ်သော မျက်လွှာရှိသည် ဖြစ်၍ ဣရိယာပုထ်နှင့် ပြည့်စုံသော ထိုရဟန်းသည် ကီဋာဂိရိသို့ ဆွမ်းအလို့ငှါဝင်၏။

လူတို့သည် ထိုရဟန်းကိုမြင်၍ "ထုန်ထိုင်းထိုင်း နုန့်နဲ့နဲ့ ဒေါသထွက်သကဲ့သို့ မျက်မှောင်ကုပ်၍ သွားသော ဤသူကား အသူနည်း၊ ချဉ်းကပ်သော ဤသူအား အဘယ်သူသည် ဆွမ်းကို လှူလတ္တံ့ နည်း၊ ငါတို့၏ အသျှင် အဿဇိပုနဗ္ဗသုကတို့သည်ကား သိမ်မွေ့ကုန်၏၊ ပြေပြစ်ကုန်၏၊ နူတ်ချိုကုန် ၏၊ ပြုံးခြင်းလျှင် ရှေ့သွားရှိကုန်၏၊ ကြွပါ ကြွပါ ဟုဖော်ရွေစွာ ကြိုဆိုလေ့ရှိကုန်၏၊ ချိုသာ ကြည်လင် ပေါ် လွင်သော မျက်နှာရှိကုန်၏၊ ဦးစွာ ဆိုလေ့ရှိကုန်၏၊ ထိုအသျှင်တို့အားသာလျှင် ဆွမ်းကိုလှူသင့် ပေ၏" ဟု ပြောဆိုကြကုန်၏။

ဥပါသကာ တယောက်သည် ကီဋာဂိရိ၌ ဆွမ်းအလို့ငှါ လှည့်လည်သော ထိုရဟန်းကို မြင်လေ သော် ထိုရဟန်းအထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာ ရှိခိုး၍ "အသျှင်ဘုရား ဆွမ်းကို ရခဲ့ပါ၏လော" ဟု လျှောက်၏။

ဒါယကာ ဆွမ်းကို မရခဲ့သေး ဟု (ပြန်ပြော၏)။

အသျှင်ဘုရား ကြွပါ အိမ်သို့ သွားပါကုန်အံ့ ဟု (လျှောက်၏)။

ထိုအခါ ဥပါသကာသည် ရဟန်းကို အိမ်သို့ ပင့်ဆောင်၍ ဆွမ်းကျွေးပြီးလျှင်—

"အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်အရပ်သို့ ကြွပါမည်နည်း" ဟု လျှောက်၏။

ဒါယကာ ငါသည် မြတ်စွာဘုရားအား ဖူးမြော်ရန်အလို့ငှါ သာဝတ္ထိမြို့သို့ သွားမည် ဟု (ပြန် ပြော၏)။

အသျှင်ဘုရား သို့ဖြစ်လျှင် အကျွန်ုပ်၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးညွှတ် ရှိခိုးပါလော့။

ဤသို့လည်း လျှောက်ပါလော့။

"အသျှင်ဘုရား ကီဋာဂိရိ၌ ကျောင်းတိုက်သည် ပျက်စီးပါပြီ၊ အဿဇိပုနဗ္ဗသုက မည်ကုန် သော အရှက်မရှိကြသော ရဟန်းယုတ်တို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ပုဂ္ဂိုလ်တို့ ဖြစ်ကြပါ

http://www.dhammadownload.com



သည်၊ ထိုရဟန်းတို့သည် ဤသို့သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြပါသည်၊ ပန်းပင်ယော်ကိုစိုက်ကြပါသည် စိုက်စေကြပါသည်၊ ရေသွန်းလောင်းကြပါသည် ရေသွန်းလောင်းစေကြပါသည်။ပ။ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကြပါသည်။

မြတ်စွာဘုရား ရှေးအခါ၌ (ရတနာသုံးပါးကို) ယုံကြည်ကြ ကြည်ညိုကြသော လူတို့သည်လည်း ယခုအခါ၌ (ရတနာသုံးပါးကို) မယုံကြည်ကြ မကြည်ညိုကြတော့ပါ၊ ရှေးအခါက သံဃာတော်၏ အလှူဝတ်တို့သည်လည်း ယခုအခါ၌ ပြတ်ပါကုန်၏၊ (သီလကို) ချစ်မြတ်နိုးသော ရဟန်းတို့သည် ဆိတ်သုဉ်းကြပါ၏၊ ယုတ်မာသော ရဟန်းတို့သည် နေကြပါ၏။

မြတ်စွာဘုရား တောင်းပန်ပါသည်၊ မြတ်စွာဘုရားသည် ကီဋာဂိရိသို့ ရဟန်းတို့ကို စေလွှတ်တော်မူပါ၊ ယင်းသို့ (စေလွှတ်ခြင်း) ဖြင့် ကီဋာဂိရိ၌ ဤကျောင်းတိုက်သည် ကောင်းစွာ တည်ရပါ၏" ဤသို့ (လျှောက်ပါလေ ဟု လျှောက်၏)။

"ဒါယကာ ကောင်းပြီ" ဟု ထိုရဟန်းသည် ထိုဥပါသကာအား ဝန်ခံ၍ သာဝတ္ထိမြို့သို့ ဖဲသွား၏။ အစဉ်သဖြင့် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး နောက် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်၏။

အာဂန္တု ရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့အထပင် ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား—

"ရဟန်း ကျန်းမာပါ၏လော၊ မျှတပါ၏လော၊ မပင်မပန်း ချမ်းသာစွာ ခရီးခဲကို လာခဲ့ရ၏လော၊ ရဟန်း သင်သည် အဘယ်အရပ်မှ လာခဲ့သနည်း " ဟု မေးမြန်းတော်မူ၏။

ကျန်းမာပါသည် မြတ်စွာဘုရား မျှတပါသည် မြတ်စွာဘုရား၊ အကျွန်ုပ်သည် မပင်မပန်းချမ်းသာစွာဖြင့် ခရီးခဲကို လာခဲ့ရပါသည်၊ အသျှင်ဘုရား အကျွန်ုပ်သည် ကာသိတိုင်း ဇနပုဒ်၌ ဝါမှထပြီး၍ မြတ်စွာဘုရားကို ဖူးမြော်ရန် အလို့ငှါ သာဝတ္ထိမြို့သို့ လာသည်ရှိသော် ကီဋာဂိရိသို့ ရောက်ပါ၏၊ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ကီဋာဂိရိသို့ ဆွမ်းအလို့ငှါ ဝင်ပါ၏။

အသျှင်ဘုရား ကီဋာဂိရိသို့ ဆွမ်းအလို့ငှါ လှည့်လည်သော အကျွန်ုပ်ကို ဥပါသကာတယောက်သည် မြင်လတ်သော် အကျွန်ုပ်အထံသို့ ချဉ်းကပ်ပြီးနောက် အကျွန်ုပ်ကို ရှိခိုး၍—

"အသျှင်ဘုရား ဆွမ်းကို ရခဲ့ပါ၏ လော " ဟု လျှောက်ပါသည်။

ဒါယကာ ဆွမ်းကို မရခဲ့သေး ဟု (ပြန်ပြောပါသည်)။

အသျှင်ဘုရား ကြွပါ အိမ်သို့သွားပါကုန်အံ့ ဟု လျှောက်ပါသည်၊ အသျှင်ဘုရား ထိုအခါ ထိုဥပါသကာသည် အကျွန်ုပ်ကို အိမ်သို့ ပင့်ဆောင်၍ ဆွမ်းကျွေးပြီးနောက် အကျွန်ုပ်အား—

"အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်အရပ်သို့ ကြွပါမည်နည်း " ဟု လျှောက်ပါသည်။

ဒါယကာ ငါသည် မြတ်စွာဘုရားအား ဖူးမြော်ရန် အလို့ငှါ သာဝတ္ထိမြို့သို့သွားရမည် ဟု (ပြန်ပြောပါသည်)။

http://www.dhammadownload.com



အသျှင်ဘုရား သို့ဖြစ်လျှင် အကျွန်ုပ်၏ စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးညွတ်ရှိခိုးပါလေ့ ဤသို့လည်း လျှောက်ပါလော့။

"အသျှင်ဘုရား ကီဋာဂိရိ၌ ကျောင်းတိုက်သည် ပျက်စီးပါပြီ၊ အဿဇိပုနဗ္ဗသုက မည်ကုန်သော အရှက်မရှိကြသော ရဟန်းယုတ်တို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်၊ ထိုရဟန်းတို့သည် ဤသို့ သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြပါသည်၊ ပန်းပင်ငယ်ကို စိုက်ကြပါသည် စိုက်စေကြပါသည်၊ ရေသွန်းလောင်းကြပါသည် ရေသွန်းလောင်းစေကြပါသည်။ပ။ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကြပါသည်။

အသျှင်ဘုရား ရှေးအခါ၌ (ရတနာသုံးပါးကို) ယုံကြည်ကြ ကြည်ညိုကြသော လူတို့သည်လည်း ယခုအခါ၌ (ရတနာသုံးပါးကို) မယုံကြည်ကြ မကြည်ညိုကြတော့ပါ၊ ရှေးအခါက သံဃာတော်၏ အလှူဝတ်တို့သည်လည်း ယခုအခါ၌ ပြတ်ပါကုန်ပြီ၊ (သီလကို) ချစ်မြတ်နိုးသောရဟန်းတို့သည် ဆိတ်သုဉ်းကြပါ၏၊ ယုတ်မာသော ရဟန်းတို့သည် နေကြပါ၏။

မြတ်စွာဘုရား တောင်းပန်ပါသည်၊ မြတ်စွာဘုရားသည် ကီဋာဂိရိသို့ ရဟန်းတို့ကို စေလွှတ်တော်မူပါ၊ ယင်းသို့ (စေလွှတ်ခြင်း) ဖြင့် ကီဋာဂိရိ၌ ဤကျောင်းတိုက်သည် ကောင်းစွာ တည်ရာပါ၏ ဟု လျှောက်ပါလော့" ဟု အကျွန်ုပ်အား လျှောက်ပါ၏။

မြတ်စွာဘုရား အကျွန်ုပ်သည် ထို ကီဋာဂိရိမှ လာခဲ့ပါသည် ဟု (လျှောက်၏)။

၄၃၃။ ထိုအခါ မြတ်စွာဘုရားသည် ဤ အကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ကို—

"ရဟန်းတို့ အဿဇိပုနဗ္ဗသုက မည်သော အရှက်မရှိသော ယုတ်မာသော ရဟန်းတို့သည် ကီဋာဂိရိ၌ ကျောင်းထိုင်ဖြစ်ကုန်၏၊ ထိုရဟန်းတို့သည် ဤသို့ သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြကုန်၏၊ ပန်းပင်ငယ်ကို စိုက်ကြကုန်၏၊ စိုက်စေကြကုန်၏၊ ရေသွန်းလောင်းကြကုန်၏၊ ရေသွန်းလောင်းစေကြကုန်၏။ပ။ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်း ပြုကျင့်ကြကုန်၏၊ ရဟန်းတို့ ရှေးအခါက (ရတနာသုံးပါးကို) ယုံကြည်ကြ ကြည်ညိုကြသော လူတို့သည်လည်း ယခုအခါ၌ (ရတနာသုံးပါးကို) မယုံကြည်ကြ မကြည်ညိုကြကုန်၊ ရှေးအခါ၌ရှိသော သံဃာတော်၏အလှူဝတ်တို့သည်လည်း ယခုအခါ၌ ပြတ်ကုန်၏၊ (သီလကို) ချစ်မြတ်နိုးသော ရဟန်းတို့သည် ဆိတ်သုဉ်းကြကုန်၏၊ ယုတ်မာသော ရဟန်းတို့သည် နေကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ ထို (မောဃပုရိသ်မှ) အချည်းနှီးဖြစ်သော ယောကျာ်းတို့သည် အဘယ့်ကြောင့် ဤသို့သဘောရှိသော အကျင့်ဆိုးတို့ကို ပြုကျင့်ကြကုန်ဘိသနည်း၊ ပန်းပင်ငယ်ကို စိုက်ကုန်ဘိသနည်း၊ စိုက်စေကုန်ဘိသနည်း၊ ရေသွန်းလောင်းကုန်ဘိသနည်း၊ သွန်းလောင်းစေကုန်ဘိသနည်း၊ ဆွတ်ခူးကုန်ဘိသနည်း၊ ဆွတ်ခူးစေကုန်ဘိသနည်း၊ သီကုံးကုန်ဘိသနည်း သီကုံးစေကုန်ဘိသနည်း၊ ပွင့်ညှာတဘက်ဆိုင် ပန်းကုံးကို ပြုကုန်ဘိသနည်း ပြုစေကုန်ဘိသနည်း၊ ပွင့်ညှာနှစ်ဘက်ဆိုင်ပန်းကုံးကို ပြုကုန်ဘိသနည်း ပြုစေကုန်ဘိသနည်း၊ ပန်းတံကို ပြုကုန်ဘိသနည်း ပြုစေကုန်ဘိသနည်း၊ ပန်းလက်ကောက်ကို ပြုကုန်ဘိသနည်း ပြုစေကုန်

http://www.dhammadownload.com



ဘိသနည်း၊ ဦးဆောက်ပန်းကို ပြုကုန်ဘိသနည်း ပြုစေကုန်ဘိသနည်း၊ နားသွယ်ပန်းကို ပြုကုန်ဘိသနည်း ပြုစေကုန်ဘိသနည်း၊ ရင်လွှမ်းပန်းကို ပြုကုန်ဘိသနည်း ပြုစေကုန်ဘိသနည်း။

ထိုရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့၏ အကျိုးငှါ ပွင့်ညှာတဖက်ဆိုင် ပန်းကုံးကို ဆောင်ကုန်ဘိသနည်း ဆောင်စေကုန်ဘိသနည်း၊ ပွင့်ညှာနှစ်ဖက်ဆိုင် ပန်းကုံးကို ဆောင်ကုန်ဘိသနည်း ဆောင်စေကုန်ဘိသနည်း၊ ပန်းတံကို ဆောင်ကုန်ဘိသနည်း ဆောင်စေကုန်ဘိသနည်း၊ ပန်းလက်ကောက်ကို ဆောင်ကုန်ဘိသနည်း ဆောင်စေကုန်ဘိသနည်း၊ ဦးဆောက်ပန်းကို ဆောင်ကုန်ဘိသနည်း ဆောင်စေကုန်ဘိသနည်း၊ နားသွယ်ပန်းကိုဆောင်ကုန်ဘိသနည်း ဆောင်စေကုန်ဘိသနည်း၊ ရင်လွှမ်းပန်းကို ဆောင်ကုန်ဘိသနည်း ဆောင်စေကုန်ဘိသနည်း။

ထိုရဟန်းတို့သည် အမျိုးမိန်းမ အမျိုးသမီးကြီး အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်မတို့နှင့်အတူ တခုထည်းသောခွက်၌လည်း စားကုန်ဘိသနည်း၊ သောက်ရေခွက်တခုထည်း၌လည်း သောက်ကုန်ဘိသနည်း၊ တနေရာထည်း၌လည်း နေကုန်ဘိသနည်း၊ တညောင်စောင်းထည်း၌လည်း အိပ်ကုန်ဘိသနည်း၊ တခင်းထည်းလည်း အိပ်ကုန်ဘိသနည်း၊ တခြုံထည်းလည်းအိပ်ကုန်ဘိသနည်း၊ တခင်းတခြုံထည်းလည်း အိပ်ကုန်ဘိသနည်း၊ အခါမဲ့၌လည်း စားကုန်ဘိသနည်း၊ သေကိုလည်း သောက်ကုန်ဘိသနည်း၊ ပန်းနံ့သာ နံ့သာပျောင်းကိုလည်း ဆောင်တုန်ဘိသနည်း၊ ကလည်း ကကုန်ဘိသနည်း၊ သီလည်း သီဆိုကုန်စဘိသနည်း၊ တီးမှုတ်လည်း တီးမှုတ်ကုန်ဘိသနည်း၊ မြူးထူးစမ္ပယ်လည်း မြူးထူးစမ္ပယ်ကုန်ဘိသနည်း၊ ကချေသည်မ၏ အလိုက်လည်း ကကုန်ဘိသနည်း၊ ကချေသည်မ၏ အလိုက်လည်း သီဆိုကုန်ဘိသနည်း၊ ကချေသည်မ၏အလိုက်လည်း တီးမှုတ်ကုန်ဘိသနည်း၊ ကချေသည်မ၏ အလိုက်လည်း စမ္ပယ်ကုန်ဘိသနည်း၊ အဆိုသည်မ၏အလိုက်လည်း ကကုန်ဘိသနည်း၊ အဆိုသည်မ၏အလိုက်လည်း သီဆိုကုန်ဘိသနည်း၊ အဆိုသည်မ၏ အလိုက်လည်း တီးမှုတ်ကုန်ဘိသနည်း၊ အဆိုသည်မ၏ အလိုက်လည်း စမ္ပယ်ကုန်ဘိသနည်း၊ ဆိုင်းသမ၏ အလိုက်လည်း ကကုန်ဘိသနည်း၊ ဆိုင်းသမ၏ အလိုက်လည်း သီဆိုကုန်ဘိသနည်း၊ ဆိုင်းသမ၏အလိုက်လည်း တီးမှုတ်ကုန်ဘိသနည်း၊ ဆိုင်းသမ၏ အလိုက်လည်း စမ္ပယ်ကုန်ဘိသနည်း၊ စမ္ပယ်သောမိန်းမ၏ အလိုက်လည်း ကကုန်ဘိသနည်း၊ စမ္ပယ်သောမိန်းမ၏ အလိုက်လည်း သီဆိုကုန်ဘိသနည်း၊ စမ္ပယ်သောမိန်းမ၏ အလိုက်လည်း တီးမှုတ်ကုန်ဘိသနည်း၊ စမ္ပယ်သောမိန်းမ၏ အလိုက်လည်း စမ္ပယ်ကုန်ဘိသနည်း။

ရှစ်ကွက်ကျားကိုလည်း ကစားကုန်ဘိသနည်း၊ ဆယ်ကွက်ကျားကိုလည်း ကစားကုန်ဘိသနည်း၊ ကောင်းကင်ကျားကိုလည်း ကစားကုန်ဘိသနည်း၊ ဖိုးလမင်းကျားကိုလည်း ကစားကုန်ဘိသနည်း၊ ဇယ်တောက်ခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ အန်စာဖြင့်လည်း ကစားကုန်ဘိသနည်း၊ ကျေးသားရိုက်ခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ စုတ်ဆတ်ရေးကစားခြင်း ဖြင့်လည်း ကစားကုန်ဘိသနည်း၊ ဂေါ်လီကစားခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ ပိပီမှုတ်သဖြင့်လည်း ကစားကုန်ဘိသနည်း၊ ထွန်ငယ်ဖြင့်လည်း ကစားကုန်ဘိသနည်း၊ ဂျမ်းထိုးကစားခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ စကြာဖြင့်လည်းကစားကုန်ဘိသနည်း၊ ခြင်ခွက်ငယ်ဖြင့်လည်း ကစားကုန်ဘိသနည်း၊ ရထားငယ်ဖြင့်လည်း ကစားကုန်ဘိသနည်း၊ လေးငယ်ဖြင့်လည်း ကစားကုန်ဘိသနည်း၊ အက္ခရာဝှက်ကစားခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ စိတ်အကြံဖော်ခြင်းဖြင့်လည်း ကစားကုန်ဘိသနည်း၊ ကျိုးယောင်ကန်းယောင်ပြု၍လည်း ကစားကုန်ဘိသနည်း၊ ဆင်ကြန်အတတ်ကိုလည်း သင်ကုန်ဘိသနည်း၊ မြင်းကြန်အတတ်

http://www.dhammadownload.com



ကိုလည်း သင်ကုန်ဘိသနည်း၊ ရထားအတတ်ကိုလည်း သင်ကုန်ဘိသနည်း၊ လေးအတတ်ကိုလည်း သင်ကုန်ဘိသနည်း၊ သန်လျက်အတတ်ကိုလည်း သင်ကုန်ဘိသနည်း၊ ဆင်၏ရှေ့မှလည်း ပြေးကုန်ဘိသနည်း၊ မြင်း၏ရှေ့မှလည်း ပြေးကုန်ဘိသနည်း၊ ရထား၏ရှေ့မှလည်း ပြေးလွှားလမ်းသလားကုန်ဘိသနည်း၊ လေလည်း ချွန်ကုန်ဘိသနည်း၊ လက်ပမ်းပေါက်လည်း ခတ်ကုန်ဘိသနည်း၊ လက်ပမ်းလည်း လုံးကုန်ဘိသနည်း၊ လက်ဝှေ့လည်း သတ်ကုန်ဘိသနည်း။

ကပွဲ၏အလယ်၌လည်း ဒုကုဋ်ကို ဖြန့်ခင်း၍ ကချေသည်မကို "နှမလာလော့ ဤနေရာ၌ကလော့" ဟု ဆိုကုန်ဘိသနည်း၊ ကောင်းစွ ကောင်းစွ ငါ့နှမဟု ကောင်းချီးလည်း ပေးကုန်ဘိသနည်း 'နဖူးတင်ထား လက်ချောင်းများကိုလည်း ပေးကုန်ဘိသနည်း'၊ အမျိုးမျိုးသော အကျင့်ဆိုးတို့ကိုလည်းပြုကျင့်ကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (ရဟန်းတို့ပြုမိသောအမှုသည်) မကြည်ညိုသေးသော သူတို့အားကြည်ညိုစေခြင်းငှါ ရှင်း။ပ။

ကဲ့ရဲ့တော်မူပြီး၍ တရားစကားကို ဟောကြားတော်မူပြီးနောက် သာရိပုတ္တာ မောဂ္ဂလာန်တို့ကို—

"သာရိပုတ္တာ မောဂ္ဂလာန်တို့ သင်တို့သည် သွားကြကုန်လော့၊ ကီဋာဂိရိသို့သွား၍ အဿဇိ ပုနဗ္ဗသုက ရဟန်းတို့အား ကီဋာဂိရိမှ နှင်ထုတ်ခြင်းအမှု 'ပဗ္ဗာဇနီယကံ' ကို ပြုကြကုန်လော့ ထို ရဟန်းတို့သည် သင်တို့၏ အတူနေတပည့်များ ဖြစ်ကြကုန်၏" ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား ထိုရဟန်းတို့သည် ကြမ်းတမ်းပါကုန်၏၊ ခက်ထန်ပါကုန်၏၊ အကျွန်ုပ်တို့သည် အဘယ်သို့လျှင် အဿဇိပုနဗ္ဗသုက ရဟန်းတို့အား ကီဋာဂိရိမှ နှင်ထုတ်ခြင်းအမှုကို ပြုရပါကုန်မည်နည်း ဟု (လျှောက်ကြကုန်၏)။

သာရိပုတ္တာ မောဂ္ဂလာန်တို့ သို့ဖြစ်လျှင် သင်တို့သည် များစွာသော ရဟန်းတို့နှင့် အတူ သွားကြကုန်လော့ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ကောင်းပါပြီဟု သာရိပုတ္တာနှင့် မောဂ္ဂလာန်တို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။

ရဟန်းတို့ ဤသည်ကား ကျင့်ထုံးတည်း၊ ရှေးဦးစွာ အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို စောဒနာရမည်၊ ထို့နောက် အောက်မေ့စေရမည်၊ ထို့နောက် အာပတ်သို့ တင်ရမည်၊ ထို့နောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၄၃၄။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤ အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် အမျိုးကို ဖျက်တတ်ကုန်၏၊ ယုတ်မာသော အကျင့်ရှိကုန်၏၊ ဤရဟန်းတို့၏ယုတ်မာသော အကျင့်တို့ကို မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ ဤရဟန်းတို့သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အကယ်၍ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် အဿဇိပုနဗ္ဗသုက ရဟန်းတို့အား 'အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ' ဟု ကီဋာဂိရိမှ နှင်ထုတ်ရာ၏၊ ဤကားသိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤအဿဇိပုနဗ္ဗသုက ရဟန်းတို့သည် အမျိုးကို ဖျက်တတ်ကုန်၏၊ ယုတ်မာသော အကျင့်ရှိကုန်၏၊ ဤရဟန်းတို့၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊

http://www.dhammadownload.com



ဤရဟန်းတို့သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ သံဃာသည် အဿဇိပုနဗ္ဗသုက ရဟန်းတို့အား 'အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ' ဟု ကီဋာဂိရိမှ နှင်ထုတ်ခြင်း အမှုကို ပြု၏၊ အဿဇိပုနဗ္ဗသုက ရဟန်းတို့အား 'အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ' ဟု ကီဋာဂိရိမှ နှင်ထုတ်ခြင်းကို အကြင် အသျှင်အား နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ပြောဆိုပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောဆိုပါ၏။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့။ပ။ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် အဿဇိ ပုနဗ္ဗသုက ရဟန်းတို့အား 'အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌ မနေရ' ဟု ကီဋာဂိရိမှ နှင်ထုတ်အပ်ပြီ၊ သံဃာအားနှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်။

၄၃၅။ ထိုအခါ သာရိပုတြာမောဂ္ဂလာန် အမှူးရှိသော ရဟန်းသံဃာသည် ကီဋာဂိရိသို့သွား၍ အဿဇိပုနဗ္ဗသုက ရဟန်းတို့အား 'အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် ကီဋာဂိရိ၌မနေရ' ဟု ကီဋာဂိရိမှ နှင်ထုတ်အပ်ပြီးပြီ၊ သံဃာသည် နှင်ထုတ်အပ်ပြီးကုန်သော ထိုရဟန်းတို့သည် ကောင်းစွာမကျင့်ကုန်၊ မာန်မွေးကို မလျှော့ကုန်၊ ကံမှထုတ်ဆောင်တတ်သော အကျင့်ကိုမကျင့်ကုန်၊ ရဟန်းတို့ကို မတောင်းပန်ကြကုန်၊ ဆဲရေးကုန်၏၊ ရေရွတ်ကုန်၏၊ ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိကို လိုက်သောအဖြစ်တို့သို့ ရောက်စေကုန်၏၊ ဖဲသွားလည်းဖဲသွားကုန်၏၊ လူလည်းထွက်ကုန်၏။

အလိုနည်းသော ရဟန်းတို့သည် အဿဇိပုနဗ္ဗသုကရဟန်းတို့သည် "သံဃာသည် နှင်ထုတ်အပ်ကုန်လျက် အဘယ့်ကြောင့် ကောင်းစွာမကျင့်ကုန်ဘိသနည်း၊ မာန်မွေးကို မလျှော့ကုန်ဘိသနည်း၊ ကံမှ ထုတ်ဆောင်တတ်သော အကျင့်ကို မကျင့်ကုန်ဘိသနည်း၊ ရဟန်းတို့ကို မတောင်းပန်ကုန်ဘိသနည်း၊ ဆဲရေးကုန်ဘိသနည်း၊ ရေရွတ်ကုန်ဘိသနည်း၊ ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိကို လိုက်သောအဖြစ်တို့သို့ ရောက်စေကုန်ဘိသနည်း၊ ဖဲသွားလည်းဖဲသွားကုန်ဘိသနည်း၊ လူလည်းထွက်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် အဿဇိပုနဗ္ဗသုက ရဟန်းတို့ကို များစွာသောအကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ပ။

"ရဟန်းတို့ အဿဇိပုနဗ္ဗသုက ရဟန်းတို့သည် သံဃာသည် နှင်ထုတ်အပ်ကုန်လျက် ကောင်းစွာမကျင့်ကုန်။ပ။ လူလည်းထွက်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၇။ ၁၃-၄၃၆။ အမျိုးတို့ကို ဖျက်ဆီးတတ်သော ယုတ်မာသော အကျင့်ရှိသော ရဟန်းသည် တခုသော ရွာနိဂုံးကို အမှီပြု၍ နေ၏၊ ထိုရဟန်း၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း

http://www.dhammadownload.com



မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ ထိုရဟန်းသည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ ထိုရဟန်းကို ရဟန်းတို့သည် 'အသျှင်သည်ကား အမျိုးကို ဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အသျှင်၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်းကြားအပ်ကုန်၏၊ အသျှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့၊ အသျှင့်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ' ဟု ဆိုရာ၏၊ ဤသို့ ရဟန်းတို့က ဆိုအပ်သော ထိုရဟန်းသည် ရဟန်းတို့ကို 'ရဟန်းတို့သည်ဆန္ဒာဂတိသို့လည်းလိုက်ကုန်၏၊ ဒေါသာဂတိသို့လည်းလိုက်ကုန်၏၊ မောဟာဂတိသို့လည်း လိုက်ကုန်၏၊ ဘယာဂတိသို့လည်း လိုက်ကုန်၏၊ ထိုသို့သဘောရှိသော အာပတ်ဖြင့် ရဟန်းအချို့ကို နှင်ထုတ်ကုန်၏၊ ရဟန်းအချို့ကို မနှင်ထုတ်ကုန်' ဟု ဆိုငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် 'အသျှင်သည် ဤသို့မဆိုပါလင့်၊ ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း မလိုက်ကြပါ၊ ဒေါသာဂတိသို့လည်း မလိုက်ကြပါ၊ မောဟာဂတိသို့လည်း မလိုက်ကြပါ၊ ဘယာဂတိသို့လည်း မလိုက်ကြပါ၊ အသျှင်သည်သာ အမျိုးတို့ကို ဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အသျှင်၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့၊ အသျှင့်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ' ဟု ဆိုရာ၏၊ ရဟန်းတို့သည် ဤသို့ ဆိုအပ်လျက် ထိုရဟန်းသည် ထိုအတ္တုပင် ဆက်လက်ပြုမူနေငြားအံ့၊ ထိုရဟန်းကို ရဟန်းတို့သည် ထိုအယူကို စွန့်စေခြင်းငှါ သုံးကြိမ်တိုင်အောင် ကောင်းစွာ ဆိုဆုံးမအပ်၏၊ အကယ်၍ သုံးကြိမ်တိုင်အောင် ကောင်းစွာ ဆိုဆုံးမအပ်သည်ရှိသော် ထိုအယူကို စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ (ထိုရဟန်းအား) သံဃာဒိသိသ် အာပတ်သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၃-ကုလဒူသကသိက္ခာပုဒ် အဖွင့်

၄၃၇။ ရဟန်းသည် တခုသော ရွာနိဂုံးကို ဟူရာ၌ ရွာသည်၎င်း နိဂုံးသည်၎င်း မြို့သည်၎င်း ရွာနိဂုံး မည်၏။

**အမှီပြု၍** နေ၏ ဟူသည် သက်န်း ဆွမ်း အိပ်ရာနေရာကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့သည် ထိုရွာနိဂုံးနှင့် စပ်ကုန်၏။

**အမျိုး** မည်သည် မင်းမျိုး ပုဏ္ဏားမျိုး ကုန်သည်မျိုး ဆင်းရဲသားမျိုး ဟူ၍ လေးမျိုးတို့တည်း။

**အမျိုးတို့ကို ဖျက်ဆီးတတ်၏** ဟူသည် ပန်းဖြင့်၎င်း သစ်သီးဖြင့်၎င်း ကသယ်မှုန့် မျက်နှာချေစသည်ဖြင့်၎င်း မြေညက်ဖြင့်၎င်း ဒန်ပူဖြင့်၎င်း ဝါးဖြင့်၎င်း ဆေးကုခြင်းဖြင့်၎င်း သလုံး (မြင်းခေါင်း) ဖြင့် အစေအပါးခံခြင်းဖြင့်၎င်း အမျိုးတို့ကို ဖျက်ဆီးတတ်၏။

**ယုတ်မာသော အကျင့်ရှိ၏** ဟူသည် ပန်းပင်ငယ်ကိုစိုက်၏ စိုက်စေ၏၊ ရေသွန်းလောင်း၏ သွန်းလောင်းစေ၏၊ ဆွတ်ခူး၏ ဆွတ်ခူးစေ၏၊ သီကုံး၏ သီကုံးစေ၏။

http://www.dhammadownload.com



**မြင်လည်းမြင်အပ်ကုန်၏ ကြားလည်းကြားအပ်ကုန်၏** ဟူသည် အကြင်သူတို့သည် မျက်မှောက်ဖြစ်ကုန်၏၊ ထိုသူတို့သည် မြင်ကုန်၏၊ အကြင်သူတို့သည် မျက်ကွယ်ဖြစ်ကုန်၏၊ ထိုသူတို့သည် ကြားကုန်၏။

**ထိုရဟန်းသည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း** ဟူသည် ရှေးအခါက သဒ္ဓါတရားရှိ၍ ကြည်ညိုကုန်သော သူတို့သည် ထိုရဟန်းကို အကြောင်းပြု၍ သဒ္ဓါတရားကင်းကုန်၏၊ ကြည်ညိုခြင်းကင်းကုန်၏။

**မြင်လည်းမြင်အပ်ကုန်၏ ကြားလည်းကြားအပ်ကုန်၏** ဟူသည် အကြင်သူတို့သည် မျက်မှောက်ဖြစ်ကုန်၏၊ ထိုသူတို့သည် မြင်ကုန်၏၊ အကြင်သူတို့သည် မျက်ကွယ်ဖြစ်ကုန်၏၊ ထိုသူတို့သည် ကြားကုန်၏။

**ထိုရဟန်းကို** ဟူသည် အမျိုးတို့ကို ဖျက်ဆီးသော ထိုရဟန်းကို။

**ရဟန်းတို့က** ဟူသည် တပါးသော ရဟန်းတို့က။

အကြင် ရဟန်းတို့သည် မြင်ကုန်၏၊ အကြင်ရဟန်းတို့သည် ကြားကုန်၏၊ထိုရဟန်းတို့က"အသျှင်သည်သာ အမျိုးတို့ကို ဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အသျှင်၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့၊ အသျှင့်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ" ဟု ပြောရမည်၊ ရဟန်းတို့က ဤသို့ ဆိုအပ်သော် ထိုရဟန်းသည် ရဟန်းတို့ကို "ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏၊ ရဟန်းတို့သည် ဒေါသာဂတိသို့လည်း လိုက်ကုန်၏၊ ရဟန်းတို့သည် မောဟာဂတိသို့လည်း လိုက်ကုန်၏၊ ရဟန်းတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏၊ ထိုကဲ့သို့ သဘောရှိသော အာပတ်ဖြင့် ရဟန်းအချို့ကို နှင်ထုတ်ကုန်၏၊ ရဟန်းအချို့ကို မနှင်ထုတ်ကုန်" ဟု ဆိုငြားအံ့။

**ထိုရဟန်းကို** ဟူသည် ကံကို ပြုအပ်သော ထိုရဟန်းကို။

**ရဟန်းတို့သည်** ဟူသည် တပါးသော ရဟန်းတို့သည်။

အကြင်ရဟန်းတို့သည် မြင်ကုန်၏၊ အကြင်ရဟန်းတို့သည် ကြားကုန်၏၊ ထိုရဟန်းတို့က "အသျှင်သည် ဤသို့ မဆိုပါလင့်၊ ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း မလိုက်ကြပါ၊ ရဟန်းတို့သည် ဒေါသာဂတိသို့လည်း မလိုက်ကြပါ၊ ရဟန်းတို့သည် မောဟာဂတိသို့လည်း မလိုက်ကြပါ၊ ရဟန်းတို့သည် ဘယာဂတိသို့လည်း မလိုက်ကြပါ၊ အသျှင်သည်သာ အမျိုးတို့ကို ဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အသျှင်၏ ယုတ်မာကုန်သော အကျင့်တို့ကို မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့၊ အသျှင့်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ" ဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်၊ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်၊ အကယ်၍ စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ ဒုက္ကဋ်အာပတ်သင့်၏၊ ကြား၍ မဆိုကုန်အံ့၊ ဒုက္ကဋ် အာပတ်သင့်ကုန်၏၊ ထိုရဟန်းကို သံဃာ့အလယ်သို့လည်း ခေါ်ဆောင်၍ "အသျှင်သည် ဤသို့မဆိုပါလင့်၊ ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း မလိုက်ကြပါ၊ ရဟန်းတို့သည် ဒေါသာဂတိသို့လည်း မလိုက်ကြပါ၊ ရဟန်းတို့သည် မောဟာဂတိသို့လည်း မလိုက်ကြပါ၊ ရဟန်းတို့သည် ဘယာ

http://www.dhammadownload.com



ဂတိသို့လည်း မလိုက်ကြပါ၊ အသျှင်သည်သာ အမျိုးတို့ကို ဖျက်ဆီးတတ်၏၊ ယုတ်မာသော အကျင့်ရှိ၏၊ အသျှင်၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်းမြင်အပ်ကုန်၏၊ ကြားလည်းကြားအပ်ကုန်၏၊ အသျှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏၊ ကြားလည်း ကြားအပ်ကုန်၏၊ အသျှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလေ၊ အသျှင်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ"ဟု ပြောဆိုရမည်။

နှစ်ကြိမ်မြောက်လည်း ပြောဆိုရမည်၊ သုံးကြိမ်မြောက်လည်း ပြောဆိုရမည်၊ အကယ်၍ စွန့်ငြားအံ့၊ ဤသို့ စွန့်ခြင်းသည်ကောင်း၏၊ အကယ်၍ မစွန့်ငြားအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ထိုရဟန်းကို ကောင်းစွာ ဆိုဆုံးမရမည်၊ ရဟန်းတို့ ဤသို့လျှင် ကောင်းစွာဆိုဆုံးမရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကိုသိစေရမည်။

၄၃၈။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် သံဃာက နှင်ထုတ်အပ်သော် ရဟန်းတို့ကို ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိတို့သို့ ရောက်စေ၏၊ ထိုရဟန်းသည် ထိုအယူကိုမစွန့်၊ အကယ်၍ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည်ဖြစ်အံ့၊ သံဃာသည် ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် သံဃာက နှင်ထုတ်အပ်သော် ရဟန်းတို့ကို ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိတို့သို့ ရောက်စေ၏၊ ထိုရဟန်းသည် ထိုအယူကို မစွန့်၊ သံဃာသည် ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမ၏၊ အကြင် အသျှင်အား ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း ဤအကြောင်းကို ပြောပါ၏။ပ။ သုံးကြိမ်မြောက်လည်း ဤအကြောင်းကို ပြောပါ၏။ပ။

သံဃာသည် ဤမည်သော ရဟန်းကို ထိုအယူကို စွန့်စေခြင်းငှါ ကောင်းစွာ ဆိုဆုံးမအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

၄၃၉။ ဉတ်၏အဆုံး၌ ဒုက္ကဋ်အာပတ်သင့်၏၊ ကမ္မဝါစာနှစ်ကြိမ်တို့၏ အဆုံး၌ ထုလ္လစ္စဉ်းအာပတ်သင့်၏၊ ကမ္မဝါစာ၏အဆုံး၌ သံဃာဒိသိသ် အာပတ်သင့်၏၊ သံဃာဒိသိသ်သို့ ရောက်သော ရဟန်းအား ဉတ်၏အဆုံး၌ ဒုက္ကဋ် ကမ္မဝါစာ နှစ်ကြိမ်တို့၏အဆုံး၌ ထုလ္လစ္စဉ်းတို့သည်ငြိမ်းကုန်၏။

**သံဃာဒိသိသ်** ဟူသည် ထိုအာပတ်အတွက် သံဃာသည်သာလျှင် ပရိဝါသ်ကိုပေးရ၏၊ အရင်းသို့ ငင်ရ၏၊ မာနတ်ကိုပေးရ၏၊ အဗ္ဘာန်သွင်းရ၏၊ နှစ်ပါးသုံးပါးသည်၎င်း ပုဂ္ဂိုလ်တဦးတယောက်သည်၎င်း ပရိဝါသ်မပေးရ အရင်းသို့မငင်ရ မာနတ်မပေးရ အဗ္ဘာန်မသွင်းရ၊ ထို့ကြောင့် "သံဃာဒိသိသ်" ဟု ဆိုအပ်၏၊ (သံဃာဒိသိသ် ဟူသောအမည်သည်) ထိုအာပတ်အပေါင်း၏ အမည်သာလျှင်တည်း၊ ထို့ကြောင့်လည်း "သံဃာဒိသိသ်" ဟု ဆိုအပ်၏။

၁၃-ကုလဒူသကသိက္ခာပုဒ် အဖွင့် ပြီး၏။

http://www.dhammadownload.com



၄၄၀။ ဓမ္မကံ၌ ဓမ္မကံဟု ထင်မှတ်ခြင်းရှိ၍ မစွန့်အံ့၊ သံဃာဒိသိသ်အာပတ်သင့်၏။ ဓမ္မကံ၌ ယုံမှားရှိ၍ မစွန့်အံ့၊ သံဃာဒိသိသ် အာပတ် သင့်၏။ ဓမ္မကံ၌ အဓမ္မကံဟု ထင်မှတ်ခြင်းရှိ၍ မစွန့်အံ့၊ သံဃာဒိသိသ် အာပတ်သင့်၏။

အဓမ္မကံ၌ ဓမ္မကံဟု ထင်မှတ်ခြင်းရှိ၍ မစွန့်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ အဓမ္မကံ၌ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ အဓမ္မကံ၌ အဓမ္မကံဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

၄၄၁။ ကောင်းစွာ မဆိုဆုံးမအပ်သော ရဟန်း (အယူကို) စွန့်သောရဟန်း ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းအား အာပတ်မသင့်။

တေရသမ ကုလဒူသကသိက္ခာပုဒ် ပြီး၏။

---

## တေရသကဏ် နိဂုံး

၄၄၂။ အသျှင်တို့ လွန်ကျူးဆဲခဏ၌ သင့်သောအာပတ်ကိုးပါး သုံးကြိမ်တိုင်အောင် ဉတ်ကမ္မဝါစာဖြင့် ဆုံးမပြီးနောက်၌ သင့်သော အာပတ် လေးပါးအားဖြင့် တဆယ့်သုံးပါးသော သံဃာဒိသိသ်အာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ရဟန်းသည် ယင်း (တဆယ့်သုံးပါး) တို့တွင် တပါးပါးသို့လည်း သင့်ရောက်၍ အကြင်မျှလောက်သော ရက်တို့ပတ်လုံး သိလျက် ဖုံးထား၏၊ ထိုမျှလောက်သော ရက်တို့ပတ်လုံး ထိုရဟန်းသည် အလိုမရှိပဲ ပရိဝါသ် နေရမည်၊ ပရိဝါသ် နေပြီးသော ရဟန်းသည် နောက်ထပ် ခြောက်ညဥ့်ပတ်လုံး ရဟန်းတို့ နှစ်သက်ခြင်းငှါ မာနတ်ကျင့်ရမည်၊ မာနတ်ကျင့်ပြီးသော ရဟန်းကို ရဟန်းသံဃာ နှစ်ကျိပ်အရေအတွက်ရှိသော သိမ်၌ အဗ္ဘာန်သွင်းရမည်၊ ရဟန်းသံဃာသည် တပါးယုတ်သော နှစ်ကျိပ်ဖြင့်သော်လည်း ထိုရဟန်းကို အဗ္ဘာန်သွင်းငြားအံ့၊ ထို ရဟန်းလည်း အဗ္ဘာန်သွင်းအပ်သည် မမည်၊ ထို (အဗ္ဘာန်သွင်းသော) ရဟန်းတို့ကိုလည်း ကဲ့ရဲ့အပ်ကုန်၏၊ ဤသည်ကား ထို (သံဃာဒိသိသ် သင့်ရာ) ၌ လိုက်နာရမည့်အကျင့်တည်း။

ထိုသံဃာဒိသိသ် တဆယ့်သုံးပါးတို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါ၏လော၊ နှစ်ကြိမ်မြောက်လည်းမေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါ၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါ၏လော၊ အသျှင်တို့သည် ဤ (သံဃာဒိသိသ်တဆယ့်သုံးပါး) တို့၌ အာပတ်မှ စင်ကြယ်ကြပါ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကြကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤ အာပတ်မှ စင်ကြယ်သည့်အဖြစ် ကို သိမှတ်ရပါသည်။

တဆယ့်သုံးခု ပြီး၏။

---

## ထိုတေရသကဏ်၏ အကျဉ်းချုပ် ခေါင်းစဉ်

သုက်လွှတ်ခြင်း၊ ကိုယ်လက်နှီးနှောခြင်း၊ ရုန့်ရင်းမှု၊ မိမိအလို့ငှါ ကာမဂုဏ်တောင်းခြင်း၊ အောင်သွယ်ခြင်း၊ ကျောင်းကလေး၊ ကျောင်းကြီး၊ အခြေအမြစ်မရှိ၊ (တစုံတခု) ဆင်တူယိုးမှား၊ သင်းခွဲခြင်း၊ နောက်လိုက်များ၊ ဆိုခက်ခြင်း၊ အမျိုးဖျက်ခြင်း၊ ပေါင်း သံဃာဒိသိသ် တဆယ့်သုံးပါးတို့တည်း။

**သံဃာဒိသိသ်အခဏ်း ပြီး၏။**

http://www.dhammadownload.com

# ၃—အနိယတ အခန်း

## ၁—ပဌမ အနိယတသိက္ခာပုဒ်

အသျှင်တို့ ဤနှစ်ပါးကုန်သောအနိယတ အာပတ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

၄၄၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသျှင်ဥဒါယီသည် သာဝတ္ထိမြို့၌ အိမ်သို့ ကပ်တတ်သောရဟန်းဖြစ်၏၊ များစွာသောအိမ်တို့သို့ ချဉ်းကပ်၏၊ ထိုအခါ အသျှင်ဥဒါယီ၏အလုပ်အကျွေး အမျိုး၏ သတို့သမီးကို အခြားသောအမျိုး၏ သတို့သားအား ပေး၏၊ ထိုအခါ အသျှင်ဥဒါယီသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ ထိုအမျိုးသို့ ချဉ်းကပ်ပြီးနောက် လူတို့ကို "ဤမည်သောသတို့သမီးသည် အဘယ်မှာနည်း" ဟု မေး၏၊ ထိုလူတို့သည် "အသျှင်ဘုရား ဤမည်သောအမျိုး၏ သတို့သားအား ပေးအပ်လိုက်ပါ၏ " ဟု ဆိုကုန်၏၊ ထိုအမျိုးသည်လည်း အသျှင်ဥဒါယီ၏ အလုပ်အကျွေးပင်ဖြစ်၏၊ ထိုအခါ အသျှင်ဥဒါယီသည် ထိုအမျိုးသို့ ချဉ်းကပ်ပြီးနောက် လူတို့ကို "ဤမည်သော သတို့သမီးသည် အဘယ်မှာနည်း" ဟု မေး၏၊ ထိုလူတို့သည် "အသျှင်ဘုရား ထိုသတို့သမီးသည် တိုက်ခန်း၌ ထိုင်နေပါသည်" ဟု ဆိုကုန်၏။

ထိုအခါ အသျှင်ဥဒါယီသည် ထိုသတို့သမီးအထံသို့ ချဉ်းကပ်ပြီးနောက် ထိုသတို့သမီးနှင့်အတူ တယောက်ချင်းချင်း မေထုန်မှုကိုပြုခြင်းငှါ အသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ အခါအားလျော်စွာ စကားပြော တရားဟောလျက် ထိုင်နေ၏။

**ထိုအခါ** မိဂါရမာတာမည်သော * ဝိသာခါသည် များသော သားသမီးရှိ၏၊ များသောမြေးမြစ်**ရှိ၏ ရောဂါကင်းသောသားသမီးရှိ၏၊** ရောဂါကင်းသောမြေးရှိ၏၊ အလွန်မင်္ဂလာရှိသော မိန်းမ ဟု သမုတ်အပ်၏၊ လူတို့သည် ယဇ်ပွဲ ပျော်ပွဲ အခါပွဲတို့၌ မိဂါရမာတာမည်သော ဝိသာခါကို ရှေးဦးစွာ ကျွေးမွေးကြကုန်၏၊ ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် ဖိတ်အပ်သည်ဖြစ်၍ ထိုအမျိုး အိမ်သို့သွား၏။

မိဂါရမာတာမည်သော ဝိသာခါသည် ထိုသတို့သမီးနှင့်အတူ တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှါ အသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ ထိုင်နေသော အသျှင်ဥဒါယီကို မြင်၍—

"အသျှင်သည် မာတုဂါမနှင့် အတူ တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှါ အသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ ထိုင်နေ၏၊ အသျှင်ဘုရား ဤအပြုအမူသည် မလျော်ပါ၊ မသင့်တင့်ပါ၊ အသျှင်ဘုရား အသျှင်တို့သည် ထိုမေထုန် အကျင့်ကို အလိုရှိမည် မဟုတ်ပါ၊ သို့သော်လည်း မကြည်ညိုသူတို့ကို ယုံကြည်စေရန် ခဲယဉ်းပါကုန်၏" ဟု ဆို၏။

အသျှင်ဥဒါယီသည် မိဂါရမာတာမည်သော ဝိသာခါက ဤသို့ဆိုအပ်လျက် မနာယူလေ၊

---

* မိဂါရမာတာ—မိဂါရသူဌေး၏အမိသဖွယ်ဖြစ်သော။

http://www.dhammadownload.com



ထိုအခါ မိဂါရမာတာမည်သော ဝိသာခါသည် ထွက်သွား၍ ရဟန်းတို့အား ဤအကြောင်းကို လျှောက်၏။

အလိုနည်းသောရဟန်းတို့သည် "အသျှင်ဥဒါယီသည် မာတုဂါမနှင့်အတူ တယောက်ချင်းချင်း မေထုန်မှုကိုပြုခြင်းငှါ အသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ အဘယ်ကြောင့်ထိုင်နေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် အသျှင်ဥဒါယီကိုများစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကုန်၏။ပ။

"ဥဒါယီ သင်သည်မာတုဂါမနှင့်အတူ တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှါ အသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ ထိုင်နေခြင်းကို ပြု၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည်မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီး ဖြစ်သောယောကျ်ား သင်သည် မာတုဂါမနှင့် အတူ တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှါ အသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာအရပ်၌ အဘယ်ကြောင့် ထိုင်နေဘိသနည်း၊ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၁၈။ ၁-၄၄၄။ **"အကြင် ရဟန်းသည် မာတုဂါမနှင့်အတူ တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှါ အသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ ထိုင်နေငြားအံ့၊ ထိုရဟန်းကို ယုံကြည်ထိုက်သော စကားရှိသော ဥပါသိကာမသည်မြင်၍ ပါရာဇိကဖြင့်သော်၎င်း သံဃာဒိသိသ်ဖြင့်သော်၎င်း ပါစိတ်ဖြင့်သော်၎င်း သုံးပါးသော အာပတ်တို့တွင် တပါးပါးဖြင့် စွဲဆိုငြားအံ့၊ ထိုင်နေခြင်းကို ဝန်ခံသော ရဟန်းကို ပါရာဇိကဖြင့်သော်၎င်း သံဃာဒိသိသ်ဖြင့်သော်၎င်း ပါစိတ်ဖြင့်သော်၎င်း သုံးပါးသော အာပတ်တို့တွင် တပါးပါးဖြင့် ဆုံးဖြတ်ရမည်၊ ယုံကြည်ထိုက်သော စကားရှိသော ထိုဥပါသိကာမ စွဲဆိုသော အာပတ်ဖြင့် ထိုရဟန်းကို ဆုံးဖြတ်ရမည်၊ ဤ အာပတ်ကား အမြဲမရှိ"** ဤသို့ (ပြကြကုန်လော့ဟု မိန့်တော်မူ၏)။

## ၁-ပဌမ အနိယတသိက္ခာပုဒ် အဖွင့်

၄၄၅။ **အကြင်** ဟူသည် အကြင်သို့သဘောရှိသော။ပ။

**ရဟန်း**ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိ စတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ရောက်သူကို "ရဟန်း"ဟု အလိုရှိအပ်၏။

**မာတုဂါမ** မည်သည် လူမိန်းမတည်း၊ ဘီလူးမ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ အယုတ်ဆုံးအားဖြင့် ထိုနေ့မွေးဖွားသော သူငယ်မတည်း၊ အရွယ်ကြီးသော မိန်းမ၌ ဆိုဘွယ်မရှိသည် သာတည်း။

**အတူ** ဟူသည် အတူတကွတည်း။

http://www.dhammadownload.com



**တယောက်ချင်းချင်း** ဟူသည် ရဟန်းတပါး မာတုဂါမတယောက်ဟည်း။

**ဆိတ်ကွယ်ရာ** မည်သည် မျက်စိဆိတ်ကွယ်ရာ နားဆိတ်ကွယ်ရာတည်း။

**မျက်စိဆိတ်ကွယ်ရာ** မည်သည် မျက်စိမှိတ်ပြခြင်းကိုရင်း မျက်ခုန်းချီပြခြင်းကိုရင်း ဦးခေါင်းညိတ်ပြခြင်းကိုရင်း မြင်ခြင်းငှါ မစွမ်းနိုင်သောနေရာတည်း။

**နားဆိတ်ကွယ်ရာ** မည်သည် ပကတိစကားကိုကြားခြင်းငှာ မစွမ်းနိုင်သောနေရာတည်း။

**အကာအရံရှိသောနေရာ** မည်သည် နံရံဖြင့်သော်ငင်း၊ တံခါးရွက်ဖြင့်သော်ငင်း၊ ဖျာဖြင့်သော ငင်း၊ တင်းတိမ် 'ကန့်လန့်ကာ' ဖြင့်သော်ငင်း၊ သစ်ပင်ဖြင့်သော်ငင်း၊ တိုင်ဖြင့်သော်ငင်း၊ ရိုင်ဖြင့်သော် ငင်း တစုံတခုဖြင့် ဖုံးကွယ်အပ်သော နေရာတည်း။

**မေထုန်မှုကို ပြုခြင်းငှါ အသင့်ဖြစ်သော** ဟူသည် မေထုန်အကျင့်ကို မှီဝဲခြင်းငှါ စွမ်းနိုင်သော နေရာတည်း။

**ထိုင်နေငြားအံ့** ဟူသည် မာတုဂါမသည် ထိုင်လတ်သော် ရဟန်းသည်ကပ်၍သော်လည်း ထိုင်၏၊ ကပ်၍သော်လည်းအိပ်၏၊ ရဟန်းသည်ထိုင်လတ်သော် မာတုဂါမသည် ကပ်၍သော်လည်း ထိုင်၏၊ ကပ်၍သော်လည်း အိပ်၏၊ နှစ်ယောက်လုံးသော်လည်း ထိုင်ကြကုန်၏၊ နှစ်ယောက်လုံး သော်လည်း အိပ်ကြကုန်၏။

**ယုံကြည်ထိုက်သော စကားရှိသော** မည်သည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ပြီးသော သစ္စာလေးပါးကို ထိုးထွင်း၍ သိပြီးသော သိက္ခာသုံးပါး ကို ကျင့်သုံးပြီးသော။

**ဥပါသိကာမ** မည်သည် ဘုရားတရားသံဃာကိုဆည်းကပ်သော ဒါယိကာမတည်း။

**မြင်၍** ဟူသည် ကြည့်မြင်၍ ။

ပါရာဇိကဖြင့်သော်ငင်း၊ သံဃာဒိသိသ်ဖြင့်သော်ငင်း၊ ပါစိတ်ဖြင့်သော်ငင်း၊ သုံးပါးသောအာ ပတ်တို့တွင် တပါးပါးဖြင့် စွဲဆိုငြားအံ့၊ ထိုင်နေခြင်းကို ဝန်ခံသော ရဟန်းကို ပါရာဇိကဖြင့် သော်ငင်း၊ သံဃာဒိသိသ်ဖြင့်သော်ငင်း၊ ပါစိတ်ဖြင့်သော်ငင်း၊ သုံးပါးသောအာပတ်တို့တွင် တပါးပါးဖြင့် ဆုံးဖြတ် ရမည်၊ ယုံကြည်ထိုက်သော စကားရှိသော ထိုဥပါသိကာမစွဲဆိုသော အာပတ်ဖြင့် ထိုရဟန်းကို ဆုံးဖြတ်ရမည်။

၄၄၆။ ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမအား ထိုင်လျက် မေထုန် မှီဝဲသည်ကို အကျွန်ုပ် မြင်အပ်ပြီ" ဟု စွဲဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုထိုင်နေခြင်းကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမအားထိုင်လျက် မေထုန်မှီဝဲသည်ကို အကျွန်ုပ် မြင် အပ်ပြီ" ဟု စွဲဆိုငြားအံ့၊ ထိုရဟန်းက မှန်၏ ငါသည်ထိုင်နေ၏သို့သော်လည်း မေထုန်ကိုကားမမှီဝဲ ဟု ဆိုငြားအံ့၊ ထိုင်နေခြင်းဖြင့် ဆုံးဖြတ်ရမည်။

ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမအား ထိုင်လျက် မေထုန်မှီဝဲသည်ကို အကျွန်ုပ် မြင်အပ်ပြီ" ဟု စွဲဆိုငြားအံ့၊ ထိုရဟန်းက ငါသည်မထိုင် စင်စစ်သော်ကား လျောင်း၏" ဟု ဆိုငြား အံ့၊ လျောင်းခြင်းဖြင့်ဆုံးဖြတ်ရမည်။

http://www.dhammadownload.com



ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမအား ထိုင်လျက် မေထုန်မှီဝဲသည်ကို အကျွန်ုပ် မြင်အပ်ပြီ" ဟု ဆိုငြားအံ့၊ ထိုရဟန်းက "ငါသည်မထိုင် စင်စစ်သော်ကား ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

၄၄၇။ ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမအား လျောင်းလျက် မေထုန်မှီဝဲသည်ကို အကျွန်ုပ်မြင်အပ်ပြီ ဟု" စွဲဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုလျောင်းခြင်းကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမအား လျောင်းလျက် မေထုန်မှီဝဲသည်ကို အကျွန်ုပ် မြင်အပ်ပြီ" ဟုစွဲဆိုငြားအံ့၊ ထိုရဟန်းက မှန်၏ ငါသည် လျောင်း၏ သို့သော်လည်း မေထုန်ကိုကား မမှီဝဲ" ဟု ဆိုငြားအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။

ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမအား လျောင်းလျက် မေထုန်မှီဝဲသည်ကို အကျွန်ုပ် မြင်အပ်ပြီ" ဟု စွဲဆိုငြားအံ့၊ ထိုရဟန်းက "ငါသည် မလျောင်း စင်စစ်သော်ကား ထိုင်၏" ဟု ဆိုငြားအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။

ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမအား လျောင်းလျက် မေထုန်မှီဝဲသည်ကို မြင်အပ်ပြီ" ဟု စွဲဆိုငြားအံ့၊ ထိုရဟန်းက "ငါသည် မလျောင်း စင်စစ်သော်ကား ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

၄၄၈။ ထိုဥပါသိကာမသည် "အသျှင့်ကို ထိုင်လျက် မာတုဂါမနှင့် အတူ ကိုယ်လက်နှီးနှောခြင်းသို့ ရောက်လျက်နေသည်ကို အကျွန်ုပ် မြင်အပ်ပြီ" ဟု စွဲဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုအမှုကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။ပ။ "မှန်၏ ငါသည် ထိုင်၏ သို့သော်လည်း ကိုယ်လက်နှီးနှောခြင်းသို့ကား မရောက်" ဟု ဆိုငြားအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မထိုင် စင်စစ်သော်ကား လျောင်း၏ ဟု" ဆိုငြားအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မထိုင် ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

ထိုဥပါသိကာမသည် "အသျှင့်ကို လျောင်းလျက် မာတုဂါမနှင့် အတူ ကိုယ်လက်နှီးနှောခြင်းသို့ ရောက်သည်ကို အကျွန်ုပ် မြင်အပ်ပြီ" ဟု စွဲဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုအမှုကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် လျောင်း၏ သို့သော်လည်း ကိုယ်လက်နှီးနှောခြင်းသို့ကား မရောက်" ဟု ဆိုငြားအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မလျောင်း စင်စစ်သော်ကား ထိုင်၏" ဟု ဆိုငြားအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မလျောင်း စင်စစ်သော်ကား ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

၄၄၉။ ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမနှင့် တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှါ သင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ ထိုင်နေသည်ကို အကျွန်ုပ်သည် မြင်အပ်ပြီ" ဟု ဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုအမှုကို ဝန်ခံအံ့၊ ထိုင်နေခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မထိုင် စင်စစ်သော်ကား လျောင်း၏" ဟု ဆိုငြားအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မထိုင် စင်စစ်သော်ကား ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

http://www.dhammadownload.com



၄၅၀။ ထို ဥပါသိကာမသည် "အသျှင့်ကို မာတုဂါမ နှင့် တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှါ အသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ လျောင်းသည်ကို အကျွန်ုပ်မြင်အပ်ပြီ" ဟု ဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုအမှုကို ဝန်ခံအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မလျောင်း စင်စစ်သော်ကား ထိုင်၏" ဟု ဆိုငြားအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မလျောင်း စင်စစ်သော်ကား ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

**အမြဲမရှိ** ဟူသည် ပါရာဇိက ဟု ငှင်း သံဃာဒိသိသ် ဟု ငှင်း ပါစိတ် ဟု ငှင်း မမြဲ။

၄၅၁။ သွားခြင်းကို ဝန်ခံအံ့၊ ထိုင်ခြင်းကို ဝန်ခံအံ့၊ အာပတ်ကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

သွားခြင်းကို ဝန်ခံအံ့၊ ထိုင်ခြင်းကို ဝန်မခံအံ့၊ အာပတ်ကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

သွားခြင်းကို ဝန်ခံအံ့၊ ထိုင်ခြင်းကို ဝန်ခံအံ့၊ အာပတ်ကို ဝန်မခံအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။

သွားခြင်းကို ဝန်ခံအံ့၊ ထိုင်ခြင်းကို ဝန်မခံအံ့၊ အာပတ်ကို ဝန်မခံအံ့၊ မဆုံးဖြတ်ရ။

သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကို ဝန်ခံအံ့၊ အာပတ်ကိုဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကို ဝန်မခံအံ့၊ အာပတ်ကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကို ဝန်ခံအံ့၊ အာပတ်ကို ဝန်မခံအံ့၊ ထိုင်ခြင်းဖြင့်ဆုံးဖြတ်ရမည်။

သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကို ဂန်မခံအံ့၊ အာပတ်ကို ဝန်မခံအံ့၊ မဆုံးဖြတ်ရ။

ပဌမ အနိယတသိက္ခာပုဒ် ပြီး၏။

---

## ၂-ဒုတိယ အနိယတသိက္ခာပုဒ်

၄၅၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူသောအခါ အသျှင် ဥဒါယီသည် မြတ်စွာဘုရားသည် "မာတုဂါမနှင့်အတူ တယောက်ချင်းချင်း မေထုန်မှုကို ပြုခြင်းငှါအသင့်ဖြစ်သော အကာအရံရှိသော ဆိတ်ကွယ်ရာ၌ ထိုင်နေခြင်းကို" ပယ်တော်မူအပ်ပြီ ဟု ထိုသတို့သမီးနှင့်ပင်လျှင်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ အခါအားလျော်စွာ စကားပြော တရားဟောလျက် ထိုင်နေ၏။

နှစ်ကြိမ်မြောက်လည်း မိဂါရမာတာ မည်သော ဝိသာခါသည် ဖိတ်အပ်သည် ဖြစ်၍ ထိုအမျိုးသို့ သွား၏၊ မိဂါရမာတာမည်သော ဝိသာခါသည် သတို့သမီးနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ ထိုင်နေသော အသျှင် ဥဒါယီကို မြင်၏၊ မြင်ပြီးသော် အသျှင် ဥဒါယီကို "အသျှင်ဘုရား အသျှင်သည် မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ ထိုင်နေ၏၊ ဤအမှုသည် မလျော်ပါ၊ မသင့်တင့်ပါ၊ အသျှင်ဘုရား အသျှင်သည် ထိုမေထုန်အကျင့်ကို အလိုရှိမည်မဟုတ်ပါ၊ သို့သော်လည်း မကြည်ညိုသူ လူတို့ကို ယုံကြည်စေရန် ခဲယဉ်းပါကုန်၏" ဟု ဆို၏၊ အသျှင် ဥဒါယီသည် မိဂါရမာတာ မည်သော ဝိသာခါက ဤသို့ ဆိုအပ်လျက် မနာယူချေ။

http://www.dhammadownload.com



ထိုအခါ မိဂါရမာတာ မည်သော ဝိသာခါသည် ထွက်သွား၍ ရဟန်းတို့အား ဤအကြောင်းကို လျှောက်၏။

အလိုနည်းသော ရဟန်းတို့သည် "အသျှင်ဥဒါယီသည် မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ အဘယ့်ကြောင့် ထိုင်နေဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည အသျှင်ဥဒါယီကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥဒါယီ သင်သည် မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ ထိုင်နေ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ ပ ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ အဘယ့်ကြောင့် ထိုင်နေဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရှင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤ သိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၉။ ၂-၄၅၃။ "နေရာသည် အကာအရံလည်းမရှိ၊ မေထုန်မှုကို ပြုခြင်းငှါလည်း မစွမ်းနိုင်၊ သို့ရာတွင် မာတုဂါမကို ရှုန့်ရင်းသောစကားတို့ဖြင့် ပြက်ရယ်ပြောဆိုရန်မူကား စွမ်းနိုင်၏၊ အကြင် ရဟန်းသည် ထိုသို့ သဘောရှိသော နေရာ၌ မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ ထိုင်နေငြားအံ့၊ ထိုရဟန်းကို ယုံကြည်ထိုက်သော စကားရှိသော ဥပါသိကာမ သည် မြင်၍ သံဃာဒိသိသ်ဖြင့်သော်ငင်း ပါစိတ်ဖြင့်သော်ငင်း နှစ်ပါးသော အာပတ်တို့တွင် တပါးပါးဖြင့် စွဲဆိုငြားအံ့၊ ထိုင်နေခြင်းကို ဝန်ခံသော ရဟန်းကို သံဃာဒိသိသ်ဖြင့် သော်ငင်း ပါစိတ်ဖြင့်သော်ငင်း နှစ်ပါးသောအာပတ်တို့တွင် တပါးပါးဖြင့် ဆုံးဖြတ်ရမည်၊ ယုံကြည်ထိုက်သော စကားရှိသော ထိုဥပါသိကာမ စွဲဆိုသော ထိုအာပတ်ဖြင့် ထိုရဟန်းကို ဆုံးဖြတ်ရမည်၊ ဤအာပတ်သည်လည်း အမြဲမရှိ"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဒုတိယ အနိယတသိက္ခာပုဒ် အဖွင့်

၄၅၄။ **နေရာသည် အကာအရံလည်းမရှိ** ဟူသည် နံရံဖြင့်သော်ငင်း တံခါးရွက်ဖြင့်သော်ငင်း ဖျာဖြင့်သော်ငင်း တင်းတိမ် 'ကန့်လန့်ကာ' ဖြင့်သော်ငင်း သစ်ပင်ဖြင့်သော်ငင်း တိုင်ဖြင့်သော်ငင်း ရိုင်ဖြင့်သော်ငင်း တစုံတခုဖြင့် မဖုံးကွယ်အပ်သော နေရာတည်း။

**မေထုန်မှုကိုပြုခြင်းငှါလည်း မစွမ်းနိုင်** ဟူသည် မေထုန်အကျင့်ကို မှီဝဲခြင်းငှါ မစွမ်းနိုင်သော နေရာတည်း။

**မာတုဂါမကို ရှုန့်ရင်းသော စကားတို့ဖြင့် ပြက်ရယ်ပြောဆိုရန်မူကား စွမ်းနိုင်၏** ဟူသည် မာတုဂါမကို ရှုန့်ရင်းသောစကားတို့ဖြင့် ပြက်ရယ်ပြောဆိုခြင်းငှါ တတ်နိုင်၏။

**အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

http://www.dhammadownload.com



ရဟန်း ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်း အဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ထိုသို့ သဘောရှိသော နေရာ၌** ဟူသည် ဤသို့ သဘောရှိသော နေရာ၌။

**မာတုဂါမ** မည်သည် လူမိန်းမတည်း၊ ဘီလူးမ မဟုတ်၊ ပြိတ္တာမ မဟုတ်၊ တိရစ္ဆာန်မ မဟုတ်၊ ကောင်း မကောင်း ရုန့်ရင်း မရုန့်ရင်းသော စကားကို သိနားလည်နိုင်သော မိန်းမတည်း။

**အတူ** ဟူသည် အတူတကွတည်း။

**တယောက်ချင်းချင်း** ဟူသည် ရဟန်းတပါး မာတုဂါမတယောက်တည်း။

**ဆိတ်ကွယ်ရာ** မည်သည် မျက်စိ ဆိတ်ကွယ်ရာ နားဆိတ်ကွယ်ရာတည်း။

**မျက်စိ ဆိတ်ကွယ်ရာ** မည်သည် မျက်စိမှိတ်ပြခြင်းကိုရင်း မျက်ခုန်းချီပြခြင်းကိုရင်း ဦးခေါင်း ညိတ်ပြခြင်းကိုရင်း မြင်ခြင်းငှါ မစွမ်းနိုင်သော နေရာတည်း။

**နားဆိတ်ကွယ်ရာ** မည်သည် ပကတိ စကားကို ကြားခြင်းငှါ မစွမ်းနိုင်သော နေရာတည်း။

**ထိုင်နေငြားအံ့** ဟူသည် မာတုဂါမသည် ထိုင်လတ်သော် ရဟန်းသည် ကပ်၍သော်လည်း ထိုင်၏၊ ကပ်၍သော်လည်း အိပ်၏၊ ရဟန်းသည် ထိုင်လတ်သော် မာတုဂါမသည် ကပ်၍သော်လည်း ထိုင်၏၊ ကပ်၍သော်လည်း အိပ်၏၊ နှစ်ယောက်လုံးသော်လည်း ထိုင်ကြကုန်၏၊ နှစ်ယောက်လုံးသော်လည်း အိပ်ကြကုန်၏။

**ယုံကြည်ထိုက်သော စကားရှိသော** မည်သည် သောတာပတ္တိဖိုလ်သို့ ဆိုက်ပြီးသော (သစ္စာလေးပါးကို) ထိုးထွင်း၍ သိပြီးသော သိက္ခာသုံးပါးကို ကျင့်သုံးပြီးသော။

**ဥပါသိကာမ** မည်သည် ဘုရား တရား သံဃာကို ဆည်းကပ်သော ဒါယိကာမတည်း။

**မြင်၍** ဟူသည် ကြည့်မြင်၍။

သံဃာဒိသိသ်ဖြင့်သော်ရင်း ပါစိတ်ဖြင့်သော်ရင်း နှစ်ပါးသော အာပတ်တို့တွင် တပါးပါးဖြင့် စွဲဆိုငြားအံ့၊ ထိုင်နေခြင်းကို ဝန်ခံသော ရဟန်းကို သံဃာဒိသိသ်ဖြင့်သော်ရင်း ပါစိတ်ဖြင့်သော်ရင်း နှစ်ပါးသော အာပတ်တို့တွင် တပါးပါးဖြင့် ဆုံးဖြတ်ရမည်။

ယုံကြည်ထိုက်သော စကားရှိသော ထိုဥပါသိကာမ စွဲဆိုသော အာပတ်ဖြင့် ထိုရဟန်းကို ဆုံးဖြတ်ရမည်။

၄၅၅။ ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမနှင့် အတူထိုင်လျက် ကိုယ်လက်နှီးနှောခြင်းသို့ ရောက်လျက်နေသည်ကို အကျွန်ုပ် မြင်အပ်ပြီ" ဟု ဆိုငြားအံ့၊ ထိုရဟန်းသည်လည်း ထိုအမှုကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမနှင့်အတူ ထိုင်လျက် ကိုယ်လက်နှီးနှောခြင်းသို့ ရောက်လျက်နေသည်ကို အကျွန်ုပ်မြင်အပ်ပြီ" ဟု စွဲဆိုငြားအံ့၊ ထိုရဟန်းက "မှန်၏ ငါသည်ထိုင်၏ သို့သော်လည်း ကိုယ်လက်နှီးနှောခြင်းသို့ကား မရောက်" ဟု ဆိုငြားအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည်မထိုင် စင်စစ်သော်ကား လျောင်း၏" ဟု ဆိုငြားအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မထိုင် စင်စစ်သော်ကား ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

http://www.dhammadownload.com



ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမနှင့်အတူလျောင်းလျက် ကိုယ်လက်နှီးနှောခြင်းသို့ ရောက်လျက်နေသည်ကို အကျွန်ုပ်မြင်အပ်ပြီ" ဟု စွဲဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုအမှုကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။ပ။ "မှန်၏ ငါသည် လျောင်း၏ သို့သော်လည်း ကိုယ်လက် နှီးနှောခြင်းသို့ကား မရောက်" ဟု ဆိုငြားအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မလျောင်း စင်စစ်သော်ကား ထိုင်၏" ဟု ဆိုငြားအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မလျောင်း စင်စစ်သော်ကား ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

ထိုဥပါသိကာမသည် "မာတုဂါမကို ထိုင်လျက် ရှုန့်ရင်းသောစကားတို့ဖြင့် ပြက်ရယ်ပြောဆိုနေသော အသျှင်၏စကားကို အကျွန်ုပ် ကြားအပ်ပြီ" ဟု ဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုအမှုကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

ထိုဥပါသိကာမသည် "မာတုဂါမကို ထိုင်လျက် ရှုန့်ရင်းသော စကားတို့ဖြင့် ပြက်ရယ်ပြောဆိုနေသော အသျှင်၏ စကားကို အကျွန်ုပ်ကြားအပ်ပြီ" ဟုဆိုငြားအံ့၊ ထိုရဟန်းက "မှန်၏ ငါသည်ထိုင်၏ သို့သော်လည်း (မာတုဂါမကို) ရှုန့်ရင်းသော စကားတို့ဖြင့် ပြက်ရယ် မပြော" ဟု ဆိုငြားအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မထိုင် စင်စစ်သော်ကား လျောင်း၏" ဟု ဆိုငြားအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မထိုင် စင်စစ်သော်ကား ရပ်၏"ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

ထိုဥပါသိကာမသည် "မာတုဂါမကိုလျောင်းလျက် ရှုန့်ရင်းသော စကားတို့ဖြင့် ပြက်ရယ်ပြောဆိုနေသော အသျှင်၏ စကားကို အကျွန်ုပ် ကြားအပ်ပြီ" ဟု ဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုအမှုကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။ပ။ "မှန်၏ ငါသည်လျောင်း၏ သို့သော်လည်း ရှုန့်ရင်းသော စကားတို့ဖြင့်ကား ပြက်ရယ်မပြော" ဟု ဆိုငြားအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မလျောင်း စင်စစ်သော်ကား ထိုင်၏" ဟု ဆိုငြားအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မလျောင်း စင်စစ်သော်ကား ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

၄၅၆။ ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ ထိုင်နေသည်ကို အကျွန်ုပ်မြင်အပ်ပြီ" ဟု ဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုအမှုကို ဝန်ခံအံ့၊ ထိုင်နေခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မထိုင် စင်စစ်သော်ကား လျောင်း၏" ဟု ဆိုငြားအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မထိုင် စင်စစ်သော်ကား ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

ထိုဥပါသိကာမသည် "အသျှင့်ကို မာတုဂါမနှင့်အတူ တယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ လျောင်းနေသည်ကို အကျွန်ုပ်မြင်အပ်ပြီ" ဟု ဆိုငြားအံ့၊ ထိုရဟန်းကလည်း ထိုအမှုကို ဝန်ခံအံ့၊ လျောင်းခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည်မလျောင်း စင်စစ်သော်ကား ထိုင်၏" ဟု ဆိုငြားအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။ပ။ "ငါသည် မလျောင်း စင်စစ်သော်ကား ရပ်၏" ဟု ဆိုငြားအံ့၊ မဆုံးဖြတ်ရ။

**ဤသည်လည်း** ဟူသည် ရှေးသိက္ခာပုဒ်ကို ထောက်၍ ဆိုအပ်၏။

**အမြဲမရှိ** ဟူသည် သံသယဒိသိသ် ဟုရင်း ပါစိတ် ဟုရင်း မမြဲ။

၄၅၇။ သွားခြင်းကို ဝန်ခံအံ့၊ ထိုင်ခြင်းကို ဝန်ခံအံ့၊ အာပတ်ကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

http://www.dhammadownload.com



သွားခြင်းကို ဝန်ခံအံ့၊ ထိုင်ခြင်းကို ဝန်မခံအံ့၊ အာပတ်ကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

သွားခြင်းကိုဝန်ခံအံ့၊ ထိုင်ခြင်းကို ဝန်ခံအံ့၊ အာပတ်ကို ဝန်မခံအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။

သွားခြင်းကို ဝန်ခံအံ့၊ ထိုင်ခြင်းကို ဝန်မခံအံ့၊ အာပတ်ကို ဝန်မခံအံ့၊ မဆုံးဖြတ်ရ။

သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကို ဝန်ခံအံ့၊ အာပတ်ကို ဝန်ခံအံ့၊ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။

သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကို ဝန်မခံအံ့၊ အာပတ်ကို ဝန်ခံအံ့၊ အာပတ်ဖြင့်ဆုံးဖြတ်ရမည်။

သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကိုဝန်ခံအံ့၊ အာပတ်ကို ဝန်မခံအံ့၊ ထိုင်ခြင်းဖြင့် ဆုံးဖြတ်ရမည်။

သွားခြင်းကို ဝန်မခံအံ့၊ ထိုင်ခြင်းကို ဝန်မခံအံ့၊ အာပတ်ကို ဝန်မခံအံ့၊ မဆုံးဖြတ်ရ။

ဒုတိယ အနိယတသိက္ခာပုဒ် ပြီး၏။

---

၄၅၈။ အသျှင်တို့ နှစ်ပါးသော အနိယတအာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထိုအနိယတ နှစ်ပါးတို့၌ အသျှင်တို့ကို မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ အသျှင်တို့သည် ဤအနိယတ နှစ်ပါးတို့၌ အာပတ်မှ စင်ကြယ်ကြပါကုန်၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့်အဖြစ်ကို သိမှတ်ရပါသည်။

## ထိုအနိယတ၏ အကျဉ်းခေါင်းစဉ်

မေထုန်မှုကို ပြုခြင်းငှါ အသင့်ဖြစ်သော (ပဌမ) သိက္ခာပုဒ်ရင်း ထိုအတူပင် အသင့်မဖြစ်သော (ဒုတိယ) သိက္ခာပုဒ်ရင်း (ဤသို့) တာဒိဂုဏ် ရှိတော်မူသော ဘုရားမြတ်သည် အနိယတသိက္ခာပုဒ်တို့ကို ကောင်းစွာ ပညတ်တော်မူ၏။

**အနိယတအခဏ်း ပြီး၏။**

http://www.dhammadownload.com

# ၄–နိဿဂ္ဂိယ အခန်း

## ၁–စီဝရဝဂ် ၁–ပဌမ ကထိနသိက္ခာပုဒ်

အသျှင်တို့ သုံးဆယ်သော နိဿဂ္ဂိပါစိတ်အာပတ်တို့သည် သရုပ်အားဖြင့် ပြဆိုအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏။

၄၅၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေသာလီမြို့ ဂေါတမကစေတီ 'နတ်ကွန်း' ၌ နေတော်မူသောအခါ ရဟန်းတို့အား တိစီဝရိတ် 'သင်္ကန်းသုံးထည်' ကို ခွင့်ပြုတော်မူ၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရားသည် တိစီဝရိက်ကို ခွင့်ပြုတော်မူ၏ဟု (အမှတ်ပြု၍) တမျိုးသော တိစီဝရိက် ဖြင့်သာလျှင် ရွာသို့ဝင်ကုန်၏၊ အခြားတမျိုးသော တိစီဝရိက်ဖြင့်သာလျှင် အရံတွင်း၌ နေကုန်၏၊ အခြားတမျိုးသော တိစီဝရိက်ဖြင့် ရေချိုးဆိပ်သို့ သက်ဆင်းကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီရဟန်းတို့သည် အပိုသင်္ကန်းကို အဘယ့်ကြောင့် ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အပိုသင်္ကန်းကို ဆောင်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အပိုသင်္ကန်းကို အဘယ့်ကြောင့် ဆောင်ကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) ၄၆၀။ "အကြင် ရဟန်းသည် အပိုသင်္ကန်းကို ဆောင်ငြားအံ့၊ (ထိုရဟန်းအား) စွန့်ခြင်း (ဝိနည်းကံ) ရှိသော ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၄၆၁။ ထိုအခါ အသျှင်အာနန္ဒာအား အပိုသင်္ကန်း ဖြစ်ပေါ်လာ၏၊ အသျှင်အာနန္ဒာကလည်း ထိုသင်္ကန်းကို အသျှင်သာရိပုတြာအား လှူလို၏၊ အသျှင် သာရိပုတြာသည်လည်း သာကေတမြို့၌ နေ၏၊ ထိုအခါ အသျှင်အာနန္ဒာအား "မြတ်စွာဘုရားသည် 'အပိုသင်္ကန်းကို မဆောင်ရ' ဟု သိက္ခာပုဒ်ကို ပညတ်တော်မူအပ်၏၊ ငါ့အား ဤအပိုသင်္ကန်းသည်လည်း ဖြစ်ပေါ်နေ၏၊ ငါကလည်း

http://www.dhammadownload.com



ဤသက်န်းကို အသျှင်သာရိပုတြာအား လှူလို၏၊ အသျှင်သာရိပုတြာသည်လည်း သာကေတမြို့၌ နေ၏၊ ငါသည် အဘယ်သို့လျှင် ပြုကျင့်ရပါမည်နည်း” ဟု အကြံဖြစ်ပေါ်၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

အာနန္ဒာ သာရိပုတြာသည် မည်မျှကြာသောအခါ ပြန်လာမည်နည်း ဟု (မေးတော်မူရာ)

မြတ်စွာဘုရား ကိုးရက်မြောက်သော နေ့၌သော်၎င်း ဆယ်ရက်မြောက်သော နေ့၌သော်၎င်း (ပြန်လာပါလိမ့်မည်) ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကား ဟောကြားတော်မူ၍ “ရဟန်းတို့ ဆယ်ရက်အပိုင်းအခြား ကာလပတ်လုံး အပိုသင်္ကန်း ဆောင်ခြင်းငှါ ခွင့်ပြုသည်” ဟု ရဟန်းတို့ကို မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၀။ ၁-(ခ) ၄၆၂။ “ရဟန်းသည် သင်္ကန်း (ကိစ္စ) ပြီးဆုံးလတ်သော် ကထိန်ကို နှုတ်ပြီးလတ်သော် ဆယ်ရက်အပိုင်းအခြားရှိသော ကာလပတ်လုံး အပိုသင်္ကန်းကိုဆောင်နိုင်သည်၊ ထို(ဆယ်ရက် အပိုင်းအခြားကာလ)ကို လွန်စေသော ရဟန်းအား စွန့်ခြင်း(ဝိနည်းကံ)ရှိသော ပါစိတ်အာပတ် သင့်၏”** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-ပဌမ ကထိနသိက္ခာပုဒ် အဖွင့်

၄၆၃။ **သင်္ကန်း(ကိစ္စ)ပြီးဆုံးလတ်သော်** ဟူသည် ရဟန်း၏သင်္ကန်းသည် (အပ်ချုပ်မှု စသည်ကို) ပြုအပ်ပြီးသော်၎င်း ပျောက်သော်၎င်း ပျက်စီးသော်၎င်း မီးလောင်သော်၎င်း သင်္ကန်း (လျှော်) ပုဆိုးရနိုးခြင်း အာသာပြတ်သော်၎င်းတည်း။

**ကထိန်ကိုနုတ်ပြီးလတ်သော်** ဟူသည် မာတိကာ ရှစ်ပါးတို့တွင် တပါးပါးသော မာတိကာဖြင့် နုတ်အပ်၏၊ သံဃာသည်သော်လည်း ကထိန်ခေတ်အတွင်း၌ နုတ်အပ်၏။

**ဆယ်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး** ဟူသည် ဆယ်ရက်အပိုင်းအခြားဖြင့် ဆောင်နိုင်သည်။

**အပိုသင်္ကန်း** မည်သည် အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုအပ် (သောသင်္ကန်းတည်း)။

**သင်္ကန်း** မည်သည် ခြောက်မျိုးသော သင်္ကန်းတို့တွင် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာလောက်သော သင်္ကန်းတမျိုးမျိုးတည်း။

**ထို (ဆယ်ရက် အပိုင်းအခြားကာလ) ကို လွန်စေသော ရဟန်းအား စွန့်ခြင်း (ဝိနည်းကံ) ရှိသော ပါစိတ်အာပတ် သင့်၏** ဟူသည် တဆယ့်တရက်မြောက် အရုဏ်တက်လတ်သော် စွန့်အပ်၏၊ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ စွန့်ရမည်။

ထိုရဟန်းသည် သံဃာတော်သို့ ချဉ်းကပ်ပြီးနောက် လက်ဝဲတဖက် ပခုံးထက်၌ အပေါ် ရုံကသီကို စမွယ်တင်ပြီးလျှင် ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကိုရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်ဘုရားတို့ အကျွန်ုပ်၏ ဤသက်န်းသည် ဆယ်ရက်ကို လွန်သည်ဖြစ်၍ စွန့်အပ်ပါသည်၊ အကျွန်ုပ်သည် ဤသက်န်းကို သံဃာအား စွန့်ပါ၏" ဟု ဆိုရမည်။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရမည်။

ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် အာပတ်ကို ခံယူရမည်၊ စွန့်ပြီးသက်န်းကို ပြန်ပေးရမည်။

၄၆၄။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်း၏ စွန့်ခြင်း (ဝိနည်းကံ) ရှိသော ဤသက်န်းကို သံဃာအား စွန့်အပ်ပြီ၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤသက်န်းကို ဤမည်သော ရဟန်းအား ပေးရာ၏" ဟု (သိစေ၍ ပြန်ပေးရမည်)။

၄၆၅။ ထိုရဟန်းသည် များစွာသော ရဟန်းတို့သို့ ချဉ်းကပ်ပြီးနောက် လက်ဝဲတဖက်ပခုံးထက်၌ အပေါ် ရုံကသီကို စမွယ်တင်ပြီးလျှင် ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်ဘုရားတို့ အကျွန်ုပ်၏ ဤသက်န်းသည် ဆယ်ရက်ကို လွန်သည်ဖြစ်၍ စွန့်အပ်ပါသည်၊ အကျွန်ုပ်သည် ဤသက်န်းကို အသျှင်တို့အား စွန့်ပါ၏" ဟု ဆိုရမည်။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရမည်။

ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် အာပတ်ကို ခံယူရမည်၊ စွန့်ပြီးသက်န်းကို ပြန်ပေးရမည်။

၄၆၆။ "အသျှင်ဘုရားတို့ အကျွန်ုပ်၏(စကားကို)နာကုန်လော့၊ ဤမည်သော ရဟန်း၏ စွန့်ခြင်း (ဝိနည်းကံ) ရှိသော ဤသက်န်းကို အသျှင်တို့အား စွန့်အပ်ပြီ၊ အသျှင်တို့အား လျောက်ပတ်သောအခါ ရှိသော် ကံသည် ဖြစ်ငြားအံ့၊ အသျှင်တို့သည် ဤသက်န်းကို ဤမည်သော ရဟန်းအား ပေးကုန်ရာ၏" ဟု (သိစေ၍ ပြန်ပေးရမည်)။

၄၆၇။ ထိုရဟန်းသည် တပါးသော ရဟန်းသို့ ချဉ်းကပ်ပြီးနောက် လက်ဝဲတဖက် ပခုံးထက်၌ အပေါ် ရုံကသီကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"ငါ့သျှင် အကျွန်ုပ်၏ ဤသက်န်းသည် ဆယ်ရက်လွန်သည်ဖြစ်၍ စွန့်အပ်ပါသည်၊ အကျွန်ုပ်သည် ဤသက်န်းကို အသျှင့်အား စွန့်ပါသည်" ဟု ဆိုရမည်။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရမည်၊ ထိုရဟန်းသည် အာပတ်ကို ခံယူရမည်၊ စွန့်ပြီးသက်န်းကို "အသျှင့်အား ဤသက်န်းကို ပြန်ပေးပါသည်" ဟု ဆို၍ ပြန်ပေးရမည်။

http://www.dhammadownload.com



၄၆၈။ ဆယ်ရက်လွန်ပြီး၌ လွန်ပြီးဟု ထင်မှတ်ခြင်းရှိအံ့၊ စွန့်ခြင်း (ဝိနည်းကံ) ရှိသော နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏၊ ဆယ်ရက်လွန်ပြီး၌ ယုံမှားရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏၊ ဆယ်ရက်လွန်ပြီး၌ မလွန်သေး ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

အဓိဋ္ဌာန် မတင်အပ်သေးသည်၌ အဓိဋ္ဌာန် တင်အပ်ပြီး ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏၊ ဝိကပ္ပနာ မပြုအပ်သေးသည်၌ ဝိကပ္ပနာပြုအပ်ပြီး ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏၊ မစွန့်အပ်သေးသည်၌ စွန့်အပ်ပြီး ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏၊ မပျောက်သည်၌ ပျောက်သည် ဟု ထင်မှတ်ခြင်း ရှိအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ မပျက်သည်၌ ပျက်သည် ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ မီးမလောင်သည်၌ မီးလောင်သည် ဟု ထင်မှတ်ခြင်း ရှိအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ မလုယက်အပ်သည်၌ လုယက်အပ်သည် ဟု ထင်မှတ်ခြင်း ရှိအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

စွန့်ခြင်း (ဝိနည်းကံ) ရှိသော သင်္ကန်းကို မစွန့်မူ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ဆယ်ရက် မလွန်သေးသည်၌ လွန်ပြီး ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆယ်ရက် မလွန်သေးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆယ်ရက်မလွန်သေးသည်၌ မလွန်သေး ဟု ထင်မှတ်ခြင်း ရှိအံ့၊ အာပတ် မသင့်။

၄၆၉။ ဆယ်ရက်အတွင်း အဓိဋ္ဌာန်တင်အံ့၊ ဝိကပ္ပနာပြုအံ့၊ စွန့်အံ့၊ ပျောက်အံ့၊ ပျက်အံ့၊ မီး လောင်အံ့၊ လုယက်၍ ယူကုန်အံ့၊ အကျွမ်းဝင်၍ ယူကုန်အံ့၊ အာပတ် မသင့်။

ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

၄၇၀။ ထိုအခါ၌ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် စွန့်ပြီးသော သင်္ကန်းကို (ပြန်) မပေးကုန်၊ မြတ်စွာ ဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ စွန့်ပြီးသင်္ကန်းကို ပြန်ပေးရမည်သာတည်း၊ အကြင် ရဟန်းသည် (ပြန်) မပေးငြား အံ့၊ ထို ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ပဌမ ကထိနသိက္ခာပုဒ် ပြီး၏။

---

## ၁-စီဝရဝဂ် ၂-ဥဒေါသိတ 'ဒုတိယကထိန' သိက္ခာပုဒ်

၄၇၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ် သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းတို့သည် အခြား ရဟန်းတို့၏ လက်၌ သင်္ကန်းကို ထားခဲ့၍ သင်းပိုင်နှင့် ကောသိမျှဖြင့် ဇနပုဒ်၌ လှည့်လည်ရန် ထွက်သွားကြကုန်၏၊ ကြာမြင့်စွာ ထားခဲ့ကုန်သော ထိုသင်္ကန်းတို့သည် မှိုတက်ကုန်၏ (မှိုးထင်းကုန်၏)။ ထိုသင်္ကန်းတို့ကို ရဟန်းတို့သည် နေလှန်းကြကုန်၏။

အသျှင်အာနန္ဒာသည် ကျောင်းစဉ် လှည့်လည်လတ်သော် ထိုသင်္ကန်းတို့ကို နေလှန်းကုန်သော ထိုရဟန်းတို့ကို မြင်ပြီးနောက် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်တို့ မှိုတက်ကုန်သော

http://www.dhammadownload.com



ဤသင်္ကန်းတို့သည် မည်သူ၏ သင်္ကန်းတို့နည်း" ဟု မေး၏၊ ထိုအခါ ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအား ဤအကြောင်းကို ပြောကြားကြကုန်၏။

အသျှင်အာနန္ဒာသည် "ရဟန်းတို့သည် အခြားရဟန်းတို့၏ လက်၌ သင်္ကန်းကိုထားခဲ့၍ သင်းပိုင်နှင့် ကေသီမျှဖြင့် ဇနပုဒ်၌ လှည့်လည်ရန် အဘယ့်ကြောင့် ထွက်သွားကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏၊ ထိုအခါ အသျှင်အာနန္ဒာသည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် အခြားရဟန်းတို့၏လက်၌ သင်္ကန်းကိုထားခဲ့၍ သင်းပိုင်နှင့်ကေသီမျှဖြင့် ဇနပုဒ်၌ လှည့်လည်ရန် ထွက်သွားကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ထိုယောကျ်ားတို့သည် အခြားရဟန်းတို့၏လက်၌ သင်္ကန်းကိုထားခဲ့၍ သင်းပိုင်နှင့်ကေသီမျှဖြင့် ဇနပုဒ်၌ လှည့်လည်ရန် အဘယ့်ကြောင့် ထွက်သွားကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်ငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့ ။

(က) ၄၇၂။ "**ရဟန်း၏ သင်္ကန်း ပြီးဆုံးလတ်သော် ကထိန်ကို နုတ်ပြီးလတ်သော် ရဟန်းသည် တညဉ့်မျှလည်း တိစီဝရိက် 'သင်္ကန်းသုံးထည်' နှင့် ကင်း၍နေငြားအံ့၊ (ထိုရဟန်းအား) စွန့်ခြင်း(ဝိနည်းကံ)ရှိသော ပါစိတ် အာပတ် သင့်၏**" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၄၇၃။ ထိုအခါ ရဟန်းတပါးသည် ကောသမ္ဗီမြို့၌ မကျန်းမမာဖြစ်နေ၏၊ ဆွေမျိုးတို့သည် ထိုရဟန်း၏အထံသို့ "အသျှင်မြတ်သည် ကြွလာတော်မူလော့၊ အကျွန်ုပ်တို့သည် လုပ်ကျွေးပါကုန်အံ့" ဟု တမန်စေလွှတ်ကုန်၏၊ ရဟန်းတို့ကလည်း "ငါ့သျှင်သွားလော့ ဆွေမျိုးတို့သည် သင့်ကို လုပ်ကျွေးကြလိမ့်မည်" ဟု ပြောဆိုကြကုန်၏၊ ထိုရဟန်းသည် "ငါ့သျှင်တို့ မြတ်စွာဘုရားသည် 'တိစီဝရိက်နှင့် ကင်း၍မနေရ' ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ငါသည်လည်း မကျန်းမာသဖြင့် တိစီဝရိက်ကို ယူ၍ သွားခြင်းငှါ မတတ်နိုင်၊ ငါသည် မသွားတော့အံ့" ဟု ပြောဆို၏။

မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့မကျန်းမာသော ရဟန်းအား တိစီဝရိက်နှင့်ကင်း၍ နေနိုင်ရန် သမ္မုတိပေးခြင်းငှါခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့ ပေးရမည်။

ထိုမကျန်းမာသော ရဟန်းသည် သံဃာသို့ချဉ်းကပ်ပြီးလျှင် လက်ဝဲတဖက်ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ကြီးကုန်သော ရဟန်းတို့ကို ရှိခိုးလျက် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီးလျှင်—

http://www.dhammadownload.com



"အသျှင်ဘုရားတို့ အကျွန်ုပ်သည် မကျန်းမာပါ၊ တိစီဝရိက်ကိုယူ၍ ဖဲသွားခြင်းငှါ မတတ်နိုင်ပါ၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာအား တိစီဝရိက်နှင့်ကင်း၍နေနိုင်ရန် သမ္မုတိကို တောင်းပါသည်" ဟု ဆိုရာ၏။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၄၇၄။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် မကျန်းမာသည်ဖြစ်၍ တိစီဝရိက်ကိုယူ၍ ဖဲသွားခြင်းငှါ မတတ်နိုင်၊ ထိုရဟန်းသည် သံဃာကို တိစီဝရိက်နှင့်ကင်း၍ နေနိုင်ရန် သမ္မုတိကိုတောင်း၏၊ သံဃာအား လျှောက်ပတ်သောအခါ ရှိသော ကံသည်ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား တိစီဝရိက်နှင့်ကင်း၍ နေနိုင်ရန် သမ္မုတိကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် မကျန်းမာသည်ဖြစ်၍ တိစီဝရိက်ကိုယူ၍ ဖဲသွားခြင်းငှါ မတတ်နိုင်၊ ထိုရဟန်းသည် သံဃာကို တိစီဝရိက်နှင့်ကင်း၍ နေနိုင်ရန် သမ္မုတိကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား တိစီဝရိက်နှင့်ကင်း၍ နေနိုင်ရန် သမ္မုတိကိုပေး၏၊ အကြင် အသျှင်အား ဤမည်သော ရဟန်းအား တိစီဝရိက်နှင့်ကင်း၍ နေနိုင်ရန် သမ္မုတိကို ပေးခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သောရဟန်းအား တိစီဝရိက်နှင့် ကင်း၍နေနိုင်ရန် သမ္မုတိကိုပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်" ဟု (သိစေရမည်)။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၂၁။ ၂-(ခ) ၄၇၅။ **"ရဟန်း၏ သင်္ကန်း ပြီးဆုံးလတ်သော် ကထိန်ကို နုတ်ပြီးလတ်သော် ရဟန်းသည် ရဟန်းတို့၏ သမ္မုတိကိုမရပဲ တညဉ့်မျှလည်း တိစီဝရိက်နှင့်ကင်း၍ နေငြားအံ့၊ (ထိုရဟန်းအား) စွန့်ခြင်း (ဝိနည်းကံ) ရှိသော ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-စီဝရဝဂ် ၂-ဥဒေါသိတ 'ဒုတိယကထိန' သိက္ခာပုဒ် အဖွင့်

၄၇၆။ **သင်္ကန်း ပြီးဆုံးလတ်သော်** ဟူသည် ရဟန်း၏ သင်္ကန်းသည် (အပ်ချုပ်မှုစသည်ကို) ပြုအပ်ပြီးသော်၎င်း ပျောက်သော်၎င်း ပျက်သော်၎င်း မီးလောင်သော်၎င်း သင်္ကန်း (လျှာပုဆိုး) ရနိုးခြင်း အာသာပြတ်သော်၎င်းတည်း။

**ကထိန်ကိုနုတ်ပြီးလတ်သော်** ဟူသည် မာတိကာရှစ်ပါးတို့တွင် တပါးပါးသော မာတိကာဖြင့် နုတ်အပ်၏၊ သံဃာသည်သော်လည်း ကထိန်ခေတ်အတွင်း၌ နုတ်အပ်၏။

http://www.dhammadownload.com



**ရဟန်းသည် တညဉ့်မျှလည်း တိစီဝရိက်နှင့်ကင်း၍နေငြားအံ့** ဟူသည် ဒုကုဋ် 'နှစ်ထပ်သင်္ကန်း' နှင့်သော်ငြားလည်း ကေသီနှင့်သော်ငြားလည်း သင်းပိုင်နှင့်သော်ငြားလည်း (ကင်း၍နေငြားအံ့)။

**ရဟန်းတို့၏ သမ္မုတိကိုမရပဲ** ဟူသည် ရဟန်းတို့၏ သမ္မုတိကိုထား၍။

**စွန့်ခြင်း (ဝိနည်းကံ) ရှိသော** ဟူသည် အရုဏ်တက်သည်နှင့် တပြိုင်နက် စွန့်အပ်၏၊ သံဃာ အားသော်ငြားလည်း ဂိုဏ်းအားသော်ငြားလည်း ပုဂ္ဂိုလ်အားသော်ငြားလည်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်၏ ဤသင်္ကန်းသည် ရဟန်းတို့ သမ္မုတိကို မရပဲ ညဉ့်ကင်း၍ နေအပ်ပါသဖြင့် စွန့်အပ်ပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်းကို သံဃာအား စွန့်ပါ၏" ။ပ။ **ပေးရာ၏** ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

**တိစီဝရိက်နှင့်ကင်း၍မနေရသည့်ဌာန**

၄၇၇။ ဥပစာတူ ဥပစာထူး ရှိသောရွာ။
ဥပစာတူ ဥပစာထူး ရှိသောအိမ်။
ဥပစာတူ ဥပစာထူး ရှိသောဘဏ္ဍာတိုက်။
ဥပစာတူ ဥပစာထူး ရှိသော ပြအိုး။
ဥပစာတူ ဥပစာထူး ရှိသော တန်ဆောင်း။
ဥပစာတူ ဥပစာထူး ရှိသော ပြာသာဒ်။
ဥပစာတူ ဥပစာထူး ရှိသော ပြာသာဒ် ဦးပြည်း။
ဥပစာတူ ဥပစာထူး ရှိသော လှေ။
ဥပစာတူ ဥပစာထူး ရှိသော လှည်းကုန်သည် လှည်းဝိုင်း။
ဥပစာတူ ဥပစာထူး ရှိသော လယ်။
ဥပစာတူ ဥပစာထူး ရှိသော ကောက်နယ်တလင်း။
ဥပစာတူ ဥပစာထူး ရှိသော အရံ ။
ဥပစာတူ ဥပစာထူး ရှိသော ကျောင်း။
ဥပစာတူ ဥပစာထူး ရှိသော သစ်ပင်ရင်း။
ဥပစာတူ ဥပစာထူး ရှိသော လွင်တီးခေါင် 'ဟင်းလင်းပြင်' ။

၄၇၈။ **ဥပစာတူ ရှိသောရွာ** မည်သည် အမျိုးတမျိုး၏ ရွာဖြစ်၍ ကာရံအပ်သည်လည်းဖြစ်မူ ရွာတွင်း၌ သင်္ကန်းကိုထား၍ ရွာတွင်း၌ နေရမည်၊ မကာရံအပ်သော ရွာဖြစ်မူ သင်္ကန်းကိုထားသော အိမ်၌ နေရမည်၊ နှစ်တောင့်ထွာ 'ဟတ္ထပါသ်' ကိုသော်လည်း မစွန့်ရ။

၄၇၉။ အထူးထူးသော **အမျိုး၏** ရွာဖြစ်၍ ကာရံအပ်သည်လည်းဖြစ်မူ သင်္ကန်းကို ထားရာအိမ်၌ သော်ငြား၊ ညီလာခံ၌သော်ငြားလည်း တံခါးရင်း၌သော်ငြားလည်း နေရမည်၊ နှစ်တောင့်ထွာ 'ဟတ္ထပါသ်' ကို

http://www.dhammadownload.com



သော်လည်းမစွန့်ရ။ ဧည့်ခန်းသို့ သွားသော ရဟန်းသည် နှစ်တောင့်ထွာ 'ဟတ္ထပါသ်' ၌ သင်္ကန်းကို ထားလျှင် ဧည့်ခန်း၌ သော်၎င်း တံခါးရင်း၌သော်၎င်း နေရမည်၊ ဟတ္ထပါသ်ကို* သော်လည်း မစွန့်ရ။ ဧည့်ခန်း၌ သင်္ကန်းကို ထားမူ ဧည့်ခန်း၌သော်၎င်း တံခါးရင်း၌သော်၎င်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။ မကာရံသောရွာ ဖြစ်မူ သင်္ကန်းကို ထားရာ အိမ်၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

၄၇၀။ အမျိုးတမျိုး၏ အိမ်ဖြစ်၍ ကာရံအပ်သည်လည်းဖြစ်မူ* တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် အိမ်တွင်း၌ သင်္ကန်းကိုထား၍ အိမ်တွင်း၌ နေရမည်။ မကာရံအပ်သည်ဖြစ်မူ သင်္ကန်းထားရာ အခန်း၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်းမစွန့်ရ

၄၇၁။ အထူးထူးသော အမျိုး၏အိမ်ဖြစ်၍ ကာရံအပ်သည်လည်း ဖြစ်မူ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းကို ထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း (နေရမည်)၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။ မကာရံအပ်သည် ဖြစ်မူ သင်္ကန်းထားရာ အခန်း၌ နေရမည်၊ ဟတ္ထပါသ်ကို သော်လည်း မစွန့်ရ။

၄၇၂။ အမျိုးတမျိုး၏ ဘဏ္ဍာတိုက်ဖြစ်၍ ကာရံအပ်သည်လည်း ဖြစ်မူ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် ဘဏ္ဍာတိုက်အတွင်း၌ သင်္ကန်းကိုထားသော် ဘဏ္ဍာတိုက်အတွင်း၌ နေရမည်၊ မကာရံအပ်သည် ဖြစ်မူ သင်္ကန်းထားရာ အခန်း၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

၄၇၃။ အထူးထူးသော အမျိုး၏ ဘဏ္ဍာတိုက် ဖြစ်၍ ကာရံအပ်သည်လည်းဖြစ်မူ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းထားရာ အခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း (နေရမည်)၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။ မကာရံအပ်သည် ဖြစ်မူ သင်္ကန်းထားရာ အခန်း၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

၄၇၄။ အမျိုးတမျိုး၏ ပြအိုးဖြစ်၍ ပြအိုးအတွင်း၌ သင်္ကန်းကို ထားလျှင် ပြအိုးအတွင်း၌နေရမည်။ အထူးထူးသောအမျိုး၏ ပြအိုးဖြစ်၍ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း (နေရမည်)၊ ဟတ္ထပါသ်ကိုသော်လည်းမစွန့်ရ။

၄၇၅။ အမျိုးတမျိုး၏ တန်ဆောင်းဖြစ်၍ တန်ဆောင်းအတွင်း၌ သင်္ကန်းကိုထားလျှင် တန်ဆောင်းအတွင်း၌ နေရမည်။ အထူးထူးသော အမျိုး၏တန်ဆောင်းဖြစ်၍ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း (နေရမည်)၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

၄၇၆။ အမျိုးတမျိုး၏ ပြာသာဒ်ရှည်ဖြစ်၍ ပြာသာဒ်အတွင်း၌ သင်္ကန်းကိုထားလျှင် ပြာသာဒ်အတွင်း၌ နေရမည်။ အထူးထူးသော အမျိုး၏ ပြာသာဒ်ရှည်ဖြစ်၍ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သင်္ကန်းထားရာ အခန်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း (နေရမည်)၊ ဟတ္ထပါသ်ကို သော်လည်း မစွန့်ရ။

---

* ဟတ္ထပါသ်ဟု တွေ့တိုင်းနှစ်တောင့်ထွာဟု မှတ်ပါ။

* ကာရံအပ်သည်လည်းဖြစ်မူ စသည်ဖြင့် နာနူပစာရ ဥပစာထူးကိုပြသည်၊ အခန်းနှင့်တိုက်ခန်းကား ပရိယာယ်တူပင်တည်း။

http://www.dhammadownload.com



၄၇၇။ အမျိုးတမျိုး၏ ပြာသာဒ် ဦးပြည်းဖြစ်၍ ပြာသာဒ် ဦးပြည်းအတွင်း၌ သက်န်းကိုထား လျှင် ပြာသာဒ်ဦးပြည်း အတွင်း၌ နေရမည်၊ အထူးထူးသော အမျိုး၏ ပြာသာဒ် ဦးပြည်း ဖြစ်၍ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သက်န်းထားရာအခန်း၌ နေရမည်၊ တံခါးရင်း၌ သော်လည်း (နေရမည်) ၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

၄၇၈။ အမျိုးတမျိုး၏ လှေဖြစ်၍ လှေအတွင်း၌ သက်န်းကို ထားလျှင် လှေအတွင်း၌ နေရမည်၊ အထူးထူးသော အမျိုး၏ လှေဖြစ်၍ တိုက်ခန်းအမျိုးမျိုး အခန်းအမျိုးမျိုးရှိလျှင် သက်န်းထားရာ အခန်း၌ နေရမည်၊ ဟတ္ထပါသ်ကို သော်လည်း မစွန့်ရ။

၄၇၉။ အမျိုးတမျိုး၏ ကုန်သည် လှည်းဝိုင်းဖြစ်၍ ကုန်သည် လှည်းဝိုင်း၌ သက်န်းကိုထားလျှင် ရှေ့နောက် ခုနစ် အဗ္ဘန္တရကို မစွန့်ရ၊ နံဘေးမှ အဗ္ဘန္တရ (တခု) ကို မစွန့်ရ။ အထူးထူးသော အမျိုး၏ ကုန်သည်လှည်းဝိုင်းဖြစ်၍ ကုန်သည်လှည်းဝိုင်း၌ သက်န်းကို ချထားသော် ဟတ္ထပါသ်ကို မစွန့်ရ။

၄၈၀။ အမျိုးတမျိုး၏လယ်ဖြစ်၍ ကာရံအပ်သည်လည်းဖြစ်မူ လယ်အတွင်း၌ သက်န်းကို ထား လျှင် လယ်အတွင်း၌ နေရမည်။ မကာရံအပ်သည်ဖြစ်မူ ဟတ္ထပါသ်ကို မစွန့်ရ။ အထူးထူးသော အမျိုး ၏ လယ်ဖြစ်၍ ကာရံအပ်သည်လည်း ဖြစ်မူ လယ်အတွင်း၌ သက်န်းကိုထားလျှင် တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။ မကာရံအပ်သည်ဖြစ်မူ ဟတ္ထပါသ်ကိုမစွန့်ရ။

၄၈၁။ အမျိုးတမျိုး၏ ကောက်နယ်တလင်းဖြစ်၍ ကာရံအပ်သည်လည်းဖြစ်မူ ကောက်နယ် တလင်းအတွင်း၌ သက်န်းကိုထားလျှင် ကောက်နယ် တလင်းအတွင်း၌ နေရမည်၊ မကာရံအပ် သည်ဖြစ်မူ ဟတ္ထပါသ်ကို မစွန့်ရ၊ အထူးထူးသော အမျိုး၏ ကောက်နယ်တလင်းဖြစ်၍ ကာရံအပ်သည် လည်းဖြစ်မူ ကောက်နယ်တလင်းအတွင်း၌ သက်န်းကိုထားလျှင် တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။ မကာရံအပ်သည်ဖြစ်မူ ဟတ္ထပါသ်ကို မစွန့်ရ။

၄၈၂။ အမျိုးတမျိုး၏ အရံဖြစ်၍ ကာရံအပ်သည်လည်းဖြစ်မူ အရံအတွင်း၌ သက်န်းကိုထား လျှင် အရံအတွင်း၌ နေရမည်၊ မကာရံအပ်သည်ဖြစ်မူ ဟတ္ထပါသ်ကို မစွန့်ရ။ အထူးထူးသော အမျိုး၏ အရံဖြစ်၍ ကာရံအပ်သည်လည်း ဖြစ်မူ အရံအတွင်း၌ သက်န်းကိုထားလျှင် တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။ မကာရံအပ်သည်ဖြစ်မူ ဟတ္ထပါသ်ကို မစွန့်ရ။

၄၈၃။ အမျိုးတမျိုး၏ ကျောင်းဖြစ်၍ ကာရံအပ်သည်လည်းဖြစ်မူ ကျောင်းတွင်း၌ သက်န်းကို ထားလျှင် ကျောင်းတွင်း၌ နေရမည်။ မကာရံအပ်သည်ဖြစ်မူ သက်န်းထားရာကျောင်း၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ၊ အထူးထူးသောအမျိုး၏ ကျောင်းဖြစ်၍ ကာရံအပ်သည်လည်းဖြစ်မူ သက်န်းထားရာကျောင်း၌ နေရမည်၊ တံခါးရင်း၌သော်လည်း နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။ မကာရံအပ်သည်ဖြစ်မူ သက်န်းထားရာကျောင်း၌ နေရမည်၊ ဟတ္ထပါသ်ကိုသော်လည်း မစွန့်ရ။

၄၈၄။ အမျိုးတမျိုး၏ သစ်ပင်ရင်းဖြစ်၍ ယင်း သစ်ပင်ရင်းသည် မွန်းတည့်ကာလ၌ ထက်ဝန်း ကျင် အရိပ် ပြန့်နှံ့ မူ အရိပ်တွင်း၌ သက်န်းကို ထားလျှင် အရိပ်တွင်း၌ နေရမည်။

အထူးထူးသော အမျိုး၏ သစ်ပင်ရင်းဖြစ်မူ ဟတ္ထပါသ်ကို မစွန့်ရ။

http://www.dhammadownload.com



ဥပစာပယူရှိသော လှင်တီးခေါင် မည်သည် ရွာမရှိသော တောၥ် ခုနစ်အဗ္ဘန္တရအတွင်းသည် ဥပစာတူ ရှိသည်မည်၏။ ထိုမှ အပြင်ဘက်ကား ဥပစာထူး ရှိသည်မည်၏။

၄၉၅။ (ညဥ့်) ကင်း၍ နေအပ်သည်၌ (ညဥ့်) ကင်း၍ နေအပ်သည်ဟု ထင်မှတ်ခြင်းရှိအံ့၊ သမ္မုတိရသော ရဟန်းကို ချန်ထား၍ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏၊ (ညဥ့်) ကင်း၍ နေအပ်သည်၌ ယုံမှားရှိအံ့၊ သမ္မုတိရသော ရဟန်းကို ချန်ထား၍ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ (ညဥ့်)ကင်း၍ နေအပ်သည်၌ (ညဥ့်) ကင်း၍ မနေအပ် ဟု ထင်မှတ်ခြင်းရှိအံ့၊ သမ္မုတိရသော ရဟန်းကို ချန်ထား၍ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ ပစ္စုဒ္ဓိုရ် မပြုအပ်သေးသည်၌ ပစ္စုဒ္ဓိုရ် ပြုအပ်ပြီးဟု ထင်မှတ်ခြင်းရှိအံ့။ပ။ မစွန့်အပ် သေးသည်၌ စွန့်အပ်ပြီဟု ထင်မှတ်ခြင်းရှိအံ့။ပ။ မပျောက်သည်၌ ပျောက်သည်ဟု ထင်မှတ်ခြင်းရှိအံ့။ပ။ မပျက်သည်၌ ပျက်သည်ဟု ထင်မှတ်ခြင်းရှိအံ့။ပ။ မီးမလောင်သည်၌ မီးလောင်သည်ဟု ထင်မှတ်ခြင်းရှိအံ့။ပ။ ခိုးသူ မလုယက်အပ်သည်၌ လုယက်အပ်သည်ဟု ထင်မှတ်ခြင်း ရှိအံ့၊ သမ္မုတိရသော ရဟန်းကို ချန်ထား၍ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

စွန့်ခြင်း (ဝိနည်းကံ) ရှိသော သင်္ကန်းကို မစွန့်ပဲ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏။(ညဥ့်)ကင်း၍ မနေအပ်သည်၌(ညဥ့်)ကင်း၍ နေအပ်သည်ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ (ညဥ့်) ကင်း၍ မနေအပ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ (ညဥ့်) ကင်း၍ မနေအပ်သည်၌ (ညဥ့်) ကင်း၍ မနေအပ် ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၄၉၆။ အရုဏ်အတွင်း၌ ပစ္စုဒ္ဓိုရ်ပြုအံ့၊ စွန့်အံ့၊ ပျောက်အံ့၊ ပျက်အံ့၊ မီးလောင်အံ့၊ လုယက်၍ ယူကုန်အံ့၊ အကျွမ်းဝင်၍ ယူကုန်အံ့၊ အာပတ် မသင့်၊ ရဟန်းတို့၏ သမ္မုတိရခြင်းကြောင့် အာပတ် မသင့်။ ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဥဒေါသိတ 'ဒုတိယကထိန' သိက္ခာပုဒ် ပြီး၏။

---

## ၁-စီဝရဝဂ် ၃-တတိယ ကထိနသိက္ခာပုဒ်

၄၉၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတပါးအား အခါမဲ့ သင်္ကန်းသည် ဖြစ်ပေါ်၏၊ ထိုရဟန်း၏ ထိုသင်္ကန်းသည် ချုပ်လတ်သော် မလုံလောက်ပေ။

ထိုအခါ ထိုရဟန်းသည် ထိုသင်္ကန်းကို ဖြန့်၍ ထပ်ကာထပ်ကာ ဆွဲဆန့်၏၊ မြတ်စွာဘုရားသည် ကျောင်းစဉ် ဒေသစာရီ လှည့်လည်လတ်သော် ထိုသင်္ကန်းကို ဖြန့်၍ ထပ်ကာထပ်ကာ ဆွဲဆန့်နေသော ထိုရဟန်းကို မြင်၏၊ မြင်ပြီးနောက် ထိုရဟန်းထံသို့ ချဉ်းကပ်၍ ထိုရဟန်းကို-

"ရဟန်း သင်သည် အဘယ့်ကြောင့် ဤသင်္ကန်းကို ဖြန့်၍ ထပ်ကာထပ်ကာ ဆွဲဆန့်နေသနည်း" ဟု မေးတော်မူ၏။

မြတ်စွာဘုရား အကျွန်ုပ်အား အခါမဲ့ဖြစ်ပေါ်လာသော ဤသင်္ကန်းသည် ချုပ်လတ်သော် မလုံလောက်ပါ၊ ထို့ကြောင့် အကျွန်ုပ်သည် ဤသင်္ကန်းကို ဖြန့်၍ထပ်ကာထပ်ကာ ဆွဲဆန့်နေပါသည် ဟု (လျှောက်၏)။

ရဟန်း သင့်အား သင်္ကန်းရလိမ့်မည်ဟု မြော်လင့်ချက်ရှိသလော ဟု (မေးတော်မူရာ)။

ရှိပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

http://www.dhammadownload.com



ထိုအခါမြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ အခါမဲ့သင်္ကန်းကို ခံယူ၍ သင်္ကန်းကို ရလိမ့်မည်ဟု မြော်လင့်ချက်ထားခြင်းငှါ ခွင့်ပြုသည်"ဟု မိန့်တော်မူ၏။

၄၉၇။ ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားသည် "အခါမဲ့သင်္ကန်းကို ခံယူ၍ သင်္ကန်းရလိမ့်မည်ဟု မြော်လင့်ချက်ဖြင့် ထားခြင်းငှါ ခွင့်ပြုပြီ" ဟု အခါမဲ့သင်္ကန်းတို့ကို ခံယူ၍ တလထက်အလွန် ထားကုန်၏၊ ထိုသင်္ကန်းတို့ကို သင်္ကန်းတန်း၌ ထုပ်၍ဆွဲထားကုန်၏၊ အသျှင်အာနန္ဒာသည် ကျောင်းစဉ် ဒေသစာရီ လှည့်လည်လတ်သော် သင်္ကန်းတန်း၌ ထုပ်၍ ဆွဲထားကုန်သော ထိုသင်္ကန်းတို့ကို မြင်လတ်သော် ရဟန်းတို့ကို—

"ငါ့သျှင်တို့ သင်္ကန်းတန်း၌ ထုပ်၍ဆွဲထားသော သင်္ကန်းတို့သည် မည်သူ၏ သင်္ကန်းတို့နည်း"ဟု မေး၏။

ငါ့သျှင် ငါတို့၏ အခါမဲ့ သင်္ကန်းများတည်း၊ သင်္ကန်းရလိမ့်မည်ဟု မြော်လင့်ချက်ဖြင့် ထားကုန်၏ ဟု (ဆိုကြကုန်၏)။

ငါ့သျှင်တို့ ဤသင်္ကန်းတို့ကို ထားသည်မှာ မည်မျှကြာပြီနည်း ဟု (မေးသောအခါ)

ငါ့သျှင် တလကျော်ပြီဟု (ပြောကြကုန်၏)။

အသျှင်အာနန္ဒာသည် "ရဟန်းတို့သည် အခါမဲ့ သင်္ကန်းကိုခံယူ၍ တလထက်အလွန် အဘယ့်ကြောင့်ထားကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ထိုအခါ အသျှင်အာနန္ဒာသည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် အခါမဲ့သင်္ကန်းကို ခံယူ၍ တလထက်အလွန် ထားကြ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ "ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ထိုယောကျ်ားတို့သည် အခါမဲ့သင်္ကန်းကိုခံယူ၍ အဘယ့်ကြောင့် တလထက်အလွန် ထားကုန်ဘိသနည်း၊ ရဟန်းတို့ ဤ(သင်တို့ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၂။ ၃-၄၉၉။ "ရဟန်း၏ သင်္ကန်း ပြီးဆုံးလတ်သော် ကထိန်ကို နုတ်ပြီးလတ်သော် ရဟန်းအား အခါမဲ့ သင်္ကန်း ဖြစ်ပေါ်ငြားအံ့၊ အလိုရှိသော ရဟန်းသည် ခံယူရာသည်၊ ခံယူပြီးနောက် လျှင်မြန်စွာပင် ချုပ်ဆိုးရမည်၊ အကယ်၍ ပြည့်စုံလုံလောက်ခြင်း မဖြစ်ပါမူ တလအတိုင်းအရှည် (ကာလပတ်လုံး) ထိုရဟန်းသည် ယုတ်လျော့သော သင်္ကန်း၏ ပြည့်စုံလုံလောက်ခြင်းငှါ မြော်လင့်ချက် ရှိလတ်သော် ထိုသင်္ကန်းကို ထားရာသည်၊ ထိုတလထက်အလွန် ထားငြားအံ့၊ မြော်လင့်ချက် ရှိသော်လည်း နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



# ၃-တတိယ ကထိနသိက္ခာပုဒ် အဖွင့်

၅၀၀။ **သင်္ကန်းပြီးဆုံးလတ်သော်** ဟူသည် ရဟန်း၏ သင်္ကန်းသည် ချုပ်ဆိုးအပ်ပြီးသော်၎င်း ပျောက်သော်၎င်း ပျက်သော်၎င်း မီးလောင်သော်၎င်း သင်္ကန်းရလိမ့်မည်ဟု မြော်လင့်ချက်ပြတ်သော်၎င်းတည်း။

**ကထိန်ကို နုတ်ပြီးလတ်သော်** ဟူသည် မာတိကာရှစ်ပါးတို့တွင် တပါးပါးသော မာတိကာဖြင့် နုတ်အပ်၏၊ သံဃာသည်သော်လည်း ကထိန်ခေတ်အတွင်း၌ နုတ်အပ်၏။

**အခါမဲ့သင်္ကန်း** မည်သည် ကထိန်မခင်းလျှင် တဆယ့်တလအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ ကထိန်ခင်းလျှင် ခုနစ်လအတွင်း၌ ဖြစ်ပေါ်သော သင်္ကန်းတည်း၊ သင်္ကန်းအခါ၌သော်လည်း ရည်ညွှန်း၍ လှူအပ်သော သင်္ကန်းတည်း၊ ဤ (ဆိုအပ်ပြီး) သည်ကား အခါမဲ့သင်္ကန်း မည်၏။

**ဖြစ်ငြားအံ့** ဟူသည် သံဃာမှသော်၎င်း ဂိုဏ်းမှသော်၎င်း ဆွေမျိုးမှသော်၎င်း မိတ်ဆွေမှသော်၎င်း ပံသုကူသော်၎င်း မိမိဥစ္စာဖြင့်သော်၎င်း ဖြစ်ငြားအံ့။

**အလိုရှိသော ရဟန်းသည်** ဟူသည် အလိုရှိသော ရဟန်းသည် ခံယူရာသည်။

**ခံယူပြီးနောက် လျှင်မြန်စွာပင် ချုပ်ဆိုးရမည်** ဟူသည် ဆယ်ရက်အတွင်း၌ ချုပ်ဆိုးရမည်။

**အကယ်၍ ပြည့်စုံလုံလောက်ခြင်း မဖြစ်ပါမူ** ဟူသည် ချုပ်ဆိုးလတ်သော် မလုံလောက်။

**တလအတိုင်းအရှည် (ကာလပတ်လုံး) ထိုရဟန်းသည် ထိုသင်္ကန်းကို ထားရာသည်** ဟူသည် တလ အတိုင်းအရှည်ဖြင့် ထားရာသည်။

**ယုတ်လျော့သော သင်္ကန်း၏ ပြည့်စုံလုံလောက်ခြင်းငှါ** ဟူသည် ယုတ်လျော့သော သင်္ကန်း၏ ပြည့်စုံလုံလောက်ရန် အလို့ငှါ။

**မြော်လင့်ချက်ရှိလတ်သော်** ဟူသည် သံဃာမှသော်၎င်း ဂိုဏ်းမှသော်၎င်း ဆွေမျိုးမှသော်၎င်း မိတ်ဆွေမှသော်၎င်း ပံသုကူသော်၎င်း မိမိ၏ဥစ္စာဖြင့်သော်၎င်း မြော်လင့်ချက်ရှိ၏။

**တလထက်အလွန် ထားငြားအံ့၊ မြော်လင့်ချက်ရှိသော်လည်း** ဟူသည် မူလသင်္ကန်းရသောနေ့၌ မြော်လင့်သော သင်္ကန်းရအံ့၊ ဆယ်ရက်အတွင်း ပြုစေရမည်၊ မူလသင်္ကန်း ရသည်မှ နှစ်ရက်မြောက်၌ မြော်လင့်သော သင်္ကန်းရအံ့၊ ဆယ်ရက်အတွင်း ပြုစေရမည်၊ မူလသင်္ကန်းရသည်မှ သုံးရက်မြောက်၌ လေးရက်မြောက်၌။ ငါးရက်မြောက်၌။ ခြောက်ရက်မြောက်၌။ ခုနစ်ရက်မြောက်၌။ ရှစ်ရက်မြောက်၌။ ကိုးရက်မြောက်၌။ မူလသင်္ကန်းရသည်မှ ဆယ်ရက်မြောက်၌ မြော်လင့်သော သင်္ကန်းရအံ့၊ ဆယ်ရက်အတွင်း၌ ပြုစေရမည်၊ ဆဲ့တရက်မြောက်၌။ပ။ ဆဲ့နှစ်ရက်မြောက်၌။ ဆဲ့သုံးရက်မြောက်၌။ ဆဲ့လေးရက်မြောက်၌။ ဆဲ့ငါးရက်မြောက်၌။ ဆဲ့ခြောက်ရက်မြောက်၌။ ဆဲ့ခုနစ်ရက်မြောက်၌။ ဆဲ့ရှစ်ရက်မြောက်၌။ ဆဲ့ကိုးရက်မြောက်၌။ မူလသင်္ကန်း ရသည်မှ ရက်နှစ်ဆယ်မြောက်၌။ မြော်လင့်သော သင်္ကန်းရအံ့၊ ဆယ်ရက်အတွင်း ပြုစေရမည်။

မူလသင်္ကန်းရသည်မှ နှစ်ဆဲ့တရက်မြောက်၌၊ မြော်လင့်သော သင်္ကန်းရအံ့၊ ကိုးရက်အတွင်း ပြုစေရမည်၊ နှစ်ဆဲ့နှစ်ရက်မြောက်၌။ပ။ နှစ်ဆဲ့သုံးရက်မြောက်၌။ နှစ်ဆဲ့လေးရက်မြောက်၌။ နှစ်ဆဲ့ငါးရက်မြောက်၌။ နှစ်ဆဲ့ခြောက်ရက်မြောက်၌။ နှစ်ဆဲ့ခုနစ်ရက်မြောက်၌။ နှစ်ဆဲ့ရှစ်ရက်

http://www.dhammadownload.com



မြောက်၌။ မူလသက်န်းရသည်မှ နှစ်ဆဲ့ကိုးရက်မြောက်၌ မြော်လင့်သော သက်န်းရအံ့၊ တရက်အတွင်း ပြုစေရမည်။ မူလသက်န်းရသည်မှ ရက်သုံးဆယ်မြောက်၌ မြော်လင့်သော သက်န်းရအံ့၊ ထိုနေ့၌သာလျှင် အဓိဋ္ဌာန်တင်ရမည် ဝိကပ္ပနာပြုရမည် စွန့်ရမည်။ အကယ်၍ အဓိဋ္ဌာန်မတင်အံ့ ဝိကပ္ပနာမပြုအံ့ မစွန့်အံ့၊ သုံးဆဲ့တရက် အရုဏ်တက်လတ်သော် စွန့်အပ်၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်၏ ဤအခါမဲ့ သက်န်းသည် တလလွန်သဖြင့် စွန့်ခြင်း(ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသက်န်းကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

မူလသက်န်းနှင့် မြော်လင့်သော သက်န်းသည် သဘောချင်း မတူကြအံ့၊ ညဉ့်တို့သည်လည်း ကြွင်းကျန်ကုန်သေးအံ့၊ အလိုမရှိပဲ ပြုစေရမည် မဟုတ်။

၅၀၁။ တလလွန်ပြီး၌ လွန်၏ ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏။ တလလွန်ပြီး၌ ယုံမှားရှိအံ့။ပ။ တလလွန်ပြီး၌ မလွန်သေး ဟု ထင်မှတ်ခြင်းရှိအံ့။ပ။ အဓိဋ္ဌာန် မတင်အပ်သေးသည့်၌ အဓိဋ္ဌာန်တင်အပ်ပြီး ဟု ထင်မှတ်ခြင်းရှိအံ့။ပ။ ဝိကပ္ပနာ မပြုအပ်သေးသည့်၌ ဝိကပ္ပနာပြုအပ်ပြီး ဟု ထင်မှတ်ခြင်း ရှိအံ့။ပ။ မစွန့်အပ်သေးသည့်၌ စွန့်အပ်ပြီး ဟု ထင်မှတ်ခြင်း ရှိအံ့။ပ။ မပျောက်သည့်၌ ပျောက်သည် ဟု ထင်မှတ်ခြင်းရှိအံ့။ပ။ မပျက်သည့်၌ ပျက်သည် ဟု ထင်မှတ်ခြင်း ရှိအံ့။ပ။ မီးမလောင်သည့်၌ မီးလောင်သည် ဟု ထင်မှတ်ခြင်းရှိအံ့။ပ။ မလုယက်အပ်သည့်၌ လုယက်အပ်သည် ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

စွန့်ခြင်း (ဝိနည်းကံ) ရှိသော သက်န်းကို မစွန့်မူ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တလ မလွန်သေးသည့်၌ လွန်ပြီး ဟု ထင်မှတ်ခြင်း ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တလမလွန်သေးသည့်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တလမလွန်သေးသည့်၌ မလွန်သေး ဟု ထင်မှတ်ခြင်း ရှိအံ့၊ အာပတ် မသင့်။

၅၀၂။ တလအတွင်း၌ အဓိဋ္ဌာန်တင်အံ့၊ ဝိကပ္ပနာပြုအံ့၊ စွန့်အံ့၊ ပျောက်အံ့၊ ပျက်အံ့၊ မီးလောင်အံ့၊ လုယက်၍ ယူကုန်အံ့၊ အကျွမ်းဝင်၍ ခံယူကုန်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

တတိယ ကထိနသိက္ခာပုဒ် ပြီး၏။

---

## ၁-စီဝရဝဂ် ၄-ပုရာဏစီဝရသိက္ခာပုဒ်

၅၀၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အသျှင်ဥဒါယီ၏ မယားဟောင်းသည် ဘိက္ခုနီမတို့အထံ၌ ရဟန်းပြု၏၊ ထိုဘိက္ခုနီမသည် အသျှင်ဥဒါယီ၏ အထံသို့ မပြတ်လာ၏၊ အသျှင်ဥဒါယီကလည်း ထိုဘိက္ခုနီမ၏ အထံသို့ မပြတ်သွား၏၊ ထိုအခါ အသျှင်ဥဒါယီသည် ထိုဘိက္ခုနီမ၏

http://www.dhammadownload.com



အသံ၌ ဆွမ်းကိစ္စကို*ပြု၏၊ ထိုအခါ အသျှင်ဥဒါယီသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူဆောင်ကာ ထိုဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးနောက် ထိုဘိက္ခုနီမ၏ ရှေ့၌ အင်္ဂါဇာတ်ကို ဖော်၍ နေရာ၌ ထိုင်၏၊ ထိုဘိက္ခုနီမသည်လည်း အသျှင်ဥဒါယီ၏ရှေ့၌ အင်္ဂါဇာတ်ကိုဖော်၍ နေရာ၌ ထိုင်၏၊ ထိုအခါ အသျှင်ဥဒါယီသည် ပြင်းစွာ တပ်မက်သည်ဖြစ်၍ ထိုဘိက္ခုနီမ၏ အင်္ဂါဇာတ်ကို တစိမ်းစိမ်းကြည့်၏၊ ဥဒါယီအား သုက်လွတ်၏၊ ထိုအခါ အသျှင်ဥဒါယီသည် ထိုဘိက္ခုနီမကို "နှမ သွားလော့ ရေကို ဆောင်ယူခဲ့လော့၊ သင်းပိုင်ကို ဖွပ်လျှော်အံ့" ဟု ဆို၏၊ "အသျှင် ဆောင်ယူခဲ့ပါ၊ အကျွန်ုပ်သည်သာလျှင် ဖွပ်လျှော်ပါမည်" ဟု (ဆို၍ သင်္ကန်းကို ယူပြီးလျှင်) ထိုသုက်အချို့ကို ပါးစပ်ဖြင့် စုပ်ယူ၏၊အချို့ကို အင်္ဂါဇာတ်၌ ထည့်၏၊ ထိုဘိက္ခုနီမသည် ထိုသုက်ဖြင့် ကိုယ်ဝန်ယူ၏။

ဘိက္ခုနီမတို့သည် "ဤဘိက္ခုနီမသည် မမြတ်သော (မေထုန်) အကျင့်ကိုကျင့်၍ ကိုယ်ဝန် ရှိ၏" ဟု ဆိုကြကုန်၏၊ "သျှင်မတို့ အကျွန်ုပ်သည် မမြတ်သော (မေထုန်) အကျင့်ကို မကျင့်ပါ" ဟု ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏။

ဘိက္ခုနီမတို့သည် "အသျှင်ဥဒါယီသည် ဘိက္ခုနီမအား သင်္ကန်းဟောင်းကို အဘယ့်ကြောင့် ဖွပ်လျှော်စေကိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏၊ ထိုအခါ ထို ဘိက္ခုနီမတို့သည် ရဟန်းတို့အား ဤအကြောင်းကို လျှောက်ကြကုန်၏၊ အလိုနည်းသော ရဟန်း တို့သည် "အသျှင်ဥဒါယီသည် ဘိက္ခုနီမအား သင်္ကန်းဟောင်းကို အဘယ့်ကြောင့် ဖွပ်လျှော်စေဘိ သနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြု ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် အသျှင်ဥဒါယီကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီး လျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥဒါယိ သင်သည် ဘိက္ခုနီမအား သင်္ကန်းဟောင်းကို ဖွပ်လျှော်စေ၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဥဒါယီ သင်နှင့် ဆွေမျိုးတော်စပ်သလော၊ ဆွေမျိုးမတော်စပ်သလော ဟု (မေးတော်မူရာ)

မြတ်စွာဘုရား ဆွေမျိုးမတော်စပ်ပါ ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဆွေမျိုးမတော်စပ်သော ယောကျ်ားသည် ဆွေမျိုးမတော်စပ်သော မိန်းမ၏ သင့်တင့်သည်ကိုဂင်း မသင့်တင့်သည်ကိုဂင်း ကြည်ညိုဖွယ်ရှိသည် ကိုဂင်း ကြည်ညိုဖွယ် မရှိသည်ကိုဂင်း မသိနိုင်၊ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား ထို သင်သည် * ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမအား သင်္ကန်းဟောင်းကို ဖွပ်လျှော်စေဘိ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေး သော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

---

* ဘတ္တ ဝိဿဂ္ဂန္တိ ဘတ္တကိစ္စံ။ တေရသကဏ္ဍဋီကာ (၉၃)

* တတ္ထနာမတုမ္ဟံ့ ဣမသာပိ သောနာမတုမ္ဟံ့အတ္တောဝေဒိတဗ္ဗော။ တေရသကဏ္ဍဋီကာ (၉၃)

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၂၃။ ၄-၅၀၄ **"အကြင်ရဟန်းသည် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမအား သက်န်းဟောင်းကို ဖွပ်လျှော်စေမူလည်း ဖွပ်လျှော်စေငြားအံ့၊ ဆိုးမူလည်း ဆိုးစေငြားအံ့၊ ရိုက်နယ်မူလည်း ရိုက်နယ်စေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

## ၄-ပုရာဏစီဝရသိက္ခာပုဒ် အဖွင့်

၅၀၅။ **အကြင်** ဟူသည် အကြင်သို့သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ** မည်သည် အမိဘက်မှသော်ငင်း အဖဘက်မှသော်ငင်း ခုနစ်ဆက်မြောက် ဘိုးဘေးအစုံတိုင်အောင် မဆက်စပ်သော။

**ဘိက္ခုနီမ** မည်သည် ဥဘတောသံဃာ၌ ပဉ္စင်းဖြစ်သော မိန်းမတည်း။

**သင်္ကန်းဟောင်း** မည်သည် တကြိမ်ပင် ဝတ်အပ် တကြိမ်ပင် ရုံအပ်သော သင်္ကန်းတည်း။

ဖွပ်လျှော်လော့ ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ဖွပ်လျှော်အပ်ပြီးမှု စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ ဆိုးလော့ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆိုးအပ်ပြီးမှု စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ ရိုက်နယ်လော့ ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တကြိမ် လက်ဖြင့် ပုတ်ခတ်အပ်သော်ငင်း ရိုက်တုတ်ဖြင့် ရိုက်အပ်သော်ငင်း စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်ငင်း ဂိုဏ်းအားသော်ငင်း ပုဂ္ဂိုလ်အားသော်ငင်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

> "အသျှင်ဘုရားတို့ အကျွန်ုပ်၏ ဤသင်္ကန်းဟောင်းသည် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမကို ဖွပ်လျှော်စေအပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်းကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင်အား ပေးပါ၏ ဟု (ပေးရမည်)။

၅၀၆။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ဖွပ်လျှော်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏၊ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ဖွပ်လျှော်စေအံ့၊ ဆိုးစေအံ့၊ နိဿဂ္ဂိနှင့် ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ဖွပ်လျှော်စေအံ့၊ ရိုက်နယ်စေအံ့၊ နိဿဂ္ဂိနှင့် ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ဖွပ်လျှော်စေအံ့၊ ဆိုးစေအံ့၊ ရိုက်နယ်စေအံ့၊ နိဿဂ္ဂိနှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ဆိုးစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ဆိုးစေအံ့၊ ရိုက်နယ်စေအံ့၊ နိဿဂ္ဂိနှင့် ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုး

http://www.dhammadownload.com



မတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ဆိုးစေအံ့၊ဖွပ်လျှော်စေအံ့၊ နိဿဂ္ဂိနှင့် ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ဆိုးစေအံ့၊ ရိုက်နယ်စေအံ့၊ ဖွပ်လျှော်စေအံ့၊ နိဿဂ္ဂိနှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ရိုက်နယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ရိုက်နယ်စေအံ့၊ ဖွပ်လျှော်စေအံ့၊ နိဿဂ္ဂိနှင့် ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ရိုက်နယ်စေအံ့၊ ဆိုးစေအံ့၊ နိဿဂ္ဂိနှင့် ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်၍ သင်္ကန်းဟောင်းကို ရိုက်နယ်စေအံ့၊ ဖွပ်လျှော်စေအံ့၊ ဆိုးစေအံ့၊ နိဿဂ္ဂိနှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ယုံမှားရှိအံ့။ပ။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးတော်စပ်သည်ဟု ထင်မှတ်အံ့။ပ။ အခြားရဟန်း၏ သင်္ကန်းဟောင်းကို ဖွပ်လျှော်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ နိသီဒိုင် အိပ်ရာခင်းကို ဖွပ်လျှော်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တဖက်သံဃာ၌ ပဉ္စင်းဖြစ်သော ဘိက္ခုနီမအား ဖွပ်လျှော်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးတော်စပ်သည်ဟု ထင်မှတ်အံ့၊ အာပတ် မသင့်။

၅၀၇။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ ဖွပ်လျှော်ရာ၌ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမသည် အဖော်ဖြစ်အံ့၊ မဆို(မခိုင်း)အပ်ပဲ ဖွပ်လျှော်အံ့၊ မသုံးဆောင်အပ်သေးသော အသစ်ကို ဖွပ်လျှော်စေအံ့၊ သင်္ကန်းမှတပါး အခြားပရိက္ခရာကို ဖွပ်လျှော်စေအံ့၊ အာပတ် မသင့်၊ သိက္ခမာန်ကို သာမဏေမကို (ဖွပ်လျှော်စေအံ့ အာပတ် မသင့်)၊ ရူးသော ရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

စတုတ္ထ ပုရာဏစီဝရသိက္ခာပုဒ် ပြီး၏။

---

## ၂-စီဝရဝဂ် ၅-စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်

၅၀၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ ဥပ္ပလဝဏ် ဘိက္ခုနီမသည် သာဝတ္ထိမြို့၌နေ၏။

ထိုအခါ ဥပ္ပလဝဏ်ဘိက္ခုနီမသည် နံနက်အချိန်၌သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူလျက် သာဝတ္ထိမြို့သို့ ဆွမ်းအလို့ငှါဝင်၏၊ သာဝတ္ထိမြို့၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီး၍ ဆွမ်းစား ပြီးနောက် ဆွမ်းစားစရပ်မှ ဖဲခွါပြီးလတ်သော် နေ့သန့်စင်ရာအလို့ငှါ အန္ဓဝန်တောသို့ချဉ်းကပ်၏၊ အန္ဓဝန်တောသို့

http://www.dhammadownload.com



သက်ဝင်ပြီးနောက် သစ်ပင်ရင်းတခု၌ နေ့သန့်စင်ရန် ထိုင်၏၊ ထိုအခါ ခိုးမှုကိုပြုပြီးသော ခိုးသူတို့သည် နွားကိုသတ်ပြီး၍ အမဲသားကိုယူကာ အန္ဓဝန်တောသို့ ဝင်ကုန်၏။

ခိုးသူကြီးသည် သစ်ပင်ရင်းတခု၌ နေ့သန့်စင်လျက်ထိုင်နေသော ဥပ္ပလဝဏ်ဘိက္ခုနီမကို မြင်လတ်သော် "အကယ်၍ ငါ၏သားများ ညီငယ်များမြင်ကြပါမူ ဤဘိက္ခုနီမကို ညှဉ်းဆဲကြလိမ့်မည်" ဟု ကြံစည်၍ အခြားလမ်းဖြင့်သွား၏၊ ထိုအခါ ခိုးသူကြီးသည် အမဲသားကျက်လတ်သော် ကောင်းမြတ်သော အမဲသားတို့ကိုယူ၍ ဖက်ဖြင့်ထုပ်ပြီးလျှင် ဥပ္ပလဝဏ် ဘိက္ခုနီမ၏အနီး သစ်ပင်ရင်း၌ ဆွဲပြီးနောက် "အကြင်ရဟန်း ပုဏ္ဏားသည် မြင်၏၊ (ထိုသူအား) ပေးလှူအပ်သည်သာတည်း၊ ဆောင်ယူစေ" ဟု ဆို၍ ဖဲသွား၏။

ဥပ္ပလဝဏ်ဘိက္ခုနီမသည် သမာဓိမှ ထလတ်သော် ခိုးသူကြီးပြောဆိုသော ဤစကားကိုကြား၏၊ ထိုအခါ ဥပ္ပလဝဏ်ဘိက္ခုနီမသည် ထိုအမဲသားကိုယူ၍ ဘိက္ခုနီမကျောင်းသို့သွား၏၊ ဥပ္ပလဝဏ်ဘိက္ခုနီမသည် ထိုညဉ့်ကုန်လွန်သောအခါ၌ အမဲသားကိုစီရင်၍ အပေါ်ရုံ 'ကောသီ' ဖြင့် အထုပ်ကိုဖွဲ့ပြီးလျှင် ကောင်းကင်သို့ပျံတက်၍ ဝေဠုဝန်ကျောင်း၌ ရွေ့ရှုရပ်တည်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရွာတွင်းသို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏၊ အသျှင်ဥဒါယီသည် ကျောင်းစောင့်ကျန်ရစ်၏၊ ထိုအခါ ဥပ္ပလဝဏ်ဘိက္ခုနီမသည် အသျှင်ဥဒါယီထံသို့ ချဉ်းကပ်၍ အသျှင်ဥဒါယီအား—

"အသျှင်ဘုရား မြတ်စွာဘုရား အဘယ်မှာပါနည်း" ဟု လျှောက်၏။

နှမ မြတ်စွာဘုရားသည် ရွာတွင်းသို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏ ဟု (ပြော၏)။

အသျှင်ဘုရား ဤအမဲသားကို မြတ်စွာဘုရားအား လှူပါလော့ ဟု (လျှောက်၏)။

နှမ သင်သည် မြတ်စွာဘုရားကို အမဲသားဖြင့် နှစ်သိမ့်စေအပ်ပြီ၊ အကယ်၍ သင်သည် ငါ့အား သင်းပိုင်ကိုလှူပါမူ ငါ့ကိုလည်း သင်းပိုင်ဖြင့် နှစ်သိမ့်စေပြီးဖြစ်ရာ၏ ဟု (ပြော၏)။

အသျှင်ဘုရား အကျွန်ုပ်တို့ မာတုဂါမတို့မည်သည် လာဘ်လာဘ ရှားပါးကြပါကုန်၏၊ ဤသင်္ကန်းသည်လည်း အကျွန်ုပ်၏ နောက်ဆုံး ငါးထည်မြောက်သင်္ကန်းပါတည်း၊ အကျွန်ုပ်သည် မလှူနိုင်ပါဟု (လျှောက်၏)။

နှမ ဥပမာအားဖြင့် ယောကျ်ားသည် ဆင်ကိုလှူပြီး၍ ခါးဖွဲ့ကြိုး၌ ငြိကပ်ရာသကဲ့သို့၊ ဤအတူပင် သင်သည် မြတ်စွာဘုရားအား အမဲသားကိုလှူပြီး၍ ငါ့အား သင်းပိုင်ကိုမလှူရက် ဟု (ပြော၏)။

ထိုအခါ ဥပ္ပလဝဏ်ဘိက္ခုနီမသည် အသျှင်ဥဒါယီ အတင်းအကြပ် ပြောအပ်သည်ဖြစ်၍ သင်းပိုင်ကိုလှူပြီးလျှင် ဘိက္ခုနီမကျောင်းသို့သွား၏၊ ဘိက္ခုနီမတို့သည် ဥပ္ပလဝဏ်ဘိက္ခုနီမ၏ သပိတ်သင်္ကန်းကို လှမ်းယူကြလျက် ဥပ္ပလဝဏ်ဘိက္ခုနီမကို "အသျှင်မ အသျှင်မ၏သင်းပိုင်သည် အဘယ်မှာပါနည်း" ဟု ဆိုကြကုန်၏။

ဥပ္ပလဝဏ်ဘိက္ခုနီမသည် ဘိက္ခုနီမတို့အား ဤအကြောင်းကို ပြောကြား၏၊ ဘိက္ခုနီမတို့သည် "အသျှင်ဥဒါယီသည် ဘိက္ခုနီမ၏ သင်္ကန်းကို အဘယ့်ကြောင့် ခံယူဘိသနည်း မာတုဂါမသည် လာဘ်ရှားပါး၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြော ပြောဆိုကြကုန်၏။

ထိုအခါ ထိုဘိက္ခုနီမတို့သည် ရဟန်းတို့အား ဤအကြောင်းကို လျှောက်ကြကုန်၏၊ အလိုနည်းသော ရဟန်းတို့သည် "အသျှင်ဥဒါယီသည် ဘိက္ခုနီမ၏ သင်္ကန်းကို အဘယ့်ကြောင့် ခံယူဘိသနည်း"

http://www.dhammadownload.com



ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် အသျှင်ဥဒါယီကို မျှားစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥဒါယီ သင်သည် ဘိက္ခုနီမ၏ ဃက်နီးကိုခံယူ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဥဒါယီ သင်နှင့် ဆွေမျိုးတော်စပ်သလော၊ ဆွေမျိုးမတော်စပ်သလောဟု (မေးတော်မူရာ)။

မြတ်စွာဘုရား ဆွေမျိုးမတော်စပ်ပါ ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဆွေမျိုးမတော်စပ်သော ယောကျ်ားသည် ဆွေမျိုးမတော်စပ်သော မိန်းမ၏ သင့်တင့်သည်ကိုဒင်း မသင့်တင့်သည်ကိုဒင်း ရှိသည်ကိုဒင်း မရှိသည်ကိုဒင်း မသိနိုင်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသင်သည် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၏ လက်မှ သင်္ကန်းကိုခံယူဘိ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါဒင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) ၅၀၉။ "အကြင် ရဟန်းသည် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၏ လက်မှ သင်္ကန်းကို ခံယူငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၅၁၀။ ထိုအခါ ရဟန်းတို့သည် တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြ၍ ဘိက္ခုနီမတို့၏လဲလှယ် 'ဖလှယ်' သော သင်္ကန်းကို မခံယူကြကုန်။

ဘိက္ခုနီမတို့သည် "အဘယ့်ကြောင့် အသျှင်တို့သည် ငါတို့၏ လဲလှယ်သော သင်္ကန်းကို မခံယူကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုဘိက္ခုနီမတို့၏ စကားကို ကြားကြသည်သာတည်း။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောပြောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ ရဟန်း ဘိက္ခုနီမ သိက္ခမာန် သာမဏေ သာမဏေမ ဟူသော ဤသီတင်းသုံးဖော်ငါးဦးတို့၏ လဲလှယ်သော သင်္ကန်းကို ခံယူခြင်းငှါ ခွင့်ပြုသည်" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၄။ ၅-(ခ) ၅၁၁။ "အကြင် ရဟန်းသည် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၏ လက်မှ သင်္ကန်းကို လဲလှယ်သည်မှတပါး ခံယူငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၅–စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ် အဖွင့်

၅၁၂။ အကြင် ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ဆွေမျိုးမတော်စပ်သော** မည်သည် အမိဘက်မှသော်ငင်း အဖဘက်မှသော်ငင်း ခုနစ်ဆက် မြောက် ဘိုးဘေးအစုံတိုင်အောင် မဆက်စပ်သော။

**ဘိက္ခုနီမ** မည်သည် ဥဘတောသံဃာ၌ ပဉ္စင်းဖြစ်သော မိန်းမတည်း။

**သင်္ကန်း** မည်သည် ခြောက်မျိုးသော သင်္ကန်းတို့တွင် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာလောက် သော သင်္ကန်းတမျိုးမျိုးတည်း။

**လဲလှယ်သည်မှတပါး** ဟူသည် လဲလှယ်ခြင်းကိုထား၍။

ခံယူအံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ် (အာပတ် သင့်၏)။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်ငင်း ဂိုဏ်းအားသော်ငင်း ပုဂ္ဂိုလ်အားသော်ငင်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်၏ ဤသင်္ကန်းသည် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၏လက်မှ လဲလှယ်သည်မှတပါး ခံယူအပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤ သင်္ကန်းကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပေးရမည်)။

၅၁၃။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ လဲလှယ် သည်မှတပါး သင်္ကန်းကို ခံယူအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ယုံမှားရှိ၍ လဲလှယ်သည်မှ တပါး သင်္ကန်းကို ခံယူအံ့၊ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ဆွေမျိုးမတော် စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးတော်စပ်သည် ဟု ထင်မှတ်ခြင်းရှိ၍ လဲလှယ်သည်မှ တပါး သင်္ကန်းကို ခံယူအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ တဖက် (ဘိက္ခုနီသံဃာ) ၌ ပဉ္စင်းဖြစ်သော ဘိက္ခုနီမ၏ လက်မှ လဲလှယ်သည်မှ တပါး သင်္ကန်းကို ခံယူအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးတော် စပ်သည် ဟုထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၅၁၄။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ အာပတ် မသင့်၊ အဖိုး အနည်းငယ် ထိုက်တန်သော ဝတ္ထုဖြင့် အဖိုးများစွာ ထိုက်တန်သော ဝတ္ထုကိုသော်ငင်း၊ အဖိုးများစွာ ထိုက်တန်သော ဝတ္ထုဖြင့် အဖိုးအနည်းငယ် ထိုက်တန်သော ဝတ္ထုကိုသော်ငင်း လဲလှယ်အံ့၊ အာပတ် မသင့်၊ ရဟန်းသည် အကျွမ်းဝင်သဖြင့် ခံယူအံ့၊ အခိုက်အတန့်ယူအံ့၊ သင်္ကန်းမှ တပါး အခြားပရိက္ခရာကို ခံယူအံ့၊ အာပတ် မသင့်။ သိက္ခမာန်၏ သာမဏေမ၏ (သင်္ကန်းကိုခံယူအံ့၊ အာပတ် မသင့်) ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

**ပဉ္စမ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ် ပြီး၏။**

http://www.dhammadownload.com



## ၁-စီဝရဝဂ် ၆-အညာတကဝိညတ္တိသိက္ခာပုဒ်

၅၁၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာကီဝင် မင်းသား အသျှင် ဥပနန္ဒသည် တရားစကားကို ဟောပြခြင်း၌ လိမ္မာကျွမ်းကျင်၏*။ ထိုအခါ သူဌေးသားတယောက်သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ ချဉ်းကပ်၍ သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို ရှိသေစွာ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ထိုသူဌေးသားကို သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် တရားစကားဖြင့် (အကျိုးစီးပွါးကို ) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏၊ ထိုအခါ ထိုသူဌေးသားသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီး ဖြစ်ရကား သာကီဝင်မင်းသား အသျှင်ဥပနန္ဒအား—

"အသျှင်ဘုရား အလိုရှိရာကို အမိန့်ရှိတော်မူပါ၊ အကျွန်ုပ်တို့သည် အသျှင့်အား သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ ဆေးပစ္စည်းများကို လှူနိုင်ကြပါသည်" ဟု လျှောက်၏။

ငါ့သျှင် ဒါယကာ အကယ်၍ သင်သည် ငါ့အားလှူလိုသည် ဖြစ်အံ့၊ ဤ သင်ဝတ်လာသော အဝတ်နှစ်ထည်မှ တထည်ကို လှူလော့ ဟု (ဆို၏)။

အသျှင်ဘုရား အကျွန်ုပ်တို့ အမျိုးသားတို့အား အဝတ်တထည်တည်းဖြင့် သွားဘို့ရာ ရှက်ဖွယ်ကဲ့သို့ ဖြစ်ပါသည်၊ အသျှင်ဘုရား အိမ်သို့ ရောက်သည့်တိုင်အောင် ဆိုင်းငံ့တော်မူပါ၊ အိမ်ရောက်လျှင် ဤ နှစ်ထည်မှတထည်ကိုသော်၎င်း၊ ဤထက် သာလွန်ကောင်းမြတ်သော အထည်ကိုသော်၎င်း၊ အပို့လွှတ်ပါမည် ဟု (လျှောက်၏)။

နှစ်ကြိမ်မြောက်လည်း သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ထိုသူဌေးသားကို "ငါ့သျှင် ဒါယကာ အကယ်၍ ငါ့အား လှူလိုသည်ဖြစ်အံ့၊ ဤ အဝတ် နှစ်ထည်မှ တထည်ကို လှူလော့" ဟု (ဆို၏)။

အသျှင်ဘုရား အကျွန်ုပ်တို့အမျိုးသားတို့အား အဝတ်တထည်တည်းဖြင့် သွားဘို့ရာ ရှက်ဖွယ်ကဲ့သို့ ဖြစ်ပါသည်၊ အသျှင်ဘုရား အိမ်သို့ ရောက်သည့်တိုင်အောင် ဆိုင်းငံ့တော်မူပါ၊ အိမ်ရောက်လျှင်ဤ နှစ်ထည်မှ တထည်ကို သော်၎င်း၊ ဤထက် သာလွန်ကောင်းမြတ်သော အထည်ကိုသော်၎င်း၊ အပို့လွှတ်ပါမည် ဟု (လျှောက်၏)။

သုံးကြိမ်မြောက်လည်း သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ထို သူဌေးသားကို "ငါ့သျှင် ဒါယကာ အကယ်၍ ငါ့အား လှူလိုသည် ဖြစ်အံ့၊ ဤအဝတ်နှစ်ထည်မှ တထည်ကို လှူလော့" ဟု (ဆို၏)။

အသျှင်ဘုရား အကျွန်ုပ်တို့ အမျိုးသားတို့အား အဝတ်တထည်တည်းဖြင့် သွားဘို့ရာ ရှက်ဖွယ်ကဲ့သို့ ဖြစ်ပါသည်၊ အသျှင်ဘုရား အိမ်သို့ရောက်သည့်တိုင်အောင် ဆိုင်းငံ့တော်မူပါ၊ အိမ်ရောက်လျှင်

---

* ပဋ္ဋော ဟု အဋ္ဌကထာ၌ရှိ၏။

http://www.dhammadownload.com



ဤနှစ်ထည်မှ တထည်ကိုသော်၎င်း၊ ဤထက် သာလွန်ကောင်းမြတ်သော အထည်ကိုသော်၎င်း၊ အပ်ပို့လှတ်ပါမည် ဟု (လျှောက်၏)။

ငါ့သျှင် ဒါယကာ သင်သည် မပေးလှူလိုပဲ ဖိတ်ကြားသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အကြင် သင်သည် (ပေးလှူချင်ယောင်ဆောင်ကာ) ဖိတ်ကြားပြီးလျှင် မပေးလှူ ဟု (ဆို၏)။

ထိုအခါ ထိုသူဌေးသားသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် အတင်းအကြပ်ပြောအပ်သဖြင့် အဝတ်တထည်ကို လှူ၍ သွားလေ၏၊ လူတို့သည် ထို သူဌေးသားကို "အသျှင် သင်သည် အဘယ့်ကြောင့် အဝတ်တထည်တည်းဖြင့် လာခဲ့ပါသနည်း" ဟု ဆိုကြကုန်၏၊ ထိုအခါ ထိုသူဌေးသားသည် ထိုလူတို့အား ဤ အကြောင်းကို ပြောကြားလေ၏။

လူတို့သည် "သာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်ကြသော ဤရဟန်းတို့သည် အလိုကြီးကုန်၏၊ မရောင့်ရဲနိုင်ကုန်၊ ဤရဟန်းတို့အား တရားသဖြင့် ဖိတ်ကြားခြင်းငှါလည်း မလွယ်ကူပေ၊ အဘယ့်ကြောင့် သူဌေးသားသည် တရားသဖြင့် ဖိတ်ကြားအပ် ပါလျက် အဝတ်ကို ယူကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ (စကားကို) ကြားကြသည်သာတည်း။ အလိုနည်းသော ရဟန်းတို့သည် "သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် သူဌေးသားအား သင်္ကန်းကို အဘယ့်ကြောင့် တောင်းဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် သူဌေးသားအား သင်္ကန်းကို တောင်း၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဥပနန္ဒ သင်နှင့် ဆွေမျိုးတော်စပ်သလော၊ ဆွေမျိုးမတော်စပ်သလော ဟု (မေးတော်မူရာ) မြတ်စွာဘုရား ဆွေမျိုးမတော်စပ်ပါ ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဆွေမျိုးမတော်စပ်သူသည် ဆွေမျိုးမတော်စပ်သူ၏ သင့်တော်သည်ကို၎င်း မသင့်တော်သည်ကို၎င်း ရှိသည်ကို၎င်း မရှိသည်ကို၎င်း မသိနိုင်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ဖြစ်လျက် သင်သည် ဆွေမျိုးမတော်စပ်သော သူဌေးသားအား သင်္ကန်းကို တောင်းတုံဘိ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) ၅၁၆။ "အကြင် ရဟန်းသည် ဆွေမျိုး မတော်စပ်သော အိမ်ရှင်ကို သော်၎င်း အိမ်ရှင်မကိုသော်၎င်း သင်္ကန်းကိုတောင်းငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



၅၁၇။ ထိုအခါ များစွာသော ရဟန်းတို့သည် သာကေတမြို့မှ သာဝတ္ထိမြို့သို့ ခရီးရှည်သွားကုန်၏၊ လမ်းခရီးအကြား၌ ခိုးသူတို့သည် ထွက်၍ ထိုရဟန်းတို့ကို လုယက်ကုန်၏၊ ထိုအခါ ရဟန်းတို့သည် "မြတ်စွာဘုရားသည် ဆွေမျိုးမတော်စပ်သော အိမ်ရှင်အားသော်၎င်း အိမ်ရှင်မအားသော်၎င်း သင်္ကန်းကိုတောင်းခြင်းငှါ မြစ်တားတော်မူ၏" ဟု တွေးတောမှု 'သံသယကုက္ကုစ္စ' ဖြစ်ကြ၍ မတောင်းကြကုန်၊ (အဝတ်မဆီး) အချည်းနှီးအတိုင်းပင် သာဝတ္ထိမြို့သို့ သွား၍ ရဟန်းတို့ကို ရှိခိုးကြကုန်၏။

ရဟန်းတို့သည် "ငါ့သျှင်တို့ ဤ အာဇီဝက 'တက္ကတွန်း' တို့သည် ကောင်းကြပေ၏၊ ရဟန်းတို့ကို ရှိခိုးကြသည်" ဟု ပြောဆိုကြကုန်၏၊ ထို (အာဇီဝက အထင်ခံရသော) ရဟန်းတို့သည် "ငါ့သျှင်တို့ ငါတို့သည် အာဇီဝကများမဟုတ်ကြပါ၊ ငါတို့သည် ရဟန်းတို့ပါတည်း" ဟု ပြန်ပြောကြကုန်၏၊ ရဟန်းတို့သည် အသျှင် ဥပါလိကို "ငါ့သျှင် ဥပါလိ တိုက်တွန်းပါ၏၊ ဤသူများကို မေးစိစစ်လော့" ဟု ဆိုကုန်၏၊ ထိုအခါ အသျှင် ဥပါလိသည် မေးစိစစ်အပ်သော် ထိုရဟန်းတို့သည် ဤအကြောင်းကို လျှောက်ကြကုန်၏၊ ထိုအခါ အသျှင်ဥပါလိသည် ထိုရဟန်းတို့ကို မေးစိစစ်ပြီးနောက် ရဟန်းတို့ကို "ငါ့သျှင်တို့ ဤသူတို့သည် ရဟန်းတို့တည်း၊ ထိုရဟန်းတို့အား သင်္ကန်းတို့ကို ပေးကြကုန်လော့" ဟု ပြောဆို၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် အချည်းနှီး လာကုန်ဘိသနည်း၊ မြက်ဖြင့်သော်၎င်း သစ်ရွက်ဖြင့်သော်၎င်း ဖုံးလွှမ်း၍ လာရာသည် မဟုတ်ပါလော" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ သင်္ကန်းကို ခိုးသူ အလုခံရသော ရဟန်းအားသော်၎င်း သင်္ကန်းပျောက်သော ရဟန်းအားသော်၎င်း ဆွေမျိုးမတော်စပ်သော အိမ်ရှင်ကိုသော်၎င်း အိမ်ရှင်မကိုသော်၎င်း သင်္ကန်းကိုတောင်းခြင်းငှါ ခွင့်ပြုသည်၊ အကြင် ကျောင်းတိုက်သို့ ရှေးဦးစွာ ႇာပ်ရောက်၏၊ အကယ်၍ ထိုကျောင်းတိုက်၌ သံဃာ၏ ကျောင်းပိုင် သင်္ကန်းသော်၎င်း အပေါ်လွှမ်းအခင်းသော်၎င်း မြေအခင်းသော်၎င်း ဘုံလျှိရေ 'အစွပ်' သော်၎င်း ရှိအံ့၊ ယူ၍ (သင်္ကန်း) ရသောအခါ ပြန်ထားမည် ဟု (နှလုံးပြု၍) ဝတ်ရုံခြင်းငှါ ခွင့်ပြု၏၊ အကယ်၍ သံဃာ၏ ကျောင်းပိုင် သင်္ကန်းသော်၎င်း အပေါ်လွှမ်းအခင်းသော်၎င်း မြေအခင်းသော်၎င်း ဘုံလျှိရေ 'အစွပ်' သော်၎င်း မရှိအံ့၊ မြက်ဖြင့်သော်၎င်း သစ်ရွက်ဖြင့်သော်၎င်း ဖုံးလွှမ်း၍လာရမည်၊ (အဝတ်မဆီး) အချည်းနှီးဖြင့်ကား မလာရသည်သာတည်း၊ လာသော ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၅။ ၆-(ခ) ၅၁၈။ "အကြင်ရဟန်းသည် ဆွေမျိုးမတော်စပ်သော အိမ်ရှင်ကိုသော်၎င်း အိမ်ရှင်မကိုသော်၎င်း အခါမှတပါး သင်္ကန်းကို တောင်းငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ ထိုဆွေမျိုးမတော်စပ်သူကို သင်္ကန်းတောင်းရာ၌ ဤဆိုလတ္တံ့သည်ကား အခါတည်း၊ ရဟန်းသည် သင်္ကန်းကိုခိုးသူ အလုခံရသည်မူလည်းဖြစ်၏၊ သင်္ကန်းပျောက်သည်မူလည်းဖြစ်၏၊ ဤကား ထိုဆွေမျိုးမတော်စပ်သူကို သင်္ကန်းတောင်းရာ၌ အခါတည်း" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၆-အညာတကဝိညတ္တိသိက္ခာပုဒ် အဖွင့်

၅၁၉။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ဆွေမျိုးမတော်စပ်သူ** မည်သည် အမိဘက်မှသော်၎င်း အဖဘက်မှသော်၎င်း ခုနစ်ဆက်မြောက် ဘိုးဘေးအစုံတိုင်အောင် မဆက်စပ်သူတည်း။

**အိမ်ရှင်** မည်သည် အိမ်၌ နေသူ ယောက်ျားတဦးတယောက်တည်း။

**အိမ်ရှင်မ** မည်သည် အိမ်၌ နေသူ မိန်းမတဦးတယောက်တည်း။

**သင်္ကန်း** မည်သည် ခြောက်မျိုးသော သင်္ကန်းတို့တွင် အယုတ်ဆုံးအားဖြင့် ဝိကပ္ပနာ လောက်သော သင်္ကန်းတမျိုးမျိုးတည်း။

**အခါမှတပါး** ဟူသည် အခါကိုထား၍။

**သင်္ကန်းကိုခိုးသူ အလုခံရသောရဟန်း** မည်သည် ရဟန်း၏ သင်္ကန်းကို မင်းတို့သော်၎င်း ခိုးသူတို့သော်၎င်း သေသောက်ကြူးတို့သော်၎င်း လုယက်ကုန်၏၊ မည်သူမဆို တဦးတယောက် သော်လည်း လုယက်၏။

**သင်္ကန်းပျောက်သော ရဟန်း** မည်သည် ရဟန်း၏ သင်္ကန်းကို မီးသော်လည်း လောင်အပ်၏၊ ရေမျောသည်မူလည်း ဖြစ်၏၊ ကြွက်တို့သော်၎င်း ခြတို့သော်၎င်း ခဲစားအပ်သည်မူလည်းဖြစ်၏၊ သုံး ဆောင်၍ ဟောင်းနွမ်းသည်မူလည်း ဖြစ်၏။

အခါမှတပါး တောင်းအံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်း ကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏၊ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။ ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

> "အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ သင်္ကန်းသည် ဆွေမျိုးမတော်စပ်သော အိမ်ရှင်အား အခါမှတပါး တောင်းအပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်းကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ဟု။ပ။ ပေးကုန်ရာ၏ဟု။ပ။ အသျှင်အားပေးပါ၏ ဟု (ပြန်ပေးရမည်)။

၅၂၀။ ဆွေမျိုးမတော်စပ်သူ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်ခြင်းရှိ၍ အခါမှတပါး သင်္ကန်း ကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သူ၌ ယုံမှားရှိ၍ အခါမှတပါး သင်္ကန်းကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သူ၌ ဆွေမျိုးတော်စပ် သူဟု ထင်မှတ်ခြင်းရှိ၍ အခါမှတပါး သင်္ကန်းကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

ဆွေမျိုးတော်စပ်သူ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သူ၌ ဆွေမျိုးတော်စပ်သူ ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



၅၂၁။ အခါ၌ အာပတ် မသင့်၊ ဆွေမျိုးတော်စပ်သူတို့အား ဖိတ်ကြားအပ်သူတို့အား သူတပါး အလို့ငှါ မိမိဥစ္စာဖြင့် (တောင်းသော ရဟန်းအား) အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဆဋ္ဌ အညာတကဝိညတ္တိသိက္ခာပုဒ် ပြီး၏။

---

## ၁-စီဝရဝဂ် ၇-တတုတ္တရိသိက္ခာပုဒ်

၅၂၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ် သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သင်္ကန်းကို ခိုးသူ အလုခံရသော ရဟန်းတို့သို့ ချဉ်းကပ်၍ "ငါ့သျှင်တို့ မြတ်စွာဘုရားသည် သင်္ကန်းကို ခိုးသူ အလုခံရသော ရဟန်းအားရင်း သင်္ကန်းပျောက်သော ရဟန်းအားရင်း ဆွေမျိုးမတော်စပ်သော အိမ်ရှင်ကို သော်၎င်း အိမ်ရှင်မကိုသော်၎င်း သင်္ကန်းတောင်းခြင်းငှါ ခွင့်ပြုတော်မူအပ်၏၊ ငါ့သျှင်တို့ သင်္ကန်းကို တောင်းကြကုန်လော့" ဟု ပြောဆိုကြကုန်၏။

ငါ့သျှင်တို့ တော်ပြီ၊ ငါတို့သည် သင်္ကန်းကို ရအပ်ပြီ ဟု (ဆိုကြကုန်၏)။ အကျွန်ုပ်တို့သည် အသျှင်တို့အတွက် တောင်းကြပါမည် ဟု (ဆိုကြပြန်၏)။ ငါ့သျှင်တို့ တောင်းကြလော့ ဟု (ခွင့်ပြုလိုက်ကြ၏)။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အိမ်ရှင်တို့သို့ ချဉ်းကပ်၍ "ငါ့သျှင် ဒါယကာတို့ သင်္ကန်းကို ခိုးသူ အလုခံရသော ရဟန်းတို့သည် လာကုန်၏၊ ထိုရဟန်းတို့အတွက် သင်္ကန်းတို့ကို လှူကြလော့" ဟု များစွာသော သင်္ကန်းတို့ကို တောင်းကုန်၏။

ထိုအခါ ယောကျ်ားတယောက်သည် အစည်းအဝေးပြုလုပ်ရာဌာန၌ ထိုင်နေစဉ် ယောကျ်ား တယောက်ကို "အမောင် သင်္ကန်းကို ခိုးသူ အလုခံရသော ရဟန်းတို့သည် လာကုန်၏၊ ထိုရဟန်းတို့ အတွက် အကျွန်ုပ်သည် သင်္ကန်းကို လှူပြီးပြီ" ဟု ဆို၏၊ ထို(ယောကျ်ား) တယောက်ကလည်း 'အကျွန်ုပ်လည်း လှူပြီးပါပြီ' ဟု ဆို၏၊ အခြားတယောက်ကလည်း 'အကျွန်ုပ်လည်း လှူပြီးပါပြီ' ဟု ဆို၏၊ ထိုလူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်ကော်ဖြစ်သော ရဟန်းတို့ သည် အတိုင်းအရှည်ကို မသိကြပဲ များစွာသော သင်္ကန်းကို တောင်းကုန်ဘိသနည်း၊ သာကီဝင်မင်း သား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အဝတ်အထည် ကုန်သွယ်ခြင်းကိုသော်လည်း ပြုကြလိမ့်မည်၊ အထည်စျေးကိုသော်လည်း ဖြန့်ခင်းကြလိမ့်မည်" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကား ကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီရဟန်းတို့သည် အတိုင်းအရှည်ကို မသိကြပဲ များစွာ သော သင်္ကန်းကို အဘယ့်ကြောင့် တောင်းကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

http://www.dhammadownload.com



"ရဟန်းတို့ သင်တို့သည် အတိုင်းအရှည်ကို မသိကြပဲ များစွာသော သင်္ကန်းကို တောင်းကြ၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အတိုင်းအရှည်ကို မသိကြပဲ များစွာသော သင်္ကန်းကို အဘယ့်ကြောင့် တောင်းကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၆။ ၇–၅၂၃။ "ထိုရဟန်းကို ဆွေမျိုးမတော်စပ်သော အိမ်ရှင်သော်ငြားး အိမ်ရှင်မ သော်ငြား များစွာသော သင်္ကန်းတို့ဖြင့် ရှေးရှုဆောင်၍ ဖိတ်ကြားငြားအံ့၊ ထိုရဟန်းသည် ထို ဆောင်လာအပ်သော သင်္ကန်းမှ သင်းပိုင်နှင့်တကွ ကေသီမျှသာဖြစ်သော သင်္ကန်းကို သာယာ 'ခံယူ' ရမည်၊ ထိုထက်အလွန် သာယာ 'ခံယူ' ငြားအံ့။ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇–တတုတ္တရိသိက္ခာပုဒ် အဖွင့်

၅၂၄။ **ထိုရဟန်းကို** ဟူသည် ခိုးသူ လုယက်အပ်သော သင်္ကန်းရှိသော ရဟန်းကို။

**ဆွေမျိုးမတော်စပ်သူ** မည်သည် အမိဘက်မှသော်ငြား အဖဘက်မှသော်ငြား ခုနစ်ဆက်မြောက် ဘိုးဘေးအစုံတိုင်အောင် မဆက်စပ်သော။

**အိမ်ရှင်** မည်သည် အိမ်၌နေသူ ယောကျ်ားတဦးတယောက်တည်း။

**အိမ်ရှင်မ** မည်သည် အိမ်၌ နေသူ မိန်းမတဦးတယောက်တည်း။

**များစွာသော သင်္ကန်းတို့ဖြင့်** ဟူသည် များစွာကုန်သော သင်္ကန်းတို့ဖြင့်။

**ရှေးရှုဆောင်၍ ဖိတ်ကြားငြားအံ့** ဟူသည် အကြင်မျှလောက် အလိုရှိ၏၊ ထိုမျှလောက် ခံယူပါ လော့ဟု (ဖိတ်ကြားငြားအံ့)။

**ထိုရဟန်းသည် ထိုဆောင်လာအပ်သော သင်္ကန်းမှ သင်းပိုင်နှင့်တကွ ကေသီမျှ ဖြစ်သော သင်္ကန်းကို သာယာ 'ခံယူ' ရမည်** ဟူသည် အကယ်၍ သုံးထည်ပျောက်အံ့၊ နှစ်ထည် သာယာ 'ခံယူ' ရမည်၊ နှစ်ထည်ပျောက်အံ့၊ ကထည်သာယာ 'ခံယူ' ရမည်၊ တထည်ပျောက်အံ့၊ တစုံတခုကိုမျှ မသာယာ 'မခံယူ' အပ်။

**ထိုထက်အလွန် သာယာ 'ခံယူ' ငြားအံ့** ဟူသည် ထို (သင်းပိုင်ကေသီ) ထက်အလွန် တောင်း ငြားအံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ် အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်ငြား ဂိုဏ်းအားသော်ငြား ပုဂ္ဂိုလ်အားသော်ငြား စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် ဤသင်္ကန်းကို ဆွေမျိုးမတော်စပ်သော အိမ်ရှင်သို့ ချဉ်း ကပ်၍ ထို (သင်းပိုင်ကေသီ)ထက်အလွန် တောင်းအပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊

http://www.dhammadownload.com



အကျွန်ုပ်သည် ဤသက်န်းကို သံဃာအား စွန့်ပါ၏” ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၅၂၅။ ဆွေမျိုးမတော်စပ်သူ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ ထို (သင်းပိုင်ကေသိ) ထက် အလွန် သက်န်းကို တောင်းငြားအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သူ၌ ယုံမှားရှိ၍ ထို (သင်းပိုင်ကေသိ) ထက် အလွန် သက်န်းကို တောင်းငြားအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သူ၌ ဆွေမျိုးတော်စပ်သူ ဟု ထင်မှတ်ခြင်းရှိ၍ ထို (သင်းပိုင်ကေသိ) ထက်အလွန် သက်န်းကို တောင်းငြားအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

ဆွေမျိုးတော်စပ်သူ၌ ဆွေမျိုးမတော်စပ်သူ ဟု ထင်မှတ်ခြင်း ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သူ၌ ဆွေမျိုးတော်စပ်သူ ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၅၂၆။ သင်းပိုင် ကေသိမှ ကြွင်းသည်ကို ပြန်၍ယူခဲ့မည်ဟု ဆို၍ယူသွားအံ့၊ အကြွင်းသည် အသျှင်အားသာလျှင် ဖြစ်ပါစေဟု လှူကုန်အံ့၊ အာပတ်မသင့်၊ ခိုးသူ လုယက်သော အကြောင်း မရှိပဲ လှူကုန်အံ့၊ ပျောက်သော အကြောင်းမဟုတ်ပဲ လှူကုန်အံ့၊ အာပတ် မသင့်၊ ဆွေမျိုးတော်စပ်သူ ဖိတ်ကြားအပ်သူတို့အား (ထိုထက်အလွန် သက်န်းကိုတောင်းအံ့)၊ မိမိဥစ္စာဖြင့် (ဝယ်ယူအံ့)၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

သတ္တမ တတုတ္တရိသိက္ခာပုဒ် ပြီး၏။

---

## ၁-စီဝရဝဂ် ဂ-ဥပက္ခဋသိက္ခာပုဒ်

၅၂၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ယောကျ်ားတယောက်သည် ဇနီး 'မယား' ကို "အသျှင်ဥပနန္ဒအား သက်န်းဖြင့် ဖုံးလွှမ်းအံ့ 'လှူအံ့'၊ " ဟု ပြောဆို၏၊ ဆွမ်းခံရဟန်း တပါးသည် ထိုယောကျ်ား၏ ပြောဆိုသော စကားကို ကြားခဲ့၏၊ ထိုအခါ ထိုရဟန်းသည် သာကီဝင် မင်းသား အသျှင်ဥပနန္ဒထံသို့ ချဉ်းကပ်၍ သာကီဝင်မင်းသား အသျှင်ဥပနန္ဒအား—

"ငါ့သျှင်ဥပနန္ဒ သင်သည် ဘုန်းကြီးသူဖြစ်၏၊ ဤမည်သော အရပ်၌ ယောကျ်ားတယောက်သည် ဇနီး 'မယား' ကို အသျှင်ဥပနန္ဒအား သက်န်းဖြင့် ဖုံးလွှမ်း 'လှူဒါန်း' အံ့ ဟု ပြောပါသည်" ဟု ဆို၏၊

ငါ့သျှင် ရှိပေသည်၊ ထိုသူသည် ငါ၏အလုပ်အကျွေးတည်းဟု ပြော၏။ ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ထိုယောကျ်ားထံသို့ ချဉ်းကပ်ပြီးလျှင် ထိုယောကျ်ားအား—

"ဒါယကာ သင်သည် ငါ့ကို သက်န်းဖြင့်ဖုံးလွှမ်းလို၏" ဟူသည် မှန်သလောဟု မေးမြန်း၏။

အသျှင် အကျွန်ုပ်အား အသျှင်ဥပနန္ဒကို သက်န်းဖြင့် ဖုံးလွှမ်းအံ့ ဟု အကြံဖြစ်ပါသည် ဟု (လျှောက်၏)။

http://www.dhammadownload.com



ဒါယကာ အကယ်၍ သင်သည် ငါ့ကို သင်္ကန်းဖြင့် ဖုံးလွှမ်းလိုသည်ဖြစ်အံ့ ဤသို့သဘောရှိသော သင်္ကန်းဖြင့် ဖုံးလွှမ်းလော့၊ ငါသုံးဆောင်မည်မဟုတ်သော သင်္ကန်းဖြင့် ဖုံးလွှမ်းသော်လည်း အဘယ် ပြုအံ့နည်း ဟု (ဆို၏)။

ထိုအခါ ထိုယောကျ်ားသည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အလိုကြီးကုန်၏၊ မရောင့်ရဲနိုင်ကုန်၊ ဤရဟန်းတို့အား သင်္ကန်းဖြင့် ဖုံးလွှမ်းခြင်းငှါ မလွယ်ကူပေ၊ အဘယ့်ကြောင့် အသျှင်ဥပနန္ဒသည် ငါသည် ရှေးက မဖိတ်ကြားအပ်ပဲ ငါ့သို့ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုယောကျ်ား၏ (စကားကို) ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ရှေးက မဖိတ်ကြား အပ်ပဲ အိမ်ရှင်သို့ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ အဘယ့်ကြောင့် ရောက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏ ရှုတ်ချကုန်၏။ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ရဟန်းတို့သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ရှေးကမဖိတ်ကြားအပ်ပဲ အိမ်ရှင်သို့ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်၏ ဟူသည်မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဥပနန္ဒ သင်နှင့် ဆွေမျိုးတော်စပ်သလော၊ ဆွေမျိုးမတော်စပ်သလော ဟု (မေးတော်မူရာ)

မြတ်စွာဘုရား ဆွေမျိုးမတော်စပ်ပါ ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဆွေမျိုးမတော်စပ်သူသည် ဆွေမျိုး မတော်စပ်သူ၏ သင့်တော်သည်ကိုငှင်း မသင့်တော်သည်ကိုငှင်း ရှိသည်ကိုငှင်း မရှိသည်ကိုငှင်း မသိနိုင်ပေ၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ဖြစ်ပါလျက် သင်သည် ရှေးက မဖိတ်ကြား အပ်ပဲ ဆွေမျိုးမတော်သော အိမ်ရှင်သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်တုံဘိ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၇။ ၈-၅၂၈။ "ရဟန်းကိုသာလျှင် ရည်ညွှန်း၍ ဆွေမျိုးမတော်စပ်သော အိမ်ရှင်၏သော် ၎င်း အိမ်ရှင်မ၏သော်၎င်း သင်္ကန်းဖိုးကို 'ဤသင်္ကန်းဖိုးဖြင့် သင်္ကန်းကိုဝယ်၍ ဤမည်သော ရဟန်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့' ဟု စီရင်အပ်၏၊ အကယ်၍ ထိုဒါယကာသို့ ထိုရဟန်းသည် ရှေးက မဖိတ်ကြားအပ်ပဲ ချဉ်းကပ်၍ 'ဒါယကာ တောင်းပန်ပါသည် အကျွန်ုပ်ကို ဒါယကာ သည် ဤသင်္ကန်းဖိုးဖြင့် ဤသို့ သဘောရှိသည်လည်းဖြစ်သော ဤသို့ သဘောရှိသည်လည်း ဖြစ်သော သင်္ကန်းကိုဝယ်၍ ဖုံးလွှမ်းပါလော့' ဟု ကောင်းသည်ကို အလိုရှိသည်၏အဖြစ်ကို စွဲ၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။**

http://www.dhammadownload.com



## ၈–ဥပက္ခဋသိက္ခာပုဒ် အဖွင့်

၅၂၉။ **ရဟန်းကိုသာလျှင် ရည်ညွှန်း၍** ဟူသည် ရဟန်း၏ အကျိုးငှါ ရဟန်းကို အာရုံပြု၍ ရဟန်းကို ဖိုးလှမ်းလို၍။

**ဆွေမျိုးမတော်စပ်သူ** မည်သည် အမိဘက်မှသော်၎င်း အဖဘက်မှသော်၎င်း ခုနစ်ဆက်မြောက်သော ဘိုးဘေးအစုံတိုင်အောင် မဆက်စပ်သော။

**အိမ်ရှင်** မည်သည် အိမ်၌နေသူ ယောကျ်ား တဦးတယောက်တည်း။

**အိမ်ရှင်မ** မည်သည် အိမ်၌နေသူ မိန်းမတဦးတယောက်တည်း။

**သင်္ကန်းဖိုး** မည်သည် ငွေ ရွှေ ပုလဲ ပတ္တမြား သန္တာ ပယင်း တေးခပ်ပြာ ချည်ဝါ တခုခုတည်း။

**ဤသင်္ကန်းဖိုးဖြင့်** ဟူသည် ရှေးရှုမျက်မှောက် ရောက်နေသော (သင်္ကန်းဖိုးဖြင့်)။

**ဝယ်၍** ဟူသည် လဲလှယ်၍။

**ဖုံးလွှမ်းအံ့** ဟူသည် လှူအံ့။

**အကယ်၍ ထိုဒါယကာသို့ ထိုရဟန်းသည်** ဟူသည် အကြင်ရဟန်းကို ရည်ညွှန်း၍ သင်္ကန်းဖိုးကို စီရင်အပ်၏၊ ထိုရဟန်းသည်။

**ရှေးက မဖိတ်ကြားအပ်ပဲ** ဟူသည် "အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်သို့ သဘောရှိသော သင်္ကန်းကို အလိုရှိပါသနည်း၊ အသျှင်ဘုရားအတွက် အဘယ်သို့ သဘောရှိသော သင်္ကန်းကို ဝယ်ရမည်နည်း" ဟု ရှေးက မဆိုအပ်ပဲ။

**ချဉ်းကပ်၍** ဟူသည် အိမ်သို့သွား၍ တနေရာသို့ချဉ်းကပ်၍။

**သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ငြားအံ့** ဟူသည် အလျားရှည်သည်လည်းဖြစ်စေ အနံပြန့်သည်လည်းဖြစ်စေ အသားထူသည်လည်းဖြစ်စေ နူးညံ့ 'ချောညက်' သည်လည်းဖြစ်စေ။

**ဤသင်္ကန်းဖိုးဖြင့်** ဟူသည် ရှေးရှု မျက်မှောက် ရောက်နေသော (သင်္ကန်းဖိုးဖြင့်)။

**ဤသို့ သဘောရှိသည်လည်း ဖြစ်သော ဤသို့ သဘောရှိသည်လည်းဖြစ်သော** ဟူသည် အလျားရှည်သည်၎င်း အနံပြန့်သည်၎င်း အသားထူသည်၎င်း နူးညံ့ 'ချောညက်' သည်၎င်း (ဖြစ်သော)။

**ဝယ်၍** ဟူသည် လဲလှယ် 'ဖလှယ်' ၍။

**ဖုံးလွှမ်းလော့** ဟူသည် လှူလော့။

**ကောင်းသည်ကို အလိုရှိသည်၏ အဖြစ်ကို စွဲ၍** ဟူသည် အကောင်းကို အလိုရှိသည်ဖြစ်၍ အဖိုးတန်ကို အလိုရှိသည်ဖြစ်၍။

ထိုရဟန်း၏ စကားဖြင့် အလျားရှည်သည်ကို၎င်း အနံပြန့်သည်ကို၎င်း အသားထူသည်ကို၎င်း နူးညံ့ 'ချောညက်' သည်ကို၎င်း ဝယ်အံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ သက်န်းသည် ရေးက မဖိတ်ကြားအပ်ပဲ ဆွေမျိုးမတော်စပ်သော အိမ်ရှင်သို့ ချဉ်းကပ်၍ သက်န်း၌ အထူးစီရင်ခြင်းသို့ ရောက်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသက်န်းကို သံဃာအား စွန့်ပါ၏ ဟု" ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၅၃၀။ ဆွေမျိုးမတော်စပ်သူ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ ရေးက မဖိတ်ကြားအပ်ပဲ အိမ်ရှင်သို့ ချဉ်းကပ်၍ သက်န်း၌ အထူးစီရင်ခြင်းသို့ ရောက်အံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သူ၌ ယုံမှားရှိ၍ ရေးက မဖိတ်ကြားအပ်ပဲ အိမ်ရှင်သို့ ချဉ်းကပ်၍ သက်န်း၌ အထူးစီရင်ခြင်းသို့ ရောက်အံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သူ၌ ဆွေမျိုးတော်စပ်သူ ဟု ထင်မှတ်ခြင်းရှိ၍ ရေးက မဖိတ်ကြားအပ်ပဲ အိမ်ရှင်သို့ ချဉ်းကပ်၍ သက်န်း၌ အထူးစီရင်ခြင်းသို့ ရောက်အံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

ဆွေမျိုးတော်စပ်သူ၌ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သူ၌ ဆွေမျိုးတော်စပ်သူ ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၅၃၁။ ဆွေမျိုးတော်စပ်သူတို့အား ဖိတ်ကြားသူတို့အား သူတပါးအကျိုးငှါ မိမိဥစ္စာဖြင့်(စီရင်ခြင်းသို့ရောက်အံ့)၊ အာပတ် မသင့်၊ အဖိုးများစွာ တန်သည်ကို ဝယ်လိုသူအား အဖိုးအနည်းငယ်တန်သည်ကို ဝယ်စေအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းအား အာပတ် မသင့်။

အဋ္ဌမ ဥပက္ခဋသိက္ခာပုဒ် ပြီး၏။

---

## ၁-စီဝရဝဂ် ၉-ဒုတိယ ဥပက္ခဋသိက္ခာပုဒ်

၅၃၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ယောကျ်ားတယောက်သည် ယောကျ်ားတယောက်ကို "အသျှင် ဥပနန္ဒအား သက်န်းဖြင့် ဖုံးလွှမ်းအံ့" ဟု ပြောဆို၏၊ ထိုသူကလည်း အကျွန်ုပ်သည်လည်း အသျှင်ဥပနန္ဒအား သက်န်းဖြင့်ဖုံးလွှမ်းအံ့" ဟု ပြောဆို၏၊ ဆွမ်းခံရဟန်းတပါးသည် ထိုယောကျ်ားတို့၏ စကားကိုကြား၏၊ ထိုအခါ ထိုရဟန်းသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ ချဉ်းကပ်၍ သာကီဝင်မင်းသား အသျှင်ဥပနန္ဒအား—

"ငါ့သျှင်ဥပနန္ဒ သင်သည် ဘုန်းကြီးပေ၏၊ ဤမည်သော အရပ်၌ ယောကျ်ားတယောက်သည် ယောကျ်ားတယောက်ကို "အကျွန်ုပ်သည် အသျှင်ဥပနန္ဒအား သက်န်းဖြင့်ဖုံးလွှမ်းအံ့" ဟု ပြောဆို၏၊

ထိုသူကလည်း "အကျွန်ုပ်သည်လည်း အသျှင်ဥပနန္ဒအား သက်န်းဖြင့် ဖုံးလွှမ်းအံ့" ဟု ဆိုပါသည် ဟု (ပြောဆို၏)။

ငါ့သျှင် ရှိကြပေသည်၊ ထိုသူတို့သည် ငါ၏ အလုပ်အကျွေးများပေတည်း ဟု (ဆို၏)။

http://www.dhammadownload.com



ထိုအခါ အသျှင်ဥပနန္ဒသည် ယောကျ်ားတို့ထံသို့ ချဉ်းကပ်၍ ထိုယောကျ်ားတို့ကို "ဒါယကာတို့ သင်တို့သည် ငါ့ကို သင်္ကန်းဖြင့် ဖုံးလွှမ်းလိုကြ၏ ဟူသည် မှန်သလော" ဟု (မေး၏)။

အသျှင် အကျွန်ုပ်တို့အား "အသျှင်ဥပနန္ဒကို သင်္ကန်းဖြင့် ဖုံးလွှမ်းကြအံ့" ဟု အကြံဖြစ်ကြပါသည် ဟု (လျှောက်ကြ၏)။

ဒါယကာတို့ အကယ်၍ သင်တို့သည် ငါ့ကို သင်္ကန်းဖြင့် ဖုံးလွှမ်းလိုကြသည် ဖြစ်ကြအံ့၊ ဤသို့ သဘောရှိသော သင်္ကန်းဖြင့် ဖုံးလွှမ်းကြလော့၊ ငါမသုံးဆောင်သော သင်္ကန်းတို့ဖြင့် ဖုံးလွှမ်းသော်လည်း အဘယ်ပြုအံ့နည်း ဟု (ပြောဆို၏)။

ထိုအခါ ထိုယောကျ်ားတို့သည် ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အလိုကြီးကြကုန်၏၊ မရောင့်ရဲနိုင်ကြကုန်၊ ဤရဟန်းတို့ကို သင်္ကန်းတို့ဖြင့် ဖုံးလွှမ်းခြင်းငှါ မလွယ်ကူပေ၊ အဘယ့်ကြောင့် အသျှင်ဥပနန္ဒသည် ငါတို့သည် ရှေးက မဖိတ်ကြားအပ်ပဲ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ဘိသနည်းဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုသူတို့၏ စကားကိုကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ရှေးကမဖိတ်ကြားအပ်ပဲ အိမ်ရှင်တို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ အဘယ့်ကြောင့် ရောက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ရှေးကမဖိတ်ကြားအပ်ပဲ အိမ်ရှင်တို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဥပနန္ဒ သင်နှင့် ဆွေမျိုးတော်စပ်ကြသလော၊ ဆွေမျိုးမတော်စပ်ကြသလော ဟု (မေးတော်မူရာ)။

မြတ်စွာဘုရား ဆွေမျိုးမတော်စပ်ကြပါ ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဆွေမျိုးမတော်စပ်သူသည် ဆွေမျိုးမတော်စပ်သူတို့၏ သင့်တော်သည်ကိုငင်း မသင့်တော်သည်ကိုငင်း ရှိသည်ကိုငင်း မရှိသည်ကိုငင်း မသိနိုင်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ဖြစ်ပါလျက် သင်သည် ရှေးက မဖိတ်ကြားအပ်ပဲ ဆွေမျိုးမတော်စပ်သော အိမ်ရှင်တို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်တုံဘိ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၀။ ၉-၅၃၃။ "ရဟန်းကိုသာလျှင် ရည်ညွှန်း၍ နှစ်ဦးကုန်သော ဆွေမျိုးမတော်စပ်ကုန်သော အိမ်ရှင်တို့သည်ငင်း အိမ်ရှင်မတို့သည်ငင်း အသီးအသီးသော သင်္ကန်းဖိုးတို့ကို 'ငါတို့**

http://www.dhammadownload.com



**သည် ဤ အသီးအသီးသော သက်န်းဖိုးတို့ဖြင့် အသီးအသီးသော သင်္ကန်းတို့ကို ဝယ်၍ ဤမည်သော, ရဟန်းကို သင်္ကန်းတို့ဖြင့် ဖုံးလွှမ်းကုန်အံ့' ဟု စီရင်အပ်ကုန်၏၊ အကယ်၍ ထို ရဟန်းသည် ထိုဒါယကာတို့သို့ ရှေးက မဖိတ်ကြားအပ်ပဲ ချဉ်းကပ်၍ 'ဒါယကာတို့ တောင်းပန် တိုက်တွန်းပါသည်၊ ငါ့ကို ဤအသီးအသီးသော သင်္ကန်းဖိုးတို့ဖြင့် ဤသို့သဘောရှိသည်လည်း ဖြစ်သော ဤသို့သဘောရှိသည်လည်းဖြစ်သော သင်္ကန်းကို ဝယ်၍ နှစ်ယောက်ဖြစ်ကြသူ တို့သည် တပေါင်းတည်းဖြစ်ကုန်လျက် ဖုံးလွှမ်းကြကုန်လော့' ဟု ကောင်းသည်ကိုအလိုရှိသည် ၏အဖြစ်ကို စွဲ၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ရောက်ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉–ဒုတိယ ဥပက္ခဋသိက္ခာပုဒ် အဖွင့်

၅၃၄။ **ရဟန်းကိုသာလျှင် ရည်ညွှန်း၍** ဟူသည် ရဟန်း၏ အကျိုးငှါ ရဟန်းကို အာရုံပြု၍ ရဟန်းကို ဖုံးလွှမ်းလိုကြ၍။

**နှစ်ဦးကုန်သော** ဟူသည် နှစ်ယောက်ကုန်သော။

**ဆွေမျိုးမတော်စပ်ကုန်သော** မည်သည် အမိဘက်မှသော်၎င်း အဖဘက်မှသော်၎င်း ခုနစ်ဆက် မြောက်ဘိုးဘေး အစုံတိုင်အောင် မဆက်စပ်ကုန်သော။

**အိမ်ရှင်တို့** မည်သည် အိမ်၌ နေကြသောယောကျ်ားအားလုံးတို့တည်း။

**အိမ်ရှင်မတို့** မည်သည် အိမ်၌ နေကြသော မိန်းမအားလုံးတို့တည်း။

**သက်န်းဖိုးတို့** မည်သည် ငွေ ရွှေ ပုလဲ ပတ္တမြား သန္တာ ပယင်း တေးခပ်ပြာ ချည်ဝါ တခု ခုတည်း။

**ဤသက်န်းဖိုးတို့ဖြင့်** ဟူသည် ရှေးရှု မျက်မှောက် ရောက်နေကုန်သော (သင်္ကန်းဖိုးတို့ဖြင့်)။

**ဝယ်၍** ဟူသည် လဲလှယ်၍။

**ဖုံးလွှမ်းကုန်အံ့** ဟူသည် လှူကုန်အံ့။

**အကယ်၍ ထိုရဟန်းသည် ထိုဒါယကာတို့သို့** ဟူသည် အကြင်ရဟန်းကို ရည်ညွှန်း၍ သင်္ကန်း ဖိုးတို့ကို စီရင်အပ်ကုန်၏၊ ထိုရဟန်းသည်။

**ရှေးက မဖိတ်ကြားအပ်ပဲ** ဟူသည် "အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်သို့သဘောရှိ သော သင်္ကန်းကို အလိုရှိပါသနည်း၊ အသျှင်ဘုရားအတွက် အဘယ်သို့ သဘောရှိသော သင်္ကန်းကို ဝယ်ကြရအံ့နည်း" ဟု ရှေးက မဆိုအပ်ပဲ။

**ချဉ်းကပ်၍** ဟူသည် အိမ်သို့ သွား၍ တနေရာရာသို့ ချဉ်းကပ်၍။

**သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ငြားအံ့** ဟူသည် အလျားရှည်သည်လည်းဖြစ်စေ အနံပြန့် သည်လည်းဖြစ်စေ အသားထူသည်လည်းဖြစ်စေ နူးညံ့ 'ချောညက်' သည်လည်းဖြစ်စေ။

**ဤသက်န်းဖိုးတို့ဖြင့်** ဟူသည် ရှေးရှုမျက်မှောက် ရောက်နေကုန်သော (သင်္ကန်းဖိုးတို့ဖြင့်)။

http://www.dhammadownload.com



**ဤသို့သဘောရှိသည်လည်း ဖြစ်သော ဤသို့သဘောရှိသည်လည်းဖြစ်သော** ဟူသည် အလျား ရှည်သည်ရင်း အနံပြန့်သည်ရင်း အသားထူသည်ရင်း နူးညံ့ 'ချောညက်' သည်ရင်း (ဖြစ်သော)။

**ဝယ်၍** ဟူသည် လဲလှယ်၍။

**ဖုံးလွှမ်းကြလော့** ဟူသည် လှူကြလော့။

**နှစ်ယောက်ဖြစ်ကြသူတို့သည် တပေါင်းတည်း ဖြစ်ကြကုန်လျက်** ဟူသည် လူနှစ်ယောက်တို့ သည်လည်း တပေါင်းတည်းဖြင့်။

**ကောင်းသည်ကို အလိုရှိသည်၏ အဖြစ်ကိုစွဲ၍** ဟူသည် အကောင်းကို အလိုရှိသည်ဖြ်၍ အဖိုး တန်ကို အလိုရှိသည်ဖြစ်၍။

ထိုရဟန်း၏ စကားဖြင့် အလျားရှည်သည်ကိုရင်း အနံ 'ပြန့်ကျယ်' သည်ကိုရင်း အသားထူသည် ကိုရင်း နူးညံ့ 'ချောညက်' သည်ကိုရင်း ဝယ်ကုန်အံ့၊ အားထုတ်မှု လုံ့လပယောဂကြောင့် ဒုက္ကဋ် အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်ရင်း ဂိုဏ်းအားသော် ရင်း ပုဂ္ဂိုလ်အားသော်ရင်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ သင်္ကန်းသည် ရှေးက မဖိတ်ကြားအပ်ပဲ ဆွေမျိုးမတော် စပ်ကြသော အိမ်ရှင်တို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်းကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ဟု။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၅၃၅။ ဆွေမျိုးမတော်စပ်သူ၌ ဆွေမျိုးမတော်စပ်သူဟု ထင်မှတ်ခြင်းရှိ၍ ရှေးက မဖိတ်ကြား အပ်ပဲ အိမ်ရှင်တို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်အံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သူ၌ ယုံမှားရှိ၍ ရှေးက မဖိတ်ကြားအပ်ပဲ အိမ်ရှင်တို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်အံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သူ၌ ဆွေမျိုးတော်စပ်သူဟု ထင်မှတ်ခြင်းရှိ၍ ရှေးက မဖိတ်ကြားအပ်ပဲ အိမ်ရှင်တို့သို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်အံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

ဆွေမျိုးတော်စပ်သူ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုး တော်စပ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သူ၌ ဆွေမျိုးတော်စပ်သူဟုထင် မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၅၃၆။ ဆွေမျိုးတော်စပ်သူတို့အား၊ ဖိတ်ကြားသူတို့အား၊ သူတပါး အကျိုးငှါ မိမိ၏ဥစ္စာဖြင့် (စီရင်ခြင်းသို့ရောက်အံ့)၊ အာပတ် မသင့်၊ အဖိုးများစွာ ထိုက်တန်သည်ကို ဝယ်လိုသူတို့အား အဖိုး အနည်းငယ်တန်သည်ကို ဝယ်စေအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

နဝမ ဒုတိယဥပက္ခဋသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၁–စီဝရဝဂ် ၁၀–ရာဇသိက္ခာပုဒ်

၅၃၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ သာကီဝင်မင်းသား အသျှင် ဥပနန္ဒ၏ အလုပ်အကျွေး အမတ်ကြီးသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ "ဤသင်္ကန်းဖိုးဖြင့် သင်္ကန်းကိုဝယ်၍ အသျှင်ဥပနန္ဒအား သင်္ကန်းဖြင့် ဖုံးလွှမ်းလော့" ဟု တမန်ဖြင့် သင်္ကန်းဖိုးကို ပို့လွှတ်စေ၏။

ထိုအခါ ထိုတမန်သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ ချဉ်းကပ်၍ သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို "အသျှင်ဘုရား ဤသင်္ကန်းဖိုးကို အသျှင့်အား ရည်ညွှန်း၍ ဆောင်လာအပ်ပါသည်၊ အသျှင်သည် သင်္ကန်းဖိုးကို ခံယူတော်မူပါ" ဟု လျှောက်၏၊ ဤသို့ဆိုလတ်သော် သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ထိုတမန်ကို "ဒါယကာ ငါတို့သည် သင်္ကန်းဖိုးကိုကား မခံယူကြ၊ ငါတို့သည် အခါအားလျော်စွာ အပ်စပ်သော သင်္ကန်းကိုသာ ခံယူကြသည်" ဟု ဆို၏။ ဤသို့ ဆိုလတ်သော် ထိုတမန်သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို "အသျှင့်အား တစ်ဦးတယောက်သော အမှုကြီးငယ်ကို ပြုသူ ရှိပါသလော" ဟု မေးလျှောက်၏။

ထိုအခါ ဥပါသကာ တယောက်သည် အရံသို့ပြုဖွယ် 'ကိစ္စ' တခုဖြင့်သွား၏၊ ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ထိုတမန်ကို "ဒါယကာ ဤဥပါသကာသည်ကား ရဟန်းတို့၏ အမှုကြီးငယ်ကို ပြုသူတည်း" ဟုဆို၏၊ ထိုအခါ ထိုတမန်သည် ထိုဥပါသကာကို သိစေ၍ သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ ချဉ်းကပ်၍ သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို "အသျှင်ဘုရား အသျှင်သည် ညွှန်းအပ်သော အမှုကြီးငယ်ပြုသူကို အကျွန်ုပ်သည် သိစေအပ်ပြီးပါပြီ၊ အသျှင်သည် သင့်လျော်သော အခါ၌ ချဉ်းကပ်တော်မူပါလော့၊ အသျှင့်ကို သင်္ကန်းဖြင့် ဖုံးလွှမ်း 'လှူ' ပါလိမ့်မည်" ဟု လျှောက်၏။

ထိုအခါ ထိုအမတ်ကြီးသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ "အသျှင်သည် ထိုသင်္ကန်းကို သုံးဆောင်တော်မူလော့၊ အကျွန်ုပ်တို့သည် အသျှင်ဘုရား ထိုသင်္ကန်းသုံးဆောင်သည်ကို အလိုရှိကြပါသည်" ဟု တမန်ကိုစေလွှတ်၏။ ထိုအခါ၌ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ထိုဥပါသကာကို တစုံတခုမျှ မပြောဆိုပေ။

နှစ်ကြိမ်မြောက်လည်း ထိုအမတ်ကြီးသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ "အသျှင်သည် ထိုသင်္ကန်းကို သုံးဆောင်တော်မူလော့၊ အကျွန်ုပ်တို့သည် အသျှင်ဘုရား ထိုသင်္ကန်း သုံးဆောင်သည်ကို အလိုရှိကြပါသည်" ဟု တမန်ကို စေလွှတ်၏၊ နှစ်ကြိမ်မြောက်လည်း သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ထိုဥပါသကာကို တစုံတခုမျှ မဆိုပေ။

သုံးကြိမ်မြောက်လည်း ထိုအမတ်ကြီးသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ "အသျှင်သည် ထိုသင်္ကန်းကို သုံးဆောင်တော်မူလော့၊ အကျွန်ုပ်တို့သည် အသျှင်ဘုရား ထိုသင်္ကန်း သုံးဆောင်သည်ကို အလိုရှိကြပါသည်" ဟု တမန်ကိုစေလွှတ်၏။

ထိုစဉ်အခါ၌ နိဂုံးသားတို့၏ စည်းဝေးချိန်ဖြစ်၏၊ နိဂုံးသား အပေါင်းသည်လည်း "နောက်မှ လာရောက်သူအား ငါးဆယ် (ဒင်္ဂါး) တပ်ရမည်" ဟု ကတိကဝတ် ပြုထား၏၊ ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ထိုဥပါသကာထံသို့ ချဉ်းကပ်၍ ထိုဥပါသကာအား—

"ဒါယကာ ငါသည် သင်္ကန်းကို အလိုရှိသည်" ဟု ပြောဆို၏။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်တို့အား ယနေ့ (တရက်မျှ) ဆိုင်းငံ့တော်မူပါ၊ နိဂုံးသားတို့၏ စည်းဝေးချိန်ပါတည်း၊ နိဂုံးသား အပေါင်းကလည်း "နောက်မှ လာရောက်သူအား ငါးဆယ် (ဒဏ်) တပ်ရမည်" ဟု ကတိကဝတ် ပြုထားပါ၏ ဟု (လျှောက်၏)။

"ဒါယကာ ငါ့အား ယနေ့ပင် သင်္ကန်းကိုပေးလော့" ဟု အောက်ပိုးကြိုက်သော ပုဆိုး၌ ဆွဲလေ၏။

ထိုအခါ ထိုဥပါသကာသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒက အတင်းအကြပ် ဆိုအပ်သည် ဖြစ်၍ သာကီဝင်မင်းသား အသျှင်ဥပနန္ဒအတွက် သင်္ကန်းကိုဝယ်ပြီးလျှင် နောက်မှ သွားရလေ၏၊ လူတို့သည် ထိုဥပါသကာကို "အမောင် သင်သည် အဘယ့်ကြောင့် နောက်မှ လာရောက်သနည်း၊ သင်သည် ငါးဆယ်ဆုံးပြီ" ဟု ဆိုကြကုန်၏၊ ထိုအခါ ထိုဥပါသကာသည် ထိုလူတို့အား ဤအကြောင်းကို ပြောကြား၏၊ လူတို့သည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းများသည် အလိုကြီးကြကုန်၏၊ မရောင့်ရဲနိုင်ကြကုန်၊ ဤရဟန်းတို့အား အမှုကြီးငယ်ကိုသော်လည်း ပြုခြင်းငှါ မလွယ်ကူ၊ ဥပါသကာသည် 'အသျှင်ဘုရား ယနေ့ (တရက်မျှ) ဆိုင်းငံ့တော်မူပါ' ဟု ဆိုအပ်လျက် အဘယ့်ကြောင့် မဆိုင်းငံ့ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ဥပါသကာက 'အသျှင်ဘုရား ယနေ့ (တရက်မျှ) အကျွန်ုပ်တို့အား ဆိုင်းငံ့တော်မူပါ' ဟု ဆိုအပ်လျက်အဘယ့်ကြောင့် မဆိုင်းငံ့ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ရဟန်းတို့သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ဥပါသကာက 'အသျှင်ဘုရား ယနေ့ (တရက်မျှ) အကျွန်ုပ်တို့အား ဆိုင်းငံ့တော်မူပါ' ဆိုလျက် မဆိုင်းငံ့ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား အဘယ့်ကြောင့် သင်သည် ဥပါသကာက 'အသျှင်ဘုရား ယနေ့ (တရက်မျှ) အကျွန်ုပ်တို့အား ဆိုင်းငံ့တော်မူပါ' ဟု ဆိုအပ်လျက် မဆိုင်းငံ့ဘိသနည်း (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၂၉။ ၁၀–၅၃၈။ "ရဟန်းကိုသာလျှင် ရည်ညွှန်း၍ မင်းသော်၎င်း မင်းခစားသော်၎င်း ပုဏ္ဏားသော်၎င်း အိမ်ရှင်သော်၎င်း 'ဤသင်္ကန်းဖိုးဖြင့် သင်္ကန်းကို ဝယ်၍ ဤမည်သော ရဟန်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းလော့' ဟု တမန်ဖြင့် သင်္ကန်းဖိုးကို ပို့စေငြားအံ့၊ အကယ်၍ ထိုတမန်သည် ထိုရဟန်းသို့ ချဉ်းကပ်၍ 'အသျှင်ဘုရား အသျှင်ကို ရည်ညွှန်း၍ ဤသင်္ကန်းဖိုးကို ဆောင်လာအပ်ပါသည်၊ အသျှင်သည် သင်္ကန်းဖိုးကို ခံယူတော်မူပါလော့' ဟု ဆိုငြားအံ့၊ ထိုရဟန်းသည် ထိုတမန်ကို 'ဒါယကာ ငါတို့သည် သင်္ကန်းဖိုးကိုကား မခံယူကြ၊ ငါတို့သည် သင့်လျော်သော**

http://www.dhammadownload.com



အခါ၌ အပ်စပ်သောသင်္ကန်းကိုသာ ခံယူကုန်၏’ ဟု ဆိုရာ၏၊ အကယ်၍ ထိုတမန်သည် ထို ရဟန်းကို ‘အသျှင့်အား အမှုကြီးငယ်ကို ပြုသူတဦးတယောက် ရှိပါသလော’ ဟု ဆိုငြားအံ့၊ ရဟန်းတို့ သင်္ကန်းကို အလိုရှိသော ရဟန်းသည် အရံစောင့်ကိုသော်၎င်း ဥပါသကာကိုသော်၎င်း ‘ဒါယကာ ဤသူသည် ရဟန်းတို့၏ အမှုကြီးငယ်ကို ပြုသူတည်း’ ဟု အမှုကြီးငယ် ပြုသူကို ညွှန်း ရမည်၊ အကယ်၍ ထိုတမန်သည် ထိုအမှုကြီးငယ် ပြုသူကို သိစေပြီးလျှင် ထိုရဟန်းသို့ ချဉ်းကပ်၍ ‘အသျှင်ဘုရား အသျှင်သည် ညွှန်းအပ်သော အမှုကြီးငယ် ပြုသူကို အကျွန်ုပ်သည် သိစေအပ် ပြီးပါပြီ၊ အသျှင်သည် သင့်လျော်သော အခါ၌ ချဉ်းကပ်တော်မူလော့၊ အသျှင့်ကို သင်္ကန်းဖြင့် ဖုံးလွှမ်း ‘လှူ’ ပါလိမ့်မည်’ ဟု ဆိုငြားအံ့၊ ရဟန်းတို့ သင်္ကန်းကို အလိုရှိသော ရဟန်းသည် အမှု ကြီးငယ် ပြုသူသို့ ချဉ်းကပ်၍ ‘ဒါယကာ ငါ့အား သင်္ကန်းဖြင့် အလိုရှိသည်’ ဟု နှစ်ကြိမ် သုံးကြိမ် တောင်းရမည်၊ သတိပေးရမည်၊ နှစ်ကြိမ် သုံးကြိမ် တောင်းလတ်သော် သတိပေးလတ်သော် ထိုသင်္ကန်းကို ပြီးစေငြားအံ့၊ ဤသို့ ပြီးစေခြင်းသည် ကောင်း၏၊ အကယ်၍ မပြီးစေငြားအံ့၊ လေးကြိမ် ငါးကြိမ် ခြောက်ကြိမ်တိုင်ရုံမျှ ဆိတ်ဆိတ်ဖြစ်လျက် ရည်မှတ်၍ ရပ်ရမည်၊ လေးကြိမ် ငါးကြိမ် ခြောက်ကြိမ်တိုင်ရုံမျှ ဆိတ်ဆိတ်ဖြစ်လျက် ရည်မှတ်၍ ရပ်သည်ရှိသော် ထိုသင်္ကန်းကို ပြီးစေငြားအံ့၊ ဤသို့ ပြီးစေခြင်းသည် ကောင်း၏၊ အကယ်၍ ထို (နှစ်ကြိမ် သုံးကြိမ် တောင်း ခြင်း သတိပေးခြင်း လေးကြိမ် ငါးကြိမ် ခြောက်ကြိမ် ရပ်ခြင်း) ထက် အလွန်အားထုတ်သည် ဖြစ်၍ ထိုသင်္ကန်းကို ပြီးစေငြားအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏၊ အကယ်၍ မပြီးစေငြားအံ့၊ သင်္ကန်းဖိုးဆောင်လာရင်း ဒါယကာအထံ ‘ဒါယကာတို့ သင်တို့သည် ရဟန်းကို ရည်ညွှန်း၍ ပို့အပ်သော သင်္ကန်းဖိုးသည် ထိုရဟန်းအား အကျိုးတစုံတရာ မခံစားရ၊ ဒါယကာတို့ မိမိဥစ္စာကို တောင်းကြကုန်လော့၊ သင်တို့၏ ဥစ္စာကို မပျက်စီးစေလင့်’ ဟု ကိုယ်တိုင်သော်လည်း သွားရ မည်၊ တမန်ကိုသော်လည်း စေရမည်၊ ဤသည်ကား ထိုသင်္ကန်းဖိုး ပို့စေရာ၌ ကျင့်ဝတ်တည်း” ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀–ရာဇသိက္ခာပုဒ် အဖွင့်

၅၃၉။ **ရဟန်းကိုသာလျှင် ရည်ညွှန်း၍** ဟူသည် ရဟန်း၏ အကျိုးငှါ ရဟန်းကို အာရုံပြု၍ ရဟန်းကို ဖုံးလွှမ်းလို၍။

**မင်း** မည်သည် တိုင်းပြည်အုပ်ချုပ်သူ တဦးတယောက်တည်း။

**မင်းခစား** မည်သည် မင်း၏ စားနပ်ရိက္ခာကို ယူသူ တဦးတယောက်တည်း။

**ပုဏ္ဏား** မည်သည် ဇာတ်အားဖြင့် ပုဏ္ဏားဖြစ်သူတည်း။

**အိမ်ရှင်** မည်သည် မင်းကိုရင်း မင်းခစားကိုရင်း ပုဏ္ဏားကိုရင်း ထား၍ ကြွင်းသောသူသည် အိမ်ရှင်မည်၏။

**သင်္ကန်းဖိုး** မည်သည် ငွေ ရွှေ ပုလဲ ပတ္တမြား တခုခုတည်း။

**ဤသင်္ကန်းဖိုးဖြင့်** ဟူသည် ရှေးရှု မျက်မှောက် ရောက်နေသော (သင်္ကန်းဖိုးဖြင့်)။

**ဝယ်၍** ဟူသည် လဲလှယ်၍။

**ဖုံးလွှမ်းလော့** ဟူသည် လှူလော့။

http://www.dhammadownload.com



အကယ်၍ ထိုတမန်သည် ထိုရဟန်းသို့ ချဉ်းကပ်၍ "အသျှင်ဘုရား အသျှင့်ကိုရည်ညွှန်း၍ ဤသင်္ကန်းဖိုးကို ဆောင်လာအပ်ပါသည်၊ အသျှင်သည် သင်္ကန်းဖိုးကို ခံယူတော်မူလော့" ဟု ဆိုငြားအံ့၊ ထိုရဟန်းသည် ထိုတမန်ကို "ဒါယကာ ငါတို့သည် သင်္ကန်းဖိုးကိုကား မခံယူကြ၊ (ငါတို့သည်) သင့်လျော်သောအခါ၌ အပ်စပ်သော သင်္ကန်းကိုသာ ခံယူကြသည်" ဟု ဆိုရာ၏၊ ထိုတမန်သည် ထိုရဟန်းကို "အသျှင့်အား အမှုကြီးငယ်ပြုသူ တဦးတယောက်ရှိပါသလော" ဟု ဆိုငြားအံ့၊ ရဟန်းတို့ သင်္ကန်းကို အလိုရှိသော ရဟန်းသည် အရံစောင့်ကိုသော်၎င်း ဥပါသကာကိုသော်၎င်း "ဒါယကာ ဤသူသည် ရဟန်းတို့၏ အမှုကြီးငယ်ကို ပြုသူတည်း" ဟု အမှုကြီးငယ်ပြုသူကို ညွှန်းရမည် "ထိုသူအား ပေးလော့ ဟူ၍သော်၎င်း ထိုသူသည် သိမ်းထားလိမ့်မည်ဟူ၍သော်၎င်း ထိုသူသည် လဲလှယ် 'ဖလှယ်' လိမ့်မည်ဟူ၍သော်၎င်း ထိုသူသည် ဝယ်လိမ့်မည်ဟူ၍သော်၎င်း" မပြောရ။

အကယ်၍ ထိုတမန်သည် ထိုအမှုကြီးငယ် ပြုသူကို သိစေပြီးလျှင် ထိုရဟန်းသို့ ချဉ်းကပ်၍ "အသျှင်ဘုရား အသျှင်သည် ညွှန်းအပ်သော အမှုကြီးငယ်ပြုသူကို အကျွန်ုပ်သည် သိစေအပ်ပြီးပါပြီ၊ အသျှင်သည် သင့်လျော်သောအခါ၌ ချဉ်းကပ်တော်မူလော့၊ အသျှင့်ကို သင်္ကန်းဖြင့် ဖုံးလွှမ်း 'လှူ' ပါလိမ့်မည်" ဟု ဆိုငြားအံ့၊ ရဟန်းတို့ သင်္ကန်းကို အလိုရှိသော ရဟန်းသည် အမှုကြီးငယ်ပြုသူကို ချဉ်းကပ်၍ "ဒါယကာ ငါသည် သင်္ကန်းကို အလိုရှိသည်" ဟု နှစ်ကြိမ်သုံးကြိမ်တောင်းရမည် သတိပေးရမည် "ငါ့အား သင်္ကန်းကိုပေးလော့၊ ငါ့အတွက် သင်္ကန်းကို ဆောင်ခဲ့လော့၊ ငါ့အတွက် သင်္ကန်းကို လဲလှယ်လော့၊ ငါ့အတွက် သင်္ကန်းကိုဝယ်လော့" ဟု မပြောရ။

နှစ်ကြိမ်မြောက်လည်း ပြောရမည်။ သုံးကြိမ်မြောက်လည်း ပြောရမည်။ အကယ်၍ ပြီးစေအံ့၊ ဤသို့ ပြီးစေခြင်းသည် ကောင်း၏၊ အကယ်၍ မပြီးစေအံ့၊ ထိုအရပ်သို့သွား၍ ဆိတ်ဆိတ်ဖြစ်လျက် ရည်ညွှန်း၍ ရပ်ရမည်၊ နေရာ၌မထိုင်ရ၊ (ဆွမ်းစသော) အာမိသကို မခံယူရ၊ တရားကို မဟောရ၊ "အဘယ်အကြောင်းကြောင့် လာပါသနည်း" ဟု မေးလျှင် "ငါ့သျှင်သိလော့" ဟု ပြောရမည်၊ အကယ်၍ နေရာ၌မူလည်း ထိုင်အံ့၊ အာမိသကိုသော်လည်း ခံယူအံ့၊ တရား ကိုသော်လည်း ဟောအံ့၊ ရပ်ခြင်းပျက်၏။

နှစ်ကြိမ်မြောက်လည်း ရပ်ရမည်။ သုံးကြိမ်မြောက်လည်း ရပ်ရမည်။ လေးကြိမ်တောင်း၍ လေးကြိမ်ရပ်ရမည်။ ငါးကြိမ်တောင်း၍ နှစ်ကြိမ်ရပ်ရမည်၊ ခြောက်ကြိမ်တောင်းသော် မရပ်ရ။

အကယ်၍ ထို့ထက်အလွန် အားထုတ်သည်ဖြစ်၍ ထိုသင်္ကန်းကို ပြီးစေအံ့၊ အားထုတ်မှုပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရား တို့ ဤအကျွန်ုပ်၏ သင်္ကန်းကို သုံးကြိမ်ထက်အလွန် တောင်းခြင်း ခြောက်ကြိမ်ထက်အလွန် ရပ်ခြင်းဖြင့် ပြီးစေအပ်သည်ဖြစ်၍ စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်းကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

အကယ်၍ မပြီးစေအံ့၊ သင်္ကန်းဖိုး ဆောင်လာရင်း ဒါယကာ အထံသို့ "ဒါယကာတို့ သင်တို့သည် ရဟန်းကို ရည်ညွှန်း၍ ပို့အပ်သော သင်္ကန်းဖိုးသည် ထိုရဟန်းအား အကျိုးတစုံတရာ မခံစားရ၊

http://www.dhammadownload.com



ဒါယကာတို့ မိမိဥစ္စာကို တောင်းကြလော့၊ သင်တို့၏ ဥစ္စာကို မပျက်စီးစေလင့်” ဟု ကိုယ်တိုင်သော်လည်း သွားရမည်၊ တမန်ကိုသော်လည်း စေရမည်။

**ဤသည်ကား ထိုသက်နီးဖိုးပို့စေရာ၌ ကျင့်ဝတ်တည်း** ဟူသည် ဤသည်ကား ထိုသို့သက်နီးဖိုးကို ပို့စေရာ၌ တရားနှင့်လျော်သော ကျင့်ဝတ်တည်း။

၅၄၀။ သုံးကြိမ်ထက်အလွန် တောင်းခြင်း ခြောက်ကြိမ်ထက်အလွန် ရပ်ခြင်းဖြင့် အလွန်ဟု ထင်မှတ်ခြင်းရှိ၍ ပြီးစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏၊ သုံးကြိမ်ထက်အလွန်တောင်းခြင်း ခြောက်ကြိမ်ထက် အလွန် ရပ်ခြင်းဖြင့် ယုံမှားရှိ၍ ပြီးစေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ သုံးကြိမ်ထက် အလွန် တောင်းခြင်း ခြောက်ကြိမ်ထက် အလွန်ရပ်ခြင်းဖြင့် ယုတ်လျော့သည် ဟု ထင်မှတ်ခြင်းရှိ၍ ပြီးစေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

သုံးကြိမ်အောက် ယုတ်လျော့၍ တောင်းခြင်း ခြောက်ကြိမ်အောက်ယုတ်လျော့၍ ရပ်ခြင်းဖြင့် အလွန် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ သုံးကြိမ်အောက် ယုတ်လျော့၍ တောင်းခြင်း ခြောက်ကြိမ်အောက် ယုတ်လျော့၍ ရပ်ခြင်းဖြင့် ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ သုံးကြိမ်အောက် ယုတ်လျော့၍ တောင်းခြင်း ခြောက်ကြိမ်အောက် ယုတ်လျော့၍ ရပ်ခြင်းဖြင့် ယုတ်လျော့သည် ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၅၄၁။ သုံးကြိမ်တောင်းခြင်း ခြောက်ကြိမ်ရပ်ခြင်းဖြင့် အာပတ် မသင့်၊ သုံးကြိမ်အောက် ယုတ်လျော့၍ တောင်းခြင်း ခြောက်ကြိမ်အောက် ယုတ်လျော့၍ ရပ်ခြင်းဖြင့် အာပတ် မသင့်၊ မတောင်းအပ်ပဲ ပေးအံ့၊ ဥစ္စာရှင်တို့သည် တောင်း၍ ပေးကုန်အံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသောရဟန်းအား အာပတ် မသင့်။

ဒသမ ရာဇသိက္ခာပုဒ် ပြီး၏။

ပဌမ စီဝရဝဂ် ပြီး၏

---

## ထိုစီဝရဝဂ်၏ အကျဉ်းချုပ်

နုတ်အပ်သော ကထိန (သိက္ခာပုဒ်) သုံးပါးရှင်း ဖွပ်လျော်ခြင်း ဓောဝနသိက္ခာပုဒ်ရှင်း သက်နီးခံယူခြင်း ပဋိဂ္ဂဟဏသိက္ခာပုဒ်ရှင်း၊ ဆွေမျိုးမတော်စပ်သော အညာတက သိက္ခာပုဒ် သုံးပါးရှင်း၊ တမန် သိက္ခာပုဒ်နှစ်ပါးရှင်း။

ဤကား အကျဉ်းချုပ်တည်း။

---

## ၂-ကောသိယဝဂ် ၁-ကောသိယသိက္ခာပုဒ်

၅၄၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာဠဝီမြို့ အဂ္ဂါဠဝစေတီ၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပိုးလုပ်သူတို့ထံသို့ ချဉ်းကပ်၍ “ဒါယကာတို့ များစွာသော ပိုးကောင်တို့ကို ပြုတ်ကြလော့၊ ငါတို့အားလည်း ပေးကြလော့၊ ငါတို့သည်လည်း ပိုးချည်နှင့်ရောသော အခင်းကိုပြုလုပ်ခြင်းငှါ အလိုရှိကြသည်” ဟု ဆိုကုန်၏။

http://www.dhammadownload.com



ထိုသူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ငါတို့ထံသို့ ချဉ်းကပ်၍ 'ဒါယကာတို့ များစွာသော ပိုးကောင်တို့ကို ပြုတ်ကြလော့၊ ငါတို့အားလည်း ပေးကြလော့၊ ငါတို့သည်လည်း ပိုးချည်နှင့်ရောသော အခင်းကိုပြုလုပ်ခြင်းငှါ အလိုရှိကြကုန်၏' ဟု အဘယ့်ကြောင့် ဆိုကုန်ဘိသနည်း၊ ငါတို့အားပင်လည်း လူအဖြစ်ကို အရမတော်လေစွ၊ ငါတို့သည်ပင်လည်း လူအဖြစ်ကို မကောင်းသဖြင့်ရအပ်ပေသည်၊ ယင်းငါတို့သည် အသက်မွေးမှု၏ အကြောင်းကြောင့်ရင်း၊ သားမယား၏ အကြောင်းကြောင့်ရင်း၊ ငယ်ကုန်သော များစွာသော ပိုးသတ္တဝါတို့ကို သတ်ဖြတ်ကြရသည်" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ရဟန်းတို့သည် ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီရဟန်းတို့သည် ပိုးချည်လုပ်သူတို့ထံသို့ ချဉ်းကပ်၍ 'ဒါယကာတို့ များစွာသော ပိုးကောင်တို့ကို ပြုတ်ကြလော့၊ ငါတို့အားလည်း ပေးကြလော့၊ ငါတို့သည်လည်း ပိုးချည်နှင့်ရောသော အခင်းကိုပြုလုပ်ခြင်းငှါ အလိုရှိကြကုန်၏' ဟု အဘယ့်ကြောင့် ဆိုကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် ပိုးချည်လုပ်သူတို့ထံသို့ ချဉ်းကပ်၍ 'ဒါယကာတို့ များစွာသော ပိုးကောင်တို့ကို ပြုတ်ကြလော့၊ ငါတို့အားလည်း ပေးကြလော့၊ ငါတို့သည်လည်း ပိုးချည်နှင့်ရောသော အခင်းကို ပြုလုပ်ခြင်းငှါ အလိုရှိကြကုန်သည်' ဟု ဆိုကြ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ "သင်တို့သည် ပိုးချည်လုပ်သူတို့ထံသို့ ချဉ်းကပ်၍ ဒါယကာတို့ များစွာသော ပိုးကောင်တို့ကို ပြုတ်ကြလော့၊ ငါတို့အားလည်း ပေးကြလော့၊ ငါတို့သည်လည်း ပိုးချည်နှင့် ရောသော အခင်းကို ပြုလုပ်ခြင်းငှါ အလိုရှိကြကုန်၏" ဟု အဘယ့်ကြောင့် ဆိုကြကုန်ဘိသနည်း (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား တို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၁၀။ ၁၁-၅၄၃။ "မည်သည့်ရဟန်းသည် ပိုးချည်နှင့် ရောသော အခင်းကို ပြုလုပ်စေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-ကောသိယသိက္ခာပုဒ် အဖွင့်

၅၄၄။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**အခင်း** မည်သည် မရက်ပဲ ဖြန့်၍ ပြုလုပ်အပ်သော အခင်းတည်း။

http://www.dhammadownload.com



**ပြုလုပ်စေခြေအံ့** ဟူသည် ပို ချည်မျှင်တမျှင်မျှနှင့်သော်လည်း ရောရှ၍ပြုလုပ်အံ့ ပြုလုပ်စေအံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ အခင်းသည် ပိုးချည်နှင့်ရော၍ ပြုလုပ်စေသဖြင့် စွန့်ထိုက်ပါသည်၊ အကျွန်ုပ်သည် ဤအခင်းကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု။ပ။ အသျှင်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၅၄၅။ မိမိသည် ပြု၍ မပြီးသေးသည်ကို မိမိကိုယ်တိုင် ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ မိမိသည် ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ သူတပါးတို့သည် ပြု၍ မပြီးသေးသည်ကို မိမိကိုယ်တိုင် ပြီးဆုံးစေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ သူတပါးတို့သည် ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ အခြားသူ၏ အကျိုးငှါ (ကိုယ်တိုင်သော်လည်း) ပြုအံ့၊ (သူတပါးတို့ကိုသော်လည်း) ပြုစေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခြားသူသည် ပြုအပ်ပြီးကိုရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၅၄၆။ ဗိတာန် 'မျက်နှာကြက်ကို' သော်၎င်း မြေအခင်းကိုသော်၎င်း တင် တိမ် 'ကန့်လန့်ကာ' ကိုသော်၎င်း ဘုံလျှိ 'ဖုံ' ကိုသော်၎င်း ခေါင်းအုံးကိုသော်၎င်း ပြုအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ပဌမ ကောသိယသိက္ခာပုဒ် ပြီး၏။

---

## ၂–ကောသိယဝဂ် ၂–သုဒ္ဓကာဠကသိက္ခာပုဒ်

၅၄၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို ပြုလုပ်စေကုန်၏၊ ကျောင်းစဉ် ဒေသစာရီ လှည့်လည်ကြသော လူတို့သည် မြင်ကြ၍ "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အမည်း သက်သက်ဖြစ်ကုန်သော သိုးမွေးအခင်းကို အဘယ့်ကြောင့် ပြုလုပ်စေကုန်ဘိသနည်း၊ ကာမဂုဏ် ခံစားကြသူ လူတို့ကဲ့သို့တကား" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် အမည်းသက်သက် ဖြစ်သော သိုးမွေးအခင်းကို ပြုလုပ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို ပြုလုပ်စေကြ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်ကဲ့ရဲ့တော်မူ၏။ပ။ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို အဘယ့်ကြောင့် ပြုလုပ်စေကြဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လေ့။

**၃၁။ ၁၂-၅၄၇။ "အကြင် ရဟန်းသည် အမည်းသက်သက်ဖြစ်သော သိုးမွေး အခင်းကို ပြုလုပ်စေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြကုန်လေ့ ဟု မိန့်တော်မူ၏)။**

## ၂-သုဒ္ဓကာဋ္ဌကသိက္ခာပုဒ် အဖွင့်

၅၄၉။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**အမည်း** မည်သည် အမည်းတို့သည် နှစ်မျိုးတို့တည်း၊ သဘာဝအမည်းရင်း ဆိုးထားသော အမည်းရင်းတည်း။

**အခင်း** မည်သည် မရက်ပဲ ဖြန့်၍ ပြုလုပ်အပ်သောအခင်းတည်း။

ပြုလုပ်စေငြားအံ့ ဟူသည် (ကိုယ်တိုင်သော်လည်း) ပြုလုပ်အံ့၊ (သူတပါးတို့ကိုသော်လည်း) ပြုလုပ်စေအံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ် အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ အခင်းသည် အမည်းသက်သက်ဖြစ်သော သိုးမွေးကို ပြုလုပ်စေအပ်သဖြင့် စွန့်ထိုက်ပါသည်၊ အကျွန်ုပ်သည် ဤအခင်းကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၅၅၀။ မိမိသည် ပြု၍ မပြီးသေးသည်ကို မိမိကိုယ်တိုင် ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ မိမိသည် ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကိုပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ သူတပါးတို့သည် ပြု၍ မပြီးသေးသည်ကို မိမိကိုယ်တိုင် ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ သူတပါးတို့သည် ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏၊ သူတပါး၏ အကျိုးငှါ (ကိုယ်တိုင် သော်လည်း) ပြုအံ့၊ (သူတပါးတို့ကိုသော်လည်း) ပြုစေအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ အခြားသူသည် ပြုအပ်ပြီးကို ရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၅၅၁။ ဇိတာန် 'မျက်နှာကြက်' ကိုသော်၎င်း မြေအခင်းကိုသော်၎င်း တင်းတိမ် 'ကန့်လန့်ကာ' ကိုသော်၎င်း ဘုံလျှို 'ဖုံ' ကိုသော်၎င်း ခေါင်းအုံးကိုသော်၎င်း ပြုအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဒုတိယ သုဒ္ဓကာဋ္ဌကသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၂-ကောသိယဝဂ် ၃-ဒွေဘာဂသိက္ခာပုဒ်

၅၅၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ **ဆဗ္ဗဂ္ဂီရဟန်းတို့သည်** "မြတ်စွာဘုရားသည် အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်း ပြုလုပ်စေခြင်းကို ပယ်တော်မူ၏" ဟု ထိုဆဗ္ဗဂ္ဂီရဟန်းတို့သည် အနည်းငယ်သာဖြစ်သော အဖြူကို အဖျားအနား၌ **ထည့်သွင်း၍** အမည်းသက်သက် အတိုင်းပင် သိုးမွေးအခင်းကို ပြုလုပ်စေကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီရဟန်းတို့သည် အနည်းငယ်သာ ဖြစ်သော အဖြူကို အဖျားအနား၌ ထည့်သွင်း၍ အမည်းသက်သက်အတိုင်းပင် သိုးမွေးအခင်းကို အဘယ့်ကြောင့် ပြုလုပ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အဖြူအနည်းငယ်ကိုသာ အဖျားအနား၌ ထည့်သွင်း၍ အမည်းသက်သက်အတိုင်းပင် သိုးမွေးအခင်းကို ပြုလုပ်စေကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အဖြူအနည်းငယ်ကိုသာ အဖျားအနား၌ ထည့်သွင်း၍ အမည်းသက်သက်အတိုင်းပင် သိုးမွေးအခင်းကို အဘယ့်ကြောင့် ပြုလုပ်စေကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤ သိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၃၂။ ၁၃-၅၅၃။ "အခင်းသစ်ကို ပြုလုပ်စေလိုသော ရဟန်းသည် အမည်းသက်သက်ဖြစ်သော သိုးမွေးနှစ်ဖို့တို့ကို ထည့်သွင်းရမည်၊ အဖြူ (သိုးမွေး) သုံးခုမြောက်တဖို့ကို အကြောင် (သိုးမွေး) လေးခုမြောက်တဖို့ကို ထည့်သွင်းရမည်၊ အကယ်၍ ရဟန်းသည် အမည်းသက်သက် သိုးမွေးနှစ်ဖို့တို့ကို အဖြူ (သိုးမွေး) သုံးခုမြောက်တဖို့ကို အကြောင် (သိုးမွေး) လေးခုမြောက်တဖို့ကို မထည့်သွင်းပဲ အခင်းသစ်ကို ပြုစေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏"** ဤသို့ (ပြကြကုန်လော့ဟု မိန့်တော်မူ၏)။

### ၃-ဒွေဘာဂသိက္ခာပုဒ် အဖွင့်

၅၅၄။ **အသစ်** မည်သည် ပြုခြင်းကို စွဲ၍ ဆိုအပ်၏။

**အခင်း** မည်သည် မရက်ပဲ ဖြန့်၍ ပြုလုပ်အပ်သော အခင်းတည်း။

**ပြုလုပ်စေလိုသော** ဟူသည် ပြုလုပ်သော်၎င်း ပြုလုပ်စေသော်၎င်း။

http://www.dhammadownload.com



**အမည်းသက်သက်ဖြစ်သော သိုးမွေးနှစ်ဖို့တို့ကို ထည့်သွင်းရမည်** ဟူသည် ချိန်၍ နှစ်ဆတို့ကို ထည့်သွင်းရမည်။

**အဖြူသုံးခုမြောက်တဖို့** ဟူသည် အဖြူတဆကို။

**အကြောင်လေးခုမြောက်တဖို့** ဟူသည် အကြောင်တဆကို။

**အကယ်၍ ရဟန်းသည် အမည်းသက်သက် သိုးမွေးနှစ်ဖို့တို့ကို အဖြူ (သိုးမွေး) သုံးခုမြောက် တဖို့ကို အကြောင် (သိုးမွေး) လေးခုမြောက် တဖို့ကို မထည့်သွင်းပဲ** ဟူသည် အမည်းသက်သက် သိုးမွေးနှစ်ဆ အဖြူ (သိုးမွေး) တဆ အကြောင် (သိုးမွေး) တဆကို မထည့်သွင်းပဲ အခင်းသစ်ကို (ကိုယ်တိုင်သော်လည်း) ပြုအံ့၊ (သူတပါးတို့ကိုသော်လည်း) ပြုစေအံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ အခင်းသည် အမည်းသက်သက် သိုးမွေးနှစ်ဆတို့ကို အဖြူ (သိုးမွေး) တဆကို အကြောင် (သိုးမွေး) တဆကို မထည့်သွင်းပဲ ပြုလုပ်စေသဖြင့် စွန့်ထိုက်ပါသည်၊ အကျွန်ုပ်၏ ဤ အခင်းကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ဟု။ပ။ ပေးကုန်ရာ၏ဟု။ပ။ အသျှင့်အားပေးပါ၏ ဟု (ပြန်ပေးရမည်)။

၅၅၅။ မိမိသည် ပြု၍မပြီးသေးသည်ကို မိမိကိုယ်တိုင် ပြီးဆုံးစေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ မိမိသည်ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ သူတပါးတို့ပြု၍ မပြီးသေးသည်ကို မိမိကိုယ်တိုင် ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ သူတပါးတို့သည် ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

သူတပါးတို့၏ အကျိုးငှါ (ကိုယ်တိုင်သော်လည်း) ပြုအံ့၊ (သူတပါးတို့ကိုသော်လည်း) ပြုစေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခြားသူသည် ပြုအပ်ပြီးကိုရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၅၅၆။ အဖြူ (သိုးမွေး) တဆ အကြောင် (သိုးမွေး) တဆကို ထည့်သွင်း၍ ပြုအံ့၊ အာပတ် မသင့်၊ အဖြူ (သိုးမွေး) များစွာ အကြောင် (သိုးမွေး) များစွာကို ထည့်သွင်း၍ ပြုအံ့၊ အဖြူသက်သက် အကြောင်သက်သက်ကို ထည့်သွင်း၍ ပြုအံ့၊ အာပတ်မသင့်၊ ဗိတာန် 'မျက်နှာကြက်' ကိုသော်၎င်း မြေအခင်းကိုသော်၎င်း တင်းတိမ် 'ကန့်လန့်ကာ' ကိုသော်၎င်း ဘုံလျှို 'ဖုံ' ကိုသော်၎င်း ခေါင်းအုံးကို သော်၎င်း ပြုအံ့၊ အာပတ် မသင့်။ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

တတိယ ဒွေဘာဂသိက္ခာပုဒ် ပြီး၏။

---

## ၂-ကောသိယဝဂ် ၄-ဆဗ္ဗဿာသိက္ခာပုဒ်

၅၅၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့သည် နှစ်စဉ် အခင်းကို ပြုလုပ်

http://www.dhammadownload.com



စေကုန်၏၊ ထိုရဟန်းတို့သည် "သိုးမွေးတို့ကို ပေးကြလော့၊ သိုးမွေးတို့ကို အလိုရှိသည်" ဟု အတောင်းအရမ်းများကုန်သည် ဖြစ်၍ နေကုန်၏။

လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် နှစ်စဉ်အခင်းကို အဘယ့်ကြောင့် ပြုစေကုန်ဘိသနည်း၊ 'သိုးမွေးတို့ကို ပေးကြလော့၊ သိုးမွေးတို့ကို အလိုရှိသည်' ဟု အတောင်းအရမ်း များကုန်သည်ဖြစ်၍ နေကုန်ဘိသနည်း၊ ငါတို့မှာကား တကြိမ်ပြုလုပ်အပ်ပြီးသော အခင်းတို့သည် ငါးနှစ်တိုပတ်လုံးသော်ငင်း ခြောက်နှစ်တိုပတ်လုံးသော်ငင်း ရှိကုန်၏၊ အကြင် ငါတို့၏ ကလေး 'သူငယ်' တို့သည် (အခင်းပေါ် ၌) ကျင်ကြီးလည်း စွန့်ကြကုန်၏၊ ကျင်ငယ်လည်း စွန့်ကြကုန်၏၊ (အခင်းတို့ကို) ကြွက်တို့သည်လည်း ခဲကုန်၏၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ဤရဟန်းတို့သည်ကား နှစ်စဉ် အခင်းကို ပြုလုပ်စေကြကုန်၏၊ 'သိုးမွေးတို့ကို ပေးကြလော့၊ သိုးမွေးတို့ကို အလိုရှိသည်' ဟု အတောင်းအရမ်း များကုန်သည်ဖြစ်၍ နေကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည်သာတည်း၊ အလိုနည်းသော ရဟန်းတို့သည် "ရဟန်းတို့သည် နှစ်စဉ် အခင်းကို အဘယ့်ကြောင့် ပြုလုပ်စေကုန်ဘိသနည်း 'သိုးမွေးတို့ကို ပေးကြလော့ သိုးမွေးတို့ကို အလိုရှိသည်' ဟု အတောင်းအရမ်းများကုန်သည် ဖြစ်၍ နေကြကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် နှစ်စဉ် အခင်းကို ပြုစေကြကုန်၏၊ သိုးမွေးတို့ကို ပေးကြလော့၊ သိုးမွေးတို့ကို အလိုရှိသည် ဟု အတောင်းအရမ်းများကုန်သည်ဖြစ်၍ နေကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ထိုယောကျ်ားတို့သည် နှစ်စဉ် အခင်းကို အဘယ့်ကြောင့် ပြုစေကုန်ဘိသနည်း၊ "သိုးမွေးတို့ကို ပေးကြလော့ သိုးမွေးတို့ကို အလိုရှိသည်" ဟု အတောင်းအရမ်း များကုန်သည်ဖြစ်၍ နေကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (သင်တို့ပြုမိသော အမှု) သံည် မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါငင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**(က) ၅၅၈။ "ရဟန်းသည် အခင်းသစ်ကို ပြုပြီးနောက် ခြောက်နှစ်တိုပတ်လုံး ဆောင်ရမည်၊ အကယ်၍ ခြောက်နှစ်အတွင်း ထိုအခင်းကို စွန့်၍သော်ငင်း မစွန့်ပဲသော်ငင်း အခြားအခင်းသစ်ကို ပြုစေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

http://www.dhammadownload.com



၃၅၉။ ထိုအခါ ရဟန်းတပါးသည် ကောသမ္ဗီမြို့၌ မကျန်းမမာ ဖြစ်နေ၏၊ ဆွေမျိုးတို့သည် ထိုရဟန်း၏ အထံသို့ "အသျှင်မြတ်သည် လာတော်မူလော့၊ အကျွန်ုပ်တို့သည် လုပ်ကျွေးကြကုန်အံ့" ဟု တမန်ကို စေလွှတ်ကုန်၏၊ ရဟန်းတို့ကလည်း "ငါ့သျှင် သွားလော့၊ ဆွေမျိုးတို့သည် သင့်ကို လုပ်ကျွေးကြလိမ့်မည်" ဟု ဆိုကြကုန်၏၊ ထိုရဟန်းသည် "ငါ့သျှင်တို့ 'ရဟန်းသည် အခင်းသစ်ကို ပြုပြီးနောက် ခြောက်နှစ်တိုင်ပတ်လုံး ဆောင်ရမည်' ဟု သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော်မူ၏၊ အကျွန်ုပ်သည်လည်း မကျန်းမမာ ဖြစ်နေ၏၊ အခင်းကို ယူ၍ ဖဲသွားခြင်းငှါ မတတ်နိုင်ပါ၊ အကျွန်ုပ်အားလည်း အခင်းနှင့်ကင်း၍ ချမ်းသာမှု မဖြစ်ပါ၊ အကျွန်ုပ်သည် မသွားတော့အံ့" ဟု ဆို၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို ရဟန်းတို့ မကျန်းမမာသော ရဟန်းအား အခင်းဆိုင်ရာ သမုတ်ခြင်း 'သန္ထတသမ္မုတိ' ကို ပေးခြင်းငှါ ခွင့်ပြုသည်၊ ရဟန်းတို့ ဤသို့ ပေးရမည်။

ထိုမကျန်းမာသော ရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲ တဖက် ပခုံးထက်၌ ကေသီ ကို စမ္ပယ်တင်ပြီးလျှင် ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုးလျက် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီးလျှင်—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် မကျန်းမာပါ၊ အခင်းကို ယူ၍ ဖဲသွားခြင်းငှါ မတတ်နိုင်ပါ၊ အသျှင်ဘုရားတို့ ထိုအကျွန်ုပ်သည် သံဃာအား အခင်းဆိုင်ရာ သမုတ်ခြင်း 'သန္ထတသမ္မုတိ' ကို တောင်းပါသည်" ဟု ဆိုအပ်၏။

နှစ်ကြိမ်မြောက်လည်း တောင်းရမည်။ သုံးကြိမ်မြောက်လည်း တောင်းရမည်။ ကျွမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၃၆၀။ အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် မကျန်းမာသဖြင့် အခင်းကို ယူ၍ ဖဲသွားခြင်းငှါ မတတ်နိုင်၊ ထိုရဟန်းသည် သံဃာအား သန္ထတသမ္မုတိကို တောင်း၏၊ သံဃာအား လျှောက်ပတ်သော အခါရှိသော် သံဃာသည် ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းအား သန္ထတသမ္မုတိကို ပေးရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ ဤမည်သော ရဟန်းသည် မကျန်းမာသဖြင့် အခင်းကို ယူ၍ ဖဲသွားခြင်းငှါ မတတ်နိုင်၊ ထိုရဟန်းသည် သံဃာအား သန္ထတသမ္မုတိကို တောင်း၏၊ သံဃာသည် ဤမည်သော ရဟန်းအား သန္ထတသမ္မုတိကို ပေး၏၊ အကြင် အသျှင်အား ဤမည်သော ရဟန်းအား သန္ထတသမ္မုတိ ပေးခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်း မရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းအား သန္ထတသမ္မုတိကို ပေးအပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့်အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်)။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၃၃။ ၁၄-(ခ) ၅၆၁။ **"ရဟန်းသည် အခင်းသစ်ကို ပြုစေ၍ ခြောက်နှစ်တို့ ပတ်လုံး ဆောင်ရမည်၊ အကယ်၍ ခြောက်နှစ်အတွင်း ထိုအခင်းကို စွန့်၍သော်ငြား မစွန့်ပဲသော်ငြား ရဟန်းတို့၏ သမ္မုတိကို မရပဲ အခြားအခင်းသစ်ကို ပြုစေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-ဆဗ္ဗဿသိက္ခာပုဒ် အဖွင့်

၅၆၂။ **အသစ်** မည်သည် ပြုခြင်းကို စွဲ၍ ဆိုရ၏။

**အခင်း** မည်သည် မရက်ပဲ ဖြန့်၍ ပြုအပ်သော အခင်းတည်း။

**ပြုစေ၍** ဟူသည် (ကိုယ်တိုင် ) ပြု၍သော်ငြား (သူတပါးကို) ပြုစေ၍သော်ငြား။

**ခြောက်နှစ်တို့ ပတ်လုံး ဆောင်ရမည်** ဟူသည် ခြောက်နှစ် အတိုင်းအရှည်ဖြင့် ဆောင်ရမည်။

**အကယ်၍ ခြောက်နှစ်အတွင်း** ဟူသည် ခြောက်နှစ်အောက် ယုတ်လျော့သော ကာလအတွင်း။

**ထိုအခင်းကို စွန့်၍** ဟူသည် အခြားသူတို့အား ပေး၍။

**မစွန့်ပဲ** ဟူသည် တဦးတယောက်အား မပေးမူ၍။

**ရဟန်းတို့၏ သမ္မုတိကို မရပဲ** ဟူသည် ရဟန်းတို့၏ သမုတ်ခြင်းကို ထား၍။

အခြား အခင်းသစ်ကို (ကိုယ်တိုင်သော်လည်း) ပြုအံ့၊ (သူတပါးတို့ကိုသော်လည်း) ပြုစေအံ့၊ အားထုတ်မှု ပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်ငြား ဂိုဏ်းအားသော်ငြား ပုဂ္ဂိုလ်အားသော်ငြား စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ အခင်းသည် ရဟန်းတို့၏ သမ္မုတိကိုမရပဲ ခြောက်နှစ်အောက် ယုတ်လျော့သော ကာလအတွင်း ပြုလုပ်စေအပ်သဖြင့် စွန့်ထိုက်ပါသည်၊ အကျွန်ုပ်သည် ဤအခင်းကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၅၆၃။ မိမိသည် ပြု၍ မပြီးသေးသည်ကို မိမိကိုယ်တိုင် ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ မိမိသည် ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ သူတပါးတို့သည် ပြု၍ မပြီးသေးသည်ကို မိမိကိုယ်တိုင် ပြီးဆုံးစေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ သူတပါးတို့သည် ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။

၅၆၄။ ခြောက်နှစ်ပြည့်သော် ပြုအံ့၊ အာပတ်မသင့်၊ ခြောက်နှစ်ထက်လွန်သော် ပြုအံ့၊ သူတပါး အကျိုးငှါ ကိုယ်တိုင်မူလည်း ပြုအံ့၊ သူတပါးတို့ကိုသော်လည်း ပြုစေအံ့၊ အခြားသူသည် ပြုအပ်ပြီးကို ရ၍ သုံးဆောင်အံ့၊ အာပတ် မသင့်၊ ဗိတာန် 'မျက်နှာကြက်' ကို သော်ငြား မြေအခင်းကိုသော်ငြား တင်းတိမ် 'ကန့်လန့်ကာ' ကို သော်ငြား ဘုံလျှို 'ဖုံ' ကို သော်ငြား ခေါင်းအုံးကိုသော်ငြား ပြုအံ့၊ ရဟန်း တို့၏ သမုတ်ခြင်းဖြင့် (ပြုအံ့)၊ အာပတ် မသင့်။ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

စတုတ္ထ ဆဗ္ဗဿသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၂-ကောသိယဝဂ် ၅-နိသီဒနသန္ထတသိက္ခာပုဒ်

၅၆၅။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ငါသည် သုံးလပတ်လုံး (တပါးတည်း) ကိန်းအောင်းနေခြင်းငှါ အလိုရှိသည်၊ ဆွမ်းပို့ဆောင်သော ရဟန်းတပါးကိုထား၍ တဦးတယောက်မျှ ငါ့ထံသို့ မချဉ်းကပ်ရ" ဟု မိန့်တော်မူ၏။

ကောင်းပါပြီ မြတ်စွာဘုရား ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံ၍ ဆွမ်းပို့ဆောင်သော ရဟန်းမှ တပါး မည်သူတဦးတယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ပေ။

ထိုအခါ သာဝတ္ထိမြို့၌ နေသော သံဃာသည် "ငါ့သျှင်တို့ မြတ်စွာဘုရားသည် သုံးလပတ်လုံး (တပါးတည်း) ကိန်းအောင်းနေခြင်းငှါ အလိုရှိတော်မူသည်၊ ဆွမ်းပို့ဆောင်သော ရဟန်းမှတပါး မည်သူ တဦးတယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရ၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်သူ ရဟန်းသည် ပါစိတ် အာပတ်ကို ဒေသနာ ကြားရမည်" ဟု ကတိကဝတ်ကို ပြု၏။

ထိုအခါ ဝင်္ဂန္တ၏ သား အသျှင်ဥပသေန သည် ပရိသတ် နှင့် တကွ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်၏။

အာဂန္တု ရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်စွာ နှုတ်ဆက်စကား ပြောကြားတော်မူခြင်းသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရားတို့၏ အလေ့အထပင် ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင် ဥပသေနအား—

"ဥပသေန သင်တို့သည် ကျန်းမာကြကုန်၏လော၊ မျှတကြကုန်၏လော၊ ပင်ပန်းနည်းစွာဖြင့် ရှည်သောခရီးကို လာခဲ့ကြရ၏လော" ဟု မေးတော်မူ၏။

ကျန်းမာကြပါသည် မြတ်စွာဘုရား၊ မျှတကြပါသည် မြတ်စွာဘုရား၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် ပင်ပန်းနည်းစွာဖြင့်လည်း ရှည်သော ခရီးကို လာခဲ့ကြရပါသည် ဟု (လျှောက်၏)။

ထိုအခါ ဝင်္ဂန္တ၏သား အသျှင်ဥပသေန၏ အတူနေ တပည့်ရဟန်းသည် မြတ်စွာဘုရား၏အနီး၌ ထိုင်နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား—

"ရဟန်း ပံသုကူ သင်္ကန်းတို့သည် သင့်အား နှစ်သက်စေကုန်၏လော" ဟု မိန့်တော်မူ၏။

အသျှင်ဘုရား ပံသုကူ သင်္ကန်းတို့သည် အကျွန်ုပ်အား မနှစ်သက်စေနိုင်ကြပါ ဟု (လျှောက်၏)။

ရဟန်း သင်သည် အဘယ့်ကြောင့် ပံသုကူ ဆောင်သနည်း ဟု (မေးတော်မူရာ)

အသျှင်ဘုရား အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် ပံသုကူ ဆောင်ပါသည်၊ ဤအတူ အကျွန်ုပ်သည်လည်း ပံသုကူ ဆောင်ရပါသည် ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဝင်္ဂန္တ၏သား အသျှင်ဥပသေနအား—

"ဥပသေန သင်၏ ဤပရိသတ်သည် ကြည်ညိုဖွယ်ရှိစွ၊ ဥပသေန သင်သည် ဤပရိသတ်ကို အဘယ်သို့ ဆုံးမသနည်း" ဟု မေးတော်မူ၏။

အသျှင်ဘုရား အကျွန်ုပ်ထံ ရဟန်းအဖြစ်တောင်းသူကို အကျွန်ုပ်သည် "ငါ့သျှင် ငါသည် တောကျောင်းနေ၏၊ ပိဏ္ဍပါတ် ဓုတင် ဆောင်၏၊ ပံသုကူ ဆောင်၏၊ အကယ်၍ သင်သည်လည်း တောကျောင်းနေပါမူ၊ ပိဏ္ဍပါတ် ဓုတင် ဆောင်ပါမူ၊ ပံသုကူ ဆောင်ပါမူ၊ ငါသည် သင့်ကို ရဟန်းပြုပေး

http://www.dhammadownload.com



မည်” ဟု ဆိုပါသည်၊ အကယ်၍ အကျွန်ုပ်၏စကားကို နားထောင်အံ့၊ ရဟန်းပြုပေးပါသည်၊ အကယ်၍ အကျွန်ုပ်၏စကားကို နားမထောင်အံ့၊ ရဟန်းပြုမပေးပါ။

အကျွန်ုပ်ထံ နိဿည်းတောင်းသူကို အကျွန်ုပ်သည် “ငါ့ချင့် ငါသည် တောကျောင်းနေ၏၊ ပိဏ္ဍပါတ် ဓုတင်ဆောင်၏၊ ပံသုကူဆောင်၏၊ အကယ်၍ သင်သည်လည်း တောကျောင်းနေဖြစ်ပါမူ ပိဏ္ဍပါတ် ဓုတင်ဆောင်ပါမူ၊ ပံသုကူဆောင်ပါမူ၊ ငါသည် သင့်ကို နိဿည်းပေးမည်” ဟု ဆိုပါသည်၊ အကယ်၍ အကျွန်ုပ်၏ စကားကို နားထောင်အံ့၊ နိဿည်းပေးပါသည်၊ အကယ်၍ အကျွန်ုပ်၏ စကားကို နားမထောင်အံ့၊ နိဿည်းမပေးပါ၊ အသျှင်ဘုရား အကျွန်ုပ်သည် ပရိသတ်ကို ဤသို့ ဆုံးမပါသည် ဟု (လျှောက်၏)။

ဥပသေန ကောင်းစွ ကောင်းစွ၊ ဥပသေန သင်သည် ပရိသတ်ကို ကောင်းစွာသာလျှင် ဆုံးမပေ၏၊ ဥပသေန သင်သည် သာဝတ္ထိမြို့၌နေသော သံဃာ၏ ကတိကဝတ်ကို သိ၏လော ဟု (မေးတော်မူပြန်ရာ)။

အသျှင်ဘုရား အကျွန်ုပ်သည် သာဝတ္ထိမြို့၌ နေသော သံဃာ၏ ကတိကဝတ်ကို မသိပါ ဟု (လျှောက်၏)။

ဥပသေန သာဝတ္ထိမြို့၌ နေသော သံဃာသည် “ငါ့ချင်တို့ မြတ်စွာဘုရားသည် သုံးလပတ်လုံး (တပါးတည်း) ကိန်းအောင်းနေခြင်းငှါ အလိုရှိတော်မူသည်၊ ဆွမ်းပို့ဆောင်သော ရဟန်းမှတပါး မည်သူ တဦးတယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရ၊ ချဉ်းကပ်သူ ရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာ ကြားရမည်” ဟု ကတိကဝတ်ကို ပြုထား၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သာဝတ္ထိမြို့၌နေသော သံဃာသည် မိမိပြုသော ကတိကဝတ်ဖြင့် ထင်ရှားပါလိမ့်မည်၊ အကျွန်ုပ်တို့သည် မပညတ်အပ်သေးသည်ကို မပညတ်ကြပါ၊ ပညတ်အပ်ပြီးကိုလည်း မချိုးဖျက်ကြပါ၊ ပညတ်တော်မူအပ်တိုင်းကုန်သော သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်ကြပါကုန်၏ ဟု (လျှောက်၏)။

ဥပသေန ကောင်းစွ ကောင်းစွ၊ မပညတ်အပ်သေးသည်ကို မပညတ်အပ်၊ ပညတ်အပ်ပြီးကိုလည်း မချိုးဖျက်အပ်၊ ပညတ်အပ်တိုင်းကုန်သော သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရမည်၊ ဥပသေန “တောကျောင်းနေ ရဟန်း၊ ပိဏ္ဍပါတ် ဓုတင်ဆောင်ရဟန်း၊ ပံသုကူဆောင် ရဟန်းတို့သည် အလိုရှိတိုင်း ငါ့ကို ဖူးမြော်ရန် ချဉ်းကပ်ကြပါစေ” ဟု ခွင့်ပြုတော်မူ၏။

၅၆၆။ ထိုအခါ များစွာသော ရဟန်းတို့သည် “ငါတို့သည် ဝင်္ဂန္တ၏သား အသျှင်ဥပသေနအား ပါစိတ်အာပတ်ကို ဒေသနာကြားစေကုန်အံ့” ဟု တံခါးမုခ် ပြင်ပ၌ ရပ်တည်ကုန်၏၊ ထိုအခါ ဝင်္ဂန္တ၏သား အသျှင်ဥပသေနသည် ပရိသတ် နှင့် တကွ နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရှိအသေပြုကာ ဖဲသွားလေ၏၊ ထိုအခါ ထိုရဟန်းတို့သည် ဝင်္ဂန္တ၏သား အသျှင် ဥပသေနကို “ငါ့ချင် ဥပသေန သာဝတ္ထိမြို့၌နေသော သံဃာ၏ကတိကဝတ်ကို သိ၏ လော” ဟု ဆိုကုန်၏။

မြတ်စွာဘုရားသည်လည်း အကျွန်ုပ်ကို—

“ဥပသေန သင်သည် သာဝတ္ထိမြို့၌ နေသော သံဃာ၏ ကတိကဝတ်ကို သိ၏လော” ဟု ဤနည်းအတိုင်းပင် မိန့်တော်မူပါသည်။

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်သည် သာဝတ္ထိမြို့၌ နေသော သံဃာ၏ ကတိကဝတ်ကို မသိပါ ဟု (လျှောက်ပါသည်)။

ဥပသေန သာဝတ္ထိမြို့၌နေသော သံဃာသည် "ငါ့သျှင်တို့ မြတ်စွာဘုရားသည် သုံးလပတ်လုံး (တပါးတည်း) ကိန်းအောင်းနေခြင်းငှါ အလိုရှိတော်မူသည်၊ ဆွမ်းပို့ဆောင်သော ရဟန်းမှတပါး မည်သူတဦးတယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရ၊ ချဉ်းကပ်သူ ရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာကြားရမည် ဟု ကတိကဝတ်ကို ပြုအပ်၏" ဟု (မိန့်တော်မူပါသည်)။

အသျှင်ဘုရားတို့ သာဝတ္ထိမြို့၌နေသော သံဃာသည် မိမိပြုသော ကတိကဝတ်ဖြင့် ထင်ရှားပါလိမ့်မည်၊ အကျွန်ုပ်တို့သည် မပညတ်အပ်သေးသည်ကို မပညတ်ပါ၊ ပညတ်အပ်ပြီးသည်ကိုလည်း မချိုးဖျက်ကြပါ၊ ပညတ်တော်မူအပ်တိုင်းကုန်သော သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ကြပါကုန်၏ ဟု (လျှောက်ခဲ့ပါသည်)။

"ငါ့သျှင်တို့ မြတ်စွာဘုရားသည် တောကျောင်းနေရဟန်း ပိဏ္ဍပါတ် ဓုတင်ဆောင်ရဟန်း ပံသုကူဆောင် ရဟန်းတို့သည် အလိုရှိတိုင်း ငါ့ကိုဖူးမြော်ရန် ချဉ်းကပ်ကြပါစေ" ဟု ခွင့်ပြုတော် မူအပ်ပြီ ဟု (လျှောက်၏)။

ထိုအခါ ထိုရဟန်းတို့သည် ဥပသေနသည် အမှန်ကိုသာဆိုပေသည်၊ "မပညတ်အပ်သေးသည်ကို ပညတ်ရမည်မဟုတ်၊ ပညတ်အပ်ပြီးကိုလည်း ချိုးဖျက်ရမည်မဟုတ်၊ ပညတ်တော်မူအပ်တိုင်းကုန်သော သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရပေမည်" ဟု ဆိုကုန်၏။

ရဟန်းတို့သည် "မြတ်စွာဘုရားသည် တောကျောင်းနေ ရဟန်း ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်း ပံသုကူဆောင် ရဟန်းတို့သည် အလိုရှိတိုင်း ငါ့ကို ဖူးမြော်ရန် ချဉ်းကပ်ကြစေ" ဟု ခွင့်ပြုတော်မူအပ်သတတ်ဟု ကြားကြသောကြောင့် မြတ်စွာဘုရားကို ဖူးမြော် လိုကုန်ရကား အခင်းတို့ကို စွန့်၍ အာရညကင်ဓုတင် ပိဏ္ဍပါတ်ဓုတင် ပံသုကူဓုတင်ကို ဆောက်တည်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းတို့နှင့်အတူ ကျောင်းစဉ် ဒေသစာရီ လှည့်လည်တော်မူလတ်သော် ထိုထိုအရပ်တို့၌ စွန့်ထားအပ်သော အခင်းတို့ကို မြင်တော်မူ၏၊ ထို့နောက် ရဟန်းတို့ကို "ရဟန်းတို့ ထိုထိုအရပ်၌ စွန့်ထားအပ်သော ဤအခင်းတို့သည် မည်သူ၏ အခင်းတို့နည်း" ဟု မေးတော်မူ၏၊ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏။

"ရဟန်းတို့ သို့ဖြစ်လျှင် ရဟန်းတို့အား သံဃာတော်၏ ကောင်းပါပြီ ဟု ဝန်ခံကျင့်သုံးရန် သံဃာတော်များ ချမ်းသာစေရန်။ပ။ ဟူသော အကျိုးထူးဆယ်ပါးတို့ကို အစွဲပြု၍ သိက္ခာပုဒ်ကို ပညတ်မည်။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၃၄။ ၁၅-၅၆၇။ "နိသီဒိုင် အခင်းကို ပြုလုပ်စေလိုသော ရဟန်းသည် အခင်းဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရား အထွာတော် ပမာဏမျှလောက်ကို အဆင်းပျက်အောင်**

http://www.dhammadownload.com



**ပြုခြင်းငှါ ယူရမည်၊ ရဟန်းသည် အခင်းဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရား အထွာတော် ပမာဏမျှလောက်ကို မယူပဲ နိသီဒိုင် အခင်းသစ်ကို ပြုစေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ဟု မိန့်တော်မူ၏)။**

## ၅–နိသီဒနသန္ထတသိက္ခာပုဒ် အဖွင့်

၅၆၈။ **နိသီဒိုင်** မည်သည် အဆာ (အမြိတ်) ရှိသော အခင်းကို ဆိုအပ်၏။

**အခင်း** မည်သည် မရက်ပဲ ဖြန့်၍ ပြုအပ်သော အခင်းတည်း။

**ပြုလုပ်စေလိုသော** ဟူသည် (ကိုယ်တိုင်) ပြုသော်၎င်း (သူတပါးတို့ကို) ပြုစေသော်၎င်း။

**အခင်းဟောင်း** မည်သည် တကြိမ်ဝတ် * အပ်သော်၎င်း တကြိမ်ရုံအပ်သော်၎င်း (ဖြစ်သော အခင်းတည်း။)

**ထက်ဝန်းကျင်မှ မြတ်စွာဘုရား အထွာတော် ပမာဏမျှလောက်ကို အဆင်းပျက်အောင် ပြုခြင်းငှါယူရမည်** ဟူသည် ခိုင်ခံ့စေရန်အလို့ငှါ အဝိုင်းကိုသော်၎င်း လေးထောင့်ကိုသော်၎င်း ဖြတ်၍ တနေရာ၌သော်လည်း ဖြန့်ခင်းရမည်၊ ဖြေ၍သော်လည်း ဖြန့်ခင်းရမည်။

**ရဟန်းသည် အခင်းဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရားအထွာတော် ပမာဏမျှလောက်ကို မယူပဲ** ဟူသည် အခင်းဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရား အထွာတော် ပမာဏမျှလောက်ကို မယူမူ၍။

နိသီဒိုင် အခင်းသစ်ကို (ကိုယ်တိုင်သော်လည်း) ပြုအံ့၊ (သူတပါးတို့ကိုသော်လည်း) ပြုစေအံ့၊ အားထုတ်မှုပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ နိသီဒိုင် အခင်းသည် အခင်းဟောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရားအထွာတော် ပမာဏမျှလောက်ကို မယူပဲ ပြုလုပ်စေအပ်သဖြင့် စွန့်ထိုက်ပါသည်၊ အကျွန်ုပ်သည် ဤနိသီဒိုင် အခင်းကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၅၆၉။ မိမိသည် ပြု၍ မပြီးသေးသည်ကို မိမိကိုယ်တိုင် ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ မိမိသည် ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ သူတပါးတို့သည် ပြု၍ မပြီးသေးသည်ကို မိမိကိုယ်တိုင် ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ သူတပါးတို့သည် ပြု၍ မပြီးသေးသည်ကို သူတပါးတို့ကို ပြီးဆုံးစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ သူတပါး၏အကျိုးငှါ (ကိုယ်တိုင်သော်လည်း) ပြုအံ့၊ (သူတပါးတို့ကိုသော်လည်း) ပြုစေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

---

* တကြိမ်ဝတ် တကြိမ်ရုံ ဟူသည် တကြိမ်ထိုင် တကြိမ်လျောင်းစက်ခြင်းကို ဆိုလိုသည်။

http://www.dhammadownload.com



၅၇၀။ အခင်းဖြောင်း၏ ထက်ဝန်းကျင်မှ မြတ်စွာဘုရားအထွာတော် ပမာဏမျှလောက်ကို ယူ၍ ပြုအံ့၊ မရသဖြင့် အနည်းငယ်ယူ၍ ပြုအံ့၊ မရသဖြင့် မယူပဲပြုအံ့၊ အခြားသူသည် ပြုအပ်ပြီးကိုရ၍ သုံးဆောင်အံ့၊ အာပတ် မသင့်၊ ဗိတာန် 'မျက်နှာကြက်' ကိုသော်၎င်း မြေအခင်းကိုသော်၎င်း တင်းတိမ် 'ကန့်လန့်ကာ' ကို သော်၎င်း ဘုံလျို 'ဖုံ' ကို သော်၎င်း ခေါင်းအုံးကိုသော်၎င်း ပြုအံ့၊ အာပတ် မသင့်။ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ပဌမ နိသီဒနသန္ထတသိက္ခာပုဒ် ပြီး၏။

---

## ၂-ကောသိယဝဂ် ၆-ဥ္ဓေကလောမသိက္ခာပုဒ်

၅၇၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ရဟန်းတပါးသည် ကောသလ ဇနပုဒ် သာဝတ္ထိမြို့သို့ သွားစဉ် လမ်းခရီးအကြား၌ သိုးမွေးတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုအခါ ထိုရဟန်းသည် ထိုသိုးမွေးတို့ကို ကေသိဖြင့် အထုပ်ဖွဲ့၍ (ယူ) သွား၏။

လူတို့သည် ထိုရဟန်းကိုမြင်၍ "အသျှင်ဘုရား အသျှင်သည် အဘယ်မျှလောက်သော အဖိုးဖြင့် ဝယ်အပ်ပါကုန်သနည်း၊ အဘယ်မျှလောက် အမြတ်ကို ရပါမည်နည်း" ဟု ပြက်ရယ်ပြောင်လှောင်ကြကုန်၏၊ ထိုရဟန်းသည် ထိုလူတို့က ပြက်ရယ်ပြောင်လှောင်အပ်ရကား မျက်နှာမလှ ဖြစ်လေ၏၊ ထိုအခါ ထိုရဟန်းသည် သာဝတ္ထိမြို့သို့ သွား၍ ထို သိုးမွေးတို့ကို ရပ်လျက်ပင် ပစ်ချလိုက်၏။

ရဟန်းတို့သည် ထိုရဟန်းကို "ငါ့သျှင် သင်သည် အဘယ့်ကြောင့် ဤ သိုးမွေးတို့ကို ရပ်လျက်ပင် ပစ်ချလိုက်သနည်း" ဟု မေးကြကုန်၏။

ငါ့သျှင်တို့ ဖြစ်သမျှအကြောင်းစုံကို ပြောရလျှင် ဤသိုးမွေးတို့၏ အကြောင်းကြောင့်ပင် ငါ့ကို လူတို့က ပြောင်လှောင်အပ်သည် မဟုတ်လော ဟု (ဆို၏)။

ငါ့သျှင် သင်သည် ဘယ်မျှဝေးသော အရပ်မှ ဤသိုးမွေးတို့ကို ဆောင်လာသနည်း ဟု (မေးကြပြန်ရာ)။

ငါ့သျှင်တို့ သုံးယူဇနာထက်ကျော်လွန်ပါသည် ဟု (ဆို၏)။

အလိုနည်းသော ရဟန်းတို့သည် "ရဟန်းသည် သုံးယူဇနာထက် အလွန် သိုးမွေးတို့ကို အဘယ့်ကြောင့် ဆောင်လာဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ထိုရဟန်းကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်း သင်သည် သုံးယူဇနာထက်အလွန် သိုးမွေးတို့ကို ဆောင်လာ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏၊ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် သုံးယူဇနာထက် အလွန် သိုးမွေးတို့ကို ဆောင်လာဘိသနည်း၊

http://www.dhammadownload.com



(မင်္ဂလိပ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း ။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၃၅။ ၁၆-၃၇၂။ **"ရှည်သော ခရီးသို့ သွားသော ရဟန်းအား သိုးမွေးတို့သည် ဖြစ်ပေါ် ကုန်ငြားအံ့၊ အလိုရှိသော ရဟန်းသည် ခံယူရာသည်၊ ခံယူပြီးနောက် ဆောင်ယူမည့်သူ မရှိခဲ့ သော် သုံးယူဇနာတိုင်တိုင် မိမိလက်ဖြင့် ဆောင်ယူနိုင်သည်၊ အကယ်၍ ထိုသုံးယူဇနာထက် အလွန် ဆောင်ယူငြားအံ့၊ ဆောင်ယူမည့်သူ မရှိသော်လည်း (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-ဧဠကလောမသိက္ခာပုဒ် အဖွင့်

၃၇၃။ **ရှည်သောခရီးသို့ သွားသော ရဟန်းအား** ဟူသည် လမ်းခရီးသို့သွားသော ရဟန်းအား။

**သိုးမွေးတို့သည် ဖြစ်ပေါ်ကုန်ငြားအံ့** ဟူသည် သံဃာမှသော်ငင်း ဂိုဏ်းမှသော်ငင်း ဆွေမျိုးမှ သော်ငင်း မိတ်ဆွေမှသော်ငင်း ပံသုကူသော်ငင်း မိမိ၏ ဥစ္စာဖြင့်သော်ငင်း ဖြစ်ပေါ်ကုန်ငြားအံ့။

**အလိုရှိသော ရဟန်းသည်** ဟူသည် လိုချင်သော ရဟန်းသည် ခံယူရာသည်။

**ခံယူပြီးနောက် သုံးယူဇနာတိုင်တိုင် မိမိလက်ဖြင့် ဆောင်ယူနိုင်သည်** ဟူသည် သုံးယူဇနာတိုင် အောင် မိမိလက်ဖြင့် ဆောင်နိုင်သည်။

**ဆောင်ယူမည့်သူ မရှိခဲ့သော်** ဟူသည် အခြားသော မိန်းမသော်ငင်း ယောကျ်ားသော်ငင်း အိမ်နေသူ (လူ) သော်ငင်း ရဟန်းသော်ငင်း တဦးတယောက်ဆောင်မည့်သူ မရှိခဲ့သော်။

**အကယ်၍ ထိုထက်အလွန် ဆောင်ယူငြားအံ့ ဆောင်ယူမည့်သူ မရှိသော်လည်း** ဟူသည် ပဌမ ခြေကို သုံးယူဇနာကို လွန်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ဒုတိယ ခြေကို လွန်စေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ သုံးယူဇနာအတွင်း၌ ရပ်တည်၍ သုံးယူဇနာ အပြင်ပ၌ ကျစေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

အခြားသူသည် မသိစဉ် ယာဉ်၌သော်ငင်း ဘဏ္ဍာ၌သော်ငင်း ထည့်၍ သုံးယူဇနာကို လွန်စေအံ့၊ စွန့်ခြင်း (ဝိနည်းကံ) ရှိကုန်၏။ သံဃာအားသော်ငင်း ဂိုဏ်းအားသော်ငင်း ပုဂ္ဂိုလ်အားသော်ငင်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ သိုးမွေးတို့သည် သုံးယူဇနာကို လွန်စေအပ်ကုန်သဖြင့် စွန့် ထိုက်ပါကုန်၏၊ အကျွန်ုပ်သည် ဤသိုးမွေးတို့ကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၃၇၄။ သုံးယူဇနာထက် လွန်သည်၌ လွန်သည် ဟု ထင်မှတ်ခြင်းရှိ၍ လွန်စေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ သုံးယူဇနာထက် လွန်သည်၌ ယုံမှားရှိ၍ လွန်စေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ သုံးယူဇနာထက် လွန်သည်၌ ယုတ်လျော့သည် ဟု ထင်မှတ်ခြင်းရှိ၍ လွန်စေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

http://www.dhammadownload.com



သုံးယူဇနာအောက် ယုတ်လျော့သည်၌ အလွန် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သုံးယူဇနာအောက် ယုတ်လျော့သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ သုံးယူဇနာအောက် ယုတ်လျော့သည်၌ ယုတ်လျော့သည် ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၅၇၅။ သုံးယူဇနာဆောင်အံ့၊ သုံးယူဇနာအောက် ယုတ်လျော့၍ ဆောင်အံ့၊ အာပတ်မသင့်၊ သုံးယူဇနာ ဆောင်သွားအံ့၊ ပြန်ဆောင်လာအံ့၊ သုံးယူဇနာသို့ နေလို၍ သွားပြီးလျှင် ထိုမှ ပြင်ပသို့ ဆောင်အံ့၊ လုယက်အပ်သည်ကို 'ခိုးသူပစ်ထားအပ်သည်ကို' ရ၍ ဆောင်အံ့၊ စွန့်ပြီး 'ဝိနည်းကံပြုပြီး' ကိုရ၍ ဆောင်အံ့၊ အခြားသူကို ဆောင်စေအံ့၊ ပြုအပ်ပြီး ဘဏ္ဍာ 'ကော်ဇော စသည် ဖြစ်ပြီး' ကို ဆောင်အံ့၊ အာပတ် မသင့်။ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဆဋ္ဌ ဧဠကလောမသိက္ခာပုဒ် ပြီး၏။

---

## ၂-ကောသိယဝဂ် ၇-ဧဠကလောမဓောဝါပန သိက္ခာပုဒ်

၅၇၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက္ကတိုင်းကပိလဝတ်မြို့ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဘိက္ခုနီမတို့အား သိုးမွေးတို့ကို ဖွပ်လည်း ဖွပ်စေကုန်၏၊ ဆိုးလည်း ဆိုးစေကုန်၏၊ ဖြေရှင်းလည်း ဖြေရှင်းစေကုန်၏၊ သိုးမွေးတို့ကို ဖွပ်ဆိုး ဖြေရှင်းကြသော ဘိက္ခုနီမတို့သည် သိက္ခာပုဒ်ကို သင်ခြင်း အပြန်အလှန်မေးမြန်းခြင်းနှင့် အဓိသီလ အဓိစိတ္တ အဓိပညာ လုပ်ငန်းတို့ကို ပစ်ထားကြရကုန်၏၊ ထိုအခါ မဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ရပ်နေ၏၊ တခုသော နေရာ၌ရပ်နေသော မဟာပဇာပတိ ဂေါတမီကို မြတ်စွာဘုရားသည် "ဂေါတမီ ဘိက္ခုနီမတို့သည် မမေ့မလျော့ ပြင်းစွာအားထုတ်လျက် တည်ကြည်သော စိတ်ရှိကြသည်ဖြစ်၍ နေကြကုန်၏လော" ဟု မေးတော်မူ၏။

အသျှင်ဘုရား ဘိက္ခုနီမတို့အား မမေ့လျော့ခြင်း သတိသည် အဘယ်မှာ ရှိနိုင်ပါမည်နည်း၊ ဆဗ္ဗဂ္ဂီရဟန်းတော်တို့သည် ဘိက္ခုနီမတို့အား သိုးမွေးတို့ကို ဖွပ်လည်း ဖွပ်စေကြပါသည်၊ ဆိုးလည်း ဆိုးစေကြပါသည်၊ ဖြေရှင်းလည်း ဖြေရှင်းစေကြပါသည်၊ သိုးမွေးတို့ကို ဖွပ်ဆိုးဖြေရှင်းကြရကုန်သော ဘိက္ခုနီမတို့သည် သိက္ခာပုဒ်ကို သင်ခြင်း အပြန်အလှန် မေးမြန်းခြင်းနှင့် အဓိသီလ အဓိစိတ္တ အဓိပညာ လုပ်ငန်းတို့ကို ပစ်ထားကြရပါသည် ဟု (လျှောက်၏)။

ထိုအခါ မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားက တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေ၍ ရွှင်လန်းစေပြီး ဖြစ်ရကား မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုကာ ဖဲသွားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် ရဟန်းသံဃာကို စည်းဝေးစေပြီးလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့ကို—

"ရဟန်းတို့ သင်တို့သည် ဘိက္ခုနီမတို့အား သိုးမွေးတို့ကို ဖွပ်လည်း ဖွပ်စေကြ၏၊ ဆိုးလည်း ဆိုးစေကြ၏၊ ဖြေရှင်းလည်း ဖြေရှင်းစေကြ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ သင်တို့နှင့် ဆွေမျိုးတော်စပ်ကြသလော ဆွေမျိုးမတော်စပ်ကြသလော ဟု (မေးတော်မူရာ)

မြတ်စွာဘုရား ဆွေမျိုးမတော်စပ်ကြပါ ဟု (လျှောက်ကြကုန်၏)။

(မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဆွေမျိုးမတော်စပ်သော သူတို့သည် ဆွေမျိုးမတော်စပ်သော သူတို့၏ သင့်တော်သည်ကိုငှင်း မသင့်တော်သည်ကိုငှင်း ကြည်ညိုဖွယ်ရှိသည်ကိုငှင်း ကြည်ညိုဖွယ်မရှိသည်ကိုငှင်း မသိကြပေ၊ (မင်္ဂဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့ ထိုသို့ ဖြစ်လျက် သင်တို့သည် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမတို့အား သိုးမွေးတို့ကို ဖွပ်လည်း ဖွပ်စေကုန်ဘိသနည်း၊ ဆိုးလည်း ဆိုးစေကုန်ဘိသနည်း၊ ဖြေရှင်းလည်း ဖြေရှင်းစေကုန်ဘိသနည်း၊ (မင်္ဂဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၃၆။ ၁၇-၅၇၇။ **"အကြင် ရဟန်းသည် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမအား သိုးမွေးတို့ကို ဖွပ်လည်း ဖွပ်စေငြားအံ့၊ ဆိုးလည်း ဆိုးစေငြားအံ့၊ ဖြေရှင်းလည်း ဖြေရှင်းစေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-ဧဠကလောမဓောဝါပနသိက္ခာပုဒ် အဖွင့်

၅၇၈။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည် ။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ဆွေမျိုးမတော်စပ်သော** ဟူသည် အမိဘက်မှသော်ငှင်း အဖဘက်မှသော်ငှင်း ခုနစ်ဆက်မြောက် ဘိုးဘေး အစုံတိုင်အောင် မဆက်စပ်သော။

**ဘိက္ခုနီမ** မည်သည် နှစ်ဖက်သော သံဃာ၌ ပဥ္စင်းဖြစ်သော (ဘိက္ခုနီမတည်း)။

ဖွပ်လော့ ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ဖွပ်အပ်ပြီး သိုးမွေးတို့သည် စွန့်ခြင်း (ဝိနည်းကံ ရှိကုန်၏။ ဆိုးလော့ ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆိုးအပ်ပြီး သိုးမွေးတို့သည် စွန့်ခြင်း (ဝိနည်းကံ) ရှိကုန်၏။ ဖြေရှင်းလော့ ဟု စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ဖြေရှင်းအပ်ပြီး သိုးမွေးတို့သည် စွန့်ခြင်း (ဝိနည်းကံ) ရှိကုန်၏။ သံဃာအားသော်ငှင်း ဂိုဏ်းအားသော်ငှင်း ပုဂ္ဂိုလ်အားသော်ငှင်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ သိုးမွေးတို့သည် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမကို ဖွပ်စေအပ်သဖြင့် စွန့်ထိုက်ပါကုန်၏၊ အကျွန်ုပ်သည် ဤသိုးမွေးတို့ကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

http://www.dhammadownload.com



၅၇၉။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဖွပ်စေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဖွပ်စေအံ့၊ ဆိုးစေအံ့၊ နိဿဂ္ဂိ နှင့် ဒုက္ကဋ် အာပတ် (တချက်) သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဖွပ်စေအံ့၊ ဖြေရှင်းစေအံ့၊ နိဿဂ္ဂိ နှင့် ဒုက္ကဋ် အာပတ် (တချက်) သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဖွပ်စေအံ့၊ ဆိုးစေအံ့၊ ဖြေရှင်းစေအံ့၊ နိဿဂ္ဂိ နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဆိုးစေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဆိုးစေအံ့၊ ဖြေရှင်းစေအံ့၊ နိဿဂ္ဂိ နှင့် ဒုက္ကဋ် အာပတ် (တချက်) သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဆိုးစေအံ့၊ ဖွပ်စေအံ့၊ နိဿဂ္ဂိ နှင့် ဒုက္ကဋ် အာပတ် (တချက်) သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဆိုးစေအံ့၊ ဖြေရှင်းအံ့၊ ဖွပ်စေအံ့၊ နိဿဂ္ဂိ နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဖြေရှင်းစေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဖြေရှင်းစေအံ့၊ ဖွပ်စေအံ့၊ နိဿဂ္ဂိ နှင့် ဒုက္ကဋ် အာပတ် (တချက်) သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဖြေရှင်းစေအံ့၊ ဆိုးစေအံ့၊ နိဿဂ္ဂိနှင့် ဒုက္ကဋ် အာပတ် (တချက်) သင့်၏။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိ၍ သိုးမွေးတို့ကို ဖြေရှင်းစေအံ့၊ ဖွပ်စေအံ့၊ ဆိုးစေအံ့၊ နိဿဂ္ဂိ နှင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်၏။

၅၈၀။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ယုံမှားရှိ၍ ။ပ။ ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးတော်စပ် သည် ဟု ထင်မှတ်ခြင်းရှိ၍။ပ။

အခြားသူ၏ သိုးမွေးတို့ကို ဖွပ်စေအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ဘိက္ခုနီမတို့၏ အထံ၌သာရဟန်းပြုသော ဘိက္ခုနီမအား ဖွပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမ၌ ဆွေမျိုးတော်စပ် သည် ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၅၈၁။ ဆွေမျိုးတော်စပ်သော ဘိက္ခုနီမသည် ဖွပ်စဉ် ဆွေမျိုးမတော်စပ်သော ဘိက္ခုနီမသည် အဖော် ပြုအံ့၊ (ဖွပ်လော့) ပဟု မဆိုအပ်ပဲ ဖွပ်အံ့၊ အာပတ် မသင့်။ မသုံးဆောင်အပ်သေးသော ပြုအပ်ပြီးဘဏ္ဍာ 'ကော်ဇော စသည် ဖြစ်ပြီး' ကို ဖွပ်စေအံ့၊ အာပတ် မသင့်။ သိက္ခမာန် သာမဏေမ အား (ဖွပ်စေအံ့)၊ ရူးသော ရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

http://www.dhammadownload.com



## ၂-ကောသိယဝဂ် ၈-ရူပိယသိက္ခာပုဒ်

၅၈၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် အမျိုးတမျိုး၏ အိမ်သို့ ကပ်သော အမြဲဆွမ်းဝတ်ရှိသော ရဟန်းဖြစ်၏၊ ထိုအမျိုး၌ အကြင်ခဲဖွယ်သည်ရှင်း ဘောဇဉ်သည်ရှင်း ဖြစ်အံ့၊ ထိုခဲဖွယ်ဘောဇဉ်မှ သာကီဝင်မင်းသား အသျှင်ဥပနန္ဒအတွက် အဖို့ 'အစု' ထားရ၏။

ထိုအခါ ညချမ်းအချိန်တွင် ထိုအမျိုး၌ စမဲဟင်းလျာဖြစ်ပေါ်၏၊ ထိုစမဲဟင်းလျာမှ သာကီဝင်မင်းသား အသျှင် ဥပနန္ဒ၏ အဖို့ကို ဖယ်ထား၏၊ ထိုအမျိုး၏ ကလေး 'သူငယ်' သည် နံနက်စောစောထ၍ "အကျွန်ုပ်အား စမဲဟင်းလျာကို ပေးကြလော့" ဟု ငို၏၊ ထိုအခါ ထိုယောကျ်ားသည် ဇနီးကို "အသျှင့်အတွက် အဖို့ 'အစု' ကို ကလေး 'သူငယ်' အား ပေးလော့၊ အခြား (ဟင်းလျာ) ကို ဝယ်၍ အသျှင့်အား လှူကုန်အံ့" ပြောဆို၏။

ထိုအခါ သာကီဝင် မင်းသား အသျှင် ဥပနန္ဒသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ ထိုအမျိုးထံသို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်၏၊ ထိုအခါ ထိုယောကျ်ားသည် သာကီဝင် မင်းသား အသျှင် ဥပနန္ဒထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် သာကီဝင်မင်းသား အသျှင် ဥပနန္ဒကို "အသျှင်ဘုရား ယမန်နေ့ ညချမ်းအချိန်က စမဲဟင်းလျာဖြစ်ပေါ်ပါသည်၊ ထိုစမဲဟင်းလျာမှ အသျှင့် အတွက် အဖို့ 'အစု' ကို ထားပါသည်၊ အသျှင်ဘုရား ဤကလေး 'သူငယ်' သည် နံနက်စောစောထ၍ 'အကျွန်ုပ်အား စမဲဟင်းလျာကို ပေးကြလော့' ဟု ငိုပါသည်၊ အသျှင့် အတွက် အဖို့ 'အစု' ကို ကလေး 'သူငယ်' အား ပေးရပါသည်၊ အသျှင်ဘုရား အသပြာဖြင့် အဘယ်ကို ဆောင်လာရပါမည် နည်း" ဟု လျှောက်၏။

ဒါယကာ အသပြာကို ငါ့အား စွန့်လှူပြီး ဖြစ်သလော ဟု (မေး၏)။

မှန်ပါသည် အသျှင်ဘုရား စွန့်လှူပြီးပါပြီ ဟု (လျှောက်၏)။

ဒါယကာ ငါ့အား ထိုအသပြာကိုပင် ပေးလော့ ဟု (ဆို၏)။

ထိုအခါ ထိုယောကျ်ားသည် သာကီဝင်မင်းသား အသျှင် ဥပနန္ဒအား အသပြာကို ပေးလှူပြီးနောက် "ငါတို့သည် ရွှေငွေကို ခံယူသကဲ့သို့ ဤအတူပင် ဤသာကီဝင် မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို ခံယူကြကုန်၏" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုယောကျ်ား၏ (စကားကို) ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် အဘယ့်ကြောင့် ရွှေငွေကို ခံယူဘိသနည်း ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ရွှေငွေကို ခံယူ၏ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်၏)။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် အဘယ့်ကြောင့် ရွှေငွေကို ခံယူဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသောအမှု)သည် မကြည်ညိုသေးသော ဒု ိအား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၃၇။ ၁၈-၅၈၃။ "အကြင် ရဟန်းသည် ရွှေ ငွေကို (ကိုယ်တိုင်သော်လည်း) **ခံယူငြားအံ့၊** (သူတပါးကိုသော်လည်း) ခံယူစေငြားအံ့၊ အနီး၌ ချထားအပ်သည်ကို **သော်လည်း သာယာငြားအံ့၊** (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-ရူပိယသိက္ခာပုဒ် အဖွင့်

၅၈၄။ **အကြင်** ဟူသည် အကြင်သို့သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ **ရောက်သူကို "ရဟန်း"** ဟု အလိုရှိအပ်၏။

**ရွှေ** မည်သည် ဘုရားအဆင်းတော်နှင့်တူသော ဝတ္ထုကိုဆိုအပ်၏။

**ငွေ** မည်သည် အသပြာ ကြေးပိုက်ဆံ သစ်သားပိုက်ဆံ ချိပ်ပိုက်ဆံ အရောင်းအဝယ် ဖြစ်နိုင်သမျှ ဝတ္ထုတည်း။

**ခံယူငြားအံ့** ဟူသည် ကိုယ်တိုင်ခံယူအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

**ခံယူစေငြားအံ့** ဟူသည် အခြားသူကို ခံယူစေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

**အနီး၌ချထားအပ်သည်ကိုသော်လည်း သာယာငြားအံ့** ဟူသည် ဤ (ရွှေငွေ) သည် အသျှင့်အတွက်ဖြစ်စေ ဟု အနီး၌ ချထားအပ်သည်ကို သာယာငြားအံ့၊ စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာ အလယ်၌ စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။

ထို(ရွှေငွေ) ခံသော ရဟန်းသည် သံဃာသို့ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ကြီးကုန်သော ရဟန်းတို့၏ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် ရွှေငွေကို ခံယူမိပါ၏၊ ဤအကျွန်ုပ်၏ ရွှေငွေသည် စွန့်ခြင်း ဝိနည်းကံ ရှိပါသည်၊ အကျွန်ုပ်သည် ဤရွှေငွေကို သံဃာတော်အား စွန့်ပါသည်" ဟု ဆိုရာ၏။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် အာပတ်ကိုခံယူရမည်၊ အကယ်၍ ထိုအရပ်သို့ အရံစောင့်သော်ငင်း ဥပါသကာသော်ငင်းလာအံ့၊ ထိုသူကို "ငါ့သျှင် ဤ (ရွှေငွေ) ကိုသိလော့" ဟု ပြောရမည်၊ အကယ်၍ ထိုသူသည် "ဤ (ရွှေငွေ) ဖြင့် အဘယ်အရာကို ဆောင်လာရပါမည်နည်း" ဟု ဆိုအံ့၊ "ဤမည်ဤမည်သော အရာကို ဆောင်

http://www.dhammadownload.com



ခဲ့” ဟု မဆိုရ၊ ထောပတ်ကိုသော်၎င်း ဆီကိုသော်၎င်း ပျားရည်ကိုသော်၎င်း တင်လဲကိုသော်၎င်း အပ်စပ်သည်ကို ပြောရမည်၊ အကယ်၍ ထိုသူသည် ထို (ရွှေငွေ) ဖြင့်လဲလှယ်၍ အပ်စပ်သည်ကို ဆောင်ခဲ့အံ့၊ ရွှေငွေခံယူသော ရဟန်းကိုဖား၍ ရဟန်းအားလုံးတို့ပင် သုံးဆောင်အပ်၏။

အကယ်၍ ဤသို့ထို (ရွှေငွေလဲလှယ်မည့်) သူကိုရအံ့၊ ဤသို့ရခြင်းသည် ကောင်း၏၊ အကယ်၍ မရအံ့၊ ထိုသူကို “ဒါယကာ ဤရွှေငွေကို စွန့်ပစ်လော့” ဟု ပြောရမည်၊ ထိုသူသည် အကယ်၍ စွန့်ပစ်အံ့၊ ဤသို့ စွန့်ပစ်ခြင်းသည် ကောင်း၏၊ အကယ်၍ မစွန့်ပစ်အံ့၊ အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသောရဟန်းကို ရွှေငွေစွန့်ရဟန်း ဟု သမုတ်ရမည်၊ ၎င်းရဟန်းသည် ဆန္ဒာဂတိသို့မလိုက်ရာ၊ ဒေါသာဂတိသို့ မလိုက်ရာ၊ မောဟာဂတိသို့ မလိုက်ရာ၊ ဘယာဂတိသို့ မလိုက်ရာ၊ စွန့်အပ် မစွန့်အပ်သည်ကိုလည်း သိရာ၏။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကိုသိစေရမည်။

၅၈၅။ “အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သော အခါရှိသော ကံသည်ဖြစ်ငြားအံ့၊ သံဃာသည် ဤမည်သော ရဟန်းကို ရွှေငွေစွန့်ရဟန်းဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤမည်သော ရဟန်းကို ရွှေငွေစွန့်ရဟန်းဟု သမုတ်၏၊ အကြင်အသျှင်အား ဤမည်သောရဟန်းကို ရွှေငွေစွန့်ရဟန်းဟု သမုတ်ခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သောရဟန်းကို ရွှေငွေစွန့်ရဟန်းဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည်ဟု (သိစေရမည်)။

သမ္မုတိရပြီးသော ထိုရဟန်းသည် အမှတ်နိမိတ်ကို မပြုပဲ ကျစေရမည် ‘စွန့်ပစ်ရမည်’၊ အကယ်၍ အမှတ်နိမိတ်ကို ပြု၍ ကျစေအံ့ ‘စွန့်ပစ်အံ့’၊ ဒုက္ကဋ်အာပတ် သင့်၏။

၅၈၆။ ရွှေ ငွေ ၌ ရွှေငွေ ဟု ထင်မှတ်ခြင်းရှိ၍ ရွှေငွေကို ခံယူအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏။ ရွှေငွေ၌ ယုံမှားရှိ၍ ရွှေငွေကို ခံယူအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ရွှေငွေ၌ ရွှေငွေမဟုတ် ဟု ထင်မှတ်ခြင်းရှိ၍ ရွှေငွေကို ခံယူအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

ရွှေငွေမဟုတ်သည်၌ ရွှေငွေ ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ရွှေငွေမဟုတ်သည်၌ ယုံမှားခြင်းရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ရွှေငွေမဟုတ်သည်၌ ရွှေငွေမဟုတ် ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

အရံတွင်း၌သော်၎င်း တည်းခိုရာ စရပ်တွင်း၌ သော်၎င်း ကိုင်ယူ၍ သော်၎င်း ကိုင်ယူစေ၍သော်၎င်း “ဥစ္စာရှင် သည် ဆောင်ယူလတ္တံ့” ဟု ထားအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

**အဋ္ဌမ ရူပိယသိက္ခာပုဒ် ပြီး၏။**

http://www.dhammadownload.com



## ၂-ကောသိယဝဂ် ၈-ရူပိယသံဝေါဟာရသိက္ခာပုဒ်

၅၈၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော အခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အထူးထူး အပြားပြားသော ရွှေငွေ လဲလှယ် 'ရောင်းဝယ်' ခြင်းသို့ ရောက်ကြကုန်၏. လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အထူးထူး အပြားပြားသော ရွှေငွေလဲလှယ် 'ရောင်းဝယ်' ခြင်းသို့ အဘယ့်ကြောင့် ရောက်ကုန်ဘိသနည်း၊ ကာမဂုဏ် ခံစားကြသော လူတို့ကဲ့သို့ ပင်တည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အထူးထူးအပြားပြားသော ရွှေငွေ လဲလှယ် 'ရောင်းဝယ်' ခြင်းသို့ အဘယ့်ကြောင့် ရောက်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အထူးထူး အပြားပြားသော ရွှေငွေလဲလှယ် 'ရောင်းဝယ်'ခြင်းသို့ရောက်ကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အထူးထူးအပြားပြားသော ရွှေငွေလဲလှယ် 'ရောင်းဝယ်' ခြင်းသို့ အဘယ့်ကြောင့် ရောက်ကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း ။ပ ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၃၈။ ၁၉-၅၈၈။ "အကြင် ရဟန်းသည် အထူးထူးအပြားပြားသော ရွှေငွေ လဲလှယ် 'ရောင်းဝယ်' ခြင်းသို့ ရောက်ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-ရူပိယသံဝေါဟာရသိက္ခာပုဒ် အဖွင့်

၅၈၉။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**အထူးထူးအပြားပြားသော** မည်သည် ပြုအပ်ပြီးသည်ရင်း မပြုအပ်သေးသည်ရင်း ပြုအပ်ပြီး မပြုအပ်သေးသည်ရင်းတည်း။

http://www.dhammadownload.com



**ပြုအပ်ပြီး** မည်သည် ဦးခေါင်းတန်ဆာ လည်(ဆွဲ)တန်ဆာ လက်(ဝတ်)တန်ဆာ ခြေ(ကျင်း) တန်ဆာ ခါး (ဝတ်) တန်ဆာတည်း။

**မပြုအပ်သေး** မည်သည် အစိုင် အခဲပြုအပ်သော ရွှေတုံး ငွေတုံးကို ဆိုအပ်၏။

**ပြုအပ်ပြီးမပြုအပ်သေး** မည်သည် ထိုနှစ်မျိုးလုံးတည်း။

**ရွှေငွေ** မည်သည် ဘုရားအဆင်းတော်နှင့် တူသော ရွှေအသပြာ ကြေးပိုက်ဆံ သစ်သားပိုက်ဆံ ချိပ်ပိုက်ဆံ ရောင်းဝယ်မှုသို့ ရောက်သမျှ ဝတ္ထုတည်း။

**ရောက်ငြားအံ့** ဟူသည် ပြုအပ်ပြီးသော ရွှေငွေဖြင့် ပြုအပ်ပြီးသော ရွှေငွေကို ဝယ်စေအံ့၊နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ ပြုအပ်ပြီးသော ရွှေငွေဖြင့် မပြုအပ်သေးသော ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ပြုအပ်ပြီးသော ရွှေငွေဖြင့် ပြုအပ်ပြီး မပြုအပ်သေးသော ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ မပြုအပ်သေးသော ရွှေငွေဖြင့် ပြုအပ်ပြီး ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ မပြုအပ်သေးသော ရွှေငွေဖြင့် မပြုအပ်သေးသော ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ မပြုအပ်သေးသော ရွှေငွေဖြင့် ပြုအပ်ပြီး မပြုအပ်သေးသော ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ပြုအပ်ပြီး မပြုအပ်သေးသော ရွှေငွေဖြင့် ပြုအပ်ပြီးသော ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ပြုအပ်ပြီး မပြုအပ်သေးသော ရွှေငွေဖြင့် မပြုအပ်သေးသော ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ပြုအပ်ပြီး မပြုအပ်သေးသော ရွှေငွေဖြင့် ပြုအပ်ပြီး မပြုအပ်သေးသော ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ သံဃာ့အလယ်၌ စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။

ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုးလျက် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီးလျှင်—

"အသျှင်ဘုရားတို့ အကျွန်ုပ်သည် အထူးထူးအပြားပြားသော ရွှေငွေလဲလှယ် 'ရောင်းဝယ်' ခြင်းသို့ ရောက်ပါသည်၊ အကျွန်ုပ်၏ ဤရွှေ ငွေသည် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤ ရွှေငွေကို သံဃာအား စွန့်ပါ၏" ဟု ဆိုရာ၏။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် အာပတ်ကို ခံယူရမည်၊ အကယ်၍ ထိုအရပ်သို့ အရံစောင့်သော်၎င်း ဥပါသကာသော်၎င်း လာအံ့၊ ထို သူကို "ငါ့သျှင် ဤ (ရွှေငွေ) ကို သိလော့" ဟု ပြောရမည်၊ အကယ်၍ ထိုသူသည် "ဤရွှေငွေဖြင့် အဘယ်ကို ဆောင်လာရပါမည်နည်း" ဟု ဆိုအံ့၊ "ဤမည် ဤမည်သော အရာကို ဆောင်ခဲ့" ဟု မဆိုရ၊ ထောပတ်ကိုသော်၎င်း ဆီကိုသော်၎င်း တင်လဲကိုသော်၎င်း အပ်စပ်သည်ကို ပြောရမည်။ အကယ်၍ ထိုသူသည် ထိုရွှေငွေဖြင့် လဲလှယ်၍ အပ်စပ်သည်ကို ဆောင်ခဲ့အံ့၊ ရွှေငွေကို ခံယူသော ထိုရဟန်းကိုထား၍ ရဟန်းအားလုံးတို့ပင် သုံးဆောင်အပ်၏။

အကယ်၍ ဤသို့ ထို (ရွှေငွေလဲလှယ်မည့်) သူကို ရအံ့၊ ဤသို့ရခြင်းသည် **ကောင်း၏**၊ အကယ်၍ မရအံ့၊ ထိုသူကို "ငါ့သျှင် ဤရွှေငွေကို စွန့်ပစ်လော့" ဟု ပြောရမည်၊ ထိုသူသည် အကယ်၍ စွန့်ပစ်အံ့၊ ဤသို့ စွန့်ပစ်ခြင်းသည် **ကောင်း၏**၊ အကယ်၍ မစွန့်ပစ်အံ့၊ အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ရဟန်းကို **ရွှေငွေစွန့် ရဟန်း** ဟု သမုတ်ရမည်၊ ၎င်းရဟန်းသည် ဆန္ဒာဂတိသို့ မလိုက်ရာ၊ ဒေါသာ

http://www.dhammadownload.com



ဂတိသို့ မလိုက်ရာ၊ မောဟာဂတိသို့ မလိုက်ရာ၊ ဘယာဂတိသို့ မလိုက်ရာ၊ စွန့်ပစ်အပ် မစွန့်ပစ်အပ် ကိုလည်း သိရာ၏။

ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန် ရမည်၊ တောင်းပန်ပြီးနောက် ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

၅၉၀။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်တို့၏ (စကားကို) နာတော်မူလော့၊ သံဃာ အား ကျောက်ပတ်သော အခါရှိသော် ကံသည် ဖြစ်ပြီးအံ့၊ သံဃာသည် ဤမည်သော ရဟန်း ကို ရွှေငွေစွန့် ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်တို့၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤ မည်သော ရဟန်းကို ရွှေငွေစွန့် ရဟန်း ဟု သမုတ်၏၊ အကြင် အသျှင်အား ဤမည်သော ရဟန်းကို ရွှေငွေစွန့် ရဟန်း ဟု သမုတ်ခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေ ရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို ရွှေငွေစွန့် ရဟန်း ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်း ရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်)။

သမ္မုတိရပြီးသော ထိုရဟန်းသည် အမှတ် နိမိတ် မပြုပဲ ကျစေရမည် 'စွန့်ပစ်ရမည်'၊ အကယ်၍ အမှတ်နိမိတ် ပြု၍ကျစေအံ့ 'စွန့်ပစ်အံ့'၊ ဒုက္ကဋ်အာပတ် သင့်၏။

၅၉၁။ ရွှေငွေ၌ ရွှေငွေ ဟု ထင်မှတ်ခြင်းရှိ၍ ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ရွှေငွေ၌ ယုံမှားရှိ၍ ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ ရွှေငွေ၌ ရွှေငွေ မဟုတ်ဟု ထင်မှတ်ခြင်းရှိ၍ ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ရွှေငွေ မဟုတ်သည်၌ ရွှေငွေ ဟု ထင်မှတ်ခြင်းရှိ၍ ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ရွှေငွေ မဟုတ်သည်၌ ယုံမှားရှိ၍ ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ရွှေငွေ မဟုတ် သည်၌ ရွှေငွေမဟုတ် ဟု ထင်မှတ်ခြင်းရှိ၍ ရွှေငွေကို ဝယ်စေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

ရွှေငွေ မဟုတ် သည်၌ ရွှေငွေ ဟု ထင်မှတ်ခြင်း ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ရွှေငွေ မဟုတ် သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ရွှေငွေ မဟုတ်သည် ၌ ရွှေငွေမဟုတ် ဟု ထင်မှတ်ခြင်း ရှိအံ့၊ အာပတ် မသင့်။

၅၉၂။ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

နဝမ [illegible]ဝါဟာရသိက္ခာပုဒ် ပြီး၏။

---

## ၂-ကောသိယဝဂ် ၁၀-ကာယဝိက္ကယ သိက္ခာပုဒ်

၅၉၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒ သည် သက်နိး (ချုပ်) မှုကို ပြုခြင်း၌ စွမ်းနိုင်သူဖြစ်၏၊ ထိုဥပနန္ဒသည် အဝတ်စုတ် ဒုကုဋ်သက်နိးကို

http://www.dhammadownload.com



ချုပ်ပြီးလျှင် ကောင်းစွာဆိုး ကောင်းစွာအပြေအပြစ်ပြု၍ ဝတ်ရုံ၏၊ ထိုအခါ ပရိဗိုဇ်တယောက်သည် အဖိုးများစွာထိုက်တန်သော အဝတ်ကိုဝတ်ရုံ၍ သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ ချဉ်းကပ်ပြီးလျှင် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို "ငါ့သျှင် သင်၏ ဤ ဒုကုဋ် သင်္ကန်းသည် ကောင်းပေ၏၊ ငါ၏အဝတ်နှင့် လဲလှယ်လော့" ဟု ပြောဆို၏။

ငါ့သျှင် သိလော့ ဟု (ဆို၏)။

အိမ်း ငါ့သျှင် သိပါသည် ဟု (ပြန်ဆို၏)။

ငါ့သျှင် ယူလော့ ဟု ပေးလေ၏။

ထိုအခါ ပရိဗိုဇ်သည် ထို ဒုကုဋ်ကို ရုံ၍ ပရိဗိုဇ်အရံသို့ သွား၏၊ ပရိဗိုဇ်တို့သည် ထို ပရိဗိုဇ်ကို "ငါ့သျှင် သင်၏ ဤ ဒုကုဋ်သည် ကောင်းပေ၏၊ သင်သည် အဘယ် အရပ်မှ ရခဲ့သနည်း" ဟု ပြောဆိုကြကုန်၏။

ငါ့သျှင်တို့ ငါ၏ ထိုအဝတ်နှင့် လဲလှယ်ခဲ့ပေသည် ဟု (ပြောဆို၏)။

ငါ့သျှင် သင်၏ ဤ ဒုကုဋ်သည် ဘယ်နှစ်ရက်ခံမည်နည်း၊ သင်၏ ထို အဝတ်သည်သာ ကောင်းပေ၏ ဟု (ဆိုကြကုန်၏)။

ထိုအခါ ထိုပရိဗိုဇ်သည် "ပရိဗိုဇ်တို့သည် အမှန်ကို ဆိုကြပေသည်၊ ငါ၏ ဤ ဒုကုဋ်သည် ဘယ်နှစ်ရက်ခံမည်နည်း၊ ငါ၏ ထိုအဝတ်သည်သာ ကောင်းပေ၏" ဟု သာကီဝင်မင်းသား အသျှင် ဥပနန္ဒထံသို့ ချဉ်းကပ်၍ သာကီဝင်မင်းသား အသျှင် ဥပနန္ဒကို "ငါ့သျှင် သင်၏ ဒုကုဋ်ကို ယူလော့၊ ငါ၏ အဝတ်ကို ပေးလော့" ဟု (ဆိုလေ၏)။

ငါ့သျှင် ငါသည် သင့်ကို "ငါ့သျှင် သိလော့" ဟု ဆိုခဲ့သည် မဟုတ်လော၊ ငါသည် ပေးလိမ့်မည် မဟုတ် ဟု ဆို၏၊

ထိုအခါ ထိုပရိဗိုဇ်သည် "လူသည်ပင်သော်မှ နှလုံးမသာယာသူ လူအား ပေးရတုံသေး၏၊ ရဟန်းသည် ရဟန်းအား အဘယ့်ကြောင့် မပေးနိုင်ရသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုပရိဗိုဇ်၏ စကားကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ပရိဗိုဇ်နှင့် ဝယ်ခြင်း ရောင်းခြင်းသို့ အဘယ့်ကြောင့် ရောက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ပရိဗိုဇ်နှင့် ဝယ်ခြင်းရောင်းခြင်းသို့ ရောက်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ )အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် ပရိဗိုဇ်နှင့် ဝယ်ခြင်းရောင်းခြင်းသို့ အဘယ့်ကြောင့် ရောက်ဘိသနည်း၊

http://www.dhammadownload.com



(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၃၉။ ၂၀–၅၉၄။ **"အကြင်ရဟန်းသည် အထူးထူးအပြားပြားရှိသော ဝယ်ခြင်းရောင်းခြင်းသို့ ရောက်ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ဟု မိန့်တော်မူ၏)။

## ၁၀–ကာယဝိကာ္ကယသိက္ခာပုဒ် အဖွင့်

၅၉၅။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။
**ရဟန်း** ဟူသည် ။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**အထူးထူး အပြားပြားရှိသော** မည်သည် သင်္ကန်း ဆွမ်း အိပ်ရာ နေရာ (ကျောင်း) သူနာ၏ **အထောက်အပံ့** ဆေး ပစ္စည်းတို့တည်း။ အယုတ်သဖြင့် ကသယ်မှုန့်အခဲသည်ရင်း ဒန်ပူသည်ရင်း အမြိတ်အဆာချည်သည်ရင်းတည်း။

**ဝယ်ခြင်းရောင်းခြင်းသို့ ရောက်ငြားအံ့** ဟူသည် "ဤအရာဖြင့် ဤအရာဝတ္ထုကိုပေးလော့၊ ဤအရာဝတ္ထုဖြင့် ဤအရာဝတ္ထုကိုဆောင်ခဲ့လော့၊ ဤအရာဝတ္ထုဖြင့် ဤအရာဝတ္ထုကို လဲလှယ်လော့၊ ဤဝတ္ထုဖြင့် ဤဝတ္ထုကို ဝယ်လော့" ဟု လွန်ကျူး၍ ကျင့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အကြင်အခါ၌ ဝယ်မှုသည်ရင်း ရောင်းမှုသည်ရင်း ဖြစ်၏၊ မိမိ၏ ဥစ္စာသည် သူတပါးလက်သို့ရောက်အံ့၊ သူတပါးဥစ္စာသည် မိမိလက်သို့ရောက်အံ့၊ စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်ရင်း ဂိုဏ်းအားသော်ရင်း ပုဂ္ဂိုလ်အားသော်ရင်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

> "အသျှင်ဘုရားတို့ အကျွန်ုပ်သည် အထူးထူးအပြားပြားရှိသော ဝယ်ခြင်း ရောင်းခြင်းသို့ ရောက်ပါသည်၊ အကျွန်ုပ်၏ ဤဝတ္ထုသည် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤဝတ္ထုကို သံဃာတော်အား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၅၉၆။ အရောင်းအဝယ်၌ အရောင်းအဝယ် ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏၊ အရောင်းအဝယ်၌ ယုံမှားရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏၊ အရောင်းအဝယ်၌ အရောင်းအဝယ် မဟုတ် ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အရောင်းအဝယ် မဟုတ်သည်၌ အရောင်းအဝယ် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အရောင်းအဝယ် မဟုတ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အရောင်းအဝယ် မဟုတ်သည်၌ အရောင်းအဝယ် မဟုတ် ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

http://www.dhammadownload.com



၅၉၇။ တန်ဘိုးကို မေးအံ့၊ ကပ္ပိယ ကာရကအား ပြောအံ့၊ အာပတ် မသင့်။ "ငါတို့အား ဤဝတ္ထု ရှိ၏၊ ငါတို့အားလည်း ဤမည် ဤမည်သော ဝတ္ထုဖြင့် အလိုရှိ၏" ဟု ဆိုအံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဒသမ ကယဝိက္ကယသိက္ခာပုဒ် ပြီး၏။

ဒုတိယ ကောသိယဝဂ် ပြီး၏။

## ထိုဒုတိယဝဂ်၏ အကျဉ်းချုပ်ခေါင်းစဉ်

ပိုးချည် ကောသိယသိက္ခာပုဒ်၊ အမည်းသက်သက် သုဒ္ဓသိက္ခာပုဒ်၊ ဒွေဘာဂသိက္ခာပုဒ်၊ ဆဗ္ဗဿသိက္ခာပုဒ်၊ နိသီဒနသိက္ခာပုဒ်၊ ဧဠကလောမသိက္ခာပုဒ်နှစ်ခု၊ ရူပိယပဋိဂ္ဂဟဏသိက္ခာပုဒ်၊ နာနပ္ပကာရကသိက္ခာပုဒ်နှစ်ခု၊

ဤကား အကျဉ်းချုပ်ခေါင်းစဉ်တည်း။

---

## ၃–ပတ္တဝဂ် ၁–ပတ္တသိက္ခာပုဒ်

၅၉၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် များစွာသော သပိတ်တို့ကို စုဆောင်းကြကုန်၏၊ ကျောင်းစဉ် ဒေသစာရီ လှည့်လည်ကြသော လူတို့သည် မြင်ကြ၍ "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် များစွာသောသပိတ်တို့ကို အဘယ့်ကြောင့် စုဆောင်း ကြကုန်ဘိသနည်း၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် သပိတ် ကုန်သွယ်ခြင်းကိုသော်လည်း ပြုကြကုန်လတ္တံ့၊ အိုးခွက် ဈေးဆိုင်ကိုသော်လည်း တည်ခင်းကြကုန်လတ္တံ့" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း၊ အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီရဟန်းတို့သည် အပိုသပိတ်ကို အဘယ့်ကြောင့်ဆောင်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အပိုသပိတ်ကို ဆောင်ကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အပို သပိတ်ကို အဘယ့်ကြောင့် ဆောင်ကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ)

http://www.dhammadownload.com



အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

(က) ၅၉၉။ **"အကြင်ရဟန်းသည် အပိုသပိတ်ကို ဆောင်ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

ဤသို့လျှင် မြတ်စွာဘုရားသည် ရဟန်းတို့အား ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၆၀၀။ ထိုအခါ အသျှင်အာနန္ဒာအား အပိုသပိတ် ဖြစ်ပေါ်လာ၏၊ အသျှင်အာနန္ဒာကလည်း ထိုသပိတ်ကို အသျှင် သာရိပုတြာအား လှူလို၏၊ အသျှင်သာရိပုတြာသည်လည်း သာကေတမြို့၌ နေ၏၊ ထိုအခါ "မြတ်စွာဘုရားသည် 'အပိုသပိတ်ကို မဆောင်ရ' ဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏၊ ငါ့အားလည်း ဤအပိုသပိတ်သည် ဖြစ်ပေါ်၏၊ ငါကလည်း ဤအပိုသပိတ်ကို အသျှင်သာရိပုတြာအား လှူလို၏၊ အသျှင်သာရိပုတြာသည်လည်း သာကေတမြို့၌ နေ၏၊ ငါသည် အဘယ်သို့လျှင် ကျင့်ရပါမည်နည်း" ဟု အသျှင်အာနန္ဒာအား အကြံဖြစ်ပေါ်၏၊ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။

အာနန္ဒာ သာရိပုတြာသည် မည်မျှကြာသောအခါ ပြန်လာမည်နည်း ဟု (မေးတော်မူ၏)။

မြတ်စွာဘုရား ကိုးရက်မြောက်နေ့၌သော်ငြားလည်း ဆယ်ရက်မြောက်နေ့၌သော်ငြား (ပြန်လာပါလိမ့်မည်) ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို ရဟန်းတို့ ဆယ်ရက်အပိုင်းအခြားရှိသော ကာလပတ်လုံး အပိုသပိတ်ကို ဆောင်ခြင်းငှါ ခွင့်ပြုသည် ဟု မိန့်တော်မူ၏။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၄၀။ ၂၁-(ခ)၆၀၁။ **"ဆယ်ရက် အပိုင်းအခြားရှိသော ကာလပတ်လုံး အပိုသပိတ်ကို ဆောင်ရမည်၊ ထို (ဆယ်ရက် အပိုင်းအခြားရှိသော ကာလ) ကို လွန်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁-ပတ္တသိက္ခာပုဒ် အဖွင့်

၆၀၂။ **ဆယ်ရက်အပိုင်းအခြားရှိသော ကာလပတ်လုံး** ဟူသည် ဆယ်ရက် အပိုင်းအခြားဖြင့် ဆောင်နိုင်သည်။

**အပိုသပိတ်** မည်သည် အဓိဋ္ဌာန်မတင် ဝိကပ္ပနာ မပြုအပ်သော သပိတ်တည်း။

**သပိတ်** မည်သည် သံသပိတ် မြေသပိတ် ဟု သပိတ်နှစ်မျိုးတို့တည်း။

သပိတ်အရွယ် ပမာဏတို့သည်—

အကြီးစား ဥက္ကဋ္ဌသပိတ်

အလတ်စား မဇ္ဈိမသပိတ်

အငယ်စား ဩမက သပိတ် ဟု သုံးစားတို့တည်း။

**အကြီးစား ဥက္ကဋ္ဌသပိတ်** မည်သည် ဆန်တခွက်ချက် ထမင်း ၎င်း၏ လေးပုံတပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်၏။

**အလတ်စား မဇ္ဈိမသပိတ်** မည်သည် ဆန်တစလယ်ချက် ထမင်း ၎င်း၏ လေးပုံတပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်၏။

**အငယ်စား ဩမကသပိတ်** မည်သည် ဆန်တလမယ်ချက် ထမင်း ၎င်း၏ လေးပုံတပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ယူနိုင်၏။

ထိုထက် ကြီးမူ သပိတ်မဟုတ်၊ ထိုအောက် ငယ်မူ သပိတ်မဟုတ်။

**ထို(ဆယ်ရက်အပိုင်းအခြား)ကို လွန်စေသော ရဟန်းအား စွန့်ခြင်း (ဝိနည်းကံ) ရှိ၏ ဟူသည်** တဆဲ့တရက် အရုဏ်တက်လတ်သော် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအား သော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။

ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်လျက် ကြီးကုန်သောရဟန်းတို့၏ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီ၍—

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ သပိတ်သည် ဆယ်ရက်လွန်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသပိတ်ကို သံဃာအား စွန့်ပါ၏" ဟု ဆိုရာ၏။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် အာပတ်ကို ခံယူရမည်၊ စွန့်ပြီး သပိတ်ကို ပြန်ပေးရမည်။

၆၀၃။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို)နာတော်မူလော့၊ ဤမည်သော ရဟန်း၏ ဤသပိတ်သည် စွန့်ခြင်း (ဝိနည်းကံ) ရှိ၍ သံဃာအား စွန့်အပ်၏၊ သံဃာအား လျောက်ပတ်သော အခါရှိသော် ကံသည်ဖြစ်ငြားအံ့၊ သံဃာသည် ဤသပိတ်ကို ဤမည်သော ရဟန်းအား ပေးရာ၏" ဟု (ပြန်ပေးရမည်)။

၆၀၄။ ထိုရဟန်းသည် များစွာသော ရဟန်းတို့ထံသို့ ချဉ်းကပ်၍ လက်ဝဲတဖက်ပခုံးထက်၌ ကေသီကို စမွယ်တင်၍ ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကို ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီလျက်—

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ သပိတ်သည် ဆယ်ရက်လွန်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသပိတ်ကို အသျှင်တို့အား စွန့်ပါ၏" ဟု ဆိုအပ်၏၊ စွန့်ပြီး နောက် အာပတ်ကို ဒေသနာကြားရမည်၊ ကျွမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် အာပတ်ကို ခံယူရမည်၊ စွန့်ပြီးသပိတ်ကို ပြန်ပေးရမည်။

၆၀၅။ "အသျှင်တို့သည် အကျွန်ုပ်၏ (စကားကို) နာကုန်လော့၊ ဤမည်သော ရဟန်း၏ ဤ သပိတ်သည် စွန့်ခြင်း (ဝိနည်းကံ) ရှိသဖြင့် အသျှင်တို့အား စွန့်အပ်ပါသည်၊ အသျှင်တို့အား လျောက်ပတ်သောအခါ ရှိသော် ကံသည် ဖြစ်ငြားအံ့၊ အသျှင်တို့သည် ဤသပိတ်ကို ဤမည်သော ရဟန်းအား ပေးကုန်ရာ၏" ဟု (ပြန်ပေးရမည်)။

၆၀၆။ ထိုရဟန်းသည် တပါးသော ရဟန်းသို့ ချဉ်းကပ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်ပြီးလျှင် ဆောင့်ကြောင့် ထိုင်ကာ လက်အုပ်ချီလျက်—

http://www.dhammadownload.com



"ငါ့သျှင် ဤအကျွန်ုပ်၏ သပိတ်သည် ဆယ်ရက်လွန်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤ သပိတ်ကို အသျှင့်အား စွန့်ပါသည်" ဟု ဆိုရာ၏။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရမည်၊ ထိုရဟန်းသည် အာပတ်ကို ခံယူရမည်၊ စွန့်ပြီး သပိတ်ကို "ဤ သပိတ်ကို အသျှင့်အား ပေးပါ၏" ဟု ပြန်ပေးရမည်။

၆၀၇။ ဆယ်ရက်လွန်ပြီးသည်၌ လွန်ပြီး ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ဆယ်ရက်လွန်ပြီးသည်၌ ယုံမှားရှိအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ဆယ်ရက်လွန်ပြီးသည်၌ မလွန်သေး ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သ င့်၏။

အဓိဋ္ဌာန်မတင်အပ်သေးသည်၌ အဓိဋ္ဌာန်တင်အပ်ပြီးဟု ထင်မှတ်ခြင်းရှိအံ့၊နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ဝိကပ္ပနာ မပြုအပ်သေးသည်၌ ဝိကပ္ပနာပြုအပ်ပြီးဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ မစွန့်အပ်သေးသည်၌ စွန့်အပ်ပြီး ဟု ထင်မှတ်ခြင်း ရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ မပျောက်သည်၌ ပျောက်သည်ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ မပျက်သည်၌ ပျက်သည်ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ မကွဲသည်၌ ကွဲသည်ဟု ထင်မှတ်ခြင်း ရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ မလုယက်အပ်သည်၌ လုယက်အပ်သည်ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

စွန့်ခြင်း (ဝိနည်းကံ) ရှိသော သပိတ်ကို မစွန့်ပဲသုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆယ်ရက် မလွန်သေးသည်၌ လွန်ပြီးဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ဆယ်ရက်မလွန်သေးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆယ်ရက်မလွန်သေးသည်၌ မလွန်သေးဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၆၀၈။ ဆယ်ရက်အတွင်း၌ အဓိဋ္ဌာန်တင်အံ့၊ ဝိကပ္ပနာပြုအံ့၊ စွန့်အံ့၊ ပျောက်အံ့၊ ပျက်အံ့၊ ကွဲအံ့၊ လုယက်၍ ယူကုန်အံ့၊ အကျွမ်းဝင်၍ ယူကုန်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း၊ အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် စွန့်အပ်ပြီး သပိတ်ကို မပေးကုန်၊ မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏။

ရဟန်းတို့ စွန့်အပ်ပြီးသပိတ်ကို ပြန်ပေးရမည်၊ အကြင်ရဟန်းသည် မပေးငြားအံ့၊ (ထိုရဟန်း အား) ဒုက္ကဋ်အာပတ် သင့်၏ ဟု (မိန့်တော်မူ၏)။

ပဌမ ပတ္တသိက္ခာပုဒ် ပြီး၏။

---

## ၃-ပတ္တဝဂ် ၂-ဦနပဥ္စဗန္ဓနသိက္ခာပုဒ်

၆၀၉။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်မြို့ နိဂြောဓာရုံ ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အိုးထိန်းသည်သည် "သပိတ်အလိုရှိသော အသျှင် တို့အား အကျွန်ုပ်သည် သပိတ်ဖြင့်(ဖိတ်ကြားပါသည်)"ဟု ရဟန်းတို့ကို ဖိတ်ကြား၏၊ ထိုအခါ ရဟန်း

http://www.dhammadownload.com



တို့သည် အတိုင်းအရှည်ကို မသိကြပဲ များစွာသော သပိတ်တို့ကို တောင်းကုန်၏၊ ငယ်သော သပိတ်ရှိသော ရဟန်းတို့သည် ကြီးသောသပိတ်တို့ကို တောင်းကုန်၏၊ ကြီးသောသပိတ်ရှိသော ရဟန်းတို့သည် ငယ်သော သပိတ်တို့ကို တောင်းကုန်၏။

ထိုအခါ အိုးထိန်းသည်သည် ရဟန်းတို့အတွက် များစွာသော သပိတ်တို့ကို လုပ်ရသည်ဖြစ်၍ အခြားအရောင်းအဝယ်ဆိုင်ရာ (အိုးခွက်) ဘဏ္ဍာကိုလုပ်ခြင်းငှါ မတတ်နိုင်ပေ၊ မိမိကိုယ်တိုင်လည်း မမျှတ၊ ထိုသူ၏ သားမယားတို့သည်လည်း ပင်ပန်းကြကုန်၏။

လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အတိုင်းအရှည်ကို မသိကြပဲ များစွာသော သပိတ်တို့ကို အဘယ့်ကြောင့် တောင်းကုန်ဘိသနည်း၊ ဤအိုးထိန်းသည်သည် ဤရဟန်းတို့အတွက် များစွာသော သပိတ်တို့ကို လုပ်ရသည်ဖြစ်၍ အခြားအရောင်းအဝယ်ဆိုင်ရာ (အိုးခွက်) ဘဏ္ဍာကို လုပ်ခြင်းငှါ မတတ်နိုင်ပေ၊ မိမိကိုယ်တိုင်လည်းမမျှတ၊ ထိုသူ၏ သားမယားတို့သည်လည်း ပင်ပန်းကြကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း၊ အလိုနည်းသော ရဟန်းတို့သည် "ရဟန်းတို့သည် အတိုင်းအရှည်ကို မသိကြပဲ များစွာသော သပိတ်တို့ကို အဘယ့်ကြောင့် တောင်းကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် အတိုင်းအရှည်ကို မသိကြပဲ များစွာသော သပိတ်တို့ကို တောင်းကြ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ထိုယောကျ်ားတို့သည် အတိုင်းအရှည်ကို မသိကြပဲ များစွာသော သပိတ်တို့ကို အဘယ့်ကြောင့် တောင်းကုန်ဘိသနည်း။

ရဟန်းတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ၎င်း ။ပ။ ကဲ့ရဲ့ပြီးနောက် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ သပိတ်ကို မတောင်းရ၊ တောင်းသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏" ဟု မိန့်တော်မူ၏။

၆၁၀။ ထိုအခါ ရဟန်းတပါး၏ သပိတ်သည် ကွဲ၏၊ ထိုအခါ ထိုရဟန်းသည် မြတ်စွာဘုရားသည် သပိတ်တောင်းခြင်းကို ပယ်တော်မူ၏ ဟု တွေးတောမှု'သံသယ ကုက္ကုစ္စ' ဖြစ်၍ မတောင်းချေ၊ လက်တို့ဖြင့် ဆွမ်းအလို့ငှါ လှည့်လည်၏။

လူတို့သည် "သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် အဘယ့်ကြောင့် တိတ္ထိတို့ကဲ့သို့ လက်တို့ဖြင့် ဆွမ်းအလို့ငှါ လှည့်လည်ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည်သာတည်း ၊ ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်း အရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ သပိတ်ပျောက်သော ရဟန်းအားသော်၎င်း သပိတ်ကွဲသော ရဟန်းအားသော်၎င်း သပိတ်ကို တောင် ခြင်းငှါ ခွင့်ပြုသည်" ဟု မိန့်တော်မူ၏။

၆၁၁။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရားသည် "သပိတ်ပျောက်သော ရဟန်းအားသော်၎င်း သပိတ်ကွဲသော ရဟန်းအားသော်၎င်း သပိတ်တောင်းခြင်းငှါ ခွင့်ပြုတော်မူ၏" ဟု အနည်းငယ်မျှသော အကွဲဖြင့်၎င်း အနည်းငယ်မျှသော အက်ကြောင်းဖြင့်၎င်း ခြစ်မိကာမျှဖြင့်၎င်း များစွာသော သပိတ်တို့ကို တောင်းကုန်၏။

ထိုအခါ ထိုအိုးထိန်းသည်သည် ရဟန်းတို့အတွက် ရှေးနည်းတူပင် များစွာသော သပိတ်တို့ကို လုပ်ရသည် ဖြစ်၍ အခြား အရောင်းအဝယ်ဆိုင်ရာ (အိုးခွက်) ဘဏ္ဍာကို လုပ်ခြင်းငှါ မတတ်နိုင်တော့ပေ၊ မိမိကိုယ်တိုင်လည်း မမျှတ၊ ထိုသူ၏ သားမယားတို့သည်လည်း ပင်ပန်းကြကုန်၏။

လူတို့သည် ရှေးနည်းတူပင် "သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် အတိုင်းအရှည်ကို မသိကြပဲ များစွာသော သပိတ်တို့ကို အဘယ့်ကြောင့် တောင်းကုန်ဘိသနည်း၊ ဤအိုးထိန်းသည်သည် ဤ ရဟန်းတို့အတွက် များ စွာသော သပိတ်တို့ကို လုပ်ရသည်ဖြစ်၍ အခြား အရောင်းအဝယ်ဆိုင်ရာ (အိုးခွက်) ဘဏ္ဍာကို လုပ်ခြင်းငှါ မတတ်နိုင်တော့ပေ၊ မိမိကိုယ်တိုင်လည်း မမျှတ၊ ထိုသူ၏ သားမယားတို့လည်း ပင်ပန်းကြကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီရဟန်းတို့သည် အနည်းငယ်မျှသော အကွဲဖြင့်၎င်း အနည်းငယ်မျှသော အက်ကြောင်းဖြင့်၎င်း ခြစ်မိကာမျှဖြင့်၎င်း များစွာသော သပိတ်တို့ကို အဘယ့်ကြောင့် တောင်းကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် အနည်းငယ်မျှသော အကွဲဖြင့်၎င်း အနည်းငယ်မျှသော အက်ကြောင်းဖြင့်၎င်း ခြစ်မိကာမျှဖြင့်၎င်း များစွာသော သပိတ်တို့ကို တောင်းကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် အနည်းငယ်မျှသော အကွဲဖြင့်၎င်း အနည်းငယ်မျှသော အက်ကြောင်းဖြင့်၎င်း ခြစ်မိကာမျှဖြင့်၎င်း များစွာသော သပိတ်တို့ကို အဘယ့်ကြောင့် တောင်းကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညို သေးသော သူတို့အား ကြည်ညိုစေခြင်းငှါ၎င်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၄၁၁။ ၂၂-၆ ၁၂။ "အကြင်ရဟန်းသည် ငါးဖွဲ့မပြည့်သေးသော သပိတ်ရှိလျက် အခြား သပိတ်သစ်ကို တောင်းဌြားအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏၊ ထိုရဟန်းသည် ထိုသပိတ်ကို**

http://www.dhammadownload.com



**ရဟန်းပရိသတ်၌ စွန့်ရမည်၊ ထိုရဟန်းပရိသတ်၌ နောက်ဆုံးသပိတ်ကို 'ရဟန်း သင်သည် ဤသပိတ်ကို ကွဲသည်တိုင်အောင် ဆောင်ရမည်' ဟု (ဆို၍) ထိုရဟန်းအားပေးရမည်၊ ဤသည်ကား ထိုသပိတ်ကိုတောင်းရာ၌ ကျင့်ဝတ်တည်း"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၂-ဦနပဉ္စဗန္ဓနသိက္ခာပုဒ် အဖွင့်

၆၁၃။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ငါးဖွဲ့ မပြည့်သေးသော သပိတ်** မည်သည် အဖွဲ့ (လုံးလုံး) မရှိသော သပိတ်သော်ငြားလည်း တဖွဲ့ နှစ်ဖွဲ့ သုံးဖွဲ့ လေးဖွဲ့ ရှိသော သပိတ်သော်ငြားလည်းတည်း။

**အဖွဲ့ရာ မရှိသော သပိတ်** မည်သည် လက်နှစ်သစ် ရှည်သော အက်ကြောင်းမရှိသော သပိတ်တည်း။

**အဖွဲ့ရာရှိသောသပိတ်** မည်သည် လက်နှစ်သစ်ရှည်သော အက်ကြောင်းရှိသော သပိတ်တည်း။
**သပိတ်သစ်** မည်သည် တောင်းခြင်းကိုစွဲ၍ (ဖြစ်သောသပိတ်ကို) ဆိုအပ်၏။

**တောင်းငြားအံ့** ဟူသည် တောင်းအံ့၊ အားထုတ်မှုပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာ့အလယ်၌ စွန့်ရမည်။ အားလုံးသော ရဟန်းတို့ပင် အဓိဋ္ဌာန်တင်ပြီး သပိတ်ကိုယူ၍ စုဝေးရမည်။ "အဖိုးတန်သပိတ်ကို ယူမည်" ဟု ယုတ်ညံ့သော သပိတ်ကို အဓိဋ္ဌာန်မတင်ရ။ အကယ်၍ "အဖိုးတန်သပိတ်ကို ယူမည်" ဟု ယုတ်ညံ့သော သပိတ်ကို အဓိဋ္ဌာန် တင်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းတို့ ဤသို့ စွန့်ရမည်။

ထိုရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ လက်ဝဲ တဖက် ပခုံးထက်၌ ကေသီကို စမွယ်တင်ပြီး လျှင် ကြီးကုန်သော ရဟန်းတို့၏ ခြေတို့ကိုရှိခိုးလျက် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီ၍—

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ သပိတ်သည် ငါးဖွဲ့ မပြည့်သေးသော သပိတ်ရှိလျက် တောင်းအပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသပိတ်ကို သံဃာအား စွန့်ပါ၏" ဟု ဆို၍ စွန့်ရမည်။

စွန့်ပြီးနောက် အာပတ်ကို ဒေသနာကြားရမည်၊ ကျမ်းကျင် လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် အာပတ်ကို ခံယူရမည်၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို သပိတ်ခံယူစေသော ရဟန်း ဟု သမုတ်ရမည်၊ ၎င်းရဟန်းသည် ဆန္ဒာဂတိသို့ မလိုက်ရာ၊ ဒေါသာဂတိသို့ မလိုက်ရာ၊ မောဟာဂတိသို့ မလိုက်ရာ၊ ဘယာဂတိသို့ မလိုက်ရာ၊ ခံယူအပ် မခံယူအပ်ကိုလည်း သိရာ၏၊ ရဟန်းတို့ ဤသို့ သမုတ်ရမည်၊ ရှေးဦးစွာ ရဟန်းကို တောင်းပန်ရမည်၊ တောင်းပန်ပြီးနောက် ကျမ်းကျင်လိမ္မာ၍ စွမ်းရည်ရှိသော ရဟန်းသည် သံဃာကို သိစေရမည်။

http://www.dhammadownload.com



၆၁၄။ "အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာအား လျောက်ပတ်သောအခါ ရှိသော် သံဃာသည် ဤ မည်သော ရဟန်းကို သပိတ်ခံယူစေသော ရဟန်း ဟု သမုတ်ရာ၏၊ ဤကား သိစေခြင်းတည်း။

အသျှင်ဘုရားတို့ သံဃာသည် အကျွန်ုပ်၏ (စကားကို) နာတော်မူလော့၊ သံဃာသည် ဤ မည်သော ရဟန်းကို သပိတ်ခံယူစေသော ရဟန်း ဟု သမုတ်၏၊ အကြင် အသျှင်အား ဤ မည်သော ရဟန်းကို သပိတ်ခံယူစေသော ရဟန်း ဟု သမုတ်ခြင်းကို နှစ်သက်၏၊ ထိုအသျှင်သည် ဆိတ်ဆိတ်နေရာ၏၊ အကြင်အသျှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအသျှင်သည် ပြောဆိုရာ၏။

သံဃာသည် ဤမည်သော ရဟန်းကို သပိတ်ခံယူစေသော ရဟန်း ဟု သမုတ်အပ်ပြီ၊ သံဃာအား နှစ်သက်ခြင်းရှိ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေ၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤနှစ်သက်သည့် အဖြစ်ကို သိမှတ်ရပါသည် ဟု (သိစေရမည်)။

၆၁၅။ သမ္မုတိရပြီးသော ထိုရဟန်းသည် သပိတ်ကို ခံယူစေရမည် "အသျှင်ဘုရား မထေရ်ကြီးသည် သပိတ်ကို ခံယူတော်မူပါ" ဟု မထေရ်ကြီးကို ပြောရမည်၊ အကယ်၍ မထေရ်ကြီးသည် ယူအံ့၊ မထေရ်ကြီး၏ သပိတ်ကို ဒုတိယ ရဟန်းအား ပေးရမည်၊ ထိုရဟန်းအား သနားသဖြင့် မယူပဲ မနေရ၊ အကြင်ရဟန်းသည် မယူငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏၊ သပိတ်မရှိသော ရဟန်းကို မခံယူစေရ၊ ဤနည်းဖြင့် လျှင် အငယ်ဆုံး သံဃာတိုင်အောင် ခံယူစေရမည်။

ထိုရဟန်း ပရိသတ်၌ နောက်ဆုံး သပိတ်ကို ထိုရဟန်းအား "ရဟန်း သင်သည် ဤသပိတ်ကို ကွဲသည်တိုင်အောင် သုံးဆောင်ရမည်" ဟု (ဆို၍) ပေးရမည်၊ ထိုရဟန်းသည် ထိုသပိတ်ကို နေရာမဟုတ်သည်၌ မချထားရ၊ မကောင်းသော သုံးဆောင်ခြင်းဖြင့် မသုံးဆောင်ရ၊ "ဤ သပိတ်သည် အဘယ်သို့လျှင် ပျက်ရာအံ့နည်း ဟု ၎င်း ပျောက်ရာအံ့နည်း ဟု ၎င်း ကွဲရာအံ့နည်း ဟု ၎င်း" မစွန့် 'မပစ်'ရ၊ အကယ်၍ နေရာမဟုတ်သည်၌ သော်လည်း ချထားအံ့၊ မကောင်းသော သုံးဆောင်ခြင်းဖြင့် သော်လည်း သုံးဆောင်အံ့၊ စွန့်သော်လည်း စွန့်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

**ဤသည်ကား ထိုသပိတ်ကို တောင်းရာ၌ ကျင့်ဝတ်တည်း** ဟူသည် ဤသည်ကား ထိုသပိတ်ကို တောင်းရာ၌ (လောကုတ္တရာ တရားအား) လျော်သော သဘောတည်း။

၆၁၆။ အဖွဲ့ (လုံးလုံး) မရှိသော သပိတ်ဖြင့် အဖွဲ့ (လုံးလုံး) မရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ အဖွဲ့ (လုံးလုံး) မရှိသော သပိတ်ဖြင့် တဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ အဖွဲ့မရှိသော သပိတ်ဖြင့် နှစ်ဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ အဖွဲ့မရှိသော သပိတ်ဖြင့် သုံးဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ အဖွဲ့မရှိသော သပိတ်ဖြင့် လေးဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

တဖွဲ့ရှိသော သပိတ်ဖြင့် အဖွဲ့မရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ တဖွဲ့ရှိသော သပိတ်ဖြင့် တဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ တဖွဲ့ရှိသော သပိတ်ဖြင့် နှစ်ဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ တဖွဲ့ရှိသော သပိတ်ဖြင့် သုံးဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ တဖွဲ့ရှိသော သပိတ်ဖြင့် လေးဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

http://www.dhammadownload.com



နှစ်ဖွဲ့ရှိသော သပိတ်ဖြင့် အဖွဲ့မရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ နှစ်ဖွဲ့ရှိသော သပိတ်ဖြင့် တဖွဲ့ရှိသော သပိတ်ကို။ပ။ နှစ်ဖွဲ့ရှိသော သပိတ်ကို။ သုံးဖွဲ့ရှိသောသပိတ်ကို။ လေးဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

သုံးဖွဲ့ရှိသော သပိတ်ဖြင့် အဖွဲ့မရှိသော သပိတ်ကို ။ပ။ တဖွဲ့ရှိသော သပိတ်ကို။ နှစ်ဖွဲ့ရှိသော သပိတ်ကို။ သုံးဖွဲ့ရှိသော သပိတ်ကို။ လေးဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

လေးဖွဲ့ရှိသော သပိတ်ဖြင့် အဖွဲ့မရှိသော သပိတ်ကို။ပ။ တဖွဲ့ရှိသော သပိတ်ကို။ နှစ်ဖွဲ့ရှိသော သပိတ်ကို။ သုံးဖွဲ့ရှိသော သပိတ်ကို။ လေးဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

အဖွဲ့မရှိသော သပိတ်ဖြင့် အဖွဲ့ရာမရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ အဖွဲ့မရှိသော သပိတ်ဖြင့် တဖွဲ့ရာရှိသော သပိတ်ကို။ပ။ နှစ်ဖွဲ့ရာရှိသော သပိတ်ကို။ သုံးဖွဲ့ရာရှိသော သပိတ်ကို။ လေးဖွဲ့ရာရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

တဖွဲ့ရှိသောသပိတ်ဖြင့် အဖွဲ့ရာမရှိသောသပိတ်ကို။ပ။ တဖွဲ့ရာရှိသော သပိတ်ကို။ နှစ်ဖွဲ့ရာရှိသော သပိတ်ကို။ သုံးဖွဲ့ရာရှိသော သပိတ်ကို။ လေးဖွဲ့ရာရှိသော သပိတ်ကိုတောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

နှစ်ဖွဲ့ရှိသော သပိတ်ဖြင့် အဖွဲ့ရာမရှိသော သပိတ်ကို။ပ။ လေးဖွဲ့ရာရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

သုံးဖွဲ့ရှိသော သပိတ်ဖြင့် အဖွဲ့ရာမရှိသောသပိတ်ကို။ပ။ လေးဖွဲ့ရာရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

လေးဖွဲ့ရှိသော သပိတ်ဖြင့် အဖွဲ့ရာမရှိသော သပိတ်ကို။ပ။ တဖွဲ့ရာရှိသော သပိတ်ကို။ နှစ်ဖွဲ့ရာရှိသော သပိတ်ကို။ သုံးဖွဲ့ရာရှိသော သပိတ်ကို။ လေးဖွဲ့ရာရှိသော သပိတ်ကိုတောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

အဖွဲ့ရာမရှိသော သပိတ်ဖြင့် အဖွဲ့မရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ အဖွဲ့ရာမရှိသော သပိတ်ဖြင့် တဖွဲ့ရာရှိသော သပိတ်ကို။ပ။ နှစ်ဖွဲ့ရာရှိသော သပိတ်ကို။ သုံးဖွဲ့ရာရှိသော သပိတ်ကို။ လေးဖွဲ့ရာရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ လေးဖွဲ့ရာရှိသော သပိတ်ဖြင့် အဖွဲ့မရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ လေးဖွဲ့ရာရှိသော သပိတ်ဖြင့် တဖွဲ့ရှိသော သပိတ်ကို။ပ။ နှစ်ဖွဲ့ရှိသော သပိတ်ကို။ သုံးဖွဲ့ရှိသော သပိတ်ကို။ လေးဖွဲ့ရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

အဖွဲ့ရာမရှိသော သပိတ်ဖြင့် အဖွဲ့ရာမရှိသော သပိတ်ကို။ပ။ တဖွဲ့ရာရှိသော သပိတ်ကို။ နှစ်ဖွဲ့ရာရှိသော သပိတ်ကို။ သုံးဖွဲ့ရာရှိသော သပိတ်ကို။ လေးဖွဲ့ရာရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

လေးဖွဲ့ရာရှိသော သပိတ်ဖြင့် အဖွဲ့ရာမရှိသော သပိတ်ကို။ပ။ တဖွဲ့ရာရှိသော သပိတ်ကို။ နှစ်ဖွဲ့ရာရှိသော သပိတ်ကို။ သုံးဖွဲ့ရာရှိသော သပိတ်ကို။ လေးဖွဲ့ရာရှိသော သပိတ်ကို တောင်းအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

http://www.dhammadownload.com



၆၁၇။ သပိတ်ပျောက်သော ရဟန်း သပိတ်ကွဲသောရဟန်း ဆွေမျိုးတို့ကို (တောင်းသော ရဟန်း) ဖိတ်ကြားအပ်သူတို့ကို (တောင်းသောရဟန်း) သူတပါးအလို့ငှါ (တောင်းသောရဟန်း) မိမိဥစ္စာဖြင့် (ဝယ်သောရဟန်း) ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဒုတိယ ဦနပဉ္စဗန္ဓနသိက္ခာပုဒ် ပြီး၏။

---

## ၃-ပတ္တဝဂ် ၃-ဘေသဇ္ဇသိက္ခာပုဒ်

၆၁၈။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသောအခါ အသျှင်ပိလိန္ဒဝစ္ဆသည် ရာဇဂြိုဟ်မြို့၌ လိုဏ်ပြုလုပ်လို၍ ချိုင့်ဝှမ်းကို သုတ်သင်စေ၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အသျှင်ပိလိန္ဒဝစ္ဆထံသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးသော် အသျှင်ပိလိန္ဒဝစ္ဆအား—

"အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်အရာကို ပြုလုပ်စေတော်မူပါသနည်း" ဟု လျှောက်၏။

မင်းကြီး လိုဏ်ပြုလုပ်လို၍ ချိုင့်ဝှမ်းကို သုတ်သင်စေပါသည် ဟု (ပြော၏)။

အသျှင်ဘုရား အသျှင့်အား အရံစောင့်ကို အလိုရှိပါသလော ဟု (လျှောက်၏)။

မင်းကြီး မြတ်စွာဘုရားသည် အရံစောင့်ကို ခွင့်ပြုတော်မမူအပ်သေး ဟု (ပြော၏)။

သို့ဖြစ်လျှင် မြတ်စွာဘုရားကို မေးလျှောက်၍ အကျွန်ုပ်အား (အကြောင်း) ကြားတော်မူပါ ဟု (လျှောက်၏)။

"ကောင်းပြီ မင်းကြီး" ဟု အသျှင်ပိလိန္ဒဝစ္ဆသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းအား ပြန်ကြား၏။

ထို့နောက် အသျှင်ပိလိန္ဒဝစ္ဆသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကို တရားစကားဖြင့် (အကျိုးစီးပွါး)ကို သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေ၏၊ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အသျှင်ပိလိန္ဒဝစ္ဆသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်း စေအပ်ပြီးသော် နေရာမှထလျက် အသျှင်ပိလိန္ဒဝစ္ဆကို ရှိခိုး၍ အရိုအသေပြုကာ ဖဲသွား၏။

၆၁၉။ ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် "အသျှင်ဘုရား မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အရံစောင့်ကို လှူလိုပါသည်၊ အသျှင်ဘုရား အကျွန်ုပ်သည် အဘယ်သို့ ကျင့်ရပါမည်နည်း" ဟု မြတ်စွာဘုရားထံသို့ တမန်ကိုစေလွှတ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ အရံစောင့်ကို ခွင့်ပြုသည်" ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



နှစ်ကြိမ်မြောက်လည်း မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အသျှင်ပိလိန္ဒဝစ္ဆထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်ပြီးသော် အသျှင်ပိလိန္ဒဝစ္ဆအား—

"အသျှင်ဘုရား မြတ်စွာဘုရားသည် အရံစောင့်ကို ခွင့်ပြုတော်မူအပ်ပါပြီလော" ဟု လျှောက်၏။ ခွင့်ပြုတော်မူအပ်ပြီ မင်းကြီး ဟု (ပြောဆို၏)။

သို့ဖြစ်လျှင် အသျှင့်အား အရံစောင့်ကို လှူပါမည် ဟု (လျှောက်၏)။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အသျှင်ပိလိန္ဒဝစ္ဆအား အရံစောင့်ကို ဝန်ခံပြီးနောက် သတိမေ့လျော့၍ ကြာမြင့်မှသတိရကာ အမှုကိစ္စအလုံးစုံကို ဆောင်ရွက်တတ်သော အမတ်ကြီးတယောက်ကို—

"အချင်း ငါသည် အသျှင့်အတွက် အကြင်အရံစောင့်ကို ဝန်ခံအပ်ခဲ့ပြီ၊ ထိုအရံစောင့်ကို လှူအပ်ပြီလော" ဟု မေး၏။

မင်းမြတ် အသျှင့်အား မလှူအပ်သေးပါဟု (လျှောက်၏)။

အချင်း ဤနေ့မှ (ပြန်၍ရေသော်) ထို (လှူမည်ဝန်ခံသောနေ့)သည် ဘယ်မျှလောက်ကြာပြီနည်းဟု (မေးပြန်ရာ)—

ထိုအခါ အမတ်ကြီးသည် ညဉ့်တို့ကိုရေတွက်၍ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းအား—

"ရက်ပေါင်း ငါးရာမျှရှိပါပြီ အရှင်မင်းမြတ်" ဟု လျှောက်တင်၏။

အချင်း သို့ဖြစ်လျှင် အသျှင့်အား အရံစောင့် ငါးရာတို့ကို လှူလော့ ဟု (အမိန့်ပေး၏)။

ကောင်းပါပြီ အရှင်မင်းမြတ် ဟု ထိုအမတ်ကြီးသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းအား ဝန်ခံ၍ အသျှင်ပိလိန္ဒဝစ္ဆအား အရံစောင့်ငါးရာတို့ကို ပေးလှူလေ၏၊ သီးခြားရွာတရွာ ဖြစ်တည်လာ၏။ ထိုရွာကို အရံစောင့်ရွာငယ်ဟူ၍ရင်း ပိလိန္ဒရွာငယ်ဟူ၍ရင်း ခေါ်ကြကုန်၏။

၆၂၀ ။ ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် ထိုရွာငယ်၌အိမ်သို့ကပ်သော ရဟန်းဖြစ်၏၊ ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူလျက် ပိလိန္ဒရွာငယ်သို့ ဆွမ်းအလို့ငှါဝင်၏၊ ထိုအခါ ထိုရွာငယ်၌ ပွဲသဘင်ဖြစ်၏၊ သူငယ်မတို့သည် တန်ဆာဆင်ကြ ပန်းပန်ကြကာ ပျော်မြူးကြကုန်၏၊ ထိုအခါ ပိလိန္ဒဝစ္ဆသည် ပိလိန္ဒရွာငယ်၌ အစဉ်အတိုင်း ဆွမ်းအလို့ငှါလှည့်လည်လတ်သော် အရံစောင့်တဦး၏အိမ်သို့ ချဉ်းကပ်ပြီးနောက် ခင်းထားအပ်သော နေရာ၌ ထိုင်၏။

ထိုအခါ ထိုအရံစောင့်မိန်းမ၏ သမီးသည် အခြားသော တန်ဆာဆင်ကြ ပန်းပန်ကြသော သူငယ်မတို့ကိုမြင်၍ "ငါ့အား ပန်းပေးကြလော့၊ ငါ့အား အဆင်တန်ဆာပေးကြလော့" ဟု (ဆို၍) ငို၏၊ ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် ထိုအရံစောင့် မိန်းမအား—

"ဤ သူငယ်မသည် အဘယ့်ကြောင့် ငိုသနည်း" ဟု မေး၏။

အသျှင်ဘုရား ဤသူငယ်မသည် အခြားသော တန်ဆာဆင်ကြ ပန်းပန်ကြသော သူငယ်မတို့ကို မြင်၍ "ငါ့အား ပန်းပေးကြလော့၊ ငါ့အား အဆင်တန်ဆာပေးကြလော့၊" ဟု (ဆို၍) ငိုပါသည်၊ အကျွန်ုပ်တို့ ဆင်းရဲသားများအား အဘယ်မှာ ပန်းရှိပါမည်နည်း၊ အဘယ်မှာ အဆင်တန်ဆာ ရှိပါမည်နည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် မြက်ကရွတ်ခွေတခုကိုယူ၍ ထိုအရံစောင့် မိန်းမအား "ဤမြက်ကရွတ်ခွေကို ထိုသူငယ်မ၏ ဦးခေါင်း၌ စွပ်လေ့" ဟု မိန့်ဆို၏။

ထိုအခါ အရံစောင့်မိန်းမသည် မြက်ကရွတ်ခွေကို သူငယ်မ၏ ဦးခေါင်း၌စွပ် လေ၏၊ ထိုမြက်ကရွတ်ခွေသည် အလွန်လှသော ကြည့်ရှုဖွယ်ကောင်းသော စိတ်ကို ကြည်လင်စေနိုင်သော ရွှေပန်းခွေ ဖြစ်လေ၏၊ ထိုကဲ့သို့သော ရွှေပန်းခွေသည် မင်း၏နန်းတော်ဘွင်း၌ပင် မရှိချေ။

လူတို့သည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းအား "အရှင်မင်းမြတ် ဤမည်သော အရံစောင့်၏အိမ်၌ အလွန်လှသော ကြည့်ရှုဖွယ်ကောင်းသော စိတ်ကို ကြည်လင်စေနိုင်သော ရွှေပန်းခွေ (ရှိပါသည်)။ ထိုကဲ့သို့သော ရွှေပန်းခွေသည် မင်းမြတ်၏နန်းတော်တွင်း၌ပင် မရှိပါ၊ ထိုသူဆင်းရဲအား အဘယ်မှ (ရနိုင်မည်နည်း)၊ မုချအားဖြင့် ခိုးယူလာခြင်း ဖြစ်ပါလိမ့်မည်" ဟု လျှောက်ကြကုန်၏။

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် ထိုအရံစောင့်အမျိုးကို နှောင်ဖွဲ့စေ၏၊ နှစ်ကြိမ်မြောက်လည်း အသျှင်ပိလိန္ဒဝစ္ဆသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူလျက် ပိလိန္ဒရွာငယ်သို့ ဆွမ်းခံဝင်လေ၏၊ ပိလိန္ဒရွာငယ်၌ အစဉ်အတိုင်း ဆွမ်းအလို့ငှါ လှည့်လည်လတ်သော် ထိုအရံစောင့် အိမ်ဆီသို့ ချဉ်းကပ်၍ အိမ်နီးချင်းတို့ကို—

"ဤအရံစောင့် အမျိုးသည် အဘယ်အရပ်သို့ သွားသနည်း" ဟု မေး၏။

အသျှင်ဘုရား ထိုရွှေပန်းခွေ၏ အကြောင်းကြောင့် ဘုရင်မင်းမြတ်သည် နှောင်ဖွဲ့စေအပ်ပါသည် ဟု (လျှောက်ကြကုန်၏)။

၆၂၁။ ထိုအခါ ပိလိန္ဒဝစ္ဆသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်း၏ နန်းတော်သို့ ချဉ်းကပ်၍ ခင်းထားအပ်သော နေရာ၌ထိုင်၏၊ ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အသျှင် ပိလိန္ဒဝစ္ဆထံသို့ ချဉ်းကပ်၍ အသျှင်ပိလိန္ဒဝစ္ဆကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်၏၊ တခုသောနေရာ၌ ထိုင်ပြီးသော် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းအား အသျှင် ပိလိန္ဒဝစ္ဆသည်—

"မင်းကြီး အဘယ့်ကြောင့် အရံစောင့်အမျိုးကို နှောင်ဖွဲ့စေအပ်သနည်း" ဟု မေး၏။

အသျှင်ဘုရား ထိုအရံစောင့်၏အိမ်၌ အလွန်လှသော ကြည့်ရှုဖွယ်ကောင်းသော စိတ်ကိုကြည်လင်စေနိုင်သော ရွှေပန်းခွေရှိပါသည်၊ ထိုကဲ့သို့သော ရွှေပန်းခွေသည် အကျွန်ုပ်တို့၏ နန်းတော်တွင်း၌ပင် မရှိပါ ထိုသူဆင်းရဲအား အဘယ်မှ (ရနိုင်မည်နည်း)၊ မုချအားဖြင့် ခိုးယူလာခြင်း ဖြစ်ပါလိမ့်မည် ဟု (လျှောက်၏)။

ထိုအခါ အသျှင်ပိလိန္ဒဝစ္ဆသည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်း၏ ပြာသာဒ်ကို ရွှေဖြစ်စေ ဟု အဓိဋ္ဌာန်၏၊ ၎င်းသည် အလုံးစုံရွှေဖြင့်ပြီးသော ပြာသာဒ်ဖြစ်လာ၏။

မင်းကြီး အလွန်များပြားလှသော ဤရွှေတွေကို သင်သည် အဘယ်မှ ရသနည်း ဟု (မေး၏)။

သိပါပြီ အသျှင်ဘုရား၊ အသျှင်၏ တန်ခိုးအာနုဘော်ပါတည်း ဟု (ဆို၍) ထိုအရံစောင့်အမျိုးကို လွှတ်စေ၏။

http://www.dhammadownload.com



လူတို့သည် အသျှင်ပိလိန္ဒဝစ္ဆသည် မင်းနှင့်တကွ ပရိသတ်၌ လူတို့၏ ကုသိုလ်ကမ္မပထတရား ထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရားဖြစ်သော တန်ခိုးပြာဋိဟာကို ပြသတတ် ဟု နှစ်သက် ဝမ်းမြောက်ကြကုန်၍ အလွန်ကြည်ညိုကြကုန်သဖြင့် အသျှင်ပိလိန္ဒဝစ္ဆအား ငါးပါးသော ဆေးတို့ကို လှူဒါန်းကြကုန်၏။

ဤငါးပါးသော ဆေးဟူသည် အဘယ်နည်း၊ ထောပတ် ဆီဥ ဆီ ပျားရည် တင်လဲတို့တည်း။

ပင်ကိုယ်အားဖြင့်လည်း အသျှင်ပိလိန္ဒဝစ္ဆသည် ငါးပါးသောဆေးတို့ကို ရလေ့ရှိ၏၊ ရတိုင်းရတိုင်း ကို ပရိသတ်အား စွန့်၏။

ထိုအသျှင် ပိလိန္ဒဝစ္ဆ၏ ပရိသတ်သည်ကား ပစ္စည်းပေါများလို၏၊ ရတိုင်းရတိုင်းကို ဖျူးအိုး တို့၌ ပြည့်စေ၍သိုမှီး၏၊ ရေစစ်အိတ်တို့ကို ပြည့်စေ၍ လေသောက် (ပြူတင်း) တို့၌ ချိတ်ဆွဲထား၏၊ ထိုဆေးတို့သည် အောက်နှင့် နံပါးနှစ်ဘက်မှ ယိုကျကုန်၏၊ ကျောင်းအားလုံးတို့သည် ကြွက်တို့ဖြင့် လည်း ပြွမ်းကုန်၏။

ကျောင်းစဉ် လှည့်လည်သော လူတို့သည် မြင်ကြကုန်၍ "ဤသာကီဝင်မင်းသား ဘုရားအနွယ် တော်ဖြစ်သော ရဟန်းတို့သည် မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကဲ့သို့ အတွင်းကျီကြ ရှိကုန်၏" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏စကားကို ကြားကြသည်သာ တည်း၊ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ရဟန်းတို့သည် ဤကဲ့သို့ ပစ္စည်းပေါများ ခြင်းငှါ အားထုတ် ကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီး လျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် ဤကဲ့သို့ ပစ္စည်းပေါများခြင်းငှါ အားထုတ်ကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်း နှီးဖြစ်သော ထိုယောကျ်ားတို့သည် ဤကဲ့သို့ ပစ္စည်းပေါများခြင်းငှါ အဘယ့်ကြောင့် အားထုတ်ကုန် ဘိသနည်း၊ ရဟန်းတို့ ဤ (သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညို စေခြင်းငှါ ဖြစ်ပါ၍ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၄၂။ ၂၃-၆၂၂။ **မကျန်းမာသော ရဟန်းတို့အား သုံးဆောင်ဖွယ် ဖြစ်ကုန်သော အကြင် ဆေးတို့သည် ဖြစ်ပေါ်ကုန်၏၊ ဤဆေးတို့ကား အဘယ်တို့နည်း၊ ထောပတ် ဆီဥ ဆီ ပျားရည် တင်လဲတို့တည်း၊ ထိုဆေးတို့ကို အကပ်ခံ၍ ခုနစ်ရက်အပိုင်းအခြား ကာလပတ်လုံး သိုမှီးသိမ်း ဆည်းခြင်းကို ပြု၍ သုံးဆောင်ရမည်၊ ထိုခုနစ်ရက်ကို လွန်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

http://www.dhammadownload.com



## ၃-ဘေသဇ္ဇသိက္ခာပုဒ် အဖွင့်

၆၂၃။ **မကျန်းမာသော ရဟန်းတို့အား သုံးဆောင်ဖွယ် ဖြစ်ကုန်သော အကြင် ဆေးတို့သည်** ဟူရာ၌ ထောပတ် မည်သည် နွားထောပတ်သော်၎င်း ဆိတ်ထောပတ်သော်၎င်း ကျွဲထောပတ်သော်၎င်း အကြင်သတ္တဝါတို့၏ အသားသည် အပ်၏၊ ထိုသတ္တဝါတို့၏ ထောပတ်တည်း။

**ဆီဦး** မည်သည် ထိုသတ္တဝါတို့၏ ဆီဦးပင်တည်း။

**ဆီ** မည်သည် နှမ်းဆီ မုန်ညင်းဆီ သစ်မည်စည်ဆီ ကြက်ဆူဆီ အမဲဆီတို့တည်း။

**ပျားရည်** မည်သည် ယင်ပျားရည်တည်း။

**တင်လဲ** မည်သည် ကြံမှဖြစ်သော တင်လဲတည်း။

**ထိုဆေးတို့ကို အကာပ်ခံ၍ ခုနစ်ရက်အပိုင်းအခြား ကာလပတ်လုံး သိုမှီးသိမ်းဆည်းခြင်းကို ပြု၍ သုံးဆောင်ရမည်** ဟူသည် ခုနစ်ရက်အပိုင်းအခြားရှိသည်၏ အဖြစ်ဖြင့် သုံးဆောင်ရမည်။

**ထိုခုနစ်ရက်ကို လွန်စေသောရဟန်းအား နိဿဂ္ဂိပါစိတ်အာပတ် သင့်၏** ဟူသည် ရှစ်ရက်မြောက် အရုဏ်တက်လာသော် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ ဆေးသည် ခုနစ်ရက်ကိုလွန်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤဆေးကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ဟု။ပ။ ပေးကုန်ရာ၏ဟု။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)

၆၂၄။ ခုနစ်ရက်လွန်သည်၌ လွန်ပြီးဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ခုနစ်ရက်လွန်သည်၌ ယုံမှားရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ခုနစ်ရက်လွန်သည်၌ မလွန်သေး ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အဓိဋ္ဌာန်မတင်အပ်သည်၌ အဓိဋ္ဌာန်တင်အပ်ပြီး ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ မစွန့်အပ်သေးသည်၌ စွန့်အပ်ပြီး ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ မပျောက်သည်၌ ပျောက်သည် ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ မပျက်သည်၌ ပျက်သည် ဟု ထင်မှတ်ခြင်း ရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ မီးမလောင်သည်၌ မီးလောင်သည် ဟု ထင်မှတ်ခြင်း ရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ (ခိုးသူ) မလုယက်အပ်သည်၌ လုယက်အပ်သည် ဟု ထင်မှတ်ခြင်း ရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

စွန့်အပ်ပြီးကို ပြန်ရ၍ ကိုယ်နှင့်စပ်သော သုံးဆောင်ခြင်းဖြင့် မသုံးဆောင်ရ၊ မမျိုရ၊ ဆီမီး၌သော်၎င်း မင်၌သော်၎င်း ထည့်ရမည်၊ အခြားရဟန်းသည် ကိုယ်နှင့်စပ်သော သုံးဆောင်ခြင်းဖြင့် သုံးဆောင်ရမည်၊ မမျိုရ။

ခုနစ်ရက်မလွန်သေးသည်၌ လွန်ပြီးဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ခုနစ်ရက်မလွန်သေးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ ခုနစ်ရက်မလွန်သေးသည်၌ မလွန်သေးဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၆၂၅။ ခုနစ်ရက်အတွင်း အဓိဋ္ဌာန်တင်အံ့၊ စွန့်အံ့၊ ပျောက်အံ့၊ ပျက်အံ့၊ မီးလောင်အံ့၊ လုယက်၍ ယူကုန်အံ့၊ အကျွမ်းဝင်၍ ယူကုန်အံ့၊ ရဟန်းမဟုတ်သူ 'လူသာမဏေ' အား စွန့်သဖြင့် အန်သဖြင့် လွှတ်သဖြင့် ငဲ့ကွက်ခြင်း မရှိပဲ ပေးပြီးနောက် ပြန်ရ၍သုံးဆောင်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

တတိယ ဘေသဇ္ဇသိက္ခာပုဒ် ပြီး၏။

---

## ၃-ပတ္တဝဂ် ၄-ဝဿိကသာဋိကသိက္ခာပုဒ်

၆၂၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်းတို့အား မိုးရေခံ သင်္ကန်းကို ခွင့်ပြုတော်မူ၏၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရားသည် မိုးရေခံသင်္ကန်းကို ခွင့်ပြုတော်မူအပ်ပြီ ဟု စောစောကပင် မိုးရေခံ သင်္ကန်းတို့ကို ရှာကုန်၏၊ စောစောကပင် ချုပ်ဆိုး၍ ဝတ်ကုန်၏၊ မိုးရေခံ သင်္ကန်း ဆွေးမြည့်လတ်သော် အဝတ်မဆီးပဲ ကိုယ်ကို မိုးစွတ်စေကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် စောစောကပင် မိုးရေခံသင်္ကန်းတို့ကို ရှာကုန်ဘိသနည်း စောစောကပင် ချုပ်ဆိုး၍ဝတ်ကုန်ဘိသနည်း၊ မိုးရေခံသင်္ကန်းဆွေးမြည့်လတ်သော် အဝတ်မဆီးပဲ ကိုယ်ကိုမိုးစွတ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီး လျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် စောစောကပင် မိုးရေခံသင်္ကန်းတို့ကို ရှာကုန်၏၊ စောစောကပင် ချုပ်ဆိုး၍ဝတ်ကုန်၏၊ မိုးရေခံသင်္ကန်း ဆွေးမြည့်လတ်သော် အဝတ်မဆီးပဲ ကိုယ်ကိုမိုးစွတ်စေကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် စောစောကပင် မိုးရေခံသင်္ကန်းကို ရှာကုန်ဘိသနည်း၊ စောစောကပင် ချုပ်ဆိုး၍ ဝတ်ကုန်ဘိသနည်း၊ မိုးရေခံသင်္ကန်း ဆွေးမြည့်လတ်သော် အဝတ်မဆီးပဲ ကိုယ်ကို မိုးစွတ်စေကုန် ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၄၃။ ၂၄-၆၂၇။ "ရဟန်းသည် နွေလတို့၏ တလ ကြွင်းကျန်သေးသည် ဟု မိုးရေခံ သင်္ကန်းကို ရှာရမည်၊ နွေလတို့၏ လခွဲသည် ကြွင်းကျန်သေး၏ ဟု ချုပ်ဆိုး၍ ဝတ်ရမည်၊ အကယ်၍ နွေလတို့၏ တလကြွင်းကျန်သေးသည် ဟု ဤမှ ဘက်အတွင်း၌ မိုးရေခံသင်္ကန်းကို

http://www.dhammadownload.com



ရှာငြားအံ့၊ နွေလတို့၏ လခွဲ ကြွင်းကျန်သေးသည် ဟု ဤမှာဘက် အတွင်း၌ ချုပ်ဆိုး၍ ဝတ်ငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၄-ဝဿိကသာဋိကသိက္ခာပုဒ် အဖွင့်

၆၂၇။ ရဟန်းသည် နွေလတို့၏ တလကြွင်းကျန်သေးသည် ဟု မိုးရေခံ သင်္ကန်းကို ရှာရမည် ဟူသည် အကြင်လူတို့သည် ရှေးကလည်း မိုးရေခံသင်္ကန်းကို လှူကုန်၏၊ ထိုလူတို့ထံသို့ ချဉ်းကပ်၍ "မိုးရေခံ သင်္ကန်း၏ အခါတည်း၊ မိုးရေခံသင်္ကန်း၏ အချိန်တည်း၊ အခြားသူတို့သည်လည်း မိုးရေခံ သင်္ကန်းကို လှူကုန်၏" ဟု ဆိုရာ၏၊ "ငါ့အားမိုးရေခံသင်္ကန်းကို လှူကြလော့၊ ငါ့အတွက် မိုးရေခံ သင်္ကန်းကို ဆောင်ခဲ့ကြလော့၊ ငါ့အတွက် မိုးရေခံသင်္ကန်းကို ဖလှယ်ကြလော့၊ ငါ့အတွက် မိုးရေခံ သင်္ကန်းကို ဝယ်ကြလော့" ဟု မဆိုရ။

နွေလတို့၏ လခွဲသည် ကြွင်းကျန်သေးသည် ဟု ချုပ်ဆိုး၍ဝတ်ရမည် ဟူသည် လခွဲကြွင်း ကျန်သော နွေရာသီ၌ ချုပ်ဆိုး၍ ဝတ်ရမည်။

အကယ်၍နွေလတို့၏ တလကြွင်းကျန်သေးသည် ဟု ဤမှာဘက်အတွင်း၌ ဟူသည် တလထက် အလွန်ကြွင်းကျန်သော နွေရာသီ၌ မိုးရေခံသင်္ကန်းကို ရှာအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

နွေလတို့၏ လခွဲကြွင်းကျန်သေးသည် ဟု ဤမှာဘက်အတွင်း၌ ဟူသည် လခွဲအလွန်ကြွင်း ကျန်သောနွေရာသီ၌ ချုပ်ဆိုး၍ဝတ်အံ့၊ စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအား သော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ မိုးရေခံသင်္ကန်းသည် တလထက်အလွန် ကြွင်းကျန်သော နွေ ရာသီ၌ ရှာအပ်သဖြင့် လခွဲအလွန် ကြွင်းကျန်သော နွေရာသီ၌ ချုပ်ဆိုး၍ဝတ်အပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်းကို သံဃာအားစွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု။ပ။ ပေးကုန်ရာ၏ ဟု။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၆၂၈။ တလထက်အလွန် ကြွင်းကျန်သော နွေလ၌ အလွန် ဟု ထင်မှတ်ခြင်းရှိ၍ မိုးရေခံသင်္ကန်း ကို ရှာအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ တလထက်အလွန် ကြွင်းကျန်သောနွေလ၌ ယုံမှားရှိ၍ မိုးရေခံသင်္ကန်းကို ရှာအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ တလထက်အလွန်ကြွင်းကျန်သော နွေလ၌ ယုတ်လျော့သည် ဟု ထင်မှတ်ခြင်းရှိ၍ မိုးရေခံသင်္ကန်းကို ရှာအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

လခွဲအလွန် ကြွင်းကျန်သေးသော နွေလ၌ အလွန် ဟု ထင်မှတ်ခြင်းရှိ၍ ချုပ်ဆိုး၍ ဝတ်အံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ လခွဲအလွန် ကြွင်းကျန်သေးသော နွေလ၌ ယုံမှားရှိ၍ ချုပ်ဆိုး၍ ဝတ်အံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ လခွဲအလွန် ကြွင်းကျန်သေးသော နွေလ၌ ယုတ်လျော့ သည် ဟု ထင်မှတ်ခြင်းရှိ၍ ချုပ်ဆိုး၍ ဝတ်အံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

မိုးရေခံ သင်္ကန်းရှိလျက် အဝတ်မဆီးပဲ ကိုယ်ကို မိုးစွတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တလ အောက် ယုတ်လျော့ ကြွင်းကျန်သော နွေလ၌ အလွန် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

http://www.dhammadownload.com



တလအောက် ယုတ်လျော့ ကြွင်းကျန်သော နွေလ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ တလအောက် ယုတ်လျော့ ကြွင်းကျန်သောနွေလ၌ ယုတ်လျော့သည်ဟု ထင်မှတ်ခြင်းရှိအံ့၊အာပတ် မသင့်။

လခွဲအောက် ယုတ်လျော့ ကြွင်းကျန်သော နွေလ၌ အလွန် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ လခွဲအောက် ယုတ်လျော့ကြွင်းကျန်သော နွေလ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ လခွဲအောက် ယုတ်လျော့ကြွင်းကျန်သော နွေလ၌ ယုတ်လျော့သည် ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၆၃၀။ နွေလတို့၏ တလသည် ကြွင်းကျန်သေး၏ ဟု မိုးရေခံ သင်္ကန်းကို ရှာအံ့၊ နွေလတို့၌ လခွဲသည် ကြွင်းကျန်သေးသည် ဟု ချုပ်ဆိုး၍ ဝတ်အံ့၊ နွေလတို့၏ တလအောက် ယုတ်လျော့ ကြွင်းကျန်သေး၏ ဟု မိုးရေခံ သင်္ကန်းကို ရှာအံ့၊ နွေလတို့၏ လခွဲအောက် ယုတ်လျော့ ကြွင်းကျန်သေး၏ ဟု ချုပ်ဆိုး၍ ဝတ်အံ့၊ အာပတ် မသင့်။ မိုးရေခံ သင်္ကန်းရှာစဉ် ဝါထပ် 'ရက်ငင်' အံ့၊ မိုးရေခံသင်္ကန်း ဝတ်စဉ် ဝါထပ် 'ရက်ငင်' အံ့၊ ဖွပ်လျှော်၍ ထားရမည်။ အခါ၌ ဝတ်ရမည်၊ သင်္ကန်းကို အလုခံရသော ရဟန်းအားရင်း သင်္ကန်းပျောက်သော ရဟန်းအားရင်း ဘေးရန်တို့ကြောင့်ရင်း ရူးသော ရဟန်းအားရင်း အစလက်ဦး လွန်ကျူးသော ရဟန်းအားရင်း အာပတ် မသင့်။

စတုတ္ထ ဝဿိကသာဋိကသိက္ခာပုဒ် ပြီး၏။

---

## ၃-ပတ္တဝဂ် ၅-စီဝရအစ္ဆိန္နသိက္ခာပုဒ်

၆၃၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သာကီဝင်မင်းသား အသျှင် ဥပနန္ဒသည် အစ်ကို၏ အတူနေတပည့် ရဟန်းအား "ငါ့သျှင် လာလော့ ဇနပုဒ်၌ လှည့်လည်သွားကုန်အံ့" ဟု ပြောဆို၏။

အသျှင်ဘုရား အကျွန်ုပ်သည် မလိုက်နိုင်ပါ ရိန္နမ်းသော သင်္ကန်းရှိပါ၏ ဟု (လျှောက်၏)။

ငါ့သျှင် လာလော့ ငါသည် သင့်အား သင်္ကန်းကိုပေးအံ့ ဟု (ဆို၍ ) ထိုရဟန်းအား သင်္ကန်းကို ပေး၏။

"မြတ်စွာဘုရားသည် ဇနပုဒ်၌ လှည့်လည်ကြွတော်မူလိမ့်မည် " ဟု ထိုရဟန်း ကြားသည်သာ တည်း၊ ထိုအခါ ထိုရဟန်းအား ငါသည် ယခုသာကီဝင်မင်းသား အသျှင် ဥပနန္ဒနှင့်အတူ ဇနပုဒ်၌ လှည့်လည်မသွားတော့အံ့၊ မြတ်စွာဘုရားနှင့်အတူသာ ဇနပုဒ်၌ လှည့်လည်သွားအံ့" ဟု အကြံ သည် ဖြစ်ပေါ်၏ ။

ထိုအခါ သာကီဝင်မင်းသား အသျှင် ဥပနန္ဒသည် ထိုရဟန်းအား "ငါ့သျှင် လာလော့ ယခု ဇနပုဒ်၌ လှည့်လည်သွားကြကုန်အံ့" ဟု ပြောဆို၏။

အသျှင်ဘုရား အသျှင်ဘုရားနှင့်အတူ ဇနပုဒ်၌ လှည့်လည်မသွားတော့အံ့၊ မြတ်စွာဘုရားနှင့် အတူသာ သွားတော့အံ့ ဟု (လျှောက်၏)။

ငါ့သျှင် ငါသည် သင့်အား ငါနှင့်အတူ ဇနပုဒ်၌လှည့်လည်သွားလိမ့်မည်ဟု ဤသင်္ကန်းကို ပေးမိသည် ဟု (ဆို၍) အမျက်ထွက်သဖြင့် မနှစ်သက်သဖြင့် လုယူလေ၏၊ ထိုအခါ ထိုရဟန်းသည် ရဟန်းတို့

http://www.dhammadownload.com



အား ဤအကြောင်းကို လျှောက်ကြား၏၊ အလိုနည်းသော ရဟန်းတို့သည် "သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ရဟန်းအား ကိုယ်တိုင်သင်္ကန်းကိုပေး၍ အမျက်ထွက်လျက် မနှစ်သက်သဖြင့် အဘယ့်ကြောင့် လုယူဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ရဟန်းအား သင်္ကန်းကို ကိုယ်တိုင်ပေး၍ အမျက်ထွက်လျက် မနှစ်သက်သဖြင့် လုယူ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား သင်သည် ရဟန်းအား သင်္ကန်းကို ကိုယ်တိုင်ပေး၍ အမျက်ထွက်လျက် မနှစ်သက်သဖြင့် အဘယ့်ကြောင့် လုယူဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ(သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ မဟုတ်။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၄၄။ ၂၅-၆၃၂။ "အကြင်ရဟန်းသည် ရဟန်းအား ကိုယ်တိုင်သင်္ကန်းကိုပေး၍ အမျက်ထွက်လျက် နှလုံးမသာသဖြင့် (ကိုယ်တိုင်သော်လည်း) လုယူငြားအံ့၊ (သူတပါးတို့ကိုသော်လည်း) လုယူစေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၅-စိဝရအစ္ဆိန္ဒနသိက္ခာပုဒ် အဖွင့်

၆၃၃။ **အကြင်** ဟူသည် အကြင်သို့ သဘောရှိသော။ပ။

**ရဟန်း** ဟူသည် ။ပ။ ဤအရာ၌ ဤဉတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း"ဟု အလိုရှိအပ်၏။

**ရဟန်းအား** ဟူသည် အခြားသော ရဟန်းအား။

**ကိုယ်တိုင်** ဟူသည် မိမိကိုယ်တိုင် ပေး၍။

**သင်္ကန်း** မည်သည် ခြောက်မျိုးသောသင်္ကန်းတို့တွင် နောက်ဆုံး ဝိကပ္ပနာ လောက်သော သင်္ကန်းတမျိုးမျိုးတည်း။

**အမျက်ထွက်လျက် နှလုံးမသာသဖြင့်** ဟူသည် မမွေ့လျော်သော စိတ်ရှိသည်ဖြစ်၍ ထိခိုက်သော စိတ်ရှိသည်ဖြစ်၍ ငြောင့်ကဲ့သို့ ဖြစ်သော စိတ်ရှိသည်ဖြစ်၍။

**လုယူငြားအံ့** ဟူသည် ကိုယ်တိုင် လုယူအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

**လုယူစေငြားအံ့** ဟူသည် အခြားသူကို စေခိုင်းအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ တကြိမ်စေခိုင်းအပ်သျှက် အကြိမ်များစွာလည်း လုယူအံ့၊ စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤ အကျွန်ုပ်၏ သင်္ကန်းသည် ရဟန်းအား ကိုယ်တိုင်ပေးပြီးမှ လုယူအပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်းကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ဟု။ပ။ ပေးကုန်ရာ၏ဟု။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၆၃၄။ ရဟန်း၌ ရဟန်း ဟု ထင်မှတ်ခြင်းရှိသည်ဖြစ်၍ သင်္ကန်းကို ပေးပြီးလျှင် အမျက်ထွက်လျက် မနှစ်သက်သဖြင့် (ကိုယ်တိုင်သော်လည်း) လုယူအံ့၊ (သူတပါးတို့ကို သော်လည်း) လုယူစေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။ ရဟန်း၌ ယုံမှားရှိ၍ သင်္ကန်းကို ပေးပြီးလျှင် အမျက်ထွက်လျက် မနှစ်သက်သဖြင့် (ကိုယ်တိုင်သော်လည်း) လုယူအံ့၊ (သူတပါးတို့ကို သော်လည်း) လုယူစေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ ရဟန်း၌ ရဟန်းမဟုတ် ဟု ထင်မှတ်ခြင်းရှိ၍ သင်္ကန်းကို ပေးပြီးလျှင် အမျက်ထွက်လျက် မနှစ်သက် သဖြင့် (ကိုယ်တိုင်သော်လည်း) လုယူအံ့၊ (သူတပါးတို့ကိုသော်လည်း) လုယူစေအံ့၊ နိဿဂ္ဂိ ပါစိတ် အာပတ် သင့်၏။

အခြားပရိက္ခရာကို ပေးပြီး၍ အမျက်ထွက်လျက် မနှစ်သက်သဖြင့် (ကိုယ်တိုင်သော်လည်း) လုယူအံ့၊ (သူတပါးတို့ကို သော်လည်း) လုယူစေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းမဟုတ် သူ လူ့သာမဏေ အား သင်္ကန်းကိုသော်ငြား အခြားပရိက္ခရာကို သော်ငြား ပေးပြီးလျှင် အမျက်ထွက်လျက် မနှစ်သက်သဖြင့် (ကိုယ်တိုင်သော်လည်း) လုယူအံ့၊ (သူတပါးတို့ကိုသော်လည်း) လုယူစေအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

ရဟန်းမဟုတ်သူ၌ ရဟန်း ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏၊ ရဟန်းမဟုတ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ရဟန်းမဟုတ်သူ၌ ရဟန်းမဟုတ် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။

၆၃၅။ ထိုရဟန်းကသော်လည်း (ပြန်၍) ပေးအံ့၊ ထိုရဟန်း နှင့် သော်လည်း အကျွမ်းဝင်၍ ယူအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦးလွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ပဌမ စီဝရအစ္ဆိန္နသိက္ခာပုဒ် ပြီး၏။

---

## ၃–ပတ္တဝဂ် ၆–သုတ္တဝိညတ္တိသိက္ခာပုဒ်

၆၃၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သင်္ကန်းချုပ်သောအခါ၌ များစွာသော ချည်ကိုတောင်းကြကုန်၏၊ သင်္ကန်းချုပ်ပြီးသော်လည်း ချည်များစွာ ကြွင်းကျန်နေ၏၊ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့အား "ငါ့သျှင်တို့ ယခု ငါတို့သည် အခြားသော ချည်ကိုလည်း တောင်း၍ ရက်ကန်းသည်တို့ကို သင်္ကန်းရက်စေကုန်အံ့" ဟု အကြံဖြစ်ပေါ်၏။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အခြားသော ချည်ကိုလည်း တောင်း၍ ရက်ကန်းသည်တို့ကို သင်္ကန်းရက်စေကုန်၏၊ သင်္ကန်းရက်ပြီးသော်လည်း ချည်များစွာ ကြွင်းကျန်နေသေး၏၊ နှစ်ကြိမ်မြောက်လည်း ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် အခြားသော ချည်ကိုလည်း တောင်း၍ ရက်ကန်းသည်တို့ကို

http://www.dhammadownload.com



သက်န်းရက်စေကုန်၏၊ သက်န်းရက်ပြီးသော်လည်း ချည်မျှားစွာသည် ကြွင်းကျန်နေပြန်သေး၏၊ သုံးကြိမ် မြောက်လည်း ဆဗ္ဗဂ္ဂီရဟန်းတို့သည် အခြားသော ချည်ကိုလည်း တောင်း၍ ရက်ကန်းသည်တို့ကို သက်န်းရက်စေကုန်၏။

လူတို့သည် "အဘယ့်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ကိုယ်တိုင်ချည်ကို တောင်း၍ ရက်ကန်းသည်တို့ကို သက်န်းရက်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုကြသော ထိုလူတို့၏ စကားကို ကြားကြသည်သာတည်း၊ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကိုယ်တိုင်ချည်ကိုတောင်း၍ ရက်ကန်းသည်တို့ကို သက်န်းရက်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။

"ရဟန်းတို့ သင်တို့သည် ကိုယ်တိုင်ချည်ကိုတောင်း၍ ရက်ကန်းသည်တို့ကို သက်န်းရက်စေကြ၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ သင်တို့သည် ကိုယ်တိုင်ချည်ကိုတောင်း၍ ရက်ကန်းသည်တို့ကို အဘယ့်ကြောင့် သက်န်းရက်စေကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ ဤ(သင်တို့ပြုမိသောအမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၄၅။ ၂၆-၆၃၇။ "အကြင်ရဟန်းသည် ကိုယ်တိုင် ချည်ကိုတောင်း၍ ရက်ကန်းသည်တို့ကို သက်န်းရက်စေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ် အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၆-သုတ္တဝိညတ္တိသိက္ခာပုဒ် အဖွင့်

၆၃၈။ **အကြင်** ဟူသည် အကြင်သို့သဘောရှိသော။ပ။

ရဟန်း ဟူသည် ။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**ကိုယ်တိုင်** ဟူသည် မိမိကိုယ်တိုင် တောင်း၍။

**ချည်** မည်သည် ဂုံချည် ဝါချည် ပိုးချည် သားမွေး 'ကမ္ဗလာ' ချည် ပိုက်ဆံလျှော်ချည် ဘန်ချည်အားဖြင့် ခြောက်မျိုးတို့တည်း။

**ရက်ကန်းသည်တို့ကို** ဟူသည် ရက်ကန်းအလုပ်သမားတို့ကို ရက်စေအံ့၊ အားထုတ်မှု ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအား သော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ သက်နိုးသည် ကိုယ်တိုင်ချည်ကိုတောင်း၍ ရက်ကန်းသည် တို့ကို ရက်စေအပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်းကို သံဃာ အား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၆၃၉။ ရက်စေအပ်သည်၌ ရက်စေအပ်သည် ဟု ထင်မှတ်ခြင်း ရှိအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ ရက်စေအပ်သည်၌ ယုံမှားရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ရက်စေအပ်သည်၌ မရက် စေအပ် ဟု ထင်မှတ်ခြင်းရှိအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

မရက်စေအပ်သည်၌ ရက်စေအပ်သည် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မရက်စေ အပ်သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မရက်စေအပ်သည်၌ မရက်စေအပ် ဟု ထင်မှတ်ခြင်း ရှိအံ့၊ အာပတ် မသင့်။

၆၄၀။ သင်္ကန်းချုပ်ခြင်းငှါ (ချည်ကိုတောင်းအံ့)၊ အာပတ် မသင့်၊ အာယောဂပတ်၌ငှင်း ခါး ပန်းကြိုး၌ငှင်း ပခုံးဖွဲ့ (ကြိုး) ၌ငှင်း သပိတ်အိတ်၌ငှင်း ရေစစ်၌ငှင်း အာပတ်မသင့်၊ ဆွေမျိုးတော်စပ် သူတို့အားငှင်း ဖိတ်ကြားအပ်သူတို့အားငှင်း အခြားသူ၏ အလို့ငှါငှင်း (တောင်းအံ့) မိမိဥစ္စာဖြင့် ဝယ်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဆဋ္ဌ သုတ္တဝိညတ္တိသိက္ခာပုဒ် ပြီး၏။

---

## ၃–ပတ္တဝဂ် ၇–မဟာပေသကာရသိက္ခာပုဒ်

၆၄၁။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနာထပိဏ်သူဌေး၏ အရံဖြစ် သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ယောကျ်ားတယောက်သည် အရပ်တပါး သို့ ထွက်သွားခါနီး၌ (မိမိ၏) ဇနီးအား "ချည်ကိုချိန်၍ ဤမည်သော ရက်ကန်းသည်သို့ ပေးလော့၊ သင်္ကန်းရက်၍ ထားလော့၊ ပြန်လာလျှင် အသျှင်ဥပနန္ဒကို သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့" ဟု ဆို၏။

ဆွမ်းခံရဟန်းတပါးသည် ထိုယောကျ်ားပြောဆိုသော စကားကို ကြားသည်သာတည်း၊ ထိုအခါ ထိုရဟန်းသည် သာကီဝင်မင်းသား အသျှင်ဥပနန္ဒထံသို့ ချဉ်းကပ်၍ ငင်းအား—

"ငါ့သျှင် ဥပနန္ဒ သင်သည် ဘုန်းကြီးသူ ဖြစ်ပေ၏၊ ဤမည်သော အရပ်၌ အရပ်တပါးသို့ သွားခါနီးဖြစ်သော ယောကျ်ားတယောက်သည် (မိမိ) ဇနီးအား "ချည်ကို ချိန်၍ ဤမည်သော ရက်ကန်းသည်ကိုပေးလော့၊ သင်္ကန်းရက်၍ ထားလော့၊ ပြန်လာလျှင် အသျှင်ဥပနန္ဒကိုသင်္ကန်း ဖြင့်ဖုံးလွှမ်းအံ့" ဟု ပြောပါသည် ဟု (ဆို၏)။

ရှိပေသည် ငါ့သျှင် ထိုသူသည် ငါ့ကို လုပ်ကျွေးသူတည်း ဟု (ပြော၏)။

ထိုရက်ကန်းသည်သည်လည်း သာကီဝင်မင်းသား အသျှင်ဥပနန္ဒ၏ အလုပ်အကျွေးပင်တည်း၊ ထိုအခါ သာကီဝင်မင်းသား အသျှင်ဥပနန္ဒသည် ထိုရက်ကန်းသည်ထံသို့ ချဉ်းကပ်၍ ငင်းအား—

http://www.dhammadownload.com



"ဒါယကာ ငါ့ကို ရည်ညွှန်း၍ ဤသင်္ကန်းကို ရက်အပ်၏၊ အလျားရှည်ရှည် အနံပြန့်ပြန့် အသား ထူထူ ပြုလော့၊ ကောင်းစွာ ရက်အပ် ရှယ်အပ် နယ်ဖြင့် ကန်အပ် ဖြီးအပ်သည်ကိုလည်း ပြုလော့" ဟု ပြောဆို၏။

အသျှင်ဘုရား ထိုသူတို့သည် "ဤချည်ဖြင့် သင်္ကန်းကို ရက်လော့" ဟု ချည်ကိုချိန်၍ အကျွန်ုပ် အား ပေးကြပါသည်၊ အလျားရှည်ရှည် အနံပြန့်ပြန့် အသားထူထူ ပြုခြင်းငှါ မတတ်နိုင်ပါ၊ အသျှင် ဘုရား ကောင်းစွာ ရက်အပ် ရှယ်အပ် နယ်ဖြင့် ကန်အပ် ဖြီးအပ်သည်ကို ပြုခြင်းငှါ မူကား တတ်နိုင်ပါ သည် ဟု (လျှောက်၏)။

ဒါယကာ တိုက်တွန်းပါသည်၊ သင်သည် အလျားရှည်ရှည် အနံပြန့်ပြန့် အသားထူထူ ပြုလော့၊ ထိုချည်နှင့် စပ်သည့် အနှောင့်အယှက် ဖြစ်လိမ့်မည် မဟုတ်ပါ ဟု (ပြော၏)။

ထိုအခါ ထိုရက်ကန်းသည်သည် ဆောင်ယူလာတိုင်းသော ချည်ကို ရက်ကန်း၌ ထည့်သွင်း၍ ထိုမိန်းမထံသို့ ချဉ်းကပ်ပြီးလျှင် ၎င်းအား—

"ချည် အလိုရှိပါသည် အရှင်မ" ဟု ပြော၏။

အမောင် ငါသည် သင့်ကို "ဤချည်ဖြင့် သင်္ကန်းကို ရက်လော့" ဟု ဆိုအပ်သည် မဟုတ်လော ဟု (ဆို၏)။

အရှင်မ အကျွန်ုပ်ကို "ဤချည်ဖြင့် သင်္ကန်းကို ရက်လော့" ဟု သင်ဆိုအပ်သည်မှာ မှန်ပါသည်၊ သို့သော်လည်း အကျွန်ုပ်ကို အသျှင် ဥပနန္ဒက ဒါယကာ အလျားရှည်ရှည် အနံပြန့်ပြန့် အသားထူထူ ပြုလော့၊ ထိုချည်နှင့် စပ်သည့်အနှောင့်အယှက် ဖြစ်လိမ့်မည် မဟုတ် ဟု ဆိုပါသည် ဟု (ပြော၏)။ ထိုအခါ ထိုမိန်းမသည် ပဌမပေးပြီး ချည်မျှလောက် နောက်ထပ် ချည်ကို ပေးလေ၏၊ "ထို ယောကျ်ား သည် အရပ်တပါးမှ ပြန်လာပြီ"ဟု သာကီဝင်မင်းသား အသျှင် ဥပနန္ဒ ကြားလေသော် ထိုယောကျ်ား ၏ အိမ်သို့ ချဉ်းကပ်၍ ခင်းထားအပ်သော နေရာ၌ ထိုင်၏။

ထိုအခါ ထိုယောကျ်ားသည် သာကီဝင် မင်းသား အသျှင် ဥပနန္ဒထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်ကာ (မိမိ၏) ဇနီးအား "ထို သင်္ကန်းကို ရက်ပြီးပြီလော" ဟု မေး၏။

အရှင် ထိုသင်္ကန်းကို ရက်ပြီးပါပြီ ဟု (ပြော၏)။

ယူခဲ့လော့ အသျှင် ဥပနန္ဒကို သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့ ဟု (ပြောဆို၏)။ ထိုအခါ ထိုမိန်းမသည် ထိုသင်္ကန်းကို ဆောင်ယူခဲ့၍ လင်ယောကျ်ားအား ပေး၍ ဤ အကြောင်းကို ပြောကြား၏၊ ထိုအခါ ထိုယောကျ်ားသည် သာကီဝင် မင်းသား အသျှင် ဥပနန္ဒအား သင်္ကန်းကို လှူဒါန်းပြီးနောက် "ဤ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် အလိုကြီးကြကုန်၏၊ မရောင့်ရဲနိုင် ကြကုန်၊ ဤ ရဟန်းတို့ကို သင်္ကန်းဖြင့် ဖုံးလွှမ်းခြင်းငှါ မလွယ်ကူ၊ အဘယ့်ကြောင့် အသျှင် ဥပနန္ဒ သည် ငါသည် ရှေးက မဖိတ်ကြားအပ်ပဲ ရက်ကန်းသည် တို့ထံသို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်း သို့ ရောက်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုယောကျ်ား၏ စကားကို ကြားကြသည် သာတည်း၊ အလိုနည်းသော ရဟန်းတို့သည် "အဘယ့်ကြောင့် သာကီဝင် မင်းသား အသျှင် ဥပနန္ဒ သည် ရှေးက မဖိတ်ကြားအပ်ပဲ ဒါယကာ၏ ရက်ကန်းသည်တို့ထံသို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင် ခြင်းသို့ရောက်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏။

http://www.dhammadownload.com



ထိုအခါ ထိုရဟန်းတို့သည် သာကီဝင် မင်းသား အသျှင် ဥပနန္ဒကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ဥပနန္ဒ သင်သည် ရှေးကမဖိတ်ကြားအပ်ပဲ ဒါယကာ၏ ရက်ကန်းသည်တို့ထံသို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်၏)။

ဥပနန္ဒ သင်နှင့် ဆွေမျိုးတော်စပ်သလော၊ ဆွေမျိုးမတော်စပ်သလော ဟု (မေးတော်မူရာ)။
ဆွေမျိုးမတော်စပ်ပါ မြတ်စွာဘုရား ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဆွေမျိုးမတော်စပ်သူသည် ဆွေမျိုးမတော်စပ်သူ၏ သင့်တော်သည်ကိုငြင်း မသင့်တော်သည်ကိုငြင်း ရှိသည်ကိုငြင်း မရှိသည်ကိုငြင်း မသိနိုင်၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ဖြစ်ပါလျက် သင်သည် ရှေးက မဖိတ်ကြားအပ်ပဲ ဆွေမျိုးမတော်စပ်သော ဒါယကာ၏ ရက်ကန်းသည်တို့ထံသို့ ချဉ်းကပ်၍ သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ဤ (သင်ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ငြင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤ သိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၄၆။ ၂၇-၆၄၂။ **"ရဟန်းကိုသာလျှင် ရည်ညွှန်း၍ ဆွေမျိုးမတော်စပ်သော အိမ်ရှင်သော်ငြင်း အိမ်ရှင်မသော်ငြင်း ရက်ကန်းသည်တို့ကို သင်္ကန်းရက်စေငြားအံ့၊ အကယ်၍ ထိုရဟန်းသည် ရှေးက မဖိတ်ကြားအပ်ပဲ ရက်ကန်းသည်တို့ထံသို့ ချဉ်းကပ်၍ 'ဒါယကာတို့ ဤသင်္ကန်းသည် ငါ့ကိုရည်ညွှန်း၍ ရက်အပ်၏၊ အလျားရှည်ရှည် အနံပြန့်ပြန့် အသားထူထူ ပြုကြလော့၊ ကောင်းစွာ ရက်အပ် ရှယ်အပ် နယ်ဖြင့် ကန်အပ် ဖြီးအပ်သည်ကိုလည်း ပြုကြကုန်လော့၊ ငါတို့သည် ဒါယကာတို့အား အနည်းငယ်မျှ 'ပေးကမ်းဖွယ်' ကို ပေးကမ်းနိုင်ကုန်ရာ၏' ဟု သင်္ကန်း၌ အထူးစီရင်ခြင်းသို့ ရောက်ငြားအံ့၊ ထိုရဟန်းသည် ဤသို့ဆို၍ အနည်းငယ်မျှ 'ပေးကမ်းဖွယ်' ကို ပေးကမ်းငြားအံ့၊ အယုတ်သဖြင့် ဆွမ်းမျှကိုသော်လည်း ပေးကမ်းငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၇-မဟာပေသကာရသိက္ခာပုဒ် အဖွင့်

၆၄၃။ **ရဟန်းကိုသာလျှင် ရည်ညွှန်း၍** ဟူသည် ရဟန်း၏ အလိုငှါ ရဟန်းကို အာရုံပြု၍ ရဟန်းကို ဖုံးလွှမ်းလို၍။

**ဆွေမျိုးမတော်စပ်သော** မည်သည် အမိဘက်မှသော်ငြင်း အဖဘက်မှ သော်ငြင်း ခုနစ်ဆက်မြောက် ဘိုးဘေး အစုံတိုင်အောင် မဆက်စပ်သော။

**အိမ်ရှင်** မည်သည် အိမ်၌နေသူ ယောကျ်ားတဦးတယောက်တည်း။

**အိမ်ရှင်မ** မည်သည် အိမ်၌နေသူ မိန်းမတဦးတယောက်တည်း။

http://www.dhammadownload.com



**ရက်ကန်းသည်တို့ကို** ဟူသည် ရက်ကန်း အလုပ်သမားတို့ကို။

**သက်န်း** မည်သည် ခြောက်ထည်သော သက်န်းတို့တွင် နောက်ဆုံး ဝိကပ္ပနာလောက်သော သက်န်းတမျိုးမျိုးတည်း။

**ရက်စေခြင်းအံ့** ဟူသည် ရက်စေ၏။

**အကယ်၍ ထိုရဟန်းသည်** ဟူသည် အကြင်ရဟန်းကို ရည်ညွှန်း၍ သက်န်းကို ရက်အပ်၏၊ ထို ရဟန်းသည်။

**ရှေးက မဖိတ်ကြားအပ်ပဲ** ဟူသည် "အသျှင်ဘုရား အသျှင်ဘုရားသည် အဘယ်သို့ သဘောရှိသော သက်န်းကို အလိုရှိပါသနည်း၊ အသျှင်ဘုရားအတွက် အဘယ်သို့ သဘောရှိသော သက်န်းကို ရက်စေရအံ့နည်း" ဟု ရှေးက မလျှောက်အပ်ပဲ။

**ရက်ကန်းသည်တို့သို့ ချဉ်းကပ်၍** ဟူသည် အိမ်သို့သွား၍ တစုံတခုသော အရပ်သို့ ချဉ်းကပ်၍။

**သက်န်း၌ အထူးစီရင်ခြင်းသို့ ရောက်ငြားအံ့** ဟူသည် "ဒါယကာတို့ ဤသက်န်းသည် ငါ့ကို ရည်ညွှန်း၍ ရက်အပ်ပေ၏၊ အလျားရှည်ရှည် အနံပြန့်ပြန့် အသားထူထူပြုကြလော့၊ ကောင်းစွာရက်အပ် ရှယ်အပ် နယ်ဖြင့်ကန်အပ် ဖြီးအပ်သည်ကိုလည်း ပြုကြလော့၊ ငါတို့သည် ဒါယကာတို့အား အနည်းငယ်မျှ 'ပေးကမ်းဖွယ်' ကို ပေးကမ်းနိုင်ကုန်ရာ၏" ဟု စီရင်ငြားအံ့။

**ထိုရဟန်းသည် ဤသို့ဆို၍ အနည်းငယ်မျှ 'ပေးကမ်းဖွယ်' ကို ပေးကမ်းငြားအံ့၊ အယုတ်သဖြင့် ဆွမ်းမျှကိုသော်လည်း ပေးကမ်းငြားအံ့** ဟူရာ၌ **ဆွမ်း** မည်သည် ယာဂုသည်၎င်း ထမင်းသည်၎င်း ခဲဖွယ်သည်၎င်း အမှုန့်ခဲသည်၎င်း ဒန်ပူသည်၎င်း မြိတ်ဆာချည်သည်၎င်း အယုတ်သဖြင့် တရားကိုသော်လည်း ဟောအံ့၊ ထိုရဟန်း၏ စကားဖြင့် အလျားရှည်ရှည် အနံပြန့်ပြန့် အသားထူထူပြုအံ့၊ အားထုတ်မှုပယောဂကြောင့် ဒုက္ကဋ်အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း(ဝိနည်းကံ)ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

> "အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ သက်န်းသည် ရှေးကမဖိတ်ကြားအပ်ပဲ ဆွေမျိုးမတော်စပ်သော ဒါယကာ၏ ရက်ကန်းသည်တို့ထံသို့ ချဉ်းကပ်၍ သက်န်း၌ အထူးစီရင်ခြင်းသို့ ရောက်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသက်န်းကို သံဃာအား စွန့်ပါ၏" ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၆၄၄။ ဆွေမျိုးမတော်စပ်သူ၌ ဆွေမျိုးမတော်စပ်ဟု ထင်မှတ်ခြင်းရှိ၍ ရှေးကမဖိတ်ကြားအပ်ပဲ အိမ်ရှင်၏ ရက်ကန်းသည်တို့ထံသို့ ချဉ်းကပ်၍ သက်န်း၌ အထူးစီရင်ခြင်းသို့ ရောက်အံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သူ၌ ယုံမှားရှိ၍ ရှေးက မဖိတ်ကြားအပ်ပဲ ဒါယကာ၏ ရက်ကန်းသည်တို့ထံသို့ ချဉ်းကပ်၍ သက်န်း၌ အထူးစီရင်ခြင်းသို့ ရောက်အံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ ဆွေမျိုးမတော်စပ်သူ၌ ဆွေမျိုးတော်စပ်သည်ဟု ထင်မှတ်ခြင်းရှိ၍ ရှေးက မဖိတ်ကြား အပ်ပဲ ဒါယကာ၏ ရက်ကန်းသည်တို့ထံသို့ ချဉ်းကပ်၍ သက်န်း၌ အထူးစီရင်ခြင်းသို့ ရောက်အံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



ဆွေမျိုးတော်စပ်သူ၌ ဆွေမျိုးမတော်စပ် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သူ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ဆွေမျိုးတော်စပ်သူ၌ ဆွေမျိုးတော်စပ်သည်ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၆၄၅။ ဆွေမျိုးတော်စပ်သူတို့အားငင်း ဖိတ်ကြားအပ်သူတို့အားငင်း အခြားသူ၏ အကျိုးငှါငင်း မိမိ၏ ဥစ္စာဖြင့်ငင်း အဖိုးများသည်ကို ရက်စေလိုသူအား အဖိုးနည်းသည်ကို ရက်စေအံ့၊ အာပတ် မသင့်။

ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

သတ္တမ မဟာပေသကာရသိက္ခာပုဒ် ပြီး၏။

---

## ၁–ပတ္တဝဂ် ၈–အစ္စေကစီဝရသိက္ခာပုဒ်

၆၄၆။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသော အခါ အရပ်တပါးသို့ သွားခါနီး ဖြစ်သော အမတ်ကြီးတယောက်သည် "အသျှင်မြတ်တို့ ကြွလာတော်မူကုန်လော့၊ ဝါဆိုသင်္ကန်းကိုလှူအံ့" ဟု ရဟန်းတို့ ထံသို့ တမန်စေလွှတ်၏၊ ရဟန်းတို့သည် "မြတ်စွာဘုရားသည် ဝါမှ ထကုန်သော ရဟန်းတို့အား ဝါဆိုသင်္ကန်းကို ခွင့်ပြုတော်မမူအပ်သေး" ဟု တွေးတောမှု 'သံသယ ကုက္ကုစ္စ' ဖြစ်ကြ၍ မသွားကြကုန်၊ ထိုအခါ ထိုအမတ်ကြီးသည် "အသျှင်မြတ်တို့သည် တမန်စေလွှတ်အပ်လျက် အဘယ့်ကြောင့် မကြွလာ ကုန်ဘိသနည်း ၊ ငါသည်ကား စစ်တိုက်ရန် သွားရအံ့၊ အသက်ရှင်ခြင်းကို သိနိုင်ခဲ၏။ သေခြင်းကို သိနိုင်ခဲ၏" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။ ရဟန်းတို့သည် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ ပြောဆိုသော ထိုအမတ်ကြီး၏ စကားကို ကြားကြသည်သာတည်း။

ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤ အကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ အဆောတလျင်လှူအပ်သော သင်္ကန်းကို ခံယူ၍ ထားခြင်းငှါ ခွင့်ပြုသည်" ဟု မိန့်တော်မူ၏။

၆၄၇။ ထိုအခါ ရဟန်းတို့သည် "မြတ်စွာဘုရားသည် အဆောတလျင် လှူအပ်သော သင်္ကန်းကို ခံယူ၍ ထားခြင်းငှါ ခွင့်ပြုတော်မူအပ်ပြီ" ဟု အဆောတလျင် လှူအပ်သော သင်္ကန်းတို့ကို ခံယူ၍ သင်္ကန်း အချိန်အခါကို လွန်စေကုန်၏၊ ထိုသင်္ကန်းတို့ကို သင်္ကန်းတန်း၌ ထုပ်ဆွဲ၍ ထားကုန်၏၊ အသျှင်အာနန္ဒာသည် ကျောင်းစဉ် လှည့်လည်လတ်သော် သင်္ကန်းတန်း၌ ထုပ်ဆွဲ၍ ထားကုန်သော ထိုသင်္ကန်းတို့ကိုမြင်၍ ရဟန်းတို့ကို "ငါ့သျှင်တို့ သင်္ကန်းတန်း၌ ထုပ်၍ ဆွဲထားကုန်သော ဤ သင်္ကန်းတို့သည် မည်သူ၏ သင်္ကန်းတို့နည်း" ဟု မေး၏။

ငါ့သျှင် ငါတို့၏ အဆောတလျင် လှူအပ်သော သင်္ကန်းတို့တည်း ဟု (ဆိုကြကုန်၏)။

http://www.dhammadownload.com



ငါ့သျှင်တို့ ဤ သင်္ကန်းတို့ကို ထားသည်မှာ မည်မျှလောက်ကြာပြီနည်း ဟု (မေးပြန်၏)။

ထိုအခါ ရဟန်းတို့သည် အသျှင် အာနန္ဒာအား ထားတိုင်း (အချိန်) ကို ပြောကြကုန်၏။

အသျှင် အာနန္ဒာသည် "အဘယ့်ကြောင့် ရဟန်းတို့သည် အဆောတလျင် လှူအပ်သော သင်္ကန်းကို ခံယူ၍ သင်္ကန်းအချိန်အခါကို လွန်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့၏၊ ရှုတ်ချ၏၊ အပြစ်ပြ ပြောဆို၏။

ထိုအခါ အသျှင် အာနန္ဒာသည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြ စ်တင်ပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် အဆောတလျင် လှူအပ်သော သင်္ကန်းကို ခံယူ၍ သင်္ကန်းအချိန်အခါကို လွန်စေကြကုန်၏ ဟူသည် မှန်သလော"ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ ရဟန်းတို့ အဘယ့်ကြောင့် ထို (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့သည် အဆောတလျင် လှူအပ်သော သင်္ကန်းကို ခံယူ၍ သင်္ကန်းအချိန်အခါကို လွန်စေကုန်ဘိသနည်း၊ ရဟန်းတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါရင်း ။ပ။

ရဟန်းတို့ ဤသို့လျှင် ဤ သိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

၄၇။ ၂၈-၆၄၈။ **"ဆယ်ရက်လိုသေးသော သီတင်းကျွတ်လပြည့်နေ့၌*ရဟန်းအားသာလျှင် အဆောတလျင် လှူအပ်သော သင်္ကန်းဖြစ်ပေါ်ငြားအံ့၊ အဆောတလျင်ဟု သိသောရဟန်းသည် ခံယူရမည်၊ ခံယူပြီးနောက် သင်္ကန်းအချိန်အခါ ကာလဘိုင်အောင် ထားရမည်၊ အကယ်၍ ထိုထက်အလွန်ထားငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၈-အစွေကစီဝရသိက္ခာပုဒ် အဖွင့်

၆၄၉။ **ဆယ်ရက်လိုသေးသော** ဟူသည် ဆယ်ရက်ဖြင့် မရောက်သေးသော ပဝါရဏာနေ့၌။

**သီတင်းကျွတ်လပြည့်** ဟူသည် ပဝါရဏာကြတ္တိကာကို ဆိုလို၏။

**အဆောတလျင်လှူအပ်သောသင်္ကန်း** မည်သည် စစ်တိုက်ရန်သော်လည်း သွားလို၏၊ အရပ်တပါးသို့သော်လည်းသွားလို၏၊ မကျန်းမာသော်လည်းဖြစ်၏၊ ကိုယ်ဝန်သော်လည်းရှိ၏၊ သဒ္ဓါတရားမရှိသူအားသော်လည်း သဒ္ဓါတရား (အသစ်) ဖြစ်၏၊ မကြည်ညိုသောသူအားသော်လည်း ကြည်ညိုခြင်း (အသစ်) ဖြစ်ပေါ်၏၊ အကယ်၍ ထိုသူသည် ရဟန်းတို့၏အထံသို့ "အသျှင်မြတ်တို့ ကြွလာတော်မူကုန်လော့၊ ဝါဆို (ဝါကျွတ်) သင်္ကန်းကိုလှူအံ့" ဟု တမန်ကို စေလွှတ်အံ့၊ ဤသင်္ကန်းသည် အဆောတလျင် လှူအပ်သော သင်္ကန်းမည်၏။

* သီတင်းကျွတ်လပြည့်နေ့သို့ ဆယ်ရက်ဖြင့် မရောက်သေးသော သီတင်းကျွတ်လဆန်း ငါးရက်နေ့မှစ၍ ဖြစ်သောနေ့၌။

http://www.dhammadownload.com



**အဆောတလျှင် ဟု သိသောရဟန်းသည် ခံယူရမည်၊ ခံယူပြီးနောက် သင်္ကန်း အချိန်အခါတိုင် အောင်ထားရမည်** ဟူသည် "ဤသင်္ကန်းကား အဆောတလျှင် လှူအပ်သော သင်္ကန်းတည်း" ဟု အမှတ်ပြု၍ထားရမည်။

**သင်္ကန်းအချိန်အခါ** မည်သည် ကထိန်မခင်းလျှင် မိုးဥတု၏နောက်ဆုံးလ ကထိန်ခင်းလျှင် ငါးလ တို့တည်း။

**အကယ်၍ ထိုထက်အလွန် ထားငြားအံ့** ဟူသည် ကထိန်မခင်းလျှင် မိုးဥတု၏ နောက်ဆုံးနေ့ကို လွန်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ ကထိန်ခင်းလျှင် ကထိန်နုတ်သောနေ့ကို လွန်စေအံ့၊ နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤအကျွန်ုပ်၏ အဆောတလျှင်လှူအပ်သော သင်္ကန်းသည် သင်္ကန်း အချိန်အခါကို လွန်စေအပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤသင်္ကန်း ကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ဟု။ပ။ ပေးကုန်ရာ၏ဟု။ပ။ အသျှင့်အားပေးပါ ၏ ဟု (ပြန်ပေးရမည်)။

၆၅၀။ အဆောတလျှင်လှူအပ်သော သင်္ကန်း၌ အဆောတလျှင် လှူအပ်သော သင်္ကန်း ဟု ထင်မှတ်ခြင်းရှိ၍ သင်္ကန်းအချိန်အခါကို လွန်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ အဆောတလျှင် လှူအပ်သော သင်္ကန်း၌ ယုံမှားရှိ၍ သင်္ကန်းအချိန်အခါကို လွန်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ အဆောတလျှင်လှူအပ်သော သင်္ကန်း၌ အဆောတလျှင်လှူအပ်သော သင်္ကန်း မဟုတ် ဟု ထင်မှတ်ခြင်းရှိ၍ သင်္ကန်း အချိန်အခါကို လွန်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

အဓိဋ္ဌာန် မတင်အပ်သေးသည်၌ အဓိဋ္ဌာန်တင်အပ်ပြီးဟု ထင်မှတ်ခြင်းရှိ၍။ပ။ ဝိကပ္ပနာမပြု အပ်သေးသည်၌ ဝိကပ္ပနာ ပြုအပ်ပြီး ဟု ထင်မှတ်ခြင်းရှိ၍။ပ။ မစွန့်အပ်သေးသည်၌ စွန့်အပ်ပြီး ဟု ထင်မှတ်ခြင်းရှိ၍။ပ။ မပျောက်သည်၌ ပျောက်သည် ဟု ထင်မှတ်ခြင်းရှိ၍။ပ။ မပျက်သည်၌ ပျက် သည် ဟု ထင်မှတ်ခြင်းရှိ၍။ပ။ မီးမလောင်သည်၌ မီးလောင်သည် ဟု ထင်မှတ်ခြင်းရှိ၍။ပ။ မလုယူ အပ်သည်၌ လုယူအပ်သည် ဟု ထင်မှတ်ခြင်းရှိ၍ သင်္ကန်းအချိန်အခါကို လွန်စေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

စွန့်ခြင်း (ဝိနည်းကံ) ရှိသော သင်္ကန်းကိုမစွန့်ပဲ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ်သင့်၏။ အဆော တလျှင်လှူအပ်သော သင်္ကန်းမဟုတ်သည်၌ အဆောတလျှင် လှူအပ်သော သင်္ကန်း ဟု ထင်မှတ်ခြင်း ရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ အဆောတလျှင် လှူအပ်သော သင်္ကန်းမဟုတ်သည် ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ အဆောတလျှင် လှူအပ်သော သင်္ကန်းမဟုတ်သည်၌ အဆောတလျှင် လှူ အပ်သော သင်္ကန်းမဟုတ် ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၆၅၁။ အခါအတွင်း၌ အဓိဋ္ဌာန်တင်အံ့၊ ဝိကပ္ပနာ ပြုအံ့၊ စွန့်အံ့၊ ပျောက်အံ့၊ ပျက်အံ့၊ မီးလောင် အံ့၊ လုယူကုန်အံ့၊ အကျွမ်းဝင်၍ ယူကုန်အံ့၊ အာပတ် မသင့်၊ ရူးသောရဟန်း အစလက်ဦး လွန်ကျူး သော ရဟန်းအား အာပတ် မသင့်။

ဒသမ အစ္စေကစီဝရသိက္ခာပုဒ် ပြီး၏။

http://www.dhammadownload.com



## ၃-ပတ္တဝဂ် ၉-သာသက်သိက္ခာပုဒ်

၆၅၂။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသော အခါ ဝါမှထပြီးကုန်သော ရဟန်းတို့သည် တောကျောင်းတို့၌ နေကုန်၏၊ တန်ဆောင်မုန်းလ ခိုးသူတို့သည် "ရဟန်းတို့သည် လာဘ်ရကြကုန်၏" ဟု နှိပ်စက်ကြကုန်၏။

မြတ်စွာဘုရားအား ဤ အကြောင်းကို လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်း အရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ တောကျောင်းတို့၌ နေသော ရဟန်းသည် သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ ထားခြင်းငှါ ခွင့်ပြုသည်" ဟု မိန့်တော်မူ၏။

ထိုအခါ ရဟန်းတို့သည် "မြတ်စွာဘုရားသည် တောကျောင်းတို့၌ နေသော ရဟန်းသည် သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ ထားခြင်းငှါ ခွင့်ပြုတော်မူအပ်ပြီ" ဟု သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ ထား၍ ခြောက်ညဉ့်ထက် အလွန်ကင်း၍ နေကုန်၏၊ ထိုသင်္ကန်းတို့သည် ပျောက်လည်းပျောက်ကုန်၏၊ ပျက်လည်း ပျက်ကုန်၏၊ မီးလည်း လောင်ကုန်၏၊ ကြွက်တို့သည်လည်း ကိုက်ခဲကုန်၏၊ ရဟန်းတို့သည် မကောင်းသော အဝတ်ရှိကြကုန်၏၊ ခေါင်းပါးသော သင်္ကန်း ရှိကြကုန်၏။

ရဟန်းတို့သည် "ငါ့သျှင်တို့ သင်တို့သည် အဘယ့်ကြောင့် မကောင်းသော အဝတ်ရှိကြ ခေါင်းပါးသော သင်္ကန်းရှိကြကုန်သနည်း" ဟု မေးကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ရဟန်းတို့အား ဤအကြောင်းကို ပြောကြကုန်၏။

အလိုနည်းသော ရဟန်းတို့သည် "ရဟန်းတို့သည် သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ ထား၍ ခြောက်ညဉ့်ထက် အလွန်ကင်း၍ အဘယ့်ကြောင့် နေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏။ ရှုတ်ချ ကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ပ။

"ရဟန်းတို့ ရဟန်းတို့သည် သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ ထား၍ ခြောက်ညဉ့်ထက် အလွန်ကင်း၍ နေကုန်၏ ဟူသည် မှန်သလော" ဟု စိစစ်မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏။)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၍။ပ။ "ရဟန်းတို့ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ထိုယောကျ်ားတို့သည် သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ ထား၍ အဘယ့်ကြောင့် ခြောက်ညဉ့်ထက် အလွန်ကင်း၍ နေကုန်ဘိသနည်း၊ ရဟန်းတို့ ဤ(သင်တို့ ပြုမိသောအမှု)သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ငြင်း ။ပ။

ရဟန်းတို့ ဤသို့လျှင် ဤ သိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၆၈။ ၂၉-၆၅၃။ "ဝါကပ်ပြီးနောက် တန်ဆောင်မုန်းလပြည့်နေ့၌ ရွံရှာဖွယ်ရှိ၏ဟု သမုတ်အပ်ကုန်သော ဘေးဘျမ်းရှိကုန်သော အကြင်တောကျောင်းတို့သည် ရှိကုန်၏၊ ထိုသို့သဘော**

http://www.dhammadownload.com



ရှိကုန်သော ကျောင်းတို့၌နေသော ရဟန်းသည် အလိုရှိလတ်သော် သက်န်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို ရွာတွင်း၌ ထားရာ၏၊ ထိုရဟန်းအား ထိုသင်္ကန်းနှင့် ကင်း၍ နေခြင်းငှါ အကြောင်းတစုံတရာ ရှိငြားအံ့၊ ခြောက်ညဉ့် အပိုင်းအခြားကာလပတ်လုံး ထိုရဟန်း သည် ထိုသင်္ကန်းနှင့် ကင်း၍ နေရာ၏၊ အကယ်၍ ထို့ထက်အလွန်ကင်း၍ နေငြားအံ့၊ ရဟန်း တို့၏ သမ္မုတိပေးခြင်းကို ထား၍ (ထိုရဟန်းအား) နိဿဂ္ဂိ ပါစိတ်အာပတ် သင့်၏" ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၉-သာသက်သိက္ခာပုဒ် အဖွင့်

၆၅၄။ **ဝါကပ်ပြီးနောက်** ဟူသည် ဝါမှ ထပြီး သော ရဟန်းတို့အား။

**တန်ဆောင်မုန်းလပြည့်** ဟူသည် မိုးလေးလအဆုံး ကြတ္တိကာ 'တန်ဆောင်မုန်း' လကို ဆိုအ‿၏။

**အကြင် တောကျောင်းတို့သည်** ဟူရာ၌ တောကျောင်း မည်သည် အယုတ်ဆုံး လေး (အတာ) အပြန်ငါးရာရှိသော ကျောင်းတည်း။

**ရွံ့ရှာဖွယ်ရှိ၏** မည်သည် အရံ အရံ၏ ဥပစာ၌ ခိုးသူဘိုဝင်ရာ စားရာ ရပ်ရာ ထိုင်ရာ လျောင်းရာ တို့ကို တွေ့ရ၏။

**ဘေးဘျမ်းရှိ၏** မည်သည် အရံ အရံ၏ ဥပစာ၌ ခိုးသူတို့ သတ်အပ်သော လူတို့ကို တွေ့ရ၏၊ လုယက်အပ်သူတို့ကို တွေ့ရ၏၊ ရိုက်နှက်အပ်သူတို့ကို တွေ့ရ၏။

**ထိုသို့ သဘောရှိကုန်သော ကျောင်းတို့၌ နေသောရဟန်း** ဟူသည် ဤသို့ သဘောရှိကုန်သော ကျောင်းတို့၌ နေသော ရဟန်းသည်။

**အလိုရှိလတ်သော်** ဟူသည် တောင့်တ လာသော်။

**သင်္ကန်းသုံးထည်တို့တွင် တထည်ထည်သော သင်္ကန်းကို** ဟူသည် ဒုကုဋ်ကိုသော်၎င်း ကောသိကို သော်၎င်း သင်းပိုင်ကိုသော်၎င်း။

**ရွာတွင်း၌ ထားရာ၏** ဟူသည် ပတ်ဝန်းကျင် ဂေါစရဂ်ရွာ၌ ထားရာ၏။

**ထိုရဟန်းအား ထိုသင်္ကန်းနှင့် ကင်း၍ နေခြင်းငှါ အကြောင်း တစုံတရာ ရှိငြားအံ့** ဟူသည် အကြောင်း ရှိငြားအံ့၊ ပြုဖွယ်ရှိငြားအံ့။

**ခြောက်ညဉ့် အပိုင်းအခြားကာလပတ်လုံး ထိုရဟန်းသည် ထိုသင်္ကန်းနှင့် ကင်း၍ နေရာ၏** ဟူသည် ခြောက်ညဉ့်အတိုင်း အရှည်ရှိသည်၏ အဖြစ်ဖြင့် ကင်း၍ နေအပ်၏။

**ရဟန်းတို့၏ သမ္မုတိပေးခြင်းကို ထား၍** ဟူသည် ရဟန်းတို့၏ သမ္မုတိပေးခြင်းကို ဖယ်ထား၍။

**အကယ်၍ ထို့ထက်အလွန်ကင်း၍ နေငြားအံ့** ဟူသည် ခုနစ်ရက်မြောက် အရုဏ်တက်လတ်သော် စွန့်ခြင်း (ဝိနည်းကံ)ရှိ၏။ သံဃာအားသော်၎င်း ဂိုဏ်းအားသော်၎င်း ပုဂ္ဂိုလ်အားသော်၎င်း စွန့်ရ မည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ ဤ အကျွန်ုပ်၏ သင်္ကန်းသည် ရဟန်းတို့၏ သမ္မုတိ မရပဲ ခြောက်ညဉ့် ထက်အလွန် ကင်း၍ နေအပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤ‿‿‿န်း

http://www.dhammadownload.com



ကို သံဃာအား စွန့်ပါ၏” ဟု ။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၆၅၅။ ရဟန်းတို့၏ သမ္မုတိကို မရပဲ ခြောက်ညဉ့်ထက် လွန်သည်၌ လွန်သည် ဟု ထင်မှတ်ခြင်း ရှိသဖြင့် ကင်း၍နေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ ရဟန်းတို့၏ သမ္မုတိကို မရပဲ ခြောက်ညဉ့်ထက် လွန်သည်၌ ယုံမှားရှိသဖြင့် ကင်း၍နေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။ ရဟန်းတို့၏သမ္မုတိကိုမရပဲ ခြောက်ညဉ့်ထက် လွန်သည်၌ ယုတ်လျော့သည် ဟု ထင်မှတ်ခြင်းရှိသဖြင့် ကင်း၍နေအံ့၊ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။

ပစ္စုဒ္ဓိုရ်*မပြုအပ်သေးသည်၌ ပစ္စုဒ္ဓိုရ် ပြုအပ်ပြီး ဟု ထင်မှတ်ခြင်းရှိ၍။ပ။ မစွန့်အပ်သေးသည် ၌ စွန့်အပ်ပြီး ဟု ထင်မှတ်ခြင်းရှိ၍။ပ။ မပျောက်သည်၌ ပျောက်သည် ဟု ထင်မှတ်ခြင်းရှိ၍။ပ။ မပျက်သည်၌ ပျက်သည် ဟု ထင်မှတ်ခြင်းရှိ၍။ပ။ မီးမလောင်သည်၌ မီးလောင်သည် ဟု ထင်မှတ် ခြင်းရှိ၍။ပ။ ရဟန်းတို့၏ သမ္မုတိကိုမရပဲ မလုယူအပ်သည်၌ လုယူအပ်သည် ဟု ထင်မှတ်ခြင်းရှိသဖြင့် ကင်း၍နေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

စွန့်အပ်သော သင်္ကန်းကို မစွန့်ပဲ သုံးဆောင်အံ့၊ ဒုက္ကဋ် အာပတ် သင့်၏။ ခြောက်ညဉ့်အောက် ယုတ်လျော့သည်၌ အလွန် ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ခြောက်ညဉ့်အောက် ယုတ် လျော့သည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ခြောက်ညဉ့်အောက် ယုတ်လျော့သည်၌ ယုတ် လျော့သည် ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၆၅၆။ ခြောက်ညဉ့်ပတ်လုံး ကင်း၍နေအံ့၊ ခြောက်ညဉ့်အောက် ကင်း၍နေအံ့၊ ခြောက်ညဉ့် ပတ်လုံး ကင်း၍နေပြီးနောက် တဖန် ဂါမသိမ် ‘ရွာအပိုင်းအခြား’ သို့ သက်၍ နေပြီးမှ ဖဲသွားအံ့၊ ခြောက်ညဉ့်အတွင်း ပစ္စုဒ္ဓိုရ်ပြုအံ့၊ စွန့်အံ့၊ ပျောက်အံ့၊ ပျက်အံ့၊ မီးလောင်အံ့၊ လုယူကုန်အံ့၊ အကျွမ်း ဝင်၍ ယူကုန်အံ့၊ သမ္မုတိ ရငြားအံ့၊ အာပတ် မသင့်။ ရူးသောရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

နဝမ သာသက်သိက္ခာပုဒ် ပြီး၏။

---

## ၃-ပတ္တဝဂ် ၁၀-ပရိဏတသိက္ခာပုဒ်

၆၅၇။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ သာဝတ္ထိပြည်၌ အသင်းတသင်းသည် သံဃာအား “ကျွေးမွေး၍ သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့” ဟု သင်္ကန်းနှင့်တကွ ဆွမ်းကိုစီရင်၏၊ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုအသင်းသို့ ချဉ်းကပ်၍ “ဒါယကာတို့ ဤသင်္ကန်းတို့ကို ငါတို့အား ပေးကုန် လော့” ဟု ဆိုကြကုန်၏။

အသျှင်ဘုရားတို့ အကျွန်ုပ်တို့သည် မလှူနိုင်ကြပါ၊ အကျွန်ုပ်တို့သည် သံဃာအား နှစ်စဉ် ‘နှစ်တိုင်း’ သင်္ကန်းနှင့်တကွ ဆွမ်းကို ဝတ်တည်ကြပါသည် ဟု (ပြန်၍ ဆိုကြကုန်၏)။

* ပစ္စုဒ္ဓိုရ်—စွန့်လွှတ်ခြင်း။

http://www.dhammadownload.com



ဒါယကာတို့ သံဃာအား အလှူရှင်တို့သည် ပေါမျှားပါကုန်၏၊ သံဃာအား ဆွမ်းတို့သည် ပေါများပါကုန်၏၊ ငါတို့သည် သင်တို့ကိုမှီ၍ သင်တို့ကို ကောင်းစွာ မြင်၍ ဤအရပ်၌နေကြပါသည်၊ အကယ်၍ သင်တို့သည် ငါတို့အား မလှူကုန်အံ့၊ ထိုသို့ မလှူသော် အဘယ်သူသည် ငါတို့အား လှူလိမ့်မည်နည်း၊ ဒါယကာတို့ ဤသက်နီးတို့ကို ငါတို့အား လှူကုန်လော့ ဟု (ဆိုကြကုန်၏)။

ထိုအခါ ထိုအသင်းသည် ဆဗ္ဗဂ္ဂီရဟန်းတို့က အတင်းအကြပ် ပြောအပ်သည်ဖြစ်၍ စီရင်အပ်တိုင်းသော သက်နီးကို ဆဗ္ဗဂ္ဂီရဟန်းတို့အား လှူပြီးနောက် သံဃာကို ဆွမ်းဖြင့် လုပ်ကျွေး၏။

အကြင်ရဟန်းတို့သည် သံဃာအား သက်နီးနှင့်တကွ ဆွမ်းကိုစီရင်အပ်သည် ဟု သိကုန်၏၊ "ဆဗ္ဗဂ္ဂီ ရဟန်းတို့အား လှူအပ်ပြီး" ဟု ကား မသိကုန်၊ ထိုရဟန်းတို့သည် "ဒါယကာတို့ သံဃာအား သက်နီးကို လှူဒါန်းကြလော့" ဟု ဆိုကြကုန်၏။

အသျှင်ဘုရားတို့ မရှိတော့ပါ၊ အသျှင်ဆဗ္ဗဂ္ဂီတို့သည် စီရင်အပ်တိုင်းသော သက်နီးကို မိမိတို့အား ညွတ်စေကြပါသည် ဟု (လျှောက်ကြကုန်၏)။

အလိုနည်းသော ရဟန်းတို့သည် "ဆဗ္ဗဂ္ဂီရဟန်းတို့သည် သိလျက် ညွတ်ပြီးသောသံဃိကလာဘ်ကို မိမိတို့အား အဘယ့်ကြောင့် ညွတ်စေကုန်ဘိသနည်း" ဟု ကဲ့ရဲ့ကုန်၏၊ ရှုတ်ချကုန်၏၊ အပြစ်ပြ ပြောဆိုကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ပြစ်တင်ကြပြီးလျှင် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ပ။

"ရဟန်းတို့ သင်တို့သည် သိလျက် ညွတ်ပြီးသော သံဃိကလာဘ်ကို မိမိတို့အား ညွတ်စေကြကုန်၏ ဟူသည် မှန်သလော" ဟု စိစစ် မေးမြန်းတော်မူ၏။

မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူ၏။ပ။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ားတို့ အဘယ့်ကြောင့် သင်တို့သည် သိလျက် ညွတ်ပြီးသော သံဃိကလာဘ်ကို မိမိတို့အား ညွတ်စေကုန်ဘိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့ ဤ (သင်တို့ပြုမိသော အမှု) သည် မကြည်ညိုသေးသော သူတို့အား ကြည်ညိုစေခြင်းငှါ ရင်း။ပ။

ရဟန်းတို့ ဤသို့လျှင် ဤသိက္ခာပုဒ်တော်ကို ပြကြကုန်လော့။

**၄၉။ ၁၀–၆၅၈။ "အကြင်ရဟန်းသည် သိလျက် ညွတ်ပြီးသော သံဃိကလာဘ်ကို မိမိအား ညွတ်စေငြားအံ့၊ (ထိုရဟန်းအား) နိဿဂ္ဂိပါစိတ်အာပတ် သင့်၏"** ဤသို့ (ပြကြကုန်လော့ ဟု မိန့်တော်မူ၏)။

## ၁၀–ပရိဏတသိက္ခာပုဒ် အဖွင့်

၆၅၉။ **အကြင်** ဟူသည် အကြင်သို့သဘောရှိသော။ပ။

**ရဟန်း** ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သူကို "ရဟန်း" ဟု အလိုရှိအပ်၏။

**သိ၏** မည်သည် ကိုယ်တိုင်သော်လည်း သိ၏၊ အခြားသူတို့ကသော်လည်း ထိုရဟန်းအား ပြောကုန်၏၊ ထိုသူကသော်လည်း ပြော၏။

**သံဃိက** မည်သည် သံဃာအား လှူအပ် စွန့်အပ်ပြီး ဖြစ်၏။

http://www.dhammadownload.com



**လာဘ်** မည်သည် သင်္ကန်း ဆွမ်း အိပ်ရာ နေရာကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့တည်း၊ အယုတ်သဖြင့် အမှုန့်ခဲသည်ရင်း ဒန်ပူသည်ရင်း မြိတ်ဆာ ချည်သည်ရင်းတည်း။

**ညွတ်ပြီး** မည်သည် "လှူကုန်အံ့ ပူဇော်ကုန်အံ့" ဟု နှုတ်မြွက်အပ်၏။

မိမိအား ညွတ်စေအံ့၊ အားထုတ်မှုပယောဂကြောင့် ဒုက္ကဋ်အာပတ်သင့်၏။ ရခြင်းကြောင့် စွန့်ခြင်း (ဝိနည်းကံ) ရှိ၏။ သံဃာအားသော်ရင်း ဂိုဏ်းအားသော်ရင်း ပုဂ္ဂိုလ်အားသော်ရင်း စွန့်ရမည်။

ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

"အသျှင်ဘုရားတို့ အကျွန်ုပ်သည်သိလျက် ဤညွတ်ပြီးသော သံဃိကလာဘ်ကို မိမိအား ညွတ်စေအပ်သဖြင့် စွန့်ခြင်း (ဝိနည်းကံ) ရှိပါသည်၊ အကျွန်ုပ်သည် ဤလာဘ်ကို သံဃာအား စွန့်ပါ၏" ဟု။ပ။ ပေးရာ၏ ဟု ။ပ။ ပေးကုန်ရာ၏ ဟု ။ပ။ အသျှင့်အား ပေးပါ၏ ဟု (ပြန်ပေးရမည်)။

၆၆၀။ ညွတ်ပြီး၌ ညွတ်ပြီး ဟု ထင်မှတ်ခြင်းရှိ၍ မိမိအား ညွတ်စေအံ့၊ နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။ ညွတ်ပြီး၌ ယုံမှားရှိ၍ မိမိအား ညွတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ညွတ်ပြီး၌ မညွတ်အပ်သေးဟု ထင်မှတ်ခြင်းရှိ၍ မိမိအား ညွတ်စေအံ့၊ အာပတ် မသင့်။

သံဃာအား ညွတ်ပြီးကို အခြားသံဃာအားသော်ရင်း စေတီအားသော်ရင်း ညွတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ စေတီအား ညွတ်ပြီးကို အခြားစေတီအားသော်ရင်း သံဃာအားသော်ရင်း ပုဂ္ဂိုလ်အားသော်ရင်း ညွတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ ပုဂ္ဂိုလ်အား ညွတ်ပြီးကို အခြားပုဂ္ဂိုလ်အားသော်ရင်း သံဃာအားသော်ရင်း စေတီအားသော်ရင်း ညွတ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

မညွတ်အပ်သေးသည်၌ ညွတ်ပြီး ဟု ထင်မှတ်ခြင်းရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မညွတ်အပ်သေးသည်၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ မညွတ်အပ်သေးသည်၌ မညွတ်အပ်သေး ဟု ထင်မှတ်ခြင်းရှိအံ့၊ အာပတ် မသင့်။

၆၆၁။ "အဘယ်၌ လှူရကုန်အံ့နည်း" ဟု မေးအပ်သော် "အကြင်အရပ်၌ သင်တို့၏ လှူဖွယ်ဝတ္ထုသည် သုံးဆောင်ခြင်းကိုသော်ရင်း ပြုခြင်း စီရင်ခြင်းကိုသော်ရင်း ရရာ၏၊ ကြာမြင့်စွာ တည်သည်လည်း ဖြစ်ရာ၏၊ ထိုအရပ်၌ လှူကုန်လော့ ဟု သော်ရင်း၊ သို့မဟုတ် အကြင်အရပ်၌ သင်တို့၏ စိတ်သည် ကြည်လင်၏၊ ထိုအရပ်၌ လှူကုန်လော့" ဟု သော်ရင်း ဆိုအံ့၊ အာပတ် မသင့်၊ ရူးသော ရဟန်း အစလက်ဦး လွန်ကျူးသော ရဟန်းအား အာပတ် မသင့်။

ဒသမ ပရိဏတသိက္ခာပုဒ် ပြီး၏။

တတိယ ပတ္တဝဂ် ပြီး၏။

## ထိုဝဂ်၏ အကျဉ်းချုပ်

ပတ္တသိက္ခာပုဒ်နှစ်ခု၊ ဘေသဇ္ဇသိက္ခာပုဒ်၊ မိုးရေခံ ဝဿိကသိက္ခာပုဒ်၊ လုယူခြင်း ပဉ္စမသိက္ခာပုဒ်၊ ကိုယ်တိုင်ရက်စေခြင်း သုတ္တဝိညတ္တိသိက္ခာပုဒ်၊ အစ္စေကသိက္ခာပုဒ်၊ သာသင်္ကသိက္ခာပုဒ်၊ သံဃိကပရိဏတသိက္ခာပုဒ်။

ဤကား အကျဉ်းချုပ် တည်း။

http://www.dhammadownload.com



၆၆၂။ အသျှင်တို့ သုံးဆယ်သော နိဿဂ္ဂိပါစိတ်အာပတ်တို့ကို သရုပ်အားဖြင့် ပြဆိုအပ်ပြီးပါကုန်ပြီ၊ ထို နိဿဂ္ဂိပါစိတ်အာပတ်တို့၌ အသျှင်တို့ကိုမေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ နှစ်ကြိမ်မြောက်လည်းမေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော၊ သုံးကြိမ်မြောက်လည်း မေးပါ၏၊ အာပတ်မှ စင်ကြယ်ကြပါကုန်၏လော။ အသျှင်တို့သည် ဤနိဿဂ္ဂိတို့၌ အာပတ်မှ စင်ကြယ်ကြပါ၏၊ ထို့ကြောင့် ဆိတ်ဆိတ်နေကြကုန်၏၊ ဤသို့ ဆိတ်ဆိတ်နေသဖြင့် ဤအာပတ်မှ စင်ကြယ်သည့်အဖြစ်ကို သိမှတ်ရပါသည်။

**နိဿဂ္ဂိယအခဏ်း ပြီး၏။**

# ပါရာဇိကဏ်ပါဠိတော် မြန်မာပြန်

# ပြီး၏။

http://www.dhammadownload.com

## ပါရာဇိကဏ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အကာအရံရှိသောနေရာ | ၃၀၃ |
| အကာအရံလည်းမရှိ | ၃၀၆ |
| အကပ်ခံ၍ | ၃၇၅ |
| အကျင့်သီလရှိသော | ၁၉၉ |
| အကြင် ရဟန်း | ၆၁ |
| အကြီးစား ဥက္ကဋ္ဌသပိတ် | ၃၇၄ |
| အကြင်သို့ သဘောရှိသော | ၆၂ |
| အကြင်ဆေးတို့သည် | ၃၇၅ |
| အကြောင်းကိုသော်လည်း | ၂၇၁ |
| အကြောင်းတစ်စုံတရာ ရှိငြားအံ့ | ၄၀၀ |
| အကြောင်းလေးခုမြောက် တဖို့ | ၃၅၁ |
| အကယ်၍ပြည့်စုံလုံလောက်ခြင်းမဖြစ်ပါမူ | ၃၂၁ |
| အကယ်၍ ထိုဒါယကာသို့ | ၃၃၇ |
| အကယ်၍ ခြောက်နှစ်အတွင်း | ၃၅၄ |
| အကယ်၍ ထိုထက်အလွန် | ၃၆၀ |
| အခါမဲ့သက်န်း | ၃၂၁ |
| အခါမှ တပါး | ၃၃၂ |
| အချည်းအနှီး | ၁၂၁ |
| အခြားဝတ္ထုတခုနှင့် သက်ဆိုင်ရာ | ၂၇၂ |
| အခြေအမြစ်မရှိ | ၂၆၅ |
| အခင်း | ၃၄၇-၃၅၈ |
| အခင်းဟောင်း | ၃၅၈ |
| အခင်းဟောင်း၏ထက်ဝန်းကျင်မှ | ၃၅၈ |
| အချိန်းအချက်ပြုခြင်း | ၇၃း၁၀၃ |
| အင်္ဂါဇာတ်တောင့်တင်းခိုင်မာသော<br>အခါ၌ | ၁၅၉ |
| အငယ်စားသြမကသပိတ် | ၃၇၄ |
| အစောင့်အရှောက်ချထားသောမိန်းမ | ၂၀၉ |
| အဆောတလျင်လျှအပ်သောသင်္ကန်း | ၃၉၇ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အဆင်းပျက်အောင် | ၃၅၈ |
| အတူ | ၃၀၂ |
| အတွင်းရုပ်၌ | ၁၅၉ |
| အတိုင်းအရှည်ပမာဏရှိသော | ၂၃၅ |
| အတိုင်းအရှည်ပမာဏကိုသော်လည်း | ၂၃၅ |
| အထူးစီရင်ခြင်းသို့ရောက်ငြားအံ့ | ၃၃၇-၃၉၅ |
| အထူးထူးအပြားပြားသော | ၃၆၇ |
| အထူးထူးအပြားပြားရှိသော | ၃၇၁ |
| အထင်ကြီးခြင်းကိုကြည်၍ | ၁၂၁ |
| အဓိကရုဏ်း | ၂၆၅ |
| အနာရောဂါကင်းခြင်းငှါ | ၁၅၉ |
| အနီး၌ချထားအပ်သည်ကိုသော်လည်း | ၃၆၅ |
| အနံ့ခုနစ်ထွာ | ၂၃၂ |
| အပ်နှံသောဥစ္စာ | ၆၈ |
| အနည်းငယ်မျှ 'ပေးကမ်းဖွယ်' ကို | ၃၉၅ |
| အနွယ်စောင့်သောမိန်းမ | ၂၀၉ |
| အနွယ် ဆင်တူယိုးမှား | ၂၇၄ |
| အပြင်ရုပ်၌ | ၁၅၉ |
| အပြစ်ဒေါသကို ဝန်ခံအံ့ | ၂၆၅ |
| အပိုသင်္ကန်း | ၃၁၁ |
| အပိုသပိတ် | ၃၇၃ |
| အဖစောင့်သော မိန်းမ | ၂၀၉ |
| အဖြူသုံးခုမြောက် တဖို့ | ၃၅၁ |
| အဖွဲ့ရာမရှိသော သပိတ် | ၃၇၈ |
| အဘယ်အကျိုးရှိအံ့နည်း | ၉၇ |
| အစ်မ ညီမ စောင့်သော မိန်းမ | ၂၀၉ |
| အမိစောင့်သော မိန်းမ | ၂၀၉ |
| အမိ အဖ စောင့်သော မိန်းမ | ၂၀၉ |
| အမှိုက်ပုံ၌ နေ၏ | ၂၉၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အိပ်မက်၌ သုက်လွှတ်ခြင်းမှ တပါး | ၁၅၈ |
| အမည်း | ၃၄၉ |
| အမည်းသက်သက် ဖြစ်သော | ၃၅၁ |
| အမည် ဆင်တူယိုးမှား | ၂၇၄ |
| အမှတ်အသားပြုခြင်း | ၇၀-၁၀၃ |
| အမျက်ထွက်လျက် | ၃၈၉ |
| အမျိုး | ၂၉၇ |
| အမျိုးတို့ကိုလည်း | ၂၉၈ |
| အမျိုးတို့ကို ဖျက်ဆီးတတ်၏ | ၂၉၇ |
| အမြဲမရှိ | ၃၀၈ |
| အမြင် | ၁၂၁ |
| အမြတ်ဆုံးပေတည်း | ၁၉၈ |
| အယုတ်ဆုံးအားဖြင့် | ၂၀၈ |
| အယုတ်ဆုံးအားဖြင့် တိရစ္ဆာန်မ၌သော်လည်း | ၃၈ |
| အယုတ်သဖြင့် | ၃၉၅ |
| အိုယောကျ်ား | ၉၇ |
| အိပ်ရာ နေရာ ကျောင်း ဆင်တူယိုးမှား | ၂၇၅ |
| အရုံ၌တည်သောဥစ္စာ | ၆၆ |
| အိမ်ရှင် | ၃၃၂- ၃၄၄ |
| အိမ်ရှင်မ | ၃၃၂ |
| အလျားဆယ်နှစ်ထွာ | ၃၃၂ |
| အလှူအလှိုင်ငါ | ၁၅၉ |
| အလတ်စားမဇ္ဈိမသပိတ် | ၃၇၄ |
| အလုပ်သမားမ 'အစေခံမ' | ၂၁၀ |
| အလိုတူ၍နေသောမယား | ၂၀၉ |
| အလိုရှိသောရဟန်းသည် | ၃၂၁- ၃၆၀ |
| အလိုရှိလတ်သော် | ၄၀၀ |
| အဝတ်အထည်ကြောင့် နေသောမယား | ၂၀၉ |
| အသက်ဇီဝိတိန္ဒြေမှချငြားအံ့ | ၉၇ |
| အသင့်ဖြစ်သော | ၃၀၃ |
| အသင်းကွဲပြားရေးစကား | ၂၈၄ |
| အသွင်သဏ္ဌာန်ဆင်တူယိုးမှား | ၂၇၄ |
| အောင်သွယ်မှုကိုပြုငြားအံ့ | ၂၀၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အာ ]** | |
| အာပတ်သင့်ရောက်ပြီး၍ | ၁၂၁ |
| အာပတ်ဆင်တူယိုးမှား | ၂၇၄ |
| **[ ဤ ]** | |
| ဤမှာဘက်အတွင်း၌ | ၃၈၇ |
| ဤသက်န်းဖိုးဖြင့် | ၃၃၇ |
| ဤသည်ကား ထိုသပိတ်ကိုတောင်းရာ၌ | ၃၇၉ |
| ဤသို့ဆို၍ | ၃၉၅ |
| ဤရဟန်းသည်လည်း | ၆၃- ၉၈- ၁၂၁ |
| ဤလုပ်ကျွေးခြင်းသည် | ၁၉၈ |
| ဤသာသနာတော်မှ | ၂၆၅ |
| ဤသည်လည်း | ၃၀၈ |
| ဤသို့(သေစေလိုသော) စိတ်နှလုံး ရှိသည် ဖြစ်၍ | ၉၇ |
| ဤသို့(သေစေလိုသော) စိတ်အကြံရှိသည် ဖြစ်၍ | ၉၇ |
| ဤသို့သဘောရှိသည်လည်းဖြစ်သော | ၃၃၇ |
| **[ ဥ ]** | |
| ဥစ္စာလိင်္ဂပိုးထိုးခြင်းကြောင့် | ၁၅၉ |
| ဥပစာတူရှိသောရွာ | ၃၁၆ |
| ဥပဇ္ဈာယ်ဆင်တူယိုးမှား | ၂၇၅ |
| ဥပါသိကာမ | ၃၀၃ |
| **[ ဧ ]** | |
| ကေသိမျှဖြစ်သောသင်္ကန်းကို | ၃၃၄ |
| **[ က ]** | |
| ကျင်ကြီးကြောင့် | ၁၅၉ |
| ကြည်း 'ကုန်း' ၌ တည်သောဥစ္စာ | ၆၄ |
| ကောင်းကင်၌ | ၁၅၉ |
| ကောင်းကင်၌တည်သောဥစ္စာ | ၆၄ |
| ကျောင်း | ၂၃ |
| ကြွင်းကျန်သေးသည် | ၃၈၇ |

http://www.dhammadownload.com



## မှတ်သားဖွယ် အက္ခရာစဉ်

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကျောင်းကို ဆောက်လုပ်စေအပ်၏ | ၃၂၃ |
| ကျင်ငယ်ကြောင့် | ၁၅၉ |
| ကျေးဇူးမဲ့ကို | ၁၈၂ |
| ကိုယ်တိုင် | ၉၇ |
| ကိုယ်တိုင် တောင်းအပ်သော အရာဝတ္ထု | ၂၃၂- ၂၃၅ |
| ကင်းထားရာအရပ်အကောက်ဌာန | ၆၉ |
| ကထိန်ကိုနှုတ်ပြီးလတ် | ၃၁၁ |
| ကိုယ်နှုတ်နှစ်ပါးဖြင့် ချီးကျူးပြောဆိုခြင်း | ၁၀၀ |
| ကျောင်းဦတည်သောဥစ္စာ | ၆၆ |
| ကွဲပြားခြင်းငှါ လုံ့လပြုငြားအံ့ | ၂၇၁ |
| ကိုယ်ဖြင့်ချီးကျူးပြောဆိုခြင်း | ၁၀၀ |
| ကျွန်မ | ၂၀၉ |
| ကောင်းမှုအလို့ငှါ | ၁၅၉ |
| ကျောင်းရာကိုကြားခြင်းငှါ | ၂၃၂- ၂၃၅- ၂၅၀ |
| ကင်း၍နေငြားအံ့ | ၃၁၆ |
| ကင်း၍နေခြင်းငှါ | ၄၀၀ |
| ကာလပတ်လုံး | ၃၁၁- ၃၃၃ |
| ကိလေသာကိုပယ်ခြင်း | ၁၂၂ |
| ကျင့်လေ့ရှိသော | ၁၉၉ |
| ကြားလည်းကြားအပ်ကုန်၏ | ၂၉၇ |
| ကျင့်ဝတ်တည်း | ၃၄၆- ၃၃၉ |
| ကြီးသောကျောင်း | ၂၅၀ |
| ကောင်းသောတရားရှိသော | ၁၉၉ |
| ကောင်းသည်ကိုအလိုရှိသည် | ၃၃၃ |
| **[ ခ ]** | |
| ချီးကျူးပြောဆိုငြားအံ့ | ၉၃ |
| ချဉ်းကပ်၍ | ၃၃၃-၃၉၅ |
| ချည် | ၃၉၁ |
| ခါးကို လှုပ်စေ၍ | ၁၅၉ |
| ခေါင်းခုကို ချစေ၍ နေသော မယား | ၂၀၉ |
| ချုပ်ဆိုးရမည် | ၃၂၁ |
| ချုပ်ဆိုး၍ ဝတ်ရမည် | ၃၇၃ |
| **[ ခ ]** | |
| ခြောက်ညဉ့်အပိုင်းအခြား | ၄၀၀ |
| ခုနစ်ရက် အပိုင်းအခြား ကာလပတ်လုံး | ၃၇၅ |
| ခြေနှစ်ချောင်းရှိသော သတ္တဝါ | ၆၉ |
| ခြောက်နှစ်တို့ ကာလပတ်လုံး | ၃၅၄ |
| ခြေမရှိသောသတ္တဝါ | ၆၉ |
| ခိုင်မြဲစွာစွဲယူ၍ | ၃၆၅ |
| ခံယူငြားအံ့ | ၃၆၅ |
| ခံယူစေငြားအံ့ | ၃၆၅ |
| ခံယူပြီးနောက် | ၃၂၁- ၃၆၀- ၃၉၇ |
| ခြေလေးချောင်းရှိသောသတ္တဝါ | ၆၉ |
| ခိုးလိုသောစိတ်အစု | ၆၂ |
| ခိုးသူ | ၆၂ |
| ခိုးသူဖြစ်၏ | ၆၃ |
| ချမ်းသာခြင်းအလို့ငှါ | ၁၅၉ |
| **[ ဂ ]** | |
| ဂုဏ်ကျေးဇူးကို ပြောဆို၏ | ၁၈၂ |
| ဂန္ဓာရုံကို အနီးသို့ ဆောင်ခြင်း | ၁၀၂ |
| **[ င ]** | |
| ငါကဲ့သို့သော သူကို | ၁၉၉ |
| ငွေဖြင့် ဝယ်ယူအပ်သော မယား | ၂၀၉ |
| ငါ ဖွဲ့မပြည့်သေးသော သပိတ် | ၃၃၇ |
| ငါ့သျှင်တို့ ဤသို့ ငါမသိပဲ | ၁၂၁ |
| **[ စ ]** | |
| စင်ကြယ်ခြင်းကို အလိုရှိရကား | ၁၂၁ |
| စွန့်ခြင်း (ဝိနည်းကံ) ရှိသော | ၃၁၁ |
| စွန့်ခြင်း (ဝိနည်းကံ) ရှိ၏ | ၃၃၄ |
| စုပ်စွဲဖျက်ဆီးငြားအံ့ | ၂၆၅ |
| (စုပ်စွဲသော) ရဟန်းသည်လည်း | ၂၆၅ |
| စုံစမ်းရန်အလို့ငှါ | ၁၅၉ |
| စည်းစိမ်ကြောင့် နေသော မယား | ၂၀၉ |
| စေတနာနှင့်တကွ ဖြစ်သော | ၁၅၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ စ ]** | |
| စစ်နိုင်၍ ဆောင်အပ်သော မယား | ၂၁၀ |
| စွမ်းနိုင်၏ | ၃၆၀ |
| စာရေး၍ ချီးကျူးပြောဆိုခြင်း | ၁၀၀ |
| **[ ဆ ]** | |
| ဆီ | ၃၈၅ |
| ဆေးအလို့ငှါ | ၁၅၉ |
| ဆီဥ | ၃၈၅ |
| ဆိတ်ကွယ်ရာ | ၃၀၃ |
| ဆိတ်ငြိမ်ရာ ကျောင်းသင်္ကန်း၌ မွေ့လျော်ခြင်း | ၁၂၂ |
| ဆေး | ၁၀၁ |
| ဆိုဆုံးမခက်သော | ၂၈၇ |
| ဆင်တူယိုးမှား ကောက်ယူပြီးလျှင် | ၂၇၄ |
| ဆောက်တည် စီရင်၍ | ၉၈ |
| ဆောက်တည်စေငြားအံ့ | ၉၈ |
| ဆိုတတ်ကုန်သော | ၂၈၄ |
| ဆုံးမ၏ | ၁၉၂ |
| ဆုံးမခြင်း | ၁၀၃ |
| ဆွမ်းမျှကိုသော်လည်း | ၃၉၅ |
| ဆွေမျိုးမတော်စပ်သော | ၃၂၄-၃၉၄ |
| ဆွေမျိုးမတော်စပ်သူ | ၃၃၄ |
| ဆွေမျိုးစောင့်သော မိန်းမ | ၂၀၉ |
| ဆောင်ယူငြားအံ့ | ၃၆၀ |
| ဆောင်ယူနိုင်သည် | ၃၆၀ |
| ဆောင်ယူအပ်သော ဥစ္စာ | ၆၈ |
| ဆောင်ယူမည့်သူ မရှိခဲ့သော် | ၃၆၀ |
| ဆောင်ယူမည့်သူ မရှိခဲ့သော်လည်း | ၃၆၀ |
| ဆောင်ယူလာသော ဥစ္စာကို စောင့်ရှောက်သူ | ၇၀ |
| ဆရာဆင်တူယိုးမှား | ၂၇၅ |
| ဆဲရေး၏ | ၁၉၃ |
| ဆိုးရွားစွာ အသက် ရှင်နေရခြင်း | ၉၇ |
| ဆယ်ရက်အပိုင်းအခြားရှိသော | ၃၁၁- ၃၇၃ |
| **[ ဆ ]** | |
| ဆယ်ရက်လိုသေးသော | ၃၉၇ |
| ဆောက်လုပ်စေလိုသော | ၂၃၂- ၂၅၀ |
| ဆောက်လုပ်စေငြားအံ့ | ၂၃၅ |
| ဆောက်လုပ်သူဒါယကာအရှင်မရှိသော | ၂၃၂ |
| ဆောက်လုပ်သူဒါယကာအရှင်ရှိသော | ၂၅၀ |
| **[ ဇ ]** | |
| ဇာတ်ဆင်တူယိုးမှား | ၂၇၄ |
| **[ ဈ ]** | |
| ဈာန် | ၁၂၂ |
| **[ ည ]** | |
| ညီညွတ်သောသံဃာ | ၂၈၁ |
| ဉာဏ် | ၁၂၁ |
| ဉာဏ်အမြင် | ၁၂၂ |
| **[ တ ]** | |
| တောင်း၏ | ၁၉၂ |
| တံကဲပျဉ်*ထားခြင်း | ၁၀၁ |
| တခဏမျှထားသောမယား | ၂၁၀ |
| တည်ငြားအံ့ | ၂၈၁ |
| တောင်းငြားအံ့ | ၃၇၈ |
| တိစီဝရိက်နှင့် | ၃၁၆ |
| တောစိုးသစ်ပင် | ၆၈ |
| တန်ဆောင်မုန်းလပြည့် | ၄၀၀ |
| တညဉ့်မျှလည်း | ၃၁၆ |
| တွင်းတူးခြင်း | ၁၀၀ |
| တော | ၆၂ |
| တထည်ထည်သောသင်္ကန်းကို | ၄၀၀ |
| တော၌တည်သောဥစ္စာ | ၆၇ |
| တပါးသော်ငရင်း | ၂၈၄ |
| တိုင်ပင်၍ ခိုးခြင်း | ၇၀ |
| တပေါင်းတည်းဖြစ်ကြကုန်လျက် | ၃၄၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဏ ]** | |
| တမန်လှတ်၍ ချီးကျူးပြောဆိုခြင်း | ၁၀၀ |
| တယောက်ချင်းချင်း | ၃၀၃ |
| တရားကျင့်ဖော်တို့စောင့်သောမိန်းမ | ၂၀၉ |
| တရားနှင့်အညီ | ၂၈၈ |
| တလကြွင်းကျန်သေးသည် | ၃၈၇ |
| တလထက်အလွန်ထားငြားအံ့ | ၃၂၁ |
| တလအတိုင်းအရှည်ကာလပတ်လုံး | ၃၂၁ |
| တွေ့ဝေသူဖြစ်၏ | ၆၃ |
| **[ ထ ]** | |
| ထိုအခင်းကိုစွန့်၍ | ၃၅၄ |
| ထိုအမှုဖြင့် | ၁၉၉ |
| ထပ်ကာထပ်ကာတောင်း၏ | ၁၉၂ |
| ထိုဓဏမျှလည်းဖြစ်သော | ၂၀၈ |
| ထိုဆေးတို့ကို | ၃၈၅ |
| ထို(ဆယ်ရက်အပိုင်းအခြားကာလ) ကို | ၃၁၁ |
| ထိုဆယ်ရက်အပိုင်းအခြားကို | ၃၇၄ |
| ထို့ထက်အလွန် | ၃၃၄ |
| ထို့ထက်အလွန်ထားငြားအံ့ | ၃၉၈ |
| ထို့ထက်အလွန်ကင်း၍ နေငြားအံ့ | ၄၀၀ |
| ထိုင်နေငြားအံ့ | ၃၀၃ |
| ထိုမှ နောက်အခါ၌ | ၂၆၅ |
| ထိုရဟန်းကို | ၂၈၁-၂၉၈ |
| ထက်ဝန်းကျင်မှ | ၃၅၈ |
| ထိုသင်္ကန်းကိုထားရာသည် | ၃၂၁ |
| ထည့်သွင်းရမည် | ၃၅၁ |
| ထိုသို့ပြောကြားပြီးမှနောက်အခါ၌ | ၁၂၁ |
| ထိုသို့သဘောရှိသော ကျောင်းတို့၌ | ၄၀၀ |
| ထိုသို့သဘောရှိသောနေရာ၌ | ၃၀၇ |
| ထိုသို့သဘောရှိသော | ၆၇ |
| **[ ဒ ]** | |
| ဒဏ်ထားသော မိန်းမ | ၂၀၉ |
| ဒန်ပူ | ၆၈ |
| **[ ဒေ ]** | |
| ဒေါသဖိစီး ဖျက်ဆီးလိုသောစိတ် ရှိသည် ဖြစ်၍ | ၂၆၅ |
| **[ ဓ ]** | |
| ဓမ္မာရုံကို အနီးသို့ဆောင်ခြင်း | ၁၀၂ |
| ဓားလက်နက်ကိုမူလည်း ရှာ၍ (အနီး၌) ထားငြားအံ့ | ၉၇ |
| **[ န ]** | |
| နားဆိတ်ကွယ်ရာ | ၃၀၃ |
| နှင်ထုတ်မှုလည်း နှင်ထုတ်ကုန်ရာ၏ | ၆၂ |
| နှစ်ပါးတို့သော်ရင်း | ၂၈၄ |
| နတ်ပြည်အလို့ငှါ | ၁၅၉ |
| နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ကုန်ရာ၏ | ၆၂ |
| နှုတ်ဖြင့်ချီးကျူးပြောဆိုခြင်း | ၁၀၀ |
| နေရာသည် | ၃၀၆ |
| နွေလတို့၏လဝက်သည် | ၃၈၇ |
| နှလုံးမသာသဖြင့် | ၃၈၉ |
| နိဝရဏမှကင်းခြင်း | ၁၂၂ |
| နိသီဒိုင် | ၃၅၈ |
| နေသောရဟန်း | ၄၀၀ |
| နောက်သို့လိုက်ကုန်သော | ၂၈၄ |
| **[ ပ ]** | |
| ပုံအပ်ပြီ | ၃၆၈ |
| ပြော၏ | ၁၉၂ |
| ပေးကမ်းငြားအံ့ | ၃၉၅ |
| (ပုံကျင့်) မှိုဝဲ၏ | ၃၈ |
| ပြောကြားခြင်း | ၁၀၂ |
| ပြောကြားငြားအံ့ | ၁၂၃ |
| ပုံခြင်းငှါယူရမည် | ၃၅၃ |
| ပါစိတ်အာပတ်သင့်၏ | ၃၃၃ |
| ပြည့်စုံလုံလောက်ခြင်းငှါ | ၃၂၃ |
| ပင့်ဆောင်အပ်ကုန်၏ | ၂၅၉ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ပ ]** | |
| ပုဏ္ဏား | ၃၄၄ |
| ပါတိမောက်လာသိက္ခာပုဒ်တို့ဖြင့် | ၂၈၈ |
| ပျော်ပါးရန်အလို့ငှါ | ၁၅၉ |
| ပြုမူ၍ | ၂၈၁ |
| ပါရာဇိကအာပတ်ဖြင့် | ၂၆၅ |
| ပြန်၍မေး၏ | ၁၉၂ |
| ပျားရည် | ၃၈၅ |
| ပြု၍သုံးဆောင်ရမည် | ၃၈၅ |
| ပြက်ရယ်ပြောဆိုခြင်းအံ့ | ၁၉၂ |
| ပြက်ရယ်ပြောဆိုရန်မူကား | ၃၀၆ |
| ပြုလုပ်စေငြားအံ့ | ၃၄၈ |
| ပြုလုပ်စေလိုသော | ၃၅၈ |
| **[ ဖ ]** | |
| ဖိတ်ကြားငြားအံ့ | ၃၃၄ |
| ဖိုလ်ကိုမျက်မှောက်ပြုခြင်း | ၁၂၂ |
| ဖြစ်ငြားအံ့ | ၃၂၁ |
| ဖျက်ဆီးအပ်ကုန်သော | ၂၉၈ |
| ဖောဋ္ဌဗ္ဗာရုံကိုအနီးသို့ဆောင်ခြင်း | ၁၀၂ |
| ဖြစ်ပေါ် ကုန်ငြားအံ့ | ၃၆၀ |
| ဖောက်ပြန် | ၁၉၂ |
| ဖုံးလွှမ်းလော့ | ၃၃၇ |
| **[ ဘ ]** | |
| ဘိက္ခုနီမ | ၃၂၄- ၃၆၂ |
| ဘေးဘျမ်းရှိ၏ | ၄၀၀ |
| ဘေးရန်မရှိ | ၂၃၄ |
| **[ မ ]** | |
| မေး၏ | ၁၉၂ |
| မကျန်းမာသောရဟန်းတို့အား | ၃၈၅ |
| မဂ်ကိုပွါးခြင်း | ၁၂၂ |
| မင်းခစား | ၃၃၄ |
| များစွာသောသက်န်းတို့ဖြင့် | ၃၄၄ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ မ ]** | |
| များစွာသောအကြောင်းဖြင့် | ၉၇ |
| မျက်စိဆိတ်ကွယ်ရာ | ၃၀၃ |
| မြတ်စွာဘုရားအထွာတော်ပမာဏ<br>မျှလောက်ကို | ၃၅၈ |
| မြတ်စွာဘုရားအထွာတော်ဖြင့် | ၂၃၂ |
| မစွမ်းနိုင် | ၃၀၆ |
| မောင်စောင့်သောမိန်းမ | ၂၀၉ |
| မျိုးစေ့အလို့ငှါ | ၁၅၉ |
| မာတုဂါမ | ၃၀၂ |
| မင်းတို့ | ၆၂ |
| မေထုန်မှုကိုပြုခြင်းငှါ | ၃၀၃- ၃၀၆ |
| မေထုန်နှင့်စပ်သော | ၁၉၉ |
| မေထုန်နှင့်စပ်သောစကားတို့ဖြင့် | ၁၉၂ |
| မေထုန်အကျင့် | ၃၈ |
| မနှစ်လိုသည်ဖြစ်၍ | ၂၆၅ |
| မြေဥ္စတည်သောဥစ္စာ | ၆၃ |
| မပေးအပ်သောဥစ္စာ | ၆၂ |
| မပြုအပ်သေး | ၃၆၈ |
| မပင့်ဆောင်ငြားအံ့ | ၂၃၅ |
| မိန်းမ၏အထံ၌ | ၁၉၈ |
| မိန်းမ | ၁၉၂ |
| မိန်းမပျိုကိုကဲ့သို့ | ၁၉၂ |
| မိန်းမအားမူလည်းယောကျ်ားအလိုကို | ၂၀၈ |
| မင်း | ၃၄၄ |
| မိမိအလိုရှိအပ်သောကာမ | ၁၉၈ |
| မမြင်ပဲမြင်၏ဟုဆိုမိပြီ | ၁၂၁ |
| မမေးမစိစစ်အပ်ပဲသော်ငင်း | ၁၂၁-၂၆၅ |
| မိမိလက်ဖြင့် | ၃၆၀ |
| မိမိသို့ ဆောင်ကပ်၍ | ၁၂၁ |
| မိမိ ဟူသော ရည်ညွှန်းအပ်သော<br>ပုဂ္ဂိုလ်ရှိသော | ၂၃၂-၂၅၀ |
| မယားဖြစ်စေလိုသောကြောင့်ငင်း | ၂၀၈ |
| မှားယွင်းသော စကားကို ပြောဆိုမိပြီ | ၁၂၁ |
| မြေရာ၌ တည်သော ဥစ္စာ | ၆၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မိုးရေခံ သက်န်းကို | ၃၇၇ |
| မြင်၍ | ၃၀ |
| မြှော်လင့်ချက် ရှိလတ်သော်လည်း | ၃၂၁ |
| မြှော်လင့်ချက် ရှိလတ်သော် | ၃၂၁ |
| မြင်လည်း မြင်အပ်ကုန်၏ | ၂၉၈ |
| မသိပဲ | ၁၂၀ |
| များသော ခြေရှိသော သတ္တဝါ | ၆၉ |
| မြတ်သော အကျင့်ကို | ၁၉၉ |
| မိုက်သူ ဖြစ်၏ | ၆၃ |
| **[ ယ ]** | |
| ယောကျ်ားအားမူလည်း မိန်းမအလိုကို | ၂၀၈ |
| ယုံကြည်ထိုက်သော စကားရှိသော | ၃၀၃ |
| ယူငြားအံ့ | ၆၂ |
| ယာဉ်၌ တည်သော ဥစ္စာ | ၆၅ |
| ယဇ်ပူဇော်ရန် | ၁၅၉ |
| ယုတ်မာသော အကျင့်ရှိ၏ | ၂၉၇ |
| ယုတ်လျော့သောသက်န်း၏ | ၃၂၁ |
| ယူသော | ၆၃ |
| **[ ရ ]** | |
| ရွာ၏ဥပမာ | ၆၂ |
| ရှေးကမဖိတ်ကြားအပ်ပဲ | ၃၃၇- ၃၉၅ |
| ရက်ကန်းသည်တို့ကို | ၃၉၅ |
| ရေခွက်၌လက်စုံချ၍လက်ထပ်သောမယား | ၂၀၉ |
| ရာဂဘီလူးပူးဝင်အပ်သည်ဖြစ်၍ | ၁၉၁ |
| ရာဂကြောင့် | ၁၅၉ |
| ရွှေငွေ | ၃၆၅- ၃၆၈ |
| ရောက်ငြားအံ့ | ၃၆၈- ၃၇၁ |
| ရောက်စေငြားအံ့ | ၃၉၅ |
| ရွာတွင်း၌ထားရာ၏ | ၄၀၀ |
| ရွာနီးကိုးကို | ၂၉၇ |
| ရေ၌တည်သောဥစ္စာ | ၆၅ |
| ရွာ၌တည်သောဥစ္စာ | ၆၇ |
| ရှုပါရုံကိုအနီးသို့ဆောင်ခြင်း | ၁၀၁ |
| ရှာရမည် | ၃၇၇ |
| ရွံရှာဖွယ်ရှိ၏ | ၄၀၀ |
| ရှေးရှုဆောင်၍ | ၃၃၄ |
| ရှုန့်ရင်းသောစကားတို့ဖြင့် | ၃၀၆ |
| ရှုန့်ရင်းကြမ်းထမ်းသောစကား | ၁၉၂ |
| ရွှေလျော့စေနိုင်ရာ၏ | ၂၆၅ |
| ရသာရုံကိုအနီးသို့ဆောင်ခြင်း | ၁၀၂ |
| ရှည်သောခရီးသို့ | ၃၆၀ |
| ရဟန်း | ၃၃ |
| ရဟန်းကိုသာလျှင်ရည်ညွှန်း၍ | ၃၃၇-၃၉၄ |
| ရဟန်းတို့က | ၂၉၈ |
| ရဟန်းတို့သည် | ၂၇၁ |
| ရဟန်းတို့ကို | ၂၅၀ |
| ရဟန်းကောင်းတို့နှင့်အတူတကွ ပေါင်းသင်းရခြင်းမရှိ | ၃၈- ၉၈- ၁၂၂ |
| ရဟန်းတို့နှင့် ပေါင်းသင်းရခြင်း မရှိ | ၆၃ |
| ရဟန်းတို့ကို ပင့်ဆောင်အပ်ကုန်၏ | ၂၃၂ |
| ရဟန်းတို့ကိုသော်လည်း | ၂၃၅ |
| ရဟန်းတို့အား | ၃၇၅ |
| ရဟန်းတို့၏ သမ္မုတိကို မရပဲ | ၃၁၆-၃၅၄ |
| **[ လ ]** | |
| လုပ်ကျွေးရာ၏ | ၁၉၉ |
| လေကြောင့် | ၁၅၉ |
| လွှတ်ခြင်း | ၁၅၈ |
| လွန်စေငြားအံ့ | ၂၃၅ |
| လွန်စေသော ရဟန်း | ၃၁၁ |
| လွန်စေသော ရဟန်းအား | ၃၇၄-၃၇၅ |
| လူဇာတ်ဖြစ်သော သူ၏ကိုယ် | ၉၇ |
| လူတို့ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်မဂ်ဖိုလ်တရား | ၁၂၀ |
| လက်ထောက်ချသူ အတွင်းသို့ ဝင်၍ စုံစမ်းသူ အတွင်းသူလျှို | ၇၀ |
| လက်နက်ကို အနီး၌ ချထားခြင်း | ၁၀၁ |
| လှေ၌ တည်သော ဥစ္စာ | ၆၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ ]** | |
| လယ်၌ တည်သော ဥစ္စာ | ၆၆ |
| လင်ဖြစ်စေလိုသောကြောင့်ရငြား | ၂၀၈ |
| လျှင်မြန်စွာပင် | ၃၂၁ |
| လုယူငြားအံ့ | ၃၀၉ |
| လုယူစေငြားအံ့ | ၃၀၉ |
| လုလင်ပျိုသည် | ၁၉၂ |
| လဲလှယ်သည်မှ တပါး | ၃၂၈ |
| လှည့်လည်လောက်သော ဥပစာ မရှိ | ၂၃၄ |
| **[ ဝ ]** | |
| ဝါကပ်ပြီးနောက် | ၄၀၀ |
| ဝယ်ခြင်း ရောင်းခြင်းသို့ | ၃၇၁ |
| ဝက်တတ်သူ ဖြစ်၍ | ၆၃ |
| ဝိမောက္ခ | ၁၂၂ |
| ဝယ်၍ | ၃၄၄ |
| **[ သ ]** | |
| သိ၍ | ၄၀၂ |
| သိ၍ ဟု ဆိုမိပြီ | ၁၂၁ |
| သင့်အား ယုတ်ညံ့ ဆိုးရွားစွာ<br>အသက်ရှင်နေရခြင်းဖြင့် | ၉၇ |
| သင်္ကန်း | ၃၁၁ |
| သင်္ကန်း အချိန်အခါ | ၃၉၈ |
| သင်္ကန်း ဆင်တူယိုးမှား | ၂၇၅ |
| သင်္ကန်းကိစ္စ ပြီးဆုံးလတ်သော် | ၃၁၁ |
| သင်္ကန်းပြီးဆုံးလတ်သော် | ၃၁၅ |
| သင်္ကန်းပျောက်သော ရဟန်း | ၃၃၂ |
| သင်္ကန်းခိုးသူ အလုခံရသော ရဟန်း | ၃၃၂ |
| သင်္ကန်းသုံးထည်တို့တွင် | ၄၀၀ |
| သင်္ကန်းဟောင်း | ၃၂၄ |
| သိက္ခာ | ၃၄ |
| သိက္ခာမချ အားနည်းမှုကို ထင်စွာ မပြုမူ၍ | ၃၄ |
| သေခြင်း၏ ဂုဏ်ကျေးဇူးကိုသော်လည်း<br>ချီးကျူးပြောဆိုငြားအံ့ | ၉၇ |
| သံဃာဒိသိသ် | ၁၅၈-၁၉၂ |
| **[ သ ]** | |
| သံဃိက | ၄၀၂ |
| သေစိမ့်သောငှါသော်လည်း<br>ဆောက်တည်စေငြားအံ့ | ၉၇ |
| သုံးဆောင်ဖွယ် ဖြစ်ကုန်သော | ၃၀၅ |
| သာဇီဝ | ၃၄ |
| သတ္တဝါ | ၆၉ |
| သူတပါးတို့ မေးစိစစ်အပ်သော်ရင်း | ၁၂၁-၂၆၅ |
| သီတင်းကျွတ် လပြည့် | ၃၉၇ |
| သဒ္ဒါရုံကို အနီးသို့ ဆောင်ခြင်း | ၁၀၁ |
| သုံးပါးတို့သော်ရင်း | ၂၀၄ |
| သပိတ် | ၃၇၃ |
| သပိတ်ဆင်တူယိုးမှား | ၂၇၅ |
| သပိတ်သစ် | ၃၇၈ |
| သတ်ပုတ်မှုလည်း သတ်ပုတ်ကုန်ရာ၏ | ၆၂ |
| သင်းပိုင်နှင့် တကွ | ၃၃၄ |
| သဘောရှိသည်သာလျှင် ဖြစ်၍ | ၂၀၇ |
| သမာဓိ | ၁၂၂ |
| သိုးမွေးတို့သည် | ၃၆၀ |
| သိုးမွေးနှစ်တို့ကို | ၃၅၁ |
| သမာပတ် | ၁၂၂ |
| သမ္မုတိပေးခြင်းကို ထား၍ | ၄၀၀ |
| သိုမှီးသိမ်းဆည်းခြင်းကို | ၃၀၅ |
| သာယာခံယူရမည် | ၃၃၄ |
| သာယာငြားအံ့ | ၃၆၅ |
| သုံးယူဇနာတိုင်တိုင် | ၃၆၀ |
| (သတ်လိုသော စိတ်စေတနာဖြင့်)<br>စေ့ဆော်၍ | ၉၇ |
| သုက် | ၁၅၈ |
| သာသနာတော်မှ<br>ဆုံးရှုံးခြင်းသို့ ရောက်၏ | ၃၈-၆၃-၉၈-၁၂၁ |
| သွားသော ရဟန်းအား | ၃၆၀ |
| **[ ဟ ]** | |
| ဟင်းလင်းပြင်၌ တည်သော ဥစ္စာ | ၆၄ |

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (တသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ဖြာစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

## (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်